# ကလောင်စုံ
# ရခိုင် စာပေ ဗဟုသုတ အထွေထွေ



အရှင်ကောသလ္လ (ဂဝေသီ)

# ရခိုင်စာပေသရီး

# ရခိုင်စာပေသမိုင်း

အရှင်ကောသလ္လ
အံ့တော်ကျောင်းသစ်၊ သံတွဲမြို့။

ဤစာအုပ်ဖြင့်. . . .
အနန္တဂိုဏ်းဝင် ဆရာအရှင်မြတ်တို့အား
ရိုသေစွာ ရှိခိုးဦးညွှတ်ပါ၏။

ထိုမှတစ်ဖြာ. . . . .
အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိဘနှစ်ပါးအား
သဲတစ်ပွင့်မျှ
ကျေးဇူးဆပ်သည် ဖြစ်ပါစေသတည်း . . . . .။

**အရှင်ကောသလ္လ**
**ဝိဇယာရာမကျောင်း**
**အံတော်ကျေးရွာ**
**သံတွဲမြို့၊ ရခိုင်ပြည်နယ်**

## ကျေးဇူးတင်လွှာ

ဤစာအုပ်တွင်ပါရှိသော အချက်အလက်အချို့ကို
တည်းဖြတ်သုတ်သင် ဖတ်ရှုပြင်ဆင်ပေးသော
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊
ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊
ဓမ္မသိဂ်ီကျောင်းဆရာတော်
ဘဒ္ဒန္တစိတြ သာသနဒ္ဓဇသိရိပဝရ ဓမ္မာစရိယ
နှင့်
စာချဆရာတော် ဘဒ္ဒန္တကလျာဏ သာသနဒ္ဓမ္မာစရိယ
မဟာဗောဓိစာသင်တိုက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်
တို့အား
အထူးကျေးဇူးတင်ရှိပါသည်။
ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**အရှင်ကောသလ္လ**
**ဝိဇယာရာမကျောင်း**
**အံတော်ကျေးရွာ**
**သံတွဲမြို့၊ ရခိုင်ပြည်နယ်**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | အမှာစကား ...................................... | |

## အခန်းတစ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အက္ခရာစာပေသမိုင်းအကျဉ်း .................. | |

## အခန်းနှစ်

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကိုယ်ပိုင်ဘာသာစကားများ .................... | |
| ၂။ | မာဂဓဘာသာစကားများ ........................ | |
| ၃။ | မာဂဓပုဒ်ဗျည်းအက္ခရာ ........................ | |
| ၄။ | အခိုင်မာဆုံး ....................................... | |
| ၅။ | သက္ကတစာပေ .................................... | |
| ၆။ | မာဂဓဘာသာစကား၊ သက္ကတဘာသာစကား | |
| ၇။ | နိုင်ငံခြားသားမှတ်တမ်းကိုသာ အားကိုး ....... | |
| ၈။ | လွှမ်းမိုးမှု | |
| ၉။ | မဟာယာန၊ ဟိနယာန၊ ထေရဝါဒ ............... | |
| ၁၀။ | သီဟိုဠ်သင်္ဂါယနာ .................................. | |

## အခန်းသုံး

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဓညဝတီခေတ်စာပေ ............................... | |
| ၂။ | ဓညဝတီမင်းဆက်များ ........................... | |
| ၃။ | ဝေသာလီခေတ်စာပေ ............................ | |
| ၄။ | ဝေသာလီဘုရားကြီးကုန်းကျောက်စာ ......... | |
| ၅။ | သံတွဲခရိုင်၊ ငလုံးမော်ကျောက်စာ ............... | |
| ၆။ | ကျောက်တော်မြို့မှ ကျောက်စာ ............... | |
| ၇။ | ဝေသာလီသင်းကျစ်တော်တောင်ကျောက်စာ | |
| ၈။ | ဝေသာလီမြို့ဟောင်းကျောက်စာ ............... | |
| ၉။ | သံတွဲမြို့၊ အံတော်စေတီကျောက်စာ .......... | |
| ၁၀။ | သံတွဲမြို့၊ စန္ဒြားစေတီအုပ်ချုပ်စာ .............. | |

၁၁။ တောင်ကုတ်မြို့ အိုးထိန်းကျောက်စာ .........
၁၂။ နီတိစန္ဒြားမင်းမိဖုရားကျောက်စာ ..............
၁၃။ ဝေသာလီမြို့ဟောင်း စတူပါဇာလီကျောက်စာ

## အခန်းလေး

၁။ စာဆိုတော်ဝေသာလီမင်းသမီး ....................
၂။ စာပေပညာရှင် ....................................
၃။ နှလုံးသားထဲမှ ကဗျာ ..............................
၄။ ဝေသာလီခေတ်မင်းဆက်များ ....................

## အခန်းငါး

၁။ လေးမြို့ခေတ်စာပေ ................................
၂။ သံတွဲမြို့ ဇာဒီပြင်ကျောက်စာ .....................
၃။ တောင်ကုတ်မြို့ သိမ်တောင်ဘုရားကြီးကျောက်စာ
၄။ လေးမြို့ခေတ်စာဆိုတော်များ ......................
၅။ လောကသာရပျို့၏ ထူးခြားချက်သုံးရပ် .......
၆။ ပျို့ဆရာ၏ အတ္ထုပ္ပတ္တိ ..............................
၇။ လောကသာရပျို့ ....................................
၈။ လေးမြို့ခေတ်မင်းဆက်များ .......................

## အခန်းခြောက်

၁။ မြောက်ဦးခေတ်စာပေ ............................
၂။ မြောက်ဦးခေတ်စာဆိုတော်များ .................
၃။ စောယဉ်မိရတု ပေါ်ပေါက်ပုံ .....................
၄။ စောယဉ်မိရတု ဖွင့်ဆိုချက်များ ..................
၅။ ပြိတ္တိသျှခေတ်စာပေ ..............................
၆။ မှာတမ်းရတု တော်လှန်ရေးကဗျာ ..............
၇။ မြောက်ဦးခေတ်မင်းဆက်များ ...................

## အခန်းခုနစ်

၁။ သုဝဏ္ဏဒေဝီ ရကန်သုံးပိုဒ် ..........................
၂။ ရကန်အကြောင်းသိကောင်းဖွယ် ......................
၃။ စောယဉ်မိနှင့် နရနုမင်း၏ ရတုသုံးပိုဒ် ..............
၄။ မေမပညာမော်ကွန်းစာကိုယ် ......................
၅။ ကျေးဇူးတင်စကား ....................................
၆။ ရည်ညွှန်းကျမ်းများ ....................................

## နောက်ဆက်တွဲ

၁။ ရှေးဟောင်းရုပ်တုတော်များနှင့် သုတေသန

# နိဒါန်း

စာရေးသူအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းရာဇဝင်မှတ်တမ်းများ စုဆောင်းမှုအပြင် လေ့လာလိုက်စားမှုလည်း ဝါသနာထုံခဲ့မိသည်။ ဒွါရာဝတီ အရှင်ကုသလ(ငွေသဇင်)၏ ကူညီမှုများအပြင် အရှင်ပညာစာရ (ရမ္မာဝတီ) မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်း စစ်တွေမြို့နှင့် မြောက်ဦးမြို့၊ ပြတိုက်မှူး၊ ဦးကျော်ထွန်းအောင်တို့၏ ကူညီမှုများဖြင့် မင်ကူးမူ ကျောက်စာများကို သိမ်းဆည်းခွင့်၊ လေ့လာခွင့် ရရှိခဲ့ပေသည်။

ထို့အပြင် သုတေသီစောလှအောင် (ဥက္ကာအောင်)၏ ကူညီပေးမှုများအပြင် ဦးအုန်းတင် (လင်းနှောင်တောင်ကုတ်)၏ ကျေးဇူးများကြောင့် ကျောက်စာများ၊ အထူးသဖြင့် ယေဓမ္မာဆိုင်ရာကျောက်စာများကို စီစစ်ဝေဖန် လေ့လာခဲ့မိလေသည်။

ဆရာဦးစံသာအောင်၏ စာအုပ်စာတမ်းများကို အားကိုးလက်ကိုင်ပြု၍ မိမိ၏ဉာဏ်စွမ်း၊ လုံ့လစွမ်းအားကို အသုံးချခဲ့ကြောင်း ဝန်ခံလိုပါသည်။ ယင်းသို့ လေ့လာရင်းဖြင့် ၁၉၉၄-ခုနှစ်၊ ဧပြီလတွင် သံတွဲမြို့၊ စန္ဒြားစေတီ အားပြန်လည်ပြုပြင်ရာမှ အုပ်ချပ်စာတစ်ချပ် ရရှိခဲ့ပြန်၏။ ထိုအုတ်ချပ်စာ ပေနှင့် မရှေးမနှောင်းမှာပင် သံတွဲမြို့ အံတော်စေတီမှ ကျောက်စာတစ်ချပ် ရရှိပြန်ရာ ယေဓမ္မာဂါထာများကို ပိုမိုစိတ်ဝင်စား၍ ဖော်ထုတ်ခွင့်ရရှိခဲ့ ပြန်၏။

ဆောင်းပါးရှင်များ ရေးသားတင်ပြကြသော ယေဓမ္မာဂါထာများကို ဖတ်ရှုရပြီးနောက်တွင် ယင်းယေဓမ္မာဂါထာများကို စုစည်းလျက် အချက်အလက်အထောက်အထားများကို လက်ကိုင်ပြု၍ တင်ပြလိုသော စိတ် ဆန္ဒဖြစ်ပေါ်လာခဲ့သည့်အလျောက် ဤစာအုပ်အား ရေးဖြစ်ခဲ့ပါသည်။

ဤစာအုပ်ကို ရေးသားရန်အတွက် ဦးရွှေအောင် (အမ်အေ၊ သက္ကတ)၏ ရှေးဟောင်းတက္ကတသဒ္ဒါကျမ်း၊ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ၊ လန်ဒန်)၏ သက္ကတမြန်မာအဘိဓာန်ကို အပတ်တကုတ် လေ့လာဆည်းပူးမှတ်သားရသေးသည်။

ရှေးသုတေသီများတင်ပြထားသော လမ်းရိုးလမ်းဟောင်းကို မူတည် ပြီး ကိုယ်ပိုင်ဉာဏ်စွမ်း ကိုယ်ပိုင်အမြင်ဖြင့် တင်ပြထားသည်ဖြစ်၍ အလွန် စွန့်စားရသောကိစ္စတစ်ခု ဖြစ်နေခဲ့သည်။

ဆရာဦးစံသာအောင်မှ ရခိုင်ပြည်သုံးအက္ခရာစာအုပ်အမှာစာတွင် "အတိအကျမသိမီ ယင်းသမိုင်းအတွက် အုတ်တစ်ချပ်အဖြစ် အထောက် အကူရစေရန် ရေးရပါကြောင်း စိတ်ဝင်စားသူများအတွက် အထောက် အကူရစေရန် ရေးရပါကြောင်း၊ စိတ်ဝင်စားသူများအတွက် အထောက် အကူရလိမ့်မည် မျှော်လင့်ပါကြောင်း" စသည်ဖြင့် ပညာရှင်ပီပီ စကားဆို ခဲ့၊ ပြောကြားမှာကြားခဲ့မှုများ . . . .

ဆရာကြီးမြန်မာပဏ္ဍိတ်ဦးဦးသာထွန်းမှ ရက္ခိုင်ဝေသာလီမြို့ဟောင်းမှ ဂုပ္ပတစာဆောင်းပါးတွင် ပညာရှင်ပီပီ ပြောကြားချက်မှာ "ဖော်ထုတ်ရေး သားသောအကြောင်းအရာကို စာဖတ်သူပရိသတ်အပေါင်းတို့က ကိုယ်ပိုင် ဉာဏ်ဖြင့် ဝေဖန်ကာ အလိုရှိသည်ကို ထုတ်နှုတ်ယူငင်၍ အလိုမရှိသည် ကို ဖယ်ထုတ်ကြပါ" ဟူ၍ ရေးသားမှာကြားချက်ရှိခဲ့သည်။

ဆရာကြီးနှစ်ဦး၏ ဆိုလိုရင်းမှာ ဖော်ထုတ်တင်ပြပေးထားသော ယင်း ကျမ်းများကို အမှီပြုအကူအညီရယူပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဆက်လက်ဖော်ထုတ်တင်ပြကြဖို့၊ သူများဖောက်ပြီးသားလမ်းကြမ်းကိုပဲ လျှောက်လှမ်း မနေကြဘဲ လမ်းဟောင်းကိုမူ အဖြစ်ထား၍ ကျယ်ကျယ်ပြန့်ပြန့်ချောမွေ့သောလမ်းဖြစ်လာအောင် နောင်သုတေသီများမှ ဆက်လက ဖော်ထုတ်ကြဖို့ မှာကြားချက်များပင် ဖြစ်ပေသည်။

သို့ဖြစ်၍ ဆရာကြီးနှစ်ဦးအား လေးစားသောအားဖြင့် ကျေးဇူးတင် သောအားဖြင့် ဤစာအုပ်ကို ရေးသားတင်ပြရပါသည်။ ဤကျမ်းကို ပြုစုရာတွင် ၁၃၅၆-ခုနှစ်၊ တပေါင်းလ၌ စတင်ရေးသားရာ ၁၃၅၇-ခုနှစ်၊ တန်ခူးလပြည့်ကျော်တစ်ရက် ဗုဒ္ဓဟူးနေ့တွင် ပြီးစီးပါသတည်း။

**အရှင်ကောသလ္လ(ဂဝေသီ)**
**ဝိဇယာရာမကျောင်း**
**အံတော်ကျေးရွာ**
**သံတွဲမြို့၊ ရခိုင်ပြည်နယ်၊**

# အမှာစကား

ဤစာအုပ်ကို ဖတ်ရသောအခါ စာပေသမိုင်းကြောင်းများကို ရှင်းလင်းစွာ နားလည်ရတော့၏။ မြတ်ဗုဒ္ဓလက်ထက်က မာဂဓစာပေများ ရှိနေကြောင်း ဒေသနာတွင် ပါရှိနေ၏။ (၁) ရာဇဂြိုဟ်ဘုရင်ဗိမ္ဗိသာရက ပတ္တုသမင်းထံ ရွှေပေလွှာဖြင့် စာရေး၍ ဗုဒ္ဓဓမ္မအကြောင်း ပေးပို့ခြင်း (၂) အရှင်မဟာကစ္စည်းမှ မာဂဓဗျာကရုဏ်းကျမ်း ရေးသားခြင်းတို့ ဖြစ်သည်။

မာဂဓနိုင်ငံနှင့် နီးကပ်စွာတည်ရှိနေသော ဓညဝတီရခိုင်ပြည်သို့ ဗြဟ္မီ ခေါ် မာဂဓစာပေများ ရောက်ရှိလာခြင်းကို တောင်ပေါက်ကြီးကျောက်စာ ဖြင့် စာရေးသူမှ တင်ပြထား၏။

ဓညဝတီမှ မြစ်များခံသော စာပေသမိုင်းမှာ ရခိုင်ဝေသာလီခေတ် တွင် ထင်ရှားပြတ်သားစွာ ပေါ်လွင်လျက်ရှိကြောင်း ဝေသာလီခေတ်ထိုး ကျောက်စာများက ဖော်ပြနေပြီးဖြစ်၏။ ဘာသာပြန်ကျမ်းများလည်း ပေါ် ထွက်ခဲ့လေရာ ရခိုင်ပြည်အနှံ့ စာပေတတ်မြောက် သုံးစွဲနေကြောင်း ထင် ရှားစွာ သိမြင်လာရ၏။

သိန်ကန်မိန်တွင် အစရှိသောရကန်မှာ ဝေသာလီဘုရင်ကြီး သီရိဓမ္မဝိဇယ(သီရိစန္ဒြား)၏ သမီးတော် သုဝဏ္ဏာဒေဝီ ကိုယ်တိုင်ရေးစပ်ကြောင်း ယုံမှားဖွယ်မရှိလောက်အောင် စာရေးသူမှ အချက်အလက် ခိုင်ခိုင်လုံလုံ ပိုင်နိုင် စွာဖြင့် တင်ပြဖော်ထုတ်ထားသည်။

၁၉၉၄-ခုနှစ်က ကျောင်းသားအားကစားပွဲတော်ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ နိုင်ငံတော်မှ ခမ်းနားကြီးကျယ်စွာ ကျင်းပပေးခဲ့သည်။ ထိုပွဲ တော်တွင် သုဝဏ္ဏာဒေဝီရုပ်တုထုလုပ်ပြီး ဝေသာလီအားကစားကွင်ဟု အမည်ပေး၏။ ထို့အပြင် အားကစားအမျိုးသမီးများထဲမှ အမျိုးသမီးဆို သုဝဏ္ဏာဒေဝီကို ဂုဏ်ပြုသောအားဖြင့် ဝေသာလီမင်းသမီးရွေးချယ်ခဲ့ရာ မဝေမာသိန်း ကချင်ပြည်နယ်၊ ဟိုပင်မြို့မှ ရရှိခဲ့သည်။

ဤစာအုပ်ကို ဖတ်ရှုလျှင် ထိုအကြောင်းအရာများကို ရသပေါ်လွင် စွာ ခံစားစေရပေမည်။ ယခင်က သိန်ကန်မိန်တွင် အစချီရကန်ကို သာမန် ဖတ်ရှု၍ နားမရှင်းပေ။ ယခုကဲ့သို့ ပီပီပြင်တင်ပြဖော်ထုတ်မှုမျိုးလည်း မတွေ့ရသေး။ စာရေးဆရာက ပီပီပြင်ပြင်နားလည်၊ နားရှင်းအောင် ဖော်ထုတ် တင်ပြထားသည်မှာ ဝမ်းသာအားရ ဖြစ်ရပါသည်။

တစ်ချိန်က ဒါကာမောက်သူဇာဘဂီ ၁၂မြို့ကို စိုးပိုင်ခဲ့ကြောင်း ကဗျာ တွင် ပေါ်လွင်ပေ၏။ ထို့အပြင် ဝေသာလီနှင့် လေးမြို့ခေတ်စာပေ၊ မြောက် ဦးခေတ်ပထမပိုင်းစာပေတို့ ဆက်စပ်ပုံကို ဖော်ပြထားသည်မှာလည်း အားရစရာပင်၊ မင်းသားကြီး ရွှေဘန်း၏မှတ်တမ်းကဗျာမှာ ဖတ်ရှုရသူ တို့၏ စိတ်ဓာတ်ကို တက်ကြွစေသည်။

သို့ဖြစ်၍ ဤစာအုပ်သည် ကဗျာစာပေသုတေသီများ၊ ဗဟုသုတလို လားသူများအတွက် လေ့လာသင့်သော စာအုပ်ဖြစ်ကြောင်း မှတ်ချက်ပြု လိုက်ပါသတည်း။

**(ဥတ္တာအောင်)**
**စောလှအောင်၊ စစ်တွေ၊**
**ဒွါရာဝတီမြို့သစ်၊ သံတွဲမြို့၊**
**ရခိုင်ပြည်နယ်၊**

# ရခိုင်စာပေနိဒါန်းအတွက် နိဒါန်း

ဤစာအုပ်ကို ပြုစုသူ အရှင်ကောသလ္လသည် မိမိကိုယ်ကို နှိမ့်ချအပ်သောအားဖြင့် (ဂဝေသီ)ဟု ခံယူထားသော်လည်း၊ စင်စစ်ထိုအရှင် ကုသလ္လသည် (သုတေသီ)တစ်ဦးဖြစ်နေခဲ့သည်မှာ ကြာပြီ။ ဦးပဥ္စင်း၏ကျောင်းသို့ရောက်လျှင် ရှေးဟောင်းရုပ်ပွားဆင်းတုများကို ဖူးရသည်။ ရှေးဟောင်းစာပေကျမ်းဂန်များကို မွှေနှောက်နိုင်သည်။

ဦးပဥ္စင်း၏ကျောင်းမှာ ကျောက်စာတွေရှိသည်။ အုပ်ချပ်စာ ရှိသည်။ အေဒီ (၄)ရာစုမှ (၇)ရာစုအတွင်း အသုံးပြုသော ရခိုင်ပြည်သုံးအက္ခရာဖြင့် ရေးထိုးထားသော "စန္ဒရားစေတီအုတ်ချပ်စာ"ကို တွေ့ရှိခြင်းမှာ ဦးပဥ္စင်း၏ လုံ့လနှင့်မကင်းပေ။ အလားတူ အေဒီ ၅၂၀-မှ ၅၇၅-ထိ ဝေသာလီ ထီးနန်းကို စိုးစံခဲ့သော 'နီတိစန္ဒြ' မင်းကြီး၏မိဖုရား **ဒေဝီသာဝီတာစန္ဒြ သီရိ** ရေးထိုးခဲ့သည့် "အံတော်စေတီကျောက်စာ" တွေ့ရှိခြင်းမှာလည်း ဦးပဥ္စင်း၏ ဥဿာဟကြောင့်ဟု ဆိုရန်ရှိပေသည်။ ဦးပဥ္စင်းအရှင်ကောသလ္လ (ဂဝေသီ)သည် သံတွဲမြို့ ရွှေအံတော်စေတီသမိုင်းနှင့် သံတွဲမြို့ စေတီပုထိုးများသမိုင်းတည်းဟူသော စာအုပ်နှစ်အုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ယခုဤစာအုပ်မှာ ဦးပဥ္စင်း၏တတိယမြောက် စာအုပ် ဖြစ်ပေလိမ့်မည်။

စာအုပ်တွင် ဦးပဥ္စင်းသည် ရခိုင်စာပေခေတ်ဦးမှ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး ကာလအထိဖြစ်သော "ရခိုင်စာပေသမိုင်း" ကို ကောက်ကြောင်းရေးဆွဲထားသည်။ ကျွန်တော်သည် ပညာရှင်မဟုတ်၍ ကျမ်းကြီး ဂန်ကြီးများနှင့် မယဉ်ပါး။ စိတ်ဝင်စားမှု နည်းသည်။ ကျွန်တော်စိတ်ဝင်စား သည်မှာ "သိန်ကန်မိန်တွင်" ဖြစ်သည်။ ဝေသာလီပြည့်ရှင် သီရိစန္ဒြား မင်းကြီးသားတော် သိင်္ဂစန္ဒြားကိုယ်တော်ကြီး၏ အိမ်ရှေ့မိဖုရား "သုဝဏ္ဏ ဒေဝီ" ဘွဲ့ခံ စောပြည့်ညိုရေးဖွဲ့ခဲ့သည်။

မြန်မာစာပေသမိုင်းတွင် အစောဆုံးတွေ့ရသော ကဗျာ(၄)ပုဒ်ရှိသည် ဟု မှတ်သားရဖူးသည်။

၁။ သိန်ကန်မိန်တွင်

၂။ သိုးကလေးချိပုပွားနတ်တောင်ဘွဲ့

၃။ မြကန်လင်္ကာ

၄။ သူတည်းတစ်ယောက်ချိမျက်ဖြေလင်္ကာ

ယင်း(၄)ပုဒ်အနက် "သိန်ကန်မိန်တွင်" ကို ဝေသာလီခေတ်ရေး ကဗျာမဟုတ်နိုင်ဟု သံသယစကားဆိုသူ အချို့ရှိသည်။ အဘယ့်ကြောင့်ပါ လဲဆိုသောအခါ "ကောင်းလွန်းနေသောကြောင့်" ဟူ၏။ ဘယ်လိုတက္က ဗေဒလဲဟု ကျွန်တော်တို့အံ့ဩယူရပါသည်။ သုဝဏ္ဏဒေဝီသည် "ကဝိကဏ္ဍ ပါသန" ကျမ်းနှင့် ကဝိဂန္ဓုကျမ်းတို့ကို ပြုစုခဲ့သော ပညာရှင် မင်းသမီးကြီး ဖြစ်ပါသည်။

နောက်တစ်ချက်ဆိုရန်ရှိသည်မှာ "သိန်ကန်မိန်တွင်" ကို ဆရာအများက "ရွှန်းလိုက်ရတု" (သျှိုးလိုက်ရတု)ဟု သတ်မှတ်ကြပါသည်။ စာတစ်ပုဒ်လုံးတွင် "သျှိုး" လိုက်စရာနေရာ တစ်ကွက်မျှမပါ။ "ချစ်သူ" ကို လွမ်း၍ တမ်းတန္တမ်းလျှနေသည့် မင်းသမီးလေး(ထိုအခါက ၁၉နှစ်မျှသာ ရှိသေးသည်)က သူမ၏ အလွမ်းကဗျာကို "သျှိုး" လိုက်ပုံစံကြီးဖြင့် ရေးမည်မဟုတ်ပေ။ "ရကန်" ဆိုသောအယူအဆကို ကျွန်တော်လက်ခံသည်။ အချို့သော ပညာရှင်များက "ရကန်"ဆိုသည်မှာ ကာရန်ခွာကန် ခြင်း၊ စာဆိုဖက်အချင်းချင်း ကန်ကျောက်ဖိနှိပ်ရေးသားခြင်းဟု သာမန်ဖွင့်ဆိုကြပါသည်။ ဤစာအုပ်ငယ်တွင်ပါသည့် ဦးပဥ္စင်း၏ ရကန်အယူအဆကို လေ့လာကြပါဘိ။ ဦးပဥ္စင်းသည် အထောက်အထားမဲ့ မရေး။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်းပင် ဤစာအုပ်ပါ "ကျမ်းကြီးဂန်ကြီး"များအကြောင်းကို ကျွန်တော် ချန်လှပ်ခဲ့ပါရစေ။ ရခိုင်စာပေသမိုင်း တွင် ဘုရင်တစ်ပါးနှင့် ဘုရင်မတစ်ပါးတို့ "နိုင်ငံရေးအရ ပူးပေါင်းရန် လိုအပ်ချက်ကြောင့် အလွန်ရသမြောက်သော အလွန်လည်းထင်ရှားသော ရတုသုံးပိုဒ်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဖြစ်ပေါ်လာနေသော အခြေအနေအရပ်ရပ်ကြောင့် "သံတွဲဘုရင်မ စောယဉ်မိ" သည် မြောက်ဦးဘုရင်နရနု ထံသို့ အဖြည့်ခံရတု ၂-ပိုဒ် ရေးသားပေးပို့သည်။ နရနုဘုရင်က အဖြည့်ရတု ရေးသည်။ ထိုနောက် စောယဉ်မိသည် မြောက်ဦးရွှေနန်းတော်၏ အလယ် နန်းမိဖုရားအဖြစ် ခံယူလိုက်လေသည်။

အကျယ်ကို ဦးပဥ္စင်း၏ ရေးသားချက်တွင် ရှုပါ။ ကျွန်တော်သည် ထက် ဆိုဖွယ်မရှိပါ။

စင်စစ် ဤစာအုပ်သည် ပြည်ထောင်စုတိုင်းရင်းသားများအတွက် "ရခိုင်စာပေ" မိတ်ဆက်ဟု ယူရန်ရှိပါသည်။ "ရခိုင်စာပေနိဒါန်း" ဟု ဆိုသော် ဆိုနိုင်သည်သာတည်း။

**အောင်သာမိုး**

**သံတွဲမြို့၊ ၁၃၅၆-ခု၊ တပေါင်းလဆန်း၊ ၆ရက်။**

အခန်း(၁)

# အက္ခရာစာပေ သမိုင်းအကျဉ်း

ရခိုင်အက္ခရာအရေးအသားသည် ရှေးခေတ်အိန္ဒိယနိုင်ငံသုံး ဗြဟ္မီအက္ခရာ၏ အရေးအသားကို အခြေပြုလေသည်။ ယင်းဗြဟ္မီအက္ခရာကို အခြေပြု၍ အဆင့်ဆင့်ပြောင်းလဲလာပုံကို ကျောက်ပြား၊ ကြေးနီပြား၊ ခေါင်း လောင်း၊ ဒင်္ဂါးများတွင် ရေးသားထားခဲ့သော မှတ်တမ်းများမှ သက်သေခံ နေပေသည်။ ရာစုတစ်ခုပြီးတစ်ခု ဆင့်ကဲပြောင်းလဲလာပုံကို ယင်းတို့ကို လေ့လာခြင်းဖြင့် သိနိုင်ကြပေမည်။

## အရေးအသားနှစ်မျိုး

အိန္ဒိယ၏ရှေးအကျဆုံးသော အရေးအသားမှာ အိန္ဒုမြစ်ဝှမ်း ကျောက်စာအရေးအသားဖြစ်ကြောင်း ခရစ်မပေါ်မီနှစ်ပေါင်း ၂၅၀၀-လောက်က ရေးသားခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ရုပ်ပုံများကို အသုံးပြုရေး သားသော အရုပ်စာဖြစ်သည်။ ထိုအိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုမှာ ခရစ် တော်မပေါ်မီ နှစ်ပေါင်း ၁၇၀၀-အထိ တည်ရှိခဲ့ကြောင်း သိရလေသည်။

ယင်းကာလမှစ၍ ခရစ်တော်မပေါ်မီနှစ်ပေါင်း ၅၀၀-လောက်အထိ အရေးအသားနှင့်ပတ်သက်၍ ကျောက်စာ၊ ကြေးနီပြားစာ စသည်ဖြင့် ယနေ့တိုင်ရှာဖွေမတွေ့ရှိရသေးကြောင်း သိရသည်။

ဘီစီသုံးရာစုသို့ရောက်သောအခါမှ အာသောကကျောက်စာများကို အရေးအသားကြီးနှစ်မျိုးဖြင့် ရေးသားထားသည်ကို တွေ့ရှိကြရသည်။ ယင်းမှာ ဗြဟ္မီနှင့် ခရောဿဋ္ဌီတို့ ဖြစ်၏။ ဗြဟ္မီမှာ ဘယ်ဖက်မှ ညာဖက်သို့ သွားသော ရေးသားခြင်းမျိုးဖြစ်ပြီး ခရာဿဋ္ဌီမှာ ညာမှဘယ်သို့သွားသော အရေးအသား ဖြစ်၏။ အက္ခရာပုံသဏ္ဌာန်လည်း တူညီခြင်းမရှိပေ။

ခရာဿဋ္ဌီကို အိန္ဒိယတိုက်၏ အနောက်မြောက်ဘက်တွင်သာ အသုံး ပြုပြီး ဗြဟ္မီအက္ခရာကို အိန္ဒိယတိုက် တစ်တိုက်လုံး အသုံးပြုကြောင်း တွေ့ ရသည်။ ခရောဿဋ္ဌီကို ဘီစီသုံးရာစုမှ အေဒီသုံးရာစု လေးရာစုအထိသာ အိန္ဒိယတွင် အသုံးပြုခဲ့ကြသည်။ ဗြဟ္မီအက္ခရာကို ဘီစီသုံးရာစုမှ အေဒီ နှစ်ရာစုလောက်အထိ မူရင်းအတိုင်း အသုံးပြုကြလေသည်။

ဗြဟ္မီအက္ခရာအရေးအသားကို အိန္ဒိယမှ ပညာရှင်ကြီးတစ်ဦးမှ တီထွင်ခဲ့လိမ့်မည်ဟုသာ လက်ခံယုံကြည်ထားကြသော်လည်း မည်သူ တီထွင်ကြောင်း မသိရှိကြပေ။ ဘီစီရှစ်ရာစုနှင့် ခြောက်ရာစုအကြား ပေါ် ပေါက်ခဲ့လိမ့်မည်ဟုသာ ခန့်မှန်းနိုင်ကြသည်။ အချို့ပညာရှင်များမှ ဗြဟ္မကြီး တစ်ဦးမှ တီထွင်ခဲ့ကြောင်း၊ ယင်းအကြောင်းကြောင့် ဗြဟ္မီခေါ်ကြောင်း အဆို ရှိကြပြန်၏။

ထိုနောက်တွင် ဗြဟ္မီအက္ခရာသည် ကုသနအက္ခရာအဖြစ် အသွင် ပြောင်းခဲ့ပြီး အေဒီလေးရာစုတွင် ကုသနမှ ဂုပတအက္ခရာအသွင်သို့ ပြောင်း ခဲ့ပြန်သည်။ ထိုမှတစ်ဖန် တစ်ဆင့်စီပြောင်းလဲခဲ့ပြန်ရာ အေဒီရှစ်ရာစုတွင် ဒေသအလိုက် ကွဲပြားသော အက္ခရာများအဖြစ် ပြောင်းလဲသွားကြောင်း သိရှိရလေသည်။

## အစောဆုံးအရေးအသား

ဘီစီငါးရာစုထက်စောသည်ဟု အတိအကျ သတ်မှတ်နိုင်သော ဗြဟ္မီ အက္ခရာဖြင့် ရေးထိုးသည့် ကမ္ပည်း ကျောက်စာများကို မတွေ့ရှိရသေးဟုဆို၏။ အချိန်ကာလအတိအကျ သတ်မှတ်နိုင်သော အစောဆုံး ဗြဟ္မီအရေး အသားမှာ ဘီစီသုံးရာစုတွင် ရေးထိုးသော အာသောကျောက်စာများသာ ဖြစ်လေသည်။

## ကောသလတိုင်းနှင့် မာဂဓတိုင်း (ဘီစီ ၆၀၀-၃၂၀)

ဘီစီ ၆၀၀-တွင် အိန္ဒိယ၌ အရေးကြီးဆုံးသော တိုင်းကြီးနှစ်ခု ရှိ၏။ ယင်းတို့မှာ မဂဓတိုင်းနှင့် ကောသလတိုင်းတို့ ဖြစ်ကြသည်။ ထိုနှစ်ခုတွင် မာဂဓတိုင်း (ဘီဟာနယ်တောင်ပိုင်း)သည် ပိုမို၍ အရေးပါခဲ့သည်။ မြတ်စွာ ဘုရားသခင် လက်ထက်တော်အခါ၌ မာဂဓတိုင်းကို ဗိမ္ဗိသာရမင်း (ဘီစီ- ၅၅၀-၄၉၀)မှ အုပ်ချုပ်လျက်ရှိ၏။

ဗိမ္ဗိသာရမင်း၏ သားဖြစ်သူ အဇာတသတ်သည် အိန္ဒိယမြောက်ပိုင်း ကို နယ်ချဲ့ခဲ့၏။ ကောသလတိုင်းနှင့်လည်း စစ်မက်ဖြစ်ပွားခဲ့သည်။ ယင်းမင်းသည် ပါဋလိပုတ် (ယခုခေတ် ပတန)ကို ခံတပ်ကြီးတစ်ခုအဖြစ် တည် ထောင်ခဲ့လေသည်။ ဘီစီလေးရာစုတွင် မာဂဓသည် အိန္ဒိယမြောက်ပိုင်း၌ အထင်ရှားဆုံးသော တိုင်းကြီးဖြစ်ခဲ့သည်။ ယင်းကာလ၌ မာဂဓမင်းဆက် ကို နန္ဒဆိုသူမှ လုပ်ကြံပြီး နန္ဒမင်းဆက်ကို တည်ထောင်ခဲ့လေသည်။

## မောရိယမင်းဆက် (ဘီစီ ၃၂၂-၁၈၅)

နန္ဒမင်းဆက်၏ သက်တမ်းမှာ မကြာမြင့်ခဲ့ပေ။ နန္ဒမင်း၏ သားများ ကို "စန္ဒြဂုပ္ပတမောရိယ" က တိုက်ခိုက်ပြီး ထီးနန်းသိမ်းပိုက်ကာ ပါဋ လိပုတ်ကို မြို့တော်ပြုလုပ်၍ နန်းစံခဲ့သည်။ နန္ဒမင်း မတိုင်မီက ဂရိဧကရာဇ် အလက်ဇန္ဒား(၃)မှ အိန္ဒိယသို့ ဝင်ရောက်သိမ်းပိုက်ခဲ့သော နယ်ပယ်တို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည့်အပြင် အဖက်ဖက်ရှိ တိုင်းနိုင်ငံများကို လည်း တိုက်ခိုက်သိမ်းပိုက် နယ်ချဲ့ခဲ့လေသည်။

ဘီစီ ၂၉၆-တွင် စန္ဒြဂုပ္ပတမင်း နတ်ရွာစံပြီးသောအခါ သားဖြစ်သူ ဗိန္ဒုသာရမင်း ထီးနန်းဆက်ခံသည်။ ဗိန္ဒုသာရမင်း၏ သားတော်မှာ အာသောကမင်းကြီး (ဘီစီ ၂၇၄-၂၃၇)ပင် ဖြစ်လေသည်။

ဤအာသောကမင်းကြီးသည် အိန္ဒိယရှိဧကရာဇ်ဘုရင်များအထဲတွင် တန်ခိုးအာဏာအကြီးမားဆုံးသော မင်း ဖြစ်ခဲ့သည်။ ဗုဒ္ဓသာသနာပြန့်ပွားအောင် အကြီးကျယ်ဆုံး ဆောင်ရွက်ခဲ့၏။ အာသောကမင်းလက်ထက် ရေးထိုးခဲ့သော ကမ္ပည်းကျောက်စာများကို အိန္ဒိယနိုင်ငံအနှံ့တွေ့ရသည်။ ယခုအချိန်ထိ ကျောက်တုံးကျောက်စာ (၁၄)ခုနှင့် ကျောက်စာ တိုင် (၈)ခု တွေ့ရှိပြီး ဖြစ်၏။

အာသောကမင်းလက်ထက်တွင် အများဆုံးအသုံးပြုခဲ့သော အက္ခရာ မှာ ဗြဟ္မီအက္ခရာပင် ဖြစ်လေသည်။

## သုံဂမင်းဆက်နှင့် ကံဝမင်းဆက်

အာသောကမင်းကြီး နတ်ရွာစံပြီးနောက်တွင် မောရိယအင်ပါယာ သက်တမ်း မရှည်တော့ပေ။ ဘီစီ ၁၈၅-တွင် မောရိယနောက်ဆုံးမင်းကို ပုသျှမိတ္တရစစ်သူကြီးမှ လုပ်ကြံ၍ သုံဂမင်းဆက် (ဘီစီ-၁၈၅-၇၂)ကို တည်ထောင်သည်။ ထိုမင်းသည် ဟိန္ဒူအယူဝါဒကို ဖော်ထုတ်အားပေးချီး မြှောက်သော ဟိန္ဒူဘာသာဝင်မင်းဖြစ်၏။

သုံဂမင်းဆက် လုပ်ကြံခံရပြီး မင်းဆက်ပြုတ်ကာ ကံဝမင်းဆက် ပေါ်ခဲ့သည်။ သက်တမ်းရှည်ကြာမှု မရှိခဲ့ပေ။ ယင်းကာလမှစ၍ ဂုပ္ပတမင်း များ တန်ခိုးကြီးထွားလာသည့်အချိန်အထိ အရေးကြီးသောမင်းများ မပေါ် ပေါက်ခဲ့ပေ။

## ကူရှန်မင်းဆက် (အေဒီ ၅၀- ၂၄၁)

မောရိယအင်ပါယာပျက်ပြီးနောက် အိန္ဒိယတိုက်ဒက္ခိဏကုန်းမြေတွင် အန္ဓရမင်းဆက် ပေါ်ထွန်းခဲ့သည်။ အိန္ဒိယ မြောက်ပိုင်းအား ဂရိလူမျိုးများ၊ သက်လူမျိုးများ၊ ပါသီယန်လူမျိုးများနှင့် ကူရှန်လူမျိုးများ တိုက်ခိုက်ခဲ့ သည်။ ကူရှန်တို့၏ မူရင်းဒေသမှာ အာရှအလယ်ပိုင်းဖြစ်ပြီး ထင်ရှားသောမင်းမှာ "ကနိသ" မင်း ဖြစ်၏။ ထိုကနိသမင်းသည် အိန္ဒိယ မြောက်ပိုင်း တစ်ခုလုံးကို ပိုင်ဆိုင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်မင်းကြီး ဖြစ်၏။

ထိုကူရှန်မင်းများလက်ထက်တွင် ဗြဟ္မီအက္ခရာသည် အဆင့်ဆင့် ပြောင်းလဲလာခဲ့၏။ ယင်းခေတ်အရေးအသား ကို ကူရှန်(သို့မဟုတ်) ကုသျှန အရေးအသားဟူ၍ ခေါ်ခဲ့ကြလေသည်။

## ဂုပ္ပတမင်းဆက် (အေဒီ ၃၂၀- ၆၀၀)

အေဒီသုံးရာစုတွင် အိန္ဒိယ၌ စာပေ၊ အနုပညာ၊ သိပ္ပံနှင့် ဒဿနိက ဗေဒတို့ တဖြည်းဖြည်းထွန်းကားခဲ့သည်။ အေဒီ လေးရာစုအစတွင် ဂုပ္ပတမင်းဆက်တို့ နယ်ချဲ့ပြီး အင်ပါယာတည်ဆောက်ခဲ့၏။ မောရိယမင်းဆက်တို့ စံရာ မာဂဓမှာပင် စတင်နယ်ချဲ့ကြလေသည်။

သမုဒ္ဒဂုပတမင်းသည် အိန္ဒိယမြောက်ပိုင်းရှိ ဒေသအများစုကို ပိုင် ဆိုင်ခဲ့၏။ အရှေ့ဖက်တွင် နီပေါနိုင်ငံနှင့် အာသံပြည်၊ အနောက်မြောက်ဖက်၌ ပန်ဂျပ်ပြည်တို့သည် လက်ဆောင်ပဏ္ဏာများ ဆက်သကြရသည်။ စန္ဒြ ဂုပတ(၂)မင်း လက်ထက်၌ ဂုပတမင်းဆက်တို့ အထွဋ်အထိပ်သို့ ရောက်ခဲ့ ၏။

ယင်းခေတ်ကာလတွင် သက္ကတဘာသာ အထူးတိုးတက်ခဲ့ရသည်။ ကာလီဒါသအပါအဝင် စာဆိုပညာရှင်ကြီး ကိုးဦး ထင်ပေါ်ခဲ့သည်။ အေဒီ ၄၇၀-တွင် ဂုပတအင်ပါယာ ပြိုကွဲလာခဲ့၏။ ဂုပတမင်းဆက်၏ သက်တမ်း မှာ အေဒီ ခြောက်ရာစု အထိ ရှည်ကြာခဲ့လေသည်။

ထိုခေတ်ကာလ၌ ရေးသားသောအက္ခရာ အရေးအသားမှာ "ကုသျှန" အရေးအသားမှတစ်ဆင့် ပြောင်းလဲ လာသော အရေးအသားဖြစ်၍ ဂုပတအရေးအသားဟူ၍ ခေါ်တွင်လေသည်။

| | | | |
|---|---|---|---|
| ၁။ | စန္ဒြဂုပ္တ (၁) | အေဒီ | (၃၂၀-၃၅၅) |
| ၂။ | သမုဒ္ဒရဂုပ္တ | အေဒီ | (၃၅၅-၃၈၀) |
| ၃။ | စန္ဒြဂုပ္တ(၂) | အေဒီ | (၃၈၀-၄၁၃) |
| ၄။ | ကုမာရဂုပ္တ | အေဒီ | (၄၁၃-၄၅၅) |
| ၅။ | သကံသဂုပ္တ | အေဒီ | (၄၅၅-၄၈၀) |

## အက္ခရာအဆင့်ဆင့်

ရခိုင်တွင် ဓညဝတီခေတ်၌ ဗြဟ္မီအက္ခရာ၊ ဝေသာလီခေတ်၌ ဂုပတ အက္ခရာ ယင်းမှ ရက္ခဝဏ္ဏခေါ် ရခိုင်အက္ခရာသို့ အဆင့်ဆင့်ပြောင်းလဲ၍ ယင်းအက္ခရာတို့ဖြင့် ပါဠိဘာသာ၊ သက္ကတဘာသာစာပေများ ရေးသားခဲ့ သည်ဖြစ်ရာ ဤမျှသော သမိုင်းအကျဉ်းဖြင့် သဘောပေါက်နိုင်လိမ့်မည်ဟု ယူဆမိသဖြင့် အေဒီ ၆၀၀မှ ၁၀၀၀ကျော်ထိ ဟိန္ဒူမင်းဆက်များ အကြောင်း မဖော်ပြတော့ပေ။

## အခန်း (၂)

# ကိုယ်ပိုင်ဘာသာစကားများ

(က) ဗုဒ္ဓ၏မူရင်းကိုယ်ပိုင်စကားမှာ ပါဠိမာဂဓဘာသာစကား

(ခ) ဗြဟ္မဏ၏ မူရင်းကိုယ်ပိုင်စကားမှာ သက္ကတဘာသာစကား

(ဂ) ဂျိန်းဘာသာ၏ မူရင်းကိုယ်ပိုင်စကားမှာအဒ္ဓမာဂဓီ(ပြာက ရစ်) ဘာသာစကား

(ဃ) ဂျူးဘာသာ၏ မူရင်းမှာ ဟီဘရူးဘာသာစကား

(င) ရိုမအက်စတာဘာသာဝါဒမှာ ပဟလဝီဘာသာစကားဖြစ်၍ အသီးသီးမူရင်းဘာသာစကားများ ရှိကြလေသည်။

## မာဂဓဘာသာစကား

သာမာဂဓိမူလဘာသာ၊ နရာယာယာဒိကပ္ပိတာ

ဗြဟ္မနောစဿုတပါလာ၊ သမ္ဗုဒ္ဓာစာပိဘာသရေ။ ဟူသော ပဒရူပသိဒ္ဓိကျမ်းလာ ပါဠိတော်အရ မာဂဓဘာသာစကားပြောကြား သူများမှာ-

၁။ ဘုရားရှင်များ

၂။ ကမ္ဘာဦးလူသားများ

၃။ ဗြဟ္မာများ

၄။ လူတို့စကား မကြားဘူးသော တောကြီးသားများ ဖြစ်ကြောင်း ညွှန်ပြပြီး ယင်းကဲ့သို့ ဘုရားဗြဟ္မာ၊ ကမ္ဘာဦးသူ၊ လူသံမကြား၊ တောကြီး သားတို့ ပြောကြားသည့်စကားဖြစ်၍ ဘာသာစကား၏အစ မူလပင်မ ဘာသာစကားမှာ "မာဂဓ" ဘာသာစကားဖြစ်ကြောင်း "သာမာဂဓိ မူလဘာသာ" ဟု ပါဠိတော်မှ ဆိုလေသည်။

## ပါဠိ၊ မာဂဓ

ပါဠိပါမောက္ခ ဒေါ်အုန်း၏ ပါဠိစာပေသမိုင်းနှင့် ဒေါက်တာဝင်တာနစ်၏ အဆိုအရ ပါဠိနှင့်မာဂဓ မတူကြောင်း တင်ပြထားပေသည်။ သို့သော် မောင်အုံ့မောင် (မဟာဝိဇ္ဇာ၊ ဘုံဘေ) သကျသီဟ ဓမ္မာစရိယ၊ ပါဠိပါရဂူ ၏ ဗုဒ္ဓသာသနာ ၂၅၀၀ ခရီးစာ (၇၈)တွင် မြတ်စွာဘုရားဟောကြားတော် မူသော စကားအစဉ်၊ ဒေသနာတော်အစဉ်ကို ပါဠိဟု ခေါ်သည်။ (ပါဠိ= အစဉ်အတန်း) မြတ်စွာဘုရား၏ စကားတော်ဒေသနာတော်အစဉ်သည် မာဂဓဘာသာဖြင့် တည်ရှိရကား ဘုရားဟောဒေသနာတော်ကို ပါဠိဟုခေါ် ရာမှ အချိန်ကြာညောင်းသောအခါ မာဂဓဘာသာကို ပါဠိဘာသာဟု ခေါ် လေသည်ဟု ဖော်ပြထားလေသည်။

ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ၊ လန်ဒန်) ဓမ္မာစရိယ၏ သက္ကတသဒ္ဒါကျမ်း ကျမ်းဦးနိဒါန်းတွင် မာဂဓဘာသာသည် ပါဠိဘာသာပင်ဖြစ်ကြောင်း တင် ပြရေးသားထား၏။ ထို့အတူ ဦးရွှေအောင် (အမ်အေ၊ သက္ကတ) စေတီယင်္ဂ လာ ဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ (သိရောမဏိ) လေးဘွဲ့ရ ပညာရှင်၏ သက္ကတကျမ်း ပထမတွဲတွင် မာဂဓနှင့် ပါဠိအတူတူပင် ဖြစ်ကြောင်း တင်ပြမှုကို တွေ့ရှိရသည်။

သီဟိုဠ်မှ ဗုဒ္ဓပိယမထေရ်စီစဉ်သည့် ပဒရူပသိဒ္ဓိကျမ်းတွင် ပါဠိဘာ သာသည် မာဂဓဘာသာပင်ဖြစ်ကြောင်း လက်ခံထားလေသည်။

မြန်မာနိုင်ငံမှ ပညာရှင်အချို့ရေးသားသော ပါဠိနှင့်မာဂဓမတူကြောင်း တင်ပြမှုမှာ ဒေါက်တာဝင်တာနစ်၏ သုတေသနပြုယူဆချက်သာ ဖြစ်၏။ "သုတေသနလုပ်ငန်းဟူသည် ခိုင်လုံလှပြီဟု တစ်ထစ်ကျယူဆရန် လွယ် ကူသော လုပ်ငန်းမဟုတ်ကြောင်း တစ်ခေတ်က သုတေသနပြု၍ ဟုတ်၏။ မှန်၏ဟု ပေးခဲ့သောအဖြေသည် နောက်တစ်ခေတ် ဆက်လက်သုတေသန ပြု၍ လေ့လာသောအခါ မဟုတ် အမှန် သို့မဟုတ် တစ်ဝက်တစ်ပြက် သာမှန်၍ တစ်ဝက် တစ်ပြက် မမှန်ဟု တွေ့လာနိုင်ကြောင်း ရခိုင်ယဉ်ကျေး မှုစာစောင်တွင် ဆရာကြီးဦးသာအောင်ဦးမှ တင်ပြထားသော စကားရပ် ရှိပေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာ၏ စာပေအဆင့်အတန်း နိမ့်ကျသွားစေရန် လုပ်ကြံဖန်တီးမှု ဟုတ်၊ မဟုတ်နှင့် အမှန်တရား ဟုတ်၊ မဟုတ် သုတေသီ များ ဆက်လက်သုတေသနပြုရန် လိုပါသည်။ နိုင်ငံခြားသားသုတေသီတို့၏ အတ္တနောမတိကိုလည်း သတိပြုရန် လိုပေသည်။ သို့ဖြစ်၍ အများပြည်သူ ရဟန်းရှင်လူများ လက်ခံအတည်ပြုထားသော မာဂဓသည် ပါဠိဖြစ်ကြောင်း အယူကို လက်ခံတင်ပြထားခြင်း ဖြစ်ပါသည်။

## မာဂဓပုဒ်ဗျည်းအက္ခရာ

မာဂဓသဒ္ဒတွေသု ဗုဒ္ဓပါဝစနပါရဒဿိနာ၊ ကစ္စယန ဓတ္တရေန ကတံ ကစ္စယ. နဗျာကတံဟူသော ပဒရူပ သိဒ္ဓိကျမ်းနိဒါန်းစကားအရ မာဂဓအက္ခရာဖြင့် စီရင်သော မာဂဓသဒ္ဒါကျမ်းအား မြတ်စွာဘုရားလက်ထက် တွင် အရှင် ကစ္စာယနမထေရ်ရေးသားကြောင်း ပြဆို၏။

ထို့အတူပါဠိသဒ္ဒါကျမ်းများနိဒါန်းတွင်မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူသောအချိန်အခါမှစ၍ ချီးမွမ်းဘွယ်ရာ မြောက်များစွာ သော သဒ္ဒါနုသာသနခေါ် မာဂဓဗျာကရုဏ်း သဒ္ဒါကျမ်းကြီးများကို အရှင် ကစ္စယနစသော ပုဂ္ဂိုလ်ကျော်တို့ စီရင်ရေးသားတော်မူကြောင်း တွေ့ရှိရလေ ၏။

ထို့အတူ ဒုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရားကိုယ်တော် တိုင် ဒွေမေဘိက္ခဝေဓမ္မ (ပ) ဒုန္နိက္ခိတဥ္စပဒဗျဥ္စနံ၊ အတ္ထောစဒုန္နိတော စသည် ဖြင့် ပုဒ်ဗျဉ်းအက္ခရာချို့ယွင်းမှုများကို ဂရုစိုက်ရန်ဟောကြားထားမှုကို တွေ့ ရသည်။

သို့ဖြစ်၍ မာဂဓပုဒ်ဗျည်းအက္ခရာများ မြတ်စွာဘုရားရှင်လက်ထက် မှာပင် ရှိနေကြောင်း ပေါ်လွင်သိသာ လှပေသည်။

အချို့သုတေသီများမှ ဗြဟ္မီအက္ခရာကို မာဂဓအက္ခရာဟု ဆိုကြလေသည်။ ဘီစီငါးရာစုထက်စောသော ဗြဟ္မီ အက္ခရာဖြင့် ရေးထိုးသည့် ကျောက်စာများ မတွေ့ရသော်လည်း ဘုရားဟောပါဠိကျမ်းဂန်များအရ စာပေရှိကြောင်း သိသာလှပေသည်။ ဘီစီသုံးရာစုတွင် ရေးထိုးသော အာသောကကျောက်စာမှာ ဗြဟ္မီအက္ခရာဖြင့် ရေးထိုးသော ပါဠိဘာသာကျောက်စာ ဖြစ်၏။

မြတ်စွာဘုရား ရခိုင်ပြည်သို့ ကြွချီတော်မူကြောင်းကို စာကြောင်းရေ ၂၅-ကြောင်းဖြင့် ရေးထိုးထားခဲ့သည့် ဓညဝတီခေတ် တောင်ပေါက်ကြီး ကျောက်စာမှာ ဗြဟ္မီအက္ခရာဖြင့် ရေးထိုးသော ပါဠိဘာသာကျောက်စာ ဖြစ်သည်။

## အစိုင်မာဆုံး

အာသောကမတိုင်မီ ရှေးပိုင် အိန္ဒိယရာဇဝင်မှာ ဘုရားဟောပါဠိ တော်များကိုသာ အခိုင်မာဆုံးမှတ်တမ်းအဖြစ် ယူရသည်။ ဂျိန်းစာပေ အဒ္ဓမာဂဓီမှာ ပဌမသင်္ဂါယနာနောက် အနှစ်နှစ်ရာခန့် နောက်ကျ၏။ သက္ကတစာပေမှာ သာသနာနှစ်သုံးရာမှ ပေါ်၍ တတိယအဆင့်သာ ရှိ၏။

## သက္ကတစာပေ

သုင်္ဂခေတ်မတိုင်မီ သုံးစွဲသော ဝေဒခေတ်သုံးသက္ကတကို ဝေဒိက သက္ကတခေါ်၍ သုင်္ဂခေတ်နောက်မှပေါ်သော သက္ကတအား နဝီနသက္ကတ ခေါ်၏။ ဝေဒခေတ်သုံး ဝေဒိကသက္ကတကို ဘီစီတစ်ထောင်တွင် ပေါ်ပေါက် ကြောင်း ခန့်မှန်းတင်ပြကြသော်လည်း အာသောကမင်းမတိုင်မီ ပါဠိမာဂ ဓစာပေနှင့် ဂျိန်းစာပေအဒ္ဓမာဂဓိမှလွဲ၍ မှတ်တမ်းမရှိ၊ သမိုင်းရာဇဝင် မရှိပေ။[၁]

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး အနှစ်တစ်ထောင် အေဒီငါးရာ စုရောက်မှ ဂုပတမင်းများလက်ထက်တွင် အိန္ဒိယစာရေးဆရာများမှ သက္ကတစာပေ ရွှေ့တန်းရောက်အောင် တွန်းပို့ရေးသား ပုံကြီးချဲ့ကြလေ သည်။ ၂

ဝေဒခေတ်သက္ကတစာပေမှာ သုင်္ဂခေတ်သာသနာလေးရာစု မတိုင်မီပေါ်၍ နဝီနသက္ကတစာပေမှာ သုင်္ဂခေတ် နောက်မှ ပေါ်ပေါက်ခဲ့လေသည်။

သာသနာနှစ်လေးရာစု အာသောကမင်းနောက်ပိုင်း သုင်္ဂမင်းများ အုပ်စိုးသောအခါ ရဟန်းသံဃာမှန်သမျှ အိန္ဒိယမှ မောင်းထုတ်ခဲ့သည်။ အိန္ဒိယမြောက်ပိုင်းနှင့် အနောက်မြောက်ဒေသတို့တွင် ထေရဝါဒ ပင်မဗုဒ္ဓဘာသာ

မရှိတော့ချေ။

သုဂ်ပုရမိတြအမည်ရှိ မင်းကြီးလက်ထက်တွင် ပြဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေငြာသည်။ ပြဟ္မဏတို့၏ စာပေနှင့် ရာဇဝင် သမိုင်းများကို အသစ်ပြုပြင်ရေးသားပြီး မဟာဘာရတ၊ ရာမာယန၊ ပုရာဏ ကျမ်းများကို ခန်းနားအောင်ပြုပြင်ဖန်တီးကြလေတော့သည်။

## မာဂဓဘာသာစကား၊ သက္ကတဘာသာစကား

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ယမေဠုနှင့် ကေကုဋ္ဌ အမည်ရှိ ပြဟ္မနွယ်ဖွား ရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရား၏ဒေသနာကို သက္ကတဘာသာစကားသို့ ပြောင်းလဲရန် လျှောက်ထားကြဖူး၏။ မြတ်စွာဘုရားမှ ငါဘုရား၏ ဒေသနာတော်ကို သက္ကတဘာသာစကားသို့ ပြောင်းလဲ သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု သိက္ခာပုဒ် ပညတ်ကာ တားမြစ်ခဲ့၏။

အချို့ဆရာများယူဆသကဲ့သို့ ဗုဒ္ဓသည် မိမိ၏တရားတော်များကို ဟောကြားရာ၌ သက္ကတဘာသာမျိုးတွင် ပါဝင်သည့် မာဂဓခေါ် ပါဠိဘာ သာကို အသုံးပြုကြောင်း သက္ကတဘာသာသည် မာဂဓဘာသာ၏ အရင်းခံ ဖြစ်ကြောင်း အမှန်တကယ်ဖြစ်ပါက သက္ကတဘာသာကို ဘုရားရှင်တား မြစ်စရာ အကြောင်းမရှိပေ။ ဘုရားရှင်တိုင်း အသုံးပြုသော ဘာသာစကားမှာ မာဂဓဘာသာဖြစ်ကြောင်း သတိပြုသင့်သည်။

ထို့အပြင် သီဟိုလ်မှ ကျမ်းပြုဆရာတော်များ ပုဂံခေတ်သဒ္ဒါနီတိ ကျမ်းပြုဆရာတော်ကြီးများ၊ လယ်တီဆရာတော် ဘုရားကြီးတို့မှ သက္ကတကို တားမြစ်ပယ်ချကြသည့်အပြင် သက္ကတသဒ္ဒါနည်းသို့လိုက်၍ ဘုရားဟောပါဠိကို မပြင်မိကြစေရန် သတိပေးဆုံးမဖူးသည်ကို သတိပြုရပေမည်။

သာသနာနှစ်လေးရာစု သုင်ခေတ်တွင် သဗ္ဗတ္ထိဝါဒဂိုဏ်း၊ မဟာသံဃိ ကဂိုဏ်းတို့ကား ဗုဒ္ဓ၏အမိန့်အာဏာကို ဖီဆန်လျက် အုပ်ချုပ်သူတို့၏ အကြိုက်လိုက်၍ ပါဠိတော်ကို သက္ကတဖြင့် ရေးကြကုန်၏။

သက္ကတဘာသာစကားမှာ ပါဠိမာဂဓနှင့် စင်ပြိုင်ရှိနေခဲ့သည်။ သို့ သော် သက္ကတစာပေမှာ မြတ်စွာဘုရား လက်ထက်တွင် ရှိနေသည်ဟူ၍ မှတ်တမ်းရာဇဝင်များ မရှိခဲ့ချေ။ အေဒီငါးရာစု အိန္ဒိယစာရေးဆရာများမှ သက္ကတစာပေ ရှေ့တန်းရောက်အောင် တွန်းပို့ဖော်ပြ ရေးသားကြသည်။

ဂျိန်းစာပေခေါ် အဒ္ဓမာဂဓိမှာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီး အနှစ်နှစ်ရာ (၂၀၀)တွင်ပေါ်၍ သက္ကတ စာပေမှာ သာသနာနှစ်သုံးရာစုမှသာ ပေါ်ခဲ့ရာ တတိယအဆင့်သာ ရှိလေသည်။

## နိုင်ငံခြားသား မှတ်တမ်းကိုသာ အားကိုး

နိုင်ငံခြားသားများ၏ မှတ်တမ်းကိုသာ အဓိကထား၍ သက္ကတကို ရှေ့တန်းတင်ဖော်ပြမှုများကို တွေ့ကြရသည်။ မာဂဓအက္ခရာ၊ မာဂဓစာပေမှာ သက္ကတမှ ဆင်းသက်လာကြောင်း ရေးသားတင်ပြမှုများရှိကြရာ လွန် စွာ သတိပြုဖွယ် ကောင်းလှပြီ ဖြစ်သည်။

ဦးရွှေအောင် (အမ်အေ၊ သက္ကဋ္ဌ) စေတီယင်္ဂဏဓမ္မာစရိယ၊ သကျသီ ဟဓမ္မာစရိယ၊ သာသနာဓဇသိရိပဝရ ဓမ္မာစရိယ၏ ရေးဟောင်း သက္ကတ သဒ္ဒါကျမ်းပါဏိနိသိဒ္ဓန္တကော်မုဒီပါဠိ နိဿယ အဓိပ္ပါယ်ပထမတွဲတွင် ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာကို ကြည့်လျှင် "ပါဠိသည် သက္ကတထက်ရှေးကျ ၍ ဝေဒနှင့်အပြိုင်သဘောရှိကြောင်း တွေ့ရ၏" ဟူ၍ ဦးရွှေအောင်မှ ရှင်း လင်းတင်ပြထားသည်ကို တွေ့ရသည်။

ထို့ပြင် ကစ္စာယနမာဂဓသဒ္ဒါကျမ်းကိုဖွင့်ဆိုသော ပဒရူပသိဒ္ဓိကျမ်း (သီဟိုဠ်မှ အရှင်ဗုဒ္ဓပိယမထေရ်စီရင်သည်) တွင် "သက္ကတဝိသဒိသံကတွာ၊ သက္ကတဝိသဒိသတော" မာဂဓပါဠိအက္ခရာပါဠိစာပေနှင့် သက္ကတစာပေ အက္ခရာမတူ ကြောင်း ပါဠိမာဂဓနှင့် သက္ကတမည်သို့မှ မပတ်သက်ကြောင်း၊ သက်ဆိုင်မှုမရှိကြောင်းကို ပြဆိုထားလေသည်။

သို့ဖြစ်၍ ပါဠိမာဂဓစာပေမှာ သက္ကတမှ ဆင်းသက်လာသော အက္ခရာစာပေဟု နိုင်ငံခြားသားများ မှတ်တမ်းကိုသာ အဓိကထားတင်ပြ နေမှုကို သတိပြုရန် လိုအပ်နေလေပြီ၊ ယခုခေတ်မှာပင် ပါဠိမာဂဓကို နောက်တန်းပို့၍ သက္ကတကို ရှေ့တန်းတင်လိုမှုများကို ရပ်တန့်ရန် သင့်ကြပေပြီ။

## လွှမ်းမိုးမှု

သာသနာနှစ်လေးရာစု (ခရစ်မပေါ်မီ) သုင်ခေတ်တွင် မဟာယာန ဗုဒ္ဓဘာသာရဟန်းတော်များသည် အုပ်ချုပ်သူတို့၏ အကြိုက်ကိုလိုက်၍ ပါဠိတော်မာဂဓကို သက္ကတဘာသာသို့ ပြောင်းလဲလိုက်ကြတော့သည်။

သက္ကတဘာသာသည် မြောက်ပိုင်းသာသနာကိုသာ လွှမ်းမိုးသည် မဟုတ်သေး၊ တောင်ပိုင်းသာသနာတော်၌လည်း နောက်ပိုင်းကျသော ဋီကာများ၊ အလင်္ကာများအပြင်၊ ပါဠိဘာသာဖြင့် ပြုစုသည့် သီဟိုဠ်သမိုင်း ကျမ်းများဖြစ်သော ဒီပဝံသကျမ်း (အေဒီ ၄ ရာစု) နှင့် မဟာဝံသကျမ်း (အေဒီ ၅ ရာစု)တို့တွင် သက္ကတအသုံးအနှုန်းများ ရောနှောပါဝင်နေကြောင်း သိရသည်။

ထိုမှစ၍ ထေရဝါဒရဟန်းအချို့သည် သက္ကတဘာသာတတ်ကျွမ်းခြင်းကို ဂုဏ်ထူးတစ်ခုဟု ယူဆကာ သက္ကတပုဒ်များ၊ သက္ကတအသုံးအနှုံး များကို ပါဠိမာဂဓထဲတွင် ထည့်သွင်း၍ အသုံးပြုလာခဲ့ကြကြောင်း မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)၏ သာသနာ ၂၅၀၀-ခရီးတွင် တွေ့ရှိရသည်။

## မဟာယာန၊ ဟီနယာန၊ ထေရဝါဒ

မဟာယာန(ဘုရားလောင်းလမ်းစဉ်)နှင့် ဟီနယာန(သာဝကလမ်းစဉ်)တို့ သူမှန်ကိုယ်မှန်စသည်ဖြင့် မဟာသံဃိကဂိုဏ်း၊ အန္ဓဂိုဏ်း၊ စေတီယဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိဂိုဏ်း၊ ယောဂါစာရဂိုဏ်း၊ မဇ္ဈိမိကဂိုဏ်းတို့ အပြိုင်အဆိုင်ငြင်းခုံမှု ဖြစ်ကြသည်။

ထိုနောက် မဟာယာနဝါဒသစ်၊ အယူအဆသစ်ကို လက်မခံသော သဗ္ဗတ္ထိဝါဒဂိုဏ်းသားများ၊ သုတ္တန္တိကဂိုဏ်းသားများနှင့် ဝိညာဏဝါဒဂိုဏ်း သားအချို့တို့ကို ဟီနယာနဟု အမည်ပေးလေတော့သည်။

မဟာယာနနှင့် ဟီနယာနဂိုဏ်းကွဲချိန်တွင် ထေရဝါဒမှာ အိန္ဒိယပြည် ၌ မရှိတော့ပေ။ ထို့ကြောင့် မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)၏ သာသနာ ၂၅၀၀-ခရီးတွင် "ဤအကြောင်းကို သေချာစွာမသိသော ပုဂ္ဂိုလ်များမှ ထေရဝါဒကို ဟီနယာနဟု လွဲမှားစွာခေါ်နေကြကြောင်း၊ နိုင်ငံခြားသားတို့ ၏ ပြောစကားနားယောင်၍ မိမိတို့ထေရဝါဒကို ဟီနယာနဟု ခေါ်နေကြ သည်မှာ ဝမ်းနည်းဖွယ်ကောင်းလှကြောင်း ပြတ်ပြတ်သားသား ဝေဖန်ရေး သားခဲ့လေသည်။

## သီဟိုဠ်သင်္ဂါယနာ

သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိအဘယမင်း(ဘီစီ-၁၀၁-၇၇)လက်ထက် စတုတ္ထသင်္ဂါယနာ တင်ခဲ့သည်။ မဟာရက္ခိတမထေရ် ဦးဆောင်၍ မတလေ ဒေသရှိအာလောကဂူတွင် ရဟန်းတော်ငါးရာပါဝင်ပြီး ပေထက်အက္ခရာ တင်ခဲ့သည်။ ဤပေထက်အက္ခရာမှာ သီဟိုဠ်ဘာသာဖြင့်သာ တင်ခဲ့ကြောင်း ဓမ္မပဒအဋ္ဌကထာနိဒါကထာတွင် "ယာတမပဏ်ဒီပမှိ၊ ဒီပဘာသာယပဏ္ဍိတာ" ဟူ၍ သီဟိုဠ်ဘာသာဖြင့်သာ တင်ကြောင်း ပြဆိုပြီး သီဟိုဠ်ဘာသာ ဖြင့်သာရှိသော ပိဋကတ်တော်များကို ကျမ်းပြုဆရာများမှ ပါဠိမာဂဓဘာ သာဖြင့် ပြန်လည်ပြုစုကြကြောင်း ဖော်ပြပါရှိလေသည်။

ယင်းအကြောင်းကို မသိသောအချို့ဆရာများမှ ပါဠိအက္ခရာဖြင့် သင်္ဂါ ယနာတင်ကြောင်း၊ ပါဠိဘာသာမှာ သီဟိုဠ်စတုတ္ထသင်္ဂါယနာမှစကြောင်း ရေးသားမှုများတွေ့ရှိရသေးရာ သက္ကတကို ရှေ့တန်းတင်လိုသည့်အတွက် ပါဠိမာဂဓဘာသာ၏ဂိုဏ်းမှာ သေးသိမ်သွားရပြန်သည်။

# အခန်း(၃)

## ဓညဝတီခေတ်စာပေ

တိုင်းရင်းသားရခိုင်စာပေ၏ မူရင်းဇစ်မြစ်မှာ အိန္ဒိယပြည်၌ပေါ်ထွန်းခဲ့သော ဗြဟ္မီ၊ ကုသျှံ၊ ဂုပတစသော အက္ခရာများပင် ဖြစ်သည်။ ဂင်္ဂါမြစ် ဝှမ်းဒေသ၌ပေါ်ပေါက်ခဲ့သောအက္ခရာကို အက္ခရာသမိုင်းသုတေသီများမှ ဗြဟ္မီ အက္ခရာဟုခေါ်ဆိုကြပြီး၊ ပေါ်ပေါက်ခဲ့သောခေတ်ကာလကို ခရစ်မပေါ်မီ (၈)ရာစုနှင့် (၆)ရာစုအတွင်းဟု ခန့်မှန်းကြသည်။

ဂင်္ဂါမြစ်ဝှမ်းဒေသ၌ပေါ်ပေါက်ခဲ့သော မြောက်ပိုင်းဗြဟ္မီအက္ခရာသည် အိန္ဒိယပြည်နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ရခိုင်ပြည်သို့ ဘီစီ(၆)ရာစု ဒုတိယနှစ်ဝက်ပိုင်း၌ ရောက်လာကြောင်း တွေ့ရသည်။

ဓညဝတီခေတ်သူရိယမင်းဆက်တွင် မဂဓ(ခေါ်) ဗြဟ္မီအက္ခရာကို သုံးစွဲခဲ့ကြသည်။ ထိုမာဂဓ (ခေါ်) ဗြဟ္မီ အက္ခရာနှင့် ရေးထိုးထားသော ကျောက်စာကို ဓညဝတီမြို့တော်ဟောင်းနေရာ တောင်ပေါက်ကြီးမှ တူး ဖော်ရရှိသည်။ တောင်ပေါက်ကြီးကျောက်စာဟု ခေါ်တွင်၏။ ကျောက်စာ မှာ စာကြောင်းရေ (၂၅)ကြောင်းပါရှိ၍ မြောက်ပိုင်းဗြဟ္မီ (မာဂဓ)အက္ခရာ ဖြင့် ရေးထိုးထားသော ပါဠိဘာသာကျောက်စာ ဖြစ်သည်။

## တောင်ပေါက်ကြီးကျောက်စာ

၎င်းကျောက်စာကို ကျောက်စာဝန်ဟောင်း သုတေသီဦးစံရွှေဗုသည် ခရစ်သက္ကရာဇ် ၁၉၃၂-ခုနှစ်တွင် တူးဖော်ရရှိ သည်။ ရခိုင်ပြည်သို့ မြတ်စွာဘုရားကြွတော်မူကြောင်း ရေးထိုးထား၏။ ယင်းကျောက်စာမှာ ရခိုင်ပြည် ၌ ရှေးအကျဆုံး သော ကျောက်စာဖြစ်ပေသည်။

ထို့အပြင် မြောက်ဦးမြို့၏မြောက်ဘက် ပန်းသုံးချောင်းချောင်းဖျားရှိ တောင်ကုန်းမှရရှိသည့် ကျောက်ဆင်းတု ရုပ်ပွားတော်၏ တံကဲအောက်ခြေ ၌ မြောက်ပိုင်းဗြဟ္မီအက္ခရာဖြင့်ပင် "သစ္စက ပုဂိဗ္ဗာ ကဇိန"ဟူ၍ ပါဠိ ဘာသာဖြင့်ပင် ရေးထိုးထားလေသည်။

သို့ဖြစ်၍ ရခိုင်ပြည်၌ ဓညဝတီခေတ်မှာပင် စာပေထွန်းကားနေပြီ ဖြစ်ကြောင်း သိသာထင်ရှားလှပါတော့သည်။

(ပထမဓညဝတီမြို့တည် မာရယုမင်းဆက်ဇယား)

| ဦးရေ | အမည် | နန်းတက် | နန်းတက် | နန်းစံ | နှစ်ပေါင်း | | မိဖုရား |
|---|---|---|---|---|---|---|---|
| | | ရခိုင် | ခရစ် | | အသက် | နှစ်ပေါင်း | |
| ၁။ | မာရယုမင်း | ၅၉၉၅ | ၃၃၂၅ | ၆၂ | ၈၀ | ၆၂ | ရစ်မာလာ |
| ၂။ | သားမာရဇေတု | ၆၀၅၇ | ၃၂၃၆ | ၃၂ | ၆၈ | ၉၄ | လုမိဇေ |
| ၃။ | မာရအုံ | ၆၀၈၉ | ၃၂၃၁ | ၅၃ | ၇၃ | ၁၄၇ | ဂေါယာဇေ |
| ၄။ | မာရရွှယ် | ၆၁၄၂ | ၃၁၇၈ | ၄၈ | ၇၈ | ၁၉၅ | ကုလမ္ပိ |
| ၅။ | မာတင် | ၆၁၉၀ | ၃၁၃၀ | ၅၅ | ၈၀ | ၂၅၀ | သိလဘိ |
| ၆။ | မာရဇိန် | ၆၂၄၅ | ၃၀၇၅ | ၃၃ | ၆၄ | ၂၈၃ | ကုမ္ဘာကိ |
| ၇။ | မာရကင် | ၆၂၇၈ | ၃၀၄၂ | ၂၂ | ၅၆ | ၃၀၅ | သဝမ္ပိ |
| ၈။ | မျိုးဆက်ငုံ/ဆတ်အို | ၆၃၀၀ | ၃၀၂၀ | ၂၁ | ၈၇ | ၃၂၆ | သဝမ္ပိ |
| ၉။ | မာရတင်သား ဒေါလစန္ဒဂါး | ၆၃၂၁ | ၂၉၉၉ | ၄၀ | ၆၀ | ၃၆၆ | ဝေဠုတာပိ |
| ၁၀။ | သားသောလစန္ဒရား | ၆၃၆၁ | ၂၉၅၉ | ၃၃ | ၅၆ | ၃၉၉ | ခသျှိပိ |
| ၁၁။ | သူရိယစန္ဒရား | ၆၃၉၄ | ၂၉၂၆ | ၃၇ | ၇၇ | ၄၃၆ | မမ္ဗဒေဝီ |
| ၁၂။ | ကာလစန္ဒရား | ၆၄၃၀ | ၂၈၈၉ | ၄၀ | ၆၀ | ၄၇၆ | သူရယာမိ |
| ၁၃။ | တဥ္စန္ဒရား | ၆၄၇၁ | ၂၈၄၉ | ၃၁ | ၅၀ | ၅၀၇ | ဓမဒိန္နာ |
| ၁၄။ | မဓုစန္ဒရား | ၆၅၀၂ | ၂၈၁၈ | ၂၁ | ၄၈ | ၅၂၈ | သန္တာပိ |

| ဦးရေ | အမည် | နန်းတက် | နန်းတက် | နန်းစံ | နှစ်ပေါင်း | | မိဖုရား |
|---|---|---|---|---|---|---|---|
| | | ရခိုင် | ခရစ် | | အသက် | နှစ်ပေါင်း | |
| ၁၅။ | ဇေယျစန္ဒရား | ၆၅၂၃ | ၂၇၉၇ | ၄၀ | ၆၃ | ၅၆၈ | သုဘာရူပီ |
| ၁၆။ | မောက္ခစန္ဒရား | ၆၅၆၃ | ၂၇၅၇ | ၂၆ | ၅၈ | ၅၉၄ | သုလာပီ |
| ၁၇။ | ဂုဏစန္ဒရား | ၆၅၈၉ | ၂၇၃၁ | ၁၂ | ၄၈ | ၆၀၆ | သုရာဘ |
| ၁၈။ | မျိုးခြားအမတ်၃ဦး | ၆၆၀၁ | ၂၇၁၉ | ၁၁လ၃ရက် | ၇၈ | ၆၀၇ | မရှိ၊ ၃ရက်၃လစလ |
| ၁၉။ | ဂုဏစန္ဒရားသား ကံရာဇာကြီး | ၆၆၀၂ | ၂၇၁၈ | ၄၁ | ၆၈ | ၆၄၈ | စောမာလာ |
| ၂၀။ | သားကံရာဇာငယ် | ၆၆၄၃ | ၂၆၇၇ | ၃၆ | ၅၆ | ၆၈၄ | စောပန်းကု |
| ၂၁။ | ကုန္ဒသူရိယ | ၆၆၇၉ | ၂၆၄၁ | ၃၅ | ၅၇ | ၇၁၉ | စောနန္ဒီ |
| ၂၂။ | အသူရိန္ဒသူရိယ | ၆၇၁၄ | ၂၆၀၆ | ၃၀ | ၆၂ | ၇၄၉ | စောကြွယ် |
| ၂၃။ | သူရမိန္တ | ၆၇၄၄ | ၂၅၇၆ | ၂၈ | ၅၂ | ၇၇၇ | စောပန်းနု |
| ၂၄။ | သူရိယ | ၆၇၇၂ | ၂၅၄၈ | ၃၁ | ၆၀ | ၈၀၈ | စောပန်းဝေ |
| ၂၅။ | မင်းထီး | ၆၈၀၃ | ၂၅၁၇ | ၂၂ | ၄၃ | ၈၃၀ | မင်းသီဒါ |
| ၂၆။ | မင်းပါ | ၆၈၂၅ | ၂၄၉၅ | ၂၂ | ၄၇ | ၈၅၂ | ရှင်ဝန်းဖြူ |
| ၂၇။ | စည်ပေါင်သူ | ၆၈၄၇ | ၂၄၇၃ | ၂၀ | ၅၄ | ၈၈၀ | ဆီမဆန်း |
| ၂၈။ | ညီတံတိုင်းသင် | ၆၈၇၅ | ၂၄၄၅ | ၃၁ | ၅၀ | ၉၁၁ | ငွေဒါးအိမ် |
| ၂၉။ | သားကျော်ခေါင်စည် | ၆၉၀၆ | ၂၄၁၄ | ၅၃ | ၇၅ | ၉၆၄ | ရှင်လှကျော် |

| ဦးရေ | အမည် | နန်းတက် | နန်းတက် | နန်းစံ | နှစ်ပေါင်း | | မိဖုရား |
|---|---|---|---|---|---|---|---|
| | | ရခိုင် | ခရစ် | | အသက် | နှစ်ပေါင်း | |
| ၃၀။ | သူရိယစန္ဒာမိတ် | ၆၉၅၉ | ၂၃၆၁ | ၂၁ | ၅၅ | ၉၈၅ | ဂျစ်ရောင် |
| ၃၁။ | အနန္တဘာယ | ၆၉၈၀ | ၂၃၄၀ | ၃၀ | ၇၀ | ၁၀၁၅ | ကလျာဝင်း |
| ၃၂။ | လက်ျာစည်သူ | ၇၀၁၀ | ၂၃၁၈ | ၃၀ | ၆၀ | ၁၀၄၅ | ဆင်းလှစံ |
| ၃၃။ | သီဟကုစဆ | ၇၀၄၀ | ၂၂၈၀ | ၄၃ | ၆၅ | ၁၀၈၈ | စောညက်ထွား |
| ၃၄။ | မင်းဘုန်းသန် | ၇၁၈၃ | ၂၂၃၇ | ၃၀ | ၅၉ | ၁၁၁၉ | ဆင်းမြစ် |
| ၃၅။ | သတ္တမွေး | ၇၁၁၄ | ၂၂၀၆ | ၄၉ | ၆၈ | ၁၁၆၈ | စလပ်ပန်း |
| ၃၆။ | ဇေယျနန္ဒသူ | ၇၁၆၃ | ၂၁၅၇ | ၅၂ | ၇၃ | ၁၂၂၀ | မြပန်းကုံး |
| ၃၇။ | တက္ကသူ | ၇၂၁၅ | ၂၁၀၅ | ၄၆ | ၇၂ | ၁၂၆၆ | ဆင်းလှရွှေ |
| ၃၈။ | လက္ခဏ | ၇၂၆၁ | ၂၀၅၉ | ၃၇ | ၅၇ | ၁၃၀၃ | တဏှာဒေဝီ |
| ၃၉။ | ဂုဏရာဇ် | ၇၂၉၈ | ၂၀၂၂ | ၄၂ | ၈၃ | ၁၃၄၅ | စောမာလာ |
| ၄၀။ | သီဝရာဇ် | ၇၃၄၀ | ၁၉၈၀ | ၄၁ | ၇၃ | ၁၃၈၆ | ပွင့်ဝတ်ရွှေ |
| ၄၁။ | မင်းလှမွေး | ၇၃၈၁ | ၁၉၃၉ | ၂၁ | ၅၄ | ၁၄၀၇ | စောနတ်လာ |
| ၄၂။ | သူရိန္ဒ | ၇၄၀၂ | ၁၉၁၈ | ၆၀ | ၈၂ | ၁၄၆၇ | စောရွှေချပ် |
| ၄၃။ | မင်းသိဒ္ဓတ် | ၇၄၆၂ | ၁၈၅၈ | ၂၂ | ၆၂ | ၁၄၈၉ | လက္ခဏဒေဝီ |
| ၄၄။ | မင်းလှကြီး | ၇၄၈၄ | ၁၀၃၆ | ၄၇ | ၇၆ | ၁၅၃၆ | စောပန်းဖြူ |
| ၄၅။ | ထွေးလုပ်ကြီး | ၇၅၃၁ | ၁၇၈၉ | ၂၄ | ၄၄ | ၁၅၆၀ | ရွှေစင်ဦး |
| ၄၆။ | င/စရာဇ်(စေရာဇ်) | ၇၅၅၅ | ၁၇၆၅ | ၃၈ | ၆၉ | ၁၅၉၈ | စောလှမယ် |
| ၄၇ | မျက်နှာဝန်း | ၇၅၉၃ | ၁၇၅၇ | ၂၄ | ၆၀ | ၁၆၂၂ | စောဘုန်းထူး |
| ၄၈။ | လက်ရုံးကြီး | ၇၆၁၇ | ၁၇၀၃ | ၂၇ | ၅၇ | ၁၆၄၉ | ရှင်လှဖြူ |
| ၄၉။ | နန္ဒကောဘယ | ၇၆၇၄ | ၁၆၄၆ | ၂၇ | ၆၆ | ၁၇၀၆ | စောမင်းဖြူ |
| ၅၀။ | မင်းနံ့ဖြူ | ၇၇၀၁ | ၁၆၁၉ | ၂၀ | ၄၄ | ၁၇၂၆ | စောလှခေါင် |
| ၅၁။ | မင်းနံ့လှ | ၇၇၂၁ | ၁၅၉၉ | ၂၀ | ၅၈ | ၁၇၅၄ | စောပုညို |
| ၅၂။ | မင်းခေါင်ငယ် | ၇၇၄၉ | ၁၅၇၁ | ၂၀ | ၅၀ | ၁၇၇၄ | ပတ္တမြားသွေး |
| ၅၃။ | လောက်ခေါင်ရာ | ၇၇၆၉ | ၁၅၅၀ | ၁၅ | ၄၄ | ၁၇၈၉ | စောဘုန်းထွက် |
| ၅၄။ | မင်းသီဟ | ၇၇၈၄ | ၁၅၃၆ | ၂၁ | ၄၉ | ၁၈၁၀ | စောခေါင် |
| ၅၅။ | မင်ငယ်ပျော် | ၇၈၀၅ | ၁၅၁၅ | ၇ | ၂၈ | ၁၈၁၇ | စောစစ် |
| | လှစည်သူ | | | | | | |
| ၅၆။ | မျိုးခြားအမတ်၃ ဦး | ၇၈၁၂ | ၁၅၀၈ | ၁နှစ် ၄လ | | ၁၈၁၈ | မသိ |

| ဦးရေ | အမည် | နန်းတက် ရခိုင် | နန်းတက် ခရစ် | နန်းစံ | နှစ်ပေါင်း အသက် | နှစ်ပေါင်း | မိဖုရား |
|---|---|---|---|---|---|---|---|
| ၁။ | ကံရာဇာကြီး | ၇၈၁၃ | ၁၅၀၇ | ၃၇ | ၇၃ | ၃၇ | သုနန္ဒ |
| ၂။ | သားသီလရာဇာ | ၇၈၅၀ | ၁၄၇၀ | ၄၁ | ၆၄ | ၇၈ | သုဝဏ္ဏ |
| ၃။ | ဝါသုရ | ၇၈၉၁ | ၁၄၂၉ | ၃၁ | ၅၁ | ၁၀၉ | နန္ဒာပီ |
| ၄။ | နန္ဒသူရိယ | ၇၉၂၂ | ၁၃၉၈ | ၄၀ | ၆၂ | ၁၄၉ | ဂန္ဓာပီ |
| ၅။ | သူရိယနန္ဒာ | ၇၉၆၂ | ၁၃၅၈ | ၃၂ | ၆၂ | ၁၈၁ | -နာပီ |
| ၆။ | သူရနန္ဒာ | ၇၉၉၄ | ၁၃၂၆ | ၂၃ | ၆၃ | ၂၀၄ | သူပတာ |
| ၇။ | စန္ဒာမာရ | ၈၀၁၇ | ၁၃၀၃ | ၃၂ | ၆၂ | ၂၃၆ | နန္ဒာရာသီ |
| ၈။ | သီရိစန္ဒာ | ၈၀၄၉ | ၁၂၇၁ | ၄၀ | ၇၅ | ၂၇၆ | နန္ဒာပီ |
| ၉။ | သီဟရာဇာ | ၈၀၈၉ | ၁၂၃၁ | ၄၆ | ၇၃ | ၃၂၂ | ဝါသုတပီ |
| ၁၀။ | သီဟတနု | ၈၁၃၅ | ၁၁၈၅ | ၂၀ | ၃၈ | ၃၄၂ | ဂမ္ဘာပီ |
| ၁၁။ | ပယာက | ၈၁၅၅ | ၁၁၆၅ | ၃၁ | ၅၁ | ၃၇၃ | ရေဟာနန္ဒီ |
| ၁၂။ | နိရဂုဏ် | ၈၁၈၆ | ၁၁၃၄ | ၄၁ | ၅၉ | ၄၁၄ | စောမနာ |
| ၁၃။ | ရောဟဂုဏ် | ၈၂၂၇ | ၁၀၉၃ | ၃၀ | ၆၈ | ၄၄၄ | စောမနာ |
| ၁၄။ | သီရိဂုဏ် | ၈၂၅၇ | ၁၀၆၃ | ၂၄ | ၄၄ | ၄၆၈ | သမာပီ |
| ၁၅။ | မင်းတူသမိရာဇာ | ၈၂၈၁ | ၁၀၃၉ | ၃၅ | ၅၀ | ၅၀၃ | စန္ဒာပီ |
| ၁၆။ | သားသုဝဏ္ဏကုမ္မာ | ၈၃၁၆ | ၁၀၀၄ | ၂၈ | ၅၃ | ၅၂၃ | ဂါသဝါ |

(ဒုတိယဓညဝတီမြို့တည် မာရယုမင်းဆက်ဇယား)

| ဦးရေ | အမည် | နန်းတက် ရခိုင် | နန်းတက် ခရစ် | နန်းစံ | နှစ်ပေါင်း အသက် | နှစ်ပေါင်း | မိဖုရား |
|---|---|---|---|---|---|---|---|
| ၁၇။ | သက်တင်ဖြူ | ၈၃၃၆ | ၉၈၄ | ၄၀ | ၆၈ | ၅၆၃ | သီရိကုမ္မာရီ |
| ၁၈။ | သက်တင်ဦး | ၈၃၇၆ | ၉၄၄ | ၄၂ | ၆၃ | ၆၀၅ | မာလာရီ |
| ၁၉။ | ဇေဝဝန် | ၈၄၁၈ | ၉၀၂ | ၃၆ | ၇၆ | ၆၄၁ | လဟာရီ |
| ၂၀။ | မုစ္ဆိယ | ၈၄၅၄ | ၈၆၆ | ၂၇ | ၆၁ | ၆၆၈ | သီတာရီ |
| ၂၁။ | ကုမ္ဘာရဝိသုတ | ၈၄၈၁ | ၈၃၉ | ၇၇ | ၁၀၂ | ၇၄၅ | ရွှေစင်းကြန် |
| ၂၂။ | ဝါသုကဏ္ဍလ | ၈၅၅၈ | ၇၆၂ | ၃၄ | ၇၆ | ၇၇၉ | မဥ္ဇူနာရီ |
| ၂၃။ | ပူရိန္ဒ | ၈၅၉၂ | ၇၂၈ | ၃၁ | ၅၉ | ၈၁၀ | ဂဂ်ါယဉ် |
| ၂၄။ | ညီရာလမာယု | ၈၆၂၃ | ၆၉၇ | ၂၂ | ၅၄ | ၈၃၂ | ငှင်းဂဂ်ါယဉ် |
| ၂၅။ | သားနာလမာယု | ၂ | ၆၇၅ | ၃၁ | ၅၇ | ၈၆၃ | သဝမ္ပိ |
| ၂၆။ | ရတကုန် | ၃၃ | ၆၄ | ၂၂ | ၅၀ | ၈၈၅ | သမမိ |
| ၂၇။ | ဗိသုရာဇာ | ၅၅ | ၆၂၂ | ၁၂ | ၃၉ | ၈၉၇ | တာနာသူ |
| ၂၈။ | သီရိရာဇာ | ၆၇ | ၆၁၀ | ၃၀ | ၅၂ | ၉၂၇ | ကုမ္မာရီ |

# ဝေသာလီခေတ်စာပေ

ရှေးဟောင်းရခိုင်စာပေများတွင် "ဝေသာလီ" ဟု တွေ့ရသည်။ ဝေ=အထူး၊ သာလီ=ကောက်စပါး၊ ဝေသာလိဆိုသည်မှာ အထူးထူးသော ကောက်စပါးများ ပေါကြွယ်ဝရာနေရာဟု အဓိပ္ပါယ်ရရှိသည်။ ယခုအချိန်အခါမှာပင် ကောက်စပါးများ စိုက်ပျိုးရာလွင်ပြင်၊ လယ်ကွင်းများ တစ်မျှော် တစ်ခေါ် တွေ့မြင်နိုင်သည်။

ဝေသာလီသည် ဝတီ(၇)ရပ်တွင် ပါဝင်သည်။

| | | | |
|---|---|---|---|
| ၁။ | သံတွဲနယ်မြေ | - | ဒွါရာဝတီ |
| ၂။ | မာန်အောင်ကျွန်းတစ်ဝိုက် | - | မေဃာဝတီ |
| ၃။ | ရမ်းပြည့်ကျွန်းတစ်ဝိုက် | - | ရမ္မာဝတီ |
| ၄။ | လေးမြို့မြစ်တစ်လျှောက် | - | ဇေယျဝတီ |
| ၅။ | မယူကမ်းတစ်လျှောက် | - | မောရဝတီ |
| ၆။ | ဝေသာလီနှင့် သရီချောင်း ရမ်းချောင်းတစ်လျှောက် | - | သလ္လာဝတီ |
| ၇။ | မဟာမုနိကုန်းတော်မှသည် ကျောက်တော်တစ်လျှောက် | - | ဓညဝတီ |

ဟူ၍ သတ်မှတ်ခဲ့သည်။ ယင်းသို့ သတ်မှတ်ထားသော်လည်း မြို့တော်တစ်ခုမှနေ၍ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခြင်းသာဖြစ်ရာ အုပ်ချုပ်သော အရှင်ဘုရင်သည် ရခိုင်ပြည်တစ်ခုလုံးကို ပိုင်ဆိုင်သည်။

ရခိုင်ပြည်ကို အုပ်ချုပ်မှုအရ တိုင်းကြီး (၁၂)တိုင်း၊ ဝတီခုနှစ်ရပ်ဖြင့် ဒေသသတ်မှတ်၍ စီမံခန့်ခွဲအုပ်ချုပ်၏။ ထို့အပြင် ကျွန်းကြီးများ၊ တောင်စဉ် ခုနစ်ခရိုင်တောင်ခွင်ဒေသတို့ကိုစား ကျေးနယ်မြေသီးသန့်ပေး၍ အုပ်ချုပ်စေသော်လည်း ယင်းဒေသအားလုံးသည် ဗဟိုဦးစီးစနစ်၏ အုပ်ချုပ်မှုအောက်၌သာ တည်ရှိသည်။

ကျွန်းကြီးများ၊ တောင်စဉ်ခုနစ်ခရိုင်၊ တောင်ခွင်ဒေသတို့ကို စားကြေးနယ်မြေသီးသန့်ပေး၍ မြို့စားနယ်စားဘုရင်ငယ်များအဖြစ် ရာထူးများပေး ကာ ကိုယ်ပိုင်လွတ်လပ်စွာ စီမံအုပ်ချုပ်ခွင့်ရရှိသော်လည်း သေဒဏ်အမိန့် ကို ပေးခွင့်မရှိချေ။

ရခိုင်ဝေသာလီမြို့တော်ကို ပါမောက္ခဂျွန်စတင်က အေဒီ(၃၂၀)မှာ စတင်တည်ထောင်ကြောင်း ခန့်မှန်းပြီး အိန္ဒိယကျောက်စာဝန် ဆာရ်ကာမှ အေဒီ (၃၅၀)မှာ တည်ထောင်ကြောင်း ခန့်မှန်းကြသည်။

ဒွေစန္ဒြမင်းကြီးသည် မြို့ရိုး၊ တံတိုင်း၊ ကျုံးစသည်တို့ဖြင့် မွမ်းမံဆင်ယင်လျက် ဝေသာလီမြို့တော်ကို တည်ခဲ့သည်။ ဤမြို့တော်မှာ နတ်ပြည်ကဲ့သို့ လှပတင့်တယ်ခန့်ညားထယ်ဝါလှကြောင်း အာနန္ဒစန္ဒြားကျောက်စာအရ သိရသည်။ ဝေသာလီမြို့တော်ှာ ဓညဝတီမြို့ကတော်ဟောင်းမှ တောင်ဘက်ခုနစ်မိုင်အကွာ မြောက်ဦးမြို့၏မြောက်ဘက် ငါးမိုင်ခန့် အကွာတွင် တည်ရှိသည်။

မြို့တော်၏ အနောက်ဘက်တွင် ရန်းချောင်းရှိ၍ အရှေ့ဘက်တွင် သင်းကျစ်တော်တောင်စေတီ ရှိသည်။ ဓာတ်ပုံများနှင့် မျက်မြင်တွေ့ရှိချက် အရ မြို့ရိုးတံတိုင်းကို ကောင်းစွာတွေ့မြင်နိုင်သည်။ မြို့ရိုးတံတိုင်းမှာ အလျား ပေ( ၁၀၀၀၀)၊ အနံပေ (၆၅၀၀)ခန့် ရှိကြောင်း၊ တောင်မြောက်အလျား ၁ မိုင် ၂ဖာလုံနှင့် မြို့ကွက်ဧရိယာမှာ စတုရန်းမိုင် ၂ဒသမ ၇မိုင်ခန့် ကျယ်ဝန်းကာ မြို့ရိုးပုံသဏ္ဌာန်သည် လေးထောင့်ဆန်သော မဝိုင်းတဝိုင်း ပုံသဏ္ဌာန်ရှိကြောင်း သိရသည်။

အရှေ့ဘက်တောင်ခြေရှိ မြို့ရိုးတံတိုင်းမှာ ဖြောင့်တန်းပြီး ယနေ့တိုင် လေးပေမှ ဆယ်ပေအထိ မြင့်သေးသည်။ ယင်းတံတိုင်းနှင့် တောင်တန်း အကြားတွင် ပေနှစ်ရာခန့်ကျယ်ဝန်းသော ကျုံးမှာ ယခုတိုင် တိမ်ကောခြင်း မရှိသေးပေ။

အာနန္ဒစန္ဒြကျောက်စာအရ ဝေသာလီမြို့တော်ကို ဒွေစန္ဒြားအနွယ် တော် (၁၃)ဆက်၊ နှစ်ပေါင်း (၂၃၀)၊ မဟာဝီရမင်းနှင့်အနွယ်တော် (၉)ဆက်၊ နှစ်ပေါင်း (၁၂၉)ဆက်စသည်ဖြင့် စိုးစံခဲ့ကြောင်း တွေ့ရသည်။

## ခေတ်နှစ်ခေတ်

ဝေသာလီခေတ်ကို အေဒီ(၄)ရာစုအစပိုင်းမှ အေဒီ(၇)ရာစုကုန်သည် အထိ ပထမဝေသာလီ၊ အေဒီရှစ်ရာစုမှ ကိုးရာစုပထမပိုင်းအထိ ဒုတိယ ဝေသာလီဟု ရာစုနှစ်ခွဲခြား၍ ခေတ်နှစ်ခေတ်(သို့မဟုတ်) ပထမပိုင်း၊ ဒုတိယပိုင်းဟူ၍ သတ်မှတ်ကြသည်။ အာနန္ဒစန္ဒြမင်းမှ စူဠစန္ဒြမင်းအထိ အေဒီရှစ်ရာစုမှ ကိုးရာစု ပထမပိုင်း၊ ဒုတိယဝေသာလီခေတ်မင်းများဟု ခွဲခြားကာ လေ့လာရမည်။ ယခုတင်ပြမည့် ယေဓမ္မာဂါထာတော်များမှ အေဒီလေးရာစုမှ ခုနစ်ရာစုကျောက်စာ၊ အုပ်ချပ်စာများ ဖြစ်ပေသည်။

ရှစ်ရာစု အာနန္ဒစန္ဒြားကျောက်စာ၊ အခြားသော ရှစ်ရာစု ကိုးရာစု ကျောက်စာများနှင့် တစ်ကန့်စီ ခွဲခြား၍ လေ့လာသင့်ပေသည်။

# ရခိုင်ပြည်သုံးစာပေ

ရခိုင်ပြည်ရှိ ရှေးဟောင်းစာပေတို့ကို သုတေသနပြုရှာမှီးလိုက်သော် ဓညဝတီခေတ်တွင် မာဂဓစာပေ၊ ဝေသာလီပထမခေတ်တွင် ဂုပ္ပတစာပေ၊ နောက်ပိုင်းဝေသာလီခေတ်တွင် သက္ကတစာပေ၊ ယင်းမှတစ်ဆင့် ရက္ခဝဏ္ဏ အက္ခရာစာပေတို့ကို တွေ့ရပေသည်ဟု ဆရာကြီးဦးဦးသာထွန်းမှ ရက္ခိုင် ဝေသာလီမြို့ဟောင်းမှ ဂုပ္ပတစာဆောင်းပါးတွင် ဖော်ပြခဲ့သည်။

သေသေချာချာ လေ့လာဆန်းစစ်သော် မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း တင်ပြသည့်အတိုင်း တွေ့ရသည်။ ဝေသာလီပထမနှင့် ဝေသာလီဒုတိယကို ရောထွေးကာ မလေ့လာဘဲ၊ သီးသန့်ခွဲခြား၍ လေ့လာလျှင် ဝေသာလီပထမ ခေတ်တွင် ဂုပ္ပတစာပေနှင့် ပထမခေတ်နှောင်းပိုင်းတွင် ဂုပ္ပတအက္ခရာဖြင့် ရေးထိုးသော ပါဠိစာပေ၌ သက္ကတအနည်းငယ် ရောပါလာပုံ၊ ဝေသာလီ ဒုတိယခေတ်တွင် သက္ကတကိုသာ သုံးစွဲလာပုံ၊ ယင်းမှတစ်ဆင့် ရက္ခဝဏ္ဏ အက္ခရာသို့ ပြောင်းလဲသွားပုံကို တွေ့ရမည်သာ ဖြစ်ပေသည်။

## ဒေသသုံးဘာသာစကား

ဘာသာဗေဒပညာရှင် ဂျေလေဒန်က ရခိုင်ဘာသာစကားသည် အင်ဒို ချိုင်းနားဘာသာစကားထဲ၌ ထိပ်ဆုံးမှပါဝင်ကြောင်း အင်ဒိုချိုင်းနား ဘာသာ စကားမျိုးသုံးသော ဒေသများတွင် ပါဠိဘာသာကို ဗဟုသုတပြည့်စုံသည့် စကားအဖြစ် လက်ခံထားကြောင်း ၁၈၁၁-ခုနှစ်ထုတ် အာရှတိုက် သုတေ သနစာစောင်အတွဲ(၁၀)တွင် ဖော်ပြပါရှိကြောင်း လေ့လာမှတ်သားရ၏။

ယင်းအပြင် ပင်မလာဂတ်မင်မှ အေဒီခြောက်ရာစုဝေသာလီမင်းတစ် ပါး၏ အမိန့်မှတ်တမ်းပါ ကြေးနီပြားရှိ မင်းနှင့်မယ်တော်တို့၏အမည်များ ကို အစီအစဉ်ချပြ၏။

| မင်းအမည် | စဉ် | မယ်တော်အမည် | စာရေးသူတင်ပြမှု |
|---|---|---|---|
| ဒေဝစန္ဒြ | ၂ | ကင်(မ)တိုဒေဝီ | ကိမ်တောမဒေဝီ |
| ယင်ညစန္ဒြ | ၃ | ကင်(မ)ဒါလ်ဒေဝီ | ကိမ်ဒလဒေဝီ |
| စန္ဒြဗန္ဓု | ၄ | ဆုကညာဒေဝီ | သုကန်ယာဒေဝီ |
| ဘူမိစန္ဒြ | ၅ | ချောဒေဝီ | ကျော်ဒေဝီ |
| ဘူတိစန္ဒြ | ၆ | ကလျာဏဒေဝီ | ကလျာဏဒေဝီ |
| နိတိစန္ဒြ | ၇ | ကုမ်မာဖိုင်ဒေဝီ | (ပျက်စီး) |

ယင်းသို့အစီအစဉ်ချပြပြီး ဝေသာလီခေတ် အေဒီခြောက်ရာစုတွင် ရခိုင်ပြည်၌ အနောက်ပိုင်း တိဘက်မြန်မာ စကားပြောဆိုကြကြောင်း၊ သက္ကတအမည်များ မဟုတ်ကြောင်း၊ ဒေသသုံးတိဗက်မြန်မာစကားအသုံး အနှုံးများသာ ဖြစ်ကြောင်း ဖော်ထုတ်တင်ပြခဲ့၏။

ယင်းကြေးနီပြားတွင် ရေးထိုးထားသော မူရင်းအက္ခရာနှင့် ဆရာဦးစံသာအောင်မှ လက်ငင်းပြဆိုထားသော စာလုံးများကို သေချာစွာလေ့လာကြည့်ပါ။ ပင်ပလာဂတ်မင်တင်ပြမှုမှာ ယင်းတို့၏ အနောက်တိုင်းလေသံနှင့် အသံထွက်၍ တင်ပြထားမှုဖြစ်၏။ စာရေးသူတင်ပြမှုမှာ မူရင်းအက္ခရာကို မြန်မာပြည်သုံးအသံအတိုင်း ပီပီသသ ထွက်ပြခြင်းဖြစ်ပေ သည်။

မင်းဘူးကြေးနီပြားစာပုံ ( )တွင် နံပါတ်စဉ်ကြောင်းရေအတိုင်း စီစစ်ကြပါရန်နှင့် စာရေးသူ၏အမြင်ကို တင်ပြပါမည်။

| စဉ် | မူရင်းအက္ခရာ | ဘာသာပြန်အက္ခရာ | အသံထွက်ဖတ်ရန် |
|---|---|---|---|
| ၂။ | သျှရီကိမ္တောမဒ္ဒေဝျာ | သိရိကိမ်တောမဒေဝီ | |
| ၃။ | သျှရီကိမ္ဒလဒ္ဒေဝျာ | သိရိကိမ်ဒလဒေဝီ | |
| ၄။ | သျှရီသုကန္ယာဒေဝျာ | သိရိသုကန်ယာဒေဝီ | |
| ၅။ | သျှရီကျော်ဒေဝျာ | သိရိကျော်ဒေဝီ | |
| ၆။ | သျှရီကလျာဏဒေဝျာ | သိရိကလျာဏဒေဝီ | |

သက္ကတအသံဖြင့် သျှရီကို နာမည်တိုင်းတွင် ထည့်သုံးထား၏။ ဥပ မာ အနော်ရထာမင်းကြီး အုတ်ခွက်စာတွင် သျှရီအနုရုဒ္ဓဒေဝ (သီရိအနု ရုဒ္ဓဒေဝ)ဟု ရေးထိုးပုံမျိုးပင် ဖြစ်သည်။ သီရိကိုပယ်ဖြုတ်၍ ဖတ်ကြည့်သော် ကိမ်တောမဒေဝီ၊ ကိမ်ဒလဒေဝီ၊ သုကန်ယာဒေဝီ၊ ကျော်ဒေဝီ၊ ကလျာဏဒေဝီတို့သည် အရပ်သုံးနာမည်များ ဖြစ်ဟန်တူပေသည်။ သက္ကတနာမည် များဖြစ်ရန် နည်းပါးလှသည်။ ယခုခေတ်ကာလ သီရိကျော်၊ သီရိကိုကို ဖြင့် မှည့်ခေါ်သော အမျိုးသမီး အမည်များကို တွေ့ရှိနိုင်သည်။

ဝေသာလီကြေးနီပြားလက်ရေးနှင့် ထပ်တူထပ်မျှတူနေပြီး အိန္ဒိယ ရှေးဟောင်းသုတေသနမှ အေဒီခြောက်ရာစုဟု ခန့်မှန်းသော ဝေသာလီဒုတိ ယခေါင်းလောင်း၌ ကိမ်အာယန္နဟု တွေ့ရှိရသည်။

**မူရင်းအက္ခရာ ဘာသာပြန်အက္ခရာ အသံထွက်**

ကိမာယန္န ကိမ်အာယန္န(ကိမ်အာယန်န)

ကြေးနီပြားစာနှင့် ဝေသာလီဒုတိယခေါင်းလောင်းစာမှာ အေဒီခြောက် ရာစုဖြစ်ပြီး၊ စာအုပ်နှစ်ခုလုံးတွင် (ကိမ်)ဟု အသံထွက် တူညီနေသည်ကို တွေ့ရသည်။ ပင်မလာဂတ်မင်မှ (ကင်)ဟု အသံထွက်သော်လည်း စာလုံး အနေအထားနှင့် မြန်မာအသံထွက်မှာ (ကိမ်)ဟုသာ ထွက်၍ ရသည်။

ကင်ဟူသည် အနောက်ပိုင်း တိဗက်မြန်မာစကားအရ အိမ်ဟု အဓိပ္ပာယ်ရကြောင်း ကောက်ချက်ချကြ၏။ သို့သော် ဝေသာလီခေတ်တွင် အမျိုးသမီး၌ ကိမ်ဟု အသုံးအနှုန်းများခဲလိမ့်မည်။ ကိမ်မှ အိမ်ဖြစ်လာစရာ အကြောင်းလည်း ရှိနေ၏။ ယခုခေတ်တွင် အိမ်စိုးဖြူ မအိမ်သာ၊ မအိမ်စိုး၊ အိမ်ကျော့ဖြူ မအိမ်မြဟူ၍ ရခိုင်အမျိုးသမီးများ အမည်မှည့်ခေါ်ကြရာ ကိမ်မှဆင်းသက်ရွေ့လျောလာသော စကားအသုံးအနှုန်း ဖြစ်ဖွယ်ရာရှိ၏။

အာနန္ဒစန္ဒြကျောက်စာမှ အာရက္ခဒေသျှဟု ပါရှိရာ ယင်းမှ အာရကံ ဖြစ်လာကြောင်း သုတေသီများယူဆချက်နှင့် တိုက်ဆိုင်ကြည့်စေလိုသည်။

ကြေးနီပြားစာမှ - သုကန်ယာဒေဝီ

ခေါင်းလောင်းစာမှ - ကိမ်အာယန်န (ကိမ်အာယန္န)

ကြေးဆီမီးခွက်စာမှ - အာယနာ

တူညီမှုများရှိနေရာ ဝေသာလီခေတ် ဒေသသုံးစကားများကို သတိ ပြုရမည်သာ ဖြစ်၏။

သို့ဖြစ်၍ ဝေသာလီခေတ် စာပေယဉ်ကျေးမှုများကို သုံးသပ်လိုသော် အထက်တွင် ဖော်ပြပြီးသော

(က) ဝေသာလီပထမခေတ်၊ ဒုတိယခေတ်

(ခ ) ရခိုင်ပြည်သုံးစာပေ၊ (ခေတ်အလိုက်သုံးစွဲမှုအက္ခရာစာပေ)

(ဂ ) ဒေသသုံးဘာသာစကားအသုံးအနှုန်းများ စသည်ဖြင့် ယင်းတို့ကို သတိပြုလက်ကိုင်ထားလျက် အဖြေရှာရပေလိမ့်မည်။

## ယေဓမ္မာဂါထာသမိုင်း

ဂေါတမဘုရားရှင်လက်ထက် ဥပတိဿနှင့် ကောလိတနှစ်ဦးတို့ သည် သဥ္စယအမည်ရှိ တိတ္ထိဆရာကြီးထံ၌ တပည့်အဖြစ် နေထိုင်ကြ၏။ ဥပတိဿသည် တရားထူးလှည့်လည်ရှာဖွေရင်းဖြင့် ရာဇဂြိုဟ်မြို့တော် အတွင်း အရှင်အဿဇိမထေရ်နှင့် တွေ့ဆုံသဖြင့် များသည်ဖြစ်စေ နည်း သည်ဖြစ်စေ တရားဒေသနာ ဟောကြားပါရန် လျှောက်ထားလေသည်။

ယင်းသို့ တောင်းပန်လျှောက်ထားသဖြင့် အဿဇိမထေရ်မှ အကျဉ်းချုပ်အားဖြင့် ယေဓမ္မာဂါထာကို

ဟောကြားလေ၏။ နာကြားအပြီး၌ ဥပတိဿ သောတာပန်တည်၏။ သူငယ်ချင်းဖြစ်သော ကောလိတကို တစ်ဆင့် ဟောပြပြီး တပည့်များနှင့် ဘုရားရှင်ထံသွားရောက်၍ ရဟန်းပြုကြလေ၏။

မြတ်စွာဘုရားသာသနာ၌ ဥပတိဿမှ အရှင်သာရိပုတ္တရာမထေရ်၊ ကောလိတမှ အရှင်မောဂ္ဂလန်မထေရ်အဖြစ် သာသနာတော်၌ အလွန်ထင် ရှားသော အရှင်မြတ်ကြီးများ ဖြစ်ခဲ့ကြလေသည်။

သင်္ဂါယနာတင်၍ စီစစ်သုပ်သင်ထားသော ဝိနည်းမဟာဝါနှင့် ထေရာ အပါဒါန်၌လာရှိသည့် ယေဓမ္မာဂါထာနှင့် အနက်အဓိပ္ပာယ်ကို ဖော်ပြပါမည်။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ တေသဉ္စ ယောနိရောဓေါ၊ ဧဝံဝါဒီ မဟာသမဏော။

ယေဓမ္မ - အကြင်ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့သည်

ဟေတုပ္ပဘဝါ - အကြောင်းဖြစ်သော သမုဒယသစ္စာလျှင် အစရှိ ကုန်၏။

တေသံ - ထိုခန္ဓာငါးပါးရုပ်နာမ်တရားတို့၏

ဟေတုံ - အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း

တထာဂတော - မြတ်စွာဘုရားသည်

အာဟ - ဟောတော်မူ၏

တေသဉ္စ(ဓမ္မာနံ) - ထို ဒုက္ခ၊ သမုဒယ သစ္စာနှစ်ပါးတို့၏

ယောနိရောဓေါ - အကြင်ချုပ်ရာဖြစ်သော နိရောဓသစ္စာ၊ ချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာသည် (အတ္ထိ-ရှိ၏)

(တဉ္စ) - ထို နိရောဓသစ္စာ၊ မဂ္ဂသစ္စာကိုလည်း

တထာဂတော - မြတ်စွာဘုရားသည်

အာဟ - ဟောတော်မူ၏

မဟာသမဏော - ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား သည်

ဧဝံဝါဒီ - ဤသို့အယူရှိ၏။

ယေဓမ္မာဂါထာတော်သည် သစ္စာလေးပါးတရားကို အနှစ်ချုပ်၍ ဟော ကြားသော တရားအဆီအနှစ် ဖြစ်၏။ တရားတော်မြတ်ကို ပူဇော်သော အားဖြင့် ရခိုင်ဝေသာလီခေတ်၌ ယေဓမ္မာဂါထာတော်ကို ဓမ္မအလှူအဖြစ် ကျောက်စာ၊ အုတ်ချပ်စာများတွင် ရေးထိုး၍ ပူဇော်ခဲ့ကြလေသည်။

ဝေသာလီမြို့ဟောင်းမှရရှိသည့် နီတိစန္ဒြမင်းမိဖုရားကျောက်စာနှင့် ယင်းမိဖုရား "စန္ဒြသီရိ" ပင် ရေးထိုးသည့် သံတွဲမြို့၊ အံတော်စေတီ ကျောက်စာတွင် "ဒေယျဓမ္မော" ဟု ပါရှိရာ တရားအလှူ ပေးလှူ ရေးထိုးကြောင်း ပေါ်လွင်သည်။

## နိုင်ငံခြားသား ပညာရှင်၏ အမြင်

နိုင်ငံခြားသားပညာရှင် ဂျီစီးဒီ(   )မှ ကောက်ချက်ချပုံမှာ ဘုရားရှင်၏ အနှစ်ချုပ်ပါသော လေးကြောင်းမျှ ဂါထာတော်သည် အနှစ်ချုပ် အဆီအနှစ်ဖြစ်ကြောင်း၊ ယင်းဂါထာနှင့်ပင်လျှင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလန်တို့ အကျွတ်တရားရစေခဲ့ပုံသာမက သာဝကအဖြစ်သို့ ရောက်စေခဲ့၏။

ဗုဒ္ဓဘာသာဝင်များအဖို့ တန်ခိုးက္ကဒ္ဓိပါဒ်တစ်ခုအဖြစ် ခံယူခြင်းခံရစေသည့်အပြင်၊ ယင်းတရားတော်အား မကြားနာရသေး၊ အခြားသူများအတွက် ဧရာမစွမ်းအင်လက္ခဏာရှိသောဂါထာဟု ယူဆရပေကြောင်း ကောက်ချက်ချခဲ့ လေသည်။

## ဝေသာလီဘုရားကြီးကုန်းကျောက်စာ

ဝေသာလီဘုရားကြီးကုန်းကျောက်စာကို ဝေသာလီကျောင်းဆရာတော်မှ တွေ့ရှိပြီး၊ ကျောက်စာမှာ အလျား(၁)ပေ၊ အနံ(၇)လက်မ၊ ထု(၅)လက်မရှိ၍ စာကြောင်းရေလေးကြောင်း ပါရှိသည်။

## လက်ငင်းပြန်ဆိုအက္ခရာ

၁။ ယေဓမ္မာ ဟေတု ပဘဝါ

၂။ ဟေတုံ တေသံ တထာဂတော အာဟ

၃။ တေသဉ္စ ယောနိရောဓ

၄။ ဧဝံဝါဒီ မဟာသမဏ

ဂုပ္ပတအက္ခရာဖြင့် ရေးထိုးသော ပါဠိဘာသာကျောက်စာဖြစ်သည်။ ယ အက္ခရာမှာ လက်ဝဲဘက်အပြင်သို့ ထွက်လေ့ရှိသော ခေါင်းကလေးမှာ အတွင်းသို့ လိပ်ဝင်နေ၏။ ဟ အက္ခရာနှစ်မျိုးရေးထားပြီး ဟေတုတွင် ဟ အက္ခရာမှာ မြွေလိန်တွန့်သကဲ့သို့ တွန့်ကာအောက်သို့ တွဲကြလျက် ရှိသည်။

ယေဓမ္မာနှင့် နိရောဓတွင် ဓ-အောက်ချိုင့်မှာ ၀-လုံးသဏ္ဍာန် တွေ့ရ မည်။ ယင်းမှာ ဂုပ္ပတအက္ခရာ(ဓ)အက္ခရာဖြစ်၏။ ဆရာဦးစံသာအောင် မှ (ဌ)အက္ခရာ ယူဆဖေါ်ပြခဲ့သည်။ ဗြဟ္မအက္ခရာဆိုလျှင် (ဌ)ဖြစ်၍ ဂုပ္ပတ အက္ခရာဆိုပါက (ဓ)အက္ခရာဖြစ်၏။

မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းမှ ဂုပ္ပတစာပေအက္ခရာဖြစ်ကြောင်း ထောက်ခံခဲ့သည်။ ဝေသာလီမြို့ဟောင်းတွင် မဟာစန္ဒရား(မဟာသူရိယတိုင်းစန္ဒြား) မင်းကြီးတည်ခဲ့သော ရုပ်ပွားတော်တစ်ဆူ ရှိ၏။ ထို ရုပ်ပွားတော်တံတိုင်းအတွင်း ကျောက်စေတီမှရရှိသော ကျောက်စာဖြစ်သည်။

မဟာစန္ဒရားမင်းကြီးနှင့် မိဖုရားကြီး သုပဘာဒေဝီတို့သည် နန်းစံ(၃၂)နှစ်မြောက်တွင် ရုပ်ပွားတော် (ဝေသာလီဘုရားကြီး) အား တည်ထားကြောင်း၊ ဘုရားတည်ပြီး ဓမ္မအလှူတော်အဖြစ် ရေးထိုးလှူဒါန်းခြင်းပင်ဖြစ်ကြောင်း ဆရာကြီး ဦးဦးသာထွန်းမှ ရက္ခိုင်ဝေသာလီမြို့ဟောင်းမှ ဂုပ္ပစာဆောင်းပါးတွင် ဖော်ပြခဲ့သည်။

သမိုင်းမှတ်တမ်းနှင့် အက္ခရာအရေးအသားအရ အေဒီလေးရာစု ရေးထိုးသော ပါဠိကျောက်စာစစ်စစ်ဖြစ်ပြီး ခရစ်သက္ကရာဇ် (၃၅၉)ခုနှစ်တွင် မဟာစန္ဒရားမင်းကြီးရေးထိုးခဲ့ကြောင်း လေ့လာသိရှိရသည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့မှပြုစုသော မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်မှာ အာနန္ဒစန္ဒြားကျောက်စာသည် ဂုပတအက္ခရာမှ ဆင်းသက်လာသော နာဂရီအက္ခရာဖြင့်ရေးထိုးသော သက္ကတဘာသာ ကျောက်စာဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ ဝေသာလီခေတ်၏ ပင်မအက္ခရာမှာ ဂုပတအက္ခရာဖြစ် ကြောင်း သိသာထင်ရှားလေသည်။

## သံတွဲစရိုင်လေလုံးမော်ကျောက်စာ

ယင်းကျောက်စာကို သက္ကရာဇ်(၁၈၇၂)တွင် ဗိုလ်မှူးကြီးဖရိုင်ယာမှ တောင်ကုတ်မြို့နယ် ကမ်းထောင့်ကြီးရဲစခန်းအနီး လေလုံးမော်ရွာနှင့်ကပ် လျက် တောင်ကုန်းပေါ်မှ ရရှိခဲ့သည်။

အလျား(၇)လက်မ၊ အနံ(၅)လက်မခွဲရှိပြီး ထု(၁)လက်မ၊ စာကြောင်း ရေ (၇)ကြောင်းပါရှိလေသည်။

## ယခုခေတ်လက်ငင်းအက္ခရာ

၁။ ယေဓမ္မာ ဟေတု ပြဘဝ ဟေတု

၂။ တေသံ တ္ဟာဂတ ဟျဝေါ ဒတေသဉ္စ ယော

၃။ နိရောထ ဧဝံဝါဒီ မဟာသျှဏ

၄။ ဥပါသကမ ဤဂါ ဥပါသ

၅။ ကသကောမ ဝမ္မမကာရ

၆။ ယေ - မာတာပိတကု

၇။ သလ

ပါဠိဘာသာဖြင့် ရေးထိုးသောကျောက်စာပင် ဖြစ်၏။ ပါဠိဘာသာ တွင် သက္ကတအသံ တစ်လုံးစ နှစ်လုံးစသာ ပါဝင်သည်။ ပဘဝါကို ပြဘ ဝါ၊ အာဟ-ကိုဟျ၊ သမဏကို သျှဏဟူ၍ အနည်းငယ် ရောနှောပါဝင်ခြင်းသာ ရှိ၏။ သက္ကတဖြင့်သာဆိုလျှင် "မာတွပိတွကုသျှလ" [၁] ဟုသာ ဆက်လက်ရေးထိုးပေမည်။ ယခုမူ "မာတာပိတကုသလ" ဟူသော

ပါဠိသက်သက် တွေ့ရှိရလေသည်။ ယေဓမ္မာ၌ (ဓ)အောက်ချိုင့်အက္ခရာမှာ ဝေသာလီ ဘုရားကြီးကုန်းကျောက်စာမှ (ဓ)အက္ခရာအတိုင်း 'ဝ' လုံး သဏ္ဌာန်သုံးထားကြောင်း တွေ့ရသည်။ တထာဂတမှ (ထ)အက္ခရာ၊ နိရာဓမှ (ထ) အက္ခရာမှာ အေဒီလေးရာစုသုံး ဂုပတ(ထ)အက္ခရာဖြစ်ကြောင်း သိသာစွာတွေ့ရသည်။

သို့ဖြစ်၍ ငလုံးမော်ကျောက်စာသည် ဂုပတအက္ခရာရွေ့လျောဆင်း သက်နေဟန်တွေ့ရှိရသဖြင့် အေဒီလေးရာစု (သို့မဟုတ်) ငါးရာစုကျောက် စာဖြစ်ကြောင်း သိသာလှပေသည်။

ဆရာကြီးဦးစံသာအောင်မှ စာကြောင်းရေခြောက်မှအစ အက္ခရာကို (ယိ)ဟု ပြန်ဆိုခဲ့သည်။ လုံးကြီးတင်မဟုတ်ပါ သဝေထိုးသာဖြစ်ကြောင်း ဆန်းစစ်ကာ သိသာလှပါသည်။

အဓိပ္ပာယ်ပြန်ဆိုမှု

ဥပါသကမ - ရတနာသုံးပါးဆည်းကပ်ကိုးကွယ်သော အမျိုးသမီး

ဥပါသက - ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော အမျိုးသား

ဝမ္မကာရ - ချုပ်ဝတ်မိန်ညိုစစ်ဝတ်စုံများ ချုပ်လုပ်သူ

ယေ - အကြင်

မာတာပိတ - မိခင်ဖခင်

ကုသလ - ကောင်းမှု (ကုသိုလ်)

အကြင်မိခင်ဖခင်တို့အတွက် စစ်ဝတ်စုံများ ချုပ်လုပ်သူ ဥပါသကာ ဇနီးမောင်နှံနှစ်ဦးတို့မှ ကောင်းမှုပြုသည်ဟု အဓိပ္ပာယ် ရရှိသည်။

သုတေသီများမှ "ဤဂါ" နှင့် "သကောမ"မှာ တိဗက်မြန်မာ အင်ဒိုချိုင်းနားစကားဖြစ်သည့် ရခိုင်ဒေသ အရပ်သုံးနာမည်များ ဖြစ်ဖွယ်ရာရှိကြောင်း တင်ပြထားကြပါသည်။

သက္ကတဘာသာသည် မြောက်ပိုင်းသာသနာကိုသာ လွှမ်းမိုးသည် မဟုတ်သေး၊ တောင်ပိုင်းသာသနာ၌လည်း နောက်ပိုင်းကျသော ဋီကာများ အလင်္ကာကျမ်းများ ခရစ်နှစ်လေးရာစုတွင် သီဟိုဠ်သမိုင်းကျမ်းဖြစ်သော ပါဠိဘာသာဖြင့် ပြုစုသည့် ဒီပဝံသကျမ်းတို့၌ပင် အေဒီငါးရာစုတွင် ပါဠိဘာ သာဖြင့်ပင် ပြုစုသောသီဟိုဠ်သမိုင်းမဟာဝံသကျမ်းတို့၌ပင် သက္ကတအသုံး အနှုန်းများပါဝင်နေကြောင်း မောင်အုံ(မဟာဝိဇ္ဇာ-ဘုံဘေ)၏ သာသနာ ၂၅၀၀-ခရီးတွင် ဖော်ပြပါရှိသည်။

သို့ဖြစ်၍ ဝေသာလီဘုရားကြီးကျောက်စာ အေဒီလေးရာစုတွင် သက္ကတအသုံးအနှုန်းမပါဝင်သေးဘဲ ပါဠိ သက်သက် ဖြစ်နေခဲ့ပြီး ငလုံးမော်ကျောက်စာ၌ တစ်လုံးစ နှစ်လုံးစ ရောနှောပါဝင်လာခဲ့ပြီဖြစ်ရာ ငလုံးမော် ကျောက်စာမှာ အေဒီလေးရာစုမကုန်မီကာလ (သို့မဟုတ်) အေဒီငါးရာစု အစပိုင်းဖြစ်နိုင်ကြောင်း ခိုင်လုံလှပေသည်။

## ကမ္ဘာကျော်ငလုံးမော်

ကမ္ဘာကျော်ငလုံးမော်ကျောက်စာနှင့်ပတ်သက်၍ စာရေးသူကိုယ် တိုင် ငလုံးမော်ကျေးရွာသို့ သွားရောက်လေ့လာ သုတေသနပြုခဲ့သည်။ အချို့သော စာအုပ်စာတမ်းများ၌ "ငလွန်းမော်" ဟု ဖော်ပြကြသည်။ အမှန်မှာ ငလုံးမော် ဖြစ်၏။ ငလုံးမော်ရွာခြေရင်းရှိ တောင်ကုန်းတွင်တည် ရှိသော စေတီပျက်အတွင်းမှရရှိသော ကျောက်စာ ဖြစ်သည်။

တောင်ကုတ်မြို့၊ ကံပိုင်မဟာဝိဟာရကျောင်းတိုက်၊ စာချဆရာတော် ဦးကုဏ္ဍာစာရမှ စီစဉ်ပေးသဖြင့် သွေးကျောက်ဆရာတော် တောင်ကုတ်မြို့ သိမ်တောင်ကျောင်းမှ ဦးသီရိနန္ဒတို့၏ကူညီမှုဖြင့် ရောက်ရှိခဲ့သည်။ ခရီးစဉ်မှာ တောင်ကုတ်မြို့မှ(၁၀)မိုင်ဝေးကွာသည့် ကင်းတောင်ရွာသို့ မော်တော်ကားဖြင့်သွားခဲ့သည်။ ကင်းတောင်ရွာမှာ အိမ်ခြေ ငါးရာကျော်ခန့်ရှိပြီး စနစ်တကျအကွက်ချကာ ဖြောင့်တန်းညီညာသောလမ်းများနှင့် ပဏာရလှသည်။ ကင်းတောင်ရွာ မဟာဘုံကထိန်မှပင့်သဖြင့်ရောက်ရှိခဲ့ရာ ဘာသာ၊ သာသနာအလွန်စည်ကားသော ရွာတစ်ရွာဖြစ်ကြောင်းတွေ့ရှိရ သည်။

ထိုကင်းတောင်ရွာမှတစ်ဆင့် စက်လှေဖြင့် အနောက်ဖက်သို့ မိနစ် ၂၀-ခန့်သွားလျှင် ငလုံးမော်ရွာသို့ ရောက်လေ သည်။ လယ်ယာဘက်ကမ်းတွင် ကင်းတောင်ရွာ၊ ကမ်းထောင့်ကြီးရွာနှင့် ငလုံးမော်ရွာတို့ တည်ရှိ သည်။ လက်ဝဲဘက်ကမ်း တွင် တရာဘရွာ၊ ဂိုင်ထောင့်ရွာနှင့် ဇမ္ဗူရာဇ်ရွာတို့ကို တွေ့ရှိရသည်။

တရာဘရွာမှာ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်ကျော်ဝ၏ဇာတိရွာဖြစ်ပြီး အရှင်ကုဏ္ဍာစာရ (အစိုးရဓမ္မာ စရိယ၊ ဒီဃနိကာယပါဠိပါရဂူ) တိပိဋကဓရစာမေးပွဲတွင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ အရှင်သူမြတ်၏ ဇာတိရွာဖြစ်၍

ထူးချွန်သောထင်ရှားသော ပုဂ္ဂိုလ်များ၏ ဘူမိနက်သန်မြေ ဖြစ် သည်။

ဂိုင်ထောင့်ရွာကမ်းနဖူးတွင် တောင်ကုန်းတစ်ခုရှိ၏။ ယင်းတောင်ကုန်း ပေါ်၌ မုခ်ဝလေးခုဖြင့် စေတီတစ်ဆူရှိလေသည်။ ဂိုင်ထောင့်ကျွန်းရှိ မြေနု ကျွန်းပေါ်တွင် ဆောင်းရာသီ သီးနှံများ ဝေဝေဆာဆာဖြင့် တွေ့မြင်ရသည်။ ထိုမှတစ်ဆင့် ဇမ္ဗူရာဇ်ရွာအရောက်တွင်လည်း မြေနုကျွန်းတွင် စိုက်ပျိုး ထားသော ဆောင်းသီးနှံများ ထပ်မံတွေ့ရှိရပြီး ညီညီညာညာနှင့်လှပနေ သော အုန်းပင်တန်းများက ရွာ၏ကျက်သရေဆောင် ဖြစ်နေတော့သည်။

ယင်းတစ်ဖက်ကမ်းတွင် ငလုံးမော်ရွာရှိသည်။ အိမ်ခြေငါးဆယ်ခန့် ရှိပြီး ရွာ၏ခြေရင်းမြစ်ကမ်းနဖူးတွင် တောင်ကုန်းတစ်ခုရှိသည်။ ယင်းတောင်ကုန်းတွင် မုခ်ဝလေးခုဖြင့် စေတီတစ်ဆူရှိ၍ ရှေးဟောင်းစေတီကို ပြုပြင်ထားကြောင်း သိရသည်။ ဗိုလ်မှူးကြီးဖရိုင်ယာသည် တောင်ကုန်းရှိ ဂူတစ်ခုက ကျောက်စာကို ရရှိကြောင်း ဖော်ပြထား၏။ ဂူဆိုခြင်းမှာ ပျက်စီးနေသောစေတီပျက်၏ လိုဏ်ဂူသာဖြစ်ဖွယ်ရှိသည်။ ဥပါသကာဇနီးမောင် နှံနှစ်ဦးမှာ တည်ခဲ့သော စေတီဖြစ်ပြီး ဓမ္မအလှူတော်အဖြစ် ယေဓမ္မာဂါထာ ရေးထိုးပူဇော်ကာ အလှူအကြောင်း မှတ်တမ်းပြုခဲ့ခြင်း ဖြစ်လေသည်။

ငလုံးမော်ဘုန်းတော်ကြီးကျောင်းတွင် ဦးစောလှအောင်ပုံတူပြုလုပ်ထားသော စကျင်ကျောက်ငလုံးမော် ကျောက်စာကို တွေ့ရှိခဲ့ရသေးသည်။ ယင်းကဲ့သို့သော အခြေအနေများကိုထောက်ဆ၍ တောရောမြို့ပါမကျန် စာပေတတ်မြောက်ကျွမ်းကျင်နေပြီး ယေဓမ္မာဂါထာ၏ ကျယ်ပြန့်နေရာယူထားမှုကို ခန့်မှန်းနိုင်ပေသည်။

## ကျောက်တော်မြို့မှ ကျောက်စာ

ဤကျောက်စာကို ဒေါ်တာဖော်ချမ်မာပြုစုရေးသားသော အာရကံခေါ် စာအုပ် စာချပ်နံပါတ်(၇)ခါတ်ပုံ နံပါတ်(၃)တွင် တွေ့ရှိနိုင်ကြောင်းနှင့် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉ ခုနှစ်အတွက် နှစ် ချုပ်အစီရင်ခံစာတွင်လည်း ဓါတ်ပုံနံပါတ်(၄၀)အဖြစ် ဖော်ပြထားကြောင်း သိရသည်။

ဆရာဦးစံသာအောင်၏ ရခိုင်ပြည်သုံး အက္ခရာစာအုပ်တွင် ပုံ(၁၉) အဖြစ် တွေ့ရှိရသည်။

## ယခုလက်ငင်းအက္ခရာ

၁။ ယေဓမ္မာ ဟေတုပြဘဝါ ဟေတုမ္တေသံ တထာဂတော ဟျဝဒတ္တ သဥ္စ

၂။ ယောနိရောဓေါ ဧဝမ္ဗာဒီ မဟာသ္သမဏာ

ရှေးကျောက်စာအတိုင်း ပါဠိကျောက်စာပင် ဖြစ်သည်။ သက္ကတဘာ သာကျောက်စာ မဟုတ်ပေ။ ရှေးနည်းတူ (ပြ-ဟျ-သ္သ) သက္ကတသံ တစ် လုံးစ နှစ်လုံးစသာ ပါဝင်သည်။ "ဟေတုမ္တေသံ" ကို ဟေတုမ်တေသံ (ဟေတုံတေသံ)ဟု ဖတ်ရမည်။ သဒ္ဒါစည်းကမ်းအရ ပုဒ်ဖြတ်သော် ဟေတုံ တေသံဟု ဖြစ်ရမည်။ မ-အက္ခရာသည် နိဂ္ဂဟိတ်အဖြစ် ပြောင်းလဲနိုင်၍ နိဂ္ဂဟိတ်သည် မ-အက္ခရာသို့ ပြောင်းလဲနိုင်၏။ ဧဝမ္ဗာဒီကို ဧဝမ်ဝါဒီ (ဧဝံ ဝါဒီ)ဟု ဖတ်ရမည်။ နိဂ္ဂဟိတ်ကို မ-အက္ခရာအဖြစ် မ-အက္ခရာကို နိဂ္ဂ ဟိတ်အဖြစ် ရှေးနည်းတူ ပြောင်းလဲနိုင်သည်။

ဤအရေးအသားသည် သဒ္ဒါစည်းကမ်းနှင့်ကိုက်ညီပြီး ရှေးခေတ်မှ သုံးနှုန်းရေးသားပုံ ထူးခြားမှုကို သတိပြုသင့်သည်။

ယင်းကျောက်စာကို ဆရာဦးစံသာအောင်မှ အေဒီခြောက်ရာစု ဖြစ်နိုင်ကြောင်း ခန့်မှန်း၏။ အရေးအသားနှင့် အက္ခရာများကို ကြည့်၍ အေဒီ ခြောက်ရာစု ဖြစ်နိုင်ပေသည်။

## ရှင်းလင်းတင်ပြချက်

ယခုကျောက်စာတွင် ဟျဝဒတ္တသဥ္စ ယောနိရောဓေါ- ဟု တွေ့ရှိရသည်။ ဆိုလိုရင်းမှာ ဝဒထတေသဥ္စ ယောနိရောဓေါဖြစ်၏။ ယင်း ဝဒထတေ သဥ္စဟု သုံးထားခြင်းသာ ဖြစ်ပေသည်။

ဤသို့ကြိယာပုဒ်နှစ်ပုဒ် သုံးထားသည်။ သက္ကတဖြင့် ဟျပါဠိဖြင့် ဝဒယ ဟု သုံးနှုန်းထား၏။ ဓာတုပ္ပဒီပနီကျမ်းတွင် ဝဒဝိယတ္တိယံဝါစာယံဟု ပြ၍ ဝဒ-ဝဒ ဓာတ်သည် ဝိယတ္တိယံဝါစာယံ၊ အနက်သိမြင်ပီပြင်ထင်ရှား သောစကားဟူ၍ ဖွင့်ဆိုထား၏။

ဝဒထ-ရွတ်ဆိုကြပါဟု တိုက်တွန်းနှိုးဆော်သောစကားရပ်ဖြစ်၍ ကျောက်စာရေးထိုးသူများမှ

နှိုးဆော်တိုက်တွန်းချက်ကို ထည့်သွင်းခဲ့ခြင်း ဖြစ်နိုင်ပေသည်။

ငလုံးမော်ကျောက်စာတွင်လည်း ဟျဝေါဒတေသဥ္စ ယောနိ ရောထ ဟူ၍ တွေ့ရပေမည်။ ဝဒထ-တေသဥ္စကို ယင်းသို့သုံးထားခြင်းသာ ဖြစ်၏။ ကျောက်စာရေးထိုးသူများမှာ ပါဠိသဒ္ဒါ၊ ပါဠိဘာသာရပ်တွင် ကျွမ်းကျင်ပုံ မပေါ်ပေ။ အာဂုံနှုတ်တိုက်ရရှိထားသည်ကို အက္ခရာဖြင့် ပုံဖော်ရေးထိုးခြင်း ဖြစ်ရာ အက္ခရာများ ချို့ယွင်းနေဟန် ရှိသည်။

သို့သော် ဌာန်ကရိုဏ်းကျကျရေးထိုးထားသော ဝေသာလီဘုရားကြီး ပါဠိကျောက်စာမှလွဲ၍ ကျောက်စာတိုင်းလိုလို ယင်းကဲ့သို့ တွေ့ရှိရသည် ဖြစ်ရာ၊ ရှေးယခင်က အသုံးအနှုန်းနှင့် ယခုကာလအသုံးအနှုန်း ကွာခြားမှု ရှိခြင်းလည်း ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆမိပါ၏။ တိုက်တွန်းနှိုးဆော်ချက် ပါဠိဖြစ်သော (ဝဒထ)ကို သုံးနှုန်းထည့်သွင်းမှုကို တွေ့ရသဖြင့် ပါဠိကို ပိုင်ပိုင် နိုင်နိုင် သုံးစွဲနေကြကြောင်း ပေါ်လွင်နေလေသည်။

## ဝေသာလီသင်းကျစ်တော်တောင်ကျောက်စာ

ယင်းကျောက်စာကို ဝေသာလီမြို့ဟောင်း သင်းကျစ်တော်တောင်မှ ၁၉၅၆-ခုနှစ် မေလတွင် ရရှိကြောင်း သိရသည်။ အလျား (၈)လက်မ၊ အနံ(၅)လက်မခွဲရှိ၍ စာကြောင်းရေ လေးကြောင်း ပါရှိ၏။

## ယခုအက္ခရာ

၁။ ယေဓမ္မ ဟေတု ပြဘဝါဟေတု

၂။ တေသံ တထာဂတော ဟျဝဒတ်

၃။ တေသဥ္စ ယောဏိ ရောဓေါ ဧဝံ

၄။ ဝါဒီ မဟာသ္သမဏ

သက္ကတကျောက်စာမဟုတ်ပေ၊ ပါဠိဘာသာကျောက်စာ ဖြစ်၏။ ရှေးနည်းတူ ပြ-ဟျ-သ္သ-သာ သက္ကတအသုံး ပါဝင်သည်။ ပါဠိလို ဝဒထ အား ဝဒတ်ဟု သုံးနှုန်းထား၏။ ဝဒထပါဠိအသုံးကို "ဝဒတ်" ဟု မြန်မာမှု ပြုကာ သုံးစွဲထားသဖြင့် ဝေသာလီခေတ်တွင် ဒေသိယဘာသာစကား၌ ပါဠိကို မြန်မာမှုပြုသုံးစွဲနိုင်ကြောင်း ကောက်ချက်ချနိုင်ပေသည်။ အက္ခရာနှင့် အရေးအသားအရလည်းကောင်း၊ ယေဓမ္မာကျောက်စာအချို့ကို ထောက်ဆ၍လည်းကောင်း၊ အေဒီ ခြောက်ရာစု ဖြစ်နိုင်ပေသည်။

## ဝေသာလီမြို့ဟောင်း ကျောက်စာ

ရခိုင်ဝေသာလီမြို့ဟောင်းမှ ၁၉၁၂-ခုနှစ်တွင် ရရှိသော ကျောက်စာ ဖြစ်၍ စာကြောင်းရေ နှစ်ကြောင်းပါရှိပြီး အရင်းအဖျား အနည်းငယ် ချို့ယွင်းပျက်စီးနေသည်။ မူရင်းအက္ခရာကို (     )တွင် တွေ့မြင်လေ့လာနိုင်သည်။

## လက်ငင်းအက္ခရာ

၁။ ယေဓမ္မာ ဟေတုပြဘဝါ ဟေတုံ တေသံ တထာဂတော

၂။ ဝဒတ္တေသဥ္စ ယေနိရောဓေါ ဧဝံဝါဒီ မဟာသ

ပါဠိဘာသာကျောက်စာ ဖြစ်သည်။ ပြဘဝါ တစ်လုံးသာ သက္ကတ အဖြစ် ပါဝင်၏။ ဝဒထတေသဥ္စ-ပါဠိကို ဝဒတ္တေသဥ္စဟုပင် သုံးထားသည်။ ယင်းဂါထာကို ရွတ်ဆိုကြရန် တိုက်တွန်းထားချက် ဖြစ်၏။ မဟာသ-ဟု တွေ့ရပြီး ပျက်စီးနေသော်လည်း "မဟာသမဏ" ဟုသာ ရေးထိုး ကြောင်း သံသယဖြစ်စရာ မရှိပေ။

လက်ရေးလက်သားနှင့် အက္ခရာစာလုံးအရ သက္ကတအနေဖြင့် "ပြ ဘဝါ" တစ်ခုသာ တွေ့ရှိရသဖြင့်၊ ဝေသာလီဘုရားကြီး ကျောက်စာပြီး လျှင် ပါဠိဘာသာအနေဖြင့် ဒုတိယမြောက် အပီပြင်ဆုံးကျောက်စာ ဖြစ်၏။

အက္ခရာစာလုံးများမှာ ဂုပ္ပတအက္ခရာများဖြစ်နေခြင်း ဒုတိယမြောက် ပါဠိဘာသာအပီပြင်ဆုံးကျောက်စာ ဖြစ်ခြင်းတို့ကြောင့် အေဒီလေးရာစုအကုန် ငါးရာစုအစပိုင်းလောက်သာ ဖြစ်နိုင်ဖွယ် ရှိသည်။

## အံတော်စေတီမှ စန္ဒြသိရိမိဖုရားကျောက်စာ (သံတွဲမြို့)

ယင်းကျောက်စာကို (၂၀. ၁၁. ၉၄)နေ့တွင် အံတော်ကျေးရွာမှ ဦးအေးသန်း တွေ့ရှိသည်။ အံတော်စေတီရင်ပြင်နှင့် တောင်တော်ကို သန့်ရှင်းရေးများ ပြုလုပ်ကြစဉ် စေတီတော်၏ အုတ်တံတိုင်းအနီးမှ ဖော်ယူရရှိပြီး စာကြောင်းရေ ရှစ်ကြောင်း ပါရှိ၏။ ကျောက်စာမှာ အလျား (၁၆)လက်မ၊ အနံ (၁၀)လက်မ၊ ထု(၂)လက်မရှိပြီး ဝိဇယာရာမကျောင်း (အံတော် ကျောင်းသစ်)တွင် သိမ်းဆည်းထားလေသည်။

### ယနေ့အက္ခရာ

၁။ ယေဓမ္မာ ဟေတု ပြဘဝါ

၂။ ဟေတုံ တေသံတထာဂတော ဟျဝေါ

၃။ ဒတ္တေသဉ္စ ယောနိရောဓေါ

၄။ ဧဝံဝါဒီ မဟာသမဏ

၅။ ဒေဝီသာဝိတာ စန္ဒြသျိယာနာမ

၆။ ပရမေပါသိကသျ ဒေယျဓမ္မော

၇။ ယံမသစ္စာ သတ္တာနာမနု

၈။ ကတ္တမ

ရှေးဦးစွာ စာကြောင်းရေတစ်မှလေးအထိ ယေဓမ္မာဂါထာကို သုံးသပ် တင်ပြပါမည်။ ယေဓမ္မာဂါထာကား ပါဠိဘာသာဂါထာဖြစ်၍ သက္ကတအား ဖြင့် ပြဘဝါဟျ-သာ ပါဝင်လေသည်။

စာကြောင်းရေ ငါးမှ ရှစ်အထိမှာမူ ပါဠိနှင့်သက္ကတ ရောထွေး သုံး နှုံးထားကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ယင်းကျောက်စာအား ကောက် ချက်ချသော် ပါဠိဘာသာတွင် သက္ကတ ရောထွေးရေးထိုးသော ကျောက် စာ ဖြစ်လေသည်။

ဝေသာလီတွင် အေဒီ ၅၂၀။-မှ ၅၇၅-အထိ စိုးစံသော နီတိစန္ဒြ မင်း၏ မိဖုရားဖြစ်သူ စန္ဒြသီရိရေးထိုးသော ကျောက်စာဖြစ်၏။ အေဒီ ခြောက်ရာစုကျောက်စာဖြစ်၍ သက္ကတများ အတော်အတန်နေရာယူ ကျယ်ပြန့်လာဟန် ပေါ်လွင်၏။

### ကျောက်စာအဓိပ္ပာယ်

စာကြောင်းရေ ငါးမှရှစ်အထိမှာ ဤ(စေတီတော်သည် စန္ဒြသီရိ ယအမည်ရှိသော မိဖုရား၏ ကောင်းမှုအလှူတော်ဖြစ်၏။ မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့်ပြည့်စုံသော ဥပါသိကာမဖြစ်သည့်အလျောက် သတ္တဝါ အပေါင်းတို့သည် အမြတ်ဆုံးသော သစ္စာဉာဏ်ကို ရစေခြင်းအကျိုး ငှာ ဓမ္မအလှူတော်ကို ပြုလုပ်လှူဒါန်းပါသတည်း) ဟူ၍ ဖြစ်သည်။

### သုံးသပ်ချက်

ကျောက်စာတွင် “ပရမေပါသိကသယဒေယျဓမ္မော” မြတ်စွာဘုရား ၌ ကြည်ညိုသော ဥပါသိကာမတစ်ယောက်ဖြစ်ကြောင်း၊ အမြတ်ဆုံးတရားအလှူကို ပေးလှူကြောင်းတွေ့ရပြီး “သံဝသစ္စာ သတ္တဝါနံ” သတ္တဝါများ သစ္စာတရားသိရှိကြစေရန် ရည်သန်ကြောင်း တွေ့ရှိရသဖြင့် ထေရဝါဒ အသုံးအနှုံးများ ဖြစ်နေလေသည်။

### သံတွဲမြို့ စန္ဒြား စေတီအုပ်ချပ်စာ

သံတွဲမြို့ စန္ဒြားစေတီအုပ်ချပ်စာကို ၁၉၉၃-ခုနှစ် ဧပြီလတွင် စေတီ ပျက်အား ပြန်လည်ပြုပြင်ရာမှ ရရှိသည်။ ဦးညွန့်အေးနှင့် ဦးတင်ရွှေ ပန်းရံ ဆရာနှစ်ဦးမှ တွေ့ရှိပြီး စာရေးသူထံသို့ လာရောက်အပ်နှံခဲ့သည်။

အုပ်ချပ်၏အလျားမှာ (၉)လက်မ၊ အနံ(၇)လက်မ၊ အထူ(၁)လက်မ ရှိ၍ စာကြောင်းရေ ငါးကြောင်း ပါရှိသည်။

## ယခုအက္ခရာ

၁။ ယေဓမ္မာ ဟေတု ပြဘဝါ

၂။ ဟေတုံ တေသံ တထာဂတော

၃။ ဟျဝဒ တ္တေသဉ္စ ယော

၄။ နိရောဓ ဧဝံဝါဒီ မဟာ

၅။ သဏ

ယေဓမ္မာဂါထာများအား ကျောက်စာတွင် ရေးထိုးမှုသာ အများဆုံး တွေ့ရှိရပြီး အုတ်ချပ်၌ရေးထိုးမှုမှာ ရှားသည်။

ဤ၌ ပါဠိဘာသာဖြင့်ရေးထိုးသော အုတ်ချပ်စာပင်ဖြစ်၍ ရှေးယေ ဓမ္မာကျောက်စာများနှင့် ထူးထွေခြားနားမှုမရှိပေ။ ပါဠိဘာသာဖြင့် ရေးထိုး ထားမှု ဟုတ်-မဟုတ်ကို ဝေသာလီဘုရားကြီးပါဠိကျောက်စာကို မှီထား၍ လေ့လာပါက သိသာနိုင်ပေသည်။

ရှေးနည်းတူ သက္ကတ တစ်လုံးစ နှစ်လုံးစ ရောပါဝင်နေ၏။

## ရေးထိုးသူ

ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်းကြီးသည် အေဒီ ၆၃၇-ခုနှစ် တွင် သီဟိုဠ်မှ သံဃာတစ်ထောင်၊ ရခိုင်မှ သံဃာတစ်ထောင်ဖြင့် သုံးနှစ် ကြာ သင်္ဂါယနာတင်၏။ အေဒီ ၆၃၉-တွင် သင်္ဂါယနာတင်အပြီး ရခိုင်သက္က ရာဇ် ၅၆၀-ကို ဖြိုသည်။ သက္ကရာဇ် ဖြိုအပြီး ဆန်းစနှစ် အေဒီ ၆၄၀- တွင် သင်္ဂါယနာတင်အထိမ်းအမှတ်အဖြစ် စေတီတည်၏။ စန္ဒြားစေတီဟု ယခုတိုင် တွင်၏။

စေတီတည်ပြီး ဓမ္မအလှူတော်အဖြစ် ယေဓမ္မာဂါထာရေးထိုးပူဇော် ခဲ့သဖြင့် ယင်းအုတ်ချပ်စာမှာ အေဒီ (၇)ရာစုလက်ရာ ဖြစ်၏။

ယင်းသီရိစန္ဒြားမင်းလက်ထက် သင်္ဂါယနာတင်ကြေးပြားများသာ မပျက်စီးခဲ့ပါဘဲ ထင်ရှားရှိပါက ပါဠိနှင့် သက္ကတ မည်သည်ကို သုံးစွဲရေး သားကြောင်းပင် သိရှိနိုင်ရာ၏။ ပါဠိဘာသာဖြင့် သင်္ဂါယနာတင် ရေးထိုးခြင်း သာ ဖြစ်နိုင်ဖွယ်ရှိကြောင်း သုံးသပ်မိသည်။

ယင်းခေတ် အေဒီ(၇)ရာစုတွင် သျှတဗောဓကျမ်း (သုတဗောဓကျမ်း) ကဝိကဏ္ဍပါသာနကျမ်း၊ စာနကျနိတိ၊ တခြားသော စူဠာမဏိကျမ်း၊ ကြမ္မာ ဒိုက်မင်းကြီးဝတ္ထု၊ မနုဓမ္မသတ်ကျမ်း၊ လောကသမုတ္တိကျမ်းစသည်ဖြင့် သက္ကတဘာသာဖြင့် ရေးသားထားသောကျမ်းများကို ရခိုင်ဘာသာသို့ ပြန်ဆိုရေးသားခဲ့ကြရာ သက္ကတဘာသာကို ကျွမ်းကျင်စွာသုံးနှုံးနေပြီ ဖြစ် ကြောင်း ထင်ရှားနေပေသည်။

ပါဠိဘာသာမှ သက္ကတဘာသာသို့ ပြောင်းလဲသုံးစွဲလာကြပြီးနောက် အေဒီ ကိုးရာစုတွင် ရက္ခဝဏ္ဏအက္ခရာသို့ ပြောင်းလဲသုံးစွဲကြကြောင်း တွေ့ ရသည်။ သက္ကတဘာသာသုံးစွဲခြင်းမှာ ယခုခေတ်ကာလတွင် ကမ္ဘာသုံး အနေအားဖြင့် အင်္ဂလိပ်စာသုံးစွဲကြသကဲ့သို့ ဖြစ်ချိမ့်မည်။

ရခိုင်တွင် မြောက်ပိုင်းအိန္ဒိယ၊ ဘင်္ဂါ (၁၂)မြို့ စသည်ဖြင့် နိုင်ငံခြားနှင့် ကုန်ကူးသန်းရောင်းဝယ်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများလည်း ရှိနေခဲ့ရာ ယင်းတို့၏ ဘာသာစကားကို ကျွမ်းကျင်တတ် မြောက်မှသာ စီးပွားရေး၊ နိုင်ငံရေးတွင် အဆင်ပြေချောမွေ့နိုင်ပေမည်။

ယင်းတို့သောအကြောင်းနှင့် ယဉ်ကျေးမှုပြန့်နှံ့လာမှုများကြောင့် သက္ကတဘာသာကို နောက်ပိုင်းတွင် သုံးစွဲလာခဲ့သော်လည်း ဘာသာရေး အနေအားဖြင့် ထေရဝါဒစစ်စစ်ဖြစ်ကြောင်း ယေဓမ္မာဂါထာများမှ သက်သေ ခံနေပေသည်။

## တောင်ကုတ်မြို့ အိုးထိန်းကျောက်စာ

ယင်းကျောက်စာကို လမူးချောင်းဘုရွှေမော်ရွာမှ လယ်သမားကြီး ဦးဖြူထီးမှ ရရှိသည်။ ကျောက်စာမှာ အလျား(၁)ပေ၊ အနံ(၁၀)လက်မရှိ ပြီး စာကြောင်းရေ လေးကြောင်း ပါရှိ၏။

## ယခုအကောက်စာ

၁။ ယေဓမ္မာ ဟေတု ပဘဝါ ဟေတု တေသန္တ

၂။ တထာဂတ ဟျဝေါစရေ ယောနိရောခ ဧဝံ

၃။ ဝါဒီ မဟာသျှမဏ

၄။ ဥပါသကာသံ သျှိယျစတူပ် က္ကတော

ဤကျောက်စာသည်လည်း ပါဠိဘာသာဖြင့် ရေးထိုးသော ကျောက်စာပင် ဖြစ်၏။ သို့ရာတွင် သက္ကတ အနည်းငယ်ပါဝင်သည်။ တခြားဓမ္မာဂါထာများနှင့် ထူးခြားချက်မှာ ဝေါစရေ-ပင် ဖြစ်၏။ ကျင့်ကြံ အားထုတ်ကြရန် တိုက်တွန်းချက်ပင် ဖြစ်သည်။

မြန်မာပြန်

| | | |
|---|---|---|
| ယေဓမ္မာ | - | အကြင်ခန္ဓာ ငါးပါးရုပ်နာမ်တရားတို့သည် |
| ဟေတု ပဘဝါ | - | အကြောင်းဖြစ်သော သမုဒယသစ္စာလျှင် အစရှိကုန်၏ |
| တေသန္တ | - | ထိုခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ |
| ဟေတု | - | အကြောင်းဖြစ်သော သမုဒယသစ္စာကို |
| တထာဂတ | - | မြတ်စွာဘုရားသည် |
| ဟျ - | | ဟောတော်မူ၏ |
| ဝေါ - | | သင်တို့သည် |
| စရေ- | | သစ္စာလေးပါးတရားကို ကျက်စားသုံးသပ်ကြ လော့ |
| ယောနိရောခ | - | အကြင်ချုပ်ရာနိရောဓသစ္စာ၊ ချုပ်ရာသို့ရောက် ကြောင်း မဂ္ဂသစ္စာသည် (အတ္ထိ ရှိ၏) |
| မဟာသျှမဏ | - | ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် |
| ဧဝံဝါဒီ | - | ဤသို့ အယူရှိ၏။ |

အထက်ပါ ယေဓမ္မာဂါထာတော်တွင် ဟျ-သျှမဏသာ သက္ကတ အသုံးအနှုံး ပါဝင်လေသည်။

စာကြောင်းရေ (လေး) မြန်မာပြန်

| | | |
|---|---|---|
| ဥပါသကာသံ | - | ဥပါသကာတို့၏ (လူအများ) |
| သျှိယျ | - | ကြက်သရေနှင့် ပြည့်စုံသော |
| စတူပ် (ထူပ်) | - | စေတီငယ် |
| က္ကတော - | | ဤထက်- ဤအရပ်မှ - ဤအခါမှ ဤ၌ "သျှိယျ" မှာ သက္ကတဖြစ်၍ ပါဠိ အားဖြင့် "သိရိယ" ဖြစ်၏။ |

## အဓိပ္ပာယ်

ဤအရပ်ဒေသ ဤနေရာတွင် ရတနာသုံးပါးဆည်းကပ်သူ ဥပါသကာများမှ ကျက်သရေမင်္ဂလာ နှင့်ပြည့်စုံကြစေရန် စေတီငယ်တစ်ဆူ တည်ထား၏ ဟူ၍ဖြစ်သည်။

## သုံးသပ်ချက်

ပင်မလာဂတ်မင်မှ ဤစာတန်းအောက်ဘက်တွင် စာသုံးလေးကြောင်းမျှ ကျန်ရှိနေဦးမည်ဟု ခန့်မှန်းထား သော်လည်း အဓိပ္ပာယ်ပြီးပြည့် စုံနေသောကျောက်စာဖြစ်နေလေသည်။

ရှေ့၌တင်ပြခဲ့ပြီးသော ဝေသာလီသင်းကျစ်တော်တောင်ကျောက်စာ၊ နီတိစန္ဒြားမင်းမိဖုရားကျောက်စာ၊

ဝိရစန္ဒြမင်းကျောက်စာ၊ သံတွဲအံတော် စေတီမှ စန္ဒြသီရိမိဖုရားကျောက်စာတို့ကို ထောက်ဆ၍ အေဒီ ခြောက်ရာစု အစပိုင်းသာ ဖြစ်ဖွယ်ရာရှိပေသည်။

ဝေသာလီမြို့ဟောင်း ဉဇ္ဇိုသကတောင်မှ ရရှိသော နီတိစန္ဒြမင်းမိဖု ရားကျောက်စာနှင့်၊ ယင်းမိဖုရားစန္ဒြသီရိ ရေးထိုးသော အံတော်စေတီသံတွဲ မြို့ကျောက်စာထက် အိုထိန်းဓာတ်ကျောက်စာမှာ သက္ကတအသုံးအနှုန်း ပါဝင်မှုနည်းပါး၍ ပါဠိဘာသာအများစု ပါဝင်နေသော ပါဠိဘာသာကျောက်စာ ဖြစ်လေသည်။

## နီတိစန္ဒြမင်းမိဖုရားကျောက်စာ

ယင်းကျောက်စာမှ ဉဇ္ဇိုသကတောင်မှရရှိသော ကျောက်စာဖြစ်ပြီး စာကြောင်းရေ ငါးကြောင်းပါရှိသည်။

## လက်ငင်းအက္ခရာ

၁။ ယေဓမ္မာ ဟေတုပြဘဝါ ဟေတုံ တေသ တထာဂတော

၂။ အာဟတေသံစ ယောနိရောဓေါ ဧဝံဝါဒီ မဟာသျမဏ

၃။ သျှရီနိတိစန္ဒြ သျစန္ဒြဝတု ဆီနာ သျ ဒေဝီသာဝိတာ

၄။ စန္ဒြသျှီယာနာမ ပရမေပါသိကာသျ

၅။ ဒေယျဓမ္မော ယံမသစ္စာ သတ္တာနံ မနု ကတ္တမ

စာကြောင်းတစ်၊ နှစ်မှာ ယေဓမ္မာဂါထာဖြစ်၍ ပါဠိဘာသာဖြစ်ပြီး သက္ကတအနေဖြင့် ပြဘဝါ၊ သျှမဏသာ ပါဝင်လေသည်။

ကျန်စာကြောင်းရေ သုံး၊ လေး၊ ငါးကြောင်းတွင် သက္ကတအများစု ဖြစ်နေပြီး ပါဠိအနည်းငယ်သာ ပါဝင်သည်။ သံတွဲမြို့ အံတော်စေတီကျောက် စာတွင် (သျှရီနိတိစန္ဒြဝတုဆီနာသျ)ဟူသော စာလုံးများ မပါဝင်ပါ။

## သုံးသပ်ချက်များ

ရခိုင်ဝေသာလီတွင် အေဒီ ၅၂၀-မှ ၅၇၅-အထိစိုးစံသော နီတိစန္ဒြမင်း၏မိဖုရား စန္ဒြသီရိရေးထိုးသော ကျောက်စာ ဖြစ်၍ သက္ကတများ အတော်အတန်နေရာယူနေကြပြီ ဖြစ်သည်။

ဘာသာရေးဆိုင်ရာ ယေဓမ္မာပါဠိဘာသာတွင် သက္ကတတစ်လုံးစ နှစ်လုံးစသာ ပါဝင်နေခဲ့ပြီး လောကရေးရာ သုံးစွဲရာ၌ သက္ကတအသုံးအနှုန်း များ ပိုမိုပါဝင်သုံးစွဲထားရာ အေဒီခြောက်ရာစု ကုန်ခါနီးကာလတွင် ပါဠိ ဘာသာအသုံး နည်း၍ သက္ကတများ ပိုမိုကျယ်ပြန့်စွာ သုံးစွဲလာဟန် ပေါ်လွင် လာခဲ့သည်။

ဝိရစန္ဒြမင်းကျောက်စာကို လေ့လာက ပိုမိုထင်ရှားစွာ တွေ့ရှိရပေမည်။ အေဒီ ၅၇၆-မှ ၅၇၈ အတွင်း ရေးထိုး သောကျောက်စာဖြစ်၏။

## ဝိရစန္ဒြမင်း ကျောက်စာ

လေ့လာတွေ့ရှိရသမျှ ကျောက်စာများကို သုံးသပ်တင်ပြသော် တောင်ပေါက်ကြီးကျောက်စာမှာ ဖြဟ္မီအက္ခရာ ဖြစ်၍ ဓညဝတီခေတ်တွင် ဖြဟ္မီအက္ခရာဖြင့်ရေးထိုးသော ပါဠိဘာသာစာပေသုံးစွဲကြောင်း သိသာလှသည်။ ထို့အပြင် ဗိုက်ပူဘုရားဟု ခေါ်သော ကျောက်ဖြင့်ပြုလုပ်ထားသည့် ရုပ်တု၏နောက်ကျောဖက်တွင် ရေးထိုးထားသည့် ကျောက်စာ၊ မြောက်ဦးမြို့မြောက်ဘက် ကိုးမိုင်ခန့်ကွာဝေးသော ပန်းစေျးမြောင်ဖျားအရပ် ရှေးအုပ်စေတီဟောင်းမှ ရရှိသောကျောက်စာ များမှာ ဖြဟ္မီအက္ခရာဖြင့် ရေးထိုးထားသော ပါဠိဘာသာကျောက်စာများဖြစ်၍ ဓညဝတီခေတ်လက်ရာဖြစ်၏။

သို့ဖြစ်၍ ပါဠိဘာသာမှာ ဝေသာလီပထမခေတ်အထိ သုံးစွဲလာခဲ့ပြီးနောက် ပါဠိဘာသာတွင် သက္ကတဘာသာ ရောထွေးပါဝင်လာခဲ့ကာ အာနန္ဒစန္ဒြမင်းစသော နောက်ပိုင်း ဝေသာလီဒုတိယခေတ်တွင် သက္ကတဘာ သာနေရာယူလာ ခဲ့ပြီးလျှင် ရက္ခဝဏ္ဏအက္ခရာအသွင်သို့ ပြောင်းလဲသုံးစွဲခဲ့ကြသည်ကို ကျောက်စာများအား သေသေချာချာသုံးသပ် စစ်ဆေး ပါက တွေ့မြင်ရမည်သာ ဖြစ်ပေသည်။

ဖော်ပြပါ ရခိုင်ကျောက်စာများလေ့လာလျှင် ပါဠိနှင့်သက္ကတကို အတော်အတန်တတ်ကျွမ်းရန်တော့ လိုပါလိမ့် မည်။ သို့မဟုတ်ပါက ယောင်လည်လည်နှင့် ဖြစ်နေမည်မှာ သေချာလှပေသည်။

## ဝေသာလီမြို့ဟောင်း စတူပါဇာတီကျောက်စာ

စာရေးသူ ၁၉၉၄-ခုနှစ်၊ ဧပြီလအတွင်း စစ်တွေ၊ ကျောက်တော် နှင့် မြောက်ဦးမြို့များသို့ လေ့လာရေးခရီး ရောက်ရှိခဲ့သည်။ ယင်းလေ့လာ ရေးခရီးဝယ် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် တွေ့ရှိခဲ့ရ သော ကျောက်စာများထဲမှ ဝေသာလီမြို့ဟောင်း စတူပါဇာတီကျောက်စာ ကို တင်ပြပါမည်။

### ထူးခြား

ယင်းကျောက်စာမှာ ရခိုင်ဝေသာလီခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာများထဲတွင် အလွန်ထူးခြား၍ စိတ်ဝင်စားစရာအကောင်းဆုံး ကျောက်စာတစ်ခု ဖြစ်ပေသည်။ ထုပါစေတီငယ်၏ အလယ်မျက်နှာသုံး ဘက်တွင် ရေးထိုးထားခြင်းဖြစ်ပြီး ပထမနှင့် ဒုတိယမျက်နှာတွင် စာ ကြောင်းရေ သုံးကြောင်းစီပါရှိပြီး တတိယမျက်နှာတွင် စာကြောင်းရေ တစ်ကြောင်း ပါရှိသည်။

### ပထမစာမျက်နှာ (အမှတ်တစ်)

### ဒုတိယစာမျက်နှာ (အမှတ် နှစ်)
### ယစုအက္ခရာ

၁။ ဘဂဝတာ စတူပံ ကရောတိ

၂။ တထာ ဥပါသက ပဥ္စိယ မာတာ

၃။ ပိတု အဌင်္ဂ သံကရိတွာ သစ္စာသတ္တာ

ဂုပတအက္ခရာဖြင့် ရေးထိုးသော ပါဠိဘာသာကျောက်စာဖြစ်၍ သက္ကတအသုံး "စတူပံ" "သတ္တာ" ဟု ပါရှိသည်။ သတိပြုရန်အချက် တစ်ခုမှာ ရခိုင်ဒေသသုံးအားဖြင့် "သတ္တဝါ" ကို "သတဝါ" ဟု အတို ကောက်သုံးနှုန်းကြသည်။ ရေးလျှင် အတိုကောက်အားဖြင့် "သတ္တာ" ဟု ရေးတတ်ကြရာ စဉ်းစားဘွယ်ဖြစ်သည်။

ဘာသာပြန်

ဘဂဝတာ - မြတ်စွာဘုရား

စတူပံကရောတိ - စေတီငယ်ကို တည်ထား၏။

တထာ - ထို့အတူ

ဥပါသကာ - ရတနာသုံးပါးကိုးကွယ်သူ

ကဥ္စိယ - ငါးပါးသီလ

မာတာပိတု - မိခင်ဖခင်

သစ္စ - သစ္စာလေးပါး

အဌင်္ဂသံ - အင်္ဂါရှစ်ပါးရှိသော သီလ

သံကရိတွာ - ကောင်းစွာပြုလုပ်ဆောက်တည်၍

သတ္တာနာ - သတ္တဝါများ

## တတိယစာမျက်နှာ (အမှတ် သုံး)

### ယခုအက္ခရာ

နှာ - အနတ္တာ - နဝမ္ဂယော

ဘာသာပြန်

အနတ္တာ - အနှစ်သာရမရှိ၊ အစိုးမရခြင်း

နဝမ္ဂယော (နဝင်္ဂယော) အင်္ဂါကိုးပါးရှိသော သီလ

ဤ၌ "နဝင်္ဂ' ကို နဝမ္ဂ(နဝမ်ဂ) ဟု ရခိုင်ဒေသသုံးအသံအားဖြင့် ရေးထိုးထားဟန် ပေါ်လွင်သည်။

### ကျောက်စာအဓိပ္ပာယ်

ငါးပါးသီလနှင့်ပြည့်စုံသော ဥပါသကာတစ်ဦးမှ ဘုရားရှင်အား ရည် မှန်း၍ စေတီငယ်(စတူပါ)ကို တည်ထားသည်။ ထိုကောင်းမှုကြောင့် မိဘ နှစ်ပါးနှင့် သတ္တဝါအများတို့သည် ရှစ်ပါးသီလ၊ ကိုးပါးသီလကို ကျင့်သုံး ဆောက်တည်ကြပြီး အနတ္တတရားကို ရှုမြင်ကြလျက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပါစေသတည်း။

### ခန့်မှန်း

ဝေသာလီဘုရင်ကြီးကုန်း ပါဠိကျောက်စာမှာ "ခ" အောက်ချိုင့် အက္ခရာနှင့် ဟေမှ ဟအက္ခရာရေးပုံ တူညီနေသည်ကို တွေ့ရ၏။ ယင်း ဘုရားကြီးကျောက်စာ၊ သံတွဲငလုံးမော်ကျောက်စာ၊ တောင်ကုတ်အိုးထိန်း ကျောက်စာနှင့် ဝီရစန္ဒြမင်းကျောက်စာတို့ကို ထောက်ဆ၍ အေဒီငါးရာစု အစပိုင်းဖြစ်ရန် သေချာလှပေသည်။

### သုံးသပ်ချက်

ဤကျောက်စာ၌ အနတ္တဟူသော စကားလုံးကို တွေ့ရှိရသည်။ အနတ္တတရားကို ဘုရားရှင်ကိုယ်တော်တိုင် ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဟောအပြီး ငါးရက်မြောက်တွင် ဟောကြားခဲ့၏။ ဘုရားပွင့်တော်မမူ မီ အနတ္တတရားဟူ၍ ပေါ်ထွန်းမလာခဲ့ပေ။ တစ်ကမ္ဘာလုံး အတ္တတရားက သာ လွှမ်းမိုးလျက်ရှိပြီး ဘုရားရှင်မှ အတ္တအစွဲအလမ်းကို ဖြိုပစ်ပြီး ယင်း အနတ္တနေရာ၌ အနတ္တကို အစားထိုး ဟောကြားခဲ့လေသည်။

### အေဒီလေးရာစုမှ အနတ္တ

ထေရဝါဒ အနတ္တလက္ခဏသုတ်ပါဠိတော်လာ "အနတ္တ" ဟူသော စကားလုံးကို အေဒီလေးရာစုနှောင်းပိုင်းကပင် ရခိုင်ဝေသာလီ ပြည့်ပြည် သားများတို့သည် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်သုံး၍ အနတ္တပေါက်မြောက် နေပြီးဖြစ်ကြောင်း ဤကျောက်စာမှ စကားပြောသက်သေခံနေပေတော့ သည်။

### ထေရဝါဒ

ဤကျောက်စာတွင် ထေရဝါဒဗုဒ္ဓဘာသာ၏အနှစ်ဖြစ်သော ယေဓမ္မာ တရားတော် အနတ္တတရား၊ သစ္စာလေးပါး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါး သီလ ထုံမွှန်းထားလေရာ အခြားယေဓမ္မာကျောက်စာများထက် ထူးခြား ၍ ကျောက်စာ ရေးထိုးလျက် စေတီလှူဒါန်းသူ အလှူရှင်ကို လေးစားချီး မွမ်းဖွယ်ရာ ကောင်းလှပေသည်။

မိဘနှစ်ပါးနှင့် သတ္တဝါအားလုံးအပေါ် ထားရှိသော မေတ္တာစေတနာနှင့် တရားတော်ဓမ္မဖြင့် မိဘကျေးဇူးဆပ်ပုံ ကို အတုယူစေနိုင်သည်။

ဖော်ပြပါကျောက်စာများကို သုံးသပ်ကြည့်လျှင် ရခိုင်ရေကြော၊ မြေကြော လေရေတစ်လျှောက်လုံးတွင် ထိုခေတ် ထိုအချိန်အခါကာလကပင် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာ လွှမ်းမိုးနေပြီဖြစ်ကြောင်း သိသာထင် ရှားနေပါတော့ သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနထုတ်ဝေသော ဗုဒ္ဓဘာသာတရားတော်

အထက်တန်းအဆင့်တွင် ဖော်ပြသည်မှာ ရခိုင်ဝေသာလီပြည်သည် လူနေစည်ကားသော မြို့ပြနိုင်ငံဖြစ်ပြီး မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံနှင့် ရေလမ်းကုန်းလမ်းဆက်သွယ်နေကြောင်း၊ မြို့ရွာနယ်ပယ် နှင့် လူအမည်များကို ပါဠိသက္ကတအမည်များ မှည့်ခေါ်ကြောင်း၊ ယခုမှာ ဟေတုပစ္စဝိစာပေများ တွေ့ရှိရ၍ ယင်းအသုံးအနှုံးစာပေများမှာ ထေရ ဝါဒစာပေနှင့် အသုံးအနှုံးများဖြစ်ကြောင်း ဖော်ပြထားလေသည်။

ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများတွင် ရှင်ဒိဗ္ဗစက်ရဟန္တာထွေး (ရှင်ဒိဗ္ဗစက္ခု)သည် ရခိုင် ဝေသာလီမှဖြစ်ကြောင်း ယင်းအချိန်ကာလတွင် အိန္ဒိယဝေသာလီဟူ၍ မရှိ တော့ကြောင်း ရခိုင်ဝေသာလီသာရှိတော့၍ ရခိုင်ဝေသာလီမှ ရဟန္တာ အရှင် မြတ်ဖြစ်ရာ ထေရဝါဒသာသနာ ထွန်းကားနေကြောင်း တင်ပြထားပေသည်။

ဝေသာလီခေတ်ကဗျာစာပေကို ဆက်လက်၍ တင်ပြပါမည်။

# အခန်း(၄)

## စာဆိုတော် ဝေသာလီမင်းသမီး

မြန်မာစာပေသမိုင်းတွင် အစောဆုံးတွေ့ရသော ကဗျာလေးပုဒ်ရှိ ကြောင်း မှတ်သားရသည်။

(၁) သိန်ကန်မိန်တွင် (၂) သိုးကလေးချီပုပ္ပားနတ်တောင်ဘွဲ့ (၃) မြ ကန်လင်္ကာ (၄) သူတည်းတစ်ယောက် ချီမျက်ဖြေ လင်္ကာတို့ ဖြစ်သည်။

ယင်းလေးပုဒ်အနက် "သိန်ကန်မိန်တွင်" ကဗျာကို ရခိုင်ဝေသာလီ ခေတ်ကဗျာမဟုတ်နိုင်ဟု သံသယစကားဆိုသူ အချို့ရှိသည်။ အဘယ်ကြောင့်ပါလဲဆိုသောအခါ "ကောင်းလွန်းနေသောကြောင့်" ဟူ၏။ စာရေး သူကိုယ်တိုင် သိန်ကန်မိန်တွင် ကဗျာကို ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ် ကြည့်မိသောအခါ အလွန့်အလွန်ကောင်းမွန်သော ကဗျာဖြစ် ကြောင်း တွေ့ရှိရသည်။

ယင်းကဗျာကို ဝေသာလီမင်းသမီး သုဝဏ္ဏဒေဝီဘွဲ့ခံ စောပြည့်ညို ရေးသားခဲ့ကြောင်း သံသယဝင်စရာမလိုဘဲ အကြွင်းမဲ့ ယုံကြည်လက်ခံမိ သည်။ ဤရခိုင်ဝေသာလီမြို့တော်ကို တည်ထောင်သည့် မဟာစန္ဒြားမင်း ကြီး၏ သမီးတော် "စောနန္ဒီ" ခေါ် စောပြည့်ညိုနှင့် သီရိစန္ဒြားမင်းကြီး၏ သမီးတော် "သုဝဏ္ဏဒေဝီ" ခေါ် စောပြည့်ညိုဟူ၍ ဝေသာလီ မင်းသမီး နှစ်ပါးရှိရာတွင် "သုဝဏ္ဏဒေဝီ" ခေါ် စောပြည့်ညို၏ အကြောင်းသာ ဖြစ်ပါ သည်။

## စာပေပညာရှင်

သုဝဏ္ဏဒေဝီ ခေါ် စောပြည့်ညိုသည် ကဝိကဏ္ဍပါသနကျမ်းနှင့် ကဝိဂန္ဓကျမ်းဖြစ်သော ကဗျာလင်္ကာဖွဲ့ဆို ရေးစပ်နည်း ကျမ်းနှစ်စောင်ကို ပြုစု ခဲ့သည်။ အိန္ဒိယပြည်မှ ကဗျာ့ဝိဒူ ကာလီဒါသဆရာကြီး ပြုစုစီရင်သော ကဗျာကျမ်း (၁၂)ကျမ်းတို့တွင် သုတဗောဓ(သျှုတဗောဓ)အမည်ရှိ ကဗျာကျမ်းရင်းမှာ သီရိစန္ဒြားမင်းကြီးလက်ထက်တွင် ရခိုင်ဝေသာလီ သို့ ရောက်ရှိလာခဲ့သည်။

မူလသက္ကတကျမ်းကို ရခိုင်အက္ခရာဖြင့် ဘာသာပြန်ဆိုခဲ့သည်။ ထိုကျမ်းကိုမှီငြမ်း၍ ကဗျာစီကုံးခြင်း အတတ် ပညာကို ကျယ်ကျယ်ပြန့်ပြန့် တတ်ကြစေရန်ရည်သန်၍ ကတိကဏ္ဍပါသနကျမ်းနှင့် ကတိဂန္ဓ (အလင်္ကာ ဆန်းကျမ်း)ကို ပြုစုခဲ့သည်။[၁]

လက်နှိပ်စက်မူများအဖြစ် တွေ့ရှိနိုင်သည်။ ပေမူများမှာ အမျိုးသား စာကြည့်တိုက်မူ၊ မန္တလေး ခင်မကန်တိုက်မူ၊ စစ်တွေ ဦးစံရွှေဘုမူ၊ မြောက်ဦးမြို့ ဦးသာထွန်းအောင်မူအဖြစ်ရှိကြပြီး ပုံတူကူးမူအဖြစ် ဆရာမင်းသုဝဏ်နှင့် ဦးစံသာအောင် မူများကို တွေ့ရသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင်လည်း ကဝိကဏ္ဍပါသနကျမ်း ပေမူရှိနေသည်။ မြောက်ဦးမြို့ ဦးသာထွန်းအောင် ထံတွင် ကဝိဂန္ဓကျမ်းပေမူ တစ်ပိုင်းတစ်စရှိနေကြောင်း သိရသည်။

ဝေသာလီခေတ်တွင် ပါဠိဘာသာ၊ သက္ကတဘာသာတို့မှ ရခိုင်ဘာ သာသို့ ပြန်ဆိုထားသော ကျမ်းပေါင်းများစွာ ရှိခဲ့ရာ ယင်းအနက်စာနကျ အမတ်ကြီး၏စာနကျနီတိကျမ်း၊ ကြမ္မာဒိုက်မင်းကြီးဝတ္ထု၊ မနုဓမ္မသတ် ကျမ်းတို့မှာ လူသိများ သော ကျမ်းဖြစ်ကြသည်။

ထိုခေတ်တွင် စာဆိုတော်များပေါ်ထွန်းခဲ့သည်။ ယင်းအနက် သုဝဏ္ဏဒေဝီ၊ မေဓပညာအမတ်ကြီး၊ စစ်တကောင်း စား ဝိမလ၊ သံတွဲမြို့စား အမတ်ကြီးဓမ္မဓေယျတို့မှာ ထင်ရှားခဲ့သည်။ ရှေးဦးစွာ သုဝဏ္ဏဒေဝီ၏ ရကန်ကဗျာ ကို အမိပ္ပာယ် ဖွင့်ဆိုရေးသားပါမည်။

## နှစ်လုံးသားထဲမှကဗျာ

ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်းကြီးသည် သားတော်သိင်္ဂစန္ဒြား မင်းသားနှင့် သမီးတော် သုဝဏ္ဏဒေဝီ (စောပြည့်ညို)ကို ကောဇာသက္ကရာဇ် (၅၅၅)ခုနှစ် ခရစ်နှစ် (၆၃၅)တွင် ထိမ်းမြားလက်ထပ်၍ အိမ်ရှေ့အရာအပ် နှင်းခဲ့၏။ ထိမ်းမြားလက်ထပ်၍ (၂)နှစ်မြောက် သုံးနှစ်သို့ တစ်လအဝင်တွင် အနောက်သူရတန်ပြည်၊ အိန္ဒိယပဆာမင်းသည် အခွန်ဆက်မြဲမဆက် ပုန်ကန်ခြားနားမှု ပြုလေသောကြောင့် အိမ်ရှေ့ဥပရာဇာသိင်္ဂစန္ဒြားသည် ဘခမည်းတော်၏

အမိန့်အရ အမတ်ပေါင်းတစ်ထောင်ခြံရံ၍ အနောက်ပြည် သို့ စစ်ချီထွက်ခဲ့ရလေသည်။

ထိုအချိန်တွင် သုဝဏ္ဏဒေဝီမှာ (၁၆)နှစ်အရွယ် ရှိခဲ့လေပြီ။ သိင်္ခစန္ဒြား ကိုယ်တော်ကြီးမှာ ဘခမည်းတော်၏ အမိန့်အရ ဝေသာလီသို့ ပြန်လာခွင့်မရဘဲ အမတ်ပေါင်းတစ်ထောင်နှင့်အတူ ဘင်္ဂါ(၁၂)မြို့ကို အုပ်ချုပ်စီမံကွပ် ကဲနေရသဖြင့် သုံးနှစ်ကာလ ကြာမြင့်နေခဲ့သည်။

သုံးနှစ်ပြည့်ပြီး၍ တိုင်းရေးပြည်ရာများ စိတ်ချရသောအခါ သားတော် သိင်္ခစန္ဒြားကိုယ်တော်ကြီးမှာ ဘခမည်း တော်၏အမိန့်အရ ဝေသာလီသို့ ပြန်လာခွင့်မရဘဲ အမတ်ပေါင်းတစ်ထောင်နှင့်အတူ ဘင်္ဂါ(၁၂)မြို့ကို အုပ်ချုပ် စီမံကွပ်ကဲ နေရသဖြင့် သုံးနှစ်ကာလကြာမြင့်နေခဲ့သည်။

သုံးနှစ်ပြည့်ပြီး၍ တိုင်းရေးပြည်ရာများ စိတ်ချရသောအခါ သားတော် သိင်္ခစန္ဒြားကိုယ်တော်ကြီးကို ဖခမည်းတော် သိရိစန္ဒြားမင်းကြီးသည် ဝေသာလီသို့ပြန်လာရန် ဆင့်ခေါ်လေတော့သည်။

ဘခမည်းတော်၏ အမိန့်တော်မြတ်နှင့်အတူ သူမ၏ရင်ထဲတွင် သိမ်း ဆည်းထားရသော သုံးနှစ်ကာလအလွမ်းကို ကဗျာဖွဲ့၍ စေလိုက်တော့ သည်။

ဤ၌ အမိပ္ပာယ်ရသပေါ်လွင်အောင်နှင့် အကြောင်းအရာများ ရှေ့နောက်ညီညွတ်စေရန် ကဗျာ၏ဒုတိယပိုဒ်မှ စတင်၍ အဓိပ္ပာယ်ဖွင့်ဆိုပါမည်။ ကဗျာရသ ပို၍ပေါ်လွင်စေရန်နှင့် သုတေသီများ ဗဟုသုတရှာမှီးသူများ မိမိနှစ်သက်ရာ ကဗျာပိုဒ်ကို ရွေးထုတ်မှတ်သားနိုင်စေရန် ခေါင်းစဉ်တပ်၍ တစ်ပိုဒ်စီ ရှင်းလင်းတင်ပြပါမည်။

## ချစ်ကြွေးမတင်

တောင်ညာမဟေသွေး၊ နှစ်ပါးမောင်စုံ၊ ဘုန်းရိပ်လှုံသည်၊
ပဒုံကြာနံ့မွှေး၏၊ ချစ်ကြွေးမတင်ခင်၊ ဆယ့်သုံးနှစ်ဝယ်၊
ငယ်ရွယ်စဉ်တုန်းကပင်တည်း ဘနတ်ရှင်လောင်းဘုရား၊
*ခြားဝမ်းမကွာ၊ ရင်းချာမောင်နှစ်ပါးကို ပေးမြားစုလျားတင်။*

တောင်ညာစံမိဖုရားကြီး၏ ရင်သွေးတော်ဖြစ်၍ ပဒုမ္မာကြာနံ့မွှေးသကဲ့သို့ ဂုဏ်သတင်းမှာ သင်းပျံ့ကြိုင်လှိုင် နေသည်။ ချစ်ဖို့မတတ်ခင် ငယ်ရွယ်စဉ်ကာလ (၁၃)နှစ်သမီးအရွယ်မှာ ဖခမည်းတော် သိရိစန္ဒြားမင်းကြီးမှ မောင်နှမအရင်း အချာဖြစ်သော မောင်တော်သိင်္ခစန္ဒြားကိုယ်တော်ကြီး နှင့် ထိမ်းမြားလက်ထပ်ပေးခဲ့ကြောင်း ဖွဲ့ဆိုထားလေသည်။

## သုံးနှစ်ဝင်ရာသီ

သုံးနှဏ်ဝင်ရာသီမှာ၊ ကုလားနေပြန်၊ သူရတန်က၊ အားအန်ပြ တုံ၊လာ၍ ခွန်ဘဏ္ဍာဆက်မသွင်း၊ ဥပရာဇ်ရှင်၊ မယ်ထိပ်တင် ကို၊အလျှင်ချီစေလျှင်းဟု သောင်းတွင်းဇမ္ဗူပိုင်၊ အာဏာမိန့် မြတ်၊ဘမင်းနတ်က၊အမတ်တစ်ထောင် များမြောက် လက်နက် ကိုင်နှင့်။

ထိမ်းမြားလက်ထပ်၍ (၂)နှစ်မြောက်ပြီး သုံးနှစ်သို့ တစ်လအဝင်တွင် အနောက်သုရတန်ပြည် အိန္ဒိယပဆာမင်း သည် အခွန်ဆက်မြဲ မဆက်ပဲ ပုန်ကန်ခြားနားမှုပြုလေသောကြောင့် အိမ်ရှေ့ပရာဇာသိင်္ခစန္ဒြားသည် ဖခမည်းတော်၏ အမိန့်တော်အရ အမတ်ပေါင်းတစ်ထောင်ခြံရံ၍ အနောက်ပြည်သို့ စစ်ချီထွက်ခဲ့ရလေသည်။ ထိုအချိန်တွင် သုဝဏ္ဏဒေဝီမှာ (၁၆)နှစ် အရွယ် ရှိခဲ့ပြီဖြစ်၏။

မြေသိမ့်သိမ့်ကျန်း
တောင်မဏ္ဍိုင်ပြိုခမန်း၊ ဆင်မြင်းစစ်ခြေ၊ ပဲ့တင်ပေသည်၊
ဤမြေသိမ့်သိမ့်ကျန်းမျှ၊ နန်းအိမ်ရှေ့သခင်၊ နံတော်ကမူ၊
စတူရပါဒ်၊ နက္ခတ်အထွန်း၊ ကျီးကန်းတာရာ၊ ဟသ်ာအထွက်၊
စစ်ဘက်ချီသည်လျှင်တည့်။

အမတ်ပေါင်းတစ်ထောင်နှင့် စစ်သည်များစွာတို့သည် လက်နက်များ စွဲကိုင်လျက် စစ်ထွက်သွားကြသည်မှာ တောတောင်များပြိုကျတော့မည့် အတိုင်း ကမ္ဘာမြေကြီးတုန်ဟီးသွားကြောင်း ကျီးကန်းတာရာကုန်ဆုံး၍ ဟသ်ာတာရာသို့ အရောက်ဟုဆိုသဖြင့် တန်ဆောင်မုန်းလအကုန် နတ်တော်လဆန်းတွင် မိဂသီစန်းပြည့်နက္ခတ်ယှဉ်သောအချိန်၌ စစ်ချီ ထွက်ကြသည်ဟု ဆိုလိုသည်။

## ခရိုင်တစ်လွှား

နောက်ခွင်မောက်သူဇာ၊ ခရိုင်တစ်လွှား၊ အပိုင်စားသည်၊ စကားသုံးကြိမ်ကြာခဲ့၊ တောင်တာကို ချင့်တွက်ပြန်၊ မယ်တို့ စံမြန်း၊ ရွှေဘုံနန်းနှင့်၊ ဂဏန်းသချ်ာ၊ ယူဇနာ၊ နဝါဒသမှန်၏။

သူရတန်မင်းသည် ကြောက်ရွံ့ထိတ်လန့်ခြင်းများစွာဖြစ်လျက် အညံ့ခံ လက်နက်ချကာ၊ များစွာသောလက်ဆောင် ပဏ္ဏာတို့ကို ဆက်သလေသည်။ သို့ဖြစ်၍ ဒက္ကား၊ မောက်သူဇာဘင်္ဂ(၁၂)မြို့ကို အလွယ်တကူ သိမ်း ပိုက်နိုင်ခဲ့သည်။

အနောက်သူရတန်ပြည်တွင် ဒံရမာဇာလီ၊ ဒူရဘီတို့နှင့် ပျော်မွေ့နေခြင်း ကြောင့် သုံးနှစ်ကြာသည်ကား မဟုတ်ရပေ။ ကဗျာတွင် "နောက်ခွင် မောက်သူဇာ၊ ခရိုင်တလွှား၊ အပိုင်စားသည်" ဟု ဆိုခြင်းကြောင့် တိုင်းရေး ပြည်ရေး အခြေအနေအရ ဘင်္ဂ(၁၂)မြို့ကို အမတ်တစ်ထောင်နှင့်အတူ အုပ်ချုပ်နေခြင်းသာ ဖြစ်ဖွယ်ရှိသည်။

အိမ်ရှေ့မင်းသားတစ်ဦးသာဖြစ်၍ မိမိနေချင်တိုင်း နေထိုင်၍ မရနိုင် ပေ။ ဘခမည်းတော်၏ အမိန့်အာဏာ မရရှိ၍ ရခိုင်ဝေသာလီသို့ မပြန်နိုင်ခြင်းသာ ဖြစ်နိုင်ရာသည်။ စကားပန်းများ သုံးကြိမ်ပွင့်၍ သုံးနှစ်ကြာခဲ့ပြီ။ သုဝဏ္ဏဒေဝီ မှာလည်း (၁၉)နှစ်အရွယ်သို့ ရောက်ခဲ့ပြီဖြစ်၏။

ရခိုင်ဝေသာလီနှင့် မောက်သူဇာမှာ (၁၉)ယူဇနာ ကွာဝေး၏။ ယခု မိုင်အားဖြင့် မိုင်ပေါင်း သုံးရာကျော် ကွာဝေးသည်။

ဘင်္ဂ(၁၂)မြို့ကို အနောက်ခွင့်ဟုခေါ်၍ ကျိန်တလီမှ ဂွမြို့ဘက်ပိုင်းကို တောင်ခွင်ဟု ရှေးကခေါ်ဆို၏။ ထို့အပြင် မအီချောင်း၊ လမူးချောင်း၊ တန်းလွဲချောင်း၊ တောင်ကုတ်ချောင်း၊ သူငွေးချောင်း၊ သံတွဲချောင်း၊ ပုဏ္ဏန်ဖြေ ချောင်းတစ်လျှောက် နယ်မြေကို တောင်စဉ် (၇)ခရိုင်ဟု သတ်မှတ်သည်။

ခရိုင်ဟု ရခိုင်များမှခေါ်ဆိုခြင်းမှာ ထီးတွင်ခရိုင်ဟု ခေါ်သော ထီးအုံ ရှိသည်။ ထိုထီးအုံပင်မှ ထီးကိုင်းလေးများ ဖြာ၍ကျနေသည်။ ယင်းကဲ့သို့ ချောင်းများဖြာ၍ စီးဆင်းသွားသည့်နေရာကိုအစွဲပြုကာ ခရိုင်ခေါ်ဆိုကြောင်း မှတ်သားရ သည်။ သို့ဖြစ်၍ ရခိုင်ဝေသာလီခေတ်တွင် ခရိုင်ဟု သုံးစွဲနေပြီကို တွေ့ရှိရ၏။ တောင်ကုတ်မြို့နယ်တွင် ချောင်းပေါင်း သုံးဆယ်ကျော် ပေါင်းဆုံစီးဆင်းနေသော မြစ်တစ်ခုရှိသည်။ ယင်းမြစ်ကို ခရိုင်မြစ်ဟု ခေါ်တွင်ကြသည်မှာ ယခုတိုင်အောင် ပင် ဖြစ်၏။

## ဆုတောင်း၊ ဆုယူ

*လျှင်မြန်ပြန်စေကြောင်း၊ ဆုတောင်းဆုယူ၊ သိမ့်သိမ့်ဆူသည်၊ ရှင်လူများ အပေါင်းတည်း၊ နန်းလောင်း မယ့်သခင်၊ အောင်ပန်း စိုက်ထောင် ဘုန်းခေါင်ပြန်စေချင်သည်၊ လျှောက်တင်ကာ ပန်စွတကား။ ။*

ရခိုင်ဝေသာလီမြို့တော်၌ ထိုအချိန်တွင် သီဟိုဠ်မှ သံဃာတစ်ထောင်၊ ရခိုင်မှ သံဃာတစ်ထောင် ပေါင်းသံဃာ နှစ်ထောင်တို့သည် သရက်ချို တောင်တော်၌ သင်္ဂါယနာတင်ပွဲ ကျင်းပနေချိန်ဖြစ်၏။ သင်္ဂါယနာတင်ပွဲ တော်ကြီးမှာ ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များတို့ဖြင့် သိမ့်သိမ့်ဆူမျှ စည်ကား နေကြသည်ဖြစ်၍ မောင်တော်ပြန်လာစေချင်သည်။ လျှောက်တင်ရသူမှာ ပင်ပန်းလှပါကြောင်း ဖွဲ့ဆိုထား၏။

သူမ မည်မျှပင်လာစေလို၍ လျှောက်တင်သော်လည်း၊ မင်းကြီး အမိန့်အာဏာမရရှိ၍ မလာနိုင်ခြင်းနှင့် တိုင်းရေးပြည်ရေးမှာ စိတ်မချရသေး၍ မပြန်ဖြစ်သည်မှာ တတိယကဗျာပိုဒ်တွင် တွေ့မြင်ရမည်သာ ဖြစ်၏။

## သိကြားမင်းကိုမှာ

*နောက်ခွင်ကြာလွန်း၊ ရာသီစွန်းလျှင်၊ ရစ်သန်းလှည့်ကာ၊ ရှစ်ဖြာ အုံ့လာကြိုး၊ အာကာတိမ်းညွှတ်၊ ပြိုလတ်ဘိသွင်၊ မယ်လျှင် လက်ကိုမိုး၍၊ ကြောက်စနိုးညှိုးမျက်နှာ လက်ရွှေဖြန့်ထား၊ သိကြားကို လျှောက်မှာ၏။*

မောင်တော်ဥပရာဇာမှာ အနောက်ခွင်တွင် ကြာမြင့်ခဲ့ပါပြီ။ ရာသီစက်ဝန်း လှည့်လည်ပြီးရောက်ရှိခဲ့တဲ့ မိုးဥတု ရာသီကာလတုံးကဆိုလျှင်ဖြင့် အရပ်ရှစ်မျက်နှာမှာ မိုးများအုံ့ဆိုင်းပြီး ကောင်းကင်တစ်ခုလုံး မဲမှောင်နေတော့ မျက်နှာညှိုးငယ်ပြီး ကြောက်စိတ်တွေဝင်ခဲ့မိသည်။

ကြောက်လွန်းလှသဖြင့် နှမတော်၏လက်ဖဝါးနုနုလေးကို မိုးကာထားလိုက်ပြီး နှမတော်၏ဖြစ်အင်ကို

မောင်တော်ဥပရာဇာမြင်လှည့်ပါစေ၊ နတ်သိကြားရယ် ကူညီပေးပါဟု မှာကြားလျှောက်တင်မိခဲ့ကြောင်း သူမ၏ အလွမ်းကို ဖော်ကျူးပြလိုက်လေတော့သည်။

ဒုတိယအပိုဒ်ကို ရှေးဦးစွာဖော်ပြပြီးနောက် ပထမအပိုဒ်ကို တင်ပြပါရစေ။

## သိန်ကန်မိန်တွင်

သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို၊ လွမ်းပင်စည်မြင့်၊ ကြာရှည် တာအကူး၊ တပေါင်းမင်းလွင်၊ ရွက်ကြင်တောင်လေ မြူးက၊ ပြိုက်သွယ်နူးစီးသွင့်ဖြာမတတ်သာချေ။ ဤအထွေထွေကို၊ ကြည့်လေသမျှသာတည့်။

သိန်ရာသီ ဝါခေါင်လ၊ ကန်ရာသီ တော်သလင်းလနှင့် မိန်ရာသီ တပေါင်းလ စသည်ဖြင့် (၁၂)လရာသီတို့ ကာလပတ်လုံး မောင်တော်အား သတိရလွမ်းဆွတ်တမ်းတနေပါသည်။ ချစ်ရတစ်ရက် လွမ်းရက်တစ်ရာ ဆိုသကဲ့သို့ လွမ်းရတဲ့အလွမ်းရက်များလည်း ကြာရှည်ခဲ့ပါပြီ။

တပေါင်းလအချိန်ရာသီမှာဆိုလျှင် မင်းလွင်မြူတိမ်များမှာ လေ၏ခေါ် ဆောင်ရာသို့ ဟိုမှဒီမှ တွယ်ရာမဲ့သွားလာနေကြသည်။ ထိုမင်းလွင် မြူတိမ်များကဲ့သို့ နှမတော်၏စိတ်အစဉ်မှာလည်း မင်းလွင်မြူတိမ်များနှင့်အတူ လွင့်ပါးမျောပါနေ၏။

မြင်မြင်သမျှအရာအားလုံးတို့သည် ပျော်ရွှင်စရာအဖြစ်မတွေ့ရဘဲ လွမ်းဆွေးစရာများသာ ဖြစ်နေ၏။ မလွမ်းမဆွေးတော့ပါဘူးဟု အားတင်း ထားသော်လည်းပဲ၊ အားတင်းကာ ကြိတ်မှိတ်ထား၍ မတတ်နိုင်ရှာတော့။ စမ်းရေပမာ မေ့မျက်ရည်များသည်ဖြင့် ပါးပြင်မို့မို့မှာ စီးဆင်းနေခဲ့ပါပြီ။ မောင်တော်ဘုရားရယ်ဟု ကဗျာတွင် ဖော်ကျူးတင်ပြလိုက်သည်။

## အစာခွံ့တုံ့ရှင်

*ပင်တိုင်းမှာ ရွက်ညှာကြွေ၊ လေပြင်း ခတ်လစ်၊ ပရစ်ဝေဝေနှင့် ငှက်ရွှေမောင်နှံ့စုံ၊ လွှဲလည်ခြင်းယှက်၊ ပန်းနှစ်ခက်ကို၊ ယူလျက် နှုတ်ဝယ်ငုံ၍၊ စာခွံ့တုံ့ရွှင်နှစ်လို့၊ တထူးထွေလာ၊ ဘာသာလူ လို၊ မ-ကိုနှုတ်ဖြင့်တို့၍၊ ဤသို့ချစ်ဖွယ်ဆင်၊ ရာသီခွင်ဆယ့် နှစ်လမ်း၊ ငြမ်းလိုအညီ မိဂသီပင်၊ ရှေ့ဆီမြင်သော်၊ စက်ခွင်မှာ ယောင်ယမ်းခဲ့။*

တပေါင်းတကူး၊ လေရူးက တသုန်သုန်ဆိုသည့်အတိုင်း လေရူးတို့ ဟိုပွေဒီပွေတိုက်ခတ်သဖြင့် ရွက်ဝါများလည်း ဟိုကြွေဒီကြွေဖြင့် မြေအပြင် ၌ ပြန့်ကြဲနေကြပြီး၊ ရွက်ဝါများကြွေပြီး၍ ရွက်သစ်ထွက်ရန် ပရစ်ဖူးလေး များဖြင့် ဝေဝေဆာနေကြ၏။

သစ်ပင်ထက်မှ ငှက်မောင်နှံ့တို့ဟာဆိုရင် လည်ခြင်းယှက်လို့ ကြင်နာ ယုယစွာ အစာကိုခွံ့ကာ ကျွေးနေကြ၏။ လူသားများကဲ့သို့ ငှက်ဖိုက ငှက်မကို နှုတ်သီးဖြင့် တို့၍တို့ကာ ကျီဆယ်နေကြသည်။ ဤဖြစ်အင်ကို ငေးမောကြည့်မိပြီး မောင်တော်မှ နှမတော်အပေါ် ကြင်နာယုယခဲ့ပုံများကို မြင်ယောင်နေမိပါပြီ။

ရာသီ (၁၂)လမှာ မိဂသီနက္ခတ်နှင့်ယှဉ်သည့် နတ်တော်လသို့ ရောက် ရှိပါပြီ။ ပန်းသဇင်တို့လည်း ဝေဝေဆာဆာဖူးပွင့်နေချိန် သင်္ဂါယနာတင်ပွဲ တော်မှာ အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ရှိရန် နီးကပ်နေပြီဖြစ်၍ ပွဲတော်ကြီးအောင်ပွဲအထိမ်းအမှတ်အမီ မောင်တော်အရောက်လှမ်းလာခဲ့ပါလို့ နှမ တော်၏ နှုတ်ခမ်းအစုံက ယောင်ယမ်းကာ တိုးတိုးလေးအသံထွက်ပြီး တမ်းတနေပါကြောင်း အလွမ်းကို ဆင့်၍ဆင့်ကာ ဖော်ကျူးပြန်သည်။

ကြာလေဟန်မူ

*ထောက်လှမ်း မစာနာ၊ ပညာအထု၊ မြတ်သူ့ ကြည့်မှန်၊ ကြာလေဟန်မူ၊ သူရတန်မင်း၏ သွေး၊ ဒန်ရမာဇာလီ၊ ဒူရဘီ နှင့်၊ ချစ်ညီတူကြရေးကို နောက်မေးမလျှောက်လို၊ နေလည်း နှစ်ဆင့်၊ နှစ်ပွင့်စုံညီ၊ မဒ္ဒီရှေးအဟိုတို့။*

အနောက်သူရတန်ပြည်မှာ ကြာနေရတဲ့အကြောင်းရင်းကို တွေးဆစဉ်းစားကြည့်မိတော့၊ ဒန်ရမာဇာလီ၊ ဒူရဘီအမျိုးသမီးနှစ်ဦးနှင့် ပျော်ပါး နေသလားဟု ထင်မြင်ယူဆမိကြောင်းနှင့် ထိုအကြောင်းတို့ကိုလည်း သံသ ယစိတ်ဖြင့် မေးမြန်းစုံစမ်းမှုကို မပြုလုပ်လိုပါ။ ရှေးတုန်းက အလောင်းတော် ဝေသန္တရာမင်းကြီးနှင့် မယ်မဒ္ဒီမိဖုရားတို့ကို စံပြုကာ အတုယူထားတာကြောင့် သစ္စာပျက်ယွင်းမည့်သူများ မဖြစ်နိုင်ကြပါဟု ဇာတ်နိပါတ်တော်ဖြင့် ဖော်ပြလေ၏။

အနောက်သူရတန်ပြည်မှ တိုင်းရေးပြည်ရေးကိစ္စကြောင့် ကိုယ်တိုင် အုပ်ချုပ်၍ ကြာနေရခြင်းဖြစ်သော်လည်း ခေတ္တခဏတာမျှ တစ်ခေါက်တ လေ ပြန်မလာခြင်းမှာ မူဒန်ရမာဇာလီ ဒူရဘီအမျိုးသမီး (၂)ဦးနှင့် ပျော်ပါးနေလို့များ

ကြာနေသလား မေးလည်း မမေးလိုပါဘူးဟု မိမိ၏ခင်ပွန်းကို မိန်းမတို့၏သဘာဝအရ တမင်မဲ့ရွဲ့ ပြောထားခြင်းဖြစ်လေသည်။

"နီလေ့နှစ်ဆင့်၊ နှစ်ပွင့်စုံညီ၊ မဒ္ဒရီအဟိုရို့" ဟူသော ကဗျာပိုဒ်အရ ရှေးအခါတုန်းက အလောင်းတော်ဝေဿန္တရာမင်းကြီးနှင့် မယ်မဒ္ဒီမိဖုရား တို့ကို စံပြအတုယူကာ သစ္စာပြုထားခဲ့တဲ့ ဇနီးမောင်နှံကြောင့် သစ္စာပျက်ယွင်းမည့်သူများ မဖြစ်နိုင်ကြပါဟု ဇာတ်နိပါတ်တော်ဖြင့် ဖော်ပြလေသည်။

"မဒ္ဒီရှိ အဟိုရို့" ကဗျာပုဒ်က "ဒန်ရမာဇာလီ၊ ဒူရဘီနှင့် ချစ်ညီတူ ကြစေရေး နောင်မေးမလျှောက်လို့" ဆိုသော စကားကို ချေဖျက်ထားသည်ဖြစ်ရာ တကယ်ဆိုရင် မဟုတ် သံသယဝင်သော သံသယဖြင့်ခန့်သော စကားသာ ဖြစ်ချေသည်။ နောက်ကဗျာပိုဒ်များတွင် ပို၍သဘောပေါက်လာ လိမ့်မည်။

## ရှင်းလင်းချက်

အချို့ဆရာများမှ သူရကန်ပြည်တွင် သားတော်နှစ်ပါးပင် ထွန်းကားခဲ့ကြောင်း ထူလစန္ဒြား၊ ကာလစန္ဒြား (ကုလစန္ဒြား)ဟုပင် အမည်တွင် ကြောင်း ဆိုကြသေးသည်။

ဆရာတော် ဦးဉာဏ၏ မဉ္ဇုဝတီရာဇဝင်သစ်ကို လက်ကိုင်ပြု၍ ဖြေရှင်းရပါမူ မဟာစန္ဒြားမင်း၏သား သူရိယစန္ဒြား ၎င်းသားမောလစန္ဒြား ၎င်းသား ပေါလစန္ဒြား ၎င်းသား ကာလစန္ဒြား (ယင်းကာလစန္ဒြားကို အချို့ ကျမ်းတို့၌ ကုလစန္ဒြားဟု တွေ့ရသည်) ၎င်းသား ထူလစန္ဒြားကို အချို့ ကျမ်းတို့၌ ကုလစန္ဒြားဟု တွေ့ရသည်) ၎င်းသား ထူလစန္ဒြား ၎င်းသား သီရိစန္ဒြား၊ သီရိစန္ဒြားသား တော်သိင်္ဂစန္ဒြား၊ သိင်္ဂစန္ဒြားနှင့် သုဝဏ္ဏဒေဝီ စောပြည့်ညိုတို့၏ သား တော်စူဠစန္ဒြားဟု ဖော်ပြထားပေသည်။

သိင်္ဂစန္ဒြားကိုယ်တော်ကြီးသည် သူရကန်၏ သွေးနှောသည့် ယင်းနှစ် ဦးကို မိမိ၏အဘိုး အဘေးအမည်များကို မှည့်မည်မဟုတ်ပေ။ ဤမျှ အောက်တန်းကျသည့်အလုပ်ကို လုပ်မည်လည်း မဟုတ်ပေ။ သီရိစန္ဒြား မင်းကြီးက မိမိ၏ဖခမည်းတော်အမည်နှင့် ဘိုးတော်၏ အမည်ကိုထည့် သော သိင်္ဂစန္ဒြားကို ခွင့်လွှတ်မည်လည်း မဟုတ်ပေ။

ယင်းခေတ်အခါကာလ အရိုအသေလေးစားမှုဖြင့်လည်းကောင်း၊ သြ ဇာသက်ရောက်မှုကြောင့်လည်းကောင်း အမည်နာမကိုပင် ထုတ်ဖော်ပြော သောအခါကာလ မဟုတ်ပေ။ ယင်းကြောင့် သားတော်နှစ်ဦးဖွားမြင်ကြောင်း၊ ထူလစန္ဒြား၊ ကာလစန္ဒြား (ကုလစန္ဒြား)အမည်တွင်ကြောင်းဆိုခြင်းမှာ လုံးဝ ဖြစ်နိုင်စရာ မရှိပေ။ သူရကန်သမီးနှစ်ဦးနှင့် ညားသည်ဆိုခြင်းမျှကိုပင် ကဗျာကိုကြည့်၍ မှန်းရမ်းဖော်ပြရေးသားခြင်းသာ ဖြစ်၏။

ဤကဗျာဤ၌ "မြတ်သူ့ကြည့်မှန်၊ ကြာလေဟန်မူ" ဟု ဆိုထားသည့်အပြင် "ချစ်ညီတူကြရေးကို၊ နောက်မေးမလျှောက်လို" ဟူ၍လည်းဖော်ပြထားရာ ဒန်ရမာဇာလီ၊ ဒူရဘီနှင့် ပျော်ပါးလို့ ကြာနေသလား မေး လည်း မမေးလိုပါဘူးဟု မိမိခင်ပွန်းကို တမင်မဲ့ရွဲ့၍ ပြောထားခြင်းဖြစ် ကြောင်း မိန်းမတို့၏ စိတ်ရင်းသဘောထားကို ပေါ်လွင်စေသည်။

## ရာဇာမျိုးရိုးမြတ်

*တောင်ကျွန်းညိုလောကခါတ်၊ တိုင်းမဇ္ဈိမာ၊ ယင်းကဖြာသည်၊ ရာဇာမျိုးရိုးမြတ်၏၊ ဆက်မပြတ်သိမ်းယူခံ၊ ဘီကအထက်၊ နွယ် မပျက်သည်၊ ကနက်ဖြန့်ကာစံ၏၊ ရှစ်တန်ပလ္လင်ရိုး၊ ဘိုးက ဆက်ခံ၊ ဘနန်းစံသည်၊ နန်းရံတို့အမျိုးတည်း။*

နှမတော်တို့မျိုးရိုးဇာတိဟာဆိုရင် မဇ္ဈိမတိုင်းက စလာခဲ့ပါသည်။ ပလ္လင်ရှစ်ခန်းမှာ ကနက္ကဒါန်ထီးဖြူတော်ဖွင့်လို့ အဘီတော်က အစ ဘိုးတော်၊ ဘိုးတော်မှတစ်ဆင့် ဖခမည်းတော်စသည်ဖြင့် အဆက်ဆက်နန်းစံခဲ့သော မင်းမျိုးမင်းနွယ်ဖြစ်၍ အမျိုးမြတ်သူများဖြစ်ကြောင်းကို ကဗျာဖြင့် ဂုဏ်တင် ထားသည်။

## မျိုးသာကီ

*ကတိုးအနံ့လို၊ သင်းပျံ့မွှေးကြိုင်၊ ရှစ်ရပ်လှိုင်သည်၊ မဏ္ဍိုင် ချက်မြုတ်သို့၊ ပြည်နဂိုရ်၊ ဝေသာလီ၊ ဉာနှစ်ခန်း၊ နှစ်ပြည်မြန်း သည်၊ ထီးနန်းအလီလီတည့်၊ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်း ရှည်ကြာ၊ မဟာနွယ်ရိုးတက်၏၊ မယုက်မနှောပြီ၊ ရှစ်သောင်း အချာ၊ ဆက်ကာစိုးစံ၊ နန်းရံမယ့်ဌာနီသို့၊ ရာသီမစွန်းခင်၊ အောင်စည်ရွှမ်း၍၊ စက်ပန်းဖြန့်စေချင်သည်၊*

*နောက်ခွင်ကြာ လွန်းစွတကား။*

ဘီ၊ ဘိုးကစ၍ မျိုးနွယ်မပျက်ဘဲ တိုင်းမဖွဲ့မမှ ဆင်းသက်လာသော မင်းမျိုး၏ကောင်းသတင်းမှာ ကတိုးအနံ့ကဲ့သို့ အရပ်ရှစ်မျက်နှာမှာ မွှေးကြိုင်ပျံ့နှံ့နေ၏။ ဓညဝတီ၊ ဝေသာလီနှစ်ပြည်တို့၏ ဇာတိချက်ကြွေဖြစ် ကြောင်းနှင့် စဉ်ဆက် မပျက်၊ နှစ်ပေါင်းများစွာကပင် မဟာနွယ်မျိုး ဘယ်သွေးမျိုးနှင့်မှ ရောယှက်ခြင်းမရှိခဲ့ကြောင်း၊ နတ်တော်လ ဓနုရာသီ မကုန်မီ အရောက်ပြန်လာခဲ့စေလိုပါသည်။ အနောက်ခွင်မှာ ကြာနေပြီ၊ မယ့်ဆီသို့ ပြန်လာခဲ့ပါတော့ဟု မှာကြားလိုက်၏။

ကဗျာတွင် "မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်ရိုးတတ်၏။ မယှက်မနှောပြီ" ဟု ဖွဲ့ဆိုထား သည်ဖြစ်ရာ ဒန်ရမာဇာလီ ဒူရဘီနှင့် ပျော်ပါးနေကြောင်း သတင်းစကားအရ ကြားသိရသော်လည်း အမျိုး မရောမယှက်ဘဲ သာကီအမျိုးအနွယ်ဝင်ဖြစ်၍ ထိုသတင်းစကားမှာ မမှန်နိုင်ကြောင်း၊ မောင်တော်သည် မိမိအမျိုးကို ထိုသတင်းစကားမှာ မမှန်နိုင် ကြောင်း၊ မောင်တော်သည် မိမိအမျိုးကို စောင့်ရှောက်မည့်သူသာ ဖြစ်နိုင်ကြောင်း ပရိယာယ်ဖြင့် သွယ်ဝိုက် လျှောက်ထားချက်ကို အတွင်းကျကျလေ့လာလျှင် သိမြင်နိုင်မည်။

ဝေသာလီမြို့တော်ကို စတင်တည်ထောင်သော မဟာစန္ဒြားမင်းကြီးသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသဖြင့် ပြည်ထောင်ဘက်မင်းတို့မှ သမီးကညာ ဆက်သလာကြ၏။ ထိုမင်းကြီးတွင် သူရိယစန္ဒရားအမည်ရှိသော သားတော် တစ်ပါး ရှိသည်။

သားတော်သူရိယစန္ဒရားအား ဆက်သလာသော သမီးကညာအချို့ နှင့် ထိမ်းမြားလိုသဖြင့် ပညာရှိအမတ်တို့အား မေးမြန်းတိုင်ပင်ဖူးသည်။ ပညာရှိအမတ်သောင်ထီးစား ဥတ္တမသီရိကျော် လျှောက်ထားသည်မှာ-

"ပတ္တမြားကျောက်ကောင်းတို့တွင် ဂေါ်ပလ္လေစသော အနာရှိလျှင် မင်းမသုံးအပ်၊ စိန်ကျောက်တို့တွင် ခလုတ် တော စာငယ်နာ မစင်၊ တောကြောင်မွေးမှင် စသောအပြစ်မကင်းလျှင် မင်းမသုံးထိုက်၊ မျိုးစပါးတို့မှာ လည်း အရောရော ပါလျှင် အပင်အသီးမညီ၊ ရွှေ၌လည်း ကြေးနီ၊ ငွေ၊ သံ မလွတ်လျှင် အရည်အသွေးမဖြောင့်၊ ထို့အတူ သာကီဝင်မင်းမျိုးတို့ ၌လည်း နွယ်တော်ဝံသစင်မှ သင့်တော်ကြောင်း" ထုံးဟောင်းနှင့် လျှောက် တင်သဖြင့် သူရိယစန္ဒရားမင်းသားကို နှမတော် စောနန္ဒီနှင့်သာ ထိမ်း မြားပေးလေသည်။

ထို့ကြောင့် ကဗျာတွင် "ဘီကအထက်၊ နွယ်မပျက်" ဟု စပ်ဆိုထားခြင်း ဖြစ်၏။ အစဉ်အဆက် ထိန်းသိမ်းခဲ့ခြင်း ဖြစ်ရာ ခမည်း တော်သီရိစန္ဒားမင်းကြီးသည် ဒံရမာဇာလီဒူရဘီတို့နှင့် သဘောတူကြည်ဖြူ ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း သိသာလှပေသည်။

တတိယအပိုဒ်၏ ကဗျာရသကို ဖော်ကျူးပါမည်-

နန်းမြင့်အောင်မြေ

လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းမြင့်အောင်မြေ၊ ဆယ့်နှစ်ထွေရစ်သန်းမြူး၊ မောက်သူဇာ-ဒါကာ ဆိပ်ကမ်းဦးမှာ၊ကျေးဇူးဂုဏ်ရှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာသုံးခဲ့ပြန်မှ၊ ပြောင်ဆဒ္ဒန်မာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်သည့်မင်းမျိုးတည်း။

အိမ်ရှေ့ဥပရာဇာမောင်တော်အား လျှောက်တင်လိုက်ပါသည်။ မောက်သူဇာ သူရတန်ပြည်အား ဂုဏ်ရှစ်တန်နှင့် ပြည့်စုံသော အမတ်ကြီးကို အပ်နှင်း၍ ဝေသာလီသို့ ပြန်ခဲ့စေလိုပါသည်။

## ရှေးကျမ်းလာထုံး

ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြည်အမြင်၊ အရှင်သိရင်းပင်တည့်၊ ပညာရှင်အုပ်ထိန်းမှ၊ မြို့ပြပြည်ရွာ၊ သာယာ စည်ကားလှ၏၊ မင်းယောကျာ်း ဓမ္မတာ၊ ပညာမဲ့ကွက်၊ ဉာဏ်မစွက်သော်၊ ပြည်ထက်မထားရာတည်း၊ ရှေးကျမ်းလာ ထုံးစာဟောင်း၊ ကျိုးကြောင်းသိပြန်၊ ဘွဲ့မွန်အမတ်ကောင်းကို၊ နောက်တစ် ကြောင်းကုလားရွာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စောထီး ထားခဲ့မှာ၏။

အင်္ဂါရှစ်တန်နှင့် ပြည့်စုံသော အမတ်ပညာရှိ အုပ်ထိန်းပါလျှင် မြို့ပြ ပြည်ရွာ သာယာစည်ကားပါမည်။ ပညာမဲ့၍ ဉာဏ်မရှိသောသူကို အုပ်ချုပ်ခိုင်းမှုမပြုပါနှင့်၊ အမတ်ပေါင်းတစ်ထောင်တွင် မည်သူအရည်အချင်းရှိသည် ကို အရှင် သိပါလိမ့်မည်။ အရည်အချင်းရှိသော အမတ်ကောင်းကို မောက်သူဇာအား အပိုင်အပ်ပြီး ဝေသာလီပြည်လာခဲ့ရန် ဘခမည်းတော်မင်းကြီး မှ အမှာတော်ရှိလိုက်သည်ဟု မင်းအမိန့်ကို ပြဆိုလိုက်၏။

## ဦးထိပ်ရွက်ပန်

ဘရာဇာမိန့်တော်မြတ်၊ ဦးထိပ်ရွက်ပန်၊ နန်းရံအိမ်ရှေ့နတ်ကို၊ ရှိညွတ်လျှောက်ထားတင်၊ ရာသီပြောင်း၍၊ မိုးနှောင်းဝါလ၊ ဆောင်းစအကူးတွင်များဖြင့် ဗိုလ်ခြေ၊ ထိုမြေတစ်ဝက်၊ လက်နက်ထားခဲ့စေဟု။

ဘခမည်းတော်မင်းကြီး၏ အမိန့်တော်မြတ်ကို ဦးထိပ်ဆင်ပြီး အိမ်ရှေ့ စံမောင်တော်အား လျှောက်တင်ပါသည်။ မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီ အကူးမှာ ရခိုင်မှ ဗိုလ်ခြေအများတို့ကို လက်နက်နှင့်တကွ မောက်သူဇာ ပြည်ဘင်္ဂါ (၁၂)မြို့တွင် တစ်ဝက်ကိုအုပ်ချုပ်ရန် အပ်နှင်းခဲ့ပါ။ ကျန်တစ်ဝက် ကို သူရတန်မင်းအား အပ်နှင်းခဲ့၍ ပြန်လာခဲ့ရန် ဘခမည်းတော် အမိန့်တော် ချမှတ်လိုက်သည်ဟု မင်းအာဏာကို ဖော်ပြထားပြန်သည်။

## ဦးထိပ်ပန်ရွက်ဆင်

*မြောက်လေမြူးလာလျှင်၊ ဘရာဇာမိန့်မြတ်ထူး၊ ဦးထိပ်ပန် ရွက်ဆင်၍၊ ရှေ့လာလျှင်နောက်လည်းကောင်း၊ လုံးပေါင်းရှု မြော်၊ ဉာဏ်တော်သာအကြောင်းတည်း။*

နေ့အချိန်တွင် မြောက်လေမြူးသည့် ဆောင်းရာသီအကူးမှာ ဘခမည်းတော်အမိန့်ကို ဦးထိပ်မှာပန်ဆင်၍ ပြန်လာခဲ့ပါ။ အိမ်ရှေ့ဥပရာဇာ ပြန်လာခဲ့သော် အနောက်ပြည်မှာလည်း ကောင်းမည်၊ ဝေသာလီမှာလည်း ကောင်းမည်၊ အားလုံးကောင်းမည်ကို ဉာဏ်ဖြင့်ရှုမြင်သင့်ကြောင်း မင်းအာ ဏာတော်ကို ထပ်ဆင့်ဖော်ပြပြန်သည်။

သုဝဏ္ဏဒေဝီ၏ရကန်ကဗျာတွင် ထပ်ဆင့်ဖော်ပြပြန်သည်။ ခံစားရပုံ များ၊ လွမ်းမောဖွယ်ရာများကို တင်ပြသည်။ ထိုနောက်မှ ဘခမည်းတော်၏ အမိန့်အာဏာကို ဖော်ပြ၏။ မင်းအာဏာကို သုံးကြိမ်တင်ပြထားသည်ကို တွေ့ရမည်။

## ဟေမာန်အကူး

*မင်းလောင်းဥပရာ၊ ကြည်းရေတင်းကျန်း၊ မြစ်ကမ်းနှစ်ဘက် မှာလဲ နေ့မကြာအထပ်ထပ်၊ ရက်စပ်စေကျွန်၊ ရောက်လာ ပြန်သော်၊ အမှန်မယုံလတ်ခဲ့ နောက်ရပ်ပိုင်သခင်၊ ဟေမာန် အကူး၊ ရဲမှူးစစ်အောင်မြင်သည်၊ ရောက်ထင်ကြာနန်းက တကား။*

သုဝဏ္ဏဒေဝီ၏ အသည်းနှလုံးမှ စိမ့်ဖြာ၍ စီးဆင်းလာသော လွမ်း ဆွတ်ဖွယ်ရာ တမ်းတချက်များ၊ ဖခမည်းတော်မင်းကြီး၏ အမိန့်အာဏာ၊ ယင်းအကြောင်းနှစ်ချက်ကြောင့် သိင်္ဂါရာဇာကိုယ်တော်ကြီးမှာ ရခိုင်ဝေသာလီပြည်သို့ သင်္ဂါယနာတင်ပွဲမပြီးမီ သက္ကရာဇ် ၅၅၉-ခုနှစ် နတ်တော်လ ဓနုရာသီတွင် ပြန်လည်ရောက်ရှိခဲ့လေသည်။

သုဝဏ္ဏဒေဝီနန်းရံမိဖုရားမှာ သဇင်ပန်းများဖြင့် ကမ်းလှမ်းကြိုလင့် နေမည်သာ ဖြစ်ကြောင်း မြင်ယောင်မိသည်။ ယင်းနတ်တော်လတွင် သဇင် ပန်းများ ပွင့်နေချိန်လည်းဖြစ်သည့်အပြင် ရခိုင်တို့၏ အမြတ်ဆုံးတော်ဝင် ပန်းမှာ သဇင်ပန်းသာဖြစ်သောကြောင့်တည်း။

သုဝဏ္ဏဒေဝီ၏ ရကန်ကဗျာစာပေကို ပေစာကိုင်အမတ် "သုခန" အနောက်ပြည်မှ သေချာစွာသိမ်းဆည်း၍ ဝေသာလီသို့ ယူဆောင်လာခဲ့ ပြီးနောက် ပိဋကတ်မော်ကွန်းတိုက်တွင် သိမ်းဆည်းထားခဲ့သည်ဟု အဆို ရှိလေသည်။[၁]

## သိန်ကန်မိန်တွင် မှတ်တမ်း

| ကောဇာ | နှစ် |
|---|---|
| ၅၅၅-လက်ထပ် | ၆၃၅ |
| ၅၅၇-စစ်ချီ | ၆၃၇ |
| ၅၅၇-စစ်အောင် | ၆၃၇ သင်္ဂါယနာတင်အစ |
| ၅၅၇-သင်္ဂါယနာတင်နေချိန် | ၆၃၈ သင်္ဂါယနာတင်နေချိန် |
| ၅၅၉-ပြန်ရောက် | ၆၃၉ သင်္ဂါယနာတင်အပြီး |

## သင်္ဂါယနာ မှတ်တမ်းကဗျာ

သုဝဏ္ဏာဒေဝီ၏ သိန်ကန်မိန်တွင် ကဗျာနှင့်ရှေ့ဆင့်နောက်ဆင့် ပေါ် ထွက်လာသောကဗျာမှာ မေဓပညာ အမတ်ကြီး၏ သင်္ဂါယနာတင် မှတ်တမ်း မော်ကွန်းကဗျာပင် ဖြစ်သည်။ မေဓပညာမော်ကွန်းဟု ယနေ့တိုင်ထင်ရှား ပေသည်။၂

မေဓပညာမော်ကွန်းပေစာမူအရ ဝေသာလီခေတ် သီရိဓမ္မဝိဇယ (သီရိစန္ဒြား)မင်းကြီးလက်ထက်တွင် အရှင်စူဠရေဝမထေရ်ကို အမှူးပြု၍ သင်္ဂါယနာတင်ခဲ့ကြောင်း တွေ့ရှိရသည်။ဂ

သင်္ဂါယနာတင်သောခုနှစ်သက္ကရာဇ်မှာ ကောဇာသက္ကရာဇ် ၅၅၇-ခုနှစ်၊ ခရစ်နှစ် ၆၃၇-ခုနှစ်တွင် ဖြစ်သည်။ ယင်းသင်္ဂါယနာတွင် သီဟိုဠ် ကျွန်းမှ သံဃာတော်အပါးတစ်ထောင်နှင့် ရခိုင်မှ သံဃာအပါးတစ်ထောင် တို့သည် ဝေသာလီမြို့တော်၏မြောက်ဘက်ရှိ ရွှေတောင်ခေါ် သရက်ချို တောင် (ယခုအခေါ် သင်္ဂါယနာကုန်း)တွင် သုံးနှစ်ကြာ ပိဋကတ်သုံးပုံကို ကြေးပုရပိုဒ်များတွင် ရေးကူးလျက် သင်္ဂါယနာတင်ခဲ့ကြောင်း တွေ့ရှိရသည်။ မော်ကွန်းပေစာတွင် ဖော်ပြထားသည်မှာ-

### ဝါဒတူဆီ

*မဟာမဟိန္ဒ၊ ထေရဘုန်းစည်၊ ဖြန့်တည်နွယ်စင်၊ သီဟိုဠ်ခွင်၌၊ နောင်တွင်ဆောင်ရွက်၊ လွန်ခဲခက်၍၊ ပေထက်အက္ခရာ၊ သင်္ဂါ ယနာ၊ စတုတ္ထမြောက်၊ တင်ပြီးနောက်မှ၊ တိမ်းမှောက်ညစ်ညူး၊ ဝါဒထူးဖြင့်၊ ကူးလူးမယှဉ်၊ အစဉ်တည်တန့်၊ အရှည်ခန့်ဟု၊ ကုပ္ပံဖြန့်ဖြူး၊ မြတ်ကျေးဇူးရှိ၊ ရဘိရည်သွတ်၊ လွတ်လွတ်ပြုထ၊ သီဟဠနှင့် ဝါဒတူဆီ၊ တိုးသိဂီကား၊ ပဉ္စမီထပ်၊ ကြေးနီချပ်လျှင်၊ ရွှေကွပ်တင့်သား၊ ငါးထောင်အားဖြင့်၊ ရေးသားသီချာ၊ သုံးနှစ် ကြာလျှင်၊ ကောင်းစွာသီးသီး၊ အောင်မြင်ပြီး၍။ ။*

ယင်းကဗျာ၏ ဆိုလိုချက်မှာ သီဟိုဠ်တွင် စတုတ္ထသင်္ဂါယနာတင်ပြီး နောက်၊ ထေရဝါဒဗုဒ္ဓသာသနာခြင်း ဝါဒတူညီကြသော သီဟိုဠ်မှ သံဃာ တော်တစ်ထောင်နှင့် ရခိုင်မှ သံဃာတော်တစ်ထောင်တို့သည် ရွှေကွတ်ထား သော ကြေးနီပြားအချပ်ရေငါးထောင်တွင် ပိဋကတ်သုံးပုံကို ရေးကူးကာ သင်္ဂါယနာ သုံးနှစ်ကြာတင်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုနေပေတော့သည်။

### မဟာသကရာဇာဝင်မူ

**(က) ပါဠိတော်**

| | | |
|---|---|---|
| (၁) ဝိနည်းငါးကျမ်း | ကြေးဝါချပ်ရေ | ၂၅၀ |
| (၂) သုတ်သုံးကျမ်း | ။ | ၉၁၀ |
| (၃) အဘိဓမ္မာ | ။ | ၈၄၀ |
| | ချပ်ရေပေါင်း | ၂၀၀၀ |

**(ခ) အဋ္ဌကထာ**

| | | |
|---|---|---|
| (၁) ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၇၅၀ |
| (၂) သုတ်သုံးကျမ်း | ။ | ၁၅၀၀ |
| (၃) အဘိဓမ္မာခုနစ်ကျမ်း | ။ | ၆၉၀ |
| (၄) ဝိသုဒ္ဓိမဂ် | ။ | ၆၀ |
| | ချပ်ရေပေါင်း | ၃၀၀၀ |

ပေစာမူတွင် အောက်ပါအတိုင်း ပြဆိုထားသည်။

**(က) ပါဠိတော်**

| | | |
|---|---|---|
| (၁) ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၂၅၀ |
| (၂) နိကာယ်ငါးရပ်တွင်သုတ္တန် | ၄၁ကျမ်း၌ ။ | ၉၁၀ |
| (၃) ခုဒ္ဒကနိကာယ်ဝင်အဘိဓမ္မာ | ။ | ၈၄၀ |
| | ချပ်ရေပေါင်း | ၂၀၀၀ |

**(မှတ်ချက်)** ဤသုတ္တန် ၄၁ကျမ်းကို တစ်သုတ်လျှင် တစ်ကျမ်းကျ ဖြင့် ရေတွက်ထားခြင်း ဖြစ်၏။

ရေတွက်ပုံမှာ-

| | | |
|---|---|---|
| (၁) ဒိဃနိကာယ် | ၃ | ကျမ်း |
| (၂) မဇ္ဈိမနိကာယ် (ပဏ္ဏာသ) | ၃ | ကျမ်း |
| (၃) သံယုတ္တနိကာယ် | ၅ | ကျမ်း |
| (၄) အင်္ဂုတ္တရနိကာယ် | ၁၁ | ကျမ်း |
| (၅) ကျန်ခုဒ္ဒကနိကာယ် | ၁၉ | ကျမ်း |
| သုတ်ပေါင်း (ကျမ်းပေါင်း) | ၄၁ | ကျမ်း |

**(ခ) အဋ္ဌကထာ**

| | | |
|---|---|---|
| (၁) ဝိနည်းငါးကျမ်း | ကြေးနီချပ်ရေ | ၇၅၀ |
| (၂) နိကာယ်ငါးရပ်တွင်သုတ္တန် | ၄၁ကျမ်း၌ ။ | ၁၅၀၀ |
| (၃) အဘိဓမ္မာခုနစ်ကျမ်းတွင် | ။ | ၆၉၀ |
| (၄) ဝိသုဒ္ဓိမဂ် | ။ | ၄၀ |
| (၅) ကင်္ခါဝိတရဏီနှစ်ကျမ်း (ဘိက္ခု၊ ဘိက္ခုနီဝိနိစ္ဆယ) | ။ | ၂၀ |
| | ချပ်ရေပေါင်း | ၃၀၀၀ |

**(မှတ်ချက်)** ဤ၌ ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်တို့ ကို ဖွင့်ဆိုထားသော ပါတိမောက်အဖွင့်ခေါ် ပါတိ မောက်အဌကထာကို သီးခြားသင်္ဂါယနာ တင်ထား ကြောင်း တွေ့ရသည်။ ထိုနှစ်ကျမ်းကို ဒွယနိစ္ဆယ ကင်္ခါ ဝိတရဏီကျမ်းဟု ပြဆိုထားသည်။

ဝေသာလီပထမခေတ်စာပေကို တင်ပြပြီးနောက် ဝေသာလီဒုတိယ ခေတ်စာပေကို အနည်းငယ် တင်ပြပါရစေ။ ယခုဖော်ပြပါကျောက်စာမှာ မြောက်ဦးမြို့နယ်၊ ဝေသာလီရွာ၏ အနောက်တောင်ထောင့် တူးမြောင်းမှ ရရှိသော ကျောက်စာဖြစ်သည်။ ဆရာကြီး ဦးစံသာအောင်၏ ခန့်မှန်းချက်မှာ အေဒီရှစ်ရာစုအစပိုင်းဟု ခန့်မှန်းပြီး အာနန္ဒစန္ဒြ မင်းကြီး၏ဖခင် ဓမ္မစန္ဒြ မင်းရေးထိုးသော စေတီတည်ကျောက်စာဟု ဆိုပါသည်။ သက္ကတဘာသာ ဖြင့် ရေးထိုးထား လေသည်။

## ကျောက်စာအဓိပ္ပာယ်

ယနေ့ငါသည် ဤနေရာ၌ စေတီကို အပြီးတည်ခြင်းကြောင့် အတုမရှိ သော အကြွင်ကောင်းမှုကို ရအပ်ပြီ၊ သတ္တဝါအပေါင်းတို့သည် အညစ် အကြေးသုံးပါးကို ပယ်ရှားအပ်ကုန်သည်ဖြစ်၍ တဏှာတည်းဟူသော လှိုင်း တံပိုးတို့ ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိသော ဘဝတည်းဟူသော သမုဒ္ဒရာ ကမ်းတစ်ဖက်သို့ ချမ်းသာစွာ ရောက်ကြပါစေသတည်း။

ဤစေတီကို ဖျက်ဆီးသောသူသည် သေသည်မှနောက်၌ အလျှံ တပြောင်ပြောင် တောက်လောင်လျက်ရှိသော ကြောက်မက်ဖွယ်ကောင်း သော ရောရုပငရဲသို့ ရောက်ပါစေသတည်း။

ဤစေတီကိုစောင့်ရှောက်သောသူသည် နတ်ပြည်၌ ကပ်ကမ္ဘာ သက်တမ်းထောင်ပေါင်းများစွာ တည်ပါစေ သတည်း။

ဝေသာလီမင်းဆက်ဇယား (ရခိုင်ရာဇဝင်အလို)

| ဦးရေ | မင်းအမည် | နန်းသက် | နန်းတက် သက္ကရာဇ် | နန်းတက် ခရစ်သက္ကရာဇ် | မိဖုရားအမည် |
|---|---|---|---|---|---|
| ၁ | သူရိယကေတု | ၅၇ | ၂၄၉ | ၃၂၇ | သုပဘာဒေဝီ |
| ၂ | သားမဟာစန္ဒရား သားသူရိယစန္ဒရား | ၄၉ | ၃၀၆ | ၃၈၄ | နှမတော်ခေါ်နန္ဒီ (ခေါ်)စောပြည့်ညို |
| ၃ | သားမောလစန္ဒရား | ၄၈ | ၃၅၅ | ၄၃၃ | သုနန္ဒီ |
| ၄ | သားပေါလစန္ဒရား | ၄၆ | ၄၀၃ | ၄၈၁ | ရှောဟနိ |
| ၅ | သားကာလစန္ဒရား | ၄၉ | ၄၄၉ | ၅၂၇ | နန္ဒာဒေဝီ |
| ၆ | သားစူဠစန္ဒရား | ၁၉ | ၄၉၈ | ၅၇၆ | ရူပနိ |
| ၇ | သားသီရိစန္ဒရား | ၇၂ | ၅၁၇ | ၅၉၅ | ကဥ္စနမာလာ |
| ၈ | သားသိင်္ဂစန္ဒရား | ၆၆ | ၂၉ | ၆၆၇ | သုဝဏ္ဏာဒေဝီ |
| ၉ | သားစူဠစန္ဒရား | ၃၆ | ၉၅ | ၇၃၃ | စန္ဒာဒေဝီ |
| ၁၀ | မျိုးခြားမြို့အမြတ္တူ | ၇ | ၁၃၁ | ၇၆၉ | ငှင်းစန္ဒာဒေဝီ |
| ၁၁ | ငှင်းညီသားပဲဖြူ | ၁၇ | ၁၃၈ | ၇၇၆ | ငှင်းစန္ဒာဒေဝီ |
| ၁၂ | မင်းမဲ့ကာလ စူဠစန္ဒရားမင်းသား ငတုံမင်း | ၂၄ | ၁၅၆ | ၇၉၄ | သီရိဒေဝီ |

အာနန္ဒစန္ဒရား ကျောက်စာပါဝေသာလီမင်းဆက်ဇယား

| ဦးရေ | မင်းအမည် | နန်းသက် | သက္ကရာဇ် မှ | သက္ကရာဇ် ထိ | နှစ်ပေါင်း | မိဖုရားအမည် |
|---|---|---|---|---|---|---|
| ၁ | မင်းအမည်ပျက် | ၁၂၀ | ၅၁၀ | ၃၉၈ | | |
| ၂ | မင်းအမည်ပျက် | ၁၂၀ | ၃၉၈ | ၂၇၈ | | |
| ၃ | မင်းအမည်ပျက် | ၁၂၀ | ၂၇၀ | ၁၅၈ | | |
| ၄ | ဘဟုဘလီ | ၁၂၀ | ၁၅၀ | ၃၀ | | |
| ၅ | ရဃပတိ | ၁၂၀ | ၂၈ | ၈၂ အေဒီ | | |
| ၆ | အမည်ပျက် | ၁၂၀ | ၈၂ | ၂၀၂ | | |
| ၇ | စန္ဒြောဒယ | ၂၇ | ၂၀ | ၂၂၉ | | |
| ၈ | အဏ္ဏဝေကမင်းများ | ၅ | ၂၂ | ၂၃၄ | | |
| ၉ | အမည်ပျက် | ၇၇ | ၂၃၄ | ၃၃၁ | | |
| ၁၀ | ရိတျပွေါ | ၂၃ | ၃၁၁ | ၃၃၄ | | |
| ၁၁ | ကုဝေရာမိဒေဝီ | ၇ | ၃၃၄ | ၃၄၁ | | |
| ၁၂ | မိဖုရား ဥပဝိရာ | ၂၀ | ၃၄၁ | ၃၆၁ | | |
| ၁၃ | ဇုဠ္ဓ | ၇ | ၃၆၁ | ၃၆၀ | | |
| ၁၄ | လိကီ | ၂ | ၃၆၈ | ၃၇၀ | | |

ကျောက်စာပါ ပထမဇယားတွင် မင်းပေါင်း ၁၄-ဆက် နှစ် ၈၈၈ နှစ်သာ နန်းနှစ်ကိုးပေါင်း၍ ရရှိသော်လည်း ကျောက်စာတွင်ကား နှစ်ပေါင်း ၁၀၁၆ (ဝါ) ၁၀၆၀ ပါရှိလေသည်။

(ကျောက်စာပါ ဒုတိယမင်းဆက်ဇယား)

| Oa& | ri ft rnf | eefouf | ou8nf | | Esfaygf | rzkmt rnf |
|---|---|---|---|---|---|---|
| | | | rS | xd | | |
| 1 | a' jG | 55 | 370 | 425 | | |
| 2 | &nZpjE | 20 | 425 | 445 | | |
| 3 | u nw pjE | 9 | 445 | 454 | | |
| 4 | a' 0pjE | 22 | 454 | 476 | | |
| 5 | , n pjE (, ZpjE) | 7 | 476 | 483 | | |
| 6 | pjEAEK | 6 | 483 | 489 | | |
| 7 | b l pdE& | 7 | 489 | 496 | | |
| 8 | b lwpdE& | 24 | 496 | 520 | | |
| 9 | eDvpjE | 55 | 520 | 575 | | |
| 10 | 0D npjE (0&pjE) | 3 | 575 | 578 | | |
| 11 | yx pjE (ydvpjE) | 12 | 578 | 590 | | |
| 12 | y&d pjE | 7 | 590 | 597 | | |
| 13 | p&dvpjE | 3 | 597 | 600 | | |

(ကျောက်စာပါ ဝေသာလီမင်းဆက် တတိယဇယား)

| ဦးရေ | မင်းအမည် | နန်းသက် | သက္ကရာဇ် | | နှစ်ပေါင်း | မိဖုရားအမည် |
|---|---|---|---|---|---|---|
| | | | မှ | ထိ | | |
| ၁ | မဟာဝိရ | ၁၂ | ၆၀၀ | ၆၁၂ | | |
| ၂ | ဗြယဇဝ် | ၁၂ | ၆၁၂ | ၆၂၄ | | |
| ၃ | သေဝိဓန်ရိုင် | ၁၂ | ၆၂၄ | ၆၃၆ | | |
| ၄ | ဓမိစူရ | ၁၃ | ၆၃၆ | ၆၄၉ | | |
| ၅ | ဝဇြဂတ္တိ | ၁၆ | ၆၄၉ | ၆၆၅ | | |
| ၆ | ဓမိဝိဇယ | ၃၆ | ၆၆၅ | ၇၀၁ | | |
| | ဗြိမမိဝိဇယ | | | | | |
| ၇ | နရေန္ဒြဝိဇယ | ၂နှစ် ကိုးလ | ၇၀၁ | ၇၀၄ | | |
| ၈ | မွစန္ဒြ | ၁၆ | ၇၀၄ | ၇၂၀ | | |
| ၉ | အာနသဝဍြ | ၉ | ၇၂၀ | | | |

ကျောက်စာပါ တတိယမင်းဆက်တွင် မင်းပေါင်း ၉ဆက်၊ နှစ်ပေါင်း ၁၃၃-နှစ် ကြာညောင်းခဲ့သည်ဟု ဆိုထားသည်။

သို့ရာတွင် အာနန္တစန္ဒရားမင်း ရေးထိုးခဲ့သော ယခုသျှစ်သောင်းဘုရား ဝင်ဝရှိ ကျောက်စာကို သုတေသီတို့က အေဒီ ၇ဝ၉-ခုနှစ် (သို့မဟုတ်) ၇၂၉-ကာလတွင် ရေးထိုးခဲ့မည်ဟု ခန့်မှန်းကြသည်။ ယင်းကြောင့် အာနန္ဒ စန္ဒရားမင်း နန်းသက်ကို ၉နှစ် ဖော်ပြထားသည်။

ဤကျောက်စာနှင့်ပတ်သက်၍ ဒေါက်တာဂျွန်စတင်နှင့် ဒေါက်တာ ဆာကားတို့ နန်းတက်သက္ကရာဇ် ဖော်ပြရာ၌ အနှစ် ၂၀ ကွာခြားမှု ရှိကြ သည်။ (ဥပမာ) ဒုတိယမင်းဆက် ဒွေင်္ဂစန္ဒြကို ဂျွန်စတင်က ၃၅၀၊ ဆာကား က ၃၇၀ ဟု သတ်မှတ်သည်။ ဤအတိုင်း ပထမ၊ ဒုတိယ၊ တတိယ မင်းဆက်တို့တွင်လည်း နှစ် ၂၀-စီ သတ်မှတ်ချက် ကွာခြားကြသည်။

အေ၊ ဒီ၊ ၃၂၇ မှ အေ၊ ဒီ ၈၁၀ အထိ

ဂေါဇာ ၂၄၉ မှ ၁၈၀ အထိ

ရခိုင်ရာဇဝင်ဒင်္ဂါး၊ ကျောက်စာတို့နှင့် ညှိနှိုင်းထားသော ဝေသာလီ နန်းတက်

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဒွေင်စန္ဒြ | ၂၄၉ | ၈၅၈ | ၃၂၇ | ၅၅ |
| ၂။ | ရာဇစန္ဒြ | ၃၀၄ | ၉၁၃ | ၃၈၂ | ၂၀ |
| ၃။ | ယာကစန္ဒြ | ၃၂၄ | ၉၃၃ | ၄၀၂ | ၉ |
| ၄။ | ဒေဝစန္ဒြ | ၃၃၃ | ၉၄၂ | ၄၁၁ | ၂၂ |
| ၅။ | ယစ်ညစန္ဒြ | ၃၅၅ | ၉၆၄ | ၄၃၃ | ၇ |
| ၆။ | စန္ဒြပန္ဒ | ၃၆၂ | ၉၇၁ | ၄၄၀ | ၆ |
| ၇။ | ဘူမိစန္ဒြ | ၃၆၈ | ၉၇၇ | ၄၄၆ | ၇ |
| ၈။ | ဘူတိစန္ဒြ | ၃၇၅ | ၉၈၄ | ၄၅၃ | ၂၄ |
| ၉။ | နိတိစန္ဒြ | ၃၉၉ | ၁၀၀၈ | ၄၇၇ | ၅၅ |
| ၁၀။ | ဝီရစန္ဒြ | ၄၅၄ | ၁၀၆၃ | ၅၃၂ | ၃ |
| ၁၁။ | ပြီတိစန္ဒြ | ၄၅၇ | ၁၀၆၆ | ၅၃၅ | ၁၂ |
| ၁၂။ | ပထွီစန္ဒြ | ၄၆၉ | ၁၀၇၈ | ၅၄၇ | ၇ |
| ၁၃။ | ပတိစန္ဒြ | ၄၇၆ | ၁၀၈၅ | ၅၅၄ | ၃ |
| ၁၄။ | မဟာဝီရ | ၄၇၉ | ၁၀၈၈ | ၅၅၇ | ၁၂ |
| ၁၅။ | ဗြယဇပ် | ၄၉၁ | ၁၁၀၀ | ၅၆၉ | ၁၂ |
| ၁၆။ | သေဝိင်ရေစင် | ၅၀၃ | ၁၁၁၂ | ၅၈၁ | ၁၂ |
| ၁၇။ | ဓမ္မသူရ | ၅၁၅ | ၁၁၂၄ | ၅၉၃ | ၁၃ |
| ၁၈။ | ဝဇြာဝတ္တိ | ၅၂၈ | ၁၁၃၇ | ၆၀၆ | ၁၆ |
| ၁၉။ | သီရိဓမ္မာဝိဇယ | ၅၄၄ | ၁၁၅၃ | ၆၂၂ | ၃၆ |
| ၂၀။ | နရေန္ဒြဝိဇယ | ၂၀ | ၁၁၈၉ | ၆၅၈ | ၃ |
| ၂၁။ | သီရိဓမ္မာစန္ဒြ | ၂၃ | ၁၁၉၂ | ၆၆၁ | ၁၆ |
| ၂၂။ | အာနန္ဒစန္ဒြ | ၃၉ | ၁၂၀၈ | ၆၇၇ | ၉ |

ဂုပ္ပတမင်းများသည် တန်ခိုးအင်အားကြီးမားခဲ့ကြသော်လည်း

**မှတ်ချက်။**

ဒွေင်စန္ဒြမင်းသည် စန္ဒသူရိယအနွယ်တော် ၂၅-နှစ်မြောက် သူရိယကေတု၏သားတော်ဖြစ်၏။ အိန္ဒိယ၊ မာဂဓတိုင်းပြည်၌ စန္ဒြဂုပ္ပတက (ပထမ)မင်းသည် ခရစ်သက္ကရာဇ် အေဒီ ၃၂၀ တွင် နန်းတက်၍ ဂုပ္ပသက္ကရာဇ် ကို ခရစ်အေဒီ ၃၂၀ ဖေဖော်ဝါရီ ၂၆ ရက်နေ့မှ အစပြုခဲ့၏။ သို့သော် ထို ဂုပ္ပတ-သက္ကရာဇ်ကို ရခိုင်ပြည်၌ အသုံးမပြုခဲ့ကြပါပေ။

အာနန္ဒစန္ဒြမင်း ကွယ်လွန်ပြီးနောက် ဆက်ခံသောမင်းများ၏ အမည် ကို ကျောက်စာတိုင်မြောက်မျက်နှာ၌ ရေးထိုးခဲ့သော်လည်း ပျက်ပြည်နေသဖြင့် ကောင်းစွာမဖတ်နိုင်။ နောက်ဆုံးမင်းမှာ စူလစန္ဒြ (ဝါ) စူလမဟာ ရာဇာဟု သိရ၏။ ထိုမင်းကို မျိုးခြား မြို့လူမျိုး (၂-ဆက်) ဆက်ခံပြီးနောက် ဒူလစန္ဒြ၏ သားတော်-ငမင်းငတုံသည် စမ္ဗဝက်မြို့ကို တည်ထောင်အုပ်စိုး ၍ အေဒီ ၈၁၈ တွင် ကွယ်လွန်၏။

# အခန်း (၅)
# ရခိုင်လေးမြို့ခေတ်သုံး အက္ခရာ

ရခိုင်လေးမြို့ခေတ် အေဒီ ၉-ရာစု ပထမပိုင်းမှ ၁၅-ရာစု ပထမပိုင်း အထိ သုံးစွဲသည်။

## လေးမြို့ခေတ်စာပေ

ရခိုင်လေးမြို့ခေတ်မှာ ခရစ်နှစ် ၇၉၄ မှ ၁၄၃၀ အထိ နှစ်ပေါင်း ခြောက်ရာကျော် ရှည်မြင့်လေသည်။ မြန်မာနိုင်ငံ ပထမပုဂံခေတ်၊ ဒုတိယ ပုဂံခေတ်၊ အင်းဝခေတ်တို့နှင့် ခေတ်ပြိုင်ဖြစ်လေသည်။ ယင်းလေးမြို့ခေတ် စာပေမှာ ဝေသာလီ နှောင်းခေတ်မှ ဆက်နွယ်လာသော စာပေဖြစ်သည်[၁]

လေးမြို့ခေတ်ကျောက်စာများကို ရခိုင်ပြည်အနှံ့ တွေ့ရှိရသည်။ ရခိုင်ပြည်တွင် လေးမြို့ခေတ်၌ ရေးထိုးသော ကျောက်စာများမှာ များသောအားဖြင့် လေးထောင့်ပုံသဏ္ဍာန် ဖြစ်သည်။

လွန်လေပြီးသောအခါ၌ လွန်လိယပြီးသောအခါ နှိုက်ဟူ၍လည်း ကောင်း၊ ဘုရားသခင် ပုရှားသခင်ဟူ၍လည်း ကောင်း၊ ပျက်ခဲ့ရကားကို ပျက်ခယ့်ရကားဟူ၍လည်းကောင်း၊ ရွှေပန်းခက် ငွေပန်းခက်ကို ရှယ်ပန်း ခက် ငုယ်ပန်းခက်ဟူ၍ လည်းကောင်း၊ လိုသတည်းကို "လိုသတေး" ဟူ၍ ရေးထိုးထားသည်။[၂]

## လက်ငင်းအက္ခရာ

၅ အမတ်ကြီးအနု
၆ န္တတသူကောင်းမှုပြု
၇ သောကြောင့်မည်သူ
၈ တစ်ယောက်သောဒါ
၉ ယကာပြုရသောအဘို
၁၀ ဝ်ကား။ တောင်းသော
၁၁ ဆုရလိုဝ်သတေ။

## အဓိပ္ပာယ်

အမတ်ကြီးအနန္တသူကောင်းမှုပြုသောကြောင့် တစ်ယောက်သော ဒါယကာ ပြုရသောအဖို့ကား တောင်းသောဆုရလိုသတည်း ဟူ၍ဖြစ်သည်။

အမတ်ကြီး အနန္တသူသည် မိမိတစ်ဦးတည်း ဒါယကာပြု၍ စေတီ တည်ခဲ့သည်။ တောင်းသောဆု ရပါစေဟု ဆုတောင်းသည်။ ကျောက်စာ တွင် စာကြောင်းရေ ၁၁-ကြောင်းပါရှိရာ ပျက်စီးနေ၍ အစပိုဒ်များကို အဓိပ္ပာယ်ပြည့်စုံစွာ ဖော်ပြခွင့်မရနိုင်၍ ချန်လှပ်ထားခဲ့ပါသည်။ သို့သော် စာပိုဒ်နှစ် စာပိုဒ်သုံးတွင် "ဩယသံသရာ" "ဩယမှ ပရံဘဝ" ဟု တွေ့ရပြန်သည်။

"သံသရာဝဲဩယမှ နောက်နောင်ဘဝ ကင်းလွတ်စေကြောင်း ဆု တောင်းခြင်းပင် ဖြစ်၏" သံတွဲမြို့မှ သုံးမိုင်ခန့်အကွာတွင် ဇာဒီပြင် (စေတီပြင်)ရွာဟု ရှိသည်။ ထိုရွာရှိ တောင်ကုန်းပေါ် တွင် တည်ခဲ့သော စေတီဖြစ် သည်။ ယခုအချိန်တွင် စေတီမရှိတော့ပါ။ ပျက်စီးသွားခဲ့လေပြီ။ ယင်းရွာ နှင့်ကပ်လျက် ရွာတစ်ရွာ ရှိသည်။ "ကျောင်းတိုက်ရွာ" ဟု "သက်န်း ဆေးကန်" ဟု အမည်တွင်သော ကန်တစ်ခုရှိခဲ့သည်။ သို့သော် ယခုအချိန် တွင် လယ်ကွင်းများ ဖြစ်နေခဲ့ပြီ။

လေးမြို့ခေတ်တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့သော နေရာဖြစ်ခဲ့ကြောင်း သက်သေအဖြစ် ကျောက်စာနှင့် အမည်နာမများမှ ထောက်ခံချက်ပေး နေလေပြီ။

ယင်းကျောက်စာကို မြောက်ဦးပြတိုက်တွင် တောင်ကုတ်ဇာဒီပြင် ကျောက်စာဟု မှတ်တမ်းတင်ထားသည်။ သို့သော် ရခိုင်မြန်မာပဏ္ဍိတ် ဦးဦးသာထွန်းမှ သံတွဲဇာဒီပြင်ကျောက်စာဖြစ်ကြောင်း ပြောပြထားဖူးသည်။

တောင်ကုတ်မြို့မှ- ကျောက်စာသုတေသီများနှင့် ကွင်းဆင်းလေ့လာကာ ဆွေးနွေးခဲ့ရာ၊ ယင်းကျောက်စာမှာ တောင်ကုတ်ကျောက်စာမဟုတ် ကြောင်း၊ သံတွဲကျောက်စာသာဖြစ်ကြောင်း တောင်ကုတ်မြို့သုတေသီများ မှ အတည်ပြုပေးကြပါသည်။

ရခိုင်တန်ဆောင် အတွဲ(၁)၊ အမှတ်(၇)၊ ၁၉၅၈-၅၉ တွင် ယင်း ကျောက်စာကို သံတွဲဇာဒီပြင်ကျောက်စာဟုပင် ဖော်ပြပြီး ထွန်းရွှေခိုင်၏ ရခိုင်ရှေးဟောင်းမြို့တော်များ စာ-၁၇၅တွင်လည်း သံတွဲဇာဒီပြင် (စေတီ ပြင်) ကျောက်စာဖြစ်ကြောင်း ဖော်ပြထားသေးသည်။

ကျောက်စာဝေါဟာရ

၁။ ထိုဝ်ခပ် - ထိုခေတ်

၂။ မဟာတိုဝ်ကိုဝ် - မဟာတို့ကို

၃။ တမ်ပုရာအာင - ထိုဘုရားအား

၄။ ၏မျက်စိမြင်ပါသ -

၅။ ခပင်လေဤအက္လိုဝ်ကိုဝ် - အများပြည်သူဤအကျိုးကို

၆။ ရကြပါစိယ်သတေ- ရကြပါစေသတည်း

၇။ ---------ကြာလပြည်နို့က်နဲ

-ဤကျောက်စာကို လေ့လာသုံးသပ်ကြည့်သော် အရေးအသား၊ စာလုံး၊ စကားလုံး အသုံးအနှုန်းများက လေးမြို့ခေတ် ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ရခိုင်လေးမြို့ခေတ်မှာ ပထမပုဂံခေတ်၊ ဒုတိယ ပုဂံခေတ်၊ အင်းဝခေတ် နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ထိုခေတ်အခါက မဟာမုနိဘုရားရှင်အား စံပြအဖြစ်ပူဇော်ကြရာ အလှူရှင်သည် မဟာမုနိ ရုပ်ရှင်တော်ကို ကြည်ညို၍ ပုံတူထုလုပ်လှူဒါန်းခြင်း ဖြစ်တန်ရာသည်။ ကျောက်စာမှာ ကျိုးပဲ့ပျက်စီး နေ၍ ခုနစ်သက္ကရာဇ် အလှူရှင်အမည်များ မတွေ့ရှိရတော့ပေ။

ပူဇာရဟကို အတိုကောက် ပုရာ(ပုရှာ)ဟု ရေးထိုးထားသည်။ တောင်ကုတ်မြို့၊ မြို့ဟောင်းကျောက်စာတွင်လည်း ဤနည်းအတိုင်း တွေ့ရသည်။ ပုဂံခေတ် ထိုရာဇကုမာရကျောက်စာ စာကြောင်းရေတစ်တွင်လည်း ဤအတိုင်း တွေ့ရ သည်။

ပုဇာရဟမှ ပုရှာ၊ ထို ပုရှာမှ ဘုရားဟု သုံးနှုန်းရေးသားခဲ့ကြောင်း ကျောက်စာမှ သက်သေပြနေပါသည်။ လေးမြို့ခေတ်ကျောက်စာအများအပြားတွင် မပေါ်လွင်မထင်ရှားသေးသော ဤကျောက်စာနှစ်ခုကိုသာ ဖော်ပြလိုက်ပါ သည်။

## လေးမြို့ခေတ်စာဆိုတော်များ

စာဆိုတော်များအနေဖြင့် မောက်သူဇာမြို့စား ကဝိကျော်၊ အမတ် ကြီး ဝိဇိလပြည်စိုးကြီးမမွေဇေယျ၊ အဂ္ဂသာရ (ရခိုင်သူမြတ်) လေးမြို့စား ကဝိကကျော်တို့မှာ ထင်ရှားသည်။ အရှင်အဂ္ဂသာရ (ရခိုင်သူမြတ်)၏ လောကသာရပျို့မှာ ယခုတိုင်ထင်ရှား၍ လူသိများသော ပျို့တစ်စောင် ဖြစ်လေသည်။

## လောကသာရပျို့၏ ထူးခြားချက်သုံးရပ်

လောကသာရပျို့သည် (၁) အကောင်းဆုံးပျို့ ဖြစ်သည်။ (၂) လူသိ အများဆုံး ပျို့ ဖြစ်သည်။ (၃) ကာရန်သတ်ပုံ မှန်ကန်သောပျို့ ဖြစ်သည်။ လောကသာရပျို့ကို ရခိုင်သူမြတ်သည် သက္ကရာဇ် ၆၉၅ ခုနှစ်နှင့် ၇၀၅ ခုနှစ်ကြားတွင်စီကုံး သည်။

နှစ်ပေါင်းခြောက်ရာကျော်လေပြီဟု ဆရာမင်းသုဝဏ်မှ လောကသာ ရပျို့အဘိမာန်အဖြေတွင် ကောက်ချက်ချ ဖော်ပြခဲ့သည်။

## ပျို့ဆရာ၏ အတ္ထုပ္ပတ္တိ

ရခိုင်သူမြတ် (အရှင်အဂ္ဂသာရ)သည် မင်းထီးဘုရင်လက်ထက် (အေဒီ ၁၂၈၃) ကောဇာ ၆၄၅ တွင် ထင်ရှားသော ရဟန်းပညာရှိဖြစ်သည်။ သက္ကရာဇ် ၆၈၈ ခုနှစ်တွင် မင်းလျှင်စောသည် မစ္ဆဂီရိသရက်မြို့ကို တည်၍ နေ၏။ သက်လူမျိုးများကို အုပ်စိုးသောကြောင့် သက်မင်းဟု ကျော်စောသည်။ သက်မင်းလျှင်စောတွင် စောစုံ၊ စောဖြူ၊ စောထူဟု သားတော်သုံးပါး ရှိသည်။

သက်တို့သည် ရခိုင်ရိုးမတောင်စဉ်တောင်တန်းရှိ ကျေးရွာများကို တိုက်ခိုက်ဖျက်ဆီးကြသည်။ ထိုအခါ ရခိုင်ဘုရင်မင်းထီးသည် အမတ်ကြီး ရာဇစည်သူသင်္ကြံကို စေလွှတ်၍ သရက်ကို အတိုက်ခိုင်းလေ၏။

သက္ကရာဇ် ၆၉၅ ခုနှစ်တွင် ရာဇစည်သူသင်္ကြံအမတ်ကြီးမှာ စစ်သည်ဗိုလ်ပါအများနှင့် ရိုးမတောင်ကို ဖြတ်ကျော်ချီတက်ကာ သက်မင်းလျှင်စောအား သားတော်၊ သမီးတော်၊ မိဖုရား၊ မောင်းမတို့နှင့်အတူ ရခိုင် သို့ ခေါ်ဆောင်လေသည်။

(အချို့သမိုင်းများတွင် ရခိုင်ပြည်မြောက်ပိုင်းကို မစ္ဆဂီရိဟု မှားယွင်းစွာ ဖော်ပြကြ၏။ သရက်မြို့မှစ၍ အထက်ပိုင်း ဆော-ယောတို့ကို မစ္ဆဂီရိ ခေါ်ကြောင်း ရခိုင်တို့မှ အစဉ်အဆက် ယူဆလာကြ၏)

ရခိုင်ဘုရင်မင်းထီးသည် သက်မင်းလျှင်စောအား ကောင်းစွာချီး မြှောက်စားထား၏။ ထို့အပြင် မင်းလျှင်စော၏ သားတော်သုံးပါးအား ရခိုင်သူမြတ် (အရှင်အဂ္ဂသာရ)ထံ၌ အပ်နှံပညာသင်ကြားစေသည်။

မင်းသားသုံးပါးလည်း ပိဋကတ်စာပေနှင့် ဗေဒင်ကျမ်းများကို သင်ကြားတတ်မြောက်သောအချိန်တွင် ဆရာသူမြတ် အိပ်မက်မြင်၏။ နောင်တော်အကြီး စောစုံမှာ စမုန်မြစ်ရေကို အကုန်သောက်၏။ ညီတော်အငယ် စောတူမှာ အဝမြစ်ငယ်ရေအား အကုန်သောက်၏ဟု မက်၏

ဆရာသူမြတ်လည်း မင်းသားသုံးပါးကို ခေါ်ယူ၍ အမောင်တို့သည် စစ်ကိုင်း ပင်းယသို့ သွား၍နေကြလေ။ မင်းချည်းဖြစ်လိမ့်မည်၊ မင်းဖြစ် လျှင် ငါ့ကိုမမေ့နှင့်ဟု မိန့်တော်မူလိုက်သည်။

မင်းညီနောင်သုံးပါးတို့လည်း သက္ကရာဇ် ၇၀၅ ခုနှစ်တွင် အရှေ့ပြည်သို့ သွားကြလေသည်။ စစ်ကိုင်း ပင်းယသို့ ရောက်လေလျှင် စောစုံမှာ မြင်းစိုင်းမြို့ကို စားရသည်။ စောဖြူမှာ ပြည်မြို့ကိုစားရ၍ စောတူမှာမူ တရဖျားစောကဲ အမည်ဖြင့် အမြင့်မြို့ကို စားရလေ၏။

နောင်သောအခါ အမြင့်တရဖျားစောကဲသည် အဝမြို့တွင် မင်းကြီး စွာစော်ကဲအမည်နှင့် မင်းဖြစ်လေ၏။ မင်းဖြစ်၍ (၁၆)နှစ်ရှိသောအခါ မိမိ၏ ငယ်ဆရာရခိုင်သူမြတ် (အရှင်အဂ္ဂသာရ)ကို နေပြည်တော်သို့ပင့်၍ မဟာသဃ်ရာဇာ တံဆိပ်ကပ်လှူပြီး ကိုးကွယ်တော်မူလေသည်။ မင်္ဂလာကန်တော်အနီးတွင် ရှင်ဘုရင်မှ ကျောင်းဆောက်လုပ်သဖြင့် ကံတော်မင်း ကျောင်းဟု တွင်၏။ ကံတော်မင်းကျောင်း၏ အစဦးဆုံး ပထမကျောင်း ထိုင်ဆရာတော် ဖြစ်သည်။

ရခိုင်သူမြတ်သည် မင်းသားသုံးပါးကို စာပေသင်ကြားပေးစဉ်အခါက လောကသာရပျို့ကို စီကုံးကာ မင်းသားတို့အား သင်ကြားပေးလေသည်။

ဤကား ဦးကုလားရာဇဝင်၊ ဓညဝတီအရေးတော်ပုံ၊ သာသနာလင်္ကာရစာတမ်းနှင့် ဆရာမင်းသုဝဏ်၏ လောကသာရပျို့ အဖြေအဘိဓာန်အရ ဖြစ်၏။

လောကသာရပျို့မှာ ရခိုင်ပြည်မြောက်ပိုင်း ဒေသများတွင် အစဉ်အဆက်နှစ်ပရိစ္ဆေဒကြာမြင့်စွာ သိမ်းဆည်းထားသော ပေပုရပိုဒ်များတွင် မှတ်တမ်းတင်ထားသည်။ ရှေးရခိုင်အစဉ်အဆက် ဘုန်းတော်ကြီးကျောင်းများတွင် သင်အံကြရသော ပျို့ကဗျာဖြစ်၏။[၁]

အိန္ဒိယနိုင်ငံရှိ မြဲပြည်မြားမြောင်ဝရွာတွင် ရခိုင်လောကသာရ ပုရပိုက် များကိုပင် တွေ့ရှိရသည်။[၂]

## လောကသာရပျို့

*အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစချောင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျှင်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း။*

## ရာဇသာရပျို့

*ပြည်ကြီးသနင်း၊ မင်းဟူသည်ကား၊ ကြံစက်သူ့ထက်၊* တစ်ဆတက်၍၊ အိပ်စက်နည်းပါး၊ လူအများကို၊ စီးပွားချမ်းသာ၊ နည်းနာရှာလျက်၊ အခါခပ်သိမ်း၊ မုဒိမ်းခိုးသူ၊ မပြုစေဟု (ပ) ကျင့်ခြင်းမချွတ်၊ တည့်မတ် မတ်လျှင်၊ လူနတ်ချစ်ဆွေ၊ ကျေးဇူးတွေနှင့်၊ ကျင့်နေလမ်းရိုးမှန်စေမင်း။

ရခိုင်သူမြတ် (အရှင်အဂ္ဂသာရ)

လေးမြို့ခေတ်မင်းဆက်ဇယား

| ဦးရေ | မင်းအမည် | နန်းတက် ရခိုင် | နန်းတက် ခရစ် | နန်းစံ | နှစ်ပေါင်း အသက် | နှစ်ပေါင်း နှစ်ပေါင်း | မိဖုရား |
|---|---|---|---|---|---|---|---|
| ၁ | စူလစန္ဒရား၏တူစန္ဒကူးမင်း | | | | | | |
| | သားတော်ခေတ္တသင် | ၁၈၀ | ၈၁၈ | ၁၀ | ၃၅ | ၁၀ | သီရိကုမ္မာ |
| ၂ | ၎င်းညီစန္ဒသင် | ၁၉၀ | ၈၂၈ | ၁၅ | ၃၈ | ၂၅ | ၎င်းသီရိကုမ္မာ |
| ၃ | သားမင်းယင်ဖြူ | ၂၀၅ | ၈၄၃ | ၃၀ | ၅၀ | ၅၅ | စောမူခီ |
| ၄ | သားနာဂရသူရိယ | ၂၃၅ | ၈၇၃ | ၃၁ | ၅၂ | ၈၆ | စောလှမင်း |
| ၅ | သား သူရိယရာဇာ | ၂၆၆ | ၉၀၄ | ၃၂ | ၅၉ | ၁၁၈ | စောမင်းဝါ |
| ၆ | သားပုဏ္ဏကဏ | ၂၉၀ | ၉၃၆ | ၃၃ | ၅၅ | ၁၅၁ | ရှင်မင်းဖြူ |
| ၇ | သားမင်းကြီးဖြူ | ၃၃၀ | ၉၆၉ | ၁၅ | ၄၇ | ၁၆၆ | စောဘုန်းခေါင် |
| ၈ | မျိုးခြားစည် သဘင်အမတ် | ၃၄၆ | ၉၈၄ | ၂ | ၂ | ၁၆၈ | |
| ၉ | မင်းကြီးဖြူသားမင်းနု | ၃၄၀ | ၉၈၆ | ၂၈ | ၄၇ | ၁၉၆ | နှမတော်ရှင်မကြီး |
| ၁၀ | သားမင်းလာထော် | ၃၇၆ | ၁၀၁၄ | ၂၀ | ၄၆ | ၂၁၆ | စောဘီလူး |
| ၁၁ | သား မင်းကုလား | ၃၉၆ | ၁၀၃၄ | ၂၈ | ၄၇ | ၂၄၄ | ရှင်စောဖြူ |
| ၁၂ | သား မင်းဘီလူး | ၄၂၄ | ၁၀၆၂ | ၆ | ၇၁ | ၂၅၀ | စောစစ် |
| ၁၃ | ဝရောင်ငှက် | ၄၃၀ | ၁၀၆၈ | ၈ | ၈ | ၂၅၃ | |
| | အသခ်လာအမတ် | | | | | | |
| ၁၄ | သားမင်းဘုန်းသန် | ၄၃၈ | ၁၀၇၆ | ၁၄ | ၅၆ | ၂၇၂ | မျိုးရှင်စည် |
| ၁၅ | သားမင်းပကီ | ၄၅၂ | ၁၀၉၀ | ၁၃ | ၄၉ | ၂၀၅ | ယောင်သုံး |

စူလစန္ဒရားမင်း၏တူ စန္ဒကူးမင်းနှင့် ဝရီးတော် စန္ဒာဒေဝီတို့မှ ဖွားမြင်သော ပဥ္စာမြို့တည် ခေတ္တသင်မင်းမှ မင်းပတိမင်းထိ ၎င်း(၁၅)ဆက်၊ နှစ်ပေါင်း (၂၈၅)နှစ်ကြာ နန်းစံခဲ့သည်။ ရွှေစေတီ ဆရာတော်ဘုရားကြီး၏ မဟာမုဏိ ရုပ်ရှင်တော်သွန်းလုပ်ကြောင်း စကားပြေ၊ စာ-၁၁၅တွင် ပထမစမ္ဘဝက်မြို့ (အေဒီ-၇၉၄-၈၁၈)မြို့တည် င/မင်င/တုံမင်း ကိုပါရော၍ (၂၈)နှစ်ပေါင်းထည့်ပြီး စမ္ဘဝက်မြို့(၁၆)ဆက်အဖြစ်ဖော်ပြထားသည်။ ပဥ္စာမြို့ကို သီးခြားဖော်ပြထားခြင်း မရှိပေ။

ပဥ္စာမြို့ ၁၂ဆက်မြောက်မင်း ဘီလူးလက်ထက် ပုန်ကန်မှုဖြစ်၍ အရှေ့ပုဂံသို့ ခိုလှုံခဲ့သော မြေးတော်လကျ်ာ မင်းနန်ကို ပုဂံပြည်အကူအညီ နှင့် ရခိုင်ပြည်ထီးနန်းကို ရခဲ့သည်။ ပဥ္စာမြို့ကို မနှစ်သက်၍ လေးမြို့မြစ်ကို ကူးကာ လောင်းကြက်မြို့ (၁၁၀၃ အေဒီ)ကို တည်သည်။ လူများသေကြေ ပျက်စီး၍ ၎င်းနှစ်တွင်ပင် ပေါင်းတုတ်ချောင်းကိုဖြတ်ကာ ပထမပုရိန်မြို့ကို အေဒီ-၁၁၀၃ တွင် တည်သည်။ စုစုပေါင်းမင်း (၆)နှစ် ၂၀ကြာ အုပ်စိုးကြ သည်။

အေဒီ-၁၁၂၃ နှစ်တွင် ကောလိယသား၏ဒဿရာဇာသည် ဒုတိယပုရိန်မြို့ကို အသစ်တဖန်ပြန်လည် တည်ဆောက်သည်။ အေဒီ ၁၁၄၂-ခုနှစ် မင်းဖုန်းစားလက်ထက်တွင် ပုရိန်ကို မနှစ်သက်၍ ခြိပ်ချောင်းနားတွင် ခြိပ်မြို့ကို တည်သည်။ ခြိပ်မြို့တွင် ခနေ့ရှူပေါ်အပါအဝင် မင်းသုံးဆက် ၁၂ နှစ် နန်းစံခဲ့ပြီးနောက် ခနေ့ရှူပေါ်မင်းလက်ထက်တွင် ဒုတိယစမ္ဘဝက်မြို့ကို (အေဒီ-၁၁၅၅-၁၁၆၃)တည်ပြန်သည်။ အဆိုပါမြို့များမှာ မြို့သက်နည်း၍ တောင်ကျောင်း ဆရာတော်ကြီး၏ ရာဇက္ကမသခ်ေပကျမ်းမူအတိုင်း ဒုပရိန် ခေတ်တွင် ထည့်သွင်းဖော်ပြခြင်း ဖြစ်ပါသည်။ ထိုကျမ်းနှင့် ဆရာကြီး ဦးအောင်သာဦး ရေးသားပြုစုသော “ရခိုင်မင်းဆက်” စာအုပ်တွင် ဒဿ ရာဇာ (အေဒီ-၁၁၂၃)မှ င/နှလုံးမင်းထိ မင်းဆက် ၂၂ဆက်ကို ခြိပ်မင်း ဆက်ဟု မှားယွင်းစွာ ဖော်ပြထားသည်။ နန်းစံနှစ်နှင့် သက္ကရာဇ်ကိုကား တူညီကြသည်။

မနေ့ရှူပေါ်၏သား မဥ္ဇူသင်မင်းသည် စမ္ဘဝက်မြို့တွင် ၂နှစ်နန်းစံပြီးနောက် အေဒီ ၁၁၆၃ ခုနှစ်တွင် နေရဥ္စရာခေါ် မြို့ဟောင်း တောင်ငူကိုတည်သည်။ သို့ဖြစ်၍ အမှန်နေရာဥ္စရာတောင်ငူခေတ်မှာ ၁၁၆၃ ခုနှစ်မှ စသည်။ ၁၆၁ ခုနှစ်မှာ နန်းတက်နှစ်သာဖြစ်သည်။ အေဒီ ၁၂၅၀ တွင် နန်းတက်သော အလောမာဖြူလည်း တစ်နှစ်နန်းစံခဲ့၍ မြို့ဟောင်း တောင်ငူတွင် စုစုပေါင်းမင်း ၁၇-ဆက်၊ နန်းဆက် (၈၈)နှစ်ကြာညောင်းခဲ့သည်။

အေဒီ ၁၂၅၀ တွင် နန်းတက်သော အလောမာဖြူမင်းသည် နေရဥ္စ ရာတောင်ငူတွင် တစ်နှစ်နန်းစံခဲ့ပြီး အေဒီ ၁၂၅၁ တွင် ဒုတိယလောင်းကြက်မြို့ကို တည်သည်။ ၁၈ ဆက်မြောက် မင်းစောမွန် နန်းစံ၍ ၂နှစ်အကြာ အေဒီ ၁၄၀၆တွင် အင်းဝမှ လာရောက်တိုက်ခိုက်၍ အနောက်ဂါဝါပြည်သို့ တိမ်းရှောင်ခဲ့ရသည်။

# အခန်း (၆)
# မြောက်ဦးခေတ်စာပေ

ဤမော်ကွန်းကျောက်စာကို ၁၃၁၃-ခုနှစ် တပို့တွဲငါးရက်နေ့တွင် မြောက်ဦးမြို့၏အရှေ့ဘက် တစ်မိုင်ကျော်ခန့် ဝေးသော မင်းတရားပြင်ရွာမှ ရရှိသည်။ သက္ကရာဇ် ၉၅၅-ခုနှစ်တွင် မင်းဖလောင်းမှ ရေးထိုးစိုက် ထူခဲ့သည်။

## မြောက်ဦးခေတ်စာဆိုတော်များ

မြောက်ဦးခေတ်တွင် စာဆိုတော်အများအပြား ပေါ်ထွက်ခဲ့သည်။ ထိုစာဆိုတော်များအနက် စောယဉ်မိ၊ ဥက္ကာပျံ၊ ဖဒူမင်းညိုတို့မှာ အလွန်ထင်ရှားသည်။ ဤ၌ စောယဉ်မိ၏ ရတုကဗျာကို တင်ပြပါမည်။ ထိုရတုကို ကောဇာသက္ကရာဇ် (၇၉၉)ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၄၃၇ တွင် ရေးသားသည်။

## ရတုဖြစ်ပေါ်လာပုံ

သက္ကရာဇ် ၇၆၈ ခုနှစ်တွင် အင်းဝပထမမင်းခေါင် (မင်းဆွေ)မှ မင်းရဲကျော်စွာကို ရခိုင်သို့စေလွှတ်၍ တိုက်ခိုက်စေ သဖြင့် နောင်တော် မင်းစောမွန် နန်းကျ၍ အနောက်ဘင်္ဂါ(၁၂)မြို့သို့ ထွက်ပြေးရသည်။ သံတွဲမြို့ စား နရနု (မင်းခရီ)သည် ဟံသာဝတီဘုရင်ရာဇာဓိရာဇ်နှင့် မဟာမိတ်ပြု ပေါင်းစည်းခဲ့သည်။ မွန် ရခိုင်မဟာမိတ်အဖြစ် လေးမျက်နှာစေတီကို သံတွဲတွင် တည်၏။

ထို့နောက် သံတွဲမြို့စား နရနု (မင်းခရီ)သည် ဟံသာဝတီမဟာမိတ် အကူအညီဖြင့် လောင်းကြက်မြို့တော်ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ သံတွဲ မြို့စား မင်းခရီ (အလီခင်+နရနု)သည် နောင်တော်မင်းစောမွန်ကို ပြန်လည် နန်းတင်၏။ ထို့နောက် မင်းစောမွန်သည် လောင်းကြက်မြို့ကိုစွန့်၍ မြောက်ဦးမြို့ကို တည်လေသည်။ ညီတော်မင်းခရီကို အိမ်ရှေ့ရာ အပ်နှင်း၍ ညီနောင်နှစ်ဦး မြို့တည်လေ၏။

ထိုသို့ မင်းခရီသည် မြောက်ဦးရွှေနန်းတော်တည်နေစဉ် သံတွဲတွင် အုပ်ချုပ်မည့်သူမရှိခိုက်တွင် အရှေ့ဘက်သုံးရွာ စားမှ မြို့စားအဖြစ် အုပ်ချုပ်သည်။ သုံးရွာစားမင်းဟု တွင်၏။

ထိုမင်း၏မိဖုရားမှာ စောယဉ်မိဖြစ်၍ သားကြီးစောရန္တမိတ်၊ သားငယ် ဘယမင်းရဲဟု သားတော်နှစ်ပါးရှိသည်။ သုံးရွာစားနတ်ရွာစံသော် စောယဉ်မိ အုပ်ချုပ်လေ၏။ ကျေးကျွန်များမှ စောရန္တမိတ်အား အရှင့်မိခင်သည် ဘယမင်းရဲကို ပိုမို၍ ချစ်မြတ်နိုးသဖြင့် သံတွဲမြို့အား အပိုင်စားပေး၍ အုပ်ချုပ်စေလိမ့်မည်ဟု ကုန်းတိုက်လေ၏။

ထိုသို့ပြောဆိုသောစကားကို ယုံကြည်၍ ညီတော်ဘယမင်းရဲအား ခေါ်ယူလေသည်။ ဘယမင်းရဲ ရှေ့မှောက် ရောက်ရှိ၍ လက်အုပ်ချီ၍ အရိုအသေပြုစဉ် ဓားနှင့်ခုတ်လေရာ ဘယမင်းရဲမှာ လက်နှစ်ဖက်ပြတ်ရရှာလေသည်။

စောယဉ်မိသည် သားငယ်၏အဖြစ်ကို တွေ့မြင်ရလေလျှင် ယူကြုံးမရ ဖြစ်မိခြင်းနှင့်အတူ မိုက်မဲကြမ်းကြုတ် လှသောသားကြီးကိုလည်း အားမကိုးလိုတော့သဖြင့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံ၍ စိတ်သဘောထား မြင့်မြတ်လှ သော သံတွဲမြို့စားဖြစ်ခဲ့ဖူးသူ ယင်းအချိန်တွင် မြောက်ဦးရွှေနန်း သခင်ဖြစ်နေသူ မင်းခရီ (အလီခင်+နရနု)ထံသို့ အဖြည့်ခံ ရတုနှစ်ပိုဒ်ကို ဆက်သွင်းခဲ့လေသည်။

အချိန်ကာလသည်ကား ကောဇာသက္ကရာဇ် (၇၉၉)ခုနှစ်၊ ခရစ်နှစ် (၁၄၃၇)ခုနှစ်တွင် ဖြစ်လေသည်။

## စောယဉ်မိရတုဖွင့်ဆိုချက်များ

တောင်ညို့ငွေချာ၊ ကျွန်းလက်ယာထက်၊ သီတာရစ်ခွေ၊ သံတွဲမြေဝယ်၊ အုတ်ထွေဖြစ်ပေါင်း၊ မများတောင်းသည်၊ ဆွေပေါင်မျိုးလယ်၊ ကောင်းကင်ကြယ်သို့၊ နေဘွယ်တစ၊ သာမောလှရှင့်။

ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းတွင် ရှိနေကြကုန်သော မြို့အသီးသီးတို့အနက် ဒွါရာဝတီသံတွဲမြို့မှာမူ တောတောင်များက သဘာဝအုတ်တံတိုင်း များသဖွယ် ကာရံနေလျက် ညို့ညို့မှိုင်းမှိုင်းအုံ့အုံ့ဆိုင်းဆိုင်းဖြင့် ကြည်နူးဖွယ်ရာ ကောင်းလှသည်။ ရခိုင်ရိုးမတောင်တန်းကြီးမှ မြစ်ဖျားခံ၍ စီးဆင်းလာ သော သံတွဲမြစ်ချောင်းကြီးမှာ ကွေ့ကာဝိုက်ကာ ရစ်မွေကာဖြင့် မြွေလိမ်မြွေတွန့်သဖွယ် သဘာဝအလှတစ်ခုကို ဖန်တီးထားသဖြင့် သာယာရှုမောဖွယ် ကောင်းလှပေသည် ဟု ကဗျာရှင်မှ ရှေးဦးစွာ သံတွဲမြို့၏ရှုခင်းကို ပုံဖော်လိုက်၏။

## ဉာဏ်တော်ဝင့်မော

"မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပေးဘူးကလည်း၊ ဘုရားလှကျော်၊ ဉာဏ်တော်ဝင့်မော၊ တန့်တောတစ်သီး၊ ဂူကြီး ဂူငယ်၊ သိမ်လည်ရိပ်တွင်း၊ ရုပ်ဆင်းနှစ်ဆူ၊ အတူရှေ့ဆိုင်၊ ဘုရားပြိုင်၍၊ လေးတိုင်ပြပြား၊ တည်ထားသင့်စွာ၊ လေးမျက်နှာလည်း"

## ဘုရားလှ

သက္ကရာဇ် ၆၉၀-ခုနှစ်တွင် လောင်းကြက်ခေတ်၌ သံတွဲမြို့စား အမတ်ကြီးကျော်သူသည် ဘုရားလှရုပ်ပွားတော်နှင့် တန့်တော်မူစေတီ၊ ဂူကြီး၊ ဂူငယ်စေတီတို့ကို တည်ထားခဲ့သည်။ သံတွဲမြို့စား အမတ်ကြီး ကျော်သူ ကုသိုလ်ပြုပြီးနောက် (၈၉၃)ခုနှစ်တွင် မင်းပါကြီးမှ ဂန္ဓကုဋိကျောင်းတော်နှင့် အုတ်တံတိုင်းကို ဆောက်လုပ်လှူဒါန်းသည်။ အံတော် တိုက်ကျောင်း အတွင်း၌ ရှိ၏။

## ဂူကြီးဂူငယ်

ဂူငယ်စေတီမှာ တန့်တော်မူစေတီပင် ဖြစ်၏။ မြတ်စွာဘုရား ရပ်တန့် တော်မူ၍ ဗျာဒိတ်ပေးတော်မူခဲ့သဖြင့် တန့်တော်မူတောင်ဟု တွင်၏။ တန့် တော်မူအမည်သာ ပိုမိုထင်ရှားသဖြင့် ဂူငယ်အမည်မှာ တိမ်မြုပ်ခဲ့ရသည်။

တန့်တော်မူစေတီနှင့် ဂူကြီးစေတီမှာ နိမိတ်တိုင်လေးတိုင်ဖြင့် သိမ် သမုတ်၍ တည်ထားသော သိမ်စေတီများ ဖြစ်ကြသည်။ တန့်တော်မူစေတီ၏လှိုဏ်ဂူမှာ သေးငယ်၍ ဂူကြီးစေတီ၏လိုင်ဂူမှာ ကြီး၏။ ဂူအတွင်းရှိ ရုပ်ပွားတော်နှစ်ဆူမှာ ရှေ့ဆိုင်ဖြစ်၍ လေးမြို့ခေတ်လက်ရာရုပ်ပွားတော် နှစ်ဆူကို ယခုတိုင် ဖူးမြင်နိုင်ကြသည်။

ဂူကြီးစေတီမှာ ဂူကြီးခုံရွာတွင် တည်ရှိ၍ ဂူငယ်ခေါ် တန့်တော်မူ စေတီမှာ တလင်းဆိတ်တွင် တည်ရှိသည်။

## လေးမျက်နှာစေတီ

လေးမျက်နှာစေတီကို မွန်၊ ရခိုင်မဟာမိတ်အထိမ်းအမှတ်အဖြစ် သက္ကရာဇ် ၇၆၉ ခုနှစ်တွင်၊ အင်းဝနိုင် (အဝနိုင်) မွန်အမတ်နှင့် သံတွဲစား နရနုတို့ တည်ထားသည်။

## လောကီဓိဌာန်ပန်ရစေ

ရွှေသာ ရွှေပြောင်း၊ လျှံတမောင်းနှင့်၊ ညိုးထောင်းဗျာပါ၊ ညိုထင်းမှာကို၊ ဥက္က ကောင်းမှု၊ ရုပ်တုနှစ်ဆူ၊ ညီနောင်တူလို့၊ ဆုယူဆုပြည့်၊ တောင်းကုန်လှည့်ဟု၊ ခေါ်ကြည့်သောအား၊ ရှင်မင်းများလည်း၊ ညွတ်တွားဝတ်ရှိ နိဗ္ဗာန်ဘုံကို၊ ရောက်တုံတညီ၊ မယ်နှင့်ဆီသည်၊ လောကီဓိဌာန်ပန်ရစေ။

စန္ဒသူရိယမင်းမှ (၁၆)ဆက်မြောက်သော သူရိယစိတြမင်းလက်ထက်၌ မနုကိန်းအရ သက္ကရာဇ် (၆၀၉)ခုကို (၂)ခုကြွင်းထား၍ ဖြို၏။ ထိုသို့ သက္ကရာဇ် ဖြိုပြီးနောက် သူရိကေသီမင်းကြီးနှင့် မိဖုရားပဥ္စကလျာ နီလက်ထက်၌ သံတွဲဘုရင်ခံမင်း ဥက္ကာမှကောဇာသက္ကရာဇ် (၁၄၅)ခုနှစ်အရောက်တွင် ရုပ်ပွားတော်နှစ်ဆူကို တည်တော်မူ၏။ ထိုရုပ်ပွားတော် နှစ်ဆူကို သံတွဲမြို့လေးမျက်နှာကုန်းတော်တွင် ဖူးတွေ့နိုင်သည်။

လောကီဘုံသားများဖြစ်ကြသည့်အားလျော်စွာ ရှေးမင်းညီမင်းသား၊ ရှင်ဘုရင်နှင့် မိဖုရားတို့သည် နိဗ္ဗာန်ကို ရည်မှန်းလျက် စေတီပုထိုးများ ရုပ်ပွားတော်များ၌ အလှူဒါနပြုလုပ်လှူဒါန်းကာ ဆုတောင်းဆုယူပြုကြကြောင်း ဗုဒ္ဓဘာသာဝင်များပီပီ ဓလေ့ထုံးစံတစ်ခုကို ကဗျာခံဖော်ကျူးထား သည်။

## မတ္တရာလောမသိမော

*မောင်တို့နေရာ၊ ရွှေပြည်သာသို့၊ လိုက်ပါမူလည်း၊ မတ္တရာ လော၊ မသိမောခဲ့၊ မင်းစောဒသ၊ ဘာတိကတို့၊ ဒီပဇမ္ဗူလုံး လုံးချ၍၊ ခွန်ယူသိမ်းမြန်း ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဗွါရာဝတီ၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံ့ဝယ်။*

ရတုဒုတိယပိုဒ်တွင် မြောက်ဦးရွှေနန်းတော်၌ စိုးစံသော နရနုမင်းမှာ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသူဖြစ်၍ သူမအား မတူမတန်ဟု သဘော ထားကာ၊ မြောက်ဦးရွှေမြို့တော်သို့ ခေါ်ယူသိမ်းမြန်းကောက်ယူတော်မူပါ့ မလားဟု

သံသယစိတ်များဖြင့် တွေးတောငေးမောကာ ရင်မောခဲ့ရကြောင်း အစချီလိုက်ပြီး၊ သံတွဲမြို့၏ အကြောင်းကို မင်းစောနှင့် ဒသဘာတိက ညီနောင်တို့တည်ခဲ့သော မြို့ဖြစ်ကြောင်း ငါးရာငါးဆယ် ယဋ္ဌပဏ္ဍိတဇာတ် ဝတ္ထုကို ရည်ညွှန်း၍ ဖော်ပြထားသည်။

## သုံးဆူနောင်

*ပတ်ရံသုံးတောင်၊ သုံးဆူနောင်လည်း၊ ရှုသောင်ရှုဘာ၊ အာဏာ ထက်လင်း ဘဝဂ်ချင်းမျှ၊ ခပင်းနတ်လူ၊ ရိုးရာမူသား။*

သံတွဲမြို့သည် တောင်သုံးလုံးအလယ်၌ရှိ၍ တောင်သုံးလုံးတွင် စေတီ သုံးဆူတည်ရှိကြောင်းနှင့် ထိုစေတီသုံးဆူမှာ အထက်ဘဝဂ်တိုင်အောင်ပင် လူရောနတ်ပါ ဆည်းကပ်ကိုးကွယ်သော တန်ခိုးကြီးစေတီသုံးဆူဖြစ် ကြောင်း တင်စားထားသည်။ ယင်းစေတီသုံးဆူမှာ ရွှေအံတော်စေတီ၊ ရွှေနံတော်စေတီနှင့် ရွှေဆံတော်စေတီ စေတီသုံးဆူဖြစ်၏။

## မောင်နှင့်မိဌာန်ပန်ရစေ

*မင်းတူဇနီး၊ မကြီးဘုန်းသစ်၊ ချစ်လို့သနား၊ နောင်ကား မေတ္တာ သက်လို့ပါ၍၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို၊ မောင်နှင့်မိဌာန် ပန်ရစေ။*

မယ်တို့၏ မြို့ရွာတွင် တည်ရှိသော သမိုင်းဝင်ဗျာဒိတ်တော်ရ စေတီ သုံးဆူမှာဖြင့် ဗုဒ္ဓသရဏပန်းဖြစ်သော ပန်းသုံးပွင့်သုံးခိုင်ဖြင့် မယ်နှင့် မောင် သစ္စာထားကာ ဆုပန်လိုပါကြောင်း နရနုမင်းအား အဖြည့်ခံရတုနှစ်ပိုဒ်ကို ရေးသားဆက်သွင်းခဲ့လေသည်။

**သရဏပွင့်ပန်းသုံးဆင့် (က)**

၁။ နေ့အခါ၌ ပွင့်သောပန်း
၂။ ညအခါ၌ ပွင့်သောပန်း
၃။ နေ့ရောညပါ ပွင့်သောပန်း

**သရဏပွင့်သောပန်းငါးဆင့် (က)**

၁။ နေဇာမြက်ပန်း
၂။ ဆံပန်း
၃။ မုန်ညင်းပန်း
၄။ မြတ်လေးပန်း
၅။ ပေါက်ပေါက်ပန်း

ဗုဒ္ဓဘာသာဖြစ်သည့်နေ့မှစ၍ ယနေ့ထိ ရခိုင်တိုင်းရင်းသားများသည် ဤပန်းသုံးဆင့် ပန်းငါးဆင့်သုံးမျိုးငါးမျိုးဖြင့် သက်ဆိုင်ရာ ပူဇော်ပွဲများ စေတီပုထိုးရုပ်ပွားတော်များတွင် ပူဇော်ကြပါသည်။

စောယဉ်မိ၏ အဖြည့်ခံရတုနှစ်ပိုဒ်တွင် နရနုမင်းဖတ်ရှုပြီးနောက် မင်း ကြီးကိုယ်တိုင် ရတုကဗျာဖွဲ့၍ ပြန်ကြားလိုက်သည်။ နရနုမင်းကြီးမှာ ကဗျာ လင်္ကာတတ်ကျွမ်းသော ပုဂ္ဂိုလ်ကျော်ဖြစ်၍ မင်းကြီး၏ဆရာမှာ ရခိုင်အရှင် သီလဝံသမထေရ် ဖြစ်၏။

အိန္ဒိယမှ ကာလီဒါသပြုစုသော သုတမေဇ် (သျှတမောဓ) အလင်္ကာ သတ္တတကျမ်းကို ဝေသာလီခေတ်တွင် သုဝဏ္ဏဒေဝီမှ ကဝိကဏ္ဍအမည် ဖြင့် ဘာသာပြန်ဆိုခဲ့၏။ နရနုမင်းကြီး၏ ဆရာအရှင် သီလဝံသ ရခိုင်ဆရာ တော်မှ ကဝိကဏ္ဍပါသနကျမ်းကို လင်္ကာဖြင့် ရေးသားကျမ်းပြုခဲ့ပြန် သည်။ (၁)

## နရနုမင်း၏ အဖြည့်ရတုပိုဒ်

သျှောင်စိုးကေသာ၊ သာမောစွာနှင့်၊ သူဇာမိဖြူ လိုက်တော်မူ လော့၊ ဇမ္ဗူမဏ္ဍိုင်၊ ရွှေရခိုင်၏၊ ရှစ်ဆိုင်ရပ်သင်း၊ ခွန်သွင်းဖြင် ပြော၊ သဘော်စင်းပျံ၊ ဆိတ်မည်းတည့်၊ သာလွန်ထွန်းတောက်၊ ရှုမျှော်ထောက်ထား၊ မောက်မောက်သွန်းသွန်း၊

ရွှေနန်းပြာသဒ်၊ အထွဋ်တန်ခ်ဆောင်၊ ရွှေတောင်ပန်ကျ၊ နန်းမနန်းရံ၊ မျက်စိမံ၍၊ သာစံပျော်ပါး၊ သိကြားသူဇာ၊ သက်ကျလာသို့၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို၊ မောင်နှင့်မိဌာန် ပန်ရစေ။

နရနုမင်းကြီး၏ လက်ရာကောင်း လက်ရာမွန်စာပေအဆင့်ကို သုတေသီများ ခန့်မှန်းနိုင်ကြပါစေ။

## သူဇယမိဖြုလိုက်တော်မူ

ဆံကေသာကျော့ရှင်းစွာဖြင့် ဖြူစင်ဝင်းဝါသောအသားအရေနှင့် ပြည့်စုံ ပြီး၊ နတ်သမီးတမျှလှပသည့် စောယဉ်မိ မိဖုရားနှင့် မေတ္တာမျှကာ သစ္စာ မိဌာန်ပန်မည်ဖြစ်၍ မြောက်ဦးရွှေမြို့တော်သို့ လိုက်ခဲ့စေလိုကြောင်း ပြန်ကြား လိုက်ခြင်းပင် ဖြစ်သည်။

နရနုမင်းသည် စစ်အင်္ဂါလေးပါးနှင့် ချီတက်လာခဲ့ပြီး တောင်ကုတ်မြို့ မှ ကြိုတော်မူ၏။ စောယဉ်မိ မိဖုရားမှာ တောင်ကုတ်မြို့သို့ ကြွချီ၍ နရနုမင်းအား ဖူးမျှော်ကာ မြောက်ဦးရွှေနန်းတော်သို့ လိုက်ပါသွားခဲ့သည်။ အလည်နန်း မိဖုရားဟု အမည်တွင်စေ၏။

## တစ်ရက်ဦးနှင့်ဖူးမြော်

စောယဉ်မိထက် တစ်ရက်ဦး၍ရောက်ကာ နရနု(မင်းခရီ)ကြိုဆိုသောနေရာကို တစ်ရက်ဦးဟု တွင်၏။ နောင်တွင် တရက်ကူး ထိုမှတဆင့် တရကူရွာဟု ယခုတိုင်ခေါ် တွင်လျက် ရှိသည်။ နရနု (မင်းခရီ)အား စောယဉ် မိ ဖူးမြော်သော နေရာကို "ဖူး" ဟု တွင်၏။ ယခုအခါ "ခူး" ရွာဟု ခေါ် ဆိုနေကြသည်။

ယင်းတရကူ (တရက်ကူး)ရွာနှင့် ခူး(ဖူး)ရွာမှ တောင်ကုတ်မြို့နယ် တွင် တည်ရှိနေသည်။

## ဗြိတိသျှခေတ်စာပေ

ဗြိတိသျှခေတ်တွင်လည်း ရခိုင်ပြည်မှ စာဆိုတော်များ ကလောင်သွေး ကြပြန်သည်။ အမြောက်အများပေါ် ထွက်ခဲ့သော စာဆိုတော်များထဲမှာ တော်လှန်ရေးကဗျာစာဆိုတော်တစ်ဦး၏ကဗျာကို တင်ပြပါမည်။

ဗြိတိသျှခေတ်တွင် အင်္ဂလိပ်နယ်ချဲ့တို့အား ရခိုင်တော်လှန်ရေး ခေါင်းဆောင်များနှင့် ရခိုင်ပြည်သူလူထု တစ်ရပ်လုံးမှ လက်နက်စွဲကိုင်၍ တော်လှန် ခဲ့ကြသည်။ တော်လှန်ရေးခေါင်းဆောင်များမှာ ရခိုင်ပြည်နယ် တောင်ပိုင်း သံတွဲခရိုင်တွင် ဗိုလ်သာဦးဇော်ဂျီဗိုလ်၊ ဘုန်ကြီးဗိုလ်၊ တိမ်ကြားဗိုလ်၊ မျက်ကန်းဗိုလ်၊ ဗိုလ်ကျော်ဝတို့ဖြစ်ပြီး ရခိုင်ပြည်မြောက်ပိုင်းတွင် မင်းသားကြီး ရွှေဘန်း၊ ဒေးဝန်းအောင်ကျော်ရွှေ မြို့သူကြီးအောင်ကျော်ဇံစသည်ဖြင့် ပေါ် ပေါက်ခဲ့၏။

အင်္ဂလိပ်အစိုးရသည် တော်လှန်ရေးခေါင်းဆောင်များဖြစ်ကြသော မင်းသားကြီး ရွှေဘန်း၊ ဒေးဝန်ကြီး အောင်ကျော်ရွှေ မြို့သူကြီးအောင်ကျော်ဇံတို့ကို သက္ကရာဇ် ၁၈၃၄-ခုနှစ်တွင် ဖမ်းဆီး၍သင်္ဘောဖြင့် ကာလကတ္တားထောင် သို့ ပို့ဆောင်လေသည်။

တော်လှန်ရေးခေါင်းဆောင်မင်းသားကြီး ရွှေဘန်းသည် ကာလ ကတ္တားထောင်၌ အစာအငတ်ခံ၍ (၄၁)ရက်ကြာ ဆန္ဒပြခဲ့သည်။ အစာအငတ်ခံဆန္ဒပြ၍ မကွယ်လွန်မီ၊ မိမိလက်မောင်းမှ သွေးကို ဖောက်ထုတ်ကာ ထောင်အုတ်နံရံ၌ တော်လှန်ရေးကဗျာမှာတမ်းရတုကို ရေးသားခဲ့ သည်။

မင်းသားကြီး ရွှေဘန်းကွယ်လွန်မှ ကျန်ခေါင်းဆောင် နှစ်ဦးအား ထောင်မှလွှတ်ပေးကာ မင်းသားကြီးရွှေဘန်း၏ ရုပ်အလောင်းကို ရခိုင်သို့ ယူလိုကယူနိုင်ကြောင်း အင်္ဂလိပ်အစိုးရမှ ခွင့်ပြုသဖြင့် ခေါင်းဆောင်ကြီးနှစ်ဦးမှ မင်းသားကြီး၏ ရုပ်အလောင်းကို ရခိုင်သို့ ယူဆောင်ခဲ့ကြပြီး ဝဖြီးတောင်တန်းအနီး ပွဲကြည့်တောင်ထိပ်ပေါ် တွင် အရိုးဂူထည့်၍ သင်္ဂြိုဟ် လေသည်။

## မှာတမ်းရတု တော်လှန်ရေးကဗျာ

မင်းသာအမှန်၊ ငါလျှင်ကြံကာ၊ နိုင်ငံရပ်စည်၊ ကိုယ့်တိုင်းပြည် တွက်၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာရုပ်ပောင်း၊ ဘဝ ပြောင်းလိမ့်၊ ဖြစ်ကြောင်းသံသာ၊ သတ္တဝါလည်း၊ မှန်စွာမချွတ်၊ သူမသတ်လည်း၊ မလွတ်တစ်ခါ၊ သေအံ့ရာတည်း၊ ကမ္ဘာ မကြေ၊ သူတို့သေလည်း၊ အသေမဆိုး၊ ငါမြေထိုးလဲ၊ အရိုး တစ်ခါ တွန်လိမ့်ရာတည်း၊ နောက်သားနောက်လူ၊

ရခိုင်သူတို့ မယူမပြောင်း၊ ငါ့လမ်းကြောင်းကို၊ ကောင်းကောင်းလိုက်နာ၊ တိုင်းပြေညာကို၊ တစ်ခါမုချ ငါတို့ရအံ့၊ လုံ့လရှေ့သန်၊ လူလျှင်ကြံ ကာ၊ အမှန်မချွတ်၊ လက်ဝါးခတ်သည်၊ စွဲမှတ်ဤစာသေတမ်းတည်း။

**(မင်းသားကြီး ဦးရွှေဘန်း)**

ဤမှာတမ်းရတုကဗျာကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော် ရင် (ကွယ်လွန်)မှ ၊ ၁၉၅၀-ခုနှစ်ထုတ်၊ ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်း သားကျောင်းသူများအသင်း စာစောင်တွင်၊ ရခိုင်တော်လှန်ရေးကဗျာစစ် ဆောင်းပါးဖြင့် ဂုဏ်ပြုထားလေသည်။

မင်းစောမွန် တည်ခဲ့သောမြောက်ဦးမြို့တော်အား မင်းဗါဘုရင်သည် ခေတ်မီသော အနောက်တိုင်း အတတ်ပညာနှင့် အရှေ့တိုင်းပညာပေါင်း၍ ခံတပ်မြို့အဖြစ် တိုးချဲ့ဆောက်လုပ်ခဲ့သည်။ မင်းဗါမင်းဆက်ကား မြောက်ဦးကို တခေတ်ဆန်းစေခဲ့သည်။ မင်းဆက် (၉)ဆက်၊ နှစ်ပေါင်း ၁၀၇ နှစ်မျှ ကာလသည် ရခိုင်ပြည်၏ တန်ခိုးအာဏာ အကျယ်အပြန့်နှံ့ဆုံး ဖြစ်သည်။

မင်းတိက္ခာ (၂)နှစ် (၆)လစိုးစံ၍ မင်းစောလှ (၈)နှစ် (၆)လ စိုးစံ ကြ၍ ၎င်းတို့နန်းစံနှစ်ကို (၃-နှစ်၊ ၈-နှစ်) (သို့မဟုတ်) (၂-နှစ်၊ ၉-နှစ်) ဟူ၍ အမျိုးမျိုး တွက်ကြသည်။ အမှန်မှာ နှစ်ဦးပေါင်း ၁၁-နှစ် စိုးစံကြခြင်း ဖြစ်သည်။

<u>**ရည်ညွှန်းကျမ်းများ**</u>


| | | | |
|---|---|---|---|
| ၁။ | ဓညဝတီရာဇဝင် | - | ပဲခူးမင်းကျောင်းဆရာတော် |
| ၂။ | ဝေသာလီယဉ်ကျေးမှု | - | ဦးအောင်သာဦး |
| ၃။ | ရခိုင်တန်ဆောင် ဆောင်းပါးများ | - | ဦးဦးသာထွန်းများ |
| ၄။ | ရခိုင်ယဉ်ကျေးမှုအမှတ် | - | အသျှင်စက္ကိန္ဒ |
| ၅။ | ရခိုင်ယဉ်ကျေးမှုဓလေ့စံများ | - | လမ်းစဉ်ပါတီ |
| ၆။ | ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး | - | မောင်အံ့ (မဟာဝိဇ္ဇာ)ဘုံဘေ |
| ၇။ | ကျောင်းသုံးမြန်မာရာဇဝင် | - | မောင်ဘသန်း၊ ဘီအေ |
| ၈။ | လောကသာရပျို့အဘိဓာန်အဖြေ | - | မင်းသုဝဏ် |
| ၉။ | ရခိုင်စာပေကောက်နှုတ်ချက်များ | - | ရခိုင်ယဉ်ကျေးမှုပြခန်းကော်မတီ |
| ၁၀။ | သုတေသီဦးကျော်ဇံ (စစ်တွေ) | - | မှတ်တမ်း |
| ၁၁။ | သံတွဲမြို့ရှိ စေတီပုထိုးများသမိုင်း | - | အရှင်ကောသလ္လ (ဂဝေသီ) |
| ၁၂။ | ရာဇက္ကမသင်္ခေပကျမ်း | - | ရမ်းပြည့်တောင်ကျောင်းဆရာတော် |
| ၁၃။ | စာဆိုတော်များ အတ္ထုပ္ပတ္တိ | - | မောင်သုတ |
| ၁၄။ | အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီ | - | ဦးစံသာအောင် |
| ၁၅။ | ရခိုင်စာဆိုတော်များ | - | ထွန်းရွှေခိုင် |
| ၁၆။ | အရှေ့တိုင်းယဉ်ကျေးမှု ဝိဇ္ဇာတတိယနှစ် | - | |
| ၁၇။ | ဝေသာလီကြေးမုံ | - | သုတေသီဦးကျော် (စစ်တွေ) |
| ၁၈။ | ရှေးဟောင်းသက္ကတသဒ္ဒါကျမ်း | - | ဦးရွှေအောင်၊ အမ်အေ (သက္ကဋ) |
| ၁၉။ | သက္ကတသဒ္ဒါကျမ်း | - | ဦးမြင့်ဆွေ |
| ၂၀။ | ရခိုင်နန်းဆက်သမိုင်း | - | ထွန်းရွှေခိုင် |
| ၂၁။ | ရှစ်ရာစု ရခိုင်ဝေသာလီမင်း | - | ဦးစံသာအောင် |

## ဒုတိယပိုဒ်

နောက်ခွင်ကြာလွန်း၊ ရာသီစွန်းလျှင်၊ ရစ်သန်းလှည့်ခါ၊ သျှစ်ဖြာအဲ့ လာကြိုး အာကာတိမ်းညွတ်၊ ပြိုလတ်ဘိသွင်၊ မယ်လျှင်လက်စုံမိုးရယ်။ ကြောက်ရွံ့စိုးညှိုးမျက်နှာ၊ လက်ရှိဖြန့်ထား၊ သိကြားကိုလျှောက်ပါအယ်။ တောင်ညာမပေ့ာ်ရင်သွီး၊ နှစ်ပါးမောင်နှံ့စုံ၊ ဘုန်းရိပ်လှုံကေ၊ ပဒုမ်ကြာနံ့ မွှီးအယ့်။ ချစ်ကြွီး မတင်ခင်၊ ဆယ့်သုံးနှစ်ဝယ်၊ ငယ်စဉ်ကပင်တည်း။ ဘ-နတ်ရှင်လောင်းဘုရား၊ ခြားဝမ်းမကွာ၊ ရင်းချာမောင်မယ်နှစ်ပါးကို၊ ထိမ်းမြာစုလျားတင်၊ လက်ထပ်ရီသွန်း၊ ဆယ့်နှစ်ခန်းမူ၊ ထူးဆန်းသဘင် ဆင်ရယ်။ ချစ်ကြိုးမျှင်-သွယ်ရစ်ပတ်၊ နဝရတ်စီ၊ သိင်္ဂီအိမ်ရှိနတ်နှယ့်။ စံကြထုံးလိုပင်တည်း။ သုံးနှစ်ရာသီမှာ၊ ကုလားနီပြန်၊ သူရတန်က၊ အား အန်ပြတုံလှာရယ့်။ ခွန်ဘဏ္ဍာဆက်မသွင်း။ ဥပရာဇ်သျှင်၊ မယ့်ထိပ်တင်ကို၊ အလျှင်ချီစေလျှင်းဟု၊ သောင်းတွင်းဇမ္ဗူပိုင်၊ အာဏာမိန့်မြွတ်၊ ဘခင် နတ်က၊ အမတ်တစ်ထောင်များမြောင် လက်နက်ကိုင်နှယ့်။ တောင်မဏ္ဍိုင် ပြိုခမန်း၊ ဆင်မြင်းစစ်ချီ ပဲ့တင်ပိကေ။ ဤမြေသိမ့်သိမ့်ကျန်းမျှ။ နန်းအိမ့် ရှိယ့်သခင်၊ နံတော်ကမူ၊ စတုရပါဒ်၊ နက္ခတ်အထွန်း၊ ကျီးကန်းတာရာ၊ ဟသ်ာအထွက်၊ စစ်ချီတက်လျှင်လည်း၊ နောက်ခွင်မောက်သူဇာ၊ ခရိုင်တစ် လွှား၊ အပိုင်စားကေ၊ စံကားသုံးကြိမ်ကြာခယ့်။ တောင်တာကို ချင့်တွက် ပြန်၊ မယ်တို့စံမြန်း၊ ရွှီဘုံနန်းနယ့်၊ ဂဏန်းသင်္ချာ၊ ယူဇနာမူ၊ နဝါဒသ- မှန် အယ့်။ ။ အလျှင်အမြန် ပြန်စေကြောင်း၊ ဆုတောင်းဆုယူ၊ သိမ့်သိမ့်ဆူသည်၊ သျှင်လူအများ အပေါင်းတည့်။ နန်းလောင်း- မယ့်သခင်၊ အောင်ပန်း စိုက်ထောင်၊ ဘုန်းခေါင်ပြန်စိယ်ချင်ရေ၊ နောက်ခွင်ကြာလွန်းစွတကား။

## တတိယပိုဒ်

လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းမြင့်အောင်မြီ၊ ဆယ့်နှစ်လီ- ရစ်သန်းမြူး၊ မောက်သူဇာကေ၊ ဒက္ခာဆိပ်ကမ်းဦးက။ ။ ကျေးဇူးဂုဏ် သျှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာသုံးခယ့်ပြန်မှ။ ပြောင်ဆဒ္ဒန်မာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်တို့မင်းမျိုးတည်း။ ဆိုးကောင်း နှစ်ပါး တွင်၊ ရိပ်ခြည်အမြင်၊ အသျှင်သိရင်းပင်တည့်။ ပညာသျှင်အုပ်ထိမ်းမှ၊ မြို့ပြ ပြည်ရွာ၊ သာယာစည်ကား လှအယ့်။ ။ မင်းယောကျ်ားဓမ္မတာ ပညာ မဲ့ကွက်၊ ဉာဏ်မစွက်သော်၊ ပြည်ထက် မထားရာတည့်။ ။ ရှီးကျမ်းလာ ထုံးစာဟောင်း၊ ကျိုးကြောင်းသိပြန်၊ ဘွဲ့မွန်အမတ်ကောင်းတို့၊ နောက်တစ် ကြောင်း- ကုလားရွာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စောထီးထားခယ့်မှာ အယ်။ ။ ဘရာဇာမိန့်တော်မြွတ်၊ ဦးထိပ်ရွက်ပန်၊ နန်းရံ- အိမ်ရှိယ့်နတ် ကို၊ ရိုသေလျှောက်ထားတင်၊ ရာသီပြောင်း၍၊ မိုယ်းနှောင်းဝါလ ဆောင်းစ အကူးတွင်၊ မျှားဖြင့်စစ်ဗိုလ်ခြီ၊ ထိုပြီတစ်ဝက်၊ လက်နက်ထားဒယ့်စိယ်ဟု။ ။ မြောက်လီမြူးလာလျှင်၊ ဘ-ရာဇာမိန့်မြွတ်ထူး၊ ဦးထိပ်ပန်ရွက်ဆင်ရယ့်။ ။ ရှိယ့်လာလျှင်- နောက်လည်းကောင်း၊ လုံးပေါင်းရှုမြော် ဉာဏ်တော်သာ အကြောင်းတည့်။ ။ မင်းလောင်းဥပရာ၊ ကြည်းရီတင်းကျန်း။ မြစ်ကမ်း နှစ်ဘက်မှာလဲ၊ နိယ့်မကြာအထပ်ထပ်၊ ရက်စပ်စိယ်ကျွန်၊ ရောက်လာပြန် သော်၊ အမှန်အယုံလတ်ကခယ့်။ ။ နောက်ရပ်ပိုင် သခင်၊ ဟေမာန်အကူး၊ ရဲမှူးစစ်အောင်မြင်ရေ၊ ရောက်ထင်ကြာနန်းက တကား။

(သုဝဏ္ဏဒေဝီ၊ ဝေသာလီမြို့တော်)

## ရကန်အကြောင်း သိကောင်းဘွယ်

ဤ၌ ရကန်အကြောင်းအနည်းငယ် တင်ပြပါရစေ။ သဘင်သည်၊ သီချင်း၊ သဘင်၏တူရိယာတို့ကို ရှေးအခါက "ရကင်း" ဟု ခေါ်ကြသည်။ ယင်း "ရကင်း" မှ ရကန်ဖြစ်လာကြောင်း အဆိုရှိလေ၏။ ရကန်ကဗျာ ရေးစပ်လိုလျှင်-

၁။ အခံအအုပ်နှစ်ပုဒ်ထား တစ်ပုဒ်လျှင် အနည်းဆုံး သုံးလေးပိုဒ်ထားပြီး ရတုကဲ့သို့ ရေးရမည်။

၂။ အခံအအုပ်ညီစေ၊ ယင်းတို့၏ နောက်ဆုံးအပိုဒ်ကို အက္ခရာ ၅လုံး၊ ၆လုံး ၇လုံး ရှိရမည်။

၃။ တဖန်ရှေးအအုပ် ကာရန်ကိုယူ၍ ချီ၊ ရှေ့နည်းတူ နှစ်ပိုဒ်ရေး၊ ယင်းကို ကာရန်သစ်နေစေ- ဤသို့အဖန်ဖန် နှစ်ပိုဒ်စီရေး၊ နောက်ဆုံးရတုကဲ့သို့ ချရမည်။

ဤလက္ခဏာများနှင့် ညီညွတ်ပါလျှင် ရကန်ကဗျာဖြစ်၏။ အချို့ဆရာ များမှ "ရွှေတောင်နန္ဒသူ မွေးစွန်းရကန်နှင့် ဦးတိုး၏ ရာမရကန်တို့နှင့် မတူခြားနားနေသဖြင့် သိန်ကန်မိန်တွင် ကဗျာကို "ရကန်" မဟုတ်ဟု ဆိုကြ၏။

ယင်းရကန်နှစ်ခုတို့မှာ ဇာတ်ဝတ္ထုကို ဖွဲ့ဆိုထားခြင်းဖြစ်၍ သိန်ကန် မိန်နှင့် မတူညီနိုင်ပေ။

ရကန်ဟုတ် မဟုတ်ကို ရှေ့ကပြခဲ့ပြီးသော လက္ခဏာအင်္ဂါရပ်များဖြင့် တိုက်ဆိုင်ကြည့်၍ ဆုံးဖြတ်စေလိုသည်။ ထို့အပြင် စိန္တကျော်သူရေးသော-

ဝါဆိုစဉ်ရက်ကန်နှင့် ဆရာတော်ဦးဗုစ်ရေးသော ၅၂၈ သွယ်တက် နည်း ရကန်တို့နှင့်လည်း တိုက်ဆိုင်ကြည့်စေလိုပါသည်။

= ပထမအပိုဒ်ကို ရကန်ကဗျာမှန်သိသာစေရန် စာရေးသူမှ တည်းဖြတ်ကာ အထားအသိုစီစဉ်ပြပြီး ကျန်နှစ်ပိုဒ်မှာ ဆရာဦးအောင်သာဦး၏ မူအတိုင်းဖြစ်ပါသည်။

## စောယဉ်မိနှင့် နရနုမင်းတို့၏ ရတု

၁။ တောင်ညို့ဗွေချာ၊ ကျွန်းလက်ယာထက်၊ သီတာရစ်ခွေ၊ သံတွဲ မြေဝယ်၊ အုတ်ထွေဖြင့်ပေါင်း၊ မများတောင်းသည်၊ ဆွေကောင်း မျိုးလယ်၊ ကောင်းကင်ကြယ်သို့ နေဘွယ်တစေ၊ သာမောလှရှင့်၊ နှမဟူပြီး၊ မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပေးဘူးကလည်း၊ ဘုရား လှကျော်၊ ဉာဏ်တော်ဝင့်မော၊ တန့်တော်တသီး၊ ဂူကြီးဂူငယ် သိမ်လယ်ရိပ်သွင်း၊ ရုပ်ဆင်းနှစ်ဆူ၊ မတူရှေ့ဆိုင်၊ ဘုရားပြိုင် ၍၊ လေးတိုင်ပြုငြား တည်ထားသင့်စွာ၊ လေးမျက်နှာလည်း၊ ရွှေသာ ရွှေပျောင်း၊ လျှံတမောင်းနှင့် ညှိုးထောင်းဖျာပါ၊ ညိုကင်းမှာကို၊ ဥက္ကာကောင်းမှု၊ ရုပ်တူနှစ်ဆူ၊ ညီနောင်တူတို့၊ ဆုယူဆုပြည့်၊ တောင်းကုန်လှည့်ဟု၊ ခေါ်ကြည်သောအား၊ ရှင်မင်းဖျားလည်း၊ ညွတ်တွားဝတ်ရှုံ၊ နိဗ္ဗာန်ဘုံကို၊ ရောက်တုံတညီ၊ မယ်နှင့်ဆီသည်၊ လောကီမိဌာန်ပန်ရစေ။ ။

၂။ မောင်တို့နေရာ၊ ရွှေပြည်သာကို၊ လိုက်ပါဟူလည်း၊ မတူရာလော၊ မသိမောခဲ့၊ မင်းစောဒေသ၊ တာတိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချ၍၊ ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံ့ဝယ်၊ ပတ်ရံသုံးတောင်၊ သုံးဆူနောင်လည်း၊ ရှုသောင်ရှုသာ၊ အာဏာထက်လင်း၊ ဘဝင်ချင်းမျှ၊ ခပင်းနတ်လူ၊ ကိုးရာမူသား၊ မျိုးတူဇနီး၊ မကြီးဘုန်းသစ်၊ ချစ်လို့သနား၊ နောင် အား မေတ္တာ၊ သက်လိုပါ၍၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို၊ မောင် နှင့် မိဌာန်ပန်ရစေ ။ ။

## စောယဉ်မိ– ဒွါရာဝတီ သံတွဲမြို့တော်
## အဖြည့်ပိုဒ်

သျှောင်စို့ကေသာ၊ သာမောစွာနှင့်၊ သူဇာမိဖြူ၊ လိုက်တော်မူလော့၊ ဇမ္ဗူမဏ္ဍိုင်၊ ရွှေရခိုင်ဝယ်၊ ရှစ်ဆိုင်ရပ်မင်း၊ ခွန်သွင်းဖြင်ပြော၊ သင်္ဘောစင်းပြန်၊ ဆိတ်မည်းတည်း၊ အလွန်ထွန်းတောက်၊ ရှုမျှော် ထောက်ထား၊ မောက်မောက်သွန်းသွန်း၊ ရွှေနန်းပြဿဒ်၊ အထွဋ် တန်ဆောင်၊ ရွှေတောင်ပန်ကျ၊ နန်းမနန်းရံ၊ မျက်စိမ်၍၊ သိကြား သူဇာ၊ သက်ကျလာသို့၊ သရဏာပွင့် ပန်းသုံးဆင့်ကို၊ မယ်နှင့် မိဌာန်ပန်ရစေ။

**နရနုစောမွန်- မြောက်ဦးရွှေနန်းတော်**

# မော်ကွန်းစာကိုယ်

သံဂါယနာတင် ပညာမေဓာမော်ကွန်းနှစ်မူတို့၏ ကွဲလွဲချက်များကို သိသာရန်နှင့် သမိုင်းကြောင်း၊ စာပေကြောင်း ညှိနှိုင်းဝေဖန်စီစစ်ဆွေးနွေး နိုင်ကြရန် ဆေးဆရာဦးညိုငမဲ၏ ပညာမေဓာမော်ကွန်းစာမူကို အောက်ပါအတိုင်း ပေမူမှ ကူးယူတင်ပြလိုက်ရပေ၏။

"သူဘုပရံ၊ သူလောကိတံ၊ သုမင်္ဂလံ၊ သမိဇ္ဈတု"

ကမ္ဘာစဉ်လာဓမ္မတာဖြင့်၊ တိဒ္ဒါသမုတ်၊ စတုယုဂ်ကိန်း၊ လေးသိန်းသုံးသောင်း နှစ်ထောင်ဆောင်းသား၊ နှစ်ပေါင်းကိုချုပ်၊ ကလိယုဂ်လည်း၊ ထိုယုဂ်နှစ်ပြန်၊ ဒွါပရန်ဟု၊ သုံးပြန်တေတြာ၊ လေးဖြာကတ၊ ပေါင်းကြလေးထပ်၊ ရှိအပ်သိမှု၊ အ-အာ-ဥ-ဤ၊ ရာသီတြူ၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း၊ ခေတ်ပြောင်းပြန်လှန်၊ ကပ်ဆုံးလွန်အောင်၊ လူ့ဘောင်ပွားဆုတ်၊ လေးပါး ယုဂ်ထွင်၊ အယင်ကထ၊ ဓမ္မဥစ္စာ၊ ပြည့်လှာဥသုံ၊ ကောင်းကိန်းကြံ၏၊ သုံးပုံတေတြာ၊ ယုဂ်မှာတစု၊ ကောင်းစုသုံးမှာ၊ ဒွါပရာစက်၊ တဝက်ကောင်း ဆိုး၊ တစ်မျိုးကလိ၊ အသိဇက၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏၊ ယင်း ကလိသက်၊ ထိုနှစ်ထက်မှာ စ္ဆသိက္ခာ၊ ဂဏန်းချခါ၊ ရာသက်ကာလ၊ ဟာယနမှီ၊ သာကီသကျ၊ ဂေါတမဟု၊ လောကလူ့ရွှာ၊ ဖြစ်ပွင့်လာ၍၊ ဒေဝါ မနု၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်လာခါကား၊ သြတေသာ ငြိမ်း လီနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ကောဇာဖြိုရှူ၊ ဓါတုဋ္ဌီကာ၊ ရောက်ခါ ပေါင်းကြ၊ နဝတြိ၊ သတ္တဂ္ဂိရ ဂေါတမပုဂ္ဂဏ်၊ ကျမ်းရက္ခာပူရ၊ ဓညသခင်၊ ဘုရင်ရာဇာ၊ နာလာမာယု၊ မင်းဟုသမိုက်၊ ဘိသိက်ကြိုက်ခါ၊ ဂေါဇာဘိန္ဒ၊ သာကေကျမ်း၊ ကိန်းဆန်းအရ မိ-ဘ-စံ၊ ဇီ၊ ဖြိုလိကြွင်းနှစ်၊ သက္ကရာဇ် မဟာ၊ တရားသုံးခု၊ ပွင့်မှုထိုကြုံ၊ ကဆုန်ပုဏ္ဏ၊ ဂေါတမံဟု၊ ဗုဒ္ဓံတံထွ၊ မသိရာကို စ္ဆလွယ်စွာရစိမ့်၊ သနားဖိန့်ဖိန့်၊ ဟောမိန့်ညွှန်ကြား၊ လေးဆယ့်ငါး လျှင်၊ ရောက်ငြားဝါရွယ်၊ ရာလေးဆယ်ရှစ်၊ ဘိုးတော်ချစ်၏။ ပြည့်သစ်က ဆုန်၊ အင်္ဂါကြုံနိ၊ သုံးဘုံဆွိဆွိ၊ တုန်ခွိခွိလျှင်၊ မရွှိနိမ္ဗူ စံတော်မူဘိ၊ ပြည်သူ သက်နှင်း၊ မင်းမင်းစဉ်လျှောက်၊ ငါးဆက်မြောက်ကျ၊ စန္ဒသူရိယာ၊ ဇီဝက ကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလစ်၊ သက္ကရာဇ်ပါ၊ သာသနာနှစ်၊ ပွားသစ် အညီ၊ ယှဉ်မှီမြောက်တက်၊ ဆယ့်ခြောက်ဆက်မှာ၊ သူရိယာစိတြ၊ မနဥ္စကိန်း၊ ဖြိုသိမ်းပြီးထ၊ ခတ္တိယန္ဓယ်၊ သုံးဆယ်နှစ်ဆက်၊ ဆင်းသက်ရောက်ပြန်၊ သီရိစန္ဒြ၊ ဥတ္တမကိန်း၊ ဖြိုသိမ်းပေါင်းပြု၊ ဓါတုဋ္ဌီကာ၊ ကောဇာဂုဏ၊ ရောက် ထမှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်၏၊ ထိုနှစ်မှာပင်၊ စိတြပုဏ္ဏိ၊ ပါဋိပဒ၊ ဆုတ်စတရက်၊ ယင်း နိုထက်ထွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးဟိသည်၊ ဘူမိရှိ တောင်၊ ဗိုတောင်ခေါင်ကို၊ ညီအောင်ပြုလျက်၊ လေးဘက်ညီညာ၊ တစ်မျက် နှာလျှင်၊ ဝိဟာယှဉ်မှီ၊ ငါးဆောင်စီတည်း၊ မျှညီစမွာယ်၊ ငါးဆယ့်သံဃာ၊ တစ်မျက်နှာလျှင်၊ နှစ်ရာငါးဆယ်၊ လေးသွယ်အရိယာ၊ ထေရ်သံဃာတို့၊ နှစ်ဖြာဓူရ၊ သိဟဠမှ၊ သတင်းလီ၊ ကြွချီဖြည့်တင်း၊ တိုင်းရင်းဓည၊ တို့ပြည် မမှ၊ ဒူရင်းရာ၊ ကျော်လာတစ်ထောင်၊ ပင့်ဆောင်ကျွေးမွီး၊ လှူပီးပွဲကြီး၊ ပွဲတင်တည်းမျှ၊ အံ့ချီးထိုခါ၊ ကျင်းပရာတွင်၊ လယ်ချယထူးဆန်း၊ နတ်နန်း တူလျှောင်း၊ ရွှီကျောင်းဗိမာန်၊ ဝေဇယန်မှ၊ ဓမ္မရတနာ၊ ညီလာခံမှု၊ ပြုကြ စေရာ၊ သံဃာနှစ်ထောင်၊ ဦးဆောင်ပုဗ္ဗင်၊ သခင်စူဠ၊ ရေဝထေရ်လျှင်၊ ကြီးမှူးတင်၍၊ သဘင်ဓမ္မ၊ သင်္ဂါယနာ၊ တင်ပြုရာတွင်၊ စစ္စာပဉ္စာ၊ ဝိနယ၌၊ နှစ်ရာငါးဆယ်၊ နိကာယ်ပဉ္စ၊ သုတ္တန္တဟု။ ဇကတာလီ၊ ကျမ်းဂမ္ဘီ၌၊ ယှဉ်မှီ ကိုးရာ၊ တဆယ်လာ၏။ ခုဒ္ဒကာမည်ရ၊ သတ္တဝေဖြာ၊ ဘိဓမ္မာ၌၊ ရှစ်ရာလေး ဆယ်၊ သုံးသွယ်ပိဋကတ်၊ ပါဠိမြတ်၌၊ ရွှီးမှတ်ကြီးပြား၊ နှစ်ထောင်အားဖြင့်၊ ပြီးငြားသီးချာ၊ တစ်နှစ်ကြာခဲ့၊ တစ်ဖြာဖွင့်ပြ၊ အဌကထာ၊ ဝိနယာ၌၊ ခြောက် ရာကိုးဆယ်၊ မိပ္ပာယ်ပေါင်းရုံး၊ ကျဉ်းချုံးဖွင့်ဟ၊ ဝိသုဒ္ဓိမဂ်၊ ရေတွက်ဘာလိ သ၊ ဒွိယနိစ္ဆယာ၊ ကင်္ခါဝိတရဏီ၊ ကြီးနီချပ်ပြား၊ နှစ်ဆယ်အားဖြင့်၊ ငါးပါးနိကာယ၊ အဌကထာ၊ နှစ်နှစ်ကြာခဲ့၊ စဉ်လာပွာသက်၊ စမ္မစက်လျှင်၊ ရှည် ဆက်တည်မှု၊ မျှော်ထောက်မှု၍၊ ပ-ဒု နောက်မှ၊ တတိယဟု၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ ထင်ရာဓိပတိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်ကျော်၊ အမိန့်တော် ဖြင့်၊ ထင်ပေါ်ပြည်မ၊ မဟိသဟု၊ မည်ရသမိုင်း၊ ရခိုင်တိုင်းသို့၊ စီခိုင်းကြွလာ၊ မဟာရေဝ၊ ထေရင်းဖြာ၊ ရဟန္တာတို့၊ သူရိယာစက္က၊ တို့ရာဇာအား၊ ဒေဝ ဒူတန်၊ နတ်တမန်ဖြင့်၊ မဟာညွှန်သွန်းလောင်း၊ လေးသောင်း အရိယာ၊ ဓမ္မစကျ၊ ရမူလူပေါင်း၊ လေးသောင်းရဟန်း၊ ကျွတ်တမ်းဆိုက်ရ မြတ်ဗုဒ္ဓ၏၊ ဓမ္မစက်နွယ်၊ ဆက်သွယ်ပွားလျှောက်၊ ထပ်ဆင့်လျှောက်၍၊ ထွန်းတောက် ထိန်ထိန်၊ နောက်နောင်ချိန်လည်း၊ မမှန်သမိုင်း၊ ရွှီခိုင်တိုင်းဝယ်၊ ပြန့်လှိုင်း ရောင်စွယ်၊ ဇမ္ဗူလယ်၌၊ ဖြန့်ကျယ်ဆင့်ဆင့်၊ နှံ့သွယ်လင့်ဟု၊ အသင့်လျော်စွာ၊ ဆောက်တည်ကာဖြင့်၊ မဟာမဟိန္ဒ၊ ထေရာဘုန်းစည်၊ ဖြန့်တည်နွယ်စင်၊ သီဟိုဠ်ခွင်၌၊ နောက်တွင်ဆောင်ရွက်၊ လွန်ခဲခက်၍၊ ပေထက်အက္ခရာ၊ သင်္ဂါယနာ၊ စတုတ္ထမြောက်၊ တင်ပြီးနောက်မှ၊ တိမ်းမှောက်ညစ်ညူး၊ ဝါဒထူးဖြင့်၊ ကူးလူးမယှဉ်၊ အစဉ်တည်တံ့၊ အရှည်ခံ့ဟု၊ ကူပုံဖြန့်ဖြူး၊ မြတ်ကျေးဇူးဟိ၊

ရဘိရည်ညွတ်၊ လွတ်လွတ်ပြုထ၊ သီဟဥ္စနှင့်၊ ဝါဒတူဆီ၊ တိုးသိဂီကား၊ ပဒ္မမိထပ်၊ ကြီးနီချပ်လျှင်၊ ရှိုက္ကပ်တင့်သား၊ ငါးထောင်အားဖြင့်၊ နွှီးထားသီချာ၊ သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး၊ အောင်မြင်ပြီး၍၊ လူထီးခွန်ဆီ၊ စိုးမိုးချီသ၊ သိရိစန္ဒြာ၊ တို့ရာဇာကား၊ ပြည်ရွာခွန်ဆက်၊ လျှော့တန်တဝက်၊ ရန်မျက်ခပ်သိမ်း၊ ငြိမ်းစီကြောင်းပြု၊ ကောင်းမှုပြည့်ဖြိုး၊ စေတီမျိုးနှင့်၊ ပုထိုး ဆင်းတု၊ မျက်ရှုကြည်လင်၊ ဖြူစင်မနော၊ ပြန့်ပြောစဖွယ်၊ ဂူကျောင်းသွယ် လျက်၊ သွားလွယ်တံတား၊ ရီထားကန်တူး၊ မြောင်းဆည်ထူးဖြင့်၊ ဆည်းပူး မယုတ်၊ ကြိုးကုတ်ဒါန၊ သီလတဖြာ၊ ဘဝနာတစ်ရပ်၊ ဝိပဿနာ၊ ပွားကာ ထိန်းချုပ်၊ လောကုတ်မဂ္ဂင်၊ ထုံးမွန်းတင်သည်။ ။ ဖိုလ်ဝင်နိဗ္ဗူရောက် ကြောင်းတည်း ။ ။

မေပညာအမတ်ကြီး
ဝေသာလီမြို့တော်

# ကျေးဇူးတင်စကား

ဥက္ကာအောင်အမည်ဖြင့် စာပေရေးသားသော ဦးစောလှအောင် (စစ်တွေ) ဆောက်လုပ်ရေးအငြိမ်းစားမှ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ သော စာပေ၊ ထင်ရှားသောကဗျာများကို အဓိပ္ပာယ်ပေါ်လွင်အောင် ရေး သားပေးပါရန်၊ အဓိကအားဖြင့် ဝေသာလီခေတ်ယောဓမ္မာဂါထာများ၊ သိန်ကန်မိန်တွင် ကဗျာစောယဉ်မိရတုတို့ကို အဓိပ္ပာယ်ဖွင့်ဆို ရေးသားရန် တိုက်တွန်းလာခဲ့သည်။

စာအုပ်ပြီးစီးပါက မိမိတာဝန်ယူထုတ်ဝေမည်ဖြစ်ကြောင်း၊ ပြီးလျှင် ရခိုင်နှင့် ဆက်စပ်နေသော မနုတောင်ရိုး အကြောင်းလေ့လာရန် စာရေးသူနှင့်အတူ ရှမ်းပြည်နယ်သို့ ခရီးထွက်ရန် စီစဉ်ထားပါကြောင်း။ နောက်ထပ် မအိီ စက်တော်ရာသမိုင်း ပြည့်ပြည့်စုံစုံပြုစုပေးပါ၊ မအီစက်တော်ရာသို့ လေ့ လာဖူးမြော်ရန် နှစ်ဦးသား ခရီးထွက်မည် ဖြစ်ကြောင်း လျှောက်ထားပါ သည်။

သို့သော် ဝါသနာရှင်သမိုင်းသုတေသီတစ်ဦး စောလှအောင်မှာ ၁၃၇၅-ခုနှစ် တော်သလင်းလတွင် ရန်ကုန်မှ သံတွဲသို့အပြန် မော်ဇာဒေသ၊ သရေခေတ္တရာမြို့ဟောင်းကို လေ့လာရင်း ပြည်မြို့တွင် ကွယ်လွန်ခဲ့ရသည်။

သုတေသီဦးစောလှအောင်သည် စာရေးသူအတွက် စာအုပ်စာတမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာစာရေးရန်၊ ကုန်ကြမ်းများ ရှာဖွေပေးနေသူဖြစ် ၍ ကျေးဇူးရှိလှသည်။

ဦးစောလှအောင် ကွယ်လွန်ပြီး စာအုပ်ထုတ်ရန် အလှမ်းဝေးနေချိန်တွင် ဦးလှမြင့်-ရခိုင်သားကြီးစာပေမှ စာမူများ ချီးမြှင့်ပါရန် လျှောက်ထား လာသဖြင့် အတိုင်းမသိဝမ်းသာမှုနှင့်အတူ ကျေးဇူးအထူးတင်မိပါသည်။

ရန်ကုန်တွင် ၁၃၅၇-ခု ပြာသိုလ၌ ဦးလှမြင့်နှင့် တွေ့ဆုံ၍ စာအုပ် ထုတ်ဝေရေးကိစ္စ ဆွေးနွေးခဲ့ကြသည်။ ယခုစာအုပ်အပြင် ဒွါရာဝတီမဂ္ဂဇင်း နှစ်စဉ်ထုတ်ဝေနိုင်ရန် ကူညီမည်ဖြစ်ကြောင်း ဦးလှမြင့်မှ ပြောကြားသေးသည်။

ယခင်တာဝန်ယူနေသူများရှိနေ၍ စာရေးသူမှပြောင်းလွဲရန် အခက်အခဲရှိနေသည်။ တာဝန်ယူနေသူများမှာ အကြောင်းကိစ္စအမျိုးမျိုးကြောင့် မဂ္ဂဇင်းအတွက် ဂရုစိုက်မှုနည်းပါးနေဟန် ရှိသည်။

မည်သို့ဆိုစေ အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ယဉ်ကျေးမှုများ ပေါ်ထွက်လာအောင် ကူညီနေသည့် ဦးလှမြင့် (ရခိုင်သားကြီးစာပေ)အား အထူးကျေးဇူးတင်ရှိနေပါသတည်း။ ။

**အရှင်ကောသလ္လ**

**အံတော်ကျောင်းသစ်၊ သံတွဲမြို့။**

# မြောက်ဦးခေတ်နှောင်း ရခိုင်သမိုင်း
# (အေဒီ ၁၆၃၈–၁၇၈၄)

ပြုစုသူ
ကျော်ဝင်းဦး

ရန်ကုန်တက္ကသိုလ်၊ သမိုင်းမဟာဝိဇ္ဇာဘွဲ့အတွက်

ထက်ဝက်ကျန်ရှိသောတာဝန်ကိုဖြည့်စွမ်းရန်

၁၉၉၆ ခု မေလတွင် တင်သွင်းသည့်ကျမ်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်
သမိုင်းဌာန
၁၉၉၆

# ကျမ်းပြုသမိုင်းအချုပ်

| | | | |
|---|---|---|---|
| **ကျမ်းအမည်** | **မြောက်ဦးခေတ်နှောင်း ရခိုင်သမိုင်း** | | |
| ကျမ်းပြုသူ | ကျော်ဝင်းဦး | ဌာန | သမိုင်း |
| ရယူသောဘွဲ့ | မဟာဝိဇ္ဇာ | ဘာသာ | သမိုင်း |
| ကျမ်းပြုအစနှစ် | ၁၉၉၃ | ကျမ်းပြီးနှစ် | ၁၉၉၆ |
| ကျမ်းတင်ရက်စွဲ | | နှုတ်မေးပွဲရက် | |

| | | | |
|---|---|---|---|
| စာစစ်အဖွဲ့အဉက္ကဌ | ဦးကျော်ဝင်း<br>ပါမောက္ခ<br>သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် | ကျမ်းကြီးကြပ်သူ | ဦးကျော်ဝင်း<br>ပါမောက္ခ<br>သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် |

| | |
|---|---|
| စာစစ်အဖွဲ့ဝင် | ပြင်ပစာစစ် |
| ဦးဘရွှေ<br>ကထိက၊ သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် | ဒေါ်ခင်အုန်းမြင့်<br>တွဲဖက်ပါမောက္ခ(အငြိမ်းစား)<br>သမိုင်းဌာန<br>ဖြင့်အတည်ပြုလက်ခံသည်။ |

# အတိုမှတ်စာရင်း

| | |
|---|---|
| ကုန်းဘောင်ဆက် | ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး |
| င/လက်ရှုံးသိုက် | င/လက်ရှုံးသိုက်ကျမ်း |
| "ဆန်ရောင်းဝယ်ရေး" | "မြောက်ဦးခေတ်လယ်ဆန်ရောင်းဝယ်ရေး" |
| "ဒတ်ချ်-ရခိုင်" | "၁၇-ရာစု ဒတ်ချ်- ရခိုင်ဆက်ဆံရေး" |
| ဓညဝတီသစ် | ဓညဝတီရာဇဝင်သစ် |
| မဟာရာဇဝင် | ရခိုင်မဟာရာဇဝင်တော်ကြီးမူရင်းကျမ်း |
| မဟာသမတ | ရခိုင်မဟာသမတရာဇာရာဇဝင် |
| မင်းစောမွန်ရွှာတည်ခန်း | သက္ကရာဇ် ၇၉၃ ခု မင်းစောမွန်ရွှာတည်ခန်း |
| မင်းရာဇာကြီး | မင်းရာဇာကြီးစာတမ်း |
| မြန်မာမင်းအရေးတော်ပုံ | မြန်မာမင်းများအရေးတော်ပုံ |
| မြို့တံဆိပ်ခပ် | ၇၉၂ မြောက်ဦးမြို့တော်မြို့တံဆိပ်ခပ်စာတမ်း |
| ရခိုင် | တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ရခိုင်) |
| ရခိုင်ကျောက်စာ | ရှေးဟောင်းရခိုင်ကျောက်စာများ |
| ရခိုင်ညွှန့်ဖူး | ရခိုင်ညွှန့်ဖူးယဉ်ကျေးမှုဆောင်းပါးများ |
| ရခိုင်ဒင်္ဂါး | ရခိုင်ဒင်္ဂါးများ |
| "ရခိုင်ပြည်ပရောင်းဝယ်ရေး" | "၁၇ ရာစု ရခိုင်ပြည်ပရောင်းဝယ်ရေး" |
| ရခိုင်ရာဇဝင် | ရက္ခိုင်ရာဇဝင် |
| ရခိုင်သစ် | ရခိုင်ရာဇဝင်သစ်ကျမ်း |
| ရာဇဝင် | ငမည်ရခိုင်ရာဇဝင် |
| ရာဇဝင်ကြီး | ရခိုင်ရာဇဝင်ကြီး |
| "ရမ္မာဝတီစစ်တမ်း" | "ရမ္မာဝတီစစ်တမ်း" |
| လျှောက်ထုံး | မဟာပညာကျော်လျှောက်ထုံး |
| "Arakan's Place" | "Arakan's Place in the Civilization of the Bay" |
| "Aryan Settlement" | "The Legend of the Early Aryan Settlement of Arakan" |
| Chittagong History | A History of Chittagong |
| "Dutch Relations" | '"Studies in Dutch Relations with Arakan" |
| Economics | Principles of Economics |
| Great Image | The Land of the Great Image |
| "Mahamuni" | "The History of Mahamuni" |
| Mogul Empire | Travels in the Mogul Empire |
| "Mrauk-U" | "The City of Golden Mrauk-U" |
| JBRS | Journal of Burma Research Society |
| ROB | The Royal Orders of Burma |
| South-East Asia | A History of South-East Asia |
| Travels | Travels of Fray Sebastien Manrique |

# နိဒါန်း

ခေတ်ဟောင်းရခိုင်သမိုင်းတွင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးဟူ၍ ခေတ်ကြီးလေးခေတ်ထွန်းကားခဲ့သည်။ မြောက်ဦးမြို့တော်ကို ဗဟိုပြုပြီး မြောက်ဦးခေတ်ပေါ်ထွန်းခဲ့သည်။ မြောက်ဦးသည် ကုလားတန်နှင့် လေးမြို့မြစ်နှစ်သွယ်ကြားလွင်ပြင်ဒေသကို ကျောထောက်နောက်ခံပြုလျက် တည်ဆောက်ထားသောမြို့ဖြစ်သည်။ နန်းမြို့တော်ကို စနစ်တကျဖြတ်တောက်ထားသော တောင်စွယ်တောင်တန်းများအပေါ်၌ အောင်မြေအဖြစ် ရွေးချယ်ကာ တည်ဆောက်ထားသည်။

မြောက်ဦးမြို့တော်ကို မတည်ဆောက်မီ လောင်းကြက်သည် လေးမြို့ခေတ် (အေဒီ ၈၁၈-၁၄၃၀)၏ နောက်ဆုံးမြို့တော်ဖြစ်သည်။ လေးမြို့ခေတ်၏ နောက်ဆုံးဘုရင်မှာ နရမိတ်လှဖြစ်ပြီး အေဒီ၁၄၀၄ တွင် လောင်းကြက်ထီး နန်းအရိုက်အရာဆက်ခံအုပ်ချုပ်ရသူဖြစ်သည်။ နရမိတ်လှ၏လက်အောက်ခံ ဒလက်စား အနန္တသိန်၏ပုန်ကန်မှုကို မြန်မာဘုရင်မင်းခေါင်က အားပေးထောက်ခံလျက် လောင်းကြက်မြို့တော်ကို မင်းခေါင်၏တပ်များက လာရောက်တိုက်ခိုက်ခဲ့သည်။ အေဒီ ၁၄၀၆ တွင် လောင်းကြက်မြို့တော်ကျဆုံးပြီး မြန်မာမင်းလက်အောက်သို့ ရောက်ရှိခဲ့သည်။ စစ်ရေးရှုံးနိမ့်သော နရမိတ်လှသည် ဘင်္ဂလားနယ်သို့ အလုံးအရင်းနှင့် ဆုတ်ခွာနိုင်ခဲ့သောကြောင့် အင်းဝဘုရင်မင်းခေါင်သည် ရခိုင်မင်း၏အာဏာကို မသိမ်းယူနိုင်ခဲ့ချေ။ အင်းဝဘုရင်ထိန်းချုပ်ထားနိုင်သော ဒေသများမှာ လောင်းကြက်နှင့် ရခိုင်မြောက်ပိုင်းနယ်မြေအချို့သာဖြစ်သည်။ ရခိုင်တောင်ပိုင်းရှိ သံတွဲနယ်ကိုမူ နရမိတ်လှ၏ညီတော် နရနုက ထိန်းချုပ်ထားခဲ့သည်။

အင်းဝဘုရင်မင်းခေါင်သည် သမီးတော် ရွှေပြည်ချမ်းသာနှင့် သမက်နော်ရထာတို့ကို ရခိုင်ပြည်၏အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ အင်းဝဘုရင်မင်းခေါင်၏အုပ်ချုပ်ရေးသည် ခက်ထန်လွန်းသောကြောင့် ပုံမှန်တည်ရှိနေသည့် ရခိုင်တို့၏လူမှုစီးပွားအခြေအနေများကို ပျက်စီးပြောင်းလဲစေခဲ့ရာ ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

ယင်းအခြေအနေများကြောင့် သံတွဲနယ်ကို ထိန်းချုပ်ထားသူ နရမိတ်လှ၏ညီတော် နရနုသည် ပဲခူးမင်းရာဇဓိရာဇ်ထံစစ်ရေးအကူအညီတောင်းခံခဲ့သည်။ ထိုစဉ်က အင်းဝဘုရင်မင်းခေါင်နှင့် ပဲခူးဘုရင်ရာဇာဓိရာဇ်တို့သည် တစ်ဦးကိုတစ်ဦး စစ်ရေး၊ နိုင်ငံရေးအရ လွှမ်းမိုးနိုင်ရန် ကြိုးပမ်းသည့်အနှစ်လေးဆယ်စစ်ပွဲကို တိုက်ခိုက်နေကြချိန်ဖြစ်သည်။ ယင်းသို့ ဧရာဝတီမြစ်စဉ်၌ ပေါ်ပေါက်နေသည့် စင်ပြိုင်အင်အားဖြစ်ပေါ်မှုကို အခွင့်ကောင်းယူပြီး ဒလက်စားသည် ယင်းနှင့်နီးရာ အင်းဝမင်းထံအကူအညီတောင်းသကဲ့သို့ သံတွဲစားသည် ပဲခူးမင်းရာဇာဓိရာဇ်ထံစစ်ကူတောင်းခဲ့သည်။ ရာဇာဓိရာဇ်၏တပ်များသည် အေဒီ ၁၄၀၇တွင် လောင်းကြက်ကို လာရောက်တိုက်ခိုက်ပြီး မြန်မာတို့လက်ထဲမှ သိမ်းယူအုပ်ချုပ်ခဲ့သည်။ သို့ဖြစ်ရာ ဧရာဝတီမြစ်စဉ်အတွင်း ပေါ်ပေါက်နေသည့် အနှစ်လေးဆယ်စစ်ပွဲသည် ရခိုင်သို့ကူးစက်ကာ တြိဂံပုံသဏ္ဌာန်စစ်မြေပြင်ပေါ်ထွန်းလာခဲ့သည်။ ဆယ်စုနှစ်တစ်နှစ်ကျော်ကြာကာလအတွင်း အင်းဝနှင့် ဟံသာဝတီတို့ ရခိုင်ကို စစ်မြေပြင်ပြုကာ အပြန်အလှန်တိုက်ခိုက်ကြခြင်း၊ ရှုံးနိမ့်သူအပေါ် အောင်နိုင်သူများပြုကျင့်တတ်သည့် သဘာဝအတိုင်း ရခိုင်များအပေါ် ပြုကျင့်ကြခြင်းတို့ကြောင့် ရခိုင်သည် အပျက်အစီးဘေးဒုက္ခများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ဘင်္ဂလားသို့ ဆုတ်ခွာခဲ့သည့် ရခိုင်ဘုရင် နရမိတ်လှသည် ဘင်္ဂလားမင်း၏ စစ်ရေးအကူအညီဖြင့် လောင်းကြက်ကို အေဒီ ၁၄၂၉ တွင် ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ နရမိတ်လှအဖို့ လောင်းကြက်မြို့တော်သည် စစ်ရှုံးခဲ့ရသော မြို့ဖြစ်သည်။ သို့ဖြစ်ရာ ခေတ်သစ်နှင့် မင်းဆက်သစ်ကို ပြန်လည်တည်ဆောက်လိုသော နရမိတ်လှသည် စစ်ရေးအရ ပိုမိုကောင်းမွန်သည့် မြောက်ဦးကို မြို့တော်အဖြစ် ရွေးချယ်ခဲ့သည်။ မြောက်ဦးမြို့ကို မြို့တော်အဖြစ်တည်ဆောက်ပြီးနောက် နရမိတ်လှသည် မင်းစောမွန်ဘွဲ့ကို ခံယူခဲ့သည်။ မင်းစောမွန်၏ စစ်ရေးအောင်မြင်မှုများနှင့်အတူ ပေါ်ထွန်းလာသည့် ရခိုင်မြောက်ဦးနိုင်ငံတော်သည် ဘစောဖြူ (၁၄၅၉-၁၄၈၂)နှင့် မင်းဗာကြီး (၁၅၃၁-၁၅၅၃)တို့လက်ထက်မှ စတင်ပြီး မည်သည့်ဘင်္ဂလားမင်း၊ မြန်မာမင်းတို့၏ ဩဇာနှင့်မျှမပတ်သက်ဘဲ ခေတ်ဟောင်းအရှေ့တောင်အာရှ သက်ဦးဆံပိုင်နိုင်ငံများ၏ ဓလေ့နှင့်အညီ တည်ရှိလာခဲ့သည်။ မြောက်ဦးနှင့် ခေတ်ပြိုင်မြန်မာဒေသ၌ ပေါ်ထွန်းခဲ့သော နိုင်ငံတော်များမှာ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်ဦးနိုင်ငံတော်များဖြစ်ကြသည်။

ဤကျမ်းတွင် မြောက်ဦးခေတ်နှောင်း ရခိုင်သမိုင်းကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဟူ၍ အခန်းသုံးခန်းခွဲခြားတင်ပြ

# အခန်း(၁)
# နိုင်ငံရေး

မြောက်ဦးခေတ်သည် အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ ရှည်ကြာခဲ့ပြီး မင်းပေါင်းလေးဆယ့်ရှစ်မင်းတို့နှစ်ပေါင်း ၃၅၄ နှစ်အကြာအုပ်စိုးခဲ့ပေသည်။ မြောက်ဦးခေတ်ကို အေဒီ ၁၄၃၀ မှ ၁၅၃၁ ထိ မြောက်ဦးခေတ်အစောပိုင်း၊ အေဒီ ၁၅၃၁ မှ ၁၆၃၈ ထိ မြောက်ဦးခေတ်ခေတ်လယ်နှင့် အေဒီ ၁၆၃၈ မှ ၁၇၈၄ ထိ မြောက်ဦးခေတ်နှောင်းပိုင်းဟူ၍ ဖော်ပြကြသည်။[၁] ဤအခန်းတွင် မြောက်ဦးခေတ်နှောင်းပိုင်း၏ နိုင်ငံရေးကို တင်ပြပါမည်။ မြောက်ဦးခေတ်နှောင်းပိုင်း တွင် မင်းပေါင်းနှစ်ဆယ့်ရှစ်မင်းအုပ်စိုးခဲ့ကြသည်။ ဤမင်းများကို အောက်ဖော်ပြပါ မင်းစဉ်ဇယားအတိုင်း တွေ့ရှိရသည်။

## မြောက်ဦးခေတ်နှောင်းမင်းစဉ်ဇယား[၂]

| စဉ် | မင်းအမည် | နန်းစံနှစ် | မှတ်ချက် |
|---|---|---|---|
| ၁ | နရပတိကြီး | ၁၆၃၈ -၁၆၄၅ | |
| ၂ | သတိုးမင်းတရား | ၁၆၄၅ -၁၆၅၂ | |
| ၃ | စန္ဒသုဓမ္မရာဇာ | ၁၆၅၂ -၁၆၇၄ | |
| ၄ | ဥဂ္ဂါဗလရာဇာ | ၁၆၇၄ -၁၆၈၅ | |
| ၅ | ဝရဓမ္မရာဇာ | ၁၆၈၅ -၁၆၉၂ | |
| ၆ | မဏိသုဓမ္မရာဇာ | ၁၆၉၂ -၁၆၉၄ | |
| ၇ | စန္ဒသူရိယဓမ္မရာဇာ | ၁၆၉၄ -၁၆၉၆ | |
| ၈ | ငတုံနော်ရထာ | ၁၆၉၆ | (၁၅)ရက်နန်းစံခဲ့သည် |
| ၉ | မာရုမ္ပိယ | ၁၆၉၆-၁၆၉၇ | |
| ၁၀ | ကာလမန္ဒာတ် | ၁၆၉၇-၁၆၉၈ | |
| ၁၁ | နရာဓိပတိ(၁) | ၁၆၉၈-၁၇၀၀ | |
| ၁၂ | စန္ဒဝိမလရာဇာ | ၁၇၀၀-၁၇၀၆ | |
| ၁၃ | စန္ဒသူရိယရာဇာ(၁) | ၁၇၀၆-၁၇၁၀ | |
| ၁၄ | စန္ဒဝိဇယရာဇာ | ၁၇၁၀-၁၇၃၁ | |
| ၁၅ | စန္ဒသူရိယရာဇာ(၂) | ၁၇၃၁-၁၇၃၄ | |
| ၁၆ | နရာဓိပတိ(၂) | ၁၇၃၄-၁၇၃၅ | |

---

၁။ ရခိုင်ရာဇဝင်ကြီး၊ ပေမူ(ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ်၊ ၉၈၃၇)၊ ချား/ကျော-ထား/ဝမ်း။ (နောင်ဤကျမ်းကိုကိုးထားလျှင် ရာဇဝင်ကြီး ဟု ဖော်ပြပါမည်။)

၂။ ယင်း၊ ပဲ/ဝမ်း-ထား/ဝမ်း။

ယင်းသို့မဟာသမ္မတ၏ ဦးဆောင်မှု သဘောတရားကို ရခိုင်ဘုရင်များလက်ခံ၍ တိုင်းပြည်ကို အုပ်ချုပ်သည်ဟု လက်ခံထားကြသော်လည်း လက်တွေ့ကျင့်သုံးကြရာ၌ ရခိုင်လူ့အဖွဲ့အစည်းမှ တင်မြှောက်၍ ဖြစ်ပေါ်လာသော မင်းဟူ၍ ရခိုင်ကျောက်စာများနှင့် ရာဇဝင်ကျမ်းများ၌ မတွေ့ရှိရသေးပေ။ ရခိုင်ပြည်၏နောက်ဆုံးမင်းဖြစ်သော မဟာသမတရာဇာ (၁၇၈၂-၁၇၈၄)ကို မှူးမတ်နှင့်ပြည်သူများက မင်းအဖြစ်ရွေးချယ်တင်မြှောက်သည်။[၅] ဟုဆိုသော်လည်း လက်တွေ့တွင် မဟာသမတကို လူထုခေါင်းဆောင်အဖြစ် တင်မြှောက်သည့် သဘောတရားနှင့်ညီသော လုပ်ဆောင်ချက်များအထင်အရှား မတွေ့ရှိရပေ။ မြောက်ဦးနန်းတွင်းရှိ မှူးမတ်များ၊ မြို့သူမြို့သားများ၏ သဘောအရတင်မြှောက်သည့် သဘောမျှသာလက်ခံရန်ရှိသည်။ ထီးနန်းအာဏာရရှိအောင် ဆောင်ရွက်ခဲ့ကြသည့်မင်းများ၏ လုပ်ဆောင်ချက်ကို စိစစ်သော် အစဉ်အလာထီးနန်းဆက်ခံခွင့် ဓလေ့အရဆက်ခံခြင်း၊ နန်းတွင်းပုန်ကန်မှုဖြင့် ထီးနန်းရရှိခြင်းများနှင့် ဒေသဆိုင်ရာအာဏာပိုင်များက တော်လှန်ပုန်ကန်၍ အာဏာရရှိလာခြင်းများကိုသာ တွေ့ရသည်။ သို့ဖြစ်ရာ မြောက်ဦးနိုင်ငံတော်၏ နိုင်ငံရေးအာဏာဆင်းသက်ပုံ၊ အာဏာရရှိပုံမှာ မဟာသမတအာဏာရရှိလာပုံနှင့် မတူညီဘဲ ခေတ်ဟောင်းကမ္ဘာ့သမိုင်းတွင် ပေါ်ထွန်းခဲ့သည့် သက်ဦးဆံပိုင်မင်းများ[၆] ၏အာဏာရရှိလာပုံ သဘောတရားအတိုင်းသာ တွေ့ရသည်။

မြောက်ဦးခေတ် ရခိုင်ဘုရင်များသည် ရခိုင်လူမျိုးမှ ဆင်းသက်လာသူများသာ ဖြစ်ကြသည်။ သို့ရာတွင် မင်းဖြစ်ရေးအတွက် လက်ခံထားကြသည့် သဘောတရားများ၌ မင်းဟူသည် အတိတ်ဘဝမှ ဖြည့်ဆည်းခဲ့သော ပါရမီ၊ ဘုန်းတန်ခိုးတော်များကြောင့် မင်းအဖြစ်ကို ရရှိလာသူဖြစ်သည်။ မင်းဖြစ်ရန် မဟာသမ္မတမျိုးနွယ်မှ ဆင်းသက်သူဖြစ်ရမည်။ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်ဟူသော မူအရ ထီးနန်းဆက်ခံခွင့်ရှိသူဖြစ်ရန် လိုသည်စသည်ဖြင့် ခံယူထားသော သဘောတရားများ ရှိသည်။ ဤသဘောတရားများသည် ရခိုင်လူ့အဖွဲ့အစည်းကို ခိုင်မာစွာလွှမ်းမိုးလာခဲ့ရာ ထီးနန်းအပြောင်းအလဲပေါ်ပေါက်တိုင်း ကြုံတွေ့ရသည့် အာရီယန်မျိုးစစ်မှု မစစ်မှုဟူသော နိုင်ငံရေးပြဿနာများသည် ယင်းထီးနန်းဓလေ့များအပေါ်အခြေခံခဲ့သည်။ ယင်းသို့နိုင်ငံရေးပြဿနာပြင်းထန်လာမှုသည် နိုင်ငံစည်းရုံးမှုကို တိုက်ရိုက်အကျိုးသက်ရောက်စေခဲ့ရာ မြောက်ဦးခေတ်နှောင်းပိုင်း နိုင်ငံအာဏာတည်ငြိမ်မှုများသည် ဤအချက်များ ပေါ်တွင် အခြေခံဖြစ်ပေါ်လာခဲ့သည်။

ရခိုင်ဘုရင်များ ပိုင်ဆိုင်သည့် အာဏာတော်မှာ အဆုံးအစမရှိပေ။ နိုင်ငံတော်အာဏာအရပ်ရပ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ မြောက်ဦးခေတ်မင်းများ၏ “ရာဇာဓိပတိ”၊ “ရာဇာဓိရာဇာ”၊ ရက္ခာဓိပဓိ”[၇] ဘဝသျှင်[၈] မြေကြီးထီးမိုးအစိုးရသောမင်း[၉] ဟူသောခံယူထားမှုများသည် မင်း၏အာဏာတော်အကျယ်အဝန်းကို ပေါ်လွင်စေသည်။ မင်းများသည် ရခိုင်ပြည်သူများနှင့်လက်အောက်ခံမင်းများ၏ ဘဝရှင်၊ သက်ဦးဆံပိုင်ဖြစ်သည်။ မင်း၏အာဏာကို ထိန်းကျောင်းရန် မင်းသည်ဘိသိက်ခံယူရမှု၊ မင်းကျင့်တရားဆယ်ပါး[၁၀] သင်္ဂဟတရားလေးပါး[၁၁] အပရိဟာနိယတရားခုနစ်ပါး[၁၂] တို့ကိုလိုက်နာရမှု၊ ဗုဒ္ဓတရားတော်များ၏ အဆုံးအမကို လိုက်နာရမှုများရှိသော်လည်း ထိုသဘောတရားများကို လက်တွေ့ကျင့်သုံးမှုမှာ မင်းများနှင့်သာဆိုင်သည်။ မင်းကျင့်တရားနှင့် မကိုက်ညီသောမင်းကို မင်းကျင့်တရားနှင့်အညီ နေထိုင်ရန် အရေးယူထိန်းကျောင်း

---

၅။ ရာဇဝင်ကြီး၊ ထား/ဝမ်း၊ ၇-၈။

၆။ autocratic monarchies

၇။ ကုလားကဘုရားကျောက်စာ၊ သက္ကရာဇ် ၉၀၇၊ ကြောင်း ၁။

၈။ (က) တေဇရာမကျောက်စာ၊ သက္ကရာဇ် ၁၀၇၃၊ ကြောင်း ၃။
(ခ) ကြေးအမြောက်စာ၊ သက္ကရာဇ် ၁၁၀၃၊ ကြောင်း ၁။

၉။ သရက်တပင်တောင်မော်ဘုရားကျောက်စာ၊ သက္ကရာဇ် ၉၀၇၊ ကြောင်း ၈-၉

၁၀။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ စွန့်ကြဲပေးကမ်းခြင်း၊ ဖြောင့်မတ်ခြင်း၊ စိတ်နူးညံ့ခြင်း၊ ခြိုးခြံခြင်း၊ ဥပုသ် စောင့်ထိန်းခြင်း၊ အမျက်မထွက်ခြင်း၊ မညှင်းဆဲခြင်း၊ သည်းခံခြင်း၊ ပြည်သူနှင့်မဆန့်ကျင်ခြင်း။ (ကဝိသာရ၊ မဟာပညာကျော်လျှောက်ထုံး၊ (ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄)၊ စာ ၁၁၀၊ နောင်ဤစာအုပ်ကို ကိုးကားလျှင် ကဝိသာရ၊ လျှောက်ထုံးဟု ဖော်ပြပါမည်)

၁၁။ အခွန်အတုပ်ပြည်သူတို့၌ ဆယ်ဘို့တစ်ဘို့ ခံယူရာလွန်စွာမပြုခြင်း၊ မင်းမှုထမ်းစွဲမြဲသူတို့အား ရိက္ခာဝတ်စားပေးကမ်းခြင်း၊ ဆင်းရဲသားပြည်သူတို့အား ဥစ္စာရင်းနှီးပေးကမ်းခြင်း၊ ဆွေကြီးမျိုးကြီးသူတော်ကောင်း ပညာရှိတို့အား ချစ်ဖွယ်သော စကားကို ဆိုတတ်ခြင်း။ (ကဝိသာရ၊ လျှောက်ထုံး၊ စာ -၁၁၄)

၁၂။ ပညာရှိမှူးကောင်းမတ်ကောင်းတို့နှင့် ပစ္စုပ္ပန်သံသရာ တိုင်းပြည်သာယာသောအကြောင်းများကို မပြတ်စည်းဝေးပြောဆိုခြင်း၊ ရှေးမင်းကောင်းမင်းမြတ်တို့ ထုံးဥပဒေပြုလျက် ကောင်းသောအမှုပညတ်ထားခဲ့သည်ကို မဖောက်မပြန်ခြင်း၊ သူတော်မြတ်တို့အား ဂါဝရတရားမပြတ်ပြု၍ ကောင်းသောစကားကို နားထောင်ခြင်း၊ သွမ်းသွပ်၍ သူ့မယားသားတို့ကို ကျူးလွန်စွာ မပြုခြင်း၊ ပြည်တွင်းပြည်ပစောင့်နေကုန်သော သမ္မာဒေဝနတ်တို့အား နတ်စာ အပြတ်ပေးခြင်း၊ ရဟန်းသံဃာ တို့၌ ကောင်းသောအကျင့်ကို ကျင့်ရာသောအကြောင်း ပညတ်စောင့်ရှောက်ခြင်း၊ တိုင်းတစ်ပါး၌ ရှိသော သူတော်ကောင်း ပညာရှိတို့အား ရောက်ပေါက်ပေးကမ်း၍ မင်းချင်းမိတ်ဆွေဝင်ခြင်း။ (ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၁၁၃-၁၁၄)။

ထိန်းချုပ်ခြင်းနှင့် ပြည်သူများသို့ သဘောတရားရေးသွပ်သွင်းပြီး ထိန်းချုပ်ခြင်းဟူ၍ နှစ်မျိုးကို လုပ်ဆောင်ခဲ့ကြသည်။ သဘောတ ရား ရေးသွပ်သွင်းခြင်းတွင် သုံးမျိုးတွေ့ရှိရသည်။ ပထမအချက်တွင် အစဉ်အလာအရ လက်ခံလာသည့် သဘောတရားများ ဖြစ်ကြသည်။ ယင်းတို့မှာ ရခိုင်သည် အာရီယန်၏အဆက်အနွယ်ဟု ခံယူမှု၊ မင်းသည် မဟာသမ္မတမှ ဆင်းသက်မှု၊ မင်းများဘိသိက်ခံယူရမှု၊ ဗေဒင်၊ အင်း၊ ယတြာ၊ နက္ခတ်၊ အတိတ်၊ တဘောင်၊ တရင်း၊ စနည်းများကို လက်ခံယုံကြည်မှု၊ ဟိန္ဒူဓလေ့များနှင့် ရိုးရာနတ်များ၏တန်ခိုးတော်များကို လက်ခံစေမှုတို့ဖြစ်သည်။ ဒုတိယအချက်မှာ ဗုဒ္ဓတရားတော်များ၏ အဆုံးအမကို လက်ခံယုံကြည်စေမှုဖြစ်သည်။ တတိယအချက်မှာ မဟာမုနိဘုရားနှင့်ဆိုင်သော အချက်ဖြစ်သည်။ မဟာမုနိ ဘုရားသည် ဗုဒ္ဓကိုယ်တော်တိုင် ရခိုင်ပြည်ဓညဝတီမြို့တော်သို့ ကြွရောက်ခဲ့စဉ်က ဗုဒ္ဓ၏ရင်ငွေ့တော်ဖြင့် သွန်းလုပ်ခဲ့ခြင်း၊ ရခိုင်ပြည်မင်းနှင့် နိုင်ငံတော်ကို စောင့်ရှောက်ခြင်း၊ သာယာဝပြောမှုနှင့် ငြိမ်းချမ်းမှုကို ဖြစ်ထွန်း စေခြင်း၊ တိုင်းတစ်ပါးအန္တရာယ်များကို ကာကွယ်နိုင်စွမ်းရှိခြင်း စသည့်တန်ခိုးတော်များရှိကြောင်း မင်းနှင့်ပြည်သူတို့ လက်ခံယုံကြည်ခဲ့ကြသည်။[၂၀]

မြောက်ဦးခေတ်အစောပိုင်း (၁၄၃၀-၁၅၃၁)နှင့် မြောက်ဦးခေတ်လယ် (၁၅၃၁-၁၆၃၈)ကာလများတွင် စိုးစံခဲ့ကြသည့် ဘုရင်များသည် အထက်ဖော်ပြပါ သက်ဦးဆံပိုင် နိုင်ငံရေး သဘောတရားများကို နိုင်ငံရေးစနစ်တစ်ခုအဖြစ် ကျင့်သုံး၍ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြသည်။ သို့ရာတွင် မြောက်ဦးခေတ်နှောင်း (၁၆၃၈-၁၇၈၄)ကာလမှ စပြီး နိုင်ငံတော် စုစည်းခိုင်မာမှု တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ယင်းသို့ကျဆင်းလာသည့်ပြောင်းလဲမှုဖြစ်စဉ်များကို မြောက်ဦးခေတ်လယ်နှောင်းပိုင်း သီရိသုဓမ္မရာဇာ (၁၆၂၂-၁၆၃၈)လက်ထက်တွင် စတင်တွေ့ရှိရသည်။

သီရိသုဓမ္မရာဇာသည် ရခိုင်ထီးနန်းကို အေဒီ ၁၆၂၂ တွင် ဆက်ခံအုပ်စိုးခဲ့သည်။[၂၂] သီရိသုဓမ္မဆက်ခံအုပ်စိုးရသော မြောက်ဦးခေတ် ရခိုင်ပြည်သည် ယင်း၏ဘေးလောင်းတော်၊ ဘိုးလောင်းတော်များဖြစ်ကြသည့် မင်းမာကြီး (၁၅၃၁-၁၅၅၃)၊ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂)၊ မင်းခမောင်း (၁၆၁၂-၁၆၂၂)တို့လက်ထက်တွင် စီးပွားရေးကြွယ်ဝမှု၊ နိုင်ငံရေး စုစည်းခိုင်မာမှု၊ စစ်ရေးအင်အားကြီးထွားမှုများနှင့် ယင်းတို့အပေါ်အခြေခံပေါ်ထွန်းလာသည့် ယဉ်ကျေးမှုအဆောက်အအုံ တစ်ခုလုံးဖွံ့ဖြိုးသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ နိုင်ငံရေးဩဇာပျံ့နှံ့ရာ နယ်ပယ်သည်လည်း အနောက်မြောက်ဖက်တွင် တိပ္ပူရနယ်များ[၂၃] ၊တောင်ဖက်တွင် နေဂရေအငူ၊ အနောက်ဖက်တွင် ဘင်္ဂလားပင်လယ်အော်၊ အရှေ့တောင်ဖက်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများထိ ကျယ်ပြန့်ခဲ့သည်။[၂၄] ထိုသို့ကျယ်ပြန့်သော ပိုင်နက်နယ်မြေများပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး စုစည်းတည်ဆောက်နိုင်ခဲ့မှုများနှင့် အာရှရေပြင်ရောက် ပေါ်တူဂီကြေး စားတပ်များ၏ ခေတ်မီစစ်ရေးအတတ်ပညာများနှင့် ပေါင်းစပ်ကာ ဘင်္ဂလားပင်လယ်ကမ်းခြေတွင် အင်အားအတောင့်တင်းဆုံးနိုင်ငံတော်အဖြစ် တည်ရှိလာခဲ့သည်။[၂၅] ယင်းအခြေအနေများနှင့် ပြည့်စုံသည့် ရခိုင်ထီးနန်းအရိုက်အရာကို သီရိသုဓမ္မရာဇာဆက်ခံအုပ်စိုးခဲ့ရသည်။

သီရိသုဓမ္မထီးနန်းရရှိချိန်၌ ရခိုင်ထီးနန်းတည်တံ့မှုကို အဓိကခြိမ်းခြောက်လာသော အင်အားစုတစ်စုမှာ ရခိုင်ပြည် အနောက်ဖက်ရှိ မဂိုအင်ပါယာ (၁၅၂၆-၁၇၆၂)၏နယ်မြေချဲ့ထွင်လာမှုဖြစ်သည်။ မဂိုအင်ပါယာသည် အက္ကဘာ[၂၆] ဘုရင်နှင့် ယင်းကို ဆက်ခံသော မင်းများလက်ထက်တွင် စစ်ရေး၊ နိုင်ငံရေးအင်အားတောင့်တင်းခိုင်မာလာခဲ့သည်။ ဘင်္ဂလားနယ်တစ်ခုလုံးကိုလည်း အင်ပါယာအတွင်းသို့ သွတ်သွင်းရန် ကြိုးပမ်းလာသည်။[၂၇] ထိုအခြေအနေများကြောင့် သီရိသုဓမ္မသည် နန်းတက်သည့် အေဒီ ၁၆၂၂ တွင် ဘင်္ဂလားဒေသသို့ သွားရောက်ပြီး စစ်ရေးနှင့် နိုင်ငံရေးကို ခိုင်မာအောင်ဆောင်ရွက်ခဲ့ရသည်။[၂၈]

---

၂၀။ San Shwe Bu: "The History of Mahamuni", <u>JBRS</u>, Vol. 6, Part 3, 1916, PP. 225-229. (Hereafter this work will be referred to as San Shwe Bu: "Mahamuni").

၂၂။ <u>ရာဇဝင်ကြီး</u>၊ ပူ ဝမ်း၊ ၁-၂။

၂၃။ Tippera

၂၄။ (က) M.S. Collis: "The City of Golden Mrauk-U" , <u>JBRS</u> Vol.3, Part 3, 1923, PP.242-256. (Hereafter this work will be referred to as Collis: Mrauk-U).
(ခ) Collis: "Akakan's Place", P. 495.

၂၅။ Collis: "Arakan's Place", PP. 493-495.

၂၆။ Akbar the Great (1556-1605)

၂၇။ M.S. Collis and San Shwe Bu: "Don Martin 1606-1643, the first Burman to visit Europe", <u>JBRS</u>, Vol. 16, Part 1, 1926, P.11.

၂၈။ <u>ရာဇဝင်ကြီး</u>၊ ပူ/ဝမ်း ၆-၇။

၁၆၂၉ တွင်တစ်ကြိမ်၊ အေဒီ ၁၆၃၂ တွင်တစ်ကြိမ်၊ အေဒီ ၁၆၃၄ တွင်တစ်ကြိမ် သံအဖွဲ့များ စေလွှတ်ခဲ့သည်။[၄၀] သို့ဖြစ်ရာ မြောက်ဦးနှင့် အင်းဝအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန် အသိအမှတ်ပြုရေးသဘောဆောင်သည့် မဟာမိတ်ပုံစံကို တည်ဆောက်နိုင်ခဲ့သည်။

သီရိသုဓမ္မသည် ယင်း၏နန်းသက်နှစ်များအတွင်း နိုင်ငံရေးပြဿနာနှစ်ရပ်ကို ရင်ဆိုင်ခဲ့ရသည်။ ယင်းတို့မှာ မဂိုဧကရာဇ်၏နယ်ပယ်ချဲ့ထွင်လာမှုနှင့် မြောက်ဦးနန်းတွင်းထီးနန်းအာဏာသိမ်းယူရန် ကြိုးပမ်းမှုတို့ဖြစ်သည်။ မဂိုနယ်ချဲ့မှုကို ဟန့်တားရေးအတွက် ပေါ်တူဂီတို့၏စစ်ရေးအင်အားကို ရယူဆောင်ရွက်နိုင်ခဲ့သည်။ မြောက်ဦးနန်းတွင်းထီးနန်းအာဏာသိမ်းယူရန် ကြိုးပမ်းလာမှုကို ဟန့်တားရန်ဆောင်ရွက်ရာ၌ ပကတိအခြေအနေများမှ ကင်းလွတ်ပြီး လောကီအစီအရင်များ၏ စွမ်းအားကို ရယူရန် အလေးထားဆောင်ရွက်ခဲ့သည်။[၄၁] ယင်းကြိုးပမ်းမှု၏ အကျိုးဆက်တစ်ခုမှာ "ရှိန်းပြီးဆေး"[၄၂] ဖော်စပ်ရန် ကြိုးပမ်းခဲ့မှုဖြစ်သည်။ ယင်းဆေးဖော်စပ်နည်းကို နေပြည်တော်သို့ရောက်ရှိနေသော ကုလားဆေးဆရာတစ်ဦးကအကြံပေးသည်။ ဆေးဖော်စပ်ရေးလုပ်ငန်းအတွက် ယင်းဆေးဆရာအား တာဝန်ပေးသည်။ ဆေးကို ဂျိုးဖြူငှက်အသည်း ၂၀၀၀၊ နွားအသည်း ၄၀၀၀၊ လူအသည်း ၆၀၀၀တို့ဖြင့် ဖော်စပ်ရမည်ဖြစ်သည်။[၄၃] တိုင်းပြည်အတွင်း လူ ၆၀၀၀ လျှို့ဝှက်သတ်ဖြတ်ခံရသဖြင့် ဘုရင်ကို မကျေနပ်မှုများ ပေါ်ပေါက်လာသည်။

နန်းတွင်းပုန်ကန်မှုကို အဓိက ဦးဆောင်သူမှာ သီရိသုဓမ္မရာဇာ၏ မိဖုရားကြီး နတ်ရှင်မယ်နှင့် လောင်းကြက်စားအမတ်ကုသလတို့ဖြစ်သည်။ ယင်းဆောင်ရွက်ချက်များကို ထင်ဟပ်သည့် တဘောင်များ နေပြည်တော်အနှံ့ပေါ်ပေါက်ခဲ့သည်။ ယင်းတဘောင်များမှာ

. . . မင်းဟာရီ[၄၄] မှောက်မှားအလားလား၊ ဟာရီလည်းသေ ပြည်လည်းကြေ။ ဖွတ်ကမိကျောင်းဖြစ်၊ ချောင်းမြစ်မခံသာ၊ ကျွန်ကသူကောင်းဖြစ်၊ တိုင်းပြည်မစည်ရာ။ ကျွန်နှင့်မတန်၊ မင်းဖြစ်ကြဲ. . . .[၄၅]

ဟူ၍ဖြစ်သည်။ ထိုတဘောင်များကို ဆန်းစစ်ကြည့်ပါက သီရိသုဓမ္မ၏လုပ်ရပ်များကြောင့် တိုင်းပြည်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည်ဖြစ်ကြောင်းနှင့် လောင်းကြက်စားအမတ်ကုသလ၏ထီးနန်းအာဏာသိမ်းယူရန် ကြံစည်နေမှုကို တွေ့ရသည်။

သီရိသုဓမ္မသည် ရှိန်းပြီးဆေးကို အောင်မြင်စွာ ဖော်စပ်သုံးဆောင်ပြီးနောက် ရာဇဘိသိက်ခံယူရန် စီစဉ်ခဲ့သည်။ ဘိသိက်ခံပွဲအခမ်းအနားကို မင်္ဂလာအခါကောင်းအဖြစ် အေဒီ ၁၆၃၄ ကို ရွေးချယ်ခဲ့သည်။[၄၆] ယင်းအခမ်းအနားကို သျှစ်သောင်းဘုရားရှိ သီးသန့်ပြုလုပ်ထားသော ဘိသိက်ဆောင်တွင် ကျင်းပသည်။ နိုင်ငံတော်အခမ်းအနားအဖြစ် ရက်ပေါင်းများစွာကြာအောင် ကျင်းပခဲ့သည်။[၄၇] သီရိသုဓမ္မသည် ဧကရာဇ်မင်းတရားကြီးအဖြစ် ဘိသိက်သွန်းခံယူပြီး ရခိုင်ပြည်ရှိ တိုင်းကြီးဆယ့်နှစ်တိုင်း[၄၈] မှ ဘုရင်ခံဆယ့်နှစ်ပါးတို့အား ဘုရင်ငယ်များအဖြစ် ဘိသိက်ခံယူစေခဲ့သည်။ ထိုသဘောမှာ မိမိသည်ဆယ့်နှစ်ပါးသော ဘုရင်တို့၏ ဧကရာဇ်ဖြစ်လာကြောင်း နိမိတ်ကို ဖော်ညွှန်းလိုခြင်းဖြစ်သည်။ ဘိသိက်အခမ်းအနားများတွင်

---

၄၀။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ၊ ၁၇၂-၁၇၄။

၄၁။ Collis: Great Image, P. 238

၄၂။ Elixir

၄၃။ (က)Collis: Great Image, P. 249

(ခ)Collis: "Mrauk-U" , PP. 248-449

၄၄။ မင်းဟာရီဆိုသည်မှာ သီရိသုဓမ္မ၏ ငယ်နာမည်ဖြစ်သည်။

၄၅။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ-၁၇၆။

၄၆။ Collis: Great Image, P. 209

၄၇။ Collis: "Mrauk-U", P. 254

၄၈။ နာဂသျှန္တတိုင်း၊ မဟိံသကတိုင်း၊ ကမ္မရူပတိုင်း၊ ဖလံတိုင်း၊ သက်တိုင်း၊ ဘိုမင်းတိုင်း၊ ဘုညာကြီးတိုင်း၊ ဥသာလင်းတိုင်း၊ ရက္ခပူရတိုင်း၊ ရမ္မာပူရတိုင်း၊ မေဃဝတီတိုင်း၊ ဒွါရကတိုင်း၊ (တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ရခိုင်)၊ ရန်ကုန်ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပိုရေးရှင်း၊ ၁၉၇၆) စာ၊ ၁၃၈-၁၃၉)(နောင်ဤစာအုပ်ကို ကိုးကား လျှင် ရခိုင် ဟု ဖော်ပြပါမည်။)

နရပတိကြီးကို သာဧတော်သတိုးမင်းတရား (၁၆၄၅-၁၆၅၂)က ဆက်ခံသည်။ ထီးနန်းတက်သည့် အေဒီ ၁၆၄၅ တွင် "၁၀၀၇ ဆင်နီသခင် ဆင်ဖြူသခင် သတိုဝ်မင်တရာ"[၅၇] ဒင်္ဂါးကို သွန်းလုပ်သည်။ ဘင်္ဂလားနယ်သို့သွားရောက်ပြီး စစ်ရေး၊ နိုင်ငံရေးများကို ဆောင်ရွက်သည်။ သတိုးမင်းတရားသည် ထီးနန်းသက် (၇)နှစ်သာရှည်ခဲ့ပြီး အေဒီ ၁၆၅၂ တွင် ကွယ်လွန်ခဲ့သည်။[၅၈]

သတိုးမင်းတရား ကွယ်လွန်ပြီးနောက် သာတော်စန္ဒသုဓမ္မရာဇာ(၁၆၅၂-၁၆၇၄)က ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။ အေဒီ ၁၆၅၂ တွင် သွန်းလုပ်သည့် ဒင်္ဂါးတွင် "၁၀၁၄ ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာ"[၅၉] ဘွဲ့ကို ဆက်ခံသည်။ ပြည်ပဆက်ဆံရေးကို ပြန်လည်တည်ဆောက်သည်။ ကုန်သွယ်မှုအခွင့်အရေးများပေးပြီး ဒတ်ချ်တို့နှင့်ဆက်ဆံရေးကို ဦးစားပေးဆောင်ရွက်သည်။ ဘုရင်နှင့်တွေ့ဆုံရာတွင် ဒတ်ချ်ထုံးစံအတိုင်း အရိုအသေပေးခွင့်ကို ခွင့်ပြုသည်။ ဘုရင်အား ရခိုင်ဝန်ကြီးတစ်ဦးနှင့်သာ ဝင်ရောက်တွေ့ဆုံခွင့် ရသည့်မူကို ဖျက်သိမ်းပြီး ဒတ်ချ်စကားပြန်ကို ခေါ်ယူအသုံးပြုခွင့်နှင့် ဒတ်ချ်ရခိုင်ကပြားကလေးများကို ပြည်ပသို့ယူဆောင်သွားခွင့်တို့ကို ခွင့်ပြုသည်။[၅၉] သို့ဖြစ်ရာ စန္ဒသုဓမ္မသည် အရှေ့အိန္ဒိယကျွန်းစုတွင် အခြေစိုက်ပြီး အရှေ့တောင်အာရှအတွင်း ကုန်သွယ်စီးပွားရေးမှတစ်ဆင့် ကိုလိုနီထူထောင်ပြီး နယ်မြေသိမ်းရန်ကြိုးပမ်းနေသည့် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီအစိုးရနှင့် မဟာမိတ်အဖြစ် တည်ဆောက်နိုင်ခဲ့သည်။

စန္ဒသုဓမ္မရာဇာလက်ထက်တွင် ရခိုင်အနောက်ဘက်ရှိ မဂိုအင်ပါယာနှင့် ထိပ်တိုက်ရင်ဆိုင်ရသည့် ပဋိပက္ခတစ်ခု ပေါ်ပေါက်ခဲ့သည်။ ယင်းဖြစ်ရပ်မှာ မဂိုထီးနန်းဆက်ခံရေး ပြဿနာနှင့် ဆက်စပ်နေသည်။ ထီးနန်းအာဏာလုပွဲတွင် စစ်ရေးရှုံးနိမ့်သော ရှားရှူဂျာ[၆၀] သည် မြောက်ဦးနေပြည်တော်သို့ ခိုလှုံရန် ရောက်လာခြင်းမှ ပေါ်ပေါက်ခဲ့သော ပဋိပက္ခဖြစ်သည်။ ရှားရှူဂျာသည် မဂိုဧကရာဇ်၏ ဒုတိယမြောက်သားတော်ဖြစ်ပြီး ဘင်္ဂလားနယ်၏ ဘုရင်ခံဖြစ်သည်။ အေဒီ ၁၆၅၇ တွင် ဧကရာဇ်ကြီးကွယ်လွန်ရာမှ နန်းလုပွဲစတင်ခဲ့သည်။ အာဏာလုပွဲတွင် သားတော်ကြီးဖြစ်သူ ဩရင်းဇစ်[၆၂] အနိုင်ရသည်။ စစ်ရှုံးသော ရှားရှူဂျာသည် ယင်း၏မိသားစုနှင့် ကိုယ်ရံတော်များနှင့်အတူ ရခိုင်ဘုရင်ပိုင်နက် စစ်တကောင်းသို့ရောက်လာသည်။ စန္ဒသုဓမ္မက ရှားရှူဂျာနှင့်အတူပါလာ သည့် လက်နက်ကိုင်အင်အားငါးရာခန့်တို့ လက်နက်ချပါက မြောက်ဦးသို့ လာရောက်နေထိုင်ခွင့်ပေးမည်ဟု အကြောင်းကြား သည်။ ရှားရှူဂျာနှင့် အခြွေအရံအားလုံး ၂၆ ဩဂုတ်၊ ၁၆၆၀တွင် မြောက်ဦးသို့ ရောက်သည်။ စန္ဒသုဓမ္မက ဗားဗူတောင်ခြေရင်းတွင် အိမ်တော်ဆောက်လုပ်ပြီး နေထိုင်ခွင့်ပေးသည်။ မက္ကာ[၆၃]သို့ ဘုရားဖူးရန် သင်္ဘောလည်း စီစဉ်ပေးမည်ဟု စန္ဒသုဓမ္မက ကတိပေးသည်။ ဤကာလအတွင်း မဂိုဗိုလ်ချုပ်မားဂျမ်းလား[၆၄] သည် ရှားရှူဂျာအား အပ်နှံရန် စန္ဒသုဓမ္မထံ တောင်းဆိုသည်။ စန္ဒသုဓမ္မက ငြင်းပယ်ခဲ့ပြီး မဂိုစစ်ရေးကို ကာကွယ်ရန်အတွက် ဒအန်းဂါးတွင် ရခိုင်ရေတပ်ကို တပ်စွဲ ထားစေခဲ့သည်။[၆၅]

ရှားရှူဂျာနှင့်မိသားစု မြောက်ဦးနေပြည်တော်တွင် ခိုလှုံနေစဉ်ကာလအတွင်း ရှားရှူဂျာနှင့် စန္ဒသုဓမ္မအကြား ပဋိပက္ခပေါ်ပေါက်ခဲ့သည်။ ယင်းပဋိပက္ခမှာ စန္ဒသုဓမ္မက ရှားရှူဂျာ၏သမီးတော်တစ်ပါးအား မိမိနှင့်စုံဖက်ပေးရန် တောင်းဆိုခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ စန္ဒသုဓမ္မ၏တောင်းဆိုချက်ကို ရှားရှူဂျာက ငြင်းပယ်ခြင်းကြောင့် ဆက်ဆံရေးတင်းမာလာခဲ့သည်။ ယင်းပဋိပက္ခနှင့်ပတ်သက်ပြီး မြောက်ဦးတွင် အခြေစိုက်နေသည့် ဒတ်ချ်တို့၏အထောက်အထားများအရ ရှားရှူဂျာသည် ရခိုင်ရှိ မူဆလင်များနှင့် ပူးပေါင်းကာ ရခိုင်ထီးနန်းကို သိမ်းပိုက်ရန် ကြိုးစားကြောင်း၊ ရခိုင်ဘုရင်က အချိန်မီ တားဆီးနိုင်ခဲ့ပြီး ရှားရှူဂျာနှင့် နောက်လိုက်များအား ရေတွင်နှစ်၍ ကွပ်မျက်ကြောင်း တွေ့ရသည်။[၆၆] မြောက်ဦး

၅၇။ ဦးစံသာအောင်၊ ရခိုင်ဒင်္ဂါးများ၊ (ရန်ကုန်၊ ဒေါ်စောစောစာပေ ၁၉၇၉၊ စာ-၅၁။ (နောင်ဤစာအုပ်ကို ကိုးကားလျှင် စံသာအောင်၊ ရခိုင်ဒင်္ဂါးဟု ဖော်ပြပါမည်။)

၅၈။ ငမည်၊ ရာဇဝင်၊ တု၊ ကျော၊ ၇-၈။

၅၉။ စံသာအောင်၊ ရခိုင်ဒင်္ဂါး၊ စာ၊ ၅၁။

၆၀။ D.G.E. Hall: Europe and Burma, (London, Oxford University Press, 1945), P. 45.

၆၁။ Shah Shuja

၆၂။ Aurungzeb

၆၃။ Mecca

၆၄။ Mir Jumla

၆၅။ ဒေါက်တာခင်မောင်ညွန့်၊ " ၁၇ ရာစုဒတ်ချ်-ရခိုင်ဆက်ဆံရေး"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊အတွဲ၈၊ အပိုင်း၁။ စာ-၁၀၅ (နောင်တွင် ဤစာတမ်းကို ကိုးကားလျှင် ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"ဟုဖော်ပြပါမည်။

အပိုင်း၁။စာ-၁၀၅ (နောင်တွင် ဤစာတမ်းကို ကိုးကားလျှင် ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"ဟုဖော်ပြပါမည်။

၆၆။ (က)Hall: Dutch Relations", P. 89

(ခ)ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ ၁၀၅။

သိဦးမည်ဟု မထင်မိသည်ကတစ်ကြောင်း၊ ကုန်တိုက်မှူးကိုယ်တိုင်ကလည်း ကိုယ်တော်မြတ်၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါမည်ဟု ကတိပြုထားသည်ကတစ်ကြောင်း တို့ကြောင့် သူ့အား ကိုယ်တော်မြတ်က ကောင်းစွာစောင့်ရှောက်ပြီး နေပြည်တော်တွင် လက်ခံထားသည်။ လိုလေသေးမရှိအောင် ကူညီထားသည်။ ဆန်နှင့်ကျွန်များကိုလည်း လိုသလောက် ဝယ်ခွင့်ပြုထားသည်။ ဘုရင်ခံချုပ်အပေါ် ထားရှိသော ချစ်ကြည်လေးစားမှုကို ထောက်ထား၍ ကုန်တိုက်မှူး၏စာချွန်တွင်ပါသည့်အတိုင်း သူ့ဆန္ဒအားလုံးပြည့်ဝရန် ဆောင်ရွက်ပေးခဲ့သည်။ သို့ဖြစ်ရာ မဂိုသံတမန်တို့အား ထိုသင်္ဘောနှင့်တင်၍ ကျွန်ုပ်ထံစေလွှတ်လိုက်ခြင်းမှာ မဆင်မခြင်ရှိလှပေသည်။ ကျွန်ုပ်၏အကျိုးစီးပွားအတွက်လည်း မဖြစ်၊ ဘုရင်ခံချုပ်၏အကျိုးစီးပွားအတွက်လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ယင်းကိစ္စကို ဘုရင်ခံချုပ်ထံ အကြောင်းမကြားဘဲ မနေသာပြီဖြစ်သောကြောင့် အကြောင်းကြားလိုက်ရပါတော့သည်။[၇၄] ဟူ၍ဖော်ပြထားသည်။ သို့ဖြစ်ရာ သျှားရှုဂျာလုပ်ကြံခံရမှု သည် ရခိုင်၊ မဂိုနှင့် ဒတ်ချ်တို့အကြား သုံးပွင့်ဆိုင်ဆက်ဆံရေးပုံစံတည်ရှိလာကြောင်း တွေ့ရသည်။ ၁၆၆၃ ဇူလိုင်တွင် မဂိုမင်းသား သုံးဦးအား လွှတ်မြောက်ရန် ကြိုးပမ်းမှုတစ်ရပ်ပေါ်ပေါက်လာသည်။ ထိုကြိုးပမ်းမှုကို စီစဉ်သူများမှာ နေပြည်တော်တွင်ရှိနေသော ဘင်္ဂလီကုလားများဖြစ်သည်။ သို့သော် အောင်မြင်မှုမရရှိခဲ့ပေ။ မင်းသားများကို သယ်ဆောင်ရန် အသင့်စီစဉ်ထားသောလှေများကို မီးတိုက်ဖျက်ဆီးပြီး အရေးအခင်းတွင် ပါဝင်ကူညီခဲ့သူ ဘင်္ဂလီများကိုလည်းကွပ်မျက်ခဲ့သည်။[၇၅]

ဤအခြေအနေအတွင်း ၁၆၆၄ နှစ်ဦးတွင် ရခိုင်-မဂိုပဋိပက္ခပိုမိုရှုပ်ထွေးလာစေမည့်အဖြစ်အပျက်တစ်ရပ် ထပ်မံပေါ်ပေါက်ခဲ့သည်။ ပေါ်တူဂီရေတပ်စုတစ်စုသည် ဒက္ကာမြို့အထိ ဆန်တက်လာကြပြီး သင်္ဘောအစင်း ၂၆၀ ရှိ မဂိုရေတပ်ကြီးကို တိုက်ခိုက်သည်။ မဂိုရေတပ် ရှုံးနိမ့်ပြီး ဆုတ်ခွာထွက်ပြေးရသည်။ သင်္ဘောတစ်ဝက်ကျော်ဖျက်ဆီးခံရပြီး ရေတပ်သားများလည်း ဖမ်းဆီးပြီး ကျွန်ပြုခံရသည်။ မဂိုအင်ပါယာ၏အရှေ့ဖက်နယ်များသည် ရခိုင်ဘုရင်များအား ပေးမှုဖြင့် ပေါ်တူဂီတို့ ကျူးကျော်ဝင်ရောက်ကာ ကျွန်ဖမ်းခြင်း၊ လုယက်တိုက်ခိုက်ခြင်းများကြောင့် တည်ငြိမ်မှုကင်းမဲ့နေသည်။ မဂိုဧကရာဇ်သည် ဦးရီးတော် သျှာရီစတာခန်[၇၆]ကို ဘင်္ဂလားနယ်၏ဘုရင်ခံခန့်အပ်ခဲ့သည်။ ဘုရင်ခံသစ်သည် ဒအန်းဂါးရှိ ပေါ်တူဂီတို့ကို နှိမ်နင်းရန်အတွက် ဒတ်ချ်တို့ထံမှ စစ်ရေးအကူအညီတောင်းသည်။ စစ်ကူမပေးပါက ဘင်္ဂလားနယ်ရှိဒတ်ချ် ကုန်တိုက်များနှင့် ကုန်သည်များကို နှင်ထုတ်မည်ဟု အကျပ်ကိုင်သည်။ ထိုအချိန်မှာပင် စန္ဒသုဓမ္မက ဘင်္ဂလားသို့ ဝင်ရောက်တိုက်ခိုက်ရန်စစ်ပြင်ဆင်ရာ ဒတ်ချ်သင်္ဘောများအား ဘုရင့်ရေတပ်အတွက် အသုံးပြုရန် ငှားရမ်းသည်။ မဂို-ရခိုင်အားပြိုင်ပွဲတွင် ဒတ်ချ်တို့က ကြားနေရန် ခဲယဉ်းလာသည်။ ထိုအတောအတွင်း မုန်တိုင်းတိုက်ခတ်ခဲ့ရာ ရခိုင်ရေတပ်မ ချီမတက်နိုင်ပဲ သင်္ဘောအပျက်အစီးများကို ပြင်ဆင်နေခဲ့ရသည်။ ထိုအခိုက် ဒတ်ချ်သင်္ဘောများသည် ရခိုင်ဆိပ်ကမ်းမှ တိတ်တဆိတ်ထွက်ခွာသွားကြသည်။ ရခိုင်ရေတပ်ကြီး ပြင်ဆင်ပြီးသောအခါ ပေါ်တူဂီများနှင့်ပေါင်း၍ ဘင်္ဂလား နယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်သည်။ ဘင်္ဂလီလူမျိုးများစွာကိုလည်း ဖမ်းဆီးယူခဲ့ကြသည်။[၇၇]

သျှားရှုဂျာ မြောက်ဦးတွင် လုပ်ကြံခံရပြီးနောက် ယင်း၏သားတော်များက ထွက်ပြေးရန် ကြိုးပမ်းမှုတစ်ရပ် ၁၆၆၄ တွင် ထပ်မံပေါ်ပေါက်သည်။ နန်းတော်ကို မီးတိုက်ပြီး အထိတ်တလန့်ဖြစ်ချိန်တွင် ထွက်ပြေးရန် စီမံမှုဖြစ်သည်။ ယင်းဆောင်ရွက်ချက်ကြောင့် နန်းတော်မီးသင့်ခဲ့သော်လည်း မဂိုမင်းသားတို့မှာ ပြေးမလွတ်ဘဲ ဖမ်းဆီးခံရသည်။ စန္ဒသုဓမ္မသည် မဂိုမင်းသားတို့အား ကွပ်မျက်ပစ်ခဲ့သည်။ ထိုအချိန်မှစပြီး ရခိုင်-မဂိုပဋိပက္ခပိုမိုပြင်းထန်လာသည်။ ဤအခြေအနေများကြောင့် ဒတ်ချ်တို့မှာ ကြားနေအဖြစ်နှင့် ရခိုင်တွင် ဆက်လက်အခြေစိုက်ရန် မဖြစ်တော့ချေ။ ၁၆၆၅ ဇူလိုင်တွင် ဗာတေးဗီးယားကောင်စီ[၇၈] သည် အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြီး၊ မြောက်ဦးရှိ ဒတ်ချ်ကုန်တိုက်ကို အပြီးပိတ်ရန်နှင့် အမှုထမ်းများနှင့် လက်ကျန်ကုန်များကို တစ်ပါတည်း သယ်ဆောင်ယူလာရန် လျှို့ဝှက်ညွှန်ကြားချက် ထုတ်ပေးခဲ့သည်။ ယင်းညွှန်ကြားချက်အတိုင်း ဒတ်ချ်ကုန်တိုက်မှူးသည် စန္ဒသုဓမ္မ မသိရှိစေရန် လျှို့ဝှက်စွာလုပ်ဆောင်ခဲ့သည်။ အေဒီ ၁၆၆၅ နိုဝင်ဘာ ညတစ်ည၏မှောင်မိုက်သော ညဥ့်နက်ချိန်ကို အသုံးချပြီး သင်္ဘောလေးစင်းနှင့်အတူ မြောက်ဦးမှ အပြီးထွက်ခွာခဲ့သည်။ ဒတ်ချ်သင်္ဘောများ မြစ်ဝသို့ရောက်သောအခါ စန္ဒသုဓမ္မထံမှ စေလွှတ်လိုက်သော မင်းစေတစ်ဦးအမှီလိုက်လာပြီး ဗာတေးဗီးယားရှိဒတ်ချ်ဘုရင်ခံချုပ်ထံ ပေးသည့်စာချွန်လွှာတစ်စောင်ကို ပေးခဲ့သည်။[၇၉]

---

၇၄။ (က)Hall: "Dutch Relations", P. 91

(ခ)ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၆။

၇၅။ ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၇။

၇၆။ Shayista Khan

၇၇။ ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၇-၁၀၈။

၇၈။ Batavia Council

၇၉။ Hall: "Dutch Relations", PP. 96-97.

ကိုယ်ရံတော်တပ်များသည် ဘုရင်ကို ဩဇာပေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ဖြင့် ကိုယ်ရံတော်များ ကြီးစိုးမှုသည်အေဒီ ၁၆၈၅ မှ ၁၇၁၀ ထိ နှစ်ပေါင်း (၂၅)နှစ်ကြာခဲ့ပြီး မင်းဆယ်ပါးကို နန်းတင်နန်းချပြုလုပ်ခဲ့ကြ သည်။ ကိုယ်ရံတော်တပ်များ၏ ဩဇာပေးချယ်လှယ်မှုဖြစ်စဉ်ကို စန္ဒသုဓမ္မကွယ်လွန်ပြီး ထီးနန်းရရှိလာသည့် သားတော်ဥဂ္ဂါ ဗလလက်ထက်တွင် စတင်တွေ့ရှိရသည်။ ဥဂ္ဂါဗလကို အေဒီ ၁၆၈၅တွင် ကိုယ်ရံတော်များလုပ်ကြံသတ်ဖြတ်ခဲ့သည်။[၈၉]

ဥဂ္ဂါဗလလုပ်ကြံခံရပြီးနောက် ညီတော် သံတွဲစားကို ဝရဓမ္မရာဇာ (၁၆၈၅-၁၆၉၂)ဘွဲ့ဖြင့် နန်းတင်ကြသည်။ ဝရဓမ္မလက်ထက်ပေါ်ပေါက်ခဲ့သော ပုန်ကန်မှုများအနက် အပြင်းထန်ဆုံးပုန်ကန်မှုနှစ်ခုမှာ သူငယ်တော်သူကြီး စန္ဒဂါမဏိပုန်ကန်မှုနှင့် ကင်းပြင်အရပ်ပေါင်းတုပ်ကုလားများ ပုန်ကန်မှုဖြစ်သည်။[၉၀] အေဒီ ၁၆၈၇ တွင် ကိုယ်ရံတော်များက ဆင်ကဲကြီး၊ လက်ယာမြန် လက်ဝဲမြန်တို့ကို ထပ်မံသတ်ဖြတ်ခဲ့သည်။[၉၁] ဘုရင့်လက်ရုံးစစ်သူကြီးများ လုပ်ကြံခံရပြီးနောက် ကိုယ်ရံတော်များသည် ဘုရင်ကို ခြိမ်းခြောက်အကျပ်ကိုင်လာသည်။ ကိုယ်ရံတော်များကို နှိမ်နင်းပေးရန် ဘုရင်က နေပြည်တော်ရှိ ရဟန်းပျိုများအား မေတ္တာရပ်ခံသည်။ သို့သော် ကိုယ်ရံတော်များကို နှိမ်နင်းနိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်ရာ ရခိုင်ပြည်သည် မင်းမတည်ပြည်မရပ်[၉၂] သော ခေတ်ဆိုးကြီးထဲသို့ တဖြည်းဖြည်းဝင်ရောက်လာခဲ့သည်။ တိုင်းပြည်တည်ငြိမ်မှုမရှိသောကြောင့် စီးပွားရေးကျပ်တည်းလာသည်။ အေဒီ ၁၆၈၇ တွင် စပါးတောင်းတရာကို ငွေဒင်္ဂါးသုံးဆယ်ပေးရသည်။[၉၃] အထိ ဈေးနှုန်းမြင့်လာသည်။ အေဒီ ၁၆၈၈ တွင် ကုလားများ ဆူပူသောင်းကျန်းသည်။ အေဒီ ၁၆၉၂ တွင် ဝရဓမ္မရာဇာကို ကိုယ်ရံတော်များက နန်းချပြီး မုနိသုဓမ္မကို နန်းတင်သည်။ မုနိသုဓမ္မနန်းတက်ပြီး မကြာမီ ကိုယ်ရံတော်များက ဝရဓမ္မရာဇာကို ပြန်လည်နန်းတင်သည်။ တစ်ဖန် ကိုယ်ရံတော်များသည် ဝရဓမ္မရာဇာကို နန်းချပြီး မုနိသုဓမ္မကို နန်းတင်သည်။ အေဒီ ၁၆၉၃ တွင် မုနိသုဓမ္မကို နန်းချပြီး ဝရဓမ္မကို နန်းတင်ပြန်သည်။ မကြာမီ ဝရဓမ္မရာဇာကို နန်းချပြီး မုနိသုဓမ္မကို နန်းတင်သည်။ အေဒီ ၁၆၉၄ တွင် မုနိသုဓမ္မကွယ်လွန်သည်။[၉၃]

မုနိသုဓမ္မကွယ်လွန်ပြီးနောက် အေဒီ ၁၆၉၄တွင် သံတွဲစား သတိုးအောင်ကို စန္ဒသူရိယဓမ္မရာဇာ(၁၆၉၄-၁၆၉၆)ဘွဲ့ဖြင့် နန်းတင်ကြသည်။[၉၄] နန်းတက်ပြီးတစ်နှစ်အကြာ အေဒီ ၁၆၉၅တွင် ကိုယ်ရံတော်များက နန်းချပြီး ဝရဓမ္မရာဇာကို နန်းတင်သည်။[၉၅] ဗဟိုအုပ်ချုပ်ရေးယိုယွင်းလာသည်ကို အခွင့် ကောင်းယူပြီး ကုလားတန်မြစ်စဉ်တလျှောက်တွင် ကုလားများ သောင်းကျန်းသည်။ ကုလားနှင့် မွန်တို့ပူးပေါင်းပြီး အင်အားထူထောင်လာကြသည်။ ယင်းအုပ်စုက ဝရဓမ္မရာဇာကို နန်းချပြီး စန္ဒသူရိယဓမ္မရာဇာကို ပြန်လည်နန်းတင်ကြ သည်။ ယင်းကာလအတွင်း ကုလားနှင့်မွန်တို့သည် ယင်းတို့တင်မြှောက်ထားသည့် ဘုရင်၏အာဏာကို အကာအကွယ်ပြု လျှက် နေပြည်တော်ရှိ လူနေအိမ်များသို့ လက်နက်ဖြင့် ခြိမ်းခြောက်ပြီး ဥစ္စာ ရွှေ၊ ငွေများ လုယူကြသည်။[၉၆] အေဒီ ၁၆၉၆ တွင် ကုလားနှင့်မွန်တို့နန်းတင်ပေးထားသော စန္ဒသူရိယဓမ္မရာဇာကို ကိုယ်ရံတော်များက သတ်ဖြတ်ပြီး ငတုံနော် ရထာကို နန်းတင်သည်။[၉၇] ငတုံနော်ရထာနန်းတက်ပြီး (၁၅)ရက်အကြာတွင် ကိုယ်ရံတော်များက နန်းချသည်။ မျိုးခြား တစ်ဦးဖြစ်သူ မာရုမ္ပိယကို နန်းတင်ပေးကြသည်။[၉၈] အေဒီ ၁၆၉၇ တွင် ကိုယ်ရံတော်များသည် ကုလားနှင့်မွန်သောင်းကျန်းမှုကို အောင်မြင်စွာ နှိမ်နင်းပေးနိုင်ခဲ့သည်။[၉၉]

ကိုယ်ရံတော်များသည် အေဒီ ၁၆၉၇ တွင် မာရုမ္ပိယကို နန်းချပြီး ကာလမန္ဒာတ်(၁၆၉၇-၁၆၉၈)ကို နန်းတင်ပေးသည်။[၁၀၀] မာရုမ္ပိယလက်ထက်တွင် ကုလားနှင့်မွန်တို့ပုန်ကန်မှု ထပ်မံပေါ်ပေါက်လာသည်။ ရာဇဝင်ကျမ်းတစ်စောင်တွင် "...<u>ပြည်သူလူတကာတို့သည် အချင်းချင်းမထွက်မသွားနိုင်အောင် တိုက်ခိုက်၍ လုစား</u>"[၁၀၁] ကြကြောင်း ဖော်ပြထားရာ

---

၈၈။ Ibid, PP. 497-498.

၈၉။ <u>ရာဇဝင်ကြီး</u>၊ ဏ/ဝမ်း၊ ၂-၃။

၉၀။ <u>ရာဇဝင်ကြီး</u>၊ ဏ/ဝမ်း-ဏ/ကျော။

၉၁။ ယင်း ဏ/ကျော။

၉၂။ ယင်း၊ ဏ/ကျော ၈။

၉၃။ ယင်း၊ ဏာ/ဝမ်း-ဏိ/ကျော။

၉၄။ ယင်း၊ ဏိ/ကျော-၂။

၉၅။ (က)စန္ဒမာလာလင်္ကာရ၊ <u>ရခိုင်သစ်</u>၊ ဒု-စာ-၂၂၈။
(ခ)<u>ရာဇဝင်ကြီး</u>၊ ဏိ/ကျော၊ ၄-၅။

၉၆။ <u>ရာဇဝင်ကြီး</u>၊ ဏိ/ကျော၊ ၇-၈။

၉၇။ စန္ဒမာလာလင်္ကာရ၊ <u>ရခိုင်သစ်</u>၊ ဒု-စာ-၂၃၀။

၉၈။ ယင်း စာ-၂၃၀။

၉၉။ <u>ရာဇဝင်ကြီး</u>၊ ဏု/ဝမ်း၊ ၅/၈။

၁၀၀။ ယင်း၊ ဏု/ကျော၊ ၆။

၁၀၁။ ယင်း၊ ဏု/ကျော၊ ၀-ဏူ/ဝမ်း ၁။

သည်။ ရခိုင်ထီးနန်းဓလေ့များနှင့်အညီ ဘိသိက်ခံယူပြီး စန္ဒဝိဇယရာဇာဘွဲ့ကို ခံယူသည်။ စန္ဒဝိဇယ(၁၇၁၀-၁၇၃၀)သည် ကိုယ်ရံတော်များ ကြီးစိုးမှုကာလအတွင်း ကျိန်းကျွန်းဒေသကို အခြေခံပြီး အင်အားတည်ဆောက်ခဲ့သည်။ ယင်း၏ပြိုင်ဖက် အုပ်စုများဖြစ်သည့် ပိန္နဲချောင်းကျွန်းကို အခြေပြုသည့် စစ်ကဲရဲဘော်အုပ်စုနှင့် ရမ်းဗြဲကျွန်းရှိ ရမ်းဗြဲကျွန်းစား အောင်နွှိ အုပ်စုတို့ကို နှိမ်နင်းနိုင်ခဲ့သည်။ ယင်းသို့ စစ်အင်အားကြီးထွားခိုင်မာလာမှုနှင့်အတူ မြောက်ဦးထီးနန်းကို သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။ စန္ဒဝိဇယသည် သူရဲကြီးတစ်ကျိပ်တို့၏ စစ်ရေးအင်အားဖြင့် ထီးနန်းရရှိခဲ့ခြင်းဖြစ်ရာ ဆုလာဘ်အဖြစ် စားကျေး မြို့ရွာများ ချီးမြှောက်ခဲ့သည်။ သူရဲကြီးမျက်ရှင်ကို စစ်ကဲကြီးဘရင်ဖြူကို မှိုင်းစစ်ကဲ၊ ထွန်းရွှီကို အရှေ့ဝင်းမှူး၊ စံကျော်ရွှီကို အနောက်ဝင်းမှူး၊ ငနောက်(နနော်)ကို လေးမြို့ချောင်းစား၊ နော်ရထားကို ဆင်ကဲကြီး၊ ဟင်းသာကိုသာမရာထူး၊ စစ်ဆော်ကို ရမ်းဗြဲကျွန်းစား စသည်ဖြင့် ရာထူးများ ချီးမြှင့်ခဲ့သည်။ ကျန်သူရဲကြီးများကိုလည်း မြို့စား၊ ရွာစား အသီးသီးပေးအပ်ခဲ့သည်[၁၁၅] ဤသို့ဖြင့် စန္ဒဝိဇယသည် ယင်း၏အခြေခံအင်အားစုများကို ကျေးဇူးနှင့် သစ္စာဟူသော ထီးနန်းဓလေ့များအတိုင်း စုစည်း တည်ဆောက်နိုင်ခဲ့သည်။

စန္ဒဝိဇယသည် ထီးနန်းအာဏာသိမ်းပိုက်ပြီးနောက် ကိုယ်ရံတော်တပ်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ရခိုင်ပြည်သူ များ၏ အားကိုးယုံကြည်ထောက်ခံမှုကို ရရှိစေရေးနှင့် မိမိ၏အာဏာတည်တံ့ခိုင်မြဲစေရေးအတွက် ထီးနန်းဓလေ့များနှင့် အညီ ရာဇဘိသိက်ခံယူခြင်း၊ မဟာမုနိသိမ်အပါအဝင် သိမ်ပေါင်းရှစ်ရာ၊ ကျောင်းရှစ်ရာ၊ ကန်ရှစ်ရာ၊ ပေပင်ပေါင်းရှစ် ရာတို့ကို လှူဒါန်းစိုက်ပျိုးခဲ့သည်။[၁၁၆] ယင်းကဲ့သို့ ရာဇဘိသိက်ခံယူခြင်း၊ သာသနိက အဆောက်အဦများတည်ဆောက်ခြင်း စသော လုပ်ဆောင်မှုများက ပြည်သူနှင့် သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ ထောက်ခံယုံကြည်မှုကို အထိုက်အလျောက်ရရှိ စေခဲ့သည်။

စန္ဒဝိဇယ၏ နိုင်ငံပြန်လည်စည်းရုံးရေးနှင့် တည်ဆောက်ရေးတွင် အရေးပါသော လုပ်ဆောင်ချက်တစ်ခုမှာ နရပတိ ကြီး ထီးနန်းသိမ်းပိုက်ခဲ့စဉ်က ထွက်ပြေးတိမ်းရှောင်သွားကြသည့် မင်းဆွေမင်းမျိုး၊ မှူးမျိုး၊ မတ်မျိုး၊ ပညာရှိများအား ဘင်္ဂလားနယ်မှ ပြန်လည်ခေါ်ယူပြီး သူကောင်းပြုရန် ကြိုးပမ်းမှုဖြစ်သည်။ စန္ဒဝိဇယ ရခိုင်ထီးနန်းအာဏာရရှိမှုကို အသိအ မှတ်ပြုပြီး ပူးပေါင်းလာသူများမှာ သီရိသုဓမ္မ၏မြေးလှအောင်နှင့် ရှေးပညာရှိအမတ် လေးမြို့စား ငလက်ရုံး၏သား ခင်ညိုတို့ ဖြစ်သည်။ စန္ဒဝိဇယသည် ခင်ညိုကို ကိုယ်ရံကြီးအမတ်အဖြစ်လည်းကောင်း၊ လှအောင်ကို မိမိ၏သမီးနှင့် စုံဖက်ပေးပြီး သာမရာထူးကိုလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။[၁၁၇] ရခိုင်ထီးနန်းဆက်ခံရေးဓလေ့တွင် ဘုရင်သည် မျိုးရိုးအားဖြင့် အာရီယန် မျိုးနွယ်ဖြစ်ရမည်ဟူ၍ အစဉ်အလာအရ လက်ခံထားခဲ့ကြသည်။ ယင်းထီးနန်းဓလေ့များအပေါ် ပြည်သူများ အသိအမှတ် ပြုလာစေရေးအတွက် ရခိုင်ဘုရင်အဆက်ဆက်သည် သဘောတရားရေးအရ သွတ်သွင်းခဲ့ကြသည်။ ယင်းထီး နန်းဓလေ့များ ခိုင်မာစွာလွှမ်းမိုးလာမှုနှင့်အတူ ပြည်သူများကလည်း ဘုရင်ဖြစ်လာမှုကို မျိုးရိုးအားဖြင့် တိုင်းတာလေ့ ရှိကြသည်။ထို ဓလေ့သည် နိုင်ငံရေးတည်ငြိမ်နေချိန်တွင် အရေးမပါလှသော်လည်း တိုင်းပြည်တည်ငြိမ်မှုကင်းမဲ့ပြီး နိုင်ငံရေးပဋိပက္ခများ ရှုပ်ထွေးနေချိန်တွင် ဆိုးကျိုးများကိုသာ ဖြစ်ထွန်းပေါ်ပေါက်စေသည်။ စန္ဒဝိဇယသည် ယိမ်းယိုင်လာသည့် တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းရာ၌ ဖော်ပြပါ ထီးနန်းဓလေ့များ၏ ဆိုးကျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ သီရိသုဓမ္မမြေးနှင့် ငလက်ရုံးသားတို့ စန္ဒဝိဇယနှင့်ပူးပေါင်းပြီး မကြာမီ နေပြည်တော်အနှံ့ တဘောင်များပေါ်ထွက်လာသည်။ "ကျွန်နှင့်သူ ကောင်းအတူပေါင်း သူကောင်းကျွန်စော်နံလိမ့်မည်"[၁၁၈] ဟူသော တဘောင်သည် စန္ဒဝိဇယ၏အမျိုးသား ပြန်လည် စည်းရုံးရေးလုပ်ငန်းကို ကျဆင်းစေခဲ့သည်။ ထိုတဘောင်များကြောင့် သီရိသုဓမ္မမြေးနှင့် ငလက်ရုံးသား ဦးဆောင် သည့် အုပ်စုသည် ဘုရင်နှင့်မပူးပေါင်းတော့ဘဲ ဘင်္ဂလားနယ်ကန်သာအရပ်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။[၁၁၉]

ခေတ်ဟောင်းထီးနန်းဆက်ခံရေးဓလေ့များကို လက်ခံကျင့်သုံးကြရာ၌ ရခိုင်နှင့်ခေတ်ပြိုင်ထွန်းကားခဲ့သော ခေတ် ဟောင်းမြန်မာ့သမိုင်းတွင် အလွန်နည်းပါးသည်။ ရခိုင်ကဲ့သို့ မြန်မာတို့သည်လည်း ယင်းတို့၏ ဘုရင်မျိုးနွယ်သည် သာကီဝင် မျိုးရိုးဟူ၍ အစဉ်အလာအရ လက်ခံထားခဲ့ကြသည်။ သို့ရာတွင် ရခိုင်တွင် အမြစ်တွယ်နေသည့် ထီးနန်းဆက်ခံရေးဓလေ့

---

၁၁၅။ (က)ရာဇဝင်ကြီး၊ ဏော်/ကျော၊ ၁-ဈ။
(ခ)စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု-စာ-၂၄၅။
၁၁၆။ (က)ရာဇဝင်ကြီး၊ ဏံ/ဝမ်း၊ ၂-၄။
(ခ)ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၂၂၇။
၁၁၇။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ၊ ၂၂၈။
၁၁၈။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ၊ ၂၂၈။
၁၁၉။ ယင်း ၊ စာ-၂၂၈-၂၂၉။

ကုလားများကို အမတ်တော်ဆင်ကဲကြီး၊ သူငယ်တော်ကြီးတို့ ဦးဆောင်ပြီးတိုက်ခိုက်နှိမ်နင်းခဲ့သည်။ ထီးနန်းကို (၃)ရက်အတွင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။[၁၂၉] သို့ဖြစ်ရာ ကုလားသူပုန်တို့သည် ရခိုင်ထီးနန်းကို(၃)ရက်မျှသာ ကြီးစိုးနိုင်ခဲ့သည်။

ကုလားသူပုန်များကြီးစိုးမှုကို အောင်မြင်စွာ နှိမ်နင်းပြီးနောက် အေဒီ ၁၇၃၇ တွင် မဒ္ဒရာဇ်ရာဇာကို နန်းတင်ကြသည်။ မဒ္ဒရာဇ်ရာဇာသည် ကုလားသူပုန်များကို နှိမ်နင်းပေးသည့် ဆင်ကဲကြီးအား လက်ဝဲမြန်ရာထူး၊ သူငယ်တော်ကြီးကို လယ်ယာမြန်ရာထူးများ ချီးမြှင့်ပေးခဲ့သည်။ မဒ္ဒရာဇ်ရာဇာသည် ထီးနန်းငါးနှစ်စိုးစံခဲ့ပြီး အေဒီ၁၇၄၂တွင်ကွယ်လွန်ခဲ့သည်[၁၃၀] မဒ္ဒရာဇ်ရာဇာသည် ယင်း၏နန်းသက် ငါးနှစ်ကာလအတွင်း အရေးပါသည့်ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာမျှ လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။

မဒ္ဒရာဇ်ရာဇာကွယ်လွန်ပြီးနောက် အေဒီ ၁၇၄၂ တွင် နရအဘယရာဇာ ထီးနန်းရရှိခဲ့သည်။" အမျိုးလေးပါးတို့အား ဘေးရန်မဟိ စေသည်ကိုအကြောင်းပြု၍ နရအဘယရာဇာအမည်ကို ခံသည်။[၁၃၁] နရအဘယရာဇာသည် ယင်း၏လက်ထက်တွင် ရင်ဆိုင်နေရသည့် စီးပွားရေးနှင့် နိုင်ငံရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် ပတ်ဝန်းကျင်နိုင်ငံများသို့ ဝင်ရောက်တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည်။ ယင်းလုယက်တိုက်ခိုက်မှုများကို ဟရမားတိုက်သည်ဟု ခေါ်သည်။ ယင်းတာဝန်များကို လက်ယာမြန် ဂူတာက ဆောင်ရွက်ပေးရသည်။ ရခိုင်ပြည်အရှေ့ဖက်ရှိ မြန်မာမင်းပိုင်နက်များဖြစ်သော ဒလ၊ ပုသိမ်၊ ရန်ကုန်၊ ဓနုဖြူ၊ ဟင်္သာတ၊ ဧရာဝတီမြစ်ဝဲယာဒေသများသို့ အေဒီ ၁၇၄၄ တွင်တစ်ကြိမ်၊ အေဒီ ၁၇၄၅ တွင်တစ်ကြိမ် သွားရောက်တိုက်ခိုက်ပြီး ပစ္စည်းဥစ္စာများ သိမ်းယူခဲ့သည်။ အနောက်ဘက်ရှိ ဘင်္ဂလားနယ်သို့ အေဒီ ၁၇၄၅ တွင်တစ်ကြိမ်၊ အေဒီ ၁၇၄၉ တွင်တစ်ကြိမ် သွားရောက်တိုက်ခိုက်သည်။ ဖမ်းဆီးရလာသော ဘင်္ဂလီများကို ကျွဲ၊ နွားကဲ့သို့ ဈေးကွက်တွင် ရောင်းချခဲ့သည်။[၁၃၂] နရအဘယရာဇာ၏ပတ်ဝန်းကျင်ဒေသများသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုများသည် ပြည်ပရန်များကို ဖိတ်ခေါ်နေသလို ဖြစ်လာခဲ့သည်။ နရအဘယရာဇာလက်ထက်တွင် ပြည်တွင်းပုန်ကန်မှုများလည်းပေါ်ပေါက်ခဲ့သည်။ အေဒီ ၁၇၄၉တွင် ပေါ်ပေါက်သည့်ကုလားတန်မြစ်ညာရှိ မြိုတို့၏ ပုန်ကန်မှုသည် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။[၁၃၃] အေဒီ ၁၇၆၁တွင် နရအဘယရာဇာကွယ်လွန်သည်။[၁၃၄]

နရအဘယရာဇာကွယ်လွန်ပြီးနောက် အေဒီ ၁၇၆၁ တွင် သီရိသုရာဇာထီးနန်းရရှိလာသည်။ နန်းတက်ပြီး သုံးလအကြာတွင် ကျောက်ပေါက်၍ သေဆုံးသည်။[၁၃၅]

သီရိသုရာဇာကွယ်လွန်ပြီးနောက် ညီတော် ဒါးပိုင်ကြီးသည် အေဒီ ၁၇၆၁ တွင် စန္ဒပရမဘွဲ့ဖြင့် ထီးနန်းရရှိခဲ့သည်[၁၃၆] ယင်း၏လက်ထက်တွင် ငလျင်လှုပ်ခြင်း၊ မြစ်ရေဆုတ်ခြင်း၊ မိုးခေါင်ခြင်းစသော သဘာဝအန္တရာယ်များ ကျရောက်လာခြင်းကြောင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခဲ့ရသည်။ နိုင်ငံအနှံ့အပြားတွင် အငတ်ဘေးနှင့် ရင်ဆိုင်ရသည်။ နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းဖြစ်လာမှုကြောင့် ဒေသဆိုင်ရာပုန်ကန်မှုများ ပေါ်ပေါက်လာသည်။ ပုန်ကန်မှုကို ဦးဆောင်သူများသည် နိုင်ငံတွင်းအင်အားကို ရယူပြီး ထီးနန်းသိမ်းရန် ကြိုးစားမှုထက် ပြည်ပအင်အားကို ဖိတ်ခေါ်ပြီး မိမိတို့အာဏာရရှိရေးကို ဦးတည်ကြိုးပမ်းခဲ့ကြသည်။ လောင်းကြက်မြို့ဟောင်းမှ ကျီးမြဝါ၊ ရမ်းဗြဲကျွန်းမှ အောင်ဇေယျမရဇည်းစားမောင်ဦး၊ မေဃဝတီမှ ဗိုလ်မင်းလာဦးတို့ ပူးပေါင်းသော အုပ်စုသည် မြန်မာမင်းနောင်တော်ကြီးထံ စစ်ရေးအကူအညီများတောင်းခံခဲ့သည်။[၁၃၇]

နောင်တော်ကြီးမင်းသည် ရွှေပြည်ဝန်ကို လက်နက်ကိုင်လူငါးသောင်းနှင့် ရခိုင်ကို တိုက်ရန် စေလွှတ်ခဲ့သည်။ ရခိုင်ပြည်တောင်ပိုင်းတွင် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီး မြန်မာတပ်များ အရေးနိမ့်ကာ ဆုတ်ခွာသွားသည်။ တောင်စဉ်ဒေသများ

၁၂၉။ ယင်း ၊ တု/ကျော၊ ၁-၇။
၁၃၀။ <u>ရာဇဝင်ကြီး</u>၊ တု/ကျော-တူ/ဝမ်း။
၁၃၁။ ယင်း၊ တူ/ဝမ်း ၃-၄။
၁၃၂။ (က)စန္ဒမာလာလင်္ကာရ၊ <u>ရခိုင်သစ်</u>၊ ဒု-စာ-၂၆၄-၂၆၅။
(ခ)<u>ရာဇဝင်ကြီး</u>၊ တူ/ဝမ်း၊ ၁-၈။ တော/ဝမ်း ၁-၈။
၁၃၃။ <u>ရာဇဝင်ကြီး</u>၊ တ/ဝမ်း၊ ၁-၂။
၁၃၄။ ယင်း၊ တော်/ဝမ်း ၁။
၁၃၅။ ယင်း၊ တော်/ဝမ်း ၁-၈။
၁၃၆။ ယင်း၊ တော်/ဝမ်း ၁-၈
၁၃၇။ (က)ငမည်၊ <u>ရာဇဝင်</u>၊ ဒဲ/ကျော၊ ၄-၈။
(ခ)<u>ရာဇဝင်ကြီး</u>၊ တော်/ဝမ်း၊ ၁-၈။ တော်/ကျော ၁-၈။

သက်စံရွှေကို အိမ်ရှေ့မင်း၊ အောင်ကျော်ဇံကို လက်ဝဲမြန်၊ လေးထောင်စားကို လက်ယာမြန်၊ တူတော်ကျော်ပုံကို ဒါးပိုင်ကြီး၊ ထွန်းပေါ်ကို ဆင်ကဲကြီး၊ ဥက္ကါရွှေကို တောင်ဖက်စား၊ ညိုရွှေကို ပြည်စိုးကြီးရာထူးများ ခန့်အပ်ပြီး ဘုရင့်အာဏာစက်ထိရောက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။[၁၄၉]

ဓမ္မရာဇ်ရာဇာ(၁၇၇၇-၁၇၈၂)၏ထီးနန်းအာဏာကို အဓိကယှဉ်ပြိုင်ပြီး နန်းလုရန်ကြိုးပမ်းလာသည့် အုပ်စုများမှာ ငါးစင်ရိုင်းချောင်းကျွန်းကို အခြေပြုသည့် င/သံတွေအုပ်စု၊ သံတွဲနှင့်တောင်စဉ်ဒေသများကို အခြေပြုသည့် သံတွဲစားသတိုးဖြူ အုပ်စုနှင့် စစ်ကဲဗိုလ်မင်းကျော်ထွေးအုပ်စု၊ ဒါးလက်စားတုံးစံရွှေအုပ်စု၊ စစ်တွေကျွန်းကို အခြေပြုသည့် ကုလား င/ရွှေစာအုပ်စု၊ ပိန္နဲချောင်းကျွန်းကို အခြေပြုသည့် ကောင်းညွှန့်ရန်တိုင်အုပ်စု၊ စည်းတင်ချောင်းဒေသ တုံးကျော်ဝေအုပ်စု၊ ဦးရစ်တောင်စား င/ပုအုပ်စု၊ အနောက်ယိုးကျွန်းဒေသ ဘဏ္ဍာရဲဘော်သူနှင့် င/ဝမ်းပေါက်အုပ်စုတို့ဖြစ်ကြသည်။[၁၅၀] ယင်းပြိုင်ဖက်အင်အားစုများက ရမ်းဗြဲဗိုလ်မင်းအောင်စုန် ထီးနန်းရရှိလာခြင်းကို "... ဖြားခန်း၍ သစ်ငုတ်ပေါ်သည်"...[၁၅၁] ဟူသောစကားရပ်ဖြင့် နှိမ့်ချပြောဆိုခဲ့ကြသည်။ ဖြားဟူသည်မှာ ရခိုင်ဝေါဟာရအားဖြင့် ဒီရေကို ခေါ်သည်။ ဒီရေများ ကျဆင်းသွားသောအခါ နစ်မြှုပ်နေသော သစ်ငုပ်များ ပေါ်ထွန်းလာသည်။ မင်းအောင်စုန် ထီးနန်းရရှိလာခြင်းမှာလည်း အရည်အချင်းကြောင့်မဟုတ်ဟူ၍ အဓိပ္ပါယ်ရသည်။ ဖော်ပြပါ ပြိုင်ဖက်အုပ်စုများအနက် င/သံတွေဦးဆောင်သောအုပ်စုသည် အင်အားအတောင့်အတင်းဆုံးဖြစ်ပြီး အေဒီ ၁၇၇၇ တွင် စတင်ပုန်ကန်သောအုပ်စုဖြစ်သည်။

ဓမ္မရာဇ်ရာဇာ၏ နန်းသက်ကာလအတွင်း ရခိုင်ပြည်နိုင်ငံရေးအခြေအနေများ ရှုပ်ထွေးလာသည်။ နိုင်ငံအနှံ့ဒေသဆိုင်ရာ အာဏာပိုင်များက ပုန်ကန်တော်လှန်မှုများ အဆက်အပြတ် ပြုလုပ်လာကြသည်။ တည်ငြိမ်မှု ပျက်ပြားလာပြီး စီးပွားကုန်ထုတ်လုပ်ငန်းများလည်း ကျဆင်းလာခဲ့သည်။ ယင်းအခြေအနေကို ရာဇဝင်ကျမ်းစာစောင်တွင်

ရခိုင်ပြည်နိုင်ငံအတွင်း၌ ကြည်းကြောင်း၊ ရေကြောင်း သွားလာကြကုန်သော လူတို့သည် အချင်းချင်းနိုင်ထက်စီးကဲပြု ရွှေ ငွေ ဥစ္စာတို့ကို လုယက်ကြကုန်၏။ တရွာနှင့်တရွာကိုလည်း ဓားပြတိုက်ကြကုန်၏။ ဥစ္စာရွှေငွေဆွေမျိုးမဟိသောသူတို့ကိုလည်း ဥစ္စာရွှေငွေ ဆွေမျိုးဟိသော သူတို့က အလွန်နှိပ်စက်ညှဉ်းဆဲပြုကြကုန်၏။[၁၅၂]

ဟူ၍တွေ့ရသည်။ ယင်းအထောက်အထားများအရ ဓမ္မရာဇ်ရာဇာလက်ထက်တွင် ဘုရင်အာဏာစက်မှာ လိုအပ်သလောက် ထိရောက်မှုမရှိတော့ပဲ နိုင်ငံရေးတည်ငြိမ်မှု[၁၅၃] ပျောက်ကွယ်လုနီးဖြစ်နေကြောင်းတွေ့ရသည်။ အေဒီ ၁၇၈၂တွင် ဓမ္မရာဇ်ရာဇာကွယ်လွန်သည်။[၁၅၄] ဓမ္မရာဇ်ရာဇာသည် ယင်း၏နန်းသက်ငါးနှစ်ကာလအတွင်း ပုန်ကန်တော်လှန်မှုများကိုသာ နှိမ်နင်းနေခဲ့ရသဖြင့် ထိရောက်သော တည်ဆောက်ရေးလုပ်ငန်းများကို မလုပ်ဆောင်နိုင်ခဲ့ပေ။

ဓမ္မရာဇ်ရာဇာကွယ်လွန်ပြီးနောက် ယင်း၏မူတော်လင်ဖြစ်သူ လက်ဝဲမြန်သတိုးအောင် အေဒီ ၁၇၈၂ တွင် ထီးနန်းရရှိခဲ့သည်။ "တိုင်းနေပြည်သူလူအပေါင်းတို့ ညီညွတ်၍ မင်းပြုတော်မူပါဟု တင်မြှောက်အပ်သည်ကို အကြောင်းပြု၍ မဟာသမတမင်း"[၁၅၅] အမည်ကို ခံယူခဲ့သည်။ သမတရာဇာသည် နန်းတက်သည့် အေဒီ ၁၇၈၂ တွင်တစ်ကြိမ်၊ အေဒီ ၁၇၈၄ တွင် တစ်ကြိမ် ဘိသိက်ခံယူခဲ့သည်။[၁၅၆]

"မဟာသမတရာဇာသည် ပထမသွန်းလုပ်သော ဒင်္ဂါးတွင်"ရွှေနန်းသခင် မဟာသမတရာဇာ"နှင့် အေဒီ ၁၇၈၄ တွင် သွန်းလုပ်သော ဒင်္ဂါးတွင် "ရွှေနန်းသခင် အဂ္ဂေါပုညဇောရာဇာ"အမည်တို့ဖြင့် သွန်းလုပ်ခဲ့သည်။[၁၅၇] သမတရာဇာအား ရခိုင်ထီးနန်းမှ ဖယ်ရှားပြီး အာဏာရယူရန် ကြိုးပမ်းနေကြသည့် အဓိကအင်အားစုကြီးများမှာ ငကြည်းတောင်တွင် ဒါးမနိုင်တမင်း၊ ရိုးကျွန်းတွင် ကုလားငရွှေစာတမင်း၊ ပိန္နဲချောင်းတွင် ကောင်းညွှန့်ရန်တိုက်တမင်း၊ ကြပ်စင်ကျွန်းတွင်

---

၁၄၉။ ရာဇဝင်ကြီး၊ ထု/ဝမ်း ၆-၈။
၁၅၀။ ရာဇဝင်ကြီး၊ ထု/ဝမ်း ၁-၈။
၁၅၁။ ယင်း၊ ထု/ကျော။ ၁-၈။
၁၅၂။ ယင်း၊ ထံ/ကျော ၈-တား/ဝမ်း ၂။
၁၅၃။ PoliticaL Stability
၁၅၄။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ။
၁၅၅။ (က)ရာဇဝင်ကြီး၊ ထား/ဝမ်း ၇-၈။
(ခ)ရခိုင်မဟာသမတရာဇာ ရာဇဝင်၊ ပေမူ၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ဇာ/ဝမ်း-ညီထော။ (နောင်ဤကျမ်းကိုးကားလျှင် မဟာသမတ ဟုဖော်ပြပါမည်။)
၁၅၆။ စံသာအောင်၊ ရခိုင်ဒင်္ဂါး၊ စာ-၇၆။
၁၅၇။ ယင်း၊ စာ-၇၆။

တွင် ဆန်ကျီတော်များကို လျှို့ဝှက်စွာ တည်ဆောက်ခဲ့သည်။[၁၆၆] ယင်းသို့ စစ်ဆင်ရေးအတွက် လိုအပ်သည့် လျှို့ဝှက်သတင်းများ ရယူခြင်း၊ ရိက္ခာများစုဆောင်းခြင်း စစ်အင်အားစုစည်းခြင်းများကို စနစ်တကျ ဆောင်ရွက်ပြီး နောက်သားတော် အိမ်ရှေ့ မင်းကို ရခိုင်စစ်ဆင်ရေး၏ သေနာပတိအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ၈ စက်တင်ဘာ ၁၇၈၄ တွင် စစ်ရေးပြန်တမ်း ထုတ်ပြန်ရာ၌

. . . ရခိုင်အမှုတော်ကောင်းရာလိုက်စေရမည်မှာ အိမ်ရှေ့မင်းတပ်တွင် အမြင့်မြို့စားမင်းကြီး မင်းခေါင်ကျော်နှင့် အိမ်ရှေ့ဝန်နေမျိုးကျော်ထင် သီဟသူကို စစ်ကဲ၊ စကုမင်းတပ်မှာ နေမျိုးသီဟသူ၊ နေမျိုးစည်သူကျော်ထင်ကို စစ်ကဲ၊ ကာမမင်းတပ်မှာ နေမျိုးသီဟကျော်စွာ၊ နေမျိုးကျော်ထင်သူရတို့ကို စစ်ကဲ[၁၆၇]

အသီးသီးခန့်အပ်တာဝန်ပေးခဲ့သည်။ စစ်ဆင်ရေးလမ်းကြောင်း တစ်လျှောက် လိုက်နာရမည့်စည်းကမ်းများကိုလည်း တင်းကျပ်စွာထုတ်ပြန်ပေးခဲ့သည်။[၁၆၈] ယင်းသို့အမိန့်တော်များ ထုတ်ပြန်ပြီးနောက် စစ်ကြောင်းကြီး (၃)ကြောင်းဖြင့် ရခိုင်ပြည်သိမ်း စစ်ဆင်ရေးကို စတင်ခဲ့သည်။

မဟာသမတရာဇာသည် ဗဒုံမင်းစေလွှတ်လိုက်သော စစ်အင်အားကို ခုခံရန်အတွက် ညီတော်အိမ်ရှေ့မင်း၊ ယောက်ဖတော် ဒါးပိုင်ကြီးကျော်ဘုံ၊ လက်ဝဲမြန်၊ လက်ယာမြန် စသော မှူးမတ်များ၊ ရဟန်းပညာရှိ လူပညာရှိများနှင့် နန်းတွင်းညီလာခံကျင်းပပြီး ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကို တိုင်ပင်ဆွေးနွေးခဲ့သည်။ ဒါးပိုင်ကြီးကျော်ဘုံက ဗဒုံမင်းစေလွှတ်သော စစ်အင်အားသည် ရခိုင်စစ်အင်အားထက် ကြီးမားခြင်းကြောင့် လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်သပြီး ပြည်ထဲအရေးငြိမ်းအောင်ဆောင်ရွက်သင့်ကြောင်း လျှောက်တင်ရာ သမတရာဇာက

. . . ရှေးဘေးလောင်းတော်တို့သည် ရခိုင်ပြည်ကို တတိုင်းတနိုင်ငံက စစ်ပြိုင်လာသော မင်းတို့ကို လက်ဆောင်ပဏ္ဏာနှင့် သမီးကညာ ဆက်သဘူးသည်မရှိလေ။ ငါတို့ရခိုင်ပြည်ကိုသာ ထိုထိုတိုင်းပြည်က လက်ဆောင်ပဏ္ဏာ၊ သမီးကညာဆက်သဘူးသော အကြောင်းကို သမိုင်းရာဇဝင်ရှိသည်။ ယခုငါ့လက်ထက်တွင် လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်သလေလျှင် နောက်နောင်သောမင်းတို့သည် ကဲ့ရဲ့ဘွယ်ဖြစ်၍ ကမ္ဘာကြေလည်း ဥဒါန်းစကား မကျေရှိလိမ့်မည်[၁၆၉] ဟူ၍မိန့်ကြားခဲ့သည်။ ထိုနောက်နေပြည်တော်ရှိ လက်နက်ကိုင်တပ်များကို ကိုယ်တိုင်ဦးစီးပြီး လောင်းကြက်မြို့ဟောင်းတွင် တပ်တည်နေသော ဗဒုံမင်းသားတော် အိမ်ရှေ့မင်း၏တပ်များကို အပြင်းအထဖန် သွားရောက်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် စစ်ရေးအင်အား မမျှသဖြင့် နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာခဲ့ရသည်။[၁၇၀] စစ်ရေးရှုံးနိမ့်သော မဟာသမတရာဇာသည် အိမ်ရှေ့မင်း၊ သားတော်သမီးတော်များ၊ မှူးမတ်များ၊ ကိုယ်ရံတော်တပ်များနှင့်အတူ ညဥ့်သန်းခေါင်အချိန်တွင် မြောက်ဦးနေပြည်တော်မှ လှေတော်များဖြင့် ထွက်ခွာပေးခဲ့သည်။ ရမ်းဗြဲကျွန်း ကွမ်းချောင်းကျွန်းသာယာအရပ်တွင် ကာမမြို့စား၏ တပ်ကမဟာသမတရာဇာကို အေးဒီ ၁၇၈၄[၁၇၁] တွင် ဖမ်းဆီးနိုင်ခဲ့သည်။[၁၇၂]

ဗဒုံမင်း၏သားတော် အိမ်ရှေ့မင်းသည် ၂ ဇန်နဝါရီ ၁၇၈၅ တွင် မြောက်ဦးထီးနန်းနှင့် နေပြည်တော်တစ်ခုလုံးကို သိမ်းပိုက်လျက် ထီးစည်မှန်ကင်းများအားလုံးကို ချလှဲရုပ်သိမ်းနိုင်ခဲ့သည်။[၁၇၃] ဗဒုံမင်းရခိုင်ကို သိမ်းယူရခြင်းမှာ

. . . ရခိုင်တွင် အချင်းချင်း နှောင့်ယှက်ဖျက်ဆီးနေကြပြီး သာသနာတော် မထွန်းပဖြစ်နေ၍ ပြည်သူသတ္တဝါနှင့် သာသနာတော်အရေးကို ထောက်တော်မူ၍ . . . ရခိုင်ဓညဝတီမြို့တိုင်းနိုင်ငံသည် သာသနာတော် အညစ်အကြေးပြည်လှေးပြည်မွှားတရား မတည်သော လူဆိုးလူသွမ်းတို့ကို အကုန်အစင်ဖမ်းဆီးနှိမ်နင်းရှင်းလင်း၍ သမ္မာအယူတည်စေလျက် သာသနာတော်ထွန်းပပွင့်လင်းရန်[၁၇၄]

---

၁၆၆။ ယင်း၊ ဒါ/ ကျော၊ ၅-၆။

၁၆၇။ ROB IV.P. 376

၁၆၈။ ROB IV.P. 378-379.

၁၆၉။ ရာဇဝင်ကြီး၊ ဒု/ဝမ်း-ဒု၊ ကျော။

၁၇၀။ ယင်း၊ဒူ/ဝမ်း ၁-၃။

၁၇၁။ ၁၁၄၆၊ ပြာသိုလပြည့်ကျော် ၁၅ ရက်။

၁၇၂။ ဦးသာထွန်းအောင်၊ ရခိုင်မဟာရာဇဝင်တော်ကြီးမှုရင်းကျမ်း၊ (စစ်တွေ၊ ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်ကြီး၊ ၁၂၈၈)၊စာ ၁၄၆-၁၄၇။ (နောင်ဤကျမ်းကို ကိုးကားလျှင် သာထွန်းအောင်၊ မဟာရာဇဝင်ဟု ဖော်ပြပါမည်။)

၁၇၃။ ၁၁၄၆ ခု ပြာသိုလပြည့်ကျော် ၈ ရက်၊ (ဦးမောင်မောင်တင်၊ ကုန်းဘောင်ခေတ်မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ(မန္တလေးဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၂)၊ စာ-၇-၈။ (နောင်ဤကျမ်းကို ကိုးကားလျှင် မောင်မောင်တင်၊ကုန်းဘောင်ဆက်၊ ဒု၊ ဟု ဖော်ပြပါမည်။)

၁၇၄။ ROB IV.PP. 388-392.

အဆက်မပြတ် ပေါ်ပေါက်ခဲ့သည်။ ယင်းသို့ပြည်တွင်း နိုင်ငံရေးအင်အားပြိုကွဲလာချိန် ရခိုင်သည် ပြည်ပအင်အားစုသုံးရပ်နှင့် ထိပ်တိုက် ရင်ဆိုင်လာရသည်။ ယင်းတို့မှာ မဂို၊ မြန်မာနှင့်တောင်အာရှရောက် ဥရောပနယ်ချဲ့အင်အားစုများဖြစ်ကြသည်။ မဂိုအင်ပါ ယာအင်အားကြီးထွားလာမှုကြောင့် ရခိုင်ပိုင်စစ်တကောင်းနယ်များကို သိမ်းယူခြင်းခံရသည်။ အင်္ဂလိပ်နယ်ချဲ့မှုမှာမူ အိန္ဒိယတိုက်ငယ်အတွင်း ခြေကုပ်ရရှိရန် အာရုံစိုက်ကြိုးပမ်းနေချိန်ဖြစ်သဖြင့် ရခိုင်ထီးနန်းတည်ရှိမှုကိုမခြိမ်းခြောက်နိုင်ခဲ့သော်လည်း ရခိုင်အရှေ့ဖက်တွင် အင်အားကြီးထွားလာနေသည့် မြန်မာအင်ပါယာသည် ရခိုင်ဖက်သို့ ပိုမိုအာရုံစိုက်ခဲ့ကြောင်းတွေ့ရသည်။ ယင်းသို့အင်အားစုသုံးခုကြားတွင် ညပ်ပိတ်မိနေသော ရခိုင်သည် အင်အားချိန်ခွင်လျှာ ထိန်းညှိနိုင်ရေးအတွက် သံတမန်နည်းပရိယာယ်များကို လိုက်နာကျင့်သုံးမှုများစွာ အားနည်းခဲ့သည်။ ထီးနန်းရရှိလာသည့် ဘုရင်များမှာလည်း နိုင်ငံ၏အရေးထက် မိမိ၏တန်ခိုးအာဏာကြီးမားရေးကို ပိုမိုအာရုံစိုက်ခဲ့ကြသည်။ ဘုရင့်အနီးရှိ မှူးမတ်များမှာလည်း အရည်အချင်းအားနည်းပြီး ဘုရင်ကို အကြံဉာဏ်ကောင်းများ မပေးနိုင်ခဲ့ကြပေ။ မြောက်ဦးခေတ်ဦးနှင့်ခေတ်လယ်တွင်ရရှိခဲ့သည့် မင်း၊ မှူးမတ်၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုသည် ခေတ်နှောင်းပိုင်းတွင် တဖြည်းဖြည်းကျဆင်းလာခဲ့ရာ အေဒီ ၁၇၈၄ တွင် မြောက်ဦးခေတ်ပြိုကွဲသွားသည့် အခြေအနေသို့ ရောက်ရှိလာကြောင်း တွေ့ရပေသည်။

ဂြိုဟ်သွားနက္ခတ်၊ ဗေဒင်၊ ယတြာတို့၏ စွမ်းပကားမှာလည်း စီးပွားရေးတိုးတက်ကောင်းမွန်မှုတွင် အရေးပါသည်ဟု လက်ခံယုံကြည်ကြသည်။ တိုင်းပြည်သာယာ ကြောင်းတရားဆယ်ပါးတွင်လည်း

နေလနက္ခတ်တာရာဂြိုဟ်သွား၊ ဂြိုဟ်နေဖြောင့်ခြင်းလည်းကောင်း၊ ဥတုရာသီသုံးပါးမယုတ်မလွန်ဖြောင့်မှန်သည်လည်းကောင်း၊ အသီးအပင်ဖြည့်ဖြိုးအောင်မြင်၍ အရသာလေးခြင်းလည်းကောင်း၊ မုဒိန်းဒဏ္ဍာထားပြ၊ သူခိုး၊ လူသွမ်းမပေါ်မထွက်ခြင်းလည်းကောင်း၊ စစ်မက်မရှိစေရ၊ သာယာစွာပြည်သူတို့ ငြိမ်းချမ်းခြင်းလည်းကောင်း၊ ပြည်သူချင်းချင်းကြီးနိုင်ငယ်နှိပ်မရှိစေရခြင်းလည်းကောင်း၊ မင်းနှင့် အမတ်ပြည်သူ အယူအကျင့်ညီခြင်းလည်းကောင်း[၈] ဟူ၍ တွေ့ရသည်။ ထို့ပြင် တိုင်းပြည်အတွင်း လယ်လုပ်သူများခြင်း၊ ကုန်သွယ်သူများခြင်း၊ သီလရှိသောအမတ်များခြင်း၊ အကြားအမြင်သီလနှင့်ပြည့်စုံသောရဟန်းများခြင်း[၉] တို့သည်လည်း စီးပွားရေးဆိုင်ရာ အယူအဆများဖြစ်ကြသည်။

ဖော်ပြပါ စီးပွားရေးဆိုင်ရာ အယူအဆများအပေါ် အခြေခံ၍ဖြစ်ပေါ်ခဲ့သော မြောက်ဦးခေတ်နှောင်း စီးပွားရေးသည် စင်စစ်တွင် ခေတ်ဟောင်း သက်ဦးဆံပိုင်စီးပွားရေးစနစ်ဖြစ်ပေသည်။ ယင်းစီးပွားရေးစနစ်အရ မြေယာနှင့် စီးပွားရေးအရင်းအမြစ်များအားလုံးကို ဘုရင်က ပိုင်ဆိုင်ထားသည်။ ဘုရင်များသည် ရယူထားသည့် မြေယာအရင်းအမြစ်များကို လက်အောက်ခံမှူးမတ်သေနာပတိများ၊ မင်းဆွေမင်းမျိုးများ၊ အမှုထမ်းများကို ထပ်ဆင့်ခွဲဝေပေးအပ်ထားသည်။ ယင်းကို လက်အောက်ခံများအား စားကျေးစားမြေများ ချီးမြှင့်ခြင်းဟု ခေါ်သည်။ သာမန်ပြည်သူများမှာ ဘုရင်များက ခွင့်ပြုထားသော ကိုယ်ပိုင်လယ်မြေများနှင့် ဘုရင်က ယင်း၏လက်အောက်ခံများအား ချီးမြှင့်ထားသော ဒေသတွင်းရှိ လယ်မြေများ၊ စားမြေများကို လုပ်ကိုင်ပေးကြရသည်။

စီးပွားရေးသဘောတရားများကို ခေတ်သစ် ဘောဂဗေဒပညာရှင်များက ဖော်ထုတ်ကြရာ၌ စီးပွားရေးဆိုသည်မှာ လူသားများ၏အသက်ရှင် ရပ်တည်နိုင်ရေး၊ ပျော်ရွှင်နိုင်ရေးအတွက် ဆောင်ရွက်သည့် ဥစ္စာဓနရှာဖွေမှုဟူ၍လည်းကောင်း[၁၀] စီးပွားရေးတစ်ရပ်၏အခြေခံအရင်းအမြစ်မှာ လူသားများနှင့် တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်များဖြစ်သည်ဟူ၍လည်းကောင်း၊ စီးပွားရေးသည် တည်ဆဲနိုင်ငံရေးအာဏာနှင့် အပြန်အလှန်အကျိုးပြုဆက်နွယ်နေသည်ဟူ၍လည်းကောင်း[၁၁] အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။ သို့ဖြစ်ရာမြောက်ဦးခေတ်နှောင်းတွင် ရခိုင်ဘုရင်များပိုင်သည့် ပိုင်နက်နယ်မြေများနှင့် ယင်းပိုင်နက်အတွင်း နေထိုင်သည့် ပြည်သူများမှာ အဓိကစီးပွားကုန်ထုတ်အရင်းအနှီးများ ဖြစ်ကြပေသည်။

မြောက်ဦးခေတ်နှောင်းပိုင်း၏ ပိုင်နက်နယ်မြေသည် မြောက်ဦးခေတ်၊ ခေတ်ဦးနှင့် ခေတ်လယ်တို့၏ပိုင်နက်ကို ဆက်ခံခဲ့ခြင်းဖြစ်ပေသည်။ ခေတ်ဦးမင်းများသည် လောင်းကြက်ခေတ်နှောင်းပိုင်းတွင် ပြိုပျက်သွားခဲ့သော ပိုင်နက်မြေများကို ပြန်လည်တည်ဆောက်ခဲ့ကြသည်။ မြောက်ဦးခေတ်လယ်ကို စတင်ဦးဆောင်ခဲ့သူ မင်းဗာဘုရင် (၁၅၃၁-၁၅၅၃) လက်ထက်မှစပြီး ရခိုင်ဘုရင်များသည် ဝေသာလီခေတ်၊ လေးမြို့ခေတ်များတွင် ပိုင်ဆိုင်ခဲ့ကြသည့် မူလပိုင်နက်နယ်မြေများကို ပြန်လည်သိမ်းသွင်းနိုင်ခဲ့ကြကြောင်း[၁၂] သိရှိရပေသည်။ သို့ရာတွင် အင်အားကြီးထွားလာသော မဂိုအင်ပါယာကြောင့် မြောက်ဦးခေတ်နှောင်းပိုင်း၏ ပိုင်နက်နယ်မြေသည် အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်းဖြင့် ပိုင်းခြားလျက် တောင်ဖက်၌ နေဂရေအငူ၊ မြောက်ဖက်တွင် ကုလားတန်မြစ်ဖျား၊ အနောက်ဖက်တွင် စစ်တကောင်းနယ်အဆုံး အထိ[၁၃] ရှိခဲ့သည်။ စန္ဒသုဓမ္မရာဇာမင်း (၁၆၅၂-၁၆၇၄)လက်ထက် အေဒီ ၁၆၆၆ သို့ရောက်သောအခါ အနောက်ဖက်နယ်နိမိတ်သည် နတ်မြစ်ရေရိုးခြားထိသာ အခိုင်အမာ ရှိလာခဲ့သည်။[၁၄] သို့ဖြစ်ရာ မြောက်ဦးခေတ်နှောင်းပိုင်း၏ စီးပွားရေးအခြေခံပိုင်နက်နယ်မြေသည် ခေတ်သစ်ရခိုင်ပြည်နယ်၏ နယ်နိမိတ်ပုံစံသို့ ပြောင်းလဲလာခဲ့ပေသည်။

---

၈။ ဇေယျကျော်ထင်၊ မဇ္ဈိမဒေသအရေးတော်ပုံ၊ ပေ/က/ဝမ်း။

၉။ စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၊ (မန္တလေးဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၂၉၃)၊စာ၊ ၉၀-၉၁။ (နောင်ကိုးကားလျှင် စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ပ၊ ဟု ဖော်ပြပါမည်။)

၁၀။ Samuelson: Economics, (Tokyo, Tokyo Printing Co. Ltd., 1964), P. 5.

၁၁။ (က) H.R.Finberg (ed): Approaches to History, (London, Routledge & Kegan Paul, 1962), P. 36.
(ခ) L. James Clifford: Principles of Economics, (New York, Barnes & Noble, 1964), P. 1. (Hereafter this work will be referred to as Clifford: Economics).

၁၂။ (က) စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ၊ ၆၄-၆၅။
(ခ) ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၁၄၉-၁၅၀။
(ဂ) မြန်မာမင်းအရေးတော်ပုံ၊ စာ၊ ၄၃-၄၄။

၁၃။ Manrique: Travels, P. 217.

၁၄။ Suniti: History of Chittagong, P. 359.

စီးပွားရေးတွင် လူဦးရေသည် အရေးပါခဲ့လျှင် မြောက်ဦးခေတ်နှောင်းတွင် လူဦးရေမည်မျှရှိခဲ့သည်ဟူသော အချက်ကို သိရန်လိုအပ်ပေသည်။ မြောက်ဦးခေတ်နှောင်းသည် မြောက်ဦးခေတ်၏ ခေတ်ဦး ခေတ်လယ်အခြေအနေကို ဆက်ခံခြင်းဖြစ်သည်။ မြောက်ဦးခေတ်နှောင်း၏ စီးပွားရေးအတက်အကျကို ပြောဆိုနိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြသော ခေတ်ဦးခေတ်လယ်တို့၏အခြေအနေကို သိရန်လိုအပ်ပေသည်။ မြောက်ဦးခေတ်ကို တည်ထောင်ခဲ့ကြသော မင်းများသည် မြောက်ဦးမြို့ကို စတင်တည်ထောင်ချိန်၌ မြန်မာနှင့်မွန်တို့၏အကြိမ်ကြိမ်သိမ်းဆည်းခေါ်ဆောင်သွားမှုကြောင့် ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းနှင့် သံတွဲအရပ်များတွင် လူနေအိမ်ခြေရပ်ရွာများ ပျက်ပြားနေမှုကို ကြုံခဲ့ကြရသည်။[၁၉] ထို့ကြောင့် မင်းစောမွန်သည် အေဒီ ၁၄၃၁[၂၀] တွင် အင်း၀-ဟံသာ၀တီနှစ်လေးဆယ်စစ်ပွဲ၏ ဂယက်ကြောင့် မြို့ရွာများ ပြိုပျက်ပြီး လူနေနည်းပါးနေသော ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းနှင့် သံတွဲဒေသများကို လူနေစည်ကားသော ဒေသဖြစ်လာစေရန် မင်းအမိန့်ဖြင့်မော်ကွန်းရေးထိုးကာ အမတ်အနန္တသူရိယအား ပြန်လည်ထူထောင်စေခဲ့သည်[၂၁]။ အမတ်အနန္တသူရိယသည် ရခိုင်ပြည်သား ကတိသစ္စာတည်သူများ၊ ပန်းတိမ်၊ ပန်းဘဲ စသည့်လက်မှုပညာတတ်ကျွမ်းသူများကို စုရုံးခေါ်ဆောင်လျှက်၊ လူကြွင်းလူကျန်ရှာမတွေ့ရလောက်အောင် ရှားပါးနေသော ထိုအရပ်ဒေသများကို စည်ကားသည့်လူနေဒေသ ဖြစ်လာအောင် ပြန်လည်ထူထောင်ပေးခဲ့သည်။[၂၂] မင်းစောမွန် ကွယ်လွန်ပြီးနောက် ထီးနန်းဆက်ခံသော နရနုသည် မင်းစောမွန်မှာခဲ့သည့်အတိုင်း ပြည်တန်ခွန်၊ ပြည်တန်ဆောင် ပြည်လက်ရုမ်း၊ ပြည်မျက်စိ၊ ပြည်ဝမ်း၊ ပြည်မျက်နှာ၊ ပြည်မွေ့၊ ပြည်ရေတို့ကို တိုးပွားအောင်စီရင်ခံသည်။[၂၃] ဟုတွေ့ရသည်။ ထို့ကြောင့် မြောက်ဦးခေတ်လယ်တွင် ရခိုင်ပြည်သည် အလွန် စည်ပင်သော အင်ပါယာနိုင်ငံတစ်ခုအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မြောက်ဦးမြို့တော်နှင့်တကွ ရခိုင်ပြည်လူနေစည် ကားပုံကို နိုင်ငံခြားသားအချို့ကလည်း မှတ်တမ်းတင်ခဲ့ကြသည်။ မြောက်ဦးခေတ်လယ်နှောင်းပိုင်းတွင် မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့သော အီတလီခရစ်ယာန်ဘုန်းတော်ကြီး မန်ရစ်[၂၄] က မြောက်ဦးမြို့တော်တွင် နိုင်ငံခြားသားများမပါဝင်ဘဲ ဒေသခံနိုင်ငံသားများချည်း လူဦးရေတစ်သိန်းခြောက်သောင်းကျော်ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။[၂၅]

ယင်းကဲ့သို့ မြောက်ဦးသည် စည်ပင်ထွန်းကားခဲ့သော ခေတ်ဟောင်းနိုင်ငံတစ်ခုဖြစ်သော်လည်း အုပ်ချုပ်ရေးအာဏာပိုင်မင်းများ စနစ်တကျရေးမှတ်ထားသော နိုင်ငံလူဦးရေစာရင်းမှန်ကို ရှာဖွေမတွေ့ရှိရပေ။ ရခိုင်၊မြန်မာနှင့်တကွ ရှေးခေတ်အရှေ့တောင်အာရှနိုင်ငံများတွင် တိုင်းရေးပြည်မှုများကို စနစ်တကျ မှတ်တမ်းတင်သော အလေ့အထအားနည်းခဲ့ကြသည်။ ထို့ကြောင့် သာမန်မှန်းဆချက်မှလွဲ၍ သေချာတိကျစွာ မပြောဆိုနိုင်ပေ။ မြောက်ဦးခေတ်နှောင်းပိုင်းသည် နှစ်ပေါင်းတစ်ရာကျော်အတွင်း နိုင်ငံရေးတည်ငြိမ်သောကာလနည်းပါးပြီး မင်းပြောင်းမင်းလဲများနေခဲ့ရာ လူဦးရေကို သိရှိရန်မှာ အလွန်ခဲယဉ်းပေသည်။

မြောက်ဦးခေတ်နှောင်း ပိုင်နက်နယ်မြေအကျယ်အဝန်းရှိမင်းနှင့်တကွ ပြည်သူများ၏ နှစ်ပေါင်း၁၅၀ခန့်ကာလအတွင်း လုပ်ကိုင်စားသောက်ခဲ့ကြသော စီးပွားရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ငွေကြေးသုံးစွဲမှု၊ လက်မှုပညာလုပ်ငန်းများ၊ တံငါမုဆိုးလုပ်ငန်းများနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရေးတို့သည် အဓိကလုပ်ငန်းများဖြစ်ခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများအတွက် ဆက်သွယ်သွားလာရေးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ရာ မြောက်ဦးခေတ်မင်းများသည် ဆက်သွယ်သွားလာမှု ကောင်းမွန်ရေးကိုလည်း အလေးထား၍ ဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့အလေးထားဆောင်ရွက်မှုများကို အမိန့်ပြန်တမ်းတစ် စောင်တွင် . . . "ကုန်းလမ်း၊ ရေလမ်း၊ တောလမ်း၊ တောင်လမ်း စသောခရီးလမ်းများ. . . တို့ကို မဖျက်ဆီးရ"[၂၆] ဟုဖော်ပြ ခဲ့သည်။ ယင်းအမိန့်တော်အရ မြောက်ဦးခေတ်မင်းများသည် ဆက်သွယ်ရေးကိုလည်း အတော်အသင့် လုပ်ကိုင်ခဲ့ကြကြောင်း မှတ်ယူနိုင်သည်။ ယင်းခေတ်အသုံးပြုခဲ့သော ဆက်သွယ်ရေးလုပ်ငန်းတွင် ကုန်းလမ်းနှင့်ရေလမ်းသည် အဓိကဖြစ်ခဲ့ကြသည်။ ကုန်းလမ်းဆက်သွယ်ရေးကို

---

၁၉။ သက္ကရာဇ် ၇၉၃ ခု၊ မင်းစောမွန်ရွာတည်ခန်း၊ ပေကူးလက်နှိပ်စက်မူ၊ စာ ၁။ (နောင်ကိုးကားလျှင် မင်းစောမွန် ရွာ တည်ခန်းဟု ဖော်ပြပါမည်)

၂၀။ သက္ကရာဇ် ၇၉၃။

၂၁။ မင်းစောမွန်ရွာတည်ခန်း၊ စာ ၁။

၂၂။ မင်းစောမွန်ရွာတည်ခန်း၊ စာ-၂။

၂၃။ (က) ရာဇဝင်ကြီး၊ ညီ/ဝမ်း။ (ခ) စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ-၂၃။

၂၄။ Manrique.

၂၅။ Manrique: Travels, PP. 217-218.

၂၆။ ဦးဦးသာထွန်း၊"မင်းဗာဘုရင်ပြန်တမ်း ၁၃-ရပ်"ဦးရစ်မြေမဂ္ဂဇင်း(ရန်ကုန်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၆) စာ-၂၉။

ကုန်းလမ်းဆက်သွယ်ရေးကဲ့သို့ ရေကြောင်းသွားလာရေးကိုလည်း ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြသည်။ ရခိုင်ပြည်သည် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်အကြားတည်ရှိသည်။ မြောက်ပိုင်းမှာ အတော်အသင့်ကျယ်ဝန်းပြီးတောင်ပိုင်းမှာ ကျဉ်းမြောင်းသော ကမ်းမြောင်ဒေသငယ်သာရှိသည်။ တောင်တန်းနှင့် ပင်လယ်အော်တို့ နီးကပ်စွာတည်ရှိသောကြောင့် မြစ်တို၊ ချောင်းတိုတို့က မြေပြင်ကို အပြတ်အတောက်များဖြစ်အောင် ဖြတ်တောက်နေကြသည်။ မယူကုလားတန်နှင့်လေးမြို့မြစ်တို့ ပို့ချထားသော မြောက်ပိုင်းလွင်ပြင်များမှာ ရခိုင်ပြည်၏အကျယ်ဝန်းဆုံးသောလွင်ပြင်ဒေသများ ဖြစ်ကြသည်။ လွင်ပြင်ဒေသဟု ဆိုရသော်လည်း အများဆုံးသော အစိတ်အပိုင်းများမှာ ဤမြစ်ကြီး၊ မြစ်ခွဲ၊ မြစ်လက်တက်များ ဖြတ်သန်းတိုက်စားထားမှုကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ ကျွန်းပြတ်ကျွန်းတန်းအနေအထားများသာ ဖြစ်ကြသည်။ ကမ်းခြေတစ်လျှောက်တွင် များပြားလှစွာသော ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ မြောက်မှတောင်းသို့ စီတန်းနေကြသည်။ မြောက်ဦးခေတ်မင်းများနှင့်အတူ ရခိုင်မင်းများသည် တောတောင်အနှံ့မြေပြန့်များနှင့်ကျွန်းများကိုပါ လူနေဒေသများအဖြစ် ထူထောင်ခဲ့ကြသည်။ ကျွန်းလူနေဒေသသည် မြေပြန့်လူနေဒေသထက်ပို၍ များပြားသည်။ သို့ဖြစ်ရာ ကျွန်းများနှင့် မင်းနေပြည်တော်ကို ဆက်သွယ်ရာတွင် ရေလမ်းကို အဓိကအားထားခဲ့ကြရသည်။ ကျယ်ဝန်းသောရေပြင်ကျယ်များနှင့် ပြင်းထန်သည့် ရာသီများကြောင့် ဘေးအန္တရာယ်လည်း ကြီးမားပေသည်။ ထို့ကြောင့် ဒေသတစ်ခုနှင့်တစ်ခုဆက်သွယ်ရာတွင်လည်းကောင်း၊ မင်းနေပြည်တော်ဈေးကွက်များနှင့် ဆက်သွယ်ရာတွင်လည်းကောင်း၊ သဘာဝအားဖြင့် အခက်အခဲရှိသော တိုင်းပြည်ဖြစ်ပေသည်။ ယင်းသို့သဘာဝအားဖြင့် အခက်အခဲရှိသော ရေလမ်းဆက်သွယ်ရေးအဆင်ပြေစေရန် မြောက်ဦးခေတ်မင်းတို့များစွာ ကြိုးစားခဲ့ကြသည်။ ဤအကြောင်းအရာများကို မင်းမှတ်တမ်းများတွင် လွယ်ကူစွာ ရှာမတွေ့နိုင်သော်လည်း ခေတ်ပြိုင်မှတ်တမ်းများက မင်းတို့၏ ကြိုးပမ်းမှုကို ဖော်ပြခဲ့ကြသည်။ ဤအကြောင်းကို မြောက်ဦးခေတ်လယ်နှောင်းပိုင်းတွင် ရောက်ရှိခဲ့သော နိုင်ငံခြားသား မှတ်တမ်းတစ်စောင်၌

. . . ရခိုင်ဒေသ၏ထူးခြားသော မြေပြင်ပြုပြင်မှုမှာ နိမ့်သောမြေပြင်များကို တစ်နေရာမှ တစ်နေရာသို့ တူးမြောင်း၊ ရေမြောင်းများဖြင့် ဆက်သွယ်ပေးထားခြင်းဖြစ်သည်။ ထိုသို့ဆက်သွယ်ဖောက်လုပ်မှုကို သဘာဝအလျောက်ရှိနေသော မြစ်ခွဲမြစ်လက်တက်များသာမက အရပ်မျက်နှာအသီးသီးသို့ လှေသင်္ဘောများဖြင့် လွယ်ကူစွာ သွားလာနိုင်ရန် တိုးချဲ့ဖောက်လုပ်ခဲ့ကြခြင်းလည်း ပါဝင်ခဲ့သည်။[၃၅]

ဟုတွေ့ရှိရသည်။ ထို့ပြင်

ရခိုင်ပြည်၌ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်နှင့် မြစ်ခွဲမြစ်လက်တက်တို့တွင် တုံးထွင်းလှေငယ်များ၊ လောင်းလှေများ၊ လှော်ကားများ၊ ဘောက်တူများ ပြည့်ကျပ်အောင် သွားလာလျက်ရှိသည်။[၃၆]

ဟုလည်း ဖော်ပြခဲ့ကြသည်။

ယင်းကဲ့သို့ မြောက်ဦးခေတ်မင်းများ၏ ကြည်းကြောင်း၊ ရေကြောင်းဆက်သွယ်ရေးမှာ ကောင်းမွန်ခဲ့သည်ဟု ဆိုရသော်လည်း ခက်ခဲသော သဘာဝပထဝီအနေအထားနှင့် ဖွဲ့စည်းထားသော ရခိုင်ပြည်အတွက် ပြည့်စုံလုံလောက်ခဲ့သည်ဟု မဆိုနိုင်ပေ။ ယင်းမပြည့်စုံမှုများကြောင့်ပင် မြောက်ဦးခေတ်နှောင်း၌ ပေါ်ပေါက်လာသည့် ဒေသဆိုင်ရာ ဆူပူမှုများကို မင်းများက အလျင်အမြန် မနှိမ်နင်းနိုင်ကြခြင်းဖြစ်သည်။ ယင်းသို့မနှိမ်နင်းနိုင်မှုကြောင့် ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပျက်ပြားကာ နိုင်ငံအင်အားကျဆင်းလာရခြင်းဖြစ်ပေသည်။

မြောက်ဦးခေတ် ရခိုင်ပြည်စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံတော်၏အဓိက ကုန်ထုတ်လုပ်ငန်းဖြစ်ခဲ့သည်။ မင်းဘဏ္ဍာပြည့်စုံမှုအတွက် ကောက်ခံခဲ့သည့်အခွန်တော်များ၊ တမလွန်ဘဝအတွက် လှူဒါန်းခဲ့ကြသော ဒါနကုသိုလ်များ၊ ရောင်းဝယ်ဖောက်ကားခဲ့ကြသော အခြေခံကုန်များသည် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အဓိကအခြေခံခဲ့သည်။ မြောက်ဦးခေတ်စိုက်ပျိုးရေးကို အဓိကအားဖြင့် မြေပြန့်လယ်စိုက်ပျိုးရေး၊ တောင်ကြားနှင့် တောင်ယာစိုက်ပျိုးရေး၊ ဥယျာဉ်စိုက်ပျိုးရေး၊ ကိုင်းစိုက်ပျိုးရေးနှင့် ဒီရောက်မြေစိုက်ပျိုးရေးဟူ၍ ခွဲခြားနိုင်သည်။

အထက်ဖော်ပြပါ စိုက်ပျိုးရေးများအနက် မြေပြန့်လယ်စိုက်ပျိုးရေးသည် ပင်မစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လယ်တွင်ဆန်စပါးကို အဓိကစိုက်သည်။ ဆန်စပါးစိုက်ပျိုးရာမြေကို လယ်မြေဟုခေါ်သည်။ လယ်မြေကို မြောက်ဦးခေတ်မင်းများသည် လူနေဒေသတိုးချဲ့ခြင်းနှင့်အတူ တိုးချဲ့တည်ဆောက်ခဲ့ကြသည်။[၃၇] မင်းစောမွန်ကို ဆက်ခံသော နရနု(အလီခင်)မင်းသည် လယ်ယာစိုက်ပျိုးရေးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ယင်းမင်း၏ဆောင်ရွက်မှုများကို

---

၃၅။ Collis: Great Image. P. 146

၃၆။ I bid, P. 146.

၃၇။ မင်းစောမွန်ရှာတည်ခန်း၊ စာ၊ ၁-၁၅။

| | | |
|---|---|---|
| နွှာသယျော်ဉ် | ကျောက်တော်ဘုရားကျောက်စာ | ၈၆၅ |
| ကျွဲတယျော်ည်/ကျွဲနှစ်ယျော်ည် | -။- | ။ |
| ကျွေယ်နှစ်ယျော်ည် | -။- | ။ |
| လယ်တယျော်ည် | -။- | ။ |
| သင်ခီ | -။- | ။ |
| ဘုရာလေတင်သျှင်လေစာငါသောသင်ခီ | -။- | ။ |
| လေဲတ(တုံ)ကျထာ သောသင်ခီ | -။- | ။ |
| သင်ခီသုမ်ကျောင် | ကျောက်တော်ဘုရားကျောက်စာ | ၈၈၇ |
| သင်ချိတဲငဲဒုံမ်တအိမ်ထောင်/သချီငွေ ၁၀ | ဇုန္ဒတ်လကျာ်ဖျံချီကျောက်စာ | ၉၈၄/၉၈၇ |
| သချီတောဆယ်သျှုင်း | တြင်းနဝင်းကျောက်စာ | ၁၀၃၈[၄၂] |

သချီလယ်များကို သက်ဆိုင်ရာ ဘုရားသိမ်ကျောင်းများသို့ လှူဒါန်းထားသော သချီကျေးကျွန်များက ထွန်ယက်လုပ်ကိုင်ပေးကြရသည်။ သချီလယ်များသည် မင်းနှင့်တကွ ပြည်သူများက အလေးထားလှူဒါန်းခဲ့သော ဝတ္ထုကံမိုးမြေဖြစ်သောကြောင့် အခွန်လွတ်လယ်မြေများလည်း ဖြစ်ကြသည်။[၄၃] မြောက်ဦးခေတ်နှောင်းပိုင်းတွင် စန္ဒသုဓမ္မရာဇာနှင့် မိဖုရားစောမဲကျီတို့သည် နိုင်ငံအနှံ့ရှိဘုရားစေတီများ ထိုသချီလယ်မြေအသျှည်းပေါင်းများစွာကို လှူဒါန်းခဲ့ကြသည်။[၄၄] မြောက်ဦးခေတ်နှောင်းပိုင်းတွင် စုဆောင်းဖတ်ရှုရသမျှသော ကျောက်စာများအရ မြောက်ဦးမြို့၏တောင်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဦး+မဟာမုနိသိမ်တော်ကြီးအကြားရှိ လယ်ကွင်းများကိုလည်း သချီလယ်အဖြစ် အများအပြားလှူခဲ့ကြောင်း တွေ့ရှိရသည်။ အေဒီ ၁၆၄၀ မှ ၁၇၁၈ ထိ လယ်ဧကပေါင်း ၃၇၀၀ ခန့် လှူဒါန်းခဲ့ကြကြောင်း တွေ့ရသည်။ ယင်းလယ်များမှာ ဖတ်ရှုရသော ကျောက်စာအနည်းငယ်မှ အရေအတွက်မျှသာဖြစ်ရာ အမှန်အားဖြင့် ယင်းအရေအတွက်ထက်များနိုင်ပေသည်[၄၅] လှူဒါန်းထားသော သာသနာ့မြေများကို သချီလယ်သို့မဟုတ် သချီပြင်၊ သချီပြင်ကွင်းဟူ၍ အမျိုးမျိုးခေါ်စမှတ်ပြုကြသည်။ ယင်းသချီလယ်များကို ယနေ့တိုင်ခေါ်ရိုးမပျက် ဒေသအနှံ့တွင် တွေ့ရှိရသည်။ သို့ရာတွင် ယခုအခါ ဘုရားပိုင်လယ်မြေအဖြစ် မရှိကြတော့ဘဲ သာမန်ပြည်သူများက ပိုင်ဆိုင်လျှက်ရှိကြသည်။ လှူဒါန်းခံကြရသော သချီကျွန်များသည် သာမန်ပြည်သူအသည်သားများနှင့် ရောနှောနေထိုင်ခွင့်ရရှိဟန်မတူပေ။ သချီလယ်များနှင့် ဘုရားများအနီးတွင် သချီအစုံများအဖြစ် ရွာများတည်ထောင်လျက် သီးခြားနေထိုင်ခဲ့ကြရဟန်တူပေသည်။ ယင်းအချက်ကို သချီလယ်ကွင်းများအနီး ကျန်ရှိနေကြသော သချီရွာဟောင်းနေရာများက သက်သေထူလျှက်ရှိသည်။ သချီကျွန်များသည် မြောက်ဦးခေတ် ရခိုင်လူမှုအဖွဲ့အစည်းတွင် သာမန်ပြည်သူအသည်သားများနှင့် တန်းတူအခွင့်အရေးမရရှိခဲ့ကြပေ။[၄၆]

မြောက်ဦးခေတ်တွင် မင်းနှင့်ပြည်သူများသည်သာ သနိက အဆောက်အဦးများအတွက် လယ်ယာမြေများကို လှူဒါန်းလေ့ရှိကြသည်။ လယ်ယာမြေများသာသနာ့မြေအဖြစ် တည်ရှိလာခြင်းသည် ပြည်သူများလုပ်ကိုင်စားသောက်သော မြေများလျော့နည်းလာစေသည်။ သာသနာ့မြေများသည် အခွန်လွတ်ငြိမ်းသော မြေများဖြစ်ရာ ဝတ္ထုကံမိုးမြေအရေအတွက်များလာသလောက် မင်းဘဏ္ဍာလည်း လျော့နည်းလာတတ်သည်။

ဆန်စပါးစိုက်ပျိုးမြေများထဲမှ မင်းပိုင်မြေသည် မင်းများကိုယ်တိုင် မင်းမှုထမ်းများအား စိုက်ပျိုးစေသော မြေဖြစ်သည်။

---

၄၂။ (က) ဦးဦးသာထွန်း၊ <u>ရှေးဟောင်းရခိုင်ကျောက်စာများ</u>၊ လက်နှိပ်စက်မူ။ (ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ခုနှစ်မပါ။) စာ၊ ၈-၇၅ (နောင်ကိုးကားလျှင် ဦးသာထွန်း၊ <u>(ရခိုင်ကျောက်စာ)</u>ဟု ဖော်ပြပါမည်။)

(ခ) <u>ဇုန္ဒတ်လကျာ်ပျံချီကျောက်စာ၊ သက္ကရာဇ် ၉၈၄/၉၈၇။</u>

ကြောင်း ၁-၁၀။

၄၃။ "ရမ္မာဝတီစစ်တမ်း" <u>JBRS,</u> Vol. 9, Part I, 1919, PP. 45-47. (နောင်ကိုးကားလျှင် "ရမ္မာဝတီစစ်တမ်း" ဟု ဖော်ပြ ပါမည်။)

၄၄။ ယင်း၊ စာ၊ ၄၅-၄၆။

၄၅။ ဦးသာထွန်း <u>ရခိုင်ကျောက်စာ၊</u> စာ၊ ၈-၇၅။

၄၆။ နန်းထိုက်စံ၊ မြောက်ဦးခေတ်တရားစီရင်ရေး "<u>မြောက်ဦးမဂ္ဂဇင်း၊</u> ရန်ကုန်၊ မြောက်ဦးမြို့နယ်ငြိပ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။ ၁၉၉၆။ စာ ၉၄-၉၆။

တွင် စိုက်ပျိုးသည့် သီးနှံကို ကိုင်းသီးနှံဟုခေါ်ပြီး စိုက်ပျိုးမှုကို ကိုင်းစိုက်ပျိုးခြင်းဟုခေါ်သည်။ ကိုင်းတွင် မဲနယ်၊ ပဝတ်၊ ဆေးရွက်[၅၅] တို့ကို စိုက်ပျိုးကြသည်။ ဗူး၊ ဖရုံ၊ သခွား၊ ခရမ်း၊ ငရုတ်၊ ပြောင်းတို့ကိုလည်း စိုက်ပျိုးကြသည်။

ဥယျာဉ်သည် နှစ်ရှည်သီးပင်များကို စိုက်ပျိုးသည့် ခြံမြေဖြစ်သည်။ ဥယျာဉ်တွင် ကွမ်းသီး၊ အုန်းသီး၊ သရက်၊ ပိန္နဲ၊ ရှောက်၊ သံပုရာတို့ကို အဓိကထား စိုက်ပျိုးခဲ့သည်။ မြောက်ဦးခေတ်နှောင်းပိုင်း အေဒီ ၁၇၁၈ တွင် ရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ်တွင်

| | | |
|---|---|---|
| အိမ်ရာဥယျာဉ်မြေ ၃ သျှည် | တေဇရာမကျောက်စာ | သက္ကရာဇ် ၁၀၇၈ |
| မိဖုရားကွမ်သီဥယျာဉ် | တေဇရာမကျောက်စာ | သက္ကရာဇ် ၁၀၇၈ |
| ကွမ်သီဥယျာဉ်အိမ်ရာ ၁သျှည်တဘက် | တေဇရာမကျောက်စာ | သက္ကရာဇ် ၁၀၇၈ |
| မိဖုရားဥယျာဉ်အတွင်းတွင် ကွမ်သီဥယျာဉ်နှင့်အိမ်ရာတဘက် | တေဇရာမကျောက်စာ | သက္ကရာဇ် ၁၀၇၈ |

ဟူ၍ တွေ့ရသည်။ သို့ဖြစ်ရာ ဥယျာဉ်များသည် သီးခြားရှိကြသကဲ့သို့ အိမ်ခြံမြေများနှင့် တွဲလျက်ရှိတတ်ကြောင်း တွေ့ရသည် ။ ဥယျာဉ်များကို မိဖုရားများကလည်း ပိုင်ဆိုင်ကြသည်။ အထက်ဖော်ပြပါ ဥယျာဉ်များမှာ မြောက်ဦးမြို့တော်တစ်ဝိုက်တွင် ရှိသည့်ဥယျာဉ်များဖြစ်ကြသည်။ လေးမြို့မြစ်ဝှမ်းတစ်လျှောက်ရှိခဲ့သည့် ကွမ်းသီးဥယျာဉ်ခင်းများသည် မြောက်ဦးခေတ်နှောင်းအတွင်းတွင် စီးပွားရေးစိုက်ပျိုးခြံမြေများအဖြစ် တည်ရှိခဲ့ကြသည်။ ဥယျာဉ်စိုက်ပျိုးမှုကို ကုန်းမြေကျွန်းမြေဒေသအနှံ့တွင် စိုက်ပျိုးခဲ့ကြသည်။

တောင်ယာစိုက်ပျိုးမှု ၊ ဥယျာဉ်ခြံမြေစိုက်ပျိုးမှုကဲ့သို့ ဒီရောက်မြေများ၌လည်း စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ရခိုင်ပြည်မြစ်ချောင်းဝဲယာများရှိ မြေယာအများအပြားကို ဒီရေများက လွှမ်းမိုးထားကြသည်။ ယင်းမြေများသည် ဒီရေတက်သောအခါ ဆားငံရေများ ဖုံးလွှမ်းခံရပြီး ဒီရေကျသွားသောအခါ လဟာပြင်မြေများအဖြစ် ပေါ်ထွန်းလာကြသည်။ မြောက်ဦးခေတ်တွင် ဤမြေများကို ကမ်းပိုင်၊ ကာရီ၊ တာတမံများ ဆည်ဖို့ကာ လယ်ယာမြေအဖြစ် ဖော်ထုတ်သုံးစွဲခဲ့ကြသည်။ ၎င်းကို ကာရီလယ်ဟုခေါ်သည်။ ကာရီလယ်သက်သမ်းရှည်လာသောအခါ ပြားလယ်ဟုခေါ်သည်။ ပြားလယ်၊ ကာရီလယ်များတွင် ဆန်စပါးများကို စိုက်ပျိုးကြသည်။ လယ်ယာမြေ အဖြစ်လုပ်ကိုင်၍ မရနိုင်သော ဒီရောက်အုန်းဟုခေါ်သည့် နှစ်ရှည်သီးပင်မျိုးကို စိုက်ပျိုးကြသည်။ မြောက်ဦးခေတ်နှောင်း ဘုရင်များရေးထိုးသော ကျောက်စာများတွင် နတ်စိုက်ရေမျိုးအုန်း[၅၇] ဟု ရေးထိုးခဲ့ကြသည်။ နတ်စိုက်ရေမျိုးအုန်းဟု ရေးထိုးရခြင်းမှာ အုန်းသီးများ ဒီရေနှင့်အတူ မျောလာပြီး မြစ်ချောင်းဝဲယာတွင် သဘာဝအလျောက် ပေါက်ရောက်နေသည့် အုန်းခင်းများကို ရည်ရွယ်၍ ရေးထိုးခဲ့ဟန်တူပေသည်။

မြောက်ဦးခေတ်နှောင်းတွင် ရေအုန်းပင်များကို စီးပွားဖြစ် စိုက်ပျိုးခဲ့ကြသည်။ အုန်းပင်၏ အသီးအညှာတန်ကို လှီးဖြတ်ပြီး ထန်းရည်ကဲ့သို့ အရည်များခံယူသုံးစွဲသည်။ အရွက်ကို အိမ်မိုးပစ္စည်းအဖြစ် အသုံးပြုကြသည်။ မြောက်ဦးခေတ်တွင် သာမန်ပြည်သူများသည် အိမ်ရာအဆောက်အဦးများ၏ အမိုးကို အုန်းရွက်ဖြင့် မိုးကာခဲ့ကြသည်။ သီရိသုဓမ္မရာဇမင်းလက်ထက်ရောက်ရှိခဲ့သော မန်ရစ်မှတ်တမ်းတွင် သာမန်ပြည်သူများသည် သစ် ဝါး၊ ကြိမ်ဖြင့် ဆောက်လုပ်သောအိမ်များတွင် နေထိုင်ကြပြီး အမိုးကို အုန်းဖြင့် မိုးကြသည်[၅၈] ဟုတွေ့ရသည်။ မြောက်ဦးခေတ်နှောင်း အေဒီ ၁၇၁၁ တွင် ရေးထိုးခဲ့သော တေဇရာမကျောက်စာ၌ အုန်းခင်းများကို ကုသိုလ်ကောင်းမှုအဖြစ် ဘုရားသို့ လှူဒါန်းခဲ့ကြကြောင်း တွေ့ရှိရပေသည်။ ယင်းအကြောင်းကို

. . . နတ်စိုက်ရေမျိုအုန်တဘက်၊ နတ်စိုက်ရေမျိုအုန်ငါသှည်၊ နတ်စိုက်ရေမျိုအုန်တပွာ၊ နတ်စိုက်ရေမျိုအုန်တပွာ၊ နတ်စိုက်ရေမျိုအုန်တပွာ[၅၉]

ဟု ဒေသအသီးသီးမှ အုန်းခင်းများကို စာရင်းပြုကျောက်စာ ရေးထိုးကာ လှူဒါန်းခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် မြောက်ဦးခေတ်နှောင်းပိုင်းတွင် ပြားရောက်မြေစိုက်ပျိုးရေးသည် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တည်ရှိခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။

၅၅။ "ရမ္မာဝတီစစ်တမ်း"၊ စာ ၊ ၄၅ - ၄၇။
၅၆။ ဦးသာထွန်း ရခိုင်ကျောက်စာ၊ စာ ၊ ၆၅ - ၇၅။
၅၇။ ဦးသာထွန်း ရခိုင်ကျောက်စာ၊ စာ ၊ ၆၄-၆၅။
၅၈။ Manrique : Travels, P. 208.
၅၉။ (က) ဦးသာထွန်း ရခိုင်ကျောက်စာ၊ စာ ၊ ၆၄-၆၅။
(ခ) တပွာ =ခုံပုံ

တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကို မြောက်ဦးခေတ်နှောင်း အစောပိုင်းထိ များစွာထွန်းကားခဲ့ကြောင်း တွေ့ရသည်[၆၆] သဘာဝတောတောင်များမှ သယံဇာတပစ္စည်းများကို ထုတ်လုပ်အသုံးပြုခဲ့ကြသကဲ့သို့ သဘာဝအလျောက်ရှိနေကြသည့် ပင်လယ်မြစ်ချောင်းအင်းအိုင်များရှိ ငါး၊ ပုဇွန်၊ ကယုကမာများ ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းကိုလည်း မြောက်ဦးခေတ်နှောင်းတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခဲ့ကြသည်။

မြောက်ဦးခေတ်နှောင်းစီးပွားရေးတွင် ကုန်သွယ်ရေးလုပ်ငန်းသည်လည်း အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ပြည်ပကုန်သွယ်ရေးနှင့် ပြည်တွင်းကုန်သွယ်ရေးနှစ်မျိုးထွန်းကားခဲ့သည်။ ပြည်တွင်းကုန်သွယ်ရေးတွင် မြောက်ဦးနေပြည်တော်ကို ဗဟိုပြုပြီး ထွန်းကားခဲ့သည်။ ပြည်ပကုန်သွယ်ရေးတွင် ဒတ်ချ်တို့နှင့်အများဆုံး ကုန်သွယ်ရောင်းဝယ်ခဲ့ကြသည်။ ရခိုင်ဘုရင်များသည် ရောင်းဝယ်ရေးအတွက် ရွှေမျဉ်းဓမ္မသတ်ကျမ်း[၆၇] တွင် ဖော်ပြသည့်အခြေခံမူများကို လိုက်နာပြီးဆောင်ရွက်ခဲ့ကြသည်။ ယင်းကျမ်းအရ ဆန်စပါး၊ ဝါဂွမ်းရောင်းဝယ်ရေးကို ဘုရင်သည် ဗားဘူစာရလွှတ်တော်ပိုင်ပြည်စိုးကြီးထံ လွှဲအပ်ထားသည်။ ပြည်စိုးကြီးသည် ဘုရင့်ကိုယ်စား ဆန်စပါး၊ ဝါဂွမ်းစိုက်ပျိုးရေး၊ သိမ်းဆည်းရေး၊ စိုက်ပျိုးစရိတ် ထုတ်ချေးရေး၊ ရောင်းချရေး၊ ဈေးနှုန်းသတ်မှတ်ရေး၊ ရောင်းရငွေများအား ဘဏ္ဍာတိုက်အသီးသီး[၆၈] သို့ခွဲဝေပေးသွင်းရေး၊ ရောင်းချသူပြည်သူများအား စပါး၊ ဝါဂွမ်း၊ တန်ဖိုးငွေကို ခွဲဝေပေးရေးတာဝန်များကို ဆောင်ရွက်ပေးရသည်။ ဗားဘူစာရ ပြည်စိုးကြီး၏ အောက်တွင် ခရိုင်မင်း၊ အချုပ်လူကြီး၊ သဘော်စာကိုင်၊ ရပ်ကွက်စာကိုင်၊ ဒိုင်းကျီအစို့သူကြီးနှင့် အစိုးသားဟူရ အရာရှိ အရာခံမင်းမှုထမ်းအလုပ်သမားများ ရှိကြသည်။[၆၉] သဘော်စာကိုင်မှာ ရောင်းချရန် စပါးများကို ဆိုင်ရာကုန်ဆိပ်များ သို့ အပ်နှံသောစာရင်းကို ပြည်စိုးကြီးကိုယ်စား လက်ခံထိန်းသိမ်းမှတ်တမ်းတင်ရသော အရာရှိဖြစ်သည်။[၇၀] သဘော်စာကိုင်သည် ရောက်ရှိလာသော စပါး၊ ဝါဂွမ်းများကို သတ်မှတ်ထားသော ဈေးနှုန်းများဖြင့် တန်ဖိုးတွက်ချက်ရခြင်း၊ ပြည်ကျိုးဆောင် ဘဏ္ဍာအတွက် ကုန်သည်၊ လယ်သမားတို့၏ရောင်းကုန်တန်ဖိုးမှ အခွန်ငွေကို တွက်ချက်ရခြင်း၊ သယ်ယူပြောင်းရွှေ့ပေးရသည့် ဒိုင်းကျီအစို့သားတို့၏ လုပ်အားခကို တွက်ချက်ဖြတ်တောက်တောင်းခံပေးရခြင်း၊ ယင်းတို့ကို စာရင်းပြုစုပြီး ဗားဘူ စာရလွှတ်တော်ပိုင်ပြည်စိုးကြီးထံတင်ပြရခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ ခရိုင်မင်းမှာ မိမိအုပ်ချုပ်ရသည့် ခရိုင်ဒေသ၏ စီမံခန့်ခွဲရေးကို တာဝန်ယူရသူဖြစ်သည်။ အချုပ်လူကြီးမှာ ခရိုင်ဒေသတစ်ခုအတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်ရေးအတွက် ခရိုင်မင်းကို ကူညီဆောင်ရွက်ရသော အရာရှိဖြစ်သည်။ ရပ်ကွက်စာကိုင်မှာ ခရိုင်ဒေသတစ်ခုအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ပေးရသူဖြစ်သည်။[၇၁]

အထက်ပါအစီအစဉ်များဖြင့် မြောက်ဦးခေတ် ဆန်စပါး၊ ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်။ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက်ပါ စိုက်ပျိုးခဲ့ကြသည်။[၇၂] ယင်းစိုက်ပျိုးရေးလုပ်ငန်းများအတွက် ဗားဘူစာရလွှတ်တော်ပိုင် ပြည်စိုးကြီးသည် လုပ်ငန်းမစတင်မီ ခရိုင်မင်း၊ အချုပ်လူကြီး၊ ရပ်ကွက်စာကိုင်တို့ထံ အမိန့်ထုတ်ပြန်ရသည်။ ယင်းအမိန့်တွင် လယ်ယာစိုက်ပျိုးကြသည့် ပြည်သူများသည် ရွှေမျဉ်းဓမ္မသတ်နှင့်အညီ လုပ်ကိုင်ရန် ညွှန်ကြားသည်။ ခရိုင်မင်း၊ အချုပ်လူကြီး၊ ရပ်ကွက်စာကိုင်တို့ကလည်း လယ်လုပ်သူ စာရင်း၊ လယ်မြေစာရင်း၊ ကုန်ကျမည့်စရိတ်ငွေစာရင်းတို့ကို မှန်ကန်စွာ စာရင်းပြုစုတင်ပြရန် ညွှန်ကြားသည်။ ယင်းစာရင်းများကို ရပ်ကွက်စာကိုင်မှ ခရိုင်မင်းနှင့် အချုပ်လူကြီးများထံသို့ တင်ပြရသည်။ ယင်းလူကြီးများသည် ထိုစာရင်းများ မှန်မမှန်ကို ကျေးရွာများသို့ သွားရောက်စစ်

---

၆၆။ ခင်မောင်ညွှန့် "ဒတ်ချ် - ရခိုင်" စာ ၊ ၉၆။

၆၇။ ရွှေမျဉ်းဓမ္မသတ်ကျမ်းကိုရှင်ငယ်ဦးမြဝါက ဇလတ္တာမင်း (၁၅၂၅-၂၇) လက်ထက်တွင် ရေးသားပြုစုခဲ့သည်။ (သာထွန်းအောင်၊ <u>မဟာရာဇဝင်</u>၊ စာ - ၃၁-၄၄)။

၆၈။ မြောက်ဦးခေတ်တွင် ဘဏ္ဍာတော်သုံးရပ်ရှိသည်။ ပထမမှာ မင်းဘဏ္ဍာတော်ဖြစ်ပြီး တိုင်းပြည်၏မြေခွန်ဆယ်ပုံတစ်ပုံကို ကောက်ခံသိမ်းဆည်းရသော ဘဏ္ဍာဖြစ်သည်။ ဒုတိယမှာ ပြည်ကျိုးဆောင်ဘဏ္ဍာတော်ဖြစ်သည်။ ယင်းတွင် သူဌေးသူကြွယ်ကုန်သည်လယ်လုပ်တို့၏ လုပ်ငန်းများမှ ငါးရာခိုင်နှုန်းကောက်ခံစုဆောင်းကာ ပြည်သူသို့ ပြန်လည်ချေးငှားထောက်ပံ့ပေးသော ဘဏ္ဍာဖြစ်သည်။ တတိယမှာ သာသနာရေးဘဏ္ဍာတော်ဖြစ်သည်။ ယင်းတွင် မင်းပိုင်ဘဏ္ဍာမှ ငါးရာခိုင်နှုန်းနှင့် ပြည်သူမှ လှူဒါန်းငွေများအား စုဆောင်းရသော ဘဏ္ဍာဖြစ်သည်။ (သာထွန်းအောင်၊ <u>မဟာရာဇဝင်</u>၊ စာ ၅၈ - ၅၉။

၆၉။ သာထွန်းအောင်၊ <u>မဟာရာဇဝင်</u>၊ စာ - ၄၄။

၇၀။ ယင်း။ စာ ၊ ၆၂။

၇၁။ ယင်း၊ စာ၊ ၅၉။

၇၂။ (က) ခင်မောင်ညွှန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၉၁-၁၀၀။
(ခ) Hall: "Dutch Relations", P.P. 66-97.

ရောင်းချရန်အတွက် ဒိုင်းကျီအစိုးကူတို့သူကြီးတို့ကို ဆင့်ခေါ်ယူပြီး နိုင်ငံအနှံ့ရှိ စပါးကျီများမှ ဝယ်ယူလိုသော စပါးများကို မြို့တော်ကုန်ဆိပ်သို့မဟုတ် အခြားလိုအပ်သော ကုန်ဆိပ်များသို့ သယ်ယူစေသည်။ ယင်းစပါးများကို ပို့ဆောင်အပ်နှံရာတွင် ရပ်ကွက်စာကိုင်နှင့် ပစ္စည်းပိုင်ရှင်တို့ပါ စုံလင်စွာ ရှိနေကြရသည်။ ပစ္စည်းအပ်နှံပြီးသောအခါ ကုန်သည်များသည် ပစ္စည်း ရရှိကြောင်း လက်ခံပြေစာကို လက်မှတ်ရေးထိုးပြီး ရပ်ကွက်စာကိုင်သို့ ပေးအပ်ရသည်။ ရက်ကွက်စာကိုင်သည် ယင်းပစ္စည်း ရပြေစာများကို ဗားဘူစာရပြည်စိုးကြီးရုံးရှိ သဘော်စာကိုင်ထံပေးပို့ရသည်။[၈၆] သဘော်စာကိုင်သည် အရောင်းဖြတ်ပိုင်း စာရင်းပါရောင်းစပါးများအတွက် ဘုရင့်မူပိုင်ဈေးနှုန်းဖြင့် တန်ဖိုးတွက်ချက်ပေးရသည်။ ကောက်ခံမည့် ပြည်ကျိုးဆောင် ဘဏ္ဍာအကောက်ငွေကိုလည်း တွက်ပေးရသည်။ ကောက်ခံသော အကောက်ငွေကို သွဂါ[၈၇] ဖြင့်တွက်ချက်ရသည်။ ဒိုင်းကျီအစိုး သား[၈၈] များအတွက် ကူလီခငွေ၊ သယ်ယူခငွေတန်ဖိုးတို့ကို တွက်ချက်ပေးရသည်။ ယင်းငွေစာရင်းများကို သဘော်စာကိုင် ည် စာရင်းချုပ်ပြုလုပ်ပြီး ဗားဘူစာရ ပြည်စိုးကြီးထံ တင်ပြရသည်။ စပါးဝယ်သူကုန်သည်ကြီးများသည် မိမိတို့ဝယ်ယူသော ကုန်ပစ္စည်းတန်ဖိုး၊ ဒိုင်းကျီအလုပ်သမားခ၊ ပြည်ကျိုးဆောင်ဘဏ္ဍာအကောက်ငွေတို့ကို အပြီးပေးဆောင်ကြရသည်။ ပြည်စိုးကြီးသည် ငွေရပြေစာကို ဆတ်တံဆိပ်[၈၉] ရိုက်နှိပ်ကာ ကုန်သည်များသို့ ပေးအပ်ရသည်။ ကုန်သည်များသည် ယင်းငွေသွင်း ပြေစာကို ရေတံခါးမင်းကြီး[၉၀] ထံတင်ပြရသည်။ ယင်းသို့တင်ပြပြီးမှသာ သဘော်ထွက်ခွင့်ရကြသည်။ သဘော်ထွက်စဉ်လို အပ်သောရိက္ခာ၊ ရေစသည့်ပစ္စည်းများကို သဘော်ကုန်သည်များသည် ဒိုင်းကျီကူတို့သူကြီးထံ တောင်းခံဖြည့်ဆည်းကြရသည်။ ယင်းသို့ဆောင်ရွက်မှုအတွက် လုပ်အားတန်ဖိုး၊ ပစ္စည်းတန်ဖိုးမျာကို ကူတို့သူကြီးအား ပေးချေကြရသည်။[၉၁]

ပြည်သူတို့၏ရောင်းချထားသော စပါးတန်ဖိုးငွေများကို ပေးချေရန် ပြည်စိုးကြီးသည် ခရိုင်မင်း၊ အချုပ်လူကြီး၊ ရပ်ကွက်စာကိုင်တို့ကို ခေါ်ယူရသည်။ ပြီးနောက် ရောင်းချသူ လယ်သမားတစ်ဦးစီထံမှ ရရန်ရှိသော ပြည်ကျိုးဆောင်ဘဏ္ဍာမှ ထုတ်ချေးထားသော ငွေ၊ ရောင်းရငွေအပေါ် ကောက်ခံသည့် ပြည်ကျိုးဆောင်ဘဏ္ဍာအကောက်ခွန်[၉၂] တို့ကို ဖြတ်တောက်ပြီးကျန်ငွေများအားလုံးကို ယင်းအရာရှိများက လယ်သမားများထံ ပေးအပ်ကြရသည်။ ပြည်သူများထံမှ ကောက်ခံထားသည့် ဆယ်ပုံတစ်ပုံဘုရင့်အခွန်တော်စပါးကိုလည်း ဘုရင့်ကျီတော်များမှ ထုတ်ယူကာ၊ ရွှေမျဉ်းဓမ္မသတ်မူအတိုင်း ရောင်းချရသည်။ ဘုရင့်ကျီတော်စပါးများ ရောင်းရငွေမှ ငါးရာခိုင်နှုန်းကို ဖြတ်တောက်ပြီး သာသနာဘဏ္ဍာတွင် ထည့်သွင်းရသည်။ ကျန်ငွေများကို ဘုရင့်ဘဏ္ဍာတော်တွင် ထည့်သွင်းရသည်။[၉၃] စပါးနှင့်ဝါဂွမ်းများရောင်းချရန် သတ်မှတ်ထားသော ရောင်းဝယ်ရေးဌာနများမှာ ဂစ္ဆပနဒီမြို့တော်(ကျောက်တော်)ကုန်ရောင်းဝယ်ဌာန၊ တန်ခိုးကျွန်း၊ စပါးထား၊ ဝါဗိုရောင်းဝယ်ရေးစခန်းများ၊ ပေါက်တောမြို့နယ်ရှိ တပ်မော်မင်းဗာရောင်းဝယ်ရေးဌာန၊ မင်းကန်ကျွန်းရောင်းဝယ်ရေးဌာန။ မြောက်ဦးရှိ ဈေးကြီးတံခါးဝ၊ ဝါဈေးစပါးဆိပ်၊ ဒိုင်းကျီကျွန်းရောင်းဝယ်ရေးဌာနတို့ဖြစ်ကြသည်။[၉၄]

ဒတ်ချ်-ရခိုင်ကုန်သွယ်မှုဆက်ဆံရေးသည် မြောက်ဦးခေတ်လယ်နှောင်းပိုင်းတွင် စတင်ခဲ့သည်။ သီရိသုဓမ္မလက်ထက်တွင် ဒတ်ချ်နှင့် ရခိုင်တို့သည် ရင်းနှီးသော ကုန်သွယ်ဘက်မိတ်ဆွေများ ဖြစ်လာခဲ့သည်။ အေဒီ ၁၆၂၄ တွင် မြောက်ဦးတွင် ဒတ်ချ်ကုန်တိုက်ကို စတင်ဆောက်လုပ်ခဲ့သည်။ ဒတ်ချ်တို့ ရခိုင်မှ ဝယ်ယူသော ကုန်ပစ္စည်းများမှာ ကျွန်း၊ ဆန်၊ မြိတ်မဲနယ်၊ ဆင်၊ ဆင်စွယ်၊ ပျားဖယောင်း၊ အဝတ်နက်၊ အနီရောင် အထည်ကြမ်း၊ ရွှေ ချည်ခင်၊ ဘိန်းနှင့်ရေနံချေးတို့ဖြစ်ကြ

---

၈၆။ ယင်း၊ စာ - ၆၁ - ၆၂။

၈၇။ တစ်သွဂါ = ၂၅ ကျပ်။ ယင်းအချိန်ကပုံမှန်သတ်မှတ်ထားသည့် အကောက်နှုန်းမှာ စပါး ၁၀၀ အတွက် နှစ်သွဂါ ဖြစ်သည်။ (သာထွန်းအောင် မဟာရာဇဝင်၊ စာ - ၆၂။

၈၈။ ဒိုင်းကျီအစိုဟူသည်မှာ စပါးသယ်ယူပြောင်းရွှေ့ရေးတာဝန်များကို ထမ်းဆောင်ပေးရသော အလုပ်သမားအစုကို ခေါ်သည်။

၈၉။ ဆတ်မော်ကွန်းဟုလည်း ခေါ်သည်။ (တက်ထွန်းနီ၊ "ဆန်ရောင်းဝယ်ရေး"၊ စာ- ၅၅။)

၉၀။ သဘော်၊ သမ္ဗန်၊ လှေအဝင်အထွက်ကို ကြီးကြပ်အုပ်ချုပ်ရသော အရာရှိ။

၉၁။ သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ ၆၃ - ၆၄။

၉၂။ လယ်လုပ်သူပြည်သူများစပါး၊ ဝါဂွမ်းရောင်းရငွေများထဲမှ ပြည်ကျိုးဆောင်ဘဏ္ဍာအတွက် ငါးရာခိုင်နှုန်းဖြတ်တောက် ကောက်ခံသည်။ (သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ - ၆၄။

၉၃။ သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ - ၆၄။

၉၄။ တက်ထွန်းနီ၊ "ဆန်ရောင်းဝယ်ရေး"၊ စာ - ၅၇။

၉၅။ (က) Hall: "Dutch Relations", PP. 68, 78, 81.

(ခ) ဒေါက်တာခင်မောင်ညွန့်၊ "ဒတ်ချ် - မြန်မာဆက်ဆံရေး" တက္ကသိုလ်ပညာပဒေသာဝိဇ္ဇာစာစောင်၊ အတွဲ ၇၊ အပိုင်း ၄၊ ၁၉၇၂၊ စာ - ၁၀၃။

၉၆။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ - ၉၃။

တွေ့ရသည်။

စန္ဒသုဓမ္မ(၁၆၅၂-၁၆၈၄)လက်ထက်တွင် ဒတ်ချ်တို့တောင်းဆိုသော ဘုရင်မူပိုင် ရောင်းဝယ်ရေးစနစ် ဖျက်သိမ်းရေးကို အကန့်အသတ်ဖြင့် လျှော့ချပြီး လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခဲ့သည်။[၁၀၄] အေဒီ ၁၆၅၃တွင် ချုပ်ဆိုသည့် ဒတ်ချ် - ရခိုင်ရောင်းဝယ်ရေးစာချုပ်တွင်

(၁) ရခိုင်ဘုရင်၏အမိန့်လိုင်စင်အရ ဒတ်ချ်တို့အား ဆိပ်ကမ်းခွန်လွတ်သော ကုန်သွယ်ခွင့်ပေးရန်

(၂) ဘုရင့်ပွဲစားများမှတစ်ဆင့် ရောင်းဝယ်စေသော အမိန့်မှ ကင်းလွတ်ခွင့်ရရန်

တို့ပါဝင်ခဲ့သည်။ ယင်းစာချုပ်ချုပ်ပြီး အေဒီ ၁၆၅၃ မှ ၁၆၆၅ထိ ၁၂ နှစ်ကာလအတွင်း ဒတ်ချ်-ရခိုင်စီးပွားရေးကုန်သွယ်မှုများစွာ တိုးတက်ခဲ့သည်။[၁၀၅] ဒတ်ချ်တို့သည် အေဒီ ၁၆၄၂ တွင် ဆန်ကာ ၇၂၀၀၊ အေဒီ ၁၆၄၅တွင် ဆန်ကာ ၇၁၅၇၅၊ အေဒီ ၁၆၅၇တွင် ဆန် ၃၉၀ကာရ၊ အေဒီ ၁၆၆၃ တွင် ဆန်ကာ ၇၁၇၂၁ ဝယ်ယူခဲ့ကြောင်း တွေ့ရသည်။[၁၀၆]

ကျွန်နှင့်ဆန်ကဲ့သို့ ခြိတ်နှင့် မဲနယ်တို့ကိုလည်း ဒတ်ချ်တို့ဝယ်ယူခဲ့ကြသည်။ ခြိတ်မှာလည်း ဘုရင့်ကုန်တော်စာရင်းဝင်ဖြစ်သည်။ ခြိတ်ဈေးနှုန်းများမှာ တစ်ခါတစ်ရံ ခြိတ်တမောင်းကို ၃ ၁/၂ သို့မဟုတ် ၃ ၃/၄ ဒင်္ဂါးထိရှိပြီး ၁၆၄၁ တွင် ၈ ၁/၂ ဒင်္ဂါးထိရှိသည်။[၁၀၇] မဲနယ်မှာ စစ်တကောင်းဈေးနှုန်းသည် မြောက်ဦးဈေးနှုန်းထက်လျှော့နည်းသည်။ စစ်တကောင်းတွင် မဲနယ်တစ်မောင်းကို ၁ ၁/၂ ဒင်္ဂါးဝန်းကျင်ရှိပြီး မြောက်ဦးတွင် တစ်မောင်းကို ၃ ၁/၂ဒင်္ဂါးပေးရသည်။[၁၀၈]

ဒတ်ချ်တို့သည် ဆင်များကိုလည်း ဝယ်ယူကြသည်။ ဆင်တစ်ကောင်၏ဈေးနှုန်းမှာ ဒင်္ဂါး ၁၃၀၀ မှ ၁၄၀၀ ထိရှိသည်။ ပျားဖယောင်းနှင့် ဆင်စွယ်တို့ကိုလည်း ဝယ်ယူကြသည်။ ယင်းအပြင် အနက်ရောင်အဝတ်အထည်များ၊ ထရီပါရာ[၁၀၉] ရက်ပိတ်နီများကိုလည်း ဝယ်ယူကြသည်။ ယင်းပိတ်စများကို စစ်တကောင်းတွင် တစ်စလျှင် ၁ ၃/၄ဒင်္ဂါးမှ ၂ဒင်္ဂါးထိဈေးရှိပြီး၊ မြောက်ဦးတွင် ၂ ဒင်္ဂါးထိပေးရသည်။ ဒတ်ချ်တို့သည် အထက်ဖော်ပြပါကုန်များကို ရခိုင်မှဝယ်ယူခဲ့ကြပြီး အိန္ဒိယရက်အထည်အလိပ်များ၊ ကတ္တီပါများ၊ ဆေးရွက်ကြီး၊ သံရိုင်း၊ ဂျပန်လုပ်သံ၊ ကြွေစေ့၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် နိုင်ငံခြားငွေများကို ရခိုင်သို့တင်သွင်းရောင်းချခဲ့ကြသည်။[၁၁၀]

ဒတ်ချ်တို့သည် မြောက်ဦးတွင် အေဒီ ၁၆၂၄မှ စတင်ပြီး ကုန်တိုက်များဖွင့်လှစ်ကာ အထက်ဖော်ပြပါ ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယင်းသို့လုပ်ကိုင်ရာတွင် ရခိုင်ဘုရင်များ၏ ဘုရင့်မူပိုင်ရောင်းဝယ်ရေးစနစ်ကြောင့်လည်းကောင်း၊ ရခိုင်ဘုရင်များတောင်းဆိုသည့် စစ်ရေးအကူအညီများကို မပေးလိုခြင်းကြောင့်လည်း မကြာခဏကုန်တိုက်များ ပိတ်ပြီးပြန်သွားတတ်ကြောင်း တွေ့ရသည်။ သို့ရာတွင် ကုန်တိုက်များကို အခြေအနေလိုအပ်ချက်အရ ပြန်လည်ဖွင့်လှစ်ကာ ကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ စန္ဒသုဓမ္မလက်ထက်တွင်မူ ဘုရင်၏အလျှော့ပေးဆက်ဆံမှုကြောင့် အေဒီ ၁၆၅၃မှ၁၆၆၅ထိ ၁၂ နှစ်တာကာလအတွင်း ကုန်သွယ်မှုများစွာ ကောင်းမွန်ခဲ့သည်။ သို့ရာတွင် စန္ဒသုဓမ္မလက်ထက်တွင် ပေါ်ပေါက်လာသည့် ရခိုင်မဂိုဆက်ဆံရေးတင်းမာမှု၊ မဂိုဘုရင်ခံသျှားရှုဂျာမြောက်ဦးတွင် ဝင်ရောက်ခိုလှုံလာစဉ် လုပ်ကြံခံရမှုတို့သည် ဒတ်ချ်- ရခိုင်ဆက်ဆံရေးကိုများစွာ ဂယက်ရိုက်ခဲ့သည်။ ဒတ်ချ်တို့ကမူ ရခိုင်နှင့် ဆက်ဆံရာတွင် စစ်ရေး၊ နိုင်ငံရေးထက် ကုန်သွယ်ရေးကိုသာ အဓိကထားခဲ့သည်။ ယင်းကဲ့သို့ ရခိုင်-မဂိုအကြား ရှုပ်ထွေးလာသောပြဿနာများသည် ဒတ်ချ်တို့နှင့် တစ်နည်းမဟုတ်တနည်း ပတ်သက်လာခဲ့သည်။ ဒတ်ချ်တို့က အစပိုင်းတွင် ကြားနေရေးဝါဒ[၁၁၁] ကို ကျင့်သုံးခဲ့သည်။ သျှားရှုဂျာ မြောက်ဦးတွင် လုပ်ကြံခံရပြီးနောက် မဂိုဧကရာဇ်သည် ဒတ်ချ်တို့အပေါ်များစွာ အကျပ်ကိုင်လာခဲ့သည်။ ဒတ်ချ်တို့အနေဖြင့် အိန္ဒိယကမ်းခြေနှင့် ဘင်္ဂလားနယ်အတွင်း ကုန်သွယ်ရေးလုပ်ငန်းများသည်

---

၁၀၄။ (က) ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ၊ ၉၆။

(ခ) Hall: "Dutch Relations", P. 86.

၁၀၅။ ခင်မောင်ညွန့်၊ "ဒတ်ချ် - ရခိုင်" ၊ စာ ၊ ၁၀၃။

၁၀၆။ (က) Hall: "Dutch Relations", P. 81.

(ခ) ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၊ ၉၉။

၁၀၇။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၊ ၉၆။

၁၀၈။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး" ၊ စာ ၊ ၉၆။

၁၀၉။ Trippera

၁၁၀။ (က) Hall; "Dutch Relations", PP. 78 - 80.

(ခ) ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၊ ၉၇။

၁၁၁။ Neutrality

၁၁၂။ Hall; "Dutch Relations", P.P. 88 - 97.

| | | |
|---|---|---|
| ၁၅ | စန္ဒသုမန အေဒီ၁၇၇၃-၁၇၇၇ | ၁၁၃၅<br>ရွှေနန်သခင်စန္ဒသုမနရာဇာ |
| ၁၆ | စန္ဒသဒိဿ/ဓမ္မရာဇ်အေဒီ ၁၇၇၇- | ၁၇၈၂ ၁၁၃၉/၁၁၄၀(နှစ်ကြိမ်)<br>ရွှေနန်သခင်စန္ဒသဒိသရာဇာ/ရွှေပြည်သခင်<br>ဓမ္မရာဇ်ရာဇာ |
| ၁၇ | မဟာသမတ/ အေဒီ၁၇၈၂-၁၇၈၄<br>အဂ္ဂေါပုညာဇောရာဇာ | ၁၁၄၄/၁၁၄၄(နှစ်ကြိမ်)<br>ရွှေနန်သခင်မဟာသမတရာဇာ/<br>ရွှေနန်သခင်အဂ္ဂေါပုညာဇောရာဇာ |

မြောက်ဦးခေတ်နှောင်းတွင်း ဒင်္ဂါးသွန်းလုပ်ခဲ့ကြသော ဘုရင်များသည် ယင်းတို့ထီးနန်းရရှိသော ခုနှစ်သို့မဟုတ် ဘိသိက်ခံနှစ်များနှင့် ဘွဲ့တော်များကို အလေးထား ခပ်နှိပ်ဖော်ပြလေ့ရှိကြသည်။ သို့ဖြစ်ရာ ဒင်္ဂါးသွန်းလုပ်ခြင်းသည် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အရေးပါသကဲ့သို့ မင်း၏အာဏာတော်ကို ပြည်သူများသိရှိစေရန် ထုတ်ပြန်သည့်အမိန့်ပြန်တမ်းသဘောကိုလည်း ဆောင်နေပေသည်။ ဒင်္ဂါးများတွင် ကျပ်သုံးဒင်္ဂါးများကို အများအပြားထုတ်လုပ်ခဲ့သည်။ ဒင်္ဂါးအရေအတွက် မည်မျှထုတ်လုပ်ခဲ့သည်ကို ခန့်မှန်းရန်ခက်ခဲသော်လည်း ကျောက်စာအထောက်အထား၊ ခေတ်ပြိုင်မှတ်တမ်းများ၊ ရာဇဝင်ကျမ်းများအရ ငွေကြေးလဲလှယ်ရေးမဏ္ဍိုင်အဖြစ် ထုတ်လုပ်ခဲ့ကြောင်း အခိုင်အမာ ပြောဆိုနိုင်ပေသည်။[၁၁၄]

မြောက်ဦးခေတ်နှောင်းတွင် ငွေဒင်္ဂါးများကို သုံးစွဲသကဲ့သို့ ကြွေစေ့[၁၁၅] များကိုလည်း အကြွေအမ်းသည့်သုံးငွေအဖြစ် သုံးစွဲခဲ့သည်။ ဒတ်ချ်တို့သည် ကိုရိုမန်ဒယ်ကမ်းခြေနှင့် မော်လဒိုက်ကျွန်းများ[၁၁၆] မှ ကြွေစေ့များ ကောက်ယူပြီး ရခိုင်သို့ တင်သွင်းခဲ့သည်။ ရခိုင်တွင် ကြွေစေ့ ၄၈ ပိဿာကို ရူပီးငွေတစ်ကျပ်နှုန်းဈေးရှိသည်။[၁၁၇] သို့ဖြစ်ရာ ငွေဒင်္ဂါးများသည် မြောက်ဦးခေတ်နှောင်း စီးပွားရေးတွင် အရေးပါခဲ့ကြောင်း တွေ့ရသည်။

မြောက်ဦးခေတ်နှောင်း စီးပွားရေး၏ အဓိကလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းတို့သည် စန္ဒသုဓမ္မ(၁၆၅၂-၁၆၇၄)လက်ထက်ထိ တိုးတက်ကောင်းမွန်နေကြောင်း တွေ့ရသည်။ သို့ရာတွင် နောက်ပိုင်းကာလများတွင် ထီးနန်းရယူရေးကြိုးပမ်းမှု ပိုမိုပြင်းထန်လာခြင်း၊ မင်းပြောင်းမင်းလဲများပြားလာခြင်းကြောင့် အုပ်ချုပ်ရေးကျဆင်းလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခြင်းတို့ကြောင့် နိုင်ငံတော်စီးပွားရေး ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။ တစ်ချို့မင်းများလက်ထက်တွင် ဘိသိက်ခံပွဲတွင် ကုန်ကျသည့်ငွေများကို ပြည်သူများထံမှ ကောက်ခံခဲ့ကြရသည်။[၁၁၈] မင်းမှုထမ်းများ စီးပွားရေးကျပ်တည်းလာခြင်းကြောင့် မင်းကိုလုပ်ကြံပြီး မင်းဘဏ္ဍာကိုလုယူမှုများ ပေါ်ပေါက်ခဲ့သည်။[၁၁၉] အေဒီ ၁၆၉၃ တွင် ဘုရားကျောင်းကန်လူနေအိမ်များသို့ လူအများအုပ်စုဖွဲ့၍ ဝင်ရောက်ကာ ရွှေငွေဥစ္စာများကို လုယက်ခဲ့ကြသည်။ အေဒီ ၁၆၉၈ တွင် ပြည်သူများ ငတ်မွတ်ခေါင်းပါးလျှက် သေဆုံးကြသည်။[၁၂၀]

ယင်းသို့ သဘာဝဘေး၊ အငတ်ဘေးတို့ကြောင့် တိုင်းပြည်အနှံ့ တုန်လှုပ်ချောက်ချားမှုများ ပေါ်ပေါက်လာသကဲ့သို့ ဘုရင်ဘဏ္ဍာတော်များ ကျဆင်းလာခြင်းကြောင့် ဘုရင်များသည် ပတ်ဝန်းကျင်ဒေသများသို့ လက်နက်ကိုင်တပ်များ စေလွှတ်ပြီး လုယက်တိုက်ခိုက်စေခဲ့သည်။ ယင်းလုယက်တိုက်ခိုက်မှုများကို "ဟရမားတိုက်"သည်ဟု ခေါ်သည်။ အဘယရာဇာ (၁၇၆၄-၁၇၇၃)လက်ထက်တွင် လယ်ယာမြန်ဂူတာကို ဦးဆောင်စေပြီး ဘင်္ဂလားနယ်ရှိလူများကို ဖမ်းဆီးခြင်း၊

၁၁၄။ (က) မင်းရာဇာကြီး၊ ကော် / ဝမ်း။
(ခ) ရာဇဝင်ကြီး၊ ဏ / ကျော။
(ဂ) "ရမ္မာဝတီစစ်တမ်း"၊ စာ - ၄၆ - ၄၇။

၁၁၅။ Corri or Shell

၁၁၆။ Haldive Island

၁၁၇။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ - ၉၇။

၁၁၈။ ရာဇဝင်ကြီး

၁၁၉။ ယင်း၊ ဏ/ကျော ၁ - ၈။

၁၂၀။ ယင်း ၊ ဏိ/ကျော-ဏူ/ဝမ်း၊ ၁ - ၈။

၁၂၁။ ယင်း၊ တဲ / ကျော - တေ/ဝမ်း ၁ - ၈။

# အခန်း(၃)

# လူမှုရေး

မြောက်ဦးခေတ် ရခိုင်လူမှုအဖွဲ့အစည်းသည် သက်ဦးဆံပိုင်မင်းနှင့် မင်းဆွေ မင်းမျိုးများကို ဗဟိုပြုပြီး မင်း၏ သူကောင်းပြုခံရသော မင်းမှုထမ်းများနှင့် သာမန်ပြည်သူများ ပါဝင်သည့် လူမှုအဖွဲ့အစည်းဖြစ်သည်။ ယင်းလူမှုအဖွဲ့အစည်း တည်ဆောက်မှုပုံစံတွင် အမိအဘနှင့်သားသမီးများဖြင့် စုစည်းထားသော အိမ်ထောင်သည် အခြေခံအကျဆုံးဖြစ်သည်။ အိမ်ထောင်တစ်ခုခိုင်မြဲပြီး ကြီးထွားစည်ပင်လာသောအခါ မိဘနှစ်ပါးနှင့်အတူ သားသမီးမြေးမြစ်များပါဝင်သော ဆွေမျိုးစု အဖွဲ့အစည်း တစ်ခုဖြစ်လာသည်။ ယင်းအိမ်ထောင်များထဲမှ အုပ်ချုပ်သူမင်း၏အိမ်ထောင်စုသည် အရေးအပါဆုံးဖြစ်သည်။ ဆွေမျိုးတော်စပ်ခြင်းကို ပြသည့်ဝေါဟာရများမှာ "သားတော်၊ သားတော်အလတ်၊ သားတော်အကြီး၊ သမီးတော်၊ သမီးတော် အလတ်၊ နှမတော်၊ မယ်တော်၊ ယောက္ခမ၊ မြေး"[၁] စသည်တို့ဖြစ်ကြသည်။ အေဒီ ၁၆၄၀ တွင် ရေးထိုးသော ကျောက်စာ တစ်ချပ်တွင်

. . . ဆင်ဖြူသခင် ဆင်နီသခင် ဝရဓမ္မရာဇာ၏ မျောက်သားတော်ဖြစ်ထသော၊ ဆင်ဖြူသခင် ဆင်နီသခင်မဟာ သီရိသုဓမ္မရာဇာ၏မယ်တော်ဖြစ်ထသော . . . နရပတိကြီး၏ ယောက္ခမတော်မြောက်ဦးမိဖုရားသျှင်ထွေ[၂]

ဟူ၍တွေ့ရသည်။ အိမ်ထောင်ကိုအခြေခံ၍ အိမ်ထောင်ဖက်နှင့်ဆိုင်သော မိဘဆွေမျိုးများသည်လည်း ဆွေမျိုးစုထဲတွင် အကျုံးဝင်ပေသည်။

ခေတ်ဟောင်းရခိုင်၏ တိုင်းပြည်တည်ဆောက်မှုပုံစံသည် မိသားစုအိမ်ထောင်များကို အခြေခံပြီးတည်ဆောက်ခဲ့သည်။ ရခိုင်ဝေါဟာရအားဖြင့် အိမ်ထောင်စုတစ်ခုကို တစ်တည်ထောင်ဟူ၍ ခေါ်သည်။ အိမ်ထောင်စုဆယ်စုပါဝင်သည့် ဆယ်တည် ထောင်ကို တစ်ရပ်၊ ဆယ်ရပ်ကို တစ်ရွာ၊ ဆယ်ရွာကို တစ်မြို့၊ ဆယ်မြို့ကိုတစ်ခွင်၊ ဆယ်ခွင်ကို တစ်တိုင်းနှင့် တိုင်းများကို စုစည်းပြီး တိုင်းပြည်အဖြစ် တည်ဆောက်ထားသည်။[၃] မြောက်ဦးခေတ် ရခိုင်ပြည်တွင် ပါဝင်ဖွဲ့စည်းထားသော တိုင်းကြီး ဆယ့်နှစ်တိုင်းမှာ နာဂသျှန္တတိုင်း၊ မဟိံသကတိုင်း၊ ကမ္ဗရူပတိုင်း၊ ဖလံတိုင်း၊ သက်တိုင်း၊ ဘိုမင်းတိုင်း၊ ဘုညားကြီးတိုင်း၊ ဥဿလင်းတိုင်း၊ ရက္ခပူရတိုင်း၊ ရမ္မာပူရတိုင်း၊ မေဃဝတီတိုင်း၊ ဒွါရကတိုင်းတို့ဖြစ်ကြသည်။[၄]

ခေတ်ပြိုင်ကျောက်စာ အထောက်အထားများအရ ရခိုင်လူမှုအဖွဲ့အစည်းတွင် မင်းနှင် မင်းဆွေမင်းမျိုးများသည် လူတန်းစားသဘောအရ အမြင့်ဆုံးအလွှာဖြစ်သည်။ ရခိုင်သည် ဗုဒ္ဓသာသနာထွန်းကားသော လူမှုအဖွဲ့အစည်းဖြစ်ရာ ထေရဝါဒိသာသနာဝင် ရဟန်းတော်များသည် မင်းနှင့် ပြည်သူများ၏ ပူဇော်ကိုးကွယ်မှုကို ခံကြရသည်။ သို့ဖြစ်ရာ ရဟန်း သံဃာတော်များမှလွဲလျှင် မင်းမျိုးမင်းနွယ်မှာ အမြင့်ဆုံးအလွှာဖြစ်သည်။ ရခိုင်လူမှုအဖွဲ့အစည်းတွင် မင်းသည် အရှင်သခင်၊ ရေနှင့်မြေကို အစိုးရသူ၊ ပြည်သူများ၏သက်ဦးဆံပိုင်ဖြစ်သည်။[၅] တစ်နည်းအားဖြင့် ဘုရင်သည် ရခိုင်လူမျိုးများ၏ အကြီးအမှူး "ရက္ခာဓိပတိ"[၆] ဖြစ်သည်။ ရခိုင်မင်းများသည် မဟာသမ္မတမှ ဆင်းသက်လာသည့် အသမ္ဘိန္နခတ္တိယအနွယ်၊ အာရီယန်များ ဖြစ်ကြောင်း ခံယူကြသည်။[၇] ယင်းသို့ခတ္တိယအနွယ်အဖြစ် ခံယူသဖြင့် ရခိုင်ဘုရင်များသည် မောင်နှမသွေးသားချင်း အိမ်ထောင်ထိမ်းမြားမှုဓလေ့ကို လိုက်နာခဲ့ကြသည်။ ရခိုင်ရာဇဝင်ကျမ်းတစ်စောင်တွင်

. . . အရှင်မင်းမြတ်၊ ပတ္တမြားကျော်ကောင်းတို့တွင် ဂေါပင်လေစသောအနာရှိလျှင် မင်းမသုံးရ၊ စိန်ကျော်တို့တွင်

---

၁။ အလယ်စေတီကျောက်စာ၊ သက္ကရာဇ် ၁၀၀၂၊ ကြောင်း ၂။(နောင်ကိုးကားလျှင် အလယ်စေတီဟုဖော်ပြပါမည်။

၂။ ယင်း၊ ကြောင်း ၃-၉။

၃။ ကျိန်းကျွန်းသား၊ "ရှေးဟောင်းရခိုင်ပြည်အုပ်ချုပ်ရေးစနစ်"၊ ရခိုင်မဂ္ဂဇင်း၊ အမှတ် ၃၊ ၁၉၉၆၊ စာ-၂၈။

၄။ ရခိုင်၊ စာ-၁၃၈-၁၃၉။

၅။ (က)ကုလားကဘုရားကျောက်စာ၊ သက္ကရာဇ် ၉၀၇၊ ကြောင်း ၁-၁၂။
(ခ)ဝရဓမ္မရာဇာကျောက်စာ၊ သက္ကရာဇ် ၉၈၀၊ ကြောင်း ၄
(ဂ)ကုလားတန်စားကျောက်စာ၊ သက္ကရာဇ် ၁၀၇၁၊ ကြောင်း ၁-၃။

၆။ ဂဏန်းချပ်တောင်ဘုရားကျောက်စာ၊ သက္ကရာဇ်မပါ၊ ကြောင်း ၃။

၇။ San Shwe Bu: "Aryan Settlement", PP. 41-49.

မင်းမျိုးသည် သာမန်ပြည်သူများထက် မြင့်မြတ်သည်ဟူသော သဘောကို ပိုမိုပေါ်လွင်စေရန်ဖြစ်သည်။

မြောက်ဦးခေတ် ရခိုင်လူမှုအဖွဲ့အစည်းအတွင် အမျိုးလေးပါးခံယူမှု ဓလေ့တည်ရှိခဲ့သည်။ ယင်းသို့ခံယူမှုကို အမိန့်တော်တစ်ရပ်တွင်

ရှေးဦးစွာ မဟာသမတမင်းက ဆက်စည်လာသော မင်းရိုးကို သကျဝံသ၊ ခတ္တိယမင်းမျိုး၊ ထိုမင်းကောင်းတို့ထံ တရားသဖြင့် အနွယ်မပျက်ဆက်ကာ မင်းပါးနေသော အမှုးအမတ်သူဌေးတို့သည် စောင့်ထိန်းသော အလေ့မြဲခြင်းကြောင့် မဟာသာလအမျိုး၊ ဆေး၊ ယတြာ၊ သိုက်၊ ဓာတ်ဗေဒင်တို့ကို မသင်မလေ့ဗြဟ္မစာရီအကျင့်မြဲလျက် ထိုမင်းများတို့ထံ ဘိသိက်မင်္ဂလာပြုသောသူတို့မှာ ဗြဟ္မာမျိုး။ အင်း၊ မန္တန်၊ ယတြာ၊ ဗေဒင်၊ ဓာတ်ပန်ကိန်ခန်သိုက်စာပြုဟာကထာ ဆေးသမားသဘော်လှေလျှင် ခြေချင် ကုန်သွယ်ရောင်းဝယ် လယ်လုပ် တံငါ မုဆိုး ပန်းဘဲ ပန်းတိမ် ဆင်ထိန်း မြင်းထိန်းစသော အမှုတို့ကို ပြုကျင့်ကြသူတို့မှာ သုဒ္ဒိယမျိုး။ ထိုသို့အမျိုးလေးပါးပညပ်လေသည်။[၁၄]

ဟူ၍ တွေ့ရသည်။ သို့ဖြစ်ရာ ခေတ်ဟောင်း ရခိုင်လူမှုအဖွဲ့အစည်းတွင် ခတ္တိယမင်းမျိုး၊ မဟာသာလအမျိုး၊ ဗြဟ္မဏမျိုးနှင့် သုဒ္ဒိယမျိုးဟူ၍ လူတန်းစားလေးမျိုးတည်ရှိနေသည်။ ယင်းအမျိုးလေးပါးဓလေ့သည် ခေတ်ဟောင်းအိန္ဒိယတွင် ထွန်းကားခဲ့သော အမျိုးလေးပါးစနစ်နှင့် ဆက်နွယ်ပြီးပေါ်ပေါက်ခဲ့ဟန်တူပေသည်။

မင်းမျိုးမင်းနွယ်များနောက်တွင် မင်း၏သူကောင်းပြုခြင်းခံရသူများဖြစ်သည့် မှူးကြီးမတ်ကြီးများ၊ ဗြဟ္မဏပုဏ္ဏားများ၊ စစ်ရေးဆိုင်ရာအရာရှိကြီးများပါဝင်သည်။ သူကောင်းပြုခံရခြင်းတွင် အခြေအနေအမျိုးမျိုးရှိသော်လည်း နှလုံးရည်နှင့်လက်ရုံးရည်ထက်မြက်ခြင်းကြောင့် သူကောင်းပြုခံကြရသူများသည်။ မြောက်ဦးခေတ်လယ်က ပေါ်ထွန်းခဲ့သော အမတ်ကြီးမဟာပညာကျော်မျိုးရိုးသည် နှလုံးရည်ထက်မြက်ခြင်းကြောင့် သူကောင်းပြုခံရသူများဖြစ်သည်။ "...ကိုယ်ရံကြီးမဟာဇေယသိန်ဘီ၊ ဘေး၊ ဘိုးဘ၊ မဟာပညာကျော်တို့သည် အမျိုးစောင့်သော တရားမြဲ၍ အရိုးမပျက် ထီးနန်းဆက်မင်းများစွာ ပညာရှိမဟာသာလမျိုးမှန်သည်[၁၅] ဟူ၍တွေ့ရသည်။ မင်း၏အင်္ဂါငါးပါးတွင်လည်း ပညာဆန်းကြယ်နက်နဲ ထိုးထွင်းသိသော အမတ် ကောင်းရှိခြင်းသည် တစ်ပါးအပါအဝင်ဖြစ်သည်။[၁၆]

ဘုရင်က သူကောင်းပြုသည့်မှူးကြီး၊ မတ်ကြီးများတွင် ကိုယ်ရံကြီး၊ ဆင်ကဲကြီး၊ ပြည်စိုးကြီး၊ ထားပိုင်ကြီးတို့သည် ဘုရင့်အနီးတွင် အမှုတော်ကို အမြဲထမ်းရွက်ရသည့် အရေးပါဆုံးမင်းမှုထမ်းများဖြစ်ကြသည်။ ယင်းတို့ကို မင်းတိုင်ပင်အမတ်ကြီးလေးပါး[၁၇] ဟူ၍ခေါ်သည်။ အမတ်ကြီးလေးပါးအပြင် ဘုရင့်အနီးတွင် လက်ဝဲမြန်၊ လက်ယာမြန် အမတ်ကြီးနှစ်ဦးရှိသည်။ ယင်းတို့သည် မင်းအထွက်အဝင်တို့ကို ကြိုဆိုကြရသည်။[၁၈]

ကိုရံကြီးဟူသည်မှာ "ထုံးဟောင်းသက်သေ ဥပဒေဝတ္ထုရာဇဝင်စကားရပ်တို့ကို မင်းနားနေ၍ ကောင်းစွာပြောတတ်သောကြောင့် ကိုယ်ရံကြီး[၁၉] "ဟု ခေါ်သည်။ ဆင်ကဲကြီးဟူသည်မှာ "ဆင်ထိမ်းအပေါင်း၌ အုပ်စိုးရန်ကို ပေးအပ်သောကြောင့် ဆင်ဝန်ကြီးအရာကို မင်းကဘွဲ့ထားသည်။"[၂၀] ပြည်စိုးကြီးမှာ "ရေမြေရှင်ဘုရင်မင်းမြတ်သည် တပါးအရပ်သို့သွားသည့်ကာလ တိုင်းပြည်ကို အပ်ထားခဲ့လေသောကြောင့် ပြည်စိုးကြီး"[၂၁]ဟု ခေါ်သည်။ ထားပိုင်ကြီးဟူသည်မှာ "တိုင်းပြည်၏အခမ်းအနား အတ္ထုပတ္တိအကြောင်းရပ်များကို မင်းမှစ၍ တိုင်ပင်နှီးနှောရသည့်အမတ်ကြီးဖြစ်သည်။"[၂၂]အမတ်ကြီးများကို အဆောင်အယောင်လည်း အပ်နှင်းထားသည်။ ကိုယ်ရံကြီးအမတ်၏အဆောင်အယောင်မှာ

ကိုယ်ရံကြီးအမတ်သွားလာလျှင် ရွှေ့ဆောင်ရွှေဆိုင်း လက်ဝဲလက်ယာ ၂ စင်း၊ သင်းမှုုဂယော်။ ပေါင်းနီနှင့်ယပ်ကိုင်၍ ရွှေ့ကလိုက်စေ။ မောင်းခရာစည်တီးမှုတ်စေ[၂၃] ဟူ၍ဖြစ်သည်။ ဆင်ကဲကြီးအမတ်အတွက်

စင်ကဲကြီးအမတ်တော်မှာ လက်ဝဲလက်ယာ သိုင်း ၂ စင်းဆောင်စေ ဆင်စချီဂယော်ဆင်ချွန်ကို ကိုင်လျက် ရွှေ့ကလိုက်

---

၁၄။ မင်းရာဇာကြီး၊ ဂေါ်/ဝမ်း-ဂေါ်/ကျော-၂။

၁၅။ မင်းရာဇာကြီး၊ ဂေ/ကျော၊ ၇-၈။

၁၆။ ကဝိသာရလျှောက်ထုံး၊ စာ-၁၁၀။

၁၇။ ရခိုင်ညွှန့်ဖူး၊ စာ-၁၅၀။

၁၈။ ယင်း၊ စာ-၁၅၁။

၁၉။ ယင်း၊ စာ-၁၅၂။

၂၀။ ယင်း၊ စာ-၁၅၂။

၂၁။ ယင်း၊ စာ-၁၅၁။

၂၂။ ရခိုင်ညွှန့်ဖူး၊ စာ-၁၅၁။ ဒါးပိုင်ကြီးကိုဟာရဇားကြီးဟုလည်းခေါ်သည်။

၂၃။ မင်းရာဇာကြီး၊ ဃါ/ဝမ်း ၂။

မသန့်မစင်မြို့တွင်းမြို့ပြင်ရှိသမျှကိုယူ၍ ပစ်ရသည့် ဒရီအစု၊ လူသတ်ပရဝါအစု၊ သချီအစုတို့ဖြစ်ကြသည်။[၃၃]ပြစ်မှုကျူးလွန်သူများ၊ အကျင့်ဖောက်ပြားသူများကို ပြစ်ဒဏ်နှင့်အညီအစုများတွင် ထည့်သွင်းဖွဲ့စည်းသည်။ အမိန့်တော်တစ်ရပ်တွင်

. . . မဒိန်ဒန္ဒမှာ နဘူးတွင် စာထိုး။ သူသတ်ဗရဝါအစို့မှာ ဖြည့်။ သူခိုးမှာ ရင်တွင်စာထိုး၍ ဟရီအစို့မှာဖြည့်။ လူလျှပ်လူသွမ်းတို့ကို မောင်းလည်ပြီးလျှင် လက်မောင်းတွင် စာထိုး မျက်ရိပ်အစို့မှာဖြည့်။ မှူးမတ်မယားကြီးဖြစ်လျက် အကျင့်ဆိုးသွမ်းလျှင် ယောကျ်ားကို ခေါင်းငှမ္ဘာရိပ်၊ မျက်နှာမှာဆေးရေး၍ မောင်းလှည့်၊ ဟရီအစို့မှာဖြည့်။ မိန်းမက ပြည်တန်ဆာဖြစ်စေ၊ မှူးမတ်တို့အပြောင်ကို မှားလျှင် မိန်းမယောကျ်ား ၂ ယောက်ကို မောင်းလည်၍ မျက်ရိပ်အစို့မှာဖြည့်[၃၄] ဟူ၍ တွေ့ရသည်။

အစုအမှုထမ်းများတွင် ဒိုင်းဝင်းကာအစု၊ မြောက်စည်တီးအစု၊ လေးကိုင်ကမံအစုတို့သည် ဘုရင်နှင့် နန်းတော်လုံခြုံရေးကို တာဝန်ယူရသောအစုများဖြစ်သည်။ ဒိုင်းဝင်းကာအစုများကို အရှေ့ဝင်း၊ အနောက်ဝင်း၊ လက်ဝဲဝင်း၊လက်ယာဝင်းဟူ၍ ခွဲခြားနေရာချထားသည်။ ယင်းတို့ကို ဝင်းမှူးတို့က တာဝန်ယူကြီးကြပ်ရသည်။[၃၅] လယ်တော်လုပ်လမိုင်းအစုသည် ဘုရင်နှင့်မင်းညီမင်းသားများပိုင်သည့် လယ်တော်များကို လုပ်ကိုင်ပေးကြရသည်။[၃၆] လမိုင်းလယ်မြေများကို မြို့တော်ဝန်းကျင်ဒေသများ၊ မြောက်ဦး-မဟာမုနိဘုရားအကြားတွင် များစွာတွေ့ရသည်။ ရခိုင်ဘုရင်များသည် လမိုင်းအစုများ ကြီးထွားလာစေရန်အတွက် စစ်သုံ့ပန်းများကိုလည်း ယင်းအစုတွင် ထည့်သွင်းဖွဲ့စည်းခဲ့ကြသည်။ "မင်းမိဖုရား မင်းသားမင်းမျိုးမှူးမတ်တို့မှာ ရှေးမင်းပေး ဘွဲ့ခဲ့သည့် လူပြင်တိုးပွားခိုကပ်သည့် လူတို့ကို လမိုင်းမှူးသို့အပ်၊ လမိုင်းသားဖြစ်စေ"[၃၇] ဟူ၍ တွေ့ရသည်။ လူမိုင်းအစုသားများကို လမိုင်းမှူးတို့က အုပ်ချုပ်ရသည်။ အစုအမှုထမ်းများအနက် လမိုင်းအစုသည် လယ်ယာကုန်ထုတ်လုပ်ငန်းကို အဓိကတာဝန်ယူရသောအစုဖြစ်သည်။ လုပ်မြေနေမြေများလည်း ရကြသည်။ သို့ဖြစ်ရာ လမိုင်းအစုသားများသည် အခြား အစုများနှင့်ယှဉ်လျှင် လူနေမှုဘဝပိုမိုကောင်းမွန်မည်ဟု ယူဆနိုင်သည်။

အတတ်ပညာတစ်မျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ကြရသော အစုများမှာ ဒင်္ဂါးခေတ်စော်ပန်းစင်အစု၊ ယက်ကန်းရက်ယဉ်သည်အစု၊ ပန်းတိမ်အစု၊ လက်သမားအစုတို့ပါဝင်ကြသည်။ သချီအစုတို့သည် မင်းပြစ်မင်းဒဏ်သင့်သူများကို သာသနာရေးနှင့်ဆိုင်သော ဘုရားပုထိုး ကျောင်းကန်များတွင် အလုပ်အကျွေးပြုရန် သံဃာတော်များသို့ လှူဒါန်းသောအစုဖြစ်သည်[၃၈] အစုအမှုထမ်းများတွင် အနိမ့်ဆုံးအစုများမှာ ဒရီအစုနှင့် လူသတ်ပရဝါအစုတို့ဖြစ်ကြသည်။ မင်းရာဇာကြီးလက်ထက်ထုတ်ပြန် သောအမိန့်တော်တွင် ". . . အစုအငန်ဘွဲ့တော်မူသည့် လူတို့မှာ အခွန်ဘဏ္ဍာမရှိစေနှင့်"[၃၉] ဟူ၍တွေ့ရသဖြင့် အစုအမှု ထမ်းများသည် ဘုရင်အခွန်ကောက်ခံမှုမှ ကင်းလွတ်ခွင့်ရကြောင်း တွေ့ရသည်။

မြောက်ဦးခေတ်တွင် အုပ်ချုပ်သူမင်း၊ မင်းမျိုးမင်းနွယ်များ၊ မှူးကြီးမတ်ကြီးများနှင့် အနီးကပ်ဆုံးဆက်ဆံရသော လူတန်းစားမှာ ပုဏ္ဏားများဖြစ်သည်။ မြောက်ဦးခေတ်တွင် တွေ့ရသော ပုဏ္ဏားများမှာ ဗြဟ္မဏပုဏ္ဏား၊ ခေတြပုဏ္ဏား၊ ဗိသျှပုဏ္ဏား၊ သုဒြပုဏ္ဏား၊ ဗိသိက်သွန်းမင်္ဂလာတော်ပုဏ္ဏား၊ သာသနာပိုင်ပရောဟိတ်ပုဏ္ဏား၊ စကြာဝတေးပုဏ္ဏား၊ ဟူးရားသီးပုဏ္ဏား၊ နတ်ပူဇော်သောပုဏ္ဏား၊ တရောထိုး၊ စောင်းတီးပုဏ္ဏား၊ အင်းရေးပုဏ္ဏား၊ ပန်းတင်ပုဏ္ဏား စသည်တို့ဖြစ်ကြသည်။[၄၀] ဘိသိက် မင်္ဂလာတော်ပုဏ္ဏား၊ နတ်ပူဇော်သောပုဏ္ဏား၊ စောင်းတီးပုဏ္ဏား၊ ပုဏ္ဏားသာသနာပိုင်၊ စကြာဝဒေးပုဏ္ဏား၊ ဟူးရားတတ်ပုဏ္ဏား၊ ပရိတ်ရွတ်ပုဏ္ဏား၊ ပန်းတင်ပုဏ္ဏား၊ ဟူးရားသွေးပုဏ္ဏား၊ ဟူးရားတတ်ပုဏ္ဏားတို့မှာ ဘုရင်များ၏ ဘိသိက်ခံအခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ကြရသော ပုဏ္ဏားများဖြစ်သည်။[၄၁]

ပုဏ္ဏားအမျိုးအနွယ်များစွာရှိသည့်အနက် ဗြဟ္မဏပုဏ္ဏား၊ ခတ္တိယပုဏ္ဏားနှင့် ဘိသျှပုဏ္ဏားတို့မှာ စလွယ်တင်ခွင့်ရကြသည်။ ယင်းအကြောင်းကို အမိန့်တော်တစ်ရပ်တွင်

ဗြဟ္မဏပုဏ္ဏားမှာ စလွယ် ၉ သွယ်၊ ခတ္တိယမှာ ၆ သွယ်၊ ဘိသျှမှာ ၃ သွယ်တင်စေ။ သုဒိယတို့သည် သူဆင်းရဲမျိုးဖြစ်

---

၃၄။ မင်းရာဇာကြီး၊ ကော်/ကျော။
၃၅။ ရခိုင်ညွှန့်ဖူး၊ စာ-၁၅၀-၁၅၈။
၃၆။ ယင်း၊ စာ-၁၅၅-၁၅၆။
၃၇။ မင်းရာဇာကြီး၊ ဂ/ကျော၊ ၈။
၃၈။ ရခိုင်၊စာ-၁၄၉။
၃၉။ မင်းရာဇာကြီး၊ ကေ/ဝမ်း။
၄၀။ (က)င/လက်ရုံးသိုက်ကျမ်း၊ ပေမူ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊(နောင်ကိုးကားလျှင်င/လက်ရုံးသိုက် ဟု ဖော်ပြပါမည်)
(ခ)ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၈-၉၊ ၂၈/၃၃။
(ဂ)ရခိုင်သဝဏ်ကျမ်း၊ (ပေမူ) ၊ ကာ/ကျော-ကိ၊ ဝမ်း။
၄၁။ ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၂၅-၃၁။

စာ အခွန်ဘဏ္ဍာခံယူရာ၌ တရားနှင့် လျှော်ညီအောင်စောင့်ထိန်းခြင်းပြုတော်မူပါလော့[49] ဟူ၍ရွတ်ဆိုပြီး ရေစင်ကိုသွန်းလောင်းရသည်။ သို့ဖြစ်ရာ သူဌေး၊ သူကြွယ်များသည်လည်း မင်းသူကောင်းပြုခံရသော လူတန်းစားတွင် ပါဝင်ကြောင်း တွေ့ရသည်။

မင်းသူကောင်းပြုခံရသူများနောက်တွင် သာမန်ပြည်သူများဖြစ်သည်။ သာမန်ပြည်သူများကို အသည်ဟုလည်း ဖော်ပြကြသည်။ အသည်းများမှာ ဘုရင်ကဖွဲ့စည်းထားသော အစုအငန်းဝင်မဟုတ်ကြသူများ ဖြစ်ကြသည်။ ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်ကြသည့် အုပ်ချုပ်ခံသာမန်လူတန်းစားဖြစ်သည်။ သာမန်ပြည်သူတို့ လိုက်နာရမည့် ကျင့်ဝတ်များကို အမိန့်တော်တစ်ရပ်တွင်

. . . ပြည်သူတို့လည်းကောင်းသော အလေ့အကျင့်ကိုသာ ကြိုက်သင့်သည်။ ကာယကံသုံးပါး၊ ဝဇီကံလေးပါး၊ မနောကံသုံးပါးတို့သည် သီလမာကာ၊ ပညာရှိအလေ့မှန်သည်။ အဒိန္နဒါနာ၊ သူ့ဥစ္စာကိုခိုးခြင်း၊ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်း၊ ကာမေသုမိစ္ဆာစာရာ၊ သူ့မယားသူ့သမီးတို့ကို ဖျက်ဆီးသမှုပြုခြင်း၊ ဖရုဿဝါစာ၊ အသရေအရှက်မရှိ ရုပ်နွမ်းကြမ်းတန်းသွမ်းသောစကားကို ဆိုခြင်း၊ ပိသုနဝါစာ၊ အကျိုးမရှိပိန်းပြင်ပျော်ရွှင်သဘင်လေ့လာမှုကိုကျင့်ခြင်း၊ သမ္ဖပ္ပလာပဝါစာ၊ သရော်ပြောင်ရမ်းပြောဆိုတတ်ခြင်း၊ မုသာဝါဒ၊ သူတော်ကောင်းပညာရှိကိုမသိ၊ သူမိုက်ဟူ၍ဆိုခြင်း၊ သူတထူးကြေးငွေအလျော်ကျအောင် စည်းလဲပြောဆိုခြင်း၊ အဘိဇ္ဈာ၊ မတရားသောအမှုတို့ကို ကြံခြင်း၊ ဗျာဘာတ၊ သူတစ်ပါးပျက်စီးလျှင် ဝမ်းမြောက်ခြင်း၊ မိစ္ဆာဒိဋ္ဌိ၊ ဟုတ်မှန်သောတရားကို မသိ၍ ရေပူရရောင်ရမ်းမှားချင်း၊ ဤတရားဆယ်ပါးကို ကြည်ရှောင်မှ၊ ပညာရှိသူတော်ကောင်းသုစရိုက်မှန်သည်။ အသက်ထက်ဆုံးသူတော် ဓလေ့ကို မြဲမြဲကြစေ၊ နိုင်ငံတော်အတွင်းစေနှံ့အောင်၊ မြို့စားရွာစားချောင်းစားတို့ကို ဆင့်၊ တစ်နေ့တစ်ကြိမ်၊ မောင်းခတ်တီးစေ၊ မြို့တော်တွင်လည်း တစ်နေ့တစ်ကြိမ် ဘတ်ပြောနာစေ၍ မောင်းခတ်။ မိဘတို့က သားသမီးတတ်အောင်သွန်သင်ပြသဆုမ္မကြစေ[50] ဟူ၍တွေ့ရသည်။

သာမန်ပြည်သူအသည်သားများသည် ဘုရင့်အခွန်ထမ်းဆောင်ကြရသည်။ အမိန့်တော်များတွင် "နိုင်ငံတော်အတွင်းအဝေးအနီး အသည်သားမှစ၍ မည်သည့်လူမျိုးမဆို အခွန်မှန်သမျှ လူတို့မှာ ရွေးထုံးစံဆက်မြဲကိုသာ ဆက်စေ"[51] ၊အစုလွှတ်လူတို့ကို မရမာ၊ ရှံ၊ ကုလားမဆိုအဝေးမြို့အနီးမြို့ တစ်အိမ်လျှင် ငါးသပြာ ငွေကိုသာဆက်စေ"[52] ဟူ၍တွေ့ရသည်။

သာမန်အသည်သားများသည် မိဖုရား၊ မင်းညီမင်းသားများတွင် ဖွဲ့စည်းထားသည့် အစိုမျာတွင် ခိုကပ်ပြီး အစုအမှုထမ်းဖြစ်ရန် ကြိုးပမ်းမှုများလည်း ရှိခဲ့သည်။ ယင်းသို့ခိုကပ်လာသူများကို ဘုရင်က လယ်တော်လုပ်လမိုင်းအစုမှာ ဖြည့်ကြောင်း တွေ့ရသည်။[53] သာမန်ပြည်သူအချင်းချင်းဆက်ဆံရေးတွင် လိုက်နာရမည့် စည်းကမ်းများကိုလည်း ဘုရင့်အာဏာဖြင့် သတ်မှတ်ပေးထားသည်။ ယင်းအမိန့်တော်တွင်

တစ်ဦးကိုတစ်ဦး ကြူးလွန်ထောင်းသတ်လက်ရော်နာကျင်စွာ ပြုသူကို စာထိုး၍ ခံရသူသို့အပ်။ ကျွန်ပြုစေ၊ ဝန်းဝိုင်းသူအား ပေးသူတို့ကို မောင်းလှည့်။ အချက် ၅၀ ဒါန်ခတ်။ လူရည်တူပြည်သူတို့ချင်း တစ်ဦးမယားတစ်ဦးကြူးလွန်ပြစ်မှားလျှင် မိန်းမယောကျ်ား၂ယောက်ကို နဘူးမှာ စာထိုး၍ လမိုင်းအစုမှာ ဖြည့်။ ရေမြေရှင်မင်းမှ တစ်ပါးပြည်သူကို ပြည်သူချင်းမပိုင်လေရာ။ ကျွန်ရိုးကျွန်ပိုင်မဆိုစေနှင့်[54] ဟူ၍တွေ့ရသည်။

ပြည်သူများအပေါ် နီးစပ်ရာမြို့စား၊ ချောင်းစား၊ သူကြီးတို့က နိုင်ထက်စိုးကဲမပြုလုပ်နိုင်စေရန်အတွက် ဘုရင်က အမိန့်တော်များထုတ်ပြန်ထားသည်။ အမိန့်တော်တစ်ရပ်တွင်

နိုင်ငံတော်အတွင်း ဆင်းရဲသားတို့ကို အုပ်ထိန်းစီးရင်သည့် မှူးမတ်မြို့စား ခေါင်သူကြီးတို့ မဖြောင့်မသားကြီးနိုင်ငယ်နှိပ်ပြုကျင့်၍ ဆင်းရဲသားကို ပင်ပန်းနွမ်းရိရှိခဲ့လျှင်လည်း မြင်းမိုရ်စောင့်နတ်မှူး ၄ ယောက်ခဲ့သို့ကျင့်။ မျက်နှာကြီးငယ်မထော်

---

၅၀။ <u>မင်းရာဇာကြီး</u>၊ ဃိ/ဝမ်း ၇-ဃိ/ကျော ၁-၄။
၅၁။ ယင်း၊ ဂါ/ဝမ်း။
၅၂။ ယင်း၊ ကေ/ဝမ်း ၂။
၅၃။ ယင်း၊ ဂ/ကျော။
၅၀။ <u>မင်းရာဇာကြီး</u>၊ ဃိ/ဝမ်း ၇-ဃိ/ကျော ၁-၄။
၅၁။ ယင်း၊ ဂါ/ဝမ်း။
၅၂။ ယင်း၊ ကေ/ဝမ်း။
၅၃။ ယင်း၊ ဂ/ကျော။
၅၄။ <u>မင်းရာဇာကြီး</u>၊ ထံ/ကျော-ဃိ/ဝမ်း။
၅၅။ ယင်း၊ ကံ/ကျော။

နေထိုင်ခဲ့ကြောင်း တွေ့ရသည်။ မြောက်ဦးခေတ်နှောင်းကာလ၏ အစောပိုင်းနှစ်များတွင် ဥရောပသားအနည်းငယ်လည်း နေထိုင်ကြောင်း တွေ့ရသည်။ နိုင်ငံခြားသားများကို အစုများ ဖွဲ့စည်းပေးထားသည်။ ပထမအစုမှာ ဂျပန်လူမျိုးများ ပါဝင်သောအစု၊ ဒုတိယအစုမှာ ပေါ်တူဂီများ ပါဝင်သောအစုဖြစ်ပြီး၊ တတိယအစုမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်လူမျိုးများ ပါဝင်သောအစုတို့ဖြစ်ကြသည်။[၆၂]

သက်လူမျိုးများမှာ ရခိုင်ပြည်မြောက်ပိုင်း အာသံနယ်အနီး ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလန်ထောင်၊ မြုံထောင် ဟုခေါ်သော ဒေသများတွင် အများဆုံးနေထိုင်ကြသည်။ ဘင်္ဂလီစကားနှင့် ဆင်တူသော စကားကိုပြောကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။[၆၃] ဒိုင်းပညာကို တတ်ကျွမ်းသူများဖြစ်သဖြင့် ဒိုင်းနက်ဟုခေါ်သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်[၆၄] ဒိုင်းနက်တွင် မျိုးနွယ်ကွဲရှစ်မျိုးရှိသည်။ ဒိုင်းနက်အများဆုံးမှာ စစ်တွေမြို့နယ်တွင် နေထိုင်ကြသည်။ လက်ဝဲထောင်ဒိုင်းနက်များသည် ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် နေထိုင်ကြသည်။ မောင်ညိုထောင်ဒိုင်းနက်များမှာ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်ကြသည်။[၆၅] ခမီလူမျိုးများမှာ ကုလားတန်မြစ်ရိုးတစ်လျှောက်တွင် အများဆုံးနေထိုင်ကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။[၆၆] မြိုလူမျိုးများမှာ မြောက်ဦးမြို့နယ်ရှိ အကြီး တော်မတိုက်နယ်၊ ရမ်းချောင်း၊ တိုက်နယ်များတွင် နေထိုင်ကြသည်။ ကျောက်တော်မြို့နယ်တွင် သရီချောင်း၊ ပီချောင်း၊ ယိုးချောင်းနှင့် ဘောမိဒေသတို့၌ နေထိုင်ကြသည်။ ပုဏ္ဏားကျွန်းမြို့နယ်တွင် စမ်းပတီးချောင်း၊ တောဖျားချောင်း၊ ကြိမ်ချောင်း နှင့် မောင်းမချောင်းဒေသတို့တွင် နေထိုင်ကြသည်။ ဘူးသီးတောင်မြို့နယ်တွင် စိုင်းဒင်ဒေသနှင့် မောင်တောမြို့နယ်တွင် အင်တူလာ၊ ဘော်တူလာဒေသများတွင် နေထိုင်ကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။[၆၇]

မြန်မာနှင့် မွန်လူမျိုးတို့မှာ ရခိုင်ဘုရင်များ၏ လက်နက်နိုင်ငံချဲ့ထွင်ရေးစစ်ပွဲတွင် စစ်သုံးပန်းများအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများနှင့် ယင်းတို့နေထိုင်ရာနိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခများကြောင့် ဝင်ရောက်ခိုလှုံလာကြသူများဖြစ်သည်။ ယင်းတို့အား ရခိုင်ဘုရင်များက အစုများတွင် ဖြည့်ဆည်းနေရာချထားခဲ့ကြသည်။ ရခိုင်ပြည်သို့ ဝင်ရောက်ခိုလှုံလာသူများအား မြောက်ဦးခေတ်မတိုင်မီကပင် တွေ့ရသည်။ ယင်းအကြောင်းကို

သူရိယကေတုလက်ထက် သရေခေတ္တရာမြို့ပျက်၍ အမတ်ရန္တသူနှင့် ပျူ ၅၀၀၀၊ သက်၊ ကန်ရံအများဝင်ရောက်လာမူ၊ ပျူကိုလေကျော်၂ တပ်ဘွဲ့တော်မူ၍ ပျူအမတ်ရန္တသူကို သောင်းတီးစားအရာပေးတော်မူသည်။ ကန်ရံတို့မှာ ရမ်းဗြဲ၊ မန်အောင်၊ စကု၊ ပတင်၊ မရစည်၊ ကုက္ကို၊ ကျွန်းသာယာ၊ စက်ခေါ်၊ ကွမ်းချောင်းကျွန်းများတွင် ချတော်မူ၍ လက်သမားအစို့။ အချက်အစို့၊ မဲထည်ဆက်အစို့ ဘွဲ့တော်မူသည်။ သက်တို့ကို မရိပ်ချောင်းညာဝေလာတောင်ကြိမ်တန်တောင်များတွင်ချ၍ ငွေခွန်ဆက်အစို့ ဘွဲ့တော်မူသည်။[၆၈]

ဟူ၍တွေ့ရသည်။ မြောက်ဦးခေတ်လယ် မင်းရာဇာကြီးလက်ထက် ဟံသာဝတီကို သိမ်းယူပြီးနောက် " . . . ဘကိုးမြို့ရှိ ယိုးဒယားအိမ်ထောင်စုသုံးထောင်၊ တလိုင်းအိမ်ထောင်စုသုံးသောင်း လူပေါင်း သုံးသောင်း သုံးထောင်ကို သိမ်းခေါ်တော်မူ[၆၉] ခဲ့သည်။ ယင်းသို့ခေါ်ဆောင်လာသူများအား

ယိုးဒယားတို့ကို အတီးအကစကြောအစို့၊ ငုင်းပြင် ကျွေတဲတပ်၊ ကျေမသိတပ်၊ ရာဇဂြိုဟ်တပ်၊ တောင်ဘက်တပ်၊ မြို့သစ်တပ်၊ မှိုင်တပ်၊ တောင်ငူတပ်၊ ကျွန်ခေါင်တပ်၊ ကလေးတပ်၊ အစုတလိုင်ကိုဘွဲ့တော်မူ၍ ဂစ္ဆာဘနဒီမြစ် အရှေ့ဘက် ဘွဲ့တာကျွန်း၊ တောင်ရင်းကျွန်း၊ မြစ်အနောက်ဘက်ပေကျွန်း၊ ဥရစ်တောင်ကျွန်း၊ မရိုးကျွန်း၊ ရမောင်းကျွန်းများမှာ ချထားတော်မူသည်။ ထို့ပြင် တလိုင်သုံးထောင်ကိုဆင်အောက်မသင်းများမှာ ဖြည့်[၇၀] ခဲ့သည်။ ကျန်သူများကိုလည်း

ဘကိုးပါပျူ တလိုင်းယိုးဒယား၊ ရှံ လဝတို့ကိုပျူမှာ လေးကျော်တပ်မှာထမ်းစေ။ တလိုင်းမှာကလေတပ်၊ ရာဇဂြိုဟ်တပ်၊ ယွန်တပ်၊ သုနာပရံတပ်၊ တောင်ဘက်တပ်၊ ကျေးမထွေတပ်များမှာ ဖြည့်၍ထမ်းစေ၊ ရှံ လဝတို့ကို ဝင် ၄ မျက်နှာမှာ

၆၂။ Manrique: Travel, P. 128.
၆၃။ ရခိုင်၊ စာ၊ ၂၉၊ ၃၇။
၆၄။ ယင်း၊ စာ၊ ၃၀။
၆၅။ ယင်း၊ စာ၊ ၂၇။
၆၆။ ယင်း၊ စာ၊ ၂၇။
၆၇။ ရခိုင်၊ စာ၊ ၂၅-၂၆။
၆၈။ မင်းရာဇာကြီး၊ ကေ/ဝမ်း၊ ၅-၈။
၆၉။ မင်းရာဇာကြီး၊ ခေါ်/ကျော၊ ၁-၂။
၇၀။ ယင်း၊
၇၁။ ယင်း၊

ဂူနံရံများတွင် ထွင်းထုထားသည်။ ခေါင်းပေါင်းနှင့်စလွယ်တော်များမှာ လက်ဝဲချ၊ လက်ယာချ၊ အလယ်ချဟူ၍ သုံးမျိုးတွေ့ရသည်။ စလွယ်နှင့်ခေါင်းပေါင်းတော်များမှာလည်း ဘုရင်မျိုး၊ သုခမိန်မျိုး၊ လက်ဝဲမြန်၊ လက်ယာမြန်မျိုးဟူ၍ အဆောင်အရွက်အလိုက် ဝတ်ဆင်ကြရသည်။ မင်းမျိုးမင်းနွယ်များနှင့် သာမန်ပြည်သူများအကြား ဝတ်ဆင်မှုကွဲပြားသည်။ အမျိုးသမီးများမှာ တဘက်ခြုံစောင်ကို သုံးလေ့ရှိသည်။ ကြာပွင့်၊ ကြာဖူး၊ ကြာငုံသဏ္ဌာန်နားကပ်များကိုလည်း ဝတ်ဆင်လေ့ရှိကြသည်[၇၇]

မြောက်ဦးခေတ် ကိုးကွယ်ယုံကြည်မှုတွင် ဗုဒ္ဓဘာသာကို ရခိုင်လူမျိုးအားလုံးက ကိုးကွယ်ယုံကြည်ကြသည်။ ဘုရင်သည် "သာသနာဒါယကာ၊ သာသနာဒါယဒ၊ သာသနာနုဂဟ၊ သာသနကရ"[၇၈] ဖြစ်သည်။ သာသနာတော် ထွန်းကားစည်ပင်ပြန့်ပွားရေးမှာ မင်း၏တာဝန်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဘုရားသခင်ကိုယ်တိုင် မင်းကိုအမှီပြုလျှက် သာသနာတော်ကိုထားရကြောင်း၊ သာသနာတော်သည် ခေါက်ရှာငှက်ပျံသကဲ့သို့ ဘုန်းပညာကျက်သရေနှင့် ပြည့်စုံသော မင်းတို့လက်ထက်တွင် သန့်စင်ဆေးတော်မူ၍ အလဇ္ဇီကျင့်သောရဟန်း၊ အလဇ္ဇီကျင့်သောသူမရှိခြင်းကြောင့် သာသနာတော် ထွန်းလင်းကြောင်း၊ အလိမ္မာမရှိ တရားမသိ မင်းသွမ်းရာဇသုညလက်ထက်ဖြစ်လျှင် အလဇ္ဇီရဟန်း၊ လူသွမ်းလူမိုက်ထွန်းကားလေရာ သာသနာတော်ကွယ်ကြောင်း သဘောတရားများ[၇၉] ကို ရခိုင်ဘုရင်များလက်ခံခဲ့ကြသည်။ မြောက်ဦးခေတ် ရခိုင်ပြည်မင်းနှင့် ပြည်သူများ သာသနာကိုးကွယ်ယုံကြည်မှု၏အမြင့်ဆုံးမျှော်မှန်းချက်မှာ "အသင်္ခတဓာတ်အမြဲတည်ရာ နိဗ္ဗာန်"[၈၀] သို့ရောက်ရှိရေးဖြစ်သည်။ "သစ္စာလေးပါး"၊ "အဝိဇ္ဇာဖုံးလွှမ်းခြင်းကြောင့်တဏှာ"၊ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ"၊ မဇ္ဈိမပဋိပဒါ"[၈၁] နှင့် "ဘုရားသခင်စကားတော်ရင်း ဝိနည်းငါးကျမ်း၊ သုတ် ၃ ကျမ်း၊ အဘိဓမ္မာ ၇ ကျမ်း"[၈၂] ဟူသောစကားရပ်များအရ မြောက်ဦးခေတ်သာသနာသည် ထေရဝါဒဗုဒ္ဓသာသနာဖြစ်ကြောင်း တွေ့ရသည်။

မြတ်စွာဘုရား၏သာသနာတော်ကို တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ကြရသည့် ရဟန်းသံဃာတော်များကို "ဘုရားဆုံးမတော်ကိုခံ၍ သိက္ခာတော်ကို လုံအောင်ထိန်းနိုင်လျှင် သံဃာတော်မြတ်မှန်သည်"[၈၃] ဟူ၍ သဘောထားကြသည်။ မြောက်ဦးခေတ်နှောင်း သာသနာတွင် အရေးပါသော ထေရဝါဒီ ရဟန်းတော်များမှာ ရဟန်းသာသနာပိုင် ဝိနည်းမိုရ်ဆရာတော်၊ စန္ဒာရာမဆရာတော်၊ သကျမဥ္ဇူဆရာတော်၊ ဇိနမာရ်အောင်ဆရာတော်၊ လောကမာရ်အောင်ဆရာတော်၊ ရတနာစံဦးဆရာတော်၊ ရတနာမဥ္ဇူဆရာတော်၊ မဏိသုရာမဆရာတော်၊ ရတနာစံရွှေးဆရာတော်၊ မဟာဗောဓိဆရာတော်၊ ရတနာမှန်ကင်းဆရာတော်၊ မဏိသကျဆရာတော်၊ စန္ဒရာ ရာမဆရာတော်တို့ ဖြစ်ကြသည်။[၈၄] မြောက်ဦးခေတ်တစ်လျှောက်လုံး တည်ထားကိုးကွယ်ခဲ့ကြသော သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်၊ ရတနာပုံစေတီ၊ အံတော်သိမ်၊ ရတနာမာန်အောင် သကျမာန်အောင်၊ ဇိနမာန်အောင်၊ မင်္ဂလာမာန်အောင်၊ လောကမာန် အောင်၊ ကိုးသောင်းပုထိုးတော်ကြီးနှင့်၊ များပြားစွာသော စေတီပုထိုးများ၊ ပိဋကတ်တိုက်တော်များ၊ ကြေးသွန်းဗုဒ္ဓရုပ်ပွား တော်များသည် ထေရဝါဒဗုဒ္ဓသာသနာစည်ပင်ထွန်းကားမှုကြောင့် ပေါ်ထွန်းလာသော သာသနိက အဆောက်အဦးများဖြစ် ကြပေသည်။ တစ်နည်းအားဖြင့် ရဟန်း၊ မင်း၊ ပြည်သူတို့၏ လောကီ၊ လောကုတ္တရာ မျှော်မှန်းချက်များ၏ အသီးအပွင့်များ ဖြစ်ကြသည်။

သာသနာရေးဆိုင်ရာ ရဟန်းတော်များတွင် ဇကေစာရရဟန်းနှင့်ပွဲကျောင်းရဟန်း ဟူ၍နှစ်မျိုးရှိသည်။ ဇကေစာရရဟန်းများအတွက် ထုတ်ပြန်သည့်အမိန့်တော်တွင်

ဇကေစာရဆရာတော်မြတ်တို့ကို ပြည်သူတို့က ပစ္စည်းလေးပါးလှူဒါန်းစေ၊ ချက်ပြုတ်၍ မစားမသုံးသင့်၊ ခံ၍ရသောဆွမ်းကိုသာ သုံးတော်မူသင့်သည်။ ဂါမဝါသီရွာသူတို့နှင့် ရောနှောနေသော ပွဲကျောင်းရဟန်းနှင့်လည်း မရောနှောစေသင့်[၈၅]ဟူ၍ လည်းကောင်း၊ ပွဲကျောင်းရဟန်းများအတွက် ထုတ်ပြန်သည့်အမိန့်တော်တွင်

ပွဲကျောင်းရဟန်းတို့မှာ အဆောက်အအုံကို သူတို့အလေ့ရှိရာ လုပ်ဆောင်၍ အလျော်နေစေ။ စည်တီး။ မီးနှက်၊

---

၇၇။ မြောက်ဦးမြို့ သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်၊ အံတော်သိမ်ဘုရားလိုဏ်ဂူနံရံများတွင် ထွင်းထုထားသော ရုပ်လုံးရုပ် ကြွများတွင် တွေ့ရှိရသည်။

၇၈။ မဟာဝိနယ်မိုဝ်ကျောက်စာ၊ သက္ကရာဇ် ၉၀၅၊ ကြောင်း ၄-၅။

၇၉။ ကဝိသာရ လျှောက်ထုံး၊ စာ ၁၀၃-၁၀၄။

၈၀။ မင်းရာဇာကြီး၊ ခဲ/ကျော ၁-၂။

၈၁။ ယင်း၊ ခဲ/ကျော ၁-၄။

၈၂။ ယင်း၊ ဃ/ဝမ်း ၅-၆။

၈၃။ ယင်း၊ ဂ/ကျော ၅။

၈၄။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၂၂၀။

၈၅။ မင်းရာဇာကြီး၊ ကော်/ဝမ်း၊ ၁-၃။

စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ပိသနိုး စသော နတ်တို့ကို လှည်းရထားဖြင့် တင်လျက်ရာဇမတ္တန်စသော ကျမ်းလာဂါထာမန္တန်တို့ကို ရွတ်ဘတ်ပူဇော်ပေးကြရသည်။ "သီရိနန္ဒဘုံမွိဇာလဂါထာ"ကို ရွတ်ပြီး ခရုသင်းသံပေးရသည်။ စောင်းတီးပုဏ္ဏားတို့က စောင်းတီးလျက်လိုက်ရသည်။[၉၂]

နတ်ကိုးကွယ်မှု ဓလေ့တွင် ရခိုင်လူမျိုးများသည် တိုင်းပြည်စောင့်နတ် မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ကျွန်းရှင်နတ်၊ ချောင်းရှင်နတ်၊ များကို ကိုးကွယ်ယုံကြည်ကြသည်။ မြောက်ဦးမြို့တော်ကို တည်ထောင်စဉ်က မြို့၏အကာအကွယ် "နတ်ကြီးရှစ်ရပ်"ကို စီရင်ဖန်တီးထားခဲ့သည်။[၉၃] မြောက်ဦးရှင်မ၊ မယုရှင်မနတ်တို့သည် ထင်ရှားသည့်မြို့စောင့်၊ မြစ်စောင့်နတ်များ ဖြစ်ကြသည်။ နတ်စင်မရှိသောရွာများတွင် သစ်ပင်ကြီးများကို ရွေးချယ်ပြီးပူဇော်လေ့ရှိကြသည်။ နတ်ကိုးကွယ်မှုနှင့်အတူ နတ်ပတ်ခြင်းသံများလည်း ပေါ်ပေါက်ခဲ့သည်။[၉၄]

မြောက်ဦးခေတ်တွင် သိုက်၊ နိဒါန်း၊ တရင်း၊ တဘောင်၊ စနည်းအတိတ်၊ နိမိတ်၊ ယတြာ၊ ပတ္တရာ၊ ဗေဒင်၊ အင်းပညာရပ်များ ထွန်းကားခဲ့သည်။ ယင်းလောကီပညာရပ်များကို အုပ်ချုပ်သူလူတန်းစားများသာမက သာမန်ပြည်သူများပါ စိတ်ဝင်စားခဲ့ကြသည်။ မြောက်ဦးခေတ်နှောင်းအစောပိုင်းတွင် ပေါ်ထွန်းခဲ့သော အထင်ရှားဆုံးသိုက်ပညာကို ကျွမ်းကျင်သည့် ပုဂ္ဂိုလ်တစ်ဦးမှာ သိုက်တတ်ငလက်ရုံးဖြစ်သည်။ မြောက်ဦးခေတ်နှောင်းတွင် ပေါ်ထွန်းခဲ့သော သိုက်ကျမ်းဆယ့်နှစ်စောင်မှာ နတ်သမီးသိုက်၊ နတ်သားသိုက်၊ ဓာတ်သိုက်၊ ဗျာဒိတ်သိုက်၊ ရသေ့သိုက်၊ ဘီလူးသိုက်၊ မင်းဆက်သိုက်၊ ငမှန်ကန်းသိုက်၊ ဂဝံပတေ့သိုက်၊ ဘားမဲ့သိုက်၊ ဘားမသိုက်နှင့် သိကြားသိုက်တို့ဖြစ်ကြသည်။[၉၅] သိုက်၏အဓိပ္ပါယ်နှင့်ပတ်သက်ပြီး သိုက်တတ်ငလက် ရုံးက နရပတိကြီးမင်းကို လျှောက်တင်ရာတွင် "အရှင်မင်းကြီး၊ သိုက်ဟူသည်ကား နည်းတူရာကို ခိုင်းနှိုင်းယူရသောပညာ"[၉၆] ဖြစ်သည်။ နရပတိကြီး အေဒီ ၁၆၃၈ တွင် မြောက်ဦးထီးနန်းကိုသိမ်းပိုက်စိုးစံခဲ့စဉ် ပေါ်ပေါက်ခဲ့သော သိုက်စကားတစ်ရပ်မှာ

ဖြားး[၉၇] လည်းဘုံးဘုံးပြည့်လတ်မည်။ တောင်သူအိမ်ပါးချည်းလတ်မည်။ အတွင်းသူငယ် မိမယ်ရင်ခေါင်းဆာလတ်မည်။ ထမင်းခဲကို အုတ်ခဲဟူ၍ ပစ်လတ်မည်။[၉၈]

ဟူ၍ဖြစ်သည်။ ယင်းသိုက်စကားရပ်၏အဓိပ္ပါယ်တွင်း ဖြားလည်းဘုံးဘုံးပြည့်လတ်မည်ဟူသည်မှာ သက္ကရာဇ် ၁၀၀၀ ပြည့်[၉၉] ဖြစ်သည်။ တောင်သူအိမ်ပါးချည်းလတ်မည်ဟူသည်မှာ နရပတိကြီးသည် ဆင်တောင်သူဖြစ်သည်။ အတွင်းသူငယ် မိမယ်ရင်ခေါင်းဆာလတ်မည်ဟူသည်မှာ နရပတိကြီးဘွဲ့ခံ လောင်းကြက်စားအမတ် ကုသလသည် မင်းဖြစ်ဇာတာရှိသောကြောင့် ရွှေနန်းရှင် သီရိသုဓမ္မရာဇာ၏မိဖုရားကြီး နတ်ရှင်မယ်သည် သား၏ကြင်နာခြင်း၊ လင်၏ကြင်နာခြင်းကို ပယ်၍ အရှင်မင်းကြီးနှင့်ပူပေါင်းလျက် မင်းဖြစ်ဘို့ကြံသည်၊ ဖြစ်ပါမည်လော မဖြစ်မည်လောဟု စိတ်ဝမ်းပူဆာရှိမည်ဟူ၍ အဓိပ္ပါယ်ရသည်။ ထမင်းခဲကို အုတ်ခဲဟူ၍ ပစ်လတ်မည်ဟူသည်မှာ ထမင်းခဲနှင့်တူသောမင်းသား၊ မင်းမြေးမှူးကြီးမတ်လျာတို့ကို အုတ်ခဲကဲ့သို့ ရေတွင်ချ၍ သတ်ခဲ့သည်ဟူ၍ အဓိပ္ပါယ်ရသည်။[၁၀၀]

နရပတိကြီးမြောက်ဦးထီးနန်းကို သိမ်းပိုက်ပြီးနောက်ဖြစ်ပေါ်လာသည့် အကျိုးဆက်ကို သိုက်ကျမ်းတွင် "ဆဒ္ဒန်အမျိုးဆယ်ဆက်စိုးလည်း၊ အကျိုးပြည်မှာ မရှိပါ"[၁၀၁] ဟူ၍ဖြစ်သည်။ အဓိပ္ပါယ်မှာ နရပတိကြီး၏အနွယ်တော်များ ရခိုင်ထီးနန်းကို မည်မျှကြာအောင် အုပ်ချုပ်သော်လည်း တိုင်းပြည်အတွက် အကျိုးမဖြစ်ထွန်းနိုင်ဟူ၍ဖြစ်သည်။

သိုက်ကျမ်းများကဲ့သို့ တရင်း၊ တဘောင်၊ စနည်းတို့မှာလည်း တစ်ခုနှင့်တစ်ခုအပြန်အလှန် ဆက်စပ်ဖြစ်ပေါ်နေကြသည်။ မြောက်ဦးခေတ်လယ်၏နောက်ဆုံးဘုရင်ဖြစ်သည့် သီရိသုဓမ္မရာဇာလက်ထက်တွင် လောင်းကြက်စား အမတ်ကုသလသည် သီရိသုဓမ္မ၏မိဖုရားကြီး နတ်ရှင်မယ်နှင့် ပူးပေါင်းလျှက် မြောက်ဦးထီးနန်းကိုသိမ်းပိုက်ရန် ကြိုးစားခဲ့သည်။

---

၉၂။ ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၂၆-၂၈။
၉၃။ (က)ထွန်းရွှေခိုင်၊ ရခိုင်ရှေးဟောင်းမြို့တော်များ၊ (ရန်ကုန်သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၉၈၅)၊ စာ၊ ၄၂။
(ခ)မြို့တံဆိပ်ခပ်၊ ကာ/၁။
၉၄။ ရခိုင်၊ စာ ၊ ၁၅၇။
၉၅။ င/လက်ရုံးသိုက်၊ ဂဲ/ဝမ်း-ဂဲ/ကျော။
၉၆။ ယင်း၊ ဂဲ/ကျော၊ ၂။
၉၇။ ဒီရေ
၉၈။ ယင်း၊ ဂဲ/ကျော ၅-၆။
၉၉။ အေဒီ ၁၆၃၈
၁၀၀။ ငလက်ရုံးသိုက်၊ ဂဲ/ကျော-၇-၁၀။
၁၀၁။ ယင်း၊ ဂဲ/ကျော၊ ၃-၄။

သေပျောက် ၏။ လူတကာတိုဝ်လုပ်ဆောင်သော လယ်တိုဝ်တွင် မိုယ်ရည်မတင်ဖြစ်ကုန်၏။[၁၀၉]

ဟူ၍ဖြစ်သည်။ ယင်းသို့ သဘာဝဘေးများပေါ်ပေါက်မှုကို အတိတ်နိမိတ်မကောင်းဟူ၍ ယုံကြည်လက်ခံထားခြင်းသည် မင်းနှင့်ပြည်သူတို့၏ စိတ်ဓာတ်အင်အားကို ကျဆင်းစေသည့် ရလာဒ်ကိုသာ ပေါ်ထွန်းစေကြောင်း တွေ့ရသည်။

အမရပူရဘုရင် ဗဒုံမင်းသည် ရခိုင်ပြည်မင်းနှင့် ပြည်သူတို့၏ အတိတ်နိမိတ်တဘောင်တို့အပေါ် လက်ခံယုံကြည်မှုကို သိရှိနားလည်ပြီး ယင်းကို အခွင့်ကောင်းတစ်ခုအဖြစ် အသုံးချခဲ့သည်။ ဗဒုံမင်းသည် ရခိုင်ကို တိုက်ခိုက်သိမ်းယူရန်ကြိုးပမ်းရာ၌ ရခိုင်ပြည်အနှံ့ သူလျှိုများစေလွှတ်ပြီး သတင်းရယူခဲ့သည်။ အေဒီ ၁၇၈၃တွင် ရှင်ယောင်နှစ်ယောက်ကို ထပ်မံစေလွှတ်သည်။ တစ်ယောက်က ရခိုင်ပြည်တောင်ပိုင်းနှင့် ရမ်းဗြဲကျွန်းဒေသများသို့သွားရောက်ပြီး အခြေအနေကို စုံစမ်းရသည်။ ကျန်တစ်ယောက်မှာ မဟာမုနိဘုရားနှင့်မသုန္ဒရေတွင်းတို့၏ တန်ခိုးပျက်ပြယ်သွားအောင်ပြုလုပ်ရန်ဖြစ်သည်။[၁၁၀]ရှင်ယောင်တို့သည် ယင်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အေဒီ ၁၇၈၄ ဇူလိုင်လ[၁၁၁]အတွင်း ရခိုင်ပြည်မြောက်ပိုင်း မဟာမုနိဘုရားဝန်းကျင်[၁၁၂]၌ ထူးခြားသည့် ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။

ယင်းဖြစ်ရပ်မှာဂစ္ဆပနဒီမြစ်ညာကရေ. . . ကြီးလာ၍ (. . .)ပြည့်လာလျှင် လူများတို့သည် နေရာမရှိသောကြောင့် ရုပ်တုတော် ရှင်မဟာမုနိသိမ်တော်အတွင်း၌ နေကြကုန်သော်၊ မိမ္မသုံးယောက်တို့သည် တပြိုင်နက်တည်း သားဖွား၏။ ရုပ်တုတော် မဟာမုနိရောင်ခြည်တော်မှဲ၏။ အလျားသုံးဆယ်သုံးလံရှိသော ခမောင်းတုံးတခုလည်း မဟာမုနိစက်တော်ခြေရင်းဝယ် ပါးလှာ၏။ ထိုခမောင်းတုံးသည် ရေစုန်ရေဆန်မျော၏။ ပါး၍နေသော အရပ်၌ ညဥ့်အချိန်တွင် တူရိယာငါးပါးအသံကိုကြားကုန်၏။ တကြူကြူငိုသံလည်း ကြားကုန်၏။ လူသူတို့သွား၍ ကြည့်သော် မည်သို့ဝ်တခုမျှမမြင်။ ခမောင်းတုံးကိုသာ မြင်၏။ ထိုတုံးပါးသောအရပ်၌ လူသူများစွာ သေကုန်၏။ ဦးတော်ဆေးကန်စ၍ ချောင်းမြောင်းတို့သည် (သွေး)ဖြစ်ကုန်၏။ မဟာမုနိသိမ်တော်တွင် စိုက်ထားသော ဗောဓိအရွက်လည်း လိပ်၏။ သစ်စောင့်နတ်တို့သည် ငိုကုန်၏။
[၁၁၃]

ဟူ၍ဖြစ်သည်။ ယင်းဖြစ်ရပ်သည် ရခိုင်ပြည်မင်းနှင့် ပြည်သူများအကြား အံ့ဩထိန်လန့်မှုကို ဖြစ်စေသည်။ ဆိုးဝါးသည့် ကံကြမ္မာတစ်ရပ်နှင့် ရင်ဆိုင်လာရတော့မည်ဟူသောစိတ်သောကများကို ပေါ်ပေါက်စေခဲ့သည်။ မဟာသမတရာဇာသည် မှူးမတ်အခြွေအရံများဖြင့် မဟာမုနိသိမ်တော်သို့ သွားရောက်ကန်တော့သည်။ မသုန္ဒရေတွင်းသို့ ဘိသိက်သွန်းငွေဒင်္ဂါးများလှူဒါန်းစဉ် အဖြစ်အပျက်တစ်ခုမှာ

မသုန္ဒရေတွင်းတွင် ရေစက်သွန်းချ၍ ထိုငွေတွင်းထဲတွင် ထည့်မည်ကြံစဉ်ဝယ် မသုန္ဒရေတွင်းထဲက လူငယ်လက်ကဲ့သို့ လက်တစ်ခုထွက်၍ မဟာသမတရာဇာမင်းတရားလက်တော်ကို ခတ်လေလျှင် ငွေငါးဆယ်နန်းတက်ငါးဆယ်သည်လွတ်၍ မြေကြီးတွင်ကျလေလျှင်၊ မဟာသမတရာဇာမင်းတရားလည်း ထပ်လောင်းလျှက် ရေစက်လှူတော်ပြုပြီးမှ မဟာမုနိသိမ်တော် မြောက်ဘက်၌ သီတင်းသုံး၍ နေသော ဝါတော်ခြောက်ဆယ်ရှိသော ရဟန်းတစ်ဦးကို ပင့်ခေါ်၍ အကြောင်းခြင်းရာကို မေးလျှင် ထိုရဟန်းလည်း ပစ္စန္ဒရာဇ်ကလာ၍ မင်းပြုလှာသည်ဖြစ်သောကြောင့် ဤရက္ခိုင်ပြည်သည် ပျက်စီးခြင်းသို့ ရောက်ရမည်ဟု ဆိုပြီးလျှင် မျက်နှာလွှဲ၍ နေလေ၏။[၁၁၄]

ဟူ၍တွေ့ရသည်။ ထိုဖြစ်ရပ်ကို အပြန်ခရီးတွင် မဟာသမတရာဇာက ယောက်ဖတော်ဒါးပိုင်ကြီးကျော်ပုံအား "ရုပ်ထုတော်ရှင်မဟာမုနိကို ကန်တော့ပူဇော်ခြင်းမပြုနှင့်ဟု မသုန္ဒရေမြေနတ်သားဟန့်မြစ်ထားသည်ဖြစ်သောကြောင့် နောင်ကန်တော့မပြုရပြီဟု မိန့်တော်မူ"[၁၁၅] သည်။

ရခိုင်ပြည် နောက်ဆုံးဘုရင်ဖြစ်သော မဟာသမတရာဇာ ဖြေကြားသည့် ရာဇဝင်ကျမ်းတစ်စောင်တွင်လည်း

---

၁၁၀။ ယင်း၊ နာ/ဝမ်း၊ ၁-၃။

၁၁၁။ ၁၁၄၆ နယုန်လပြည့်ကျော်။

၁၁၂။ မဟာမုနိတည်ရှိရာအရပ်သည် ကုလားတန်မြစ်၏ အရှေ့ဘက်သုံးမိုင်ခန့်အကွာတွင် ရှိသည်။ ကုလားတန်မြစ်၏ မြစ်ခွဲတစ်ခုဖြစ်သော သီရိမာနဒီခေါ် ချောင်းငယ်တစ်ခုသည် မဟာမုနိဘုရားကုန်းအနီးတွင် စီးဝင်လျက်ရှိသည်။ ကုန်းတော်ပတ်လည်တွင်မြေပြန့်လွင်ပြင်များနှင့် တောင်ကုန်းများရှိသည်။

၁၁၃။ (က)<u>ရာဇဝင်ကြီး</u>၊ ဒ/ကျော-ဒါ/ဝမ်း။
(ခ)ငမည်၊ <u>ရာဇဝင်</u>၊ နာ/ဝမ်း-နိ/ကျော။

၁၁၄။ ငမည်၊ <u>ရာဇဝင်</u>၊ နိ/ကျော။

၁၁၅။ ငမည်၊ <u>ရာဇဝင်</u>၊ နိ/ကျော။

၁၁၆။ အေဒီ ၁၇၈၄

၁၁၇။ <u>မဟာသမတ</u>၊ ညီ/ကျော။

# ပြန်လည်သုံးသပ်ချက်

မြောက်ဦးနိုင်ငံတော်ကို စတင်ထူထောင်သည့် ၁၅ရာစုအစောပိုင်းမှ စတင်ပြီး အေဒီ ၁၆၀၀ပြည့်နှစ်များအထိ ရခိုင်၏အဓိကပြိုင်ဖက်သည် အရှေ့ဖက်တွင် တည်ရှိခဲ့သည်။ ယင်းကြောင့် မြောက်ဦးမြို့တော် ကာကွယ်ရေးစနစ်ကို တည်ဆောက်ရာတွင် မြို့တော်အရှေ့ဖက်မျက်နှာစာဖြစ်သည်။ လောင်းကြက်-ပေါင်းတုပ်လွင်ပြင်များသို့ မျက်နှာမူပြီး မြို့ရိုးနှင့်ခံတပ်များကို ဦးစားပေးတည်ဆောက်ခဲ့သည်။

ခေတ်ဟောင်းမြန်မာနိုင်ငံတွင် ဘုရင့်နောင်(၁၅၅၁-၁၅၈၁)ကို ဆက်ခံခဲ့ကြသည့် ညောင်ရမ်းဆက်မင်းများ လက်ထက်တွင် ဘုရင့်နောင်ခေတ်ကဲ့သို့ စစ်ရေးအင်အားကြီးမားမှု မရှိခဲ့ပေ။ ဘုရင့်နောင်ကဲ့သို့ ပတ်ဝန်းကျင်နိုင်ငံများသို့ နယ်ပယ်ချဲ့ထွင်မှုကိုလည်း မလုပ်ဆောင်နိုင်ခဲ့ကြပေ။ ညောင်ရမ်းခေတ်နှောင်းပိုင်းတွင် စိုးစံခဲ့ကြသည့် တနင်္ဂနွေမင်း၊ စနေမင်းနှင့် မဟာရာဇာဓိပတိတို့လက်ထက် ညောင်ရမ်းမင်းများ၏ စစ်ရေးအင်အားသည် မြောက်ဦးထီးနန်းကို ခြိမ်းခြောက် အန္တရာယ် ပြုနိုင်စွမ်းမရှိခဲ့ကြပေ။ တစ်နည်းအားဖြင့် မြောက်ဦးအင်အားနှင့် ညောင်ရမ်းခေတ် မြန်မာအင်အားကို နှိုင်းယှဉ်ကြည့်လျှင် မြောက်ဦး၏စစ်ရေး၊ စီးပွားရေးအင်အားများက သာလွန်နေသည်။

မြောက်ဦးနိုင်ငံတော်၏အနောက်ဘက်တွင်လည်း ဘင်္ဂလားဒေသသည် အင်အားကြီးမားသော အနေအထားသို့ မရောက်သေးပေ။ မဂိုအင်ပါယာအင်အားကြီးထွားလာသည်ဆိုသော်လည်း အေဒီ ၁၆၀၀ပြည့်နှစ်များထိ ဘင်္ဂလားဒေသကို မဂိုအင်ပါယာ၏နယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်စွမ်းမရှိသေးပေ။

တောင်အာရှဒေသအတွင်း အင်္ဂလိပ်နယ်ချဲ့မှုမှာလည်း ဘင်္ဂလားဒေသတွင် ကုန်တိုက်ဖွင့်ပြီး ရောင်းဝယ်သော အဆင့်မျှသာရှိသေးသည်။ ကုန်သွယ်မှုမှ တစ်ဆင့်ဒေသအတွင်း နယ်မြေသိမ်းယူပြီး ကိုလိုနီထူထောင်သည့်အဆင့်သို့ မရောက်ရှိသေးပေ။ ယင်းကြောင့် မြောက်ဦးသည် အရှေ့ဖက်နှင့်အနောက်ဖက်တွင် တည်ရှိသည့် ခေတ်ပြိုင်နိုင်ငံများ၏ ကျူးကျော်စွက်ဖက်မှုမှ ကင်းလွတ်ပြီး နိုင်ငံကို အေးချမ်းစွာ တည်ဆောက်ခွင့်ရရှိခဲ့ကြောင်း တွေ့ရသည်။

အေဒီ ၁၆၀၀ပြည့်လွန်နှစ်များတွင်မူ မဂိုဘုရင်အင်အားကြီးထွားလာပြီး တောင်ဖက်သို့ အလျင်အမြန် နယ်ပယ်ချဲ့ထွင်လာခဲ့သည်။ သိမ်းပိုက်ပြီးနယ်မြေများကို အခိုင်အမာထိန်းချုပ်ခြင်းနှင့် နယ်မြေသစ်ထပ်မံရရှိရေးအတွက် ကြိုးပမ်းခဲ့သည်။ မဂိုဧကရာဇ်ဩရန်ဇစ်(၁၆၅၈-၁၇၀၇)လက်ထက်တွင် နယ်ပယ်ချဲ့ထွင်ရေးကို အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။ ယင်းအခြေအနေတွင် ဘင်္ဂလားနယ်အတွင်း ပေါ်တူဂီပင်လယ်ဓားပြများ၏ ကျွန်ဖမ်းရောင်းချမှုကြောင့် ပေါ်တူဂီများအပေါ် အထိတ်တလန့်ဖြစ်မှုများ ပေါ်ပေါက်နေသည်။ ဒေသခံဘင်္ဂလီများသည် ရခိုင်မင်းများ၏အာဏာကို အကာအကွယ်ယူပြီး နယ်မြေအေးချမ်းမှုကို ဆောင်ရွက်မည့်အစား ဘာသာအယူတူသည့် မဂိုတို့အပေါ် ပိုမိုအားကိုးခဲ့ကြသည်။ ရခိုင်သည် ဘင်္ဂလားနယ်ကို အစဉ်အလာအုပ်ချုပ်ခဲ့သော်လည်း ယင်းနယ်အပေါ် စစ်ရေး၊ နိုင်ငံရေးအရ အားထား၍ မရတော့ရုံသာမက ရခိုင်ထီးနန်းကိုပါ ခြိမ်းခြောက်လာကြောင်း တွေ့ရသည်။

မြောက်ဦးခေတ်နှောင်းဘုရင်များသည် အင်အားကြီးထွားလာသော မဂိုအင်ပါယာ၏အင်အားကို မိမိအင်အားနှင့် ချိန်ဆပြီး နိုင်ငံကာကွယ်ရေးအတွက် စနစ်တကျစစ်ဆေးမှု၊ စီမံမှုများစွာ အားနည်းခဲ့ကြသည်။ ယင်းအချိန်က ပေါ်ပေါက်နေသည့် သံတမန်နည်းပရိယာယ်များသုံးပြီး ကြိုးပမ်းမှုများကို မတွေ့ရပေ။ မဂိုတို့အား ရန်သူသဖွယ်သဘောထားခြင်း၊ အထင်သေးခြင်းများ နှင့် မဂိုအင်အားကို ချေဖျက်မည့်နည်းလမ်းများကိုသာ အဓိကဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ယင်းသို့ မဂိုအင်အားကို အလေးအနက်မထားခဲ့သဖြင့် စန္ဒသုဓမ္မလက်ထက် ဘင်္ဂလားမှ နိုင်ငံရေးခိုလှုံလာသော မဂိုမင်းညီမင်းသားများအပေါ် ဆက်ဆံရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ခြင်းမရှိဘဲ မှားယွင်းမှုများကိုသာ ပေါ်ပေါက်စေခဲ့သည်။ ထိုစဉ်က ရခိုင်အင်အားနှင့် မဂိုအင်အားကို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များတွင် နှိုင်းယှဉ်လျှင် ရခိုင်သည်မပြောပလောက်သည့် အဆင့်မျှသာရှိခဲ့သည်။ အေဒီ ၁၆၆၆တွင် မဂိုတို့ စစ်တကောင်းနှင့် ပန်းဝါနယ်များကို တိုက်ခိုက်သိမ်းယူသွားခြင်းက မဂိုစစ်အင်အားကြီးမားမှုကို ထင်ရှားစေသည်။

မြောက်ဦးခေတ်နှောင်းတွင် ရခိုင်အရှေ့ဖက်ရှိ မြန်မာဘုရင်များသည် နိုင်ငံကို အင်အားကြီးထွားအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ အလောင်းမင်းတရားလက်ထက်မှစပြီး ကုန်းဘောင်ခေတ် မြန်မာနိုင်ငံသည် စုစည်းခိုင်မာသော မင်းဆက်သစ်နှင့် နိုင်ငံသစ်ကို တည်ဆောက်နိုင်ခဲ့သည်။ မြောက်ဦးခေတ်နှောင်းဘုရင်များသည် ပြောင်းလဲလာသည့်ဒေသဆိုင်ရာ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်ကို နားလည်မှုအားနည်းကြသည်။ သို့ဖြစ်ရာ ရခိုင်မြောက်ဦးနိုင်ငံတော်သည် အနောက်ဖက်ရှိ မဂိုအင်ပါယာ၊ အရှေ့ဖက်ရှိ မြန်မာအင်ပါယာနှင့် တောင်အာရှရောက် ဥရောပနယ်ချဲ့အင်အားစုများအကြားတွင် ညှပ်ပိတ်

ကုဲ့တကောင်နိုင်တို့၏ ပုန်ကန်မှုနှင့် ချင်းပြန်ပုန်ကန်မှုတို့ဖြစ်သည်။ ယင်းသူပုန်အုပ်စုများသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ ထိန်းချုပ်ထားသော ဘင်္ဂလားနယ်ကို အမှီပြုပြီး ပုန်ကန်ခဲ့ကြသည်။ ယင်းပုန်ကန်မှုများကြောင့် အင်္ဂလိပ်နှင့် မြန်မာမင်းတို့ အကြား နယ်စပ်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ ယင်းပဋိပက္ခများကို အကြောင်းပြုပြီး အေဒီ ၁၈၂၄ တွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲဖြစ်ပွားခဲ့ရသည်။ မြန်မာမင်း စစ်ရှုံးပြီး အေဒီ ၁၈၂၆တွင် ချုပ်ဆိုသော ရန္တပိုစစ်ရပ်စဲရေးစာချုပ်အရ ရခိုင်သည် မြန်မာမင်းအုပ်ချုပ်မှုအောက်မှ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအုပ်ချုပ်သော နယ်အဖြစ်သို့ ပြောင်းလဲကျရောက်သွားကြောင်း တွေ့ရသည်။

တပ်မှူး၊ ရဲလှရာဇသုသာရကျော်ထင်တို့ကို စစ်ကဲ၊ သူရကျော်၊ ရာဇသူကျော်တို့ကို နားခံ၊ ငမြတ်ကျော်၊ ငပေးတို့ကို တပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၁၈၁၊ လက်နက်ကိုင် ၄၈၂၊ ၃စု ၇၀၀ နှင့်တတပ်၊ မင်းရဲသူကို တပ်မှူး၊ သီရိသာရကျော်စွာ၊ ကျော်သူဇေတရစ်တို့ကို စစ်ကဲ၊ တုရင်ဝေရကျော်၊ ငရှင်ကြီးတို့ကို နားခံ၊ နန္ဒသကြံ၊ သိခ်ကျော်သူတို့ကို တပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၂၂၃၊ လက်နက်ကိုင် ၄၄၀၊ ၃စု ၇၀၀ နှင့် တတပ်၊ တပ်ပေါင်း ၆တပ်တွင်ပါသည့် မြင်း ၃၃၂၊ သေနတ် ၁၄၂၁၊ လက်နက်ကိုင် ၂၇၅၉၊ ၃စု ၄၅၁၂၊ အမြောက် ၁၀၀၊ ဆေး ၂၆၈၆၊ ကျည်စေ့ ၂၀၈၆၊ ပေးအပ်၍ လင်းပတော့ကြောင်း၊ ဗိုလ်မှူးသတိုးမင်းစောတပ်တွင် မဟာမင်းလှမင်းခေါင်၊ နေမျိုးဇေယကျော်သူတို့ကို စစ်ကဲ၊ သီရိဗလ ကျော်ခေါင်တင်၊ လက်ဝဲဥဒိန်တို့ကိုနားခံ၊ စည်သူဇေယ၊ သူရိန်ရဲတင်တို့ကို တပ်စာရေး၊ မြင်း၁၀၇၊ သေနတ် ၂၄၆၊ လက်နက် ကိုင်၁၁၃၂၊ ၃စု ၁၄၈၅ နှင့်တတပ်။ သီဟပတော့ကို တပ်မှူး၊ ရန်ခွင်းရဲလှကျော်တင်၊ ရဲတင်ဇေယကျော်တို့ကို စစ်ကဲ၊ ရာမ မဏိ၊ ငချစ်ပုံတို့ကို နားခံ၊ ဂုဏ္ဏဝေသော်၊ ဒေဝကျော်သူတို့ကို တပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၁၈၁၊ လက်နက်ကိုင် ၄၉၃၊ ၃ စု ၇၁၁ နှင့် တတပ်၊ နေမျိုးရွှေတောင်စည်သူကို တပ်မှူး၊ ရမ္မစက်၊ နစိန်းခဲတို့ကို စစ်ကဲ၊ ရန်နိုင်ကျော်တင်၊ ပုညရန်နိုင်တို့ကိုနားခံ၊ သိခ်သူ၊ ရဲခေါင်ပျံချီတို့ကို တပ်စားရေး၊ မြင်း ၃၇၊ သေနတ် ၁၈၅ လက်နက်ကိုင် ၄၈၅၊ ၃ စု ၇၀၇နှင့် တတပ်။ ဇေယရွှေတောင်နော်ရထာကို တပ်မှူး၊ ဇေယပျံချီကျော်စွာ၊ ငဘိုးကြီးတို့ကို စစ်ကဲ၊ သီရိကျော်စွာ၊ ကျော်ခေါင်အာကာတို့ကို နားခံ၊ သာရသူ၊ ငပိုးတို့ကို တပ်စာရေး၊ မြင်း ၃၃၊ သေနတ် ၂၄၀၊ လက်နက်ကိုင် ၄၂၉၊ ၃ စု ၇၀၂နှင့်တတပ်။ သေနရာဇာကို တပ်မှူး၊ ဘယသီဟ၊ သူရိန်စက္ကတို့ကို စစ်ကဲ၊ တုရင်ပုညတင်၊ဘယရာဇာတို့ကို နားခံ၊ ငမြတ်ရာ၊ ငနုတို့ကို တပ်စားရေး၊ မြင်း ၃၂၊ သေနတ် ၂၃၃၊ လက်နက်ကိုင် ၄၃၁၊ ၃စု ၆၉၆ နှင့်တတပ်၊ စက္ကကျော်ခေါင်ကို တပ်မှူး၊ တမန်သာရ ကာမဏိကျော်ခေါင်တို့ကို စစ်ကဲ၊ တမန်ပုည ပျံချီကျော်တို့ကို နားခံ၊ ပျံချီတန်ဆောင်၊ ငထွေးဖြူတို့ကို တပ်စာရေး၊ မြင်း ၃၇၊ သေနတ် ၂၀၆၊ လက်နက်ကိုင် ၄၆၃၊ ၃ စု ၇၀၆ နှင့်တတပ်။ တပ်ပေါင်း ၆ တပ်တွင် ပါသည့် မြင်း ၂၈၃၊ သေနတ် ၁၂၉၁၊ လက်နက်ကိုင် ၃၄၃၃၊ ၃စု ၅၀၀၇၊ အမြောက် ၈၀၊ ဆေး ၁၇၇၁၊ ကျည်စေ့ ၁၃၁၅၀၀၊ ပေးအပ် တော်မူ၍ မင်းတုန်းကြောင်း။ ရေကြောင်းချီနေမျိုးကျော်တင် တရဖျာကို တပ်မှူး၊ သီရိကျော်ခေါင်၊ ရဲခေါင်တုရင်တို့ကို စစ်ကဲ၊ ရဲခေါင်ကျော်တင်၊ အိန္ဒကျော်ခေါင်တို့ကို နားခံ၊ စက်ရဲကျော်၊ ငပေးတို့ကို တပ်စာရေး၊ သေနတ် ၁၂၅၊ လက်နက်ကိုင် ၄၀၅၊ ၂ စု ၅၃၀၊ အမြောက်တင်တိုက်လှေ ၁၅ နှင့်တတပ်။ နေမျိုးကျော်တင်သူရကို တပ်မှူး၊ သီဟနန္ဒ၊ သီဟကျော်ခေါင် တို့ကို စစ်ကဲ၊ အင်သည်လက်ဝဲသူ၊ ရဲလှကျော်ခေါင်တို့ကို နားခံပျံချီနေရာကျော်၊ သီဟကျော်သူတို့ကို တပ်စာရေး၊ သေနတ် ၁၇၁၊ လက်နက်ကိုင် ၃၉၃၊ ၂ စု ၅၆၄၊ အမြောက်တင်တိုက်လှေ ၁၅ နှင့်တတပ်၊ သီဟကာမဏိကျော်တင်ကို တပ်မှူး၊ စကြမင်းရဲ၊ ရဲသူရန္ဒကျော်သူတို့ကို စစ်ကဲ၊ ရာဇပျံချီ၊ ငသစ်တို့ကို နားခံ၊ ပျံချီဇေယကျော်၊ ငရွှေရတို့ကို တပ်စာရေး၊ သေနတ် ၁၈၅၊ လက်နက်ကိုင် ၄၀၅၊ ၂ စု ၅၉၀၊ အမြောက်တင် တိုက်လှေ ၁၆ နှင့်တတပ်၊ ဂန္ဒပစ္စည်းကို တပ်မှူး၊ သိခ်ဒေဝကျော်၊ အိန္ဒကျော်သူတို့ကို စစ်ကဲ၊ လက်ဝဲပတော့၊ လက်ဝဲကျော်တင်တို့ကိုနားခံ၊ ရဲကျော်ဇေယ၊ ဇေယသမန်းကျော်တို့ ကို တပ်စားရေး၊ သေနတ် ၁၅၃၊ လက်နက်ကိုင် ၃၇၁ ၂ စု ၅၂၄၊ အမြောက်တင်တိုက်လှေ ၁၉ နှင့်တတပ်၊ စက်တီအာကာ ကို တပ်မှူး၊ တုရင်စက္ကကျော်၊ လက်ဝဲရာဇာတို့ကို စစ်ကဲ၊ သီဟကျော်စွာ၊ တုရင်မြဲမြန်တို့ကိုနားခံ၊ လက်ယာရဲခေါင်ကျော် တင်၊ နတ်ပွင့်လှတို့ကို တပ်စာရေး၊ သေနတ် ၁၈၅၊ လက်နက်ကိုင် ၄၂၄၊ ၂ စု ၆၀၉၊ အမြောက်တင်တိုက်လှေ ၁၆ နှင့် တတပ်၊ ရဲကျော်တမွတ် ကျော်တင်ကို တပ်မှူး၊ လက်ယာသီဟကျော်စွာ၊ သီရိကျော်တင်တို့ကို စစ်ကဲ၊ ရဲလှကျော်တင်၊ ရန်နင်းနရာတို့ကိုနားခံ၊ စက်မှန်တင်၊ သီရိစည်သူတို့ကို တပ်စာရေး၊ သေနတ် ၁၇၄၊ လက်နက်ကိုင် ၃၈၅၊ ၂ စု ၅၅၉၊ အမြောက်တင်တိုက်လှေ ၁၅ နှင့်တတပ် ရဲခေါင်စည်သူကျော်တင်ကို တပ်မှူး၊ အာဏာကျော်စွာ၊ ပျံချီသူရိန်ကျော်တင်ကို စစ်ကဲ၊ ရဲနေစက္ကကျော်၊ ရဲပျားသူရိန်ကျော်တို့ကို နားခံ၊ ဇေယနရာ၊ ငကျော်တင်တို့ကို တပ်စာရေး၊ သေနတ် ၁၈၁၊ လက်နက်ကိုင် ၄၅၃၊ ၂ စု ၆၃၄၊ အမြောက်တင်တိုက်လှေ၁၆ နှင့် တတပ်၊ နရာသမန်းကျော်ကို တပ်မှူး၊ နရာနန္ဒကျော်၊ ဇေယဥဒိန်တို့ကို စစ်ကဲ၊ တုရင်လှ၊ ငချမ်းသာတို့ကို နားခံ၊ ငကြီး၊ ငကျော်အောင်တို့ကို တပ်စာရေး၊ သေနတ် ၁၇၄၊ လက်နက်ကိုင် ၇၀၅၊ ၂စု ၈၇၉၊ အမြောက်တင်တိုက်လှေ ၁၄ နှင့်တတပ်၊ သီရိနန္ဒကျော်သူကို တပ်မှူး၊ ဒိပ္ပကျော်ခေါင်၊ သိခ်နန္ဒကျော်သူတို့ကို စစ်ကဲဇေယဗလ၊ သိဒ္ဓိသူရကျော်တို့ကို နားခံ၊ ပျံချီဝေသာ၊ သီရိကျော်တို့ကို တပ်စာရေး၊ သေနတ် ၁၆၈၊ လက်နက်ကိုင် ၃၈၅၊ ၂ စု ၅၅၃၊ အမြောက်တင်တိုက်လှေ ၁၅ နှင့် တတပ်၊ သီဟနော်ရထာကို တပ်မှူး၊ အင်သည်ကျော် ရဲခေါင်ဇေယကျော်သူတို့ကို စစ်ကဲ၊ ရဲသူဇေတ၊ နရရန်အောင်တို့ကို နားခံ၊ ရဲလှကျော်ခေါင်၊ ဇေတုတမန်တို့ကို တပ်စာရေး၊ သေနတ် ၁၆၈၊ လက်နက်ကိုင်၃၈၅၊ ၂ စု ၅၅၃၊ အမြောက်တင်တိုက်လှေ ၁၅ နှင့်တတပ်၊ ရေကြောင်းချီတပ်ပေါင်း ၁၁ တပ်တွင် တိုက်လှေစီးအရာရှိ ၇၇၊ သေနတ် ၁၈၄၈ လက်နက်ကိုင် ၄၃၉၆၊ အမြောက်တင်တိုက်လှေ ၁၆၅၊ အမြောက် ၆၃၃၊ အမြောက်ကျည်စေ့ ၄၁၄၀၀၊ သေနတ်ကျည်စေ့ ၇၆၉၅၀၀၊ မီးကျောက် ၁၆၁၈၅ပေးအပ်တော်မူ၍ ရေကြောင်း၊

သံတော်ဦးတင်လာစေ၊ တရားမတည်သော ရခိုင်ဓညဝတီတိုင်းနိုင်ငံသည် ရွှေဘုန်းတော်မြတ်ကြောင့် အရေးတော်အလှင်ပြီး ပြေလွယ်မည်ဖြစ်သည်။ အရေးတော်ပြီးပြေကုန်တွင် တောပုံတောင်ခြေနေထိုင်သည့် သူတို့ကို သူရဲသူခက်တို့ ၁၀ ချင်း ငါးယောက်ချင်း မလိုက်မရှာစေနှင့် စီရင်ခင်းစီရင်ဘွယ်ရှိသမျှကို အမှုတော်ပြီး ပြေကုန်တွင် လွယ်အောင်စီရင်၊

သက္ကရာဇ် ၁၁၄၆ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့လွှတ်တော်တွင် အိမ်ရှေ့မင်းကို ပြန်၍အပ်သည့်အမိန့်တော် ပြန်တမ်း။

(မျိုးကြည့်၊ ပု၊ ၃၅၆)

ROB, IV, PP. 388-395.

# ပေမူများ

| | |
|---|---|
| ကဝိသာရ | ရခိုင်အရေးတော်ပုံ၊ ပေမူ၊ ကျမ်းပြီးနှစ် ၁၁၄၉၊ ရန်ကုန်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ် ၄၉၈၈၇။ |
| | ခုနှစ်ရာကိုးဆယ့်နှစ်(၇၉၂)မြောက်ဦးမြို့တော် မြို့တံဆိပ်ခပ်စာတမ်း(ပေကူးလက်ရေးမူ) |
| ငမည် | ငမည်ရာဇဝင်၊ ပေမူ၊ ကျမ်းပြီးနှစ်၊ သက္ကရာဇ် ၁၂၀၄ ခု။ |
| | င/လက်ရုံးသိုက်ကျမ်း၊ ပေမူ၊ ရန်ကုန်၊ တကက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။ |
| စည်သူဂါမဏိကြီ | ရက္ခိုင်ရာဇဝင်၊ ပေမူ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ် ၂၈၉၄၅၅။ |
| ဇေယျကျော်ထင် | မဇ္ဈိမဒေသအရေးတော်ပုံ၊ ပေမူ၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။ |
| | မင်းရာဇာကြီးစာတမ်း၊ ပေမူ၊ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်။ |
| | ရခိုင်မဟာသမတရာဇာရာဇဝင်၊ ပေမူ၊ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်။ |
| | ရခိုင်ရာဇဝင်ကြီး၊ ပေမူ၊ ရန်ကုန်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ကိုယ်ပိုင်အမှတ် ၉၈၃၇။ |
| | ရခိုင်ရာဇဝင်ကျောက်ရိုး၊ (ပေမူ)၊ ကျမ်းပြီးနှစ် ၁၂၃၈၊ စစ်တွေ၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်။ |
| | ရခိုင်သဝဏ်ကျမ်း(ပေမူ)၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ စစ်တွေမြို့။ |
| | သက္ကရာဇ် ၇၉၃ ခု မင်းစောမွန်ရွှာတည်ခန်း(ပေကူးလက်နှိပ်စက်မူ) |

# တစ်ဆင့်ခံအထောက်အထားများ


| | |
|---|---|
| ကဝိသာရ | မဟာပညာကျော် လျှောက်ထုံး၊ (ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄) |
| ကုလား၊ ဦး | မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ (ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀) |
| ကျော်ကျော်လှ၊ ဦး | ရန်အောင်ဇေယျခေါ် သျှစ်သောင်းဘုရားပုထိုးတော်ကြီးသမိုင်းနှင့် အာနန္ဒစန္ဒြမင်းကျောက်စာ (လက်နှိပ်စက်မူ)၊ (မြောက်ဦးမြို့၊ သျှစ်သောင်းဘုရားဂေါပကအဖွဲ့၊ ၁၉၉၃) |
| ကျော်ဝင်း၊ ဦး | "တောင်ငူခေတ်လူမှုရေး" တက္ကသိုလ်ပညာပဒေသာစာစောင်၊ ဝိဇ္ဇာ၊ အတွဲ ရ၊ အပိုင်း ၂၊ ၁၉၇၂။ |
| ကျိန်းကျွန်သား | "ရှေးဟောင်းရခိုင်ပြည်အုပ်ချုပ်ရေးစနစ်" ရခိုင်မဂ္ဂဇင်း" အမှတ် ၃၊ ၁၉၉၆။ |
| ခင်မောင်ညွှန့်၊ ဒေါက်တာ | "၁၇ ရာစု ရခိုင်ပြည်ပရောင်းဝယ်ရေး" တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၉၊ အပိုင်း ၂၊ ၁၉၇၃။ |
| ခင်မောင်ညွှန့်၊ ဒေါက်တာ | "ဒတ်ချ်-မြန်မာဆက်ဆံရေး" တက္ကသိုလ်ပညာပဒေသာဝိဇ္ဇာစာစောင်၊ အတွဲ ၇၊ အပိုင်း ၄၊ ၁၉၇၂။ |
| ခင်မောင်ညွှန့်၊ ဒေါက်တာ | "၁၇ ရာစုဒတ်ချ်-ရခိုင်ဆက်ဆံရေး"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊အတွဲ ၈၊ အပိုင်း ၁။ |
| စန္ဒမာလာလင်္ကာရ | ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၊ (မန္တလေး ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၂၉၃)။ |
| စန္ဒမာလာလင်္ကာရ | ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ (ရန်ကုန် ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၂၉၃)။ |
| စံသာအောင်၊ ဦး | ရခိုင်ဒင်္ဂါးများ၊ (ရန်ကုန်၊ ဒေါ်စောစောစာပေ၊ ၁၉၇၉) |
| တက်ထွန်းနီ | "မြောက်ဦးခေတ်လယ် ဆန်စပါးရောင်းဝယ်ရေး" ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ (ရန်ကုန်တက္ကသိုလ်၊ ရခိုင်စာ/ယဉ်ကော်မတီ/ ၁၉၇၇-၇၈)။ |

# Foot Notes

၁။ ရခိုင်ရာဇဝင်ကြီး၊ ပေမူ(ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ်၊ ၉၈၃၇)၊ ဈား/ကျော-ထား/ဝမ်း။ (နောင်ဤကျမ်းကိုကိုးထားလျှင် ရာဇဝင်ကြီး ဟု ဖော်ပြပါမည်။)

၂။ ယင်း၊ ဗဲ/ဝမ်း-ထား/ဝမ်း။

၃။ (က) San Shwe Bu: "The Legend of the Early Aryan Settlement of Arakan", JBRS, Vol. 2, Part 2, 1921, PP. 66-69. (Hereafter this work will be referred to as San Shwe Bu: " Aryan Settlement)".

(ခ) San Shwe Bu: "The Coronation of King DathRaja (1153-1165 A.D), JBRS, Vol. 7, Part 2, 1917, PP.181-184.

၄။ ရခိုင်ရာဇဝင်ကျောက်ရိုး၊ ပေမူ၊ ကျမ်းပြီးနှစ်၊ ၁၂၃၈။ (စစ်တွေ၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၊ ဝမ်း/၁။

၅။ ရာဇဝင်ကြီး၊ ထား/ဝမ်း၊ ၇-၈။

၆။ autocratic monarchies

၇။ ကုလားကဘုရားကျောက်စာ၊ သက္ကရာဇ် ၉၀၇၊ ကြောင်း ၁။

၈။ (က) တေဇရာမကျောက်စာ၊ သက္ကရာဇ် ၁၀၇၃၊ ကြောင်း ၃။

(ခ) ကြေးအမြောက်စာ၊ သက္ကရာဇ် ၁၁၀၃၊ ကြောင်း ၁။

၉။ သရက်တပင်တောင်မော်ဘုရားကျောက်စာ၊ သက္ကရာဇ် ၉၀၇၊ ကြောင်း ၈-၉

၁၀။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ စွန့်ကြဲပေးကမ်းခြင်း၊ ဖြောင့်မတ်ခြင်း၊ စိတ်နူးညံ့ခြင်း၊ ခြိုးခြံခြင်း၊ ဥပုသ်စောင့်ထိန်းခြင်း၊ အမျက်မထွက်ခြင်း၊ မညှင်းဆဲခြင်း၊ သည်းခံခြင်း၊ ပြည်သူနှင့်မဆန့်ကျင်ခြင်း။ (ကဝိသာရ၊ မဟာပညာကျော်လျှောက်ထုံး၊ (ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄)၊ စာ ၁၁၀၊ နောင် ဤစာအုပ်ကို ကိုးကားလျှင် ကဝိသာရ၊ လျှောက်ထုံးဟု ဖော်ပြပါမည်။)

၁၁။ အခွန်အတုပ်ပြည်သူတို့၌ ဆယ်ဘို့တစ်ဘို့ ခံယူရာလွန်စွာမပြုခြင်း၊ မင်းမှုထမ်းစွဲမြဲသူတို့အား ရိက္ခာဝတ်စားပေးကမ်းခြင်း၊ ဆင်းရဲသားပြည်သူတို့အား ဥစ္စာရင်းနှီးပေးကမ်းခြင်း၊ ဆွေကြီးမျိုးကြီးသူတော်ကောင်း ပညာရှိတို့အား ချစ်ဖွယ်သော စကားကို ဆိုတတ်ခြင်း။ (ကဝိသာရ၊ လျှောက်ထုံး၊ စာ -၁၁၄)

၁၂။ ပညာရှိမှူးကောင်းမတ်ကောင်းတို့နှင့် ပစ္စုပ္ပန်သံသရာ တိုင်းပြည်သာယာသောအကြောင်းများကို မပြတ်စည်းဝေးပြောဆိုခြင်း၊ ရှေးမင်းကောင်းမင်းမြတ်တို့ ထုံးဥပဒေပြုလျက် ကောင်းသောအမှုပညတ်ထားခဲ့သည်ကို မဖောက်မပြန်ခြင်း၊ သူတော်မြတ်တို့အား ဂါဝရတရားမပြတ်ပြု၍ ကောင်းသောစကားကို နားထောင်ခြင်း၊ သွမ်းသွပ်၍ သူ့မယားသားတို့ကို ကျူးလွန်စွာ မပြုခြင်း၊ ပြည်တွင်းပြည်ပစောင့်နေကုန်သော သမ္မာဒေဝနတ်တို့အား နတ်စာအပြတ်ပေးခြင်း၊ ရဟန်းသံဃာ တို့၌ ကောင်းသောအကျင့်ကို ကျင့်ရာသောအကြောင်း ပညတ်စောင့်ရှောက်ခြင်း၊ တိုင်းတစ်ပါး၌ ရှိသော သူတော်ကောင်း ပညာရှိတို့အား ရောက်ပေါက်ပေးကမ်း၍ မင်းချင်းမိတ်ဆွေဝင်ခြင်း။ (ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၁၁၃-၁၁၄)။

၁၃။ Heartland

၁၄။ မော်သူဇာ၊ ဒါဂါ၊ ဂုံဘီလာ၊ သီလပ်၊ ပဋိက္ကရား၊ ဂင်္ဂါသာရ၊ စစ်တကောင်း ဂေါ်တော်ပလ္လင်၊ ကံသာ၊ တလိဂ်ိ၊ ဘာရိသတ်၊ ရောင်ပူ၊ (မင်းရာဇာကြီး စာတမ်း၊ ရန်ကုန်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ခါ/ဝမ်း-ခါ/ကျော၊ နောင်ဤကျမ်း ကို ကိုးကားလျှင် မင်းရာဇာကြီး ဟု ဖော်ပြပါမည်။)

၁၅။ ဦးပဏ္ဍိ၊ ဓညဝတီရာဇဝင်သစ်၊ (ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၁၀)၊ စာ-၁၄၉(နောင်ဤကျမ်းကို ကိုးကားလျှင် ပဏ္ဍိ၊ ဓညဝတီသစ် ဟု ဖော်ပြပါမည်။)

၁၆။ Sylhet

၁၇။ Mushedabad

၁၈။ Dacca

၁၉။ M.S. Collis in Collaboration with San Shwe Bu: (က) San Shwe(က) San Shwe "Arakan's Place in the Civilization of the Bay", JBRS, Fiftieth Anniversary Publications No.2, (Rangoon, 1960), P. 495. (Hereafter this work be referred to as Collis: "Arakan's Place")

၄၉။ Sebastien Manrique: Travels of Fray Sebastien Manrique, 1629-1643, (London, Travel of Fray sebastien Manrique, 1629-1643, (London, Hukluyt Society, 1927), P. 369. (Hereafter this work will be referred to as Manrique: Travels)

၅၀။ (က)Collis: "Great Image, PP. 238-244
(ခ)စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ၊ ၁၈၅။

၅၁။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊စာ၊ ၂၀၈။

၅၂။ (က)ရာဇဝင်ကြီး၊ လဲ/ဝမ်း ၁-၆။
(ခ)ပဏ္ဍိညေဝတီသစ်၊ စာ-၂၁၉။
(ဂ)M.S Collis: "The Strange Murder of King Thirithudhama" , JBRS, Vol. 13, Part. 3. 1923, PP. 236-243.

၅၃။ ရာဇဝင်ကြီး၊ လဲ/ဝမ်း၊ ၇-၈။

၅၄။ ကဝိသာရ၊ ရခိုင်အရေးတော်ပုံ၊ ပေမူ၊ ကျမ်းပြီးနှစ် ၁၁၄၉၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ကိုယ်ပိုင်အမှတ် ၄၉၈၈၇၊ ကော/ကျော ၂-၆။

၅၅။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ စာ-၂၀၄။

၅၆။ ငမည်။ ရခိုင်ရာဇဝင်၊ ပေမူ၊ ကျမ်းပြီးနှစ် ၁၂၀၄၊ တု/ဝမ်း ၁-၂ (နောင်တွင် ဤကျမ်းကို ကိုးကားလျှင် ငမည်၊ ရာဇဝင် ဟု ဖော်ပြပါမည်။)

၅၇။ ဦးစံသာအောင်၊ ရခိုင်ဒင်္ဂါးများ (ရန်ကုန်၊ ဒေါ်စောစောစာပေ ၁၉၇၉၊ စာ-၅၁။ (နောင်ဤစာအုပ်ကို ကိုးကားလျှင် စံသာအောင်၊ ရခိုင်ဒင်္ဂါးဟု ဖော်ပြပါမည်။)

၅၈။ ငမည်၊ ရာဇဝင်၊ တု၊ ကျော၊ ၇-၈။

၅၉။ စံသာအောင်၊ ရခိုင်ဒင်္ဂါး၊ စာ၊ ၅၁။

၆၀။ D.G.E. Hall: Europe and Burma, (London, Oxford University Press, 1945), P. 45.

၆၁။ Shah Shuja

၆၂။ Aurungzeb

၆၃။ Mecca

၆၄။ Mir Jumla

၆၅။ ဒေါက်တာခင်မောင်ညွန့်၊ " ၁၇ ရာသစုဒတ်ချ်-ရခိုင်ဆက်ဆံရေး"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊အတွဲ၈၊ အပိုင်း၁။စာ-၁၀၅ (နောင်တွင် ဤစာတမ်းကို ကိုးကားလျှင် ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"ဟုဖော်ပြပါမည်။

၆၆။ (က)Hall: Dutch Relations", P. 89
(ခ)ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ ၁၀၅။

၆၇။ Gerrit Van Voorburg

၆၈။ Hall: "Dutch Relations", PP. 90-91

၆၉။ D.G.E. Hall

၇၀။ (က)D.G.E. Hall: A History of South-East Asia, (London, Macmillian & Co., Ltd. 1958), P. 339. (Hereafter this work will be referred to as Hall. South-East Asia)
(ခ)ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ ၁၀၅-၁၀၆။

၇၁။ Ganges

၇၂။ Miersia Olibeck

၇၃။ ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၆။

၇၄။ (က)Hall: "Dutch Relations", P. 91
(ခ)ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၇။

၇၅။ ခင်မောင်ညွန့်၊ "ဒတ်ချ်-ရခိုင်"၊ စာ-၁၀၇။

၇၆။ Shayisa Khan

၁၁၄။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု-စာ-၂၄၃။
၁၁၅။ (က)ရာဇဝင်ကြီး၊ ဓော်/ကျော၊ ၁-၈။
(ခ)စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု-စာ-၂၄၅။
၁၁၆။ (က)ရာဇဝင်ကြီး၊ ဏံ/ဝမ်း၊ ၂-၄။
(ခ)ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၂၂၇။
၁၁၇။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ၊ ၂၂၈။
၁၁၈။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ၊ ၂၂၈။
၁၁၉။ ယင်း ၊ စာ-၂၂၈-၂၂၉။
၁၂၀။ ဦးကျော်ဝင်း၊ "တောင်ငူခေတ်လူမှုရေး" ၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ ဝိဇ္ဇာ၊ အတွဲရ၊ အပိုင်း၂၊ စာ-၁၂၃။
၁၂၀။ Hall: South-East Asia, P. 342.
၁၂၂။ G.E. Harvey: History of Burma, (London, Frank Cass & Co., Ltd. 1967), P. 148
၁၂၃။ ရာဇဝင်ကြီး၊ ဏံ/ဝမ်း၊ ၁-၂။
၁၂၄။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု-စာ-၂၄၆။
၁၂၅။ ရာဇဝင်ကြီး၊ ဏံ/ဝမ်း၊ ၁-၂။
၁၂၆။ ငမည်၊ ရာဇဝင်၊ ဒ/ဝမ်း၊ ၂-၃။
၁၂၇။ ရာဇဝင်ကြီး၊ တိ/ကျော၊ ၁-တီ/ဝမ်း ၁-၄။
၁၂၈။ ယင်း၊ တီ/ဝမ်း ၅-တု/ဝမ်း ၁-၂။
၁၂၉။ ယင်း ၊ တု/ကျော၊ ၁-၇။
၁၃၀။ ရာဇဝင်ကြီး၊ တု/ကျော-တူ/ဝမ်း။
၁၃၁။ ယင်း၊ တူ/ဝမ်း ၃-၄။
၁၃၂။ (က)စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု-စာ-၂၆၄-၂၆၅။
(ခ)ရာဇဝင်ကြီး၊ တူ/ဝမ်း၊ ၁-၈။ တော/ဝမ်း ၁-၈။
၁၃၃။ ရာဇဝင်ကြီး၊ တ/ဝမ်း၊ ၁-၂။
၁၃၄။ ယင်း၊ တော်/ဝမ်း ၁။
၁၃၅။ ယင်း၊ တော်/ဝမ်း ၁-၈။
၁၃၆။ ယင်း၊ တော်/ဝမ်း ၁-၈
၁၃၇။ (က)ငမည်၊ ရာဇဝင်၊ ဒဲ/ကျော၊ ၄-၈။
(ခ)ရာဇဝင်ကြီး၊ တော်/ဝမ်း၊ ၁-၈။ တော်/ကျော ၁-၈။
၁၃၈။ ရာဇဝင်ကြီး၊ တော်/ကျော-၃-၈။ တံ/ဝမ်း ၁-၈။
၁၃၉။ ယင်း၊ တော်/ကျော-၅-၈-တံ/ကျော ၁-၈။
၁၄၀။ ရာဇဝင်ကြီး၊ တံ/ကျော ၅-၆။
၁၄၁။ (က)ငမည်၊ ရာဇဝင်၊ ဒါး/ဝမ်း ၁-၈။
(ခ)ရာဇဝင်ကြီး၊ တံ/ကျော။ ၇-၈။
၁၄၂။ ရာဇဝင်ကြီး၊ ထား/ဝမ်း ၁-၈-ထ/ကျော ၁-၆။
၁၄၃။ ရာဇဝင်ကြီး၊ ထ/ကျော ၇-၈။
၁၄၄။ ယင်း၊ ထာ/ဝမ်း ၁-၈-ထိ/ကျော ၁-၈။
၁၄၅။ ယင်း ထိ/ကျော ၈-ထိ/ဝမ်း ၁-၇။
၁၄၆။ (က)ငမည်၊ ရာဇဝင်၊ မိ/ကျော၊ ၁။
(ခ)ရာဇဝင်ကြီး၊ ထီ/ကျော။ ၁-၈။
၁၄၇။ ရာဇဝင်ကြီး၊ ထု၊ ဝမ်း။ ၅-၆။

စည်ကားလာခြင်းလည်း တစ်ပါး၊ ရဲမက်ဗိုလ်ပါဆင်မြင်း စသော လက်နက်မီးပေါက်များခြင်းလည်းတစ်ပါး၊ ကဝိသာရ (လျှောက်ထုံး၊ စာ-၈၄-၈၅)

၁၇၆။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၂၅၅-၂၅၆။

၁၇၇။ မောင်မောင်တင်၊ ကုန်းဘောင်ဆက်၊ ဒု၊ စာ-၁၇။

၁၇၈။ ROB IV.P. 411

၁၇၉။ ပဏ္ဍိ၊ ဓညဝတီသစ်၊ စာ-၂၄၉။

၁၈၀။ Dynastic Symbol of Arakan

၁၈၁။ Collis:"Arakan's Place" PP. 498-499

၂၃။ (က) ရာဇဝင်ကြီး၊ ညီ/ဝမ်း။
(ခ) စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ-၂၃။

၂၄။ Manrique.

၂၅။ Manrique: Travels, PP. 217-218.

၂၆။ ဦးဦးသာထွန်း၊"မင်းဗာဘုရင်ပြန်တမ်း ၁၃-ရပ်"ဦးရစ်မြေမဂ္ဂဇင်း(ရန်ကုန်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၆) စာ-၂၉။

၂၇။ စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု၊ စာ-၂၄၃။

၂၈။ Peroem; မင်းရာဇာကြီးလက်ထက်တွင် ပဲရွှမ်းမြို့ကို ပဲရွှမ်းရွာဟု ဖော်ပြသည်။ (ရာဇဝင်ကြီး၊ ဋ္ဌော်/ဝမ်း)။

၂၉။ Ramu

၃၀။ Karanaphuli River

၃၁။ Manrique : Travels, P.P 172-173.

၃၂။ Ibid, P. 218.

၃၃။ Venice

၃၄။ (က) Manrique: Travels, PP. 217-218.
(ခ) ၇၉၂ မြောက်ဦးမြို့တော်မြို့တံဆိပ်ခပ်စာတမ်း၊ (ပေမူ)၊ ကိ/ကျော။ တော်/ကျော။ (နောင်ကိုးကားလျှင် မြို့တံဆိပ်ခပ်ဟု ဖော်ပြပါမည်။)

၃၅။ Collis: Great Image. P. 146

၃၆။ Lbid, P. 146.

၃၇။ မင်းစောမွန်ရွာတည်ခန်း၊ စာ၊ ၁-၁၅။

၃၈။ (က) ရာဇဝင်ကြီး၊ ညီ/ဝမ်း။
(ခ) စန္ဒမာလာလင်္ကာရ၊ ရခိုင်သစ်၊ ဒု။ စာ-၂၄။
(ဂ) စည်သူဂါမဏိသင်္ကြံ၊ ရခိုင်ရာဇဝင်၊ ပေမူ၊ (ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တိုက်ပိုင်အမှတ် ၂၈၉၄၅၅)၊ ဂါ/ကျော။ (နောင်ကိုးကားလျှင် ဂါမဏိသင်္ကြံ။ ရခိုင်ရာဇဝင် ဟု ဖော်ပြပါမည်။)

၃၉။ ရာဇဝင်ကြီး၊ ငို/ဝမ်း - ငျ/ကျော။ ၁-၈။

၄၀။ ဒေါက်တာခင်မောင်ညွန့်၊ "၁၇ ရာစုရခိုင်ပြည်ပရောင်းဝယ်ရေး"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ ဝိဇ္ဇာ၊ အတွဲ ၉။ အပိုင်း ၂။ ၁၉၇၃။ စာ-၉၅။ (နောက်ကိုးကားလျှင် ခင်မောင်ညွန့် "ရခိုင်ပြည်ပရောင်းဝယ်ရေး" ဟုဖော်ပြပါမည်)

၄၁။ Collis: Great Image, PP. 145-146, 148.

၄၂။ (က) ဦးဦးသာထွန်း၊ ရှေးဟောင်းရခိုင်ကျောက်စာများ၊ လက်နှိပ်စက်မူ။ (ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ခုနှစ်မပါ။) စာ၊ ၈-၇၅ (နောက်ကိုးကားလျှင် ဦးသာထွန်း၊ (ရခိုင်ကျောက်စာ)ဟု ဖော်ပြပါမည်။)
(ခ) ဇုန္ဒတ်လကျာ်ပျံချီကျောက်စာ၊ သက္ကရာဇ် ၉၈၄/၉၈၇။
ကြောင်း ၁-၁၀။

၄၃။ "ရမ္မဝတီစစ်တမ်း" JBRS, Vol. 9, Part I, 1919, PP. 45-47. (နောင်ကိုးကားလျှင် "ရမ္မာဝတီစစ်တမ်း" ဟု ဖော်ပြ ပါမည်။)

၄၄။ ယင်း၊ စာ၊ ၄၅-၄၆။

၄၅။ ဦးသာထွန်း ရခိုင်ကျောက်စာ၊ စာ၊ ၈-၇၅။

၄၆။ နန်းထိုက်စံ၊ မြောက်ဦးခေတ်တရားစီရင်ရေး "မြောက်ဦးမဂ္ဂဇင်း၊ ရန်ကုန်၊ မြောက်ဦးမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။ ၁၉၉၆။ စာ ၉၄-၉၆။

၄၇။ ရခိုင်ညွှန့်ဖူးယဉ်ကျေးမှုဆောင်းပါးများ၊ (ရန်ကုန်၊ ပညာဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၆၈) စာ - ၁၅၅-၁၅၆ (နောင်ကိုး ကားလျှင် ရခိုင်ညွှန့်ဖူး ဟု ဖော်ပြပါမည်။

၄၈။ သက္ကရာဇ် ၁၀၇၈။

၄၉။ ဦးသာထွန်း၊ ရခိုင်ကျောက်စာ၊ စာ၊ ၆၈-၇၃။

၇၈။ Hindu
၇၉။ Mohammedan
၈၀။ Armenian
၈၁။ Malacca
၈၂။ Hall: Dutch RElations, P. 94.
၈၃။ Royal Monopoly Rate
၈၄။ တက်ထွန်းနီ၊ "ဆန်ရောင်းဝယ်ရေး" စာ - ၅၅။
၈၅။ သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ - ၆၀။
၈၆။ ယင်း၊ စာ - ၆၁ - ၆၂။
၈၇။ တစ်သွဂါ = ၂၅ ကျပ်။ ယင်းအချိန်ကပုံမှန်သတ်မှတ်ထားသည့် အကောက်နှုန်းမှာ စပါး ၁၀၀ အတွက် နှစ်သွဂါ ဖြစ်သည်။ (သာထွန်းအောင် မဟာရာဇဝင်၊ စာ - ၆၂။
၈၈။ ဒိုင်းကျီအစို့ဟူသည်မှာ စပါးသယ်ယူပြောင်းရွှေ့ရေးတာဝန်များကို ထမ်းဆောင်ရသော အလုပ်သမားအစုကို ခေါ်သည်။
၈၉။ ဆတ်မော်ကွန်းဟုလည်း ခေါ်သည်။ (တက်ထွန်းနီ၊ "ဆန်ရောင်းဝယ်ရေး"၊ စာ- ၅၅။)
၉၀။ သင်္ဘော၊ သမ္ဗန်၊ လှေအဝင်အထွက်ကို ကြီးကြပ်အုပ်ချုပ်ရသော အရာရှိ။
၉၁။ သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ ၆၃ - ၆၄။
၉၂။ လယ်လုပ်သူပြည်သူများစပါး၊ ဝါဂွမ်းရောင်းရငွေများထဲမှ ပြည်ကျိုးဆောင်ဘဏ္ဍာအတွက် ငါးရာခိုင်နှုန်းဖြတ်တောက် ကောက်ခံသည်။ (သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ - ၆၄။
၉၃။ သာထွန်းအောင်၊ မဟာရာဇဝင်၊ စာ - ၆၄။
၉၄။ တက်ထွန်းနီ၊ "ဆန်ရောင်းဝယ်ရေး"၊ စာ - ၅၇။
၉၅။ (က) Hall: "Dutch Relations", PP. 68, 78, 81.
(ခ) ဒေါက်တာခင်မောင်ညွန့်၊ "ဒတ်ချ် - မြန်မာဆက်ဆံရေး" တက္ကသိုလ်ပညာပဒေသာဝိဇ္ဇာစာစောင်၊ အတွဲ ၇၊ အပိုင်း ၄၊ ၁၉၇၂၊ စာ - ၁၀၃။
၉၆။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ - ၉၃။
၉၇။ Hall "Dutch Relations", P. 82.
၉၈။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ - ၉၃။
၉၉။ Hall: "Dutch Relations", P. 82.
၁၀၀။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ - ၉၅။
၁၀၁။ Carra: one Carra = Dutch 420 or 440 Lbs.
၁၀၂။ Tanga: The official Mughal Curreney before the Ruppe: one Silver Coin = 2 Shillings (Hall; "Dutch Relations", P. 80)
၁၀၃။ Hall: "Dutch Relations", P. 81.
၁၀၄။ (က) ခင်မောင်ညွန့် "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ၊ ၉၆။
(ခ) Hall: "Dutch Relations", P. 86.
၁၀၅။ ခင်မောင်ညွန့် "ဒတ်ချ် - ရခိုင်" ၊ စာ ၊ ၁၀၃။
၁၀၆။ (က) Hall: "Dutch Relations", P. 81.
(ခ) ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၊ ၉၉။
၁၀၇။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး"၊ စာ ၊ ၉၆။
၁၀၈။ ခင်မောင်ညွန့်၊ "ရခိုင်ပြည်ပရောင်းဝယ်ရေး" ၊ စာ ၊ ၉၆။
၁၀၉။ Trippera
၁၁၀။ (က) Hall; "Dutch Relations", PP. 78 - 80.

၂၂။ ရခိုင်ညွှန့်ဖူး၊ စာ-၁၅၁။ ဒါးပိုင်ကြီးကိုဟရဇားကြီးဟုလည်းခေါ်သည်။
၂၃။ မင်းရာဇာကြီး၊ ဃါ/ဝမ်း ၂။
၂၄။ ယင်း၊ ဃါ/ဝမ်း ၃။
၂၅။ ယင်း၊ ဃါ/ဝမ်း ၄။
၂၆။ ယင်း၊ ဃါ/ဝမ်း၊ ၄-၅။
၂၇။ မင်းရာဇာကြီး၊ ဃါ/ဝမ်း ၆။
၂၈။ ယင်း၊ ကော်/ဝမ်း။
၂၉။ ယင်း၊ ကံ/ဝမ်း။
၃၀။ မင်းရာဇာကြီး၊ ဃါ/ဝမ်း၊ ၅-၆။
၃၁။ ယင်း၊ ကံ/ဝမ်း ၄။
၃၂။ ယင်း၊ ဃါ/ဝမ်း၆-၇။
၃၃။ (က)ဂါမဏိသင်္ကြံ၊ ရခိုင်ရာဇဝင်၊ ညေ/ဝမ်း။
(ခ)ရခိုင်၊ စာ-၁၄၉။
၃၄။ မင်းရာဇာကြီး၊ ကော်/ကျော။
၃၅။ ရခိုင်ညွှန့်ဖူး၊ စာ-၁၅၀-၁၅၈။
၃၆။ ယင်း၊ စာ-၁၅၅-၁၅၆။
၃၇။ မင်းရာဇာကြီး၊ ဂ/ကျော၊ ၈။
၃၈။ ရခိုင်၊စာ-၁၄၉။
၃၉။ မင်းရာဇာကြီး၊ ကေ/ဝမ်း။
၄၀။ (က)င/လက်ရုံးသိုက်ကျမ်း၊ ပေမူ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ (နောင်ကိုးကားလျှင်င/လက်ရုံးသိုက် ဟု ဖော်ပြပါမည်။)
(ခ)ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၈-၉၊ ၂၈/၃၃။
(ဂ)ရခိုင်သဝဏ်ကျမ်း၊ (ပေမူ) ၊ ကာ/ကျော-ကီ၊ ဝမ်း။
၄၁။ ကဝိသာရ၊ လျှောက်ထုံး၊ စာ၊ ၂၅-၃၁။
၄၂။ မင်းရာဇာကြီး၊ ကူ/ကျော-ကေ/ဝမ်း။
၄၃။ ယင်း၊ ဃိ/ကျော။
၄၄။ ယင်း၊ ကော်/ကျော-ကံ/ဝမ်း။
၄၅။ မင်းရာဇာကြီး၊ ဃိ/ကျော။
၄၆။ ယင်း၊ ဃ/ကျော။
၄၇။ Dr. Than Tun (ed): The Royal Orders of Burma, A.D. 1598-1885, Part Five, A.D. 1788-1806, (Kyoto, The Centre For Southeast Asian Studies, 1986), P. 438.
၄၈။ ကဝိသာရ၊ လျှောက်ထုံး၊ စာ-၂၈။
၄၉။ ကဝိသာရ၊ လျှောက်ထုံး၊ စာ-၃၂။
၅၀။ မင်းရာဇာကြီး၊ ဃိ/ဝမ်း ၇-ဃိ/ကျော ၁-၄။
၅၁။ ယင်း၊ ဂါ/ဝမ်း။
၅၂။ ယင်း၊ ကေ/ဝမ်း ၂။
၅၃။ ယင်း၊ ဂ/ကျော။
၅၀။ မင်းရာဇာကြီး၊ ဃိ/ဝမ်း ၇-ဃိ/ကျော ၁-၄။
၅၁။ ယင်း၊ ဂါ/ဝမ်း။
၅၂။ ယင်း၊ ကေ/ဝမ်း။
၅၃။ ယင်း၊ ဂ/ကျော။

၉၃။ (က)ထွန်းရွှေခိုင်၊ ရခိုင်ရှေးဟောင်းမြို့တော်များ၊ (ရန်ကုန်သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၉၈၅)၊ စာ၊ ၄၂။
(ခ)မြို့တံဆိပ်ခပ်၊ ကာ/၁။

၉၄။ ရခိုင်၊ စာ ၊ ၁၅၇။

၉၅။ ငြ/လက်ရုံးသိုက်၊ ဂဲ/ဝမ်း-ဂဲ/ကျော။

၉၆။ ယင်း၊ ဂဲ/ကျော၊ ၂။

၉၇။ ဒီရေ

၉၈။ ယင်း၊ ဂဲ/ကျော ၅-၆။

၉၉။ အေဒီ ၁၆၃၈

၁၀၀။ ငလက်ရုံးသိုက်၊ ဂဲ/ကျော-၇-၁၀။

၁၀၁။ ယင်း၊ ဂဲ/ကျော၊ ၃-၄။

၁၀၂။ မြန်မာမင်းအရေးတော်ပုံ၊ စာ-၁၁၂။

၁၀၃။ အဒူမင်းညို၊ ရခိုင်မင်းသမီးဧချင်း၊ (ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ (၁၉၆၅)၊ စာ၄၀။

၁၀၄။ (က)ဦးကျော်ကျော်လှ၊ ရန်အောင်ဇေယျခေါ် သျှစ်သောင်းဘုရားပုထိုးတော်ကြီးသမိုင်းနှင့် အာနန္ဒစန္ဒြမင်းကျောက်စာ၊ လက်နှိပ်စက်မူ၊ (မြောက်ဦးမြို့၊ သျှစ်သောင်းဘုရားဂေါပကအဖွဲ့၊ ၁၉၉၃)၊ စာ-၅။
(ခ)ဂါမဏိသင်္ကြီ၊ ရခိုင်ရာဇဝင်၊ ဂံ/ကျော။

၁၀၅။ ငမည်၊ ရာဇဝင်၊ ထိ/ကျော။

၁၀၆။ ယင်း၊ ဒေ/ကြော-၃-၄။

၁၀၇။ အိုးခြမ်းကွဲများ။

၁၀၈။ ယင်း၊ ဒေ/ကျော ၅။

၁၀၉။ ငမည်၊ ရာဇဝင်၊ ဒဲ/ကျော။ ၃-၇။

၁၁၀။ ယင်း၊ နာ/ဝမ်း၊ ၁-၃။

၁၁၁။ ၁၁၄၆ နယုန်လပြည့်ကျော်။

၁၁၂။ မဟာမုနိတည်ရှိရာအရပ်သည် ကုလားတန်မြစ်၏ အရှေ့ဘက်သုံးမိုင်ခန့်အကွာတွင် ရှိသည်။ ကုလားတန်မြစ်၏ မြစ်ခွဲတစ်ခုဖြစ်သော သီရိမာနဒီခေါ် ချောင်းငယ်တစ်ခုသည် မဟာမုနိဘုရားကုန်းအနီးတွင် စီးဝင်လျက်ရှိသည်။ ကုန်းတော်ပတ်လည်တွင်မြေပြန့်လွင်ပြင်များနှင့် တောင်ကုန်းများရှိသည်။

၁၁၃။ (က)ရာဇဝင်ကြီး၊ ဒ/ကျော-ဒါ/ဝမ်း။
(ခ)ငမည်၊ ရာဇဝင်၊ နာ/ဝမ်း-နိ/ကျော။

၁၁၄။ ငမည်၊ ရာဇဝင်၊ နိ/ကျော။

၁၁၅။ ငမည်၊ ရာဇဝင်၊ နိ/ကျော။

၁၁၆။ အေဒီ ၁၇၈၄

၁၁၇။ မဟာသမတ၊ ညီ/ကျော။

**အနီးအကမ်း၊ အဝီးအလှမ်း၊ အမြည်းအစမ်း(၁)**

**နိဒါန်း**

"ကဗျာကျောက်တောင်နံ့ရံကြီးက
အကျွန်နို့အထက်မှာ ထီးထီးမားမား စီးမိုးထား
အကျွန်ကား သူ့အောက်နား
မှန်လာရှက်လိုက်ကောင်ရူး
ကြောက်ဒူးတုန်ဖို့ ကောင်းရေအဖြစ်"
John Keats (1795-1821)

ရိုးမတောင်ကြီးကို အကျွန်မော်ကြည့်လိုက်တေ။ တိမ်နာင့်တောင်ခိုးအုံ့ဆိုင်းမှိုင်းရီ။ ဝီဝီဝါးဝါးတောင်ထိပ်မဟီ၊ အကျွန်က တောင်ခြီမှာ မှိုဟင်းရူးနီရ။ အပါးက တောင်ပူစာချေတစ်လုံးထက်တက်ပျာ လှမ်းကြည့်ရေ။ မျှော်လင့်ချက်တိ တထွီးတသီးနာင့်။ မြင်ကွင်းက မှန်မှန်ရီရီ။ တောင်ပူစာချေထက်က ဆင်းပျာကြည့်ခါမှ တောင်ပူစာက တောင်ပူစာမဟုတ်။ အုတ်ပုံကို ညောင်ပင်ကြီးမျိုထားလို့ နှစ်ချီပျာ တောင်ပူစာချေပိုင်ဖြစ်နီစွာ။

အကျွန့်ရင်မှာ စူးစူးယှယှခံစားလိုက်ရရေ။
အင်း........ထပ်တူဗျာယေ။

ရခိုင်ကဗျာတောင်ကြီးကို လှမ်းမျှော်ကြည့်ကေ ရင်မောရေ။ ရခိုင်စာပီသမိုင်း မဟီသီး။ ရခိုင်ကဗျာသမိုင်း ဝီလာဝီး။ အကျွန့်ရှိုက ရခိုင်ကဗျာစစ်တမ်းတစောင်ရီးချင်စွာ။ ပစ်မှတ်မဟီဘဲ ပစ်ရဖို့ပုံမျိုး။ ပစ်မှတ်မဟီလား ဟီရေ။ ထင်းထင်းပြက်ပြက်မမြင်ရ။ ယေဖုနာင့် ပစ်ဖို့လက်ကမဝံ့မရဲ။ ပစ်ချိန်တန်လို့မပစ်လိုက်ရ။ အခါနှောင်းမှ ထွက်လာရေ အေစစ်တမ်းကို "ရခိုင်ကဗျာစစ်တမ်း" အစား "ရခိုင်ကဗျာစစ်တမ်း (အနီးအကမ်း၊ အဝီးအလှမ်း၊ အမြည်းအစမ်း)" လို့ရာ....ခေါ်လိုက်ရရေ။ နားလည်ပီးပါ။

## ၁။ ဂွန္ထဝင်စာပီ

### ၁း၁ အပြောက အယင်၊ အရီးကနောက်

"အသံ" ရေဘာသာစကားဖွ အခြီခံဖြစ်ပါရေ။ ယင်းအသံတိကို သင်္ကေတပြုလို့ပြောကတ်ဆိုကတ် ဆက်သွယ်ကတ်တေ။ ယေဖုနာင့် ဘာသာစကားကို အသံသင်္ကေတစနစ် (System of Vocal Symbols) လို့ ဆိုကတ်တေ။

အသံသင်္ကေတမှာ အဓိပ္ပါယ်ဟိရေ။ ယင်းအဓိပ္ပါယ်ကို လူ့အဖွဲ့အစည်းတခုရေ နှစ်ပရိစ္ဆေဒ အကြာကြီး ညှိနိုင်းတည်ဆောက်ယူခရရေ။ လိုအပ်ချက်အရ စကားသံကိုအခြေခံပြာ အက္ခရာကို မှာဖွေကတ်တေ။ အရီးဘာသာစကား (Written Language) ကိုထွင်လာကတ်တေ။

အပြန်အလှန်နားလည်ခြင်း၊ အဓိပ္ပါယ်ဟိခြင်း၊ အဓိပ္ပါယ်သိခြင်းရေ အပြော၊ အရီးဘာသာဇွ့ အဓိကလိုအပ်ချက်ဖြစ်တေအတွက် အသုံးပြုဖြစ်စိုဉ် (Process) တလျှောက်လုံး ယင်းဘာသာစကားရေ ဖွံ့ဖြိုးတိုးတက်ဆန်းသစ်နီရေ။ ယေဒါလေ့ လောကဓမ္မနိယာမကို ကျော်လို့မရ။ အချိန်ကာလ၊ နီရာဌါနကိုလိုက်ပြီးကေ (၁) အသံပြောင်းမှု (၂) အသံထွက်ပြောင်းမှု (၃) အဓိပ္ပါယ်ပြောင်းမှု (၄) သဒ္ဒါပြောင်းမှုဟိရေ။ အပြောဘာသာစကားရေ အရီးဘာသာစကားထက်ပိုစောရေ။ အပြောဘာသာစကားကမူလ၊ အရီးဘာသာ စကားက တစ်ဆင့်ခံဖြစ်တေ။

ခွင့်လွှတ်ပါ။ အေပိုင် "ရက္ခယေမှ မဏ္ဍကိုင်လေ" လို့ပြည်တည်နီစွာက အကျွန့်ရို့စာပီသမားတိရင်မှာ ခုလုခုလု တင်နီရေ (၁) ဒေသအလိုက် စကားသံကွဲမှု (၂)စကားသံကွဲမှုကို အခြီခံပြာဖြစ်နီရေ သတ်ပုံပြဿနာ (၃) ဖြစ်စိုဉ်ကိုမျက်ခြီပြတ်တေ အလိုက်သင့်အမြင်မှားမှုတိနာင့် စွန့်လွှတ်ရဖို့စွာကို နမြောတသဖြစ်ပြာ မျိုးလိုက်နီရေ အသီကောင်ထက်က ဇကန်းပိုင် ကြုံရရေအဖြစ်မျိုးခံစားရစွာကို အယိုင်းသင့်ရေခါ ဆွေးနွေးနိုင်အောင်လို့ပြောနီရစွာ ဖြစ်ပါရေ။

## ၁း၂ ရခိုင်ဘာသာစကား၊ ရခိုင်စာပီ
မြန်မာစကား၊ မြန်မာစာပီ

ရခိုင်မှာ AD (၄) ရာစု ဝေသာလီကျောက်လှီကား (AD ၃၃၀-၉၅၇) ကပင်စာအရီးအသား ဟိနီခပါပြာ။ (U San Tha Aung: Arakanese Script: Its Origin and Evolution)။ လေးမြို့ခေတ် (AD ၉၅၇-၁၄၃၀) မှာ ရက္ခဝဏ္ဏအက္ခရာနာင့် စာရီးကတ်ခရေ။ အေနီ ရခိုင်စကားအတိုင်းပြောကတ်တေလို့ဆိုပါရေ။

လေးမြို့ခေတ်ကျောက်စာ နာင့် ပုဂံခေတ် ကျောက်စာရို့ကို နိုင်းကြည့်ပြာ သုတေသီမစ္စတာတေလာက အေပိုင်ဆိုပါရေ။

"ရခိုင်ဘာသာရေ မြန်မာဘာသာနာင့် အသံထွက်အများကြီးခြားနားမှုဟိကြောင်း ရခိုင်စကားကပိုမို ရှိကျပြီးကေ စကားသံနာင့် စာလုံးပေါင်းရို့ ပိုမိုဆီလျော်မှုဟိကြောင်း၊ လွန်ခရေ နှစ်ပေါင်းတစ်ထောင်ခန့်က ဘာသာစကားကိုအက္ခရာတင်ရီးသားခြင်းမပြုခင်က ရခိုင်စကားသံရေ မြန်မာ (ဗမာ) စကားသံနာင့် ဆင်တူလိမ့်မေလို့ ထင်မြင်ရကြောင်း (L.F. Taylar: The Dialect of Burmese) စာတမ်းမှာဆိုပါရေ။ ဆရာကြီး (ဦး) မောင်စံဖော်ကလေ့သော့ယင်းအဆိုကိုထောက်ခံပြာ "အကျွန်ရို့ပါးမာ မြောက်ဦးခေတ်နာင့် ရိုးမအရှိဖက်က အင်းဝခေတ်၊ တောင်ငူခေတ်ရို့ရေ ခေတ်ပြိုင်တိ ဖြစ်ကတ်ပါရေ။ ယင်းအချိန်မှာပေါ်ပေါက်ခရေ ရခိုင်စာဆို၊ ဗမာစာဆိုတိနာင့် ရှင်ဘုရင် အချင်းချင်း ပါးကတွေ့ သဝဏ်လွှာရို့ကိုကြည့်ကေ ဂွန္တဝင်မြန်မာစာရေ ရခိုင်၊ ဗမာ နှစ်တိုင်စလုံး အသုံးပြုရေစာ ဖြစ်ကြောင်းတွိရပါရေ။ စာလုံးပေါင်းကျခါ အဓိပ္ပါယ်တူစကားလုံးရို့ကို အသံထွက်မှု တူဒါလေ့

အတူစာလုံးပေါင်းကတ်ပါရေ။ အသံထွက်မတူဆိုစွာက ဗျည်းစကားသံနာင့် သရစကားသံရို့ကို ထုတ်လုပ်ပုံ မတူလို့ဖြစ်ပါရေ” လို့တူစွာမတူစွာကို စိစစ်ပြပါရေ။ (မောင်စံဖော် ရခိုင်စကားသံနာင့် စာလုံးပေါင်း)

ဒေပြဿနာတိရေ လွန်ခရေ နှစ်ပေါင်း (၅၀) လောက်ကပင်ဖြစ်နီရေ ပြဿနာပါ။ မူလအစကိုဆွဲထုတ်ကေ လွန်ခရေ နှစ်ပေါင်း (၁၉၀-၂၀၀) လောက်က စတင်ဖြစ်လာရေ ပြဿနာလို့ အတတ်ပြောနိုင်ပါရေ။ ၁၉၅၅-၅၆ ခုနှစ်မှာ ဘာသာဗေဒပညာရှင် ဦးတင်လှက ”ရခိုင်လူမျိုးတို့၌ မွန်လူမျိုး၊ ရှမ်းလူမျိုးတို့ကဲ့သို့ စာပေအရေးအသား သီးခြားမရှိတော့ပေ။ မြန်မာအက္ခရာများကို အသုံးပြု၍ မြန်မာစာအရေးအသားအတိုင်းပင် ရေးသားနေကြသည်။ ဖတ်သောအခါ ပြောသောအခါတွင်သာ ရခိုင်အသံဖြင့်ဖတ်ကြ၊ ပြောကြခြင်းဖြစ်သည်” လို့ပြောလှာပါရေ။ (ဦးတင်လှ၊ ရခိုင်သံဆောင်းပါး၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၅၅-၁၉၅၆)။

ဇာပင်ပြောပြော ယင်းထောက်ပြချက်ကပင် အကျွန်ရို့ကို တပ်လှန့်နှိုးလိုက်စွာဖြစ်ပြီးကေ ပြောင်းလဲမှုဖြစ်စိုဥ်ကို အမြင်သစ်နာင့်ပြန်ပျာ ချိုဉ်းကပ်အဖြေထုတ်ဖို့ မှန်ကန်ရေအမျိုးသားရေလုပ်နည်းလုပ်ဟန်နာင့် လမ်းသစ်ကိုလျှောက်ကတ်ဖို့လိုအပ်နီပျာဆိုစွာ မီးမောင်းထိုးပြ လိုက်စွာလို့ခံယူပါရေ။ ဦးတင်လှ မတိုင်ခင် (၁၈၁၁) ခုနှစ်ကပင် သုတေသီ (J.Leyden) ကယင်းပြဿနာနာင့် ပတ်သက်ပြီးကေ အေပိုင်ပြောပါရေ။

“The Rukheng race is admitted to be of the same racial stock as the Burmas or Birmans, and is understood to have greatly preceded that nation in civilization. The Burmas, indeed, derive their own origin from the Rukheng, whom they generally dominate Burma Kyi, or the great Barmas, and they consider the Rukheng as the most ancient and original dialect of the Burma Language.” (Leyden. J: On the language and Literature of the Indo-China Nations) ASIATIC RESEARCHERS, Vol. X, 1811)

ယှင်းနီပါရေ။ ရခိုင်ဆိုက ဇာ၊ မြန်မာဆိုစွာက ဇာ၊ ဇာကရှီးကျရေ မူလရင်းမြစ်ဘာသာစကားဖြစ်တေဆိုစွာ သုတေသီ ဂျေလီ(ယ်)ဒန် (J.Leyden) ရေ ရခိုင်၊ မြန်မာ ကျောက်စာတိအရ (to judge by the spelling of the oldest stone inscriptions) ပြောစွာဖြစ်ပါရေ။ သုတေသီ ဂျေလီ(ယ်) ဒန်ပြောစွာ ဟုတ်မဟုတ်လက်လှမ်းမီရေ ရှီးကျောက်စာတိကို စိကေကြည့်ပါမေ။

**ရှိ/ဟိ။** ။ <u>ရခိုင်</u> “မဟိကြဆိုဝ်၍” (ဘုားတောင်းကွဲ ကျောက်စာ၊ ၁၄၅၂ အေဒီ)၊
”ဥစ္စာဟိလျက်” (ဗုဒ္ဓဂါယာ၊ မဟာဗောဓိ ကျောက်စာ၊ ၁၂၉၅ အေဒီ)၊
”ငါနှာင့်တူသူလူတွင်မဟိ” (လောင်းကြက်တောင်မော်ကျောက်စာ၊ ၁၁၂၃ အေဒီ)၊

<u>မြန်မာ</u> ”အချင်းချင်းအမျက်တစိမဟိ” (သိဃ်သူ့သမီးကျောက်စာ ၁၂၆၆ အေဒီ)၊
”မြက်နရိယ်ကြည်ဟိရာ” (အစောလတ်မောင်နှံကျောက်စာ ၁၂၇၀ အေဒီ)

ယင်းကိုထောက်ကေ လေးမြို့ခေတ်နှင့် ပုဂံခေတ်ရို မှာ ရခိုင်နှင့်မြန်မာရေ "ဟိ" ကိုအတူတူ သုံးခကတ်တေ။ ရခိုင်က ဂုထိဆက်သုံးရေ။ မြန်မာက အဂု "ဟိ" အစား "ရှိ" အသံထွက်ယှို) လို့ ပြောင်းသုံးစွာကိုတွိရပါရေ။

**စာရေး/စာရီး** ။ ။ ရခိုင်တိ ဂုထိစာရီး (စာရွီး) လို့ပြောဆိုနီကတ်တေပိုင် ပုဂံခေတ်မာလေ့ စာရီးလို့ပင်ပြောကတ်ပါရေ။ "နီဒါန်းဇာလေတစ်ကွှမ်ရိဇ" (နီဒါန်းစာလေ့ တစ်ကျမ်းရီဇ္ဇ) (ပေါ်တော်မူဘုရားကျောက်စာ၊ ခုနှစ်မသိ)၊ စာရိယ်သောသုကြွယ်" (စာရီးသောသူကြွယ်) (ငါမ် ကျေည်သင်ကျောက်စာ၊ မြန်မာ ၅၁၃-ခု)

ပုဂံခေတ်က ကျောက်စာတိမှာ ရခိုင်အသံထွက်နှင့် ရခိုင်စာလုံးပေါင်းတိ မကာန်မကာန်တွိရပါရေ။ ပုဂံမှာရခိုင်တိနီကတ်လီလာလို့ ထင်ရပါရေ။ ယေကေလေ့စကားလုံးအသုံးအနှုန်းတူရုံလောက် နှင့်တူရေလို့ပြောလို့မရပါ။ သဒ္ဒါဗေဒဆိုင်ရာ ရှုဒေါင့်စုံက စိစစ်သုံးသပ်ဆုံးဖြတ်ရဖို့ ဟိပါသီးရေ။ အေစစ်တမ်းနှင့် မဆိုင်လို့ရပ်ကတ်ပါမေ။

| **ပုဂံကျောက်စာ** | **ရခိုင်အသံထွက်** | |
|---|---|---|
| ကွှယ်ရှုပ်ပုရှာကာ | (အေရွှီဘုရားကား) | (မြစေတီကျောက်စာ၊ မြန်မာ-၄၇၄) |
| အဖူရစိယ် | (ဖူးရစီ) | (မြစေတီကျောက်စာ၊ မြန်မာ-၄၇၄) |
| ပီယဒေအ် | (ပီးဇ္ဇ) | (မြစေတီကျောက်စာ၊ မြန်မာ-၄၇၄) |
| ဩက်မိရအာ | (အောက်မိရကား) | (မြစေတီကျောက်စာ၊ မြန်မာ-၄၇၄) |
| သက်သိယ် | (သက်သီ) | (စခီပုနာကျောက်စာ၊ ၅၃၈) |
| ကြီမုံ | (ကြီးမုံ) | (သူဌေးမှန်ဂူဘုရား၊ ၅၅၉) |
| လှျုခသော | (လှူခသော) | (ငါပေါင်သင်ကျောက်စာ၊ ၅၃၇) |
| စာတီ | (စာတီ) | (သူဌေးမှန်ဂူဘုရား၊ ၅၅၉) |
| ဟုတ္တေ | (ဟုတ်တေ) | (ဇမ္ဗူရာဇိဘုရား၊ ၅၅၈) |
| ရိယ်ကန်ရိယ်တွင်တန်ထာ | (ရီကန်ရီတွင်းတန်ထား) | (သင်ကြီးညောင်ခုပ်၊ ၅၆၉) |
| ကြိယ်ဆိမီတိုင် | (ကြီးဆီမီးတိုင်) | (ပုဂံပြတိုက် အမှတ် ၈၂၊ ၅၇၃) |

ပုဂံခေတ် မြန်မာအက္ခရာနှင့် အစောဆုံးတွိရရေ "မြစေတီကျောက်စာ (ခ) ရာဇကုမာရကျောက်စာ (၄၇၄-ခု) ထက် လေးမြို့ခေတ်မာတွိရမှု ကျောက်စာတိအရ "မင်းရင်းဖြူဆင်းတုဓမ္မခံစာ" (၁၀၉-ခု)က နှစ်ပေါင်း (၃၆၅) နှစ်စောပါရေ။ "နန်းကျားမတ်တပ်ရပ်တောင်မူဘုရားပလ္လင်စာ" (၄၅၁-ခု) နှစ်ပေါင်း (၂၃) နှစ်စောပါရေ။ "ဘူးကွဲတောင်ဘုရားကျောက်စာ" (၄၅၂-ခု) က (၂၂) နှစ်စောပါရေ။

ပုဂံခေတ် (AD ၁၀၄၄-၁၂၈၇) နန့်လေးမြို့ခေတ် (AD 957-1430) ကခေတ်ပြိုင်ပါ။ လေးမြို့ခေတ် အသံထွက်နန့် စာလုံးပေါင်းတိကို စာရှည်လတ်မေလို့မတင်ပြပါယာ။ (ရှိပေါင်းကျောက်စာနန့်သမိုင်းပညာသျှင် ဦးဦးသာထွန်း စီစဉ်ရေ "ရှေးပေါင်းရခိုင် ကျောက်စာများ" မာကြည့်နိုင်ပါရေ)

အေပိုင်တင်ပြနီရစွာက ဘုံသုံးစာရေ ဇာသူ့စာလေ။ ဇာပိုင်ဘုံသုံးဖြစ်လာလေဆိုစွာ ခြီရာကောက်နိုင်စီဖို့ပါ။ သုတေသီဂျေလီ(ယ်)ဒန်ဇ့်ကောက်ချက် ဟုတ်မဟုတ်ဆန်းစစ်ပြီးကေ အကျွန်ရို့ဖာသာ အကျွန်ရို့ စိတ်သန့်သန့်နန့် နလုံးဒုံးဒုံးချပျာ ရှိခရီးဆက်ဖို့လိုပါရေ။အေမာအရေးကြီးရေ အချက်တချက်က အကျွန်ရို့ ဘိုးဘီးဘီဘင်ပညာသျှင်ရို့ ရီးခရေစာတိစွာ အဂုခေတ်ပြောစကားနန့် စာလုံးပေါင်းနန့် ပြောင်းရွိတတ်တေ နိယာမအရစိကေ စီးလီယောင်ထင်ရကေလေ့ အကျွန်ရို့ကိုပိုင် စာတိပင်ဖြစ်တေဆိုရေ အချက်ကို လက်ခံနိုင်ကတ်ဖို့ ထင်ပါရေ။ ယင်းအချိန်က ဇာပြဿနာ လဲမဟိခပါ။ ခေတ်တိက ပြောင်းလဲလားခ ပါယာ။ နှစ်ပေါင်း (၂၀၀) ကျော်ကြာရေကာလမာ အကျွန်ရို့စကားသံတိရေ မိမစစ်၊ ဖမစစ်ဖြစ်လာရပါရေ။ ဘာသာစကားဇ့် နိယာမအရပြောင်းလဲရွိလျော့လာရေသဘောထက် ပိုထူးရေလို့ပြောနိုင်ဖို့ထင်ပါရေ။

ဂျပန်ဘာသာဗေဒပညာသျှင် "မီကိုကာအိုဆာဟဝီတို" က "အချေတိရာမိခင်ဘာသာစကား ကိုမပြောကေ ဘာသာစကားဇ့် ရှင်သန်နိုင်မှုရေ ပျက်သုဉ်းလားရေ" လို့ဆိုပါရေ။ မိခင်ဘာသာစကား ရာယူသိုမှီခြင်း (Native Language Acquisition) အယူအဆကို ပါမောက္ခ အိုဆာဟဝီတိုက တင်ပြစွာ ဖြစ်ပါရေ။ သူ့အဆိုအရ အချေတိရေ မိခင်စကားကိုရာယူသိုမှီးရရေ။ ယင်းရာယူသိုမှီးရေဖြစ်စိုဉ် ရပ်လခစွာနန့် မိခင်ဘာသာစကားဇ့် ကူးဆက်မှုမှာ ကွင်းဆက် (Chain of Transmission) ပြတ်တောက်လားခယာ" လို့ဆိုပါရေ။ဂျာမန်ဘာသာဗေဒ ပညာသျှင် ပါမောက္ခ မိုက်ကယ်အီခရောစ့်က ကမ္ဘာမာပြောနီကတ်တေ ဘာသာစကားပေါင်း (၆၇၆၀)ဟိရေ။ ၂၁၀၀ ပြည့်နှစ်မာ (၃၀၀) လောက်ရာ အသက်ရှင်ကျန်ခဖို့လို့ တွက်ပြပါရေ။ (မောင်စူးစမ်း၊ ဘာသာစကား၊ သက်ရှိဝန်းကျင်ဖွဲ့စည်းပုံယိုင်လဲခြင်း၊ နွယ်နီမဂ္ဂဇင်း၊ ဧပြီ)။

အဂု ဘင်္ဂလားဒေ့ရှ်မာနီရေ ရခိုင်တိရေ ဒေအဖြစ်ဆိုးကိုကြုံနီကတ်ပါရေ။ ယင်းရခိုင်ပြီးကေ ဒေက ရခိုင်လာပါဖို့။ ယေကေ အကျွန်ရို့ဇာလုပ်ကတ်ဖို့လဲ။ တစ်နည်းရာဟိပါရေ။ ဘုံစာကိုဖတ်ပျာ အသီကောင်ထက်က ဇကန်းပိုင် မျှောလိုက်မနီဘဲ ရခိုင်အပြောအခြီခံရေ ရခိုင်စာဆန်းသစ်လာရေး ကြိုးစားလုပ်ဆောင်ကတ်ရပါဖို့။ရခိုင်စာပီ ဆန်းသစ်ဖွံ့ဖြိုးစီချင်ကေ အကျွန်ရို့အားထုတ်မှုသစ် (New Endeavour) တိလုပ်နိုင်ရပါဖို့။ အားထုတ်မှုသစ်တိကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးအတွက် ဖြန့်ကြက်ဆောင်ရွက်ရပါဖို့။ အေမာ မျက်မှောက်စာပီသမားတိနန့် မျိုးဆက်သစ်စာပီသမားတိ အရေးပါပါရေ။ မူလမျိုးမဟိပဲ မျိုးဆက်သစ်မဟိ။ မူလမျိုးဆိုစွာ အတိတ်ကအရင်းအမြစ်ကို ပြောစွာပါ။ အတိတ်က "မျိုး" ကိုဆက်ခံပျာ "ဆက်" ပြီးကေ "သစ်" လားရဖို့စွာပါ။ ယင်းချင့်ကို "ကြားမပြတ် တေသမိုင်းစိုဉ်" (Historical Continuity) လို့ခေါ်ပါဖို့။အကျွန်ရို့စာပီရေ သိကတ်တေအတိုင်း ကြားပြတ်ခရေ။ ခါးပြတ်ခရေ။ ယေဇုနန့် ကျီးထောက် ကျီးထောက် (Limp) ဖြစ်နီရေ။

ကြားပြတ်အက်ထဲကို အထွေထွေအပြားပြား အသံတိ၊ စာလုံးပေါင်းတိ၊ အသုံးအနှုန်းတိ၊ ယိုဉ်ကျေးမှုတိ စီးဝင်လာရေ။ ပုတ်ကြားကေ နွားချီးဝင်ရေ လို့ပြောနီကတ်တေမလား။

ဘာသာဗေဒဇ္ ပြောင်းလဲတတ်တေ နိယာမသဘောကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုကြည့်လေ့လာမှု (Objective Observation) အားနည်းကေ တစ်စစ မသိမသာပြောင်းလွဲ ဖြစ်ထွန်းလာခြင်း (Evolution) သဘောကို မငုံမိနိုင်ပါ။ ယင်းမငုံမိကေ လွတ်လပ်မှု (Liberty) နာင့် ထိန်းချုပ်မှု (Restraint) သဘောအရ သမှုပာဖြစ်စီရေ တိုးတက်ဆန်းသစ်မှု Paradoxically Improvement ကိုဇာပိုင်လက်ခံနိုင်ပါဖို့လဲ။

စကားဆစ်ကျလို့ပြောကြည့်ပါမေ။ အဂု အကျွန်ရို့စာပီသမားတိမာ စာလုံးပေါင်းကွဲစွာကို စာပီနယ်တစ်ခုလုံး ကျုံးပျာ အခြင်းများ ပြဿနာလုပ်နီကတ်စွာတိကို စို့ခပ်ဖို့ကောင်းယောင် တွိနီရပါရေ။ ယင်းချင့်စွာ အေသဘောတိကို ပေ့ါပေ့ါဆဆမိလျော့ကတ်လို့ ဖြစ်ပါရေ။ "ရွှီ" ဆိုရေစာလုံးပေါင်းရေ "ရွှီ" ဖြစ်လာဖို့အတွက် ကာလနှစ်ပေါင်း (၁၂၆) နှစ်ကို အရွှိရွှိဖြတ်သန်းလာခရပါရေ။ သက္ကရာဇ် (၆၅၇)ကရီးထိုးရေ "မင်းထီးကျောက်စာ" မာ "ရှယ်ပန်ငုယ်ပန်" လို့ရွှီးထိုးခရေ။ သက္ကရာဇ်(၇၈၅) ကရီးထိုးခရေ "ကျောက်တော်ဘုရားကျောက်စာ" မာကျခါ "ရွှိလှီရွှိတက်" လို့ စာလုံးပေါင်းပြောင်းလာရေ။ အဂု အကျွန်ရို့က "ရွှေ" လို့ပြောနီကတ်၊ ပေါင်းနီကတ်ပျာ။ မသိမသာ တရွှိရွှိပြောင်းလဲတတ်တေသဘောပါ။ ကောင်းစွာလေ့ဟိပါဖို့။ ဆိုးစွာလေ့ဟိပါဖို့။ ဇာပင်ပြောပြော တရွှိရွှိပြောင်းလဲခြင်း (Evolution) ကိုဖွတ်ပြုခြင်း (Violation) လုပ်ကေ သဘာဝနိယာမတရား (Natural Law) ကိုခေါင်းနာင့်ဝင်ဆောင့်ပိုင် ဟိပါဖို့။ကြိုက်တေဖြစ်စီ၊ မကြိုက်တေဖြစ်စီ ယိုဉ်ကျေးမှုဆိုစွာမာ တည်တံ့ခိုင်မြဲခြင်းသဘောနာင့် ပြောင်းလဲခြင်းသဘောတိ ဒွန်တွဲဟိနီရေ။ ပြောင်းလဲခြင်းဆိုစွာ မာတခါဖောက်ပြန်သွေဖီခြင်းနာင့် တိုးတက်ဆန်းသစ်ခြင်း သဘောဟိနီပါရေ။ ယင်းသဘောတိကို "ယောနိသောမနသီကာရ "နာင့်" "ဗဟို" တစ်ခုက ဗဟိုမဟိခင် (ရခိုင်ထုတ်မဂ္ဂဇိန်းတိက) ထိန်းချုပ်ပျာ ကောင်းစွာတိကို တည်မြဲအောင်၊ ဆန်းသစ် အောင်ပြုစုပျိုးထောင်လားရဖို့လို့ သဘောရပါရေ။

ချုပ်လိုက်ကေ ရခိုင်အာ (Vocal Organ) ကထွက်တေစကားသံကို ရခိုင်လူ့အဖွဲ့အစည်းက လက်ခံထားရေ အက္ခရာနာင့် သင်္ကေတပြုရီးလိုက်တေစာရေ ရခိုင်စာဖြစ်ပါရေ။ ရခိုင်စကားသံကို ပီသအောင် သင်္ကေတ မပြုနိူင်ရေစာကို ရခိုင်စာလို့ မခေါ်နိူင်ပါ။ "အသံစည်း" ကသူ/ငါ ခွဲပျာ စည်းခြားလိုက်စွာဖြစ်ပါရေ။

**(နတ်မြစ်-လှိုင်းပြာ)**

**စာကိုးစာရင်း**


၁။ စန္ဒမာလာလင်္ကာရ၊ အသျှင်၊ ရခိုင်ရာဇဝင်သစ်ကျမ်း

၂။ ဦးသာထွန်း၊ ဦး၊ ရှေးဟောင်းရခိုင်ကျောက်စာ

၃။ ရှေးဟောင်းမြန်မာကျောက်စာများ (တွဲ ၁၊ ၂၊ ၄)

၄။ စက္ကိန္ဒ၊ အသျှင်၊ ရခိုင်သဘာဝတေးကဗျာများ၊

၅။ ကျော်မင်းထင်၊ ရခိုင်ဘာသာစကားနှင့် ပုဂံခေတ်မြန်မာစာဆက်နွယ်မှု (ကွန်ပျူတာမူ)

၆။ မြန်မာကဗျာစာတမ်းများ၊ စာပေဗိမာန်

၇။ မြန်မာစာ ညွှန့်ပေါင်း (ပတွဲ)

၈။ စံကျော်ထွန်း၊ ရခိုင်ကဗျာနန့် ရခိုင်အတွေးအခေါ်

၉။ စံဖော်၊ မောင်၊ ကဗျာစည်းဝါးနှင့်အခြားဆောင်းပါးများ၊ ရှုမဝမဂ္ဂဇင်း

၁၀။ ခိုင်အောင်၊ မောင်၊ ခေတ်ပြိုင်ရခိုင်ကဗျာဖြစ်ပေါ်မှုစာတမ်း (ကွန်ပျူတာမူ)

၁၁။ ထွန်းမြင့်၊ ဦး၊ ဘာသာဗေဒ

၁၂။ ထွန်းရွှေ၊ ဦး၊ ကဗျာစွယ်စုံကျမ်းကြီး

၁၃။ မြဇင်၊ ကဗျာ နရီ နှင့် နိမိတ်ပုံ

၁၄။ သာနို့၊ မောင်၊ ရစ်သင်(မ်) အကြောင်း

၁၅။ တင့်ဆွေ၊ ဦး၊ ကဗျာဖွဲ့နည်းနိသျည်း၊

၁၆။ LITERATURES, VOL. (1) TO (4),
INDIANA TEACHER'S EDITION.

၁၇။ THE JUNIOR CLASSICS (POETRY) VOL. TO,
P.F. COLIER & SON.

# သူ့ကျွန်မခံ ဇာတိမာန်ပြင့်

## (၁၉၇၉)

### မန္တသာ ဦးဘစိန်

# သူ့ကျွန်မခံ ဇာတိမာန်ဖြင့် (၁၉၇၉)

(၁) မာတိကာ
(၂) နိဒါန်း
(၃) နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဝံသာနုခေတ်
(၄) လယ်သမားဆရာစံသူပုန်၏ ဂယက်ခတ်မှု
(၅) ရခိုင်အမျိုးကွန်ဂရက်အမြုတေ
(၆) ဒို့လက်ရုံးသတင်းစာနှင့် ရခိုင်တိုင်းလုံးဆိုင်ရာ လူငယ်များ ညီလာခံ
(၇) ရခိုင်တိုင်းရင်းသားအဖွဲ့ ပေါ်ထွက်လာခြင်း
(၈) နာယကဆရာတော်ကြီး ဦးစိန္တာ
(၉) ဦးဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့၏ အတ္ထုပ္ပတ္တိနှင့် ဩဝါဒစရိယများ ဖြစ်လာပုံ
(၁၀) စစ်တွေမြို့ ရခိုင်လူငယ်အဖွဲ့အမျိုးမျိုးနှင့် ကျောင်းသားသမဂ္ဂ
(၁၁) ဒို့ဗမာအစည်းအရုံးနှင့် ရခိုင်လူငယ်များ သခင်ဖြစ်လာကြခြင်း
(၁၂) ဒို့ဗမာအစည်းအရုံးနှင့် ရခိုင်အမျိုးသားကွန်ဂရက် မဟာမိတ်ဖြစ်လာပုံ
(၁၃) ဒိုင်အာခီနှင့် ၉၁ဌာနအုပ်ချုပ်ရေးအကြောင်းအရာများ
(၁၄) ဒိုင်အာခီခေတ်နှင့် ကဿဘဦးဘိုးမြ ထင်ပေါ်လာခြင်း
(၁၅) မန်အောင်မြို့နယ် သခင်လူငယ်များ လှုပ်ရှားမှု
(၁၆) ရခိုင်တိုင်းရင်းသားအဖွဲ့နှင့် ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့စင်ပြိုင်စည်းရုံးခြင်း
(၁၇) ရခိုင်တိုင်းရင်းသားအဖွဲ့နှင့် ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့ ညီညွတ်ရေးရရှိပြီး နှစ်ခုပေါင်းစည်းလျက် ရခိုင်အမျိုးသား ကွန်ဂရက်ကို ဖွဲ့စည်းခြင်း။
(၁၈) ရခိုင်သခင်လူငယ်များထဲမှ မြို့နယ်ပေါင်းစုံမှ စည်းရုံးဟောပြောသူများ ထွန်းပေါ်လာခြင်း
(၁၉) ထိပ်တန်းထင်ရှားကျော်ဇောသော လူငယ်ခေါင်းဆောင်များ
(၂၀) နာယကဆရာတော် ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့ အဖွဲ့နှင့် လူပုဂ္ဂိုလ်ကြီးများဖြစ်ကြသော ဥက္ကဋ္ဌကြီး ဦးသာဇံလှ၊ ဝတ်လုံတော်ရ၊ အထက်တန်းရှေ့နေ ဦးဘိုးခိုင်တို့နှစ်ဖွဲ့ခွဲလျက် ရခိုင်တောင်ပိုင်းသို့ တရားဟော ထွက်ကြခြင်း
(၂၁) ကဿဘ ဦးဘိုးမြနှင့် ရခိုင်အမျိုးသားကွန်ဂရက်ခေါင်းဆောင်များ ညီညွတ်မှုမရသဖြင့် စင်ပြိုင်ဟောပြောပွဲများ ပြုလုပ်ကြခြင်း
(၂၂) နာယကဆရာတော်ကြီး ဦးစိန္တာအဖွဲ့မှ ကဿဘဦးဘိုးမြတို့အဖွဲ့ကို အနိုင်ရသဖြင့် ရခိုင်တောင်ပိုင်းရှိ ရဟန်းရှင်လူအားလုံးတို့သည် ရခိုင်အမျိုးသားကွန်ဂရက်သို့ ဝင်ရောက်လာကြခြင်း
(၂၃) ပထမဆုံးသော ရခိုင်အမျိုးသားကွန်ဂရက်ကြီး၏ညီလာခံသို့ ဆရာတော် ဦးစိန္တာကြီးမှူးလျက် ပေါက်တောမြို့၌ ကျင်းပပြုလုပ်ခြင်း
(၂၄) ရခိုင်အမျိုးသားကွန်ဂရက်ညီလာခံပြီး၍ နောက်ပိုင်းကာလမှာ မနရှင်နှင့် ဗျူရိုကရက်ဩဇာအရှိန်အဝါ ကျဆင်းလာခြင်းကြောင့် ဖိနှိပ်မှုပြင်းလာပုံ
(၂၅) ဗြိတိသျှအစိုးရနှင့် လက်ပါးစေများသို့ တုံ့ပြန်တိုက်ခိုက်မှုများ၊ လျှို့ဝှက်တော်လှန်ရေးလုပ်ရပ်များ၊ မြို့နယ်ပေါင်းစုံ၌ရှိလာပုံ
(၂၆) ရခိုင်သခင်များ ထိုမြို့နယ်များ၌ ဖမ်းဆီးခံရခြင်း
(၂၇) ရခိုင်အမျိုးသားကွန်ဂရက်၏ညီလာခံကို ဒုတိယအကြိမ် ကျောက်တော်မြို့၌ ကျင်းပပြုလုပ်ခြင်း
(၂၈) ကျောက်တော်ညီလာခံပြီး၍ နောက်ပိုင်းကာလ၌ (ရခိုင်ခေါင်းဆောင်အချို့ကို) ဖမ်းဆီးလျက် အိန္ဒိယပြည်ရှိ ဒိုင်နာစပူရ်ထောင်သို့ပို့ခြင်း။
(၂၉) အင်္ဂလိပ်အစိုးရမြန်မာပြည်မှ ဆုတ်ခွာသွား (ရခိုင်-ကုလားအဓိကရုန်းဖြစ်ခြင်း)ခြင်း
(၃၀) ဗြိတိသျှအင်္ဂလိပ်အစိုးရအုပ်ချုပ်ရေးပျက် (ရခိုင်သခင်အုပ်ချုပ်ရေးအစားထိုးခြင်း)ခြင်း
(၃၁) ဗမာ့လွတ်လပ်ရေးတပ်မတော်ရောက်ရှိလာခြင်း
(၃၂) ဂျပန်ခေတ် (တသွေး၊ တသံ၊ တမိန့်) အဓိပတိ ဒေါက်တာဘမော်အုပ်ချုပ်ရေး

(၃၃) ဂျပန်လွတ်လပ်ရေးအတုနှင့် အင်္ဂလိပ်-ဂျပန်တပ်မတော်တို့ ဘတပြန် ကျားတပြန်တိုက်ခိုက်သည်။ ရခိုင်ပြည် စစ်မြေပြင်ဖြစ်ခြင်း။

(၃၄) ဂျပန်တပ်မတော်ကိုဟီမာအင်ဖာမှ နောက်ဆုတ်ရခြင်း၊ ၃-လကြာပြန်တိုက်ခြင်း

(၃၅) ဦးစိန္ဒာနှင့် နောက်လိုက်ခေါင်းဆောင်များ ဂျပန်ဖမ်းဆီးနှိပ်စက်ခြင်း

(၃၆) ဦးစိန္ဒာနှင့်အတွင်းရေးမှုး ကိုကျော်မြ(ယခုကွန်မြူနစ်ပါတီခေါင်းဆောင်)တို့၏ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် သွားကြခြင်း

(၃၇) ဦးပညာသီဟ၊ ဦးနာရဒတို့အဖွဲ့ ရန်ကုန်သို့နောက်တစ်ကြိမ် ကိုယ်စားလှယ်သွားကြခြင်း

(၃၈) ဖက်ဆစ်တော်လှန်ရေးတာဝန်အရပ်ရပ်ကို လျှို့ဝှက်၍ ခွဲဝေယူကြခြင်း

(၃၉) ဖက်ဆစ်တော်လှန်ရေးအစီအစဉ်များချမှတ်ခြင်း

(၄၀) ဖက်ဆစ်ဂျပန်တော်လှန်ရေးအချိန်သတ်မှတ်သည်ထက် စော၍ဖြစ်ပေါ်ခြင်း

(၄၁) ညီညွတ်ရေးရရှိပြီးဖြစ်သော ရခိုင်အမျိုးသားတော်လှန်ရေးမှာ လူသေ၊ လူပျောက်နှင့် ရှုံးနိမ့်မှုလုံးဝမရှိဘဲ၊ အကြီးအကျယ်အောင်မြင်မှု သရဖူဆောင်းခြင်း

(၄၂) ဖက်ဆစ်တော်လှန်ရေးနှင့်တစ်ပြိုင်တည်း လက်နက်မချဘဲတိုက်ခိုက်ရေးနှင့် မဟာမိတ်ထံ လက်နက်ချ၍ ပူးပေါင်းအရေးဆိုရေးကွဲပြားခြင်း

ဦးပညာသီဟ(ပြောက်ဒါဝါဒတဖက်) ဦးစိန္ဒာ၏ (တဆက်တည်း တော်လှန်ရေးကတဖက်) နှစ်ဝါဒကွဲပြားပုံ။ ပထမပိုင်းပြီးပြီ။

ဒုတိယပိုင်းဆက်ရန်ရှိ။

## အချီးစကား

ယခု ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် ယခင်ဗြိတိသျှတို့၏ကိုလိုနီ ကျွန်ဖြစ်သည့်အချိန်က မူလတန်းကျောင်းမှစ၍ တက္ကသိုလ်ကျောင်းပါမကျန် ကျောင်းတက်လျှင် ပထမဆုံးသီဆိုကြရသော ကျွန်ဇာတ်သွင်းသော သီခြင်းတစ်ပုဒ်ကို သီဆိုကြရပါသည်။ ယခုအခါ နိုင်ငံတော်သီချင်းကဲ့သို့ ထိုအချိန်က နိုင်ငံတော်သီချင်းတစ်ပုဒ်ရှိခဲ့ပါသည်။ ထိုသီချင်း၏အဓိပ္ပါယ်ကတော့ ဗြိတိသျှဂျော့ဘုရင်မင်းမြတ်နှင့် မေရီမိဖုရားတို့သည် သက်တော်ရှည်၍ ဘုန်းတော်တိုးတက်ပါစေကြောင်း ဆုတောင်းဩဘာမင်္ဂလာသီခြင်းဖြစ်သည်။ ဤခေတ် ဤအချိန်မှာ မွေးဖွားလာကြသူများသည် သူတို့၏ အဘိုးအဘွားများက အနစ်နာခံတော်လှန်တိုက်ခိုက်၍ ရရှိထားသောအချုပ်အချာအာဏာကို ပိုင်ဆိုင်နေခဲ့ကြပြီ၊ ထို့ကြောင့် ကိုယ့်တိုင်းပြည်ကိုယ်ချစ်ခင်မြတ်နိုးရန် လူမမည်ကျောင်းသားလူငယ်များကို ကျောင်းတက်လျှင် အတန်းစာမသင်မီ၊ နိုင်ငံတော်သီချင်းကို ဆိုကြရပေသည်။ စာရေးသူတို့၏ ကျောင်းသားဘဝ အချိန်ကာလက မိမိတို့ကို ကျွန်ပြုထားသော အင်္ဂလိပ်ဂျော့ဘုရင်နှင့် မိဖုရားအသက်ရာကျော်ရှည်၍ ဘုန်းတော်တိုးတက်ရန် ဆုတောင်းခဲ့ကြသည့် ကျွန်ကျောင်းသားဘဝကို ပြန်လည်၍မှန်းဆကြမည်ဆိုပါလျှင် ဂုဏ်ကြက်သရေ၊ မိုးနှင့်မြေကြီးမျှကွာခြားနေသည်ကို တွေ့ကြရသည်။

ဤအဖြစ်အပျက်ကလေးကိုသိပြီး သံဝေဂရကြ၍ မိမိနိုင်ငံကို ချစ်မြတ်နိုးသော စိတ်ဖြစ်ကြပါစေရန် ရည်ရွယ်ချက်ဖြင့် ယခင်က ဩဘာစာသဖွယ်ဆိုခဲ့ကြသော ဆုတောင်းသည့် သီခြင်းကို တင်ပြခဲ့ပါသည်။ ကျောင်းသားများ ပထမဆုံး သီဆိုကြရသည့် (မင်္ဂလာဩဘာသီခြင်း)။

(အောင်ဆုဩဘာ၊ မင်္ဂလာဖြင့်၊ ဆယ်ဖြာလက်မြှောက်၊ ဆက်ခါလျှောက်ပိမ့်၊ စစ်ဆောက်အောင်လံ၊ ဂရိတ်ဗြိတန်နှင့်၊ နိုင်ငံအိန္ဒိယ၊ အစိုးရသည့်၊ ဘဝသခင်၊ ဂျော့ဘုရင်နှင့်၊ မေရီအရှင်မိဖုရား၊ မြတ်နှစ်ပါးတို့၊ ပိုင်ကားစိုးစံ၊ ပြည်နိုင်ငံတွင်၊ ရန်မာန်ကင်းပြီး၊ ဘုန်းတော်ကြီးလျက်၊ သက်တော်ရှည်စွာ၊ ဆယ်ဖြာဓမ္မ၊ သင်္ဂဟနှင့်၊ နာယကဂုဏ်၊ ကိုယ်လုံးခြုံလျက် တိမ်မြုံမသန်း၊ လပြည့်ဝန်းသို့၊ ရွှေနန်းပေါ်ထက်၊ နှစ်သက်မြတ်နိုး၊ အုပ်ခါစိုးသည်၊ တန်ခိုးနေသို့ ထွန်းစေသောဝ်း) ဤဩဘာစာကို ပြန်လည်သတိရတိုင်း ငယ်စဉ်ဘဝက ကျွန်ဖြစ်ဖို့တွေးခေါ်ခဲ့ပုံ၊ ရာထူးကြီးသူများကို အားကျသည့် စိတ်ကူးတို့နှင့်၊ ပဝတ္တိဘဝ ကြီးပြင်းလာစဉ်မှာ ဇာတိမာန်တက်ကြွလာပြီး တော်လှန်တိုက်ခိုက်သော ဇာနီတို့ ဇာတ်ထဲပါဝင်စေသည်များ သတိရ၍ ဖော်ပြလိုက်ပါသည်။

## ပဏာမစကား

ဗြိတိသျှကိုလိုနီခေတ်က ၊ မိမိတို့ တိမ်မြုတ်လျက်ရှိနေကြသော၊ ဇာတိသွေး ဇာတိမာန်များတက်ကြွလာအောင် လှုံ့ဆော်ခဲ့ကြသော မျိုးချစ်စာရေးဆရာများ၏ **မော်ကွန်းဝင်သီချင်းများ။**

မြန်မာနိုင်ငံ၏ တော်လှန်ရေး အတ္ထုပ္ပတ္တိများကိုဖြစ်စေ၊ သမိုင်းပြုစုရေးသားသည်ဖြစ်စေ၊ ကိုလိုနီခေတ်မှ မျိုးချစ်စိတ်ဓာတ်နှင့်၊ ဇာတိသွေးများ ပြန်ပေါ်လာရေး အတွေးအခေါ်ဖြင့် လှုံ့ဆော်ရေးသားခဲ့ကြသည်။ မျိုးချစ်ကလောင်ရှင်တို့ အခန်းကို မျက်ကွယ်မပြုထိုက်ပါ။ ဂီတသုခုမပညာဖြင့် လူတိုင်းပါးစပ်ဖျားသို့ ရောက်နိုင်အောင် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ဤကလောင်ရှင်များကို ကျေးဇူးတင်သည့်အနေဖြင့် (မှတ်မိသမျှ) တချို့ဂီတမှာ တစ်ပိုင်းတစ်စဖြစ်မည်။ သို့သော်လည်း ရေးသားပုံ ဦးတည်ချက်များကို သိနိုင်ကြပါမည်ဖြစ်သဖြင့် တတ်အားသမျှဖော်ပြလိုက်ပါသည်။ ဤသို့ရေးသားရာ၌ ကလောင်ရှင်အမည်များကိုပင် မမှတ်မိ၍ သူ၏သီခြင်းနှင့်တွဲ၍ မထည့်နိုင်သော်လည်း ချုံ့၍မျိုးချစ်ကလောင်များမှန်းသိလျှင်ပင် ကျေးဇူးတင်ရာရောက်ပါမည်ဆိုသည့် ယုံကြည်ချက်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။

(၁) ဒို့ပြည်မှာ၊ ဒို့ဘာသာ၊ ဒို့လူမျိုးစိုးမိုးမှာ၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ ငြိမ်းဇနိုင်စေရာ(အာဇနီ၊ ဗုဒ္ဓဘာသာတိုင်းပြည်)ရာဇဝင်ရှေးထုံးစည်လာ၊ ထွန်းကားခဲ့ပေ၊ ပိုင်ဆိုင်သူ၊ ဘိုးဘွားဘီဘင်၊ ဒို့ပြည်ဒို့မြေ၊ ရိုးရာမြေမညှိုးပါသလေ၊ မျိုးသာကီမှ ဆင်းသက်ပေ၊ ဒါတို့မြေကြီး၊ ဒါဒို့ရွှေထီး၊ စည်တီးခရိုင်၊ ကိုယ်ပိုင်မြန်မာပြည်။

(၂) တကောင်းအဘိရာဇာ၊ ဒို့ဗမာ၊ သာကီမျိုးပေမို့၊ မညှိုးဂုဏ်တေဇာ၊ ယိုးဒယားနှင့်၊ ကုလားကိုပါ တိုက်ခိုက် ကာ၊ အောင်ခဲ့တာ (ဒို့ဗမာ)၊ စိန်မှန်ကင်း အစစ်အဖြစ်ကြီးဖြစ်၍၊ ထင်းတလှည့်ကြုံရ၊ ထုံးနှင့်မသွေ၊ လောကဓမ္မတာပေ၊ သို့သော်အရင်းဆိုစစ်လျှင် ဗမာပြည်-ငါတို့ပြည်၊ သခင်ကျင့်ကိုကျင့်ကြပါ (သခင်မျိုးဟေ့ ဒို့ဗမာ)နောက်လာနောင်သား၊ ကောင်းစားဘို့ရာ၊ ဒို့ကိုယ်ကျိုး၊ လုံးလုံးမပါ(ရဲရဲဗမာ-ပီပီဗမာ) သခင်မျိုးဟေ့ ဒို့ဗမာ၊ ယောကျ်ားဘသား၊ ဒို့ဗမာ၊ နောက်နောင် သားကောင်းစားဘို့ရာ၊ ကြိုးစားအားထုတ်ခါ၊ အထက်တန်းစိတ်နှင့် ဇာမရီသွေး ဒို့ဗမာ။

(၃) (အကြောင်းသာဓက၊ တကောင်းရာဇ သကျသာကီ) ဗမာပြည် စတည်ဖန်ဆင်း၊ ဗမာမျိုးတွေ စိုးမိုးခဲ့ကြသည်။ ကြမ္မာဆိုး၊ ဒို့ဘုရင်ကိုမှငြိုး၊ အဘိုးတန်တိုင်းပြည်၊ စွန့်ရှာရသည်၊ ဘယ်တော့ခါမှ-ထီးရယ်နန်းရယ်၊ အခြေတည်၊ ဗမာများ နေရပါတော့မည်(သစ်တောနှင့် ရေနံမြေအလီလီ၊ ဗမာ့လက်ဝယ်၊ ချုပ်ချယ်ယူကြသည်။)ပတ္တမြား၊

ကျောက်သံ၊ စပါးကောက်နှံ၊ အဆီအနှစ်ဟူသမျှကိုတော့ လူမျိုးခြားက လက်ဝယ်ကိုစီ၊ ယူသန္တရာလုပ်တော်မူကြသည်၊ ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ကာမှလူပါယူမည်၊ အမျိုးပျောက်မှာ စိုးကြောက်လှပါသည်။ ငါတို့ဌာနီ-ပါတီများအောင် ခေါင်းဆောင် တွေက မညီ(သစ်တောနှင့်ရေနံမြေအလီလီပြန်ဆို)

၄။ ကျွန်နိုင်ငံသီခြင်း။ (ရာထူးဂုဏ်၊ စည်းစိမ်ဂုဏ်တွေ တိုးပေမဲ့၊ တစ်မျိုးလုံးမှာ မလွတ်လပ်တယ်၊ လက်အောက်ခံကျွန်ဘဝရယ်၊ လွန်စွာပင်၊ စက်ဆုပ်ရွံရှာဘွယ်)ဤမျှသာ မှတ်မိပါတော့သည်။

၅။ ရဲရဲတောက် ဒို့ဗမာတွေ၊ သတ္တိခဲပေ၊ ရာဇဝင်ထိုးလောက်အောင် စွမ်းပေ၊ ဒို့မျိုး ဒို့ပြည်-လွတ်စေကျွတ်စေ၊ ၊ အာဇာနီသွေးပေ၊ အရိုးကြေကြေ၊ (ခေတ်ဆွေးကို ပြောင်းပြန်) ခေတ်သစ်ကိုတည်ရန်၊ လွတ်လပ်ဖို့စိတ်ကြွ၊ ညီစေနော်၊ ဒို့ရဲဘော်၊ ချီတတ်ကြဖို့တူပျော်ပျော်)။

ဗမာပြည် ငါတို့ပြည်၊ ဗမာမြေငါတို့မြေ၊ ခင်ခင်မင်မင် မျိုးကိုစောင့်ကြ၊ ဘယ်ညာဘယ်ညာ၊ ဗမာတွေ ဒီချိန်ခါ၊ ညီညာစေ၊ ဗမာဆို ခါးကိုဆွဲထွက်စို့လေ)။

အခြားသီချင်းများရှိပါသေးသည်။

(၆) ရတနာပုံနေပြည်၊ မင်းတဆယ့်တစ်ဆက်၊ အုပ်စိုးခဲ့သည်။ ရှေးရှေးထုံးကတော့ အလွန်သာယာစည်၊ သီပေါရာဇာနန်းစစ်ခုနှစ်နှစ်မှာ ဖြစ်ရတဲ့အရေးဆိုတော့ ဆွေးမိပါတော့သည်။ (တို့ဘုရင်- တို့ဘုရင်ကို မျှော်မှန်းရည်၊ ယနေ့တိုင်မမေ့နိုင်ပါတော့သည်)သဘာအလီလီ တအားယုတ်စေဘို့၊ အာဌာဝီ၊ တံခါးကထုတ်လို့၊ ရာဇသမုတ်ကိုဆောင်သည်၊ မဟာမုနိတောင်၊ ဖူးမျှော်ချင်ရက်ခဲ့၊ မဖူးရရှာလေသည်(ကိုယ့်ဘုရင်-ကိုယ့်အရှင်ကို မျှော်မှန်းရည်၊ ယနေ့တိုင်မမေ့နိုင်ပါတော့သည်)။

ကျွန်တော် မမှတ်တော့ပြီဖြစ်သော သီချင်းများ ရှိပါသေးသည်။ ထိုခေတ် ထိုအချိန်အခါက သီတင်းစာဆရာ-စာရေးဆရာ တို့သည်လည်း သူ့ထက်ငါတိုင်းပြည်၏ နားမျက်စိကို ဖွင့်ပေးခြင်း၊ ဇာတိသွေး ဇာတိမာန်ဖြစ်လာပြီး အာဇာနည်မျိုးချစ်များ ဖြစ်လာဘို့ လမ်းညွှန်ကြခြင်း၊ တာဝန်တွေကို ကိုယ်စီတာဝန်ယူလျက် ဆောင်ရွက်ခဲ့ကြပေသည်။ ရုပ်ရှင်-ပြဇာတ်-ကဇာတ်၊ သဘင်သည်များကလည်း သီချင်းများဖြင့် လှုံ့ဆော်ခဲ့ကြပါသည်။ (သိန်းခင်ပျိုချစ်တဲ့မောင်၊ တိုင်ပြည်ခေါင်းဆောင်၊ ဒေါင်း အလံလွှင့်ကာဆောင်) ဟု သီချင်းအမျိုးမျိုးဖြင့် လှုံ့ဆော်ခဲ့သည်လည်း တော်လှန်ရေးဖြစ်ဘို့ လှုံ့ဆော်ခဲ့တာတွေဖြစ်၍ (ကျေးဇူးတင်ရမည်ဖြစ်သည်)

(ဂ) ရခိုင်ဇာတိသွေး ဇာတိမာန်လှုံ့ဆော်သောစကားနှင့် သီချင်းများ။

အိန္ဒိယအင်ပါယာတွင် မြန်မာနိုင်ငံသည် သီးခြားအချုပ်အချာ နိုင်ငံတစ်ခုဖြစ်သဖြင့် ထိုမြန်မာနိုင်ငံတွင် ထီးနန်းစိုက်၍ အချုပ်အချာနှင့် ရာဇဝင်အဆက်ဆက်နေထိုင်ခဲ့သော လူမျိုးသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ ရခိုင်လူမျိုး၊ ဗမာလူမျိုး၊ မွန်လူမျိုးတို့ဖြစ်သည်။ ထိုလူမျိုးသုံးမျိုးတွင် ရခိုင်သည် အိန္ဒိယနှင့် နီးစပ်ပြီးလျှင် ဗမာယဉ်ကျေးမှုအချို့နှင့် အိန္ဒိယယဉ်ကျေးမှု အချို့နှင့် မိမိသီးခြားယဉ်ကျေးမှုရှိသော ထူးခြားသော လူမျိုးတစ်စုဖြစ်သည်။ လွတ်လပ်ရေးအတွက် တော်လှန်ရေး ခေတ်အဆက်ဆက်မှာ ထိုရခိုင်တို့သည်လည်း မိမိတို့ယဉ်ကျေးမှုဓလေ့များဖြင့် လူထုကို လှုံ့ဆော်ခဲ့ကြသည်။ မြန်မာပြည်မှ ဗမာလှုံ့ဆော်သောသီချင်းအားလုံးလည်း ရခိုင်လူမျိုးတို့လက်ဝယ်ရောက်ရှိခဲ့သည်။ အိန္ဒိယကွန်ဂရက်လှုပ်ရှားမှုဆိုလည်း လှည်းနေလှေအောင်၊ မြင်းစောင်း မကျန်ရရှိခဲ့ကြပါသည်။

ဤစာတမ်းရေးရာ၌ ရခိုင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုဖြင့် မိမိလူမျိုးတို့ လှုံ့ဆော်ထားသောစာအချို့ကို တင်ပြလိုက်ပါသည်။

ဗိုလ်မင်းမျက်တောင်ရှည်၏ မိခင်စကားများအနက် မှတ်မိသမျှတချို့ကို ရေးသားတင်ပြလိုက်ပါသည်။ (မိခင်သည် သားကို မိမိအမျိုးနှင့် တိုင်းပြည်အတွက် လူအာဇာနည်ဖြစ်ဘို့ ရည်ရွယ်လျက် ဆုံးမပြောကြားပုံဖြစ်သည်)။

(ယောကျ်ားသေခြင်း၊ စစ်တလင်းမှာ၊ ဒါးဆိုရုံကော၊ လှံဝင်းဝင်းနှင့်၊ သေခြင်းလျော်ကန်စွာတကား) ရခိုင်မိခင်တို့ သားယောကျ်ားသည် စစ်မြေပြင်မှာ သေမှသာ ယောကျ်ားပီသသည်၊ မိမိအိမ်မှာသေခြင်းသည် မိန်းမသေ၊ သေတဲ့အမျိုးဖြစ်သင့်တော်သည်ဟု မချီးကျူးကြပါ။

မိန်းမသေခြင်း၊ စဖိုရင်းမှာ၊ ဖါးအယောင်ကော၊ ပေါင်ဝင်းဝင်းနှင့်၊ သေခြင်းမလျော်ကန်စွာတကားဟု သားမောင်သည် စစ်တပ်မှ အိမ်သို့လာကာ ဆိုဆုံးမခဲ့ဘူးသည်ဟု အစဉ်စကား ရှိခဲ့သည်။

ရခိုင်လူမျိုးတွင် အထက်တန်းစားမျိုးနွယ်များ၌ မှာတမ်းစာများရေးသားထားခဲ့သည်။ အစဉ်အလာတစ်ခုရှိ၏ ထိုအချိန် အမျိုးချစ်အာဇာနည်ကြီးများမှာ ဘန်းစကားများကို သက်ကြီးစကားသက်ငယ်ကြားဆိုသလို အစဉ်အဆက်ပြောဆိုတတ်ကြ၏။

(စကားပုံများမှာ အောက်ပါအတိုင်းဖြစ်သည်။)

(၁) နိုင်ငံတကာဟူရာရာ၌၊ အသက်ကိုလျှီး၊ သွီးချောင်းစီးမှ၊ ကိုယ့်မျိုးကိုယ့်ပြည်၊ ကိုယ့်ဌာနီကို၊ ရလီဖူးက၊ ဤလောကသည်၊ အောက်ကျမခံနိုင်သောကြောင့် ။ ဘာမထီကေ၊ ဇာနီယောကျ်ား၊ အာဂလူ၊ အူကမွေးဖွားဘကြီးလား၊ ယောကျ်ားအစွမ်း၊ ပွဲသဘင်မှာ ဝင်ကာစမ်းလေ့ာ။

## တော်လှန်ရေးခေါင်းဆောင် မင်းသားကြီးရွှေဘန်း၊ ဒေးဝမ်းအောင်ကျော်ရွှီ မြို့သူကြီး အောင်ကျော်ဇံတို့ မသေမီမှာခဲ့သောမှာတမ်းစာ။

## မင်းသားရွှေဘန်းသေတမ်းစာ

မင်းသားအမှန် ငါ့အကြံအား၊ နိုင်ငံအတွက် ၊ ကိုယ့်အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာချုပ်ပောင်း၊ ဘဝပြောင်းခဲ့၊ ဖြစ်ကြောင်းသံသာ၊ သတ္တဝါသည်၊ မှန်စွာသေတတ်၊ သူမသတ်လည်း၊ မလွတ်တခါ၊ သေအံ့ရာတည်း၊ ကမ္ဘာတာရှည်၊ သူတို့သည်လည်း၊ အတည်မစိုး၊ ငါမြေထိုးလည်း၊ အရိုးကခါ တွန်လိမ့်ရာ၏၊ နောင်လာနောက်လူ၊ ရခိုင်သူတို့၊ အယူမပြောင်း၊ ငါ့လမ်းကြောင်းကို၊ ကောင်းကောင်းလိုက်လာ၊ တိုင်းဧျာကို၊ တခါမုချ၊ ငါတို့ရလိမ့်၊ လုံ့လရှေ့ခံ၊ လူလျှင်ကြံဆ၊ နိဗ္ဗာန်မလွတ်၊ လက်ဝါးစပ်သည်၊ စွဲမှတ်ဤစာသေတမ်းတည်း။

## မြို့သူကြီး အောင်ကျော်ဇံသေတန်းစာ။

ဥဒါန်းမကြေ၊ ဖြစ်ရလေခြင်း၊ တိုင်းပြည်ကိုကြံ၊ အောင်ကျော်ဇံမှာ၊ ကြံကာမွေနှောက်၊ တကျိပ်ခြောက်တို့၊ ယွင်းဖောက်သစ္စာ၊ သူတို့မှာကား၊ ဝမ်းစာစားခွက်၊ တထပ်ထွက်ဆို၊ တသက်စာတင်၊ ခွေးအမြင်ကြောင့်၊ တိုင်းခွင်သာစည်၊ ငါတို့ပြည်သည် သူ့ပြည်ဖြစ်ရ၊ ဝမ်းနဲစွတည်း၊ မိဘဆရာ ၊ ပေါရာဏာတို့၊ ဝေါဟာထုံးပောင်း၊ လူဘူးတောင်းဆို၊ မပေါင်းဖော်ရာ၊ ဆိုတုံပါကို၊ နေ့ကာသတိ၊ ပေါင်းဖော်မိ၍၊ လက်ရှိဒုက္ခ၊ ငါကြုံရသည်၊ ဘဝတစိုက်၊ လူပြန်ဖြစ်၍၊ အသစ်ခုပင်၊ ကြံစည်ချင်သည်၊ ဘယ်တွင်မမေ့၊ နိုင်သောကြောင်း။

## ဒေးဝမ်းအောင်ကျော်ရွှီသေဒါန်းစာ

နောက်ပေါက်ထောင်လာ၊ နောက်ထပ်ပါလေ့ာ၊ ဆရာသုံးလက်၊ ရွှေကတက်၏၊ အသက်ဟူရာ၊ သတ္တဝါမှာ၊ တခါတရံ၊ အဘိုးတန်၏၊ တရံတခါ၊ ဆိုတုံပါက၊ သူသာလာလျက်၊ ဖိနှိပ်စက်က၊ အသက်ထိုခါ၊ ဆိုမရာချင့်၊ ပြည်ရွာတိုင်းသား၊ မျိုးလေးပါးတို့၊ တရားအမှန်၊ သူလျှင်ကြံဆ၊ အမှန်မုချ၊ သက်စွန့်ကြလော့၊ ဓမ္မလမ်းမှန်၊ တောင်းဆိုခံလျက်၊ ပိုက်ဆံကိုစား၊ လိမ်လှည့်ထားသော်၊ နောက်သားတဖန်၊ သည်းမခံနှင့်၊ နိုင်ငံတကာ၊ ဟူရာရာ၌၊ အသက်ကိုလျှီး၊ သွေးချောင်းစီးမှ၊ ကိုယ့်မျိုးကိုယ့်ပြည်၊ ကိုယ့်ဌာနေကို၊ ရလေဖူးထ၊ ဤလောကသည်၊ အောက်ကျမခံ၊ နိုင်သောဝ်ကြောင့်။

ဤတော်လှန်ရေးခေါင်းဆောင်များသည် ပေါ်တူဂီ၊ ပြင်သစ်များထံမှ လက်နက်များဝယ်ယူလျက် လျှို့ဝှက်စွာ စည်းရုံးလျက် တော်လှန်ရေးကို ခေါင်းဆောင်နေချိန်မှာ လျှို့ဝှက်လုပ်ငန်းတွင် ပါဝင်သော ရခိုင်သစ္စာဖောက်တစ်စုက အင်္ဂလိပ်ကို သတင်းပေးမှုကြောင့် အဖမ်းခံကြရသည်။ နောက်ဆုံးကွပ်မျက်ခြင်းမခံရသေးမီအချိန်မှ ရေးသား၍ပေးခဲ့သော မှာတမ်းစာအမွေအနှစ် ဖြစ်ပါသည်။

ထို့နောက် ပါတော်မူသီခြင်းကဲ့သို့ ထီးကျိုးစည်ဖောက်၊ ပြည်ပါပျောက်သဖြင့်၊ ဤဘဝမှ၊ ထီးနန်းကိုတမ်းတသော ရတုပိုဒ်စုံသုံးပုဒ်ကို ရေးသားဖော်ပြပါမည်။ ရခိုင်တို့၏ တော်လှန်ရေးအဆက်ဆက်တွင် ဤစာများ အသုံးဝင်ကြပေသည်။ ရခိုင်တော်လှန်ရေးမှာ သက်ကြီးစကား သက်ငယ်ကြားဆိုဘိသကဲ့သို့ ပုံပြင်ပမာ ပြောဆိုစမှတ်ပြုခဲ့ကြသည်။ တော်လှန်ရေး၌ ကျဆုံးခဲ့ကြသော ဗိုလ်များအဆက်ဆက်တို့၏ အမည်ကိုလည်း ဖော်ပြပါမည်။

(၁) ဇော်ဂျီဗိုလ်၊ (၂) မျက်ကန်းဗိုလ် (၃) ဗိုလ်ကျော်ခေါ် ဘုန်းကြီးဗိုလ်-သိက္ခာမချ၊ ဗိုလ်ကျော်ဟု ခေါ်ကြပါသည်။ (၄) ဗိုလ်ငမောက် (၅) ဗိုလ်နီတာတို့ဖြစ်ကြပါသည်။

## မြောက်ဦးထီးနန်းကို တမ်းတသောရတုများ

ရှေးတီအခါ၊ တိုင်းဧျာ၌၊ ကမ္ဘာညွှန့်ဖူး၊ မြို့မြောက်ဦးတွင်၊ စိုးမူးသနင်း၊ ရခိုင်မင်းတို့၊ သတင်းညွှန့်ဝေ၊ သပြေအဝှန်း လက်ရုံးဆန့်၍၊ မဝန့်ရန်သူ၊ တိုင်းပြည်သူတို့၊ ရေတူချမ်းမြ၊ နေ့နှင့်ညကို၊ ကက္ကဋမည်၊ ဗဟိုစည်လည်း၊ ဆော်မြည်မစဲ၊ နန်းထဲနန်းပြင်၊ လူရှင်အပေါင်း၊ မြေကြီးစောင်းမျှ၊ သောင်းသောင်းထွက်ဝင်၊ နန်းပွဲဆင်လျက် ဘုရင်ထွတ်ထား၊ နန်းဦးဖျား၌ မနားမစဲ၊ ဆွဲလွဲညှဲညှဲ၊ ညောင်ရွက်သံကို၊ ကြားဟံသို့ရှိ၊ ဝမ်းနဲမိသည်။ ရှေးတီအခါ ဖြစ်သောင်းကြောင့်။

ဆွေးမိစရာ၊ ယခုမှာကား၊ နန်းမှာမြေဖုံး၊ ဂါရာရုံးနှင့် ကျုံးကားချောင်းဖြစ်၊ ထင်းဆိုက်ပလ္လင်၊ ဘုရင်မြေထိုး၊ မြို့ရိုး အုတ်ပုံ၊ အားလုံးကုန်၍၊ နွယ်ခြုံတောယောက်၊ ကျားသားပေါက်တို့၊ ကြောက်မက်ဘွယ်ပင်၊ မှောင်ကြီးဆင်လျက်၊ မြတ်ရှင်ရုပ်ပွား စေတီများလည်း၊ ကွဲပြားပျက်ပြို၊ ညောင်ကြီးမျို၍၊ ဖရိုဖရဲ စည့်ကြဲဖျင်ဖျင်၊ သုဿန်ပြင်သို့ မမြင်ကောင်းဖူး၊ လေဟူးဟူးနှင့်၊ ကြည်နူးဘွယ်ရာ၊ ကျီးငှက်အာလျက်၊ ရှေးခါအတည်၊ မင်းနေပြည်ဟု၊ ပြောလည်းမယုံ၊ ဖြစ်နေပုံ၊ အကုန်တွေးမိ၊ ဝမ်းနဲမိသည်၊ ဆွေးမိစရာ ဖြစ်သောဝ်းကြောင့်။

တွေးသိမသာ၊ ရှေ့အခါက၊ ရာဇာဘုရင်၊ ရွှေနန်းရှင်တို့၊ ဥဂ္ဂင်ဖွင့်လှစ်၊ ဇကရာဇ်ဟု၊ တက်သစ်နေတူ၊ အောင်လံထူလျက်၊ ရန်သူမပေါ်၊ ရွှေအိမ်တော်မှ၊ လှံတော်မလွှတ်၊ ဒါးမချွတ်ဘဲ၊ စိုးကွပ်မင်းလုပ်၊ ထီးဖြူအုပ်လျက်၊ မလှုပ်ပြည်ရွာ၊ ရေနှင့်ကြာသို့၊ ရိပ်ရာစိုးစံ၊ ညီလာခံလျက်၊ နန်းရံစုံစီ၊ မင်းညီမင်းသား၊ မှူးမတ်များတို့ ပျော်ပါးမကုန်၊ နတ်တို့ဘုံသို့ အာရုံလိုက်ထင်၊ ယခုလျှင်ကား၊ ဘုရင်လည်းပျောက်၊ နန်းရိုးနန်းမွေ၊ မရှိလေခြင်း၊ ရေမြေပိုင်သူ၊ ငါပင်ဟူ၍၊ တဆူထွင်းဖောက်၊ ခုမျက်မှောက်တွင်၊ တယောက်ဘုရင်၊ ဒို့အရှင်ကို၊ ဖူးမြင်လိုဘိ၊ တမ်းတမိသည်၊ တွေးသိမသာ ဖြစ်သောဝ်းကြောင့်။

ဤရတုသီချင်းများကို တော်လှန်ရေးအတွက် လှုံ့ဆော်စည်းရုံးခဲ့စဉ်က တရားပွဲကြီးများ၌ ဟောပြောသူများ သုံးစွဲခဲ့ကြ၏။ ရှေးကိုလိုနီခေတ်က ကျွန်ဘဝတွင် နစ်မွန်းလျက် မေ့မောနေသော လူထုကြီးအား နိုးကြားလျက်လာရခြင်းမှာလည်း ဤကဲ့သို့သော လှုံ့ဆော်စည်းရုံးသည့် သီချင်းများ၏အကျိုးကျေးဇူးသစ္စာကြောင့် နိုးကြားလာကြပြီးလျှင် လူအာဇာနည်များ ထွန်းပေါ်လာပြီး လွတ်လပ်ရေး ကြိုးပမ်းသောလုပ်ငန်းများ အရှိန်အဟုန်ကြီးကျယ်လာပြီး လွတ်လပ်ရေးရခဲ့ကြသည်မှာ ဤစာတမ်းစကားများသည် အဓိက အထောက်အကူရခဲ့သည်။

## ၁။ မာတိကာ

ဤအတ္ထုပ္ပတ္တိများသည် တကယ်လက်တွေ့အဖြစ်များပင်ဖြစ်၏။ သို့သော် နှစ်ပေါင်း ၄၀-ခန့်ကဖြစ်၍ မှတ်တမ်းမှတ်ရာ၊ ဒိုင်ယာရီများ ပျောက်ဆုံးပျက်စီး၍ နှလုံးသား၌တင်ကျန်ခဲ့သော အချက်များသာ ဖြစ်ပါတော့သည်။ အစီအစဉ်အချို့မှာ ရှေးကရေးမည့်အကြောင်း နောက်ရောက်၊ နောက်မှရေးရမည်အရာ ရှေ့ရောက်ဖြစ်သွားတာသည် ရှိနိုင်ပါသည်။ ဖြစ်ပျက်ခဲ့သည်ကတော့ လက်တွေ့အမှန်များဖြစ်ကြောင်း ဝန်ခံပါသည်။

## ၂။ နိဒါန်း

တော်လှန်ရေးအတ္ထုပ္ပတ္တိများမှာလည်း စာရေးဆရာများသာလျှင် ရေးတတ်၍ ဘတ်ချင်စရာ စီကုံးရေးသားတတ်ပါသည်။ ကျွန်တော်ကဲ့သို့ တော်လှန်ရေးသမားတစ်ဦးမှာ အတ္ထုပ္ပတ္တိရေးရန်၊ ဆောင်းပါး၊ ဝတ္ထုဟူ၍ ခွဲခြားမရေးတတ်ဘဲ ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်ဆင်ခြင်ပြီး ရေးခြင်းဖြစ်၍ ဟန်အမျိုးမျိုးရောထွေးသွားမည်မှာ တထစ်ချသေချာနေပါသည်။ ကျွန်တော်၏အဓိကဦးတည်ချက်ကတော့ ထိုအချိန်တော်လှန်ရေးလုပ်ခဲ့ကြသော တာဝန်ခံခေါင်းဆောင်ကြီးများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြသော မြို့နယ်အသီးသီးမှ တော်လှန်ရေးခေါင်းဆောင်ငယ်များနှင့် လူထုလူတန်းစားများ၏သစ္စာရှိသော စိတ်ဓါတ် ရဲရင့်၍တာဝန်ယူရဲသော ရဲရဲတောက်၊ ဇာတိမာန်ကိုယ်ကျိုးစွန့်ပုံခြင်းနှင့် အသက်ဆံဖျား စွန့်စားခဲ့ကြသည်များကို နောင်လာနောက်သားများ သိသာစေရန် ရည်ရွယ်ပါသည်။ လက်တွေ့ဖြစ်ရပ်များသည် စိတ်ကူးယဉ်ထက် အဆရာထောင်မက အံ့ဩစရာတွေ ဖြစ်ပါသည်။ စာသွားက မရေးတတ်၍ အကောင်အထည်မဖော်တတ်သဖြင့် ဘာလိုညာလိုဖြစ်နိုင်ပါသည်။ သို့သော် ဖြစ်ပျက်ပုံကို ထောက်၍ နှိုင်းဆညှိနှိုင်းပါက အရသာတစ်ဝက်ပေါ်ထွက်လာနိုင်ပါသည်။

ဤစာရေးသူ၏ ခံစားနာကျည်းချက်တစ်ခုက စေ့ဆော်၍သာလျှင် ဤတော်လှန်ရေးအကြောင်းအရာအချို့ကို တင်ပြခြင်းဖြစ်ပါသည်။ ထိုခံစားချက်ကတော့(ရောင်တော်ပြန်နှင့် ရောလွတ်ခြင်း)ဟု အမိပ္ပါယ်ရပါသည်။ ဖြစ်ရပ်က ဂျပန်ခေါ်ပြီး အင်္ဂလိပ်ကိုတိုက်ခိုင်း၊ ဂျပန်နောက်လိုက်လုပ်၊ ဂျပန်မကောင်းမှန်းသိပြန်တော့၊ အင်္ဂလိပ်ပြန်ပင့်၊ ဂျပန်ကို တိုက်ခိုင်း၊ နောက်လိုက်လုပ်၊ ကမ္ဘာ့အခြေအနေအရ ဗြိတိသျှက ကိုလိုနီစနစ်ကို ဖျက်၍လွတ်လပ်ရေးပေးတာဘဲဟု နောက်ပေါက် နိုင်ငံရေးဆရာကလေးတွေက ပြောကြပါသည်။ သူတို့ထင်တာနှင့် လက်တွေ့မှာ မည်မျှကွာသလဲ(ရှေးက တော်လှန်ရေးခေါင်းဆောင်များဟာ) နောက်ယောင်ခံ ရေသာခိုများပါလား၊ သို့မဟုတ် သူမတူအောင် ထူးခြား၍ စူးရှပြင်းထန်သော ဇာတိသွေး ဇာတိမာန်ဖြင့် အရာရာကို ဆင်ခြင်နိုင်စွမ်းရှိသော ဇဝနဉာဏ်၊ တိက္ခဉာဏ်၊ ဂမ္ဘီရဉာဏ်၊ လျင်မြန်သော ဉာဏ်၊ ထက်မြက်သောဉာဏ်၊ နက်နဲသော ဉာဏ်ဖြင့် ပိပိရိရိလုပ်ခဲ့ကြသလား၊ ဘယ်မျှခက်ခဲသော ပြဿနာများကို နည်းပရိယာယ်အမျိုးမျိုးဖြင့် ကျော်ဖြတ်ခဲ့ကြသလဲဆိုသည်ကို စာဖတ်သူများသာ စဉ်းစားဆုံးဖြတ်ကြရမည်။

စာရေးသူကတော့ တကယ်ဖြစ်ခဲ့တာများဟာ မျက်လှဲ့လော၊ ထုံးတမ်းစကားလောဟု ထင်ချင်လျှင်ထင်ကြပါတော့၊ စာရေးဆရာမဟုတ်၍ စပ်ငံဖြစ်မည်မှတပါး ဟုတ်မှဟုတ်ပါရဲ့လားဟု ယုံထင်ကြောင်ထင်ဖြစ်ကြရမည်ကိုတော့ တာဝန်ယူဝံ့ပါ၏။

ဤစာ၏နောက်အဓိကအချက်မှာလည်း ရခိုင်နှင့်ဗမာတော်လှန်ရေးခေါင်းဆောင်အချင်းချင်း စိတ်ချယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများလည်း မည်သည့်အချိန်ခါမျှ မရခဲ့ဘူးသော ညီညွတ်မှု၊ ချစ်ကြည်မှု၊ ယုံကြည်အားကိုးမှု၊ ထိုတဦးကို တဦးသံသယ လုံးဝမရှိဘဲ ရရှိခဲ့ကြပါသည်။ အလွန့်အလွန်ခိုင်မာသော နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်တော်လှန်ရေး မဟာမိတ်များ ဖြစ်ခဲ့ကြပါသည်။ ပို့ပေးသမျှသော တော်လှန်ရေး မဟာတာဝန်များကို ရှေ့တမ်းစစ်မြေပြင်၊ ရခိုင်ဒေသမှ ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များ ရာနှုန်းပြည့်ထမ်းဆောင်ခဲ့ကြောင်း တော်လှန်ရေးကို လက်လှမ်းမှီခဲ့သော မြန်မာပြည် ထိပ်တန်းခေါင်းဆောင်များအသိဖြစ်ပါသည်။ သိဒ္ဓိတင်၍ မပြောမဖြစ်သည်မှာ ရခိုင်လူမျိုး လူနည်းစုမှာ ရှေ့တန်းစစ်မျက်နှာ ဖြစ်ခြင်း၊ မြို့တွေရွာတွေ အတည်တကျမရှိဘဲ ပျက်စီးနေချိန် ဂျပန်ထောက်လှမ်းရေးက အကွက်စေ့စေ့ထောက်လှန်းနေချိန်မှာ တော်လှန်ရေးတာဝန်ကြီးအရပ်ရပ်ကို မဟာမိတ်တို့နှင့် ဆက်သွယ်၍ အကောင်အထည်ဖော်ခဲ့ကြပါသည်။ (ဤဖြစ်ရပ်ကိုလည်း ပြရခြင်းမှာ) ဂျပန်တပ်မတော်က ရှေ့တိုးလိုက်၊ ကိုဟီးမား-အင်ဖာထိရောက်လိုက်၊ နောက်တစ်ချိန် အင်္ဂလိပ်သစ္စာခံများ အန္တရာယ်နှင့်တကွ ဂျပန်အလိုတော်ရှိများ၊ အန္တရာယ်ကိုပါ တော်လှန်ရေးသမားများက ရှောင်တိမ်း၍ ခပ်တည်တည်ဖြင့် သတ္တိရှိရှိ၊ ဇွဲရှိရှိဖြင့် မတုံမလှုပ်လုပ်ခဲ့ကြသည်များကို ကျွန်တော်အိန္ဒြေဖြင့် သိဒ္ဓိတင်ရပါသည်။ တော်လောက်ပြီ၊ ဤဝိသေသနများကို ကျေးဇူးတင်သောအသိစိတ်ဖြင့် မှတ်တမ်းတင်ခြင်းဖြစ်ပေသည်။ ထိုပုဂ္ဂိုလ် တော်လှန်ရေး၏ ခေါင်းဆောင်ကြီး ခေါင်းဆောင်ငယ်များသည် ရေသာခို အချောင်သမား နောက်လိုက်မဟုတ်ပါ။ ရဲရဲတောက်အာဇာနည် ခေတ်ဟောင်းကို ဖျက်ဆီး၍ ခေတ်သစ်ကို ဖန်တီးတည်ဆောက်သော ဗိသုကာများသာဖြစ်သည်။

## ၃။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဝံသာနုတရား

မြန်မာနိုင်ငံကျွန်ဘဝသို့ မြန်မာသက္ကရာဇ် ၁၁၈၆ခုနှစ်အချိန်ကပင် ရခိုင်နှင့်တနင်္သာရီနှင့် မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီက သိမ်းပိုက်ခဲ့ကြသည်။ ရခိုင်လူမျိုးများမှာ သူ့ကျွန်မခံသော ဇာတိမာန်ရှိကြပါ၏ သို့သော်လည်း မြန်မာများက ၁၁၄၆ခုအချိန်က ရခိုင်၏အချုပ်အချာအာဏာကို ဘိုးတော်ဘုရား၏ သိမ်းပိုကအုပ်ချုပ်မှုကို မကျေနပ်မှုကို အရင်းခံ၍ အင်္ဂလိပ်နှင့် မဟာမိတ်ပြု၍ တိုက်ခိုက်တော်လှန်ခဲ့ကြခြင်းသည်၊ ရခိုင်ရောမြန်မာပါ ကျွန်ဘဝသို့ သက်ဆင်းခဲ့ကြရပေသည်။

ဗြိတိသျှတို့၏ လိမ်လှည့်မှုကို ခံရမှန်းသိပြီးနောက်ပိုင်းမှာ တော်လှန်ရေးလုပ်ခဲ့ကြပေသည်။ သို့သော်လည်း အချို့သော သစ္စာဖောက်ရခိုင်တို့ကြောင့် မအောင်မြင်ဘဲ ဆုံးရှုံးခဲ့ကြရ၏။ သမိုင်းတင်၍ ရေးထားသော စာတမ်းများအရလည်းကောင်း၊ အင်္ဂလိပ်၊ ပေါ်တူဂီ၊ ပြင်သစ်တို့၏မှတ်တမ်းအရလည်းကောင်း၊ နောင်လာနောင်သားတို့ သိရှိကြရသည်။

ရခိုင်အထက်တန်းအလွှာများကို ဗြိတိသျှအုပ်ချုပ်သူများကတဆင့် ရခိုင်လူမျိုးအား ဖိနှိပ်ရေးယန္တရားအဖြစ် အသုံးပြုခြင်း၊ မြန်မာပြည်အုပ်ချုပ်ရေး၌လည်း၊ ရခိုင်အလိုတော်ရိများကို အင်္ဂလိပ်လူမျိုးနှင့် တန်းတူချီးမြှင့်ခန့်ထားခြင်းနည်းပရိယာယ်ကြောင့် ကျွန်အုပ်ချုပ်ရေးအုတ်မြစ်ဟာ အတော်ပင် ခိုင်မာစွာ ရှိနေပါသည်။ အထူးသဖြင့် မြန်မာများစီးပွားရေးနလံမထူနိုင်အောင် ကုလားလူမျိုးများကို မြေရှင်ကြီးများဖြစ်အောင် နှစ်၁၀၀၀ရန်မြေများ ထုတ်ပေး၍ ဘဏ်မှငွေလိုသလောက် ချေးငှားသွေးစုတ်ချယ်လှယ်သောစနစ်ကို ထူထောင်ပေးခြင်း၊ အိန္ဒိယကုလားချစ်တီးများသည် မြန်မာစီးပွားရေးကို လက်ဝါးကြီးအုပ်ထားစေပြီး မိမိတို့က ထွက်ကုန်သွင်းကုန်များကို ချုပ်ကိုင်၍အုပ်ချုပ်ခဲ့သည်။ အော်တိုကရေစီ၊ ကိုလိုနီ ယန္တရားဖြစ်သည်။ မြန်မာနှင့်ရခိုင်တို့မှာ အိန္ဒိယအင်ပါယာအတွင်း ပြည်နယ်လေးတစ်ခုသာဖြစ်သည်။ ဖွဲ့စည်းထားပုံကလည်း အလွန်စေ့စပ်သေချာလှသည်။ ကျေးရွာ၊ တိုက်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟို စသည်ဖြင့် ယူနစ်ထရီ၊ ဘုရင်ခံတစ်ဦးတည်းသဘောဖြင့် အုပ်ချုပ်စေခြင်းဖြစ်သည်။ သက်ဦးဆံပိုင်စနစ်ထက် အလွန်ခိုင်မာသော ဖွဲ့စည်းပုံဟုဆိုနိုင်ပါသည်။

သူ့ကျွန်မခံလိုကြသောအင်အားစုများကို မွဲပြာကျစေ၍ နလံမထူနိုင်အောင် လုပ်ထားသဖြင့် မြန်မာရော ရခိုင်ပါ ဇာတိမာန် လုံးဝပျောက်ကင်း၍ အင်္ဂလိပ်ကို သခင်၊ လက်ပါးစေအားလုံးကို အရှင်၊ အထူးသဖြင့် ပုလိပ်နှင့်ပြာတာ(မင်းစေ) များကိုပင် အရှင်ခေါ်ခဲ့ကြသည်။ နှစ်ပေါင်း(၅၀)ခန့်မှာ အလွန့်အလွန်ငြိမ်းချမ်းသော တည်ငြိမ်သောကိုလိုနီအုပ်ချုပ်ရေးဖြစ်သည်။ အိန္ဒိယရော မြန်မာနိုင်ငံပါ အလွန်ပင်ငြိမ်ဝပ်ပိပြားရှိနေကြစဉ်မှာ တနေ့တခြားပြည်သူလူထုသည် ထမင်းနပ်မှန်မစားနိုင်၊ ဝတ်စရာမရှိဘဝသို့ ကျဆင်းပြီးရင်း ကျဆင်းလျက်ရှိနေကြပါသော်လည်း လက်တဆုတ် စာအုပ်ချုပ်သူများ၊ ကုမ္ပဏီများမှာ တိုးတက်ပြီး ကြီးမားကျယ်ပြန့်လာခဲ့ပါသည်။ နေမဝင်နိုင်အောင် ကြီးကျယ်၍ ငြိမ်ဝပ်ပိပြားသော ဗြိတိသျှအင်ပါယာကို ထိုစဉ်က ဂရိတ်ဗြိတိန်ဟု ခေါ်ခဲ့ကြသည်။

၁၉-ရာစုနောက်ပိုင်းတွင် အာရှတိုက်၌ ဂျပန်တိုးတက်လာမှု၊ တရုပ်၌ဆွန်ယက်ဆင်၊ အိန္ဒိယ၌ မဟတ္တမဂန္ဒီ၊ မော်တီလာ နေရူး၊ ရခိုင်မှ ဦးဥတ္တမ စသည့်မျိုးချစ်ပုဂ္ဂိုလ်များ၊ ထွက်ပေါ်လာချိန်၊ အင်္ဂလိပ် ဂျပန်၏ ပထမကမ္ဘာစစ်ကြောင့် ကမ္ဘာလည်း နိုးကြား၍ ကမ္ဘာ့စီးပွားရေး၌လည်း စက်မှုနိုင်ငံများ အလုအယက်ဖြစ်မှု၊ အာရှတစ်ခွင်မှ မျိုးချစ်ခေါင်းဆောင်များကလည်း မိမိနိုင်ငံတိုးတက်ဘို့အတွက် ဝံသာနုတရားဖြင့် လှုံ့ဆော်လာကြသည်။ ဆိုလိုသည်ကား အိန္ဒိယအမျိုးသားရေး၊ တရုပ် အမျိုးသားရေး လှုပ်ရှားမှုဂယက်သည် မြန်မာနိုင်ငံသို့ ရိုက်ခတ်လာခဲ့ပါသည်။ ဦးဥတ္တမလည်း တရုတ်၊ ဂျပန်၊ အိန္ဒိယတို့တွင် လှည့်လည်၍ ဝံသာနုတရား ဟောပြောခြင်း၊ အိန္ဒိယသို့အခြေခံနယ်မြေပြု၍ ဟိန္ဒူမဟာဆပ္ပအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းပြုပြီး၊ နောက်ပိုင်းမြန်မာနိုင်ငံသို့ ဆိုက်ရောက်ဟောပြောလာပါသည်။ ဤအထက်ပါ လှုပ်ရှားမှုများကြောင့် မြန်မာနိုင်ငံမှာ ရဟန်းခေါင်းဆောင်၊ လူပုဂ္ဂိုလ်ခေါင်းဆောင်များ ပေါ်ပေါက် လာခဲ့ကြ၏။ ထိုပုဂ္ဂိုလ်များမှာ ဦးစိန္တာ၊ ဦးနန္ဒမာလာ၊ ဦးဝိစာရ၊ ဦးဝေပုလ္လ၊ ဦးနာဂိန္ဒတို့ဖြစ်ကြသည်။

လေးဦးပုဂ္ဂိုလ်မှာ ရခိုင်ဖြစ်၍ ဦးဝိစာရမှာ ယခုကျောက်တိုင် အထိမ်းအမှတ်ဖြင့် အသက်စွန့်သွားသော အရှင်သူမြတ် မြန်မာလူမျိုးဖြစ်ပါသည်။ ဦးဥတ္တမ၏အဆက်အနွယ် တပည့်ရင်းလည်း ဖြစ်ပါသည်။ နောက်ဦးအရိယမှာ ဦးဥတ္တမ၏ညီတော်ဖြစ်၍ သခင်ခေတ်မှာ သခင်အရိယဟု ခေါ်တွင်ပါသည်။

လူပုဂ္ဂိုလ်များမှာ ဦးချစ်လှိုင်၊ ဦးထွန်းရှိန်၊ ဦးပု၊ ဦးဘဖေ၊ ဦးပေါ်ထွန်း၊ ဒေါက်တာဘမော်တို့ ဖြစ်ကြပါသည်၊ ဝံသာနုခေတ်နောက်ပိုင်း၌ ဆရာစံသူပုန်ထသည်။ ခရီးရောက်သွားခဲ့၏။ သူပုန်ထသည်မှာ မအောင်မြင်သော်လည်း ကျယ်ပြန့်သောဝါဒဖြန့် တော်လှန်မှုဖြစ်ဘို့ အကြောင်းတရား မဟုတ်ပါလော၊ တော်လှန်ဝံ့သူများ ဖြစ်ထွန်းလာခြင်းမှာ အထက်က တော်လှန်ရေးအမွေကို ဆက်ခံခြင်းပင်ဖြစ်၏။

ထို့နောက် မြန်မာနိုင်ငံရှိ ယူနီဗာစီတီကျောင်းသားများ၏ ၁၉၂၀ ခု သပိတ်မှတဆင့် အမျိုးသားကောလိပ်နှင့် အမျိုးသားအထက်တန်းကျောင်းများမှလည်း မျိုးချစ်လူငယ်များ ဖြစ်ထွန်းမွေးဖွားလာကြသည်။ အုပ်ချုပ်ရေးပိုင်းမှာ အိန္ဒိယ

ပြည်နှင့်တွဲ၍ ပြည်နယ်တစ်ခု အုပ်ချုပ်ရေးစနစ်မှခွဲထွက်ဖို့ စည်းရုံးသော နိုင်ငံရေးအမြင်ရှိသူများနှင့် ကြီးမားကျယ်ပြန့်သော အိန္ဒိယပြည်ကြီး၏ကျွန်ဘဝမှ လွတ်မြောက်နိုင်ရေးစည်းရုံးမှုကို အမှီပြုလျက် တဆင့်တဆင့် အုပ်ချုပ်ရေးသစ်များ တိုးတက်ရရှိရေးတောင်းဆိုဘို့ကို လိုလားသည့် ခေါင်းဆောင်များ ကွဲပြား၍ ခွဲရေး-တွဲရေးပြဿနာ၊ နိုင်ငံရေးလှုပ်ရှားမှုဖြစ်ပေါ်လာခဲ့ပါသည်။ ခွဲရေးအောင်မြင်ပြီးနောက်ပိုင်းမှာ ဒိုင်အာခီ အုပ်ချုပ်ရေးရရှိလာ၏။

အမျိုးသားလှုပ်ရှားမှုတွင် လုံးဝလွတ်လပ်ရေးရရှိလိုသူများ ဖြစ်ထွန်းပေါ်ပေါက်လာရသည်အထိ၊ ဝံသာနုတရားပွဲများ၌ လူထုသို့စည်းရုံးလှုပ်ရှားကြသော လူငယ်ခေါင်းဆောင်များ အုပ်စုနှင့် လူကြီးပိုင်းမှ တဆင့်မြင့်သောအုပ်ချုပ်ရေးကို ဘီလပ်ပါလီမန်အစိုးရထံတောင်းဆိုရန်ဆိုသည့် ဓေ့စပ်ရေးအုပ်စု၊ တော်လှန်ရေးအုပ်စုတို့ စတင်ဖြစ်ထွန်းလာရ၏။ တချိန်တည်းမှာ ဆရာစံသူပုန်ထသည်ထိ၊ လယ်သမားဆင်းရဲသားအုပ်စုဖြစ်ထွန်းခဲ့၍ တော်လှန်ရေးအုပ်စုကြီးထွားဘို့ လက္ခဏာများဖြစ်ခဲ့သည်။ တော်လှန်ရေးလူငယ်အုပ်စုမှာ ကိုယ့်မင်းကိုယ့်ချင်း ဝါဒကို လက်ကိုင်ပြုလျက် ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ဟု စတင်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၂၈၈ခု ခရစ်သက္ကရာဇ် ၁၉၃၅ခု (ခန့်မှန်းချက်)

## ၄။ လယ်သမားဆရာစံသူပုန်၏ ဂယက်ရိုက်စတ်မှု

ရခိုင်လူမျိုးစုဒေသ၌ ကျွန်အုပ်ချုပ်ရေးဖြစ်သော ကိုလိုနီယန္တရားပုံစံသည် မြန်မာနှင့် ဖွဲ့စည်းပုံရော အုပ်ချုပ်ပုံစံပါအတူတူဖြစ်၏။ နည်းပရိယာယ်ကတော့ လုံးဝမတူပါ။ သတိထား၍သာမကြည့်ရှုပါက ထိုကဲ့သို့ခြားနားချက်ကို မသိနိုင်ဖြစ်ပါမည်။(ရခိုင်ပြည်)။ အုပ်ချုပ်ရေး၌ဂုဏ်၊ စီးပွားရေး၌လည်းကောင်း၊ ရခိုင်လူမျိုးအင်္ဂလိပ်အလိုတော်ရှိများ လက်ထဲမှာလုံးဝတည်ရှိနေပါသည်။ မြန်မာပြည်ထဲမှာဆိုပါလျှင် အုပ်ချုပ်ရေးမှာ ဘုရင်ခံနှင့် ရခိုင်လက်ပါးစေများ၏လက်ထဲမှာဖြစ်၍ စီးပွားရေးမှာ ဗြိတိသျှဘဏ်ကြီးများမှတဆင့် ချစ်တီးကုလားက လက်ဝါးကြီးအုပ်လျက် လယ်မြေအားလုံးနှင့်တကွ ကုန်စည်ဖြန့်ဖြူးရေးကိုပါ ချုပ်ကိုင်ထားရှိကြပါသည်။ ထိုအကြောင်းကြောင့် ရခိုင်ဘင်္ဂလားလူယုံတော်များမှာ မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး အမာခံ- ဒေါက်တိုင်ဘဝဖြင့် အာဏာစည်းစိမ်ယစ်မူးလျက် ရှိနေကြ၏။ ဗမာလက်ပါးစေများမှာ ပေါ်ပေါက်ခါစအချိန်သာဖြစ်၍ မစာသာသေးပါ (နောက်ခေတ်တွေမှာ နေရာယူကြမည့်အစပျိုးချိန်ပါဘဲ)။

ရခိုင်၌တော်လှန်ရေးအဆက်အနွယ်တို့သည်၊ ဆရာစံ ဂဠုန်ရာဇာသူပုန်ကို အားပေးလိုသောစိတ်ဖြင့် ရခိုင်ရိုးမကို ကျော်၍ ရောက်လာမည်ကို ကြိုဆိုစောင့်မျှော်ခဲ့ကြသည်။ (ဝါ) တော်လှန်ဝံ့သူပေါ်ထွန်းလာပါလျှင် အားပေးအားမြှောက်ဝင်၍ အုပ်မည့်သဘောထားပင်ဖြစ်သည်။ သို့သော်လည်း ဆရာစံသူပုန်ကို ဖြိုဖျက်နိုင်သဖြင့် ရခိုင်အင်္ဂလိပ်လက်ပါးစေများ မျက်နှာပို၍ ကြီးထွားလာပါသည်။

ထိုခေတ်ထိုအချိန်က ရခိုင်၌ နိုင်ငံရေးအဖွဲ့မှာ အာရက်ပါတီ၊ ရခိုင်ပြည်အဖွဲ့ခေါ်သော ဦးရဲကျော်သူ၊ သူဌေးကြီးအဆက်အနွယ်များပင် ဖြစ်သည်။ ပါလီမန်နေရာအလုံးဟာလည်း သူတို့ချည်းဖြစ်ကြ၏။ ရောင်းတဲဘိုလ် ကွန်ဖရန့်၊ ဘီလပ်သွားစဉ်ကလည်း ကေ-အက်စ်-အမ်း (K.S.M T.P.S) ဦးရွှေသာ၊ ဝတ်လုံတော်ရ၊ သူဌေးကြီးဦးရဲကျော်သူ၏သားပင်လျှင် ရခိုင်လူမျိုး၏ မျက်နှာဖုံးကိုယ်စားလှယ် ဖြစ်ပါသည်။

သို့သော်လည်း ထိုလူကြီးများအုပ်စုကို မကြေနပ်၍ တစင်ထောင်လိုသော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးမှာ ရှေ့နေကြီးဦးမြထွန်းဖြစ်သည်။ ဦးမြထွန်းမှာ (ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့) အပေါ်ယံမှာ စီးပွားရေးသဏ္ဌာန်ဖြင့် အတွင်းရေး နိုင်ငံရေး၊ တော်လှန် ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ စစ်တွေခရိုင်ရှိ မြို့နယ်များမှ မျိုးချစ်များအပြင် ကျောက်ဖြူ-သံတွဲခရိုင်များမှ လူကြီးမျိုးချစ်များကိုပါ စည်းရုံးဖွဲ့စည်းခဲ့၏။ ဆရာတော်ဦးစိန္တာနှင့် ဦးဥတ္တမ၏တပည့်ရင်း နန္ဒမာလာလူထွက် ဦးထွန်းစိန်တို့နှင့်တိုင်ပင်၍ ဝံသာနုတရား ဝံသာနုရက္ခိတလမ်းစဉ်ဖြစ်သော အမျိုးပညာ၊ ဘာသာ၊ သာသနာစသောဝါဒကို လက်ကိုင်ထား၍ ဟောပြောသောအဖွဲ့ဖြစ်သည်။

## ၅။ ရခိုင်အမျိုးသား ကွန်ဂရက်အမြုတေ

ရခိုင်သံဃာတော်များသည် ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ ဒွါရာဝတီဟူ၍ ဝတီလေးရပ်မှ သံဃာတော်များအားလုံးသည် တနှစ်မှာတစ်ကြိမ်ကျ စစ်တွေမြို့ ဝင်္ဂဘာတွင် မဏ္ဍပ်ကြီးဆောက်လုပ်၍ သံဃာတော်များ၏ညီလာခံတစ်ရပ်ပြုလုပ်ခဲ့ကြသော အစဉ်အလာတစ်ခု ရှိခဲ့ကြ၏။ ထိုညီလာခံကို ရခိုင်အခေါ်အားဖြင့် သံဃသမဂ္ဂီအစည်းအဝေးဟုခေါ်ကြ၏။ ထိုအစည်းအဝေး၌ စာပြန်ပွဲ၊ တရားဓမ္မဟောပြောပွဲ၊ ဆွမ်းလောင်းပွဲ၊ များ စည်းကားသိုက်မြိုက်စွာ ပြုလုပ်ပြီး မူဝါဒချမှတ်ဆုံးဖြတ်ကြပါသည်။ တိုးတက်လာသော ဝံသာနုခေတ်နှင့်အညီ၊ အမျိုး၊ ပညာ၊ ဘာသာ၊ သာသနာကြီးပွားရေးဟု ဆုံးဖြတ်သောမူတစ်ရပ်ကို ချမှတ်ပြဌာန်းခဲ့ကြပါသည်။ ဝံသာနုတရားပွဲတိုင်းမှာ ထိုစကားရပ်ကို သုံးစွဲခဲ့ကြသည်ဖြစ်၍ နောက်ပေါက်နိုင်ငံရေးဟောပြောပွဲတိုင်းမှာလည်း အမျိုးပညာ၊ ဘာသာ၊ သာသနာလေးဌာန တိုးတက်ကြီးပွားရေးဟု

ဟောပြောကြပေသည်။ ထိုသံဃသမဂ္ဂီ၌ ဓမ္မကထိက၊ ဦးစိန္တာနှင့်တကွ၊ အခြားဓမ္မကထိကများစွာ ပါဝင်တက်ရောက်ခဲ့ကြသည်။ တော်လှန်ရေး၌ထင်ရှားမည့် ဦးပညာသီဟဆရာတော်နှင့် ဦးနာရဒကဲ့သို့ ဆရာတော်ကြီးများလည်း ပါလာခဲ့ကြ၏။ ဤသံဃသမဂ္ဂီဟောပြောပွဲသည် ခေတ်မှီသော၊ တော်လှန်ရေးစကား၊ ဘာသာရေး၊ စာပေရေး၊ လူမျိုးရေးစကားများကို လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ၏ ဟောပြောရာတရားပွဲဖြစ်သည်။ (ဝါ)တော်လှန်ရေးနှင့် နိုင်ငံရေးပေါ်ထွက်လာဘို့ လေ့ကျင့်ရာ စခန်းကြီးတစ်ခုလိုဖြစ်နေပါသည်။ ရခိုင်တော်လှန်ရေး၌ တာဝန်ခံခေါင်းဆောင်မှာ ရဟန်းတော်များပင် ဖြစ်ခဲ့ကြသည်။ လူခေါင်းဆောင်များမှာ နောက်လိုက်များသာ ဖြစ်ကြောင်း သမိုင်း၌လက်တွေ့သိသာနိုင်ပါသည်။

နောင်ခေတ်တွင် အမျိုးသားအဖွဲ့ကြီးဖြစ်လာဖို့ ရခိုင်တိုင်းလုံးဆိုင်ရာကြီးပွားရေးအဖွဲ့၊ ရခိုင်ပါတီခေါ် အဖွဲ့များလည်း ဤပွဲတွင် ဝါဒဖြန့်ကြ စည်းရုံးခဲ့ကြပါသည်။ ဆရာတော်သံဃာတော်အများစုသည် ရခိုင်ပါတီခေါ်သောအဖွဲ့န(ဝါ) ဦးရဲကျော်သူ သူဌေးကြီး မိသားစုကြီးမှူးသော အဖွဲ့၏ဩဇာသာ သက်ရောက်သွားပါသည်။ ထိုအဖွဲ့နှင့် ပုဂ္ဂိုလ်များမှာ အာဏာလက်ရှိမြေပိုင်ရှင်ကြီး ဩဇာရှင်ကြီးများဖြစ်၍ သူတို့အရှိန်အဝါသာလျှင် ရခိုင်လူထုနှင့်တကွ ရခိုင်သံဃာတော်များကို ရိုက်ခတ်လွှမ်းမိုးခဲ့၏။

ထိုသံဃာတော်များထဲမှ ပထမဆုံး ရခိုင်တိုင်းလုံးဆိုင်ရာ စီးပွားရေးအဖွဲ့ကြီးခေါင်းဆောင် ရွှေနေဦးမြထွန်းမှာ ဦးစိန္တာကို ကြည်ညိုသဘောကျပြီး ပင့်ဆောင်လျက် တိုင်ပင်ဆွေးနွေးပြီး နိုင်ငံရေးဆက်လက်စည်းရုံးကြဘို့ ပူးပေါင်းကြပါသည်။ ထိုစဉ်ပင်လျှင် ဦးမြထွန်းမှာ ဦးနန္ဒမာလာ (လူပြန်တော်) ဆရာထွန်းစိန်ကို ဝါဒဖြန့်ပွားရေးမှူးအဖြစ် ရရှိထားပြီး ဖြစ်ပါသည်။

ထို့နောက်ပိုင်းတွင် ရခိုင်ပြည်လုံးကျွတ် ဝံသာနုညီလာခံကြီးကို ဆရာတော်ဦးစိန္တာ ဦးစီးဆောင်ရွက်မှုဖြင့် စစ်တွေမြို့မှ ဦးမြထွန်း၊ ကျောက်ဖြူမြို့မှ ဦးစောလှညိုတို့ကို ပင့်ဖိတ်လျက် ဆင်ပေါ်တင်၍ကြိုဆိုပြီး ဝံသာနုလယ်သမားထုညီလာခံကြီးကန်းနီရွာ၊ မင်းပြားမြို့နယ်၌ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ ကျင်ပွဲ၊ ဟန်ကပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲပြုလုပ်ခဲ့ပါသည်။ (၁၂၉၁-ခု) မြန်မာသက္ကရာဇ် အချိန်ကဟု ခန့်မှန်းမိသည်။ ထိုအချိန်သည် အင်္ဂလိပ်အုပ်ချုပ်ရေး ဩဇာအထွတ်အထိပ် ရောက်ချိန်ဖြစ်သည်။ ရခိုင်လူထုမှာ တော်လှန်ရေးစိတ်ဓါတ် လုံးဝကင်းချိန်ဖြစ်နိုင်ပါသည်။ အစိုးရကို ကြောက်ဒူးတုံချိန်ပင်ဖြစ်သည်။ အင်္ဂလိပ်အလိုတော်ရှိများမှာ အလွန်ပင်ဘုန်းတန်ခိုး ပြည့်ဝနေကြပါသည်။ ဟိုတကွက် ဒီတကွက်တော့ တော်လှန်ပစ်လိုကြသော စိတ်ဓါတ်၊ မခံချင်သောသဘောထား ကျွဲသိမ်း၊ လယ်သိမ်းလုပ်တာများ၊ စပါးပင်ထောင်စနစ် နှိမ်ဝယ်ထားတာများ၊ စပါးဈေးနှိမ်ဝယ်ခြင်း၊ အပိုနှစ်တင်းကို စပါးတင်းတစ်ရာဝယ်တိုင်း အဆောင်းပေးရခြင်း၊ မတရားယူမှု တရားဝင်နေခြင်း၊ ခံခက်ခံပြင်းကြပါသည်။

ထိုအချိန်က လယ်သမားကျေးရွာလူထု လူတန်းစား လူကြီးလူငယ်၊ မိန်းမယောကျ်ားများ၏ ပကတိစိတ်ထားကို ယခုလူများ မည်သို့မျှဆင်ခြင်၍မရနိုင်ပါ။ ဤစာရေးသူ ရဲရဲတောက်ဇာတိမာန်ဖြင့် ထင်ရှားကျော်ဇောခဲ့သော သခင်ဘစိန်၏ဘဝဖြင့်သာ နှိုင်းယှဉ်ကြည့်ကြပါတော့။ ကျွန်တော်သည် အိမ်ခြေ(၅၀)ရှိသော မြေပုံမြို့နယ် ကြတ်စင်တိုက်၊ ပဲကောက်ဆိုတဲ့ရွာမှာ မွေးဖွားကြီးပြင်းလာသူ၊ အဆင်းရဲဆုံးလယ်သမားအလွှာမှ လူတစ်ဦးဖြစ်ပါသည်။ ခြောက်ပဲတန်အကျႌ၊ သုံးမတ်တန်လုံချည်သည် ကျွန်တော်၏ပွဲနေပွဲထိုင် အဘိုးတန်ပစ္စည်းဖြစ်သည်။ ပွဲကြီးတစ်ခုသို့သွားလျှင် ငါးပဲခြောက်ပဲ၊ သုံးမတ်ဆိုလျှင် ထိပ်တန်းပါဘဲ၊ ပိုးဖဲကတ္တီပါဝတ်သူများ၏ အနီးကိုမှ မကပ်ရဲပါ၊ မျက်နှာငယ်၊ မျက်နှာမွဲဖြင့် ငေး၍ကြည့်နေမိပါသည်။

ထိုစဉ်က လူကုန်တန်နှင့် လူတန်းစေ့နေထိုင်သူ ကျေးရွာလူထုသည်ပင်လျှင် မင်းစေနှင့်၊ ပုလိပ်ကို အရှင်သခင်ဟုခေါင်းမဖော်ဝံ့၊ မျက်နှာမော်၍မကြည့်ဝံ့ကြပါ။ ဘောင်းဘီ၊ ဦးထုတ်ဝတ်သူများကို ပင်မင်းဝတ် မင်းစားဟု ထင်မြင်မှတ်သား၍ ထယ်ထယ်ဝါဝါဝတ်လာသူများ အစိုးရများဟု ကျေးရွာသူ ကျေးရွာသားများ အမှတ်ထားကြပါ၏။ ကြောက်လန့်ရှိသေကြ၏။ မော်၍မှ မကြည့်ရဲကြပါ။ အင်္ဂလိပ်လူမျိုးဆိုပါက ဘီလူးသရဲသဘက် ရွေ့ရောက်သည်ထက် အဆရာထောင်မကကြောက်လန့်ခြင်းဖြစ်ပါသည်။ ဤမျှပင် လူ၏ဇာတိသွေးမာန် ညံ့ဖျင်းဆုတ်ယုတ်ခဲ့ပါသည်။ ဝါးခနိတဲအိမ်ငယ်များမှ နေ့ရနေ့စားများ၊ သားသမီးတို့၏ဘဝနှင့် စိတ်သဘောထားကို ယခုခေတ် လူကြီးလူငယ်များ မှန်းဆနိုင်ရန် သခင်-ဘစိန်၏ဘဝဖြင့် နှိုင်းယှဉ်ပြခြင်းပါ။

ကျွန်တော်မှတ်မိသော အသက်ခြောက်နှစ်အချိန်က ကျောက်ထိုးဆရာ ဆေးထိုးရန်လာသည်ကို အစိုးရလာသည်ဟု အော်၍သူငယ်ချင်းများနှင့် ငှက်ပျောပင်အုပ်ထဲ ဝင်၍ဝပ်လျက် ကြောက်ဒူးတုန်နေခဲ့သည်ကို ယနေ့တိုင်မှတ်မိနေပါသည်။ ဤသည်မှာလည်း မိရိုးဖလာ ယဉ်ကျေးမှုစရိုက်၊ တောသူတောင်သားတို့၏စိတ်နေစိတ်ထား၊ အမှတ်ပင်ဖြစ်သည်။ ချဲ့ထွင်ရေးသားမှုမဟုတ်ကြောင်း သိစေလိုပါသည်။ ဤမျှဤရွေ့နိမ့်ကျနေသောစိတ်များကို ဘာမထီ၊ ဇာနီသွေး၊ ရဲရဲတောက်ယောကျ်ား၊ မိန်းမများဖြစ်လာအောင် ဘယ်လိုဆေးများ ထိုးသွင်းခဲ့သောကြောင့် တပြည်လုံးအုံကြွနိုးကြား၍ သတ္တိရှင်ဖြစ်လာကြသည်ကို တွေ့ရှိကြရပါမည်။ ရခိုင်အမျိုးသားအဖွဲ့ကြီးအုတ်မြစ်သည် အဆင်းရဲဆုံးသော လယ်သမားကျေးရွာလူတန်းစား

အလွှာ၌အခြေခံခဲ့ပါသည်။ ဦးစိန္တာ၏ဝံသာနုညီလာခံသည် ထိုစဉ်က ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲကဲ့သို့ဟုသာ လူထုကြီးက ယူဆခဲ့ကြ၏။ နောက်မှသာလျှင် အာနိသင်ကြီးမားစွာ ဖြစ်ပေါ်လာပါသည်။ ရခိုင်အမျိုးသားအဖွဲ့ကြီး အမြုတေ ဘဝသည် အလွန်ကျယ်ပြန့်ခဲ့ပါသည်။ ကွန်ဂရက်ကြီးဘဝသို့ မရောက်မီက ဟိုတစ သည်တစနှင့် အာနိသင်မရှိသေးဘဲ လူတွေစိတ်ဝင်စားမှုမှာလည်း လောကနိဗ္ဗာန်ခေတ် လူတိုင်းချမ်းသာလာသောခေတ်ကို ရောက်ရှိမည်ဆိုပါကလား၊ ယခု အင်္ဂလိပ်၊ တရုတ်၊ ကုလားများဟာ အဆီနှင့်အသားကို စား၍ ငါတို့တိုင်းရင်းသားများမှာ အရိုးအရေကိုမျှ ခံစားနေရ၍ဟု ပြောဟောမှု၏ နားစွန်နားဖျား ကောလဟာလသည် ပေါ်ပြူလာလို ဖြစ်ခါစအချိန်ပင်တည်း။

ပြည်သူများသည် မနိုးကြားကြသေးသော်လည်း လှုပ်လှုပ်ရွရွနှင့် ဟိုတစ်ပေါက် သည်တပေါက် တီးတိုးဝါဒဖြန့်လွှင့်လျက်ပင်ဖြစ်သည်။ ထိုအချိန်မှာ မြန်မာနိုင်ငံ၌ နဂါးနီစာပေ ဖြန့်ချိရေးပေါ်လာခဲ့သည်။

ရခိုင်အမျိုးသားများမှာ ဗမာ့တေးဂီတကို သားစဉ်မြေးဆက်သုံးစွဲခဲ့ကြခြင်း၊ နှစ်နှစ်သက်သက်လက်ခံသီဆိုကြခြင်း၊ တီးမှုတ်ကြခြင်းသည်၊ ဘိုးတော်မောင်ဝိုင်း ယူလာခဲ့သော ယခု ရခိုင်ဖြစ်ရှိနေသော လေးမြို့ချောင်းရှိ ရခိုင်များသည် အဓိကပင်ရင်းပင် ဖြစ်ရမည်ဟု ကျွန်တော်ယူဆပါသည်။ မည်သို့ပင်ဆိုစေ မြန်မာတေးဂီတကို မိမိတို့၏ ရိုးရာဂီတလို သဘောထား၍ ကျွမ်းကျင်မှုကြောင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းကြပါသည်။

လူမွဲတွေက မနေ့အမြန် သူဌေးဖြစ်တော့မည်။ ဒို့နဂါးနီ သိဒ္ဓိတန်ခိုးနှင့် ဆင်းရဲသားတို့မည်းပြီ၊ အကျိုးထူးပေးတော့မည်တဲ့၊ ခေတ်သစ်တည်ထောင်မည်၊ စသည်များကို ကျေးလက်အနှံ့အပြားသီဆိုကြ၍ စိတ်ဓါတ်တက်ကြွမှု အကူအညီရကြ၏။ မြန်မာကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ဝင် လူငယ်ခေါင်းဆောင်များမှာလည်း အတွေ့အကြုံရင့်ကျက်သော လူလတ်ခေါင်းဆောင်ကြီးများဖြစ်လာကြ၏။ တချိန်တည်းမှာ မိမိကိုယ်ကို သခင်အမည်မှည့်ခေါ်၍ သခင်ကျင့်ဝတ်အာဇာနည်များ အဖြစ် ခံယူလျက် ရဲရဲတောက်ဟောပြောခြင်း၊ ထောင်ထဲသို့ အစီအရီ မတွန့်မဆုတ် လက်သီးလက်မောင်း တန်းလျက် ထောင်ထဲသို့ဝင်ကြ၏။ နောက်၌ကျန်သူများက ထောင်ကျဘို့ကို ဆံခြည်မျှ မတွန့်မဆုတ်ဘဲ ဆက်လက်၍လုံးဝလွတ်လပ်ရေး အတွက် တော်လှန်ဟောပြောကြသည်ကို သတင်းစာများမှတဆင့် ရခိုင်လူငယ်ပညာတတ်များ ကြားသိရ၍ ချီးကျူးထောပနာပြု၍ အတုမြင်အတတ်သင်လိုမှု ကြီးထွားလာကြ၏။

သခင်ဘွဲ့ခံယူသောပုဂ္ဂိုလ်တို့သည် မျိုးချစ်စိတ်ဓါတ်ကြီးမားခိုင်ခံ့သည့် ဇာတိသွေး ဇာတိမာန်ပြင်းထန်သည့် ထောင်ကျဘို့နှင့် အသက်စွန့်ဘို့ကိုပင်လျှင် သံန္နိဋ္ဌာန်ရှိသူများဖြစ်ကြ၏။ ရခိုင်တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာတော်ဦးစိန္တာ၏ပတ်ဝန်းကျင်သည် ဆင်းရဲသော တောင်သူလယ်သမားများဖြစ်သည်။ ကိုလိုနီခေတ် အရှိန်အဟုန်ကြီးမားစဉ်အခါက အင်္ဂလိပ်နှင့်လက်ပါးစေ အမှုထမ်းအရာထမ်းများကို မျက်နှာကိုမှမော်၍ မကြည့်ဝန့်ကြသည့်သူများသာ ဖြစ်ကြပါသည်။ ခေတ်ပညာလည်း မတတ်ကျွမ်းကြသဖြင့် ဗဟုသုတမရှိကြပါ။ သို့သော်လည်း ရိုးသားဖြောင့်မတ်၍ ကိုယ်ကျိုးစွန့်ဘို့ သတ္တိဗီဇရှိကြသည်။ အများအတွက် ဇွဲဝီရိယစိုက်ထုတ်လုပ်ကိုင်နိုင်ကြသူများပင် ဖြစ်ကြသည်။ ထိုလူစုထဲ၌ ချင်းအမျိုးသားများလည်း ပါဝင်နေသည်။

ရခိုင်အမျိုးကွန်ဂရက်ဖြစ်လာမည့် ရခိုင်တိုင်းလုံးဆိုင်ရာ ဝံသာနုအဖွဲ့၏ အမာခံများပင် ဖြစ်သည်။ ရခိုင်ကျေးရွာများ၏အစဉ်အလာအရ စုပေါင်းလုပ်ကိုင်ခြင်း၊ အသီးသီးတာဝန်ကိုယ်စီ ခွဲယူတတ်ခြင်း၊ ကော်မတီငယ်များဖွဲ့လျက်ဆောင်ရွက်ခြင်းများတွင် စံပြလောက်အောင် ကျွမ်းကျင်ကြပါသည်။ ညီလာခံကြီးများ၏ အထွေထွေတာဝန်ရပ်များကို ပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်နိုင်ကြသည်။ ချို့ယွင်းမှု တစ်စုံတစ်ရာမှ မရှိဟုဆိုနိုင်၏။ အစည်းအဝေးလုပ်၍ ဆုံးဖြတ်တတ်ကြ၏။ ဆပ်ကော်မတီ၊ မိန်းကော်မတီတို့၏ တာဝန်ကို ခွဲခြားနားလည်ကြ၏။ မဏ္ဍာပ်ကနားဆောက်လုပ်၊ ချက်ပြုတ်၊ ကျွေးမွေး၊နေရာချထားပုံ၌ စနစ်တကျလုပ်ကိုင်နိုင်ကြကြောင်း ရှေ့တွင် တွေ့သိကြရပါမည်။

## ၆။ ဒို့လက်ရုံးသတင်းစာနှင့် ရခိုင်တိုင်းလုံးဆိုင်ရာလူငယ်များ ညီလာခံ

ရခိုင်လူမျိုးအဖိနှိပ်ခံ တောင်သူလယ်သမားလူတန်းစားများသည် အမျိုးမျိုးချုပ်ချယ်ဖိနှိပ်သော ကိုလိုနီအုပ်ချုပ်ရေးကို ငြိမ်၍ခံမနေကြတော့ဘဲ ဟိုမှသည်မှ လှုပ်လှုပ်ရှားရှား အပြစ်ပြောလာကြ၏။ မြေရှင်များကို မုန်းတီးစက်ဆုပ်ရွံရှာလာကြ၏။ တဆက်တည်း အမှုထမ်း အရာထမ်း အင်္ဂလိပ်လက်ပါးစေများကို အရိုအသေကင်းပြီး အပြစ်မြင်လာကြပြီ။

ထိုအချိန်တွင် ရခိုင်ပြည်စစ်တွေမြို့၌ တောင်သူလယ်သမားလက်ရုံး၊ တောင်သူလယ်သမား ပါးစပ်၊ ဒို့လက်ရုံးသတင်းစာကို ဖတ်ပါဟု ခေါင်းစဉ်ဖြင့် သခင်စံရွှေဆိုသော ပုဂ္ဂိုလ်သည် ရဲရဲတောက်ပြည်သူ့အဖိနှိပ်ခံများဘက်မှ ရပ်တည်သောသတင်းစာတစ်စောင် ပေါ်လာ၏။ တောင်သူလယ်သမားများကို နားမျက်စိ ဖွင့်ပေးခြင်း၊ ကိုလိုနီစနစ်နှင့် မြေရှင်ဓနရှင်စနစ်များ ဆန့်ကျင်ရေးကို ထိပ်တိုက်ရင်ဆိုင်ရေးသားခြင်း၊ ရဲရဲတောက်မြေရှင်ဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးရေးသားခြင်း၊ သခင်ဖြစ်ခြင်းကြောင့် ဘာမထိ၊ ဇာနည်ဘွား သဘောသက်ရောက်သော ဟောပြောမှုများပြုလုပ်ခြင်းကြောင့်

တောင်သူ လယ်သမားများ အားကိုးကြသည်။ ချီးကျူးထောပနာပြုကြသည်။ ထိုသခင်စံရွှေသည် ရခိုင်ထဲမှ ပထမဆုံးသော သခင်ဘွဲ့ ခံယူသူပင်တည်း။ ၁၉၃၆ခုအချိန်မှာ ဌာနချုပ်သခင်အဖွဲ့မှ ခေါင်းဆောင်သခင်လေးမောင်ကို ရခိုင်သို့ပင့်ဖိတ်ခေါ်လာပြီး ရခိုင်တိုင်းမြို့နယ်များသို့ သွားရောက်လျက် နယ်ချဲ့ဆန့်ကျင်ရေး၊ သခင်တို့လုပ်ငန်းကျင့်ဝတ် များကိုဟောပြောစည်းရုံးသဖြင့် ရခိုင်လူငယ်များ သခင်အမည်ခံလျက် ဒို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ကြပါသည်။ မရှေးမနှောင်းပင်လျှင် ရခိုင်လူငယ် (ဝါ)ရခိုင်တိုင်းရှိ လူငယ်များအားလုံး ညီညွတ်မှုရရှိဘို့အတွက် ပြည်လုံးကျွတ်ညီလာခံတစ်ရပ် ပြုလုပ်၍ ဒို့လက်ရုံးသတင်းစာက လှုံ့ဆော်ခဲ့သည်။ နိုးကြားခါစဖြစ်သော လယ်သမားထုနှင့် လူငယ်များလက်ခံ၍ လှည်းနေလှေအောင်း ထိုစကားပြန့်ပွားလာပါသည်။ ဤကိစ္စ မူလအစဖြစ်ပေါ်လာခြင်းမှာ စစ်တွေမြို့ရှိ ပညာတတ် မျိုးချစ်လူငယ်များမှာ အဖွဲ့မျိုးစုံ၊ အမည်ဖြင့် ဖွဲ့စည်းလျက်ရှိနေကြပါသည်။ ပစ္စည်းမဲ့အဖွဲ့၊ မျိုးချစ်အဖွဲ့၊ နိုးကြားရေးအဖွဲ့၊ ရခိုင်လူငယ်အဖွဲ့စသည်ဖြင့် အချို့က ဂီတအမှိုပြု၊ အချို့တော်လှန်ရေး၊ အချို့လူတန်းစားဝါဒ၊ အချို့အမျိုးသား၊ အချို့က နိုးကြားရန်ရည်ရွယ်ချက် အဖုံဖုံဖြင့် ရှိနေကြသည်ကို တစ်စုတခဲတည်းဖြစ်ရန် မျက်နှာစုံညီဆွေးနွေးကြပြီး ပြည်လုံးကျွတ် လူငယ်ညီလာခံကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီးလှုံ့ဆော်ကြသည်။ ကာလဒေသနှင့်ကိုက်ညီသောကြောင့် တပြည်လုံးအားပေးမှုဖြင့် မင်းပြားမြို့တွင် လူငယ်များ၏ ညီလာခံကြီးဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပါသည်။ ထိုညီလာခံသည် ရခိုင်၌လူငယ် ညီလာခံသာဆိုသည် တောင်သူလယ်သမားကိုယ်စားလှယ်များ အားလုံးပါဝင်ကြ၏။ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးကို မင်းပြား၌ ကျင်းပခြင်းသည် မင်းပြားမြို့နယ်သည် ထူးခြားသည့် နယ်တစ်နယ်ပင် ဖြစ်သည်။ နိုးကြားမှု၌ မြို့ရှိ လူလတ်လူငယ်အားလုံး နယ်ချဲ့ဆန့်ကျင်ရေးပုဂ္ဂိုလ်များ ဖြစ်ကြသည်။

သခင်အများဆုံး၊ တောင်ကျသူအများဆုံး၊ လူထုနိုးကြားမှုထောက်ခံမှု အများဆုံးဖြစ်သောနယ်တစ်နယ်ဖြစ်ပြီးလျှင် နယ်ချဲ့သမားအကြောက်ဆုံးသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မင်းပြားမြို့နယ်အတွင်းမှ ကန်ဖေတိုက်နယ်လူထုသည် နယ်ချဲ့ဆန့်ကျင်ရေး၌ တက်တက်ကြွကြွရှိခဲ့သည်။

## ၄။ ရခိုင်တိုင်းရင်းသားအဖွဲ့ ပေါ်ထွက်လာခြင်း

ရခိုင်ပြည်လုံးကျွတ်လူငယ်များ ညီလာခံမှ ရခိုင်တိုင်းရင်းသားအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြ၏။ ထိုတိုင်းရင်းသားအဖွဲ့၌ လူငယ်ခေါင်းဆောင်များပါဝင်ကြသည်။ တက်ကြွသောစည်းရုံးရေးကေဒါများလည်း ပါရှိကြ၏။ ရခိုင်တိုင်း မြို့နယ်ပေါင်းစုံ၊ တိုက်နယ်ပေါင်းစုံနှင့်တကွ တောင်ပိုင်းမြောက်ပိုင်း၊ တောင်ပေါ်ဒေသထိ ကျယ်ပြန့်စွာ စည်းရုံးကြသည်။ ကျေးရွာလူထုသည် တိုင်းလုံးဆိုင်ရာ၌လည်း အဖွဲ့ဝင်များ ဖြစ်ရှိကြပြီးနောက် တိုင်းရင်းသားအဖွဲ့ကိုလည်း ထောက်ခံအားပေး၍ ဝင်ရောက်ကြ၏။ အရောရောနှင့်ရောထွေး ရှက်တင်ဖြစ်ကြသည်။

ဤကဲ့သို့ တိုင်းရင်းသားအဖွဲ့ ဖြစ်ပေါ်လာချိန်မှာ မြို့နယ်အမည်နှင့် ဘက်ပေါင်းစုံမှ ရဲရဲတောက်သခင်အမည်ခံ၍ ဟောပြောစည်းရုံးသူများ ရှိလာကြသည်။ မြို့နယ်အလိုက် အမည်နှင့်တကွ အတ္ထုပ္ပတ္တိအကျဉ်းဖော်ပြမှသာလျှင် စာဖတ်သူများထင်မြင်နိုင်မည်။

ရခိုင်တိုင်း ဒေသအနှံ့ဟောပြောသူများ၊ လူကြီး ဦးနန္ဒမာလာ၊ ဦးထွန်းစိန်နှင့် ဒို့လက်ရုံး၊ သခင်စံရွှေဖြစ်သည်။ ရဟန်းတော်များမှာ ဦးစိန္တာ၊ ဦးနာရဒ ဆရာတော်ကြီးများ ဖြစ်ကြသည်။

စစ်တွေခရိုင်ရှိ မြို့နယ်များက စတင်၍ မြို့နယ်အလိုက် တင်ပြမည်ဖြစ်၍ စစ်တွေမြို့နှင့် စစ်တွေမြို့နယ် တင်ပြပါရစေ။ စစ်တွေမြို့မှ နိုးကြားရေး ဦးဘစံ၊ ဦးသဒိုးလှ၊ ဦးအောင်ထွန်းမြ၊ ဦးတောလူတို့ဖြစ်သည်။

**ဦးဘစံမှာ** တက္ကသိုလ်ကျောင်းသား ဗိုလ်ချုပ်အောင်ဆန်း၏သူငယ်ချင်း၊ စက်ရှင်တရားသူကြီး ဦးသာဇံဦး၏သားဖြစ်သော်လည်း မျိုးချစ်နယ်ချဲ့တော်လှန်ရေး၊ လူငယ်ခေါင်းဆောင်ပင်ဖြစ်သည်။

**ဦးသဒိုးလှ**။ ။ကျောင်းဆရာ၊ စာရေးဆရာ၊ သတင်းစာအယ်ဒီတာဖြစ်သည်။ အင်္ဂလိပ်ဗြိတိသျှနယ်ချဲ့အစိုးရက ဒိုင်နာစပူရ်ထောင်သို့ ဘမ်းယူသွားသော ဒိုင်နာစပူရ်ထောင်ပြန်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည် ။ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်ပုဂ္ဂိုလ်အဖြစ် ထင်ရှားသူတစ်ဦးဖြစ်၍ ရခိုင်တိုင်း၌လူသိများသူဖြစ်သည်။

**ဦးအောင်ထွန်းမြ** ။ ။လူငယ်ပညာတတ်၊ ရဲတပ်ကဲ့သို့ လူငယ်စကောက်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သူဖြစ်၏။ ရဲရဲတောက်ဟောပြောမှုဖြင့် ထင်ရှားလာပါသည်။ သတ္တိရှိ၍ လူငယ်များအားကိုးအားထားမှုကို ရရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

စစ်တွေမြို့နယ်မှ ကျောင်းဆရာ ဦးတောလူဆိုသူမှာလည်း ရဲရဲတောက်ဟောပြောဝံ့သူ ဖြစ်ပါသည်။ တော်လှန်ရေး

ကို ရှေ့ရှုသော တက်ကြွနိုးကြားလာအောင် ဟောပြောနိုင်မှုကြောင့် ဆရာတောလူ စည်းရုံးရေးမှူးတစ်ဦးအဖြစ် ထင်ရှားခဲ့သည်။

ရသေ့တောင်မြို့နယ်မှ မျိုးချစ်ကျော်ဦးဖြစ်ပါသည်။ ထိုသူသည် မိမိကိုယ်ကို မျိုးချစ်အမည်ခံယူလျက် ရခိုင်တစ်ပြည်လုံးအနှံ့အပြား သွားရောက်ဟောပြောသူဖြစ်သည်။ ဘမ်းချုပ်ခံရသည်။ အကြိမ်များစွာရှိ၍ ထောင်ထဲရောက်လျှင် ဟောပြောဝံ့၏။ ထောင်မှလွတ်လျှင် ပိုမိုပြင်းထန်သော စကားများဖြင့် နယ်ချဲ့အင်္ဂလိပ်နှင့် လက်ပါးစေများကို လူထုက အထင်သေးအမြင်သေး၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်အောင် ရှုတ်ချ၍ဟောပြောမှု၊ ပမာမခန့်ပြုမှုတွင် စံပြတစ်ဦးဖြစ်သည်။ ဥပဒေမလွတ်သော တော်လှန်မှုစကားများ၊ အကြည်အညိုကင်းအောင် ဟောဝန့်ပြောဝန့်သောကြောင့် အာဇာနည်ဟုပင် တင်စားခေါ်ခဲ့ကြသူပင်ဖြစ်သည်။ ၎င်းမျိုးချစ်ကျော်ဦးမှာ စစ်တွေမြို့၌ မိဘလုပ်ငန်းတာဝန်ဖြင့် ပြောင်းရွှေ့မှုကြောင့် စစ်တွေမြို့သားလည်းခေါ်နိုင်ပါသည်။ ထူးကဲမှုတစ်ခုက ပုလိပ်အရာရှိ ဂါတ်စာရေး မိဘများမှ မွေးဖွားလာသူတစ်ဦးဖြစ်သည်။ ရခိုင်တော်လှန်ရေး၌ထင်ရှား၍ (ဒိုင်နာစပူရ်ထောင်ပြန်) ဘွဲ့ထူးရသူတစ်ဦးဖြစ်သည်။

မင်းပြားမြို့နယ်မှ ဦးဘိုးစံ၊ ဦးဘိုးလှ၊ ဦးချက်ဖား၊ ဦးမောင်စံလှ၊ ဦးအိုးလောင်၊ ဦးဘိုးအောင်၊ ဦးမောင်သာနိုး၊ ဦးဖြူသာထွန်းတို့ဖြစ်သည်။ (နန္ဒမာလာ-ဦးထွန်းစိန်မှာ မြို့နယ်တစ်ခုအတွက်မဟုတ်၍ ချန်ထားခဲ့ပါသည်။ မြန်မာနိုင်ငံအဝှမ်းနှင့် ရခိုင်ပြည်တစ်ခုလုံး ဟောပြောသူဖြစ်၍ မြို့နယ်စာရင်း၌ ချန်လှပ်ထားခဲ့ပါသည်။)

ဦးဘိုးစံ ကျောင်းဆရာကြီးတစ်ဦးဖြစ်သည်။ မြို့ပေါ်၌လည်းကောင်း၊ တော်လှန်ရေး ရဲဘော်များထဲ၌လည်းကောင်း၊ ခေါင်းဆောင်ဖြစ်သည်။ တည်ကြည်ဖြောင့်မတ်၍ ဩဇာအရှိန်အဝါရှိသူဖြစ်သည်။ လူငယ်များနှင့် ဒိုးတူဘောင်ဖက် ရှေ့တန်းမှပါဝင်လှုပ်ရှား၍ တာဝန်ယူသူဖြစ်သည်။ မင်းပြားမြို့နယ်၏ရဲရဲတောက် လူငယ်ခေါင်းဆောင်အားလုံး၏ လေးစားမှုရသည့်အပြင် ရခိုင်ပြည်မြို့နယ်ပေါင်းစုံမှ လူငယ်ခေါင်းဆောင်များ၏ လေးစားမှုကို ခံရသူဖြစ်သည်။

**ဦးဘိုးလှ (ဝါ)သခင်ဘိုးလှ**။ ။ လူငယ်ပညာတတ်တစ်ဦးဖြစ်သည်။ ရဲရဲတောက်ဟောပြောဝန့်မှုကြောင့် သခင်အမည်ခံသူများထဲ၌ ပထမဆုံး အဖမ်းခံရသူဖြစ်သည်။ နယ်ချဲ့ဗြိတိသျှအစိုးရနှင့်တကွ လက်ပါးစေများကို မျိုးချစ်ကျော်ဦးလိုပင် ပမာ မခန့်သူ၊ ထောင်ကျဘို့ကိုလည်း တွန့်ဆုတ်ခြင်းလုံးဝမရှိ အသက်စွန့်ဘို့တာဝန်ရပ်ကို ဝန်မလေးသောသူရဲကောင်းအာဇာနည် တစ်ဦးဖြစ်သည်။ အိန္ဒိယမှ ဦးညိုထွန်း၊ ဦးထွန်းစိန်၊ သခင်ဘိုးလှနှင့် တော်လှန်ရေးလုပ်ငန်းနှင့် လျှို့ဝှက်ပြီးရခိုင်ရှေ့တန်း စစ်မြေတစ်နေရာသို့ ရောက်ရှိစဉ်က အဖမ်းခံရ၍ ဂျပန်ဖက်ဆစ်ကွပ်မျက်ခြင်းကို ခံရသည်။

**ဦးချက်ဖား** ။ ။ဤပုဂ္ဂိုလ်လည်း လူငယ်သခင်အမည်ခံ ပညာတတ်တစ်ဦးဖြစ်ပါသည်။ စည်းရုံးဟောပြောရေး၊ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီးလျှင် လယ်သမားထုနှင့် ရင်းနှီးသူဖြစ်သည်။ တိုင်းပြုပြည်ပြု ပါလီမန်အမတ်ဖြစ်သည်။

**သခင်မောင်စံလှ**။ ။အိန္ဒိယ-ဒိုင်နာစပူရ် ထောင်ပြန်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ပြုံးပြုံးရွှင်ရွှင်နှင့် လူထုဆက်ဆံရေးကောင်းသူတစ်ဦးဖြစ်သည်။ အရာရာ၌ အနစ်နာခံတတ်မှုကြောင့် လူချစ်လူခင်များ၍ လေးစားခံရသူဖြစ်သည်။

**သခင်အိုးလောင်**။ ။ကန်ဖေထိုက်နှင့် မင်းပြားမြို့နယ်တွင် ထင်ရှားသောပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်လည်း ဒိုင်နာစပူရ်ထောင်ပြန်ဖြစ်ပါသည်။ စည်းရုံးရေးကောင်းသူဖြစ်ပြီး ကိုယ်ကျိုးစွန့်အနစ်နာခံဝန့်သော သတ္တိနှင့်ပြည့်စုံပါသည်။
ဦးဘိုးအောင် (သခင်ဘိုးအောင်) လယ်သမားလူထုအထဲမှ ထိုခေတ်ထိုအချိန်မှာ သခင်အမည်ခံယူ၍ တာဝန်ခံဟောပြောစည်းရုံးဝန့်သူသည် အလွန်ရှားပါးသည်။ သခင်ဘိုးအောင်ကဲ့သို့ လယ်သမားလူတန်းစားထဲမှ ခေါင်းဆောင်များရှိပါသည်။ သို့သော်လည်း သခင်ဘိုးအောင်ကဲ့သို့ လှုပ်ရှားစည်းရုံးဟောပြောမှုတွင် မယှဉ်သာသဖြင့် ထင်ရှားကျော်ကြားခြင်း၊ ဦးဘိုးအောင်ကဲ့သို့ မကျော်ကြားပါ။ ထိုပုဂ္ဂိုလ်လည်း အိန္ဒိယ ဒိုင်နာစပူရ်ထောင်ပြန်တစ်ဦး ဖြစ်ပါသည်။

**ဦးမောင်သာနိုး**။ ။ သခင်ပညာတတ် လူငယ်တစ်ဦးဖြစ်သည်။ မင်းပြားမြို့နယ်ရှိ လူငယ်သခင် ခေါင်းဆောင်များအနက်တစ်ဦးဖြစ်သည်။ အေးအေးလူလူနှင့်တည်ကြည်ဖြောင့်မတ်၍ သတ္တိရှိသူတစ်ဦးဖြစ်ပါသည်။ စည်းရုံးလှုပ်ရှားမှု ကိစ္စရပ်တိုင်းမှာ ပါဝင်ခဲ့သူဖြစ်၍ ဒိုင်နာစပူရ်ထောင်ပြန်တစ်ဦးပင်ဖြစ်သည်။

**ဦးဖြူသာထွန်း**။ ။ဒိုင်နာစပူရ်ထောင်ပြန်ဖြစ်သည်။ နိုင်ငံရေးဟောပြောစည်းရုံးရေး၌ တောင်ပေါ်ရှိ ချင်းအမျိုးသားများကိုပါ သိမ်းသွင်းစည်းရုံးနိုင်သည်နှင့် ဖုံသာပြည်လုံးကျွတ် အစိုးရဒါပါ-ပွဲတော်ကို ချင်းအမျိုးသားများက ကူညီမှုမရအောင်

လုံ့ဆော်နိုင်သည်။ ချင်းအမျိုးသားများတို့သည် ယခုအခါ ကျွန်မဟုတ်တော့ပြီ၊ သခင်များဖြစ်ကုန်ကြပြီ။ သို့ဖြစ်၍ အင်္ဂလိပ်နှင့်တကွ ၎င်းတို့လက်ပါးစေ၊ အစိုးရအမှုထမ်း၊ အရာထမ်းတို့က ခန့်ခွဲခိုင်းစေချက်များကို မလုပ်ကြနှင့်တော့၊ သပိတ်မှောက်ဖို့ဟောပြောရာ၌ အောင်မြင်မှုရရှိသဖြင့် အစိုးရက ချင်းအမျိုးသားကို သစ္စာခံစေသော ထိုပွဲကြီးပျက်ခဲ့အောင် ဝီရိယစိုက်ထုတ်ခဲ့သူတစ်ဦးဖြစ်သည်။ လယ်သမားထုထဲမှ အိန္ဒိယဒိုင်နာစပူရ်ထောင်ထဲသို့ အပို့ခံရသော လယ်သမားထု၏ ရဲရဲတောက်ကိုယ်စားလှယ် ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။

**မြေပုံမြို့နယ်။** ။မြေပုံမြို့နယ်သည် တော်လှန်ရေးသမိုင်း မစတင်နိုင်သောခေတ်၊ ဝံသာနုခေတ်ဦးအစပိုင်း အချိန်ကပင် တော်လှန်ရေးနယ် ဖြစ်ခဲ့ပါသည်။

ထိုတော်လှန်ရေးမှာ ကံသာရွာ၊ အိုးခွန်တော်တိုက်ပွဲပင် ဖြစ်သည်။ ထိုအိုးခွန်တော်တိုက်ပွဲကို စတင်ဖော်ထုတ်၍ ခေါင်းဆောင်သူမှာ ရဟန်းတော်ဓမ္မကထိက မေဃဝတီ ဦးနာဂိန္ဒပင်ဖြစ်သည်။ ယနေ့တိုင် အိုးခွန်လွတ်မြောက်ခဲ့ပါသည်။ ဦးနာဂိန္ဒမှာ မန်အောင်မြို့မှာ သူ၏မွေးဖွားရာဇာတိဖြစ်၍ မေဃဝတီဟု အမည်မှည့်ခေါ်သော်လည်း မြေပုံမြို့နယ်၌ ကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ နာယကဆရာတော်ကြီး ဦးစိန္တာတို့နှင့် တစ်ချိန်တည်း ရဟန်းဖြစ်၍ ဓမ္မကထိက ဖြစ်လာကြ၏။ ပဲခူးမင်းကျောင်းတိုက် ဒွါရဝါတီတွင် ပညာသင်ကြားခဲ့ပြီး ဦးချစ်လှိုင်၊ သမတ၊ ဝံသာနုအဖွဲ့ကို ထောက်ခံအားပေးသူဖြစ်ပါသည်။

နောက်တစ်ခုက မြေပုံမြို့နယ်မှာ နာယကဆရာတော်ကြီး ဦးစိန္တာ၏အမာခံနယ်မြေပင်ဖြစ်၏။ ဦးစိန္တာမှာ မင်းပြားရင်းဘွယ်ရွာ၏ ဘွဲ့ရာဇိဖြစ်ပြီးလျှင် မြေပုံမြို့နယ်၊ ကျောက်ငနွားကျေးရွာ၏ ကျောင်းထိုင်ဆရာတော်ဖြစ်၏။ ကြာအင်းတောင်ဆရာတော်ကြီးနှင့် ကန်းနီဆရာတော်ကြီးများ၏ တပည့်ရင်းဖြစ်၏။ အထက်ပါဂိုဏ်းအုပ်ဆရာတော်တို့ပင်လျှင် မျိုးချစ်၊ ခေတ်မီပုဂ္ဂိုလ်ရဟန်းတော်များဖြစ်၍ ဆရာတော်ဦးစိန္တာ၏ ဝံသာနုခေတ် လုပ်ငန်းပေါင်းစုံနှင့်တကွ သခင်ခေတ် စည်းရုံးရေးလုပ်ငန်းများတွင် ကန်းနီဂိုဏ်းနှင့် ကြာအင်းတောင်ဂိုဏ်းတစ်ခုလုံး ထောက်ခံချက်အမာခံရရှိသည်။

ဆရာတော်ကြီးနှစ်ပါး၏အားပေးမှုကိုလည်း ခံယူရှိသည့်အပြင် ဂိုဏ်းသံဃာတော်များနှင့်တကွ လယ်သမား တကာတကာမများ၏ ထောက်ခံအားပေးမှုကိုလည်း ပြည့်ပြည့်စုံစုံရရှိပါသည်။

မြေပုံမြို့နယ်မှာ ဦးဘအောင်၊ ဦးစံသိန်း၊ ဦးမောင်မောင်(ဦးမောင်မောင်)မှာ ဝံသာနု ဦးဝေပုလ္လပင်ဖြစ်သည်။ ဦးဥတ္တမ၏ မြန်မာနိုင်ငံဝံသာနုခေတ် စည်းရုံးချိန်က တပည့်ရင်းတစ်ဦးဖြစ်သည်။ ဤပုဂ္ဂိုလ်များကြောင့်လည်း ပိုမိုခိုင်မာသော စည်းရုံးရေးကို ရရှိခဲ့၏။

တချိန်တည်းမှာပင် သခင်ဘစိန်၊ သခင်ဘစောအောင်၊ သခင်အောင်၊ သခင်မောင်စောဦးတို့သည်လည်း လူငယ်ထဲမှ ခေါင်းဆောင်ပေါ်ထွန်းလာခဲ့ကြသည်။

မြေပုံမြို့နယ်မှ သခင်ဘစိန်မှာ နာယကဆရာတော် ဦးစိန္တာနှင့် ဦးပညာသီဟ၊ ဦးနာရဒတို့၏တပည့်ရင်း၊ ညာလက်ရုံး တစ်ဦးဖြစ်သည်။

သခင်ခေတ်တော်လှန်ရေး ဟောပြောမှုတွင် ရဲရဲတောက် ဟောဝန့်ပြောဝန့်ခြင်း မဆုတ်မနစ်သော ဇွဲဝီရိယရှိခြင်း၊ တရှုးထိုး၊ တဇောက်ကန်းလုပ်တတ်ခြင်းတို့ကြောင့် ထောင်ရောက်အချုပ်ခံရသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ မြေပုံမြို့နယ် လူငယ်များနှင့် အခြားမြို့နယ်ပေါင်းစုံရှိ လူငယ်သခင်များနှင့် ရင်းနှီးကျွမ်းဝင်သည်။ ရခိုင်တိုင်းရှိ မြို့နယ်ပေါင်းစုံ ကျေးရွာပေါင်းစုံကို ကျယ်ပြန့်စွာဟောပြောစည်းရုံးနိုင်ခဲ့သော လူငယ်ခေါင်းဆောင်ဖြစ်၍ ဟောတတ်ပြောတတ်မှုတွင် ထင်ရှားကျော်ဇောသူဖြစ်သည်။

မြေပုံမြို့နယ်မှ သခင်ဘစောအောင်မှာ ဟိုက်စကူးကျောင်းသားလူငယ် ပညာတတ်တစ်ဦးပင်ဖြစ်၏။ သခင်ဘစိန်နှင့်တွဲဘက်ညီသည်။ ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့၏ တပည့်ရင်းဖြစ်သည်။ ဟောပြောခြင်း၌ ကျွမ်းကျင်လိမ္မာ၍ အတုယူ လျက်ဟောပြောဘို့ကိုလည်း ပိုင်ပိုင်နိုင်နိုင် ဟောပြောတတ်သည်။ ဉာဏ်ထက်သဖြင့် ဒီဂရီရအောင်ထိ ပညာသင်ကြားလို သောမိဘများ၏ရည်မှန်းချက်ကို သခင်ဘစိန်၏ အင်္ဂလိပ်ကျွန်ပညာဆိုသော အယူအဆဝင်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးခဲ့၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ဝင်ရောက်ပြီး ဗိုလ်ဖြစ်ခဲ့သည်။ အလွန်အသက်ငယ်သေး၍ ဟောပြောလွန်ကျူးမှုတွင် ထောင်မရောက်ခဲ့ပါ။ နောက်ခေတ်၌ ထောင်ချုပ်ထဲသို့ ရောက်ခဲ့ပါသည်။ ရခိုင်တိုင်းတစ်ခုလုံးကို ကျယ်ပြန့်စွာစည်းရုံး ဟောပြောရာတွင် ပါဝင်သူဖြစ်သည်။

သခင်အောင်ဘမှာ လူငယ်ပညာတတ် ဟိုက်စကူးကျောင်းသားဖြစ်၏။ စတင်၍တော်လှန်ရေးသို့ ပါဝင်စဉ်ကပင်လျှင် လူတန်းစားဝါဒကို ခံယူသူဖြစ်သည်။ ဟောပြောစည်းရုံးမှု၌ ဝါသနာမကြီးပါ၊ ရုံးလုပ်ငန်းကဲ့သို့ စီမံခန့်ခွဲမှု၌သာ ပါဝင်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၌ ဗိုလ်အဆင့်ရောက်ခဲ့သည်။ ဒို့လက်ရုံးသတင်းထောက်ဖြစ်၍ ဟောပြောစည်း

ရုံးမှု၌ နေရာတိုင်း သခင်မောင်စောဦး ပါဝင်ခဲ့ပါသည်။ ကဲ့ရဲ့ချီးကျူးမှုကိုလည်း သည်းခံနိုင်စွမ်းရှိသူတစ်ဦးဖြစ်သည်။

ရခိုင်တိုင်းတော်လှန်ရေး၌ ကြီးမားသောတာဝန်အချို့ကို မြို့နယ်ပေါင်းစုံမှ ခေါင်းဆောင်များက ပါဝင်ထမ်းဆောင်ခဲ့ကြပါသည်။ ဘူးသီးတောင်၊ မြောက်ဦး၊ မာန်အောင်၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့၊ အမ်းမြို့၊ ပေါက်တော၊ ကျောက်တော်မြို့များအကြောင်းကို မတင်ပြ၍ မဖြစ်နိုင်ပါသဖြင့် သင့်တော်သလို တင်ပြခဲ့ပါသည်။

ဘူးသီးတောင်မြို့နယ်မှ ဦးစံထွန်းအောင်၊ ရွှေနေ ဦးမောင်ညိုတို့ ဖြစ်သည်။ ဦးစံထွန်းအောင်သည် ရခိုင်တိုင်း၌ ခေတ်အဆက်ဆက်မှ မဆုတ်မနစ်ဘဲ တော်လှန်ရေး၊ နိုင်ငံရေးလုပ်ငန်းပေါင်းစုံကို ဦးပညာသီဟဆရာတော်နှင့်တွဲဘက်၍ ဆောင်ရွက်ခဲ့သောထင်ရှားသော ခေါင်းဆောင်တစ်ဦးပင်ဖြစ်သည်။ အိန္ဒိယ-ဒိုင်နာစပူရ်သို့ ပို့ဆောင် စစ်ကြီးအတွင်း၌ အင်္ဂလိပ်က ဖမ်းချုပ်သူများအနက် တဦးဖြစ်၏။ ဟောပြောစည်းရုံး စွယ်စုံကျွမ်းကျင်သူဖြစ်သည်။

**ဦးမောင်ညို၊ ရွှေနေ**။ ။၎င်းပုဂ္ဂိုလ်သည်လည်း ထောင်ထဲ၌ အိန္ဒိယဒိုင်နာစပူရ်တွင်ပင် သေဆုံးကျန်ရစ်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တော်လှန်ရေး၌ ရွှေ့တန်းမှတက်တက်ကြွကြွ ခေါင်းဆောင်ခဲ့သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။

မြောက်ဦးမြို့နယ်မှ ဦးသာထွန်းအောင်၊ ဦးဂန္ဓမာ၊ ဦးရန်ကြီးအောင်နှင့် ဦးစိန်ထွန်းဖြူ၊ ဦးထွန်းလှခိုင်၊ ဦးယာတော၊ ဦးမောင်ဖိုးစိန်တို့အပြင် ကျွန်တော်နှင့်မဆက်စပ်မိ၊ ဆက်စပ်မိသော်လည်း အမည်မသိသောသူတွေ ပါရှိပါသေးသည်။

မြို့ဟောင်းမြို့နယ်မှပင်လျှင် တော်လှန်ရေးပင်မဌာနချုပ်ပျားတဲစခန်းတည်ရှိခဲ့၏။ ဦးပညာသီဟနှင့် တော်လှန်ရေးခေါင်းဆောင်များ၏ ဌာနချုပ်တစ်ခုဖြစ်သည်။ ထိုဒေသရှိကျေးရွာများမှ လူကြီးလူငယ်အချို့လည်း ရွှေ့တန်းမှဟောပြောစည်းရုံးသူများဖြစ်သည်။ ခမီးအမျိုးသားခေါင်းဆောင် ပုဂ္ဂိုလ်များဖြစ်သည်။ ရခိုင်အမျိုးသားအချို့လည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ဦးလေးသာအောင်၊ ဦးရွှေသာ၊ ဦးအင်္ဂါ၊ ဦးအောင်ဘန်း၊ ဦးထွန်းအောင်ကျော်၊ မောင်ရှင်ဖခေါ်သည် ပုဂ္ဂိုလ်များပင် ဖြစ်သည်။ တစ်ဦးတစ်ဦးစီ၏ အတ္ထုပ္ပတ္တိ မရေးသားပါပြီ။ အားလုံးခြုံ၍ ရေးသားတင်ပြပါမည်။

မြို့ဟောင်းခေါ် မြောက်ဦးမြို့မှာ ယခင်က ရခိုင်ဘုရင်များ ထီးနန်းစိုက်ခဲ့သော မြို့တော်ကြီးဖြစ်ပါသည်။ သဇင်ပန်းခိုင် ပွင့်ချင်းဆိုင်-ရခိုင်ဘုရားပေါင်းဟု သမိုင်းတွင်သဖြင့် ခြောက်သန်းကျော်ရှိပါသည်။ လောကမာန်အောင်၊ ဇိနမာန်အောင်၊ သကျမာန်အောင်၊ ရတနာ့မာန်အောင်၊ မင်္ဂလမာန်အောင်၊ နှင့် ရှစ်သောင်း၊ ကိုးသောင်း တန်ခိုးကြီးဘုရား၊ ဒုက္ကန်သိမ်ကဲ့သို့ ထင်ရှားသောရှေးဟောင်း အဆောက်အအုံများရှိသည့်အပြင်၊ အင်္ဂလိပ်ဗြိတိသျှလူယုံတော်၊ မြေရှင်ကြီးများ၏ ကြီးစိုးသောမြို့ဖြစ်ပါသည်။

## ၈။ နာယကဆရာတော် ဦးစိန္တာ။

ဤဆရာတော်သည် ရခိုင်တော်လှန်ရေး၏ သမိုင်းပင်ဖြစ်သည်။ ဆရာတော်ရဟန်းဖြစ်ခါစအချိန်တွင် ရခိုင်ပြည်၏ အခြေအနေ၊ အနေအထားပုံသဏ္ဍာန်ကို ကွက်ကွက်ကွင်းကွင်းပေါ်လွင်အောင် မရေးတတ်နိုင်ခြင်း၊ တင်ပြဝန်ခံပါသည်။

သို့သော်လည်း ကျွန်တော်စာရေးသူကိုယ်တွေ့ ထိုအချိန်က ရခိုင်လူထုကြီး၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် တော်လှန်ရေးဖြစ်နိုင်ဘို့ လက္ခဏာမရှိနိုင်ခြင်းပင်ဖြစ်သည်။

ကျွန်တော်သိနေသောအသိဆိုပင်လျှင် ဤကဲ့သို့ ငါတို့ဘာကြောင့် ခေါင်းမဖော်ရဲကြတာလဲ၊ မော်၍မှမကြည့်ရဲကြတာလဲ၊ ဆိုတာကို ထိုစဉ်က ဆင်းရဲ၍ ၎င်းပညာမတတ်၍ဟုသာ ထင်မြင်ယူဆခဲ့ပါသည်။ ကျွန်တော်အထင်နှင့်အမြင် မဟုတ်မှန်ကြောင်းကို ကျွန်တော်ပင် ရဲရဲတောက်ခေါင်းဆောင်ဖြစ်လာသည်က သက်သေခံထားပါသည်။ ဤရွှေ့ဤမျှနိမ့်ကျနေသော မျိုးချစ်စိတ်ဓာတ်ကို တစ်စတစ်စ စိုက်ပျိုးလာသောဥယျာဉ်မှူးမှာ ဆရာတော်ဦးစိန္တာပင်ဖြစ်သည်။ ရခိုင်လူထု၏ နိမ့်ကျနေသောအကြောင်းရင်းနှင့် ဖြစ်နေပုံကို လက်တွေ့ရုပ်သဏ္ဍာန်ကို ပါတတ်သလောက်ရေးပြပါအံ့၊ ကုန်လွန်ခဲ့ပြီးသော နှစ်ပေါင်း ၅၃နှစ်အချိန်က ကျွန်တော်အသက်(၁၃)နှစ်ဖြစ်ပါသည်။ မြေပုံမြို့ အေ-ဆီ-အမ်မ်ကျောင်း၌ ၆တန်း၊ ဆဋ္ဌမတန်းသင်ကြားနေချိန်က ဖြစ်ပါသည်။ ဦးနာဂိန္ဒနှင့် ဦးစိန္တာ ရဟန်းပျိုများ၊ ဓမ္မကထိက ဖြစ်ခါစအချိန်ဖြစ်ပါသည်။ တရားဟောကောင်းသဖြင့် တကာတကာမများ ချီးကျူးကြ၏။ ဆရာတော်ကြီးများကလည်း ချီးမြှောက်ကြသည်။ တစတစနှင့် ထင်ရှားသောဓမ္မကထိကများ ဖြစ်လာကြပြီး ရဟန်းတရား ရဟန်းအလုပ်ဖြင့် ပျော်ရွှင်နေ၏။

တောသူတောင်သား လယ်သမားထု၏ စီးပွားရေးမှာ လုံးဝနလံမထူဘဲ ဖွတ်ကြောပြာစု၊ ခရုဆံကျွတ်သဘောဖြစ်သည်။ မြေရှင်များ၏ မြေခကြီးမှုအပြင် စပါးစိုက်ပျိုးချိန်က ငွေရင်းမလုံလောက်သဖြင့် အော်ဒီမာန်ခေါ် စာချုပ်ငွေယူ၍ အတိုးကြီးပေးရခြင်း ဤသည်နှင့်မလုံလောက်၍ ပင်ထောင်စပါးကြိုတင်ရောင်းထားရ၏။ ဤရောင်းချမှုကို ရခိုင်အခေါ် ဒါဒေါင်ချသည်ဟု ခေါ်ခဲ့ကြ၏။ ဗမာစကားဖြင့် အကြွေးရောင်းခြင်းဟုဆိုမည်။ စပါးပေါ်ချိန်၊ မြေခယူ၊ ပင်ထောင်ရောင်းပါယူသဖြင့် ဘာမျှမကျန်ဖြစ်သူများက ရာခိုင်နှုန်း ၇၅-ခန့်ဖြစ်ကြသည်။ ဤလူများ စားဝတ်နေရေးအတွက် လယ်ကို မြေရှင်

ကြီးများထံ ပေါင်နှံခြင်းကြောင့် မဆပ်နိုင်ကြဘဲ၊ အတိုးရင်းပေါင်းများလာသောအခါ လယ်ကိုမြေရှင်ကြီးများထံ အပိုင်အပ်နှံကြရသဖြင့် မြေမဲ့ယာမဲ့များသည် ရာခိုင်နှုန်း ၈၀ထိ ဖြစ်လာခဲ့ကြသည်။ မြေရှင်များမှာ ရုံးတစ်လုံး၊ ဒါးတစ်စင်းဖြင့် အောဇ့ဖွင့်စ်၊ ဖွင့်၍ စာရေးစာချီမန်နေဂျာကြီးများနှင့် ဘရန်ဒီ၊ ဝီစကီ၊ မော်တော်ဘုတ်ကြီးငယ်များဖြင့် ဇိမ်တွေ့နေခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များကို ပြုစုဂေါင်းဟု ရခိုင်စကား၌ ခေါ်ဝေါ်ကြသည်။ ပြုစုရှင်များ ပုံသဏ္ဌာန်အနေအထားမှာ လုံးဝလွတ်လပ်စွာ သွေးစုတ်ချယ်လှယ်နိုင်ဘို့အတွက် သူမြေရှိ ကျေးရွာများကို ဘုရင်သက်ဦးဆံပိုင်စနစ်ကကဲ့သို့ တရားစီရင်ရေးကိုပါ ပိုင်ဆိုင်နေပါသည်။ တထီးတနန်းကဲ့သို့ပင် မြေရှင်ကြီးများကို ထိုနှစ်(၁၀၀)၊ ဂရန်မြေအဖြစ် ပေးထားသည်။ ဤသို့ပေးထားခြင်းသည် အကြောင်းမဲ့မဟုတ်ပါ။ အကြောင်းက ပုဆိန်ရိုးများအဖြစ် အသုံးချခြင်းပင်ဖြစ်သည်။ မြေရှင်ကြီးများ၏ ဘိုးဘေးများမှာလည်း ယခင်ကပင် အင်္ဂလိပ်ဗြိတိသျှတို့ သစ္စာတော်ခံ လူယုံတော်ကြီးများဖြစ်သည်။ ဗြိတိသျှ၏ပေးထားသော ဘွဲ့ထူးဂုဏ်ထူးများဖြင့် ကျွန်ဇာတ်သွင်းထားသော လူတန်းစားတစ်မျိုးဖြစ်သည်။

အလွန်ပင်ထူးဆန်းအံ့ဖွယ်ချီးမြှောက်ခြင်းများရှိသည်။ ထိုအချိန် ထိုခေတ်က မျက်နှာဖြူလူမျိုးများသည် သခင်မျိုး၊ ဘုရင်မျိုးဖြစ်သဖြင့် ကလပ်၊ ကျောင်းများ စားသောက်ဆိုင်များကို မည်သည့်လူမျိုး(ဝါ) အာရှတိုက်သားများ ဝင်ရောက်စားသောက်နိုင်ခွင့်မရှိကြပါ။ ဥပဒေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။ ဤကျောင်း ဤကလပ်များကို အသားမဲ့ အာရှတိုက်သားထဲမှ ရခိုင်သစ္စာတော်ခံများ၊ အချို့ တန်းတူဝင်ရောက်နိုင်အောင် အခွင့်အရေးရရှိထားသည်။ သစ္စာတော်ခံ အဖွဲ့ဝင်များကို ဗသျှူးခေါင်းဖြတ် အဖွဲ့ဝင်များဟု ရခိုင်လူမျိုးတို့က ခေါ်ခဲ့ကြသည်။ အခြားကျွန်လူမျိုးများမတူဘဲ သီးခြားလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ဤကဲ့သို့ အမာခံများ၏ လက်ထဲ၌၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ စီးပွားရေးအတွက် ဥပဒေပြုရေးအာဏာကိုပါ မျက်နှာဖြူများကဲ့သို့ ရရှိထားနိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံကို အုပ်ချုပ်ရာတွင်၌ပင် အရေးကြီးဆုံးနေရာ (ဝါ) သော့ချက်နေရာများ၌ ရခိုင်အရာရှိ အရာခံများကို ထားရှိကြသည်။ မင်းကြီး၊ အတွင်းဝန်၊ ခရိုင်ဝန်၊ ပုလိပ်မင်းကြီးများ နေရာတိုင်း၌ အင်္ဂလိပ်လူမျိုးနှင့် ရခိုင်လူမျိုးများ ယုံယုံကြည်ကြည်တွဲဘက်သုံးစွဲထားသဖြင့် ကျွန်ဘဝသည် တောလက် ကျေးရွာအများစုသာလျှင် မရှုမလှခံခဲ့ကြရသော်လည်း သခင်ဘဝ၊ အရှင်ဘဝဖြစ်နေသော ရခိုင်အင်္ဂလိပ်သစ္စာခံများနှင့် ၎င်းတို့သားစဉ်မြေးဆက်နှင့် ၎င်းတို့၏အရံအင်အားဖြစ်ကြသော မြေရှင်လပ်၊ မြေရှင်ကလေးနှင့် ပညာတတ်၊ လူလတ်တန်းစားများပါ ထောပတ်ထမင်း၊ ကြက်သား ကြက်သား၊ အဆီစား လူ့မလိုင်ခဲများ ဖြစ်နေခဲ့ကြသည်။ ကျွန်ကွန်ကရစ်ဖောင်ဒေးရှင်းကြီးကို ခိုင်ခန့်စွာ ဖန်တီးတည်ထောင်လျက်ထားသည်။ ထို့ကြောင့်ပင်၊ ခမောင်းမျက်စိ၊ သက်တရာ၊ ကမ္ဘာလုံးကို၊ ခြက်လှိုနီ(ရခိုင်စကားပုံ) နှစ်တစ်ရာခန့် ရေမလှုပ်ကြာမစုတ်သောခေတ်ဖြစ်သည်။ မြန်မာနိုင်ငံလည်း ငြိမ်ဝပ်လျက်ပင်တည်း။ တော်လှန်ခေတ် မရောက်သေးသောတချိန်က မြန်မာတို့၏အခြေအနေမှာလည်း တောသူတောင်သားလယ်သမားများ၏ ဘဝမှာထပ်တူထပ်မျှပင်ဖြစ်သည်။ သို့ပေမဲ့ဗမာမြေရှင်ကြီးများ မရှိသလောက်ဖြစ်သည်။ မြေရှင်များကတော့ ရှိသင့်သလောက် ရှိခဲ့ပါသည်။ ရခိုင်မြေရှင်ကြီးများကဲ့သို့ ၎င်း၊ တံခိုးရှိန်ဝါမရှိဘဲ ရှိသည်။ ထို့ကြောင့် ကျွန်ဘဝကို ရခိုင်မြေရှင်ကြီးများကဲ့သို့ နစ်မွန်းမှုမရှိနိုင်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုပါလျှင် ဦးချစ်လှိုင်ကဲ့သို့ မြေရှင်များမှာ မျိုးချစ်ဝံသာနုများဖြစ်နေခြင်းကပင် သက်သေလုံလောက်ပါသည်။

မြန်မာပြည်၏စီးပွားရေးကို ဘီ၊ အို၊ စီ။ စတီးဘရားသား၊ ဘုံဘေဘားမား၊ ဧရာဝတီ၊ ဘားမားရေးလ်ဝေး မီးရထားကုမ္ပဏီများ လက်အောက်၌၎င်း၊ ချစ်တီးကုလားများကိုလည်း ကျယ်ပြန့်စွာ အသုံးပြုထားပါသည်။ ဂရန်မြေ၌လည်း ဇေယဝတီဂရန်မှာ ဟိန္ဒူလူမျိုးများပေးထားခြင်းဖြစ်သည်။ သို့ဖြစ်၍ကုလားများကို ဗမာ့စီးပွားရေး၌ နလံမထူနိုင်အောင် အားပေးထားသည်။ ကုလားချစ်တီးများ၏ လယ်တဲကိုပင် ပေ ၁၀၀၊ ၂၀၀၊ ၃၀၀အကွာမှသာ သွားနိုင်အောင် ဥပဒေဖြင့် သတ်မှတ်ထားသည်။

အမြတ်တော်ခွန်ပေးသူများမှာလည်း ကုလားတွေဖြစ်နေ၍ ဘွဲ့ထူးဂုဏ်ထူးပေး၍ ချီးမြှင့်မြှောက်စားထားသဖြင့် ဗမာများသည် ယခုထက်တိုင် ကုလားလူမျိုးများကို ရိုသေလေးစားကြသည်။ ဤမျှဖြင့် ဗမာလူမျိုးများ ပုံသဏ္ဌာန်အကြမ်းမြင်လောက်ပါပြီ။

ရခိုင်လူမျိုးတောသူတောင်သားများ ပင်ကိုယ်စိတ်ဓါတ်မှာ သတ္တိရှိ၏၊ ရဲသွေးရဲမာန်လည်းရှိ၏။ ရိုးသားဖြောင့်မတ်၏။ ကျွန်သက်ရှည်ခဲ့ပြီဖြစ်၍ ကျွန်စိတ်ဓါတ်ရင့်ကျက်ပြီး၊ မြို့နေလူတန်းစားများကို ဘုန်းရှင်ကံရှင်ဟု မိဘဘိုးဘွားတို့ ပြောစကားဖြင့် အထင်ကြီး၍၊ ယုံကြည်ချက်ရှိခဲ့ကြ၏။ ထိုအချိန်က ဆရာတော်ဦးစိန္တာမှာ မခံမရပ်နိုင်အောင်ပင် လယ်သမားလူထုကြီး၏ဘဝကို သနားနေ၏။ ဘာမှမျှမတတ်နိုင်၊ လုပ်ကိုင်ဆောင်ရွက်စရာ နည်းလမ်းကိုလည်း မမြင်သေးသည်မှာ အမှန်ပင်ဖြစ်၏။ ထိုအချိန်က ဦးနာဂိန္ဒ ပုဂ္ဂိုလ်မှာ နယ်ချဲ့ဆန့်ကျင်ရေးမဟုတ်သော အစိုးရအမှုထမ်း အရာထမ်းဆန့်ကျင်ရေးကို လက်တွေ့ကျင့်သုံးဟောပြောခဲ့သည်အမှန်ဖြစ်၏။

သို့သော်လည်း ကျယ်ပြန့်စွာ စည်းရုံးခဲ့မှု မရှိပါ။ ကံသာရွာ၌ အိုးခွန်တော်လွတ်မြောက်ရေး ဆောင်ရွက်ချက်

တစ်ခုသာလျှင် ကျန်ရစ်ခဲ့ပါသည်။ ဆရာတော်ဦးစိန္တာသည် ရခိုင်ပြည်၏မြို့တော် စစ်တွေမြို့၊ ဝင်ဘာကွင်း၌ ပြုလုပ်သော သံဃသမဂ္ဂ၊ သံဃအစည်းအဝေးသို့ တက်ရောက်လျှက်၊ သာသနာတော်ကြီးတည်တံ့စည်ပင်လာဘို့အတွက် အမျိုးဘာသာ သာသနာ တရားများ ဟောကြားခဲ့ရာတွင် ပါဝင်ခဲ့ပါသည်။ ထိုအချိန်၌ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့သည် ဉက္ကဋ္ဌကြီး၊ ရှေ့နေကြီး၊ ဦးမြထွန်း၊ (နာမည်ရင်း ဦးမောင်မြထွန်း)သည် မျိုးချစ်အာဇာနည်ကြီးတစ်ဦး ဖြစ်သည်။ အင်္ဂလိပ် ဗြိတိသျှနှင့် ၎င်းတို့လက်ပါးစေ၊ မြေရှင်ဓနရှင်များ ဆန့်ကျင်ရေးကို စတင်ထူထောင်စဉ်ဖြစ်သည်။ ဆရာတော်ဦးစိန္တာ၏ ဟောပြောချက်မှာ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ရိုသေလေးစားကြသော ကျေးရွာရိုးတောသူတောင်သား လယ်သမားများ အတိဒုက္ခရောက်နေကြသဖြင့် ထိုကဲ့သို့ သာသနနုဂ္ဂဟတို့ လူတန်းစားမစေ့၊ လူစဉ်မမှီ၊ ဆင်းရဲတွင်းနက်နေပါက၊ ဘယ်လိုမှ တစ်ရွာတစ်ကျောင်းကျစီရှိ သီတင်းသုံးနေကြသော ဆရာတော်အရှင်သူမြတ်များ၊ သိပြီးဖြစ်လာကြပါသည်။ ထိုလယ်သမား ထု ဆင်းရဲနစ်မွန်းနေမှုက လွတ်မြောက်ဖို့နည်းလမ်းကို မဖော်ထုတ်နိုင်သမျှ သာသနာတော်ကြီး စည်ပင်ပြန့်ပွား တည်တန့်ဖို့ မလွယ်ကူနိုင်ကြောင်းနှင့် အမျိုးသားတရား၊ ဘာသာရေးတရားများကို ရောယှက်ဟောပြောမှုကို ကြားသိတွေ့မြင်သော အခါ ဤဓမ္မကထိကပုဂ္ဂိုလ်သည် မျိုးချစ်စိတ်ရှိ၍၊ ထက်မြက်သောပုဂ္ဂိုလ်ဟု ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ ဉက္ကဋ္ဌ ဦးမြထွန်းသည် ကြည်ညို၍သဘောကျခဲ့ပါသည်။

ဦးမြထွန်းမှာ ရဲဘော်ကြီးဖြစ်သော နန္ဒမာလာ ဦးထွန်းစိန်နှင့် ပူးပေါင်း၍ ဦးစိန္တာအားပင့်၍ ဆွမ်းကျွေးပြီးလျှင် ရှေ့ခရီးစဉ် ဝံသာနုရက္ခိတတရား ကျယ်ပြန့်လာမှသာလျှင် ရခိုင်တောသူ တောင်သား၊ လယ်သမားထုကြီး ညီညွတ်ရေးရဘို့ ဟောပြောစည်းရုံးနိုင်သည်အမျှ ကျွန်ဘဝမှလွတ်မြောက်ဘို့ လမ်းစပင်ဖြစ်ပါသည်။ ဖိမ်ယစ်နေသူများကတော့ ဘယ်လိုနည်း နှင့်မျှ လက်ခံမည်မဟုတ်ပါ။ သို့ဖြစ်၍အရှင်ဘုရားတို့လို ခေတ်သစ်ဓမ္မကထိကများ၊ ပေါ်ထွန်းလာဘို့ လိုအပ်ပါသည်။ ဤသို့ဖြစ်လာမှ တစတစ ကျွန်ဘဝက လွတ်မြောက်နိုင်ရန် နည်းလမ်းရှိပါသည်။ အားလုံးသောဆင်းရဲဒုက္ခသည် ကျွန်ဘဝက မလွတ်မြောက်နိုင်သမျှ ကာလပတ်လုံး ဆင်းရဲနေမှာပါဘဲ၊ သို့ဖြစ်၍ ကျွန်ဘဝလွတ်မြောက်နိုင်ရေးအတွက် လယ်သမားလူ ထုညီညွတ်ရေးနှင့် ဇာတိသွေးဇာတိမာန် မျိုးချစ်စိတ်ဖြစ်ပေါ်လာရန် နိုးဆွပေးရမည်ဖြစ်ပါသည်။ ဟောပြောပွဲများနှင့် အဖွဲ့အစည်းများ စည်းရုံးခြင်း၊ ညီလာခံများကျင်းပ၍ ငွေတိုးနှုန်းကြီးမြင့်မှုတိုက်ဖျက်ရေး၊ စပါးဈေးနှိမ်ဝယ်ယူမှု ဆန့်ကျင်ရေး၊ မြေခကြီးမှု တိုက်ဖျက်ရေး၊ အထွေထွေလုပ်ငန်းစဉ်များ၊ ညှိနှိုင်းဆွေးနွေးခဲ့ရသည်။ ဤတွင် ဆရာတော်မှ အထူးရွှင်လန်း ဝမ်းမြောက်၍ နေရောင်ခြည်မျှော်နေသော ကြာပန်းကဲ့သို့ ပွင့်လန်းလာပြီး ဝီရိယစိုက်ထုတ်လုပ်ကိုင်ရန် သံဓိဌာန်ချဆုံးဖြတ် ၍ ပူးပေါင်းဆောင်ရွက်ရန် ကတိပြုကြ၏။ အင်္ဂလိပ် ၁၉၃၁ ခု၊ မြန်မာ ၁၂၉၂ခုအချိန်မှာ ဆရာတော်ဦးစိန္တာ ကြီးမှူးလျက် လယ်သမားညီလာခံကြီးတစ်ရပ်ကို ကြာအင်းတောင်နှင့် ကမ်းနီရွာများကို အခြေခံလျက် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ ပါသည်။ ထိုအစည်းအဝေးကို စစ်တွေမြို့မှ ရှေ့နေကြီး ဦးမောင်မြထွန်းနှင့် ကျောက်ဖြူမြို့မှ ဦးစောလှညိုတို့ကို ဖိတ်ကြားလျက် ဆင်ပေါ်တက်ပြီး လယ်သမားလူထုကြီးကို ရှေ့ဆောင်၍ ညီလာခံမဏ္ဍပ်ကြီးသို့ ချီတက်ခဲ့ကြပါသည်။

ထိုညီလာခံမှစတင်၍ ကျေးရွာအနှံ့၊ ဝံသာနုစကား၊ တစ်ယောက်တစ်ပေါက်ကျွန်ဘဝကို စက်ဆုတ်လာခြင်း၊ မြန်မာ နိုင်ငံနှင့် ရခိုင်ပြည်မှ မြေပေါ်မြေအောက်ပစ္စည်းများ အခွန်တော်များကို ဘိလပ်သို့ယူဆောင်သွားကြပြီးလျှင်၊ လက်အောက် ကျေးကျွန်တစ်စု၊ လခမှတပါး ဘာတစ်ခုမှလူထုအကျိုးကို ပြုလုပ်၍မပေး၊ သွေးစုတ်သမား ကုမ္ပဏီများအကျိုး၊ လယ်ရှင် မြေရှင်၊ ဓနရှင်များဘက်က ရပ်တည်သောဥပဒေများ၊ တရားစီရင်ရေးများဖြင့် ပြုလုပ်ထားသည်။ နားစွန်နားဖျား မှတ်မိ သမျှကို ပြောဆိုလာကြ၏။ အင်္ဂလိပ်ပြည်ကလာသော အထည်ကို မဝတ်ဘဲ၊ မိမိတို့လက်ရက်ထည်များ ဝတ်ကြဘို့ကို လှုံ့ဆော်သောစကားများ တွင်ကျယ်လာပါသည်။

ကျွန်တော်တို့၏ လယ်သမားကျေးရွာများမှာ ပိုးထည်၊ သက္ကလပ်ထည်နှင့် နိုင်ငံခြားဖြစ်အထည်များကို လူတိုင်းတွင် တွင်ကျယ်ကျယ်မဝတ်နိုင်ကြပါ။ အိန္ဒိယပိတ်ကြမ်း၊ ဂါဒါထည်၊ မိမိရက်လုပ်သောခြည်လုံချည်၊ ချည်တဝက်၊ ပိုးတဝက် လုံချည်များပင် ပွဲနေပွဲထိုင်ဖြစ်၏။ တချို့တလေသာ ပိုးထည်များ ဝတ်နိုင်ကြပါသည်။ ဝံသာနုတရားကို စောင့်ရှောက်ဖို့ ဝန်မလေးပုံ ထင်ဟပ်နေခြင်းဖြစ်၏။ ဆရာတော်ဦးစိန္တာ၏ ဇီဇဟာ အလွန့်အလွန်ပင် အံ့သြစရာတစ်ခုဖြစ်၏။ လုပ်ငန်း တစ်ခုကိုစလုပ်လျှင် ဆုံးခမ်းတိုင်တာဝန်ယူ၍ လုပ်ဆောင်သောဇွဲသတ္တိရှိသည်။ ဖောက်ပြန်ပြောင်းလွဲမှု လုံးဝမရှိခြင်း၊ မတုံ့လျှပ်၊ မတွေဝေတတ်သော အမြော်အမြင်ဉာဏ်ပညာကြီးမားသူဖြစ်သည်။ သည်းခံတတ်သောစိတ်၊ ခွင့်လွှတ်တတ်သော သဘောထားများလည်း ပြည့်ဝ၏။

ထို့ပြင် မနားမနေ ကြိုးစားလုပ်ကိုင်ဆောင်ရွက်တတ်သော ဇွဲဝီရိယကြီးများခြင်းများသည်လည်း ရှိ၏။ နှစ်များ မကြာခင်အချိန်၌ သံဃသမဂ္ဂ၌ ပညာရေးဌာန၊ အတွင်းရေးမှူး၊ ရဟန်းပျိုဦးပညာသီဟကို စည်းရုံးလျက် မျိုးချစ်လုပ်ငန်း ၌ ပါဝင်အောင် သိမ်းသွင်းစည်းရုံးမိပါသည်။

ထိုပညာသီဟဦးပဥ္စင်းသည် အလွန့်အလွန်ထက်မြက်သော အာဇာနည်၊ ဒုတိယရခိုင်ခေါင်းဆောင်တစ်ဦး ဖြစ်လာ

သူပင်တည်း။ စစ်ရေး နိုင်ငံရေး စွယ်စုံလုပ်ကိုင်နိုင်သော အရည်အခြင်း ဗီဇရှိသူဖြစ်၏။

ထို့နောက် ပေါက်တောဆရာတော်ကြီး ဦးနာရဒကိုလည်း မိမိထက်ဝါကြီးပုဂ္ဂိုလ်ဖြစ်စေကာမူ လိုအပ်နေကြောင်းကို တင်ပြသဖြင့် ဆရာတော်ကြီးလည်း တက်တက်ကြွကြွပါဝင်လာပါသည်။

## ဦးစိန္တာ၊ ဦးပညာသီဟတို့၏ အတ္ထုပတ္တိနှင့် ဩဝါဒစရိယဖြစ်လာကြပုံ

ဝံသာနုခေတ်၏နောက်ပိုင်းမှာ ဝံသာနုခေတ်မစတင်ခင်ကပင်လျှင် ၁၉၂၀ခု၊ တက္ကသိုလ်ကျောင်းသားများက ကျွန်ပညာရေးကိုလိုနီစနစ် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ခဲ့ကြသည်။ ထိုကျောင်းသားများနှင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများ စုပေါင်း၍ အမျိုးသားကျောင်းများဖြစ်လာခြင်း၊ အချို့သောတက္ကသိုလ်ပညာတတ်များ၊ နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာခဲ့ခြင်း၊ ဦးဥတ္တမ၏လှုံ့ဆော်ဟောပြောချက်။ အိန္ဒိယကွန်ဂရက်မှ ဂယက်ရိုက်ခတ်ခြင်း၊ အင်္ဂလန်နှင့် အိုင်ယာလန်မျိုးချစ်ပုဂ္ဂိုလ်အရေးတော်ပုံ စာအုပ်များနှင့်တကွ ဖိလစ်ပိုင်နိုင်ငံ၊ မျိုးချစ်ဒေါက်တာရီဇော်အကြောင်းများ၊ အကျိုးဆက်ဟုဆိုနိုင်သော မျိုးချစ်စိတ်ဓာတ်ကြောင့်တစ်မျိုး၊ ကိုလိုနီစံနစ်၏ ဖိနှိပ်လွှမ်းမှုကြောင့် မခံမရပ်နိုင်သောလယ်သမားထဲမှ ဆရာစံဆိုသူ ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်ပြီး၊ လယ်သမားတို့၏ ပုန်ကန်မှုတော်လှန်ရေးတရပ် ဖြစ်ပေါ်လာပါသည်။ ထိုတော်လှန်ရေးမှ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ဖြစ်၍ လူငယ်များသို့ အထူးအကျိုးသက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဂဠုန်လယ်သမားတော်လှန်ရေးမှာ မအောင်မြင်ခဲ့သော်လည်း တော်လှန်ရေးလမ်းစ(ဝါ)လက်နက်ကိုင်တော်လှန်ရေးလမ်းစကို ဖော်ထုတ်ပေးခဲ့သည်ဟုပင် မှတ်ချက်ချရမည်ဖြစ်၏။ ရခိုင်လူထုရော ဗမာလူထုပါ လူထုဆိုရာ၌ တောင်သူလယ်သမား၊ ကျေးလက်တောရွာရှိ ဆင်းရဲနစ်မွန်းနေကြသော လူများကို ရည်ညွှန်းအပ်ပါသည်။

အထက်ဖော်ပြပါ ဆင်းရဲသားလူထုကြီးထဲသို့ ဘဝလွတ်မြောက်ရေးလမ်းစမှာ အင်္ဂလိပ်ကျွန်ဖြစ်နေသမျှ ဆင်းရဲနစ်မွန်းမည်။ ကျွန်ဘဝကလွတ်မြောက်မှ နိဗ္ဗာန်ဖြစ်မည်ဟု တထစ်ကျယုံကြည်လာကြခြင်းပင်လျှင် ကြီးမားသောလူထုကြီး၏ ညီညွတ်ရေးလမ်းစပေါ်ထွက်လာဖို့ အရိပ်လက္ခဏာကြီးပင်ဖြစ်သည်။ ထိုအချိန်က သတင်းစာ၊ ဂျာနယ်၊ စာတန်းစာအုပ် ဂီတမှစ၍ အမျိုးသားစိတ်ဓာတ်ဘက် ရွေ့ရှူလာခဲ့ကြသည်။ (ဝါ) မျိုးချစ်ဝါဒကို မှီငြမ်းသောဦးတည်ချက်ဖြစ်လာခဲ့ကြ၏။ (ပထမဆုံး နဂါးနီစာပေများပင်)ဖြစ်ပါသည်။ ထိုစာပေသည် လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ရေးကို လမ်းညွှန်ခြင်းဖြစ်၏။ သို့သော်လည်း ထိုစဉ်က မသိရှိခဲ့ပါ။ လွတ်လပ်ရေး(ဝါ) အင်္ဂလိပ်ကျွန်ဘဝက လွတ်လျှင်ပင် တိုးတက်ချမ်းသာမှာဘဲ ဟုသာ သိခဲ့၏။ လူထုကြီးကလည်း ဤအတိုင်းခံယူကြအောင် ဟောပြောစည်းရုံးလာကြသည်။

ထိုအချိန်က ရခိုင်ပြည်မှာလည်း တက်ကြွနိုးကြားလာကြသော လူကြီးပညာတတ်များ၊ အလျှိုအလျှိုပေါ်ထွက်နေချိန်နှင့် လှုပ်လှုပ်ရှားရှားဖြစ်လာကြပါသည်။ ခေါင်းဆောင်မှုပေးနေသော ပုဂ္ဂိုလ်သုံးဦးကလည်း ရဟန်းတော်များဖြစ်၍ ဘာရာထူးကိုမျှ မမျှော်မှန်းဘဲ တော်လှန်ရေးလူငယ်များကြိုက်သော လမ်းညွှန်မှုကိုရင်း၊ ခေါင်းဆောင်တာဝန်ယူမှုကိုရင်း၊ ရဲရဲတောက်ဦးစိန္တာနှင့် ဦးပညာသီဟ၊ ဦးနာရဒတို့ ခေါင်းဆောင်မှုအောက်မှာ ရှိနေကြပါသည်။ ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့များကလည်း ထိုပုဂ္ဂိုလ်များကို ဩဝါဒစရိယအဖြစ် တင်မြှောက်ထားကြသည်။ မြို့နယ်ကျေးရွာတိုင်း၌ တိုက်နယ်အစည်းအဝေးတရားပွဲ၊ မြို့နယ်လုံးကျွတ်တရားပွဲ ဟောပြောမှုများလည်း ထွန်းကားတိုးတက်လာသည်။ တက္ကသိုလ်ကျောင်းသားနှင့် ဟိုက်စကူးကျောင်းသားသမဂ္ဂများလည်း တပြည်လုံးအနှံ့အပြားရှိနေကြပြီးဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေး၌လည်း အိန္ဒိယမှခွဲထွက်ပြီး ဒိုင်အျာခီ၊ စားခွက်လုပွဲ၊ အုပ်ချုပ်ရေးကို ချပေးထားသည့် နည်းပရိယာယ်ဖြင့် စားခွက်လုပွဲကို တစ်ဘက်မှ ပြုလုပ်ထားပြီး ခေါင်းဆောင်မှုမရှိအောင် အကွဲကွဲအပြားပြားဖြစ်အောင် ပြုလုပ်ထားသည်။ မြန်မာနိုင်ငံ အခြေအနေမှာ ခေါင်းဆောင်ဝန့်သူ၊ ခေါင်းဆောင်ကောင်း ကင်းမဲ့နေ၏။ အိန္ဒိယမှာ ဖြောင့်မှန်သော ခေါင်းဆောင်ကောင်းများ ဖြစ်ထွန်းလျှက်ရှိ၏။ သို့သော်လည်း တော်လှန်သောနိုင်ငံရေးပုဂ္ဂိုလ်များ မဟုတ်ကြပါ။

မြန်မာလူထု၊ ရခိုင်လူထုထဲမှာ တော်လှန်ရေးလက္ခဏာရှိသူများ ဖြစ်ကြသည်။ သက်စွန့်ကြိုးပန်းလုပ်ဝန့် တာဝန်ယူဝန့်သော ခေါင်းဆောင်သာရှိပါက တပြည်လုံးအုံကြွပေါက်ကွဲလုလု အချိန်ဟူ၍ သတ်မှတ်နိုင်သည်။ နောက်လိုက်နောက်ပါ ကောင်းများအသင့်ဖြစ်ဘို့ အစပျိုးနေချိန်ဖြစ်သည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာလည်း ဝံသာနုခေတ်က လယ်သမားသူပုန်ထကြွခဲ့မှုကြောင့်၊ အင်္ဂလိပ်ကို ခံတိုက်က ဖြစ်နိုင်သည်။ အင်္ဂလိပ်လည်း လူထဲကလူဘဲ၊ ဒါ့အပြင် အင်္ဂလိပ်မှာ အိန္ဒိယကုလားကျွန်၊ ဗမာရခိုင်ကျွန်များသာ မရရှိပါက လက်နက်ကိုင်၍ သစ္စာခံမည့်သူ မရှိသလောက်ပါဘဲ၊ ထိုကျွန်များကို ကြောက်စရာမဟုတ်ပါဘူး၊ ငါတို့၌သာလက်နက်ရှိခဲ့က ယှဉ်ပြိုင်တိုက်ခိုက်ဘို့ထိ၊ စိတ်ဓါတ်ရေးရာ၌ လူငယ်လူရွယ်အချို့တို့ တော်လှန်စိတ်ဝင်ရောက်လျက်ပင်ရှိနေပါသည်။

တစ်ချိန်တည်းမှာပင်လျှင် အင်္ဂလိပ်ကို အခံမကြေသော ဂျာမဏီဟစ်တလာ လက်နက်နိုင်ငံတည်ဆောက်မှု သတင်းနှင့် ကြိမ်းမောင်းနေပုံ၊ အီတလီမှ မူဆိုလိုနီအာဏာရှင်နှင့် ဂျပန်စစ်ဝါဒီအာဏာရှင်များသည် ကမ္ဘာ၏ကိုလိုနီအကြီး

ဆုံးဖြစ်သော ဗြိတိသျှကို အန္တရာယ်ပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့်၊ လုပ်ကိုင်ဆောင်ရွက်နေကြသည်များကို သိရှိလာကြ၍၊ ကမ္ဘာကြီးပျက်စီးလုနီးပြီလော၊ ဟုပင် မြန်မာအချို့စာစောင်များ၏ ထင်မြင်ယူဆချက်ဆောင်းပါးများ ပေါ်ထွက်လာခဲ့သည်။

ဤအချိန်အခါ ရခိုင်တိုင်းရင်းသား လူငယ်အဖွဲ့ကြီးမှာ နေရာတိုင်းအနှံ့အပြား စည်းရုံးလာသဖြင့်၊ ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့ကြီးနှင့် စင်ပြိုင်ထိပ်တိုက်ဖြစ်လာခဲ့ကြ၏။ ထိုကဲ့သို့ဖြစ်လာမှုသည်ပင် လူကြီးနှင့်လူငယ်တို့ အကွဲကွဲအပြားပြားဖြစ်လာနိုင်စရာအကြောင်းကို တင်ကြိုမြော်မြင်သော ဆရာတော် ဦးစိန္တာနှင့်တကွ ဦးပညာသီဟ၊ ဦးနာရဒတို့သည် နှစ်ဖက်သောခေါင်းဆောင်များကို တဖွဲ့တစည်းတည်းဖြစ်အောင်အတွက် ဩဝါဒပေးစည်းရုံးခဲ့ကြသည်။

ထိုကဲ့သို့ ဩဇာအရှိန်အဝါရှိသော ဆရာတော်ကြီးများက ဩဝါဒပေးစည်းရုံးခဲ့မှုကို နှစ်ဘက်သောအဖွဲ့များသည် တော်လှန်ရေးဘက်ကို ဦးတည်ချက်များခြင်း ရာထူးစားခွက်လုလျှင်လည်း ရခိုင်လက်ပါးစေများကို အကွဲကွဲအပြားပြား တိုက်ခိုက်၍ ရနိုင်စရာမရှိခြင်း၊ ဆရာတော်များလက်ထဲ၌၊ အခြေခံလယ်သမားထုနှင့်တကွ၊ မြို့နယ်ပေါင်းစုံမှ၊ ရဲရဲတောက်စည်းရုံးရေး လူငယ်လူရွယ်များရှိနေခြင်းများကြောင့် လွယ်လွယ်ကူကူနှင့်အဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းရုံးမှုအောင်မြင်ပြီးလျှင် အမည်သစ်မရှာတော့ဘဲ၊ လူကြီး၏တိုင်းဆိုင်ရာကို ရှေ့မှာထားလျက်၊ လူငယ်တိုင်းရင်းသားအဖွဲ့ နောက်မှာထားပြီး ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအဖွဲ့ဟု ခေါ်တွင်ခဲ့ကြသည်။ ဤအဖွဲ့ကြီးကိုပင်လျှင် (အာရကန်နေရှင်နယ် ကွန်ဂရက်)ဟု အင်္ဂလိပ်စကားဖြင့် ခေါ်တွင်စေပါသည်။

အထက်ပါလုပ်ရပ်များသည်ပင်လျှင် ဆရာတော်များ၊ ဩဝါဒစရိယ၊ နာယကအဖြစ် ပေါ်လာပါသည်။ ဤပုဂ္ဂိုလ်တစ်ဦးစီ၏ တော်လှန်ရေးလုပ်ငန်းသမိုင်းစဉ်ကို အမြွက်မျှတင်ပြမှုများသည် ဤစာတမ်းပြုစုရာတွင် ပါဝင်ပြီး၊ ပါဝင်ဆဲပါဝင်လတ္တံ့ဖြစ်၍ သီးခြားခွဲ၍ ရေးစရာလိုအပ်မည်မထင်ပါ၍ အဖွဲ့ကြီးနှစ်ကို ပူးပေါင်းဖွဲ့စည်းမှုသည် ဤဆရာတော်ကြီးသုံးပါးနာယကဖြစ်မှု၏ အဓိကအကြောင်းပင်ဖြစ်ပါသည်။

စစ်တွေမြို့၌ ရခိုင်လူငယ်အဖွဲ့အမျိုးမျိုးနှင့် ကျောင်းသားသမဂ္ဂ၊ ဝံသာနုရက္ခိတခေတ်အချိန်နောက်ပိုင်း၌ နယ်ချဲ့ဆန့်ကျင်ရေးဆိုသော ဟောပြောပွဲကို ပထမဆုံးစတင်ဟောပြောသူမှာ ဝတ်လုံတော်ရရှေ့နေကြီး ဦးသာဇံလှဖြစ်သည်။ ထိုပုဂ္ဂိုလ် သည် စစ်တွေမြို့၌ရှိသော ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။

ရခိုင်တိုင်းမြို့တော်ဖြစ်သော စစ်တွေမြို့သည်၊ အင်္ဂလိပ်တည်သောမြို့ဖြစ်၍ အင်္ဂလိပ်စာတတ်အပေါ်များဆုံးနှင့် ဒီဂရီရသူများ အများဆုံးရှိသည့်ပြင်၊ လန်ဒန်တက္ကသိုလ်နှင့် အိန္ဒိယတက္ကသိုလ်များ၌ အများဆုံးပညာသင်ကြားကြသဖြင့်၊ နိုင်ငံရေးစကားများကို အင်္ဂလိပ်စကားဖြင့် သုံးနှုံးကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးဆိုသည့် ဘာသာပြန်စကားကို ရခိုင်ပညာတတ်ပိုင်းမှ ဘာသာပြန်ဆိုဘို့ မတတ်ကြဟု စာရေးသူ ကျွန်တော်ယူဆပါသည်။ ကျွန်တော်ကြားဘူးသည့်စကားက ( ) ဆိုသောအသံပင်ဖြစ်၏။ ဂရိတ်ဗြိတိန်ဆန့်ကျင်ရေး (ဝါ) အင်္ဂလိပ်အုပ်ချုပ်သူများနှင့်တကွ လက်ပါးစေများကို ဆန့်ကျင်သောစကားများဖြစ်၏ဟုသာ ပြောဆိုကြသည်။ နယ်ချဲ့သမား၊ မျက်နှာဖြူများ၊ ကျူးကျော်သူများအဖြစ်၊ နိုင်ငံရေးဟောပြောမှုဝေါဟာရ၌သာ ကြားဖူးကြ၏။ မြန်မာသတင်းစာ နိုင်ငံရေးသမား ခေါင်းဆောင်ဘာသာပြန်ဆိုပြီးမှသာ နယ်ချဲ့ဆန့်ကျင်ရေးဟုထင်ပေါ်လာပေသည်။ ရခိုင်တွေဟာ မြန်မာဝေါဟာရကိုပင် မှန်ကန်စွာပြန်ဆိုဘို့ မတတ်သလိုပင်၊ အင်္ဂလိပ်ဝေါဟာရကို ၈၀%သုံးစွဲခဲ့ကြ၏။ ထိုအချိန်၌တိုးတက်သော လူငယ်ပညာတတ်အချို့သည် အဖွဲ့အစည်းများ စည်းလုံးလျှက် လွတ်လပ်ရေးလုပ်ငန်းကို စတင်ခဲ့ကြသည်။ စစ်တွေမြို့၌လည်း အဖွဲ့အမျိုးမျိုးပေါ်ပေါက်လာခဲ့သည်။ ဆင်းရဲသားအဖွဲ့ သခင်စံရွှေက ဦးဆောင်သည်။ မျိုးချစ်အဖွဲ့ မျိုးချစ်ကျော်ဦး ခေါင်းဆောင်သည်၊ နိုးကြားရေးအဖွဲ့ကို ဦးဘစံက ခေါင်းဆောင်သည်။ ကျောင်းသားသမဂ္ဂကို ဘုံပေါက်သာကျော်က ခေါင်းဆောင်သည်။ ထို့နောက် ဘာသာရေးကို ဘန်းပြလျှက်လည်း အဖွဲ့တွေရှိခဲ့ကြပါသည်။ ရဟန်းတွေထဲမှလည်း သံဃသမဂ္ဂီ အမှီပြုလျှက်၊ ဝံသာနုစိတ်ဖြင့်၊ ရဟန်းတော်တချို့နှင့်တက်ကြွ၍ မျိုးချစ်စိတ်ဓါတ်ခံရှိသော ဦးပဥ္စင်းများ တွေ့ရှိကြပါသည်။ ဤကဲ့သို့ အခြေခံများပေါ်၌ နယ်ချဲ့ဆန့်ကျင်ရေးအဖွဲ့ကြီးများ စည်းရုံးရေး တွင်ကျယ်ဘို့ အခြေခံများပင်ဖြစ်သည်။

## ဒို့ဗမာအစည်းအရုံးနှင့် ရခိုင်လူငယ်များ

၁၉၃၅ခုနှစ်၊ ၁၉၃၆ခုအချိန်သည် ရခိုင်တောင်ပိုင်း၌ လေမုန်တိုင်းခံခဲ့ရသည့်နှစ်ဖြစ်သည်။ ဤကိစ္စကို အကြောင်းပြုလျက် သခင်လေးမောင်သည် ရခိုင်ပြည်မြို့အနှံ့၊ သခင်ဝါဒဟောပြောစည်းရုံးပါသည်။ 'သံတွဲ၊ တောင်ကုတ်၊ မာန်အောင်နှင့် ရမ်းဗြဲမြို့များတွင် စတင်၍ ရခိုင်လူငယ်အချို့ ဒို့ဗမာအစည်းအရုံးဝင်ရောက်၍ သခင်အမည်ကို ဦးဦးဖျားဖျားခံယူလိုက်ကြသည်။

ထို့နောက် သခင်လေးမောင်သည် မြို့နယ်များသို့ လှည့်လည်ဟောပြောပါသည်။ ကျောက်ဖြူ၊ မြေပုံ၊ မင်းပြား၊ စစ်တွေမြို့များသို့ လှည့်လည်ဟောပြောခြင်းကြောင့် ရခိုင်လူငယ်များ ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ကြပါသည်။

သခင်အမည်ကိုလည်း ခံယူကြပါသည်။ များမကြာမီ အချိန်ကာလ၌ပင် သခင်ကျင့်ဝတ်ကို၊ ရဲရဲဝန့်ဝန့်ကျင့်ဆောင်နိုင်သူများ ပေါ်ထွန်းလာပြီး ထောင်ထဲရောက်သူများ ရှိလာသည်။ သို့ပေမဲ့ ကျန်လူတွေ နောက်မဆုတ်တော့ဘဲ ရှေ့တလှမ်းတက်၍ ရဲရဲတောက်၊ နယ်ချဲ့ကို တော်လှန်ပုန်ကန်ကြဘို့ဟောပြောသူများ ထွန်းကားလာခဲ့ပြန်ပါသည်။ ဖိနှိပ်လေလေ တိုး၍တိုက်ခိုက်သူများ များပြားလေလေဖြစ်သဖြင့် မျက်နှာဖြူများနှင့် သူတို့၏လက်ပါးစေများ အရှိန်အဝါကျဆင်းစဖြစ်လာကြသည်။ မြေရှင်ကြီးများကို တော်လှန်မှုလည်း ဖြစ်လာခဲ့ကြသည်။ အင်္ဂလိပ်အလိုတော်ရှိများ ဩဇာနှင့်ပုလိပ်၊ သူကြီး၊ မြို့ပိုင်များ၏ တံခိုးအာဏာသည် ရှိသလောက်ရှိနေသော်လည်း၊ ယခင်ကလို၊ အလိုလို ကြောက်လန့်သောစိတ်ဓါတ်ဟာ ပြည်သူများ၏ စိတ်ဓါတ်မှ လွင့်စင်စဖြစ်လာခဲ့၏။ တစတစ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တော်လှန်ရေး၊ ဇာတိသွေး ဇာတိမာန်သည် ပြည်သူ တစ်ရပ်လုံးရှိ လူတန်းစားအလွှာအသီးသီးသို့ စိမ့်ဝင်သွားကြပြီးလျှင်၊ နိုးကြားတက်ကြွသော ဗဟုသုတရှိသူများနှင့် တော်လှန်ရေးတာဝန်များကို ကူညီအားပေးသူများနှင့် ခေါင်းဆောင်ငယ်များတာဝန်များကိုပါ တာဝန်ယူလျှက် အောင်မြင်စွာထမ်းဆောင်သည့်ပုဂ္ဂိုလ်များ၊ အစီအရီပေါ်ထွန်းခါစဖြစ်လာသည်။ အနာဂါတ်မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် တော်လှန်ရေးမဟာတာဝန်ရပ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည့် အာဇာနည်အလောင်းများ လူထုထဲ၌ရှိနေခဲ့ပြီး လက်ရှိနယ်ချဲ့ဆန့်ကျင်ရေးတာဝန်ရပ်များကိုလည်း မပျက်မကွက် သစ္စာရှိဆောင်ရွက်နိုင်ကြပေသည်။

ရခိုင်တော်လှန်ရေးကို အထောက်အကူပြုရာ၌ ဒို့ဗမာအစည်းအရုံးကလည်း ပါဝင်သည်ဟု မှတ်ချက်ချရပေမည်။ အဘယ်ကြောင့်ဆိုပါလျှင် သခင်ခေါင်းဆောင်များ ကျင့်ဝတ္တရားများကို အတုယူပြုလုပ်ဝန့်၊ လူငယ်အာဇာနည်ခေါင်းဆောင်ငယ်များ၊ မြို့နယ်တိုင်းမှပေါ်ထွန်းလာခြင်း၊ ထိုလူအားလုံးသည် သခင်အမည်ခံကြခြင်း၊ သခင်အမည်ခံလျှင်ပင် လူဝတ်ကြောင်မှ ရဟန်းပြုသူများသည် ကျင့်ဝတ်၊ ကျင့်စဉ် တစ်မျိုးတစ်မည်ပြောင်းသွားကြသလို၊ လူရိုးရိုးမှသခင်ဟု အမည်ခံဝန့်လျှင်၊ ထောင်ကျခံ၍ ဟောပြောဝန့်ခြင်း၊ ကိုယ်ကျိုးစွန့်ဝန့်ခြင်း၊ အနစ်နာခံခြင်း၊ ဗဟုသုတအရာ၌လည်း ကြိုးစားကြသည်။ ထို့ကြောင့် လွတ်လပ်ရေးဗိသုကာလောင်းများသည်၊ တိုင်းပြည်နှင့်အဝှမ်းပေါ်ထွန်းလာရခြင်းမှာ သခင်များ၏စံနမူနာကို လိုက်ကြသောကြောင့်ဟု မှတ်ချက်ချနိုင်သည်။ ဆရာတော်ကြီး ဦးစိန္တာနှင့် ဆရာတော်ဦးပညာသီဟတို့၏ စိတ်နေသဘောထား တော်လှန်ရေးသွေး၊ တော်လှန်ရေးအမြင်နှင့်လည်း၊ ဒို့ဗမာအစည်းအရုံး၏ခံယူချက်နှင့် ထပ်တူထပ်မျှ ဖြစ်ကြသည်။ ထို့ပြင် ရခိုင်တော်လှန်ရေးသမိုင်းစဉ်တွင် ခေါင်းဆောင်အာဇာနည်ကြီးများ၏ ဝါဒလမ်းစဉ်ကလည်း ရှိနေသည်။ ထိုလမ်းစဉ်မှာ ပျက်စီး၍ မအောင်မြင်ခဲ့သော၊ လက်နက်ကိုင်တော်လှန်ရေးကို အမွေဆက်ခံနိုင်ရေး မျှော်တွေးလျက်ရေးထားခဲ့သော တော်လှန်ရေးလမ်းညွှန်များသည် တိုးတက်သောရခိုင်၊ ဗမာသခင်လူငယ်များ၊ ခေတ်သစ်၊ အမြင်သစ် ခံယူချက်နှင့် ကိုက်ညီသောအကြောင်းရင်းကလည်း ရှိနေပါသည်။ ထိုမှာတမ်းများကို ထိုက်သင့်သောအခန်းများ၌ သီးခြား ဖော်ပြပါမည်။ ယခုအခွင့်မျှ ညွှန်ပြခဲ့ပါမည်။ (နိုင်ငံတကာ၊ ဟူရာရာ၌၊ အသက်ကိုလို၊ သွီးချောင်းစီးမှ၊ ကိုယ့်မျိုးကိုယ့်ပြည်၊ ကိုယ့်ဌာနီကို၊ ရလီဖူးထ ဤလောကကသည်၊ အောက်ကျမခံ၊ နိုင်သော်ကြောင့်)ဒေးဝန်းအောင်ကျော်ရွှီ၏ မှာကြားခဲ့သော သေတမ်းစာမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ ဗြိတိသျှပိုင်သော မြန်မာနိုင်ငံတွင် အချုပ်အချာနိုင်ငံသုံးခုသည် မြန်မာနိုင်ငံ အမာခံလူမျိုးများဖြစ်ကြ၏။ ထိုလူမျိုးသုံးမျိုးမှာ ၁၊ ရခိုင်လူမျိုး၊ ၂။ မွန်လူမျိုး၊ ၃။ ဗမာလူမျိုး တို့ဖြစ်၏။ ဤတွင် ဗမာနှင့် မွန်တို့မှာ မြေပြင်တစ်ခုတည်းဖြစ်၍ တာဝန်ကို အတူပူးပေါင်းလျက် ထမ်းဆောင်ကြသည်။ ရခိုင်လူမျိုးကတော့ ရိုးမခြားနေ၍ သီးခြားတာဝန်ထမ်းရခဲ့ကြရ၏။

## ၁၂။ ဒို့ဗမာအစည်းအရုံးနှင့် ရခိုင်အမျိုးသားကွန်ဂရက် မဟာမိတ်ဖြစ်ပုံ

ရခိုင်လူမျိုးတို့သည် အစဉ်အလာကို စောင့်ရှောက်ခြင်းနှင့် လူမျိုး၏ဇာတိမာန်ရှိခြင်း၊ ယဉ်ကျေးမှုလက္ခဏာအချို့ကို သီးခြားပုံဆောင်ခြင်း၊ မိမိတို့အမျိုးသာမြင့်မြတ်သည်ဖြစ်၍၊ မည်သည့်အမျိုးနှင့်မှ အိမ်ထောင်မပြုကြဝလေ့များသည် အင်္ဂလိပ်ကျွန်ဘဝကို မြိန်မြိန်ယှက်ယှက်လက်ခံသော အလိုတော်ရှိများနှင့် ပြည်သူလူထုတစ်ရပ်လုံး မပျက်မကွက်စောင့်ထိန်းကြပါသည်။ အင်္ဂလိပ်ယဉ်ကျေးမှုနှင့် စာပေကိုပါ အတုယူသင်ကြားလျက် အင်္ဂလိပ်စကားကို အထွတ်အထိပ်ထား၍ သုံးစွဲနေကြသည့်အချိန်ကာလမှာပင်လျှင် အင်္ဂလိပ်လူမျိုးနှင့်မိန်းမ အိမ်ထောင်ပြုခြင်း လုံးဝကင်းရှင်းကြပေသည်။ မိမိတို့၏ အဝတ်နှင့် ဆင်ယင်ထုံးဖွဲ့မှုများနှင့် ဘာသာ၊ သာသနာရေး၌ မယိမ်းမယိုင်ခဲ့ကြပါဘဲ တည်တံ့ခဲ့ကြ၏။ သို့ဖြစ်သော်လည်း မြန်မာတို့၏ ယဉ်ကျေးမှု၊ တေးဂီတ၊ သုခုမ၊ အတီးအမှုတ်နှင့်တကွ၊ သီကုံးမှုအားလုံးကို မြတ်နိုးစွာလက်ခံလာခဲ့ကြပါသည်။ ဘယ်အချိန်ကပင်စ၍ ယဉ်ကျေးမှုကို လက်ခံခဲ့ကြသလဲ ခန့်မှန်းပါလျှင်၊ ဘိုးတော်ဘုရားလက်ထက်ကစ၍၊ လွှမ်းမိုးခဲ့သည်ဟု ယူဆခန့်မှန်းရပါသည်။ ဤကိစ္စတွင် မြန်မာယဉ်ကျေးမှုကို ရတာဟာ အမြတ်ထွက်တာပါဘဲ၊ သို့ပေမဲ့ ရခိုင်ယဉ်ကျေးမှုထိန်းသိမ်းပြီး ရှိနေသောရခိုင်အတွက် ပိုမိုကျယ်ပြန့်သောတေးဂီတ၊ သုခုမအနုပညာဖြစ်၍မလာနိုင်ခဲ့ပါဘူး၊ မိမိတို့၏ ရိုးရာအသီအကုံးဂီတများမှာ လုံးဝနီးနီးပျောက်ကွယ် တိမ်းကောသွားခဲ့ကြ၏။ မြန်မာတေးဂီတကိုလည်း ဆန်းသစ်တီထွင်မှုမရှိ၊ ပကတိ

ကိုင်တွယ်သုံးနှုန်းကြသည်မှာ ယနေ့ထိပင်ဖြစ်သည်။ မြန်မာပြည်တွင်းမှာ ရှေးဟောင်းတေးဂီတအဖြစ်သာ ထိန်းသိမ်းထားကြသော်လည်း လူငယ်ထုထဲ၌ ပျောက်ကွယ်လုမတတ် ယခုအချိန်မှာ ရှိသော်လည်း ရခိုင်ပြည်နယ်ဒေသမှာ ယခင်အနှစ် ၅၀လောက်ကကဲ့သို့ ဇာတ်ပွဲကအစ၊ အားလုံးလေးချိုး၊ ဒွေးချိုး၊ သဖြန်၊ ဘောလယ်၊ တေးထပ်၊ ယိုးဒယားပတ်ပျိုးတို့မှာ တွင်ကျယ်လျက်ဘဲ ရှိနေသေး၏။ ကောင်းသောလက္ခဏာပင်ဖြစ်သည်ဟု ဆိုရမည်ပင်။

အထက်အချီးသည် ရခိုင်ဗမာ မဟာမိတ်ချစ်ကြည်ဘို့ လမ်းစဖြစ်သည်ကို သတိပြုရန်အတွက် ရေးသားရခြင်းပင်ဖြစ်သည်။ ဒို့ဗမာအစည်းအရုံး၏ ဇာတိသွေး ဇာတိမာန် လှုံ့ဆော်သောတေးဂီတများသည် ရခိုင်သို့ နေ့ချင်းပေါက်၊ လှည်းနေ၊ လေ့အောင်း မြင်းဇောင်းမကျန် ပြန့်ပွားခဲ့ပြီး နှစ်နှစ်ကာကာမြတ်မြတ်နိုးနိုး သီဆိုကြခြင်း၊ အစည်းအဝေးများဖွင့်လှစ်ရာတွင် သုံးခြင်း၊ ပြည်တွင်းမှာထက်ပို၍ ပို၍သုံးစွဲခဲ့ကြ၏ဟု ကျွန်တော်ထင်မြင်မိပါသည်။ ထိုသီခြင်း၊ တေးခြင်းများ၏ ခေါင်းစဉ်များကို မှတ်မိသမျှ တင်ပြရပါလျှင်၊

## ဇာတိသွေး ဇာတိမာန်တက်ကြွအောင် လှုံ့ဆော်သောတေးဂီတများအမည်

၁။တကောင်းအဘိရာဇာ၊ ဒို့ဗမာသာကီမျိုးဟာမို့၊ ၂။ အကြောင်းသာမကေ တကောင်းရာဇ သကျသာဂီ ၃။ အာဇာနည် ဗုဒ္ဓဘာသာမျိုးသားတိုင်းပြည်၊ ၄။ ရာထူးဂုဏ်၊ စည်းစိမ်ဂုဏ်တွေထိုးပေမဲ့၊ တမျိုးလုံးမှာ မလွတ်ပေ။ လက်အောက်ခံကျွန်ဘဝရယ် ၅။ (ရတနာပုံနေပြည်၊ မင်းဆယ့်တစ်ဆက်အုပ်စိုးခဲ့သည်၊ ရှေးရှေးတုံးကတော့ အလွန်သာယာစည်)ပါတော်မူ တေးခြင်းများနှင့်တကွ အခြားကျွန်တော်မမှတ်မိသော စစ်သွေးစစ်မာန်တက်ကြွလာဖို့ ဘုရင့်နောင်၊ ဗန္ဓုလတို့လို လူတွေပေါ်လာဘို့၊ သွေးကြွစရာတေးခြင်းများ ဖြစ်ကြသည်။ သခင်လေးမောင်က ဦးဦးဖျားဖျားလာ၍ အားပေးဟောပြောခြင်း(အထူးသဖြင့် သခင်လေးမောင်၌)ဒီဂရီ ဘွဲ့ထူးဂုဏ်ထူးရှိပါလျက်နှင့် သခင်ခေါင်းဆောင်လုပ်ခြင်းကိုလည်း အတုခိုးလာကြသည်။ ဂုဏ်ယူဘို့ တတ်လာကြ၏။ (ရခိုင်စကားနှင့်) (ဥပမာတစ်ခုပြရလျှင်) ဝမ်းစာ၊ စားခွက်၊ တထပ်တွက်ကို၊ တသက်စာထင်၊ ခွီးအမြင်ကြောင့်၊ တိုင်းခွင်သာစည်၊ ငါတို့ပြည်သည်၊ သူ့ပြည်ဖြစ်ရ ဝမ်းနည်းစွာတည့်)။ ဆိုသော မြို့သူကြီး အောင်ကျော်ဇံမှာ တန်းများတွင်တွင်သုံး၍ ပေါ်ပြူလာဖြစ်လာကြရပါသည်။ ဤကဲ့သို့ နိုးကြားလာသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် ရခိုင်လူမျိုးတို့၏ တစ်ခုတည်းသောလွတ်လပ်ရေး ဦးဆောင်ပါတီပင်ဖြစ်ပါသည်။ ထိုအစည်းအရုံး၏အလံတော်မှာလည်း အဝါ၊ အစိမ်း၊ အနီပင်ဖြစ်သည်။ မြန်မာပြည်တွင် ဒေါင်းရုပ်ထည့်သလို ရခိုင်မှာ ဆင်ရုပ်ထည့်ဘို့ ရည်ရွယ်ချက်ရှိသည်။ အခြေခံအားလုံးနှင့် ရည်ရွယ်ချက်ဝါဒရော လမ်းစဉ်ပါတူညီကြ၏။ ဒီဂရီရသောခေါင်းဆောင်တွေကလည်း ရာထူးယူဘို့ လက်တွန့်လာကြသည်။ ရခိုင်ထိပ်တန်းခေါင်းဆောင်များနှင့် ဗမာ့ထိပ်တန်းခေါင်းဆောင်များသည် စာချုပ်စာတမ်း မလိုဘဲနှင့် မဟာမိတ်ဖြစ်ခဲ့ကြသည်ကို သမိုင်း၌ထင်ရှားစွာ တွေ့ကြရသည်။

ယခုအခါ ရခိုင်ဗမာသွေးခွဲရေးကို လှုံ့ဆော်နေကြသော ဗမာလူမျိုး၊ ရခိုင်လူမျိုးတို့ (အတုယူကြစေရန်ဖြစ်သည်) သွေးခွဲသည်ဆိုရာတွင် လူမျိုးငယ်တစ်ခုတည်း ပုံချ၍မဖြစ်ပါ။ နှစ်ဦးနှစ်ဘက်မှတူညီသော အမြင်မှန်ရဘို့သည် အဓိကဖြစ်သည်ဟု ထင်ပါသည်။

## ၁၃။ ဒိုင်အာခီ ဥဒဒ္ဒါနအုပ်ချုပ်ရေးကြောင့် ရခိုင်လူကြီးခေါင်းဆောင်ပိုင်း အချို့တွေဝေခဲ့ကြခြင်း။

မြန်မာနိုင်ငံ၏နိုင်ငံရေးသည် ဂျိစီဘီအေခေတ်၏နောက်ပိုင်းတွင် ခွဲရေးတွဲရေး။ ဒိုင်အာခီ ဥဒဒ္ဒါနခေတ်၊ ဒိုင်အာခီခေတ်မှာ ငါးထောင်စား ရောဂါကြီးထွားခြင်း၊ တောင်ကျရေ နွားနှစ်ကောင်မဝသလိုပ၊ မောင်ဘဖေ ငါးထောင်မရသောကြောင့် သခင်ကိုယ်တော်မှိုင်းလေးချိုးကဲ့သို့ အခြားပုဂ္ဂိုလ်တွေလည်း ဘုရင်ခံနှင့်လက်သင့်ခံဘို့ကို၊ တိုက်ရိုက်သွယ် ကြိုးစားခဲ့၏။ လူထုကျတော့တစ်မျိုး၊ အစိုးရမှာတဖုံ၊ ဖောက်လွဲဖောက်ပြန်နိုင်ကြသူများချည်း ဖြစ်ကြသည်။ ဆိုလိုသည်ကား ပါလီမာန်အမတ်ဖြစ်၍၊ တစ်ဆင့်ပြီးတစ်ဆင့် အုပ်ချုပ်ရေးအသစ်များ တောင်းခံဝါဒဖြန့်မှုဖြစ်၏။ လွတ်လပ်ရေးလိုသောပြည်သူများမှာ ဟိုခေါင်းဆောင်ယုံရနိုးနိုး၊ ဒီခေါင်းဆောင်ယုံရနိုးနိုးနှင့် အကွဲကွဲအပြားပြား ယောင်လည်လည်ဖြစ်ခဲ့ကြရ၏။

ကျွန်တော်သိသမျှခေတ်ကို ရေတွက်ပြပါမည်။ ၁။ ဆာဂျေအေခေတ်၊ ဝံသာနုခေတ် နောက်ပိုင်းဆရာစံ သူပုန်ခေတ်ဖြစ်၏။ ၂။ ၂၁ဦးခေတ် ၃။ ဦးပုခေတ်၊ဦးဝိစာရထောင်ကျအသေခံခေတ် ၄။ ဘမော်နှင့်ပေါ်ထွန်းခေတ်၊ မန္တလေး၌ ကျောင်းသား ၁၇ဦးသေ၊ ဗိုလ်အောင်ကျော်သေ၊ မြန်မာသက္ကရာဇ် (၁၃၀၀)ပြည့်အရေးတော်ပုံများ၊ ယခုစာရေးရသည်မှ ဆာဂျေအေခေတ်၏နောက်ပိုင်းဟု ယူဆပါသည်။ ဦးပု နန်းရင်းဝန်ဖြစ်သော ခေတ်ရာထူးလိုကြသော (ဝါ)အမတ်ဖြစ်လိုကြသော ရခိုင်လူကြီးအချို့မှာ တော်လှန်ရေးဘက်နှင့် စေ့စပ်ရေးဘက်နှစ်ဘက်ကို ဘယ်လမ်းလိုက်ရမလဲ မခွဲဝေနိုင်ဘဲ၊ တွေဝေခဲ့ကြပါသည်။ သို့ပေမဲ့ ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံးဝင်လူကြီးများမှာ တော်လှန်ရေးဘက်ကို လက်မလွှတ်ခဲ့ကြဟု မှတ်ချက်ချနိုင်ပါသည်။ သို့သော်လည်း လူငယ်သူပုန်လောင်းလျာများဖြစ်ကြသော ကျောင်းသားလူငယ်၊ လယ်သမား

လူငယ်၊ ပညာတတ်လူလတ်တန်းစားလူငယ်၊ တို့က လူကြီးတွေအပေါ် မကြေနပ်ပါ။

## ၁၄။ ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ကဿကဦးဘိုးမြ ထင်ပေါ်လာခြင်း။

ဗြိတိသျှအစိုးရ၏ ဒိုင်အာခီအုပ်ချုပ်ရေးခေတ်အချိန်တွင် ရခိုင်ပြည်တောင်ပိုင်း မာန်အောင်မြို့မှ ကဿကဘိုးမြ ဆိုသည့် အမည်ဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် ပါလီမန်အမတ်ဖြစ်လာခဲ့သည်။ လယ်သမားလူတန်းစားကိုကဿက ဟု ပါဠိစကား မှာ ခေါ်ဆိုသဖြင့် လယ်သမားဘိုးမြဟု ခံယူထားခြင်းဖြစ်သည်။ မြန်မာပါဠိစာပေနှင့်တကွ လောကီ လောကုတ္တရာ ဗဟုသုတကြွယ်ဝသည့်ပုဂ္ဂိုလ်ဖြစ်သည်။ စကားပြောကောင်းသည်၊ တရားဟောရာ၌ လူကြိုက်မှုရာနှုန်းပြည့်ဖြစ်သည်။ ယှဉ်ပြိုင်သောအမတ်လောင်းထဲ၌ မြို့မျက်နှာဖုံး ခေတ်ပညာတတ် (ဝါ) အင်္ဂလိပ်စာတတ်ရှေ့နေများ သူ့ကို မနိုင်ကြ၊ ရှုံးသွားကြသည်။ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်ပင် လူထုကြိုက်သဖြင့် အမြဲတမ်းပါလီမန်ကိုယ်စားလှယ် ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံပါလီမန်၌လည်း စကားအများဆုံးပြောသည်ကို ပါလီမန်မှတ်တမ်းကိုကြည့်ပါက သိရှိနိုင်ပါသည်။ ကျွန်တော်မှတ်မိ သည့်စကားလုံးအချို့မှာ အင်္ဂလိပ်စကားဖြင့် ပါလီမန်၌ပြောကြသည်ကို ရှုပ်ချသည့်သဘောသက်ဝင်သော စကားလုံးများပင် ဖြစ်သည်။ (မီးတိုမီးရှည်၊ မျောက်တထွေနှင့်၊ အနေရခက်၊ လွှတ်တော်ထက်ဝယ်၊ ကြွက်ကြွက်ဆူညံ၊ မျောက်အော်သံနှင့်၊ နိုင်ငံရပ်ခြား၊ တိုင်းတပါးမှာ၊ ကြား၍မတော်၊ မြင်မလျှော်အောင်)ဆိုတဲ့စကားများ လက်တန်းချက်ချင်းပင်လျှင် ပါလီမန်တွင်း၌ဆိုပြ၍ ပါလီမန်မှတ်တမ်းစာအုပ်၌ တွေ့ရှိနိုင်ကြ၏။ ဤကဲ့သို့ ဇဝနဉာဏ်ရှိခြင်း၊ စကားအင်္ဂါပြည့်စုံစွာ ပြောဆိုနိုင်ခြင်း တို့ကြောင့် ထိုအချိန်က ထင်ပေါ်ကျော်ဇောထင်ရှားသော အမတ်ပညာရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ထိုကဿက ဦးဘိုးမြသည် ဒေါက်တာဘမော် ပါတီဝင်ဖြစ်သည်။ ဂျပန်ခေတ် ဒေါက်တာဘမော် အဓိပတိ ဖြစ်ခဲ့စဉ်က၊ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ အောက်ခြေဆင်းရဲသား လယ်သမားအလွှာဖြစ်သောကြောင့်၊ လယ်သမားတို့အကျိုးကို ပါလီမန်၌ ဒိုင်ခံ၍ အမြဲတန်းဆောင်ရွက်သောကြောင့် ရွေးကောက်ပွဲလုပ်တိုင်း ဤပုဂ္ဂိုလ်မှာအမြဲပင် အရွေးခံခဲ့ရ၏။ ဒိုင်အာခီခေတ်နှင့် ၉၁၃၃ နခေတ်ကုန်သည့်အချိန်ထိ ပါလီမန်တစ်ခုလုံးကလည်း ဤပုဂ္ဂိုလ်အားလေးစားကြပါသည်။ ရိုးသားဖြောင့်မတ်ခြင်း မျိုးချစ်စိတ်ရှိခြင်းနှင့် ဗဟုသုတပြည့်စုံခြင်းတို့ ပြည့်စုံသူဖြစ်ပါသည်။ သို့သော်လည်း ပါလီမန်မှတဆင့် တောင်းဆို၍၊ တဆင့်တဆင့်အုပ်ချုပ်ရေးသစ်များ တောင်းဆိုယူဘို့ စေ့စပ်ရေးလမ်းစဉ်ကို ယုံကြည်သွားပြီး၊ တော်လှန်ရေး၌မပါဝင်နိုင်ဘဲ၊ ပြုတ်ကျခဲ့ကြောင်းကို တွေ့ရှိကြရပေလိမ့်မည်။

## ၁၅။ မာန်အောင်မြို့နယ် လူငယ်များ သခင်ဖြစ်လာသဖြင့် နိုးကြားမှုထူးကဲခြင်း။

၉၁၃၃ နခေတ်တွင် မာန်အောင်မြို့နယ်တစ်ခုလုံးမှ လူငယ်များ(ဝါ) တိုးတက်သောအမြင် ဗဟုသုတရှိ လူငယ်အချို့ သည် သခင်အမည်ခံ၍၊ စည်းရုံးဟောပြောမှုများကြောင့် မာန်အောင်မြို့နယ်တစ်ခုလုံး လယ်သမားလူထုကြီးသည် နိုးကြားမှု ရှိနေကြပါသည်။ သခင်အမည်ခံယူလျက်ရှိကြသော ခေါင်းဆောင်များမှာ၊ ၁။ သခင်သာမောင်၊ ၂။ သခင်လှအောင်၊ ၃။ သခင်ဘလုံ၊ သခင်မောင်ညိုဖြူတို့နှင့်တကွ သခင်သာရင်၊ သခင်မောင်ဘ၊ လူငယ်တော်တော်များများ သခင်အမည်ကို ခံယူလျှက် တက်ကြွနိုးကြားလျက်ရှိသော မြို့နယ်ဖြစ်သည်။ ထို့ပြင်မာန်အောင်မြို့၌၊ အဖွဲ့အစည်းအသီးသီးနှင့် ခေါင်းဆောင် အသီးသီးတို့လည်း ပေါ်ထွန်းလျှက်ရှိပါသည်။ အမည်မှာ သမာဆန္ဒအဖွဲ့ ခေါင်းဆောင်မှာ ရှေ့နေဦးရွှေနီ၊ ၂။ မျိုးချစ်အဖွဲ့ ဦးဘိုးလူ၊ ၃။ ကျေးလက်ပြုပြင်ရေးအဖွဲ့ ဦးဘိုးဇ၊ ၄။ အာဇာနည်အဖွဲ့၊ ရှေ့နေဦးကျော်ဇံ၊ ၅။ ချွေတာအဖွဲ့ဦးဘိုးညွန့် ၆။ သခင်အဖွဲ့၊ သခင်သာမောင်၊ ၇။ ဆင်းရဲသားအဖွဲ့၊ ကဿကဦးဘိုးမြတို့ဖြစ်ကြ၏။ ဤအဖွဲ့များအားလုံးသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စင်ပြိုင်စည်းရုံးလျက် သူ့လူနှင့်သူ ရှိကြ၏။ အခြားမြို့နယ်ကို မစည်းရုံးကြပါ။ ကဿကဘိုးမြမှာ ရွေးကောက်ပွဲ ရောက်မှ တခြားမြို့နယ်များ လှည့်လည်ဟောပြသည်။ အဖွဲ့အဖြစ် မစည်းရုံးသော်လည်း၊ မဲဆန္ဒရှင်အားလုံးကိုပင် သူ့အဖွဲ့ ဝင်အဖြစ်သတ်မှတ်ထား၏။ အဘယ်ကြောင့်ဆိုပါလျှင် ရွေးကောက်ပွဲတိုင်းမှာ အနိုင်ရနေ၍ ၎င်း၏အဖွဲ့ဝင်တွေဘဲဟု ယူဆထားဟန်ရှိပါသည်။ သို့သော်လည်း သခင်လူငယ်အဖွဲ့ကို ကဿက ဦးဘိုးမြ စိုးရိမ်ဟန်တူ၏။ အဘယ်ကြောင့်ဆိုပါလျှင် ရဲရဲတောက်ဟောပြောခြင်း၊ ထောင်ကျခံဝံ့ခြင်းတို့ကြောင့် မြို့နယ်တစ်ခုလုံးက ကြည်ညိုလေးစားမှု တိုးတက်၍၊ အရှိန်အဟုန် ပြင်းထန်၍လာသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ ကိုလိုနီခေတ်၊ ကျွန်ခေတ်အချိန်အခါ၌ မြို့နယ်အလိုက် လှုပ်ရှားနိုးကြားမှုတွင် မာန်အောင်မြို့သည် အနိုးကြားဆုံးမြို့နယ်တစ်ခုပင်ဖြစ်သည်။ ပညာတတ်ခေါင်းဆောင်များနှင့် အဖွဲ့အမျိုးမျိုးပေါ်ပေါက် နေသော ထူးခြားသောဝိသေသရှိသောမြို့လည်း ဖြစ်ပါသည်။ ထိုစဉ်အချိန်အခါက ကဿကဦးဘိုးမြ၏ ခေတ်ဟုဆိုနိုင် အောင်ပင်။ ဦးဘိုးမြလည်း ရခိုင်ပြည်အဝှန်း၌ ကျော်ဇောကိတ္တိလည်း ရှိနေပါသည်။ မာန်အောင်မြို့နယ်ထက် နိုးကြားသော မြို့နယ်မှာ မြေပုံမြို့နယ်ဖြစ်ပါသည်။ သို့သော် ဆရာတော်ဦးစိန္တာ တစ်ပါးတည်းသာ ခေါင်းဆောင်ဖြစ်သည်။ စင်ပြိုင်အဖွဲ့ မရှိပါ။

၁၆။ ရခိုင်လူငယ်များ တိုင်းရင်းသားအဖွဲ့နှင့် ရခိုင်လူကြီးများ၏ တိုင်းလုံးဆိုင်ရာ စင်ပြိုင်စည်းရုံးကြခြင်း

မြန်မာနိုင်ငံ၌ ဒိုင်အာခီခေတ်မှ ဂွဲသာနအုပ်ချုပ်ရေးခေတ်တွင် ၁၉၃၆နှင့် ၁၉၃၇ ခု ၁၉၃၈အချိန်မှာ ရခိုင်လူမျိုးတို့သည် အလွန့်အလွန်လှုပ်ရှားစည်းရုံးသောဟောပြောမှု များပြားလာခဲ့၏။ ထိုကဲ့သို့ ဟောပြောစည်းရုံးမှု၌ လွတ်လပ်ရေးရရှိဘို့အတွက် သူကျွန်မခံဘဲ၊ တော်လှန်ရေးလုပ်ဖို့ကို၊ သခင်လူငယ်များ၏ ဝါဒနှင့်လူကြီးများက ပါလီမန်မှတဆင့် တောင်းဆိုတိုက်ခိုက်ဘို့ ဝါဒ၊ ခေ့စပ်ရေးတို့သည် အဓိကရ ပဋိပက္ခဖြစ်ကြသည်။ လူငယ်တို့ဟောပြောချက်များကို လူကြိုက်များလာကြသဖြင့် လှုပ်လှုပ်ရွရွဖြစ်လာသည်။ တချို့ရပ်ရွာလယ်သမားထုမှာ လူကြီးများ တိုင်းလုံးဆိုင်ရာ၌လည်း အဖွဲ့ဝင်လူငယ်တိုင်းရင်းသားအဖွဲ့၌လည်း ဝင်ရောက်ကြ၏။ ဤကဲ့သို့ စင်ပြိုင်ဟောပြောစည်းရုံးမှုကြောင့်၊ အနာဂါတ်မှာ အဖွဲ့ကြီးနှစ်ဖွဲ့သည် ပဋိပက္ခမှုကို ဦးတည်နေကြချေပြီ၊ သို့သော်လည်း ရန်သူက အင်္ဂလိပ်မျက်နှာဖြူများနှင့် ၎င်းတို့၏မြေရှင် ခနရှင်လက်ပါးစေများသာဟု သိရှိနားလည်ကြပြီးသော အသိစိတ်ဓာတ်ခံရှိသော ခေါင်းဆောင်များဖြစ်နေသောကြောင့် ပုတ်ခတ်၍ပြောဟောမှု အလျင်းမဖြစ်ကြပါ။ သို့သော်လည်း ခေတ်စားနေသည်က လူငယ်များဟောပြောသော တော်လှန်သည့်သဘောသက်ဝင်သည့် စကားများပါဝင်သော ဟောပြောမှုကိုသာလျှင် လက်ခံသူများပြားလာသည်။ ခေတ်သစ်၏အပွင့်အဖူး လူငယ်များက လူငယ်ပညာတတ်များသည် ကမ္ဘာ့အခြေအနေ၌ အင်္ဂလိပ်ရန်သူဟောင်း ဂျာမနီ၏ဟစ်တလာ၊ စည်းရုံးထားသောလက်နက်နိုင်ငံသည် ဗြိတိသျှနယ်ချဲ့သမား၏ ဘေးအန္တရာယ်မီးခဲတစ်ခုကို မြင်နေရခြင်း၊ တချိန်တွင် အင်္ဂလန်နိုင်ငံကို တိုက်ခိုက်တော့မည်ကို၊ ရည်မှန်းသိရှိထားသဖြင့် ဤအချိန်မှ စည်းရုံးထားခဲ့လျှင် ထိုအချိန်မှာလုံးဝလွတ်လပ်ရေးသို့ ရုန်းထွက်လွတ်မြောက်နိုင်ဖို့ ကိုသာ တစ်ယောက်တစ်မျိုးစီ နည်းလမ်းအဖုံဖုံဖြင့် ဟောပြောမှုအားလုံးကို ကြိုဆိုယုံကြည်ကြပါသည်။

ဘယ်လိုတော်လှန်ဖို့ လမ်းစဉ်သတ်မှတ်ချက် လုံးဝမရှိပါ။ သို့သော်လည်း လူတွေအားလုံး တော်လှန်ပစ်ဖို့ကိုသာ အားသွန်ခွန်စိုက်ဟောပြောလျက် ထောင်ထဲသို့ အစီအရီဝင်ကြ၏။ ထောင်သို့ဝင်ခြင်း၊ အဖမ်းခံရခြင်းများကို ခံရသူက ဂုဏ်ထူးတစ်ခုကဲ့သို့ ခံယူခြင်း၊ ပြည်သူများကလည်း အာဇာနည်အဖြစ် ချီးကျူးထောပနာပြုကြသောအချိန် ကာလတစ်ခုဖြစ်ပေါ်လာခဲ့၏။

၁၇။ ရခိုင်အမျိုးသားကွန်ကရက်ကို လူငယ်အဖွဲ့၊ လူကြီးအဖွဲ့ (နှစ်စုပေါင်း၍) ဖွဲ့စည်းလိုက်၍ လူငယ်နှင့် လူကြီး ညီညွတ်မှုရခြင်း။

ရခိုင်တိုင်း၌ သခင်ခေတ်ဟုဘဲ အမည်ပေးရမည်။ ခေတ်တစ်ခေတ်သည် ရခိုင်ခေါင်းဆောင်ကြီး ဆရာတော်ကြီးဦးစိန္တာနှင့် ဦးပညာသီဟ၊ ဦးနာရဒ ကြိုးပမ်းမှုကြောင့် ခေါင်းဆောင်များ ညီညွတ်မှု ရရှိလာပြီဖြစ်ပါ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရ၏။ ရှေ့သို့လှမ်းမည့် တော်လှန်ရေးခရီးစဉ်ကို ချမှတ်ကြသည်။ ရခိုင်ပြည်လုံးကျွတ်ညီလာခံကြီး တစ်ခုကိုပြုလုပ်၍ လုံးဝလွတ်လပ်ရေးအဆိုနှင့် လယ်သမားတို့အား သွေးစုတ်သောဥပဒေများ၊ စံနစ်များကို ကန့်ကွက်ဆုံးဖြတ်ချက်လက်နက်မပါဘဲ စည်းရုံးဟောပြောမှု၊ လူငယ်များအား ဖိနှိပ်၍ဖမ်းဆီးခြင်းများ၊ လွတ်ရန်အရေးဆိုခြင်း၊ ဟောပြောစည်းရုံးမှုကို လွတ်လပ်စွာမလုပ်နိုင်အောင် တားမြစ်သောဥပဒေများ ရှုတ်ချသည့်အဆို ဆုံးဖြတ်ချက်များတို့ကို လုပ်ဆောင်ရန်လမ်းစဉ်ချမှတ်ခဲ့ကြပါသည်။ ထိုညီလာခံကို ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကား အောင်မြင်ထမြောက်နိုင်ဖို့ စတင်စည်းရုံးကြသည်။ ဆရာတော်ကြီးများကလည်း ထိုအဖွဲ့ကြီးနှစ်ဖွဲ့ ပူးပေါင်းမိပြီး ဖြစ်သည့်အတွက် အထူးအားတက်ကြ၏။ ကျေနပ်ကြ၏။ အဖွဲ့ကြီးနှစ်ဖွဲ့ ဩဇာအရှိန်အဟုန်သည် တစ်ခုတည်းသော ဩဇာအရှိန်ဖြစ်လာ၍လည်း ပိုမိုကျယ်ပြန့်သောဩဇာသက်ရောက်ခြင်း ဖြစ်လာခဲ့သည်။ လူငယ်ခေါင်းဆောင်ပိုင်းမှလည်း လူကြီးတွေကို အားကိုးအားထားရရှိခြင်း၊ ဆရာတော်ကြီးများ၏ဩဇာကိုလည်း အမှီပြုလျက် ယခင်ကထက် ပိုမို၍တက်တက်ကြွကြွရှိသည်။ အခြေခံကျေးရွာလူထုလယ်သမားခေါင်းဆောင်ပိုင်းမှလည်း ဤသတင်းကို မင်္ဂလာသတင်းအဖြစ် အားတက်ကြ၏။ ထိုအချိန်၌ ကျေးရွာရှိလူထုများသည်ကယ်တင်ရှင်ရှာနေကြ၏။ မြေရှင်ခနရှင်၊ ဗြူရိုကရက်များ၏ ဖိနှိပ်မှုကို နာကျည်းခံပြင်းမှု ကာလကြာမြင့်သည်ဖြစ်၍ငြီးငွေ့စက်ဆုတ်မခံမရပ်ရှုနေခဲ့ကြ၏။ သို့သော် မလှုပ်ရဲ မလှုပ်ဝန့်ခဲ့ပါ။ ရဲရဲတောက်လူငယ်များသည် အင်္ဂလိပ်ကို ပမာမခန့်သည့်အပြင် မြေရှင်ခနရှင်များ၊ ဗြူရိုကရက်လက်ပါးစေများကို ဘိန်းစားကုလီလောက် တန်ဘိုးမရှိအောင် ရှုတ်ချဟောပြောကြသည်ဖြစ်၍ ပညာတတ်လူငယ်ခေါင်းဆောင်တွေကို အားကိုးအားထား၍ အားပေးထောက်ခံကြပါသည်။

ရခိုင်ပြည်၏တော်လှန်ရေးခေတ်အဆက်ဆက် တာဝန်များထမ်းဆောင်နိုင်ကမည့် ကာယပညာရှင်ကြီးများ၊ စုံစုံညီညီဖြင့် အဘက်ဘက်မှ ပြည့်စုံသော ထိုအဖွဲ့နှစ်ဖွဲ့ကို မတည်ဖွဲ့စည်းပြီး သည့် ၁၉၃၉ ခုမှာ ကြီးမားကျယ်ပြန့်သော စည်းရုံးရေးလှုပ်ရှားမှုဖြစ်လာခဲ့၏။

ရပ်တိုင်း၊ ရွာတိုင်း၊ တိုက်နယ်တိုင်းတွင် နေ့မအား၊ ညမအား၊ အစည်းအဝေးပြုလုပ်လျှက် ဆုံးဖြတ်ကြခြင်း၊ ဟောပြောကြခြင်းများနှင့်၊ လယ်သမားလူငယ်ထု၊ အမျိုးသမီးထု၊ ကျောင်းသားထုများသည် ကာလဒေသလိုက်၍ အမျိုးသား

လုပ်ရှားမှုအသွင်ဖြင့် နိုးကြားလာခဲ့သဖြင့် ထင်ရှားကျော်ဇောလာသဖြင့် အင်္ဂလိပ်နယ်ချဲ့သမားနှင့် ၎င်းတို့လက်ပါးစေများ အရာရှိနှင့် မြေရှင်များ၊ ဩဇာအရှိန်အဟုန်ပျက်စီးစ ဖြစ်လာရသည်ကို အကြောင်းပြုလျက် ဖိနှိပ်ရေးကို ဘယ်လိုလုပ်၍ ခြိမ်းခြောက်ဘို့တာစူလျက် ရှိနေခဲ့ကြ၏။ တိုက်ပွဲများ အမည်အချို့ကို ဖော်ပြရလျှင် စံ၊ တင်း၊ တောင်းတိုက်ပွဲ။ ဆားခွန်၊ မြေခွန်၊ မြေခကြီးမှုတိုက်ပွဲ။ လူမှန်သမျှအရွယ်ရောက်သူများ အခွန်မတန်တဆ ထမ်းဆောင်ရခြင်းများ၊ ကန့်ကွက်ကြခြင်း။ သစ်ဝါးများကိုအိမ်ဆောက်၊ တဲဆောက်၊ ကျောင်းဇရပ်ဆောက်ရာ၌ ကင်းလွတ်အောင် တိုက်ပွဲအဖြစ် အရေးဆိုလာကြသည်။

စပါးထိုးချလျက် ဈေးနှိမ်၍ စပါးတင်းကြိုး၍ ဝယ်ယူကြသည်များကို ဆန့်ကျင်ကန့်ကွက်မှု၊ စပါးတင်း ၁၀၀ ဝယ်တိုင်း မှာ ၂တင်းပိုပေးရသည်များကို ဆန္ဒပြကန့်ကွက်သည်များ၊ အထွေထွေလှုပ်ရှားဟောပြောမှုများသည်၊ မကြဲစဖူးနေ့တိုင်းလိုလို နေရာတိုင်း၊ မြို့နယ်၊ တိုက်နယ်ပေါင်းစုံတို့၌ သူနေရာနှင့် ခေါင်းဆောင်လုပ်ဝန့်သူများလည်း အသီးသီး ထွက်ပေါ်လာခဲ့ကြ သည်။ ဤကဲ့သို့ စည်းရုံးရေးကို အခြေခံလျက် ရခိုင်ပြည်တောင်ပိုင်းသို့ အမျိုးမျိုးကွဲကွဲပြားပြားရှိနေသော အဖွဲ့များကို သိမ်းသွင်း၍ စည်းရုံးဖို့ကို နာယကဆရာတော်ကြီး ၃ပါးနှင့် ခေါင်းဆောင်ကြီးများ ဆုံးဖြတ်ကြပါသည်။

## ၁၀။ ရခိုင်လူငယ် စည်းရုံးဟောပြောသူများ မြို့နယ်အနှံ့အပြားပေါ်ထွန်းခြင်း

ရခိုင်အမျိုးသားကွန်ဂရက်၌ မြို့နယ်ပေါင်းစုံမှလူငယ်အာဇာနည်ရဲရဲတောက် ဟောပြောသူ သခင်လူငယ်တွေ မြို့နယ်ပေါင်းစုံမှ ပေါ်ထွန်းလာခဲ့ခြင်းသည် တော်လှန်ရေးစည်းရုံးရေးအတွက် အင်အားကြီးတစ်ရပ်ပင်ဖြစ်သည်။ ကျောက်တော်မြို့နယ်မှ ရဲရဲတောက် သာဇံလှ၊ မြို့ဟောင်းမြို့နယ်မှ ဖိုးသာဝ၊ စိန်ထွန်းဖြူ၊ သာထွန်းအောင်၊ မင်းပြားမြို့နယ် မှ သခင်ဘိုးလှ၊ သခင်ချက်ဖား၊ သခင်ဖြူသာထွန်း၊ ရသေ့တောင်မြို့နယ်မှ မျိုးချစ်ကျော်ဦး၊ စစ်တွေမြို့နယ်မှ ဦးသတိုးလှ၊ သခင်အောင်ထွန်းမြ၊ သခင်စံရွှေ၊ သခင်တောလူ၊ မြေပုံမြို့နယ်မှ သခင်ဘစိန်၊ သခင်ဘစောအောင်၊ သခင်မောင်စောဦး၊ ကျောက်ဖြူမြို့နယ်မှ ကျောင်းသားသမဂ္ဂသာထွန်း၊ စစ်တွေမြို့မှ ကျောက်သားသမဂ္ဂ ဘုံပေါက်သာကျော်၊ မာန်အောင်မြို့နယ် မှ သခင်မောင်လှအောင်၊ သခင်ဗလုံနှင့် သခင်သာမောင်၊ သခင်မောင်ညိုဖြူ သံတွဲမြို့မှ သခင်ကျော်ရင်၊ သခင်မမကျန်၊ စနဲမြို့ဆရာမ၊ သခင်မ၊ ဒေါ်ဖိန်၊ ရမ်းဗြဲမြို့မှ သခင်ဗဟန်၊ သခင်ဘိုးနွယ်၊ တောင်ကုတ်မြို့နယ်မှ သခင်ကျော်ဒင်နှင့် သခင် အောင်ကြီး တို့ဖြစ်ကြသည်။

ဤပုဂ္ဂိုလ်များ၏ ကိုယ်ရေးရာဇဝင်ကို ဖော်ပြလိုပါ၏။ ကျွန်တော်ပြည့်ပြည့်စုံစုံ အကြမ်းမျှမတင်ပြနိုင်ခြင်းကို သည်းခံပါ။ အချို့အခြေအနေကို သိပါ၏။ သို့ပေမဲ့ ကွက်၍တင်ပြလိုမှုမရှိသဖြင့်၊ အားလုံးကို အညီအမျှဖော်ပြရပါသည်။ ဤအထဲ၌ အချို့မှာ၊ လူငယ်မဟုတ်ဘဲ၊ လူလတ်အရွယ်သို့ ထိုအချိန်ရောက်နေပါသည်။ သို့ပေမယ့် စည်းရုံးဟောပြောမှုမှာ လူငယ်တွေနှင့် တသားတည်းဖြစ်သည်။ မင်းပြားမြို့နယ်မှဆိုလျှင် ဒိုင်နာစပူရ်ပြန်များဖြစ်သည့် သခင်ဘိုးအောင်၊ သခင်အိုးလောင်၊ သခင်မောင်စံလှနှင့် သခင်မောင်သာနိုးတို့လည်း စည်းရုံးဟောပြောသူများစာရင်း၌ ထည့်သွင်းရမည်ပင် ဖြစ်သည်။ ထိုသူများအမည်ခံယူကာမျှနှင့် အင်္ဂလိပ်က ဖမ်းဆီး၍ ဒိုင်နာစပူရ်ကို မပို့ပါ၊ ဦးထွန်းစိန်၊ နန္ဒမာလာ၊ ချန်လှပ်ခဲ့ရသည်ကတော့ ၎င်းပုဂ္ဂိုလ်မှာ သမိုင်းဝင် ဦးဥတ္တမတပည့်ရင်း ဆရာတော်နာယကကြီး ဦးစိန္တာထက်ပင် ဝံသာနု ခေတ်က ဦးဥတ္တမနှင့် ထောင်ကျခံ ဟောပြောသူ၊ မြန်မာနိုင်ငံအဝှမ်း ဟောပြောသူဖြစ်၍ ချန်လှပ်၍မြို့နယ်စာရင်း၌မထည့် ပါ။

## ၁၉။ ထိပ်တန်းထင်ရှားကျော်ဇောသော လူငယ်များ၏ အတ္ထုပ္ပတ္တိများ။

ဗြိတိသျှအင်္ဂလိပ်မျက်နှာဖြူများကို ပမာမပြုဘဲ ရဲရဲတောက် ဟောပြောဝန့်သော အာဇာနည်လူငယ်အချို့ကိုလည်း အကျဉ်းချုံး၍ မှတ်တမ်းတင်ဖော်ပြပါမည်။ ၎င်းတို့၏အမည်များနှင့် ဇာတိမြို့နယ်များကိုပါ ထည့်သွင်း၍ဖော်ပြလိုက်ပါသည်။

၁။ ရသေ့တောင်မြို့နယ်မှ မျိုးချစ်ကျော်ဦး၊ ၂။ မာန်အောင်မြို့နယ်မှ သခင်လှအောင်၊ ၃။ မင်းပြားမြို့နယ်မှ သခင်ဖိုးလှ၊ ၄။ စစ်တွေမြို့နယ်မှ သခင်သတိုးလှ၊ သခင်အောင်ထွန်းမြ၊ ဘုံပေါက်သာကျော်၊ ၅။ မြေပုံမြို့နယ်မှ သခင်ဘစိန် နှင့် သခင်ဘစောအောင်တို့ဖြစ်၏။

၁။ မျိုးချစ်ကျော်ဦးမှာ အင်္ဂလိပ်ဟိုက်စကူးကျောင်းမှ ၁၀တန်းကျောင်းသားဖြစ်သည်။ ရဲရဲတောက်ဟောပြောမှု ကြောင့် အချုပ်အကြိမ်ကြိမ်ခံရသည်။ ထောင်ထဲရောက်သောအကြိမ်အများဆုံးဖြစ်၍ အထင်ရှားဆုံး လူငယ်ခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ ၂။ သခင်လှအောင်မှာလည်း အင်္ဂလိပ် ၁၀တန်းကျောင်းသားဖြစ်သည်။ မင်းပြားလူငယ်များ ညီလာခံမှာ ရဲရဲတောက်ဟောပြော၍ ထင်ရှားလာသူဖြစ်သည်။ မာန်အောင်မြို့နယ်သခင်လူငယ်များ ခေါင်းဆောင်ဖြစ်၍ ကျောက်ဖြူခရိုင်မှ ပထမဆုံးအချုပ်ခံ၍ ထောင်ထဲရောက်သူအဖြစ် လူသိများပါသည်။ ၃။ မင်းပြားမြို့နယ်မှ သခင်ဘိုးလှ လည်း ရခိုင်လူငယ်ထဲမှ ပထမထောင်ထဲသို့ ရောက်သူဖြစ်သည်။ ခေတ်ပညာ ၇တန်းအောင်သည်။ သခင်ဘိုးလှကို

ဆင်းရဲသားမိသားစုမှ မွေးဖွားသူဖြစ်၍ လူထုက အမိမုန့်ရောင်းသား မင်းလောင်း(သခင်ဘိုးလှ ထောင်၉လ)ဟူ တဘောင်ပင် ပေါ်ခဲ့၏။ ၄။ သခင်သတိုးလှမှာ ရခိုင်ပြည်သတင်းစာ၏အယ်ဒီတာဖြစ်သည်။ ကျောင်းဆရာတစ်ဦးဖြစ်သည်။ စာရေးဆရာလည်းဖြစ်သည်။ ဒိုးဒိုးဒေါက်ဒေါက်ဟော၍ထင်ရှားလာသူပေတည်း။ သခင်အောင်ထွန်းမြလည်း စစ်တွေမြို့နယ်မှ ပညာတတ် လူငယ်တစ်ဦးဖြစ်ပါသည်။ ၁၀တန်းပညာကို သင်ကြားခဲ့သည်။ ရဲရဲဝန့်ဝန့်နှင့် စွန့်စားဝန့်သော အာဇာနည်တစ်ဦးပင်ဖြစ်သည်။ ၅။ သခင်ဘစိန်သည် မြန်မာစာ ၇တန်းကျောင်းသားဖြစ်သည်။ မြေပုံမြို့ အေဘီအမ်ကျောင်းထွက်ဖြစ်သည်။ ရခိုင်တော်လှန်ရေး၌ အစမှအဆုံးထိ ဟောပြောစည်းရုံးမှုတွင် အမြဲတမ်းပါဝင်ခဲ့ပြီး ရဲရဲရင့်ရင့်ခေါင်းဆောင်မှုတာဝန်ယူဝန့်ခြင်း၊ ကဲ့ရဲ့ခံနိုင်ခြင်း၊ တစူးထိုးလုပ်ဝန့်ခြင်းဖြင့် ထင်ရှားသည်။ သခင်ဘစောအောင်မှာ မြေပုံမြို့မှ ကျောက်ဖြူဟိုက်စကူးကျောင်းသားဖြစ်သည်။ ၇တန်းအောင်၍ ၈တန်းအောင်၊ ၉တန်းအရောက်တွင် သခင်အမည်ခံလျှက် သခင်ဘစိန်နှင့်တွဲဘက်ဟောပြောသူဖြစ်သည်။ စကားတတ်၍ ဗဟုသုတကြွယ်ဝသူအဖြစ် ထင်ရှားသည်။ ကြောက်လန့်မှုလုံးဝမရှိသဖြင့် ထင်ရှားသူပင်ဖြစ်သည်။ အထက်ပါလူငယ်ခေါင်းဆောင်များ၏ စွန့်စားခန်းများ စာတင်ရေးပါက လူတစ်ယောက်လျှင် တစ်အုပ်ကျဖြစ်သွားနိုင်အောင် ထင်ရှားသော အချက်အလက်များ ရှိခဲ့ကြသူတွေချည်းဖြစ်၏။

## ၂၀။ နာယကဆရာတော်ကြီးများ ခေါင်းဆောင်သည့်အဖွဲ့နှင့် လူပုဂ္ဂိုလ်ခေါင်းဆောင်ကြီးများ အဖွဲ့ ထိုနှစ်ဖွဲ့ခွဲ၍ ရခိုင်တောင်ပိုင်းသို့ စည်းရုံးရေးထွက်ကြခြင်း။

ရခိုင်အမျိုးသားကွန်ဂရက်၏ တာဝန်မှာ စစ်တွေခရိုင်တစ်ခုလုံးတွင် သူ့မြို့နယ်ကို မြို့နယ်ခေါင်းဆောင်များ၊ ရှိနှင့်နေပြီးဖြစ်၍၊ စိတ်ချနိုင်ပြီ။ ကျောက်ဖြူခရိုင်၊ မြေပုံမြို့နယ်လည်း နာယကဆရာတော်၏နယ်မြေဖြစ်သဖြင့် နိုးကြားလျက်ရှိနေသည့်အပြင် အခြားမြို့နယ်များထက် ထင်ရှားကျော်ဇောခြင်း၊ ခေါင်းဆောင်များရှိနှင့်ပြီး ဖြစ်သည့်အပြင်၊ လူထုလည်းအမာခံလူထုဖြစ်နေသောကြောင့် စိတ်ချနိုင်လောက်သည့် အခြေအနေ ရှိနေလေသည်။ ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်များကို စိတ်ချနိုင်လောက်သည့် အမာခံနယ်များဖြစ်လာအောင် စည်းရုံးဖို့တာဝန်ရှိနေပြန်သည်။ အထူးသဖြင့် မာန်အောင်မြို့နယ်တွင် အဖွဲ့အမျိုးမျိုးဖြင့် ဂိုဏ်ဂဏစိတ်ဖြင့် ကွဲပြားနေမှုကို သိကြရ၏။ ထိုအဖွဲ့များအားလုံးတစ်စည်းတစ်လုံးတည်းဖြစ်ရန်ကို ရည်ရွယ်လျက်၊ အထက်ပါအဖွဲ့ကြီးနှစ်ဖွဲ့သည်၊ ရခိုင်တောင်ပိုင်းသို့ စည်းရုံးရေးခရီးထွက်ခဲ့ကြ၏။ အထူးသဖြင့် ကျောက်ဖြူမြို့မှာ ဒုတိယဥက္ကဋ္ဌ ဦးကောင်း(ဝါ) ဦးမောင်ကောင်း ရွှေနေကြီး၏နေရပ်ဖြစ်သည်။ သို့သော်လည်း နိုးကြားမှုမရှိဘဲ တော်လှန်ရေးအတွက် တက်တက်ကြွကြွမရှိပါ။ ထို့ကြောင့် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာလူထုကို ရှေးဦးစွာ နှိုးဆွဖို့လိုသည်။ ရခိုင်တောင်ပိုင်းတစ်ခုလုံးကိုလည်း ကသကဘိုးမြ၏ ဩဇာတိက္ကမကလည်း လွှမ်းလျက်ရှိသည်ကို သိရှိကြပြီဖြစ်သည်။ ကသကလည်း မျိုးချစ်ပုဂ္ဂိုလ်ဖြစ်၍ ညီညွတ်ရေးကို မဆန့်ကျင်ဘဲရှိလိမ့်မည်ဟုလည်း ထင်မြင်ခဲ့ကြသည်။ ထိုအချက်များကို မှတည်လျက် အဖွဲ့နှစ်ဖွဲ့သည် စစ်တွေမြို့မှ ရောက်ရှိရာနယ်မြေများ၌ တရားပွဲပြုလုပ်ဟောပြော၍ တစ်ဆင့်တစ်ဆင့်သွားကြလေသည်။ ဦးသာဇံလှ၊ ဦးဘိုးခိုင်၊ ဦးမောင်ကောင်း၊ ဦးသာကျော်တို့ပါဝင်ကြသည်။ ကျန်တဖွဲ့မှာ ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒနှင့်၊ နန္ဒမာလာဆရာလူထွက် ဦးထွန်းစိန်၊ သခင်ဘစိန်၊ သခင်စောအောင်တို့အပြင် သခင်မောင်ဘစိန်၊ သခင်ပြေးချေတို့ ပါဝင်ကြ၏။ သခင်ပြေးနှင့် သခင်မောင်ဘစိန်တို့မှာ ဆရာတော်ဦးစိန္တာ၏တပည့်များဖြစ်သည်။ ၁၂နှစ်အရွယ်ခန့်သာဖြစ်သည်။ ဟောပြောရာ၌ မပါဝင်နိုင်ကြသေးပါ။ ဤအဖွဲ့များသည် ရမ်းဗြဲ၊ ကျောက်ဖြူမြို့များ၌ တရားပွဲပြုလုပ်ဟောပြောခဲ့ကြလေသည်။ ရမ်းဗြဲ၌ ဆရာကာဆိန်းကျောင်းဆရာကြီးကျောင်း၌ တရားပွဲပြုလုပ်ခဲ့ကြပါသည်။ ရမ်းဗြဲမြို့သည် ကျောက်ဖြူမြို့ထက် တိုးတက်မှုရှိ၏။ ရမ်းဗြဲမှ တဆင့် မာန်အောင်မြို့သို့ ကသကဘိုးမြနှင့်တွဲ၍ စင်ပြိုင်ဟောပြောပွဲအဖွဲ့ကြီးနှစ်ဖွဲ့သည် မာန်အောင်မြို့၌ တွေ့ဆုံဘို့အစီအစဉ်ချမှတ်လျက် တောင်ပိုင်းသို့ ခရီးထွက်ခဲ့ကြသည်။ ရခိုင်ပြည်၏မြို့တော်စစ်တွေမှ စထွက်လာခြင်းဖြစ်သည်။ ရခိုင်အမျိုးသားကွန်ဂရက်၏ဌာနချုပ်မှာ စစ်တွေမြို့ ရှုပရွာဥက္ကဋ္ဌကြီး ဝတ်လုံတော်ရ ဦးသာဇံလှ၏အိမ်မှာဖြစ်ပါသည်။

ဤအဖွဲ့ကြီး၏နာယကများ လူကြီးခေါင်းဆောင်များတို့သည် မေယဝတီခေါ် မာန်အောင်မြို့သို့ အားလုံးမျက်နှာစုံညီရောက်ရှိခဲ့၏။ ထိုသို့မာန်အောင်မြို့ရောက်လျှင် ချက်ချင်းပင်လျှင်၊ မဆိုင်းမတွဘဲ၊ မေယဝတီ၊ မာန်အောင်မြို့ရှိ အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကို ဖိတ်ကြားလျှက် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြပါသည်။

ထိုဆွေးနွေးပွဲမှာ ရခိုင်အမျိုးသားကွန်ဂရက် ခေါင်းဆောင်ကြီး နာယကဆရာတော် ဦးစိန္တာက ဩဝါဒစကားဖြင့် ဖွင့်လှစ်ပါသည်။ ဆရာတော်က မေယဝတီမှ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးရသောကြောင့် ဦးပဥ္စင်းသည် အတိုင်းမရှိ ဝမ်းမြောက်ခြင်းဖြစ်ရပါ၏။ ယခုအချိန်အခါသည် ဦးပဥ္စင်းနှင့်တကွ ဓညဝတီစစ်တွေမြို့မှလာကြသော ရခိုင်လူမျိုးချည်းဖြစ်ကြသည်။ လူခေါင်းဆောင်၊ ရဟန်းခေါင်းဆောင်များကိုလည်း မေယဝတီမှလူကြီးမင်းများ သိကျွမ်းပြီးသူများပင် ဖြစ်ပါသည်။ ယခုအချိန်အခါ၌ ရခိုင်ပြည်ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက်နှင့် အမျိုးပညာ၊ ဘာသာ၊

သာသနာကြီးပွားတိုးတက်ရေးကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေချိန်၌ မာန်အောင်မြို့ကဲ့သို့ နိုးကြား၍ ပညာတတ်ခေါင်းဆောင်များ ပေါ်များသည့်မြို့တွင် အကွဲကွဲအပြားပြားဖြစ်နေမှုသည် နောက်လိုက်လယ်သမားတစ်ရပ်လုံးနှင့် လူငယ်၊ လူကြီးမိန်းမယောကျ်ားအားလုံးလည်း အကွဲကွဲအပြားပြားဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍လမ်းပြခေါင်းဆောင်ကြီးများက ညီညွတ်ဖို့အတွက် ဦးပဥ္စင်းမေတ္တာရပ်ခံပါသည်။ ဦးပဥ္စင်းတို့ မေဓဝတီ၊ စစ်တွေမြို့၌လည်း ဤကဲ့သို့ အဖွဲ့အစည်းအမျိုးမျိုး ရှိခဲ့ကြပါသည်။ ယခုစေ့စပ်ရေးလုပ်၍ အောင်မြင်ပြီး တစ်ခုတည်းသောဦးတည်ချက်ဖြင့် တစ်ဖွဲ့တစ်စည်းတည်း ဖြစ်သွားခဲ့ကြပါပြီ။ ဤကဲ့သို့ပင်လျှင် မာန်အောင်မြို့ရှိ ခေါင်းဆောင်များလည်း နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်နှင့်လူမျိုး ကျွန်ဘဝလွတ်မြောက်ရေးအတွက် တူညီသော ရည်မှန်းချက်ရှိနေကြသူများချည်း ဖြစ်ကြသဖြင့် ညီညွတ်နိုင်ကြမည်ပင် ယုံကြည်ချက်ဖြင့် ဖိတ်ခေါ်ဆွေးနွေးခြင်း ဖြစ်ပါသည်။ စစ်မှန်သောညီညွတ်ရေးရခဲ့ပါလျှင် ရခိုင်အမျိုးသားကွန်ဂရက်ထဲသို့ မာန်အောင်မြို့နယ်လူထုကို ကိုယ်စားပြုလျက် ရှေ့လုပ်ငန်းစဉ်များ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ဖိတ်ခေါ်ပါသည်။ အားလုံးသောမာန်အောင်မြို့မှလူကြီးများသည်လည်း ကာလ၊ ဒေသ၊ ပုဂ္ဂလကို စဉ်းစားဆင်ခြင်လျှက် ဆုံးဖြတ်ချက်ချကြပါရန် ဦးပဥ္စင်းက မေတ္တာရပ်ခံပါသည်။ ထို့နောက် အခြားလူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များကလည်း တစည်းတလုံးတည်း ညီညွတ်ကြဘို့နှင့် ရခိုင်အမျိုးသားကွန်ဂရက်ကြီးသို့ ပါဝင်၍ ခေါင်းဆောင်တာဝန်များ ယူကြဘို့ကိုဘဲ တင်ပြခဲ့ကြသည်။ ထိုကဲ့သို့တင်ပြသည်။ မေယဝတီ၊ မာန်အောင်မြို့မှ အသင်းအဖွဲ့အားလုံးက လက်ခံကြသည်။ ကဿကဦးဘိုးမြ၏ ဆင်းရဲသားအဖွဲ့ကသာအကြွင်းမဲ့လက်မခံနိုင်ပါ။ သို့သော် ရခိုင်တောင်ပိုင်းမှ မဲဆန္ဒရှင်များကို တပည့်တော်၌ရှိသော ဝါဒနှင့်ဆရာတော်ကြီးများနှင့် ရခိုင်ခေါင်းဆောင်ဟောပြောတင်ပြပါ။ အကယ်၍ပြည်သူလူထု ရဟန်းရှင်လူအားလုံးက ကြိုက်နှစ်သက်ပါလျှင်ဆရာတော်တို့၏တင်ပြမှုကို တပည့်တော်လိုက်နာပါမည်။ တပည့်တော်မှာ မဲဆန္ဒဖြင့် အရွေးခံရသည်မှာ အကြိမ်ကြိမ်ရှိပါပြီဖြစ်၍ လူထုဆန္ဒရမှုသာလျှင် ဆရာတော်တို့နှင့် ပူးပေါင်းနိုင်ပါမည်ဟူ၍ စင်ပြိုင်ဟောပြောဖို့ ဝါဒမတူ၊ ဦးတည်ချက်မတူသဖြင့် ညီညွတ်ရေးကို လက်မခံခဲ့ခြင်းဖြစ်ပေသည်။ (ဤကိစ္စ၌ ရှင်းလင်းရမည့်စကားရှိပါသည်။) ကဿကဦးဘိုးမြမှာပါလီမန်ကိုယ်စားလှယ်များက အဆင့်ဆင့်အုပ်ချုပ်ရေးအသစ်သစ်များကို တောင်းခံပြီးလျှင် နောက်ဆုံး၌ ဒိုမီနီယံအုပ်ချုပ်ရေး၊ ဗြိတိသျှလက်အောက်ခံဘဝမှ ခွဲ၍မထွက်ရေးဖြစ်သည်။ (တော်လှန်ရေးကို လက်မခံနိုင်ခြင်း၊ စေ့စပ်ရေးကို လက်ခံပြီးဖြစ်နေခြင်းပင်တည်း)ကဿကဦးဘိုးမြမှာဆိုပါလျှင် ဒေါက်တာဘမော်(ဝါဒ)ကို ခံယူထားသူတစ်ဦးဖြစ်သည်။ သို့ဖြစ်၍ ရခိုင်လူကြီးခေါင်းဆောင်များမှာ စစ်တွေမြို့သို့ပြန်၍ ညီညွတ်ရေးရခဲ့သောအဖွဲ့အသီးသီးတို့ စာရင်း၊ ခေါင်းဆောင်များကိုလက်ခံ၍ ရှေ့လုပ်ငန်းစဉ်များကို ညီလာခံကြီးပြုလုပ်ချမှတ်ဘို့အတွက် စည်းရုံးရေးကိစ္စအတွက် ပြန်သွားကြလေသည်။ ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟနှင့် ဦးနာရဒတို့၏ ခေါင်းဆောင်ကြသော ဆရာကြီးနန္ဒမာလာခေါ် (ဦးထွန်းစိန်)၊ သခင်ဘစိန်၊ သခင်ဘစောအောင်၊ သခင်အောင်ဘစိန်၊ သခင်ပြေုချေတို့ပါဝင်သောအဖွဲ့သည် ရမ္မာဝတီသို့ ဦးတည်လျက် ကဿက ဦးဘိုးမြနှင့် စင်ပြိုင်ဟောပြော၍ လူထုဆုံးဖြတ်ချက်ရယူဘို့ ထွက်ခဲ့ကြပါသည်။ ရမ်းဗြဲကျွန်းရှိ မဲဆန္ဒရှင် ရဟန်းရှင်လူများပါဝင်သော အစည်းအဝေးကြီးကို ကျောက်ချောင်းတိုက်နယ်၊ ကျောက်တွေရွာကြီး၊ ဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ဘို့ ရက်ချိန်းသတ်မှတ်ခဲ့ကြပါသည်။

ဆရာတော်ဦးစိန္တာ ကြီးမှူးသောအဖွဲ့သည် ရမ်းဗြဲမြို့ အထက်တန်းကျောင်း၌ ဟောပြောပွဲကြီးတစ်ခုနှင့် နာယကဆရာတော်ကြီး ဦးနာရဒမွေးရာဇာတိ၊ သင်းဘန်းကိုင်းတိုက်နယ်ရှိ ကျေးရွာအားလုံး၌ တရားဟောပွဲလုပ်ခဲ့ကြပါသည်။ ရဟန်းရှင်လူအပေါင်းတို့၏ အားပေးမှုကိုလည်း ရရှိခဲ့ကြ၏။ ထိုတိုက်နယ်မှတဆင့် ကျောက်တွေရွာကြီး ကျောက်ချောင်းတိုက်နယ်သို့ သွားရောက်ကြပါသည်။

ကဿကဦးဘိုးမြတို့အဖွဲ့လည်း ကျောက်တွေရွာ၊ ကျောက်ချောင်းတိုက်နယ်သို့ ရောက်ရှိနှင့်ပြီးဖြစ်ပါသည်။ ဆရာတော်ဦးစိန္တာတို့အဖွဲ့ ရောက်ရှိ၍ နောက်တစ်နေ့တွင် (တရားပွဲ) (ကဿကဦးဘိုးမြအဖွဲ့နှင့် ဆရာတော်ဦးစိန္တာအဖွဲ့တို့ယှဉ်ပြိုင်ဟောပြောပွဲ) ပြုလုပ်နိုင်ဖို့ စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ရမ်းဗြဲကျွန်း၊ ရမ်းဗြဲမြို့နယ်တစ်ခုလုံးရှိ တိုက်နယ်ပေါင်းစုံ၊ ကျေးရွာပေါင်းစုံမှ ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များကို ဖိတ်ခေါ်ထားသဖြင့်၊ အတော်ကြီးကျယ်သည့် ညီလာခံ၊ ကွန်ဖရင့်ငယ်တစ်ခုဟုပင်ဆိုနိုင်လောက်သည့် ကြီးကျယ်စည်ကားသော ပွဲကြီးပွဲကောင်းတစ်ခုဖြစ်ပါသည်။

ကျောက်ချောင်းတိုက်နယ် ကျောက်တွေမြို့ ဘုန်းတော်ကြီးကျောင်းတွင် အရပ်ရပ်မှ ဘုန်းတော်ကြီးများနှင့် တပည့်တကာများ ဆွမ်းအုပ်များအားလုံး ၁၅၀ကျော်နှင့်အချိုပွဲ၊ မုန့်ပဲသရေစာ၊ လက်ဘက်ရည်များကို ဆွမ်းတော်ကြီးပွဲ၊ အလှူပွဲကြီးတခုကဲ့သို့ပင် စည်ကားသိုက်မြိုက်စွာ ရှိနေပါသည်။ ကောက်ညှင်းကျည်ထောက်များ စားမကုန်အောင်ပင် ပေါ်များစည်ကားသိုက်မြိုက်ပါသည်။

ဤစင်ပြိုင်ဟောပြောပွဲကြီးကို၊ လူကြီးလူငယ်များအားလုံး တက်တက်ကြွကြွ စိတ်ဝင်စားကြပါသည်။ အထူးသဖြင့် ရဟန်းတော်အပါး ၄၀ကျော်ခန့် စိတ်ဝင်စားစွာ ဖူးတွေ့ရပါသည်။ တရားပွဲ၌၊ ဝါအကြီးဆုံးဆရာတော်ကြီးတစ်ပါးကို

သဘာပတိတင်မြှောက်ပြီးလျှင် တရားပွဲကို စတင်ဖွင့်လှစ်၍ ဟောပြောပွဲ စတင်လိုက်ကြ၏။ တရားပွဲ သဘာပတိမိန့်ခွန်း ပေးပြီးလျှင် ကဿကဘိုးမြအဖွဲ့ပဏာမတင်သော ပြောဘို့ကို၊ သဘောတူကြသည်။ ကဿကဘိုးမြ၏လက်စွဲတော် တပည့် ငယ်တစ်ဦးသည် ပဏာမဦးဦးဖျားဖျား စတင်ဟောပြောပါသည်။ ထိုလူငယ်လည်း အဟောအပြောလေ့ကျင့်ထားသူတစ်ဦး ဖြစ်သဖြင့် ဆရာကောင်းတပည့်ပီပီ အစအလယ်အဆုံး ကောင်စွာဟောပြောနိုင်ပါသည်။ ဟောပြောပုံက ဤသို့ပင်ဖြစ်၏။

ကဿကဦးဘိုးမြတပည့်သည် နိုင်ငံရေး၊ တရားပွဲ၌ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ရှိခိုးဦးထိပ်ထားရှိခိုး ပြီးလျှင် သဘာပတိ ဆရာတော်ကြီးအား ဦးတိုက်ခွင့်ပန်ခြင်း ပြုလုပ်ပါသည်။ ထို့နောက် ဒိုင်အာခီအုပ်ချုပ်ရေးကို မြန်မာနိုင်ငံ ၏ ပါလီမန်ကိုယ်စားလှယ်များက တောင်းခံရရှိခဲ့ခြင်းနှင့် အိန္ဒိယနှင့် မြန်မာခွဲရေးတွဲရေးပြဿနာတွင် ခွဲထွက်လျှက် သီးခြားပါလီမန်တစ်ခု ဖြစ်ပေါ်လာပုံ၊ ယခုတစ်ဆင့်တက်၍ ၉၁ဌာနအုပ်ချုပ်ရေးကို ရရှိခြင်း၊ ၉၁ဌာနဆိုသည်မှာ အင်္ဂလိပ် ဘုရင်ခံက အရေးကြီးသော ပြည်ထဲရေးဌာန၊ တရားရေးဌာန၊ ဘဏ္ဍာရေးဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာနနှင့် ကာကွယ် ရေး၊ ကူးသန်းရောင်းဝယ်ရေး စသောအရေးကြီးသော သော့ချက်(၇)ဌာနကို လက်ကိုင်ယူထားပြီးလျှင် အရေးမကြီးသော အခိုင်းအစေခံဌာနများကို တိုင်းပြည်ပါလီမန်ကိုယ်စားလှယ်များလက်ထဲ၌ ပေးထားခြင်းဖြစ်သည်။ နားလှည့်၍ ပါးရိုက်ထား သော အုပ်ချုပ်ရေးမျိုးဖြစ်ပါသည်။ ဤအုပ်ချုပ်ရေးမှာ ရာထူးလုခြင်း၊ ပြဿနာများ ရှုတ်ထွေးနေပါသည်။ ဤကဲ့သို့ စေ့စပ်ရေး၊ ရာထူးလုသောအုပ်ချုပ်ရေးများကို ငန်းငန်းတက် တံလျှပ်ကို ရေထင်နေကြအောင် လှည့်စားထားခြင်းဖြစ်သည်။ ဤအုပ်ချုပ်ရေးသည် ကျွန်သက်ရှည်ရေးကို ဦးတည်သည်ကို ထိုအချိန်က ပါလီမန်ဘမ်းပြသော နိုင်ငံရေးသမားထဲက ကဿက ဦးဘိုးမြနှင့်အဖွဲ့သည် အပါအဝင်ဖြစ်ပါသည်။ လူငယ်သည် စကားတတ်တစ်ဦးဖြစ်သည်ကို ဟောပြောပုံထောက် ကြည့်က သိနိုင်ပါသည်။ လူငယ်ဟောပြောလျှက် ပြီးဆုံးသွားလေပြီ။ နောက်ဆက်လက်၍ ကဿကဦးဘိုးမြသည် တစ်နာရီ ခွဲခန့်ဟောပြောပါသည်။ ကဿက ဦးဘိုးမြဟောပြောပုံအမြွက်မျှကို တင်ပြပါမည်။

ကဿကဦးဘိုးမြဟော။ ။ကဿကဦးဘိုးမြထလိုက်လျှင် ပရိသတ်ကြီးသည်လက်ခုတ်လက်ဝါးတီးလျှက် ဩဘာ ပေးကြပါသည်။ ကဿကဘိုးမြသည် လက်နှစ်ဘက်ကို လက်အုပ်ချီလျှက် ထိပ်ပေါ်တင်ပြီးလျှင်

အဟံကဿက မောင်ဘိုးမြသည် ဗုဒ္ဓမြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား၊ အဟံကဿက မောင်ဘိုးမြ သည် သံဃံသံဃာတော်အရှင်မြတ်များကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား စသည်ဖြင့် အမိအဘဆရာများနှင့် မဟာတ္တမဂန္ဒီ၊ ဦးဥတ္တမတို့ကို ရှိခိုးပါသည်။

ဤကဲ့သို့ ရှိခိုးဦးတင်ပြု၍ ပြီးမှသာလျှင် သဘာပတိကို ဦးတိုက်ခွင့်ပန်ပြီး ပဏာမစကားစပြောပါသည်။ ကြွရောက် လာကြသော ဆရာတော်အရှင်သူမြတ်များနှင့်တကွ ပရိသတ်ကြီးခင်ဗျား၊ ကျွန်တော် ကဿကမောင်ဘိုးမြသည် ဂါရဝပြုပါ သည်ခင်ဗျား ကျွန်တော်တို့ မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရမင်းအုပ်ချုပ်ရေးကို မကြိုက်၍ငင်း၊ လွတ်လပ်သောနိုင်ငံတစ်ခု ဖြစ်မြောက်နိုင်ရန် ဝံသာနုခေါင်းဆောင်ကြီးများ ကြိုးစားမှုကြောင့် အိန္ဒိယနိုင်ငံမှခွဲထွက်လျှက်၊ သီးခြားနိုင်ငံတစ်ခုအဆင့် ရလာခဲ့ပါသည်၊ သီးခြားနိုင်ငံဖြစ်သဖြင့် သီးခြားဘုရင်ခံ၊ သီးခြားပါလီမန်နှင့် ဒိုင်အာခီအုပ်ချုပ်ရေးကို ရလာပါသည်။ အင်္ဂလိပ်အစိုးရက ဝန်ကြီးနှစ်ဦး မြန်မာပါလီမန်က ဝန်ကြီးနှစ်ဦးပေါင်း၍ အုပ်ချုပ်လာခဲ့ကြပါသည်။ ဤအုပ်ချုပ်ရေးမှ တဆင့် ယခုဆိုလျှင် မြန်မာခေါင်းဆောင်ကြီး တောင်းဆိုမှုကြောင့် ၉၁ဌာနအုပ်ချုပ်ရေးကို ရလာပါသည်။ ဤ၉၁ဌာန အုပ်ချုပ်ရေးကို ထိုထက်အဆင့်မြင့်သောအုပ်ချုပ်ရေးရယူဘို့ တောင်းခံရန် အစီအစဉ်ရှိနေပါသည်။ နောက်ဆုံး ဆိုပါလျှင် ဒိုမီနီယန်အုပ်ချုပ်ရေးကို ရယူနိုင်ရေးအထိ ရည်ရွယ်ချက်ရှိပါသည်။ ကျွန်တော်တို့ဘာလက်နက်၊ ဘာယန္တရားမှ မရှိတာလူတိုင်းသိပါသည်။ သို့ဖြစ်ပါ၍ မိမိနိုင်ငံကို ကာကွယ်ထိန်းသိမ်းအုပ်ချုပ်နိုင်ဖို့ မဖြစ်နိုင်သေးပါဘူး၊ သို့ဖြစ်၍ ပညာအမြော်အမြင်ရှိကြသော ပါလီမန်နှင့် အစိုးရခေါင်းဆောင်များက ပါလီမန်နှင့် တဆင့်တဆင့် တောင်းဆိုအရေးဆို ပြီး ပါလီမန်ကြီးမှ တရားဝင်ဥပဒေဝင်၊ တောင်းဆိုသွားဘို့ကို အားပေးကူညီကြရန် တင်ပြလျှက်နိဂုံးချုပ်သွားသည်။ အားလုံး ခြုံကြည့်ရလျှင် ပါလီမန်ခေါင်းဆောင်များ၏ ရာထူးလုစားခွက်လု လေသံပင်ဖြစ်ပါသည်။ ဟောပြောချက်ကတော့ မနိုးကြားသူ လူပြိန်းများသာဆိုလျှင် အကွက်ဝင်ပါသည်။ လှပသောစကားလုံးတရားဥပဒေနှင့် မဆန့်ကျင်သောစကားလုံး များ (ဝါ) ကျွန်ဘဝကို တော်လှန်ဘို့၊ ဆန့်ကျင်ခြင်း၊ လက်ဝေခံ၊ လက်ပါးစေပီသခြင်းဟူသာ မှတ်ချက်ချကြမည်ပင်ဖြစ်ပေ သည်။ ကဿကဦးဘိုးမြဟောပြောပြီး တခန်းရပ်နားကြပါသည်။ ဦးစိန္တာကြီးမှူးသော ဘက်မှ ဟောရန်တိုင်ပင်နှီးနှောနေကြ ပါသည်။ (မှတ်ချက်)။ ။ ဤတရားပွဲကို အမြဲတန်းစုံစမ်းဖို့လိုက်နေကြသော ဦးဘမြိုင်၊ သုံးရစ်သောဆာဂျင်ပုလိပ်နှင့်၊ ပုလိပ် ၄/၅ဦးခန့် တရားပွဲတိုင်း၊ ပါရောက်ရှိလျှက် မှတ်တမ်းယူလျှက် အစီရင်ခံနေကြပါသည်။

ဆရာတော်ဦးစိန္တာအဖွဲ့မှ တပည့်နှစ်ယောက်မှာ သခင်ဘစိန်နှင့် သခင်ဘစောအောင်တို့ဖြစ်သည်။ နှစ်ယောက် စလုံး ဟောပြောမှုမှာ ကျွမ်းပါ၏။ ဒါပေမဲ့ မငြင်းသာဘူး၊ ပြင်းထန်လွန်းသဖြင့် ထိန်းထိန်းသိမ်းသိမ်း ဟောပြောဖို့ ဆုံးမ ဩဝါဒပြု၍ ပွဲထုတ်ရန်ပြင်ဆင်ကြပါသည်။ ပထမဦးဦးဖျားဖျား သခင်ဘစောအောင် ပွဲထုတ်လိုက်ပါသည်။

သခင်ဘစောအောင်မှာ ၁၄နှစ် မှ ၁၅နှစ်အရွယ်ကျောင်းသားငယ်ဖြစ်၏။ ကျောက်ဖြူဟိုက်စကူးမှ ၇တန်းအောင် ၈တန်းတက်ရောက်နေပြီ။ သခင်ဘစောအောင် တရားခေါင်းစီးနှင့် ပဏာမစကား များမှာ၊ သဘာပတိ အရှင်ဘုရားနှင့်တကွ လူထုပရိသတ်ကြီးအား လေးစားပါသည်။ ဆရာတော်ကြီးအား ရှိခိုးဦးညွတ်ပါသည်။ ကျွန်တော်ကတော့ သခင်ဘစောအောင် ဖြစ်ပါသည်။ ကျွန်တော်ဟောပြောရမည့်တရားကတော့၊ ပထမဆုံးတရား၏အမည်နာမကို တင်ပြပါမည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသောအမည် ဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံသည် ကျွန်ဘဝ ကျွန်နိုင်ငံတစ်ခုဖြစ်ပါ သည်။ အဲဒီကျွန်ဘဝကလွတ်မြောက်ရန်မှာ နည်းလမ်းမရှိပါဘူး။ ကျွန်ပြုသူတိုက်ထုတ်ပစ်နိုင်၍၊ အောင်မြင်မှုရမှာသာ ကျွန်ဘဝက လွတ်မြောက်နိုင်မည်အမှန်ဖြစ်၏။ ဘယ်သူဖြစ်ဖြစ်၊ အင်္ဂလိပ်ကို တိုက်ထုတ်၍ပစ်မှ ကျွန်ဘဝကလွတ်မြောက် နိုင်မည်ဆိုတာကို သိမှာဘာဘဲ၊ အင်္ဂလိပ်လို နေဝင်နိုင်ငံကြီး၊ လက်နက်စက်ယန္တရားပိုင်ဆိုင်နေသူကို အပ်တချောင်းမှ မလုပ်တတ်သေးသော သခင်အမည်ခံ လူငယ်လူမိုက်နှင့် ဆရာတော်ဦးစိန္တာတို့က ဘယ်လိုလုပ်နိုင်နိုင်မလဲ၊ ပြောစရာရှိပါ သည်။ အဲ ယခုလိုစကားများ ချေပနိုင်ဖို့က လက်တွေ့ယုတ္တိမရှိဘဲ ပြော၍ပရိသတ်လူထုကြီးကကော ယုံပါ့မလား၊ မယုံနိုင်ပါ ဘူး၊ ဒါပေမဲ့လက်တွေ့ ကျွန်တော့်စကားဆုံးလျှင် ယုံလာမှာမုချ၊ ကျွန်တော်ပြောဆိုဝံ့ပါသည်။ ယခုတလော သတင်းစာဖတ် ကြည့်လျှင် ကမ္ဘာကြီးပျက်စီးလုနီးပြီလော၊ စသည့်ခေါင်းစဉ်ကြီးများနှင့် ဂျာမဏီအာဏာရှင် ဟစ်တလာ၏ လက်နက်နိုင်ငံ မှုဆိုလိုနီရဲ့ လက်နက်နိုင်ငံ၊ ဂျပန်ကြီးပွားမှုသည် ဘယ်သူကြိမ်းဝါးနေတာလဲ၊ မေးပါ။ အင်္ဂလိပ်ဗြိတိသျှကို ကြိမ်းဝါးနေတာဖြစ် သည်။ ပထမကမ္ဘာစစ်ဖြစ်စဉ်က အင်္ဂလိပ်ကို စစ်ရှုံးခဲ့ရ၍။ မကြေနပ်၍လက်သီးလက်မောင်းတန်းလျှက် ယခုတိုက်ပွဲဝင်ဖို့ ခြိမ်းခြောက်နေပြီ၊ အချို့နေရာများ တိုက်ယူနေပြီ။ အင်္ဂလိပ်ကိုရင်း၊ ပြင်သစ်ကိုရင်း၊ တိုက်တော့မည်။ ပညာတတ်တိုင်း သိကြပါသည်။ အင်္ဂလိပ်ကို ဂျာမဏီကတိုက်ခဲ့လျှင် အိန္ဒိယကကော ကျွန်ခံ၍ ငြိမ်နေမလား၊ ဗမာပြည်ကကော ကျွန်ခံ၍ ငြိမ်နေမလား။ အင်္ဂလိပ်ပြည် စစ်မီးထတောက်လျှင် ငါတို့ကို ကျွန်လုပ်ဖို့ ကြိုးစားနိုင်အုံးမလား၊ ဂျာမဏီကျွန်မဖြစ်ရေး၊ အင်္ဂလိပ်တိုက်ပွဲဝင်ရတော့မည်။ (အဲဒီအချိန်ဟာ တောမီးလောင်တဲ့အချိန်ဘဲ) ထိုအချိန်မှာ ကျွန်တော်တို့ ကျွန်မခံလိုသော ပြည်သူတစ်ရပ်လုံးက ညီညွတ်မှုဖြင့် အသင့်ရှိနေကြလျှင်၊ ကျွန်ဘဝက ရုန်းထွက်လုပ်ငန်းသည် ထိုအချိန်အကောင်းဆုံးအချိန် ဖြစ်ပါသည်။ အဲဒါကြောင့် တောကြောင်နှင့်တူသော ကျွန်တော်တို့ လက်ခမောင်းခတ်နေပါပြီ။ အင်္ဂလိပ်ယာကြီး ဂျာမနီတော် မီးလောင်တော့မယ်၊ ထွက်ပြေးလာသောဖွတ်၊ ပဒတ်၊ အင်္ဂလိပ်လက်ပါးစေတွေကို ဝါးစားပစ်ရမှာဘဲ၊ ဤအမြင်မျိုး ပြည်သူတွေကို သိရန် ထောင်ကျခံ၍ သခင်တွေ၊ ဆရာတော်တွေ ဟောပြောနေကြပါသည်ခင်ဗျား၊ ဟုတ်/မဟုတ်ကို ချင့်ချိန်ကြပါ။ ကျွန်တော်အငယ်ဆုံး ဤမျှဖြင့် နိဂုံးချုပ်ပါသည်။ ခေါင်းဆောင်များ ဆရာ့ဆရာတွေ တပုံကြီးဟောပြောရန် ရှိနေပါသည်။ နားထောင်၍ဆုံးဖြတ်ကြပါတော့ ပရိသတ်ကြီးခင်ဗျားဟု အဆုံးသတ်ပါသည်။

ထိုနောက် တပည့်တစ်ဦးဖြစ်သူ သခင်ဘစိန်၊ အလှည့်ရောက်လာ၏။ ဆရာတော်ကြီးက ဘစိန်၊ စိတ်ကိုထိမ်း၍ဟော ပါ။ မိုက်ကန်းစကားလုံးတွေ ရှောင်ရန်သတိထားပါဟု မှာကြားသည်။

**သခင်ဘစိန်ဟောပြောချက်**။ ။ သခင်ဘစိန်ဟောပြောသည့်အလှည့်သို့ ရောက်၍ပရိသတ်အလယ်သို့ ထလာပြီး၊ သဘာပတိကို ဂါရဝပြုလျှက်၊ လူထုကြီးအားလေးစားသည်။ ပဏာမစကားဖြင့် စတင်ပါသည်။

ကြွရောက်လာသော ရဟန်းတော်အရှင်ဘုရားများနှင့် လူထုပရိသတ်ကြီးခင်ဗျား၊ ကျွန်တော်မှာ လူငယ်တစ်ဦး ဖြစ်ပါသည်။ အသက် ၁၈နှစ်ခန့်ရှိပါသည်။ ခေတ်ပညာကို ၇တန်းသာ သင်ဖူးပါသည်။ ဇရာမအလွန့်အလွန်ပညာရှိ ပုဂ္ဂိုလ်ကြီး၊ ဘဒွေးကဿကဘိုးမြနှင့် အတိုက်အခံဟောပြောဖို့ ထွက်လာခြင်းမှာ မျိုးချစ်စိတ်ဓာတ်မာန်ရှိ၍သာ ထွက်၍ ဟောပြောရခြင်းသာ ဖြစ်သည်။ ယှဉ်ပြိုင်နိုင်ဘို့ကတော့ ခြင်္သေ့နှင့်ခွေးလောက်ကွာတယ်၊ သွေးမောက်လွန်လွန်းလို့လေး၊ ဆိုသလိုပါဘဲ၊ ဘဒွေးကဿက ဦးဘိုးမြ၏ ပညာအဆင့်က၊ ခြင်္သေ့အဆင့်ပင်တည်း၊ ကျွန်တော့်အဆင့်ကတော့ ခွေးသာသာ အဆင့်ပင်ဖြစ်၏။ သို့သော်လည်း ယှဉ်ပြိုင်ဟောပြောဖို့ကတော့ စွန့်စွန့်စားစားနှင့် ဝန့်ဝန့်ကားကားဟောရမှာဘဲ၊ ဘယ်လို ပင်ဖြစ်စေ မြင့်မိုရ်တောင်လောက်ကြီးတဲ့ ပညာရှင်ကို ဆီးစေ့မျှပညာဖြင့် တိုက်ခိုက်ရတော့မည်ဖြစ်၍ ပရိသတ်ကြီးနှင့် ဆရာတော်အရှင်များသာလျှင် အဆုံးအဖြတ်ပေးကြပါတော့ဟု ပဏာမပြောလိုပါတယ်။ ခုဟောရမည့်တရားက ဘုရားဟော ဒေသနာမဟုတ်ပါ၍ နူးညံ့သိမ်မွေ့စရာပါမည်မဟုတ်ပါ။ ခက်ထန်မာကြော ကြမ်းတမ်းပါမည်။ နံပါတ်တစ်က (နိုင်ငံတကာ၊ ဟူရာရာ၌၊ အသက်ကိုလှီး၊ သွီးချောင်းစီးမှ၊ (ကိုယ့်မျိုးကိုယ့်ပြည်) ကိုယ့်ဌာနီကို၊ ရလီဖူးထ၊ ဤလောကကသည်၊ အောက်ကျ မခံနိုင်သောကြောင့်) နိုင်ငံရေးဗုဒ္ဓံပူဇေမိဖြစ်၏။ (နိုင်ငံရေးဗုဒ္ဓံပူဇေမိ)ဝမ်းစာစားခွက်၊ တထပ်တွက်ကို၊ တသက်စာထင်၊ ခွီးအမြင်ကြောင့်၊ တိုင်းခွင်သာစည်၊ ငါတို့ပြည်သည်၊ သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွတည်း။ (နိုင်ငံရေးသံဃံပူဇေမိ) ကတော့၊ (လုံ့လရှေ့ခံ၊ လူလျှင်ကြံက၊ နိဗ္ဗာန်မလွတ်၊ လက်ဝါးခတ်သည်၊ စွဲမှတ်ဤစာသေတန်းတည်း)။

ယခု ကျွန်တော်ဆိုပြတာများသည် ရှေးရခိုင်တော်လှန်ရေးခေါင်းဆောင်ကြီး ပညာရှင်ကြီးများမှာကြားခဲ့သော

စာတန်းမှ၊ အချို့မျှကို ရွတ်ဘတ်ပြခြင်းသာ ဖြစ်ပါသည်။ ကျွန်တော့်လို နိုင်ငံကိုစစ်ပွဲဖြင့် မျက်နှာဖြူအင်္ဂလိပ်တို့ လုယူသွား၍ ကျွန်ဖြစ်တာကို ပြန်၍ တိုက်ယူမှရမည်ဟု လမ်းညွှန်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များ လမ်းညွှန်သည် မှန်ကန်သောကြောင့် နောင်လာနောက်သားများ လိုက်နာရပါမည်။

အခန့်သင့်လို့ ဟောပြောတင်ပြရပါမည်။ ဤယခုလမ်းညွှန်မှာ တန်းပြခဲ့သူများမှာ ရခိုင်အာဇာနည်ခေါင်းဆောင်ကြီး (၃)ဦးဖြစ်ပါသည်။ နံပါတ်တစ်က ၁။ မင်းသားရွှေဘန်း၊ ၂။ ဒေးဝန်းအောင်ကျော်ရွှီ ၃။ မြို့သူကြီးအောင်ကျော်ဇံ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများဖြစ်၏။ ကျွန်ဘဝကလွတ်လပ်ဖို့၊ တော်လှန်ဖို့ စည်းလုံးလျှက် တပြည်လုံးကို စည်းလုံးရရှိထားပြီး တိုက်ခိုက်ဖို့အချိန်သတ်မှတ်ပြီး လက်နက်များကိုလည်း ပြင်သစ်နှင့်ပေါ်တူဂီများထံမှ ဝယ်ယူရရှိထားပြီးဖြစ်သည်။ စစ်လျော်ကြေးပေးက မင်းတို့ကို လွတ်လပ်ရေးပေးမည်ဟု လိမ်လည်သောကြောင့်၊ တပြည်လုံးမွှေကန်၊ ငွေမကျန်အောင် စုဆောင်းပေးခဲ့ကြ၏။ နောက်သူတို့ဘဲ ဆက်လက်အုပ်ချုပ်သဖြင့် ဟန်လုပ်စစ်မှုထမ်း၊ အုပ်ချုပ်ရေးမှုထမ်းလုပ်နေခဲ့ကြ၏။ သို့ဖြစ်၍ တော်လှန်ရေးစလျှင်၊ ကုလားနှင့်အင်္ဂလိပ်လူနည်းစုသာ ကျန်၍အားလုံးက တိုက်ခိုက်တော်လှန်ကြမည်ပင်ဖြစ်သည်။ လွတ်လပ်ရေးရဖို့သေချာသလောက်ဖြစ်သည်။ ဤလုပ်ငန်းကို ရခိုင်သစ္စာဖောက် တကျိတ်ခြောက်ယောက်က အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးကို လျှို့ဝှက်သတင်းပေးမှုကြောင့် ခေါင်းဆောင်သုံးဦးကွပ်မျက်ခံရ၍ ရေတိမ်နစ်ကျဆုံး၍ ယခုတိုင်ကျွန်ဘဝရောက်နေပါသည်။ ယခုအချိန်သည် ခေါင်းဆောင်ကြီး ဆရာတော်ဦးစိန္တာနှင့်တကွ လူခေါင်းဆောင်များလည်း ပေါ်ထွန်းလျှက်ရှိကြသည်။ အင်္ဂလိပ်မှာလည်း ကမ္ဘာ့ရန်သူဂျာမနီနှင့် ရင်ဆိုင်တွေ့၍ တိုက်ခိုက်ရမည့်အဆင့်၊ တိုက်ခိုက်နေပြီဆိုကလည်း မှားစရာမရှိ ဦးတည်လျှက် ရှိနေပေပြီ။ ရခိုင်တွေ ညီညီညွတ်ညွတ်ရှိခဲ့ကြလျှင် အိန္ဒိယကလည်း ကျွန်ဘဝကရုန်းထွက်ဖို့ စီစဉ်ပြီးဖြစ်သည်။ တချိန်တည်း ရုန်းထွက်နိုင်ဖို့ကို ကျွန်တော်တို့ခေါင်းဆောင်ကြီး ဦးစိန္တာနှင့်၊ ဦးပညာသီဟ၊ ဦးနာရဒ၊ ဆရာနန္ဒမာလာ၊ ခေါင်းဆောင်ကြီး ဦးသာဇံလှ၊ ဝတ်လုံတော်ရဆရာကြီး ဦးအောင်ထွန်းဦးနှင့် အာဇာနည်လူငယ်ပေါင်းစုံတို့ ညီညွတ်ရေးရရှိထားသဖြင့် ရမ္မာဝတီ၊ မေဃဝတီသို့ ခရီးထွက်လာကြပါသည်။ မေဃဝတီမှ ခေါင်းဆောင်အားလုံးနှင့် သခင်လူငယ်များလည်း၊ ကျွန်တော်တို့ ရခိုင်မျိုးချစ် အာဇာနည်ဦးစိန္တာ အရှင်ဘုရားခေါင်းဆောင်သော ရခိုင်အမျိုးသားကွန်ဂရက်ကြီးသို့ ပါဝင်ကြပါပြီ။ ဘဒွေးကသာက တစ်ဦးသာလျှင် ပါလီမန်တောင်းဆိုဖို့ဝါဒဖြင့် ကျန်ရှိနေပါသည်။ ကျွန်တော်တို့ လူများစု ရခိုင်တောင်ပိုင်း၊ မြောက်ပိုင်းညီညွတ်မှု ရရှိနေပြီဟုဆိုနိုင်သည့်အဆင့် ယခုရောက်ရှိလျှက် ရှိနေပါပြီ။ ဤပရိသတ်လည်း အဖိနှိပ်ခံကျွန်ဘဝလွတ်မြောက်ရေးအတွက် ညီညွတ်မှုယူလျှက် ကျွန်တော်တို့ ကွန်ဂရက်ကြီး ဝင်ရောက်ပါရန် နိုးဆော်လျက် နိဂုံးချုပ်ပါသည်။ (မှတ်ချက်) ဝမ်းစာစားခွက် တထပ်တွက်ကို တသက်စာထင်၊ ခွီးအမြင်ကြောင့်၊ တိုင်းခွင်သာစည်၊ ငါရို့ပြည်သည်၊ သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွာတည့်၊ ဆိုတဲ့စကားကို အဓိပ္ပါယ်ဖော်ရာ၌ လခစားအားလုံးကို ထိခိုက်ခြင်း၊ ပါလီမန်နှင့် အမတ်အားလုံး၏ ဂုဏ်သိက္ခာပါကျဆင်းသွားသည်ကို အဓိကထား၍ ဟောပြောခဲ့၏။ လူစွမ်းပြရာကျပါမည်။ စာရေးသူ၏ဟောပြောမှုဖြစ်၍ အမြွက်မျှဖြင့် နိဂုံးချုပ်ပါသည်။ ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒ၊ နန္ဒမာလာဦးထွန်းစိန်တို့ အဓိကဟောပြောချက် မတင်ပြနိုင်တော့ပြီ။ သို့သော် ဦးစိန္တာနှင့် ဦးပညာသီဟဟောပြောမှုကို တော့ သမိုင်းတင်၍ဖော်ပြရပါမည်။ နှစ်ပေါင်း ၄၅နှစ်က ဖြစ်၍ မှတ်တမ်းမှတ်ရာကိုလည်း မှီငြမ်းမပြုနိုင်ဘဲ ပြန်လည်၍ မှတ်မိသမျှကို အမြွက်မျှဖော်ပြခြင်းဖြစ်ပါသည်။ ထိုစဉ်က ထိုတရားပွဲမှာ စိတ်ထက်သန်မှုကြောင့်လားမသိ၊ ခရားကရေထွက်လာသလိုပင် နောက်လိုက်ခေါင်းဆောင်များ စကားလုံးပြောင်ခဲ့ကြပါ၏။ လူထုကလည်း ဩချက်လျက် သဘောပေါက်ခဲ့ကြလေသည်။

ရခိုင်ပြည်တော်လှန်ရေးခေတ်အဆက်ဆက်ကို တာဝန်ယူလျှက် ခေါင်းဆောင်ခဲ့သောဆရာတော်ကြီး ဦးစိန္တာမှာ သိမ်မွေ့နူညံ့သည့်ပုဂ္ဂိုလ်ပင်ဖြစ်သဖြင့် သိမ်သိမ်မွေ့မွေ့ ဧလေူလူပင် စကားပြောဟောပါသည်။

သဘာပတိဆရာတော်ကြီးအား ဂါရဝပြုလျက် ကြွရောက်လာကြသော ရဟန်းပုဂ္ဂိုလ်နှင့် တကာတကာမများ အပေါင်းတို့။ ယခု ဦးပဥ္စင်းတို့အနေနှင့် လမ်းညွှန်လမ်းပြအဖြစ် ဟောမည့်တရားသည်၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာဖြစ်သော ဘုရားရှင်ကိုယ်တော်မြတ်တရားစစ်စစ်များ မဟုတ်ပါ။ သို့သော်လည်း သာသနာတော်ကြီး တည်တံ့တိုးတက်ဘို့ရာမှာ သာသနာရက္ခိတဖြစ်သော ရဟန်းတော်များ၌ တာဝန်ရှိပါသည်။ ဤရဟန်းတော်များသည် သာသနာ့တာဝန်ထမ်းဆောင်ရာတွင်၊ ပစ္စည်းလေးပါးကို မှီခိုရပါသည်။ ပစ္စည်းလေးပါးမှာ လူပုဂ္ဂိုလ် တကာတကာမများ၊ ကြီးပွားချမ်းသာမှ ပြည့်စုံနိုင်ပါသည်။ ယခုခေတ်အချိန်အခါမှာ ဗြိတိသျှအစိုးရနှင့် ၎င်းတို့လက်ပါးစေ၊ မြေရှင်ခနရှင်စနစ်ဆိုးကြောင့် ဗုဒ္ဓဘာသာရခိုင်လူမျိုးအများစု၊ လယ်သမားဆင်းရဲသားများမှာ၊ မသေထမင်း၊ မသေဟင်းမျှ ဆင်းရဲပင်ပန်းစွာ အသက်မွေးမြူကြရပါသည်။ ဆန်စပါးလုပ်ငန်းကို နေပူမိုးရွာမရှောင် တစ်နှစ်ပါတ်လုံး လုပ်ခဲ့ကြပါသော်လည်း ကျွန်အုပ်ချုပ်ရေးစနစ်ဆိုးကြောင့် တလင်းပြင်သာကျန်ရစ်သည်။ ဒါနှင့်လည်း မကျေနပ်ကြသေးပါ။ နွား၊ ကျွဲ၊ လယ်မြေ၊ ဥယျာဉ်များကို နိုင်ထက်စီးနင်း သိမ်းယူကြသည်။ တရားရုံးနှင့် ဥပဒေများသည်လည်း ခနရှင်မြေရှင်တို့၏ အကြိုက်မားမားရပ်လျက်ရှိသည်မဟုတ်ပါလော။ အကျယ်

တဝင့်တင်ပြစရာများလည်း မရေတွက်နိုင်ပါဘူး။ ကျေးရွာလူထုလက်တွေ့နာကျဉ်းခံပြင်းစွာဖြင့် ခံလျက် ယခုဆိုလျှင် ကျွန်သက်နှစ်ပေါင်း ရာကျော်ခဲ့ပါပြီ မဟုတ်ပါလော။

ဤကဲ့သို့ ကျွန်စနစ်နှင့် ကျွန်ဘဝကလွတ်မြောက်နိုင်စရာမရှိဟု အတတ်ပညာ၊ အသိပညာမရှိကြသောတကာ၊ တကာမများ ထင်နေရကြတာကို ဦးပဥ္ဇင်းအပြစ်မဆိုပါ။ ဦးပဥ္ဇင်း၊ ဗုဒ္ဓဘုရားရှင်စကားတစ်ခုနှင့် တွဲတင်ပြပါမည်။ လောက၌ ခပ်သိမ်းသောအရာသည်၊ နိစ္စနိမဟုတ်၊ မမြဲအနိစ္စဆိုတာကို ဗုဒ္ဓဘာသာရှင်လူရဟန်းတော်များ ယုံကြည်ပြီးဖြစ်သည်။ ဒါဖြင့်လျှင်၊ ဗြိတိသျှမျက်နှာဖြူနှင့် ၎င်းတို့၏လက်ပါးစေတွေ၏ ဖိနှိပ်မှုသည်၊ တစ်ကြိမ်၌ အနိစ္စမဖြစ်နိုင်ပါသလော၊ ဤကဲ့သို့ အနိစ္စဖြစ်ဘို့ အခြေအနေတွေ အများပင်ရှိ၏။ ဦးပဥ္ဇင်းတို့၏ တပည့်ငယ် ပညာတတ်ကလေးများ တင်ပြဟောပြောသွားတာ၌ အင်္ဂလိပ်မှာ ရန်သူတွေဝိုင်းနေပြီ ဆိုသည်မှာ အမှန်ဖြစ်သည်။ ဂျပန်၊ ဂျာမနီ၊ အီတလီတို့လက်နက်နိုင်ငံများ ရန်မူဘို့ မဟာမိတ်ဖွဲ့ထားပြီး တစ်စတစ်စ လုယက်တိုက်ခိုက်လာသည်။ အလျော့ပေးနေရပြီ။ မကြာခင်ဘဲ၊ ကယ်ပါ၊ ကူပါဟု တစာစာ အော်ရတော့မည်။ ယခင်ပထမကမ္ဘာစစ်ကလည်း အိန္ဒိယနှင့် မြန်မာနိုင်ငံမှ လူအား၊ ရိက္ခာအား ငွေအားကူညီခဲ့၍ ၎င်းတို့နိုင်သွားခြင်းဖြစ်သည်။ လူမပါဘဲ လက်နက်က မနိုင်ဘူး၊ လူသည် ရိက္ခာမရှိဘဲ အသက်မရှင်နိုင်၊ ထ၍မတိုက်ဆိုတာကို ရှင်းပြစရာလိုမည်မထင်ပါ။ သို့ဖြစ်ပါ၍ ရခိုင်အမျိုးသား ဗုဒ္ဓဘာသာဝင်များ ညီညွတ်ကြပါ။ ကျွန်မခံလိုသောစိတ်ဖြင့် တစ်ခုတည်းသော အဖွဲ့အစည်းထဲသို့ ပါဝင်၍ထားဘို့၊ ညီညွတ်ရေးဖြစ်ရှိနေဘို့၊ ဤအချိန်ကို ဘာမဟုတ်တဲ့ ကြောက်စိတ်၊ အထင်ကြီးတဲ့ စိတ်ဓါတ်များပယ်ထုတ်ပစ်၍ ရှေ့ရခိုင်အာဇာနည်များ၊ စိတ်ဓါတ်ကို အတုယူလျက်၊ မျိုးချစ်များဖြစ်လာဘို့ အချင်းချင်းညီညွတ်မှုရလျက် ကျွန်ဘဝမှ နည်းလမ်းအမျိုးမျိုးနှင့် ရုန်းထွက်ဘို့၊ အကယ်၍ကူပါ၊ ကယ်ပါ၊ ဆိုက မကူဘဲ နေကြဘို့နှင့် လိုအပ်ခဲ့၍ အကြောင်းသင့်လျှင် ကိုလိုနီတောင်ကြီး ဖျက်ဆီး၍၊ လွတ်လွတ်ကျွတ်ကျွတ်၊ မိမိတို့ပါလီမန်၊ မိမိတို့သမတဖြင့် ဖြစ်လာနိုင်အောင် ကြိုးစားကြဖို့၊ ကမ္ဘာမှာ ကျွန်ဘဝက ရုန်းထွက်သော နမူနာများရှိပါသည်။ ငါတို့ကို အုပ်ချုပ်သော အင်္ဂလိပ်များဟာ၊ ယခင်က ရောမ၊ ယခု အီတလီကျွန်တွေပင် ဖြစ်ခဲ့သည်။ ယခုခေတ် ငါတို့ကို အနိုင်ကျင့်၍ သခင်လုပ်နေပြီ၊ ဤသည် စံနမူနာတစ်ခုဖြစ်၍ တက်ကြွနိုးကြားကြစေလိုပါသည်။

အနာမသိ ဆေးမရှိပြီး မှိုင်၍၊ ငိုင်၍ နေကြသည့်တကာ တကာမများကို နိုးဆော်တိုက်တွန်းရန် တာဝန်ကြီးရှိနေသဖြင့် ဦးပဥ္ဇင်းတို့ အေးအေးမနေထိုင်ဘဲ နေ့မအား ညမအား ကြိုးစားနေကြခြင်း ဖြစ်ပါသည်။

ဦးပဥ္ဇင်းကတိ တာဝန်တစ်ခု ပြုရပါသည်။ ရခိုင်တွေညီညွတ်လျှင် ဤခေတ်မှာ မုချကျွန်ဘဝကလွတ်မည်ဟု ကတိပြု၍ နိဂုံးချုပ်ပါသည်။ နာယကဆရာတော်ကြီးအသံ၌ သြဇာရှိသော၊ ဂရုဌာန်ပါခြင်း၊ အမူအရာသိမ်မွေ့ပေမဲ့၊ စကားလုံးတွေ၌ ယုတ္တိရှိခြင်း၊ အသက်ဝင်ခြင်း၊ ဆွဲဆောင်မှုပါဝင်ခြင်းတို့ကြောင့် အားလုံးလူထုပရိသတ်သည် ဆရာတော်၏ ဘက်ကိုလိုက်နာဘို့အတွက် တရားဆုံးသည်နောက်ပိုင်းမှာ ဆုံးဖြတ်ပြီးဖြစ်သွားခဲ့၏။

## ဆရာတော် ဦးပညာသီဟ ဟောပြောခြင်း

ဤဆရာတော်မှာ အလွန့်အလွန်တက်ကြွသည်။ မင်းသားကြမ်း၏ဆွဲဆောင်မှုမျိုး၊ ဒါးဆွဲထွက်တိုက်ဝန့်အောင်၊ ရဲသွေး၊ ရဲမာန်ဖြစ်လာခြင်းများ၊ သက်ဝင်လှုပ်ရှားလာနိုင်အောင် ဟောပြောနိုင်စွမ်းရှိ၍၊ ပရိသတ်များမှာ ဆရာတော်၏ စကားထဲ၌ ပါသွားနိုင်အောင်ပင် ဆွဲဆောင်နိုင်မှု အပြည့်အဝရှိပါသည်။ တကဲ့တကယ်ရဲရဲတောက် အာဇာနည်သွေးရှိနေသဖြင့်၊ နာကြားသူများပင်လျှင် ထိုပုဂ္ဂိုလ်ကဲ့သို့ ရဲရဲတောက်စိတ် ဖြစ်သွားကြရသည်။

ဆရာတော်သည် ပရိသတ်ကို အကဲခတ်တတ်သည်။ ထလျှင်ပင် သဘာပတိကို ဦးတိုက်မှု၊ ရဟန်းတော်များကို ပန်ကြား၍၊ ဒါယိကာမ၊ ဒါယကာတို့၊ ဦးပဥ္ဇင်းအလှည့်ကိုရောက်လာပြီဖြစ်၍၊ ဦးပဥ္ဇင်းဟောပြောမှုကို ကြားနာရပြီးနောက်တွင် လူသစ်စိတ်သစ်နှင့် မျိုးချစ်အာဇာနည်များ ဖြစ်လာကြရမည်မှာ အမှန်ဟု ဦးပဥ္ဇင်းတာဝန်ယူဝန့်ပါသည်။ ဦးပဥ္ဇင်းအဟော အပြောကောင်း၍ဟု မဆိုလိုပါဘူး။

ယခင် ဦးပဥ္ဇင်းရှေ့ဟောလာခဲ့သော နာယကဆရာတော်ကြီးက လမ်းဖွင့်သွားပြီဖြစ်၍ ဦးပဥ္ဇင်းကတော့ ခပ်ပြင်းပြင်းပင် လျှောက်သွားနိုင်ပါပြီ။ ဒါယကာ၊ ဒါယိကာမအပေါင်းတို့၊ သင်တို့ဘဝကို ပြန်လည်စဉ်းစားကြပါ။ ဘဝတသက်တာမှာ ဝတ်ချင်သလိုမဝတ်ရ၊ စားချင်သလို မစားရဘဲ၊ သားသမီးတို့အားလည်း မိဘဝတ္တရားအရ ခေတ်ပညာကို မသင်ပေးနိုင်ခြင်းကြောင့် သားစဉ်မြေးဆက် နစ်နာဆုံးရှုံးမှုရှိနေကြရ၏။ ဤဘဝကို ဆက်လက်ငြိမ်ခံနေကြမလား၊ ဝက်သားတုံးကြီး၊ ဒူးခေါင်းလောက် သူများစားတာ မြင်ဖူးပါရဲ့၊ ဆိုသလို ထောပတ်ထမင်း၊ ကြက်သား၊ အဆီစားသည့်လူတန်းစားများ မြင်ခဲ့ပါလျှင် သူတို့မှာ ရှေ့ဘုန်းရှေ့ကံကြောင့်ဟုပင်၊ ငါတို့ကံမကောင်းဟု မှတ်ချက်ချရသည်မှာ အကြိမ်ကြိမ်ဖြစ်ခဲ့၏။ ဒါတွေလုံးဝမမှန်ဘူး၊ တကယ့်တကယ်အမှားများပင်ဖြစ်သည်။ ဦးပဥ္ဇင်းသိထားတာအများကြီးပင်၊ ဒါပေမဲ့ တစ်ခုတည်းသာ ရှင်းပြမည်။ နေပူမရှောင်၊ မိုးရွာမရှောင် တနှစ်ပတ်လုံး လုပ်ခဲ့၊ စပါးကိုရောင်းလျှင်တော့၊ ဝယ်တဲ့လူက ဈေးနှိမ်၍ပေး၏။

ဝယ်သူပေးသောဈေးနှင့်ဘဲ ရောင်းချရကြ၏။ ဤသည်မှာ သဘာဝမကျဆုံး၊ ကမ္ဘာ့အစဉ်အလာမဟုတ်ဘူး၊ ရွှေတွေ၊ ငွေတွေ၊ အထည်အဝတ်များနှင့် အစားအစာများကို တကာတကာမတို့ဝယ်ဖူးကြသူတွေချည်းဖြစ်လျှက်နှင့် သင်တို့ဝယ်ယူသည့်အခါ ဒီပစ္စည်း ဘယ်ဈေးကျပါသလဲ မေးရခြင်း၊ ပစ္စည်းရှင်တောင်းသည့် ဈေးနှင့်ဝယ်ယူရခြင်း၊ ဈေးဆစ်ကလည်း ၎င်းကလျော့ပေးလျှင်ပေး၊ မပေးလျှင်ဘုရင်ဖြစ်လင့်ကစား၊ ပေးချင်သလို ပေး၍မရပါဘူး။ ဝယ်သူမပြဋ္ဌာန်းနိုင်ပါဘူး။ ယခုတော့ အသက်သခင်ဖြစ်သည့်ဆန်စပါးကို ရောင်းပါလျက်၊ မိမိတို့က ဘယ်ဈေးနှင့်ရောင်းမည်ဟု မတောင်းနိုင်ပါ။ ဝယ်သူကပေးသောဈေးနှင့်ရောင်းရ၏။ ရသောငွေနှင့်လိုအပ်သောပစ္စည်းများကို ဈေးထဲ၌ဝယ်ရာတွင် ပေးချင်သလိုပေး၍မရ၊ တောင်းသလောက် ပေးရသည်ကိုသိပြီး၊ မငြင်းနိုင်သောအချက်ပင် ဖြစ်သည်။ ရောင်းစဉ်ကလည်း နစ်နာ၊ ဝယ်ရာ၌လည်း နစ်နာတဲ့၊ မိအေးနှစ်ခါနာတဲ့ လယ်သမားများ ဆင်းရဲရတာ ကံကြောင့်မဟုတ် အလိမ်ခံရ၍ဖြစ်သည်။ ဤလိမ်နည်းသည် ဗြိတိသျှမျက်နှာဖြူ အင်္ဂလိပ်၏ဖောက်ပြန်သောဥပဒေ၊ ကျင့်ဝတ်ပင်ဖြစ်သည်။ မြေရှင်ခနရှင်တွေ ဖြစ်တာလည်း သူများလယ်အတင်းလုယူတဲ့ နှစ်ထပ်တိုးစံနစ်၊ စပါးပင်ထောင်ဈေးနှိမ်ဝယ်စနစ်ကြောင့် ဖြစ်လာခြင်းပေတည်း။ ဒါးပြတိုက်တာ၊ ခိုးတာတွေတရားဝင်နေ၍ တကာ၊ တကာမများသည် ကျေးရွာလယ်သမားတွေမှာ၊ နွား၊ ကျွဲနှင့်တကွ၊ အင်္ဂလိပ်လက်ပါးစေများကိုလုပ်ကျွေးဘို့လူဖြစ်လာသလို မဟုတ်လား။

အဲဒါကြောင့်၊ မိမိပစ္စည်းကို၊ လုယူသူတွေကို ရန်သူတွေဖြစ်၍ ပြန်တိုက်ယူဘို့ကိစ္စမှာ မညီညွတ်နိုင်ကြဘူးလား၊ မရဲရင့်ဝန့်ကြဘူးလား၊ သတ္တိမရှိကြဘူးလား၊ ယောကျ်ားဆိုပြီး မိန်းမလျာတွေလားဟု မိမိကိုယ်ဆန်းစစ်သတ္တိသွေးရှိကြပါ။ အုပ်ချုပ်သူသည် အုပ်ချုပ်ခံရှိနေသမျှ စားသာနေမှာဘဲ၊ မခံ၍တော်လှန်ပြီဆိုလျှင် လူနည်းစုကို လူများစုက နိုင်မှာမသေချာဘူးလား။ တကာတို့ စောဒကတက်စရာတစ်ခုက ရှိပါ၏။ လက်နက်မဲ့ဖြစ်၍ ခံရသည်ဆိုမည်၊ ဒါလဲမမှန်၊ လက်နက်ကိုင်တွေဟာ အင်္ဂလိပ်တွေမဟုတ်ဘူး၊ ကုလားနှင့်ရခိုင်မြန်မာတွေသာ ဖြစ်သည်။ မျိုးချစ်အာဇာနည်ဖြစ်လာလျှင် ၎င်း၊ သို့မဟုတ် ကုလားတွေဟာ၊ ကွန်ဂရက်ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီစည်းရုံးညီညွတ်မှုဖြစ်သွားလျှင် ရခိုင်တွေအားလုံး သခင်စိတ်ရှိ၍ ငါတို့အစည်းအရုံးဝင်ဖြစ်သွားလျှင် ဘယ်သူနှင့်အုပ်ချုပ်မှာလဲ၊ ဤမေးခွန်းသည်အမှန်ပင်ဖြစ်သည်။

သို့သော်လည်း ယခုအချိန်မှာ ဆင်းရဲသားလယ်သမားထု ညီညွတ်လျှင် အင်္ဂလိပ်နှင့် လက်ပါးစေများကို တိုက်ထုတ်ပစ်နိုင်မှာပဲ။ (အဲဒါကြောင့် ဗုဒ္ဓ၏သားတော် မန်လယ်ဆရာတော်က) ကံဟုမူလ၊ သမ္ဘဒ္ဒက ညွှန်ပြသည်မှာ၊ အရင်းသာတည်း။ ဉစ္စာ၊ ပေါဝ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်မှာ၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နိုင်းဆအပ်တုံ၊ ကံကိုယုံလည်း၊ မီးပုံအတွင်း၊ မဆင်းအပ်ရာ၊ ကျားရဲရာမှာ၊ ကြမ္မာကြောင်း၊ မယိုးကောင်းတည်း)။ ဟု ဖော်ညွှန်းခဲ့သည်ကို သတိမူကြပါ။

ဩော်၊ တကာ၊ တကာမတို့ လာမည့်ဘေးကို ပြေးတွေ့၊ ငရဲတမျှ အနှိပ်စက်ခံနေရသော ဤဘဝမှလွတ်မြောက်ရေးအတွက်(ဝါ) သားစဉ်မြေးဆက်မခံရဘို့ အတွက် မျိုးချစ်စိတ်ဓါတ်ဖြင့်၊ ရဲရဲရင့်ရင့်ရှိကြပါ။ နိုးနိုးကြားကြား ရှိကြပါ။ တညီတညွတ်ရှိကြပြီး၊ ကျွန်ဘဝမှလွတ်မြောက်ရန် ကြိုးပမ်းနေသော ဦးပဥ္စင်းတို့၊ အမျိုးသားကွန်ဂရက်ထဲသို့ (ဝါ) ရခိုင် (သခင်ဝါဒ) အဖွဲ့ထဲပါဝင်ကြပါဟု ဩဝါဒပေး၍ နိဂုံးချုပ်ပါသည်။ အမှန်မှာဆိုလျှင် ဤဆရာတော်ဟောကွက်ကို မှတ်မိ၍ အခြေခံရေးရခြင်းဖြစ်သဖြင့် ဤပုဂ္ဂိုလ်များဟောစဉ်အချိန်ကာလ၊ ထိုပုဂ္ဂိုလ်များစိတ်ဓာတ်၊ ကြွယ်ဝသောဗဟုသုတ၊ တိုက်ပွဲဝင်စကားများမှာ အလွန်အလွန်ပြောင်မြောက်ခဲ့ပါ၍ ရေးထားသည့် ၁၀ပုံ ၁ပုံခန့်သာ အရသာပေါ်ပါတော့၏။ ရခိုင်တောင်ပိုင်း ပါလီမန်အမတ်ကြီး ကသာက ဦးဘိုးမြ၏ ဩဇာအရှိန်သည် ဤတရား၏နောက်ပိုင်းမှာ တစ်စတစ်စမှေးမှိန်သွားစေခဲ့ပါသည်။ သခင်လှအောင်ခေါင်းဆောင်သည့် မေဃဝတီမာန်အောင်မြို့နယ်နှင့် ရမ္မာဝတီရမ်းဗြဲမြို့၌လည်း သခင်ဘဟန်နှင့် သခင်ဘိုးနွယ်တို့ တော်လှန်ရေးခေါင်းဆောင်ငယ်များ ပေါ်ထွန်းလာသဖြင့် ရခိုင်အမျိုးသားကွန်ဂရက်ဩဇာနှင့် ဦးစိန္တာ၊ ဦးပညာသီဟတို့ ထင်ရှားကျော်ဇောမှုက လွှမ်းမိုးသွားပြီး နိုးကြားတက်ကြွသောအရှိန်အဟုန်ကြီးကျယ်လာပြီး တော်လှန်ရေးအင်အားဖြစ်လာခဲ့သည်။ ရခိုင်အမျိုးသားကွန်ဂရက် ညီလာခံသို့လည်း တိုက်နယ်ပေါင်းစုံမှ လယ်သမားကိုယ်စားလှယ်ထုနှင့် မြို့နယ်မှသခင်လူငယ်များ လယ်သမားထဲမှ ခေါင်းဆောင်များ ရွေးချယ်ထားကြပြီးလျှင် ညီလာခံကို အကြိုစောင့်စားနေကြသည်။

ဤတွင် ယခင်က နိုးကြားပြီးဖြစ်သော အမာခံနယ်များ၌ ငွေစုခြင်း၊ ရိက္ခာစုခြင်း၊ တပ်ပေါင်းစုံချီတက်ဘို့၊ တညီသောဝတ်စုံ၊ ခမောက်၊ အလံတော်များ၊ ဗဟိုကော်မတီသို့ ကိုယ်စားလှယ်များ၊ ဆပ်ကော်မတီခွဲသို့ ထိုက်သင့်သူများကိုရွေးချယ်စေလွှတ်ဘို့ ဆုံးဖြတ်သော၊ ညီလာခံအကြိုလုပ်ငန်းများ၊ နေ့တိုင်းရက်တိုင်း နေ့မအား ညမအား ကြိုးစားအားထုတ်နေကြပါသည်။ သခင်လူငယ်များမှာဆိုပါလျှင် နယ်တကာသို့ အနှံ့အပြားထွက်၍၊ ညီလာခံအကြိုလုပ်ငန်းအတွက်၊ ဟောပြောစည်းရုံးခြင်း၊ စီမံကိန်းချမှတ်ခြင်း၊ ညီလာခံအစီအစဉ်မှာ၊ ချီတက်၍လာသောလယ်သမားတပ်စု၊ အလုပ်သမားတပ်စု၊ အမျိုးသမီးတပ်စု၊ လူငယ်ကျောင်းသားတပ်များကို နေရာချထားကျွေးမွေးဘို့ ထမင်းထုပ်ကိစ္စ၊ ကုတိုးပို့ဖို့လှေများ၊ စီစဉ်ရေး

ကိစ္စတို့ပါဝင်သည်။ ဗဟိုသို့ ဆန်၊ ရိက္ခာနှင့်၊ ဟင်းသီးဟင်းရွက်များ၊ ငပိ၊ ငါးခြောက်၊ ဆားများပို့ဆောင်ရေး၊ အထွေထွေလုပ်ငန်းစဉ်များ ပါဝင်ကြပါသည်။ မြေရှင် မနရှင်၊ ဗျူရိုကရက်များကလည်း၊ ညီလာခံပျက်စီးအောင် ဘမ်းဆီးဘို့၊ ထောင်ချဘို့၊ သေနတ်ဖြင့် ပစ်သတ်ခံရဘို့ တီးတိုးဝါဒဖြန့်လျှက် ခြိမ်းခြောက်ကြပါသည်။ မှတ်ချက်(ထိုသို့ ခြိမ်းခြောက်ခြင်းသည် အရာမထင်သည်သာမဟုတ်၊ ပိုမိုလျှက်တက်ကြွလာအောင် ဖန်တီးရာရောက်ရှိသွားပါသည်။ အသေခံ၍ တိုက်ပွဲဝင်ပြလိုက်မယ်ဆိုတာမျိုး၊ မြေရှင်အရင်းရှင်တို့ လူမဆန်မှုတွေကို အစည်းအဝေးတိုင်းဖွင့်ထုတ် ဟောပြောခြင်းတွင် အမျိုးသမီးများပင် ဟောပြောဝန့်လာကြပေပြီ။ အလွန်အားရစရာပါဘဲ။

## ၂၂။ ပထမဆုံးသောရခိုင်အမျိုးသား ကွန်ဂရက်ညီလာခံကို နာယကဆရာတော် ဦးစိန္တာကြီးမှူး၍ ကျင်းပ ပြုလုပ်ခြင်း။

၁၉၃၉-ခု၊ မတ်လတွင် စစ်တွေခရိုင်ပေါက်တောမြို့၌ ညီလာခံကြီးတစ်ခုကို ကျင်းပပြုလုပ်ဘို့အတွက် အနယ်နယ်မှ ပြည်သူ့ကိုယ်စားလှယ် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှာပါဝင်သော ပုဂ္ဂိုလ်များ ရောက်ရှိလာကြပြီးလျှင်၊ ညီလာခံအကြိုလုပ်ငန်းအတွက် စီစဉ်ခဲ့ကြပါသည်။ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ ဇာတ်ပွဲများအတွက် ရုံဆောက်ကြခြင်း၊ အစည်းအဝေးကျင်းပမည့် ဗဟိုမဏ္ဍပ်ကြီးနှင့် အနယ်နယ်မှလာကြသော ကိုယ်စားလှယ်နှင့်အလုပ်သမား၊ လယ်သမား၊ လူငယ်အမျိုးသမီးတို့ နေထိုင်တဲခိုရန်၊ ဧည့်ခံမဏ္ဍပ်များ၊ ချက်ပြုတ်ရေးမဏ္ဍပ်များ၊ ကျွေးမွေးရေးမဏ္ဍပ်နှင့်၊ ကော်မတီအရပ်ရပ်တို့နေထိုင်ရန် စီမံခန့်ခွဲရေးမဏ္ဍပ်များ၊ သံဃာတော်များအတွက် သီးခြားမဏ္ဍပ်များကို တစ်လကြိုတင်၍ စည်ကားစွာ အားကြိုးမာန်တက်၊ ပျော်ပျော်ရွှင်ရွှင်ပြုလုပ်လျက် ရှိနေခဲ့ကြ၏။ စားနပ်ရိက္ခာများစာရင်းနှင့် လာသမျှကို လက်ခံသိုလှောင်ကြသည့်လုပ်ငန်း၊ အိုးခွက်၊ မိုးပြဒယ်ကြီးများ၊ စုဆောင်းသိုလှောင်ကြ၊ စောင့်ရှောက်သူများကို၊ တာဝန်ခွဲခန့်ထား၊ ချက်ပြုတ်ရေးကော်မတီ၊ ရိက္ခာစုဆောင်းရေးကော်မတီ၊ ဆက်သွယ်ရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီတစ်ခု၏လက်အောက်၌ လုပ်ငန်းဆောင်ရွက်မည့် ဆပ်ကော်မတီငယ်များ လေးငါးခုစီ အစီအစဉ်ချမှတ်သည့်လုပ်ငန်း၊ အထူးသဖြင့် ဧည့်ခံရေး၊ နေရာချထားရေး၊ စောင့်ရှောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျွေးမွေးရေးကို အမြော်အမြင်ရှိ၍ ကျွမ်းကျင်သူများ ပါဝင်စေပြီး၊ ဖွဲ့စည်းထားရှိကြပါသည်။ အဖျက်သမားဘေးအန္တရာယ်မှ ကျော်လွှားနိုင်ရေးအတွက်လည်း၊ ထောက်လှမ်းရေးလူငယ်များ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဌာနကြီးများသို့ သိစေရန် အရေးယူဆောင်ရွက်ရေးအဖွဲ့ငယ်များကို စနစ်တကျ ဖွဲ့စည်းထားကြရပါသည်။ ညီလာခံကြီးမလုပ်ဘူးကြပေမဲ့၊ ညီလာခံငယ်များ၊ ပွဲလမ်းသဘင်များ၊ ကြီးကျယ်စွာတာဝန်ယူ လုပ်ခဲ့ကြသော အစဉ်အလာကြောင့် ခက်ခက်ခဲခဲ မဖြစ်ကြပါ။ အားလုံးတာဝန်ရပ်များကို တက်တက်ကြွကြွနေရာတိုင်း လှုပ်ရှားဆောင်ရွက်လျက်၊ စက်ယန္တရားသဖွယ် လည်ပတ်နေပါသည်။ ထိုခေတ်တွင် အလွန့်အလွန်အရေးအကြီးဆုံး အမျိုးသားတာဝန်တစ်ရပ်ဟု အားလုံးကော်မတီများနှင့် လူတိုင်းလူတိုင်း တာဝန်ကိုယ်စီကို မိမိအသိဖြင့် တာဝန်ကို ခံယူပြီးလျှင် ပတ်ဝန်းကျင်ကူညီမှုကိုလည်း ချွင်းချက်မရှိရရှိကြပါသည်။ နာယကဆရာတော်ကြီးသုံးပါးတို့ ဩဇာအရှိန်အဝါလည်း အလွန်ကြီးပါသည်။ ထိုပုဂ္ဂိုလ်ကြီးများလည်း မအိပ်မနေ၊ နေ့မအား၊ ညမအား၊ ကွပ်ကဲလမ်းညွှန်လျက် ရှိခဲ့ပါသည်။ ဦးပညာသီဟဆိုလျှင် ခတ်တိုင်းငံသည်ဟုဆိုရလောက်၊ နယ်တကာ၊ ရွာတကာရောက်လိုက်၊ ဗဟိုသို့လာလိုက်နှင့် တပည့်တစုနှင့် ချားရဟတ်လည်သလို လှုပ်ရှားနေကြောင်းကို တွေ့ရှိခဲ့ရပါသည်။

ဤညီလာခံသို့ ကိုယ်စားလှယ်တက်ရောက်ရန် ဒို့ဗမာအစည်းအရုံးသို့လည်း ဖိတ်ကြားထားသည်။ အခြားအကျော်အမော်မျိုးချစ်ပုဂ္ဂိုလ်တို့ကိုလည်း ဖိတ်ကြားခဲ့ပေသည်။ ရခိုင်တပြည်လုံး ရပ်တိုင်းရွာတိုင်း၊ လူတိုင်းညီလာခံကြီးသို့ ညီလာခံကြီးသို့ ဆိုတဲ့စကားများ မိုးမွှန်အောင်ပြောဆိုခဲ့ကြသည်။ မြို့နယ်တိုက်နယ်တိုင်းမှာ တူညီဝတ်စုံများ၊ ခမောက်ပုံတူများဆောင်းလျှက်၊ လယ်သူမအမျိုးသမီးတပ်ဖွဲ့၊ လူငယ်အလံကိုင်တပ်ဖွဲ့၊ ချီတက်ကြဖို့ အစီအစဉ်လုပ်နေကြသည်မှာလည်း တသက်မှာတခါကြုံဘူး ဆိုသကဲ့သို့ပါဘဲ။ လူထုတက်ကြွလှုပ်ရှားမှုကို ဘယ်အချိန်နှင့်မှမတူအောင်ပင်ဖြစ်သည်ဟု မှတ်ချက်ချနိုင်ပါသည်။ မှတ်ချက်။ ။ သခင်မျိုးဟော့ ဒို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ၊ ကြွေးကြော်သံများ၊ ယောကျ်ား၊ ယောကျ်ား၊ ဒါးသွေး၊ ဒါးသွေး၊ မိန်းမ၊ မိန်းမ၊ အားပေး၊ အားပေး၊ အသက်သွေးခဲ ပြည်နှင့်လှဲ၊ စသည့်ကြွေးကြော်သံများ၊ တလ၊ လခွဲကပင် နေ့တိုင်းတန်းစီလျက် သင်ကြားထားရှိကြ၏။ ကာလဒေသ၊ ပုဂ္ဂလကိုက်ညီနေသည်ဟုပင် ဆိုရပါတော့မည်။ ရုပ်ရှင်ဖြင့်မှတ်တမ်းတင်၍ ပြလိုက်ချင်ပါဘိ။ ဤသို့ပင် စာရေးသူ၏ စိတ်၌ခံစားမိပေသည်။

ထိုအချိန်မှာ (အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရှေးထုံးစဉ်လာ၊ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သူ၊ ဘိုးဘွားဘီဘင်၊ ဒို့မွေ၊ ဒို့ပြည်၊ ဒို့မြေ)စသောတေးခြင်းလည်း နေရာတိုင်းမှာသီဆိုကြသည်။ ထိုနောက် (သစ်တောနှင့်ရေနံမြေအလီလီ၊ ဗမာလက်ဝယ် ချုပ်ချယ်ယူကြသည်။ ပတ္တမြား၊ ကျောက်သံ၊ စပါး၊ ကောက်နှံဟသမျှကို၊ လူမျိုးခြားက လက်ဝယ်

ကိုယ်စီ၊ ယူသန္တရာလုပ်တော်မူကြသည်) စသည်များပေါ်ပေါက်လျက် သွေးဆွပေးထားသလိုဖြစ်ခြင်း၊ ရခိုင်အာဇာနည်များမှာတန်းအချို့ကလည်း သွေးကြွစရာဖြစ်ခြင်း၊ (နိုင်ငံတကာ ဟူရာရာ၌၊ အသက်ကိုလှီး၊ သွီးချောင်းစီးမှ၊ ကိုယ့်ကျိုးကိုယ့်ပြည်၊ ကိုယ့်ဌာနေကို၊ ရလေဘူးထ၊ ဤလောကကသည်၊ အောက်ကျမခံနိုင်သောကြောင့်) (လုံးလရှေ့ခံ၊ လူလျှင်ကြံက၊ နိဗ္ဗာန်မလွတ်၊ လက်ဝါးခတ်တည်း)တို့ကလည်း တက်ကြွလာဘို့အတွက် အထောက်အကူဖြစ်၍ ခေတ်စားခဲ့ပါသည်။ ဤသည်မှာ ရခိုင်လူကြီး၊ လူငယ်ဟောပြောသူများ၊ လက်ကိုင်စကားများဖြစ်၍ လူထုထဲသို့ပါ ရောက်ရှိနေပြီတည်း။ ယခုရရှိခံစားနေကြသော လွတ်လပ်ရေးသည် ထိုအချိန်က သွေးဖြင့်၊ ချွေးဖြင့်တည်ဆောက်ခဲ့ကြောင်းကို ဤတွင်တစ်ချက် နောင်လာနောက်သားများ သိကြစေလိုသည်။ ဤကဲ့သို့ စေတနာသန့်သန့်ဖြင့် ကြိုးစားဆောင်ရွက်နေသည်ကို ဟိုကျွန်ခေတ်က၊ လူထုကြီးမှာ၊ သင်တို့၏ဘိုးဘေးမိဘပြည်သူပင် မဟုတ်ပါလော။ ဂုဏ်ယူကြပါ။ ကျေးဇူးကန်းသော ခွာရာတိုင်းသော ဓလေ့ဆိုးများဖြင့် မာန်မာနမတက်ကြပါနှင့်၊ သင်တို့နှင့်ထိုလူ၊ ထိုပုဂ္ဂိုလ်တို့စိတ်ဓာတ်သည် ဘုရားသခင်နှင့် ပုထုဇဉ်လောက်ပင် ကွာခြားနိုင်ပါသည်။ သူတပါးကျွန်မခံလို၍၊ မည်သည့်ရာထူး၊ ကိုယ်ကျိုးကိုမှ မမျှော်မှန်းဘဲ အနစ်နာခံစွန့်စားကြသူများချည်း ဖြစ်ပါသည်။

ရခိုင်အမျိုးသားကွန်ဂရက်ညီလာခံကြီးသို့ ချီတက်လာပုံအချို့ကိုလည်း အမြွက်မျှတင်ပြလိုက်ပါမည်။ ရခိုင်ပြည်သည် အချို့အဝက်မှာ ကျွန်းများချည်းဖြစ်သဖြင့် လှေနှင့်ကုတို့ပို့ရသည်။ ကုတို့အတန်တန်ကို မြို့နယ်တိုင်းမှ ဖြတ်သန်းကြရ၏။ ရခိုင်ရိုးမဘက်ရှိကျေးရွာများသို့ လှေဖြင့်ကုတိုးပို့ရသည်။ ထိုမှတဆင့် ခြေလျင်ခရီး ဆက်ရသည်။ ထိုခြေလျင်ခရီးမှာ ပင်ကုတို့ကူးကြရ၏။ ထို့နောက် လှေကြီးလှေငယ်များဖြင့် အလံတလူလူနှင့် ကြွေးကြော်၍ မင်းပြားမြို့သို့ ရခိုင်တောင်ပိုင်းမှ လာခဲ့ကြသည်။ မင်းပြားမြို့မှ ပေါက်တောခရီးစဉ်မှာလည်း ကုတို့ပေါင်းများစွာဖြင့် ချီတက်သွားလာခဲ့ရသေး၏။ ဤသည် ဝေလွှန်းလှသော၊ တောင်ပိုင်းမြို့နယ်များမှ လူများဖြစ်၏။ ဆရာတော်ဦးစိန္တာ၏ နယ်မြေဖြစ်သော မြေပုံမြို့နယ်တစ်ခုလုံးကတော့ လာသမျှလူထုကို ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိနယ်မှလည်း အင်တိုက်အားတိုက် လူအများစုညီလာခံသို့ တက်ရောက်ရေးစီစဉ်ခြင်း၊ တဘက်မှလည်း ညီလာခံဗဟိုကော်မတီနှင့် ဆပ်ကော်မတီပေါင်းစုံ၌ ပါဝင်လှုပ်ရှားကြခြင်း၊ လူစေ့တက်စေ့တာဝန်နှင့် မကင်းဟုဆိုနိုင်၏။ အဘယ်ကြောင့်ဆိုလျှင် ဝံသာနုခေတ်ကပင် ဦးစိန္တာအရှင်ဘုရားက လယ်သမားထုညီလာခံကို နှစ်ကြိမ်သုံးကြိမ်လုပ်ခဲ့ဘူးသူများဖြစ်၍ ကျွမ်းကျင်မှုရှိခြင်း၊ တနယ်လုံးနိုးကြား၍ ရှေ့ဆောင်အမာခံမျိုးချစ်တွေဖြစ်နေခြင်းတို့ကြောင့်တကြောင်း ညီလာခံပြုလုပ်သော မြို့နယ်နှင့်တဆက်တည်း တောင်ပိုင်းရှိတခြားမြို့နယ်တို့ထက် နီးစပ်နေသည်ဖြစ်၍ များစွာသောတာဝန်ရပ်များဖြင့် ဝိုင်းဝိုင်းလည်နေ၏။ ဆရာတော်ဦးစိန္တာတပည့်ရင်း တကာရင်းများဖြစ်၍လည်း၊ မိမိဆရာတော်ကြီး၏ ဂုဏ်သိက္ခာမညိုးနွမ်းရအောင်ကလည်း သူတို့၌ ဝန်ထုတ်ဝန်ပိုးကဲ့သို့ ဖြစ်သည်။ ဒါပေမဲ့၊ ရွှေပေါင်ရ၊ လယ်ပေါင်ရ၊ ကုန်ကျကြသည်ကိုပင် ဂရုမစိုက်ကြပါ၊ အချုပ်ကျခံရာတွင်လည်း ရွာလုံးကျွတ်နီးနီးခံကြရ၏။ သို့သော်လည်း ရဲရဲတောက်အာဇာနည်သွေးကတော့ တိုးတက်မြဲ တိုးတက်လျှက် ဖြစ်သည်ကို သမိုင်းက သက်သေခံပါသည်။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ ရောက်လာခဲ့ကြသော လူထုကြီးနှင့်ကိုယ်စားလှယ်များကို ဧည့်ခံခြင်း၊ နေရာချထားခြင်း၊ ကျန်းမာရေး၌ တိုင်းရင်းသမားတော်ကြီးများ၊ ပါဝင်စောင့်ရှောက်ခြင်း စသည်များမှာ အကွက်စေ့စေ့လစ်ဟင်းမှုအလျှင်းမရှိဟု ဆိုနိုင်သည်။ အသက်သွေးခဲ၊ ပြည်နှင့်လဲ၊ အရေးတော်ပုံအောင်ပါစေ၊ ရခိုင်အာဇာနည်သွေး၊ ရဲရဲတောက်၊ အချုပ်ထောင်နှင့်ခြောက်၊ ဒို့မကြောက်၊ လာမည့်ဘေးပြေးတွေ့မည်၊ ယောက်ျားသေခြင်း၊ စစ်တလင်းမှာ၊ ဒါးကို ရုံကေ၊ လုံ့ဝင်းဝင်းနှင့်ဟူ၍ဂုင်း၊ အာဂလူ၊ အူကမွေးဘွား၊ ဘကြီးသား၊ စသည့်ပိုစတာများ နေရာတိုင်းမှာ စိတ်အားတက်ကြွစရာ၊ လူငယ်များက ကပ်ထားကြ၏။ ပိုစတာကပ်လူငယ်ခေါင်းဆောင်များမှာ ဘုံပေါက်သာကျော်၊ ရဲဘော်ထွန်းလှိုင်၊ ရဲဘော်မောင်မောင်၊ ရဲဘော်သာအောင်၊ ရဲဘော်သဒိုးဦးတို့ဖြစ်ကြ၏။ ပေါက်တောမြို့မ(နာယကဆရာတော်ကြီး ဦးနာရဒမှာ) အိုမင်းသော်လည်း လူငယ်များကဲ့သို့ တက်တက်ကြွကြွနှင့်ဖြစ်သည်။ ဥက္ကဋ္ဌကြီးနှင့်ဧည့်သည်တော်များ ညီလာခံသို့လာလျှင် ရခိုင်မင်းညီမင်းသားဝတ်စုံ၊ တောင်ရှည်လုံချည်နှင့်၊ ထိုင်မသိမ်းအင်္ကျီရှည်ကြီးများကို အခမ်းအနားဖြင့်ပေး၍ ဝတ်ဆင်လျှက် မဏ္ဍပ်ထဲဝင်ရန် စီစဉ်ထားပါသည်။ ဆရာတော်ကြီး၏အာသီသပင်ဖြစ်ပါသည်။ ဘုရင်တစ်ဆူကဲ့သို့ အခြွေအရံများနှင့် ညီလာခံဗဟိုမဏ္ဍပ်သို့ ချီတက်ရန်ကို စီစဉ်ထားရှိပါသည်။ ဝတ်စုံများကို အမျိုးသမီးတပ်ဖွဲ့မှ ပေးဆက်ရန် ကြိုတင်စီစဉ်ပြုလုပ်ထားရှိပါသည်။ ထိုအချိန်က ဆရာတော်ကြီးမှာ ဝါတော်သက်တော်တို့မှာ နာယကသုံးပါးတွင် အကြီးဆုံးဖြစ်၍ ဆရာတော်ကြီးလုပ်သမျှကို၊ ဘယ်သူမျှစောဒက ဝင်နိုင်စရာမရှိပါ။ ဝင်လည်း မဝင်ကြပါ၊ ဆရာတော်ကြီးသဘောပင် အဓိကဖြစ်ပါသည်။ ညီလာခံကြီးတစ်ခု၏တာဝန်များမှာ အားလုံးကို စီမံကိန်းချသော ဗဟိုကော်မတီနှင့်သက်ဆိုင်ရာ တာဝန်ခံကော်မတီများ၊ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သော ဆပ်ကော်မတီငယ်များ၊ ထိုကော်မတီငယ်များတွင် ပါဝင်သည့် ပုဂ္ဂိုလ်များ၊ နေ့မအား၊ ညမအား လုပ်ကိုင်ဆောင်ရွက်သော စက်ယန္တရားလည်ပါတ်မှု မှန်ကန်ပါမှ တင့်တယ်စွာ ထမြောက်အောင်မြင်ပါသည်။ ယုတ်စွအဆုံး၌ ထမင်းကျွေးပြီးလျှင် ထမင်းစားဖက်များကို စနစ်တကျမြေတွင်းတူးပြီးသားများ၌ မြှုတ်နှံပစ်မှု၊ ကျန်လူများကို အဆက်မပြတ်ကျွေးမွေးနိုင်မှု၊ စားနပ်ရိက္ခာကော်မတီကြီးမှ အမြော်အမြင်ကြီးစွာဖြင့် ဟင်းခင်း၊

ဥယျာဉ်ဈေးများသို့ အဆက်မပြတ် လူလွတ်ဝယ်ယူသိုလှောင်နိုင်မှုတွေ၊ ထင်းမီးမပြတ်ရအောင် ပြည့်စုံနေမှုများနှင့် အထွေထွေတာဝန်ရပ်များ မလစ်စေရအောင် လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ ရခိုင်လူမျိုးဓလေ့မှာလည်း ပွဲကြီးပွဲငယ်၊ ဘာဘဲ လုပ်လုပ်ထမင်းကျွေးရသည့် အစဉ်အလာကြီး ရှိနေပါသည်။ အစည်းအဝေးလာသူ မိမိဖာသာတာဝန်ဖြင့် စားသုံးသည့်ဓလေ့ လုံးဝမရှိပါ။ ညီလာခံနှင့်မပတ်သက်သော သေးငယ်သောပရိသတ်အချို့သာ ထမင်းဆိုင်များ၌ဝယ်ယူစားသုံးကြပါသည်။ အလွန့်အလွန်ကြီးကျယ်သော ကိုယ်စားလှယ်ကြီးများ၊ ရဟန်းများပါမကျန်၊ သူ့ဧည့်ခံကော်မတီ၏ ကျွေးမွေးပြုစုမှုကို ရယူသည့် အကြောင်းများလည်း သိကောင်းစရာတစ်ခုဖြစ်သည်။ စုစုပေါင်း ဆန်ဘယ်မျှ အခြားရိက္ခာဘယ်မျှ၊ ငွေမည်မျှဆိုတာကိုသာ တွက်ကြည့်ကြပါ။ လူတသိန်းခန့်ရောက်သော ညီလာခံဖြစ်သည်။

ညီလာခံသို့ မြန်မာပြည်မှ ဒို့ဗမာအစည်းအရုံးကိုယ်စားလှယ်အဖြစ် သခင်စိုးကြီးကိုစေလွှတ်ပါသည်။ သခင်စိုးကြီး ကိုလည်း တခမ်းတနားဆီးကြိုကြပါသည်၊ အစည်းအဝေးကြီးစတင်ဖွင့်လှစ်သော တာဝန်ကိုလည်း ကိုယ်စားလှယ်ကြီး သခင်စိုးကိုဘဲ တာဝန်ပေးပါသည်။ (မှတ်ချက်) သခင်စိုးသည် အလံတော်ကို တင်၍ အစည်းအဝေးကို ဖွင့်လှစ်ဘို့ တာဝန် ပေးကြ၏။

## ပဥ္စမဆုံး ရခိုင်အမျိုးသားကွန်ဂရက်ညီလာခံကျင်းပခြင်း

သခင်စိုးကြီးသည်အောင်မြင်သောအသံဖြင့် (တကောင်းအဘိရာဇာ ဒို့ဗမာ သာကီမျိုးပေမို့၊ မညှိုးဂုဏ်တေဇာ၊ ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ခါအောင်ခဲ့တာ၊ ဒို့ဗမာ၊ စိန်မှန်ကင်း အစစ်၊ အဖြစ်ကြီးဖြစ်ကြီးဖြစ်၍၊ ထင်းတလှဲ့ကြုံရ ထုံးနှင့်မသွေ၊ လောကဓမ္မာတာပေ။ ငါတို့ငံခေ၊ သို့သော် အရင်းကိုစစ်လျှင်၊ ဗမာပြည် ငါတို့ပြည်၊ သခင်ကျင့်ကိုကျင့်ကြပါ။ (သခင်မျိုးဟေ့ ဒို့ဗမာ) စသည်များများ အားလုံးကိုမမှတ်မိတော့ပါ။ ချွတ်ယွင်းခဲ့လျှင်လည်း ဖြည့်စွက်ဘတ်ကြစေလိုပါသည်။ (ပရိသတ်ကြီးမှ ဩဘာသံများမြေကြီး တုံလှုပ်သွားသကဲ့သို့ အသံဆုံးတာနှင့်ပြိုင်တည်းထွက်ပေါ်လာပြီး ပရိသတ်တစ်ခုလုံး ကသခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ။ စသည်ဖြင့် သုံးကြိမ်တိတိ ကြွေးကြော်လိုက်ကြသည်။

ထိုသို့ အစည်းအဝေးဖွင့်ပြီးလျှင် သဘာပတိဝတ်လုံတော်ရ ဦးသာဇံလှသည် အစည်းအဝေးဖွင့်လှစ်ကြောင်း မိန့်ခွန်းမြွက်ကြားပါသည်။

သဘာပတိမိန့်ခွန်း။ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အရှင်မြတ်များနှင့် ကိုယ်စားလှယ်တော်ကြီး များ အပါအဝင် လယ်သမား၊ အလုပ်သမား၊ အမျိုးသမီး လူငယ်စသော လူထုပရိသတ်ကြီးခင်ဗျား။

ကျွန်တော်တို့မြန်မာနိုင်ငံနှင့် ရခိုင်ပြည်သည် ကျွန်ဘဝကို ကျရောက်နေသည်မှာ ဗမာလူမျိုး အနှစ် ၆၀ကျော်၊ ရခိုင်လူမျိုးနှစ် ၁၀၀ကျော်ရှိခဲ့သဖြင့်၊ ရခိုင်လူမျိုးမှာ ကျွန်သက်အရှည်ဆုံးဘဝသို့ ဆိုက်ရောက်နေချိန်ဖြစ်၍ ဇာတိသွေး ဇာတိမာန်လုံးဝမရှိကြတော့ဘဲ၊ မလှုပ်ရှားဝံ့ပဲ၊ ကျွန်ဘဝ၌ ခေါင်းမဖော်ဝန့်ပဲ၊ နေခဲ့ကြပေသည်။

ဤအခြေအနေမှ ဝံသာနုခေတ်၊ ဒို့ဗမာသခင်ခေတ်တွင် ဆရာတော်နာယကကြီး ဦးစိန္တာ၊ ဦးပညာသီဟနှင့် ဦးနာရဒစသည့်ပုဂ္ဂိုလ်များ ဦးစီးလျှက်၊ နောက်လိုက်သခင်လူငယ်များ၏ နေ့မအား ညမအား အနစ်နာခံထောင်ကျခံလျှက် ဟောပြောစည်းရုံးခဲ့မှုကြောင့် အားရဝမ်းသာစရာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ဖြင့် ဇာတိသွေး ဇာတိမာန်တွေဖြင့် ပေါ်လာခဲ့ကြပါပြီ။ ဤကဲ့သို့ လူထုကြီးတစ်ရပ်လုံးက နိုးကြားလာသည်ကို တွေ့မြင်ရသဖြင့် အထူးဝမ်းမြောက်ပီတိဖြစ်ရပါ သည်။ ဤခေတ်သည် ကျွန်ဘဝမှလွတ်မြောက်ရေးလှုပ်ရှားမှု ကမ္ဘာတခွင်၌ အပြည်ပြည်ဆိုင်ရာ မျိုးချစ်အာဇာနီများလည်း တပြိုင်တည်းလှုပ်ရှားနေကြပြီးဖြစ်သည်။ ဗြိတိသျှအင်ပါယာတွင်လည်း အိန္ဒိယကွန်ဂရက်နှင့် အိန္ဒိယပြည်ရှိ ပါတီအသီးသီး နိုးကြားလှုပ်ရှားမှု၊ နယ်ချဲ့သမား နိုင်ငံအချင်းချင်း တိုက်ခိုက်နေကြသည်မှာလည်း စေ့စပ်၍ မရတော့ပြီ။ သူသေကိုယ်သေ ဘဝသို့ဆိုက်ရောက်လာဘို့အချိန်သို့ရောက်နေ၍ ကာလဒေသအချိန်အခါ ကိုက်ညီနေခြင်းနှင့် ဒို့ဗမာသခင်များ၏ အာဇာနီ စိတ်ဓာတ်ဖြင့် နယ်ချဲ့သမားကို အရှုံးမပေးပဲ တော်လှန်နေကြသည်ကို အတုယူလျှက် ရခိုင်အမျိုးသားတွေလည်း ငြိမ်မနေ ကြတော့ပဲ တော်လှန်ဝံ့သူများ မရေမတွက်နိုင်ထွန်းပေါ်လာပြီးကတကြောင်း၊ ဖြောင့်မတ်၍၊ ကိုယ်ကျိုးစွန့်ဝန့်သော အာဇာနီ ခေါင်းဆောင်ကြီး ဆရာတော်ကြီး ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့ နောက်တွင် ဆရာတော်နှင့်တကွ၊ ရခိုင်အမျိုးသား ကွန်ဂရက် ခေါင်းဆောင်ကြီးငယ်များကလည်း မားမားမတ်မတ် ကိုယ်ကျိုးစွန့်လျက် ဆောင်ရွက်နေကြပြီ၊ မဝေးကွာသော အချိန်တချိန်တွင် မြန်မာပြည်ကြီး၊ ရခိုင်လူမျိုးတို့တပါတည်း ကျွန်ဘဝကလွတ်မြောက်ရမည်ဟု ရဲရဲတင်းတင်းတာဝန်ယူပါ သည်။ ကျွန်ဘဝက လွတ်မြောက်ရေးတိုက်ပွဲကိုလည်း တည့်မတ်မှန်ကန်စွာ ခေါင်းဆောင်သွားဘို့လည်း လူထုကြီးရှေ့၌ ကတိဝတ်ပြုပါကြောင်း စသည်ဖြင့်အောင်မြင်သော ရခိုင်အသံဖြင့် အသံချဲ့စက်မှထွက်ပေါ်လာသည်အားရဝမ်းသာ ကြားကြ ရသော လူထုပရိသတ်ကြီးမှာ ဩဘာလက်ခုတ်သံများနှင့် သခင်မျိုးဟေ့ ဒို့ဗမာကြွေးကြော်သံများ တပြိုင်တည်းပင် ဘဝင် လှုံ့မှုကြီးကျယ်စွာရသည်မှာ နယ်ချဲ့တို့ တုံလှုပ်ချောက်ချားစေနိုင်ပါသည်။ ဤညီလာခံသို့ စုံထောက်ပေါင်းစုံ တက်ရောက်ရှိနေ

ပါသည်။ အားလုံးသောပရိသတ်ကြီးမှ ကြောစိမ့်လောက်အောင်ပင် လူထုကြီး၏နယ်ချဲ့ဆန့်ကျင်သော စိတ်ဓါတ်နှင့် သူ့ကျွန်ဘဝက လွတ်မြောက်လိုသော ဇာတိမာန်ဒေါသများကို ဟစ်အော်ကြွေးကျော်သံဖြင့် ရင်ထဲမှခံစားချက်များကို ဖွင့်အံကြခြင်းဖြင့် ခံစားချက်များ သက်သာရသွားပြီး ကြေနပ်မှုဖြစ်သွားကြသည်မှာ မျိုးချစ်စိတ်ပြင်းထန်သူတိုင်း ကိုယ်တွေ့ ဖြစ်သည်။

ဤအမျိုးသားညီလာခံတွင် နာယကဆရာတော်ကြီးများ ဟောပြောခြင်း နယ်အရပ်ရပ်မှ မျိုးချစ်လူငယ် ခေါင်းဆောင်များ ဟောပြောသည်များ။ ။ သခင်စိုးကြီးဟောပြောသည်များကို ဖော်ပြဘို့မှာ မမှတ်မိတော့ပြီ။ အကယ်မှတ်မိသော်လည်း စာအုပ်တစ်အုပ်ဖြစ်သွားနိုင်သဖြင့် ထည့်သွင်းနိုင်စရာ မရှိပါ။

မြို့နယ်အရပ်ရပ်မှ ဖိနှိပ်ရေး ဗျူရိုကရက်များ၊ မြေရှင်မနေရှင်များ၊ အထွေထွေမတရားမှုများကိုလည်း တိုက်ရိုက် သွယ်ဝိုက်ဟောပြောမှုများ၌ ပါဝင်ခဲ့၏။ အချို့ကလည်း ရှုတ်ချသည့်ဟောပြောမှုတွေ ဖွင့်၍ထုတ်ဖော်ကြသည်။

## အကြမ်းအားဖြင့်

**မှတ်**။ ။စပါးပင်ထောင်ဈေးကို (ရခိုင်လို) ဒါဒေါင်ချခြင်း၊ ဆားခွန်ပိုက်ခွန်၊ မြေခွန်၊ မြေခ၊ မတရားယူမှုများ၊ လယ်သိမ်းယူခြင်း၊ ကျွဲနွားသိမ်းယူခြင်း၊ ဝမ်းစာမျိုးစပါးမကျန်၊ ရက်ရက်စက်စက်သိမ်းယူသွားခြင်း၊ အထွေထွေပါပဲ။ ရေးမကုန်အောင် ထိုအချိန်က ဖိနှိပ်ခဲ့၏။ ညစ်ပါတ်ခဲ့၏။ ဤဖိနှိပ်မှုသည် ထိုအချိန်က တရားဥပဒေပင်တည်း။ နောင်လာ နောက်သားတို့ကို ပြောက ယုံတန်းစကားဖြစ်မည်။

ဤကဲ့သို့ညီလာခံကြီးကု လူထုကြီးက၊ အားထားခြင်း ခေါင်းဆောင်ကြီးများကို အားကိုးခြင်း၊ ချမှတ်ပေးသော လမ်းစဉ်အတိုင်း တသဝေမတိမ်းလိုက်နာကြခြင်းတို့ကြောင့် မြေရှင်တွေ၊ မနေရှင်တွေ၊ ယခင်ကလုပ်ချင်တိုင်းလုပ်မရသည့် အပြင် အချို့သောမြေရှင်မနေရှင် ဗျူရိုကရက်များကို လူငယ်အာဇာနီများက လျှို့ဝှက်ကွပ်မျက်ခြင်း(ဝါ) သေနပ်နှင့် ပစ်သတ် ခြင်း၊ များဖြစ်လာ၍၊ အားလုံးပင်မျက်လုံးပြူးလာကြ၏။ သြဇာအရှိန်အဝါလည်း ယိုယွင်းပျက်စီးလာသည်။ လူထုကြီးက တညီညွတ်၍၊ ဝိုင်းပယ်မှုသည် အလွန်ပင် စိတ်ဆင်းရဲစရာတစ်ခုဖြစ်သည်။ အချို့မြေရှင်မနေရှင်များကို ခေါ်ပြောမည့်သူ မရှိသလို သပိတ်မှောက်ဝိုင်းပယ်ခံကြရ၏။ တဦး၌မပြေလည်သည်ကို ဝိုင်းဝန်းလျှောက်ဖြေရှင်းကြ၏။ ကူညီရိုင်းပင်းလာကြ၏။ အရေးယူဆောင်ရွက်လာကြ၏။ အမျိုးသားကွန်ဂရက်ညီလာခံကြီး သုံးရက်တိုင်တိုင် ကျင်းပကြပါသည်။ အဆိုအရပ်ရပ်နှင့် လုပ်ငန်းအရပ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။

ညီလာခံမှချမှတ်သော အဆိုကြီးများကိုသာ မှတ်မိပါသည်။

၁။　လုံးဝလွတ်လပ်ရေးတောင်းဆိုသည့်အဆို။

၂။　၉၁၃၃၅ အုပ်ချုပ်ရေးကို ရှုတ်ချသည့်အဆို

၃။　ကိုလိုနီနယ်ချဲ့ဗြိတိသျှ၏နယ်ချဲ့ဝါဒရှုတ်ချသည့်အဆို။

၄။　မြေရှင်မနေရှင်စနစ်တိုက်ဖျက်ရေးအဆို။

အထက်ပါအဆိုများနှင့် အခြားအဆိုများစွာနှင့် မှတ်တမ်းတင်ခြင်းများ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ကြပြီးလျှင် ယခုကဲ့သို့ အမျိုးသားကွန်ဂရက်ကြီး နှစ်ပါတ်လည်ညီလာခံကြီးကို ကျောက်တော်မြို့၌ ပြုလုပ်ရန်ဆုံးဖြတ်ကြပါသည်။ နယ်ချဲ့သမားနှင့် မြေရှင်မနေရှင် ဗျူရိုကရက်တို့အား နည်းအမျိုးမျိုးဖြင့် တိုက်ဖျက်ရေး၊ မျိုးချစ်ဘက်တော်သားဖြစ်လာ အောင် အချို့အား သိမ်းသွင်းစည်းရုံးရေးတို့ကို ကာလ၊ ဒေသအလိုက်၊ မိမိတို့နယ်မြေဒေသအလိုက် ပြုလုပ်ရေးတို့ကိုလည်း ပါဝင်ကြပါသည်။ ညီလာခံကြီး ဇာတ်ပွဲ၊ အငြိမ့်ပွဲအမျိုးမျိုးတို့ဖြင့် စနစ်တကျပြုလုပ်၍ စနစ်တကျပင် ပြီးဆုံးလိုက်ကြ၏။

ပြီးဆုံးသွားသော်လည်း ဗဟိုကော်မတီနှင့် တာဝန်ခံကော်မတီ၊ ဆပ်ကော်မတီတို့မှာ၊ အောက်ခြေသိမ်းတာဝန်များ ပြုလုပ်ကြရသည်။ အစည်းအဝေးသို့ရောက်ခဲ့သောလူထုကြီးလည်း မိမိနေရာသို့ရောက်လျှင် ညီလာခံကြီး အံ့မခန်းကြီးကျယ် ဆင်ယင်ပုံ၊ ဟောပြောပုံ၊ ကြွေကြော်သံအတိုင်အဖောက်ပြုလုပ်ပုံများကို အားပါးတရာဖောက်သယ်ချပြောဆိုနေကြသည်။ လူငယ်များလည်း မိမိတို့နယ်ကို နမူနာယူ၍ သူ့ထက်ငါအလုအယက်ကြိုးစားစည်းရုံးကြလေသည်။

## ၂၃။ နယ်ချဲ့ဗြိတိသျှ၏အလိုတော်ရှိ မြေရှင်မနေရှင်များတို့ သြဇာအရှိန်အဝါလျော့ပါးယိမ်းယိုင်လာခြင်း

ရခိုင်အမျိုးသား ကွန်ဂရက်ညီလာခံကျင်းပပြီးဆုံးသွားသည့်နောက်ပိုင်းမှာ ဒို့ဗမာအစည်းအရုံးမှ သခင် ခေါင်းဆောင်ကြီးများထဲမှ အချို့နိုင်ငံခြားသို့ လျှို့ဝှက်ဆက်သွယ်ရောက်ရှိနေကြပြီး မကြာမြင့်သောအချိန်မနှော ရောက်လာ ကြမည့်လက်နက်များအပြင် လေယာဉ်သင်္ဘောများပါ အကူအညီရမည်ဟု အမျိုးမျိုးသောကောလဟာလတီးတိုး သတင်းများ

ဘယ်ကထွက်ပေါ်လာသည်ကိုမသိပဲ၊ ပြောလာကြပါသည်။ အထူးသဖြင့် ဂျပန်စစ်နိုင်သတင်းသည် အကျော်ကြားဆုံးဖြစ်လာခဲ့၏။ လေယာဥ်တင်သင်္ဘောကြီးများ၊ နှစ်မြုပ်ပစ်သည်များ၊ အင်္ဂလိပ်စစ်စခန်းကြီးများကျဆုံးသောသတင်းများ၊ အင်္ဂလိပ်အရှင်သခင်ထွက်ပြေးလျှင် မြေရှင်နှင့်ခနရှင်လက်ပါးစေ ဗျူရိုကရက်များအားကိုးရာမဲ့ဘဝကို ရောက်တော့မယ်ဆိုတဲ့ကောလဟာလများကြောင့် သခင်လူငယ်များ ပိုမို၍တက်ကြွစိတ်ထက်သန်လာသည်။ မြေအောက်လှုပ်ရှားလုပ်ငန်းများအတွက် မြန်မာပြည် ဒို့ဗမာအစည်းအရုံးမှ ရောက်လာ၍ မြေအောက်တော်လှန်ရေးတာဝန်များကို ဦးပညာသီဟနှင့် လူငယ်ခေါင်းဆောင်များက တာဝန်ယူလိုက်ကြပြီ။ တော်လှန်ရေးလှုပ်ရှားလုပ်ငန်း၊ အင်္ဂလိပ်အုပ်ချုပ်ရေးကိုပျက်စီးအောင် တိုက်ဖျက်ဘို့တာဝန် မိုက်ရူးရဲ၊ ကျွန်တော်တို့ကဲ့သို့ လူငယ်များက တာဝန်ကိုယ်စီယူထားကြ၏။ ခေါင်းဆောင်မှာ ဦးပညာသီဟပင်ဖြစ်သည်။ ဤအကြောင်း ဆရာတော်နာယကကြီး ဦးစိန္တာသိသွား၍ ဦးပညာသီဟကိုခေါ်၍ လျှို့ဝှက်စွာဆွေးနွေးကြ၏။ ဆရာတော်ကြီးက ဦးပညာသီဟကို မပဟန့်တားဘဲ ငါတော့ လက်နက်ကိုင်တော်လှန်ရေးကို မလုပ်သေးဘဲ နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ရခိုင်အမျိုးသားထု အသက်အိုးအိမ်များကို စောင့်ရှောက်နိုင်ရန် ဥပဒေတွင် လုပ်ငန်းဖြင့်နေမည်။ (အကယ်၍အင်္ဂလိပ်များ အိန္ဒိယကို ခြေကုတ်ယူ၍ ရခိုင်ပြည်မှခံစစ်လုပ်လာခဲ့လျှင် ရခိုင်ရိုးမ၏အနောက်ဘက်တွင် အင်္ဂလိပ်စစ်တပ်မှ နှိပ်စက်တော့မည်။ စစ်အာဏာဖြင့် လူထုကို အမျိုးမျိုးမနှိပ်စက်ရေးအတွက် တာဝန်ကြီးရှိနေ၍ တဘက်သတ်မလုပ်ကြဘို့ သတိထားလျှက် လုပ်ကြဘို့ကို တိုင်ပင်၍ ဂျပန်နှင့်မင်းက ပူးပေါင်းပြီးလုပ်ပါဟု ပြောကြားခဲ့သည်)

## ဗြိတိသျှမျက်နှာဖြူနှင့် ၎င်းတို့လက်ပါးစေများက တော်လှန်မှုကို ဖိနှိပ်မှုဖြင့် တုန့်ပြန်လာခြင်း

ဤကဲ့သို့ အနယ်နယ်အရပ်ရပ်မှ မငြိမ်မသက်မှု၊ တော်လှန်ရေးဟောပြောမှုများကို၊ ဘမ်းဆီးခြင်း၊ အချို့ဥပဒေဖြင့်တားဆီးခြင်းများ ပြုလုပ်လာသည်။ မြန်မာနိုင်ငံမှာ မြို့နယ်အနှံ့ရှိ သခင်များကို ဖမ်းဆီးခြင်း၊ ရခိုင်ဒေသရှိ ဟောပြောသူများကိုလည်း ဘမ်းဆီးချုပ်နှောင်ခြင်း၊ သို့ပေမဲ့ သူတို့ဖိနှိပ်မှုသည် အရာမထင်၊ ယခင်ကလို မကြောက်ကြ။ အချို့ဟောပြောသူများမှာ ရှောင်တိမ်း၍ခဏနေပြီး ထင်ထင်ပေါ်ပေါ် ဟိုနေရာပျောက် ဒီနေရာရောက် ဟောပြောကြသည်။ တယောက်လိုက်နေချိန် တစ်နေရာ၌ အခြားတစ်ယောက်ဟောပြောနေပြန်ပြီ။ လိုက်တန်းပုန်းတန်းကစားသလိုပင်ဖြစ်သည်။ ရိုးရိုးသားသား မိမိအသက်မွေးဝမ်းကြောင်း လုပ်သောအစိုးရအမှုထမ်းများသည် ငါတို့သခင်များ၏ ရန်သူမဟုတ်သည့်အပြင် ပြည်သူလူထုရန်သူလည်း မဟုတ်သည်ဖြစ်၍ ဘာမှမစိုးရိမ်ကြပါနဲ့ ပြည်သူ၏ရန်သူများကို ယခုလည်း ဖျောက်ဖျက်ပစ်မယ်၊ နောင်လည်း မျိုးဖြုတ်ပစ်မယ် စသည်များကို ဟောပြောရာ၌ ထည့်သွင်းလာကြသောကြောင့် အုပ်ချုပ်သူ သူကြီးနှင့် စုံထောက်ပုလိပ်များ မြေရှင်များ၏လူမိုက်မွေးထားသူများလက်ရွန့်လာကြသည်။ တဖက်မှ သခင်အဖွဲ့ကဲ့သို့ မြေရှင်မွေးထားသူများပင်လျှင် ပြောင်ဝင်ရောက်လာသည်။ မြေရှင်မွေးထားသည့် လက်ကိုင်ဒုတ်လူမိုက်များမှာ သေသူသေ၊ ပျောက်သူပျောက်၊ သခင်ဖြစ်လာသူဖြစ်နှင့် ဖိနှိပ်သောဖက်၌ ကမောက်ကမဖြစ်လာခဲ့ပြီ။ အချို့လူကြီးနှင့်ပုလိပ်ဌာနများသည် အားပေးအားမြှောက် လျှို့ဝှက်လုပ်လာခဲ့၏။ ငါတို့မှာ မိမိဝမ်းစာအတွက် အမှုထမ်းရသော်လည်း လွတ်လပ်ရေးတိုက်ပွဲကို ဆန့်ကျင်လိုသောဆန္ဒ ပင်ကိုကပင်မရှိပါဟု ဖြစ်လာခဲ့ကြ၏။ မှန်ပါသည်။ လူတိုင်းပင် ကျွန်ဘဝကို မနှစ်မြို့ကြပါဘူး။ မြေရှင်ကြီး၊ ခနရှင်ကြီး၊ ဗျူရိုကရက်အရာရှိကြီးများသာ တကယ့်တကယ် သစ္စာရှိကြသည်။ သစ္စာခံကြသည်။ သို့ပေမဲ့လည်း ခေတ်မစား။ ရန်သူတွေဝိုင်းဝိုင်းလည်း။ အာဇာနီသခင်လူငယ်များက ခွေးလောက်မှတန်ဘိုးမရှိအောင် သစ္စာဖောက်များဟု ဟောပြောမှုကြောင့်လည်း သိက္ခာကျလျက် လူတောသူတော အလှူပွဲများ၌ပင် ခပ်ရှောင်ရှောင်ဖြစ်လာရသည်။ ဤသည်မှာ သဘာဝကျသော တရားပင်တည်း။ ထင်ပေါ်ခြင်း၊ မထင်ပေါ်ခြင်းသည် လောကဓံတရားပါပဲ။

## ပိုမိုပြင်းထန်သောနယ်ချဲ့တော်လှန်ရေး ဟောပြောမှု ဆင့်ကဲပေါ်ပေါက်လာပြီး တပြည်လုံး အစီအရီ ထောင်ထဲရောက်ရှိကြ၏။

၁၉၄၀ခုနှစ်သည် အလွန်ထူးခြားသောနှစ်ဖြစ်သည်။ နယ်ချဲ့ဗြိတိသျှလည်း နယ်ခြားဒေသ၌ စစ်ရေးအတွက် ပြင်ဆင်မှုလုပ်လာခဲ့၏။ မြန်မာနိုင်ငံတစ်ခုလုံးလိုလို တင်းတင်းကြပ်ကြပ်အုပ်ချုပ်လာခဲ့သည်။ ဂဠုန်ဦးစောအစိုးရလည်း ပြည်သူနိုးကြားလာမှုနှင့် လုံးဝလွတ်လပ်ရေးကိုသာ လိုလားကြသည်။ သိရှိသည့်အပြင် လွတ်လပ်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ ခရီးထွက်မည်ဟုပင် ကြားသိရ၏။

သို့သော်လည်း ဒို့ဗမာအစည်းအရုံးအပါအဝင် မြန်မာခေါင်းဆောင်များသည် ပါတီပေါင်းစုံပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းထူထောင်လျက် လွတ်လပ်ရေးလမ်းညွှန်အဖြစ် ထားရှိကြပြီးဖြစ်သည်။ မှတ်ချက် (ဂဠုန်ဦးစော၊ နန်းရင်းဝန်) ဦးစီးသောမျိုးချစ်အဖွဲ့ကို ပါယ်လျှင် မြန်မာနိုင်ငံတစ်ခုလုံးရှိ ပါတီအားလုံး ဗမာ့ထွက်ရပ်ဂိုဏ်း၌ ပါဝင်ကြပါသည်။ လမ်းညွှန်မှု (ဝါ) ခေါင်းဆောင်ကြီးများ ညီညွတ်မှုရှိကြပါသည်။

မှတ်ချက်။ (သခင်အောင်ဆန်းနှင့် သခင်လှမြိုင်)တို့လည်း လျှို့ဝှက်ပြင်ပသို့ထွက်သွား ဆက်သွယ်သွားရှိကြ၏။ နောက်တစ်ဖွဲ့က (သခင်ထွန်းအုပ်၊ သခင်ရှုမောင်၊ သခင်အောင်ဆန်း)တို့လည်း ဂျပန်ပြည်သို့ ထွက်ခွာရောက်ရှိလျှက် ရှိနေခဲ့ကြပြီ။ ဂျပန်များ တရုပ်ပြည်ကိုလည်း တစတစသိမ်းယူတိုက်ခိုက်လျက် ရှိနေပြီ။

ဤအချိန်မှာ ရခိုင်အမျိုးသား ကွန်ဂရက်ညီလာခံကို ကျောက်တော်မြို့၌ကျင်းပရေး လှုပ်ရှားစည်းရုံးမှု ရခိုင်ပြည်၌လှုပ်ရှားလျှက်ပင်ဖြစ်သည်။ ယခင်ပေါက်တောညီလာခံမှတဆင့် စည်းရုံးပြီးဖြစ်သော ရခိုင်အမျိုးသားကွန်ကရက်ကြီးမှာ ခိုင်မာတောင့်တင်းသောအင်အား အပြည့်အဝပင်ဖြစ်သည်။ လူငယ်များကလည်း ခေါင်းဆောင်တွေ လက်ညှိုးညွှန်လိုက်လျှင် တောင်သည် ချောင်းဖြစ်ဆိုကဖြစ်အောင် စွမ်းဆောင်ကြပါသည်။ မိမိခေါင်းဆောင်များကို အမွန်းတင် သိဒ္ဓိတင်ကြသည်။ ရိုသေလေးစားမှု ရှိကြသည်။ ပြည်သူအပေါင်းအားပေးမှုကိုလည်း အကြွင်းမဲ့ရရှိကြပေသည်။ ကျောက်တော်ညီလာခံပြုလုပ်ပုံကို အကျယ်ချဲ့ထွင်ရေးဘို့ မလိုတော့ဟု ထင်မြင်ပါသည်။ ယခင်ညီလာခံထက် စနစ်ကျ၍ လူထုတက်ရောက်မှု များပြားသည်။ မြို့ဟောင်းမြို့နယ်ပင်လျှင် သူကြီး ၃၀၀ကျော်ရှိ၍ ကျောက်တော်ပေါင်းလျှင် အတိုင်းထက်အလွန် အမာခံရ၏။

## ရခိုင်အမျိုးသားကွန်ဂရက် ညီလာခံကို ကျောက်တော်မြို့၌ ကျင်းပပြုလုပ်ခြင်း

နိုးကြားနေကြပြီးဖြစ်သော ရခိုင်လူမျိုးအားလုံး၊ ချင်းအမျိုးသား၊ မြိုအမျိုးသား၊ ခမီးအမျိုးသားနှင့် တိုင်းရင်းသား မူဆလင်များပါမကျန် ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ကြသည်။

သဘော်ကြီးငယ်၊ မော်တော်ဘုတ်ကြီးငယ်များနှင့် စစ်တွေမှကိုယ်စားလှယ်များ၊ လူငယ်ခေါင်းဆောင်များ၊ လူထုလူတန်းစားများနှင့် မြန်မာပြည်မှ ဒို့ဗမာအစည်းအရုံးကိုယ်စားလှယ်များ၊ ထင်ရှားသောအမျိုးသမီးကြီး ပီအိချ်ဒီ ဒေါ်မြစိန်တို့လည်း တက်တက်ကြွကြွတက်ရောက်ခဲ့ကြ၏။ ကျောက်တော်မြို့မှ ရခိုင်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဦးအောင်ဇံဝေ၏ ဇာတိမြို့ဖြစ်သည်။ ထင်ရှားသောဆရာကြီး ဦးအောင်ထွန်းဦးနှင့် ဆရာချီးဒိုးတို့အပြင် ဦးထွန်းဝင်း၊ ဦးညိုထွန်း၊ ရဲရဲတောက်သာဇံလှတို့၏ မြို့လည်း ဖြစ်ပါသည်။ ထို့နောက်ဆရာတော်ဦးပညာဝံသလည်း ဤကျောက်တော်နယ်မှဖြစ်၍ တော်လှန်ရေးအဆက်ဆက်တွင် နေရာတိုင်း၌ ခေါင်းဆောင်အဖြစ် ပါဝင်ပါသည်။ ကျောက်တော်ညီလာခံလည်း အလွန်စည်ကားပါသည်။ နယ်မြေကလည်းကောင်း၊ ခေါင်းဆောင်များထွန်းကားသည့် မြို့ဖြစ်သည့်အပြင် တော်လှန်ရေး၏အမာခံနယ်မြေများအနက် တစ်ခုအပါအဝင်ဖြစ်သည်ဟု မှတ်တမ်းတင်အပ်ပါသည်။(မှတ်ချက်)ကျောက်တော်ညီလာခံဖွင့်လျှင်ပင် မျိုးချစ်ကျော်ဦးကို ညီလာခံအတွင်းမှာ အင်္ဂလိပ်နယ်ချဲ့သမား ဖမ်းဆီးပါသည်။ (ညီလာခံခေါင်းဆောင်ကြီးများက) လူငယ်များ အတော်ဘဲ ထိန်းသိမ်းရ၍ အချို့အချို့ကို ရှောင်တိမ်းနေဘို့ပင် စီမံထားရသည်။ လူတွေကလည်း ခေါင်းဆောင်တွေဖမ်မသွားနိုင်အောင် အမျိုးမျိုးစောင့်ရှောက်ကြသည်။ နယ်ချဲ့သမားကလည်း သွေးထိုးစမ်းသည်၊ ပေါက်ကွဲလုနီးနီးဖြစ်ခဲ့ကြပါသည်။ သို့သော် ညီလာခံကြီးအောင်မြင်စွာ ပြီးဆုံးအောင် ထိန်းသိမ်းလျှက် အဆိုအရပ်ရပ်၊ လုပ်ငန်းစဉ်အရပ်ရပ်ကို ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြပါသည်။

## ကုလားရခိုင်အဓိကရုဏ်း ဖြစ်ပေါ်လာခြင်း

အင်္ဂလိပ်အုပ်ချုပ်ရေးအခြေအနေသည် လူမြင်သူမြင်ပင် ပျက်စီးလာနေချိန်ဖြစ်သည်။ အင်္ဂလိပ်လေယာဉ်များလည်း ဘာဖြစ်မှန်းမသိ၊ ခေါက်တုန့်ခေါက်ပြန် အိန္ဒိယသို့ အရေးကြီးလူများကို ပို့နေကြပြီ။ ဤကာလအချိန်မှာ အင်္ဂလိပ်တိုက်ခိုက်ရေးပြင်ဆင်မှုကို မသိကြသောမူဆလင်ရွာကြီးရပ်ကြီးမှ ခေါင်းဆောင်များနှင့် မော်လဝီများသည် ရာဇပုတ်စစ်သားအချို့ကို စစ်တပ်မှထွက်ပြေးစေပြီး မိမိတို့ရပ်ရွာတွင် မွေးမြူထားကြသည်။ ရခိုင်တွေကသူတို့ကို တိုက်မည်ဟု ယူဆကြဟန်တူသည်။ ရခိုင်တွေမှာ ထိုကိစ္စကို ဘာမှမသိ ရန်သူအင်္ဂလိပ်နှင့် ၎င်းတို့၏လူယုံတော်များကိုသာ တိုက်ခိုက်ဘို့ တာစူနေခဲ့ကြပါသည်။

ထိုကဲ့သို့ဖြစ်နေစဉ် မြေပုံမြို့နယ်၊ ချောင်းကြီးကုလားရွာနှင့် တပ်ရာကုလားရွာကြီးများတွင် ရာဇပုတ်စစ်သားများ ငှားထားပြီးဖြစ်သည်။ မြေပုံမြို့နယ်ကို အကြမ်းမျှမြင်နိုင်ရန် တင်ပြရလျှင် ၁။ ရက်ချောင်းကုလားရွာ အိမ်ခြေ ၁၅၀၀ ၂။ ရက်သီကုလားရွာ အိမ်ခြေ ၈၀၀၊ ၃။ ချောင်းကြီးကုလားရွာ အိမ်ခြေ ၁၂၀၀၊ ၄။ တပ်ရာကုလားရွာ အိမ်ခြေ ၉၀၀ ၅။ ဝါးခတ်ချောင်းကုလားရွာ အိမ်ခြေ ၆၀၀ ၆။ ကညင်တောကုလားရွာ အိမ်ခြေ ၅၀၀၊ ၇။ သပြီတောကုလားရွာ အိမ်ခြေ ၆၀၀၊ ၈။ ကျောက်ခမောင်းကုလားရွာ အိမ်ခြေ ၈၀၀ စသည်ဖြင့် ကုလားရွာကြီးတွေ ရှိကြ၏။ ရခိုင်ကျေးရွာများမှာ ၁။ကြာအင်းတောင်အိမ်ခြေ၂၀၀၊ ကြန့်ဟင်းခါး(အိမ်ခြေ ၈၀) မင်းဂါတ်အိမ်ခြေ ၃၀၀၊ ကျောက်ငွေ့သွားအိမ်ခြေ ၂၀၀၊ ရှောက်ခုံအိမ်ခြေ ၅၀၊ ချောင်းကြီးရွာအိမ်ခြေ ၃၀၊ ကန့်ကော်ချောင်း အိမ်ခြေ ၅၀၊ ဤရွာတို့သည် ကုလားရွာများ တဆက်တည်းရှိသောရွာတွေကို ဖော်ပြခြင်းသာ။ ရက်ချောင်းရခိုင်ရွာ အိမ်ခြေ ၆၊ မီးကျောင်းတက်အိမ်ခြေ ၂၀ တို့ဖြစ်ကြသည်။ မြေပုံမြို့နယ်ရှိ သေးနုတ်သော ကုလားရွာများနှင့် ရခိုင်ရွာတွေများ ရှိနေသေး၏။ ရွာသူကြီးမိုင် ၅၂မိုင်၊ အိမ်ခြေ ၇၀၀

ရှိတဲ့ ရွာ ၅၀၀ရှိတဲ့ရွာတွေရှိပါသေး၏။ ကုလားရွာနှင့်တဆက်တည်းမဟုတ်ပါ။ ဝေးလံသောနေရာ၌ ရှိကြပါသည်။ မြေပုံမြို့နယ်သည် နိုင်ငံရေးအနိုးကြားဆုံးမြို့နယ်ဖြစ်သည်။ လူထုညီညွတ်ရေးလည်း အခိုင်မာဆုံးဖြစ်သည်။ ယခု ကုလားလူမျိုးအများစုရှိနေသော နေရာသည် တော်လှန်ရေး၏အဓိကနယ်ဖြစ်သည်။ နာယကဆရာတော်ကြီး ပင်ရင်းအမာခံနယ်မြေပင်ဖြစ်သည်။ တော်လှန်ရေးအတွက်နယ်တကာမှ လူတွေအရောက်များ ဟောပြောများသည့်ပြင် တိမ်းရှောင်နေသူတွေလည်း ဤနယ်မြေ၊ ဆရာတော်ဦးစိန္တာ၏ ဩဇာအောက်ရှိ ကျေးရွာများကိုပင် ရောက်ရှိနေကြသည်။ ကြမ္မာဆိုးဝင်ချင်တော့ နေ့တစ်နေ့ ညနေချိန်မှာ ချောင်းကြီး ကုလားရွာမှ ရခိုင်ရွာနီးစပ်သို့ သေနတ်သုံးချက်ပစ်ဖောက်လိုက်သည်။ သေနတ်ဖောက်သူများမှာ ကုလား မူဆလင်တွေ သတ္တိအင်အားပြခြင်းဟု ထင်မြင်ရသည်။ အဖြစ်ဆိုးချင်တော့ ကလေးလူငယ်တွေ ကြောက်လန့်တကြားဖြစ်၍ ပြေးကြရာတွင် ဒီရေတက်ချိန်ဖြစ်၍ လူငယ်တစ်ဦးရေထဲကျ၍ သေဆုံးသွားပါသည်၊ ဤပြဿနာဖြစ်ချိန်၌ ရွာသူကြီးသည် ရွာထဲ၌ မရှိခိုက်ဖြစ်သည်။ ထိုဒေသ၏ထုံးတမ်းစဉ်လာသည် တစ်ရွာလုံးအရေးကြုံလာလျှင် ကတက်ခေါက်၍ အချက်ပေးပြီး တစ်ရွာပြီးတစ်ရွာ ခေါက်လျှက်ရွာတိုင်းမှ လက်နက်ကိုယ်စီဖြင့် ပထမစ၍ခေါက်တဲ့ရွာကို လာကြရမည်။ ဤကဲ့သို့ အချိန်းအချက်ကြောင့် ခလေးငယ်တစ်ဦး သေနတ်သံကြောင့်ပြေးရာ၌ သေဆုံးကြောင်း ကတက်ဖြင့် အချက်ပေးလိုက်ရာ ရွာတိုင်းမှကတက်ခေါက်၍ ယောကျ်ားကြီးငယ်လတ် ကိုယ်စီဖြင့် ပထမရွာသို့ ရောက်လာကြ၏။ မကြာပါ၊ တစ်ရွာပြီးတစ်ရွာ၊ ထိုရွာသို့ ရောက်လာကြ၏။ သူကြီးလည်း မရှိသဖြင့် မဆုံးဖြတ်ကြ စောင့်၍နေကြသည်။ မကြာခင် သူကြီးဦးဘိုးသာ ရောက်ရှိလာပါသည်။ ဖြစ်ကြောင်းကုန်စင်သိရသောအခါ သူကြီးသည် အလွန်ဒေါသထွက်ပါသည်။ ငါသည်ကုလားရခိုင်သွေးမခွဲဘဲ ကောင်းမွန်စွာစောင့်ရှောက်ထားပါလျှက် ကုလားတွေ အားမနာ၊ လူစွမ်းပြလာကြသည်။ သူတို့သားစဉ်မြေးဆက် ငါတို့မြေ ငါတို့ပြည်မှာ လုပ်ကိုင်စားသောက်နေကြသည်ကို ဘယ်သူတယောက်မှ မတင်စီးရဘဲ ငါစောင့်ရှောက်ထားပါလျက်နှင့် စော်ကားမော်ကားလာသည်ကို ငါမခံနိုင်ဘူး၊ ဤကုလားတွေကို မျိုးဖြုတ်ပစ်ရမှာပါဘဲဟု ဆိုပြီး ရောက်သမျှရွာသူရွာသားတွေနှင့် အစည်းအဝေးလုပ်၍ ကုလားတွေကို ဤမြေမှ နှင်ထုတ်ပစ်ဖို့ ဆုံးဖြတ်ကြပါသည်။ ရောက်ရှိလာသောလူထုထဲမှ မည်သူကမှ မကန့်ကွက်ဘဲ ထောက်ခံကြပါသည်၊ ရှိသမျှနှစ်လုံးပြူးသေနတ်၊ ယမ်းတောင့်သေနတ်များ စုလိုက်ကြသည်။ ဒါးလှံလက်နက်ကိုယ်စီနှင့် ရှိနေကြသည်။ မိမိရပ်ရွာမှ မိန်းမ ခလေး လူအိုတွေကို တစ်မိုင်ခန့်ဝေးသော ရွာကြီးသို့ပစ္စည်းနှင့်တကွ ပြောင်းရွှေ့ရန်ဆုံးဖြတ်လိုက်ကြ၏။ ပစ္စည်းတွေအားလုံးကိုလည်း ဗုံးတွင်းများ၌ မြှုပ်၍ထားကြသည်။ လူတွေအားလုံးပြောင်းရွှေ့ပြီးလျှင် ရပ်ရွာကိုကင်းချထားသည်။ မကြာပါပေ။ ကန့်ကော်ချောင်းရွာငယ်မှ ကတက်ခေါက်ပြန်ပြီ၊ လိုက်သွားကြရာ ကုလားဝိုင်းသည်ဟု သိရသည်။ သူကြီးက မိမိပိုင်နက်၌ ဤမျှတင်စီးခံရတာ ဤအကြိမ်ပထမအကြိမ်ဖြစ်၍ နောက်ပါများနှင့် သေနတ်ကိုယ်စီဖြင့် ကုလားတွေထံလိုက်ကြလေပြီ။ မှီတဲ့နေရာ၌ သေနတ်ဖြင့်ပစ်သတ်တာပါဘဲ။ လူတွေလည်း ဒါးလှံဖြင့် ခုတ်ကြတာဘဲ။ ကုလားပြေးသွားသဖြင့် ဒုနှင့်ဒယ်နှင့်တိုက်ပွဲမဖြစ်ခဲ့ပါ။ သုံးယောက် ငါးယောက်ခန့် သေမည်ဟု ယူဆရ၏။ တညဉ့်လုံးစောင့်ကြည့်သည် ဘာမျှမဖြစ်တော့ပြီ။ သူကြီးသည် အရက်ကို နင်းကန်သောက်တာဘဲ။ တချို့က သေနတ်ပစ်ကျွမ်းကျင်သော သူကြီးသည် ခေါင်းဆောင်လည်းဖြစ်၊ အားကိုးခံသူလည်းဖြစ်သဖြင့် အရက်မသောက်ဘို့တောင်းပန်ကြ၏။ သို့သော်လည်း အခိုက်အတန့်သာမသောက်ဘဲနေပြီး စိတ်ဒေါသထွက်မှုမငြိမ်၍ ပြန်သောက်တာပါဘဲ။ အချို့က ကြက်သားချက်စားကြ၏။ မိုးလင်းသည်ထိ ဘာမျှမဖြစ်ပါ။ ၇နာရီ ၈နာရီနီးပါး ဘာမျှမဖြစ်ကြ၍ လူတွေဟာညဉ့်ခါလည်းမဟုတ် မိုးလင်းပြီဖြစ်၍ စိတ်ချရပြီဟုယူဆရသောကြောင့် လူတွေမှာ မိမိနေရပ်သို့ အသီးသီးပြန်ကြသဖြင့် လူ ၈၀၀ကျော်တွင် လူ ၄၀ခန့်သာ ကျန်ရစ်ခဲ့ပါသည်။ ထိုအချိန်၌ ခေါင်းဆောင်ဖြစ်သူ ရွာသူကြီး ဦးဘိုးသာမှာ အရက်မူးလွန်ပြီး အိပ်မောကျလျှက်ရှိသည်။ နံနက် ၈နာရီခွဲအချိန်တွင် ကင်းစခန်းမှကုလားတွေ အများကြီး လက်နက်ကိုင်လျက် ရွာဘက်သို့လာကြောင်း သတင်းရရှိသည်။ ထိုအခါ ခေါင်းဆောင်ရွာသူကြီးနိုးရာတွင် နိုး၍မရတော့သဖြင့် ရှိသမျှလူတွေကို စုရုံး၍ သခင်ဘစိန်က ခေါင်းဆောင်လျှက် ကုလားတွေလာသည့်ဘက်သို့ လိုက်သွားကြသည်။ ထိုအခါ သခင်ဘစိန်က ငါကုလား ၁၀၀၀ခန့်နှင့် ရန်ဖြစ်၍တိုက်ခိုက်ဘူးသည်။ ကုလားတွေကို ဝင်၍ရဲရဲသာခုတ်ကြပါ။ မြို၍ထွက်ပြေးကြသည်။ သတ္တိမရှိပါဘူး မကြောက်ကြပါနှင့် ဝင်၍သာခုတ်ကြပါ၊ ငါသေနတ်ပစ်၍ ဖြိုခွင်းပေးပါမည်ဟု ပြောဆိုပြီး ကုလားကို ရင်ဆိုင်ကြပါသည်။ ဤတွင် ခေါင်းဆောင်လုပ်သူ သခင်ဘစိန်သည် သေနတ်ပစ်မကျွမ်းကျင်သူဖြစ်သည်။ သို့သော်လည်း ကုလားထုများသဖြင့် သေနတ်ဖြင့်ပစ်ရာတွင် သေသူလည်းသေပါသည်။ ထိုအခါကုလားတွေလမ်းခွဲသလို ဘယ်ညာခွဲ၍ထွက်ပြေးကြ ပြန်စုကြနှင့် အလယ်တွင် ကွက်လပ်ဖြစ်လာသည်။ ထိုကွက်လပ်မှ သခင်ဘစိန် မိမိရခိုင်လူထုကို ဘယ်ညာခွဲ၍တိုက်ခိုက်ကြပါ။ မကြောက်ပါနှင့်။ ကုလားတစ်ယောက် ရခိုင် ၁၀ယောက်ဖြင့် နိုင်ရမယ်ဟုကြွေးကြော်၍ ရှေ့ကတက်တိုက်သည်။ ထိုသူမှာ သေနတ်ယမ်းတောင့်ပါနေ၍တကြောင်း ရှေ့ကိုရဲရဲရင့်ရင့်တက်တိုက်သော်လည်း အမတန်လူကနည်းနေသဖြင့် သေနတ်ဖြင့်ပစ်၍ လူစုခွဲတိုက်ခိုက်လျှက် မိမိရွာဘက်ပြန်ကြည့်ရာတွင် ရခိုင်ထုကို လုံးဝမမြင်ရဘဲ ကုလားထုသာ အဆမတန်မြင်ရသည်။ တိုက်ရင်းပြေးရင်း ရွာဘက်သို့လှမ်းမြော်ကြည့်ရာ လူအချို့ခေါင်းကိုဖြတ်၍ လှံထဲ၌

စွပ်၍ အောင်ပွဲခံကာ ကခုန်နေသည်ကိုတွေ့ရှိရသဖြင့် ဒေါသထွက်၍သေနတ်ဖြင့် အရမ်းပစ်ခတ်ရာ ယမ်းတောင့်ကုန်သည်အထိ ပစ်သော်လည်း အဝေးမှဖြစ်၍ ခရီးမပေါက်ပါဘူး။ ယမ်းတောင့်ကုန်သွားသဖြင့် မဟာန်သည့်အပြင် မိမိတို့လူတွေကိုလည်း မမြင်ရသဖြင့် ရွာမှဆုတ်ပြေးရသည်။ ထိုအခြင်းအရာကို ကုလားတွေမြင်သဖြင့် သခင်ဘစိန်ကို လိုက်လာကြသည်။ ရှိတဲ့ယမ်းတောင့်ဖြင့်ပြန်ပစ်၍ ဆုတ်ပြေးရာတွင် ခြေကုန်မာရသွန်ပြေးရတော့၏။

သခင်ဘစိန်မှာ ဤကဲ့သို့ထွက်ပြေး၍လွတ်မြောက်ခဲ့၏။ သို့သော်လည်း ပထမဆုံးတိုက်ပွဲ၌ ရွာသူကြီး၏ညီအစ်ကိုသုံးဦးနှင့် လူပေါင်း ၁၅ဦးခန့် အသက်ဆုံးကြရ၏။ ကျန်သောလူများ အရပ်လေးမျက်နှာသို့ ခြေဦးတည့်ရာပြေးကြသည်။ ဤကဲ့သို့ဖြစ်ပျက်ခြင်းသတင်းသည် မြေပုံမြို့နယ်ရှိ တောင်သူလယ်သမား ကျေးရွာလူထုတွေလည်း ကုလားနှင့်ဝေးသည့်ရွာသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ထိုနယ်သည်လည်း လက်နက်စု၊ လူစုပြီး ကင်းအထပ်ထပ်ချလျှက် သန်မာသောလူအချို့သာ ရွာ၌ကျန်ရစ်ခဲ့ကြသည်။ အကယ်၍ကုလားလာလျှင် ပြန်မခုခံဘဲ ပြေးဘို့ရှောင်တိမ်းဘို့ ဘဝကို ဆိုက်ရောက်နေပါသည်။

ဤသို့မရည်ရွယ်ဘဲ ဖြစ်လာသည်ကို ငြိမ်မနေဘဲ သခင် လူကြီးလူငယ်များ နယ်အရပ်ရပ်သို့စာဖြင့် လူဖြင့်အကူအညီ တောင်းကြသည်။ လက်နက်အား လူအားကို ရသမျှစုဆောင်းကြသည်။ ရှိသမျှရွှေငွေများရောင်းလျှက် အင်္ဂလိပ်စစ်ပြေးများ ထံမှ လက်နက်များ ဝယ်ယူကြသည်။ အချို့နေရာ၌ ဗုဒ္ဓဘာသာ ဗမာ့စစ်ပြေးများသည် အရေးကြီး၍သွေးနီးကြသည်။ လူပါကူညီဘို့လိုက်လာကြသည်။ သခင်တို့ကလည်း စစ်ပြေးများရသမျှ စည်းရုံးလျှက် နယ်အရပ်ရပ်မှ ခေါ်ယူလာကြသည်။ စစ်ပြေးလက်နက်ကိုင်အား အများဆုံးရသူမှာ ဆရာတော်ဦးပညာသီဟဖြစ်သည်။ လက်နက်ကိုင်စစ်ပြေး ၄၀ခန့်ရပါသည်။ သခင်ဘစိန်မှာ စစ်ပြေးလက်နက် ၁၂ဦးကို အခြေခံလျှက် နယ်ရှိလက်နက်အားတွေကို စည်းရုံးလျှက် ရှေ့တန်းအဓိကရုဏ်း ဖြစ်ရာ နယ်မြေသို့ ပို့ဆောင်သည်။

ကျောက်နွားရွာ၊ ကြာအင်းတောင်ရွာ၊ ပင်ဂါတ်ရွာ၊ ကြံဟင်းခါးရွာနှင့်ကမ်းနီရွာ၊ မေထွန်း၊ ကြိမ်ချောင်း၊ ရှောက်ခုံ၊ ဘားဝတယ်၊ ဆင်ပုံး၊ နွံနစ်၊ ရက်ချောင်း၊ မီးကျောင်းတက်ရွာများသည် ကုလားနှင့်အနီးစပ်ဆုံးရွာများဖြစ်သည်။ ချင်းအမျိုးသားများကလည်း လေးမြားသေနတ်တို့ဖြင့် ပါဝင်တိုက်ခိုက်ဘို့ရောက်ရှိကြသည်။ ဒါးတပ်၊ ယမ်းထောင်း သေနတ်တပ်၊ ၂လုံးပြူးသေနတ်တပ်နှင့် ရိုင်ဖယ်သေနတ်တပ်များ ပါဝင်ဖွဲ့စည်းကြသည်။ မြေပုံမြို့နယ်လုံးကျွတ်မှ ယောကျာ်းအင်အား၊ မင်းပြားမြို့နယ်မှ နယ်ရှိလူအင်အားတို့သည် အမာခံဖြစ်ပြီး နီးစပ်ရာ မြို့နယ်များမှလူတွေလည်း အချို့ပါဝင် ရောက်ရှိကြသည်။ အင်္ဂလိပ်စစ်ပြေး ကရင်ဗမာစစ်သားများ ရှေ့ဆုံးမှတိုက်ခိုက်ကြပြီးနယ်ခံ နှစ်လုံးပြူးသေနတ်အင်အားကို အရံထားလျှက် တိုက်ခိုက်ကြသဖြင့် ကုလားလူထုအတုံးအရုံးသေကြ၊ အိမ်တွေကိုလည်း မီးယမ်းတောင့်ကြောင့် မီးလောင်ကြ ၍ စိတ်ဓါတ်ကျသော ကုလားလူထုကို ဒါးတပ်ပေါင်းများစွာက ဝင်ရောက်တိုက်ခိုက်သတ်ဖြတ်ကြသည်။ တစတစကြီးထွား လာသော ရခိုင်လက်နက်ကိုင်လူကြီးများသည် မင်းပြားမြို့နယ်ကုလားရွာများအားလုံး၊ မြို့ဟောင်း၊ ကျောက်တော်မြို့နယ်ရှိ ကုလားရွာများအားလုံး တရွာမှမကျန်အောင် သုတ်သင်တိုက်ခိုက်ကြသည်။ ဤကဲ့သို့ ညီညွတ်ပြီးသော တောင်သူလယ်သမား ထုကို သခင်လူငယ်များ ဗိုလ်လုပ်လျှက် ခေါင်းဆောင်၍ တိုက်ထုတ်လိုက်ကြသည်။ ဤအဓိကရုဏ်း၌ ရက်စက်မှုကမ်းကုန် ဖြစ်နေသည်ကိုသိရသော နာယကဆရာတော်ကြီးများက မနှစ်မြို့ကြသဖြင့် လူကြီးများနှင့်အစည်းအဝေးလုပ်လျှက် ဆုံးဖြတ်ချက်အမိန့်အာဏာတစ်ခုကို ထုတ်ပြန်ခဲ့ကြသည်။ လူသားအချင်းချင်းထောက်ထားညှာတာသော ဗုဒ္ဓဘာသာဝင်များသည် မေတ္တာတရားကို ရှေ့ထားလျှက် ဤအဓိကရုဏ်း၌ကုလားတွေကို မသတ်ကြဘို့ကို ငါတို့အမိန့်ထားဘို့ မတတ်နိုင်စေကာမူလည်း ကုလားလူမျိုး မိန်းမယောကျာ်း ခလေးမကျန်သတ်ပစ်ဖို့ လုံးဝလက်မခံနိုင်သဖြင့် ၎င်းနိုင်ငံခြားသား ကုလားမျိုးတို့ကို ရခိုင်ပြည်ဒေသအားလုံးက ရွှေ့ပြောင်းလျှက် ကုလားပြည်ဘက်သို့ နှင်ထုတ်ကြ။ ဤကဲ့သို့ နှင်ထုတ်တာကို လက်ခံလျှင် သူတို့အားလုံး ဘေးရန်ကင်းစွာ ထွက်သွားခွင့်ပြုရမည်။ ခုခံတိုက်ခိုက်သူတွေကိုသာ သင်တို့၏ရန်သူဖြစ်၍ တိုက်ခိုက်တာကို ငါတို့က တိုက်ရမည်ဟု အမိန့်မပေးသော် သင်တို့သဘောရှိ လုပ်နိုင်ကြသည်။ ဤမေတ္တာရပ်ခံချက်ကို မလိုက်နာသောအဖွဲ့ အစည်းကို ငါတို့ရခိုင်အမျိုးသားအဖွဲ့ကြီးမှ ကြီးလေးသောအပြစ်ဒဏ်ခတ်မည်ကို (သတိကြီးစွာဖြင့်)အဓိကရုဏ်းပြေငြိမ်း နိုင်ဘို့အတွက် ဆောင်ရွက်ခဲ့ကြသည်။ တကယ့်တကယ်တော့ ရခိုင်တွေဟာ အထက်အမိန့်အရ ကုလားတွေထွက်သွားရန် စာပေး၍နှင်ထုတ်ခဲ့ပါသည်။ သို့သော်လည်း ဘာသာရေးခေါင်းဆောင် မော်လဝီ၊ မော်လနာတွေ ဘာသာရေးစစ်ပွဲအဖြစ် လှုံ့ဆော်လာကြသဖြင့် အသေခံတိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးမနိုင်တော့မှ ထွက်ပြေးသဖြင့် သေသွားကြတာ အများစုံဖြစ်သွားခဲ့၏။ ကုလားဒုဒယ်ကြီးမားသော ကျောက်တော်မြို့နယ်ရှိ ကုလားရွာကြီးများ ကျဆုံးပြီး နောက်ပိုင်းမှ မခုခံတော့ဘဲ ထွက်ပြေးကြသည်။ ထိုသို့ထွက်ပြေးသူများကို လိုက်၍မတိုက်သဖြင့် ယာယီအဓိကရုဏ်းပြေငြိမ်းသွားပါသည်။

ဤကဲ့သို့ အနယ်နယ်အရပ်ရပ်မှ ထွက်ပြေးကြသောကုလားမူဆလင်များ လိုက်မတိုက်ရ၊ ထို့နောက် ဘူးသီးတောင် မြို့နယ်ရှိ ကုလားရွာများသွား၍ နှင်ထုတ်ခြင်းမလုပ်ကြ၊ မောင်တောမြို့နယ်ကိုလည်း ဤအဓိကရုဏ်းမကူးစက်ခဲ့ဘူး။

အင်္ဂလိပ်စစ်သားများသည် (စစ်အုပ်ချုပ်ရေး) အိန္ဒိယသို့ရွှေ့ပြောင်းသော်လည်း စစ်သားစစ်ဗိုလ်များအချို့နှင့် ပုလိပ်လက်နက်ကိုင်များဖြင့် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့ကို ချုပ်ကိုင်အုပ်ချုပ်ထားသည်။ ထိုနေရာသို့ ကုလားတိုက်သို့ သွားလျှင်လည်း အင်္ဂလိပ်စစ်သားများနှင့် ပုလိပ်လက်နက်ကိုင်များက သခင်တွေကို အင်္ဂလိပ်ရန်သူဆိုပြီး တိုက်မှာဘဲ။ ရခိုင်တွေကို ဘေးမသီဘဲ ယာယီအေးချမ်း၍ ရှိနေသောကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ။ ရခိုင်သခင် လက်နက်ကိုင်လူထု။ လူစုကွဲသွားပြီးနောက်ပိုင်းမှာ၊ အုပ်ချုပ်ရေးဘက်နှင့် အင်္ဂလိပ်အစိုးရနှင့် မြေရှင်မနရှင်အင်္ဂလိပ်အုပ်ချုပ်ရေးကို တော်လှန်ပစ်ဖို့ဘက်သို့ ရှေ့ရှုကြသည်။

## ကျောက်တော်ညီလာခံပြီးနောက်ပိုင်း ရခိုင်ပြည်မြို့နယ်ပေါင်းစုံမှ ထင်ရှားသောခေါင်းဆောင်များ ဖမ်းဆီးခြင်း။ (အိန္ဒိယဒိုင်နာပူပို့)

ရခိုင်အမျိုးသားကွန်ဂရက်၏ ဒုတိယအကြိမ်ကျင်းပသော ကျောက်တော်ညီလာခံပြီးလျှင် မကြာခင်အင်္ဂလိပ်နယ်ချဲ့များသည် ရခိုင်တိုင်းမြို့နယ်ပေါင်းစုံမှ ထင်ရှားသည့်ခေါင်းဆောင်များကို ဖမ်းဆီး၍ အိန္ဒိယဒိုင်နာပူရ်ထောင်သို့ပို့သည်။ ဖမ်းဆီးပုံမှာ တစ်ပြိုင်တည်း တစ်ချိန်တည်းဖြစ်သည်။ ခေါင်းဆောင်ကြီးများလည်း ညီလာခံပြီးနောက်ပိုင်းမှာ နေတဲ့နေရာကို လူတိုင်းမသိနိုင်အောင် ခြေရာဖျောက်ထားကြသည်။ ထင်ရှားတဲ့လူငယ်အချို့လည်း လုပ်ငန်း(ဝါ) တော်လှန်ရေးတကယ်လုပ်ရမည့်အလုပ်တွင် မပါဝင်ဘဲ အဘမ်းခံနေရလျှင် ဆုံးရှုံးသွားနိုင်သည်ဖြစ်၍ အရေးကြီးသော ဤအချိန်မှာ မဖမ်းမခံရအောင် ငုတ်လိုက်ပေါ်လိုက် ပါးပါးနပ်နပ်ဖြင့် ကျီးလန့်စာစားသဘောကို နေကြရ၏။

အချို့မှာ အင်္ဂလိပ်အုပ်ချုပ်ရေးတစ်ခုလုံး ဖြိုဖျက်ပစ်ဘို့ မြို့နယ်တာဝန်ခံ၊ ခရိုင်တာဝန်ခံများအဖြစ် လျှို့ဝှက်တာဝန်ခံထားကြသဖြင့် လက်နက်စု၊ လူစုစသည်များကို လုပ်နေကြသည်။

ကျေးလက်တောရွာတိုင်းမှာ လက်နက်လုပ်ကြသည်။ ထိုခေတ်လက်နက်မှာ ယမ်းထောင်းသေနတ်ဖြစ်သည်။ အချို့သော ပန်းဘဲများလက်နက်ကို နိုင်ငံခြားထွက်ကဲ့သို့ လက်ရာမြောက်တတ်ကြသဖြင့် ဗလုံးပူးနှင့်ရိုင်ဖယ်ကဲ့သို့ မဟုတ်စေကာမူ မာစ်ကက်ကဲ့သို့ အတုယူလုပ်ထားကြသည်။ လှုပ်ရှားမှုများ၊ စစ်ပညာတတ်သော ပုလိပ်၊ စစ်ပုလိပ်များကို ခေါ်ယူ၍ ငွေပေးသင်ကြားထားခြင်း၊ ဤကဲ့သို့လုပ်နိုင်ခြင်းမှာ စစ်ပြေးကရင်များ ရှိနေ၍ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် အိန္ဒိယသို့ မလိုက်လိုသော ကရင်ဗမာအင်္ဂလိပ်စစ်သားများသည် လက်နက်ဖြင့် ရှောင်တိမ်းကြပါသည်။ ဤကဲ့သို့ စစ်ပြေးဖြစ်အောင် ဆရာတော်ဦးပညာသီဟသည် ဖန်တီးသူဖြစ်သည်။ ဆေးဆရာအဝတ်ကိုဝတ်၍ ဦးပညာသီဟဟုမသိကြဘဲ စစ်တပ်ထဲဝင်ရောက်ဆေးကုဟန်ဖြင့် တီးတိုးဝါဒဖြန့်သည်။ စင်ကာပူခံတပ်ကျပြီး၊ ကွိန်းမေရီ လေယာဉ်တင်သင်္ဘောမြုပ်ပြီ။ အင်္ဂလိပ်များ ခွေးပြေး၊ ဝက်ပြေးပြေးရတော့မည်ဟု ဝါဒဖြန့်လျှက် သခင်တပ်သို့ဝင်ဘို့ ငွေပေး၍လှုံ့ဆော်သည်။

## အင်္ဂလိပ်အုပ်ချုပ်ရေးပျက်(ရခိုင်အုပ်ချုပ်ရေးအစားထိုးခြင်း)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၌ ယခုတိုင်ရခိုင်လူမျိုးစုသည် ရှေ့နေ၊ တရားသူကြီး အများဆုံးရှိကြ၏။ သို့သော်လည်း အုပ်ချုပ်စီမံခန့်ခွဲသည့်အတတ်ပညာကို (သခင်တွေလို မတတ်ကျွမ်းကြပါဘူး) ကျွန်တော်စာရေးသူက မှတ်ချက်ချသည်။ (စေတဲ့ကျွန်) ဆိုတဲ့စကားကဲ့သို့၊ ဥပဒေပါအတိုင်းမှတပါး ဘာမှမလုပ်တတ်ကြ၍ ဆိုခြင်းဖြစ်သည်။ ကာလ၊ ဒေသ ပုဂ္ဂလကိုလိုက်လျှက် စီမံခန့်ခွဲဘို့ နားလည်နိုင်အောင် ဗဟုသုတလည်း မရှိကြသည်မှာ ထင်ရှားပါသည်။ ဒါးပြတွေကို သခင်တွေသတ်ပစ်ချိန်တွင် ကမ္ဘာပျက်ပြီ၊ လူတွေကို ဆွဲသတ်၍ နေကြပြီဘဲဟု ငြီးငြူနေကြသည့် ဥပဒေပညာရှင်ကြီးများကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရသဖြင့် ဤစာကို ထည့်ရေးရခြင်းဖြစ်ပါသည်။ (သခင်တွေအုပ်ချုပ်ခဲ့စဉ်က လူ စဦးခန့်ပင် မသတ်ပစ်ခဲ့ကြရပါဘူး(ဤသည်တိုင်း တစ်ခုလုံးကို ချုံ၍ပြခြင်းဖြစ်သည်။) အကယ်၍ဉာဏ်မရှိခဲ့လျှင် လူ ၃၀၀လောက်သတ်ပစ်ရမည်ပင်ဖြစ်သည်။ စည်းရုံးရေးကြောင့် လူမိုက်တွေသည် တော်လှန်ရေး၌ တပ်ဗိုလ်တွေဖြစ်ကြသည်။ ၎င်းတို့ကို မျက်မြင်မဟုတ်ပါလော။ လွတ်လပ်ရေးမော်ကွန်းရခဲ့သော ရဲဘော်ကြီးတွေထဲမှာ တော်လှန်ရေး၌သစ္စာရှိစွန့်စားခဲ့သည့် ပုဂ္ဂိုလ်တွေဘဲ။ ဤပုဂ္ဂိုလ်တွေထဲ၌ ယခင်ခေတ်က လူမိုက်အများအပြားပင် ပါဝင်သည်။ (သခင်အုပ်ချုပ်ရေးဖွဲ့စည်းပုံမှာ) ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကာကွယ်ရေးမှူး၊ ပညာရေးမှူး၊ တရားရေးမှူး၊ ကျန်းမာရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ရိက္ခာမှူးနှင့် ကော်မတီဝင်(၄)ဦး၊ (၁၁)ဦးဖြစ်၍ (၁၁)ဌာနအုပ်ချုပ်ရေးဟု ဝေါဟာရတင်ခဲ့ပါသည်။

စင်ကာပူခံတပ်ကျဆုံးပြီးနောက်ပိုင်းမှ တစတစဆုတ်လာရသော ဗြိတိသျှနယ်ချဲ့သမားများသည် မြန်မာပြည်မှ အပြီးအပိုင် အိန္ဒိယပြည်သို့ ဆုတ်ခွာသွားခဲ့ရသည်။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်နှစ်ခုကို ၎င်းတို့၏နောက်ဆုံးစခန်းထားနေသေးသည်။ ဤအချိန်၌ရခိုင်ပြည်၏ သံတွဲခရိုင်၊ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ ပလက်ဝခရိုင်၊ ၄ခု၌ တောမီးလောင်

တောကြောင်ထသလို အင်္ဂလိပ်အုပ်ချုပ်ရေးကပျက်၊ ကုလားရခိုင်အဓိကရုဏ်းကြောင့် လူဆိုးတွေထံ လက်နက်အချို့ ရောက်သွားသဖြင့် သခင်အမည်ခံအတုအယောင်များ ဒါးပြတိုက်လာကြသည်။ ဤတွင် ရခိုင်သခင်အဖွဲ့သည် မြို့အချို့ကို ဝင်ရောက်သိမ်းပိုက်လျှက် နယ်အနှံ့အပြား အုပ်ချုပ်ရေးကော်မတီ ဖွဲ့စည်း၍ စနစ်တကျအုပ်ချုပ်ရေးကိစ္စကို ဆောင်ရွက်ကြသည်။ ထောင်မရှိသဖြင့် ဓားပြများ ဘမ်းဆီးလျှက် ရပ်ကွက်တိုက်နယ်လူကြီးများ အာမခံဖြင့် ပြန်လွှတ်သည်။ အကယ်၍ အာမခံမည့်သူမရှိသည့် လူဆိုးတွေကို တခါတည်းသေနတ်ပစ်၍ အဆုံးစီရင်လိုက်ကြပါသည်။ သခင်တို့၏ တရားစီရင်ရေးသည် အလွန့်အလွန်ထိရောက်ခြင်းရှိသည်။ သမိုင်း၌တင်ကျန်ခဲ့၏။

(အမှန်မှာ တပြည်လုံးချီ၍ သတ်ပစ်ခဲ့သည်မှာလည်း ၅ဦးပင်မပြည့်ခဲ့ပါ) သို့သော်လည်း ထိုအချိန်ကာလ၌ ဒါးပြ လုံးဝမရှိ။ သူခိုးတစ်နေရာ၌ သခင်တို့အုပ်ချုပ်သော ၃လအတွင်း လုံးဝမတွေ့ရှိခဲ့ကြ။ အရက်၊ ဖဲ၊ ဘိန်း၊ လုံးဝကင်းစင်သွားသည်ထိ ခရီးရောက်ခဲ့ပါသည်။ အရက်သမားက အရက်ပြတ်၊ အရက်လည်း တစ်ပြည်လုံးမှာ တစ်စက်မှရှာမရ။ အလွန့်အလွန်ပေါများသော ဓနိရည်ပင် လုံးဝရှာမရနိုင်အောင် ဖျက်ဆီးလိုက်ကြသည်။ ဘိန်းလည်းရှာမရ၍ ဘိန်းစားတွေကို ဆေးကုယူရသည်ထိ ခရီးရောက်ပါသည်။ အင်္ဂလိပ်အုပ်ချုပ်ရေးခေတ်က လူမိုက်လုပ်သူများ တစ်ရွာတစ်ယောက်ကျရှိခဲ့သည်။ သခင်ခေတ် တစ်ပြည်လုံး၌ လူမိုက်တယောက်မရှိသည်အထိ ရှင်းလင်းပစ်ပါသည်။ ဤသူများ သတ်ပစ်ပါသလား မေးပါလျှင် သတ်ပစ်တာပဲ ဖြေရမည်။ သို့သော်လည်း သုံးယောက်မပြည့်ဟု ဆိုရပါမည်။ (၎င်းတို့ကို မိုက်ဝန့်လျှင်ကား လွတ်လပ်ရေးတိုက်ပွဲ၌ လူစွမ်းကောင်းလုပ်လူတွေ အများကြီး မိုက်ဝန့်သောကြောင့် လူမိုက်တွေသခင်ဖြစ်ကုန်ကြတာ အမှန်ဖြစ်ပါသည်။) သီးခြားလူမိုက်လုပ်နေက တရက်မှကြာမည်မဟုတ် သခင်တွေသတ်ပစ်မှာ သေချာပါသည်။ (အုပ်ချုပ်ရေးများအနက် သမိုင်းတစ်လျှောက်တွင်) သြဇာကြီးသောအုပ်ချုပ်ရေးမျိုး၊ ကျွန်တော်မတွေ့ဖူးပါ။ ဤစကားမှာ တင်စားသည့်စကား မဟုတ်ပါ။ အတိအကျအမှန်အတိုင်း ဖြစ်ပါသည်။

ရခိုင်ကုလားအဓိကရုဏ်းဖြစ်ပုံကို အကြမ်းတင်ပြပြီးနောက်၊ အင်္ဂလိပ်နှင့် ရခိုင်လက်ပါးစေ စစ်သား၊ ပုလိပ်၊ မြေရှင်၊ ဓနရှင်နှင့် အရေးပိုင်ဦးကျော်ခိုင်၏နယ်စပ်၌ လှုပ်ရှားပုံကို အမြွက်မျှတင်ပြရပါမည်။ သို့မဟုတ်က ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်၌ လူမကျန်အောင် ကုလားသတ်ခံရပုံကို ချင့်ချိန်နိုင်ကြမည်မဟုတ်ပါ။ ကုလားရွာတွေ ဖြိုဖျက်နိုင်သော ရခိုင်လက်နက်ကိုင်များမှာ စစ်သင်္ဘောတစ်စီးဖြင့် မိုက်ရူးရဲစစ်ဘုရင်လုပ်နေသော အရေးပိုင်ဦးကျော်ခိုင်၏ ဂေါ်ရခါးစစ်တပ်နှင့် အရေးပိုင်အာဏာအောက်၌ စုစည်းထားသောပုလိပ်တပ်ကို ယှဉ်ပြိုင်၍ တိုက်ခိုက်လျှင် ရခိုင်သခင်တပ်များ၊ မုချဆုံးရှုံးရမည်ဖြစ်သည်။ ထို့ကြောင့်ပင် လူထုအပေါ်၌ သြဇာအာဏာရှိနေစေကာမူ ဦးကျော်ခိုင်နှင့် စစ်တပ်ကို နိုင်ဘို့အခြေမခံသေး။ ထို့နောက် ရခိုင်တပ်ပေါင်းစုသည် ကျောက်တော်ကုလားရခိုင်တိုက်ပွဲ၏ နောက်ပိုင်းမှာ မိမိမြို့နယ်သို့ သခင်ခေါင်းဆောင်များနှင့် တစုတည်းအဖြစ်မှ အကွဲကွဲအပြားပြားလို ဖြစ်သွားခဲ့ခြင်း အင်္ဂလိပ်အုပ်ချုပ်ရေးကို မိမိမြို့နယ်မှာ ဖြိုဖျက်လျှက် သခင်အုပ်ချုပ်ရေးအစားသွင်းဘို့အတွက် ကြိုးစားရန်ကလည်း အရေးကြီးသည်။ နောက်တစ်ခုက အင်္ဂလိပ်အုပ်ချုပ်ရေးတောနယ်ကျေးရွာများ သြဇာမရှိသည်အကြောင်းပြု၍ ဒါးပြများက သခင်အမည်ခံ၍ လုယက်စိုးမိုးနေမှုကို ငြိမ်ဝပ်ချေမ်းအောင် လုပ်ဖို့ကိစ္စကလည်း တဖက်က ရှိနေပါသည်။ အချို့နေရာ၌ ကုလားတိုက်ပွဲဟန်ပြပါဝင်ခဲ့ကြပြီးနောက် နယ်အနှံ့ဓါးပြတိုက်နေသော လူဆိုးတွေကို နှိမ်နင်းရန်လည်း အလွန့်အလွန်အရေးတကြီးကိစ္စ ဖြစ်ပါသည်။ ထို့ပြင် မြို့ကြီးတွေကို ဂျပန်ဗုံးကြဲသဖြင့် တောသို့ ခိုလှုံလာသူများကို လူမိုက်ဓါးပြများရန်မှ ကာကွယ်ပေးရမည့်တာဝန်သည် ရခိုင်အမျိုးသားကွန်ဂရက်တွင် တာဝန်ရှိသည်။ ဤကိစ္စတွေထက် ဦးကျော်ခိုင်နှင့် ဦးကျော်ခိုင်စစ်တပ်ကိုလည်း ထိပ်တိုက်မတွေ့ဘို့ ရှောင်တိမ်းကြရသည်။ ဤတွင် မူဆလင်ကုလားများအားလုံးသည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ စုမိခြင်း၊ ရခိုင်တွေကို အကွက်သာလျှင်၊ တိုက်ခိုက်သတ်ဖြတ်ဖို့ တာစူနေကြသည်။ သင်္ဘောတစ်စင်းဖြင့် ဟိုသွားဒီလာ သတ္တိပြနေသော ဦးကျော်ခိုင်၊ အိုင်ဆီအက်စ် အရေးပိုင်အား မူစလင်များက အတင့်ရဲခဲ့ကြသည်။ ဤနိမိတ်ပင် ရခိုင်တွေကို ကုလားကသတ်ဖို့ နိမိတ်လက္ခဏာတစ်ခုပင်ဖြစ်သည်။ ဤအကျိုးဆက်အားလုံးသည် ဘူးသီးတောင်နယ် မောင်တောနယ်ရှိ ကုလားသတ်ဖြတ်ခံရခြင်းဘဲ။

## ဗမာ့လွတ်လပ်ရေးတပ်မတော်ရောက်ရှိလာခြင်း၊ လူငယ်များ တပ်မတော်ထဲဝင်ခြင်း

၁၉၄၁-ခု ဧပြီလအချိန်တွင် ဗိုလ်ရန်အောင် ရဲဘော်သုံးကျိတ်ဝင်ဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရခိုင်ပြည်သို့ တော်လှန်ရေးတာဝန်ဖြင့် ရောက်ရှိလာခဲ့သည်။ ဗိုလ်ရန်အောင်တပ်ရင်းသည် တောင်ကုတ်တောင်ကြားလမ်းမှ ချီတက်လာခဲ့ပြီး ရခိုင်ပြည်မြောက်ဘက် စစ်တွေမြို့သို့ ဦးတည်လျက် လှေကြီးများဖြင့် ချီတက်လာခဲ့သည်။ တောင်ကုတ်

သံတွဲမှ လူငယ်များသည် ဦးစွာပင် တပ်မတော်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။ တောင်ကုတ်မှ လှေကြီးများဖြင့် ရခိုင်ပြည် ကျောက်ဖြူခရိုင်ကို ဖြတ်ကျော်လျက် မင်းပြားမြို့သို့ ဦးတည်၍ ချီတက်လာသည်။ ထိုအချိန်တွင် တောင်ကုတ်မှာ ဌာနာ စိုးတင့်၊ စိုးကြည်နှင့် ကျော်ဒင်၊ ညွန့်ဖေ၊ စံလုံး၊ ဘိုးကံ့စသည့်လူငယ်များ တပ်၌ပါဝင်ပြီးရှိသည်။ ထိုအထဲ၌ အင်္ဂလိပ်အမှု ထမ်း ဌာနာလုပ်ခဲ့သူ ရဲဘော်စိုးတင်က တိုင်းမင်းကြီးတာဝန်ကို ရန်ကုန်ယာယီအုပ်ချုပ်ရေးအဖွဲ့မှ သခင်မြ(ခေါ်) မောင်မြ၊ စစ်တွေမှ ရခိုင်လူငယ်နှင့် ဗိုလ်ရန်အောင်တို့အား ဦးစိန္တာ ဦးစီးသော လက်နက်အဖွဲ့သည် လူသတ်၊ ဓါးပြတိုက်နေသည် စသည်ဖြင့် ဂုံးချောစကားကို ဗိုလ်ရန်အောင်မှာ ယုံကြည်၍ စာဖြင့်ဆင့်ခေါ်ပြီး ဘမ်းဆီးယူဆောင်လျှက် မင်းပြားမြို့သို့ ခေါ်ယူသွားလေသည်။ မင်းပြားမြို့သို့ ရောက်ရှိသွားလျှင် ရခိုင်လူငယ်များသည် တပ်မတော်ထဲသို့ များစွာဝင်ရောက်ခဲ့ကြ၏။ (အထူးသဖြင့် ဆရာတော်နှင့် ဥက္ကဌကြီး ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ မြို့နယ်မှလူကြီးများအချို့ကိုပါ အကျယ်ချုပ် သဘောထားပြီး လက်နက်သိမ်းခဲ့ပြီး ရှိနေသည်။ သူတို့အထူးအားထားယုံကြည်သူများမှာ ဘုံပေါက်သာကျော်၊ နာယကဆရာ တော်ကြီး ဦးပညာသီဟဖြစ်သည်။ (ထိုအခါ ဦးပညာသီဟ)ဆရာတော်က၊ ရခိုင်ပြည်သူလူထုအားလုံးသည် ဦးစိန္တာ၏ဩဝါဒ လက်အောက်မှာဖြစ်သည်။ ငါသည် ဒုတိယခေါင်းဆောင်သာဖြစ်၍ ဦးစိန္တာလက်ထောက်သာဖြစ်သည်။ ယခုတကာကြီး ဗိုလ်ရန်အောင်သံသယရှိ၍ ထိန်းထားသောလူပုဂ္ဂိုလ်ခေါင်းဆောင်များမှာလည်း ဒို့ဗမာအစည်းအရုံးနှင့် မဟာမိတ်ပြုထား သော ရခိုင်အမျိုးသားကွန်ဂရက်ခေါင်းဆောင်၊ လူထုကြီးက အဓိက အားထားကြည်ညိုသူ အဓိကပုဂ္ဂိုလ်တို့ဖြစ်သည်။ ဒို့ဗမာအစည်းအရုံး၏ခေါင်းဆောင် အားလုံးက သိကြသည်။ ဘာမဟုတ် ဂုံးချောစကားကို ယုံကြည်လျှင် ငါပင်လျှင် သင်တို့နှင့် မပူးပေါင်းနိုင်ဖြစ်မည်။ အကယ်၍ပူးပေါင်းပါသော်လည်း ရခိုင်လူထုကို ရမည်မဟုတ်။ ထို့ကြောင့် ရခိုင်လူထုအကူ အညီလိုလျှင် ဤရခိုင်ခေါင်းဆောင် ဦးစိန္တာနှင့် ထိုအဓိကပုဂ္ဂိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုလုပ်မှ တာဝန်အရပ်ရပ်လုပ်ကိုင် ဆောင်ရွက်နိုင်မည်။ ယခု ရခိုင်၌ ကုလား ရခိုင်အဓိကရုဏ်းဖြစ်ခဲ့ပုံ၊ အင်္ဂလိပ်အုပ်ချုပ်ရေးဖြိုဖျက်ပြီး ရခိုင်သခင်အုပ်ချုပ် ရေးအစားထိုးထားပုံများနှင့် ဒါးပြများထကြွသောင်းကျန်းမှုအားလုံးကို ငြိမ်းချမ်းအောင် စီမံအုပ်ချုပ်ထားပုံများကိုပါ ရှင်းလင်း ပြရသည်။ မကျယ်ပြန့်သော လူငယ်တစ်စုမျှ၏ ခေါင်းဆောင် ဘုံပေါက်သာကျော်သည်ပင် ငါတို့၏အမျိုးသားကွန်ဂရက်၏ အစုများစွာ အနက် အစုငယ်အဖွဲ့ငယ်၊ လူငယ်အဖွဲ့တစ်ဖွဲ့သာဖြစ်သည်။ ထိုကဲ့သို့ ထောင်မကအဖွဲ့များကို စုစည်းစည်းရုံး ထားသည့် ကွန်ဂရက်ကြီး၏ အဓိကခေါင်းဆောင်မှာ ဆရာတော်ဦးစိန္တာပင်ဖြစ်သည်။ ထိုကွန်ဂရက်၏ဥက္ကဌမှာ ဝတ်လုံတော် ရ ဦးသာဇံလှဖြစ်၍ ဦးအောင်ထွန်းဦး အမျိုးသားကျောင်းဆရာကြီးမှာလည်း ဦးသာဇံလှနှင့်ပူးပေါင်းထားသော ရခိုင်တိုင်း ရင်းသားအဖွဲ့ ဥက္ကဌကြီးဖြစ်၊ ယခုကွန်ဂရက်၏ ဒုဥက္ကဌပါဘဲ။ ဤသို့ရှင်းလင်းတင်ပြ၍ အင်္ဂလိပ်ခေတ်က ဓါးပြလူမိုက်အချို့ မှာလည်း မျိုးချစ်တပ်သားကောင်းများ (ရခိုင်သခင်အဖွဲ့ဝင်များ) တစ်ဖြစ်လဲ စည်းရုံးထားရှိသည်။ ဤဒါးပြများကို အစွဲပြု ၍ ငါနှင့်ဦးစိန္တာကို ဒါးပြခေါင်းဆောင်ဟု အင်္ဂလိပ်အလိုတော်ရိုများ သွားပုတ်လေလွင့် စွပ်စွဲကြသည်ကိုသိ၏။ ငါတို့ တော်လှန်ရေးကို လုပ်ဝန့်သူများမှာ ဓနရှင်နှင့်ပညာတတ်များ မဟုတ်ဘူး၊ ဆင်းရဲသားနင်းပြားများနှင့် လူမိုက်လူစွမ်းကောင်း များပင်ဖြစ်သည်။ လမ်းမှားမှ လမ်းမှန်သို့ သိမ်းသွင်းစည်းရုံးထားသဖြင့် အလွန်ညီညွတ်၍ ခိုင်မာတောင့်တင်းလျက်ရှိနေ ကြောင်းကို ငါလုံးဝတာဝန်ခံသည်။ စသည်ဖြင့် ဗိုလ်ရန်အောင်အား နားလည်အောင်ရှင်းပြသည်။ နှစ်ကြိမ်သုံးကြိမ်မျှ ဖြစ်သည်။ ဗိုလ်ရန်အောင်လည်း အခြေအနေကို အကဲခတ်သည်။ ဗဟိုကိုမေးဘို့ကလည်း သံကြိုးကအစ အရပ်ရပ်ပျက်စီး နေသဖြင့် မြို့မကျန်အုပ်ချုပ်ရေး မရှိသလိုအချိန်မှာ ဦးပညာသီဟတင်ပြမှုကို ယုံကြည်ရ၏။ ကြေကြေညက်ညက်သဘော ပေါက်ဟန်မတူဘူး။ သူသိထားသောပုဂ္ဂိုလ်များအချို့နှင့် တပ်ထဲရောက်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်းသူငယ်ချင်းများကို မေးကြည့်ပါမှ လုံးဝသံသယကင်းရှင်းလျက် ဦးစိန္တာအား ဝန်ချကတော့၍ တောင်းပန်ပါသည်။ အုပ်ချုပ်ရေးအဓိကပုဂ္ဂိုလ် များလည်း အရှင်ဘုရားများ သဘောတူသူကို ရွေးပါမည်ဟု ဝန်ခံ၍ စစ်တွေမြို့သို့ ချီတက်ရန် စီမံကြသည်။ ဗိုလ်ရန်အောင် ရောက်ချိန်မှာ စစ်တွေမြို့၌လူမရှိပြီ။

စစ်တွေမြို့အား ဂျပန်ဗုံးချသည့်အတွက် မြို့သူမြို့သားများလုံးဝမနေဝန့်ကြသဖြင့် ကျေးလက်တောရွာများသို့ တစ်မြို့လုံးပြောင်းရွှေ့နေထိုင်ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ရင်း ၁။ရန်အောင်တပ်ရင်းသည် မင်းပြားမြို့မှ တဆင့် စစ်တွေမြို့သို့ ချီတက်သိမ်းပိုက်ဖို့ လမ်းပြများနှင့် ထောက်လှန်းရေး စတင်ရှေ့ပြေးတပ်များ လွှတ်ထားပြီးလျှင် သတင်းအစုံအလင်စုဆောင်းလျှက် အုပ်ချုပ်ရေးချက်ကိုလည်း တိုင်ပင်ဆွေးနွေးကြသည်။ တပ်မတော်သို့ အသစ်ဝင်ရောက် လာသည့် တပ်သားသစ်များကိုလက်ခံ၍ သိမ်းပိုက်ရရှိသောသေနတ်လက်နက်များ ထုတ်ပေးပြီးလျှင် စစ်သင်တန်းကို လမ်းတွင်လက်တွေ့အဖြစ် တပ်သားဟောင်းများရောနှောပြီး သင်ကြားထားသည်။

ဂျပန်တပ်မတော်လည်း ကုန်းခရီးဖြင့် မင်းပြားမြို့သို့ ရောက်ရှိလာသည်။ ဂျပန်တို့လည်း စစ်တွေမြို့သို့ သိမ်းပိုက်နိုင် ဘို့ လျှင်မြန်စွာ နေ့ရောညပါချီတက်ဘို့ ကြိုးစားကြသည်။ ဗမာ့တပ်မတော်နှင့် ဂျပန်တပ်မတော်တို့သည် သူဦး၊ ငါဦး၊ စစ်တွေမြို့သို့ သိမ်းပိုက်နိုင်ဘို့ ကြိုးစားကြသည်။

ဂျပန်တပ်မတော်ချီတက်လာသော ကုန်းလမ်းခရီးတစ်ဝက်ခန့်ကို သခင်ဘစိန်က စစ်ကြောင်းတာဝန်ခံအဖြစ် ဦးဆောင်လာခဲ့သည်။ ကုတို့များတွင် မြင်းတပ်များနှင့် လက်နက်ကြီးများကို လှေနှစ်စီးကို သစ်ဝါးဖြင့်ဖောင်ဖွဲ့၍ပို့ကြ၏။ ဝေဟင်မှ လေယာဉ် ၂စီး၊ ၄စီးခန့် ဂျပန်တပ်မတော်ကို စောင့်ကြပ်ခြင်း ရှေ့စခန်းသို့ ကင်းလှည့်ထောက်လှမ်းသော တာဝန်များကို ဆောင်ရွက်ကြပါသည်။

ရခိုင်စစ်မြေပြင်မှ အင်္ဂလိပ်ဗြိတိသျှတို့ အပြီးအပိုင် စွန့်ခွာသွားကြသော်လည်း ရေတပ်သင်္ဘောများဖြင့် ရခိုင်ဒေသအနှံ့ သွားလာလှုပ်ရှားကြသည်။ စစ်တွေမြို့၌လည်း ယာယီကင်းချထားကြ၏။ ရိက္ခာနှင့်လက်နက်များအားလုံး မယူခဲ့နိုင်ကြဘဲ မြေမြှုပ်ထားခဲ့ကြသည်။ ဗိုလ်ရန်အောင်စစ်ကြောင်းနှင့် ဂျပန်တပ်မတော်စစ်ကြောင်း နှစ်ခုခွဲလျှက် စစ်တွေမြို့သို့ ဦးတည်ချီတက်ခဲ့ကြရာ ပုဏ္ဏားကျွန်းမြို့သို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိကြသည်။

ပုဏ္ဏားကျွန်းမြို့ဘက်၌ ဗမာ့လွတ်လပ်ရေးတပ်မတော်က တပ်စွဲသည်။ ပုဏ္ဏားကျွန်း၏မြစ်တစ်ဖက်ကမ်းသို့ ဦးရစ်တောင်စေတီခြေရင်းရှိ နတ်ဆိပ်ကုန်ပုတ်ရွာတွင် ဂျပန်တပ်မတော်က တပ်စွဲလျက်ရှိနေကြ၏။ ညနေနေဝင်စချိန်က အင်္ဂလိပ်သင်္ဘော(စစ်သင်္ဘောတစ်စင်း)သည် မြစ်လယ်မှရောက်ရှိသည်ကို ဂျပန်တပ်မတော်ရော၊ ဗမာတပ်မတော်ကပါ သိရှိကြသဖြင့် ညည့်မအိပ်ဘဲ အသင့်အနေအထားဖြင့် ဝပ်လျှက် မြစ်ကြောင်းဘက်မျက်နှာမူပြီး စောင့်နေကြပါသည်။ ညည့်ပိုင်းအချိန်တွင် အင်္ဂလိပ်သင်္ဘောသည် လုံးဝလှုပ်ရှားခြင်းမရှိဘဲ မြစ်လယ်တွင်ဘဲ ရပ်နေခဲ့ပါသည်။ မိုးလင်းလာသည့် ၇နာရီအချိန်တွင် ကမ်းဘက်သို့ ရွေ့ရှုလာခဲ့သည်။ ကမ်းနားရောက်လျှင် ကမ်းနဖူး၌ရပ်နေသည်။ ဤအချိန်တွင် တစ်ပြိုင်တည်း ကမ်းဘက်မှ ဂျပန်တပ်မတော်မှ လက်နက်ကြီးငယ်များဖြင့် စတင်လျက်တိုက်ခိုက်ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဘက်မှလည်း တိုက်ခိုက်လေပြီ။ အင်္ဂလိပ်သင်္ဘောမှလည်း အမြောက်ကြီးများဖြင့် ကမ်းဘက်သို့ အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ပါသည်။ အင်္ဂလိပ်သင်္ဘောမှတိုက်ခိုက်မှုမှာ မြေကြီးတုံခါလောက်သည်။ အသံမြည်ဟိန်းထွက်လာသော်လည်း ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ တစ်စုံတစ်ရာ ထိခိုက်မှုမရှိသည်ကို တွေ့ရပါသည်။ အသံသာပါလျက် အဆံမပါသလိုပါဘဲ ဆိုရမည်ဖြစ်သည်။ ကမ်းဘက်မှ ဂျပန်တို့ပစ်ခတ်မှုလည်း သင်္ဘောနစ်မြှုတ်သွားအောင် ထိရောက်ခြင်း မရှိပါဘူး။ သို့သော်လည်း သင်္ဘော၌ပါသောစစ်သားများ သေသူသေ ဒဏ်ရာရသူ ရကြသည်။ ကမ်းထက်မှအပေါ်စီးယူ၍ လူများစွာနှင့် ပစ်ခတ်ရသောကြောင့် အသာစီးရခဲ့၏။ ဒါပေမဲ့သင်္ဘောက ခုတ်မောင်းဆုတ်ပြေးသဖြင့် သေနတ်လက်နက်များ အလှမ်းဝေးသွားပြီး တိုက်ပွဲပါရပ်သွားကြရသည်။ ဂျပန်လေယာဉ်နှစ်စီးက ဝေဟင်မှရောက်လာပြီး စက်သေနတ်ဖြင့်ကူ၍ပစ်သည်ကို သိမြင်တွေ့ရှိကြရ၏။ တပြိုင်တည်း ရှေ့သို့ခရီးချီတက်ကြသည်။ ထိုသင်္ဘောမြုတ်သည် မမြုတ်သည် စာရေးသူမသိခဲ့ရပါ။ ဤတိုက်ပွဲ၌ အင်္ဂလိပ်စစ်သင်္ဘောပါသော ဆရာဝန်ရခိုင်လူမျိုး ဦးအောင်သာလှဆိုသူသည် ဗမာ့တပ်မတော်မှပစ်ခတ်မှုကြောင့် ကျဆုံးသွားပါသည်။

ဤပုဂ္ဂိုလ်မှာ သင်္ဘောမှလက်နက်မဲ့ ဆင်းလာသူဖြစ်သည်၊ တပ်မတော်သားများကလည်း လူသစ်တွေဖြစ်၍ နားမလည် ကြသေး။ ဆရာဝန်ကလည်း ဇောလွန်သဖြင့် သေရခြင်းဖြစ်သည်။ ဆရာဝန်မှန်းသိသောအခါ ယူကျုံးမရ နှမြောကြရသည်။ ဤသို့ဖြစ်ပျက်ပြီး ညည့်ရောနေ့ပါ စစ်တွေမြို့သို့ ချီတက်ကြသည်။ သိန်းတန်ရွာ၊ ကျားမလောက်ရွာ နာရီကန်ရွာဘက်မှ သက်ကေပြင်ဈေးဘက်သို့ ဦးတည်လျက် ချီတက်ကြသည်။

သက်ကေပြင် ဈေးလမ်းဆုံတွင် ကုလားစစ်သား ရာဇပုတ် လေးဦးကို တိုက်ခိုက်သတ်ဖြတ်လိုက်ကြသည်။ နာရီကန်ဈေးထဲ၌ခိုလှုံကြသော စစ်သားကုလားများကို တိုက်ခိုက်သတ်ဖြတ်ကြ၍ ရှေ့သို့ချီတက်ကြသည်။ ဤသို့နာရီကန်သက်ကေပြင်မှ စစ်တွေသို့ဦးတည်ချီတက်ကြရာတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ၁၅မိနစ်စော၍ စစ်တွေမြို့ထဲသို့ ရောက်ရှိခဲ့ကြသည်။ အင်္ဂလိပ်အရေးပိုင်ရုံးနှင့် မင်းကြီးရုံးတို့တွင် တပ်စွဲကြ၏။ တပ်ရင်းရုံးကို အင်ပိရိညာတော်၌ တပ်စွဲစခန်းချသည်။

ဂျပန်တပ်မတော်သည် ပလုပ်တောင်ရှိ အင်္ဂလိပ်စစ်တန်းလျား ပုလိပ်စခန်းများ၌ တပ်စွဲလိုက်ကြသည်။ ဝိုင်ယာလက်ဌာနချုပ်နှင့် သံကြိုးရုံးများကိုလည်း ဂျပန်ပြန်၍သုံးနိုင်ဘို့ ကြိုးစားပြုပြင်လိုက်ကြသည်။ ၁၉၄၁ခု ဧပြီလကုန်မေလပိုင်းတွင် စစ်တွေမြို့ကို သိမ်းပိုက်နိုင်ခဲ့၏။ လမ်းတွင်ကြီးကြီးကျယ်ကျယ် တိုက်ပွဲကြီးများ မဖြစ်ခဲ့ကြပါ။ စစ်တွေမြို့ကို ဗမာ့လွတ်လပ်ရေးတပ်မတော် ဝင်ရောက်သိမ်းပိုက်ပြီးနောက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ လူငယ်များဝင်ရောက်ပြီး တပ်စိတ်တပ်စုသစ်များ ဖွဲ့စည်းပြီး၊ ပြင်းပြင်းထန်ထန် စစ်ပညာသင်တန်းများပေးခြင်း၊ တပ်ရင်းမှူးဗိုလ်ရန်အောင်မှာ ရခိုင်ကွန်ဂရက်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီးလျှင် ရခိုင်ပြည်ရှိ မြို့နယ်ပေါင်းစုံသို့ တပ်ခွဲများ တပ်စခန်းချထားသော်လည်း ကျောက်ဖြူ ရမ်းဗြဲ မာန်အောင်သို့ တာဝန်ဖြင့်လွှတ်ထားသည့် ဗိုလ်မင်းလွင်သည် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေရသည်။ ထိုအခက်အခဲမှာ ကျောက်ဖြူမြို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်လက်အောက်သို့ အသာတကြည်နှင့် ဝင်ရောက်လာဘို့ မကြိုဆိုခြင်းဘဲဖြစ်သည်။ ဤသည်ကို တပ်ရင်းသို့အစီရင်ခံသဖြင့် တပ်ရင်းမှူးဗိုလ်ရန်အောင်သည်

တပ်ကူအချို့နှင့်တကွ နာယကဆရာတော် ဦးစိန္ဒာနှင့် သခင်အောင်ထွန်းမြတို့ကို ဗိုလ်မင်းလွင်နှင့်အတူ ပါသွားကြပြီး သင်္ဘောတစ်စီးကိုပေး၍လွှတ်လိုက်သည်။ ဆရာတော်ဦးစိန္ဒာပါသွားပြီးနောက် ကျောက်ဖြူမြို့ မာန်အောင်မြို့နှင့် ရမ်းဗြဲမြို့များမှ သခင်လူငယ်များလည်း ဗိုလ်မင်းလွင်၏တပ်ထဲ၌ ပါဝင်ကြပါသည်။ ထိုခရီး၌ဗိုလ်မင်းလွင်သည် ရမ်းဗြဲနှင့်မာန်အောင်မြို့များကို စည်းရုံးရရှိထားပါပြီးဖြစ်သည်တကြောင်း၊ ဆရာတော်ကြီးဦးစိန္ဒာပါလာမှုကြောင့်တစ်ကြောင်း ကျောက်ဖြူရှိ ပုလိပ်တပ်နှင့်တကွ လက်နက်ချကြသည်။ ထိုသို့ပြီးမှ သခင်လှအောင်အား ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူး (ဝါ) ခရိုင်ဝန် အဖြစ် ခန့်ထားခဲ့ကြပါသည်။ သခင်ဗလုံနှင့် သခင်အောင်ဘ၊ သခင်ညိုဖြူ၊ သခင်ဖိုးနွယ်၊ သခင်ဘဟန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်လာကြ၏။ ထိုအချိန်မှာ ရခိုင်လူငယ်အချို့မှာ လူသစ်ရခိုင်တပ်မတော်သားများကို အုပ်ချုပ်ဘို့အတွက် တပ်စိပ်ခေါင်းဆောင်နှင့် တပ်စုအုပ်များဖြစ်လာကြပါသည်။ တပ်စုအုပ်များမှာ ၁။ ဦးကျော်သာ ၂။ ဆရာဘဇ ၃။ ဘသိန်းတင် ၄။ စိုးဖော်ဦး ၅။ ဦးထွန်း ၆။ ဇထွန်းအောင် ၇။ ကျော်တင့် ၈။ ဖေမြင့် ၉။ ဆပ္ပတ်သာကျော်တို့ ဖြစ်ကြသည်။ တပ်စုအုပ်များမှာ ဒါးဆွဲရသည် တပ်စိပ်သုံးစိပ်ကို ပိုင်ဆိုင်သည်။ လူဆယ်ယောက်ကို တပ်စိပ်ခေါင်းဆောင် တစ်ယောက်ပိုင်တွင် တစ်စိပ်သုံးစိတ်ကို တပ်စုအုပ်တစ်ယောက်ပိုင်ဆိုင်သည်။ အမှန်မှာ ဗိုလ်ဖြစ်တာပါဘဲ။ တပ်အမည်တွင် ဗိုလ်ဟုမခေါ်ပါ။(တပ်စုအုပ်)ဘဲ ခေါ်ပါသည်။ လူအမည်ကိုတော့ဗိုလ်ဟု ခေါ်ခဲ့ကြ၏။ စစ်သားများကို စစ်ပညာသင်ပေးသည်တွင် ထူးချွန်သူများကို ရွေးချယ်လျှက် ဗိုလ်သင်တန်းပေး၏။ ဗိုလ်သင်တန်းမှာ တပ်စိပ်ခေါင်းဆောင် သင်တန်းဖြစ်သည်။

## ဂျပန်စေတ်(တသွေး၊ တသံ၊ တမိန့်) ခေါက်တာဘမော် အဓိပတိအုပ်ချုပ်ရေး

တပ်ရင်းမှူး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်သည် ရခိုင်ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ရခိုင်ပြည်ယာယီအုပ်ချုပ်ရေးမှာ ယခင်က ရခိုင်သခင်များအုပ်ချုပ်ရေးချထားသောပုံစံအတိုင်း မြို့နယ်ကျေးရွာများ၌ ထားရှိပြီး ရဲဘော် ဦးဘစံကို တိုင်းမင်းကြီးခန့်အပ်၍ ဘုံပေါက်သာကျော်အား ခရိုင်ဝန်အဖြစ် တာဝန်ပေးခန့်ထားပြီး မြို့နယ်တိုင်းမှာ အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး၊ ကာကွယ်ရေးမှူးများ အသစ်ခန့်အပ်ကြပါသည်။ ထိုသူများမှာ လူငယ်အဖွဲ့ အချို့ ရခိုင်သခင်လူငယ်များထဲမှ ပါဝင်ကြပါသည်။ ဗိုလ်ရန်အောင်သည် ရခိုင်သို့ရောက်ရှိ၍ ရခိုင်ခေါင်းဆောင်များ ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်လျှက် ရှိနေသော်လည်း (ရခိုင်ရေးရာ၌) လုံးဝကျွမ်းကျင်နားလည်မှုမရှိသေးသဖြင့် (တပ်ရင်းလက်အောက်ခံ)တပ်များသို့ အမိန့်ပေးအာဏာတခုထုတ်ဆင့်သည်။ (ထိုအမိန့်မှာ) ရခိုင်ပြည်ရှိ မြို့နယ်ပေါင်းစုံ၏ လုံခြုံရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေးတို့ကို မြို့မြေပုံ၊ နယ်မြေပုံနှင့် တကွပြုစု၍ တပ်ရင်းသို့ပို့ရန်ဟု ပါရှိသည်။ ဤသို့ပြုစုပေးနိုင်ဘို့အတွက် တပ်ဖွဲ့များနှင့် လူများရှာကြရာတွင် တတိယတပ်ဗိုလ်ကြီးအာဌာဝကက၊ တပ်ဖွဲ့မှ သခင်ဘစိန်၊ တပ်သားစိန်လုံးဖြူ ကျောင်းဆရာကြီးတပ်သားတို့ကို ငါတို့ပြုစုပေးနိုင်ဘို့ကြောင့် တာဝန်ယူလိုက်ပေသည်။ ထိုအချိန် ဤကိစ္စဆောင်ရွက်နိုင်သူများ တပ်ရင်းရုံးထဲ၌ပင် မရှိပါ။ တပ်ရင်းရုံးတွင် ယူနီဘာဆီတီ၊ ကျောင်းသားမဂ္ဂဇင်း၊ ပုဂ္ဂိုလ်၏ငါးဦး၊ ခြောက်ဦးနှင့်ဟိုက်စကူး(အထက်တန်းကျောင်း) ၁၀တန်းအောင်များ တပုံတခေါင်းကြီးရှိနေပါသည်။ သို့သော်လည်း အထက်ပါပြဿနာကို ပြုစုပေးနိုင်သည့် အရည်အချင်းမရှိတာအမှန်ပင် ဖြစ်ပါသည်။

ထိုအချိန်က သခင်ဘစိန်သည် နယ်တကာကို စည်းရုံးဟောပြောခဲ့သည့် အကျိုးဆက်နှင့် ဟိုက်စကူးအကူလုပ်ခဲ့ဘူး အကျိုးများကြောင့် မှန်းဆ၍မြေပုံဆွဲနိုင်ခြင်း၊ မြို့တိုင်း၏အထွေထွေပြဿနာကို တွေးခေါ်နိုင်ခြင်းကို ရရှိ၍ အကြမ်းပြုစုပေးသည်ကို (ကျောင်းဆရာကြီး) ရဲဘော်စိန်လုံးဖြူသည် လက်ရေးကောင်းခြင်း၊ သန့်ရှင်းစွာရေးတတ်ခြင်း၊ မြေပုံဆွဲရာ၌ ကျွမ်းကျင်ခြင်း၊ မြို့နယ်အကြောင်းများကို ဌာနခွဲခြား၍ သခင်ဘစိန်အကြမ်းရေးပေးသည်ကို အချောကိုင်တတ်ခြင်း၊ စကားစည်းညီညွတ်အောင် ပြုစုတတ်ကြသဖြင့် အဆင်ပြေပါသည်။ စစ်ပညာသင်ကြားရာတွင်လည်း စိန်လုံးဖြူနှင့် သခင်ဘစိန်မှာ ထူးချွန်ကြပါသည်။ ထို့ကြောင့် တပ်စိပ်ခေါင်းဆောင်သင်တန်း၌လည်း ထူးချွန်အောင်မြင်ကြသူများဖြစ်၍ စစ်ပညာအမိန့်တို့ကို တတ်ကြ ကျွမ်းကျင်ကြသူများဟု တပ်ဗိုလ်အဌာဝက၏ ချီးမွမ်းခံ စံပြရဲဘော်များဖြစ်ကြသည်။ တစ်နေ့တွင် တပ်ရင်းရှိဗိုလ်ကြီးများ တပ်စုအုပ်စုနှင့် ရဲဘော်အချို့ တပ်ရင်းရုံးရှိလူအားလုံး အစည်းအဝေးကြီးတစ်ခုကို ပြုလုပ်ပါသည်။ ထိုအစည်းအဝေးကို မာရကံတိုက်တွင် ပြုလုပ်ကြသည်။

ဗိုလ်ရန်အောင်၏အတ္ထုပ္ပတ္တိကို အကျဉ်းရုံး၍ ဖော်ပြလိုပါသည်။ ဗိုလ်ရန်အောင်၏အမည်ရင်းမှာ သခင်လှမြိုင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နှစ်ဦးတည်း နိုင်ငံခြားသို့ လျှို့ဝှက်ထွက်ခွာသွားကြသူဖြစ်သည်။ တရုပ်ပြည်မှတဆင့်၊ ဂျပန်နှင့်ဆက်သွယ်မိ၍ ထိုကျိုမြို့သို့ရောက်ရှိသွားပြီး သခင်ထွန်းအုပ်၊ သခင်ရှုမောင်တို့နှင့် ပူးပေါင်းလျှက် စစ်ပညာကို ဦးဦးဖျားဖျား သင်ကြားကြသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ မူလက အလုပ်သမားခေါင်းဆောင်ဘဝမှ သခင်အဖွဲ့သို့ ဝင်ရောက်လာသော ပညာတတ်တစ်ဦးဖြစ်သည်။ စိတ်ရင်းကောင်း၍ ဇွဲသတ္တိရှိသူလည်းဖြစ်သည်။ (ထိုအစည်းအဝေး၌

လွတ်လပ်ရေးရရှိအောင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ အကြံဉာဏ်ပေးဟောပြောပွဲနှင့် အကယ်၍ လွတ်လပ်ရေးရလျှင် ဘယ်လိုစနစ်ဖြင့် အုပ်ချုပ်ကြမလဲဟု ပညာပေးဟောပြောပွဲဖြစ်သည်။ အစည်းအဝေးမှာ ဗိုလ်ရန်အောင်ဘဲ သဘာပတိဖြစ်ပါသည်။ သူကဘဲစ၍ဟောပြောပါသည်။ ဗိုလ်ရန်အောင် ဟောပြောချက်မှာ (ရဲဘော်တို့၊ ငါတို့သည်) ဤကျွန်ဘဝက လွတ်မြောက်ဘို့အတွက် သူမတူအောင် စူးရှပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် အသက်စွန့်လျှက် တပ်ထဲသို့ ဝင်လာကြသူများချည်းဖြစ်သောကြောင့် ယုံယုံကြည်ကြည်ဘဲ ဟောပြောရမည်။

ယခုငါတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြသော ဂျပန်ငပုတွေကို ယုံကြည်စိတ်ချ၍မဖြစ်ဘူး။ သူတို့လည်း ငါတို့ကို တနည်းနည်းဖြင့် ကျွန်လုပ်လိုကြသည်ကို တွေ့ရှိရသည်။ လွတ်လပ်ရေးပေးပါမည်ဟု ကတိသစ္စာတော့ရှိခဲ့ကြပါသည်။ ဒါပေမဲ့လုပ်ပုံကိုင်ပုံက သိပ်မဟန်ဘူး။

အကယ်၍သာ လွတ်လပ်ရေးမပေးလျှင် ၎င်းတို့ကို တိုက်ထုတ်ရမှာပါဘဲ၊ ဒါပေမဲ့ ၎င်းတို့ထံမှာ ပါးရိုက်ခံလျှက်ဘဲ မသထာရေစာ၊ သင်ပေးသောစစ်ပညာကို အနစ်နာခံလျှက် ကြိုးစားသင်ကြပါ။ စစ်ပညာတတ်ကျွမ်းမှလည်း လွတ်လပ်ရေး တိုက်ပွဲမှာ အသုံးကျမှာဖြစ်သည်။ စစ်ကိုနိုင်အောင်တိုက်မှ လွတ်လပ်ရေးရမှာ။ ယခုလောလောဆယ်တော့ ဂျပန်နှင့်ပူးပေါင်း၍ အင်္ဂလိပ်နယ်ချဲ့ကို တိုက်နေကြတာပါဘဲ။ ဆုံးခန်းတိုင်အောင်လည်း တိုက်ရမှာဘဲ။

ရဲဘော်တို့ ငါတို့ဟာ ယခုတိုင်းပြည်အတွက် အသက်သွေးနှင့်လဲနေတာဖြစ်၍ ပေါ့ပေါ့ဆဆတာဝန်များ မဟုတ်သည်ကို အစဉ်သတိရှိကြပါ။ လွတ်လပ်ရေးမပေးက ဂျပန်ကိုတိုက်ဘို့လည်း အဆင်သင့်စိတ်ဓါတ်ကို မွေးမြူမြှင့်တင်လျှက်။ အဆင်သင့်တာစူထားကြဘို့ သတိပေးပါ၊ ရဲဘော်တို့အားလုံး သတိထားဘို့အရေးကြီးဆုံးက ဂျပန်များအပြုအမူကို ကြည့်ရတာသည် လွတ်လပ်ရေးကိုပြေပြေပြစ်ပြစ်၊ ကတိအတိုင်း ပေးမှာမဟုတ်ပါဘူး၊ အတုအယောင် လွတ်လပ်ရေး သို့မဟုတ် သူ့အမိန့်ကိုလက်ခံသူများ လက်ပါးစေများ မွေးမြူလျက် ဝါဒဖြန့်ကောင်းအောင်၊ ကတိအတိုင်း လွတ်လပ်ရေးအတုတစ်ခုကို ပေးဘို့ကတော့ သေချာပေါက် ငါတို့၏ ခေါင်းဆောင်များသိထားကြ၏။ သို့သော်လည်း မပြည့်စုံဘဲ (ဝါ) စစ်ပညာကို လူထုကြီးတစ်ရပ်လုံး မတတ်ကျွမ်းကြသေးသည့်အချိန် ပြည်သူတစ်ရပ်လုံးကို စည်းရုံးညီညွတ်မှုမရသေးခြင်းများ ကြားကာလမှာ သည်းခံလျှက် စစ်ပညာကို သင်ကြားကြရမည်။ ငါတို့မှာ မိမိတို့၏စစ်ဌာနချုပ်မှ အမိန့်တစ်စုံတစ်ရာမရသေးလျှင် ငြိမ်ငြိမ်ဝပ်ဝပ် ပိပိရိရိနေကြရမည့်အချိန်ဖြစ်၏။ အချိန်ကာလရောက်လာမှ ဂျပန်နှင့်သစ္စာဖောက်များကို ဖြိုဖျက်တိုက်ကြမှာ မလွဲပါဘူး၊ ယခုတော့ နားမလည်ဟန်ဖြင့် သူတို့အလိုကျလုပ်ကြရအုံးမှာဘဲဟု ရှင်းလင်းသောဟောပြောလျှက် အဆုံးသတ်ပါသည်။

ထို့နောက် ဤအစည်းအဝေး၌ မည်သူမဆို၊ ရဲဘော်ဖြစ်စေ၊ ဗိုလ်ဖြစ်စေ၊ မိမိထင်မြင်ယူဆတင်ပြဟောပြောနိုင်ပါသည်။ လွတ်လပ်စွာတင်ပြကြပါ၊ ဘာအပြစ်မှ မယူပါဘူး။ မိမိဆန္ဒကိုသာ တင်ပြကြပါဟု ဖိတ်ခေါ်လိုပါသည်။ အလွန်အလွန်အရေးတကြီးကိစ္စဖြစ်၍ မည်သူကမျှ မတင်ပြကြပါဘူး။ ငြိမ်သက်စွာ ရှိနေပါသည်။ နှစ်ကြိမ်၊ သုံးကြိမ်ဖိတ်ခေါ်ပါသည်။ တစ်ယောက်က တင်ပြကြပါ။ မစိုးရိမ်ကြပါနှင့်၊ သတ္တိဗျတ္တိရှိကြပါ။ အာဇာနီသွေးရှိကြပါ ဟောသာဟောပါဟုဆို၏။

ထိုအခါ ရဲဘော်များထဲမှ ရဲဘော်တပ်သား (သခင်ဘစိန်က) ထ၍အလေးပြုလျှက်၊ ဟောပြောဖို့ တာဝန်ခံပါသည်။ ထိုအခါ ဗိုလ်ရန်အောင်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ရဲဘော်ဘယ်အချိန်အထိ ဟောပြောရန် ရည်ရွယ်ပါသလဲဟု မေးပါသည်။ တစ်နာရီခွဲ(အချိန်ပေးပါရန် တောင်းခံပါသည်။(ထိုအခါ ဗိုလ်ရန်အောင်သည် အတော်ကို အံ့သြသွားပါသည်။) ရဲဘော်တစ်ဝက်လျှော့၍ဟောပါ။ မဖြစ်နိုင်ဘူးလား၊ ၄၅မိနစ်အချိန်ပေးပါသည်။ ဖြစ်ပါတယ်၊ ၁၅မိနစ်ဟော၍အဆုံးသတ်လျှင်လည်း ရပါတယ်ဟု ပြန်ကြားရာ ကဲဒါဖြင့် ၄၅မိနစ်ဘဲ ဟောပါတော့ အမိန့်ပေးသည်။

ဤတွင် ဟုတ်တိုင်းမှန်ရာ မိမိကိုယ်ကို လူစွမ်းကောင်းတင်၍ ရေးရပါတော့မည်။ ခွင့်လွှတ်ကြပါတော့၊ သခင်ဘစိန်မှာ တရားဟောဘို့ ဝါသနာကြီးသူ စွန့်စွန့်စားစား ဟောပြောဝန့်သူဖြစ်၍ (တရားဟောပြတာကို ကျွမ်းကျင်နေသူဟု တပ်ရင်းတစ်ခုလုံးမှ မသိကြသေးပါဘူး။ ထို့ကြောင့် အံ့သြကြမည်မှာ သေချာပါသည်။

ထိုအခါ ဗိုလ်ရန်အောင်က ရဲဘော် မိမိအလိုကျ သက်သာအနေအထားဖြင့် ဘယ်သူကို မငဲ့ဘဲ ချသာချပါ။ ငါကို တပ်ရင်းမှူးကြီး မမှုပါနှင့်၊ ရဲရဲတောက်ဟောပါတော့၊ ဘာမှမစိုးရိမ်နှင့် ရဲဘော် ဟောသာဟောပါဟု အမိန့်ပေးပါသည်။

## ဂျပန်ခေတ် (တသွေးတသံတမိန့်) အဓိပတိ ဒေါက်တာဘမော် အစိုးရအုပ်ချုပ်ရေး

ဤတရားပွဲတွင် သခင်ဘစိန်သည် ဗိုလ်ရန်အောင် နေခဲ့ဟောခဲ့သော နေရာမှ သဘာပတိကို အလေးပြုပြီးနောက် မတ်မတ်ရပ်လျှက် ပရိသတ်ရဲဘော်များဘက် မျက်နှာမူ၍ လက်သီးလက်မောင်းတန်းလျက် စကားပလ္လင်ခံပြီး စ၍ဟောပြောပါတော့သည်။

ဤအစည်းအဝေး၌ ရောက်ရှိနေကြသော သဘာပတိ ဗိုလ်မှူးရန်အောင်နှင့်တကွ ရဲဘော်အပေါင်းတို့ခင်ဗျာ။ ရဲရဲရင့်ရင့်ဟောကြားတင်ပြပါရစေ။ ယခုသည် ကျွန်တော်တို့ တပ်မတော်သားချည်း ဖြစ်ကြသဖြင့် ရိုးရိုးသားသား ရဲရဲရင့်ရင့်ပင် ဟောကြားတင်ပြပါရစေ။

ကျွန်တော်တို့သည် လွတ်လပ်ရေးတိုက်ပွဲများအတွက် စစ်ပညာသင်ကြား၍ စစ်တိုက်ခိုက်ဘို့ တပ်ထဲသို့ဝင်လာသော သူတွေချည်း ဖြစ်ပါသည်။ မြန်မာပြည်သူ ပြည်သားထဲမှ အသက်စွန့်ဘို့ တာဝန်ယူသစ္စာဆိုသူများပင် ဖြစ်ကြပါသည်။ အားလုံးအသက်ကို လွတ်လပ်ရေးအတွက် ပေးလှူကြသူများ အတူတူဖြစ်၏။ မိမိအသက်လှူရဲကြတဲ့ ရဲဘော်ချင်း အတူတူ ဖြစ်ပါလျက်နှင့် တစ်ဦးကို တစ်ဦးလေးစားမှုရှိကြရပါမည်။ လူမျိုးတစ်မျိုးက အခြားတစ်မျိုးကို နှိမ့်ချပြောဆိုမှုကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ (ဤတွင် ရခိုင်ရဲဘော်တွေကို) ရခိုင်သံနေသံထားနှင့်၊ ရခိုင်စကားဖြင့် ပြောပါရစေ ဗိုလ်မှူး ခင်ဗျာ၊ ဤလို ရခိုင်ဖြင့်ပြောတာကို ဗမာသံ ဗမာစကားဖြင့်လည်း ပြန်၍ပြောပါမယ်ခင်ဗျာ ဗိုလ်မှူးက ခွင့်ပြုသည်ဖြစ်၍ (သြော်ရခိုင်အမျိုးသားရဲဘော်တို့) ငါရို့ရေ ရခိုင်သတ္တိ၊ ရခိုင်မျိုးချစ်၊ ဇာတိမာန်၊ ဇာတိသွေးကို လွတ်လပ်ရေးတိုက်ပွဲတွင် ရခိုင်ယောကျ်ားစွမ်းပြဘို့ ဝင်လာကြတာဖြစ်တယ်၊ ဆိုတာကို မမေ့ကြပါနှင့်၊ ရှေ့က ရခိုင်အာဇာနီများ ဘိုးဘေးဘီဘင်များ၏ ရာဇဝင်ပြောင်ခဲ့သည့် မျက်နှာကို အိုးမဲသုတ်ဘို့ အမူအကျင့်များကို ဖျောက်ကြပါ။

သတ္တိမရှိလျှင် ဤတပ်မတော်ထဲ မဝင်ကြပါနှင့်၊ ဝင်ပြီးလျှင် ထွက်ပြေးသော သတ္တိကြောင်မှုများ၊ လုယက်ခိုးယူသော အကျင့်ကိုလည်းလုံးဝရှောင်ကြပါ။ ယခုတပ်ထဲဝင် နောက်ငါးရက်မကြာခင်ထွက်ပြေးသည်ကို တွေ့ရှိသဖြင့် ရခိုင်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေပါသည်။ ကုလား ရခိုင်အမိကရုဏ်းကလို ရွှေလု၊ ငွေလု၊ တွေ့သမျှလုယူသော အကျင့်ဆိုးကို တပ်မတော်၌မပြုလုပ်ရဘဲ၊ တပ်စည်းကမ်းကြီးမှု၊ ပင်ပန်းစွာစစ်ပညာသင်ရမှုဒါဏ်ကို ဖွဲ့သတ္တိနည်းပါးစွာဖြင့် မခံနိုင်ဘဲ ထွက်ပြေးကြသည်ကို တွေ့မြင်ကြသည်။ အလွန်အရုပ်ဆိုးပါသည်။ ဗိုလ်တွေ၊ ရဲဘော်တွေ ရခိုင်တွေ ဘာမှစောက်သုံးမကျဘူး၊ အလားကအကောင်တွေဟုပြောဆိုသည်းခံနေရပြီ မဟုတ်ပါလော၊ ရှေးက ရခိုင်စကားပုံတစ်ခုမှာ ယောကျ်ားသေခြင်း၊ စစ်တလင်းမှာ၊ ဒါးကိုရုံကာ၊ လှန်ဝင်းဝင်းနဲ့ဟုရှိသည်ဖြစ်၍ ယောကျ်ားအစွမ်းပြကြပါ။ မိန်းမရှာမလိုချင်ဘူး၊ မိန်းမရှာစိတ်ဓာတ် တပ်ထဲမလာကြပါနှင့်ဟု သတိပေးပါသည်။ (ဤစကားများ ရခိုင်သံဖြင့်ဟောပြီး ဗမာသံဖြင့် ပြန်၍ဟောပြသည်) ထိုစကားနှင့်တဆက်တည်းမှာပင်လျှင် ငါဟဲ့ယောကျ်ားဆိုတဲ့သတ္တိ နိုင်ငံတကာဟူရာရာ၌ အသက်ကိုလှီး၊ သွေးချောင်းစီးမှ ကိုယ့်မျိုးကိုယ့်ပြည် ကိုယ့်ဌာနေကို ရလေဖူးထ၊ ဤလောကသည်၊ အောက်ကျမခံနိုင်သောကြောင့်ဟူသည် ရခိုင်သူရဲကောင်းများမှာ ဒေါင်းကဲ့သို့မြင့်မြတ်သူများ၊ အာဇာနီရွေးပွဲ၌ ယှဉ်ပြိုင်ပါဝင်ကြဘို့သာ ဖိတ်ခေါ်ပါသည်။ အာဂလူ အူကမွေးဖွား၊ ဘကြီးသားများကိုသာ၊ တပ်မတော်က အလိုရှိပါသည်။ မိန်းမရှာမလိုချင်ဘူး၊ ဒါးပြ၊ သူခိုး မလိုချင်ဘူးဆိုသည်တွင် ဗိုလ်ရန်အောင်က ဒို့ဗမာကွ ဟောပါဆက်ဟောပါရဲဘော် သခင်မျိုးဟေ့ ဒို့ဗမာကွဟု အားပေးအားမြှောက်ပြုပါသည်။

နောက်ဗမာရဲဘော်နှင့် ဗိုလ်များသို့လည်း ပြောပြလိုပါသေးသည်။ ရဲဘော်များခင်ဗျာ လူမျိုးတစ်မျိုးမှာ အယုတ်အလတ် အမြတ်ပါကြသည် မငြင်းနိုင်ပါဘူး။ ရခိုင်တစ်ဦး သို့မဟုတ် ရခိုင်တစ်စုမကောင်းတာနှင့် ပါတ်သက်၍ ရခိုင်လူမျိုးတစ်ခုလုံးကို ပက်ပက်စက်စက် ရခိုင်တွေဟာ ဘာမှစောက်သုံးမကျဘူးဟု နေရာတိုင်းမှာ ပုတ်စောင်းခတ်သံများကိုလည်းရပ်တန့်ကြပါရန် မေတ္တာရပ်ခံပါသည်။ သတ္တိရှိ၍ တပ်ထဲ၌ စွဲစွဲမြဲမြဲ ဇွဲရှိရှိဖြင့် စစ်ပညာကို ကြိုးစားသင်ယူနေကြသော ကျွန်တော်တို့အားလုံးကို မထိခိုက်စေလိုသောကြောင့် တင်ပြရပါသည်။ ထိုနေရာတွင် ဗိုလ်မှူးရန်အောင်က ရဲဘော်ဇာကလေး ရပ်ပါအုံးဆိုပြီး ရပ်လျှက် ရဲဘော်တွေအားလုံး တပ်ထဲရောက်လျှင် ယခုငါအမိန့်ပေးတာကိုပြန်၍ တန်းစီရာတွင် ပြန်ကြားကြရမည်။ ဤငါ၏တပ်ရင်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖြစ်၍ လူမျိုးစုံပါသည်။ ဗမာတစ်ခုသာ ပါသည် မဟုတ်ဘူး။ ဒါကြောင့် အထူးသဖြင့် ဗမာဗိုလ်များ ရဲဘော်များကို ပြောလိုသည်။ လူမျိုးတစ်မျိုး ပုတ်ခတ်ပြောဆိုသူများကို နောက်နောင်ပြင်းထန်စွာ အရေးယူမည်။ ဒါစစ်အမိန့်ဘဲ ကိုင်းရဲဘော်ကြီး ဆက်ဟောတော့ဟုဆိုပါသည်။

မြန်မာနိုင်ငံသည် အချုပ်အချာအာဏာဖြင့် (ဝါ) ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြနန်းဖြင့် နေလာကြသည့် လူမျိုးသုံးမျိုး ရှိ၏။ ထိုလူမျိုးများမှာ ရခိုင်၊ ဗမာ၊ မွန်တို့ဖြစ်သည်။ ရာဇဝင်မှာ ထင်ရှားရှိပါသည်။ မြောက်ဦးမြို့တွင် ကျုံးနှင့်တကွ ထီးနန်းရာ ယခုတိုင်ရှိနေလျှက်၊ ဓမ္မသတ်၊ ရာဇသတ်၊ ဥပဒေဖြတ်ထုံး၊ ကျင့်ထုံးလည်းရှိပါသည်။ မဟာပညာကျော်ဖြတ်ထုံးသည် ထင်ရှားသောစာတီတစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရခိုင်များသည် ကျွန်သက်ရှည်၍ ကျွန်စိတ်ရှိသူတွေ ရှိကြ၏။ သို့သော်လည်း ဇာတိမာန်အပြည့်နှင့် အဆက်မပြတ် တော်လှန်ပုန်ကန်သူများလည်း ယခုတိုင်ရှိပါသည်။ တင်ပြရလျှင် မင်းသားရွှေပန်း၊ ဒိုးဝန်းအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံ၊ အာဇာနီကြီးများအပြင် ဇော်ဂျီဗိုလ်၊ ဘုန်းကြီးဗိုလ်၊ ဗိုလ်ကျော်စ၊ ဗိုလ်ငမောက်၊ မင်းလောင်းမောင်ပေါ်အောင်၊ ဗိုလ်ငတာ စသည်များနှင့် ဦးဥတ္တမ၊ ယခုဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒ၊ ဦးမြထွန်း၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး ဤခေတ်တွင် အသက်ထင်ရှား ရှိသူများဖြစ်ကြပါသည်) ထို့အပြင် ယခုခေတ်မှာ ဒို့ဗမာအစည်းအရုံးဝင်များ သခင်အမည်ခံလျက် ရှေ့ဆောင်မှုပြုသလို၊ ရခိုင်အမျိုးသားကွန်ဂရက်ကလည်း

သခင်အမည်ခံဟူ၍ ရှေ့ဆောင်မှုပြုသလို ဦးစီးလုပ်လျှက်ရှိပါသည်။ တော်လောက်ပါပြီ (ရှေ့ ငါတို့ဘာလုပ်ကြမလဲ) ဤသည်မှာ ရှင်းနေသောမေးခွန်းဖြစ်သည်။ လူတစ်ယောက်ကျန်သည်ထိ ကျွန်ပြုသူများကို တော်လှန်ပစ်ကြဘို့ပါဘဲ)

ဤတော်လှန်ရေးသောလျှင် ကာလဒေသနှင့် ပုဂ္ဂကို အထက်မှဦးစီးခေါင်းဆောင်များ ရွေးချယ်ပေးရမည်။ ငါတို့မှာ အထက်အမိန့်ဖြင့် ကျွန်ပြုသောရန်သူနှင့် လက်ပါးစေများကို ကျူပင်ခုတ် ကျူငုတ်မကျန် တိုက်ခိုက်သွားကြဘို့ တင်ပြ၍ ရဲဘော်များ လှုံ့ဆော်ပါသည်။

လွတ်လပ်ရေးရခဲ့လျှင် ငါဘယ်လိုအုပ်ချုပ်မလဲ ဆိုတာကို ကျွန်တော်တင်ပြဘို့ မတတ်ပါ။ နားလည်းမလည်ပါ၊ ကျွမ်းကျင်မှုလည်းမရှိပါ။ နားလည်တာကိုတင်ပြရလျှင် သူမွဲတွေကာ မနေ့ခေတ်မီလို့ သူဌေးဖြစ်တော့မည်) ဒို့နဂါးနီ သိဒ္ဓိတံခိုးနှင့် ဆင်းရဲသားတို့ မညှိုးပြီး အကျိုးထူးပေးတော့မည်တဲ့ ခေတ်သစ်ထူထောင်မည်ဆိုတာ နှလုံးထဲရှိပါသည်။ (သခင်ခေတ် (ဝါ) လွတ်လပ်တဲ့ခေတ်သည်)ခေတ်သစ်ဖြစ်၍ မြေရှင်ဓနရှင်နှင့် မျက်နှာဖြူများမရှိ၍ ချမ်းသာမည် မျှော်မှန်းသိရှိ၍ရှိပါ သည်။ ဝါဒစနစ်၊ လမ်းစဉ်ကို၊ နားမည်ဒါအမှန်ပင်ဖြစ်ပါသည်ဆို၍ နိဂုံးချုပ်ပါတယ်ခင်ဗျာ။

ထိုအခါ ဗိုလ်ရန်အောင် သဘာပတိကထ၍ ရဲဘော်တွေ ငါသခင်မျိုးဟေ့ ဒို့ဗမာဟု တိုင်ပင်ပေးလျှင် အရေးတော်ပုံ အောင်ပါစေဟု ဟစ်အော်ကြွေးကြော်ကြဟု သုံးကြိမ်ကြွေးကြော်ကြသည်။

ထို့နောက်ပိုင်းမှာ သခင်ဘခိန်ကို တပ်ရင်းမှူးကခေါ်ယူ၍ တွေ့ဆုံဆွေးနွေးသည်။ ဗိုလ်လုပ်တာဝန်ပေးသည်။ ထိုအခါ သခင်ဘခိန်က ကျွန်တော်ထက် ဗိုလ်နှင့်သင့်တော်သူမှာ ဆရာစိန်လုံးဖြူဖြစ်ပါသည်။ အဘက်ဘက်ထူးချွန်ပါသည်။ ဗိုလ်ကြီးအာဠာဝကကို မေးကြည့်ပါ။ ထို့ပြင် ကျွန်တော်တို့မှာ တပ်သားအသစ်ဖြစ်သဖြင့် တပ်သားဟောင်းနှင့် တပ်စိပ် ခေါင်းဆောင်လုပ်နေသူများ စိတ်ကြေနပ်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကို စာမေးပွဲတစ်ခုပြုလုပ်ပါ။ စစ်ရေး လက်တွေ့စမ်းသပ်မှု၊ အခြားဘာသာရပ်သုံးလေးခုကို တပ်ရင်းမှူးရုံးမှ ပညာတတ်ပုဂ္ဂိုလ်များပြုလုပ်လျက် စာမေးပွဲပြုလုပ်ပါ။ စစ်ရေးအပါအဝင်အားလုံး၌ ကျွန်တော် (နှင့်ဆရာစိန်ဖြူ) အောင်မြင်လျှင် သို့မဟုတ် ထူးချွန်စွာအောင်မြင်ပါလျှင် ဗိုလ် တာဝန်လက်ခံပါမည်။ ဗိုလ်မှူးလည်း ရခိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ဆည်းပူးပါ၊ ရခိုင်ဘုရင်များ၏ ထီးနန်းစိုက် ရာ မြို့ဟောင်း (မြောက်ဦးသွား၍ ကြည့်ရှုပါ၊ ကျွန်တော်တတ်သမျှ သိသမျှကို ဗိုလ်မှူးအား တင်ပြပြီးပါပြီ၊ လိုအပ်သော ဗဟုသုတအချို့ကိုလည်း စာဖြင့်ရေးလျှက် ဗိုလ်မှူးအား လက်ဆောင်အဖြစ်ပေးပါမည်။ ကျွန်တော်စစ်ပညာကိုသာ ပြည့်ပြည့် စုံစုံတတ်လိုသည့်ဆန္ဒက ကြီးမားစွာ လွှမ်းလျှက်ပါဘဲဟု တင်ပြသည်။ ဗိုလ်ရန်အောင်က ရဲဘော်စစ်ပညာဆိုတာ အထူးသဖြင့် ယခုရဲဘော်တတ်ထားတဲ့ ပညာသည် အခြေခံပါဘဲ။ တကယ့်လက်တွေ့တိုက်ပွဲများကသာလျှင် စစ်ပညာအစစ်အမှန်ကို ရမည်။ သင်ကြားဘို့ကတော့ ဂျပန်နိုင်ငံထိ ပို့သော်လည်း လက်တွေ့တိုက်ပွဲလောက် တန်ဘိုးမကြီးပါဘူး။ ဂုဏ်ထူးသာလျှင် ဂျပန်ပြန်ဟုရမည်။ လက်တွေ့တိုက်ပွဲဝင်သော ရဲဘော်တစ်ဦး မမှီပါဘူး သင်ကြားပြသည်။

စာမေးပွဲအောင်မြင်ထူးချွန်မှုကြောင့်၊ ကျွန်တော်နှင့် စိန်လုံးဖြူ ဗိုလ်ဖြစ်ကြပါသည်။ ဗိုလ်ဆိုတာ (တပ်စုပါဘဲ) လူသုံးဆယ်သုံးယောက် ဆတ်သားနှစ်ယောက်၊ အားလုံးသုံးဆယ့်ငါးယောက်ပိုင်သည်။ တပ်စိပ်သုံးစိပ်ကို ပိုင်းတာဖြစ်ပါတယ်၊ ဒါးဆွဲရသဖြင့်၊ ဗိုလ်ဟုသတ်မှတ်တာပါဘဲ၊ ဘီအိုင်အေ ဝေါဟာရဖြင့် ဗိုလ်မခေါ်ပါ( တပ်စုအုပ်သာဖြစ်၏။) ဂျပန်တပ်မတော် မှာဆိုလျှင် ဗိုလ်ဖြစ်တာပါဘဲ ကျွန်တော်တို့ ဗိုလ်ဖြစ်ပြီးနောက်ပိုင်းမှာ ယခင်က ယာယီအုပ်ချုပ်ရေးကို ဖျက်သိမ်းလျှက် (တသွေး၊ တသံတမိန့်) အဓိပတိ(အာဏာရှင်) ဒေါက်တာဘမော်အစိုးရအဖြစ် လာပြန်ဖွဲ့စည်းပါသည်။ ရခိုင်မှာ အရေးပိုင်မင်းကြီးမှတပါး မပြောင်းလဲပါဘူး။ ရခိုင်လူမျိုးကွန်ဂရက် ခေါင်းဆောင်တွေဘဲ (ဝါ) ရခိုင်သခင်တွေဘဲ အုပ်ချုပ်ကြ တာဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ခေတ်မှာ ဒေါက်တာဘမော်အဖွဲ့ ဆင်းရဲသားအဖွဲ့နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သေနာပတိအဖွဲ့ ဒို့ဗမာအစည်းအရုံး နှစ်ခုပေါင်းစည်းလျက် ဒို့ဗမာဆင်းရဲသားအစည်းအရုံး နယ်အရပ်ရပ်မှာ ဖွဲ့စည်းကြပါ သည်။ ရခိုင်ပြည်မှာ လေးခရိုင်ရှိတယ်၊ တခရိုင်မှာ ခရိုင်ခေါင်းဆောင် တစ်ဦးကျစီရှိကြ၏။ ရခိုင်တောင်ပိုင်းမှ ကဿက ဘိုးမြသည် အဓိပတိ အတိုင်ပင်ခံတစ်ယောက်၊ ရခိုင်အမျိုးသားကွန်ဂရက် ဥက္ကဋ္ဌကြီး ဦးသာဇံလှ၊ ဝတ်လုံတော်ရသည်လည်း အဓိပတိ၏အတိုင်ပင်ခံတစ်ဦး ဖြစ်ခဲ့ကြ၏။ ခရိုင်ခေါင်းဆောင် ကိုဘစံနှင့် ခရိုင်အတွင်းရေးမှူးမှာ သခင်စံတင်ဖြစ်ကြပါ သည်။ ရခိုင်တိုင်းမှာ မည်သို့အုပ်ချုပ်ရေး ပြောင်းစေကာမူ လူသာပြောင်းတဲ့နေရာပြောင်းကြ၏။ သို့ပေမဲ့ မြို့နယ်အုပ်ချုပ် ရေးမှာဆိုလျှင် နဂိုမူလအတိုင်းဖြစ်၏။ ခရိုင်အုပ်ချုပ်ရေး၌သာလျှင် အချို့ပြောင်းလဲခဲ့ကြသည်။ ရခိုင်အမျိုးသားကွန်ဂရက် ခေါင်းဆောင်များတစ်ဦးစီ အုပ်ချုပ်နေကြခြင်းပင် ဖြစ်သည်။ ရခိုင်အမျိုးသားကွန်ဂရက်သည် ဂျပန်ခေတ်တွင် ရခိုင်ပြည် ဒေသအားလုံးကို ငြိမ်ဝပ်ပိပြားရှိအောင် အုပ်ချုပ်နိုင်သည့်အပြင် တဘက်မှလည်း ရှေ့လာမည့်ဖက်ဆစ်တော်လှန်ရေး အကြိုလုပ်ငန်းများဖြစ်သော လုပ်ငန်းပေါင်းစုံ လျှို့ဝှက်အလုပ်များနှင့် ထိပ်တန်းလျှို့ဝှက်တာဝန်များ ဆောင်ရွက်နိုင်ကြောင်း ကို သိရှိကြရမည်။

တသွေးတသံတမိန့်၊ ဒေါက်တာဘမော် အုပ်ချုပ်ရေးမှာ ဟန်ပြအချုပ်အချာသာရှိသည်။ တကယ်အချုပ်အချာ အာဏာ လုံးဝမရှိ၊ အနှစ်သာရမရှိသော ဂျပန်တပ်မတော်အလိုအတိုင်း လိုက်နာအုပ်ချုပ်ရသောဘဝဖြစ်သည်။

ဂျပန်စစ်အာဏာပိုင်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲသို့ လူငယ်လူရွယ်များ ဝင်ရောက်ခြင်းကို မနှစ်မြို့သဖြင့် ဖျက်ပစ်ပြီးလျှင် ၎င်းတို့အလိုကျ တပ်မတော်တစ်ခု ဖွဲ့စည်းလိုကြသည်။ သို့ဖြစ်ပါ၍ ဗိုလ်သင်တန်း တပ်သား သင်တန်းကျောင်းများ ထူထောင်ပြီး၊ ဘီအိုင်အေ တပ်မတော်ကို ဖျက်သိမ်းဘို့ စစ်ဌာနမှအမိန့်ချမှတ်သဖြင့် ဗိုလ်ရန်အောင် တပ်ရင်းကိုလည်း ပြန်ခေါ်ဘို့ စစ်ဌာနချုပ်မှ အမိန့်ချမှတ်ရန် ဆင့်ဆိုထားခဲ့၏။

ဤကဲ့သို့ အမိန့်မချမှတ်နိုင်သေးသည့်အချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဘူးသီးတောင်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပါသည်။ အင်္ဂလိပ်ဩဇာ၊ အာဏာအောက်မှ လွတ်မြောက်စေခဲ့သော်လည်း နယ်မြေ၌ ငြိမ်ဝပ်မှုမရှိသေးပါ။ ကုလား ရခိုင်အဓိကရုံး၊ မပြီးသေးဘဲ အဓိကရုံးဖြစ်ဘို့ကို လူတိုင်းလိုလို သိရှိနေကြသဖြင့် (ဗိုလ်ရန်အောင်မှာ တာဝန်ရှိ နေပါသည်)

ထိုအခါ ဗိုလ်ရန်အောင် တပ်ရင်းမှူးအနေဖြင့် မူဆလင်လူကြီးနှင့် ရခိုင်ကွန်ဂရက် လူကြီးနှစ်ဦးကို မူဆလင် ရခိုင်အဓိကရုံးမဖြစ်နိုင်အောင် ဖြန်ဖြေမည်။ ငြိမ်းချမ်းရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းလျှက် တာဝန်ပေးပါသည်။ မူဆလင်လူကြီးနှစ်ဦးမှာရှေ့နေကြီး ဦးဘိုးခိုင်နှင့် ရှေ့နေကြီး မစ္စတာယာဆိန်းတို့ပါဝင်တာဝန်ယူကြသလို၊ ရခိုင်လူမျိုးဘက်မှ လည်း နာယကဆရာတော်ကြီး (ဦးပညာသီဟနှင့် ဦးအောင်ထွန်းဦးတို့က တာဝန်ယူကြ၏။(၎င်းပုဂ္ဂိုလ်လေးဦး၏တာဝန်မှာ) ဦးဘိုးခိုင်နှင့် မစ္စတာယာဆိန်းက ကုလားမူဆလင်များထံမှ လက်နက်သိမ်းယူရန်၊ ရခိုင်ခေါင်းဆောင်ဦးပညာသီဟနှင့် ဦးအောင်ထွန်းဦးမှာ ရခိုင်များထံမှ လက်နက်သိမ်း၍ စေ့စပ်ဖြန်ဖြေရန်ဖြစ်သည်)

ဤတာဝန်များကို ရခိုင်ခေါင်းဆောင်ဘက်မှ နိုင်နိုင်နင်းနင်းတာဝန်ယူ ဆောင်ရွက်နိုင်ပါသည်။ ကုလားများထံမှ လက်မရသည့်အပြင် ဗိုလ်ရန်အောင်တပ်ရင်းမှ ဗိုလ်တစ်ယောက်နှင့် တပ်စုအုပ်နှစ်ယောက်ကို ငြိမ်းချမ်းရေးဆွေးနွေးတိုင်ပင် ဘို့ ဖိတ်ခေါ်ပြီးလျှင် လမ်းခုလတ်မှာ ချောင်းမြောင်းတိုက်ခိုက်သတ်ပစ်ခဲ့၏။ ဤကိစ္စဖြစ်ပြီးနောက် ဗိုလ်ရန်အောင်သည် အမျက်ထွက်၍ တပ်ပေါင်းစုံကိုခေါ်ယူတိုက်ခိုက်ဘို့ အမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင် ဘူးသီးတောင်မြို့သို့ ထွက်၍တိုက်ခိုက် ပါသည်။ တပ်များအားလုံး ဘူးသီးတောင်သို့မရောက်သေးကြသည့်အချိန်တွင် တိုက်ပွဲစ၍ ဖြစ်နေကြသေးသည်။ ဗမာ့တပ် မတော်ဘက်မှ ရဲဘော်ကျော်ခိုင်ကျဆုံးပြီး၊ ရဲဘော်ကျော်မောင် ပေါင်ကိုဖောက်ထွင်းဒဏ်ရာ ရခဲ့၏။ မူဆလင်ဘက်မှ လူပေါင်း ၃၀ခန့်ကျဆုံးသေကြေကြသည်။ ဤကိစ္စနှင့် ဆူပါချန္ဒြာဘို့စ်၊ အိန္ဒိယလွတ်လပ်ရေးတပ်မတော်နှင့် ပူးပေါင်းလုပ်ကိုင် သော စူလတန်ဗာမူးက၊ ဂျပန်စစ်ဌာနချုပ်သို့ ဂျပန်တပ်မတော်မှတဆင့် ထရင့်စ်မီတာဖြင့် အစီရင်ခံသတင်းပို့ပါသည်။ ဗိုလ်ရန်အောင်သည် မူဆလင် ရခိုင်အဓိကရုံး၌ မဖြန်ဖြေဘဲ၊ ရခိုင်များဘက်မှ ဝင်ရောက်ကူညီတိုက်ခိုက်နေပါသည်။ ချက်ချင်းအရေးယူပေးပါ။ သို့မဟုတ်ပါက အိန္ဒိယကို တိုက်ခိုက်ရာ၌ မူဆလင် သန်း ၁၀၀ရှိသော စစ်တကောင်း၊ ဘင်္ဂလား နယ်ရှိ လူများအကူအညီရနိုင်မည်မဟုတ်ဘဲ အိန္ဒိယသို့ ချီတက်တိုက်ခိုက်ရေး နှောင့်နှေးကြန့်ကြာနိုင်ပြီး အရှေ့အာရှစစ် တိုက်ပွဲ၌ ပြည်သူများအကူအညီကို မရနိုင်ဖြစ်မှာဘဲ စသည်ဖြင့် ဂျပန်ကို ဂုံးချောအကြောင်းကြားပါသည်။ ဗိုလ်ရန်အောင် သည် မူဆလင်လူကြီးနှစ်ဦးကို ဘမ်း၍ကွပ်မျက်ဘို့လည်း၊ ဂျပန်၏တားမြစ်မှုကြောင့်ပင် ပြန်လွှတ်ခဲ့ရ၏။ (ဗိုလ်မှူးရန်အောင် အား) ဗမာ့လွတ်လပ်ရေးတပ်မတော်၏စစ်ဌာနချုပ်အမိန့်၊ ဂျပန်စစ်ဌာနချုပ်အမိန့်ဖြင့် ချက်ချင်းတပ်ဆုတ်၍ပြန်လာရန် လေယာဉ်ဖြင့်လည်းကောင်း၊ ကြေးနန်းဖြင့်လည်းကောင်း၊ အမိန့်ဖြင့် ချမှတ်ရောက်ရှိလာသည်။

ဤတွင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ရခိုင်လူမျိုးများ၏ ကြမ္မာဆိုးဝင်ပုံကို စေ့စပ်သေချာစွာ မတင်ပြဘဲ မဖြစ်နိုင်သောကြောင့် မှတ်မိသမျှ အတွင်းရေးကို ဖော်ပြလိုက်ပါသည်။ ဤကိစ္စကို ပြည်သူတွေ ထိုအချိန်က လုံးဝမသိကြပါဘူး၊ နောက်နောင်လည်း လက်တွေ့မျက်မြင်မှုကိုသာ သိကြပေသည်။ အတွင်းရေးဘာကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို မသိခဲ့ပါဘူး။ နံပါတ်(၁)က အင်္ဂလိပ်အရေးပိုင်နှင့် စစ်တပ်အချို့ရှိနေ၍ သခင်များ ဘူးသီးတောင်မြို့နယ်ရှိ မူဆလင်များကို မတိုက်ဝံ့ဘဲ ချန်ထားခဲ့ခြင်း အဓိကရုံးဖြစ်ဖြေရာတွင် ကုလားခေါင်းဆောင်များသည် မူဆလင်များအပေါ် ဩဇာမရှိ၍၎င်း၊ မရိုးသားမှုကြောင့်၎င်း၊ လက်နက်မသိမ်းနိုင်ခဲ့ခြင်း၊ (၃) ဘူးသီးတောင်မှ အဓိကရပုဂ္ဂိုလ်ကြီးများထွက်ခွာ သွားကြ၍ စိတ်ဓါတ်ကျသောရခိုင်ထုကြောင့် ဖြစ်သည်။ (၄) ဗိုလ်ရန်အောင် တပ်ဆုတ်အမိန့်ကို ကာလဒေသမဆင်ခြင် (၅)ရခိုင်တွေကို လက်နက်သိမ်းယူပြီး တပ်ဆုတ်ပြီးမှ လက်နက်ပြန်တပ်ဆင်ခြင်းနောက်ကျခြင်း (၆) သင်္ဘောမြှုတ်ရာတွင် ဦးပညာသီဟနှင့် သေနတ် စခု၊ ကျည်ဆံ၊ ငွေများပါသွားခြင်းတို့ကြောင့် ဖြစ်ရပါသည်။ အထက်ပါအကြောင်းများကို အခြေခံလျှက် ဒုတိယရခိုင်အဓိကရုံး ပြန်၍ဖြစ်ရသည်။ လက်တွေ့မျက်မြင်အဖြစ်များကို တင်ပြရလျှင် ရခိုင်ပြည်ရှိ မြို့နယ်ပေါင်းစုံမှ တပ်စွဲထားခဲ့သောတပ်များကို ပြန်လည်ရုတ်သိမ်းသော်လည်း ဘူးသီးတောင်မြို့သို့ မချီတက်ကြသည့်အပြင် ဘူးသီးတောင်မြို့မှ ဗိုလ်ရန်အောင်တပ်ရင်းသို့ သင်္ဘောကြီး ရောက်ရှိလာခြင်း၊ ယခင်တစ်ရက်ခန့်က တင်ကြိုလျှက်ပင်

အင်္ဂလိပ်အရေးပိုင်မရှိသည်ကို အကြောင်းပြုလျှက် သူဌေးဦးရွှေသာသည် ဘူးသီးတောင်မြို့၌ မနေတော့ဘဲ မြောက်ဦးမြို့သို့ ပစ္စည်းအားလုံးကို မော်တော်ဘုတ်ကြီးများတွင် တင်ဆောင်ထွက်ခွာသွားကြသည်ကို တွေ့ရှိကြသော မြို့လူထုနှင့် ကျေးရွာအသီးသီးမှ ရခိုင်လူထုသည် ခရီးသည်တင်ဆောင်သော သင်္ဘောပေါ်သို့တက်ကြသည်။ ဤတွင် ဗိုလ်ရန်အောင်တို့ သွားမည့် သင်္ဘောနှင့် ပူးတွဲချီနှောင်လျက်ရှိသည်။ ခရီးသည်တင်ဆောင်သည့်သင်္ဘောသည် လူများပြွတ်သိပ်တတ်ကြသော ခရီးသည်သင်္ဘောနှင့်အတူ မြုတ်သွားရမည့်အခြေဆိုက်ရောက်လာသဖြင့် သေနတ်အထက်ကိုဖောက်၍ သင်္ဘောမတက်နိုင်ရန် လူစုခွဲပါသည်။ ဒါပေမဲ့သမ္မာန်လှေများစွာဖြင့် တဆင့် သင်္ဘောပေါ်သို့ နည်းအမျိုးမျိုးတက်လာနိုင်အောင် လူစီး သင်္ဘောမှဖြုတ်လျှက် သီးခြားစွာထွက်ရသည်။ ခရီးသွားသင်္ဘောလည်း မတတ်သာသည့်အဆုံး၌ ဆိပ်ကမ်း၌မနေဝန့်တော့ဘဲ ခွာထွက်လာရာတွင် နောက်ဆုတ်၍ခုတ်မောင်းနေချိန် ဆိပ်ကမ်းအနီးအိုင်ထဲသို့ သင်္ဘောနစ်မြှုတ်သွားလေသည်။

ဤနေရာ၌ ညမှောင်ရီသန်းစလည်းဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ဘို့စီစဉ်ချိန်၌ပင်၊ လှေမရ၊ လူတိုင်းစေ့ လှေကိုယ်စီဖြင့်ဖြစ်နေကြသည်။ သင်္ဘောတက်ရန် တာစူနေကြခြင်းပါဘဲ၊ ဤတွင် လူတွေပြွတ်သိပ်နေခြင်းကြောင့် တစ်ဦးကိုတစ်ဦး ဆွဲနှစ်မြုတ်လျှက် သေကြေကုန်ကြ၏။ လူတွေအယမ်းဆွဲနှစ် မြုတ်သွားကြပါသည်။ (၁၀)ယောက်မှာ (၁)ယောက်ပင် ခက်ခက် ခဲခဲ လွတ်ကြပါသည်။ ဆရာတော်ဦးပညာသီဟနှင့် စက်သေနတ် (၈)လက် ကျည်ဆံများလည်း နစ်မြုတ်ပါသည်။ ဆရာတော် ဦးပညာသီဟမှာ လတ်တလော ဥာဏ်ရသည်ဖြစ်၍ သင်္ကန်းသင်းပိုင်အားလုံးချွတ်လျှက် ခေါင်မိုးမှတဆင့် လူလွတ်ရာသို့ မိုးလင်းအာရုံတွင် ဆိုက်ရောက်ခဲ့၏။ ဤတွင် လူတွေ့မခံနိုင် အဝတ်မဲ့ဖြစ်၍ နွားကျောင်းသားလူငယ် နွားလွှတ်လာသူထံမှ လုံချည်ချွတ်ယူပြီး သေက်ကျောင်းရောက် သင်္ကန်းလဲ၍ အကြောင်းစုံဖြစ်ပျက်ခဲ့တာကို ရှင်းပြလျှက် ဆွမ်းကိစ္စပြုခဲ့ရ၏။ ဤသည်က အစပြုလျှက် ရခိုင်လူမျိုးတွေ ကံကြမ္မာမှာ ပြောစရာမရှိ ကျန်ရှိခဲ့သော မြို့လူထု၊ မြို့နယ်တစ်ခုလုံးရှိသော ကျေးရွာလူထုကို မူဆလင်ကုလားလူမျိုးတို့က သတ်ဖြတ်ပစ်သဖြင့် ယနေ့တိုင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် ၌ ရခိုင်လူမျိုးအဆက်ပြုတ်သွားသည်၊ ရှင်တဲ့လူအချို့အနည်းစုသည်လည်း မိမိမြို့နယ်သို့ ပြန်မသွားကြတော့ဘဲ ရောက်တဲ့ ကျေးရွာနှင့် မြို့ရွာများ၌ယခုတိုင်နေထိုင်ကြသည်။ ဤကိစ္စသည် အကြမ်းမျှသာဖြစ်သည်။ သိသမျှကိုတင်ပြရလျှင် ကဏ္ဍခွဲ၍ စာအုပ်တစ်အုပ်ရေးရပါမည်။ (နောက်ပိုင်းမှာ) ဆရာတော် ဦးပညာသီဟက တပ်ဖွဲ့လျှက် ဗိုလ်ကြာလှအောင်၊ ဗိုလ်စောသာအောင်၊ ဗိုလ်စောထွန်းအောင်၊ ဗိုလ်မောင်လှကျော်၊ ဗိုလ်ရွှေဘတို့ ဦးစီးလျှက် ဦးပညာသီဟအမည်ဖြင့် ကုလားရွာတွေကို တိုက်ခိုက်သိမ်းယူ၍ လူ(၄၀၀၀)ခန့် ရခိုင်မိန်းမ ယောကျ်ားများကို ကယ်တင်နိုင်ခဲ့၏။

အဓိပတိခေတ် (ဝါ) တသွေးတသံတမိန့်ခေတ်မှာ ရခိုင်ပြည်ဒေသအနှံ့၌ ဂျပန်တွေ တပ်စွဲကြသည်။ စစ်ဌာနချုပ်များမှာ တောင်ကုတ်စစ်ဌာနချုပ်၊ စီးညှင်းပြားစစ်ဌာနချုပ်၊ ဒေါင်းသောက်စစ်ဌာနချုပ်၊ မြောက်ဦးစစ်ဌာနချုပ်၊ ပလက်ဝ စစ်ဌာနချုပ်၊ ကန့်ကော်ချောင်းစစ်ဌာနချုပ်၊ အခြားစစ်စခန်းများစွာတို့ဖြစ်ကြသည်။ စစ်ဌာနချုပ် စစ်ပညာသင်ကျောင်းများလည်း ဂျပန်စစ်ပညာသင်တန်း ဆရာတန်းများအပြင် ဂျပန်စာနှင့် ဂျပန်စကားများကိုလည်း သင်ကြားပို့ချသဖြင့် ထိုခေတ်၌ ဂျပန်စကားပြောဆိုတတ်သူ ခေတ်မှီ၍ ထင်ရှားသူ လူပေါ်လူတော်များဖြစ်ကြ၏။ သို့ပေမဲ့ လူငယ် လူရွယ်များသာ ဖြစ်ကြသည်။

ဗမာ့လွတ်လပ်ရေးမှတပ်ဖျက်၍ ပြန်လာကြသောလူငယ်ရဲဘော်များနှင့် အရှေ့အာရှလူငယ်အဖွဲ့ဝင်တို့သည် ဂျပန်စစ်ပညာ သင်ကြားကြသူတွေဖြစ်သည်။ အချို့က စကားပြန်လုပ်ကြ၍ အချို့က စကားပြန်လည်းလုပ်၊ ဗိုလ်လည်းဖြစ်နှင့် တပ်ကိုယ်စီဖြင့်၊ ဂျပန်တပ်မတော်၏အရံတပ်အင်အား ဖြည့်ဆည်းမှုတွင် ပါဝင်လျှက် တက်တက်ကြွကြွရှိနေခဲ့၏။ ဤတွင် အချို့သော လူမသိနိုင်သော လျှို့ဝှက်တာဝန်များကို အမြွက်မျှရေးသားတင်ပြလိုပါသည်။ ဦးစိန္တာ၊ ဦးပညာသီဟတို့မှာလည်း ဖက်ဆစ်ဂျပန်ကို တော်လှန်ဘို့အတွက် လူထုကြီးတစ်ခုလုံးကို ပရိယာယ်အမျိုးမျိုးဖြင့် စည်းရုံးထားရှိလျှက် တပ်များဖွဲ့ပြီးလျှင် ဂျပန်တပ်ကို ကူညီတိုက်ခိုက်ပေးခြင်း၊ မိမိတို့သီးခြား ဂျပန်စစ်ပညာသင်တန်းဆရာများ အကူအညီဖြင့် သင်တန်းကျောင်းဖွင့် စစ်ပညာသင်တန်းကျောင်းဖွင့်၊ စစ်ပညာသင်ယူကြခြင်းဖြင့် လူတိုင်းလိုလို လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဖြစ်နေကြပေသည်။ (ဤတွင် လေယာဉ်မှ၊ သေနတ်ပစ်မှုကြောင့်၊ ညအချိန်လရောင်ဖြင့် ထွန်ယက်စိုက်ပျိုးစေခြင်း၊ ရပ်ပစ် ရွာပစ်ထွက်ပြေးကြသူများကို တောတောင် ချောင်ကြို ချောင်ကြားမှာ ရွာတည်၍နေရာချပေးခြင်း၊ အချို့မှာ မိမိတို့ဖာသာ ရွာချနေထိုင်ကြခြင်း၊ ရခိုင်လူထုတစ်ရပ်လုံးမှာ တောတောင်အထပ်ထပ် နေရာတိုင်းမှာ နေကြရ၏။ စစ်မြေပြင်ဖြစ်နေ၍ တပ်နှင့်ဝေးရာ၊ ရွာနှင့်ဝေးရာမှာ ကပ်ခိုကြရသည်။ ဂျပန်ခေတ်(ဝါ) အဓိပတိ ဒေါက်တာဘမော်ခေတ်မှာ ရခိုင်ပြည်၏ ပင်ကိုယ်အခြေအနေကို မှန်းဆနိုင်ရန် နည်းအကျဉ်းချုံး၍ ဖော်ပြပါမည်။ စစ်တွေခရိုင်၌ စစ်တွေမြို့၊ ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ ရသေ့တောင်မြို့၊ ကျောက်တော်မြို့များသည် လူလုံးဝမရှိ မနေနိုင်ကြဘဲ၊ နွယ်ခြုံတောယောက်၊ အိမ်တိုင်နွယ်ရစ်၊ လယ်ကတောဖြစ်ဆိုသည့် စကားလုံးအတိုင် တသွေမတိမ်းဖြစ်ကြသည်။ မောင်တောမြို့နယ်နှင့်၊ ဘူးသီးတောင်မြို့နယ်

နှစ်ခုမှာလည်း ရခိုင်လူမျိုးကျေးရွာများပါ စိစိညက်ညက်ကြေ၊ မီးလောင်၊ ပြာကျ၊ လူတွေလည်း ၁၀ပုံတစ်ပုံမျှသာ ကျန်ရှိခဲ့သည်။ အထူးသဖြင့် မူဆလင်သတ်၍ သေကြေဆုံးပါးကြပါသည်။ အခြားမြို့နယ်များနှင့် မြို့များမှာ လူတစ်ယောက်မှ မသေဆုံးခဲ့ပါဘူး။ မူဆလင်ကုလားများသာ အားလုံးလိုလို သေကြေပျက်စီးကြပါသည်။ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား တွင်လည်း လူလုံးဝမရှိကြဘဲ တောရွာများသို့ စစ်ပြေးအဖြစ် ရွှေ့ပြောင်းနေထိုင်လျှက် ရှိခဲ့ကြပါသည်။ အထူးသဖြင့် ကျောက်ဖြူခရိုင်၊ မြေပုံမြို့လည်း၊ ဂျပန်စစ်ဌာနချုပ်၊ ပြုထားခံရသည်မှတပါး၊ မြို့သူမြို့သားများ လုံးဝမရှိကြပါ။ ရခိုင်လူငယ် စကားပြန်များနှင့်၊ လက်နက်ကိုင်ဒုတ်၊ လက်ပါးစေအဖြစ် ဖွဲ့စည်းထားသော ဂျပန်တပ်မတော်၏အရံအင်အားအဖြစ်၊ စစ်အသွင်ဖြင့် ရှိနေကြပေသည်။

အထူးသဖြင့် လူတိုင်းသတိမထားသောအချက်တစ်ချက်ကို ဖော်ပြရလျှင်၊ စပါးမရောင်းလိုက်ရသဖြင့် (၅နှစ်စာ ဝမ်းစာရှိနေခြင်းသည်)ဂျပန်အတွက်ရော၊ ရခိုင်လူမျိုးအတွက် အသက်မသေနိုင်အောင် အထောက်အပံ့ကြီးတစ်ခုဖြစ်နေခြင်း သည် (ဂျပန်ခေတ်၌၊ အဓိကဆန်စပါးရှိနေခြင်းပင်ဖြစ်သည်။)(သို့သော်လည်း) ရခိုင်အမျိုးသားကွန်ဂရက်မှ ခေါင်းဆောင် များမှ ညည့်ထွန်ယက်လုပ်ကိုင်ဘို့ စီမံကိန်းချလျှက် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးခဲ့ကြသည်။ (ဂျပန်ကလည်း ရိက္ခာရ ရေးအတွက် အကူအညီပေး၍ ထွန်ယက်လုပ်ကိုင်မှုကို ပြုစေသည်။

ထို့ကြောင့်သာလျှင် ဂျပန် ၂သိန်းကျော်မျှကို ရိက္ခာသုံးနှစ်တိုင်တိုင် ပေးနိုင်ခဲ့ကြပါသည်။ စပါးမရောင်းချနိုင်ဘဲ တိုင်းပြည်ပျက်သွားခြင်းကြောင့် ရွှေငွေအားလုံးမှာ ရခိုင်သူဌေးများ လက်ထဲ၌သာရှိပါသည်။

ဂျပန်ငွေကို ဖောဖောသီသီစိုက်ထုတ်ပြီး ကစွန်းရွက် ခေါင်းရောင်းရွက်မြက်နှင့် တန်းတူပေါများသည်ကိုပင် ဝယ်ယူသဖြင့် ဂျပန်ငွေဖြင့် လည်ပတ်သုံးစွဲခဲ့ကြပါသည်။ အင်္ဂလိပ်ငွေလုံးစ ပျောက်ကွယ်သွားခဲ့၏။ အင်္ဂလိပ်ငွေကို ဂျပန် ကြောက်ရသဖြင့် အန္တရာယ်တစ်ခုကဲ့သို့ လက်ဝယ်မထားရဲကြခြင်းကလည်း အကြောင်းတစ်ရပ်ဖြစ်သည်။

ဤအချိန်၌ အုပ်ချုပ်ရေးပုံသဏ္ဍာန်အချို့ကို တင်ပြပါက ယခုလူတွေ၊ ရယ်စရာစကားတစ်ခု (ဝါ) ပုံပြင်တစ်ခုလို ဖြစ်နေမည်ပင်၊ အမှန်ကို မကွယ်မဝှက် မရှက်ဘဲတင်ပြရလျှင်၊ လွယ်အိပ်ကြီးငယ်ဖြင့် မရသောနေရာ၌ ကျောင်းဇရပ်၊ အပင်ကြီးတွင်စားပွဲ ကုလားထိုင်ချ၍ ရုံးစိုက်ခဲ့ကြရ၏။ တရားတဘောင်စစ်ဆေးဖြေရှင်းကြရသည်။ ပုလိပ်စခန်းများနှင့် မြို့နယ်ကာကွယ်ရေးတပ်များ၊ စစ်ပြိုင်ရှိနေကြသည်။ မြို့နယ်ကာကွယ်ရေးတပ်သည် အလွန်ဩဇာကြီးသည်၊ သာမန်ခိုးဝှက်မှု၊ ရပ်ကွက်ပဋိပက္ခမှု ဥယျာဉ်ခြံမြေပြဿနာဆဲဆိုမှု၊ ဒါဏ်ရာရမှုများသာ ပုလိပ်အစိုးရရုံး၊ စစ်ဆေးရသည်။ အခြားလုံခြုံရေး ကာကွယ်ရေး၊ စစ်ရေး ဂျပန်တပ်မတော်နှင့် ဆက်ဆံရေး ဆက်သွယ်ရေး၊ ဒါးပြတိုက်မှုများ လုံးဝမရှိပါ။ ရှိခဲ့ပါလျှင် ပုလိပ်အရေးပိုင်ပါသည်။ ထောင်လည်းရှိသည်ရှိပါ၏။ နာမည်သာဖြစ်သည်။ စစ်တွေမြို့မှလူမနေဘဲ ရုံးစိုက်ရာမြို့ဖြစ်နေ သဖြင့် ရုံးလည်းမရှိတဲ့အခါ မရှိပါ။ ရှိတဲ့အခါ ရှိပါသည်။ တကယ်က အရေးပိုင်ရုံးများသည် မြင့်ဂါ၊ တောင်ညို၊ သဝင်ချောင်း၊ မြို့တို့တွင်ဖြစ်ပြီး နယ်ပိုင်ရုံးများမှာ ခြိတ်တောင်၊ ကျိန်းတောင်၊ အနောက်ဘက်တောင်ခြေရင်း၌၊ စတိအနေဖြင့်ထားရှိခဲ့ကြ ပါသည်။ အခြားမြို့နယ်များ၌ ဤမျှပင်မရှိ၊ ကျောက်တော်၊ မြို့ဟောင်းအုပ်ချုပ်ရေးမှာလည်း၊ လူသာရှိလျှက် နေရာအတည် တကျ မရှိခဲ့ကြပါ။ မြေပုံအုပ်ချုပ်ရေး မြို့မရှိဘဲ၊ လူသာရှိပြီးလျှင် ကြာအင်းတောင်၊ ကျောက်နှာ၊ ကုပိုင်ချောင်တို့တွင်သာ ရှိပါသည်။ ယခုကျေးရွာမှာလည်း လူတွေအမြဲမရှိပါ။ တောထဲ၊ တောင်ထဲ၊ ချောင်းထဲ၊ မြောင်းထဲ၊ လှိုထဲ၊ မြိုင်ထဲ၊ အစုစု ရှိခဲ့ကြပါသည်။ သို့သော်လည်း ယခုအုပ်ချုပ်ရေး အင်္ဂလိပ်အစိုးရတက်လာပြီးနောက်၊ စစ်ပြီးအုပ်ချုပ်ရေးထက်၊ အလွန့်အလွန် ကောင်းမွန်ပါသည်။ ဒါးပြမရှိ၊ သူခိုးမရှိ၊ ဘိန်းစားမရှိ၊ ဖဲဝိုင်းမရှိ၊ အရက်ဝိုင်းမရှိသလောက်ပါဘဲ၊ မြို့သူမြို့သားတွေလည်း၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လှေကိုယ်စီနှင့်၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းတစ်ခုခု ကိုယ်ပိုင်လုပ်ငန်းကိုယ်စီဖြင့် နေရာတိုင်းမှာ သေနတ်သုံးလက် ငါးလက်ဖြင့် ရောင်းဝယ်နေကြပါသည်။ ကျောက်ဖြူနှင့် အမ်းဝကြားမှာသာလျှင် ကြိုကြား၊ ကြိုကြား၊ မောင်ယဉ်ဖြူဒါးပြအုပ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ အခြားနေရာ၌လည်း ဒါးပြလုပ်စားသူများ ရှိခဲ့ကြသည်။ သို့သော်လည်း မတွင်ကျယ်နိုင်ကြပါ။ ဒါးပြများမှာ လက်နက်က တစ်လက်စ နှစ်လက်စ၊ ခရီးသည်များမှာ ကရင်သေနတ် သို့မဟုတ် သေနတ် ၄လက် ၅လက် လှေသုံးစီးပေါင်းမိလျှင် တပ်မတော်တပ်ကဲ့သို့ဖြစ်သဖြင့် လူဆိုးများ မလှုပ်ရှားနိုင်ခြင်းဖြစ်သည်။ (မှတ်ချက်) ပြည်သူပြည်သားထဲမှ ခရီးသည်များသည် သေနတ်ကို ဖောဖောသီသီကိုင်စွဲနိုင်ခြင်းမှာ အကြောင်းရှိပါသည်၊ လက်မှတ်ကိုယ်စီဖြင့် ရိက္ခာပို့နေသည့်ပုဂ္ဂိုလ်များဟု ရရှိကြသူများချည်းဖြစ်သည်။ ခရီးမထွက်ခင်တစ်ချိန်က လူတိုင်း ငှက်ပျောသီး၊ ခရမ်းသီး၊ ဖရုံသီးများကို ဂျပန်ကိုသွင်းခဲ့ကြသည်။ အခြားတစ်ဘက်မှလည်း မိမိတို့ညီငယ် လူငယ်များ အချို့က စကားပြန်အဖြစ် ဂျပန်ထံ၌ သွင်းထားခဲ့သည်။ ကျန်တစ်ခုက ရိက္ခာရှာသွင်းနေကြသည်။ လူကြီးတစ်ချို့က အလွန်ရှားပါးသောလုံချည်များ အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ကြသည်။ နောက်ရခိုင်သခင်များကလည်း စီးပွားရေး လုပ်စားနေသူများကို အခွင့်အရေးပေးပါသည်။ စောင့်ရှောက်ပါသည်။ ဤသည်မှာ ရခိုင်ပြည်တစ်ခုလုံး၊ ဂျပန်ခေတ်က လက်တွေ့ပုံသဏ္ဍာန်ပင်ဖြစ်သည်။ (နောက်တစ်ခုက) ရခိုင်တော်လှန်ရေးတာဝန်ခံ မြို့နယ်ခေါင်းဆောင်များမှာလည်း

ရဲဘော်များကို စစ်ပညာသင်ပေးပြီး၊ ဂျပန်စကားသင်ပေးကြခြင်းနှင့်၊ ဂျပန်ကြိုက်သောပြောပုံဆိုပုံ၊ အလေးပြုပုံကအစ သင်ကြားလျှက် ဂျပန်တပ်ထဲသို့ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်ကြသည်။ အမှန်ကတော့ ဂျပန်ထံမှ လက်နက်စုနိုင်ရေးနှင့် စစ်ပညာလက်တွေ့ရနိုင်ရေးကို ရည်ရွယ်ခြင်းဖြစ်သည်။

ဂျပန်ဝါဒမှာလည်း ရန်သူလက်နက် ဒို့လက်နက်၊ ရန်သူကျည်ဆံ ဒို့ကျည်ဆံ၊ ရန်သူရိက္ခာ၊ ဒို့ရိက္ခာ၊ ၎င်းတိုက်ခိုက် အောင်မြင်ပြီး ဒေသခံလူအင်အားကို ၎င်းတို့၏အရံအင်အားအဖြစ်ဖြင့် ၎င်းတို့နှင့် ပူးတွဲသုံးခြင်းကြောင့်ပင်လျှင် ရခိုင် တော်လှန်ရေး (ဝါ) ဖက်ဆစ်တော်လှန်ရေးအတွက် အကြိုစည်းရုံးရေးလုပ်ငန်းများ ထိရောက်မှုကြီးမားကျယ်ပြန့်ခဲ့ပါသည်။ ဤအခြေအနေကသာ မပေးခဲ့ပါလျှင် ရပ်ရွာအတည်တကျမရှိသော စစ်မြေပြင်တွင် ရခိုင်လူငယ်များ စုစည်းဘို့ အလွန်ခက် ခဲမည်ဖြစ်ပါသည်။

မည်သူပင်ဖြစ်စေ မည်မျှကျွမ်းကျင်စေကာမူ၊ ကျောက်တော်မြို့နယ်ရှိ မြို့လူထု နယ်လူထုတို့ နေထိုင်ခဲ့ကြသည့် နေရာကို ရှာမတွေ့နိုင်ပါဘူး။ အဘယ်ကြောင့် အခြေအနေအရ စစ်နှင့်ဝေးသည်။ လျှိုမြောင်သို့ အခါအားလျော်စွာ ပြောင်းရွှေ့ နေကြရ၍ပင် ဖြစ်သည်။ အိမ်များမှာ ရွံ့ထဲ၊ ချောင်းထဲမှာ ခဏဖြင့်ပြီးစီးနိုင်အောင်၊ ဝါးများက နေရာတိုင်းမှာ ရှိနေခြင်းဖြစ် သည်။ မြို့လူမျိုး၊ ခမီးလူမျိုး၊ မိတ်သဂ်ဟများ၏အကူအညီကို အဓိကရရှိကြသည်။ ထိုတောင်ပေါ်ရှိလူမျိုးငယ် များသည် အလွန်သစ္စာရှိပြီး တော်လှန်ရေး၌ အမာခံလူတန်းစားများပင် ဖြစ်သည်။ မဟာမိတ်စစ်တပ်ကို တိုက်ခိုက်ရာတွင် အသုံးဝင်သလို မဟာမိတ်နှင့်ဆက်သွယ်ရာ၌လည်း ၎င်းတို့က ဦးစီးဦးထွက်ပြုလျှက် လမ်းပြလမ်းညွှန်ခဲ့ပါသည်။ မြန်မာ တစ်ပြည်လုံး တာဝန်ခံ၊ ဦးသိန်းဖေမြင့်ကို ၎င်းတို့ဘဲ မဟာမိတ်ထံ အရောက်ပို့ခဲ့ကြ၏။ ဗိုလ်ညိုထွန်းနှင့် ရခိုင်သခင်များကို လည်း ၎င်တို့ကဘဲ လျှို့ဝှက်ထားခြင်း၊ ဘယ်လိုနေရာ ဘယ်လိုသွား စသည်ကမကြွင်း၊ ၎င်းတို့ကပင်လျှင် ကာကွယ် စောင့်ရှောက်ကြသည်။ ဆရာတော်ဦးပညာသီဟလိုသမျှကိုလည်း ဖြည့်ဆည်းကြ၏။ ဤအချိန်မှာမှ ညီညွတ်မှုမျိုး၊ လှုပ်ရှားစည်းရုံးမှုများသည် ဘယ်အချိန်အခါကမှ မရခဲ့သောစည်းရုံးမှု ညီညွတ်မှုပင်ဖြစ်သည်။ လူတွေလည်းထိုင်စားသူ ပညာတစ်ယောက်မရှိဟု ဆိုရမည်ဖြစ်သည်။ ယခင်က ထိုင်စားနေခဲ့သော စစ်တွေမြို့သူ မြို့သား ထိပ်တန်းများပင်လျှင် ရှာဖွေစားသောက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခရီးသွားလာခြင်းဖြင့်၊ လှုပ်ရှားခဲ့ကြပါသည်။ အိုမင်းမစွမ်းနှင့်၊ နို့စို့သာကျန်သည်။ ပြန်လည်စဉ်းစားပါလျှင်၊ တကယ်ဖြစ်ခဲ့တာတွေ၊ မဖြစ်နိုင်ဟု ထင်မှတ်စရာချည်း ဖြစ်သည်။

ကျွန်တော်တို့တာဝန်များ သို့မဟုတ် တဆင့်တာဝန်ယူလုပ်ဆောင်သူများသည် (တချို့သောလူပုဂ္ဂိုလ်များကို) ညီရင်း အစ်ကိုဖြစ်စေကာမူ ဘာလုပ်နေကြသည်ကို မသိစေခဲ့ပါဘူး။ အားလုံးလုပ်ငန်းသည် တရားဝင်ဂျပန်ကို ကူညီရေး(အရှေ့ အာရှစစ်ပွဲအောင်နိုင်ရေး)အတွက်ပင်ဟု ပြောဆိုခဲ့ကြပါသည်။

အမှန်တကယ်လှုပ်ရှားနေကြသည်မှာ ဖက်ဆစ်တော်လှန်ရေး၏ ထိပ်တန်းလျှို့ဝှက်လုပ်ငန်းတွေပင်ဖြစ်သည်။ ဥပမာတစ်ခုကို တင်ပြရမည်ဆိုက ဦးပညာသီဟနှင့် ဗိုလ်ကြီးကြာလှအောင်တို့သည် ဂျပန်တပ်က မိမိစွမ်းရည်ဖြင့် အနိုင် တိုက်၍ ရသမျှကိုသာယူသည်။ လက်နက်တစ်ခုမျှ မယူကြဘဲ ထားသည်များကိုရင်း၊ မိမိတို့စွမ်းရည်တိတိဖြင့် တိုက်ခိုက် အောင်မြင်၍ ရတဲ့လက်နက်ကို လျှို့ဝှက်ထိန်းသိမ်းထားလျှက် ထင်ထင်ရှားရှားလက်နက် တပ်ဆင်ပေးခြင်းများပြုပြီး၊ များပြားစွာသောကျန်တဲ့လက်နက်များ ဂျပန်မသိအောင် ပြည်တွင်းထဲသို့ရောက်စေပါသည်။ ဤရောက်ရှိသမျှသောလက်နက် များကို (ရခိုင်တောင်ပိုင်းရှိ) ဆရာတော်နာယကကြီး ဦးစိန္တာ၏နယ်မြေသို့ တစတစသယ်ယူကြသည်ကို တချို့သောသယ်ယူ ရာ၌ပါဝင်ခဲ့ကြသော ရဲဘော်တွေပင်မသိစေဘဲ သယ်ယူခဲ့ရသည်။

လက်နက်သယ်ယူဘို့လာသည်ကို ဂျပန်ရိက္ခာဝယ်ဘို့သွားသည်ဟု အကြောင်းပြလျက်၊ မြို့ဟောင်းမြို့နယ်ရှိ ဦးပညာ သီဟ ဌာနချုပ်ရှိ ပျားတဲစခန်း၌ ရပ်တန့်ကြပြီး လှေသမ္ဗာန်များကို လက်နက်ဖြည့်ဆည်းတဲ့ တာဝန်ခံများ၊ သုံးရက် လေးရက်အတွင်းထည့်လျှက် အခြားလှေများမှာရှိသော ဖရုံသီး၊ ငှက်ပျောသီး၊ ခရမ်းသီးများ ဖုံးအုပ်လိုက်၍၊ ပြီးမှယူဆောင် သယ်ယူခြင်းကြောင့်၊ မိမိတို့ဘာလုပ်နေကြသည်ကို မသိခဲ့ကြသောသူတွေလည်း ရှိခဲ့ပါသည်။ နောက်တစ်စုက လက်နက်ချည်း တင်လျှက် ရှေ့ဆုံးလှေမှာသာလျှင် ဟန်ပြ၊ ရိက္ခာတင်၍ ဝယ်ယူရေးဂျပန်လက်မှတ်ကိုကိုင်၍ တာဝန်ခံတစ်ယောက်ပါရှိပါ သည်။ သူက ဦးစီး၍ ဂျပန်စစ်ဆေးမှုခံတဲ့အခါ တာဝန်ယူပြောပြသလောက် လက်မှတ်ကိုပြတဲ့အခါ ပြရ၏။ မပြဘဲနှင့် ရေရေလည်လည်ပြောတတ်က အချိန်မကုန်ရအောင် လွတ်လည်းရှိခဲ့ဖူးပါသည်။ ဤကဲ့သို့ သွားလာရာတွင်လည်း ဂျပန်များ များရှိတဲ့နေရာကွက်ရှောင်ရှားလျှက် သွားခဲ့ကြရ၏။ ဒါပေမဲ့ လှေတစ်စင်းမဟုတ် ၂စင်းစသည်တွေ့ရှိက အမေးအမြန်း အစစ်အဆေးခံကြရသည်ကများပါသည်။ တကယ့်တကယ်လက်နက်ချည်း သယ်ယူသောအခါ အကယ်၍ ဂျပန်တွေရှိခဲ့လျှင် တပ်ဖွဲ့သို့ ဂျပန်တပ်နှင့်ပူးတွဲလျှက် ဂျပန်ကိုတိုက်ခိုက်သတ်ဖြတ်ပစ်ဖို့ကို ရှေးဦးခရီးမထွက်မီက သစ္စာပြုပြီးဖြစ်သည်။ အကယ်၍အင်အားညီမျှ၍ မနိုင်ခဲ့လျှင်၊ လှေသမ္ဗာန်ကို မြှုတ်ပစ်၍ ထွက်ပြေးမည်၊ စစ်ပြေးလုပ်မည်ဟုဆုံးဖြတ်၍ စွန့်စွန့် စားစားဝန့်သူ လက်ရွေးစင်များသာချည်း လုပ်ကိုင်တဲ့အခါလည်း ရှိခဲ့ကြ၏။

အတိုချုံး၍တင်ပြလျှင် အင်္ဂလိပ်အလိုတော်ရှိအချို့နှင့် ကြားလူအချို့သည်လည်း ဖက်ဆစ်တော်လှန်ရေးအကြို စည်းရုံးမှုကို မသိခဲ့ကြဘဲ မိမိကိုယ်ကျိုးအတွက် ဂျပန်နှင့်ပူးပေါင်းခဲ့ကြသည်။ တချို့မှာ တပ်ဖွဲ့လျှက် ဗိုလ်အမည်ခံပြီး ထင်ရှားခဲ့ကြ၏။ သို့သော်လည်း တစ်ပြည်လုံး(သို့မဟုတ်) တမျိုးသားလုံးက အလိုတော်ရှိမဟုတ်ဘဲ အလိုတော်ရှိဟန်ဖြင့် လက်ဦးနေကြသော ရခိုင်အမျိုးသားကွန်ဂရက် ကိုယ်စားလှယ်လူငယ် လက်နက်တပ်ဖွဲ့ကြီးများနှင့်နယ်စပ်တစ်လျှောက်၌ ဗိုလ်ကြီးကြာလှအောင် ဦးစီး၍တိုက်ခိုက်နေသော၊ ဧရာမတပ်ပေါင်းစု၏ ဩဇာကို မလွှမ်းဆန်နိုင်ကြပါဘူး။ နောက်တစ်ခုက ဂျပန်ကိုကြောက်ရွံ့မုန်းတီးမှုကလည်း အထောက်အကူတစ်ခုဖြစ်သည်။ မနိုင်၍သာ ခံနေရသည်။ နိုင်ခဲ့လျှင် သတ်ပစ်မည်ဖြစ်ကြသည်ကတော့ တပြည်လုံးပင်ဖြစ်သည်။

ထို့ကြောင့် ငါတို့အလွန့်အလွန် ကြိုးစားခဲ့တာကတော့ အမှန်ပင်ဖြစ်သည်။ အလွန့်အလွန်တော်၊ လူမော်တွေဖြစ်၍ အောင်မြင်တာဘဲဟု မဆိုလိုပါ၊ အခြေအနေကလည်း တော်လှန်ဘက်၊ အသာစီးရရှိ၏။ ဂျပန်ကလည်း၊ အင်္ဂလိပ်လို လူချစ်လူခင်များအောင် မလုပ်တတ်ပါ။ ပါးရိုက်နားရိုက်။ ဟူးရှားလုပ်ခြင်းသည်ပင်။ ကျွန်တော်လုပ်ငန်း အောင်မြင်ရေး၊ (ဝါ) ကျွန်တော်တို့ ခေါင်းဆောင်စုများကို (အာဇာနီ)ဖြစ်နိုင်ဘို့အခွင့်သာခြင်း(သို့မဟုတ်) တော်လှန်ရေးကြီးအောင်မြင်ဘို့ အကြောင်းရင်းတစ်ခုဟု မှတ်ချက်ချလိုပါသည်။ သို့ပေမဲ့ (ထိပ်တန်းလျှို့ဝှက်တာဝန်ယူသူတွေသည် သာမာန်သတ္တိရှင်များ မဟုတ်ကြသည်ကို သတိပြုရမည်။ ဘာကြောင့်လဲဆိုပါက (နေ့တိုင်းပင် သက်စွန့်ဆံဖျားလုပ်နေရခြင်းကြောင့် အမြဲတန်း သတိထားလျှက် နေရသည်။ ထိုစဉ်က သေရမည်ကိုမကြောက်ပါဘူး၊ သေရမည်ထက် ကြောက်စရာကောင်းတာက သေချင်လို့ မသေရအောင် ဆေးထိုး၍လုပ်ငန်းစုံပေါ် ပေါက်လာအောင် ကန်ဖေတိုင်က နှိပ်စက်၍စစ်ဆေးခြင်း၊ ခေါင်းဆောင်ကြီးတွေ ဘယ်သူဘယ်ဝါဖြစ်သည်ဟု မပြောမချင်း နှိပ်စက်နေမှာဘဲ၊ အစာမစားလည်း သတိမေ့အောင် လုပ်ပြီး အစာသွင်းဆေးထိုးထား၏။ နှိပ်စက်လွန်၍ သေသွားခဲ့ပါက ထိုဂျပန်နှင့်တပ်မှူးမှာ မသက်သာဘူး၊ သူတို့လည်း အထက်မှသတ်ပစ်မှာပင် ဖြစ်သည်။ အရေးကြီးသောသူလျှိုနှင့် နိုင်ငံရေးတော်လှန်ရေးသမားတွင် သူလျှိုက အရေးကြီးဆုံးပေမဲ့၊ အဓိကတရားခံ မဟုတ်ဘူး၊ တော်လှန်ရေးခေါင်းနှင့် တော်လှန်ရေးတာဝန်ထမ်းဆောင်သည့် ပုဂ္ဂိုလ်များသာ သူတို့၏စစ်နိုင်ရေးအတွက် နှိပ်ကွပ်ရမည်။ ဖြိုဖျက်ရမည့်သူ့အတွက်ဖြစ်ဖော်ထုတ်သတ်ဖြတ်ပစ်ဖို့ အရေးကြီးသဖြင့် ဘမ်းရသူကို မသေမရှင်နှင့် စိတ်ဓါတ်ကျသွားအောင် (ဝါ) ဖောက်ပြန်ရူးသွတ်သွားအောင် နှိပ်စက်သောအတတ်ပညာကို ကန်ဖေတိုင်မှာ သင်တန်းပေးပြီးဖြစ်သည်။ ငါတို့အားလုံး ခေါင်းဆောင်ငယ်၊ ခေါင်းဆောင်ကြီးတို့သိရှိပြီးဖြစ်၍ အရာရာမှာ အမြဲသတိထားလျက်၊ လုပ်ကိုင်ဆောင်ရွက်ကြရသည်ပင်လျှင် သူများနှင့်မတူ ထူးခြားပြောင်မြောက်မှုဖြစ်သည်ကို ပြောလိုပါသည်။

ဤတွင်သမိုင်းပြုစု၍ မြို့နယ်တစ်ခုချင်း ဆောင်ရွက်ခဲ့ကြတာများကို ကော်မတီဖွဲ့ပြီး ယခင်ခေတ်က အသက်ရှင်ကျန်ရှိခဲ့သော ကျေးရွာလူကြီး ရဟန်းရှင်လူများကို စုံစမ်းလျှက် စာရေးဆရာများပါ အလွန့်အလွန်များပြားသော လုပ်ငန်းစဉ်များအသီးသီး ပေါ်ထွက်လျှက် အသေးစိတ်ပေါ်ထွက်နိုင်၍ အဘိဓမ္မာစာအုပ်ကြီးတစ်အုပ် ဖြစ်သွားမည်အမှန်ပင်တည်း။ ယခုရေးတာက ဘာတွေဖြစ်ခဲ့သည်လုပ်ခဲ့သည်များ၏ ၄ပုံ၊ ၁ပုံသာဖြစ်ပါသည်။ ကျွန်တော်စာရေးသူသည် နတ်ပြဟ္မာ မဟုတ် ကိုယ်တွေ့မျှသာ ရေးသားနိုင်သည်။ မတွေ့တာအသချေ်၊ အနန္တရှိ၏၊ ကိုယ်တွေ့များ၌ပင် ဒိုင်ယာယီမဲ့ဖြစ်၍ နှလုံးသား၌ကျန်ရစ်ခဲ့သမျှကို ရက်စွဲ၊ နေ့စွဲ၊ လပိုင်း၊ မပါတော့ချုံ့ရေးကြိုသဖြင့် နောက်ရောက်လိုက်၊ ရှေ့ရောက်လိုက်ဖြင့်သာ ရေးရ၏။ အစီအစဉ်ချလျက် ရေးနိုင်သောဥာဏ်စွမ်းမရှိဟု ခံယူပါသည်။

မှတ်မိသမျှကို အစီအစဉ်ကျတဲ့ဟာကျပြီး မကျတာများပါလိမ့်မည်၊ တကယ်အဖြစ်အပျက်များ၏အမည်မျှသာဖြစ်၏။ ဖြစ်ပျက်ပုံများ လုံးဝမပါနိုင်ပါအောင်လည်း မရေးတတ်ပါဘူး။ နောင်လာနောက်သားတို့က ဘာဖြစ်ခဲ့တယ်ဆိုတာကို သိကြပါစေ။

ဂျပန်ခေတ် ပထမပိုင်းတွင် ကုန်ဈေးနှုန်းများမှာ ယခင်အင်္ဂလိပ်ခေတ်ထက် ကြီးသည်။ လူတွေကလည်း ဟိုပြေးဒီပြေးနှင့် အတည်မကျကြသေး။ ဒုက္ခဖြစ်ခါစတိုင်းပြည် ပျက်ခါစအချိန်ဖြစ်၍ အလွန်ကြောင်းကြစိုးရိမ်ကြသည်။ ဤအချိန်အခါမှာ တချို့မြို့တွေ စည်စည်ပင်ပင်ရှိကြသည်။ စစ်တွေနှင့်ဘူးသီးတောင်၊ မောင်တောမြို့ဖြစ်သော စစ်တွေမြို့၊ ဘူးသီးတောင်မြို့မှပြောင်းလာသူများနှင့် ယခင်ကထက်လူဦးရေများပါသည်။ ဒါပေမဲ့ တစ်လ၊ နှစ်လအတွက် အများ ၄လသာ နေလိုက်ခဲ့ရ၏။ အင်္ဂလိပ်၊ ဗုံးဒါဏ်၊ စစ်သေနတ်ဒါဏ်ကြောင့် မြို့ပျက်များဖြစ်၍ ရွာကြီးရွာငယ်များသို့ ပြောင်းရွှေ့ကြရသည်။ ထို့နောက် စစ်ရေးအရ ရွာကြီးပင်လျှင်၊ လူစောင့်သာ ကျန်ရှိရစ်ခဲ့ပြီး၊ တောတောင်လျှိုမြောင်များထဲ၌ တဲထိုးနေထိုင်ခဲ့ကြရသည်။ ဤသို့ဖြစ်ရသောမြို့များမှာ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြို့ဟောင်း၊ မင်းပြား၊ ပေါက်တော၊ မြေပုံမြို့များဖြစ်သည်။ (တောင်ကုတ်၊ အမ်း၊ ရမ်းဗြဲ၊ ကျောက်ဖြူ မာန်အောင်၊ သံတွဲမြို့များသည် မပျက်စီးခဲ့၊ သို့သော်လည်း အတည်တကျမနေဝံ့သူနှင့် နေဝန့်သူများရှိသည်။ မြို့လုံးဝဆိတ်သုံးသွားခြင်း မရှိသဖြင့် ရခိုင်မြောက်ပိုင်းကဲ့သို့ မဆိုးဝါးဖြစ်နေသည်။ ဂျပန်လည်း အိန္ဒိယကိုတက်၍ တိုက်ခိုက်သည်။ တပ်များအလုံးအရင်း ရခိုင်ပြည်အနှံ့အပြားရှိ တောအထပ်ထပ်

တောင်အထပ်ထပ်သို့ ရောက်ရှိလျှက် အစီအစဉ်ချနေကြသည်။ အုပ်ချုပ်ရေးသစ်မှာလည်း လည်ပတ်စပြုလာသဖြင့် ငြိမ်ဝပ်ပြီး ဖြစ်သည်။

တသွေး တသံ တမိန့်အုပ်ချုပ်ရေးသည် ကျေးရွာတိုက်နယ်သို့ထိ ပေါက်ရောက်လျှက်ရှိနေပြီး။ ဒို့ဗမာတွေ ခေတ်သစ်ရောက်လို့ ထင်ပေါ်လာခဲ့ပြီဆိုတဲ့ သီချင်း၊ ကမ္ဘာမှာလည်း အာဏာရှင်၊ ဒို့လည်း အာဏာရှင်ဆိုတဲ့ သီချင်း ကမ္ဘာခေတ်သစ်တွင် ဒို့လည်းခေတ်သစ်ပင် သီဆိုလာခဲ့ကြ၏။

ဂျပန်ကိုယ်တော်မြတ်တို့လည်း အိန္ဒိယကို အလွယ်တကူသိမ်းဘို့ကိုဘဲ အာရုံစိုက်ထားသည်။ အဘယ်နည်းနှင့်၊ နေနတ်မျိုးနွယ်ကို မယှဉ်ပြိုင်နိုင်ဘူးဟု ယူဆနေကြသူတွေဖြစ်သည်။ ဘဝလည်းမြင့်သည်။ အင်္ဂလိပ်အမေရိကန်များကို လူရာပင်မသွင်းသည်။ ဝါဒဖြန့်မှုကို နားတွင်ကြားနေခဲ့ကြသည်။ (ထိုအချိန်မှာ ဗိုလ်ရန်အောင်တပ်သည် ရန်ကုန်ရောက်လျှင် တပ်ဖျက်ပြီး ဘီဒီအေ ဖွဲ့စည်းဘို့ စီစဉ်လျှက် စတင်ဖွဲ့စည်းနေပြီး အလွန်ကျယ်ပြန့်စွာဝင်လာသော တပ်သားများကို၊ ခွဲရာတွင် အားလုံးမပါဝင်ခဲ့ရသဖြင့် အိမ်ပြန်ကြရသည်။ တပ်မတော်တိုးတက်ကြီးပွားဘို့ကို ဂျပန်အလိုမရှိဘူး၊ သို့ရာတွင် တော်လှန်ရေးခေါင်းဆောင်များနှင့် နောက်လိုက်ခေါင်းဆောင်ငယ်အချို့သည် ယခင်ကပင် ကြိုတင်၍ ဗိုလ်မှူးရန်အောင် ဆရာတော်ကြီးဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းတို့ ပူးပေါင်း၍ ဦးသိန်းဖေမြင့်ကို ငွေတသိန်း၊ အင်္ဂလိပ်ငွေ၊ ဗိုလ်ရန်အောင်တပ်ရင်းမှ တော်လှန်ရေး၊ စည်းရုံးရေသုံးစွဲဘို့ ငွေ၂သိန်းပေးပြီး၊ အရပ်ရပ်တာဝန်များ ခွဲဝေယူလိုက်ကြပြီး ဖြစ်သည်။

အကယ်သဖြင့် မဟာမိတ်တွေနှင့် အဆက်အသွယ်မရသေးသည့်အချိန်တွင် ဂျပန်နှင့်သင့်တော်အောင် ပေါင်းသင်းသူတို့ အလိုကျလုပ်ရန် (ယခုပေးမည့်) လွတ်လပ်ရေးအတုကို (အစစ်အမှန်ကဲ့သို့ လက်ခံလျက်) တော်လှန်ရေးကို စည်းရုံးထားကြရန် အချိန်အခါဆိုက်ရောက်လာမှသာ တော်လှန်ရေးကို စတင်ကြရန် ဆုံးဖြတ်ပြီးရှိနေသောကြောင့် ဂျပန်အလိုတော်ရှိများ၊ ပုံသဏ္ဌာန်ဖြင့် ဝါဒဖြန့်မှုတွင် အလွန်ပင်တာထားပြီး၊ ခရီးရောက်ပါသည်။ ဂျပန်လည်း အားထားနှစ်သက်ဖြစ်သည်။ ဘယ်နေရာ၌ဖြစ်စေ၊ တော်လှန်ရေးခေါင်းဆောင်များ၊ လက်ညီနေပြီး ဂျပန်နှင့်နေရာတိုင်းမှာ ပူးပေါင်းလျက်ဘဲဖြစ်သည်။

အထူးသဖြင့် အင်္ဂလိပ်ကို တိုက်ခိုက်ရာ၌ပင် တော်လှန်ရေးခေါင်းဆောင်တွေ ပူးပေါင်းလျက် တပ်ဖွဲ့ပြီး ရှေ့တန်းစစ်မျက်နှာကို တိုက်ခိုက်ကြရ၏။ မတိုက်ခိုက်ဘဲနေက စစ်ပညာလည်းမတတ်၊ ဂျပန်လည်း ယုံမည်မဟုတ်ပါ။ ဂျပန်လက်ပါးစေများက လက်ဦးသွားလျှင်၊ တော်လှန်ရေးအောင်ဘို့ ခဲယဉ်းမည်။ အထူးသဖြင့် မဟာမိတ်နှင့်တကွ ဆက်သွယ်ဘို့၌ပင် ရှေ့တန်းကို လူပို့၍ တချို့ကို အိန္ဒိယမဟာမိတ်ထံ လေထီးသင်တန်းလွှတ်ခဲ့ကြပါသည်။ ရှေ့တန်းတိုက်ခိုက်ရေး၌ တော်လှန်ရေးခေါင်းဆောင်တွေ တာဝန်မယူခဲ့ပါက (ထိုသို့ပြုလုပ်နိုင်ဘို့ မလွယ်ကူပါဘူး) ဤကိစ္စတွင် ဦးပညာသီဟသည် အဓိကဇာတ်ဆောင်ဖြစ်သည်။ တောင်ပေါ်ရှိ လူမျိုးငယ်များ၊ (ဝါ) မြို့လူမျိုး၊ ခမီလူမျိုးတို့လည်း အလွန့်အလွန်အရေးပါသည့်အခန်းမှာတာဝန်ယူကြပါသည်။ ဤကဲ့သို့ အရေးပါဆောင်ရွက်ကြသည်များ ရှေ့အခန်းများ၌ ပေါ်လွင်လာပါသည်။ ဂျပန်ခေတ်အုပ်ချုပ်ရေးတာဝန်ခံများမှာလည်း ဂျပန်တော်လှန်ရေးကို မသိ၊ သိအောင်လည်း ရှင်းပြနိုင်၊ ကွဲပြားသွားစရာရှိ၍ ပေါက်ကွဲနိုင်သည်။ အခြေအနေကို ကြည့်၍သာ စည်းရုံးခဲ့ကြရသည်။ အချို့ထိပ်ပိုင်းအုပ်ချုပ်ရေး တာဝန်ယူထားသူများမှာ ဂျပန်တော်လှန်ရေးအဓိကပုဂ္ဂိုလ်များ၏ အသက်အန္တရာယ်ကိုပင် လက်တွေ့အကောင်အထည်ဖော်သဖြင့် ဗိုလ်ညိုထွန်းထွက်ပြေးရ၍ သခင်ဖိုးလှ၊ ဦးထွန်းစိန်တို့ အဘမ်းခံခဲ့ရပါသည်။ သခင်ဘိုးလှမှာ အသက်ဆုံးရှုံးသွားသည်။ ဦးထွန်းစိန်သာလွတ်မြောက်လာခဲ့၏။ ဤအဖြစ်အပျက်သည် ဂျပန်တော်လှန်ရေးကို စိတ်ကမလိုလား၊ ဂျပန်အပေါ်၌သာ သစ္စာခံသည့်အချို့ပုဂ္ဂိုလ်ရှိနေသည်မှာ ထင်ရှားသည့်အကြောင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဂျပန်တော်လှန်ရေးကို ပိပိရိရိအောင်မြင်သောကိစ္စတွင် (အလွန်ပါးနပ်လိမ္မာသော) ဦးစိန္တာနှင့် ဦးပညာသီဟတို့၏ နည်းပရိယာယ်ကြွယ်ဝမှုတွင် အခြေခံသည်များစွာ အနက် (တခု)တင်ပြလိုက်ပါမည်။(ထိုအချိန်က) စက်သေနတ် ၂ခုရသည်ကို အထင်ကြီး၍ လူပေါင်း၈ဝဝလက်နက်ကိုင်ဖြင့် အင်္ဂလိပ်တပ်ကို (ပထမဆုံးတိုက်ပွဲဝင်ဘို့) (ကုလားခေါင်းဆိုတဲ့တောင်ပေါ်ရောက်ရှိခဲ့ကြသည်တွင်) ဆရာတော်ဦးပညာသီဟသည် သစ်ပင်တစ်ပင်ပေါ်မှနေ၍ အင်္ဂလိပ်စစ်တပ်ဘက်ကို မျှော်ကြည့်ခဲ့ပါသည်။ (ဤတွင် မရေမတွက်နိုင်သော စစ်တန်းလျား၊ လက်နက်ကိုင်စစ်သားများတို့ ဧလေူလူချက်ပြုတ်စားသောက်လျက်ရှိသည်။ စားပွဲ၊ ကုလားထိုင်များနှင့် စစ်အရာရှိများကိုပင် မြင်ရသည်။ ဤတွင် ဆရာတော်က ဗိုလ်ကြီးကြာလှအောင်ကို ခေါ်၍ပြပါသည်။ ဘယ်လိုမှ တိုက်ခိုက်၍နိုင်စရာမမြင်သဖြင့် ငါတို့ပြန်ဆုတ်ဘို့ကလည်း မဖြစ်နိုင်တော့ပြီ၊ တချို့တပ်တွေက တောင်ခြေရင်းပင် ရောက်ရှိ နေကြပြီ။ တိုက်လျှင်လည်း အားလုံးသေကြမှာဖြစ်သည်။ မင်းဦးစီးသောစစ်သားများသည် ညည့်အချိန်မှာတိုက်ခိုက်၍ ထွက်လာကြတော့၊ ငါတပ်စုဆောင်းရမည့်တာဝန်အကြား တိုက်ပွဲအတွက် စီစဉ်ရမည့်တာဝန်တွေလုပ်ဆောင်ဘို့ သွားမည် နေရစ်ခဲ့ကြဟု အမိန့်ချလျှက် သင်္ကန်းအားလုံးကို ချွတ်လျှက်။ မြို့ယောကျ်ားများဝတ်တဲ့ လက်ဝါးတစ်ဆုပ်စာမျှကို မြို့တို့ဝတ်သလို ဝတ်ဆင်ပြီး မြှားကျည်ထောက်ကို လွယ်လျှက်နှင့် လုံ့ကိုထမ်းပြီး တောပစ်သဏ္ဌာန်ဖြင့်ပင် တပ်ထဲမှစွန့်ခွာလျှက် ထွက်သွားခဲ့ရသည်။

(ဆရာတော်မှာ မြို့တွေ၏ရွာထဲဝင်လျှက်၊ တပ်သားစည်းရုံးခြင်း၊ ရွာကျန်လူများကို အင်္ဂလိပ်တပ်က ကူလီဆွဲလျှင်လိုက်သွားကြ၊ နောက်မကြာခင် ငါလာ၍မိုင်းတွေလာပို့မည်။ တပ်ပြန်တစ်နေရာမှာထားခဲ့၊ လုပ်ရင်းကိုင်ရင်းနှင့် အရေးပါသောနေရာ၌မြှုပ်ရန်ဖြစ်သည်။ လက်နက်တန် ဘယ်လိုလျှို့ဝှက်ထားရမည် တိုက်ပွဲဖြစ်မှ မီးလျှို့ရမည်၊ မှာကြား စည်းရုံးလျှက်အတွေ့လုပ်ငန်းများ၊ တိုက်ပွဲဖြစ်မှ စီစဉ်ထားရှိခဲ့သည်(ကျန်ရစ်သောဗိုလ်ကြီး ကြာလှအောင်မှာ) ရိက္ခာလည်း မရှိတာရှည်နေဘို့ကလည်း မဖြစ်နိုင်သဖြင့် စွန့်စားခန်းဝင်ရတော့မည်ဖြစ်၏။ အလွန်မှောင်သောအချိန်ကိုရွေးချယ်လျှက်၊ တရွေ့ရွေ့တောင်ထိပ်မှ အောက်သို့ဆင်းခဲ့ကြ၏။ အချို့က တိရိစ္ဆာန်အသံလို မြည်တတ်ကြသည်။ တိရိစ္ဆာန်မြည်သလိုမြည်သူမြည်၊ တောခွေးလိုမြည်သူမြည်ဖြင့် တောထဲမှသတိကြီးစွာပြု၍ ဆင်းလာခဲ့ကြသည်။ အကယ်တစ်ဦးတစ်ယောက်က သေနတ်ဖောက်ရသည်ထိ ဖြစ်ခဲ့လျှင် အားလုံးတစ်ပြိုင်တည်း မိမိရှေ့တည့်တည့်သို့ ပစ်ဖောက်ကြဟု တင်ကြိုအမိန့်ပေးထားပြီးဖြစ်သည်။ ဤစမ်းတဝါးဝါးနှင့် အသံဖြစ်၍ မေးမြန်းခဲ့ရသည်။ သေနတ်မောင်းတင်သံလည်း ကြားရသဖြင့် အသံလာရာဘက်ဦးတည်လျှက် အနီးကပ်ဆုံးရှိရဲဘော်တွေ သေနတ်ပစ်ဖောက်လိုက်ကြသည်။ တစ်ချိန်တည်း နေရာတိုင်း ပစ်ကြပြီ။ ဟိုဘက်ပစ်ကြသည်မှာ မမြင်ရသော်လည်း အသံကြားရာဆီသို့ ဖောက်ကြသည်။ မီးပွင့်ရာကို မြင်လျှင် ပြုံလျှက်ဖောက်ပြီး သေနတ်ပစ်ကြသည်။ မိမိလွတ်ကြောင်း ဖောက်၍ပြေးကြတာဘဲ။ (သဘောကတော့ သေသူကသေ၊ လွတ်သူကလွတ်) ဟု ဖောက်ထွက်ဖို့စီစဉ်ခဲ့ကြခြင်းပင်ဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်တပ်မကြီးတစ်ခုလုံးသည် ဤအခြေကို မရိပ်စားမိပါ။ ဂျပန်ကိုကြောက်တဲ့ရောဂါခံရှိနေသဖြင့် ဂျပန်ကသူတို့ကို ဝိုင်းချပြီအထင်ဖြင့် မိမိတို့နယ်ဘက်ကို သေနတ်မရဘဲ ကစင်ကရဲပြေးကြသည်။ ဗိုလ်ကြီးကြာလှအောင်တို့ကလည်း ရှိတဲ့ခွန်အားဖြင့် ပြေးရင်းလွှားရင်း သေနတ်ပစ်ရင်းပြေးကြတာပါဘဲ၊ နှစ်ဘက်ပြေးကြသောကြောင့် မိုးစင်စင်လင်းမှ ရပ်တန့်ခဲ့ကြသည်။ ဤတွင် လူစုရာတွင် ရဲဘော် ၄၀ပျောက်ဆုံးလျှက်ရှိနေပါသည်။ ကျဆုံးသေကြေကြသလားဆိုတာကို ပြန်လာ၍ရှာခဲ့ကြပါသည်။ သတိကြီးစွာဖြင့် ရှာခဲ့ရသည်။ ရန်သူတစ်ယောက်မှမတွေ့သဖြင့် တစ်စတစ်စရှေ့တိုးလျှက် တောင်ခြေရင်းသို့ထိ ခရီးပေါက်ခဲ့ကြသည်။ ရန်သူမရေတွက်နိုင်အောင်များသည့် တပ်တွေ၊ ထွက်ပြေးသဖြင့် ရိက္ခာလက်နက် ဖျင်တဲပေါင်းများစွာကို တွေ့ရသည်။ သေဆုံးနေသောကုလားစစ်သား မပြောစလောက်သာတွေ့ရသည်။ ဤသည်မှာလည်း ရခိုင်တွေတိုက်လို့ကျတာမဟုတ် မိမိတပ်မှနောက်ပြန်ပစ်ရာတွင် ကျတာသာဖြစ်သည်ကိုသိရ၏။ အဘယ်ကြောင့်ဆိုပါလျှင် ရခိုင်တပ်ပြေးတဲ့လမ်းကြောင်းနှင့် မနီးစပ်၍ဖြစ်သည်။ ဤတွင် ဗိုလ်ကြီးကြာလှအောင်ကသဘောပေါက်လာပြီးလျှင် ငါတို့ကိုကြောက်၍မဟုတ်ဘူး၊ အခြေအနေမှန်ကိုမသိဘဲ ဂျပန်ဝိုင်းမိပြီထင်၍ ကစင့်ကလျားပြေးကြခြင်းဖြစ်ရမည်။ လက်နက်ရိက္ခာများကို ယူ၍ လမ်းသိရဲဘော်များ တစ်ဦးစီဦးစီး၍ အနီးအနားတောင်ပေါ် လူမျိုး ကျေးရွာတွေကို လူခေါ်လွှတ်ပါသည်။ ဤအချိန်ရောက်မှသာ ပျောက်သွားသောရဲဘော်တွေ လမ်းပြတောင်ပေါ် လူမျိုးတစ်စုကိုခေါ်လျှက်ရောက်လာခဲ့ကြသည်။ တစ်ဦးတစ်ယောက်မှ မသေသည့်အပြင် ဒဏ်ရာလည်းမရခဲ့ကြပါ။ စိုင်ကော်လို့ ခြုံပေါ်ရောက် မရှုယ်ဘဲနှင့် စော်ကဲမင်းဖြစ်ဆိုသလိုပင် ရိက္ခာလက်နက်စစ်တပ်တန်ဆာများ ရလိုက်ကြသည်မှာ ယူ၍ပင်မကုန်နိုင်။ ဤကဲ့သို့ အဖြစ်အပျက်နောက်ပိုင်းမှာ ကူလီအဖြစ်ဖြင့် အင်္ဂလိပ်တပ်စွဲနေတဲ့နေရာဆို ရပ်ရွာသားများသဏ္ဍာန်ဖြင့် တပ်ထဲမှရဲဘော်များကို ထည့်ထားခဲ့ပြီး လေးဘက်လေးတန်မှ ဝိုင်းဖမ်းပစ်ခတ်ကြသည်။ ဤတွင် ပြန်၍ပစ်ဖို့အတွက် ထမင်းစားနေရာမှ လက်နက်တိုက် မိုင်းကွဲမီးလောင်၊ အရာရှိများရုံး မိုင်းထောင်မိုင်းပေါက် ဖြစ်သွားကြ၍ အဝတ်မပါဘဲ ပြေးသူက ပြေး။ နှင့်၊ စိတ်ဓာတ်ကျပြေးကြရသည်။ ဤတိုက်ပွဲတွင် ဂျပန်မပါဘဲ ရခိုင်တို့အစွမ်းပြသောပွဲတွေဖြစ်သည်။ ဤကဲ့သို့တိုက်ပွဲများဖန်ဆင်းသူမှာ ဆရာတော်ဦးပညာသီဟဖြစ်သည်။ နောက်နောင်မှာ နည်းအမျိုးမျိုးဖြင့် အင်္ဂလိပ်တွေကိုတိုက်ပြန်သဖြင့် ဂျပန်တပ်မတော်မှ လေးစားလာသည်။ လက်နက်ကိုင်အချင်းချင်း ပူးပေါင်းစစ်ဆင်ကြသည်။ တပ်သားသစ်များခေါ်ယူလျှက် ဂျပန်ဆရာများ စစ်ပညာသင်ကြားပေးခြင်း၊ စစ်ဌာနချုပ်သို့အစီရင်ခံရာတွင် ရခိုင်တွေကို စစ်ပညာသင်ပေးခြင်းလုပ်လျှင် တခြားလူမျိုးတွေထက် သုံး၍ကောင်းသည်ကို ပါရှိလာသဖြင့် ဂျပန်က လေးစားမှု အားထားမှုဖြစ်လာပြီးလျှင် ပြည်တွင်းရှိစစ်စခန်းတိုင်းမှာ စစ်ပညာသင်ကျောင်းများ ဖွင့်လှစ်၍သင်ကြားကြသည်။ တပ်သားစုဆောင်းကြသည်။ (မှတ်ချက်) ချုံကြည့်လျှင် ဆရာတော်ဦးပညာသီဟ၏အစွမ်းထက်မှု ပညာသတ္တိပြမှုကြောင့် ထွက်လာသောအကျိုးသက်ရောက်မှုဟုသတိပြုကြရမည်ဖြစ်သည်။ (အခြားတော်လှန်ရေးတာဝန်ခံများ၏)သတ္တိဗျတ္တိကိုလည်း ဖော်ထုတ်စရာများစွာပင် ရှိပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရခြင်းသည် အပေါစားမဟုတ်သည် သိထားစေလိုခြင်း) အုပ်ချုပ်ရေးတွင်လည်း ဘာဥပဒေမှမသိဘဲတာဝန်ခံမြို့နယ်ခေါင်းဆောင်များ ကျတဲ့တာဝန်ကို ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်ခဲ့ကြသည်။ အုပ်ချုပ်ရေး၌ ဖင်မနိုင်သောငြိမ်းချမ်းရေးခေတ်မှာသာလျှင် အကျင့်ပျက် စည်းကမ်းပျက် ဗျူရိုကရက်များ၊ ညစ်ပါတ်မှုကြောင့် အုပ်ချုပ်ရေး ကမောက်ကမဖြစ်သည်။ ယနေ့ထိ လူကြီးတွေ ကြုံနေကြရသည်ကို ဘယ်သူမှမငြင်းနိုင်ပါဘူး၊ ဂျပန်ကြောင့်လော) (အဓိပတိ ဒေါက်တာဘမော်ကြောင့်လော)ဗိုလ်ချုပ်အောင်ဆန်းကြောင့်လော၊ (ဟုမေးလျှင် သူကျွန်မခံလိုသော ) ဗိုလ်ချုပ်အောင်ဆန်း၏စိတ်ဓါတ်မျိုး၊ ရဲဘော်တိုင်းတွင် ကိန်းအောင်းနေမှုကြောင့် တာဝန်ကျေကျေထမ်းဆောင်နိုင်ခြင်း ဖြစ်သည်ဟု အဖြေထွက်လာ

ဘို့မှတပါး အဖြေရှာမထွက်နိုင်ပါဘူး၊ ဂျပန်ခေတ်အုပ်ချုပ်ရေးတော်လောက်ပေပြီ။

## ဂျပန်ခေတ် လွတ်လပ်ရေးအတုကို ဂျပန်ဖန်တီးပေးခြင်း

အဓိပတိ ဒေါက်တာဘမော်၏ တသွေး တသံ တမိန့်ကို အခြေခံလျှက် ကတိအတိုင်း ဂျပန်ကလွတ်လပ်ရေးပေးသည်ဆိုပြီး ကြေငြာခဲ့သည်။ သို့သော်လည်း လွတ်လပ်ရေးမှာ အတုအယောင် လွတ်လပ်ရေးမျိုးသာဖြစ်သည်။ အုပ်ချုပ်ရေး၌လည်း ဂျပန်အလိုတော်ကျ၊ နိုင်ငံရေးမှာလည်း ဂျပန်၏အရှေ့အာရှသာ တူညီကောင်းစားရေးဝါဒပင် ဖြစ်သည်။ ဤကဲ့သို့ ဂျပန်လုပ်မည်ကို မြန်မာနိုင်ငံခေါင်းဆောင်ကြီးငယ်များနှင့် ရခိုင်ခေါင်းဆောင်ကြီးငယ်များမှာ ကြိုတင်ခန့်မှန်းပြီးဖြစ်၍ မည်သို့မျှထူးထူးဆန်းဆန်း မဖြစ်ကြပါ။ မဟာမိတ်တို့နှင့် ဆက်သွယ်ရေးတွင် ထိထိရောက်ရောက်ရှိလာသည်သိရခြင်း ဂျပန်က အိန္ဒိယကို ထိုးဖောက်တိုက်ခိုက်ရာတွင် အောင်မြင်မှု) ရမရ စသည့်စစ်ရေးကိုသာ အကဲခတ်နေကြရသည်။ ဂျပန်တွေကလည်းစစ်ပွဲတိုင်း အောင်မြင်ခဲ့ခြင်းကြောင့် အိန္ဒိယကိုရလျှင် အာရှတိုက်တစ်ခွင်လုံး ရာသက်ပန်လွှမ်းမိုးကြီးစိုးနိုင်ဘို့အတွက် ဂျပန်ယဉ်ကျေးမှုနှင့် ဂျပန်စကား၊ ဂျပန်စာပေများကို လူထုအားသင်ကြားပေးလျှက် စစ်အောင်နိုင်ရေးအတွက် အထွေထွေစည်းရုံးလှုပ်ရှားမှုပင်ဖြစ်သည်။ စစ်ပွဲကြီးငယ်များလည်း ရခိုင်နယ်စပ်တွင် တိုက်ခိုက်လျှက်ပင်ဖြစ်သည်။

ဂျပန်တို့မှာ ပထမအချိန်က လေယာဉ်ပျံ သင်္ဘောများဖြင့် လာခဲ့နိုင်ကြသည်။ တကြိမ်တွင် လေယာဉ် (၁၀၀)ခန့်ပင်လျှင် အိန္ဒိယသို့ ဦးတည်ပျံသန်းခဲ့ပြီး တိုက်ခိုက်ခဲ့ကြသည်။ အချိန်အခါကောင်းတုံးဘဲဖြစ်သည်။ ဤအချိန်အခါကို အကဲခတ်လျှက် ရေရှည်ကြာခဲ့လျှင် ဂျပန်နှိပ်စက်မှုဒါဏ်ကြီးမားမည်ကို ကြိုတင်သိရှိကြသော ရခိုင်တော်လှန်ရေးခေါင်းဆောင်များမှာ ဂျပန်ကြိုက်သည့်စကား စည်းရုံးဟောပြောမှုနှင့် အထွေထွေအကူအညီများကို ရှုပ်ရှုပ်ချွန်ချွန်ပင် ကြိုးစားဆောင်ရွက်ပေးကြပါသည်။ နာမည်ကြီးသော ကန်ဖေတိုင် အန္တရာယ်မှလွတ်နိုင်ရေးမှာ တလမ်းတည်းသာရှိပါသည်။ (ထိုလမ်းမှာ ဂျပန်တပ်မတော်နှင့် ပူးတွဲလျှက်) အင်္ဂလိပ်မဟာမိတ်များတိုက်ခိုက်ရာတွင်ပါဝင်ခြင်း၊ အထွေထွေထောက်လှန်းပေးခြင်း၊ ရိက္ခာပို့ပေးခြင်းများ၊ အရံစစ်သားစုဆောင်းလျက် စစ်ပညာသင်ယူ၍ ရှေ့တန်းသို့ဝင်ရောက်ကူညီစစ်တိုက်ခြင်းသည် စိတ်အချရဆုံးပင်ဖြစ်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို တိုက်ကဲ့သို့ပြုလုပ်မှုကို အကာအကွယ်ပြုလျှက်(အထွေထွေလျှို့ဝှက်နှင့် ထိပ်တန်းလျှို့ဝှက်တာဝန်)ရပ်များကို ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်ခဲ့သည်။ သို့သော်လည်း လုံးဝမသိရတဲ့အချက်များစွာရှိ၏။ လူတိုင်းသိတာကတစ်ခု၊ လွတ်လပ်ရေးအတုဟူ၍ဂင်း၊ အချိန်မရောက်သေး၍ ဂျပန်ကိုဆန့်ကျင်တော်လှန်ဘို့ မလုပ်နိုင်ခြင်း၊ လုပ်လျှင်လည်း ဆုံးရှုံးမည်၊ ဤမျှကို ထိုစဉ်က ပြည်သူလူထုအားလုံးနှင့် ခေါင်းဆောင်အားလုံးက သိကြသည်။

မှတ်ချက်(ခေါင်းဆောင်ကြီးအချို့နှင့် ပြည်သူအာလုံးမသိတာကတော့ )မဟာမိတ်တို့နှင့်ဘယ်လိုဆက်သွယ်သလဲ ဘယ်မျှခရီးရောက်ပြီလဲ၊ ဘာတွေစီစဉ်ထားကြရမှာလဲ ဘာ့ကြောင့် စစ်ပညာသင်ကြားကြရသလဲ ဂျပန်ကို သတင်းပို့ထောက်လှန်းပေးတာက ဘာကြောင့်လဲ။ စကားပြန်များ ဗိုလ်များသည် အာရှလူငယ်များ အဖွဲ့မှချည်း အများစုပါဝင်ထားကြသည်ကို ဘာကြောင့်လဲ မသိကြခြင်း၊ ထိုခေတ် ထိုအချိန် ကိုသီဟ အင်ဖာမှ ဂျပန်ရှေ့ထိုးတိုက်ခိုက်လိုက် နောက်ဆုပ်လာ၍ အင်္ဂလိပ်တပ်လိုက်နှင့် အကြိမ်ကြိမ်သုံးနှစ်သုံးမိုး ဖြစ်ခဲ့ခြင်းသည်ပင် လူပြည်တစ်ခုလုံး စစ်မြေပြင်ဖြစ်၍ နစ်နာဆုံးရှုံးမှုအတိုင်းအတာကို မရေတွက်နိုင်အောင် ရှိခဲသလဲ။ တော်လှန်ရေး နိုင်ငံရေး၌များစွာ အကျိုးသက်ရောက်ပါသည်။ အကျိုးများက လက်တွေ့စစ်ပညာကို တိုက်ပွဲများက သင်ခန်းစာရခြင်း၊ လက်တွေ့စစ်မြေပြင်ထောက်လှန်းရခြင်းကြောင့်၊ သူလျှိုလုပ်တတ်ရခြင်း၊ အချို့မှာ တော်လှန်ရေးအတွက် ထိပ်တန်းလျှို့ဝှက်အလုပ်များကိုပင်လျှင် လွယ်လွယ်ကူကူဖြင့် နှစ်ဘက်ခွလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းများဖြစ်သည်။ တောင်ပေါ်ရှိ မြို၊ ခမီ၊ ချင်း၊ အမျိုးသားများ ရပ်ရွာတွင်း အရေးကြီးတဲ့ မဟာမိတ်သူလျှိုများကို ကြိုတင်ထားနိုင်သောကြောင့်၊ မဟာမိတ်နှင့် ဆက်သွယ်မှုလွယ်ကူခြင်း၊ လေထီးစစ်သားများကို ရှေ့တန်းဂျပန်များထံသို့ ရိက္ခာပို့ဟန်ဖြင့် အိန္ဒိယသို့လွှတ်ခဲ့ကြခြင်းများ မရေတွက်နိုင်သော အကျိုးကိုလည်းရခဲ့၏။

စာဖတ်သူများသည် ဤအဖြစ်နှင့်ဆင်တူစကားများများ ပါရှိခြင်းကိုတွေ့ရပါမည်။ ပါကိုပါရမည်။ ဤကဲ့သို့ သုံးနှစ်လုံးလုံးအကြိမ်ကြိမ်လုပ်လာခဲ့ရပါသည်။ ထိုအထဲ၌ အထူးစွန့်စားမှုများလည်း မရေတွက်နိုင်ပါ။ ဦးပညာသီဟနှင့် နဂံမောင်နီဦးစီးသော ပုဂ္ဂိုလ်တို့ လေထီးစစ်သားပို့ခဲ့စဉ်က ဂျပန်က ဆီးဖမ်း၍စစ်ဆေးပါသည်။ ထိုအခါ ဂျပန်ကိုရိက္ခာပို့သည့်လက်မှတ်နှင့် ရှေ့တန်း၌ကူညီတိုက်ခိုက်ဘို့ အိန္ဒိယမဟာမိတ်တပ်များကို ဂျပန်တပ်မတော်သိရန် ထောက်လှန်းပေးဘို့ စသည်များကိုတင်ပြလျှက် အာရှစစ်ပွဲ၌ တာဝန်ထမ်းဆောင်မှသာ တူညီမျှကောင်းစားရေးနှင့် တပ်မတော်စစ်အောင်မြင်ရေး ဖြစ်မှာမဟုတ်ပိုင်ပိုင်ဘဲ လိုမ့်ခဲ့ကြသည်။ တကယ်ပင်လည်း ကူညီနေကြ၍ ယုံယုံကြည်ကြည်ဘဲ သံသယပင်မဖြစ်ခဲ့ပါ။ အကယ်၍သာ သံသယဝင်လျှင် ဘာတစ်ခုမှလုပ်ရမှာမဟုတ်ပါ။ အကယ်၍ရပါကလည်း ဆယ်ခုမှာတစ်ခုသာဖြစ်နိုင်ပါမည်။ နေရာတိုင်းထောက်လှန်းရေး၊ ကင်ပေတိုင်များနှင့် လက်ပါးစေများအပြည့်ဘဲရှိသည်။ ထိုလက်ပါးစေများမှာ အစစ်လည်းရှိ၏။ အတုလည်းရှိ၏။ တော်လှန်ရေးပုဂ္ဂိုလ်များမှာ အစစ်ရောအတုပါ ရခိုင်တွေချည်းဖြစ်၍ တော်လှန်ရေးအချိန်မှာ

ပြည်သူ့အင်အားကို မလွန်ဆန်နိုင်ဘဲ တပေါင်းတည်းဖြစ်ရမည်ကို ယုံကြည်ကြ၏။ ရခိုင်တော်လှန် ရေးတွင် ဦးပညာသီဟ ဦးစီးမှုဖြင့် ထူထောင်ထားသည်။ ရခိုင်ပြည်သူ့လက်နက်တပ်မတော်တစ်ခုသည် သီးခြားဂျပန်များ နှင့် ယှဉ်ပြိုင်လျက် အင်္ဂလိပ်ကို တိုက်နေသည်။ ထိုတပ်မတော်ကို ဗိုလ်ကြီးကြာလှအောင်၊ ဗိုလ်စောသာအောင်၊ ဗိုလ်အောင် နှင့် အခြားဗိုလ်တော်တော်များများ ရှိပါသည်။ အားလုံး ရခိုင်သူရဲကောင်းများပင်ဖြစ်သည်။ တချို့တိုက်ပွဲများ၌ အင်္ဂလိပ် အမေရိကန် တစ်တပ်လုံးကို တစ်ယောက်တည်း ခံပစ်ဝန့်သူတွေလည်း ရဲဘော်တွေအထဲ၌ပင်လျှင် လူစွမ်းကောင်းများ ပါရှိပါသည်။ ယုံထင်ကြောင်ထင်မဟုတ်ပါ။ လက်တွေ့ဖြစ်သည်။ အိန္ဒိယသို့ဦးတည်ချီတက်လာသော ဂျပန်တပ်မတော်ကြီး ကုန်ခဲ့သောအချိန်က အောင်ပွဲတွေရခဲ့သော်လည်း အင်ဖာကိုဟီမာရောက်ခဲ့မှ ရှေ့တိုးမရဘဲ ရပ်တန့်နေခဲ့ရသည်။ အင်္ဂလိပ် ဗြိတိသျှ တပ်မတော်(၀)ဘုရင့်တပ်မတော်သည် အိန္ဒိယရှိ စက်ရုံအချို့ကို အခြေခံလျှက် လူသူရိက္ခာပြည့်စုံစွာဖြင့် တောင့်တင်းခိုင်မာစွာရှိနေခြင်း အိန္ဒိယသို့ မြန်မာတော်လှန်ရေးခေါင်းဆောင်၊ စာရေးဆရာကြီး ဦးသိန်းဖေမြင့် ရောက်ရှိ၍ ဂျပန်သံခွာစစ်ဖိနပ်အောက်ရှိ မြန်မာနိုင်ငံဆိုသည့်စာအုပ်ကြောင့် ဗြိတိသျှတို့မှာ ရှေ့တန်းစစ်မျက်နှာကိုသာ အားသွန်ခွန် စိုက်သမဝါယမစိုက်ထုတ်နိုင်ခြင်း။ အိန္ဒိယရှိ ပညာရှိခေါင်းဆောင်များလည်း ဒီမိုကရေစီစနစ်ကို ကြိုက်ကြခြင်း၊ မဟာမိတ်၏ အတ္တလန္တိတ်ကြေငြာချက်ဖြစ်သော စစ်ပြီးလျှင် ကမ္ဘာတစ်ခွင်ရှိ ကိုလိုနီအားလုံးကို လွတ်လပ်ရေးပေးပါမည်။ ကတိခံဝန်ကို ယုံကြည်ခြင်းကြောင့် မဟာမိတ်တို့ ပူးပေါင်းဆောင်ရွက်ကြသည်။ အထက်ပါအကြောင်းအရာများ၌ မှီ၍ဂျပန်သည် အခက် အခဲနှင့် ရင်ဆိုင်နေရပြီး စစ်မျက်နှာရှည်လျားကျယ်ပြန့်လာသလောက် ရိက္ခာလက်နက်၊ လေယာဉ်၊ သင်္ဘောများ လုံလောက် အောင် မရှိနိုင်ခြင်း၊ မဟာမိတ်တို့နှင့် အမေရိကန်ဝင်ရောက်တိုက်ခိုက်လာခြင်းကြောင့် ပစိဖိတ်စစ်မျက်နှာ ဖွင့်ထားစောင့် ရှောက်ရခြင်း၊ အမေရိကန်ခြေမှုန့်စည်ဒါဏ်ကြောင့် ရေနံ၊ ဓါတ်ဆီကန်များ၊ ပျက်စီးခြင်း၊ လေယာဉ်သင်္ဘောများ ပျက်စီး ဆုံးရှုံးသဖြင့် မိမိစစ်မျက်နှာတိုင်းမှာ ရေတပ်၊ လေတပ်မပါဝင်နိုင်ခြင်းကြောင့် မရေရာဖြစ်လာခဲ့ပေသည်။

သို့ပေမဲ့ ဂျပန်လူမျိုးတို့၏ တိုက်ခိုက်ရေးကျွမ်းကျင်မှု ကြန့်ခိုင်သောစိတ်ဓာတ်ရှိမှုကြောင့်သာလျှင် ရပ်တည်နိုင်ကြ သည်။ တခါတရံဗြိတိသျှတို့က လေတပ်အကူအညီဖြင့် တိုက်ခိုက်လာရာ ရခိုင်ပြည်တစ်ဝက်ခန့် ဆုတ်ပေးကြရသည်။ ဗြိတိသျှတို့သည် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းများ ပြုလုပ်၍ ပြီးခါစရှိသေး၊ ဂျပန်ထိုးစစ်ကြောင့် အိန္ဒိယကိုပြန်၍ တပ်ဆုတ်ရပြန်သည်။ ဂျပန်တပ်လည်း အင်ဖာ၊ ကိုဟီမာထိသာ အောင်မြင်မှုရသည်။ အိန္ဒိယပြည်ထဲသို့ မဝင်ရောက်နိုင်ခဲ့ ကြပါ။ ဤအဖြစ်မျိုး သုံးကြိမ်ဖြစ်ခဲ့ပါသည်။ ၁၉၄၄၊ ၁၉၄၅ခုတွင် မြန်မာနိုင်ငံတစ်ခုလုံး ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသော ကြောင့် ဂျပန်မှာ ထောက်တည်မဲ့သွားခြင်းကြောင့် ရပ်တည်ဖို့မရနိုင်ခဲ့။ အပြီးအပိုင်နောက်ဆုတ်ခဲ့ရသည်။ သတိပြုစရာတစ်ခု က လေယာဉ်ဖြင့် ဤနောက်ဆုတ်မှုမတိုင်မီ ၂လ ၃လခန့်ကပင် ဂျပန်စစ်ဗိုလ်အချို့ကို မြန်မာနိုင်ငံမှ ဂျပန်ပြည်သို့ ပို့ဆောင်နေသည်ကို တွေ့ရှိရပေသည်။ ဂျပန်ပြည်မ၌ပင်လျှင် လုံခြုံမှုမရှိတော့သည်ကို နောက်မှသိရပါသည်။ စစ်မျက်နှာ တိုင်းပင်လျှင် ပုန်ကန်မှု၊ ပြည်သူ့တော်လှန်ရေးကတစ်ဖက်၊ ရန်သူစစ်ဘက်မှ လက်နက်၊ လေယာဉ်၊ သင်္ဘော စစ်သင်္ဘောများ နှင့် တိုက်ပွဲဆင်လာသဖြင့် ဂျပန်တပ်မတော်မှ ကြည်းတပ်တစ်ခုတည်းဖြင့် တိုက်ခိုက်နေကြရသည်။ ဖင်မနိုင် ခေါင်းမနိုင် ဖြစ်လာလျှက်ရှိသည်။

ဂျပန်လူမျိုးနှင့်စစ်တပ်၊ စစ်အာဏာပိုင်များမှာ လှေ့ခွက်ကျုံကျုံ၊ အလံမလှဲတဲ့၊ ခိုင်မာသောအဓိဋ္ဌာန်ရှိသူများ ဖြစ်ကြကြောင်းကို ဤကဲ့သို့နောက်ဆုတ်ရခြင်း၊ ရှုံးနိမ့်ရခြင်း၌ လက်တွေ့မျက်မြင်သိကြရသည်။ တပ်မတော်ကြီးများ ဆုတ်ခွာ နိုင်ရေးအတွက် အသေခံတိုက်ခိုက်ရေးတပ်များ၏ စွမ်းရည်မှာ အံ့ဩဘွယ်ဖြစ်ပါသည်။ ရေတပ်ဘက်မှလည်း လေယာဉ် အကူအညီဖြင့် ဗုံးကြဲ ဗုံးမိုးရွာချခြင်း၊ အမြောက်ကြီးများနှင့် ဒလစပ်မရပ်မနား ပစ်ခတ်ကြသည်။ မိုးပျံမီးလုံးကြီးထွန်းလျှက် လေယာဉ်မှမရပ်မနား စက်သေနတ်ပစ်ခြင်းတို့ရှိပါလျှက်၊ ခံတပ်၊ ကတုပ်ရှည်များမှ၊ တုပ်တုပ်မလှုပ်ဘဲ ငြိမ်ခံနေကြသည်။ လူတစ်ယောက်မျှပင် မရှိသလိုပါဘဲ။ ဤတွင် ရေတပ်မတော်မှ တင့်ကားကုန်းရေနှစ်ဘက်သွားလက်နက်ကိုင် စစ်သား တင်ကားများ၊ သံဆံကာဖြင့် သံပေါက်ခင်းများကိုနင်း၍ တက်လာကြသော စစ်တပ်များကုန်းပေါ် တက်လာခဲ့ကြသည်။ ဗြိတိသျှမဟာမိတ်တပ်များ ကုန်းပေါ် ရောက်မှ လက်တစ်ကမ်းမှီထိ စောင့်စားခဲ့ကြပါသည်။ လက်တစ်ကမ်းရောက်လာလျှင် မီးကုန်ယမ်းကုန် ဂျပန်အသေခံတပ်က တိုက်ခိုက်ကြတော့၏။ ဤသို့ရေးပြခြင်းမှာ ဤအချိန်ကာလသို့မရောက်သေးသော် လည်း ဂျပန်လူမျိုး၏စိတ်ဓါတ်ကိုပြသည့်အနေဖြင့် ရေးသားခြင်းသာ ယခုအချိန်မှ ၁၉၄၂ခု၊ ၁၉၄၃ခု ဖြစ်၍ ရှေ့တိုးလိုက် နောက်ဆုတ်လိုက် မနိုင်မရှုံးဖြစ်နေချိန်အခါ စိတ်ဓာတ်ကျမှု လုံးဝမရှိတဲ့အပြင် နောက်ဆုတ်တာမှာ နည်းပရိယာယ်တစ်ခု ပင်ဖြစ်သည်။ ရိက္ခာနည်းလျှင် ၎င်းလမ်းတံခါးဖောက်စေလို၍၎င်း နောက်ဆုတ်ပေးခဲ့တာလည်း ရှိပါသည်။ တပ်သားတွေက လုံးဝစိတ်ဓါတ်မကျသလို ကမ္ဘာအခြေအနေကို သိကြသော စစ်ဌာနချုပ်ခေါင်းဆောင်များကပင် ဇကန်ရှုံးမည်တွက်ကြည့် လျှင်၊ ရပါ၏။ သို့သော် စိတ်ဓါတ်၌ အင်္ဂလိပ်၊ အမေရိကန်များ၊ မျက်စိပြူး အံ့သြသွားအောင် ကြောက်လန့်သွားအောင် ဂျပန်သွေး၊ ဂျပန်ဇာတိမာန် စစ်ပရိယာယ်ကျွမ်းကျင်မှုတို့ဖြင့် မြေတလက်မကျန်သည်အထိ တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြ

သူ များပင်ဖြစ်သည်ကို၊ သမိုင်းက သက်သေထူခဲ့ကြပါသည်။ ဘယ်လောက်ထက်မြက်ပါစေ ဂျပန်ကိုတော်လှန်ပစ်ဖို့ စည်းရုံးထားသော ရခိုင်ဗမာဇာတိမာန် ဇာတိသွေးမချိုးနှိမ်နိုင်တဲ့အပြင် ဆလမ်သခဲ့ရပါသည်ကို သမိုင်းကသက်သေခံနေပါသည်။

အလွန့်အလွန် အရေးကြီးတဲ့အချိန်မှာ ဂျပန်ထောက်လှန်းရေး ကန်ဖေတိုင်များသည် လက်ဆုပ်လက်ကိုင်မရစေကာမူ စစ်မြေပြင်မှတဆင့် ပြည်တွင်းသို့ မဟာမိတ်သူလျှိုတွေ ရောက်ရှိနေကြောင်း ရခိုင်လူမျိုးတစ်ချို့သည် မဟာမိတ်နှင့်ဆက်သွယ်၍ ဂျပန်စစ်ရှုံးအောင်ရတဲ့နည်းဖြင့် သတင်းပို့လျှက် ကူညီနေကြသည်ကို သိခဲ့ကြသည်။ နည်းအမျိုးမျိုးဖြင့် ထောက်လှန်း၍ သတင်းရယူခြင်းပြုကြပါသည်။ ဤအချိန်၌ ထောက်လှန်းရေးသမားတိုင်း ဂျပန်အတွက် ရိက္ခာရှာ၊ ကူလီရှာ၊ လှေရှာလုပ်ငန်းများကို ယခင်ထက်ဖိဖိစီးစီး လုပ်ကြသည်။ ရှေ့တန်းသို့ ရိက္ခာနှင့်လူအကူပို့ကြသည်။ အချို့က စစ်မြေပြင်တွင် ဝင်ရောက်တိုက်ခိုက်နေကြသည်။ အချိန်မကျရောက်သေးသောအချိန်တွင် ကျားကြောက်၍ ကျားရင်တွင်း ဝင်ခံကြသည်။ ယခုအလုပ်ကို လုပ်မှသာ တော်လှန်ရေးအတွက် မဟာမိတ် အကာအကွယ်ဖြစ်မည်မဟုတ်ပါလော၊ ရခိုင်အမျိုးသားသူလျှိုများကိုလည်း လူနှင့်မနီး စစ်တပ်နှင့်မနီးသော တောတောင်လျှိုမြောင်ရှိ တောင်ပေါ်သားများ၏ နေရာ၌ထားရှိခဲ့ကြသည်။ အဆင်မသင့်လျှင် ဖြတ်လမ်းမှတဆင့် မဟာမိတ်ရှိရာ ပြန်ပို့ကြ၏။

ရဲဘော်ညိုထွန်းကိုဆိုလျှင် တခါတရံ ဂျပန်ရှေ့မှောက်၌ ထားလျှက်ရဲဘော်လှမောင် အမည်ကွဲဖြင့် ဗိုလ်ကြီးကြာလှအောင်တပ်သားအဖြစ်ဖြင့် ခမောက်ဆောင်းလျှက် သေနတ်လွယ်ရောက်ရှိခဲ့သည်။ တခါတရံ ရခိုင်လူမျိုးနှင့်ပင် အတွေ့မခံစေဘဲ၊ ဖျောက်ဖျက်ထားရသည်။ ညိုထွန်းကိုရှာသည်မှာလည်း နေရာတိုင်း အကွက်စေ့စေ့ချလျှက် ရှာနေတာဘဲ၊ တခါတရံ သီသီကလေးမျှ လွဲခဲ့သည်ထိ ခရီးရောက်ပါသည်။ ရခိုင်လူမျိုးတိုင်း သစ္စာရှိခြင်းကြောင့်သာ ဗိုလ်ညိုထွန်းနှင့် လေထီးသူရဲများ လက်နက်များ ချပေးတာကို သိုဝှက်နိုင်ခဲ့ကြပါသည်။ စစ်မြေပြင် ပြည်တွင်း၊ ပြည်တွင်းစည်များ၌ တော်လှန်ရေးခေါင်းဆောင်များမှ ဂျပန်ကူညီရေးတာဝန်အပြင် တော်လှန်ရေးအတွက် သတင်းပို့ခြင်း၊ ဂျပန်တို့စစ်အခြေအနေကို မိမိခေါင်းဆောင်များထံပို့ခြင်း။ ရခိုင်ခေါင်းဆောင်များမှတဆင့် မဟာမိတ်စစ်ဌာနချုပ်များ ရောက်ရှိခြင်းများ၊ စစ်ရေးတာဝန်ကို ကျေပွန်စွာ ဂျပန်ရှေ့မှောက်တွင် တာဝန်ယူရခြင်းတို့သည် အသက်ရှင်နေထိုင်နိုင်ရေးနှင့် ထပ်တူထပ်မျှတော်လှန်ရေးအောင်မြင်ရေးအတွက်လည်း ဤသို့ဟန်ဆောင်လုပ်ခြင်းသည် ဘေးအန္တရာယ်အကင်းဆုံးနှင့် ထောက်လှန်းရေးမေးမြန်းစစ်ဆေးခံရခြင်းမှာလည်း လွန်ကင်းနေပါသည်။ မဟုတ်မဟပ် အင်္ဂလိပ်စာအုပ်တွေ့ရုံဖြင့်ငှင်း၊ အင်္ဂလိပ်ငွေကျပ်စေ့၊ စက္ကူများရရှိရုံဖြင့်ငှင်း အနှိပ်စက်ခံရ၏။ ဘမ်းချုပ်ခံရခြင်းများ နေ့သည်အချိန်ပင်ဖြစ်သည်။

လူထု၏လွတ်လပ်မှု လုံးဝမရှိပါဘူး။ လူထုကြီးတစ်ရပ်လုံးမှာ အင်္ဂလိပ်စစ်နိုင်ဘို့အတွက် အုံကြွ၍ ပေါက်ကွဲလုမတတ်ခံစားနေခဲ့ကြသည်။ စစ်ဘေးဒဏ်ကြောင့် ဟိုပြေးလိုက်၊ ဒီမှာဝှက်လိုက်နေတာကတစ်ကြောင်း၊ ဂျပန်တမျိုး၊ သားလင်များခရီးထွက်နေကြ စစ်မြေပြင်၌ ဝင်တိုက်နေကြသဖြင့်၊ ကြောင့်ကြစိုးရိမ်ရသည်ကတစ်မျိုးနှင့်၊ ဒုက္ခပင်လယ်ဝေလျှက် နေခဲ့ကြရ၏။

ဤအချိန်၌ တော်လှန်ရေးတာဝန်ကိုယ်စီနှင့် ခေါင်းဆောင်ကြီးငယ်များမှာဆိုလျှင် ဘာကိုမှ စိုးရိမ်ဘို့အချိန်မရှိပါ။ ဂျပန်ခိုင်းတာဆောင်ရွက်လုပ်ကိုင်လျှက် တော်လှန်ရေးလုပ်ငန်း တစ်ဖက်ပါဖြည့်ဆည်းနေရခြင်းကြောင့် စိုးရိမ်ဘို့အချိန်မရခဲ့ကြပါ။ နေ့မအား ညမအားလုပ်ကြသည်။ တိုက်ခိုက်ရသည်။ သတင်းပို့ရသည်။ ထောက်လှန်းရသည်။ ရိက္ခာ၊ လှေ၊ ကူလီ စုရသဖြင့် တာဝန်အသီးသီး အချိန်တိုင်း ဖိ၍ပင်ရှိခဲ့ကြသည်။ ဘယ်သူ့မျက်နှာကိုကြည့်ကြည့်၊ မကြည်မလင်မရှိဘဲ တက်တက်ကြွကြွချည်းတွေ့မြင်ရမည်ဖြစ်သည်။ ဘာကြောင့်လဲဟုမေးမြန်းလျှင် မိမိလုပ်ငန်းအောင်မြင်ရမည်ကို ယုံကြည်ချက် ရာခိုင်နှုန်းပြည့်ရှိ၍ မပင်ပန်း မနွမ်းနယ်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။ ဤသို့ယုံကြည်နိုင်သည်မှာလည်း လူမျိုးတစ်ခုလုံး၏ညီညွတ်ရေးသည် ဖက်ဆစ်တော်လှန်ရေး၌ စိတ်ထားချင်းတူညီကြပါသည်။ လုပ်ငန်းစဉ်ကလည်း တစ်ခုတည်းသာရှိပါသည်။ ဂျပန်ကြိုက်လုပ်ပြလျှက် မိမိတော်လှန်ရေးခရီးကို ဆက်လုပ်၍ အချိန်ရောက်ကတစ်ပြိုင်တည်း ပုန်ကန်တိုက်ခိုက်ရန်ဆိုတာကို လူတိုင်းစိတ်မှာ သံမှိုရိုက်ထားသကဲ့သို့ ဘဝကပေးထားသော ပညာ(ဝါ) သင်ခန်းစာဖြစ်၏။ ထိုအချိန်ကဲ့သို့ ညီညွတ်သောအချိန်ကို ရခိုင်တွေရခဲ့ကြပါ၏။ သို့သော် ရာနှုန်း ၉၅%သာညီညွတ်ခဲ့သည်။ ရာနှုန်းပြည့်မဟုတ်ပါ။ အင်္ဂလိပ်စက္ကူဖြူ ဆန့်ကျင်ရေးတိုက်ပွဲ၌ ရခိုင်အင်္ဂလိပ်အလိုတော်ရှိများ ပါဝင်ခဲ့ကြပါသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ အင်္ဂလိပ်အလိုတော်ရှိများကလည်း အပြည့်အဝပါဝင်ခဲ့ကြသဖြင့် ရာနှုန်းပြည့်ညီညွတ်ခဲ့ကြပါသည်။ ဤညီညွတ်မှုသည် သံသယမရှိခြင်း၊ စိုးရိမ်းကြောင့်ကြခြင်းများကို ဖယ်ရှားပစ်သလိုပင် ဖြစ်နေသည်။ ဘဝပေးအခြေအနေ(ဝါ) သမိုင်းကပေးသောအခြေအနေကြောင့် တော်လှန်ရေးတာဝန်ခံ၊ ခေါင်းဆောင်ကြီးငယ်များမှာ တက်ကြွနိုးကြားရွှင်လန်းလျှက် တာဝန်အသီးသီးကို ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်နေကြသဖြင့် ဂျပန်အလိုတော်ရှိ ဟန်ဆောင်လုပ်ငန်းတွင်လည်း မတွန့်ဆုပ်ဘဲ ရဲရဲဝန့်ဝန့်ပင်လှုပ်ရှားဆောင်ရွက်နိုင်သဖြင့် ဂျပန်စစ်ဘက်တာဝန်ခံများ၏ ယုံကြည်ချက်ကို ရရှိပါသည်။ ဂျပန်သည် အရှေ့အာရှသာတူညီမျှဝါဒသည် ဂျပန်တော်လှန်ရေးတာဝန်ခံများ သုံးစွဲနိုင်ခဲ့ကြပါသည်။ အင်္ဂလိပ်ကို တိုက်ခိုက်ရာတွင်

လည်း ဂျပန်စိတ်ဝင်သလို ငါတို့လည်း စိတ်ဓါတ်ကဲ့သို့ပင်ဖြစ်သည်။ မိမိနှင့်ရင်ဆိုင်တစ်ဘက်က စစ်မျက်နှာကိုနိုင်အောင် ငါအမြဲသတိပညာဖြင့် မှန်မှန်ကန်ကန်စိတ်ဝင်စားခြင်း၊ မိမိစွမ်းရည်ကို စမ်းသပ်ခြင်း(စစ်ပညာကို) လက်တွေ့ကျင့်သုံးကြခြင်းများ လုပ်ရ၍ ဝမ်းမြောက်စွာလုပ်ကိုင်ခဲ့ကြသည်။ ဟန်ဆောင်လုပ်ရသော်လည်း စိတ်ဝင်စားမှု၊ တက်ကြွမှုအပြည့်ဖြင့် တိုက်ခိုက်ကြသည်ပင်ဖြစ်သည်။

မင်္ဂလာကြီးတောင်တိုက်ပွဲ၊ မှန်တောင်တိုက်ပွဲ၊ သြရမတိုက်ပွဲများ၌ ဗိုလ်ကြီးကြာလှအောင်နှင့် ရခိုင်သီးခြားတပ်ဖွဲ့များသည် ရာဇဝင်တွင်သောတိုက်ပွဲများပင် ဖြစ်သည်။ အခြားစစ်မျက်နှာများ၌ ရခိုင်စစ်သားတပ်ဖွဲ့များသည် ဂျပန်ကဲ့သို့နိုင်နိုင်နင်းနင်း၊ တိုက်ပွဲတွင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်ကိုလည်း ဂျပန်စစ်အာဏာပိုင်တို့က ချီးကျူးခဲ့ရသည်ထိ ခရီးတွင်ကျယ်ခဲ့ရသည်ဖြစ်သည်။ ဤကမ္ဘာစစ် ရွှေ့တန်းစစ်မြေ၌ လုပ်ခဲ့တိုက်ခဲ့သော ရခိုင်တော်လှန်ရေးရဲဘော် လက်နက်ကိုင်များ၏ စွမ်းရည်သတ္တိကို ချင့်ချိန်မျှော်မှန်း သိရှိနိုင်လိမ့်မည် ယုံကြည်ပါသည်။ ရခိုင်တော်လှန်ရေးခေါင်းဆောင်ကြီးတို့သည် အချောင်သမားမဟုတ်၊ ရေသာခိုများ မဟုတ်နိုင်သည့်ဘက်မှဝင်ရောက်၍ အသာယူသူများမဟုတ်သည်ကို နောင်လာနောင်သားများ သင်ခန်းစာယူကြစေလို၏။ အချိန်အခါပေး၍မဟုတ်ပါ။ အချိန်ကိုဖန်တီးယူခြင်းသာ ဖြစ်သည်။ အချိန်အခါဖန်တီးသူများမှာ ဦးစိန္တာ၊ ဦးပညာသီဟပင်ဖြစ်သည်။

## ဂျပန်တပ်မတော် ကိုဟီမာအင်ဖာရောက် ရွှေ့မတိုးနိုင်ခြင်း

ဤကဲ့သို့ ဗြိတိသျှမဟာမိတ်တပ်မတော်နှင့် မီပွန်(ခေါ်) ဖက်ဆစ်ဝါဒီ ဂျပန်တပ်မတော်တို့သည် ရခိုင်ပြည်၌ သုံးနှစ်သုံးမိုး၊ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့် ဘတပြန်၊ ကျားတပြန် တိုက်ခိုက်လျှက် စစ်မြေပြင်ဒေသ ရခိုင်တို့မိအေးသုံးခါနာ ဖြစ်ရသော်လည်း တော်လှန်ရေးတာဝန်ကြီးများကို နေ့စဉ်နှင့်အမျှဆောင်ရွက်လျှက်ဖြစ်သည်။ ရှေ့တန်းသို့ ရိက္ခာနှင့် လူပို့သည်ဟုအကြောင်းပြ၍ လေထီးနှင့်ချပေးသော လက်နက်၊ ငွေ၊ လူများကို ဘေးလွတ်ရန်လွတ်၊ ဂျပန်ထောက်လှန်းရေးအန္တရာယ်ကင်းမည့် နေရာ၌သိုဝှက်ထားရခြင်း၊ ရှေ့တန်းတိုက်ပွဲမှရသော လက်နက်များကို ဆရာတော် ဦးစိန္တာနယ်မြေသို့ လျှို့ဝှက်ပို့ဆောင်ကြရသည်မှာလည်း ထိပ်တန်းခက်ခဲသောလုပ်ငန်းစဉ်များ နယ်ခေါင်းဆောင်များသို့ခေါ်ယူလျှက်၊ တာဝန်ပေးရခြင်း၊ ဤလျှို့ဝှက်တာဝန်များကို မိမိတို့၏အဖွဲ့ခေါင်းဆောင်အုပ်ချုပ်နေသည့် အုပ်ချုပ်ရေးတာဝန်ခံများအချို့ကိုပင် ယုံယုံကြည်ကြည်အသိမပေးနိုင်ဘဲ ခက်ခက်ခဲခဲလုပ်ခဲ့ရ၏။ (အမှန်)အတိုင်းသာ တင်ပြရလျှင် အင်္ဂလိပ်နှင့်ပြန်၍ဆက်ဆံသည်ကို မကြိုက်တဲ့ပုဂ္ဂိုလ်များ ဂျပန်ကိုတစ်ဘက်သတ်အားကိုးသူများသည် ရခိုင်ခေါင်းဆောင်ပိုင်းမှာရှိခဲ့ပေသည်။ ဖက်ဆစ်တော်လှန်ရေးတွင် လူထုသာညီညွတ်မှုရှိသည်။ အခွင့်ထူးလုနေကြသော (ဝါ) ရနေကြသော ခေါင်းဆောင်တွေ မညီညွတ်ကြပါဘူး။ ဆရာတော်ဦးစိန္တာနှင့် ဦးပညာသီဟတို့က အားလုံးဖုံးလွှမ်းလျှက် သယ်ဆောင်သွားနိုင်ကြသည်ဖြစ်၍ အားလုံးသောခေါင်းဆောင်များ၊ သံသယမရှိဘဲ လိုက်နာခဲ့ကြသဖြင့် အချို့ပေါက်ကွဲမည့်အန္တရာယ်များပင် လွတ်ခဲ့ပါသည်။ ဖက်ဆစ်တော်လှန်ရေးဆန့်ကျင်တဲ့ လူပုဂ္ဂိုလ်များကို လူငယ်ခေါင်းဆောင်တွေက ကွပ်မျက်ရှင်းလင်းဘို့ တရေးရေးရှိသည်ကိုပင် ဆရာတော်များလက်ဝါးကာလျှင် ချေမ်းသွားကြတာဖြစ်သည်။ အတွင်းရေးသိရသော ကျွန်တော်မှာ အလွန်ကြည်ညိုခဲ့သော ခေါင်းဆောင်တွေကို ရာထူးလုကြတာကို တွေ့ရသဖြင့်(ဝမ်းနည်းခဲ့ရ၏။) ကြည်ညိုခြင်း၊ လျှော့သွားခဲ့ပါသည်။ နောက်ပိုင်းမှာ လက်တွဲသွားကြရတာဘဲ၊ ဤဒုတိယအကြိမ် နောက်ဆုတ်ရာတွင် စစ်ရေးစစ်ရာရှုံးနိမ့်၍မဟုတ်ပါ။ စစ်ပရိယာယ်တစ်ခု ဖန်တီးခြင်းပင်ဖြစ်သည်။ ဂျပန်တပ်မတော်၌ စက်ကရိယာပစ္စည်းလည်း မပြည့်စုံ၊ လူအင်အားရှာဖို့ကလည်း လိုသလောက်မရနိုင်ခြင်း၊ မြန်မာလူထုကိုလည်း လေယာဉ်ကွင်းတည်ဆောက်မှု၊ ရထားလမ်းဖောက်မှု၊ ယိုးဒယားမြန်မာလမ်း၊ တောင်ကုတ်လမ်း၊ ရခိုင်ပြည်မှ မြန်မာနိုင်ငံသွားလမ်း၊ အမ်းတောင်ကြားလမ်းများကြောင့် လူမရနိုင်၊ ထို့ကြောင့် အင်္ဂလိပ်ကို စတင်တိုက်ခိုက်၍မနိုင်သဖြင့် နောက်ဆုတ်လိုက်ရပါသည်။ ပရိယာယ်ကိုသုံး၍ ချက်ချင်းပြန်မတိုက်ဘဲ၊ ရခိုင်ပြည်တစ်ဝက်ကျော်ကျော် ကုလားတန်မြစ် အရှေ့ဘက်ခြမ်းထိအောင် ဆုပ်လာပြီး အရှေ့ဘက်မှခုခံနေ၍ ဤအကြိမ်မှ ၄လ၊ ၅လ၊ ၆လထိကြာအောင် ရှေ့တိုး၍မတိုက်နိုင်ခဲ့သလို ကုလားတန်မြစ် အရှေ့ဘက်ခြမ်းကိုလည်း အင်္ဂလိပ်လက်ထဲသို့မရောက်နိုင်အောင် ထိန်းထားနိုင်ခဲ့၏။ အင်္ဂလိပ်တို့သည် အိန္ဒိယမှ မော်တော်ကားများနှင့် ကြည်းတပ်များ ချောချောချူချူလာနိုင်အောင်၊ တံတားလမ်းများကို ပြုပြင်လိုက်ကြသည်။ ဂျပန်ထောက်လှန်းရေးနှင့် လက်ပါးစေ ရခိုင်ထောက်လှန်းရေးတို့က လမ်းနှင့်တံတား၊ နတ်မြစ်၊ မေယုမြစ်၊ အခြားမြစ်ငယ်များကို ဖြတ်လျှက် ဖောက်လုပ်ပြီးစီးပြီဟု သတင်းကို ဂျပန်စစ်အာဏာပိုင်များ ရရှိပြီးနောက်တွင် ၆လမျှကြာပြီး ဤအချိန်မှာ ဂျပန်နောက်ဆုတ်၊ မြို့တောင်ကုတ်၊ တောင်ကုတ်မှလာအိန္ဒိယဆိုတဲ့ ကြွေးကြော်သံဖြင့် စတင်တိုက်ခိုက်လေသည်။ တိုက်ခိုက်ရာတွင် အထွေထွေသော နည်းဗျူဟာများ သုံးစွဲပါသည်။ သတိထားမိ၊ မှတ်မိသော တိုက်ပွဲပုံသဏ္ဍာန်တစ်ခုကို ဖော်ပြပါမည်။ ဂျပန်တပ်ရင်းအချို့သည် အင်္ဂလိပ်ဗြိတိသျှတပ်မကြီး ၂ခုကြားနယ်မြေကို တပ်ရင်းတစ်ဝက်ဖြင့် နှစ်စုခွဲ၍ ဝင်သွားကြပါသည်။

ထိုဂျပန်နှစ်စုသောတပ်များသည် လက်ဝဲဘက်စစ်ကြောင်းသည် မိမိဘက်ရှိတပ်မကို ရှည်လျားစွာနေရာယူလျှက်ရှိသည်။ နောက်လက်ဝဲဘက်စစ်ကြောင်းသည်လည်း လက်ဝဲဘက်ရှိ ဗြိတိသျှတပ်မကိုဦးတည်လျှက် ရှည်လျားစွာနေရာယူကြပါသည်။ တစ်ချိန်တည်း နှစ်ဘက်စစ်ကြောင်းများကို စစ်ပြု၍စတင်တိုက်ခိုက်ကြလေသည်။ အင်္ဂလိပ်တို့ဘက်မှလည်း အကြီးအကျယ်ထိုးစစ်ဆင်လာပါသည်။ ဤတွင် ဂျပန်တိုက်ခိုက်သည်မှာ လူအင်အား လက်နက်အင်အားကို ဗြိတိသျှက ခန့်မှန်း၍ရပါသည်။ တိုတောင်းသောအချိန်၌ ဤဘက်သို့ တပ်မကြီးများ မကူးရောက်နိုင်သည်ဟု ယူဆသဖြင့် ခြေမှုန်းရေးအသွင်ဖြင့် လက်နက်မျိုးစုံသုံးလျှက် တိုး၍တိုက်ခိုက်လာပါသည်။ ဤသို့ နှစ်ဘက်တိုက်၍ တစ်နာရီတွင် ညမှောင်မိုက်ဘက်သို့ ကူး၍မှောင်ရီသန်းပါပြီ။ သို့သော်လည်း မမြင်မစမ်းထိ မမိုက်သေးပါဘူး။ တိုက်ရင်းတိုက်ရင်း သေနတ်သံမှာ များ၍များ၍ ပြင်းထန်လျှက် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် ဖြစ်ကြရသည်။ မကြာပါလက်တကမ်းတိုက်ပွဲသို့ပင် ဆိုက်ရောက်လာ၍ လုံ့စွပ်တိုက်ပွဲလုပ်ရမည့်အခြေသို့ ရောက်လာခဲ့ပါသည်။ အကျအဆုံးများပါသည်။ ဤကဲ့သို့တိုက်ခိုက်၍ လုံ့စွပ်တိုက်ပွဲသို့ရောက်ချိန်ကျမှ အင်္ဂလိပ်ဗြိတိသျှတို့မှာ မိမိတပ်အချင်းချင်းတိုက်နေကြကြောင်း သိကြပေပြီးတိုက်ပွဲ၌ မိမိတို့အချင်းချင်းတိုက်ခိုက်နေသည်ကို သိ၍ရပ်စဲလိုက်ကြရာ အလွန့်အလွန်ကျဆုံးကြရပေပြီ။ ထိုအခါ ရောက်သည်အချိန်နှင့်ကိုက်၍ သုံးဘက်မှနေ၍ ဂျပန်တပ်မတော်ကြီးမှ လက်နက်ငယ်နှင့် မရပ်မနား တိုက်ခိုက်လာသည်။ လူအင်အားလည်း တပ်မတော်၃ခုခန့်ဖြစ်ပါသည်။ မိုင်းဗုံးများဖောက်ခြင်း၊ သုံးဘက်ညှပ်လျှက် ပင်ပန်းမှုဒါဏ်ကြောင့် ကျဆုံးကြသည်ကလည်းများနှင့် ထိမ်းမရသိမ်းမရဘဲ လက်နက်ချသူ၊ ဘမ်းဆီးရသူများဖြင့် နောက်ဆုတ်ထွက်ပြေးကြရသည်။ ရိက္ခာ၊ အဝတ်အစား၊ ခဲယမ်းမီးကျောက်၊ လက်နက်များ ကျန်ရှိခဲ့ကြ၏။

ဂျပန်များမှာ အဝတ်အစား ရိက္ခာပေါင်းပြည့်သွားခဲ့ပေပြီ။ လမ်းလည်း လုပ်ပြီးသားရရှိသည်။ လက်နက်များတစ်ခုတစ်လေမှ မယူကြပါ။ ရခိုင်တွေကသာ သိမ်းဆည်းသိုဝှက်လိုက်ကြသည်။ ဂျပန်တပ်မတော် ကြွေးကြော်သံမှာ ရန်သူလက်နက်၊ ဒို့လက်နက်၊ ရန်သူရိက္ခာ၊ ဒို့ရိက္ခာ၊ ရန်သူလမ်းပန်း၊ ဒို့လမ်းပန်းဟူ၍ မဆွကပင်ပြောခဲ့ကြသည်။ ပြောသည့်အတိုင်းပင်လုပ်နိုင်သဖြင့် စစ်ရေးတွင် ယနေ့တိုင် ကျွန်တော်တို့ တော်လှန်ရေးရဲဘော်တွေ ခေါင်းဆောင်ကြီးငယ်တွေ ယုံကြည်လေးစားကြရပါ၏။ ဂျပန်စည်းကမ်းတစ်ခုကဖြင့် အလွန်ပင် စွန့်စွန့်စားစား၊ မားမားမတ်မတ်၊ ချီတက်အမိန့်ပေးပါသည်။ တခါတရံ ဗိုလ်ကြီး၊ ဗိုလ်မှူးများမှာ ကာဘာပင်မယူဘဲ၊ ရှောင်ရင်းတိမ်းရင်း၊ ဒါးဆွဲချီတက်ရင်း၊ အမိန့်ပေးပါသည်။ ကျည်ဆံအရိပ်အကဲကိုလည်း အသံကြားရုံဖြင့် ခန့်မှန်း၍ရကြသည်။ ဘာမထိ ဇာမရီသွေးနှယ် ကျွမ်းကျင်မှုမှာ စံတင်လောက်တဲ့လူမျိုးတွေဖြစ်ကြကြောင်း မှတ်ကျောက်တင်ရပါသည်။ ရခိုင်တွေဟာ ဤကဲ့သို့ တိုက်ပွဲကြီးငယ်များမှာ လက်တွေ့စစ်ပညာရခြင်းသည် တော်လှန်ရေးနှင့် တပ်မတော်ဖွဲ့ရာတွင်၊ ရခိုင်ရဲဘော်တွေဟာ ရက်ကိုလော) မဖြစ်ဆိုပြီး ကရင်၊ ကချင်တွေလိုနေရာမရခဲ့ခြင်းသည် ရခိုင်ခေါင်းဆောင်လုပ်သူများသည် ဗိုလ်ချုပ်အောင်ဆန်း စစ်ခေါင်းဆောင်များ ရှင်းမပြတတ်၍ဟုသာလျှင် မှတ်ချက်ချလိုပါသည်။ (မရေတွက်နိုင်သည် လူထုတိုက်ပွဲဝင်များ လူငယ်များသည် တပ်မတော်ထဲ မရောက်သဖြင့် သူပုန်လက်နက်ကိုင်ဖြစ်ဘို့အတွက် အခြေခံများအနက် တစ်ခုဖြစ်ပါသည်။ **မှတ်ချက်** (ရခိုင်သူပုန်များမှာ)တပ်မတော်နှင့် ဘတပြန် ကျားတပြန်တိုက်ခိုက်တာ မတွေ့ရပါဘူး။ စစ်ဆင်လာလျှင် လက်နက်ကို သိုဝှက်ထား၍ အရပ်သားအသွင်ရောက်ရှိကြသဖြင့် ဗိုလ်ကျော်ဇော စစ်ဆင်ရေးမှာ တိုက်ပွဲမရှိပဲ၊ အစာတော်ရေတော်ဖြစ်ကြရပါသည်။ လမ်းပြလုပ်သူများမှာ ဦးစိန္ဒာလမ်းစဉ်အရ သူပုန်တာဝန်ခံ သို့မဟုတ် ရဲဘော်တွေပင်ဖြစ်သည်။ အခန့်သင့်၍ဖော်ပြလိုက်ရပါသည်။

## ဦးစိန္ဒာနှင့် နောက်လိုက်ခေါင်းဆောင်များကို ဘမ်းဆီးခြင်း

ဆရာတော်ဦးစိန္ဒာအား ကျောက်ဖြူခရိုင် ဂျပန်ကင်ပေတိုင်မှ နောက်လိုက်လူကြီးလူငယ် ခေါင်းဆောင်အချို့ကိုဘမ်းဆီးလျှက် နှိပ်စက်၍ အမျိုးမျိုးအဖုံဖုံ စစ်ဆေးခြင်း၊ ဤကဲ့သို့ ခေါင်းဆောင်အကြီးဆုံးကို ဘမ်းဆီးခံရသဖြင့် ရခိုင်ပြည်စစ်တွေခရိုင်မှ ဒို့ဗမာဆင်းရဲသားအဖွဲ့။ ယခင်က အမျိုးသားကွန်ဂရက်။ ခေါင်းဆောင်များသည် မြို့နယ်အားလုံးမှ အစည်းအဝေးပြုလုပ် ဆုံးဖြတ်ပြန်လွှတ်ရန် တောင်းဆိုကြပါသည်။ တပြည်လုံး အုံကြွတောင်းဆိုခဲ့ကြပါသည်။ (နောက်ဆုံးအချိန်မှာ) အဓိပတိ ဒေါက်တာဘမော်၏ (အကြံပေးလူကြီး) ဝတ်လုံတော်ရ ဦးသာဇံလှက ဘမော်အစိုးရသို့ စာဖြင့်ကန့်ကွက်စာပို့ရသည်။ ထိုနောက်ပိုင်းမှသာ ဦးစိန္ဒာကို ဂျပန်ကလွှတ်ပေးလိုက်ပါသည်။ ရခိုင်တော်လှန်ရေး (ဝါ) ဂျပန်ဖက်ဆစ်တော်လှန်ရေးမှ စစ်မြေပြင်လုံးဝဖြစ်နေသော မြေပုံမြို့နယ်ရှိကျေးရွာများသည် ဆရာတော်ဦးစိန္ဒာ၏ တော်လှန်ရေးဌာနချုပ်တစ်ခုဖြစ်သည်။

ထို့နောက်မြောက်ဦးမြို့နယ် ပျားတဲစခန်းသည် ဦးပညာသီဟ၊ ဆရာတော်၏တော်လှန်ရေးဌာနချုပ် ဖြစ်ပါသည်။ ဤနေရာနှစ်ခုသည် တကယ့်အမာခံဌာနချုပ်များဖြစ်သည်။ ရခိုင်တောင်ပိုင်း ကဿက ဦးဘိုးမြ၏အုပ်စု ဂျပန်အလိုတော်ရှိ ဂိုဏ်းငယ်တစ်ခု ရှိခဲ့သည်။ မတွင်ကျယ်ပါဘူး။ အုပ်ချုပ်ရေးနှင့် ပေါ်ပင်နိုင်ငံရေးလောက်မှာပါဝင်ကြပြီး၊ ဖက်ဆစ်

တော်လှန်ရေးကိုလုံးဝ အနံ့မရခဲ့ကြဖြစ်သည်။ (အဓိပတိ ဒေါက်တာဘမော်)ဂိုဏ်းကို သစ္စာဖောက်ဂိုဏ်းဟု သတ်မှတ်ခဲ့ကြ၏။ ကသာကဦးဘိုးမြမှာလည်း အဓိပတိ ဘမော်၏ညာလက်ရုံးတစ်ဆူ၊ တပါတည်းဖြစ်၍ ဂျပန်ခေတ်မှာ သြဇာကြီးမားပါသည်။

ဦးစိန္တာအဖမ်းခံရစဉ်က ၎င်းတို့၏ကန့်ကွက်လှုပ်ရှားမှု မရှိခဲ့ကြသဖြင့်၊ အရေးပိုင်နှင့် ခရိုင်ရဲဝန် ဦးဘိုးမြတို့မှာ လူရင်းတွေဖြစ်ကြ၍ ရခိုင်တော်လှန်ရေး ခေါင်းဆောင်ငယ်များက ဦးစိန္တာနှင့်တပည့်များကို ဂျပန်ဖမ်းဆီးသည်တွင် ၎င်းတို့ ပယောဂပါနိုင်သည်ဟုပင် ထင်မြင်ယူဆကြပါသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ (ဂျပန်)တော်လှန်ရေး စစ်တွေ၊ ကျောက်ဖြူ ပလက်ဝ၊ သံတွဲ၊ လေးခရိုင်ရှိနိုင်ငံရေးပုဂ္ဂိုလ်အချို့ပင် လုံးဝမသိခဲ့အောင် လျှို့ဝှက်လုပ်ခဲ့ရသည်။ တစ်ဦး ဆက်သွယ်မှု တစ်ဦးမသိခဲ့ပါဘူး။ ထိုအချိန်က မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေး စည်းရုံးရေးတာဝန်ခံများမှာလည်း လူငယ်အချို့ကို ဆက်သွယ်တာဝန်ပေးခဲ့သူတွေ ရှိခဲ့ပါသည်။ အခုဝယ်ကလေးမှသာဖြစ်သည်။

စာရေးသူ ဦးစိန္တာတပည့်ရင်း ဦးပညာသီဟတပည့်ရင်းဖြစ်သော်လည်း ၎င်းပုဂ္ဂိုလ်များက တာဝန်ပေးသူမဟုတ်ပါ။ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ချုပ်တို့မှ ဗမာ့လွတ်လပ်ရေးတပ်မတော် လက်ကျန်တပ်ထွက်ပြန်၊ အာရှလူငယ်တစ်စုအတွက် လျှို့ဝှက်တာဝန်ပေးခံရ၏။ ဘယ်လိုဘဲ အဆက်အသွယ်ရှိရှိ ဘယ်လောက်ဘဲ မဟာမိတ်နှင့် ဆက်သွယ်ခဲ့ခဲ့ တပြည်လုံးအတွက် တာဝန်ယူထားသူမှာ ဦးစိန္တာနှင့် ဦးပညာသီဟသာဖြစ်သည်။ ထိုအချိန်မှာ ဦးစိန္တာနှင့် ဦးပညာသီဟတို့အား လွှန်၍လုပ်မရနိုင်ပေ။ အကယ်၍ ဂျပန်နှင့်လည်း နောက်လိုက် ၁၀ဦးထက်မရနိုင် ရခိုင်သူပင် တော်လှန်ရေးဆန့်ကျင်သူ မဟုတ်နိုင်၍ ဤမျှသြဇာကြီးခဲ့ကြပါသည်။

မဟာမိတ်အင်္ဂလိပ် အမေရိကန်များနှင့် ဆက်သွယ်သောတိုက်ရိုက်ဂိုဏ်းများ ရှိခဲ့ပါသည်။ မိမိတို့၏လူမျိုးတွေက ပါနေ၍ မသေမပျောက်အောင် တိုက်ရိုက်သွယ်ဝိုက်တော်လှန်ရေးခေါင်းဆောင်များက စောင့်ရှောက်ခဲ့ကြရသည်။ အဘယ်ကြောင့်နည်းဟု စောဒကတက်လျှင်)တော်လှန်ရေးတာဝန်ယူထားသူ ခေါင်းဆောင်ငယ်များမှာ ဂျပန်ထောက်လှန်းရေးလည်းဖြစ်။ မဟာမိတ်တော်လှန်ရေးလည်းဖြစ် ဂျပန်နှင့်တကွ အင်္ဂလိပ်ကိုပါ လွတ်လပ်ရေးအတွက် ယာယီမဟာမိတ်ပြုထားသော ရန်သူတွေလည်း ဖြစ်နေသောကြောင့် သုံးဘက်သွားရှိသောဒါးတစ်မျိုးနှင့် တူ၍နေပါသည်။ (ဤကိစ္စတွင် မဟာမိတ်ကို ယုံယုံကြည်ကြည်ပေါင်းမည့်) အုပ်စုနှင့်။ လွတ်လပ်ရေးတိုက်ပွဲအတွက် ထာဝရ(ရန်သူ) ယာယီမဟာမိတ်ဟု ယူဆခဲ့သော အင်အားကများသဖြင့် ရခိုင်မှသူပုန် ပထမဆုံးထနိုင်ခဲ့သည်။ ဦးစိန္တာနှင့် ဦးပညာသီဟ ရာသက်ပန်ကွဲခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစိန္တာ(ကွဲခဲ့ကြသည်မှာလည်း) အင်္ဂလိပ်ကို ယာယီမဟာမိတ် (ထာဝရရန်သူဟု) ဂျပန်ကဲ့သို့ သဘောထားခဲ့ကြပါသည်။ ယုံယုံကြည်ကြည်မရှိကြသူတွေက အများစုဖြစ်သည်။ အင်္ဂလိပ်နှင့် လုံးမပေါက်ဘဲ ရာသက်ပန်ထာဝရ ဂျပန်ဘက်ကိုဘဲ စိတ်ဝင်စားသူတွေပင် နိုင်ငံရေးသမားထဲ၌ ရှိပါသည်။ ဤမျှခက်ခဲ၍ ရှုတ်ထွေးနေသူများ အရှိန်အခါကို ပရိယာယ်မျိုးစုံဖြင့် တိမ်းရှောင်လျက် တော်လှန်ရေးစည်းရုံးမှု (နှင့်တကွ မဟာမိတ်သူလျှို) များကိုပင် ပိပိရိရိ ဖျောက်ဖျက်ဝှက်ထားနိုင်ခဲ့ကြပါသည်။ (အဓိကမှာ ပြည်သူတွေ)သစ္စာရှိသူဟု ကျွန်တော်မှတ်ချက်ချလိုပါသည်။ တယောက်တစ်ပေါက်လျှင် အားလုံးပျက်နိုင်သည်က အဓိကဖြစ်ပါသည်။ နာယကဆရာတော်ကြီး ဦးစိန္တာနှင့် ရဲဘော် ကျော်မြ ယခု ကွန်မြူနစ်ပါတီ ခေါင်းဆောင်တို့သည် ရန်ကုန်သို့ ရခိုင်ပြည်ကိုယ်စားအဖြစ် ရခိုင်မှခြေလျှင်သွားခဲ့ကြပါသည်။ သူတို့သွားခဲ့သောအချိန်သည် ဖက်ဆစ်ဂျပန်ကိုတော်လှန်ရေးလုပ်ဘို့ အချိန်နှင့်တစ်နှစ်အလို ဂျပန်ခေတ်သုံးနှစ်မှာ အလယ်ပိုင်းအချိန်အခါဟု ခန့်မှန်းရပါသည်။ အထွေထွေလျှို့ဝှက်ကိစ္စများ ပါလိမ့်မည်။(ကျွန်တော်ဘာတစ်ခုမှ မသိခဲ့ပါ) ထိုအချိန်က အများသိတာက အဓိပတိနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ထံမှ ဘယ်သူကို ဘယ်နေရာ၌ခန့်ဘို့ အရေးဆိုရန်၊ စီးပွားရေး၊ ကျန်းမာရေး၊ ပြည်ထဲရေး၊ စည်းရုံးရေးများကို ဆွေးနွေးတင်ပြရန်ဟုသာ အားလုံးကသိကြသည်။ ယူဆကြသည်။ အမှန်မှာ သူတို့ပြန်လာလျှင် နိုင်ငံရေးသမားကြီးများ ရာထူးကြီးများ ရရှိခဲ့ကြပါသည်။ ဦးစိန္တာဆရာတော်ပြန်ရောက်လာခဲ့စဉ်က အရေးကြီးဆုံးတာဝန်တစ်ခုကို လက်တွေ့လုပ်၍ တာဝန်ယူလာခဲ့ပါသည်။ ဥက္ကဋ္ဌကြီး ဦးသာဇံလှ သေဆုံး၍ ရန်ကုန်၌သောင်တင်ကျန်ရှိသော ဇနီးဒေါ်စောမြနှင့်တကွ ရဲဘော်ညိုထွန်း၏ ဇနီးနှင့်သားသမီးငယ်များကို ခေါ်ယူလာခဲ့ပါသည်။ လမ်းတွင် အဓိပတိအကြံပေးလူကြီး၊ ဦးသာဇံလှ၏ ဇနီး သားသမီးမြေးများဟု ဆိုရုံနှင့် ပိပိရိရိလုံလောက်ခဲ့ပါသည်။ နယ်စပ်မဟုတ်၍ ပို၍ဟန်ကျပန်ကျဖြစ်ခဲ့သည်။ သို့သော်လည်း အလွန်အရေးကြီးသူများဖြစ်သဖြင့်။ အမ်းမြို့သို့ရောက်လျှင် စိတ်ချယုံကြည်လောက်သည့် လူယုံများဖြင့် ခရီးသည်များထံသို့ လွှဲပြောင်း၍မြောက်ဦးမြို့နယ်ရှိ ဦးပညာသီဟနယ်မြေသို့ ပို့လိုက်နိုင်သည်။

ထိုအချိန်က ကိုကျော်မြကို ပလက်ဝ၊ အရေးပိုင်တာဝန်ကို ယူလာခဲ့သည်။ ဤကိစ္စလုပ်လာခြင်းများမှာ နယ်စပ်၌ မဟာမိတ်တို့နှင့် ဆက်သွယ်ရေးလွယ်ကူဘို့ဖြစ်သည်။ (ဒုတိယအရေးပိုင်မှာ) နဂ ဦးမောင်နီပင် ဖြစ်သည်။ (အချိန်က ပလက်ဝအရေးပိုင်ဟု ကြော်ကြားသည်မှာ ဦးမောင်နီသာထင်ရှားနေပါသည်။ (ထိုနဂ ဦးမောင်နီနှင့် ဆရာတော် ဦးပညာဝံသ တို့မှာ (လေထီးသင်တန်းသားများကို) အလီလီနယ်စပ်မှ ဖြတ်ကျော်ပို့သူများဖြစ်ပါသည်။ (ဦးပညာဝံသမှာ)

ယခု ညေင်ပင်လှ ဘုန်းတော်ကြီးပင်ဖြစ်ပါသည်။

## ဦးပညာသီဟ နှင့် ဦးနာရဒ၊ နာယကဆရာတော်တို့ ရန်ကုန်သို့သွားကြခြင်း

ဂျပန်ဒုတိယနှစ်မှာ ဆရာတော်ဦးစိန္တာအဖွဲ့ ရန်ကုန်သို့ သွားခဲ့ပြီးနောက် ရခိုင်ပြည်ရှိ ကျွန်းမာရေးဆရာဝန်အားလုံးကို စစ်မှုထမ်းဘို့ စစ်တပ်မှာ အရေးကြီးတယ်အကြောင်းပြပြီး ဗိုလ်ဒွေးဆိုသူက ရန်ကုန်သို့ ခေါ်ယူသွားသဖြင့် ဆရာတော်ဦးပညာသီဟနှင့် ဦးနာရဒ နာယကနှစ်ဦး ဦးစီးသော ရခိုင်ကိုယ်စားလှယ်အဖွဲ့က နောက်ထပ်ရန်ကုန်ကို သွားခဲ့ကြပါသည်။ ဤအကြောင်းပြချက်ကို အကြောင်းပြု၍ လျှို့ဝှက်လုပ်ငန်း တော်လှန်ရေးတာဝန်များကိုလည်း ပါရှိမှပါဘဲ၊ ဒါပေမဲ့ ဆရာတော်ဦးစိန္တာနှင့်ပင် အရေးကြီးဆုံးကိစ္စများ ပြီးစီးခဲ့ပြီးဖြစ်၍ တော်လှန်ရေးတာဝန်များအတွက် အခက်ခဲတော့မရှိပေ။

ဆရာတော်ဦးပညာသီဟတို့အဖွဲ့ ရန်ကုန်သို့ သွားခဲ့စဉ်က (အဖြစ်အပျက်နှစ်ခု)သည်(နောင်လာနောင်သား) ရခိုင်လူငယ်များမှတ်သားရန် ရေးသားတင်ပြမှ ဆရာတော်ဦးပညာသီဟဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိနိုင်ပါမည်။ ပထမအဖြစ်အပျက်က ရန်ကုန်သို့ရောက်လျှင် နေရာတစ်နေရာ၌ ခေတ္တခဏရပ်နားကြသည်။ ထိုအချိန်မှာ ဆရာတော်ကြီး ဦးနာရဒက ကြံရည်သောက်လို၍ ပုလင်းဖြင့် ကြံရည်ဝယ်ကပ်ကြသည်။ ဤတွင် လူမိုက်တစ်ယောက်က (အမေလိုး ဘုန်းကြီးတွေ) ထန်းရည်သောက်နေကြတယ်ဆိုပြီး မရိုမသေပြောဆိုသွားသည်။ ဤတွင်ပင် ချက်ချင်းဆရာတော် ဦးပညာသီဟ လိုက်ပါသွားပြီး လက်သီးဖြင့်ဆုံးမလိုက်ရာ ရေမြောင်းထဲသို့ မရှုမလှကျသွားခဲ့၏။ လက်သီးဖြင့် သုံးခါဆက်ထိုးပစ်ခဲ့သည်။ (ထိုသို့ဖြစ်ချိန်၊ တကာမကြီးတစ်ဦးက အရှင်ဘုရားတို့ ဤနေရာမှ ရှောင်တိမ်းကြပါ။ ထိုသူသည် လူမိုက်ကြီးဖြစ်၍ ဒါးနှင့်လှံနှင့်မကြာခင် လာပါမည်။ တပည့်တွေလည်း အများရှိပါသည်။ ဆရာတော်ထံလာပြောသည်။ စိုးလည်းစိုးရိမ်ရှာပါသည်။ ဦးပညာသီဟက ကိစ္စမရှိပါဘူး တကာမကြီး၊ ဧဒသာနေပါ ဦးပဥ္စင်းဆုံးမလိုက်မည်ဟု ပြော၍ခဏအကြာတွင် ဒါးကြီးဆွဲလျက် ၎င်းလူမိုက်လာခဲ့ပါသည်။ လူပါးဝတဲ့ဘုန်းကြီးတွေ သေပေတော့၊ ယုတ်ပါတ်စွာဆဲဆိုလျက် လိုက်လာပေသည်။ ဆရာတော်နှင့် ဝါးတပြန်အနီးသို့ထိ ရောက်လာမှ သေနတ် ၄၅ဘို့ ခြောက်လုံးပြူးကို ခါးမှထုတ်လိုက်ပြီး ဆရာတော် ရှေ့တိုး၍သေနတ်ဖြင့် တေ့ထားသည်။ ဒူးထောက်ခိုင်းသည်။ လူမိုက်လက်နက်ချလျက် ဒူးထောက်လျက် ကြောက်ပါပြီဘုရားဟုရှိခိုးသည်။ ဒါးနှင့်မလွတ်ဟုသစ္စာပြုခိုင်းသည်။ ဝါဝါမြင်က ဂျီကိုပင် ရှိခိုးပါ့မယ်။ ဆရာတော်များကို ဘယ်တော့မှ မစော်ကားပါဘူး သစ္စာဖောက်လျှင် ဘေးဆိုးအန္တရာယ်ဆိုး ကျရောက်လျက် သေပါစေသတည်းဟု လိုက်၍အဆိုခိုင်းပြီး ပြန်လွှတ်လိုက်သည်။ ဤကဲ့သို့ဖြစ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဘို့သွားတိုင်း ဂျပန်ကမတွေ့နိုင် တားမြစ်ထားပြန်သည်။ တစ်ကြိမ်တွင် ဆရာတော် သေနတ်အလွန်လျင်မြန်သောနှုန်းဖြင့် ထုတ်၍ဂျပန်နားထင်ကပ်၍ ပစ်ထည့်လိုက်သည်။ ယမ်းနံ့သည် နထင်ခိုက်သွားခဲ့၏။ ဤသို့ဖြစ်တာနဲ့ အင်္ဂလိပ်စကားဖြင့် ကမ္ဘာမှာအရဲရင့်ဆုံး ဦးပညာသီဟဆိုတာ ငါဘဲကွ။ မင်းတို့ဗိုလ်ချုပ်အကြီးဆုံးမေးကြည့် (ငါဘယ်လိုလူလဲ) မင်း နထင်ပစ်သွားမှာ။ နားထင်ကို သေနတ်နှင့်တေ့၍ ဗိုလ်ချုပ်ထံဝင်သွားခဲ့သည်များ ဖြစ်ခဲ့ရသည်။(ထိုအချိန်က မြန်မာနိုင်ငံ၏ ခေါင်းဆောင်များသည် (ဦးစိန္တာ၊ ဦးပညာသီဟ)တို့အကြောင်းကို လုံးစေ့ပတ်စေ့သိကြသည်။ လေးစားမှုလည်း အလွန်ပင်ရှိသည်။ ထိုပုဂ္ဂိုလ်သာမဟုတ်ပါ အားလုံးခေါင်းဆောင်တွေတိုင်းပင်ရှိသည်။ လှိုက်လှိုက်လှဲလှဲယုံကြည်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ရခိုင်ခေါင်းဆောင်များကလည်း ဗမာခေါင်းဆောင်တွေအားလုံးကိုပင် ဖက်လဲတကင်း ညီရင်းအစ်ကို ယုံကြည်ခဲ့ကြသည်။ လေးစားမှုလည်းရှိသည်။ (အသက်နှင့်လဲ၍ယုံကြည်ကြ၏။ (ဥပမာတစ်ခု) သခင်စိုးနှင့် ဦးသိန်းဖေမြင့်တို့အဖွဲ့။ အစဦး ဂျပန်တက်ခါစအချိန်တွင်ပင် ဂျပန်တော်လှန်ဘို့အတွက် အစီအစဉ်များ မဟာမိတ်ထံ ဆက်သွယ်ရန်ကိစ္စများကို (ရခိုင်ခေါင်းဆောင်များနှင့်) ယုံယုံကြည်ကြည် စည်းဝေးဆွေးနွေးနိုင်ခဲ့ကြ၏။ (လျှို့ဝှက်လုပ်ငန်း)တာဝန်ပေါင်းစုံကို ရခိုင်ခေါင်းဆောင်တွေက ချောချောချူချူလက်ခံလိုက်ကြသည်။ ယနေ့သခင်စိုး ရှိနေသေးတာဘဲ ထို့ကြောင့် ဤခေတ်က ညီညွတ်မှု ယုံကြည်မှုမျိုးကို ရနိုင်ဘို့ကတော့ အလွန်ပင်လိုအပ်နေပါပြီ။ ထိုကဲ့သို့သာ ရနိုင်ခဲ့ပါလျှင် လုပ်ငန်းမျိုးစုံအောင်မြင်မှာကို မြေကြီးလက်ခတ်မလွဲဟု မှတ်ချက်ချရမည်။ (မရက ခက်ခဲမည်) ယခုခေတ်မှာ တာဝန်တစ်ခုပေးလျှင် လစာအပြင် နိုင်ငံရေး အငြိမ်းစား အခွင့်အရေးပါရှိလိုက်သေး၏။ ဤသို့ဖြစ်စေကာမူ ဖြောင့်ဖြောင့်စင်းစင်းစေတနာထား လုပ်ကြသူများ ရှားရှားပါးပါးဆိုတာကို ငြင်းဆိုနိုင်မှာ မဟုတ်နိုင်ပါဘူး။ (ထိုခေတ်က) တာဝန်တစ်ခုပေးလျှင် အသက်ပါဆုံးရှုံးနိုင်ခြင်း၊ မိမိထံမှ ငွေကုန်လူပန်းစိုက်ထုတ်ရခြင်းဖြစ်စေကာမူ စေတနာသန့်သန့်ဖြင့် ဘာအခွင့်အရေးကိုမျှ အာမခံချက်မရှိ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ စိတ်ဓာတ်ရေးရာဖြင့် နှိုင်းယှဉ်၍သာ ကြည့်ကြစေလိုပါသည်။ မြင့်မြတ်သော သူ့ကျွန်မခံလိုသော အာဇာနီတို့၏ ဇာတိသွေး၊ ဇာတိမာန်သည် အရာရာကို စွန့်လွှတ်ဝန့်ခြင်း၊ သာမန်လူတွေနှင့်မတူအောင် စူးရှပြင်းထန်ခြင်းများ ကိန်းအောင်း၍နေကြပါသည်။ ဤခေတ်မှာပင် အခွင့်ထူးမရှာ၊ အခွင့်ထူးမယူကြပါဘူး၊ တကယ်လို့လုပ်လျှင်လည်း စေတနာဖြင့်လုပ်တာပါဘဲ။ အကယ်၍စေတနာမရှိက ဟန်ပင်မဆောင်ဘဲ မယုံကြည်ကြဘူး၊ သေလျှင်သေပါစေ မလုပ်ဘူးဟု ငြင်းကြမည်မှာ ယခင်က တော်လှန်ရေးခေတ်အဆက်

ဆက်မှ ပုဂ္ဂိုလ်များ၏ထူးခြားသော ဝိသေသများပင်တည်း။ ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် ၇၅%မျှဖြစ်ရမည်ဟုပင် ဆိုရပါမည်။ အမှန်က တော်လှန်ရေးပါသူတွေကို ဂုဏ်တင်မပြောရခြင်းပင် ဖြစ်ပါသည်။ တော်လှန်ရေး၌အနစ်နာခံခဲ့သော်လည်း အခွင့်ထူးကို ရအောင် ဦးအောင်ယူသူလည်း တော်လှန်ရေးပုဂ္ဂိုလ်ထဲမှာ ရှိတာပါဘဲ။ သို့သော်လည်း ရှားရှားပါးပါးဖြစ်ရမည်။ ဤခေတ်က လူတွေလို ငန်းငန်းတက်မဟုတ်ဘူးဟူ၍ မှတ်ချက်ချလိုပါသည်။ ဦးပညာသီဟနှင့် ဦးနာရဒတို့အဖွဲ့က အရေးဆိုမှုအားလုံး အောင်မြင်ရရှိပါသည်။ ဆရာဝန်တွေနှင့် ဆေးဝါးများကိုယူ၍ ဆရာတော်များ အောင်မြင်စွာနှင့် ရန်ကုန်မှ ခြေလျှင်ပင်ပြန်ခဲ့ကြပါသည်။ ဆရာတော်တို့နှင့်အတူတကွ (ဒေါက်တာဘမော်၊ ဦးစိန်ထွန်း) ဦးအောင်ဇံဝေ၏ ယောက်ျားတော်လည်း လူပါလာသည်။ ထိုဆရာဝန်သည် (မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်)

## နာယကဆရာတော်ကြီး ဦးပညာသီဟ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတော်ကြီး ဦးပညာသီဟသည် စစ်တွေမြို့ ကုန်တန်းရပ်၌ မွေးဖွားသည်။ မိဘများသည် ဆင်းရဲသားလူတန်းစား အလွှာမျှဖြစ်သည်။ ငယ်ရွယ်စဉ်က သံဃရာဇာဆရာတော်ကြီးအား ရှင်သာမဏေပြုပြီးလျှင် အပိုင်မိဘများက ပေးလျှက် အပ်နှံထားသဖြင့် ဖြစ်သည်။ ရဟန်းဘဝသို့ရောက်လာသောအခါ ပဲခူးမင်းကျောင်းတိုက်မှ စာသင်ကြားတတ်မြောက်ခဲ့သည်။ ဝိနည်း ၅ကျမ်လုံး အောင်မြင်ခဲ့သည်။

တန်းခိုးကျောင်းတိုက်ဆရာတော်ကြီး ဦးပဏ္ဍိ၏တပည့်ရင်းဖြစ်သဖြင့် ရက္ခမဏ္ဍက၊ သံဃသမဂ္ဂီတွင် ဦးပဏ္ဍိက ပညာရေးဌာန၏ဥက္ကဋ္ဌ၊ ဦးပညာသီဟက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က သံဃသမဂ္ဂီ အစည်းအဝေး၌ ဆရာတော် ဦးစိန္တာနှင့် တွေ့ဆုံဆည်းကြ၍ အမျိုးဘာသာ သာသနာ စသည့်ဝံသာနုတရားစကားများ လက်ဆုံကြကြ၏။ ဆရာတော်ဦးစိန္တာက ကျွန်ဖြစ်နေသမျှ တကာ တကာမတို့ ဆင်းရဲနေကြမည်ဖြစ်၍ ထိုလေးဌာနကြီးပွားတိုးတက်ရာလမ်းကြောင်းမှာ ပထမဆုံး ဗုဒ္ဓဘာသာဝင်၊ ရခိုင်မြန်မာတို့ ကျွန်ဘဝလွတ်မြောက်မှသာ တိုးတက်နိုင်မည်မဟုတ်ပါလား။ ဘယ်နည်းနှင့်မျှတိုးတက်နိုင်ပါဘူး။ သို့ဖြစ်၍ဦးပဥ္စင်းတို့လည်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသော တကာတကာမများ ကျွန်ဘဝမှလွတ်မြောက်ရေးလမ်းစဉ်ကို လမ်းညွှန်ဟောပြောနိုင်ရမည်။ ဝံသာနုရိက္ခိတတရားကို စောင့်ရှောက်သည့်လူတွေ ဖြစ်လာအောင် စည်းရုံးနိုင်မှ ပြည်သူလူထုထဲမှ အာဇာနီခေါင်းဆောင်များ ဖြစ်ထွန်းပေါ်ထွက်လာရန် ပြုစုပျိုးထောင်ဘို့ တိုက်တွန်းသည့် စကားများကို တိုင်ပင်ဆွေးနွေးရာမှ ဦးပညာသီဟသည်လည်း ပါရမီအရင်းခံရှိသည့်အတွက် အထူးစိတ်ဝင်စားပြီး နိုင်ငံရေး တော်လှန်ရေးလုပ်ဘို့ တာဝန်ယူကတိပြုလျှက် ဦးစိန္တာကဲ့သို့ပင် ဝံသာနုတရားဟောပြောသော ဓမ္မကထိကအဖြစ်သို့ရောက်ရှိလာသည်။ ဦးပညာသီဟသည် ဟောပြောရာ၌လည်း လူတွေအထူးစိတ်ဝင်စားလာအောင် ဆွဲဆောင်စည်းရုံးနိုင်သည့်အပြင်၊ လက်တွေ့လုပ်ငန်းများ၌လည်း စွမ်းစွမ်းတမန် ထူးချွန်သော ခေါင်းဆောင်မှု ရဲရင့်သတ္တိထူးရှိသော အာဇာနီခေါင်းဆောင်ပုဂ္ဂိုလ် ဖြစ်လာရပါသည်။ စစ်ရေး၊ နိုင်ငံရေးထိပ်တန်းလျှို့ဝှက်လုပ်ငန်းများနှင့် တော်လှန်ရေးအကူးအပြောင်းများတွင် နိုင်ငံခြားများနှင့် ဆက်သွယ်ရာတွင် သော့ချက်တာဝန်ရပ်များကို အောင်မြင်စွာတာဝန်ယူ ဆောင်ရွက်နိုင်သော ရခိုင်လူမျိုးထဲ၌ (ရာဇဝင်တင်လောက်)သည့် သမိုင်းဝင်တော်လှန်ရေးတာဝန်များကို ဆရာတော်ဦးစိန္တာနှင့်တွဲဘက်ပြီး ကြီးမားသောဖက်ဆစ်တော်လှန်ရေး တာဝန် လုံးဝလွတ်မြောက်ရေးတာဝန်ဖြစ်သော အထွေထွေသပိတ်ခေါင်းဆောင်များ၊ မွေးထုတ်လျှက် ဆိုင်ဆိုင်မြိုင်မြိုင် တော်လှန်ရေးတာဝန်အရပ်ရပ်ကို တာဝန်ယူလျှက် နောက်လိုက်နောက်ပါ အာဇာနီသူရဲကောင်းလူငယ်များ ခြံရံလျှက် ဦးစိန္တာနှင့်တူညီသော သတ္တိထူးများပြည့်စုံပါသည်။ ရခိုင်လူမျိုးများထဲမှ အထူးသဖြင့် အားကိုးရခဲ့သော အာဇာနီခေါင်းဆောင်ကြီးတစ်ဦးပင်တည်း။ သူမတူအောင်ထူးချွန်သော ဟောပြောမှု၊ သတ္တိဇွဲ၊ ဝီရိယနှင့် စူးရှပြင်းထန်သော ဇာတိသွေး၊ ဇာတိမာန်မှာလည်း ပြိုင်စံရှားလောက်တဲ့ ပုဂ္ဂိုလ်ခေါင်းဆောင်ဖြစ်ပါသည်။

အထူးသဖြင့် လယ်သမားလူထု တောင်ပေါ်မြေပြန့် ခမီးအမျိုးသားတစ်ခုလုံး အာမခံစည်းရုံးနိုင်ခြင်း၊ ပညာတတ်လူငယ်၊ ကျောင်းသားများ၊ လူလတ်တန်းစား ပညာတတ်များ၊ ဝိုင်းဝိုင်းပတ်လည် ပါဝင်လာအောင် ဆွဲဆောင်နိုင်သည့်ပုဂ္ဂိုလ်ဟု မှတ်ချက်ချရေးသားမှ ဦးပညာသီဟဆရာတော်နှင့် ထိုက်ထိုက်တန်တန် ဖြစ်ပါမည်။ ရခိုင်အမျိုးသား တော်လှန်ရေးသမိုင်းမှာ ဦးစိန္တာနှင့်၊ ဦးပညာသီဟတို့နှစ်ပါး၏ သမိုင်းပင်ဖြစ်သည်ဟုဆိုပါက ၇၅%မှန်ကန်ပါလိမ့်မည်။ မည်သို့ဖြစ်၍ယခုရေးသားသည့် ဦးတည်ချက်မှာ ရခိုင်တော်လှန်ရေးသမိုင်းကို လူတစ်ယောက်ဖြတ်သန်းခဲ့သော ခရီးစဉ်မှတ်တမ်းတစ်ခုမျှသာဖြစ်၍ ပြည့်စုံနိုင်စရာ မရှိသည့်တာဝန်ခံပါသည်။ ဆရာတော်ကြီးအတ္ထုပ္ပတ္တိကို ရေးပါ။ သီးခြားကော်မတီတစ်ရပ်ဖွဲ့၍ရေးမှသာ ရာခိုင်နှုန်း ၇၅%ပြည့်စုံနိုင်ပါမည်။ ယခုက ပေါ်ကြော့အမြင်မျှသာဖြစ်ပါသည်။ သို့သော်လည်း ခေါင်းဆောင်တစ်ဦးဖြစ်သော ရဟန်းတော် ဦးပညာသီဟကို ခန့်မှန်းနိုင်ပါသည်။

## နာယကဆရာတော် ဦးစန္ဒာ

ဤဆရာတော်သည် ရခိုင်တော်လှန်ရေး၏သမိုင်းပင်ဖြစ်သည်။ ဆရာတော်ရဟန်းဘဝ ဖြစ်ခါစအချိန်တွင် ရခိုင်ပြည်၏အခြေအနေ၊ အနေအထားပုံသဏ္ဍာန်ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် မရေးတတ်နိုင်ခြင်းကို ကြိုတင်ဝန်ခံပါသည်။

သို့သော်လည်း ကျွန်တော်စာရေးသူ ကိုယ်တွေ့ ထိုအချိန်က ရခိုင်လူထုကြီး၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်နေသဘောထားများမှာ မည်ကဲ့သို့ ဆေးဝါးမန္တရားနှင့် တော်လှန်ရေးဖြစ်ပေါ်နိုင်ဘို့ လက္ခဏာမနိုင်ခြင်းပင်ဖြစ်၏။

ကျွန်တော်သိနေသောအသိကိုပင် ဤကဲ့သို့ ငါတို့ဘာကြောင့် ခေါင်းမဖော်ရဲကြတာလဲ မော်၍မှမကြည့်ရဲတာလဲ ဆိုတာကို ထိုစဉ်က ဆင်းရဲသဖြင့် ၎င်း၏ပညာမတတ်၍ဟုသာ ထင်မြင်ယူဆခဲ့ပါသည်။ ကျွန်တော်အထင်နှင့်အမြင်၊ မဟုတ်မှန်ကြောင်းကို ကျွန်တော်ပင် ရဲရဲတောက်ခေါင်းဆောင်ဖြစ်လာတာက သက်သေခံထားပါသည်။ ဤရွှေ့ ဤမျှနိမ့်ကျနေသော အကြောင်းရင်းနှင့် ဖြစ်နေပုံတို့ လက်တွေ့ရုပ်သဏ္ဍာန်ကိုပါ တတ်သလောက်ရေးပြပါအံ့။ ကုန်လွန်ခဲ့ပြီးသော နှစ်ပေါင်း ၅၃နှစ်အချိန်က ကျွန်တော်အသက် ၁၃နှစ်ဖြစ်ပါသည်။ မြေပုံမြို့ အေဘီအမ်ကျောင်း၌ (၆)တန်း ဆဌမတန်းသင်ကြားနေချိန် အချိန်ဖြစ်ပါသည်။ တရားဟောကောင်းသဖြင့် တကာတကာမများ ချီးကျူးကြ၏။ ဆရာတော်ကြီးများကလည်း ချီးမြှောက်ကြသည်။ တစတစနှင့်ထင်ရှားသော ဓမ္မကထိကများ ဖြစ်လာခဲ့ကြပြီး ရဟန်းတရား ရဟန်းအလုပ်ဖြင့် ပျော်ရွှင်နေ၏။ တောသူတောင်သား လယ်သမားထု၏ စီးပွားရေးမှာ လုံးဝနလံမထူဘဲ၊ ဖွတ်ကြောပြာစု ခရုဆံလျှောက်သဘောဖြစ်သည်။ မြေရှင်များ၏မြေခကြီးမှုအပြင် စိုက်ပျိုးချိန်က ငွေရင်းမလောက်သဖြင့် အော်ဒီမန်ခေါ် စာချုပ်ငွေယူ၍အတိုးကြီးပေးရခြင်း၊ ဤသည်နှင့် မလုံလောက်၍ ပင်ထောင်စပါးကြိုတင်ရောင်းထားရ၏။ ဤရောင်းချမှုကို ရခိုင်အခေါ် ဒါဒေါင်ချသည်ဟု ခေါ်ကြသည်။ ဗမာစကားနှင့်၊ အကြွေးရောင်းခြင်းဟုဆိုရမည်။ စပါးပေါ်ချိန်၊ မြေခယူ၊ ပင်ထောင်ရောင်းတာပါယူသဖြင့် ဘာမှမကျန်ဖြစ်သူများက ရာခိုင်နှုန်း ၇၅ခန့်ဖြစ်ကြသည်။ ဤလူများ စားဝတ်နေရေးအတွက် လယ်ကိုမြေရှင်ကြီးများထံ ပေါင်နှံခြင်းကြောင့် မဆပ်နိုင်ကြဘဲ၊ အတိုးရင်းပေါင်းများလာသောအခါ လယ်ကိုမြေရှင်ကြီးများထံ အပိုင်အပ်နှံခဲ့ကြရသဖြင့် မြေမဲ့ယာမဲ့များသည် ရာနှုန်း ၈၀ထိ ဖြစ်လာကြသည်။ မြေရှင်များမှာ ရုံးတစ်လုံး၊ ဒါးတစ်စင်းဖြင့် အောဖစ်ဖွင့်၍ စာရေး၊ စာချီ၊ မန်နေဂျာကြီးများနှင့် ဘရန်ဒီ၊ ဝီစကီ၊ မော်တော်ဘုတ်ကြီးငယ်များဖြင့် ဇိန်တွေ့နေခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များကို ပြုစုဝေါ်င်းဟု ရခိုင်စကား၌ ခေါ်ဝေါ်ကြသည်။ ပြုစုရှင်များ ပုံသဏ္ဍာန်အနေအထားမှာ လုံးဝလွတ်လပ်စွာ သွေးစုတ်ချယ်လှယ်ဘို့အတွက် သူ့မြေရှိကျေးရွာများကို ဘုရင်သက်ဦးဆံပိုင်ခေတ်ကကဲ့သို့ တရားစီရင်ရေးကိုပင် ပိုင်ဆိုင်နေပါသည်။ တထီးတနန်းကဲ့သို့ပင် မြေရှင်ကြီးများကို နှစ်၁၀၀ ဂရန်မြေအဖြစ် ပေးထားသည်။ ဤသို့ပေးထားခြင်းသည် အကြောင်းမဲ့မဟုတ်ပါ။ အကြောင်းက ပုဆိန်ရိုးများအဖြစ် အသုံးချခြင်းပင်ဖြစ်သည်။ မြေရှင်ကြီးများ၏ ဘိုးဘွားများမှာလည်း ယခင်ကပင် အင်္ဂလိပ်ဗြိတိသျှတို့ သစ္စာခံလူယုံတော်ကြီးများဖြစ်သည်။ ဗြိတိသျှ၏ပေးထားသော ဘွဲ့ထူး၊ ဂုဏ်ထူးများဖြင့် ကျွန်ဇာတ်သွင်းထားသော လူတန်းစားတစ်မျိုးဖြစ်သည်။

အလွန်ပင် ထူးဆန်းအံ့သြဘွယ် ချီးမြှောက်ခြင်းများ ရှိသည်။ ထိုအချိန် ထိုခေတ်က မျက်နှာဖြူလူမျိုးများသည် သခင်မျိုး၊ ဘုရင်မျိုးဖြစ်သဖြင့်၊ ကလပ်ကျောင်းများ စားသောက်ဆိုင်များကို မည်သည့်လူမျိုး(ဝါ) အာရှတိုက်သားများ ဝင်ရောက်စားသောက်နိုင်ခွင့် မရှိကြပါဘူး။ ဥပဒေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။ ဤကျောင်း၊ ဤကလပ်များကို အသားမဲ အာရှတိုက်သားထဲမှ ရခိုင်သစ္စာတော်ခံများကို အချို့တန်းတူဝင်ရောက်နိုင်အောင် အခွင့်အရေးရရှိထားသည်။ သစ္စာတော်ခံအဖွဲ့ဝင်များကို ဗသျှူခေါင်းဖြတ်အဖွဲ့ဝင်များဟု ရခိုင်လူမျိုးတို့က ခေါ်ခဲ့ကြသည်။ ဤကဲ့သို့ အမာခံများ၏ လက်ထဲ၌ တရားစီရင်ရေးအာဏာကိုပါ မျက်နှာဖြူများကဲ့သို့ ရရှိထားနိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံကို အုပ်ချုပ်ရာတွင်၌ပင် အရေးကြီးဆုံးနေရာ (ဝါ) သော့ချက်နေရာများ၌ ရခိုင်အရာရှိ အရာခံများကို ထားရှိကြသည်။ မင်းကြီး၊ အတွင်းဝန်၊ ခရိုင်ဝန်၊ ပုလိပ်မင်းကြီးများ နေရာတိုင်း၌ အင်္ဂလိပ်လူမျိုးနှင့် ရခိုင်လူမျိုးများ ယုံယုံကြည်ကြည်တွဲဘက် သုံးစွဲထားသဖြင့် ကျွန်ဘဝသည် တောလက်ကျေးရွာသားအများစုသာလျှင် မရှုမလှခံခဲ့ကြရသော်လည်း၊ သခင်ဘဝသည် အရှင်ဘဝဖြစ်နေသော ရခိုင်အင်္ဂလိပ်သစ္စာခံများနှင့် ၎င်းသားစဉ်မြေးဆက်နှင့် ၎င်းတို့၏ အရံအင်အားဖြစ်ကြသော မြေရှင်လပ်၊ မြေရှင်ကလေးနှင့်၊ ပညာတတ်၊ လူလတ်တန်းစားများမှာ တောပေါက်ထမင်း၊ ကြက်သား၊ ကြက်သားအဆီစား လူ့မလိုင်ခဲများ ဖြစ်နေခဲ့ကြသည်။ ကျွန်ကွန်ဂရက်ဖောင်တေးရှင်းကြီးကို ခိုင်ခန့်စွာ ဖန်တီးတည်ဆောက်လျှက်ထားသည်။ ထို့ကြောင့်ပင် ခမောင်းမျက်စိသက်တရာ၊ ကမ္ဘာလုံးကို၊ ခြက်လိုနီ (ရခိုင်စကားပုံ) နှစ်တရာခန့်ရေ မလှုပ်ကြား မစုတ်တဲ့ခေတ်ဖြစ်သည်။ မြန်မာနိုင်ငံလည်း ငြိမ်ဝပ်လျှက်ပင်တည်း။ တော်လှန်ရေးခေတ်မရောက်သေးသောတစ်ချိန်က မြန်မာတို့၏ အမျိုးဘာသာ၊ သာသနာ၊ တရားများဟောကြားခဲ့ရာတွင် ပါဝင်ခဲ့ပါသည်။

ထိုအချိန်၌ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့သည် ဥက္ကဋ္ဌကြီးရှေ့နေကြီး ဦးမြထွန်း(နာမည်ရင်း ဦးမောင်မြထွန်း) သည် မျိုးချစ်အာဇာနီကြီးတစ်ဦးဖြစ်သည်။ အင်္ဂလိပ်ဗြိတိသျှနှင့် ၎င်းတို့လက်ပါးစေ မြေရှင်ဓနရှင်များ၊ဆန့်ကျင်ရေးကို စတင်ထူထောင်စဉ်ဖြစ်သည်။ ဆရာတော်ဦးစိန္တာ၏ဟောပြောချက်မှာ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ရှိသေလေးစားကြသော ကျေးရွာရှိ တောသူတောင်သား လယ်သမားများအထိ ဒုက္ခကျရောက်နေကြသဖြင့်၊ ထိုကဲ့သို့ သာသနဂုဏ်ကို လူတန်းမစေ့၊ လူစဉ်မရှိ၊ ဆင်းရဲတွင်းနက်နေပါက ဘယ်လိုတရွာတကျောင်းကျစီရှိ သီတင်းသုံးနေကြသော ဆရာတော်အရှင်သူမြတ်များ သိပြီးဖြစ်လာကြပါသည်။ ထိုလယ်သမားထု ဆင်းရဲတွင်းနစ်မွန်းနေမှုက လွတ်မြောက်ဘို့နည်းလမ်းကို မဖော်ထုတ်နိုင်သမျှ သာသနာတော်ကြီး စည်ပင်ပြန့်ပွားတည်တန့်ဘို့ မလွယ်ကူနိုင်ကြောင်းနှင့် အမျိုးသားတရား၊ ဘာသာရေးတရားများကို ရောယှက်ဟောပြောမှုကို ကြားသိတွေ့မြင်သောအခါ ဤမဓမ္မကထိကပုဂ္ဂိုလ်သည် မျိုးချစ်စိတ်ရှိ၍ ထက်မြက်သောပုဂ္ဂိုလ်ဟု ရခိုင်တိုင်းလုံးဆိုင်ရာကြီးပွားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသာထွန်းသည် ကြည်ညို၍ သဘောကျခဲ့ပါသည်။

ဦးမြတ်ထွန်းမှာ ရဲဘော်ကြီးဖြစ်သော နန္ဒမာလာဦးထွန်းစိန်နှင့် ပူးပေါင်း၍ ဦးစိန္တာအားပင့်၍ ဆွမ်းကျွေးပြီးလျှင် ရှေ့ခရီးစဉ် ဝံသာနုရက္ခိတ၊ တရားကျယ်ပြန့်လာမှသာလျှင် ရခိုင်တောသူ တောင်သား လယ်သမားထုကြီး ညီညွတ်ရေးရဘို့ ဟောပြောစည်းရုံးနိုင်သည်အမျှ ကျွန်ဘဝမှလွတ်မြောက်ဘို့ လမ်းစပေါ်ဖြစ်ပါသည်။ ဖိမ်ယစ်နေသူများကတော့ ဘယ်လိုနည်းနှင့်မှ လက်ခံမည်မဟုတ်ပါ။ သို့ဖြစ်၍အရှင်ဘုရားတို့လို ခေတ်သစ်ဓမ္မကထိကများ ပေါ်ထွန်းလာဘို့ လိုအပ်ပါသည်။ ဤသို့ဖြစ်လာမှတစ်စတစ်စ ကျွန်ဘဝက လွတ်မြောက်နိုင်ရန် နည်းလမ်းရှိပါသည်။ အားလုံးသောဆင်းရဲဒုက္ခသည် ကျွန်ဘဝက မလွတ်နိုင်သမျှကာလပတ်လုံး ဆင်းရဲနေမှာပါဘဲ၊ သို့ဖြစ်၍ ကျွန်ဘဝလွတ်မြောက်နိုင်ရေးအတွက် လယ်သမားလူထု ညီညွတ်ဘို့နှင့် ဇာတိမာန်မျိုးချစ်စိတ် ဖြစ်ပေါ်လာရန် နိုးဆွပေးရမည်ဖြစ်ပါသည်။ ဟောပြောပွဲများနှင့် အဖွဲ့အစည်းများ စည်းရုံးခြင်း၊ ညီလာခံများကျင်းပ၍ ငွေတိုးနှုန်းကြီးမြင့်မှု တိုက်ဖျက်ရေး၊ စပါးဈေးနှုန်းဝယ်ယူမှုဆန့်ကျင်ရေး၊ မြေခကြီးမှု တိုက်ဖျက်ရေး၊ အထွေထွေလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ရသည်။ ဤတွင် ဆရာတော်မှ အထူးရွှင်လန်းဝမ်းမြောက်၍ နေရောင်ခြည်မျှော်နေသော ကြာပန်းကဲ့သို့ ပွင့်လန်းလာပြီး ဝီရိယစိုက်ထုတ်လုပ်ကိုင်ရန် သံဒိဋ္ဌာန်ချဆုံးဖြတ်၍ ပူးပေါင်း ဆောင်ရွက်ကြရန် ကတိပြုကြ၏။ အင်္ဂလိပ် ၁၉၃၁ခု၊ မြန်မာ ၁၂၉၂ခု၊ အချိန်မှာ ဆရာတော်ဦးစိန္တာ ကြီးမှူးလျက် လယ်သမားညီလာခံကြီးတစ်ရပ်ကို ကြာအင်းတောင်နှင့်၊ ကမ်းနီရွာများကို အခြေခံလျှက် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ ပါသည်။ ထိုအစည်းအဝေးသို့ စစ်တွေမြို့မှ ရှေ့နေကြီး ဦးမောင်မြထွန်းနှင့် ကျောက်ဖြူမြို့မှ ဦးစောလှညိုတို့ကို ဖိတ်ကြားလျှက် စင်ပေါ်တက်ပြီးလယ်သမားထုကြီးကို ရှေ့ဆောင်၍ ညီလာခံမဏ္ဍပ်ကြီးသို့ ချီတက်ခဲ့ကြပါသည်။

ထိုညီလာခံမှစတင်၍ ကျေးရွာအနှံ့ ဝံသာနုစကား၊ တစ်ယောက်တစ်ပေါက်၊ ကျွန်ဘဝကို ငြီးငွေ့စက်ဆုတ်လာခြင်း၊ မြန်မာနိုင်ငံနှင့် ရခိုင်ပြည်မှ မြေပေါ်မြေအောက်ပစ္စည်းများ အခွန်တော်များကို ဘိလပ်သို့ယူဆောင်သွားကြပြီးလျှင် လက်အောက်ကျေးကျွန်တစ်စု၊ တစ်စမှတပါး ဘာတစ်ခုမှ လူထုအကျိုးကို ပြုလုပ်၍မပေး သွေးစုတ်သမား ကုမ္ပဏီများ အကျိုး၊ လယ်ရှင်မြေရှင်၊ ဓနရှင်များဘက်က ရပ်တည်သော ဥပဒေများ၊ တရားစီရင်ရေးများဖြင့် ပြုလုပ်ထားသည်။ နားစွန်နားဖျား မှတ်မိသမျှကို ပြောဆိုလာကြ၏။ အင်္ဂလိပ်ပြည်ကလာသော အထည်ကိုမဝတ်ဘဲ မိမိတို့လက်ရက်ထည်များ ဝတ်ကြဘို့ လှုံ့ဆော်သောစကားများ တွင်ကျယ်လာပါသည်။

ကျွန်တော်တို့၏လယ်သမားကျေးရွာများမှာ ပိုးထည်၊ သက္ကလပ်ထည်နှင့် နိုင်ငံခြားဖြစ်ထည်များကို လူတိုင်းတွင်တွင် ကျယ်ကျယ် မဝတ်နိုင်ကြပါဘူး။ အိန္ဒိယပိတ်ကြမ်းဂါဒါသည်၊ မိမိရက်လုပ်သောခြည်လုံချည်၊ ချည်အဝတ်၊ ပိုးဝတ်လုံချည်များ ပင် ပွဲနေပွဲထိုင်ဖြစ်၏။ တချို့တလေသာလျှင် ပိုးထည်များဝတ်နိုင်ကြပါသည်။ ဝံသာနုတရားကိုစောင့်ရှောက်ဖို့ ဝန်မလေး ကြောင်း ထင်ဟပ်နေခြင်းဖြစ်၏။ ဆရာတော်ဦးစိန္တာ၏ ဗီဇဟာအလွန့်အလွန်ပင် အံ့ဩစရာတစ်ခုပင်ဖြစ်သည်။ လုပ်ငန်း တစ်ခုကိုအစလုပ်လျှင် ဆုံးခန်းတိုင် တာဝန်ယူ၍ လုပ်ဆောင်သောဇွဲသတ္တိရှိသည်။ ဖောက်ပြန်ပြောင်းလွဲမှု လုံးဝမရှိခြင်း မတုံ့လှုပ်၊ မတွေဝေတတ်သော အမြော်အမြင် ဉာဏ်ပညာကြီးမားသူဖြစ်သည်။ သည်းခံတတ်သောစိတ် ခွင့်လွှတ်တတ်သော သဘောများလည်း ပြည့်ဝ၏။

ထို့ပြင်မနားမနေကြိုးစားလုပ်ကိုင်ဆောင်ရွက်တတ်သော ဇွဲဝီရိယကြီးမားခြင်းများလည်း ရှိ၏။ နှစ်များမကြာခင် အချိန်၌ သံဃသမဂ္ဂီ၌ ပညာရေးဌာန အတွင်းရေးမှူး၊ ရဟန်းပျို ဦးပညာသီဟကို စည်းရုံးလျှက် မျိုးချစ်လုပ်ငန်း၌ ပါဝင်အောင်သိမ်းသွင်း စည်းရုံးမိပါသည်။

ဦးပညာသီဟ၊ ဦးပဥ္စင်းသည် အလွန့်အလွန်ထက်မြက်သော အာဇာနီ၊ ဒုတိယရခိုင်ခေါင်းဆောင်တစ်ဦးဖြစ်သော သူပင်တည်း။ စစ်ရေး၊ နိုင်ငံရေး၊ စွယ်စုံလုပ်ကိုင်နိုင်သော အရည်အချင်းဗီဇရှိသူဖြစ်၏။

ထိုနောက် ပေါက်တောဆရာတော်ကြီး ဦးနာရဒကိုလည်း မိမိထက်ဝါကြီး ပုဂ္ဂိုလ်ဖြစ်စေကာမူ လိုအပ်နေကြောင်းကို တင်ပြသဖြင့် ဆရာတော်ကြီးလည်း တက်တက်ကြွကြွပါဝင်လာပါသည်။

## ဦးစိန္တာ၊ ဦးပညာသီဟတို့၏ သြဝါဒစရိယဖြစ်လာပုံ

ဝံသာနုစေတ်နောက်ပိုင်းမှာ ဝံသာနုစေတ် မစတင်ကပင်လျှင် ၁၉၂၀ခု၊ တက္ကသိုလ်ကျောင်းသားများက ကျွန်ပညာရေးကိုလိုနီစနစ် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ခဲ့ကြသည်။ ထိုကျောင်းသားများနှင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများ စုပေါင်း၍အမျိုးသားကျောင်းများ ဖြစ်လာခြင်း၊ အချို့သောတက္ကသိုလ်ပညာတတ်များ၊ နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာခဲ့ခြင်း၊ ဦးဉတ္တမ၏လှုံ့ဆော်ဟောပြောချက်။ အိန္ဒိယကွန်ဂရက်ရိုက်ခတ်ခြင်း၊ အင်္ဂလိပ်နှင့် အိုင်ယာလန်မျိုးချစ်ပုဂ္ဂိုလ် အရေးတော်ပုံစာအုပ်များနှင့်တကွ ဖိလစ်ပိုင်နိုင်ငံ၊ မျိုးချစ်ဒေါက်တာရိုဇော်၊ အကြောင်းများ အကျိုးဆက်ဟုဆိုနိုင်သော မျိုးချစ်စိတ်ဓာတ်ကြောင့်တမျိုး ကိုလိုနီစနစ်၏ ဖိနှိပ်လွှန်းမှု တောင့်မခံမရပ်နိုင်သော လယ်သမားထဲမှ ဆရာစံဆိုသူ ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်ပြီး လယ်သမားတို့၏ ပုန်ကန်မှု၊ တော်လှန်ရေးတစ်ရပ်ဖြစ်ပေါ်လာပါသည်။ ထိုတော်လှန်ရေးမှာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဖြစ်၍ လူငယ်များသို့ အထူးအကျိုးသက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဂဠုန်လယ်သမား တော်လှန်ရေးမှာ မအောင်မြင်ခဲ့သော်လည်း တော်လှန်ရေးလမ်းစ (ဝါ လက်နက်ကိုင်)တော်လှန်လမ်းစကို ဖော်ထုတ်ပေးခဲ့သည်ဟုပင် မှတ်ချက်ချရမည်ဖြစ်၏။ ရခိုင်လူထုရော၊ ဗမာလူထုပါ လူထုဟုဆိုရာ၌ တောင်သူလယ်သမား၊ ကျေးလက်တောရွာရှိ ဆင်းရဲနစ်မွန်းနေကြသော လူများကိုရည်ညွှန်းအပ်ပါသည်။

အထက်ဖော်ပြပါ ဆင်းရဲသားလူထုကြီးထဲသို့ ဘဝလွတ်မြောက်ရေးလမ်းစမှာ အင်္ဂလိပ်ကျွန်ဖြစ်နေသမျှ နစ်မွန်းမှာဘဲ၊ ကျွန်ဘဝလွတ်မြောက်မှ လောကနိဗ္ဗာန်ဖြစ်မည်ဟု တထစ်ကျယုံကြည်လာကြခြင်းပင်လျှင် ကြီးမားသောလူထုကြီး၏ ညီညွတ်ရေးလမ်းစပေါ်ထွက်လာဘို့ အရိပ်လက္ခဏာကြီးပင်ဖြစ်သည်။ ထိုအချိန်က သတင်းစာဂျာနယ်၊ စာအုပ်စာတမ်း ဂီတမှစ၍ အမျိုးသားစိတ်ဓာတ်ဘက် ရှေ့ရှုလာခဲ့ကြသည်။ (ဝါ)မျိုးချစ်ဝါဒကို မှိုင်းငြိမ်းသော ဦးတည်ချက်ဖြစ်လာခဲ့ကြသည်။ (ပထမဆုံး နဂါးနီစာပေများပင်) ဖြစ်ပါသည်။ ထိုစာပေသည် လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ရေးကို လမ်းညွှန်နေခြင်းဖြစ်၏။ သို့သော်လည်း ထိုစဉ်က မသိရှိခဲ့ပါ။ လွတ်လပ်ရေး (ဝါ) အင်္ဂလိပ်ကျွန်ဘဝက လွတ်လျှင် တိုးတက်ချမ်းသာမှာဘဲ ပညာသိခဲ့၏။ လူထုကြီးကလည်း ဤအတိုင်း ခံယူကြအောင် ဟောပြောစည်းရုံးလာကြသည်။

ထိုအချိန်က ရခိုင်ပြည်မှာလည်း တက်ကြွနိုးကြားလာကြသော လူငယ်လူကြီး ပညာတတ်များ အလျှို(အလျှိုပေါ်ထွက်နေချိန်နှင့် လှုပ်လှုပ်ရှားရှားဖြစ်လာကြပါသည်။ ခေါင်းဆောင်မှုပေးနေသော ပုဂ္ဂိုလ်သုံးဦးကလည်း ရဟန်းတော်များဖြစ်၍ ဘာရာထူးကိုမှ မမျှော်မှန်းဘဲ တော်လှန်ရေးလူငယ်များ ကြိုက်သောလမ်းညွှန်မှုကိုလည်းကောင်း၊ ခေါင်းဆောင်တာဝန်ယူမှုကိုလည်းကောင်း၊ ရဲရဲတောက်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးနာရဒတို့ထဲသို့ ခေါင်းဆောင်မှုအောက်မှာ ရှိနေကြပါသည်။ ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့များကလည်း ထိုပုဂ္ဂိုလ်များကို သြဝါဒစရိယအဖြစ် တင်မြှောက်ထားကြသည်။ မြို့နယ်ကျေးရွာတိုင်း၌ တိုက်နယ်အစည်းအဝေးတရားပွဲ၊ မြို့နယ်လုံးကျွတ်တရားပွဲ၊ ဟောပြောမှုလည်း ထွန်းကားတိုးတက်လာသည်။ တက္ကသိုလ်ကျောင်းသားနှင့် ဟိုက်စကူးကျောင်းသား သမဂ္ဂများလည်း အိန္ဒိယမှခွဲထွက်ပြီး ဒိုင်အာခီ၊ စားခွက်လုမှုခွဲ အုပ်ချုပ်ရေးကို ချပေးထားသည်။ နည်းပရိယာယ်ဖြင့် စားခွက်လုပွဲကို တဘက်မှပြုလုပ်ထားပြီး ခေါင်းဆောင်မှုမရှိအောင်၊ အကွဲကွဲအပြားပြားဖြစ်အောင် ပြုလုပ်ထားသည်။ မြန်မာနိုင်ငံအခြေအနေမှာ ခေါင်းဆောင်ဝန့်သူ ခေါင်းဆောင်များဖြစ်ထွန်းလျှက်ရှိသည်။ အိန္ဒိယမှာဖြောင့်မှန်သော ခေါင်းဆောင်များဖြစ်ထွန်းလျက်ရှိသည်။ သို့သော်လည်း တော်လှန်သော နိုင်ငံရေးပုဂ္ဂိုလ်များမဟုတ်ကြပါ။

မြန်မာလူထု၊ ရခိုင်လူထုထဲမှာ တော်လှန်ရေးလက္ခဏာရှိသူများ ဖြစ်ကြသည်။ သက်စွန့်ကြိုးပန်းလုပ်ဝန့်တာဝန်ယူဝန့်သော ခေါင်းဆောင်သာရှိပါက တပြည်လုံးအုံကြွပေါက်ကွဲလုလုအချိန်ဟူ၍ သတ်မှတ်နိုင်သည်။ နောက်လိုက်ပါကောင်းများ၊ အသင့်ဖြစ်ဘို့အစပျိုးနေချိန်ဖြစ်သည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာလည်း ဝံသာနုခေတ်က လယ်သမားသူပုန်ထကြွခဲ့မှုကြောင့်၊ အင်္ဂလိပ်ခံတပ်က ဖြစ်နိုင်သည်။ အင်္ဂလိပ်လည်း လူထဲကလူဘဲ၊ ဒါ့အပြင် အင်္ဂလိပ်မှာ အိန္ဒိယကုလားကျွန်၊ ဗမာ၊ ရခိုင်ကျွန်များသာ မရရှိပါက လက်နက်ကိုင်၍ သစ္စာခံမည့်သူ မရှိသလောက်ပါဘဲ။ ထိုကျွန်များကို ကြောက်စရာမဟုတ်ပါဘူး။ ငါတို့၌သာ လက်နက်ရှိခဲ့က ယှဉ်ပြိုင်တိုက်ခိုက်ဖို့ထိ စိတ်ဓာတ်ရေးရာ၌ လူငယ်လူရွယ်အချို့သို့ တော်လှန်စိတ်ဓာတ်ဝင်ရောက်လျှက်ပင် ရှိနေပါသည်။

တချိန်တည်းမှာပင် အင်္ဂလိပ်ကို အခဲမကျေသော ဂျာမနီဟစ်တလာ လက်နက်နိုင်ငံတည်ဆောက်မှုသတင်းနှင့် ကြိမ်းမောင်းနေပုံ၊ အီတလီမှ မူဆိုလိုနီအာဏာရှင်နှင့် ဂျပန်စစ်ဝါဒအာဏာရှင်များသည် ကမ္ဘာ၏ကိုလိုနီအကြီးဆုံးဖြစ်သော ဗြိတိသျှကို အန္တရာယ်ပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသည်များကို သိရှိလာကြ၍ ကမ္ဘာကြီးပျက်စီးလုနီး ဖြစ်လာဟုပင် မြန်မာအချို့က စာစောင်များ၏ ထင်မြင်ယူဆချက်ဆောင်းပါးများ ပေါ်ထွက်လာခဲ့

သည်။

ဤအချိန်အခါ ရခိုင်တိုင်းရင်းသား လူငယ်အဖွဲ့ကြီးမှာ နေရာတိုင်းအနှံ့အပြား စည်းရုံးလာသဖြင့် ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့ကြီးနှင့် စင်ပြိုင်ထိပ်တိုက်ဖြစ်လာခဲ့ကြ၏။ ထိုကဲ့သို့ဖြစ်လာမှုသည်ပင် လူကြီးနှင့်လူငယ်တို့ အကွဲကွဲအပြားပြားဖြစ်လာနိုင်စရာ အကြောင်းကို တင်ကြိုမြော်မြင်သော ဆရာတော်ဦးစိန္တာနှင့်တကွ ဦးပညာသီဟ၊ ဦးနာရဒတို့သည် နှစ်ဘက်သောခေါင်းဆောင်များကို တဖွဲ့တစည်းတည်းဖြစ်အောင် ဩဝါဒပေးစည်းရုံးခဲ့ကြသည်။

ထိုကဲ့သို့ ဩဇာအရှိန်အဝါရှိသော ဆရာတော်ကြီးများက ဩဝါဒပေးစည်းရုံးမှုကို နှစ်ဘက်သောအဖွဲ့အစည်းများသည် တော်လှန်ရေးဘက်ကို ဦးတည်ချက်များခြင်း၊ ရာထူးစားခွက်လုလျှင်လည်း ရခိုင်လက်ပါးစေမျာကို အကွဲကွဲအပြားပြားတိုက်ခိုက်၍ စုနိုင်စရာမရှိခြင်း၊ ဆရာတော်များလက်ထဲ၌ အခြေခံလယ်သမားထုနှင့်တကွ၊ မြို့နယ်ပေါင်းစုံမှ ရဲရဲတောက်စည်းရုံးရေးလူငယ်လူရွယ်များ ရှိနေခြင်းများကြောင့် လွယ်လွယ်ကူကူနှင့် အဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းစည်းရုံးမှု အောင်မြင်ပြီးလျှင် အမည်သစ်မရှာတော့ဘဲ လူကြီး၏တိုင်းဆိုင်ရာကို ရှေ့ဖက်မှာထားလျက် လူငယ်တိုင်းရင်းသားအဖွဲ့ဟုခေါ်တွင်ခဲ့ကြသည်။ ဤအဖွဲ့ကြီးကိုပင်လျှင် (အာရကန်နယ်ချဲ့ကွန်ဂရက်) ဟု အင်္ဂလိပ်စကားဖြင့် ခေါ်တွင်စေပါသည်။ အထက်ပါလုပ်ရပ်များသည်ပင်လျှင် ဆရာတော်များ ဩဝါဒစရိယ နာယကအဖြစ် ပေါ်လာနိုင်သည်။ ဤပုဂ္ဂိုလ်တစ်ဦးစီ၏ တော်လှန်ရေးလုပ်ငန်းသမိုင်းစဉ်ကို အမြွက်မျှတင်ပြမှုများသည် ဤစာတမ်းပြုစာရာတွင် ပါဝင်ပြီး၊ ပါဝင်ဆဲ၊ ပါဝင်လတ္တံ့ဖြစ်၍ သီးခြားခွဲ၍ရေးစရာလိုအပ်မည်မထင်ပါ၍ အဖွဲ့ကြီးနှစ်ခုကို ပူးပေါင်းဖွဲ့စည်းမှုသည် ဆရာတော်ကြီးသုံးပါး နာယကဖြစ်မှု၏ အဓိကအကြောင်းပင်ဖြစ်ပါသည်။

# ဦးစံသာအောင်

## From Myanmar Online Encyclopedia

Jump to: အညွှန်း, ရှာဖွေရန်



ရှေးဟောင်းရခိုင် သုတေသန ပညာရှင် ဦးစံသာအောင် (၁၉၂၅-၁၉၈၁)။

## [ပြင်ဆင်ရန်] ရှေးဟောင်းရခိုင် သုတေသန ပညာရှင် ဦးစံသာအောင်

ရှေးဟောင်း ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှု သုတေသန နယ်ပယ်တွင် နိုင်ငံခြား သုတေသီ ပညာရှင် အတော်များများ ပေါ်ထွက်ခဲ့ပါသည်။ မြန်မာ တိုင်းရင်းသားများထဲမှမူ လက်ချိုး ရေတွက်ကြည့်လျှင် လက်တဖက်ပင် ပြည့်မည် မထင်ပါ။ အထူးသဖြင့် ရခိုင်ခေတ်ဦး ကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးပြားစာ၊ ဒင်္ဂါးများနှင့် ပတ်သက်၍ စနစ်တကျ သုတေသန ပြုသူ အလွန် နည်းပါးခဲ့သည်။ ရခိုင် တိုင်းရင်းသားများထဲမှ ဦးစံရွှေဘု၊ ရခိုင်ပဏ္ဍိတ် ဦးဦးသာထွန်း၊ ဦးအောင်သာဦး တို့သာ ထင်ထင်ရှားရှား ရှိခဲ့သည်။ ဦးစံရွှေဘုမှာ စစ်မဖြစ်မီက ရခိုင်ပြည်နယ် ဂုဏ်ထူးဆောင် ရှေးဟောင်း သုတေသီ (Archaecologist) တဦး ဖြစ်၍၊ ရခိုင်သမိုင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ် (The Journal of Burma Research Society) တွင် အင်္ဂလိပ် ဘာသာဖြင့် သုတေသန စာတမ်းများ ရေးခဲ့သူ ဖြစ်သည်။ အခြား ထင်ရှားသူ တဦးမှာ ရန်ကုန် တက္ကသိုလ် ရူပဗေဒ ပါမောက္ခ၊ နောင်တွင် အထက်တန်း ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသူ ရခိုင် အမျိုးသား ဦးစံသာအောင် (၁၉၂၅-၁၉၈၁) ဖြစ်သည်။

ဦးစံသာအောင်သည် ရှေးဟောင်း ပျူ မွန်၊ မြန်မာ အက္ခရာရင်းမြစ် ပညာရှင် ဦးသာမြတ်ကို စံပြု၍ သိပ္ပံပညာ နယ်ပယ်မှ ဝိဇ္ဇာပညာရပ် နယ်ပယ်သို့ ကူးပြောင်းလာသူ တဦး ဖြစ်သည်။ ဦးသာမြတ်သည် စိုက်ပျိုးရေး သိပ္ပံဘွဲ့ရ လယ်သာ စိုက်ပျိုးရေး ညွှန်ကြားရေးဝန် ဘဝမှ ယဉ်ကျေးမှု ဗိမာန် ညွှန်ကြားရေးဝန်၊ မြန်မာစာပေ ဘာသာစကားနှင့် ယဉ်ကျေးမှု သုတေသန ပညာရှင် အဖြစ် ထင်ရှားခဲ့သူ ဖြစ်သည်။ ထို့အတူ ဦးစံသာအောင်သည်လည်း အမေရိကန် ပြည်ထောင်စု ဟားဗတ် တက္ကသိုလ်မှ ရူပဗေဒဖြင့် မဟာသိပ္ပံဘွဲ့ A.M. (Physics) ရ၍ ရူပဗေဒ ပါမောက္ခ၊ အထက်တန်းပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် ထမ်းဆောင်ခဲ့သော်လည်း ရှေးဟောင်း ရခိုင်သမိုင်းနှင့် ယဉ်ကျေးမှု ပညာရှင် အဖြစ် ပိုမို ထင်ရှားခဲ့ပါသည်။

ရှေးဟောင်း ရခိုင်သမိုင်းနှင့် ပတ်သက်၍ မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက် စနစ်တကျ တူးဖော်မှု အားနည်းခဲ့သည်။ ထို့ပြင် ရခိုင်

ရာဇဝင်သည်လည်း အခြားသော ရာဇဝင်များ နည်းတူ ဒဏ္ဍာရီဆန်သော ရှေးဟောင်း အစဉ်အလာ ပြောစကားများ၊ ထူးကဲ အံ့ဩဖွယ်ရာများနှင့် ဆက်နွယ်နေရာ ခိုင်မာမှု မရှိလှချေ။ သို့သော် အေဒီ ၇၂၉ ဝန်းကျင်တွင် ရေးထိုးခဲ့သည်ဟု ယူဆသော အာနန္ဒစန္ဒြ ကျောက်စာကို ရခိုင်ပြည်နယ် မြောက်ဦးရှိ ရှစ်သောင်းဘုရား၌ တွေ့ရှိခဲ့ရာမှ ခေတ်ဦး ရခိုင် သမိုင်းသည် ပိုမို ပီပြင်လာပါသည်။ အာနန္ဒစန္ဒြ ကျောက်စာကို ရှစ်သောင်းဘုရား အနီးတွင် တွေ့ရှိရသောကြောင့် ရှစ်သောင်းဘုရား ကျောက်စာ ဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်။ ဤကျောက်စာကို ရခိုင်ဘုရင် မင်းဗာကြီး (၁၅၃၁-၁၅၅၃) လက်ထက်တွင် ဝေသာလီမြို့နန်းတော်ရာကုန်း အနီးမှ မြောက်ဦးမြို့ရှစ်သောင်းဘုရား အနီး ပြောင်းရွှေ့ထားခဲ့ခြင်း ဖြစ်သည်။ အာနန္ဒစန္ဒြ ကျောက်စာအရ ရခိုင် ဝေသာလီမြို့ဟောင်းသည် မြန်မာ့သမိုင်းတွင် အစောဆုံး မြို့ပြနိုင်ငံများဟု ယူဆသော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့နှင့် ခေတ်ပြိုင်ဟု ပညာရှင်များက သတ်မှတ်ခဲ့ကြသည်။

အာနန္ဒစန္ဒြ ကျောက်စာကို ပထမဦးဆုံး အဓိပ္ပာယ် ဖော်ထုတ်၍ စာတမ်း ရေးသားခဲ့သော ပညာရှင်မှာ အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ် တက္ကသိုလ်၊ ဘေလီယာ ကောလိပ်မှ အရှေ့တိုင်း ပညာပါမောက္ခ ဒေါက်တာ အီး၊ အိပ်ချ်၊ ဂျွန်စတင် ( Dr.E.H. Johnston) ဖြစ်သည်။ ဂျွန်စတင်နှင့် ခေတ်ပြိုင် လေ့လာသူ တဦးမှာ အိန္ဒိယ ကျောက်စာဝန် ဒေါက်တာ ဒီ၊ စီ၊ ဆာကား (Dr. D. C. Sircar) ဖြစ်သည်။ ဂျွန်စတင်၏ စာတမ်းသည် ဂျွန်စတင် ကွယ်လွန်ပြီးမှ ဆာရစ်ချတ်ဘန်း (Sir Richard Bum) နှင့် ပါမောက္ခ ဂျီ၊ အိပ်ချ်၊ လုစ် (G. H. Luce) တို့၏ ကြိုးစား တည်းဖြတ်မှုဖြင့် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဂျွန်စတင်၏ 'ရခိုင်ပြည်နယ်ရှိ သက္ကတ ကျောက်စာအချို့' Some Sanskrit Inscriptions of Arakan စာတမ်းကို ၁၉၄၄ ခုနှစ်ထုတ် အရှေ့တိုင်းနှင့် အာဖရိက ပညာ လေ့လာရေး စာစောင် အတွဲ ၁၁၊ အပိုင်း၂၊ Bulletin of the School of Oriental and African Studies, Vol. 11, Pt. 2 (1944) တွင် တွေ့နိုင်ပါသည်။ ဒေါက်တာ ဆာကားသည် ရခိုင်ကျောက်စာများ အကြောင်းကို အိန္ဒိယ အက်ပီဂရမ်ဖီယာ India Epigraphia, Vol. 32 (1975) နှင့် Vol. 37 (1967) တို့တွင် ရေးသားခဲ့သည်။

အာနန္ဒစန္ဒြ ကျောက်စာသည် ခေတ်ဦး ရခိုင် သမိုင်းအတွက် အလွန် အရေးပါ လှပါသည်။ ထို့ကြောင့် ဆရာ မင်းသုဝဏ်သည် ၁၉၅၁-၅၂ ခုနှစ်ထုတ် ဧည့ဝတီမဂ္ဂဇင်း၌ 'အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်မင်းတပါး' အမည်ဖြင့် လည်းကောင်း၊ ရှေးဟောင်း သုတေသန အရာရှိ မွန်ဘိုကေသည် ပြည်ထောင်စု ယဉ်ကျေးမှု စာစောင်၊ အတွဲ ၂၊ အမှတ် ၇ (မတ် ၁၉၅၇) တွင် 'ရှစ်သောင်းဘုရားမှ သက္ကတ ကျောက်စာတိုင်' ဆောင်းပါးဖြင့် လည်းကောင်း၊ ဒေါက်တာ သန်းထွန်းသည် ၁၉၆၄ ခုနှစ်ထုတ် ခေတ်ဟောင်း မြန်မာရာဇဝင်တွင် 'ရခိုင်ခေတ်ဦး' အမည်ဖြင့် လည်းကောင်း၊ ဦးအောင်သာဦးသည် ၁၉၆၆ ခုနှစ်ထုတ် ရခိုင် ယဉ်ကျေးမှု စာစောင်၊ အတွဲ ၁၊ အမှတ် ၁ တွင် 'ဝေသာလီ' ဟူသော အမည်ဖြင့် လည်းကောင်း ရေးသားခဲ့ကြသည်။ ၁၉၆၈ ခုနှစ်တွင် ကျင်းပသည့် တတိယ အကြိမ်မြောက် သုတေသန ကွန်ဂရက်တွင် မန္တလေး တက္ကသိုလ် ပါဠိဌာနမှ ဆရာမြင့်ဆွေ သည် 'အာနန္ဒစန္ဒြ သက္ကတကျောက်စာ' အမည်ဖြင့် သုတေသန စာတမ်း ဖတ်ကြားခဲ့၍ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်၊ အတွဲ ၂၊ အမှတ် ၃၊ စက်တင်ဘာ ၁၉၆၉ တွင် ပုံနှိပ် ဖော်ပြခဲ့သည်။ အာနန္ဒစန္ဒြ ကျောက်စာနှင့် ပတ်သက်၍ မြန်မာဘာသာဖြင့် အဦးဆုံး ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုထားသော စာတမ်း ဖြစ်သည်။ မြန်မာဘာသာဖြင့် အပြည့်အစုံဆုံး သုတေသန လက်ရာ ပြပါဆိုလျှင် ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဦးစံသာအောင်၏ 'အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီမင်း' စာအုပ်ကို ပြရပါသည်။

ဦးစံသာအောင်၏ စာအုပ်တွင် အခန်း ၁၄ ခန်း ခွဲထားသည်။ အခန်း (၁) တွင် ကျောက် စာတိုင် တည်နေရာနှင့် ရေးထိုးထားသော စာများ၊ အခန်း (၂) တွင် ဝေသာလီ၊ အခန်း (၃) တွင် အာနန္ဒစန္ဒြ ကျောက်စာကို ဖတ်ခြင်းများ၊ အခန်း (၄) တွင် အာနန္ဒစန္ဒြမင်း ကျောက်စာ ဓာတ်ပုံများ၊ အခန်း (၅) တွင် အာနန္ဒစန္ဒြမင်း ကျောက်စာသုံး ဗျည်းအစ သရအလယ် သရ နစ်လုံးဆင့်များနှင့် အသတ်များ၊ အခန်း (၆) တွင် တကြောင်းချင်း ယခုခေတ် မြန်မာ အက္ခရာဖြင့် ဖလှယ်ခြင်း၊ အခန်း (၇) တွင် ကျောက်စာစာကိုယ် ဝေါဟာရ အဖွင့်နှင့် မြန်မာပြန်၊ အခန်း (၈) တွင် ခေတ်ဦးကာလ ရခိုင်မင်းဆက်၊ အခန်း (၉) တွင် ဒုတိယခေတ် မင်းဆက်၊ အခန်း (၁၀) တွင် တတိယခေတ် မင်းဆက်၊ အခန်း (၁၁) တွင် အာနန္ဒစန္ဒြမင်း၊ အခန်း (၁၂) တွင် မှတ်သားဖွယ်ရာများ၊ အခန်း (၁၃) တွင် ဝေသာလီမှ စေတီသည် ကျောက်စာငယ်၊ အခန်း (၁၄) တွင် ဝေါဟာရ အညွှန်း ဟူ၍ စနစ်တကျ တင်ပြထားသည်။ လိုအပ်သော ဓာတ်ပုံ၊ မြေပုံ၊ ရုပ်ပုံများ အပြည့်အစုံ ပါဝင်သည်။ ကျောက်စာကို တလုံးချင်း အဓိပ္ပာယ် ဖလှယ်၍ ကျောက်စာ ဖတ်ပုံ နည်းစနစ်ကို ရှင်းလင်းထားသည်။ ထို့ပြင် ခေတ်ဦး ရခိုင်မင်းဆက် အမည်များကို ကျောက်စာပါ သက္ကရာဇ်များနှင့် ညှိနှိုင်းထားရာ ရခိုင်သမိုင်း၊ ဒဂ်ါးနှင့် ဗုဒ္ဓ အနုပညာ လေ့လာလိုသူများ အတွက်ပါ အထူး အသုံးဝင်လှပါသည်။

ခေတ်ဦးရခိုင်နှင့် ပတ်သက်၍ ဦးစံသာအောင်၏ ပထမဦးဆုံး သုတေသန လက်ရာမှာ ၁၉၇၄ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေခဲ့သော 'အေဒီခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည် သုံးအက္ခရာ' စာအုပ် ဖြစ်သည်။ ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူက နိဒါန်းတွင် -

"ဤစာအုပ်တွင် ရှေးအိန္ဒိယနိုင်ငံသုံး ဗြာဟ္မီ အက္ခရာအကြောင်းကို လည်းကောင်း၊ ဗြာဟ္မီ အက္ခရာများ အကြောင်းကို လည်းကောင်း ဖော်ပြထားပါသည်။ ယင်းတို့ မည်သို့ ဆင့်ကဲ ပြောင်းလဲလာပုံကိုလည်း ရှင်းလင်းထားပါသည်။ ယင်းနောက် ရခိုင်ပြည်နယ်တွင် တွေ့ရှိရသော ကျောက်စာများ၊ ခေါင်းလောင်းစာများ၊ ဒင်္ဂါးစာများ၊ ကြေးနီပြားစာ စသည်တို့ကို သမိုင်း အကျဉ်းချုပ်နှင့်တကွ မူရင်းစာကိုပါ ယနေ့သုံး မြန်မာ အက္ခရာဖြင့် ပြန်ဆို ကူးရေး၍လည်း ဖော်ပြထားပါသည်။ ယင်းတို့ကို စုစည်းပြီး ၆ ရာစု မတိုင်မီ ရခိုင်ပြည်နယ်သုံး ဗျည်းနှင့် သရတို့ကို ထုတ်ယူ၍ ဖော်ပြထားပါသည်" ဟု ရှင်းလင်းထားပါသည်။

ထိုသို့ ရှင်းလင်းရာတွင် ဗြာဟ္မီ အက္ခရာများ ခေတ်အဆက် ဆက်ပြောင်းလဲလာပုံ ဇယား၊ ဓာတ်ပုံ၊ အဓိပ္ပာယ် ရှင်းလင်းချက်၊ မှတ်ချက်များနှင့် စနစ်တကျ ဖော်ပြသည်။ တဖန် ယင်းတို့ကို ချိုင့် သုံးသပ်၍ ရခိုင်ပြည်နယ်သုံး အက္ခရာများသည် ပျူအက္ခရာနှင့် လည်းကောင်း၊ ကဒံဗ၊ ပလ္လဝ အက္ခရာများနှင့် လည်းကောင်း ကွဲပြား ခြားနားသည်။ ဆင့်ပွား မဟုတ်ဟု တင်ပြထားပါသည်။

မည်သို့ ဆိုစေ ရှေးဟောင်း ရခိုင် အက္ခရာရင်းမြစ် ပြောင်းလဲလာပုံနှင့် ပတ်သက်၍ မြန်မာဘာသာဖြင့် စနစ်တကျ လေ့လာ တင်ပြထားသော သုတေသန လက်ရာ တရပ် ဖြစ်သည်။

ဦးစံသာအောင်၏ တတိယမြောက် သုတေသန လက်ရာမှာ ၁၉၇၉ ခုနှစ်တွင် ထွက်ပေါ်ခဲ့သော 'ရခိုင် ဒင်္ဂါးများ' ဖြစ်သည်။ ယင်းစာအုပ်ကို ဦးစံသာအောင် ကွယ်လွန်ပြီးနောက် ၁၉၈၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Lancashire and Chesice Numismatic Spciety မှ 'Arakanse Coins' အမည်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ဘာသာပြန်သူမှာ မစ္စတာ ရော်ဘင်ဆင် (Mr. Robinson) နှင့် အေးဆက် (Aye Set) တို့ ဖြစ်သည်။

ဦးစံသာအောင် မတိုင်မီကပင် ရခိုင်ဒင်္ဂါးများနှင့် ပတ်သက်၍ နိုင်ငံခြားသား သုတေသီ ပညာရှင်များသည် စာအုပ် စာတမ်းများ ရေးသားခဲ့ပါသည်။ သောမတ်စ်လတ္တား (Thomas Latter) ၏ 'ရခိုင်ဒင်္ဂါးများ' The Coins of Arakan စာတမ်းကို ၁၈၄၆ ခုနှစ်ထုတ် တော်ဝင် အာရှရေးရာ စာစောင် The Joumal of the Royal Asiatic Society of Brngal, Vol. 15 (1846) တွင် လည်းကောင်း၊ ယင်းစာစောင်မှာပင် ဆာ အာသာ ဖယ်ယာ (Sir Arhtur P. Phayre) ၏ 'ရခိုင်ဒင်္ဂါးများ' The Coins of Arakan : the historical coins ကို လည်းကောင်း၊ ၁၈၇၂ ခုနှစ်ထုတ် ယင်းစာစောင် အတွဲ ၄၁ တွင် ဂျီ၊ အီး၊ ဖရိုင်ယာ (G. E. Fryer) ၏ 'ရခိုင် ဒင်္ဂါးမှတ်စု' Note on Arakanese Coins စာတမ်း၊ ၁၈၉၂ ခုနှစ်ထုတ် ယင်းစာစောင် အတွဲ ၆၁၊ အပိုင်း ၁ တွင် ဒဗလျူ၊ သီအိုဘဲ (W. Theobald) ၏ 'ရခိုင် ဝေသာလီခေတ် အမှတ်တံဆိပ်ပါ ဒင်္ဂါးများ' On a symbolical Coins of the Wethali Dynasty of Arakan စာတမ်း၊ ၁၉၂၈ ခုနှစ်ထုတ် အင်ဒီယန်း အင်တီကွာရီ The Indian Antiquary, Vol. 57 (1928) တွင် ဆာ ရစ်ချက်တင်ပယ် (Sir Richard Temple) 'မြန်မာနိုင်ငံတွင် တွေ့ရသော ဒင်္ဂါးများဆိုင်ရာ မှတ်စု' Notes on Currency and Coinage among the Burmese စာတမ်း၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်နေ့ထုတ် နေးရှင်း၊ တနင်္ဂနွေ အချပ်ပို (The Nation Sunday Supplement) တွင် ရပ်စတင် (C. A. Rouston) ၏ 'ရခိုင်ဒင်္ဂါး အချို့' (Some Coins of Arakan ဆောင်းပါးများနှင့် ၁၈၈၂ ခုနှစ်တွင် ဆာ အာသာဖယ်ယာ၏ 'မြန်မာ ပဲခူးနှင့် ရခိုင်ဒင်္ဂါးများ' Coins of Arakan of Pegu and Burma လုံးချင်း စာအုပ်များ ထွက်ပေါ် လာခဲ့ပါသည်။

သြစတြေးလျ အမျိုးသား တက္ကသိုလ်မှ ပင်မလာဂတ်မန်း (Pamela Gutman) သည်လည်း ပါရဂူဘွဲ့အတွက် 'ခေတ်ဦးရခိုင်' Ancient Arakan စာတမ်းကို ၁၉၇၆ ခုနှစ်တွင် တင်သွင်းခဲ့သည်။ ရခိုင် ဒင်္ဂါးများနှင့် ပတ်သက်၍ မြန်မာဘာသာဖြင့် ရခိုင်ပဏ္ဍိတ် ဦးဦးသာထွန်း၏ (ဝေသာလီခေတ်

ဒဂၤါးများ) ဆောင်းပါးကို ပြည်ထောင်စု ယဉ်ကျေးမှု စာစောင်၊ အတွဲ ၄၊ အမှတ် ၂ (ဖေပြီ ၁၉၆၃) နှင့် ဦးအောင်သာဦး၏ 'ရခိုင်ဒဂၤါးသမိုင်း'ကို ရခိုင်တန်ဆောင် မဂ္ဂဇင်း (၁၉၇၂) တွင် တွေ့နိုင်ပါသည်။

ဦးစံသာအောင်၏ 'ရခိုင်ဒဂၤါးများ' စာအုပ်တွင် အခန်း ၁၀ ခန်းခွဲ၍ ပြုစုထားသည်။ အခန်း (၁) တွင် ဒဂၤါးများ ပေါ်ပေါက်လာရေး၊ အခန်း (၂) တွင် ရှေးဟောင်း ရခိုင်ဒဂၤါးများ၊ အခန်း (၃) တွင် ရခိုင် ဝေသာလီ ဒဂၤါးများကို ရခိုင် ရာဇဝင်များနှင့် ညှိခြင်း၊ အခန်း (၄) တွင် အာနန္ဒစန္ဒြာမင်း ကျောက်စာပါ ရှေးမင်းများ၊ အခန်း (၅) တွင် မင်္ဂလာ အမှတ်လက္ခဏာပုံများ၊ အခန်း (၆) တွင် မင်္ဂလာ အမှတ်လက္ခဏာပုံများ မပါသော ရခိုင်ဒဂၤါးများ၊ အခန်း (၇) တွင် မြောက်ဦးမင်းဆက်များ၏ အတ္ထုပ္ပတ္တိ အကျဉ်း၊ အခန်း (၈) တွင် မြောက်ဦး မင်းဆက်များ၊ အခန်း (၉) တွင် ဒဂၤါးစာများ ဖတ်ရန် ဖျည်းနှင့် သရများ၊ အခန်း (၁၀) တွင် ပြုလုပ်သော ပစ္စည်း၊ အရွယ်အစားနှင့် အလေးချိန်တို့ ပါဝင်သည်။ နောက်ဆက်တွဲ အဖြစ် ရခိုင်ဒဂၤါး ၁၄၈ ပြား၏ ဓာတ်ပုံများ ပါသည်။ ထို့ကြောင့် ဦးစံသာအောင်၏ 'ရခိုင်ဒဂၤါးများ' စာအုပ် ထွက်ပေါ်လာသော အခါ ပညာရေး တက္ကသိုလ် လက်ထောက် ကထိက ဦးတိုးလှ (တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးလှ) က တက္ကသိုလ် ပညာပဒေသာ စာစောင်တွင် -

"... မစ္စတာ ဒူရှိုင်ဆယ် စီစဉ်သော ဖယ်ယာပြတိုက်ရှိ 'ဒဂၤါးများစာရင်း' ခေါ် စာအုပ်နှင့် ဆာ အသာဖယ်ယာ ပြုစုသော 'ရခိုင်၊ ပဲခူးနှင့် မြန်မာနိုင်ငံ ဒဂၤါးများ' ဟူသော စာအုပ်တို့ကို ပုံနှိပ်ပြီး ဖြစ်သော်လည်း ယင်းစာအုပ်တို့မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား၍ လွန်စွာလည်း ရှေးကျ၍ နေသော စာအုပ်များ ဖြစ်ချေသည်။ ထို့ကြောင့် အနည်းဆုံး မြန်မာနိုင်ငံတော် အတွင်း၌ ရှေးက သွန်းခတ် ထုတ်လုပ်ခဲ့သော ဒဂၤါးများ အကြောင်းကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အသစ် ထပ်မံ ရေးသား ပြုစုရန် လိုအပ်ပေသည်။"

အထက်ပါ စာပိုဒ်ကို ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၇-၅၈ ခုနှစ်အတွက် နှစ်ချုပ် အစီရင်ခံစာ (စာ-၄) မှ ထုတ်နုတ် ဖော်ပြပါသည်။

"ရွှေငုံးမင်း အမြီးမျှော်သလို အနှစ် ၂၀ စောင့်မျှော်ခဲ့ပါပြီ။ မပေါ်လာသေးတကား။ မမျှော်လင့်သော နေရာမှ မျှော်လင့် မှန်းဆ ကြည့်နိုင်တတ်သည်ထက် ပို၍ကောင်းသော၊ ရခိုင်ဒဂၤါး သမိုင်း ကျမ်းတစောင် ထွက်ပေါ်လာပေပြီ။ ယင်းကား ဦးစံသာအောင်၏ 'ရခိုင်ဒဂၤါးများ' ပင်တည်း။ ... ... ရှေးဟောင်း ဒဂၤါးတပြားသည် ခေတ်တခေတ်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စာပေ အနုပညာနှင့် ကိုးကွယ် ယုံကြည်မှု ဆိုင်ရာ ယဉ်ကျေးမှုကြီး တရပ်လုံးကို လွှမ်းခြုံထားရကား အမျိုးသား သမိုင်းကို သိရှိလိုသူတိုင်း ဒဂၤါးသမိုင်းကို လေ့လာကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့သော သမိုင်းအတွက် ဦးစံသာအောင်၏ 'ရခိုင်ဒဂၤါးများ' သည် ပုဗ္ဗမင်္ဂလာပင် ဖြစ်တော့သည်။ သက္ကတဘာသာ ကျွမ်းဝင်လိုသူများ၊ ရှေးဟောင်း အက္ခရာ လက်ရေးပညာကို လေ့လာလိုသူများ၊ သမိုင်းပညာရှင်များ၊ ဘောဂဗေဒ ပညာရှင်များ စသည်တို့ လေ့လာထိုက်သည့် ကျမ်းတဆူ ဖြစ်သည်" ဟု လှိုက်လှိုက်လှဲလှဲ ကြိုဆို ဝေဖန်ထားပါသည်။

ဦးစံသာအောင်၏ နောက်ဆုံးလက်ရာမှာ ၁၉၇၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ် ထုတ်ဝေခဲ့သည့် ခေတ်ဟောင်း ရခိုင် ဗုဒ္ဓ အနုပညာလက်ရာများ 'The Buddhist Art of Ancient Arakan' စာအုပ် ဖြစ်သည်။ ဤစာအုပ်တွင် အေဒီ ၈ ရာစု အာနန္ဒစန္ဒြာမင်း မတိုင်မီ ရခိုင် ရာဇဝင်လာ မင်းဆက်များကို ခေတ်သုံးခေတ် ပိုင်းခြား၍ မင်းဆက် ဇယားများနှင့် တင်ပြသည်။ ထို့နောက် ဓညဝတီနှင့် ဝေသာလီမြို့ဟောင်းတို့ကို မြေပုံအညွှန်းနှင့် အသေးစိတ် လေ့လာ တင်ပြထားသည်။ ထို့မှတဆင့် ရခိုင်ဒေသမှ တူးဖော် တွေ့ရှိရသော ဗုဒ္ဓ ယဉ်ကျေးမှု ဆိုင်ရာ ရုပ်ပွားတော်များ၏ မုဒြာဟန် အမျိုးမျိုးကို ဆွေးနွေး တင်ပြသည်။ ထို့ပြင် ထူးခြားသော မကိုဋ်ဆောင်း ရုပ်ပွားတော်များနှင့် ပြည့်ဖြိုးဟန် (ဗိုက်ပူ) ရုပ်ပွားတော်များကို လေ့လာ ရှင်းလင်းထားသည်။ ဗုဒ္ဓ ရုပ်ပွားတော်များ အပြင် ရခိုင် ရှေးဟောင်းဒဂၤါးများ၊ အုတ်ခွက်များ၊ ကြေးနီပြား၊ ကြေးခေါင်းလောင်းနှင့် ကြေးဆီမီးတိုင် ရုပ်တု အမျိုးမျိုး ဓာတ်ပုံ၊ မြေပုံ၊ ကျောက်စာ မိတ္တူများ ပါဝင်ရာ ခေတ်ဦးရခိုင် ဗုဒ္ဓ အနုပညာနှင့် ပတ်သက်၍ အားရဖွယ် ကျမ်းတစောင်ဟု ပညာရှင်များက သုံးသပ်ခဲ့သည်။

ဦးစံသာအောင်ကို အဖ အငြိမ်းစား စက်ရှင် တရားသူကြီး ဦးသာဇံဦး (K.S.M., A.T.M.) နှင့် အမိ ဒေါ်မသာ တို့မှ ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ဖွားမြင်သည်။ မိခင်မှ ကိုလိုနီခေတ်ဦး အလွန် ထင်ရှားသော ရခိုင်သူဌေးကြီး ဦးရဲကျော်သူ၏ အနွယ် ဖြစ်သည်။

ငယ်စဉ်က ရန်ကုန် တီတီစီကျောင်း၊ သာယာဝတီ၊ မြင်းခြံ၊ စစ်တွေ အစိုးရ စာသင်ကျောင်းများတွင် ပညာသင်၍ ၁၉၄၀ ပြည့်နှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲကို စစ်တွေ အစိုးရ အထက်တန်းကျောင်းမှ အောင်မြင်သည်။ ရူပဗေဒနှင့် ဓာတုဗေဒ ဘာသာရပ်များတွင် ဂုဏ်ထူးရသည်။ ၁၉၄၀-၄၁ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်၊ ၁၉၄၅-၄၇ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်တို့တွင် ပညာသင်ကြား၍ ၁၉၄၉ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဘီအက်စ်စီ ရူပဗေဒ ဂုဏ်ထူးတန်းကို ပထမ အဆင့်မှ အောင်မြင်သည်။ ၁၉၅၄ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ဟားဗတ် တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ (A.M.) ကို ရူပဗေဒဖြင့် ရရှိခဲ့သည်။

၁၉၅၀-၅၁ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ရူပဗေဒဌာန သရုပ်ပြဆရာ၊ ၁၉၅၁-၅၄ တွင် လက်ထောက်ကထိက၊ ၁၉၅၄-၆၄ တွင် ကထိက၊ ၁၉၆၄-၇၀ ပါမောက္ခ၊ ၁၉၇၀-၇၂ တွင် တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး ညွှန်ကြားရေးမှူး၊ ၁၉၇၂-၈၁ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ရခိုင် ကျောင်းသူ ကျောင်းသားများ အသင်း ဥက္ကဋ္ဌ၊ ရခိုင်တန်ဆောင် အင်္ဂလိပ်စာ အတိုင်ပင် ခံစာတည်း၊ ၁၉၆၆-၇၀ တွင် တက္ကသိုလ်များ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၇၀-၈၁ ခုနှစ်တွင် နာယက၊ တက္ကသိုလ်များ အားကစား အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သုတေသန အသင်း အမှုဆောင်၊ သုတေသန လုပ်ငန်းများ ဆိုင်ရာ မူဝါဒအဖွဲ့ အတွင်းရေးမှူး၊ တက္ကသိုလ် ပညာပဒေသာ စာစောင်နှင့် တက္ကသိုလ် သုတေသန စာစောင် အုပ်ချုပ်မှု စာတည်းအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန် တက္ကသိုလ် ရူပဗေဒဌာန ဂုဏ်ထူးဆောင် ပါမောက္ခ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် အဖြစ် ရခိုင်ပြည်နယ် စစ်တွေ မဲဆန္ဒနယ်မှ ရွေးချယ်ခံရသည်။

၁၉၅၄-၇၀ ခုနှစ် အတွင်း အိန္ဒိယ၊ တရုတ်၊ ဩစတြေးလျားတို့တွင် ကျင်းပသော အကျော်မြူ စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်၍ ၁၉၆၄ ခုနှစ်၊ တရုတ်ပြည် ပီကင်းတွင် ကျင်းပသော အပြည်ပြည် ဆိုင်ရာ သိပ္ပံပညာရှင်များ နီးနှော ဖလှယ်ပွဲတွင် Aims and Paractice of Physics Teaching in Burma (Myanmar) စာတမ်းကို တင်သွင်းခဲ့သည်။ ပညာရေး လေ့လာရေး ခရီးစဉ်ဖြင့် ဂျပန်နိုင်ငံ (၁၉၇၃)၊ အမေရိကန်ပြည်ထောင်စု (၁၉၇၅)၊ ဆိုဗီယက်ယူနီယံ (၁၉၇၇) နိုင်ငံများသို့ သွားရောက်ခဲ့သည်။

ပုံနှိပ် ထုတ်ဝေခဲ့သော သိပ္ပံပညာ ဆိုင်ရာ စာအုပ်များမှာ ဒေါက်တာ မောင်မောင်ခနှင့် တွဲ၍ 'အခြေပြု ရူပဗေဒ' (၄ တွဲ) (၁၉၇၁)၊ 'ရူပဗေဒအကြောင်း သိကောင်းစရာ' (၁၉၇၁)၊ 'ကွန်ပျူတာ' (၁၉၇၃)၊ 'အက်တမ်နှင့် နျူကလီးယား စွမ်းအင်' (၁၉၇၄) တို့ ရေးသား၍ 'ရူပဗေဒအကြောင်း သိကောင်းစရာ' စာအုပ်ဖြင့် ၁၉၇၁ ခုနှစ်၊ အမျိုးသား စာပေဆုကို သိပ္ပံနှင့် အသုံးချ ဘာသာရပ် အတွက် ရရှိခဲ့သည်။ စာပေဗိမာန်မှ ဦးဆောင် ကျင်းပသော သိပ္ပံ စာပေ နီးနှော ဖလှယ်ပွဲတွင် 'လူထုအတွက် သိပ္ပံစာပေ' စာတမ်း တင်သွင်း၍ ပုံနှိပ် ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Working People's Daily, The Guardian တို့တွင် ရူပဗေဒ သိပ္ပံပညာ ဆောင်းပါးများနှင့် ရခိုင်သမိုင်း အနုပညာ ဆောင်းပါးများကို အင်္ဂလိပ်ဘာသာဖြင့် အများအပြား ရေးသားခဲ့သည်။ အချို့မှာ စာအုပ် အဖြစ် ထုတ်ဝေရန် ကျန်ရှိနေသေးသည်။ သာဓက ပြရသော် ဂါဒီးယန်း သတင်းစာတွင် ရေးသားခဲ့သော ရခိုင် မဟာမုနိ ဘုရားသမိုင်း (Legend of Mahamuin) ဖြစ်သည်။

ဦးစံသာအောင်သည် ဌာနဆိုင်ရာ လုပ်ငန်းများ၊ ရှေးဟောင်း ရခိုင်သမိုင်း ယဉ်ကျေးမှု ဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေစဉ် ၁၉၈၁ ခုနှစ်၊ မေ ၂၅ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်ခဲ့ပါသည်။

# [ပြင်ဆင်ရန်] အညွှန်း

1. ij မောင်ဇေယျာ [မိုးဂျာနယ်၊ အမှတ် ၆၊ ဇွန် ၂၀၀၅]

၁။ စောထွန်းအောင်၊ ဒေါက်တာ။ 'ဦးစံသာအောင်နှင့် ဘဝမှတ်တိုင်များ'၊ ရခိုင်တန်ဆောင်၊ အမှတ် ၁၉ (၁၉၆၆) စာ ၁၅-၂၃။

၂။ စံသာအောင်၊ ဦး။ 'အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာ'။ ရန်ကုန်၊ ဥမ္မာအောင်စာပေ၊ ၁၉၇၄။

၃။ တိုးလှ၊ ဦး။ 'ရခိုင်ဒင်္ဂါးများ၊ စာအုပ်ဝေဖန်ချက်'၊ တက္ကသိုလ် ပညာပဒေသာ စာစောင်။ တွဲ ၁၃၊ မှတ် ၅ (စက်တင်ဘာ ၁၉၇၉) စာ ၁၇၀-၁၇၂။

၄။ Embree, John F.Biliography of the People's and cultures of Mainland Southeast Asia, by John F. Embree and Lillian Ota Dotson. New Haven: Yale University,1959.

## ဆရာကြီး ဦးရွှေဇံ

ဦးရွှေဇံ ကို အဖ–စက်ရှင်တရားသူကြီးဦးသာဇံဦးနှင့် အမိ–မိမဘုတို့မှမွေးဖွားခဲ့ပြီး၊ (၁၃)ယောက်မြောက်သားဖြစ်သည်။ (သမိုင်းသုတေသီဆရာကြီးဦးစံသာအောင်၏ ညီအငယ်ဆုံး ဖြစ်သည်) စစ်တွေမြို့အစိုးရအထက်တန်းကျောင်းတွင်ပညာသင်ကြားခဲ့ပြီး၊၁၉၄၆–ခုနှစ်တွင်တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်ကာ၊ ၁၉၅၂–ခုနှစ်တွင်(B.Sc)ဘွဲ့ကိုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ရူပဗေဒနည်းပြအဖြစ် ခေတ္တထမ်းဆောင်ခဲ့ပြီး၊သန်းခေါင်စာရင်းအရာရှိအဖြစ်(၂)နှစ်အမှုထမ်းဆောင်ခဲ့ပြီး၊၁၉၅၄ခုနှစ်တွင်မြန်မာနိုင်ငံဝန်ထမ်း(အကြီးတန်း)အဖြစ် ခန့်ထားခံရသည်။ မြို့ပိုင်၊ နယ်ပိုင်၊ မြို့မ ဝန်ထောက်ကြီး အဖြစ်၁၉၆၁–ခုနှစ်၊ ဖေဖော်ဝါရီလအထိ ထမ်းဆောင်ခဲ့သည်။ ၁၉၆၁–ခုနှစ်၊ မတ်လမှ ၁၉၆၇–ခု နှစ်၊ စက်တင်ဘာ လအထိ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနတွင် အတွင်းဝန်ကလေးနှင့် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၆၇–ခုနှစ်အောက်တိုဘာလမှ ၁၉၆၈–ခုနှစ်စက်တင်ဘာလအထိ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာန လက်အောက်ရှိ အောင်ဘာလေသိန်းဆုဌာနတွင် လက်ထောက်အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၈–ခုနှစ်၊ အောက်တိုဘာလမှ ၁၉၇၀–ခုနှစ်၊ ဇန်နဝါရီလအထိ ကရင်ပြည်နယ်၊ ဘားအံခရိုင် တွဲဘက်ခရိုင်ဝန်၊ ၁၉၇၀–ခုနှစ် မှ ၁၉၇၂–ခုနှစ်ဩဂုတ်လအထိ သံတွဲခရိုင်ဝန် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၇၂–ခုနှစ်၊ဩဂုတ်လမှစ၍ရခိုင်တိုင်းလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဒုတိယရုံးအဖွဲ့မှူးနှင့် ရခိုင်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးဌာနမှူး ပူးတွဲတာဝန်ကို ၁၉၇၇–ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။

၁၉၇၈–ခုနှစ်တွင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီဝင်အဖြစ်ရွေးချယ်ခံရပြီးလျှင် ၁၉၇၈–ခုနှစ်မှ ၁၉၈၄–ခုနှစ်အထိ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူးတာဝန်ကိုလည်းကောင်း၊ ၁၉၈၅–ခုနှစ်မှ ၁၉၈၈–ခုနှစ်အထိ ရခိုင်ပြည်နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်းထမ်းဆောင်ခဲ့သည်။ ပြည်သူ့ ကောင်စီတာဝန်ထမ်းဆောင်ယင်း ၁၉၇၈–ခုနှစ်တွင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ရာထူးတိုးမြှင့် ခံရသည်။

ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူးနှင့်ပြည်နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်နေစဉ် ရခိုင်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းသုံးရပ်၏တာဝန်ပေးအပ်ချက်အရ၊ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း(သမိုင်းနှင့်ပထဝီအနေအထားကဏ္ဍ)( Physical Features )၊ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ယဉ်ကျေးမှုကဏ္ဍပြုစုရေးအဖွဲ့ခေါင်းဆောင်တာဝန်၊(၂)ရခိုင်ပြည်နယ်မဂ္ဂဇင်းအယ်ဒီတာနှင့် ထုတ်ဝေသူ (၃) မြောက်ဦးလမ်းညွှန်စာအုပ်ထုတ်ဝေရေး ကော်မတီဥက္ကဋ္ဌနှင့်ထုတ်ဝေသူ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈–ခုနှစ်တွင် နိုင်ငံတာဝန်အရပ်ရပ်မှအငြိမ်းစား/အနားယူပြီးနောက်၊ ရခိုင်သဟာယမဂ္ဂဇင်း–ရန်ကုန်မြို့၊ ခိုင်မဂ္ဂဇင်း–စစ်တွေမြို့၊မြတ်ပန်းသဇင်ရခိုင်အမျိုးသမီးမဂ္ဂဇင်း–ရန်ကုန်မြို့၊မဇ္ဈိမအလင်းရောင်

မဂ္ဂဇင်း–အိန္ဒိယ၊ထေရ်ရဂုဏ်ရည် စာပန်းချီစာစောင်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့မှထုတ်ဝေသည့် မဂ္ဂဇင်း စာစောင်များနှင့်အမေရိကန်နိုင်ငံရှိ ရခိုင်အမျိုးသားအသင်း(World Arakanese Organization) မှထုတ် ဝေသည့် ရက္ခိတမဂ္ဂဇင်းတွင်(A Buddha Foot Print of Mrauk-U Period )ဆောင်းပါးနှင့် အခြား ရခိုင်သမိုင်းဆိုင်ရာအဆက်အစပ် ဆောင်းပါးများကိုရေးသားခဲ့သည်။ ၁၉၅၂–၅၃ ခုနှစ်က ရခိုင်ပြည်နယ်၌ သန်းခေါင်စာရင်းအရာရှိတာဝန်ထမ်းဆောင်စဉ်၊တစ်ဘက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့်ဘင်္ဂလီ မူဆလင်းနှင့်ပတ်သက်သည့် (Study of Muslim infiltration into Rakhine State )ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်ရေးသားပြုစုခဲ့ရာ၊အမေရိကန်နိုင်ငံ၊ကိုလံဘီယတက္ကသိုလ်မှ အချိန်ပိုင်းပါမောက္ခ ဒေါက်တာ နာယက ကအဆိုပါစာတမ်းအား၊ ဂျပန်နိုင်ငံ၊ ကန္ဒတက္ကသိုလ်မှသမိုင်းပါမောက္ခဒေါက်တာအေးချမ်း ၏ (The Development of Muslim Enclave in Arakan(Rakhine) State of Burma (Myanmar))နှင့်ပူးတွဲ ပြီး ( INFLUX VIRUSES ,The Illegal Muslim in Arakan) အမည်ဖြင့် အမေရိကန်နိုင်ငံ၊ နယူး ယောက် မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဓညဝတီခေတ်နှင့်ပတ်သက်၍၊ ရခိုင်လူကြီးတချို့က၊ အမှန်တကယ်မရှိသော ဓညဝတီခေတ်ကို မည်သည့်အတွက်ဖော်ထုတ်ရန်ကြိုးစားနေပါသလဲ–ဟူသောသရော်တော်တော်မေးခွန်းများကိုမေးမြန်းခံခဲ့ရ သည်။သို့ကြောင့်လည်း ဓညဝတီခေတ်သည် ဒဏ္ဍာရီမဟုတ်ပါဆိုသည့် ဆောင်းပါးကိုရေးသားလျှက် ပျောက်ကွယ်နေသည့် ဓညဝတီရှေးဦးခေတ်ကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့သည်။တတိယဓညဝတီခေတ် သူရိယမင်းဆက်၏စွမ်းပကား၊ Cultural and Religious Relation between India and Dhanyawady, A Buddhistic Land of Rakhine, ဓညဝတီခေတ် ရခိုင်ခေတ်ဦး။ ဝေသာလီခေတ်ကိုဖော်ညွှန်း သည့် ဆောင်းပါးများမှာ ဝေသာလီကျောက်လှေကားခေတ် ပဟေဠိပုစ္ဆာနှင့်အဖြေ။ Some justifications about Wethali a Single Rakhine Dynasty, existing between Fourth and Ninth Century, လေးမြို့ခေတ်ကို ဖော်ညွှန်းသည့် ဆောင်းပါးများမှာ A Mahakyain Phara of Lemro period လေးမြို့ခေတ်ဗုဒ္ဓသာသနာ၊ မြောက်ဦးခေတ်ကို ဖော်ညွှန်းသည့် ဆောင်းပါးများမှာ The Golden Mrauk-U, an ancient Capital of Rakhine မြောက်ဦးခေတ် ငွေဒင်္ဂါး၊ သို့မဟုတ်၊ ဒင်္ဂါးကပြောသောမြောက်ဦးခေတ်သမိုင်း တို့ဖြစ်သည်။

၁၉၉၆–ခုနှစ်တွင် ဦးဘစံ(ဓညစံ)(အစ်ကို)ရေးသားသည့် အင်္ဂလိပ်နှင့်ဖက်ဆစ်ဂျပန် တော်လှန်ရေးမှတ်တမ်းကိုမှီး၍ "ရခိုင်တိုင်းရင်းသားများနှင့်မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု" စာအုပ်ကို စီစဉ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

ဝိသိဋ္ဌိဂုဏပူဇာမော်ကွန်းတင်စာစောင်တွင် "ရခိုင်တို့၏ဗုဒ္ဓသာသနာရွှေရောင်လွှမ်းမိုးခဲ့သည့်အချိန် "ဆောင်းပါးကိုလည်းကောင်း၊ရခိုင်ပြည်နယ်၊ပုဏ္ဏားကျွန်းမြို့နယ်မှထုတ်ဝေသည့် ဦးရာဇ်မြေမဂ္ဂဇင်းအမှတ် (၁)တွင် ရခိုင်ဝါးတောနှင့်စပ်လျဉ်းပြီး "ရခိုင်ဝါးတောနှင့်ရှေ့အလားအလာ" ဆောင်းပါးကိုလည်းကောင်း၊ ခေတ်သုတေသီများက ဓညဝတီခေတ်နှင့်ဝေသာလီခေတ်မင်းဆက်များအကြောင်း ရေးသားတင်ပြကြရာ၌ အသုံးပြုနေကြသည့် သက္ကရာဇ်ဆောင်းပါးနှင့် Sekyamuni copper Image and Inscription on it ဆောင်းပါးကို၂၀၀၃–ခုနှစ်အောက်တိုဘာလထုတ်ရခိုင်မဂ္ဂဇင်းနှင့် ရန်ကုန်မြို့ရခိုင်သဟာယမဂ္ဂဇင်းအမှတ် (၆)တို့တွင်လည်းကောင်း၊ Customs 2005 မဂ္ဂဇင်းတွင် Mahamuni Sculpture နှင့် Evolution of Buddhism in Rakhine ဆောင်းပါးတို့ကို လည်းကောင်းရေးသားခဲ့သည်။ ၄င်းအပြင် နိုင်ငံတကာ နှင့်

မြန်မာ့ခရီးသွားလုပ်ငန်းအထောက်အကူဖြစ်စေရန်နှင့်ရခိုင်ပြည်နယ်မှရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာကလေ့လာသိရှိနိုင်စေရန် ရည်ရွယ်လျှက် The Golden Mrauk-U, an ancient Capital of Rakhine စာအုပ်ကိုအင်္ဂလိပ်ဘာသာဖြင့် မြောက်ဦးမြို့ရှိဘုရားစုံကို ဖော်ပြပြီးထုတ်ဝေခဲ့ပါသည်။ ၂၀၁၀– ခုနှစ်၊ အိန္ဒိယနိုင်ငံမှထုတ်ဝေသည့် "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း" ထုတ်ဝေရာတွင် အတိုင်ပင်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ "ရခိုင်တို့၏အတိတ်ကာလ ဂေါတမမြတ်စွာဘုရား မပွင့်ထွန်းမီအချိန်အခါနှင့် ပွင့်ပြီးစ တတိယဓညဝတီကာလ" ဆောင်းပါးကိုရေးသားချီးမြှင့်ခဲ့ပါသည်။

၂၀၀၆–ခုနှစ်က "ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးကသက်သေတည်သရွေ့" စာအုပ်ကို ထုတ်ဝေခဲ့ရာတွင်မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့၏မေတ္တာရပ်ခံချက်အရ၊ရခိုင်သမိုင်းတွင်ကိုလိုနီခေတ် ကအုပ်ချုပ်ခဲ့သော ဗြိတိသျှအရာရှိကြီးများ၏မှားယွင်းသောသက္ကရာဇ်သတ်မှတ်မှုကြောင့် ရှေးခေတ် ရခိုင် သမိုင်းစဉ် အချိန်ကာလရွေ့လျော့နောက်ဆုတ်ရသည်ကို အမှန်တည့်မတ်ပေးလိုသည့်စေတနာဖြင့် သမိုင်း ဆိုင်ရာအထောက်အထားများကို ကိုယ်တိုင်ထောက်ပြရှင်းပြခဲ့သည်။ အေဒီ (၄)ရာစုနှောင်းပိုင်း၌ စတင်ခဲ့ သည်ဟုယူဆသောဝေသာလီခေတ်သည် ဗိသနိုးခေတ်နှောင်း၊ သရေခေတ္တရာ အစောပိုင်းနှင့်သာ ခေတ် ပြိုင်ဖြစ်နေသည်ကိုလည်းကောင်း၊ သရေခေတ္တရာနောက်မှ ပေါ်ထွန်းခဲ့သော ပုဂံခေတ်အစဦးပိုင်းသည် ဝေသာလီ ခေတ်နှောင်းနှင့်သာ ခေတ်ပြိုင်ဖြစ်နိုင်တော့သည်ကိုလည်းကောင်း၊ ရှေးဟောင်းမြန်မာ နိုင်ငံတွင်ပျူခေတ်ကုန်ဆုံး၍ပုဂံခေတ်မစတင်မီသီရိပစ္စယာခေတ်နောက်ပိုင်းနှစ်ပေါင်း(၁၅၀)အကြာတွင်မှမင်း ဖြစ်လာသော ပုပ္ပါးစောရဟန်းမင်းနှင့် တတိယ ဓညဝတီခေတ်၏ သူရိယရေနုမင်းတို့ ခေတ်ပြိုင်ဖြစ် သည် ဟု တွက်ချက်ထားသော အနောက်တိုင်းသုတေသီတို့၏ မှားယွင်းမှုကိုလည်းကောင်းတွေ့ရှိလာရပြီး၊ ပုဂံ သီရိပစ္စယာခေတ်မှ ပုပ္ပါးစောရဟန်းမင်းသည် ဝေသာလီနှောင်းပိုင်းမှသီရိစန္ဒရားမင်း (ဓမ္မဝိဇယမင်း) နှင့် သာ သက္ကရာဇ်ဖြိုမှုနှင့်ယှဉ်၍ ခေတ်ပြိုင်ဖြစ်သည်ကိုတွေ့လာရကြောင်း အနောက်တိုင်းသား သုတေသီ များ၏မဟာအမှားတော်ပုံကြီးကို ရှင်းလင်းဖော်ထုတ်တင်ပြခဲ့သည်။ သမိုင်းကော်မရှင်အတွင်းရေးမှူး ဒေါက်တာ တိုးလှက ဆရာကြီးဦးရွှေဇံကဲ့သို့ မြန်မာ့သမိုင်း၌လည်း မှားယွင်းမှုများကို လေ့လာပြီး ဖော် ထုတ်နိုင်အောင်ကြိုးစားကြရန် သူ့တပည့်များကိုမှာကြားခဲ့သည်ဟုသိရသည်။မှားယွင်းနေသည့်သက္ကရာဇ် များကိုဖော်ထုတ်ပြသနိုင်ခဲ့သည့်အတွက်၊ ရခိုင်သမိုင်းခေတ်ကြီး(၄)ခေတ်ကိုသမိုင်းမှန်၊ သက္ကရာဇ်မှန်များ ဖြင့် ခိုင်ခိုင်မာမာမှတ်တမ်းတင်နိုင်ခဲ့ရာ ရခိုင်သမိုင်းတစ်ခုလုံး၏ အဆင့်အတန်းကို မြင့်မားစေခဲ့ပါသည်။

၂၀၀၉–ခုနှစ်တွင် "ရှေးခေတ်ရခိုင်သမိုင်းစဉ်နှင့်ခေတ်အဆက်ဆက်ယဉ်ကျေးမှု–ဓညဝတီခေတ်" စာအုပ်ကို အင်္ဂလိပ်၊ မြန်မာစာများဖြင့်ပူးတွဲထုတ်ဝေပြီး၊ ရခိုင်တို့၏သမိုင်းခေတ်ဦးကို ဓညဝတီမြို့တော် တူးဖော်မှုရလာဒ်များနှင့်အတူ–ဓညဝတီခေတ်သည် ဒဏ္ဍာရီမဟုတ်ပါ။ ဆိုသည်ကို ပိုမိုခိုင်မာအောင် အတည်ပြုချက်ပေးနိုင်ခဲ့သည်။ ၎င်းအပြင် အဓိကသံသယဝင်လျှက်ရှိကြသည့် ဗုဒ္ဓဂေါတမဘုရားရှင် ဓညဝတီရက္ခိုင်ပြည်ကြီးသို့ကြွလာသည်မှာ မှန်ကန်ယုတ္တိရှိကြောင်းကိုလည်း သက္ကရာဇ်အထောက်အထား၊ ခေတ်ပြိုင်သမိုင်းအထောက်အထားများဖြင့် တင်ပြနိုင်ခဲ့ပါသည်။ တတိယဓညဝတီခေတ် အချိန်ကပင် ရခိုင်တို့သည်ပဥ္စလောဟာနှင့် သတ္တုသွန်းလုပ်မှုအတတ်ပညာများကို နိုင်နင်းစွာတတ်မြောက်လျှက်ရှိပြီး၊ ခေတ်ပြိုင်ဖြစ်သော ဥရောပတိုက် ဂရိအေသင်မြို့တို့တွင်တည်ဆောက်ခဲ့သော(Acropolis)ခံတပ်၌ စိုက်ထူ

ထားသော နတ်ဘုရားရုပ်တုကြီးများ၏ စက်မှုအတတ်ပညာထက် ရခိုင်တို့၏စက်မှုပညာမှာ နောက်မကျကြောင်းဖော်ထုတ်တင်ပြခဲ့ပါသည်။ ရခိုင်တို့၏ခေတ်ဦးဖြစ်သော ဓညဝတီခေတ်ကိုဖော်ထုတ်ခဲ့ သည့်အတွက် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့သည့် ထေရဝါဒဗုဒ္ဓသာသနာကိုသာ ယုံကြည်သက်ဝင် လာခဲ့ကြသော ရခိုင်လူမျိုးတို့၏ဘာသာရေးယုံကြည်ချက်၊ ခံယူချက်များနှင့် ရခိုင်တို့၏နည်းပညာထွန်း ကားမှု၊ ယဉ်ကျေးမှု စာပေဆိုင်ရာတိုးတက်မြင့်မားမှုအခြေအနေများကိုလည်း အများပြည်သူတို့အား ပိုမို ရှင်းရှင်းလင်းလင်း သိစေနိုင်ခဲ့ပါသည်။

၂၀၁၀-ခုနှစ်တွင် နိုင်ငံခြားသုတေသီများအတွက်ပါရည်ရွယ်လျှက်လည်းကောင်း၊ ရခိုင်သမိုင်း၏ ကြွယ်ဝလှသော ဝေသာလီခေတ်ကိုကမ္ဘာကပါသိရှိနိုင်စေရန်နှင့် ရခိုင်လူမျိုး၏သမိုင်း၊ ယဉ်ကျေးမှု၊ စီးပွားရေး၊လူမှုရေး၊နိုင်ငံရေး ဖြစ်ထွန်းခဲ့မှုများသည် ခေတ်ကာလအားဖြင့်ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ခဲ့သည် ကို ထင်သာ မြင်သာဖြစ်စေလိုသည့်စေတနာဖြင့်လည်းကောင်း WETHALI: THE LAND OF HISTORIC FINDS စာအုပ်ကိုအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ဝေသာလီခေတ်သည် ရခိုင်ယဉ်ကျေးမှု အထွန်းကားဆုံးကာလဖြစ်သကဲ့သို့၊ဘာသာရေးနှင့်စပ်လျဉ်းပြီး၊စတုတ္ထသံဂါယနာကိုတင်နိုင်ခဲ့သည့် သမိုင်း အထောက်အထားများ၊ ဘုရင်အဆက်ဆက်ထုတ်ဝေခဲ့သည့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများနှင့် ကျောက်စာ၊ ပေစာ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းစာ၊ အုတ်ခွက်စာ၊ ဆီမီးခွက်စာ၊ ဒင်္ဂါးစာ၊ ရတု၊ ကဗျာ၊ ဧးချင်း စသည်များ အဘက်ဘက်က တိုးတက်လာခဲ့သည်တို့ကို ဓာတ်ပုံ၊ ရုပ်ပုံအထောက်အထားများနှင့်အတူ တင်ပြထား

သဖြင့်၊သမိုင်းသုတေသီများနှင့်သမိုင်းကိုလေ့လာလိုက်စားသူများ၊နောင်လာရခိုင်မျိုးချစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းမော်ကွန်း မှတ်တမ်းတစ်ခုပင်ဖြစ်ပါသည်။

ဓညဝတီခေတ်(မြန်မာ)နှင့် ဝေသာလီခေတ်(အင်္ဂလိပ်)စာအုပ်များထွက်လာပြီးနောက် ခေတ်ကြီး (၄)ခေတ်ပြည့်ပြည့်စုံစုံပါဝင်သည့် ရခိုင်သမိုင်းအပြည့်အစုံကို ထုတ်ဝေရန်စဉ်းစားခဲ့ပါသည်။ ရခိုင်သမိုင်း ကျမ်းကြီးတစ်စောင် ထွက်ပေါ်လာရန်မှာ ယနေ့ရခိုင်လူမျိုး တို့၏လက်ငင်းတာဝန်ကြီး တစ်ရပ်ဖြစ်နေရာ၊ ဆရာကြီးသည် ရခိုင်သမိုင်းတစ်စောင်ကို အမြန်ဆုံးထုတ်ဝေရန် ဆန္ဒပိုမိုပြင်းထန်လာခဲ့လေသည်။

ရန်ကုန်တိုင်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် အသျှင်သုစိတ္တာဘိဝံသကလည်း ကျမ်းစာအုပ်ထုတ်ဝေရန်တိုက်တွန်းသည့်အပြင်၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန် မြန်မာကျောင်းတိုက်ပဓာန နာယက အသျှင်ဝဏ္ဏဓဇနှင့် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အသျှင်သုဇာတ တို့ကလည်း စာအုပ်ထုတ်ဝေရန် အားပေးတိုက်တွန်းကြရာ ဆရာကြီး၏ ဆန္ဒကိုထပ်လောင်းတွန်းအားပေးသကဲ့သို့ ဖြစ်သွားပါသည်။ သို့ကြောင့်လည်း ဤသမိုင်းကျမ်းကြီး ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဤသို့အဘက်ဘက်မှတိုက်တွန်းအားပေးမှုများကြောင့် ကျမ်းပြုစုရေးလုပ်ငန်းကို ၂၀၁၁-ခု၊ ဧပြီလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ကြပြီး၊ကျမ်းအမည်ကို
□□□□□□□□□□□□□□□□□□□□□□□□□□□□□□□ ဟုပေးခဲ့ ပါသည်။ ပထမတွင်
ရခိုင်သမိုင်း၏ခေတ်ကြီး(၄)ခေတ်သမိုင်းမျှကိုသာ ထုတ်ဝေရန်စီစဉ်ခဲ့သော်လည်း ဖြစ်ထွန်း

ပေါ်ပေါက်လာသည့် ခေတ်ရေစီးကြောင်းများအရ ရခိုင်သမိုင်းကိုလေ့လာရာတွင် သမိုင်း၏ပကတိဖြစ်စဉ်များအပြင်သမိုင်းနှင့်ဆက်နွယ်ပါလာသည့်စာပေ၊ရိုးရာယဉ်ကျေးမှု၊
အနုပညာရပ်များ၊ရခိုင်ရိုးရာပွဲတော်များ၊ အားကစားများ၊
ဘာသာရေးဆိုင်ရာအမြင်၊စာပေဆိုင်ရာအမြင်၊ယဉ်ကျေးမှုဆိုင်ရာအမြင်များကိုပါ ဆက်စပ်လေ့လာသင့်သည်ကိုတွေ့လာရသဖြင့်၊ ထိုသို့ဆက်စပ်လေ့လာနိုင်စေရန် ရခိုင်စာပေသမိုင်း၊ ရခိုင်ရိုးရာယဉ်ကျေးမှုအနုပညာများ၊ ရခိုင်ပွဲတော်များနှင့်ရခိုင်ရိုးရာအားကစားများ၊ သုတေသီအချို့၏ ရခိုင်သမိုင်းဆိုင်ရာအမြင်နှင့်ကျမ်းပြုသူ၏သုံးသပ်ချက်၊ ရခိုင်ဘာသာရေးဆိုင်ရာတင်ပြချက်များ၊
အမျိုးသားယဉ်ကျေးမှု
နှင့်နယ်မြေတည်တံ့ရေးဆိုင်ရာမှတ်တမ်းများစသည်ဖြင့်သီးခြားအခန်းကဏ္ဍတစ်ခုစီဖွင့်လှစ်တင်ပြထားပါသည်။၎င်းအပြင်
ရခိုင်သမိုင်းအားပိုမိုပြည့်စုံစေရေးကိုရှေ့ရှုလျှက်ကျမ်းပြုသူကိုယ်တိုင်ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်ပြုစုခဲ့သည့်ရခိုင် ပြည်နယ်ဖြစ်စဉ်သမိုင်းကိုလည်း ကိုးကားထားသည့်အပြင် အများပြည်သူလွယ်ကူစွာတစ်ဆက်တစ်စပ်တည်းလေ့လာ နိုင်စေရန်ရည်ရွယ်လျှက် အချို့အကြောင်းအရာအချက်အလက်များကိုလည်း ကောက်နုတ်ဖော်ပြပေးထား
ပါသည်။ထို့ကြောင့်ဤကျမ်းသည်ပြီးပြည့်စုံသည့်ရခိုင်သမိုင်းကျမ်းတစ်ကျမ်းဟုမဆိုနိုင်သော်လည်း၊ဤကျမ်းကို လေ့လာခြင်းအားဖြင့် ရခိုင်သမိုင်း၏အနေအထား၊ ရခိုင်လူမျိုး၏စာပေ
ယဉ်ကျေးမှုအဆင့်အတန်းတို့ ကို သိတန်သလောက်သိရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။

ဆရာကြီးသည်အလွန်ဆန္ဒပြင်းပြခဲ့သောရခိုင်သမိုင်းအလင်းပြကျမ်းကြီးကိုမူကြမ်းအချောအနေဖြင့် သာတွေ့မြင်သွားခဲ့ပါသည်။ စာအုပ်မှာပုံနှိပ်ဆဲဖြစ်၍မတွေ့မြင်သွားခဲ့ပါ။ ဆရာကြီးသည် နှလုံးရောဂါဖောက်လာသဖြင့် ၁၇–၁၀–၂၀၁၁ ရက်နေ့တွင် အာရှတော်ဝင်အထူးကုဆေးရုံကြီးသို့ တက်ရောက်ကုသခံခဲ့ပြီး၊ ၂၀–၁၀–၂၀၁၁နေ့ နံက်(၄)နာရီအချိန်တွင်ကွယ်လွန်သွားပါသည်။ ရခိုင်တို့၏ဆုံးရှုံးမှု တစ်ရပ် ပင်ဖြစ်ပါသည်။

ဆရာကြီးတွင် ဇနီးဒေါ်လှခင်နှင့်သားသမီး(၆)ယောက်၊မြေး(၄)ယောက်ကျန်ရစ်ခဲ့ပါသည်။

ဆရာကြီးဦးရွှေဇံ ကောင်းရာသုဂတိ သို့လားပါစေ။

--------------------------------

ဦးကျော်စိန် ရေးသားပေးပို့သည်။

# မောင်ကံထူး မှတ်စု

# မောင်ကံထူးမှတ်စု

(၁၉၂၁)ခုနှစ်တွင် စစ်တွေခရိုင်၊ ဘူးသီးတောင်မြို့၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးအား အကြောင်းမလုံလောက်ဘဲ ( )ကာကွယ်မှုယိုးမယ်ရှာပြီး အသေရိုက်သတ်သော အိန္ဒိယအင်္ဂလိပ်ကပြားနယ်ပိုင်ဝန်ထောက် မစ္စတာရေး( )ကို နိုင်ငံရေးအရ စစ်တွေမြို့ အမျိုးသားကျောင်းကြီး ( )၌ နယ်လုံးကျွတ်အစည်းအဝေးကြီးကို ကျင်းပခါ ပြစ်တင်ရှုံ့ချ၍ ပြည်ပိုင်အစိုးရက အရေးယူစေရန် ပြင်းပြင်းထန်ထန်တောင်းဆိုသော အစည်းအဝေးကြီးတွင် ဗြိတိသျှအစိုးရအုပ်ချုပ်ရေးစံနစ်ကို ပြစ်တင်ဝေဘန်ရဲသူများ ရှားပါးသော ထိုအချိန်၌ သဘာပတိအဖြစ်(ဦးစံဘော်ဦး-ဦးအောင်ဇံဝေ၏ဘခင်)အပြင် ထိုအခါက (အင်္ဂလိပ်အစိုးရ တန်ခိုးအာဏာ လွှမ်းမိုးရိုက်ကြပ်ပြည့် ကိုလိုနီခေတ်) ရဲရဲဝန့်ဝန့် ဆောင်ရွက်၍ ဗုဒ္ဓကျမ်းကန် အကိုးအကားနှင့် ပြင်းပြင်းထန်ထန် မိန့်ခွန်းမြွက်ဟခဲ့သည်မှာ ချီးကျူးစရာပင် လူထုအားကို မလွန်ဆန်နိုင်သဖြင့် ထိုအရာရှိဆိုးကို နယ်ပြောင်းလိုက်ရလေသည်။ ဤအမှုနှင့်ပတ်သက်၍ မန္တလေးမြို့၌ ကျင်းပသော နဝမကြိမ်မြောက် ( )ညီလာခံကွန်ဖရင့်အစည်းအဝေးကြီးတွင် ( )ကို လူသတ်မှုနှင့် ဆက်လက်အရေးယူရန် ရခိုင်ကိုယ်စားလှယ်များက အဆိုတစ်ရပ်တင်သွင်းထောက်ခံကြသဖြင့် ညီလာခံကြီးက အဆိုကို လက်ခံအတည်ပြုခဲ့သည်။ အရေးယူခြင်းခံရသော အရာရှိသည် နောက်ဆုံးအစိုးရအလုပ်မှ နှုတ်ထွက်၍ အာဖရိကတိုက်ရှိ နိုင်ငံတစ်ခုသို့ ထွက်သွားလေသည်ဟု သိခဲ့ရသည်။

**(မောင်ကံထူး၏မှတ်စု–စာမျက်နှာ ၃ မှ)**

နိုင်ငံရေးပေါက်စ လူပျိုဘဝတွင် ကွယ်လွန်သူ အမျိုးသားကျောင်းဆရာကြီး ရှေ့နေ ဦးထွန်းအောင်၊ ဝတ်လုံ ဦးရွှေသာ၊ ရှေ့နေ ဦးမောင်သာထွန်းတို့အမှူးပြုသည့် စစ်တွေမြို့ရှိ ရခိုင်ပြည်အသင်း( )တွင် (၁၉၁၈-၁၉)ခုနှစ်ကပင် အသင်းဝင်တစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့၏။ စစ်တွေမြို့လမ်းသစ်လမ်းတွင် ၎င်းအသင်းတိုက်အဆောက်အဦး ဆောက်လုပ်ရာ၌လည်း စိတ်အားထက်သန်စွာနှင့် သူ့ဘခင်သဘောတူညီချက်ကို ရယူ၍ ငွေ ၅၀၀ိ/-ကို ကြီးကြီးစားစားနှင့် ပါဝင်လှူဒါန်းခဲ့၏။ ရခိုင်ပြည်၏အဆင့်အတန်းသည် ဗမာပြည်မထက် အဘက်ဘက်မှ နိမ့်ကျလှစ်လျူရှုထားခြင်း ခံနေရသည်။ ( )အတွက်၊ ရခိုင်ပြည်၏အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်အုပ်ချုပ်စေရန် သီးခြားအတွင်းဝန် ( )တယောက်ခန့်ထားပေးရန် ရခိုင်ပြည်အသင်းက ဗြိတိသျှအစိုးရထံ စာလွှာတင်ပို့၍၊ အရေးဆိုခဲ့ကြ၏။ အကြောင်းကားမထူးခဲ့ချေ။ အသင်းဝင်ထိပ်ပိုင်းပုဂ္ဂိုလ်များမှာ ကွယ်လွန်သွားကြပြီးဖြစ်၍ ပစ်ပယ်ထားခြင်းကို ခံနေရသော "အာရကံ"အတွက် ထိုအခါက အရေးဆိုခဲ့ဘူးကြောင်းကို သိရှိမှတ်မိသူ မတွေ့ရတော့ပြီ။ အထောက်အထားအတွက် လိုက်လံစုံစမ်းရာ အမျိုးသားကျောင်းဆရာ ဦးဘိုးမြစိန်က ဤအကြောင်းခြင်းရာကို ကြားမိဘူးကြောင်း ဝန်ခံပြီး ဆရာဦးချီးဒိုးက ဗြိတိသျှအစိုးရနှင့် အရေးဆိုခဲ့သော စာလွှာမိတ္တူကို အမျိုးသားကျောင်းဆရာကြီး ဦးအောင်ထွန်းဦး(ပတ္တ) ကပြ၍ ကိုယ်တိုင်မြင်ခွင့်ရခဲ့ကြောင်းကို ပြောပြ၍ မောင်ကံထူးက အသင်းသားအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော ( )၏ ရခိုင်ပြည်အတွက် ဆောင်ရွက်ခဲ့ဘူးကြောင်းကို မှတ်တမ်းထဲ၌ ဖော်ပြရပေသည်။ လွတ်လပ်ရေးနောက်ပိုင်းတွင်လည်း ရခိုင်ပြည်၏ကံကြမ္မာမှာ သိသိသာသာတိုးတက်ထူးခြားလာသည်ဟု မဆိုသာသေးပေ။ မျိုးချစ်စိတ်ထက်သန်သန် ဘခင်ကောင်း၏သားပီသစွာ (၁၉၀၉)ခုနှစ်လောက်တွင် လူအနည်းငယ်တို့နှင့် ရှေ့ဆောင်ဖွဲ့စည်းထားသည့် ပညာတော်သင် ထောက်ပံ့ရေးအဖွဲ့ထဲတွင် ( )၎င်းအဖွဲ့ကို စတင်ထည်ထောင်ကာ တဦးကပင် အရွယ်နှင့်မလိုက်အောင် ဖွဲ့ကောင်းသည့် လုပ်သားကောင်းကလေးတစ်ဦးဖြစ်ခဲ့လာသည်။ ထိုအဖွဲ့ကို စတင်တည်ထောင်လာခဲ့ကြသူများမှာ မောင်ကံထူးမှတ်သားထားသလောက် ထိုအခါက သူကိုယ်တိုင်အပါအဝင်၊ ဦးမောင်သာလှ၊ ဦးကျော်ဇံ (သမဝါယမမြို့အုပ်)( )ဦးရွှေလှ၊ ကျောက်တော်ကျော်ဇံလှ (ဆရာတာတေ)ဦးလှဖော်စံ၊ ဦးရွှေသီး(ရှုပရွာ) ဦးသူတော် (ဂျာထူး)ရှုပရွာ၊ ဦးစံရွှေဦး(ကျောက်တော်မြို့စာရေးကြီး ဦးဇာနီးအောင်၏သား)တို့အပြင် အခြားအနည်းငယ်မျှ ပါဝင်ကြသည်)။

နောက်ပိုင်းတွင် မိဇံရွာမှ ရှေ့နေဦးကျော်ဇံလှ၊ ရှေ့နေ ဦးထွန်းအောင် (နောက်အမျိုးသားကျောင်းဆရာကြီး)တို့၏ ကူညီမှုကို ရယူ၍ ဤပဋိသန္ဓေတည်ခါရှိသေးသောအဖွဲ့ကို ရှေ့သို့ဆက်လက်တည်တံ့ခိုင်မြဲရေး အခြေခံအုတ်မြစ်ကို စိုက်ထူ ခဲ့ကြလေသည်။

ဤသတင်းသည် တစ်စထက်တစ်စ၊ တိုးတက်ကြီးပွားလာခဲ့ရာ ယခုအချိန်အခါ၌ကား ရံပုံငွေအုပ်ချုပ်ရေးအဖွဲ့ ကော်မတီတခုက စီမံအုပ်ချုပ်ထားပြီးလျှင် ကူညီထောက်ပံ့မှုကို လိုအပ်၍ ရသင့်ရထိုက်သော ပညာတော်သင်တို့အား ဆက်လက်၍ ရန်ကုန်တက္ကသိုလ်ပညာရပ်များကို (အင်န်တာ)အတန်းထိ သင်ကြားနိုင်အောင် တလလျှင်(၆၀)ကျပ်ကျစီ ထောက်ပံ့ကြေးပေးလျှက် သင်ကြားစေ၍ ယခုအထိ တည်မြဲတည်ရှိနေသေးသည်ကို အားရဝမ်းမြောက်ဘွယ်ရာ တွေ့ရသည့်အတွက် လက်ရှိအုပ်ချုပ်ရေးအဖွဲ့ကို ကျေးဇူးတင်ရပေမည်။

(မောင်ကံထူးမှတ်စု–စာမျက်နှာ ၁၅–၁၆)

## ကျောက်တော် အမျိုးသားကျောင်း

သက္ကရာဇ် (၁၉၂၀)ခုနှစ်ကုန်ဆုံးခါနီးတွင် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးပေါ်ပေါက်လာသောအခါ၊ ကျောက်တော်မြို့၌ အင်္ဂလိပ်မြန်မာအလယ်တန်းအမျိုးသားကျောင်း( )တကျောင်းကို မောင်ကံထူး ကိုယ်တိုင် သူ၏ဘခင် ဦးစံဘော်ဦး၏သဘောတူညီချက်အရ ဦးစီး၍တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။ (ပဌမဘုန်းတော်ကြီး ကျောင်းအနီး၌ရှိသော ပိုက်သည်ရပ်ရွာနေအိမ်များ ဥပုသ်ဇရပ်အိုး၌လည်းကောင်း၊ ဒုတိယအကြိမ်မြို့သစ်ဆရာတော် ကျောင်းအနီးရှိ ဦးလှထွန်းအောင်၏ အိမ်တွင်လည်းကောင်း၊ တတိယကျောက်တော်ဆရာတော်ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မရုံအနီး၊ ဗောဓိနှစ်ပါး၏နောက်နားတွင် ဝါးကျောင်းဆောက်လုပ်၍လည်းကောင်း၊ စတုတ္ထ ၎င်းအနီးရှိ ပူဇာနုဂ္ဂဟ ဓမ္မာရုံ အဆောက်အဦး၌လည်းကောင်း၊ နောက်ဆုံး မောင်ကံထူးက သူတို့၏ မြေတန်ဘိုးမပါဘဲ ထိုအခါက သူ၏ မိသားစုတစ်ခုတည်းထံမှ ကျပ်ငွေ(၂၀၀၀ဝိကျော်)တန် အုဋ်အင်္ဂတေခင်း၊ သွပ်မိုး၊ ပျဉ်စီ၊ ပျဉ်ထောင် အထက်အောက် လေးခန်းစီရှိသော ကျောင်းတဆောင်ကို မြို့သစ်ရပ်၌လည်းကောင်း၊ ကျောင်းစတင်ဖွင့်လှစ်သည့် အခါမှစ၍ ကုန်ကျသမျှစရိတ်ကို ၎င်းတစ်ဦးတည်းသာ အကုန်အကျခံခဲ့သည်ဟု ဆိုရလောက်အောင် ငွေဟူသမျှကို မြို့ရွာမှ ရသလောက် အကူအညီဖြင့် ၎င်းကပင် မိသားစုကိုယ်စား စိုက်ထူပေးခဲ့လေသည်။

**(မောင်ကံထူးမှတ်စု–စာမျက်နှာ ၁၇)**

ဤလုပ်ငန်းစခါစတွင် မောင်ကံထွန်း၏ညီ ဦးစံထွန်းအောင်၏ ရင်းနှီးသောမိတ်ဆွေ သမိတ်မှောက်တက္ကသိုလ် ကျောင်းသား ဦးသာလွန်းအောင်အပြင် ယခုအခါ ရှေ့နေအလုပ်ဖြင့် အသက်မွေးနေကြသူများဖြစ်ကြသော ယခုမောင်ကံ ထူး၏ယောက်ဖဦးစံထွန်းအောင်နှင့် မြို့ဟောင်းမြို့၌ ယခုရှေ့နေလုပ်နေသော ဦးမောင်ကျော်တို့ ပါဝင်ကြသော မျိုးချစ်စိတ် ထက်သန်ကြသည့်လူငယ်တစ်စုတို့၏ အထောက်အကူပြုမှုများကို များစွာရရှိခဲ့လေသည်။ အဆိုပါကျောင်းတွင် မောင်ကံထူးကို ကိုယ်တိုင် စေတနာဝန်ထမ်းကျောင်းအုပ်ကြီး၊ ( )ဟု ခေါ်တွင်သော ကျောင်းအုပ်ကြီးနှင့် အတန်းပြဆရာအဖြစ်ဖြင့် နှစ်အတော်ကြာဆောင်ရွက်၍ ကျောင်း၏အခြေအမြစ်ကို တည်မြဲစေခဲ့သည်။ နောက်ပိုင်းတွင် ကျောင်းဆရာအရည်အချင်းနှင့်ပြည့်စုံပြီး လက်ဝဲဆိုရှယ်လစ်ဝါဒကို နှစ်ခြိုက်ယုံကြည်သက်ဝင်ကြသော ကျောင်းအုပ်ဆရာ ကြီး ဦးအောင်ထွန်းဦး(ပတ္တား)အုပ်ချုပ်မှုအောက်တွင် ဆရာဦးချိုးဒိုးနှင့် အခြားဆရာ-ဆရာမတစုတို့၏ကူညီမှုဖြင့် အဆိုပါ ကျောင်းသည် အထူးပင် စည်ကားလျက် နာမည်ပေါ်ထွက်ကျော်ကြားလာခဲ့လေသည်။ စိတ်ဓာတ်ကို တက်ကြွစေနိုင်သော ပညာပေးအဆောက်အအုံ အထမြောက်အောင်မြင်စေခြင်းငှာ ကိုယ်ကျိုးကို မငဲ့ဘဲ ဝင်ရောက်လုပ်အားပေးခဲ့ကြသော ဆရာဆရာမများမှာ ဖော်ပြခဲ့သော မျိုးချစ်များအပြင် ဦးအောင်ထွန်းဦး၊ ဦးအောင်ထွန်းဖြူ ဦးချိုးဒိုး၊ ဦးစောလှဦး၊ ဒေါ်ကြာဇံ ဖြူ ဒေါ်စံရွှေဖြူ ဦးလှဖော်သူ၊ ဦးစော၊ ဦးမောင်ရွှေသာ၊ ဦးအောင်ကျော်ထွန်း စသည်တို့ဖြစ်ကြသည်။ (၁၉၄၂)ခုနှစ် နောက်ဆုံးရပ်တည်၍ ရှိနေခဲ့သောမျိုးချစ်ဆရာတစုတို့မှာ ဦးချိုးဒိုးဆရာကြီး ဦးအောင်ထွန်းဦး၊ ဦးလှဖော်သူ၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်သန်းတို့ဖြစ်ကြသည်။ ကျောင်းသားဦးရေများပြားလာသည်နှင့်အမျှ သန့်ပြန့်ကျယ်ဝန်းသော စာသင်ခန်းများ လိုအပ်လာပြန်သည်နှင့် မောင်ကံထူးကပင် ကျောင်းသုံးပရိဘောဂအပြည့်အစုံအပါအဝင် ကျယ်ဝန်း သန့်ပြန့်၍ ခိုင်ခန့်တောင့်တင်းသော နှစ်ထပ်ကျောင်းဆောင်တစ်ခုကို အထက်ကဖော်ပြခဲ့သည့်အတိုင်း ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

ဤအချိန်တွင် မောင်ကံထူး၏ဘခင် ကွယ်လွန်ပြီးဖြစ်ပေသည်။ ရခိုင်ပြည်တခုလုံးတွင် စစ်တွေမြို့မှတပါး၊ အင်္ဂလိပ်မြန်မာအလယ်တန်း အမျိုးသားကျောင်းဆို၍၊ ဤတကျောင်းတည်းသာလျှင် ကျောက်တော်မြို့၌ တည်ရှိ

ပေါ်ပေါက်ခဲ့ဘူးရာ ကမ္ဘာစစ်ကြီးကြောင့် ကာလပျက်သည်အထိ ဤစာသင်ကျောင်း တည်မြဲနိုင်ခဲ့လေသည်။ ထိုအချိန်ထိ တလလျှင် (၂၀၀)ကျပ်ကျစီကျောင်းအဆောက်အဦးအတွက် အစိုးရထံမှရငွေကိုလည်း အစိုးရအထောက်အပံ့ကို လက်ခံသည့်နေ့မှစ၍ ကျောင်းရံပုံငွေထဲသို့ လှူဒါန်းခဲ့သည်။ ဗမာပြည်အနှံ့အပြားတွင် အမျိုးသားကျောင်း စတင်တည်ထောင်ကြ၍ (၃)နှစ်မြောက် (၁၉၂၃)ခုနှစ် ဒိုင်အာခီအစိုးရအဖွဲ့ထဲ၌ ( )ဦးမောင်ကြီး ပညာရေးဌာန တာဝန်ခံဖြစ်လာသည်အချိန် ဥပဒေပြုလွှတ်တော်တွင် အမျိုးသားကျောင်းများကို ထောက်ပံ့ကြေးပေးရန်ဟု (၁၉၂၀)ခုနှစ် ရန်ကုန် တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ချက်တရပ်ကို ဦးဘဖေက တင်သွင်း၍ အတည်ပြုသည့်အတွက် အစိုးရထောက်ပံ့ကြေးကို စစ်တွေမြို့ အမျိုးသားကျောင်းအပါအဝင် ကျောင်းအများစုက လက်ခံကြလေသည်။ သို့ရာတွင် ကျောက်တော်အမျိုးသားကျောင်း ကော်မတီကမူကား ကိုယ်ထူကိုယ်ထစံနစ်ကို သာလျှင် ကျင့်သုံးလိုသောဆန္ဒရှိ၍ ခေါင်းမာစွာနှင့် အထောက်အပံ့ကို မခံယူဘဲ ရပ်တည်နေခဲ့ရာမှ (၁၉၂၈)ခုနှစ် ပညာရေးဝန်ကြီး ဦးဘရင်သည် ကျောက်တော်မမွာရုံ အမျိုးသားကျောင်းသို့ လာရောက် ချီးမြှင့်သည့်အချိန် အကျိုးသင့်ကြောင်း ဤကော်မတီလူကြီးများနှင့် ဆွေးနွေးပြီးမှသာလျှင် နောင်နှစ်ကာလ ရှည်ကြာစွာ ( )ကျောင်းသက်တမ်းတည်တန့်ခိုင်မြဲရန်ကို ထောက်ထားခြင်းအားဖြင့် ထောက်ပံ့ကြေးကို လက်ခံရန် သဘောတူကြလေသည်။ (၁၉၂၃-၂၄)ပညာရေးနှစ်မှစ၍ ကျောင်းသားတစ်ယောက်လျှင် တနှစ်ကို (၁၅/-ကျစီဖြင့် ဤမဖြစ်စလောက်သော ထောက်ပံ့ကြေးကို ရရှိကြသည်။ နောက်ပိုင်းတွင် လျှော့ငွေ( )၏ (၂)ပုံ(၁)ပုံကို ထုတ်ပေးနေရာမှ (၁၉၃၀)နှစ်လောက်တွင် (၃)ပုံ(၂)ပုံသို့ တိုးမြှင့်၍ ထောက်ပံ့ကြေးကို (၁၉၄၂)ခုနှစ်ထိ ရခဲ့သည်။ ပရိဘောဂအဆောက်အဦအတွက် ကုန်ကျစရိတ်တဝက်ကိုလည်း ထုတ်ပေးခဲ့သည်။ ကျောင်းဆရာများမှာ လစာကို အစိုးရခွင့်ပြုနှုန်းအတိုင်း ရသည်ဟု ငွေရပြေစာတွင် လက်မှတ်ထိုးပေးသော်လည်း သူတို့အမှန်တကယ်ရရှိသောငွေမှာ မဝစာမျှတလောက်ရုံစားသောက်ရန်အတွက် မျှလောက်သာဖြစ်သည်။ မောင်ကံထူးကဲ့သို့ စေတနာဝန်ထမ်း အမျိုးသားပညာကို လိုလားအားပေးကြကုန်သော ဝံသာနုမျိုးချစ်ပုဂ္ဂိုလ်များလည်း တိုင်းပြည်အချို့ဒေသများ၌ ပါဝင်ကူညီခဲ့ကြသည်၊ ပညာအရည်အချင်းနှင့်ပြည့်စုံ၍ အထက်တန်းရာထူးကို လက်လှမ်းမီနိုင်သော ဝံသာနုအမျိုးသားကျောင်းဆရာများ အနစ်နာခံ( )နိုင်ရည်ရှိသော စိတ်နေသဘောထား စေတနာသည် အဖိုးမဖြတ်နိုင်သောတန်ဘိုးရှိပေသည်။ နှစ်ပေါင်း(၂၃)နှစ်ကာလပတ်လုံး အမျိုးသားစိတ်ဓာတ်ပညာပေး လှုပ်ရှားမှုသည် မြန်မာနိုင်ငံလုံးဝလွတ်လပ်ရေးရကြောင်း ခရီးစဉ်၌ အရေးပါအရာရောက်သောမိုင်တိုင်လိုတစ်ခုဖြစ်ခဲ့သည်ကို ဝန်ခံရပေမည်။

**(မောင်ကံထူး မှတ်စု–စာမျက်နှာ ၁၈–၁၉)**

မောင်ကံထူး၏နိုင်ငံရေးလုပ်သက်တစ်လျှောက်လုံးတွင် နိုင်ငံခြားသားလက်အောက် ကျွန်သဘောက်ဘဝမှ လုံးလုံးလျားလျား ကျွတ်လွတ်နိုင်သည့်အမြုတေကို ထိုခေတ်ထိုအခါက အထင်အရှားအကောင်အထည်ဖော်နိုင်ခဲ့သော အဆိုပါအမျိုးသားကျောင်း အဆောက်အအုံနှင့်တကွ ပညာသင်ကြားရေး၌ အထစ်အငေါ့မရှိစေရန် ရံပုံငွေမချို့တဲ့ရအောင် ကိုယ်ဘိရင်ဘိမြေတောင်မြှောက်ပေးနိုင်ခဲ့ခြင်းသည် ၎င်း၏ဘဝတသက်တာတွင် ဂုဏ်ယူအနိုင်ဆုံးသော လုပ်ငန်းဖြစ်ခဲ့ပေသည်။ ထိုအချိန်အခါက နိုင်ငံရေးနိုးကြားမှုဘက်တွင် ကျောက်တော်မြို့သည် စစ်တွေမြို့နှင့် ရင်ဘောင်တန်း၍ ထိပ်တန်းမှ ပါဝင်ဆင်နွှဲနိုင်ခဲ့သည်။ ကျောက်တော်မြို့၏နိုင်ငံရေး အဆင့်အတန်းမြင့်တက်လာရခြင်း၏အကြောင်းအရင်းမှာ မောင်ကံထူး ဂုဏ်ယူခဲ့သော ကျေးဇူးရှင်ဘခင်ကြီးနှင့်တကွ မိသားစုအပါအဝင် တောရောမြို့ပါလူထုနှင့်တကွ အမျိုးသားကျောင်းမှ ဆရာ၊ ဆရာမတို့၏ထက်သန်သော စေတနာအကူအညီဖြင့် ၎င်းကိုယ်တိုင်

(စာ-၁၉-၂၀)

ထူထောင်ပေးခဲ့သော ကျောင်း၏အရှိန်အဝါနှင့် နောက်ပိုင်းတွင် ထိုကျောင်းမှ မွေးထုတ်လိုက်သော ဆရာကြီးဦးအောင်ထွန်းဦး အမှူးပြုသော ဆရာဆရာမများ၏ ပညာရင်နို့ကို သောက်သုံးကြရသော တပည့်သားကောင်းတို့ကြောင့်ပင် ဖြစ်လေသည်။ စစ်တွေမြို့ အမျိုးသားအထက်တန်းကျောင်း အုပ်ဌတိုက် အဆောက်အဦးကို ဆောက်လုပ်ရာ၌လည်း မောင်ကံထူးထံမှ ကြေးငွေအကူအညီပါဝင်ခဲ့သည့်အပြင် ကျောက်တော်မှ စစ်တွေမြို့သို့ ပြောင်းရွှေ့နေထိုင်စဉ် ၎င်းကိုယ်တိုင် ကျောင်းအုပ်ချုပ်ရေးကော်မတီဝင်တစ်ဦးအနေဖြင့်လည်း အကျိုးဆောင်ရွက်ခဲ့လေသည်။

(စာ-၂၀)

**(မောင်ကံထူး မှတ်စုမှ ကောက်နှုတ်သည်)**

## အမျိုးသားကျောင်းရုံပုံငွေရှာဖွေခြင်း

မြန်မာပြည်တပြည်လုံး၌ ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို အကြောင်းပြု၍ တည်ထောင်ကြသော အမျိုးသားကျောင်းများစွာ ပေါ်ပေါက်လာသည်နှင့်တပြိုင်နက်တည်းမှာပင် မောင်ကံထူးကိုယ်တိုင် ချစ်ခင်ယုယစွာ ပြုစုပျိုးထောင်ထားသော ကျောက်တော်မြို့ အမျိုးသားစာသင်ကျောင်းသည် ဇိဝိန်ချုပ်ရတော့မည့်အခြေသို့ ဆိုက်ရောက်လောက်အောင်၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် ဘဏ္ဍာရေးအခက်အခဲကြုံတွေ့ပြစ်တည်းမှုနှင့် ရင်ဆိုင်နေရတော့သည်။ သို့နှင့်ကျောင်းဆရာကြီး ဦးအောင်ထွန်းဦး လက်ထောက်ဆရာ ဦးချီးဒိုး(ယခု ဖ-ဆ-ပ-လ)အဖွဲ့ချုပ် ဒုတိယအထွေထွေအတွင်းရေးမှူး)နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးညိုလှဖြူ

(စာ- ၂၂)

တို့သည် ကျောင်းရုံပုံငွေရရှိရေး ပြဿနာကို မည်သည့်နည်းဖြင့် ဖြေရှင်းသင့်ကြောင်းနှင့် နည်းလမ်းရှာဖွေရန်အတွက် မောင်ကံထူးထံသို့လာရောက်ဆွေးနွေးကြလေသည်။ ဘဏ္ဍာရေးအခြေအနေမှာ အလွန်အလွန်ဆိုးရွားနေသဖြင့် လောလောဆယ် ရုံပုံငွေရရန်တစ်ခုတည်းသောနည်းလမ်းမှာ ရာဇဝင်ပဒေကို ခဏတာမျှမေ့လျော့ထား၍ ပြုလုပ်စရာရှိသည်တို့ကို တုံးတိုက်တိုက် တိုင်တိုက်တိုက် မိုက်ရူးရဲလုပ်ရန်သာ ရှိတော့ရာ ကျောင်းအုပ်ချုပ်ရေးကော်မီတီသည် အထက်ဖော်ပြပါ မျိုးချစ်သုံးဦးတို့၏အကူအညီဖြင့် မောင်ကံထူး၏လမ်းညွှန်စွန့်စားကြရန် အကြံပေးသည့်အတိုင်း နိုင်ငံခြားသားအရင်းရှင်များ (ချစ်တီးကုလားများ၏) စီးပွားရေးကို ထိခိုက်သည်ဟု မဆိုစလောက်သောအချင်းအရာ နည်းစံနစ်ဖြင့် ရုံပုံငွေရအောင် စီမံဆောင်ရွက်ပေးမှုကြောင့် အဆိုပါအမျိုးသားကျောင်း ဆက်လက်တည်မြဲမှုကို ရသွားနိုင်ခဲ့လေသည်။ အကယ်၍ မောင်ကံထူးကသာ ဤကိစ္စ၌ မိမိအဆင့်အတန်းအခွင့်အရေးကို အစွမ်းကုန်အသုံးပြု၍ လိမ္မာပါးနပ်စွာနှင့် မချယ်လှယ်နိုင်ခဲ့ပါမူကား ထိုကျောင်းကို ပိတ်လိုက်ရပြီး ဆရာ ဆရာမတို့မှာလည်း အလုပ်လက်မဲ့ဖြစ်နေကြရ၍၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများမှာလည်း ထိုကဲ့သို့ မိုက်ရူးရဲတစောက်ကန်း ပြုလုပ်မှုကြောင့် အကြီးအကျယ်ဒုက္ခများကြရမည့်အပြင် ကျောင်းသားများမှာလည်း ဖရိုဖရဲဖြစ်ကြရပေအုံးမည်မှာ အမှန်ပင်ဖြစ်လေသည်။

**(ရုံပုံငွေရှာဖွေပုံကို အကျဉ်းအားဖြင့် ဖော်ပြရမည်ဆိုလျှင်)**

(စာ– ၂၂–၂၃)

ဘာသာမရွေး လူမျိုးမရွေး မြေပိုင်လယ်ပိုင်ဟူသမျှတို့ထံမှ ၎င်းတို့ပိုင်ဆိုင်သော လယ်မြေတဧကလျှင် စပါးငါးတောင်းကျစီ သို့မဟုတ် ထိုပစ္စည်း၏ကာလတန်ဘိုးနှင့် ညီမျှသောကြေးငွေကို မေတ္တာရပ်တောင်းခံခြင်းဖြစ်သည်။ ရခိုင်အမျိုးသားလယ်ပိုင်ရှင်များနှင့် ရခိုင်မူဆလင်အမျိုးသားများက ရွှေရွှေရွှရွှပင် ရုံပုံငွေထဲသို့ ထည့်ဝင်ပေးလှူကြပြားသော်လည်း ချစ်တီးကုလားလူမျိုး လယ်ပိုင်ရှင်များကမူ မပါဝင် မထည့်လှူကြချေ။ ထိုအချိန်ထိုအခါက စပါးပေါ်ချိန်ဖြစ်နေ၍ သူ(ချစ်တီး)တို့ ပိုင်သော ဂိုဒေါင်အတွင်းအပြင်၌ လယ်သမားကြီးများထံမှ လယ်ကောက်ခကို ကောက်ခံရယူပြီး သူတို့ဂိုဒေါင်အတွင်းအပြင်၌ စုပုံထားသောစပါးမှ ညအခါ လူစုလူဝေးဖြင့် အတင်းဝင်ရောက်ယူငင်ပြီးလျှင် ကာလပေါက်စျေးနှုန်းနှင့် ရောင်းချ၍ ရုံပုံငွေထဲ၌ ဖြည့်စွက်ကြလေသည်။ ချစ်တီးကုလားများက ရန်ကုန်၌ရှိသော "နာတောကိုတီယာ ချစ်တီးအသင်းချုပ်"သို့ ကြေးနန်းရိုက်၍တိုင်ကြားရာ ဆိုင်ရာက အရေးယူလာသည့်အခါ စစ်တွေမြို့၌ရှိသော ရခိုင်မျိုးချစ်အရာရှိကြီးငယ်(အထူးသဖြင့် အရေးပိုင် ဦးစံအောင်)တို့၏အကာအကွယ်ပေးမှုကြောင့်သာလျှင် ရာဇဝတ်မှုပြစ်ဒဏ်မှ လွတ်ကင်းရလေသည်။ (ပုလိပ်မင်းကြီး မစ္စတာအလီဇံတာသည် ထိုအချိန်၌ စစ်တွေမြို့တွင် ရှိနေချိန်ဖြစ်သည်။

(စာ– ၂၃)

**(မောင်ကံထူး မှတ်စုမှ ကောက်နှုတ်သည်)**

## နဝမအကြိမ် (              )ညီလာခံသို့တက်ခြင်း

ဤစာသင်ကျောင်း၌ စေတနာ့ဝန်ထမ်းကျောင်းအုပ်ကြီးနှင့် အတန်းပြဆရာအလုပ်ကို ပူးပေါင်းဆောင်ရွက်နေစဉ် မောင်ကံထူးသည် မြန်မာနိုင်ငံ၌ တစ်ခုတည်းသော အကြီးဆုံးနိုင်ငံရေးအဖွဲ့ (ဂျီ-စီ-ဘီ-အေ)နှင့် (        )ဆက်သွယ်ထားသော ရွှေနေဦးမြထွန်း ဦးစီးသည့် ကျောက်တော်မြို့ ရက္ခပူရအသင်းတွင် အတွင်းရေးမှူးဖြစ်ခဲ့ရာ ရခိုင်ပြည်နိုင်ငံရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ်ဖြင့် အထက်တန်းရှေ့နေကြီး၊ ရခိုင်ပြည်အသင်း(         )၏ကိုယ်စားလှယ် ဦးစောလှအောင်နှင့်အတူ (၁၉၂၁)ခုနှစ် အောက်တိုဘာလ(၂၁)ရက်(၁၂၀၃)ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်)သောကြာနေ့ကပင်

၎င်းလ (၂၄)ရက်နေ့အထိ မန္တလေးမြို့ တာရဲတန်းတွင် နံနက်(၈)နာရီအချိန်ကစတင်ကျင်းပသော နဝမကြိမ်မြောက် (ဂျီ-စီ-ဘီ-အေ)နှစ်ပတ်လည် ညီလာခံသို့ တက်ရောက်ခဲ့သည်။ ညီလာခံတွင် ဖွင့်လှစ်သော ပဌမနေ့တွင် ရခိုင်ပြည်ကိုယ်စားလှယ်များက ညီလာခံထမြောက်အောင်မြင်စေကြောင်းကို ရခိုင်ပြည်မှ ကြေးနန်းရိုက်၍ ပေးလိုက်သော စကားလက်ဆောင်ကို ညီလာခံ၌ ဖတ်ပြ၍ သောင်းသောင်းဖျဖျ သြဘာပေးကြသည်။ ဤညီလာခံကို ဒုတိယနေ့၌ ရခိုင်ပြည်အသင်းဝင် ရန်ကုန်မြို့နေ မန္တလေးထွန်းအောင် ခေါ် ဦးထွန်းအောင်က စစ်တွေခရိုင် မြို့သူမြို့သားများက တောင်းဆိုသော ဘူးသီးတောင်ဝန်ထောက်မစ္စတာရေး ( )

**(စာ-၂၃)**

၏ ဘုန်းကြီးကို သတ်သောအမှုကို ပြည်သူများ ကြေနပ်အောင် စစ်ဆေးသင့်သည်ဟု အဆိုတင်သွင်း၍ ညီလာခံကလက်ခံခဲ့သည်။ စစ်တွေမြို့မှအပ ရခိုင်ပြည်အသင်းဝင်များဖြစ်ကြသော အင်းစိန်မြို့ ဦးဖိုးလှ၊ လက်ပံတန်း ဦးလူကြီးတို့ တက်ရောက်ဆွေးနွေးသည်ကို မောင်ကံထူးတွေ့ရှိခဲ့၏။

******

၎င်းညီလာခံ၌ တညီတညွတ်တည်း ထောက်ခံအတည်ပြုကြသော အဆိုများအနက် ဤနေရာ၌ ဖော်ပြရန် ဆီလျော်သော အဆိုမျိုးကို ဖော်ပြရလျှင် (၁)ကိုယ်ပိုင်အုပ်ချုပ်ရေး ဟုမ္မရူးထက်လျှော့၍ လက်မခံ ဒိုင်အာကီအုပ်ချုပ်ရေး စနစ်ကို ယူဆောင်လာသော ဆာ-အေ-အက်ဖ်ဝှိုက်(က်)ကို သပိတ်မှောက်ရန် (၂)ဝေလမင်းသားကြွရောက်လာခြင်း ( ) ကို သပိတ်မှောက်ရန် (၃)နိုင်ငံခြားကုန်ပစ္စည်းများ တချို့ အထည်အလိပ်အပါအဝင်ကို သပိတ်မှောက်ရန် (၄)ဘွဲ့တံဆိပ် အပ်နှင်းခြင်းကို လက်မခံဘဲ အပ်နှင်းပြီးသော ဘွဲ့ထူးတံဆိပ်တို့ကို အစိုးရသို့ပြန်ပေးရန် (၅)(၁၂၈၂)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်၊ (၁၉၂၁)ခုနှစ် ဒီဇင်ဘာလ၊ (၅)ရက်နေ့ကို တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ သတ်မှတ်ရန်တို့ဖြစ်လေသည်။ ညီလာခံ၌တင်သွင်းမည့်အဆိုများကို စီစစ်ရွေးချယ်ရန် တာဝန်ပေးထားသော စီစစ်ရေးကော်မတီက ရွေးချယ်အတည်ပြုကြသည်။

## မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြကုန်သော မြန်မာ

**(စာ-၂၃-၂၄)**

မျိုးချစ်များနှင့်တကွ နိုင်ငံတော်ကို ဂုဏ်ပြုသောအားဖြင့် နေ့ထူးနေ့မြတ် တစ်နေ့နေ့ကို ရွေးချယ်၍ အမျိုးသားနေ့ အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုတရပ်ကို စတုတ္ထနေ့ကျင်းပသော ညီလာခံကြီးက အတည်ပြုလုပ်သည့် အတိုင်း အမျိုးသားနေ့ကို သတ်မှတ်ရွေးချယ်ရာတွင် တချို့ကော်မတီလူကြီးများက သီပေါဘုရင် ပါတော်မူနေ့ကို ကြိုက်နှစ်သက်ကြ၍လည်းကောင်း၊ တချို့သောခေါင်းဆောင်များက ဆရာတော်ဦးဥတ္တမကို ဖမ်းဆီးသော နေ့ကို လည်းကောင်း၊ အမျိုးသားနေ့ သတ်မှတ်ရန်ကိစ္စ၌သာ သဘောကွဲလွဲနေကြရာ အမ်-အေ ဦးမောင်ကြီးက တက္ကသိုလ် ဥပဒေကို သပိတမှောက်သောနေ့ကို အမျိုးသားနေ့သတ်မှတ်ရန် အကြံပေးရာ အများစုက အလွန် လျောက်ပတ် သင့်လျော်သည်ဟု သဘောရကြ၍ ၎င်းနေ့ကိုပင် အမျိုးသားနေ့ဟု သတ်မှတ်ရန် အတည် ပြုကြသည်။ ၎င်းနေ့ ညီလာခံတွင် တက္ကသိုလ်ကျောင်းသား ခေါင်းဆောင် ကိုမြင့်က အဆိုတစ်ရပ်အနေနှင့်တင်သွင်း၍ ရခိုင်ပြည်မှ အာရကံ အဆိုတေးခြင်းကို ကိုယ်စားပြုသော မောင်ကံထူးတို့အပါအဝင် ညီလာခံက တခဲနက်လှိုက်လှိုက်လှဲလှဲ ထောက်ခံ ကြလေသည်။

*

ဝေလမင်းသား မြန်မာနိုင်ငံသို့ လည်ပတ်တိုင်းခဏ်းလှည့်လည်ရန်အတွက် ရောက်လာသည့်အခါ ဝမ်းသာ အားရစွာနှင့် ကြိုဆို၍

**(စာ-၂၄-၂၆)**

အမှုအရာကိုမပြဘဲ သပိတ်မှောက်ရန်အဆိုကို ရခိုင်ပြည်အသင်းဝင် ဦးထွန်းလှက ညီလာခံဒုတိယနေ့တွင် အကျယ်တဝင့် ရှင်းလင်းပြောဆိုပြီး အဆိုတင်သွင်းသည်။ မောင်ကံထူးတို့ တည်းခိုခဲ့သော အိမ်ရှင်ဝတ်လုံ ဦးမြဦးကလည်း တက်ကြွစွာဝင်ရောက်ဆွေးနွေးခြင်းများကို တွေ့မြင်ခဲ့ရ၏။

**(စာ-၂၆)**

**(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)**

၇

## မင်းဂလွန်း ဂျီစီဘီအေ နှင့် ဒို့ဗမာသခင်အစည်းအရုံးကို တက်ရောက်ခြင်း

မောင်ကံထူးသည် ကျောက်တော်မြို့တွင် တည်ထောင်ထားသော ရက္ခပူရအသင်း၏ကိုယ်စားလှယ်အဖြစ်ဖြင့် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံသို့ တက်ရောက်ခဲ့သည့်အပြင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကိုယ်စားလှယ်အဖြစ်ဖြင့်လည်း (၁၉၄၀)ခုနှစ် ဇွန်လအတွင်းက မန္တလေးမြို့ ရှမ်းစုရပ် ဘုရားကြီးတာ၌ ကျင်းပခဲ့သော ဒေါက်တာဘမော် ဆင်းရဲသားပါတီ၏ဝါဒကို လက်ခံသော မင်းဂလွန် ဂျီစီဘီအေ ညီလာခံသို့ တက်ရောက်ခဲ့၍ ဒေါက်တာဘမော်၏ ဒုတိယကမ္ဘာစစ်ကြီးထဲ၌ မြန်မာမပါဝင် မကူရေးနှင့်ပတ်သက်သော အမိန့်(၇)ချက်ကို ထောက်ခံခဲ့လေသည်။ (ဤင်းနှစ်ဩဂုတ်လနောက်ပိုင်းတွင် ဒေါက်တာဘမော်အဖမ်းခံရ၍၊ ထောင်ကျသည်မှာ ဤအမိန့် (၇)ချက်ကြောင့်ပင်ဖြစ်သည်။ ဤသို့ညီလာခံနောက်ဆုံးနေ့၌ ဒေါက်တာဘမော် ဆင်းရဲသားပါတီ၏ စစ်တွင်အာဏာရှင် (                    )ဘွဲ့ကို ညီလာခံက တညီတညွတ်တည်း အပ်နှံကြလေသည်။ အာဏာရှင်က အောက်ပါအမိန့်(၇)ချက်ကို ညီလာခံ၌ ထုတ်ပြန်ကြေငြာတော့သည်။ (၁)မြန်မာလူမျိုးများ ကိုယ့်ကြမ္မာကို ကိုယ်လွတ်လပ်စွာဆုံးဖြတ်ခွင့်မရသရွေ့ကာလပတ်လုံး ဗြိတိသျှစစ်အောင်နိုင်ရေး၌ ဝင်ရောက်၍မကူညီရန် (၂)တဗိုလ်ကျလျှင် တဗိုလ်တက်၍ သူ၏လမ်းစဉ်အတိုင်း ဆောင်ရွက်ပါမည်ဟု-

(စာ-၂၉)

နီးရာကျောင်းကန်ဘုရား၌ အဓိဋ္ဌာန်ပြုရန် (၃) လုပ်စရာရှိသည်တို့ကို ဆောင်ရွက်ရန်၊ ဖွဲ့စည်းလတ္တံ့သောအဖွဲ့ (          )အတွင်း၌ ပါဝင်ဆင်နွှဲရန် (၄)ထိပ်တန်းခေါင်းဆောင်များ၏ အမိန့်အာဏာကို တိကျမှန်ကန်စွာလိုက်နာရန် (၅)တိုင်းပြုပြည်ပြုလွှတ်တော် ဆင့်ခေါ်ရန်အတွက် စိုင်းပြင်းရန် (၆)အာဏာရှင်ကို ဖမ်းဆီးသည့်အခါ မည်သည့်အခါမဆို အာဏာရှင်က အာဏာအပ်နှင်းထားခြင်းကို ခံရသောပုဂ္ဂိုလ်သုံးဦးပါဝင်သော ကောင်စီကဖြစ်စေ သို့မဟုတ် ကောင်စီကို နောက်ထပ်ဆက်ခံသောအဖွဲ့က ညွှန်ကြားချက်ပေးသည့်အတိုင်း လွတ်လပ်ရေးပန်းတိုင်သို့ တက်ရောက်သည်အထိ မနားမနေ ကြိုးပမ်းအားထုတ်သွားကြရန်

အာဏာရှင်၏အစွမ်းကုန် အာဏာအပ်နှင်းခြင်းခံရသော ကောင်စီဝင်သုံးဦးမှာ (၁) ဒေါက်တာသိမ်းမောင် (၂) ဒေါ်ခင်မမမော် (၃) ဗန္ဓုလ ဦးစိန်တို့ဖြစ်ကြသည်။

ဤင်းအပြင် ဒို့ဗမာသခင် အစည်းအရုံးက ပဲခူး၌ (၁၉၄၁)ခုနှစ်နောက်ဆုံးကျင်းပနိုင်ခဲ့သော သခင်တင် သဘာပတိအဖြစ် ဆောင်ရွက်သော တောင်သူလယ်သမားညီလာခံသို့လည်း ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး (       )၏ ကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်၍ အားပေးကူညီခဲ့လေသည်။ ဤင်းညီလာခံ၌ သခင်မြကို ထိုအဖွဲ့၏ နာယကအဖြစ် ရွေးချယ်တင်မြှောက်ကြလေသည်။

(စာ-၃၀)

**(မောင်ကံထူး မှတ်စုမှ ကောက်နှုတ်သည်)**

## စစ်တွေထောင်ရှေ့ ဆန္ဒပြခြင်း

ဆရာတော်ဗုဒ္ဓရာဇဦးနာဂိန္ဒသည် စစ်တွေအကျဉ်းထောင်ထဲ၌ ရဟန်းကိစ္စကြီးငယ်တို့ကို မပြုလုပ်ရသဖြင့် ကိုယ်တုံးလုံးဖြင့် ဆန္ဒပြနေသည့်အတွက် ခြေထောက်နှစ်ဘက်ကို ဒေါက်ခတ်ပြီး ဒဏ်ပေးထား၍ အလွန်ဆင်းရဲဒုက္ခခံစားနေရသည်အကြောင်းကို သတင်းရ၍ အမိန့်တော်ရ စစ်တွေအမျိုးသားအထက်တန်းကျောင်းဆရာကြီး ဦးထွန်းအောင်ခေါင်းဆောင်သော မောင်ကံထူးတို့ လူအုပ်ကြီးသည် ထောင်ဘူးဝသို့ သွားရောက်ပြီး ကန့်ကွက်ဆန္ဒပြကြသည်။ ထို့နောက် ထောင်ပိုင်မျက်နှာဖြူ ဆရာဝန်ကြီးနေအိမ်ရှေ့၌လည်း ဟစ်အော်ဆန္ဒပြကန့်ကွက်ကြသည့်အတွက် မကြာမြင့်မီကာလအတွင်းမှာပင် သံတွဲမြို့အကျဉ်းထောင်သို့ ရွှေ့ပြောင်းပေးလိုက်ကြောင်းကို သိရသည်။ မန္တလေးမြို့မှ ဆရာတော်ဦးဇောတိက ခေါင်းဆောင်သော ရဟန်းပျိုများက ထက်အောက်ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများသည်လည်း နိုင်ငံတော်လွတ်လပ်ရေးအတွက် ဂျီ-စီ-ဘီ-အေ နိုင်ငံရေးအဖွဲ့ပေါင်းစုံနှင့် လက်တွဲကာ နိုင်ငံရေးနယ်ထဲသို့ ပါဝင်လာကြသည်ကို တွေ့မြင်ရတော့သည်။ ရခိုင်ပြည်အပါအဝင် မြန်မာပြည်အနှံ့အပြား သဃ်သမဂ္ဂအဖွဲ့များလည်း သာသနာရေး၊ နိုင်ငံရေး (၂)ခုစလုံးတို့ ဒွန်တွဲ၍ နိုင်ငံရေး စီးပွားရေးအတွက် တွန်းကန်မှုတိုက်ပွဲဆင်နွှဲရာ၌ အင်တိုက်အားတိုက် အားပေးကာ ပါဝင်လာကြတော့သည်။ ရခိုင်ပြည်-

(စာ-၃၆-၃၇)

သယ်သမဂ္ဂအဖွဲ့ချုပ်၏ နာယက သဘာပတိမှာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက်ဆရာတော် ဦးတေဇာရာမ ဖြစ်သည်။

(စာ-၃၇)
(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)

## ဒိုင်အာကီဥပဒေပြုကောင်စီရွေးပွဲ

မွန်တေဂူ-ချမ်းစဖော့ အစီရင်ခံစာအရ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲလာမှုကာလအတွင်းနှင့် ဒုတိယအကြိမ်မြောက် ဒိုင်အာကီဥပဒေပြုကောင်စီ ရွေးကောက်ပွဲ၌ စစ်တွေမြို့မှ မဲဆန္ဒနယ်အတွက် ပစ္စည်းဥစ္စာကြွယ်ဝသောသူတို့၏ ကိုယ်စားလည်အဖြစ် ရန်ကုန်မြို့မှာ နေသော ရခိုင်အမျိုးအနွယ် ရေရှူခရစ်ဘာသာဝင်အမျိုးသားထဲမှ ဟင်နရီ ဦးဘိုးစော(အင်ဒီပင့်ဒင့်)သို့မဟုတ်(ဂိုးလ်ဒင်းဗယ်လီပါတီ) (          )ဆင်းရဲသူ ဆင်းရဲသားတို့၏ဖက်မှ ရှေ့နေဦးမြထွန်း (၂၁-ဦးသို့မဟုတ် နယ်ရှင်နယ်လိတ် သို့မဟုတ် ပြည်သူပါတီ)တို့ ယှဉ်ပြိုင်အရွေးခံရာ ဦးမြထွန်း အနိုင်ရရှိရေးအတွက် စစ်တွေမြို့တွင် ရပ်ကွက်အစည်းအဝေးမျိုး ပြုလုပ်ခါ ကူညီဆောင်ရွက်ကြသောသူများဘက်မှ မောင်ကံထူးလည်း ပါဝင် ဆင်နွှဲခဲ့လေသည်။

* * * * * *

မောင်ကံထူးမှာ ကျောက်တော်မြို့၌ ဦးမြထွန်း ရှေ့နေဥက္ကဌအဖြစ် ဦးဆောင်သောရက္ခပူရ အသင်းတွင် အတွင်းရေးမှူးအဖြစ် ပါဝင်သောကြောင့်တကြောင်း ၎င်းအပြင် ရွေးကောက်ပွဲအခါ၌ ဦးဟင်နရီဘိုးစောကို ဆန့်ကျင်သော နိုင်ငံရေးတရား ဟောပြောခြင်း စသည်များအတွက်ကြောင့်လည်းကောင်း မောင်ကံထူးမှာ ငွေကြေးတော်တော်များများ ပေးဆပ်စရာရှိသော ဦးမြထွန်း၏ အတိုက်ဘက်တော်သားဖြစ်သောမြီရှင်-

(စာ-၃၇)

ဦးရဲကျော်သူ ကုမဏီ၏စီးပွားရေး အကြပ်ကိုင်ခြင်း(          )၏ တန်ပြန်ရိုက်ခတ်မှုကို ခံခဲ့ရသည်။

(စာ-၃၈)
(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)

## စီးပွားရေးကပ်ဆိုက်ခြင်း

တောင်သူလယ်သမားများ အားထားမှီခိုနေရသော တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည့် စပါးဈေးနှုန်းသည် ပဌမကမ္ဘာစစ်၏ ဒါဏ်ချက်ကြောင့် စစ်ပြီးနောက်ပိုင်းတွင် ဒလဟောကျဆင်းလာရာ ဝယ်ယူမည့်သူ မရှိသလောက်သော အခြေအနေဖြစ်လာ၍ စစ်တွေမြို့ စပါးအရောင်းအဝယ်ဆိပ်ကမ်းဖြစ်သော ဆတ်ရိုးကျချောင်းတလျှောက်၌ ပုံနေသော စပါးပုံများ မိုးရေမိပြီး အပင်ထွက်ပုတ်သိုးနေသော တချို့စပါးကို ကုလားတန်မြစ်ထဲသို့ ပိုင်ရှင်က ပိုက်ဆံကြေးငွေအကုန်အကျခံကာ သယ်ယူလွှင့်ပစ်ရသည်အထိ စီးပွားရေးအခြေအနေပျက်စီးဆုတ်ယုတ်လာရာ လယ်ပိုင်ရှင်နှင့် တောင်သူလယ်သမားများ ကုန်သည်များ လယ်ပိုင်လယ်လုပ် (          )များမှာ တိုင်းရင်းသား ငွေချေးစား မြီရှင်များနှင့် အိန္ဒိယပြည်သား ချစ်တီးကုလား ငွေချေးစားများ လက်ထဲသို့ မိမိတို့ပိုင်ဆိုင်ရာလုပ်ကိုင်စားသောက်ခဲ့သော လယ်ယာမြေများကို ထိုးအပ်ခဲ့ရ၍ မြေမဲ့ယာမဲ့ လယ်သီးစား စာရင်းငှား ကူလဖြတ်ထိုး ခေါင်းရွက်အလုပ်လက်မဲ့ စသည့်ဘဝသို့ သက်ဆင်းကြရပေသည်။ ဤကဲ့သို့သော လူမှုရေးစံနစ်ဆိုး စီးပွားရေး သံသရာစက်ကြီး၏ ကြိတ်ဝါးခြင်းကပ်ကြီးမှ မောင်ကံထူး၏ မိသားစုနှင့် တခြားသောတောမြို့လယ်ပိုင်ရှင်ကလေးများတို့သည်လည်း မလွှန်ဆန်နိုင်ခဲ့ချေ။ ရခိုင်တိုင်း၏ မြို့တော်ဖြစ်သော စစ်တွေမြို့မှာ ထင်ရှားသော သာဓကကို ဖော်ပြရာ၌-

(စာ-၃၉)

ပြုစုကောင်းဟု နာမည်ကျော်ကြားသော (          )ပြုစုလယ်မြေပိုင်ရှင်ကြီးများဖြစ်ကြသော ဦးခဒီးအောင်၊ ဒါလှဖဦး ဦးထွန်းအောင်နှင့် တခြားပြုစုကောင်းအလပ်စားမြို့နယ်များမှ မြေပိုင်ရှင်များမှာလည်း စစ်တွေမြို့ ငွေချေးဌာန မြီရှင် ဦးရဲကျော်သူ ကုမ္ပဏီလက်ထဲသို့ ငွေရေးကြေးရေးအားဖြင့် အဆက်အသွယ်ရှိနေခြင်း အစရှိသော

အကြောင်းအမျိုး မျိုးတို့ကြောင့် သူတို့၏အဘိုးအနဂ္ဃထိုက်တန်သော (                    )ပြုစုလယ်ယာမြေများကို တန်ဘိုးချိုသာစွာနှင့်ပင် ထိုးအပ်လိုက်ရလေတော့သည်။ စီးပွားရေးကပ်ဆိုက်ရောက်ခြင်းကို အခွင့်တောင်းယူပြီးလျှင်၊ အကြပ်မကိုင်ဟူ၍ မြီရှင်များက လယ်ပိုင်ရှင်မြီစားများကို ပြန်လည်နလံထူနိုင်စေရန် အခွင့်အရေးပေးခဲ့ပါမူ၊ မြီရှင်နှင့် မြီစားနှစ်ဦးစလုံး၏ အခြေအနေမှာ ဤမျှဆိုးဝါးမည်မဟုတ်ပေ။ လသာတုန်းဗိုင်းငင်(      )ဆိုသော ဆောင်ပုဒ်သည် အခါခပ်သိမ်းအသုံးပြုရန် ဆီလျှော်သော လေ့နံ့စားထိုက်ဆောင်ပုဒ် မဟုတ်သင့်ပေ။

**(စာ-၃၉)**

**(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)**

## ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဖွဲ့စည်းခြင်း

ရခိုင်ပြည်တွင် အဖွဲ့အစည်းများ တကွဲတပြားမရှိဘဲ တဖွဲ့တည်းသာ စည်းစည်းရုံးရုံးရှိစေရန်အတွက် ဆရာတော် ဦးစိန္တာ၊ ဦးပညာသီဟ အမှူးပြုသော ဝတ်လုံဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ (ကျောက်တော် အမျိုးသား ကျောင်းဆရာကြီး ရွှေနေ ဦးမြထွန်း၊ ဦးအစံ အစရှိသောပုဂ္ဂိုလ်များသည် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြပြီး၊ နောက်ဆုံးတွင် လက်ရှိ အဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းလျှက် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ကြရန် (၁၉၆၈)ခုနှစ် ဒီဇင်ဘာလအတွင်း တန်ခိုးဆရာတော် ဦးကေတုကျောင်း အစည်းအဝေး၌ သဘောတူဆုံးဖြတ်ကြလေ သည်။ ၎င်းနှစ်မေလအတွင်း မင်းပြားမြို့တွင် ဦးအောင်ထွန်းဦး အမှူးပြုသော ဦးအစံ၊ ဦးစံရွှေ(ဒို့လက်ရုံး)ကျောင်းဆရာကြီး ဦးဖိုးစံတို့ ဦးဆောင်လျက် ကျင်းပခဲ့သော ပထမအကြိမ်မြောက် ရခိုင်ပြည်လုံး ဆိုင်ရာ ညီလာခံကြီးသည် အထက်ဖော်ပြခဲ့ သော အစည်းအရုံးကြီး၏ရှေ့ပြေးပင်ဖြစ်၏။ (၁၉၄၀)ခုနှစ် မေလအတွင်း ပေါက်တောညီလာခံကြီးက ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားများ အစည်းအရုံး (                    )ကို စတင် အကောင်အထည်ဖော်ထုတ်ပေးခဲ့လေသည်။ အစည်းအရုံးကြီး၏ လူထုအင်အားကို (၁၉၄၁)ခုနှစ် မေလအတွင်း ကျောက်တော်ညီလာခံကြီး ထင်ထင်ရှားရှား ပြသနိုင်ခဲ့၏။ သံတွဲခရိုင်မှ အပ ရခိုင်တပြည်လုံးကို စည်းရုံးခဲ့ပြီး-

**(စာ-၄၀)**

ရခိုင်လူထုအား မြန်မာနိုင်ငံအတွင်းနေထိုင်ကြကုန်သော လူမျိုးစာများနှင့် လက်တွဲကာ လွတ်လပ်ရေးကြိုးပမ်းမှု လမ်းကြောင်းပေါ်သို့ တင်ပို့ပေးခဲ့နိုင်သည်။ အစိုးရအဆက်ဆက်က ရခိုင်ပြည်အား လျစ်လျူထားခြင်း(      )ကို ခံနေရ သော ရခိုင်လူမျိုးများသည် (၁၉၁၈)ခု ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အခါမှစ၍ ဗမာပြည်မှ နိုင်ငံရေးဂယက်ရိုက်ခတ်မှု ကြောင့် နားမျက်စေ့ပွင့်လာခဲ့ကြသည်။ (            )နိုင်ငံရေး ညီညွတ်မှုရရှိသော ရခိုင်ပြည် (                    )၌ တခုတည်းသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး (            )ကို အောင်မြင်စွာ မဖွဲ့စည်းနိုင်မီအချိန် ကာလက ရုန်းကန် (            )နေကြသော နိုင်ငံရေးအဖွဲ့အစည်းများမှာ-

၁။ ရခိုင်ပြည်အသင်း (            )

၂။ ဦးအစံနှင့်အပေါင်းပါတို့၏ နိုးကြားရေးအသင်း

၃။ ဦးကျော်ဦးနှင့် အပေါင်းပါတို့၏ မျိုးချစ်အသင်း

၄။ ဦးမြထွန်း၊ ဦးသာဇံလှ၊ မောင်ကံထူး၊ ဦးသာရှိန်၊ ဦးဘိုးခိုင် အစရှိသောအပေါင်းပါတို့၏ ရခိုင်ပြည်လုံး ဆိုင်ရာ ကြီးပွားရေးအသင်း။

၅။ ဦးစံရွှေ ဦးအောင်ထွန်းမြနှင့် အပေါင်းပါတို့၏ ပစ္စည်းမဲ့လူတန်းစား၊ ပရိုရီတေရီယက်(      )အသင်း။

၆။ ကျောက်တော်မြို့၌ (ဂျီစီဘီအေ)နှင့်ဆက်သွယ် (      )ထားသော သီးခြားဦးမြထွန်း၊ မောင်ကံထူးတို့နှင့် ပေါင်းပါတို့၏ ရက္ခပူရအသင်း။

**(စာ-၄၀)**

၇။ ကျောက်ဖြူခရိုင် မာန်အောင်မြို့၌ သမဝါယမအခြေခံသောကသကေ ဦးဘိုးမြနှင့် အပေါင်းပါတို့၏ မျိုးချစ်အသင်း။

မြန်မာပြည်မ၌ရှိသော ဒို့ဗမာသခင်အစည်းအရုံးနှင့် နိုင်ငံရေးအားဖြင့် ဆက်သွယ်၍ မဟာမိတ် (                    )ပြုလုပ်ထားခြင်းတို့ကြောင့် ထိုအစည်းအရုံးမှ ကိုယ်စားလှယ်များဖြစ်ကြသော သခင်စိုး၊ သခင်ဘသော်တို့ ဦးဆောင်သော အဖွဲ့တခုသည် ပေါက်တောညီလာခံသို့ တက်ရောက်ကူညီခြင်းအားဖြင့်

တိုးမြှင့်လာခဲ့သည်။ ကျောက်တော်မြို့၌ ကျင်းပသော ညီလာခံ၌ကား ဒို့ဗမာသခင်အစည်းအရုံးမှ သခင်မြနှင့် ဇနီး ဒေါ်ခင်ညွန့်၊ သခင်ခင်အောင်၊ ဒေါက်တာဘမော် ခါးမပါတီမှ အမိန့်တော်ရ ဦးဘဝင်း၊ သခင်ပါတီအစည်းအရုံးနှင့် သင့်မြတ်နီးစပ်သော (            )အမျိုးသမီး ရခိုင်ပြည်ထဲရေးဝန်ကြီးဟောင်း ဦးမဲအောင်၏သမီး ဒေါ်မြစိန်တို့ တက်ရောက်ချီးမြှင့်ကြသည်။ ဤညီလာခံကို ကျင်းပစဉ် ဗြိတိသျှအစိုးရအား အကြည်အညိုပျက်စေရန် နိုင်ငံရေး တရားဟောမှုဖြင့် အစည်းအရုံးဝင် ဦးကျော်ဦးကို ဘမ်းဆီးလိုက်သည်။ ညီလာခံအပြီးတွင် ရန်ကုန်သို့ပြန်သွားကြမည့် ဒို့ဗမာသခင် အစည်းအရုံးဝင်ကိုယ်စားလှယ် သခင်ခင်အောင်ကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေးကို တော်လှန်ရန် လျှို့ဝှက်စွာ အင်အားစုဆောင်းပြီး ကြံစည်နေကြောင်း မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့(            )၏ဆုံးဖြတ်ချက်အရ ဗြိတိသျှ စစ်အောင်နိုင်ရေးအတွက် အကူအညီမပေးရန် လှုံ့ဆော်မှု စသည်တို့ကြောင့် စစ်တွေမြို့တွင် တည်းခိုနေသော-

**(စာ-၄၀-၄၁)**

တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ဥက္ကဋ္ဌ ဝတ်လုံဦးသာဇံလှနေအိမ်၌ ကာကွယ်ရေးဥပဒေပုဒ်မ (၁၂၄ (က))နှင့် ဘမ်းဆီးလိုက်သည်။ သခင်မြတို့ကိုယ်စားလှယ်လူစုသည် ချောမောအောင်မြင်စွာပြီးစီးခဲ့သည်။ ကျောက်တော်ညီလာခံမှ စစ်တွေမြို့သို့ ပြန်လာခဲ့ကြပြီး ရန်ကုန်သို့ ပြန်သွားကြသည့်သင်္ဘောနှင့်ပင် သခင်ခင်အောင်ကို လည်း တရားခံအဖြစ်ဖြင့် အစောင့်အရှောက်နှင့် အင်းစိန်အကျဉ်းထောင်သို့ ပို့လိုက်လေသည်။ ထိုမှတဖန် သူ့ကို မုံရွာ အကျဉ်းထောင်သို့ပို့ထားရာမှ (၁၉၄၂)ခုနှစ် ဒုတိယကမ္ဘာစစ်ကြောင့် ကာလပျက်ချိန်မှာ ထိုထောင်မှလွတ်ထွက်လာနိုင်ခဲ့ သည်ဟု သိရသည်။

**မောင်ကံထူး (စာ-၃၉)**

## ၉၁ ဌာန အုပ်ချုပ်ရေး ပဋ္ဌမလွှတ်တော်

တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးတွင် မောင်ကံထူးသည် (၁၉၄၂)ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေး ဘရမ်းဘတာ ပျက်စီးသည်အထိ အလုပ်အမှုဆောင်တဦးအနေနှင့် ပါဝင်ဆောင်ရွက်ခဲ့လေသည်။ ထိုအချိန်က ကျောက်တော်မြို့၌ တည်ထောင်ခဲ့သော ရက္ခပူရအသင်းအဖွဲ့ကိုလည်း ရုပ်သိမ်းပြီးဖြစ်လေသည်။ (၁၉၃၅)ခုနှစ် ဗမာပြည် အစိုးရအက်ဥပဒေအရ ဖွဲ့စည်းလိုက်သော (၉၁)ဌာန အုပ်ချုပ်ရေးပဋ္ဌမလွှတ်တော်သို့ မောင်ကံထူးသည် စစ်တွေမြို့ အရှေ့ပိုင်း မဲဆန္ဒနယ်မှ အတိုက်အခံအမတ်လောင်းများဖြစ်ကြသော စစ်တွေမြို့ သူဌေးစုဟုခေါ်တွင်သော ပန်လင်တော ရပ်ကွက်မှ အမိန့်တော်ရရှေ့နေ ကျောင်းဆရာဟောင်း ဦးစံရွှေဖူးအပြင် စစ်တွေမြို့မှ မနရှင်ကြေးရေတတ်များက ခေါ်ယူ သော ရန်ကုန်မြို့မှ အမိန့်တော်ရရှေ့နေ ရခိုင်အမျိုးသား ဦးစိန်ထွန်းအောင်တို့နှင့် ယှဉ်ပြိုင်အရွေးခံရာ ရွေးကောက်ပွဲ စည်းကမ်းဥပဒေအရ တင်ကြိုထားရသော (            )ငွေတရာအပါအဝင် အသေးအဖွဲ့စုစုပေါင်း စရိတ်စက ငွေ (၄၀၀ိ)ကျော်လောက်နှင့်ပင် မဲဆန္ဒစုစုပေါင်း (၃၁၂၀၆)မဲအနက်၊ မောင်ကံထူးက (၇၂၀၉)မဲရ၍ ဦးစိန်ထွန်းအောင်က (၂၉၇၂)မဲ၊ ဦးစံရွှေဖူးက (၁၉၉၁)မဲကျစီ ရကြသဖြင့် သူတို့အတိုက်ခံ(၂)ဦးစလုံးရသော မဲပေါင်း (၄၆၆၃)မဲထက်ပင် မောင်ကံထူးက (၂၂၄၆)မဲပို၍ ရသဖြင့် (၁၉၃၆)ခု နိုဝင်ဘာလ (၂၆)ရက်နေ့ကပင် (၁၉၄၂)ခုနှစ်ကာလအတွင်းတွင် သူသည်

**(စာ-၄၁)**

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကိုယ်စား အောက်လွှတ်တော် (            )၌ နိုင်ငံရေးကိစ္စ အဝဝကို လွှတ်တော်ထဲ၌ မနရှင်ဝါဒလွှမ်းမိုးနေသော အာရကံပါတီဝင်တယောက်ဖြစ်လင့်ကစား လူထု၏အကျိုးစီးပွား ကိစ္စရပ်များ ပေါ်ပေါက်လာသောအခါတိုင်း၌ ဒို့ဗမာသခင်အစည်းအရုံး၏ကိုယ်စားလှယ်များ ဖြစ်ကြသော သခင်မြ သခင်အုံးကြီး သခင်လှတင်၊ သခင်လွန်းဘော်တို့လူစုနှင့် ကြောချင်းကပ်၍ များသောအားဖြင့် အတိုက်အခံဘက်မှနေ၍ သာ ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့သော အပြုအမူမျိုးကို မနရှင်ဝါဒကြီး လွှမ်းမိုးနေသော အာရကံပါတီဝင်အများစုက မကြိုက် နိုင်ကြသဖြင့် မောင်ကံထူးနှင့် အစေးမကပ်ဘဲ ရှိနေခဲ့ရာ နောက်ဆုံးတွင် အာရကံပါတီမှ သူထွက်သွားရ လောက်အောင် လွှတ်တော်ထဲ၌ သီးစားခကန့်သတ်ရေးဥပဒေ (            )ကို အတည်ပြုလိုက်ရန်အတွက် တင်သွင်းရာ၌ ပါတီဥက္ကဋ္ဌ ဦးရွှေသာနှင့် အချေအတင်ပြောဆိုရသော ပေါက်ကွဲမှု ပေါ်ပေါက်ခဲ့သည်။

**(စာ-၄၁-၄၂)**

**(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)**

## ဒုတိယအကြိမ်မြောက် ဗမာအင်္ဂလန်နိုင်ငံ မျက်နှာစုံညီအစည်းအဝေး

၁၉၃၃ ခုနှစ် နိုဝင်ဘာ(၂၉)ရက်နေ့တွင် စတင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် အင်္ဂလန်နိုင်ငံ မျက်နှာစုံညီ အစည်းအဝေး ( )သို့ မြန်မာပြည်နှင့်ပတ်သက်သော အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး နိုင်ငံရေးအဆင့်အတန်းကို တိုးမြှင့်တင်ပေးရေးတို့ကို ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန် မြန်မာနိုင်ငံမှ အောက်ပါကိုယ်စားလှယ်များ တက်ရောက်ခဲ့လေသည်။ မောင်ကံထူးမှတ်မိသလောက်မှာ (၁)ဦးဘဖေ (၂)ဦးသိန်းမောင် (၃)ဦးချစ်လှိုင် (၄) ကွဲရေးခေါင်းဆောင် ဒေါက်တာဘမော် (၅)ဦးရွှေသာ (၆) ဒေါက်တာသိန်းမောင် (၇) ဦးကျော်ဒင် (၈) ဒေါက်တာဖစောစ (၉)ဆာအော်စကာဒီဂလင်ဗီလ်(၁၀) ဆရာရွှေဘ (၁၁)အက်စ်-အေ-အက်ဖ်တယက်ဗ်ဂျီနှင့် နောက်တယောက်ပေါင်း (၁၂)ယောက်တို့ဖြစ်လေသည်။ ထိုမျက်နှာစုံညီဆွေးနွေးပွဲမှ အထက်ဖော်ပြခဲ့သော (၁၉၃၅)ခုနှစ် မြန်မာပြည်အက်ဥပဒေဟု ခေါ်တွင်သော (၉၁)ဌာနအုပ်ချုပ်ရေးစနစ်ကို ပေါက်ဖွားစေခဲ့လေသည်။ ဒုတိယ(နောက်ဆုံး)အကြိမ်၌ (၁၉၃၃)ခုနှစ် မြန်မာအင်္ဂလိပ် မျက်နှာစုံညီအစည်းအဝေးညီလာခံ၌ ဒေါက်တာဘမော်က တွဲရေးဘက်က အကျိုးအကြောင်းနှင့် တင်ပြဆွေးနွေး၍ နတ်ကြီးခေါ် ဘကြီးဘဖေက အိန္ဒိယနှင့် မြန်မာနိုင်ငံကို ခွဲထားသင့်ကြောင်း-

**(စာ-၄၄)**

ဘက်မှပြင်းပြင်းထန်ထန် ချေပဝေဖန်ခြင်းဖြင့် ညီလာခံကိုယ်စားလှယ်များအား သူ၏ထင်မြင်ချက်ကို လက်ခံနိုင်လောက်အောင် တင်ပြပြောဆိုခဲ့ကြောင်း သိရသည်

**(စာ-၄၄)**

**(မောင်ကံထူးမှတ်စုမှ ကောက်နုတ်ချက်)**

## အာရက်ပါတီဖွဲ့စည်းခြင်း

အောက်လွှတ်တော် ( )အထဲ၌ ရခိုင်ပြည်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်စေရန်အတွက် ရခိုင်အမတ်များ အားလုံးတို့ကို စုရုံး၍ ( )အာရက်ပါတီဟု အမည်ပေးပြီးလျှင် ဘင်္ဂလားပင်လယ်အော်ထဲ၌ ဆိန်ဒီးယားသင်္ဘောကုမ္ပဏီပိုင်၊ ဂျာအိုပါးလ်( )မီးသင်္ဘောကြီး၏ ထမင်းစားခန်းထဲ၌ ဤပါတီနာမကို အားလုံးအမတ်များ သဘောတူတည်ခဲ့သည်။ ၎င်းပြင် ပါတီစည်းမျဉ်းစာချုပ်တစ်ခုကိုလည်း ထိုနေ့ထိုနေရာမှာပင် ချုပ်ဆိုပြီးလျှင် အမတ်များစုံလင်စွာ လက်မှတ်ရေးထိုးကြ၍ အာရက်ပါတီဟု ပေါ်ထွက်ရေးအောင်မြင်မှုကို ရခဲ့လေသည်။ ဤကဲ့သို့ ပါတီဝါဒလမ်းစဉ် အယူဆအားဖြင့် ခြားနားသော အမတ်အသီးသီးတို့ကို စည်းလုံး၍ အာရက်ပါတီဟု လွှတ်တော်၌ ရခိုင်ပြည်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ခြင်းမှာ ကွယ်လွန်သူ အရေးပိုင်ဟောင်း အထက်လွှတ်တော်အမတ်၊ ( )ဦးစံအောင်၏ ကြိုးပမ်းမှု ၉၀ရာနှုန်းလောက်ပါဝင်၍ ဆာထွန်းအောင်ကျော်နှင့် တချို့သော ရခိုင်အမတ်များ၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုကြောင့်ဖြစ်လေသည်။ အာရက်ပါတီ၏ စည်းမျဉ်းစာချုပ်တွင် အမတ်များသဘောတူကာ လက်မှတ်ရေးထိုးစဉ် အခါက အသိသက်သေအဖြစ်ဖြင့် ဆရာကျော်ဇံ (မျက်မှန်တပ်)လည်းပါဝင်၍ လက်မှတ်ထိုးခဲ့သည်။ ပါတီဝင်အမတ်များမှာ ဂဠုံဦးစော မျိုးချစ်ပါတီဝင် သံတွဲအမတ် ဦးကျော်မြကို ချန်လှပ်၍ (၁)ဥက္ကဋ္ဌဦးရွှေသာ (၂)ဦးထွန်းအောင်ကျော် (၃)မောင်ကံထူး (၄) ဦးမောင်မောင်ထွန်းအောင်ကျော် (၅) မစ္စတာဆူလတန်မာဖူး (၆) မစ္စတာဂူနီမာန်ကံ (၇)ကသာင ဦးဘိုးမြ၊ မာန်အောင်အမတ်၊ (၈) ဦးစောလှညို ကျောက်ဖြူအမတ်တို့ ဖြစ်ကြသည်။

**(စာ-၄၅)**

**(မောင်ကံထူး မှတ်စုမှ ကောက်နုတ်သည်)**

## ဆရာတော် ဦးဥတ္တမ

မောင်ကံထူးသည် မြန်မာပြည်အား ပဌမဆုံး နိုင်ငံရေးမျက်စိဖွင့်ပေးခဲ့သူ ဆရာတော် ဦးဥတ္တမအား အလွန်ကြည်ညိုအားထားသူတယောက် ဖြစ်လင့်ကစား သူ၏ဝမ်းနည်းကြေကွဲဘွယ်ရာသောဖြစ်ရပ်တစ်ခုကို ဖော်ပြရပေအုံးမည်။ ပျံလွန်တော်မူလေပြီးဖြစ်သော စစ်တွေမြို့ ရွှေစေတီဆရာတော်ဘုရား ဦးတေဇာရမသည် ရခိုင်အမတ်များ စည်းလုံးညီညွတ်စေရန် လှုံ့ဆော်ကြိုးစားရာ၌၊ ဦးစံအောင်ကဲ့သို့ပင် ရာနှုန်းအပြည့်လောက်ပါဝင်ခဲ့သည်။ ဆရာတော် ဦးဥတ္တမ

သည် သူ၏သဘောထားနှင့် မတိုက်ဆိုင်သော ဒေါက်တာဘမော်နှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့ဖြစ်ကာ ဆရာသမားအရင်းဖြစ်သော ရွှေစေတီဆရာတော်ဘုရားကို မုသားစွပ်စွဲ၍ သူရိယသတင်းစာမှ မချေမငံသော စကားအသုံးအနှုံးဖြင့် အခြေအမြစ်ကင်းမဲ့စွာ ရေးခဲ့လေသည်။ ဆရာတော် ဦးဥတ္တမသည် အိန္ဒိယပြည်တွင် ဟိန္ဒူမဟာ ဆဘာအသင်း၏ဥက္ကဋ္ဌ လုပ်နေစဉ် (၂၁)ဦးပါတီအပါအဝင် ငါးပွင့်ဆိုင်ပါတီမှ ခိုင်းစေချက်အရ ဒေါက်တာသိန်းမောင်က အိန္ဒိယသို့သွားရန် ဆရာတော်ကို မက်လုံးပြပြီး ပင့်ဆောင်ယူလာခဲ့သည်။ ဆရာတော်၏ကြိုးပမ်းမှုကြောင့် ရွေးကောက်ပွဲတွင် ငါးပွင့်ဆိုင်ပါတီ မှ တော်တော်များများ အရွေးခံကြရသည်။ သို့ရာတွင် အစိုးရအဖွဲ့ဖွဲ့နိုင် လောက်အောင်ကား အမတ်အများစု (                    ) မရနိုင်ခဲ့ကြချေ။

**(စာ-၄၅)**

နိုင်ငံရေးကျားကွက်ကစားရာ၌ ဤအာရကံပါတီနှင့် အချို့သော ပါတီ တသီးပုဂ္ဂလအမတ်များကို သိမ်းသွင်းရာ တွင် ဆင်းရဲသားဓားမ ပါတီ ဒေါက်တာဘမော်က အပေါ်စီးရ၍ ညွှန့်ပေါင်းအစိုးရ ဖွဲ့နိုင်ခဲ့သည်ဖြစ်သောကြောင့် ငါးပွင့် ဆိုင်ပါတီက အစိုးရဖွဲ့နိုင်အောင် ဆရာတော်ဦးဥတ္တမ ကြိုးစားလေသမျှ သဲရေကျဖြစ်ခဲ့သည့်အတွက် အာရကံပါတီနှင့် အမတ်ပေါင်းဆုံ ညီညွတ်ရေးကြိုးပမ်းမှု၏ ဩဝါဒစရိယ ရွှေစေတီဆရာတော်ကြီးအပေါ် ဆရာတော်ဦးဥတ္တမသည် မခံမရပ်နိုင်ဘဲ ဒေါသဖြစ်သွားလေသည်။ နောက်ပိုင်းတွင် ငါးပွင့်ဆိုင်က ပယ်လာယကံပြုထားသည့်အတွက် အချေအတင် ပြောဆိုကြရာ ကြို့ပင်ကောက်မြို့သား ဦးဘစီ၏ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ ဤကိစ္စနှင့်ပတ်သက်၍ အထောက်အထား ခိုင်လုံရန် ထပ်မံစုံစမ်းရာ မြန်မာအလင်းသတင်းထောက် ဦးလှထွန်းဖြူက မှန်ကန်ကြောင်း သူကိုယ်တိုင် မြန်မာ့အလင်း သတင်းစာမှာ ရေးဘူးကြောင်း ဝန်ခံသည်။ ရိုက်သောသူ၏အမည်ကို မမှတ်မိပြီဟုဆိုသည်။

ဗမာ့ခေတ် ဦးဘရင်ရေး "ဆရာတော်ဦးဥတ္တမ"စာအုပ်စာမျက်နှာ ၈၅ တွင် တခါက ကာလကတ္တားတွင် ဗမာပြည် မှ ရှောင်တိမ်းသွားပြီး စားပေါက်ပွင့်နေသော လူတယောက်၏သတင်းကို သူရိယသတင်းစာသို့ ရေးပေးဘူး၍ ထိုသူက ရန်ရှာပြီး ရိုက်နှက်ခြင်းကို ခံရသည်ဟု ရေးသားထားခြင်းကို တွေ့ရသည်(စီစစ်ရန်လိုသည်)သူရိယသတင်းစာတိုက်တွင် ဦးဘဖေနှင့်အတူ လုပ်ကိုင်နေသူ ဦးလှဖေက ရိုက်သည်ဟု (          )(ဂေါ်တကမရှေ)ဦးလှထွန်းဖြူ ဦးရွှေကျော်အိမ်တွင် ဆွမ်းကျွေးပွဲ၌ပြော၍ ဦးရွှေကျော်ကလည်း ထောက်ခံသည်။ ဖြစ်ရပ်အမှန်ကို သိသာရန်အတွက် စီစစ်ရန်လိုသည် ဤ အကြောင်းနှင့် ပတ်သက်၍ ဦးဘဖေကို မောင်ကံထူးမေးကြည့်သည့်အခါ အံ့ဩသောအမူအရာနှင့် ဦးဥတ္တမအရိုက်ခံခဲ့ ရကြောင်းကို သူမသိပါဟု အဖြေပေးသည်။

ထပ်မံ၍ စုံစမ်းသိရသလောက်မှာ မကြီးကြီးလမ်းတွင် ထိုချိန်က "အာကာ"စာပုံနှိပ်တိုက်တခုရှိဘူးသည်ဟူ၍ ၎င်းလမ်းတွင်နေသော ဦးလှဖေနေအိမ်သို့ စာပုံနှိပ်လိုခြင်း သို့မဟုတ် တခြားကိစ္စတခုခုကြောင့် ဆရာတော်သွားရောက်ခဲ့ သည်။ ဦးလှဖေကို မတွေ့ရဘဲ ၎င်းအိမ်၌ရှိနေသော လူတယောက်က ဦးဥတ္တမကို မသိဟန်တူသည်။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ တစ်စုံတစ်ခုသောအကြောင်းကြောင့် အိမ်သို့ဝင်ရောက်လာသည်ကို မလိုလားသဖြင့် မခြေမငံပြောဆို ဆက်ဆံပေလိမ့်မည်။ ထိုအပြုအမူကို မခံမရပ်နိုင်ဖြစ်ပြီး အော်ကျယ်ဟစ်ကျယ်နှင့် အခြေတင်စကားများကြရာမှ ကြီးထွား လာသော ဒေါသကြောင့် ဆရာတော်ကို နေအိမ်မှ ဆွဲငင်တွန်းထုတ်ခြင်း(                    )ဖြစ်နိုင်ပေသည်။ ဦးလှဖေ နေအိမ်တွင် ဖြစ်သောဖြစ်ရပ်ကြောင့် ဆရာတော်ဦးဥတ္တမကို ဦးလှဖေရိုက်သည်ဟု နိုင်ငံရေးလောက၌ ဂယက်ရိုက် သွားခြင်းဖြစ်မည်ဆိုက ဖြစ်နိုင်၏။ ဘယ်လိုဘဲဖြစ်စေ ဘယ်သူကဘဲ မခြေမငံ မဘွယ်မရာပြုလုပ်လိုက်ခြင်း (          ) ကို ဆရာတော်ခံခဲ့ရသည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။

အပေါ်မှတ်ချက်-

**(စာ-၄၆)**

အောက်တွင် ဖော်ပြခဲ့သလို ကြို့ပင်ကောက်မြို့သား ဦးဘစီး ဒုတိယစာပိုဒ် ဗမာ့ခေတ် ဦးဘရင်ရေးစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ကာလကတ္တားမြို့တွင် စားပေါက်ပွင့်နေခဲ့သည်ဆိုသောသူနှင့် ဦးလှဖေအိမ်၌ရှိနေသူသုံးဦးစလုံး မှာ အတူတူပင်ဖြစ်လေသလားဟု တွေးတောထင်မှတ်စရာ ဖြစ်လာသည်။ မြန်မာနိုင်ငံကို ပဌမဆုံး နိုင်ငံရေး၊ စီးပွားရေးမျက်စိဖွင့်ပေးခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးကို ဟိုးလေးတကျော်ကျော် အရှက်တကွဲဖြစ်အောင် ပြုလုပ် လိုက်ခြင်းမှာ အလွန်စိတ်မကောင်းစရာပင် (                    )လုပ်လိုက်သော တရားခံအစစ်အမှန်ကား မည်သူနည်း ဘယ်အတွက်ကြောင့်နည်း မှန်ကန်သော နိုင်ငံရေးသမိုင်းဖြစ်ရပ်ကို ဖော်ထုတ်နိုင်ကြပါစေဟု မျှော်လင့်ရပေသည်။ ဆရာတော်ဦးဥတ္တမကို ဦးလှဖေ ရိုက်သည်ဟုဆိုခြင်းမှာ မကြီးကြီးလမ်း ဦးလှဖေနေအိမ်၌ဖြစ်ပျက်ခဲ့သော

သတင်းကိုကြား၍ ဦးလှဖေရိုက်သည်ဟု ပြောဟန်တူပေသည်။ ၎င်းကိုယ်တိုင် အထောက်အထားနှင့် ညီ၍ပြောခြင်း မဟုတ်ဟု ယူဆရလေ သည်။ နောက်ဆုံးတွင် ရန်ကုန်မြို့ရေကျော်ဗြောင်ကုန်းရပ်ကွက်ကျောင်းတိုက်တွင် သီတင်းသုံး နေစဉ် စိတ်နောက်လာ ရောဂါရ၍ ကိုယ်စိတ်ကို ကိုယ်မထိန်းသိမ်းနိုင်သဖြင့် လမ်းတကာတွင် လွှင့်ပစ်ထားသော စားစရာအကြွင်းအကျန်များကို ကောက်စားရသည်အထိ ရောဂါဆိုးဝါးပြီး (၉-၉-၃၉)ခုနှ ရန်ကုန်ဆေးရုံကြီး၌ ပျံလွန်သွားသည်အတွက် မောင်ကံထူးနှင့် တကွ ရခိုင်အမျိုးသားများ စိတ်မချမ်းသာစရာ တွေ့ကြုံခဲ့ရသည်။-

**(စာ-၄၆-၄၇)**

**(မောင်ကံထူး မှတ်စုမှ ကောက်နုတ်သည်)**

## ဥ၁-ဌာန အုပ်ချုပ်ရေးနှင့် အစိုးရအပြောင်းအလဲ

ဒုတိယကမ္ဘာစစ် ရှေ့ခေတ် (ဥ၁)ဌာနအုပ်ချုပ်ရေးသက်တမ်း(၆)နှစ်တာတလျှောက်လုံး၌ အစိုးရအပြောင်းအလဲ (၄)ခါရှိခဲ့သည်။ (၁) ဗမော်ညွန့်ပေါင်းအစိုးရ (၂) ဦးပုညွန့်ပေါင်းအစိုးရ (၃) မျိုးချစ်ပုတီဂဠုံဦးစော ညွန့်ပေါင်းအစိုးရ( ၄) ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကာလပျက်ခါနီး ဆာပေါ်ထွန်းအစိုးရတို့ဖြစ်လေသည်။ ၎င်းတို့ကို အသေးစိပ်ဖော်ပြရလျှင် (၁)အာရကံပါတီအပါအဝင်ဖြစ်သော ပဉ္စမညွန့်ပေါင်းအစိုးရကို (၁၉၃၃)ခုနှစ် မတ်လ (၂၆)ရက်နေ့တွင် ဆင်းရဲသားဓားမ ပါတီ၏ ဥက္ကဌ ဒေါက်တာဗမော်ဦးစီး ဖွဲ့လိုက်လေသည်။ (၁) ဒေါက်တာဗမော် နန်းရင်းဝန်၊ (၂) ရွှေကျင်ဦးပု သစ်တောဌာန ဝန်ကြီး၊ (၃) ဦးပေါ်ထွန်း ပြည်ထဲရေးဝန်ကြီးဌာန (၄) သာယာဝတီဦးမောင်မောင် ပညာရေးဝန်ကြီး (၅)ဦးထွန်းအောင်ကျော် အာရကံပါတီ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး (၆) မစ္စတာစောဖေသာ ကရင်အမျိုးသား အခွန်တော်ဌာနဝန်ကြီး။ (၁၉၃၉)ခုနှစ် ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ဦးပုခေါင်းဆောင်၍ ဒုတိယအစိုးရကို ဖွဲ့စည်းလိုက်သည်။ (၁)ဦးပုနန်းရင်းဝန် (၂)ဦးထွန်းအောင်ကျော် ဘဏ္ဍာရေးဝန်ကြီး၊ (၃) ဦးပေါ်ထွန်း အခွန်ဝန်ကြီး။ (၄)မစ္စတာစိပ်စီဒူးသစ်တောရေးဝန်ကြီး၊ (၅) စောဖိုးချစ် (ကရင်)ပညာရေးဝန်ကြီး၊ (၆)ဦးဘဖေ ပြည်ထဲရေးဝန်ကြီး။ (၇) ဦးထွန်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး-

**(စာ-၄၇)**

(၁၉၄၀)ခုနှစ် စက်တင်ဘာလ(၁၀)ရက်နေ့ ဦးပုအစိုးရကို အယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချ၍ ဂဠုံဦးစော တတိယမြောက်အစိုးရကို ဖွဲ့သည်(၁)ဦးစော နန်းရင်းဝန်၊ သစ်တောနှင့်ပညာရေး (၂) ဦးဘသီ (အမရပူရ)ဘဏ္ဍာရေး ဝန်ကြီး (၃)ဦးပေါ်ထွန်း အခွန်တော်ဝန်ကြီး (၄)ဦးအေး ပြည်ထဲရေးဝန်ကြီး (၅)သာယာဝတီဦးမောင်မောင် သယ်ယူပို့ ဆောင်ရေးနှင့် ကျန်းမာရေးဝန်ကြီး (၆) မစ္စတာစောဖေသာ တရားဌာနဝန်ကြီး (၇) ဦးဘသန်း(ပြည်)ကူးသန်းရောင်းဝယ် ရေးဝန်ကြီး (၈) ဦးဘအုံး (ပုသိမ်)အလုပ်သမားဝန်ကြီး။

(၁၉၄၁)ခုနှစ် အောက်တိုဘာ(၆)ရက်နေ့ နန်းရင်းဝန် ဦးစောသည် အတွင်းဝန်ဦးတင်ထွဋ်ကို ခေါင်းဆောင်၍ ဗြိတိသျှအစိုးရနန်းရင်းဝန် မစ္စတာချာချီနှင့် မြန်မာပြည်အုပ်ချုပ်ရေးအဆင့်အတန်းကို တိုးမြှင့်စေလိုသဖြင့် အရေးဆိုရန် အင်္ဂလန်နိုင်ငံသို့ ထွက်သွားလေသည်။ အရာမရောက်ခဲ့သည့်အပြင် စာမျက်နှာ (၆၈)တွင် ဖော်ပြထားသည့်အတိုင်း ဗြိတိသျှအစိုးရက သူ့ကို ဘမ်းပြီး အာဖရိကတိုက် ယူဂန်ဒါတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးသည်အထိ အကျယ်ချုပ်နှင့် ထားလေသည်။ နန်းရင်းဝန် ဦးစော အင်္ဂလန်နိုင်ငံသို့ သွားရောက်နေခိုက် အကျယ်ချုပ်နှင့် ဖမ်းဆီးခြင်းခံနေရစဉ် စတုတ္ထမြောက်အစိုးရအဖွဲ့ကို ခေတ္တနန်းရင်းဝန် ( )ဆာပေါ်ထွန်းက ဖွဲ့စည်းလိုက်သည်။ (၁)ဆာပေါ်ထွန်း နန်းရင်းဝန် ကျန်းမာရေး ပို့ဆောင်ရေး၊ (၂)ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးဝန်ကြီးဌာန (၃)ဦးအောက် (မျိုးချစ်)ပြည်ထဲ ရေးဝန်ကြီး။ သာယာဝတီ ဦးမောင်မောင် တရားရေးဌာနဝန်ကြီး (၅) ဦးဘသန်း (ပြည်) ကူးသန်းရောင်းဝယ်ရေးဝန်ကြီး (၆)ဦးအိမ် (မျိုးချစ်ပါတီ)သစ်တောရေးဝန်ကြီးအားဖြင့် (ဥ၁)ဌာနအုပ်ချုပ်ရေးကာလအတွင်း အစိုးရအဖွဲ့(၄)ကြိမ် အပြောင်းအလဲဖြစ်ခဲ့လေသည်။

**(စာ-၄၈)**

**(မောင်ကံထူး မှတ်စုမှ ကောက်နုတ်သည်)**

## အာရက်ပါတီမှ နှုတ်ထွက်ခြင်း

မောင်ကံထူးသည် နိုင်ငံရေးကိစ္စတွင် ရခိုင်ပြည်အတွက် အာရက်ပါတီ၌ဝင်၍ အလုပ်လုပ်သော အမတ်တစ်ဦး ဖြစ်ငြားသော်လည်း ဒို့ဗမာအစည်းအရုံးခေါင်းဆောင်၍ ဗမာပြည်လုံးအုံကြွလာအောင် ဆွပေးခဲ့သည်။ လူတန်းစား တိုက်ပွဲသီးစာပြဿနာဖြေရှင်းရေးနှင့် လွှတ်တော်ထဲတွင် ရင်ဆိုင်လာရသောအခါ၌ကား ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး၏ တောင်သူလယ်သမားများအပေါ် ထားရှိသော ဝါဒလမ်းစဉ်နှင့် သီးစားပေါ်လစီအရ အာရက်ပါတီ ၏ထိပ်ပိုင်းနှင့် သဘောကွဲလွဲသဖြင့် အာရက်ပါတီဥက္ကဋ္ဌ ဝတ်လုံဦးရွှေသာက လွှတ်တော်ထဲ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်း သားအစည်းအရုံးသည် လယ်ကောက်မပေးစတမ်း ဝါဒဖြစ်သည်။(                    )ဆိုသောစကားကို အသုံးပြု၍ တရားဥပဒေဘောင်အတွင်း၌ အကြုံးမဝင်သောအစည်းအရုံး (illgaly association                    )အီလီဂေလီ အစို ဖေးရှင်း အဖြစ်သို့ ရောက်သွားနိုင်စေရန် ကြေငြာခြင်းကို ခံရထိုက်သော သဘောအဓိပ္ပါယ်သက်ရောက်စေသော စကားပါဝင်သည့် မိန့်ခွန်းမျိုးကို မြွက်ဟခဲ့သည်။ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး အမှုဆောင်အဖွဲ့ ညွှန်ကြားချက် အရ လွှတ်တော်အစည်း အဝေးခမ်းမ၌ အာရက်ပါတီမှ နှုတ်ထွက်ရမည့်အကြောင်းကို လုံလောက်စွာ အထောက်အထားပြ၍ ကြေငြာပြီးလျှင် ဝမ်းနဲစွာဖြင့် အာရက်ပါတီမှ နှုတ်ထွက်ခါ ထိုပါတီနှင့်လုံးလုံး အဆက်ဖြတ် လိုက်ရတော့သည်။ ထိုအချိန်ကစ၍ လွှတ်တော် ထဲ၌ အမြတမ်းအတိုက်အခံဘက်ကသာလျှင် အမြဲတစေနေခဲ့သည့် သခင်အမတ်စုတို့၏ လှုပ်ရှားမှုများနှင့် ပိုမိုအနီးကပ်ဆုံး နီးကပ်စွာဖြင့် ဆက်ဆံလျက် မိမိ-

**(စာ ၅၉–၆၀)**

ဆန္ဒကို လွတ်လွတ်ကျွတ်ကျွတ် ပြဌာန်းခဲ့လေသည်။ သို့ရာတွင် သခင်ပါတီ၏တိုက်ပွဲဝင်ပုံနည်းပရိယာယ်ကို ယုံကြည်နှစ်ခြိုက်စွာဖြင့် သခင်အမတ်စုနှင့် ပူးပေါင်းဆောင်ရွက်ငြားသော်လည်း သူ၏ပင်ရင်းအဖွဲ့ (                    )ကို သစ္စာဖောက်၍ တရံတခါမျှ မိမိကိုယ်ကို သခင်ဟူသောအမည်ဖြင့် ကင်းပွန်းမတပ်ဆင်ခဲ့ချေ။ ဒို့ဗမာသခင်အစည်းအရုံး သည် တက်ကြွသောလူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားသော တိုးတက်နေသောအစိတ်အပိုင်းတစ်ခု ဖြစ်သည့်အားလျော် စွာ ထိုသူများသည် ထိုအခါက ခေတ်စားနေသောအက္ခရာ(                    )ဟုမ္မရှူးဒိုမီနီယံဆိုသော စကားအသုံးအနှုံးကို လက်မခံဘဲ ထိုထက်တဆင့်တက်ကာ ဗြိတိသျှအင်ပါယာ၏အပြင်ဘက်တွင် လုံးဝလွတ်လပ်ရေးကိုသာလျှင် အရယူမည် ဟူသော ဆောင်ပုဒ်နှင့် ဗမာပြည်လုံးကို တပ်လှန့်နှိုးနေသော တခုတည်းသော အစည်းအရုံးဖြစ်လေသည်။-

**(စာ–၆၀)**

**(မောင်ကံထူး မှတ်စုစာအုပ်မှ ကောက်နှုတ်သည်)**

## ဗမာပြည် လွတ်လပ်ရေးအုပ်စုနှင့် ဆက်သွယ်ခြင်း

ဤဒုတိယကမ္ဘာစစ်ပွားလာသည့်အချိန်က တကမ္ဘာလုံးကို မြန်မာပြည်အပါအဝင် နိုင်ငံအသီးသီးတို့၏ နိုင်ငံရေး လှုပ်ရှားမှုပြင်းထန်လာခဲ့ရာ ဒို့ဗမာဆင်းရဲသားပါတီဥက္ကဋ္ဌ ဒေါက်တာဗမော်နှင့် သခင်ပါတီပူးတွဲ၍ ဗမာပြည်လွတ်လပ်ရေး အုပ်စု၊ (                    )ဘားမားဖရီးဒန်းဘလော(ခ်)ကို (၁၉၃၉-၁၉၄၀)လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ကြတော့သည်။ နိုင်ငံရေးလှုပ်ရှားမှု ပိုမိုပြင်းထန်လာသောအခါ ဒေါက်တာဗမော် သခင်နုကဲ့သို့သော လွတ်လပ်ရေးစိတ်ဓာတ်ပြင်းပြသော မျိုးချစ်ပုဂ္ဂိုလ်များ ထောင်ထဲမှာ ရောက်နေသောအချိန်၌ ရန်ကုန်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး၏လက်ရွေး စင် ခေါင်းဆောင်များဖြစ်ကြသော ဆရာကြီးဦးအောင်ထွန်းဦး ဦးသာဇံလှတို့နှင့် တင်ကြို၍ဆက်သွယ်ထားကြသည့် အတိုင်း ရန်ကုန်မြို့၌ အမြဲတမ်းနေထိုင်လျက်ရှိသော အစည်းအရုံး၏ကိုယ်စားလှယ် မောင်ကံထူးသည် ရခိုင်ပြည်ဘူးသီး တောင်မြို့မှ ဦးစံထွန်းအောင်(ဆေးသမား)ကိုပါ အတူခေါ်ဆောင်၍ပါတ်လမ်း (ယခု နတ်မောက်လမ်း)ဒေါက်တာဗမော် အိမ်၊ ဒေါက်တာဗမော်၏ဇနီး ဒေါ်ခင်မာမာ အပါအဝင်ဗန္ဓုလဦးစိန်၊ ဦးလှမင်း၊ ဦးဘဝင်းတို့နှင့် (ဖရီးဒန်းဘလော(ခ်)ကိစ္စ ရပ်များကို (၂)ကြိမ်တိုင်တိုင် လျှို့ဝှက်စွာ စည်းဝေးဆွေးနွေးခဲ့ကြဘူး သည်။ ဤအချိန်ထက် အနည်းငယ်စောစွာသောအချိန် တချိန်၌ ဦးအောင်ထွန်းဦးနှင့် မောင်ကံထူးတို့သည် ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံး လက်ရွေးစင်အဖွဲ့၏ ကိုယ်စား ဥက္ကဋ္ဌ ဦးသာဇံလှ လက်မှတ်ရေးထိုးထားသော (ဖရီးဒန်းဘလောခ်)၏ လုပ်ရပ်များ ပါဝင်သည့် လျှို့ဝှက်စာတစောင်ကို စတော့ကိတ်လမ်း၌ နေထိုင်လျက်ရှိသော သခင်နုလက်ထဲသို့ ပေးအပ်ရန် သွားရောက်ခဲ့ငြားသော်လည်း သခင်နုကို မတွေ့ခဲ့ရပေ။ (ထောင်ထဲရောက်နေသော

အချိန်နှင့် တိုက်ဆိုင်နေလေသည်။) ၎င်း၏ဇနီးနှင့်တွေ့၍ အရေးကြီးသော ထိုစာစောင်ကို ပေးရန်ရှိကြောင်းကို ပြောပြ၍ သခင်နု၏ဇနီး ဒေါ်မြရီလက်ထဲ၌ ပေးအပ်ခဲ့သည်။ သို့မဟုတ် ပြန်၍ယူလာ ခဲ့သည်ကိုကား မှတ်စုတချို့ကို ရှာ၍မတွေ့သဖြင့် အတိအကျမဖော်ပြနိုင်တော့ပြီး-

**(စာ-၆၁)**

**(မောင်ကံထူး မှတ်စုမှ ကောက်နုတ်သည်)**

ဝတ်လုံဦးသာဇံလှ အမျိုးသားကျောင်းဆရာကြီး ဦးအောင်ထွန်းဦးနှင့် မောင်ကံထူးတို့သုံးယောက်သည် လွတ်လပ်ရေးရအောင်အထိ နိုင်ငံရေးကို အချိန်ပြည့်လုပ်မည်ဟူ၍ ဂတိဝတ်ပြုကြသည့်အတိုင်း သူတို့၏စီးပွားရေးများကို ပေလာယျက်ထားသည်ဟု မဆိုနိုင်ငြားသော်လည်း ပိုပြီးလျှင် နိုင်ငံရေးလုပ်ငန်းမှာသာ လုံးပမ်းရင်းနှင့် အချိန်ကုန်ခဲ့ကြသည်။ ဦးအောင်ထွန်းဦးကား အလွန်တရာပင် လွတ်လပ်ရေး ဆာလောင်မွတ်သိပ်ခြင်းလက္ခဏာကို ပြခဲ့သည်။ "လွတ်လပ်ရေး မရသရွေ့ကာလပတ်လုံး ဘယ်တော့မှ ငါခေါင်းပေါင်းမပေါင်း" ဟု ဂတိပြုခဲ့သည့်အတိုင်း သူတခါမျှ ခေါင်းပေါင်းပေါင်း သည်ကို မမြင်ဘူးရပေ။ သူသည် ဂျပန်ခေတ် ခရိုင်ဝန်အလုပ်တာဝန်ဖြင့် စစ်တွေမြို့ အကျဉ်းထောင်အတွင်းတွင် သူအလုပ်ဝတ္တရားကို ဆောင်ရွက်နေစဉ် ရန်သူလေယာဉ်က ဗုံးကြဲချသဖြင့် ဗုံးဆံထိ၍ သူဆာလောင်မွတ်သိပ်နေသော လွတ်လပ်ရေး ကို မတွေ့မကြုံမမြင်ခဲ့ရဘဲ သေဆုံးရရှာလေသည်။ ဝတ်လုံဦးသာဇံလှသည်လည်း လွတ်လပ်ရေးရသည်အထိ မနေခဲ့ရဘဲ အလံပြဘုရားလမ်းမှာရှိသည့်(ယခု စစ်ရုံး)စစ်ဆေးရုံ(ဒိုင်အိုစီစင်မိန်းကလေးကျောင်း)မှာ အလိုဆန္ဒမပြည့်ဝခဲ့ဘဲနှင့် ခြေထောက်မှာ သက်တန်းရောဂါရ၍ သေသွားရှာလေသည်။ ဦးအောင်ထွန်းဦး ကွယ်လွန်ပြီးသည့်နောက် သူ့နေရာကို ဆက်ခံရန်အတွက် မြို့ဟောင်းမြို့၌ ရှေ့နေလုပ်နေသူ ဦးကျော်ထွန်းဦးကို ခရိုင်ဝန်ခန့်အပ်လိုက်သည်။ စစ်တွေမြို့၌ထပ်မံ၍ ဗုံးကျနေသည့်အတွက် ကြောက်လန့်၍အလုပ်ကို လက်ခံပြီးနောက် တစ်ရက်နှစ်ရက်အတွင်းမှာပင် ခရိုင်ဝန်တာဝန် ဝတ္တရားများကို မဆောင်ရွက်ဘဲ ရှောင်တိမ်းနေသည့်အတွက် ဦးထွန်းဦးကို ထိုနေရာ၌ ခန့်ထားလိုက်ရသည်။

**(စာ-၆၂)**

**(မောင်ကံထူး မှတ်စု မှ ကောက်နုတ်သည်)**

## နိုင်ငံရေးဆိုသည်မှာ

နိုင်ငံရေးဆိုသည်မှာ ပါတီနိုင်ငံရေးဖြစ်စေ၊ ပုဂ္ဂလိကအဖြစ် ဆောင်ရွက်သော နိုင်ငံရေးဖြစ်စေ၊ ကျွန်ဘဝမှ လွတ်မြောက်စေသော စားဝတ်နေရေးကို မြှင့်တင်ပေးသောသဘောတရား သက်ရောက်သော အလွန်မွန်မြတ်သောအလုပ် ဖြစ်လေ၏။ နိုင်ငံရေးသမားတယောက်သည် သူ၏နိုင်ငံရေးသက်တမ်းတစ်လျှောက်တွင် ဘယ်လိုပင်သဘောထား ပြင်းစွာဖြင့် ကြိုးစားဆောင်ရွက်သည်ဖြစ်စေ ဘယ်သူဘဲဖြစ်ဖြစ် ဘယ်တိုင်းပြည်မှာဘဲဖြစ်ဖြစ် ဘယ်အခါမှ လူထုအားလုံး ကျေနပ်စေရန် မဖြစ်နိုင်။ ကျေနပ်သူများက အားရဝမ်းသာဖြစ်၍ မကျေနပ်သူအစိပ်အပိုင်းက ဆဲဆိုပြစ်တင်ခြင်းကို ခံရသော "ကျေးဇူးတင်မခံရဘဲ အန္တရာယ်များသော"အလုပ်မျိုးဖြစ်သည်။

## ဒိုင်နာစ်ပူရ်အကျဉ်းထောင်သို့

(ထိုအချိန်အခါ က မင်းကြီး မစ္စတာအဗီဂေးလ်ရာဇဝတ်ဝန် မစ္စတာကလိဖ်ရာဇဝတ်ဝန်ထောက်မစ္စတာ ဝှိုက်ခရေးပိုင်း၊ ဦးကျော်ခိုင် အိုင်-စီ-အက်စ်)စစ်တွေမြို့မှ ဗြိတိသျှအစိုးရအုပ်ချုပ်ရေးကို ရုတ်သိမ်း၍ ဆုတ်ခွာထွက်သွားခါနီး အငိုက်မိခံလိုက်ရသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဝင် တော်တော် များများကို ဘမ်းဆီးပြီးလျှင် အိန္ဒိယပြည် တော်မီလာထောင်ကိုမှတဆင့် ဒိုင်နာပူရ်အကျဉ်းထောင်၌ ချထားလေသည်။ နောက်ပိုင်းတွင် ဒုက္ခသည်စခန်း၊ ( )ဖွင့်၍ စစ်ပြေးဒုက္ခသည်များကိုပါ ထားသည်ဟုသိရသည်။ အဘမ်းခံရသော ( )အစည်းအရုံးဝင်များနှင့် တသီးပုဂ္ဂလမျိုးချစ်လူငယ် နိုင်ငံရေးသမားများအနက် မောင်ကံထူးမှတ်မိသလောက်မှာ ကျောက်ဖြူမြို့မှ ဦးသာထွန်း၊ ရမ္ဗာဝတီ ဦးဘထွန်း၊ ဦးမောင်စံလှ၊ ဦးဖိုးလှ၊ ဦးအိုးမောင်၊ ဦးဖိုးအောင်၊ ဦးဖြူသာထွန်း၊

ဦးမောင်သာနို၊ မြို့ဟောင်းမြို့နယ် ပုဇွန်ဖယ်ရွာမှ ဦးမောင်သာထွန်း၊ ဦးအောင်သာဦး၊ ဘူးသီးတောင်မှရွှေနေ ဦးညို၊ ဦးလှမောင်သာ၊ ရသေ့တောင်မှ မျိုးချစ်ကျော်ဦး၊ ဦးမြလှမောင် ဆရာသတိုးလှတို့ဖြစ်ကြသည်။ ဦးအောင်သာဦးနှင့် ဦးညိုတို့မှာ အိန္ဒိယပြည်၌ပင် အကျဉ်းခံနေရစဉ်အတွင်း သေကြေပျက်စီးကြသည်။

မှတ်ချက်။ ။ အထက်က ဖော်ပြခဲ့သလို ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံးအဖွဲ့ဝင်များ ( )ကို ဘမ်းဆီး၍ အိန္ဒိယပြည်အကျဉ်းစခန်းပို့ခံလိုက်ရခြင်းမှာ ဒုတိယကမ္ဘာစစ်ပြင်းထန်နေချိန် မြန်မာနိုင်ငံ-

(စာ–၈၂)

လွတ်လပ်ရေးလျှို့ဝှက်အဖွဲ့ ( )၏ဗြိတိသျှစစ်အောင်နိုင်ရေးကို အတားအဆီးဖြစ်စေရန်အတွက် လူထုအစည်းအဝေးအားဖြင့်လည်းကောင်း တီးတိုးဝါဒဖြန့်ခြင်းဖြင့်လည်းကောင်း ပြင်းပြင်းထန်ထန်လှုပ်ရှားနေချိန် ဗမာပြည်မမှ သခင်အဖွဲ့ဝင်လူငယ်အချို့နှင့် ရခိုင်ဘက်မှ နိုင်ငံရေးလှုပ်ရှားရာတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသော လူငယ်အချို့တို့က ဗြိတိသျှအုပ်ချုပ်ရေးကို လက်နက်ကိုင်တော်လှန်ရန် တိုင်းလုံးဆိုင်ရာအစည်းအရုံး ခေါင်းဆောင်များထံသို့ လာရောက်တင်ပြဆွေးနွေးကြခြင်း၏ ဂွင်းဆက် ( )ဖြစ်သည်။

(ထိုအချိန် ထိုအခါက လက်နက်ကိုင် တော်လှန်ရန်အတွက် သင့်တော်ဆီလျော်သော အချိန်မကျရောက် မဟုတ်သေးသဖြင့် အဖွဲ့ခေါင်းဆောင်ပိုင်းက နိုင်ငံရေးသမားလူငယ်များ တင်ပြချက်ကို ပယ်ချခဲ့သည်။)

(စာ–၈၂)

**(မောင်ကံထူးမှတ်စုမှ ကောက်နုတ်သည်)**

# ကုလားရခိုင်အဓိကရုဏ်း

လူမျိုးရေးအဓိကရုဏ်းကို ပေါက်ဖွားစေတတ်သော မည်သည့်အခြင်းအခုံအပြောအဆို အရေးအသားစသည့် သဘောကွဲလွဲချက်မျိုးကို မဆို အဘက်ဘက်က အရှောင့်ပေးခြင်း အနစ်နာခံခြင်းဖြင့် တတ်နိုင်သည့်နည်းလမ်းကို ရှာ၍ ရှောင်ကွင်းရန်ကို နောင်လာနောင်သားများ မမေ့အပ်ပေ။

ကုလားရခိုင်အဓိကရုဏ်း၏ တန်ပြန်ရိုက်ခတ်မှုကြောင့် ဘူးသီးတောင် မောင်တောဒေသများရှိ ရခိုင်ဗုဒ္ဓဘာသာ အမျိုးသမီးများစွာတို့အား မူဆလင်လူမျိုးကုလားများက လက်စားချေခြင်းအားဖြင့် ဘမ်းဆီးသွားကြရာ အချိန်တော်ကြာမှပင် ဆရာတော် ဦးပညာသီဟနှင့် ၎င်းတပည့်များက အသက်နှင့်လဲပြီးသွားရောက် ထုတ်ယူကယ်တင်နိုင်ခဲ့ကြလေသည်။ ဤကဲ့သို့ ကြေကွဲဖွယ်ရာဖြစ်ရပ်ကို နှစ်ဘက်စလုံးက တစစနှင့် မေ့ပျောက်လိုက်နိုင်ပါစေဟု အထူးပင် ဆုတောင်းမျှော်လင့်ရပေသည်။

ဤအထိကရုဏ်းကို ဖြန်ဖြေထိန်းသိမ်းရန် ဦးစိန္တာ၊ ဦးပညာသီဟ၊ ဦးညိုထွန်း၊ ဦးကြာလှအောင်၊ ဦးထွန်းဝင်း စသော မျိုးချစ်ပုဂ္ဂိုလ်များက တစ်ဖက်၊ မောင်ကံထူးက ၎င်း၏လက်ရုံးမျိုးချစ် ဦးညိုလှဖြူနှင့်အတူ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ (ဆရာ)ခေါင်းကုတ်ကုလားရွာသား စစ်တွေအမျိုးသားကျောင်းဆရာ မစ္စတာဇော်နော်ဒိန်၊ ပိုက်သည်ရပ်ကုလားရွာ မစ္စတာအဘူပါတို့ ပူးတွဲလျက် သဲသဲမဲမဲဆောင်ရွက်ခဲ့ကြ၏။

ဘီအိုင်အေ တပ်နှင့် ဂျပန်တပ်များ ဝင်ရောက်သိမ်းပိုက်ပြီးနောက် အခြေအနေမှာ တိုးတက်ကောင်းမွန်လာလေသည်။ သို့ရာတွင် ကျောက်တော်မြို့သို့ ရောက်ရှိလာသော ရာပေါင်းများစွာသော အဓိကရုဏ်းဒါဏ်ချက်မိခဲ့သော ဒုက္ခသည်များ၏ ပြဿနာမှာကား မသေးငယ်လှပေ။ ၎င်းတို့နေထိုင်စားသောက်ရေးတို့ကို ကောင်းမွန်စွာ ပြီးမြောက်နိုင်စေရန် စနစ်တကျဖွဲ့စည်းထားသော ဒုက္ခသည်စောင့်ရှောက်ရေးအဖွဲ့များက အထူးပင်အားစိုက်ကြိုးပန်း ကူညီဆောင်ရွက်ပေးခဲ့လေသည်။ များစွာသော တန်းလျားများကို ကျောက်တော်နှင့် ပိုက်သည်ရပ် နှစ်ရွာကြားတွင်ရှိသော ဒုံးချောင်းတောနှင့် ကျောက်တော်ဘုန်းကြီးကျောင်း အနောက်နားမြေကွက်လပ်တို့၌ ကျန်းမာရေးနှင့် ညီညွတ်နိုင်သမျှ ညီညွတ်နိုင်စေရန် ဆောက်လုပ်ပြီး နေသားတကျ ကျအောင်ပြန်လည်နေရာချထားပေးရပြန်သည်။ ၎င်းတို့ထဲမှ အနာတရ ရသူများ မကျန်းမာရောဂါရသူများအား စောင့်ရှောက်ရသည်မှာလည်း မလွယ်ကူလှချေ။ အရည်အချင်းနှင့်ပြည့်စုံသော ဆရာဝန်များနှင့် ခေတ်မှီဆေးကောင်းဝါးကောင်းများ မရနိုင်သည်ကို ထိုအချိန်ကြားကာလတွင်

တိုင်းရင်းသားဆေးပညာရှိများနှင့် ရရှိ သလောက်သော တိုင်းရင်းဘယဆေးဝါးတို့မှာ အဘိုးအနဂ္ဃထိုက်တန်လှပေသည်။ ဤကိစ္စတွင် ကွယ်လွန်သူ တိုင်းရင်းဆေး ဆရာများ ဖြစ်ကြသော (၁)ပိုက်သည်ရပ်ရွာမှ မောင်သာဖြူ (၂) တာမိ(လမ္မတော်)ဘက်ရွာမှ ဦးဖြူထွန်း (၃) လမ္မတော် ညောင်ပင်လှရွာမှ ဦးငမဲနှင့် ဒုက္ခသည်များနေရန် တန်းလျားများ ဆောက်လုပ်ရာ၌ ပစ္စည်းများပေးလှူကြသော ပလောင် ကုလားရွာမှ အရပ်လူကြီး အဒူကာဒါတို့အား ရောဂါပေါင်းစုံရနေသော သူနာပေါင်းစုံတို့ကို ကြင်နာယုယစွာ နေရာထိုင်ခင်း ရစေရန်နှင့် ကူညီစောင့်ရှောက်ပေးခြင်းတို့အတွက် အထူးပင်ကျေးဇူးတင်ထိုက်လှပေသည်။ ဤလူမျိုးရေး အဓိကရုဏ်းကြီး အဆိုးဝါးဆုံးအချိန်သို့ရောက်ချိန်နှင့် တချိန်တည်းလိုလို၊ စစ်တွေမြို့မှ မြို့သူမြို့သားများ ထွက်ခွာသွားပြီးနောက် အုပ်ချုပ် ရေး ဟူ၍လုံးဝမရှိသော

(စာ–၇၅)

အချိန်အခါမျိုးတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်နေသူ အရေးပိုင် ဦးကျော်ခိုင် (အိုင်-စီ-အက်ဖ်)သည် မျိုးချစ် စိတ်ရှိသော ဝံသာနုပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း ကာလပျက်ခါနှင့် ရင်ဆိုင်နေရသဖြင့် အခြေအနေမှန်ကို မသုံးသပ်မိဘဲ စိတ်ကိုမထိန်းသိမ်းနိုင်သောကြောင့် သေရက်ကို အဖော်သဟေးပြုလုပ်ပြီး ဥပဒေကို မိမိတစ်ဦးတည်း လက်ထဲ၌သိမ်းပိုက်ထားရှိခြင်းဖြင့် တိုင်းပြည်ကို အဖတ်ဆယ်ကယ်တင်နိုင်လိမ့်မည်ဟု အထင်စိတ်ကူးယာဉ်နှင့် လက်နက်တပ်ဆင်ထားသော (တာဝန်ခံအုပ်ချုပ်ရေးအရာရှိများ စစ်တွေမြို့ကို စွန့်ခွာထွက်ပြေးသွားစဉ်အခါက ကျန်ရစ်ခဲ့သော သင်္ဘောအမ်အယ်လ် လက်နက်တင်ဆောင်သော သင်္ဘောကလေးတစ်စင်းဖြင့် ဦးတည်ရာသို့ မရပ်မနား ခုတ်မောင်းသွားလာရင်း သခင်အသင်း သား(ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသားအစည်းအရုံးဝင်များကို အစိုးရပိုင်းက သခင်ဟုအမည်ပေး၍ ခေါ်ဝေါ်ကြသည်) များရှိမည်ဟု ထင်ရသောရပ်ကွက်များကို စက်သေနပ်ဖြင့် အရမ်းကာရော ပစ်ခတ်စေသောကြောင့် အပြစ်ကင်းမဲ့သော ကျောက်တော်မြို့အပိုင် သင်းဂနက်ရွာသား အရပ်သူအရပ်သား မြောက်များစွာတို့ အော်လီဂွန်အမြောက်

(စာ–၇၅)

ငယ်၏ ဒါဏ်ချက်နှင့် သေဆုံးကြရသည်။ လူနေအိမ်အတော်များများလည်း ပျက်စီးခဲ့ရသည်။ သရေချောင်း ထိပ်ဝပြင် ဘုန်းကြီးကျောင်းကိုလည်း သခင်များ ပုန်းအောင်းနေကြသည်ဟု အထင်နှင့် ပစ်ခတ်၍ ကျောင်းအတော်ပျက်စီးခြင်းခံရသည်။ ထို့ပြင်လည်း အရေးပိုင် ဦးကျော်ခိုင်သည် ရခိုင်ပြည်၌လက်ညှိုးထိုး၍ ညွှန်ပြရန်ပင်မရှိသော သခင်များနှင့် တိုင်းလုံးဆိုင်ရာအစည်းအရုံး ခေါင်းဆောင်များ အထူးသဖြင့် ဝတ်လုံဦးသာဇံလှနှင့် ဆရာကြီး ဦးမောင်ထွန်းဦးတို့ကို ဘမ်းဆီးရန် ဝရန်းနှင့် တလိုက်တည်း လိုက်လံရှာဖွေနေရာ သူတို့နှစ်ဦးစလုံးမှာလည်း သင်္ဘောသံကြားတိုင်း တပြေးတည်း ပြေးလျက် ရှောင်တိမ်းနေကြရလေသည်။ အကယ်၍ ဦးကျော်ခိုင်သည် သေရည်သေရက်ကို အလွန်အကျူး မသောက်ဘဲ တိုင်းလုံးဆိုင်ရာ အစည်းအရုံးဝင်များအားလည်း ယုံယုံကြည်ကြည်ရင်းရင်းနှီးနှီးဖြင့် ဆက်ဆံခဲ့မည်ဆိုပါက သူတစ်ပါး၏ လက်ချက်ဖြင့် အသေဆိုးကြီးနှင့် သေရမည်မဟုတ်ဟု မောင်ကံထူးယခုတိုင် နှမြောတသယုံကြည်လျက်ရှိနေ ၏။ ရန်သူ မဟုတ်သူတို့အား အရှုးစုံးဖမ်း ဗရမ်းဗတာ အရမ်းကာရော လိုက်လံရှာဖွေရင်း မူဆလင်ဘာသာဝင်ကုလားများ နှင့် ငြိမ်းချမ်းရေးစေ့စပ်မှုကို ပြုလုပ်နိုင်လိမ့်မည်ဟု ယူဆချက်ဖြင့် (၁၉၄၂)ခု မေလ(၁)ရက် (၁၃ဝ၄)ခု ကဆုန်လဆုပ်(၃) ရက် သောကြာနေ့ မော်လဝီမစ္စတာဇင်ဘီမာရကံရှိရာ ဂူတာပြင်အရပ်သို့သွားရန် ပုလိပ်အရာရှိ ဦးမောင်စံလှက ဆရာဝန် ဦးအောင်သာလှ၊ အာရကံကော်မီရှနာ (ပီအေ)(     )ရခိုင်မူဆလင် ဦးဘတင် မြို့ပိုင် နုရ်မာမက်၊ စစ်တွေမြို့သူဌေး ဦးရွှေသာ စသောအဖော်တစုနှင့်အတူ ဘူးသီးတောင်မြို့မှ မနက်စားပြီးအချိန် အစိုးရနှစ်ထပ်သင်္ဘောပရိုဂတ်စ်(     )နှင့် ထွက်လာရာ ဂူတာပြင်အရပ်ဆိပ်ကမ်းသို့ နေ့လည်နှစ်နာရီလောက်အချိန် ဆိုက်ရောက်လာစဉ် အရေးပိုင် ဦးကျော်ခိုင် ယုံကြည်အားထားခဲ့သော မစ္စတာဇင်ဘီ ခေါင်းဆောင်သော မူဆလင်ကုလားလူမျိုးအုပ်စုထဲမှ တစ်စုံတစ်ယောက်က ပစ်ထည့်လိုက်သော သေနတ်ကျည်ဆံထိမှန် ဒဏ်ရာရသဖြင့် ထိုအရပ်မှ ရသေ့တောင်မြို့သို့ ဆက်လက်ခုတ်မောင်းသွားရာ ညနေအချိန်တွင် ရောက်ရှိရပ်တန့်ကြသည်။ ဦးကျော်ခိုင်မှာ ရရှိသောဒဏ်ရာနှင့် ထိုအရပ်၌ အသက်ထွက်ပြီး သေကြေ ပျက်စီးလေသည်။ ဝံသာနုအမျိုးသားကောင်းတစ်ယောက် ပျက်စီးဆုံးရှုံးရသည့်အတွက် နှမြောစရာပင် သေနတ်ပစ်ခံရ ၍ ရသေ့တောင်မြို့ဘက်သို့-

(စာ–၇၆)

ထွက်ပြေးလာစဉ် ဂူတာပြင်ဆိပ်ကမ်း၌ရှိသော ပင်လယ်ကာဒယားရမ်းဟု အမည်ပေးထားသော မီးသင်္ဘော သုံးစီးအနက်မှ မစ္စတာကင်ဘီ ကိုယ်ပိုင်သင်္ဘော"ရမ်း"နှင့် နောက်မှလိုက်၍ လက်နက်မျိုးစုံဖြင့် ပစ်ခတ်ကြပြား သော်လည်း ပရိဂတ်သင်္ဘောက စက်အားသန်၍ အမြန်မောင်းနိုင်သဖြင့်သာ နောက်ထပ်အထိအခိုက်မရှိဘဲ ရသေ့တောင်မြို့သို့ ချောမောစွာ ရောက်လာနိုင်ခဲ့ကြသည်။ ဗိုလ်အေ ဦးဘတင်နှင့် မြို့ပိုင် နိုရ်မာမက်တို့ ရသေ့တောင်မြို့ တွင် နောက်ချန်နေရစ် ခဲ့ကြသည်။ ဘီအိုင်အေနှင့် ဂျပန်တပ်တို့ မင်းပြား ပေါက်တောမြို့သို့ ရောက်နှင်နေကြပြီကို-

**(စာ-၇၆)**

သတင်းရရှိထားသဖြင့် ထိုတပ်များ စစ်တွေသို့ ချီတက်လာကြမည်ဖြစ်ရာ လမ်းခုလပ်တွင် တွေ့လတံ့သော ပုဏ္ဏားကျွန်းမြို့သို့သွားပြီး ဆီးကြိုသင်္ဘောပေးရန်အတွက် ထိုနေ့ညတွင်းချင်းပင် ရသေ့တောင်မြို့မှ ထွက်လာခဲ့ရာ ပုဏ္ဏားကျွန်းမြို့သို့ မေလ(၂)ရက်နေ့မနက်ထ အချိန်တွင် ရောက်လာကြသည်။ ထိုအချိန်တွင် ပုဏ္ဏားကျွန်း၌ ဘီအိုင်အေ တက်ရောက်နေပြီးဖြစ်သဖြင့် ဖြစ်ရပ်ကုန်စင်ကို တိုင်တန်းပြောပြ၍ အကူအညီတောင်းရန်အတွက် ဒေါက်တာ အောင်သာလှက သင်္ဘောမှ သမ္ဗာန်ဖြင့် ဘုရားကူတို့ဆိပ်တွင် ကုန်းပေါ်သို့တက်စဉ် ဘီအိုင်အေတပ် ကင်းစောင့်က အထင်မှားပြီး ပစ်သတ်လိုက်သည့်အတွက်- နောက်ထပ်မျိုးကောင်းသားတစ်ယောက် ကျဆုံးရပြန်သည်။ ပုဏ္ဏားကျွန်း ချောင်းသည် ကျဉ်းသော်လည်း ကံအားလျော်စွာ ရေတက်ချိန်နှင့် ကြုံကြိုက်နေ၍ ချောင်းတွင်း၌ ရေပြည့်နေသဖြင့် ပြန်ထွက်ရန် သင်္ဘောကို ချောင်းဝဘက်သို့ လွယ်ကူစွာ လှည့်၍ရသောကြောင့် ထပ်မံတိုက်ခိုက်ခြင်းမှ သက်သာခဲ့ရပြီး ရသေ့တောင်မြို့သို့ အမြန်မောင်းထွက်လာရာ ထိုမြို့သို့ နေ့လည်အချိန် ရောက်ရှိလာကြသည်။ ဦးဘတင်နှင့် မာမက်တို့ နှစ်ယောက်စလုံး ရသေ့တောင်မှတဖန် ဘူးသီးတောင်သို့ ပြန်၍လိုက်လာကြသည်။ မေလ(၃)ရက်နေ့မနက် ဘူးသီးတောင် မြို့သို့ ဆိုက်ရောက်လာကြသည်။ ဦးကျော်ခိုင် သေနပ်ဒါဏ်ရာနှင့် သေပြီး သင်္ဘောပေါ်မှာပါလာကြောင်း သူ့ဇနီးဒေါ်စော ခင် မိသားစုကို အသိပေး၍ အခြားလူများကိုကား ဦးကျော်ခိုင် စစ်တွေမြို့မှာ နေရစ်ခဲ့သည်ဟု ထိတ်လန့်ခြင်းမဖြစ်ကြစေ ရန်အတွက် သတင်းလွှတ်ထားသည်။ ဘူးသီးတောင်မှ အတော်ဝေးကွာသောနေရာ၌ သင်္ဘောကို ရပ်တန့်ထားခဲ့သည်။ အလောင်းမှာ သင်္ဘောပေါ်မှာပင် ပုတ်ပွလျက်ရှိနေ၍ ဖန်ဆေးရည်ပက်ဖျန်းထားပြီး မကြာမီအတွင်း အလောင်းကို လေးလံသောအရာဝတ္ထုများနှင့် ချီနှောင်၍ ယင်းမဈေးအနီးမြစ်အလယ် ပင်လယ်ရေထဲတွင် ပစ်ချမြုပ်နှံလိုက်တော့သည်။

မေလ(၅)ရက်နေ့လောက်တွင် ကရီချနာမီးသင်္ဘောနှင့် ရွှေနေဦးအောင်ထွန်း ဒေါက်တာသာဒိုးအောင်တို့ ခေါင်းဆောင်သော အဖွဲ့ငယ်တခုသည် စစ်တွေမြို့၌ကျန်ရှိနေသေးသော အင်္ဂလိပ်စစ်တပ်ကို သတင်းပေးပြီး ငြိမ်းချမ်းရေး အတွက် အကူအညီတောင်းရန် သွားကြသေး၏။ ထိုမှာ စစ်ဗိုလ်ကပ္ပတိန်ဝူးဒ်ကို တွေ့၍ အကျိုးအကြောင်းကို ပြောခဲ့သည်။ သို့သော်လည်း သူတို့ကိုယ်တိုင်က မြို့ကိုစွန့်၍ အပြီးပိုင်ထွက်ခွာသွားရမည့်အခါနှင့် ကြုံကြိုက်နေ၍ ဘယ်လိုမှ အကူအညီ ပေးနိုင်ရန် အကြောင်းမရှိတော့ပြီဖြစ်သဖြင့် ပြန်သွားရန် အကြံပေးတိုက်တွန်းသည့်အတွက် စစ်တွေမြို့မှ-

**(စာ-၇၆-က)**

ဘူးသီးတောင်သို့ ၄င်းနေ့ညတွင်းချင်းပင် ပြန်လာကြသည်ဟု သိရသည်။ စစ်တွေမြို့တွင် ပြုလုပ်စရာရှိသည့် ကိစ္စတို့ကို (ဖျက်ဆီးစရာရှိသည်တို့ကို ဖျက်ဆီးပစ်ရန်အတွက်ဟု ယူဆသည်) ပြုလုပ်ရန် ကျန်ရှိနေသော စစ်တပ်စုနှင့်တကွ ဆိုင်ရာလူစုအားလုံးပင် မေလ(၆)ရက်နေ့တွင် အလျင်အမြန်ထွက်ခွာသွားကြလေသည်ဟုလည်း ထပ်မံသိရပြန်သည်။

**(စာ-၇၆-က)**

မှတ်ချက်။ ။ စစ်တွေမြို့ကို စွန့်လွှတ်၍ အချိန်မရွေး အပြီးအပိုင် ထွက်ခွာသွားနိုင်ရန်အတွက် အဆင်သင့်ရှိစေရန် အမိန့်ပေးထားပြီး နောက်ဆုံးကျန်ရှိနေသော (      )မော်တော်သင်္ဘောနှင့် အထက်ဖော်ပြထားသောလူစု(      )အိန္ဒိယ ဘက်သို့ အနီးဆုံးမြို့ဖြစ်သော စစ်တကောင်းမြို့သို့ ဆုတ်ခွာသွားကြသည်ဟု ယူဆရသည်။ စစ်တွေမြို့မှ အရပ်သားအုပ်ချုပ်ရေး ဆုတ်ခွာသွားစဉ်အခါက ကျန်ရှိနေခဲ့သော အော်လီဂွန်အမြောက်ငယ်နှင့် စက်သေနတ် လက်နက်မျိုးစုံ တပ်ဆင်ထား သည့် ရေတပ်သုံး (M-L )နှင့် (      )နှစ်စင်းအနက် ရလွယ်ရာသင်္ဘောကို အသုံးပြု၍ နေရာတကာ မြစ်ချောင်းရှိရာ ဒေသတလျှောက်တွင် သခင်အဖွဲ့ဟု ထင်ရသောအုပ်စုကို (တိုင်းလုံးဆိုင်ရာ တိုင်းရင်း သား အစည်းအရုံးဝင်များကို သခင်အဖွဲ့ဝင်များဟု တထစ်ကျစွပ်စွဲယူဆထားသည်)။ နှိမ်နင်းရန်အတွက် အရေးပိုင် ဦးကျော်ခိုင်သည် လှည့်လည်သွားလာလှုပ်ရှားလျက်နေခဲ့သည်။ အသုံးပြုနေသော (M-L )နှစ်စင်းအနက် တစင်းကို ဘီအိုင်အေနှင့် ဂျပန်စစ်တပ် စစ်တွေမြို့ကို သိမ်းပိုက်ရန်အတွက် ချီတက်လာစဉ် တွေ့ရှိ၍ ပစ်ခပ်နှစ်မြုပ်လိုက်သည်ဟု သတင်းရခဲ့သည်။

**မှတ်ချက်။** ။ (၉၁)ဌာနအုပ်ချုပ်ရေးခေတ်အခါက လွှတ်တော်အမတ်ဟောင်း မော်လဗီတင်တီမာရကံသည် မောင်ကံထူးနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ သူအား ဂျပန်စစ်တပ်က ဘမ်းဆီးချုပ်နှောင်ထားသဖြင့် ကာလတော်ကြာ ဆင်းရဲခဲ့ရသည်။ မောင်ကံထူးရှေ့နေ ဘဂ်လားဦးအောင်ထွန်းဦးတို့ ကူညီမှုဖြင့် ဘမ်းဆီးထားခြင်းမှ လွတ်လာသည့်အခါ မော်လဗီတင်ဘီမာရကံက အိုင်စီအက်စ် ဦးကျော်ခိုင်အား ဂူတာပြင်ဆိပ်ကမ်းတွင် သူပင်ပစ်သတ်လိုက်သည်ဟု အလွန်ယုံကြည်ရင်းနှီးသော မိတ်

**(စာ-၈၆-၁)**

ဆွေတဦးဖြစ်ခြင်းကြောင့်တို့ကို တိတ်တိတ်ပြောပြ၍ သိရသည်၊ သူကိုယ်တိုင် ကိုယ်ထိလက်ရောက် ပစ်သတ်လိုက်သည် သို့မဟုတ် သူစေခိုင်းချက်အရ တခြားသူတစ်ယောက်က ပစ်သတ်ခြင်းဖြစ်သည်မှာ မရှင်းပေ၊ ကြွားဝါလို၍ပြောခြင်းလည်းဖြစ်နိုင်၏။ သို့ရာတွင် သက်သေအထောက်အထား တစုံတရာပြစရာမရှိ ၎င်းပြင်ယုံကြည်စိတ်ချရသည်ဟူသော သဘောထားဖြင့် (        )သူ၏အတွင်းရေးကို ထုတ်ဖော်ဝန်ခံထားသည့်အတွက် မောင်ကံထူးသည် ဤကိစ္စကိုယခုတိုင် ရေငုံနေရတော့သည်။

မင်းမဲ့စိုးမဲ့တရားမဲ့ လွှမ်းမိုးလာသော အချိန်ကာလသည် ဘာသာမျိုးခြား တိုင်းတပါးသားတို့ ရခိုင်မြေပေါ်မှကင်းကွာသွားစေရန် ထိုလူမျိုးတို့အား သတ်ဖြတ်သုတ်သင်မောင်းနှင်ထုတ်ပစ်ရမည့်အကောင်းဆုံးသော-

**(စာ-၈၆-၁)**

အချိန်ပင်တည်းဟူသော အတွေးအခေါ်နှင့် မင်းပြားမြို့ ဦးသိန်းကျော်အောင် မြို့ဟောင်းမြို့ ဦးထွန်းလှအောင်၊ မင်းပြားကြက်မကျေးရွာသား ဦးကျော်ယတို့က အလွဲလွဲအမှားမှာ ဦးဆောင်မှုပေးလိုက်ခြင်းသည်ပင်လျှင် ဤမျှကြီးမားကျယ်ပြန့်လှစွာသော သွေးချောင်းစီးသတ်ဖြတ်ပွဲကြီးဖြစ်ပွားရခြင်း အကြောင်းရင်းပင်တည်း။ ဤလူသတ်ပွဲ လူမျိုးရေးအဓိကရုဏ်းကို မင်းပြားမြို့နေ လက်မရွာ မူစလင်များက အကြိမ်းဖတ်စတင်၍ ဖန်တီးခဲ့ပြီးနောက် ဦးသိန်းကျော်အောင်တို့ လူစုသည် ရွာစဉ်တလျှောက် အကြမ်းဖတ်ခဲ့ပြီးလျှင် ၎င်းတို့နှင့်အတူ ၎င်းတို့တပ်သားများကိုပါ ခေါ်ယူခဲ့၍ မဟာမုနိဘုရားပရဝုဏ်အတွင်းသို့ ချီတက်ရောက်ရှိနေစဉ် မောင်ကံထူး ဦးအောင်ထွန်းဦး၊ ဦးသာဇံလှ၊ ဦးချိုးဒိုးတို့က ၎င်းတို့နှင့်တွေ့ဆုံမိအောင် သွားရောက်တွေ့ကြ၍ ကျောက်တော်မြို့ဟောင်း မင်းပြားအစရှိသော ရခိုင်ဗုဒ္ဓဘာသာ လူအုပ်အင်အားကြီးမားသောဒေသတို့၌ မူစလင်ဟိန္ဒူဘာသာ-

**(စာ-၈၇)**

ဝင် ကုလားလူမျိုးတို့ကို သတ်ဖြတ်ညှင်းပန်း နှိပ်စက်ကလူပြုလုပ်ခဲ့လျှင် ထိုအပြုအမူတို့၏ တန်ပြန်တိုက်ခိုက်မှုကြောင့် မူစလင်လူမျိုးအများအပြား နေထိုင်သော ဘူးသီးတောင် မောင်တော မယူကမ်း စသည့်ဒေသတို့၌ရှိသော ကုလားလူမျိုးအင်အားကောင်းသော နေရာတို့၌ ဤလူနည်းစုဖြစ်သော ဗုဒ္ဓဘာသာရခိုင်လူမျိုးများတို့ကလည်း အလားတူသတ်ဖြတ်ညှင်းပန်းနှိပ်စက်ကလူပြုခြင်းကို ခံရခြင်းမှ ဧကံဒိဌလွှယ်နိုင်မည်မဟုတ်သည်ကို ကြိုတင်၍ တွေးဆကြည့်ကြရန် မောင်ကံထူးတို့လူစုက အကျိုးအကြောင်းကို စုံလင်စွာတင်ပြဆွေးနွေးလျက် ဦးသိန်းကျော်အောင် တို့လူစု၏ အတွေးအခေါ်စီမံပုံမှာ စိတ်ကူးယဉ်သက်သက်ဖြင့် မှားယွင်းနေခြင်းသာဖြစ်၍ လုံးဝမဖြစ်နိုင်ကြောင်း ထိုအကြောင်းဖက်ဝါဒလမ်းစဉ်ကို စွန့်လွှတ်လိုက်ကြောင်းကို အတန်တန်ရှင်းလင်းဟောပြောကာ တားဆီးခဲ့ရာ ခဏတာမျှသာ အောင်မြင်မှုကို ရရှိခဲ့လေသည်။ နောက်ပိုင်းတွင်ကား ၎င်းတို့၏ အစဉ်စားဥာဏ်ကင်းမဲ့မှုကြောင့် သို့မဟုတ် ဇွတ်တရွတ်လုပ်လိုမှုကြောင့် ဖော်ပြခဲ့သည့်အတိုင်း မီးဟုန်းဟုန်းတောက်မျှ သွေးချောင်းစီးလူသတ်ပွဲကြီး ဖြစ်ခဲ့ရလေသည်မှာ အလွန်ဝမ်းနည်းဘွယ်ပင်။

မြန်မာပြည်အား မဟာမိတ်စစ်တပ်က ပြန်လည်သိမ်းပိုက်ချိန်တွင် ဦးကျော်ယအား ၎င်း၏တပည့်များကပင်သတ်ပစ်ကြ၍ ဦးသိန်းကျော်အောင်မှာမူ အကျဉ်းထောင်သို့ နှစ်ရှည်လတာ အပို့ခံရလေသည်။ ဦးထွန်းလှအောင်မှာမူကာ ဘီအိုင်အေတပ်သားတို့၏အထင်မှားမှုကြောင့် မြို့ဟောင်းမြို့တွင် လူပုံအလယ်၌ ဗိုလ်အာဠာဝက (ဘီအိုင်အေ)၏တပည့် တပ်သားတို့၏လှံစွပ်ဖြင့် ထိုးသတ်ခြင်းကိုခံရလေသည်။ ဝမ်းနည်းစရာပင်။ ဤလူမျိုးရေး အဓိကရုဏ်းဖြစ်ရခြင်း၊ ရခိုင်ဗုဒ္ဓဘာသာဘက်သာလျှင် ကျူးလွန်စော်ကားခဲ့သည်ဟု တစ်ဖက်သတ်မဆိုသာပေ။ မူဆလင်ဘာသာဝင်တို့ဘက်ကလည်း တို့ကနန်းဆိတ်ကနန်းလုပ်၍ ၎င်းတို့ရွာ-

**(စာ-၈၇)**

ကို ဖြတ်သန်းသွားလာကြသော ဗုဒ္ဓဘာသာရဟန်းတော်များနှင့် အရပ်သားများကိုပါ မကြာခဏစော်ကားခြင်း၊ သတ်ပစ်ခြင်းတို့ပေါ်ပေါက်ခဲ့သဖြင့် ဗုဒ္ဓဘာသာရခိုင်လူမျိုးတို့ဘက်မှ မခံမရပ်နိုင်အောင် တအုံနွေးနွေး မီးခဲပြာဖုံးပမာ ဖြစ်နေခြင်းသည်လည်း အကြောင်းတစ်ခုပင်ဖြစ်ခဲ့သည်။ ကျောက်တော်မြို့အဝင် ဆင်အိုးပေါက်တော ပလောင်မူဆလင် ကုလားရွာသားတချို့က ဆင်အိုးလှိုင်ရွာလူကြီး ဦးစိန်ခိုင်၏သမက် ဘသာနှင့်ကျောက်တော်မှ ဘိန်းစွဲစာရေး စိန်သာအောင် တို့အပြင် ထိုရွာဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဝါးဖောင်သမားနှစ်ဦးတို့ကိုလည်း သတ်၍ စစ်ပြေး ကရင်စစ်သားအချို့ကိုလည်း သတ်၍ သေနတ်ကို ယူသည်ဟုအဆိုရှိသည်။ စုံစမ်းသိရသည်မှာ စာမျက်နှာ (၈၇)တွင် ဖော်ပြခဲ့သော လက်မရွာ အဓိကရုဏ်းမဖြစ်မီ (၄/၅)ရက်ခန့်က မြေပုံအပိုင် ကတ်ရွာ၊ ချောင်းကြီးရွာ မူဆလင်ဘာသာ ဝင်ကုလားများက အင်အားပြသည့်အနေနှင့် သေနတ်ပစ်ဖောက်ကြသည့်အတွက် အနီးအနားရှိ ရခိုင်ချောင်းကြီးရွာမှ ရခိုင်ဗုဒ္ဓ ဘာသာဝင်များ လန့်ဖြန့်ပြေးလွှားကြသည့်အတွက် ရခိုင်ဗုဒ္ဓဘာသာဝင်များဘက်ကလည်း တန်ပြန်အင်အား ပြကြရာမှ စတင်ဖြစ်ပွားလာသော အဓိကရုဏ်းတွင် ချောင်းကြီးရွာသား ဦးဘိုးသာတို့ ညီအစ်ကိုသုံးယောက်စလုံး သေဆုံးရပြီး နောက် ထိုအဓိကရုဏ်း ကျယ်ပြန့်လာခဲ့သည် ထိုဒေသတွင် ရက်ချောင်းရွာတိုက်ပွဲ အလွန်ကြီးခဲ့သည်။ ထိုနောက် ရခိုင်ဗုဒ္ဓဘာသာဝင်များ ကြာအင်းတောင်ရွာ အစည်းအဝေးတွင် ဦးသိန်းကျော်အောင်ကို အာဏာရှင် မြှောက်လိုက်သည်အချိန်ကစ၍ ၎င်းလူသည် အသိဉာဏ်ကင်းမဲ့သော မိုက်ရူးရဲအလုပ်ကို-

(စာ-ဂဂ)

အထက်ဖော်ပြခဲ့သည့်အတိုင်း ဝမ်းနည်းကြေကွဲဘွယ်ရာဖြစ်အောင် တနယ်လုံးအနှံ့ ဖန်တီးခဲ့လေသည်။

မှတ်ချက်။။ ဦးသိန်းအောင်ကျော်၊ ဦးကျော်ယ၊ ဦးထွန်းလှအောင်တို့သည် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲရာမှ မှားယွင်းစွာပြုလုပ်မိခဲ့ကြငြားသော်လည်း မျိုးချစ်စိတ်ထက်သန်ခြင်းကို ထင်ရှားစေသော အခဏ်းတစ်ခု ပါဝင်ခဲ့ကြသည်။ အလားတူပင် မူဆလင်ကုလားဘက်မှာလည်း ရှိပေအုံးမည်။

ရှေ့ကဖော်ပြခဲ့သည့် ကုလားရခိုင်အဓိကရုဏ်း ပြင်းထန်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့သလို အရေးပိုင် အိုင်စီအက်စ် ဦးကျော်ခိုင် သေရပြီးနောက် ဖြစ်ပျက်ခဲ့သော အခြင်းအရာကို အကျဉ်းချုံး၍ ဖော်ပြရအုံးမည် ထိုအချိန် ကာလက ဘူးသီးတောင်မြို့၌ အင်္ဂလိပ်အုပ်ချုပ်ရေးအစိုးရ ရှိနေသေးသည်ဟု ဆိုလောက်ရုံကား ရှိနေသေး၏။ မောင်တောမြို့နယ်သို့ ဩဇာအာဏာလွှမ်းခြင်း မရှိတော့ပြီ။ တိုက်နယ်မှ မူဆလင်ခေါင်းဆောင်များသည် ရခိုင်များကို စတင်တိုက်ခိုက်ရန်-

(စာ-ဂဂ)

အတွက် လက်နက်များ စုဆောင်းကြ၏။ စစ်တွေမြို့မှ ပြေးလာကြသော ရာဂျ်ပုတ်စစ်သားစစ်ပြေးများအား ၎င်းတို့အကြိုက်ကို ကျွေးမွေးပေးကမ်း၍ ငှားရမ်းစုဆောင်းထားကြလျက် လက်စားချေရန်အတွက် အသင့်စီစဉ်ပြင်ဆင်ပြီး လျှင် မောင်တောမြို့နယ်၌ မူဆလင်ကုလားများသည် ရခိုင်ဗုဒ္ဓဘာသာလူမျိုးများ နေထိုင်ကြသောကျေးရွာများကို မီးရှို့ ဖျက်ဆီးလူသတ်ကြသည့်အတွက် သူတို့၏ရပ်ရွာများကို စွန့်လွှတ်ထွက်ပြေးကုန်၏။ ထွက်မပြေးနိုင်ဘဲ ကျန်ရှိနေကြသော ရခိုင်အမြောက်အမြား သတ်ဖြတ်ညှင်းဆဲခြင်းကို ခံကြရ၏။ ရခိုင်အမျိုးသား အမျိုးသမီးမြောက်များစွာမှာ ဘူးသီးတောင်မြို့ သို့ ထွက်ပြေးကြသော်လည်း မရောက်နိုင်ကြ၍ တောကြိုတောင်ကြား-

(စာ-ဂ၉)

များ၌ မွတ်သိတ်ဆာလောင်စွာဖြင့် ပုန်းလျှိုးခိုအောင်းနေကြရ၏။

ဘူးသီးတောင်မြို့ကိုကား ထိုအချိန်အထိ လက်နက်ခဲယမ်း မီးကျောက်အပြည့်အစုံနှင့် ကုလားရန်ကို နှိမ်နင်းစွာ တွန်းလှန်နေကြရ၏။ ဘူးသီးတောင်မြို့၌ ကျန်ရှိနေသေးသော ပုလိပ်များနှင့် အရပ်သား လက်နက်ကိုင်များသည် ကျွမ်းကျင်သော လက်နက်ကိုင်များဖြစ်သဖြင့် မူဆလင်ကုလားများဖက်မှ အကျအဆုံးများစွာနှင့် နောက်ဆုတ်ပြေးကြရ၏။ ဤအချိန်တွင် စစ်တွေမြို့၌ ဘီအိုင်အေတပ်နှင့် ဂျပန်တပ်များ ရောက်ရှိစခန်းချနေပြီးဖြစ်၍ ဘူးသီးတောင်ကာကွယ်ရေး မှူး(P.W.D )ပီဒဗလျူဒီဌာနမှ အိုဗာစီယာ(        )ဦးအောင်ထွန်းဦးနှင့် ဆရာတော် ဦးပညာသီဟတို့ စစ်တွေမြို့သို့ သွားရောက်ပြီး ဘီအိုင်အေတပ် ဗိုလ်မှူးရန်အောင်ထံ အကူအညီတောင်းခံကြသောအခါ ဗိုလ်မျိုးညွန့်နှင့် ဗိုလ်ရန်နောင် ခေါင်းဆောင်သောတပ်သား (၂၅) (၃၀)ခန့်ပါဝင်သော တပ်စုကလေးတစ်စုကို ဘူးသီးတောင်မြို့သို့ စေလွှတ်၍ ရောက်လာကြသည်။

မောင်တောမူဆလင်များသည် ရေမှုတ်တဖက် မီးစတဖက်စနစ်ကို စတင်အသုံးပြုကြလေ၏။ ရောက်ရှိလာ

သော တပ်အင်အား မြို့အခြေအန စသည်တို့ကို အကောက်ဉာဏ်ဖြင့် တိတ်တဆိတ် လျှို့ဝှက်၍တမျိုး၊ မိတ်ဖွဲ့၍တနည်း စုံစမ်းထောက်လှမ်းသတင်းစုဆောင်းကြခြင်းကို ပြုလုပ်ကြလေသည်။ ရောက်ရှိလာသော စစ်ဗိုလ်ကလေးများအား ကြက်ဥ နွားနို့ စီးကရက်အစ အစားအသောက်လက်ဆောင်ပဏ္ဏာများကို ကမ်းလှမ်းပေးပို့ကြ၏။ စေ့စပ်ရေးဖြင့် ကြေအေးရန် လိုလားသလို အမူအရာများကို ပြကြ၏။ ဖြားယောင်းသွေးဆောင်ကြ၏။ ဘူးသီးတောင်နယ် ချွတ်ကရာရွာ၌ စစ်-

(စာ–၇၉)

ဘေးရန်မှ ခိုလှုံတည်းခိုနေကြသော ရခိုင်မူဆလင်ဘာသာဝင် ဦးဖိုးခိုင် ဦးယာဆိန်းတို့ကလည်း စေ့စပ်ဆွေးနွေးရန် တိုက်တွန်းလှုံ့ဆော်ပေးကြသည်ဟု အဆိုရှိခဲ့သည်။ ဘီအိုင်အေတပ် ဗိုလ်ရန်အောင်မှအစ အောက်ဗိုလ်များမှာ ရခိုင်တိုင်းသို့ ဝင်လာစကပင် သတင်းမှန်ကိုမရရှိ-

(စာ–၇၉)

ကြလေသဖြင့်၊ ကုလားရခိုင်အဓိကရုဏ်းနှင့် ပတ်သက်၍ လူမျိုးရေးစိတ်ဓာတ်ပြင်းထန်မှုကြောင့် ရခိုင်များက ရန်စ၍သာလျှင် ရခိုင်ကုလားအဓိကရုဏ်းဖြစ်ရသည်ဟု တဘက်သတ်ယုံကြည်နေကြသော ဘူးသီးတောင်မြို့သို့ ရောက်ရှိလာသော တပ်ဗိုလ်များကလည်း မူဆလင်များကို ရခိုင်များထက် ပိုမိုယုံကြည်ကိုးစားလာကြဟန်ရှိသည်။ ရခိုင်ခေါင်းဆောင်များ၏ အကြံပေးစကားများကို လေးစားခြင်းမရှိကြ၊ မူဆလင်တို့၏အယုံသွင်းခြင်းများကို တကယ်ထင်မှတ်ပြီး စေ့စပ်ကြေအေးရန် အလေးပေးကြိုးစားကြ၏။

တနေ့တွင် မောင်တောမှ စေ့စပ်ဆွေးနွေးရေး ရှေ့ပြေးထမင်းလက်ဆုံစားရန် ဖိတ်ခေါ်ချက်အရ ဘီအိုင်အေ ဗိုလ်ခေါင်းဆောင်နှစ်ဦးသည် မောင်တောသို့သွားရန် စီစဉ်ရာ ရခိုင်ခေါင်းဆောင်များက မသွားရန် အမျိုးမျိုးသတိပေးထားသော်လည်း နားမဝင်ခဲ့။ အရေးမယူကြဘဲ ရခိုင်ခေါင်းဆောင်များကိုပင် မခေါ်ကြဘဲ၊ ၎င်းတို့နှစ်ဦးသည် သေနပ်ကိုင် လေးမြို့ချောင်းဒေသမှ ရခိုင်တပ်သားကလေးတဦးနှင့် ကားမောင်းသမား ရာဇဝတ်အုပ် ဦးမောင်ကြီး၏သား မောင်စောသာတို့ကို ခေါ်ဆောင်၍ မောင်တောမှ မူဆလင်တို့ ဖြားယောင်းရာသို့ ရခိုင်ခေါင်းဆောင်များ၏စကားကိုပင် နားမထောင် မပြောပလောက်သောလက်နက်အနည်းငယ်နှင့် မောင်တောသို့ လိုက်ပါသွားကြလေသည်။

ဦးဖိုးခိုင်၊ ဦးယာဆိန်း၊ မစ္စတာတင်ဘီမာကံတို့ကား ဘလွတ်ရွာမှတဆင့် မောင်တောသို့ သွားကြလေသည်။ မောင်တောမြို့ဝင် စရာဇဘီအရပ်တွင် မူဆလင်အမြောက်အများက ဧည့်ခံကြိုဆိုကြ၏။ ယင်းနေရာ၌ပင် ဘီအိုင်အေ ဗိုလ်များက ချစ်ကြည်ရေးမိန့်ခွန်းများပေး၍ မိန်းခွန်းများပေးပြီးနောက် ထမင်းစားရန် ဦးဖိုးခိုင်တို့နှင့် အတူတူပင် အသင့်ပြင်ထားသောနေရာသို့ ထွက်လာကြရာ၊ ရောက်ရှိလာသောမူဆလင်များသည် တားမရလောက်အောင် ဗိုလ်များအား ဝိုင်းဝန်းလာကြပြီး အသင့်ပါသော တုတ်များဖြင့် ရိုက်နှက်ကြကုန်၏။

ကားမောင်းရခိုင်ကလေးကမူ၊ ကုလားများ ဝိုင်းလာစကပင် အမူအရာကို မသင်္ကာသဖြင့် လူအုပ်ကြားမှ တိုးခွေ့၍ ထွက်ပြေးသဖြင့် လွတ်မြောက်လာလေသည်။ ကျန်သုံးယောက်တို့၏အလောင်း အစအနကိုပင် မတွေ့လိုက်ရပေ။ ဦးဖိုးခိုင်၊ ဦးသာစိန်တို့လူစုကား နောက်တနေ့မှ ဘူးသီးတောင်သို့ ရောက်လာကြလေ၏။ သူတို့ကမူ ခင်မင်သူတချို့က အတွင်းလ ဆွဲ၄င် အကာအကွယ်ပေးပြီး ကယ်ဆယ်ထားလိုက်သဖြင့်သာ လွတ်ထွက်လာရသည်ဟု ပြန်ပြောကြသည်။

ဘီအိုင်အေ ဗိုလ်ကလေးများ အသတ်ခံရ၍ ဗိုလ်ရန်အောင်ကိုယ်တိုင် တပ်စုကလေးတစ်စုနှင့် လာရောက်ပြီး ထောက်လှမ်းစုံစမ်း စစ်ဆေးခြင်းကိုပြုသော်လည်း အကျိုးမထူးချေ။ ဦးဖိုးခိုင်၊ ဦးသာစိန် မစ္စတာကင်ဘီတို့ကို ဘမ်းဆီးထားခြင်းသာပြုသည်။ လက်သည်တရားခံကိုကား မသိရချေ။ သူလျှိုပြုလုပ်သူ အယုံအကြည်မရှိဟု အထင်ခံရသူ မွတ်ဆလင်အချို့ကိုကား စင်တင်၍ လုံစွပ်နှင့် ထိုးသတ်သည်ဟု ကြားရ၏။

(စာ–၉၀)

## ဘူးသီးတောင် သဓော်ာ နစ်မြုပ်ခြင်း

(၁၉၄၁-၄၂)ခုနှစ် ဗြိတိသျှအစိုးရအုပ်ချုပ်ရေးကို ဖြိုကွဲအောင် ဂျပန်နှင့်ပူးပေါင်း၍ တော်လှန်တိုက်ခိုက်ပြီး ဗမာပြည်မှ မောင်းထုတ်ရန် ဘီအိုင်အေတပ်ကို သာလွန်တိုတောင်းသောအချိန်အတွင်း ဖြစ်ကတတ်ဆန်း စုရုံးဖွဲ့စည်းခဲ့ရ သည့်အတွက် အမြဲတမ်းစစ်တပ် (    )စနစ်တကျ စည်းကမ်းကလနားရှိအောင် ကွပ်ကဲအုပ်ချုပ်ရန်

မလွယ်ကူသဖြင့် (၁၉၄၂)ခုနှစ် ဇူလိုင်လအတွင်း ထိုတပ်တစ်ခုလုံးကို ဂျပန်စစ်သေနာပတိ၏အမိန့်ဖြင့် ဖျက်သိမ်းလိုက်ရကြောင်းကို မောင်ကံထူးအား ဗိုလ်ရန်အောင်က ဝမ်းနည်းပက်လက် ဖြစ်ကြောင်းကုန်စင်ကို ပြောပြ၍ သိရသည့်အတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရသည်။ သို့ရာတွင် မကြာမီကာလအတွင်း အတော်အင်အားကြီးမားသော ဗမာပြည်ကာကွယ်ရေးတပ် (ဘီဒီအေ)တခုကို ပိုမိုစနစ်တကျစွာ ဖွဲ့စည်းလိုက်လေသည်။ ၎င်းတပ်ကို ထိုနှစ် ဩဂုတ်လလောက်မှာ ဗမာအမျိုးသားတပ်၊ (ဘီအင်န်အေ)အမည်ဖြင့် အစားထိုး၍ ဗိုလ်မှူးနေဝင်းကို ကာနယ်အဆင့်အတန်းဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို မေဂျာဂျင်နရယ်လ်အဆင့်အတန်းနှင့် စစ်ဘက် ဆိုင်ရာဌာနဝန်ကြီး ( )အဖြစ် ဖြင့်လည်းကောင်း ခန့်ထားလိုက်လေသည်။

ဤအတောအတွင်း အထက်ပါမှတ်ချက်၌ ဖော်ပြခဲ့သလို ဘီအိုင်အေ တပ်ကို ဖျက်သိမ်းရေးအတွက် ရန်ကုန်မြို့သို့တပ်ကို ရုပ်သိမ်းပြန်လာရန် ဗဟိုရ်မှ အမိန့်ရောက်လာသဖြင့် ဘူးသီးတောင်ရှိ ဘီအိုင်အေတပ် စစ်တွေမြို့သို့ပြန်ရန် စီစဉ်ခြင်းကို ပြုလုပ်ရလေသည်။

ဘီအိုင်အေတပ် ရုပ်သိမ်းရန်သတင်းကို ကြားလိုက်သည်နှင့်တပြိုင်နက် ဘူးသီးတောင်တမြို့လုံး တုန်လှုပ်ခြောက်ခြားသွားကြသည်။ ပြေးရန်လမ်းပေါက်ကို ရှာကြကုန်၏။

**(စာ–၉၁)**

ဘူးသီးတောင်ဆိပ်ကမ်းတံတား၌ သင်္ဘောနှစ်စင်းရှိ၏။ သင်္ဘောတစင်းပေါ်တွင် ဘီအိုင်အေတပ်သားများ သက်သက်ကိုသာ တင်ဆောင်ယူပြီး ကျန်တစင်းတွင် အရပ်သူအရပ်သားများ ဆန့်သလောက် သယ်ယူသွားမည်။ ကုန်ပစ္စည်းများ မတင်ဆောင်ရဟု သက်ဆိုင်ရာ ကြေငြာလေသည်။

မြို့သူမြို့သားများမှာ အလွန်ကြောက်လန့်ရကား ယူနိုင်သရွေ့ ရွှေငွေပစ္စည်းလောက်ကို ယူကြပြီး တားမနိုင်ဆီးမရ သင်္ဘောပေါ်သို့ အတင်းတိုးခွေ့တက်ရောက်ကြကုန်၏။ ဦးရေ ၂၅၀/၃၀၀လောက်သာ ဆန့်သောသင်္ဘောတွင် အဆမတန် တရုံးရုံးတိုးခွေ့တက်နေမှုကြောင့် သင်္ဘောသည် တဘက်သို့စောင်းသွားရာ သင်္ဘောကို ချည်နှောင်ထားသော ကြိုးကို ဓားဖြင့်ခုတ်ကြပြီးလျှင် ဘီအိုင်အေ တပ်သားတင်သင်္ဘောသည် အတင်းစက်နိုးထွက်ခွာ သွားလေသည်။ အရပ်သားတင်သင်္ဘောကား ကြိုးကိုဖြတ်လိုက်သည်နှင့် တပြိုင်နက် ရုတ်တရက်တဘက်သို့ စောင်းပြီး ချက်ချင်းနစ်မြုပ်သွားလေ၏။ မပြောပလောက်သော လူဦးရေ (၄၀/၅၀)ခန့်သာ အသက်ဘေးမှ ချမ်းသာရာရကြပြီး-

**(စာ–၉၁)**

ကျန်လူများစွာတို့မှာ သင်္ဘောနှင့်တပါတည်း နစ်မြုပ်သွားကြလေသည်။

နောက်တနေ့တွင် တမြို့လုံးတိတ်ဆိတ်လျက်ရှိနေသည်ကို တွေ့ရသဖြင့် မူဆလင်များသည် လက်နက်များဖြင့် မြို့ထဲသို့ဝင်ရောက်ကာ တွေ့ရှိသော ရခိုင်အမျိုးသားများကို သတ်ဖြတ်ညှင်းဆဲကြပြီး အမျိုးသမီးများကိုမူ ဖမ်းဆီး၍ယူသွားကြ၏။ အမျိုးသမီးအချို့ကိုကား အတင်းအဓမ္မပေါင်းသင်း အိမ်ထောင်ပြုကြလေသည်။

**(စာ–၉၂)**

## ရခိုင်မှ ခွဲထွက်လိုကြသူများ

ရခိုင်ပြည်မှခွဲထွက်၍ တတ်နိုင်လျှင် ပါကစ္စတန်နှင့် ပူးပေါင်းလိုသော သို့တည်းမဟုတ် ရခိုင်ပြည်တွင် သီးခြားမူဆလင်ပြည်နယ်ထူထောင်လိုသော မူဆလင်နိုင်ငံရေးသမားတို့၏ ပရိယာယ်ဆင်ခြင်းမျှသာဖြစ်သည်ကို အောက်တနေရာတွင် ဖော်ပြလတ္တံ့သော မူဂျာဟိဒ်ကောင်စီဥက္ကဋ္ဌထံမှ မောင်ကံထူးသို့ တိုက်ရိုက်ပေးသောစာကို ဘတ်ရှုခြင်းအားဖြင့် သိနိုင်ပေလိမ့်မည်။ စစ်တွေခရိုင် မောင်တောဘူးသီးတောင်မြို့နယ်များမှ အရွေးခံရသည့် လွှတ်တော်အမတ်များဖြစ်သော မစ္စတာအပ္ပဒုဂါဖာမစ္စတာလတန်အာမက်တို့သည် စစ်တွေခရိုင်အနောက်ဘက်ကို သီးခြားခွဲထုတ်၍ သီးသန့်နယ်မြေတစ်ခု အဖြစ်ဖြင့် အုပ်ချုပ်ရေးရနိုင်ရန် သဘောတူညီချက် လက်မှတ်ထိုးပေးပါဟု ဝန်ကြီးမောင်ကံထူးထံသို့ ချဉ်းကပ်အရေးဆို ကြငြာသော်လည်း ငြင်းပယ်လိုက်သည့်အတွက် ဝန်ကြီးမောင်ကံထူး၏သဘောထားကို များစွာ မကြေမနပ်ဖြစ်ကာ ထပ်မံ ကြိုးစားကြသေး၏။ အထမမြောက်ခဲ့ချေ။

**(စာ–၉၃)**

## ဂျပန်ခေတ်ဦးပိုင်းအုပ်ချုပ်ရေး

(၁၉၄၂)ခုနှစ် ဧပြီလကုန်လနီးနီး နောက်ဆုံးအပတ်တွင် ဗိုလ်ရန်အောင် အုပ်ချုပ်သော ( )ဗမာ့တပ်မတော် မင်းပြားမြို့သို့ ရောက်နေပြီး စစ်တွေမြို့သို့ချီတက်မည်ဖြစ်၍၊ ပုဏ္ဏားကျွန်းမြို့၌တွေ့ဆုံနိုင်အောင် အချိန်မှီလိုက်လာကြရန် ဦးသာဇံလှထံမှ သတင်းပေးပို့လိုက်သဖြင့် မော်တော်ဘုတ်တစင်းဖြင့် ဆရာကြီးဦးအောင်ထွန်းဦး၊ ဦးစံထွန်းအောင်၊ ဦးထွန်းဝင်း၊ ဦးအောင်ထွန်းမြ၊ ဦးအောင်ကျော်ထွန်းနှင့် ဦးချီးဒိုးတို့ ကျောက်တော်မှ ညနေ ၆နာရီခန့်တွင် ထွက်လာခဲ့ကြ သည်။ ထိုအချိန်တွင် မောင်ကံထူးမှာ ယိုးဒယားချောင်းဒေသသို့ ကုလားရခိုင်အဓိကရုဏ်းငြိမ်းချမ်းရေးသဘောတရားဟော ခရီးထွက်နေခိုက်နှင့် ကြုံကြိုက်နေသဖြင့် သူတို့တပါတည်းခေါ်ယူရန်အတွက် ပန်းဖဲချောင်းရွာသို့ဝင်၍ ခေါ်ယူပြီးပြန်ထွက် လာကြရာတွင် မိုးလင်းသော်လည်း ယိုးချောင်းဝသို့ မရောက်နိုင်ကြ။ သို့နှင့် ပုဏ္ဏားကျွန်းမြို့သို့ အချိန်မှီရောက်နိုင်ရန် အတွက် ဆရာကြီးအောင်ကျော်ထွန်း၊ အောင်ထွန်းမြ၊ ဦးချီးဒိုးတစုက ဆားငံကန်ရွာမှတဆင့် ကျောက်ဆိတ်ရွာတို့ကို ဖြတ်လျက် ပုဏ္ဏားကျွန်းမြို့သို့ ဖြတ်လမ်းမှ ခြေလျင်သွားကြလေသည်။ ကျန်တစု နံနက် (၁၀)နာရီခန့်တွင် မော်တော်ဘုတ် နှင့် ရောက်လာကြ၏။ ယင်းအချိန်တွင် (ဘီအိုင်အေ)ဗမာ့တပ်မတော်ကား ပုဏ္ဏားကျွန်းမှ မိုင်တိုင်(၁၀)ကျော်လောက် ကွာဝေးသောအမြင့်ကျွန်းသို့ ချီတက်သွားလေပြီး တင်ကြိုသွားနှင့်သော ဦးသာဇံလှတို့ လူစုသည်လည်း စစ်တပ်နှင့်အတူတူ ပင် အမြင့်ကျွန်းရွာသို့ လိုက်သွားသည်ဟု သိရသည်။ ဦးပေါ်ထွန်းအောင် ကုမ္ပဏီပိုင် "ပေါ်"အမည်ပေးထားသော မော်တော်ဘုတ်ဖြင့်ပင် ထိုရွာသို့လိုက်သွားကြ၏။ ထွန်းဝင်းနှင့် အောင်ကျော်ထွန်းတို့က ပုဏ္ဏားကျွန်းမှ ကျောက်တော်သို့ ပြန်သွားကြလေသည်။

**(စာ–၉၉)**

မောင်ကံထူးတို့လူစု အမြင့်ကျွန်းရွာသို့ ဆိုက်ရောက်သည့်အချိန်ကစ၍ မော်တော်ဘုတ်ကို အုပ်ချုပ်ရေးအဖွဲ့မှ ရဲဘော်များကို အစောင့်ချ၍ ထိန်းသိမ်းထားလိုက်တော့သည်။ (ဘီအိုင်အေ)ဗမာ့တပ်မတော်ကား စစ်တွေမြို့သို့ ဆက်လက် ချီတက်သွားလေပြီဖြစ်၍ အမြင့်ကျွန်းရွာတွင် ရခိုင်တရုပ်ကပြား ( )သခင်အမည်ခံ မောင်မြ(ဘက်ကမန် ဦးကျော်ဇံဦး စပါးစက်မှ-တရုတ်လက်သမားဆရာကြီး၏သား တက္ကသိုလ်ကျောင်းသားသမဂ္ဂအလုပ်အမှုဆောင်)ကြီးမှူးသော ရခိုင်တိုင်းအုပ်ချုပ်ရေးအဖွဲ့နှင့် သူတို့အသိုင်းအဝိုင်းကိုသာ တွေ့ရ၏။ ၎င်းအုပ်ချုပ်ရေးအဖွဲ့တွင် မောင်မြက မဟာမင်းကြီး အခေါ်ခံ တိုင်းအုပ်ချုပ်-

**(စာ–၉၉)**

ရေးမှူးဖြစ်ပြီး အဖွဲ့၏အတွင်းရေးမှူးမှာ မြို့ဟောင်းမြို့ ရွှေနေ ဦးအောင်ကျော်၏ညီ မောင်ကျော်စံဖြစ်၏။ ကျန်မှာရေး၊ ပညာရေးစသည်ဖြင့်လည်း ဌာနမှူးများ ခန့်ထားရှိသည်ကို တွေ့ရသည်။ ဗုံပေါက်သာကျော်ကား၊ ကာကွယ်ရေး မှူးဖြစ်၍ ဩဇာအရှိဆုံးနှင့် ချယ်လှယ်နိုင်သူဖြစ်နေသည်ကိုလည်း သိခဲ့ရ၏။ သူသည် တပ်မတော်နှင့်အတူ လိုက်သွား သဖြင့် ဟိုမှာ သူ့ကို မတွေ့ခဲ့ရပေ။ "ဘစံမှာ ရာထူးလက်ကိုင် မရှိသော်လည်း ထိုအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ခဲ့ရ၏။"

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ( )နှင့်ပတ်သက်၍မူ မလိုလားသူတို့၏ မမှန်သတင်းပေး ထားမှုတို့ကြောင့် တပ်မတော်တာဝန်ခံများက အထင်အမြင်အယူအဆ မှားနေကြောင်းကို သိရသည်။ ကုလားရခိုင် အဓိကရုဏ်းတွင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကို တရားခံအဖြစ် သတ်မှတ်ပြီး ထိုအဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ ဦးသာဇံလှကို ခြေချုပ်တရားခံ သဘောထားဖြင့် ဆက်ဆံကြသည်ကို တွေ့ရသည်။ ဤကဲ့သို့ အခြေအနေမကောင်းခြင်းကို တွေ့ရသဖြင့် -

**(စာ–၉၉–က)**

မောင်ကံထူးတို့လူစုသည် နောက်နေ့နံနက် ပြန်သွားရန်အတွက် မော်တော်ဘုတ်ကို ခဏတာမျှ သုံးခွင့်ပြုရန် တောင်းပန်သော်လည်း မလိုက်လျော့ပေ။ စစ်ရေးစစ်ရာအတွက် အသုံးပြုရန် သိမ်းဆည်းထားရသည်ဟု အကြောင်းပြ တော့သည်။ အထက်တွင်ဖော်ပြခဲ့သော အုပ်ချုပ်ရေးအဖွဲ့မှ အမိန့်ပြန်တမ်းအရ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တခြားသူများ တို့ကိုပါ အရပ်သူအရပ်သားများတို့ အိမ်၌ နံနက်စာ ညစာ စသည်တို့ကို သီးခြားခွဲ၍ စားခွင့်မပြုချေ။ အုပ်ချုပ်ရေးအဖွဲ့ကို အရပ်မှ စုပေါင်းကျွေးသောနေရာ၌ပါ တစုတည်းစားသောက်ရသည်။ ဟင်းလုံလောက်ရန်အတွက်

နွားကိုသတ်၍ ချက်ပြုတ်ကျွေးမွေးသည်ကို တွေ့ရ၏။ ညမနက်စာ စားချိန်တွင် စီတန်းကြရ၍ ဆိုင်ရာမှ အမိန့်ပေးမှ စားကြရသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ( )ချိုးနှိမ်ခြင်းကို ခံခဲ့ကြရသည်။ ဆရာကြီး ဦးအောင်ထွန်းဦးကိုမူ ဦးသာဇံလှ အားမငယ်စေရန်အတွက် ၎င်းအုပ်ချုပ်ရေးအဖွဲ့နှင့်တကွ (ဘီအိုင်အေ)တပ်မတော်နှင့်ပါ ပုံမှန်ဆက်ဆံရေး သို့ရောက်အောင်လည်းကောင်း ကြိုးစားလျက် နေရစ်ရန် ထိုအရပ်၌ ချန်ထားခဲ့သည်။

(စာ-၉၉-က)

## အုပ်ချုပ်ရေးအတွက် ဆွေးနွေးခြင်း

မောင်ကံထူးနှင့် ဦးသာဇံလှတို့သည် ဂျပန်စစ်သားများကို သယ်ယူသွားသော မီးသင်္ဘောဖြင့် စစ်သားများနှင့် အတူ ရောနှောကာ ဆင်းရဲခံ၍ လိုက်သွားကြ၍ (၁၉၄၂)ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့က စတင်စည်းဝေးသော ရန်ကုန်မြို့ အုပ်ချုပ်ရေးအဖွဲ့၏ဥက္ကဋ္ဌ ဒေါက်တာဘမော်နှင့် ရခိုင်အခြေအနေကိစ္စရပ်များကို ဆွေးနွေးကြလေသည်။ ရခိုင်ပြည်အတွင်း အရပ်သားအုပ်ချုပ်ရေးအဖွဲ့တွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအဖွဲ့၏ ခေါင်းဆောင်များ အထဲက အမျိုးသားကျောင်း ဆရာကြီး ဦးအောင်ထွန်းဦး (ပတ္တတ်)ကို ခရိုင်ဝန်အမျိုးသား ကျောင်းဆရာကြီး ဦးဖိုးမြစိန် ကို ရာဇဝတ်ဝန် (လက်ဦးပဌမ ဦးဘစံကို ရာဇဝတ်ဝန်ရာထူးပေးအပ်ခဲ့သည်။ သူက မလုပ်သည့်အတွက် ဆရာကြီး ဦးဖိုးမြစိန်ကို ထိုနေရာ၌ အစားထိုးထည့်လိုက်သည်)နောက် မြို့နယ်အလိုက် ဆိုင်ရာအရာရှိများကို ရခိုင်တပြည်လုံး အတွက် အရည်အချင်းအလိုက် ထိုက်တန်သောရာထူးများကို ပေးအပ်၍ခန့်လိုက်လေသည်။ မောင်ကံထူးကိုမူကား အလံပြဘုရားလမ်း၌ရှိသော ရန်ကုန်မြို့ ဒို့ဗမာ ဆင်းရဲသားအစည်းအရုံးသခင်နုဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသော ဌာနချုပ် (ဟံသာဝတီဒီစတြိတ်ကောင်စီရုံး အဆောက်အဦး)တွင် ရခိုင်ပြည်ကိုယ်စားလှယ် အနေဖြင့် ရခိုင်တိုင်း ခေါင်းဆောင်တဦး ရီဂျင်နယ်လ်လီဒါဖော်အာရကံအဖြစ် ခန့်ထားလေသည်။ ထိုနောက်ပိုင်းတွင် ရခိုင်အမျိုးသား တစ်ဦးဖြစ်သူ တရားရေးဝန်ကြီးဌာနဝန်ကြီး အမိန့်တော်ရ ရှေ့နေ ဦးထွန်းအောင်၏ရုံး၌ အတွင်းဝန်ကလေးအဖြစ်ဖြင့် ခန့်ထားခြင်းခံရပြန်လေသည်။ လစ်လပ်သော ရခိုင်ပြည်ကိုယ်စားလှယ် မောင်ကံထူး၏နေရာတွင် ၎င်း၏ညီ ဦးညိုထွန်း က ထိုအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်သူ သခင်နုက ဒေါက်တာဘမော်၏ အမိန့်အရ ရခိုင်တိုင်းအတွက် မဟာဗမာတိုင်းမှူး ခန့်ထားလေသည်၊ ထိုအချိန်တွင် တို့ဗမာဆင်းရဲသားအစည်းအရုံးကို မဟာဗမာအဖွဲ့ဟု အမည်ပြောင်းလိုက်ပြီး ဖြစ်သဖြင့်( )တိုင်းခေါင်းဆောင်ခေါ်မည့်အစား မဟာဗမာတိုင်းမှူး ဟု ခေါ်တွင်စေသည်။

## အထူးခရိုင်ဝန်များ ခန့်ထားခြင်း

(၁၉၄၈)ခုနှစ် လုံးဝလွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် ရခိုင်တိုင်း၌ ငြိမ်ဝပ်ပိပြားနေသည့်အချိန် ရာထူးဝန် မောင်ကံထူးက သူ့ထံသို့ လာရောက်တိုင်ပင်ကြသော ရခိုင်တိုင်းခေါင်းဆောင်များအား ပြုလုပ်ဘွယ်ရာကိစ္စများကို အချိန် မကြန့်ကြာစေဘဲ ပြီးစီးနိုင်အောင် စစ်တွေမြို့၌ ရုံးထိုင်၍ ဖဆပလအစိုးရလူထုနှင့် နိုင်ငံရေးဝန်ထမ်း အုပ်ချုပ်ရေးအရာရှိ အကြားတွင် အဆက်အသွယ်( )လုပ်၍ ကိစ္စကြီးငယ်များကို ရုတ်တရက် ဆောင်ရွက်ဆုံးဖြတ်နိုင်စေရန် ဌာနလက်ကိုင် မရှိ ဒုတိယဝန်ကြီး ( )တဦး ရနိုင်အောင် ဝန်ကြီးချုပ်ထံ တင်ပြတောင်းခံရန် အကြံပေးခဲ့၏။ သို့ရာတွင် ဦးနုအစိုးရက မျိုးချစ်ဦးကျော်ဦး၊ ဦးဘစော၊ ဦးဘလှိုင်တို့ကို စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်များ အသီးသီးအတွက် အထူးခရိုင်ဝန်( )ရာထူးနှင့် တန်ခိုးအာဏာကိုပါ ခန့်အပ် နှင်းလိုက်ရာ အုပ်ချုပ်ရေးရာ၌ ကျွမ်းကျင်မှု ဗဟုသုတ လုံးဝမပါရှိခဲ့သော နိုင်ငံရေးနယ်ထဲသို့ ဝင်ရောက်ခါစဖြစ်သော လူရွယ်များသည် အမြဲတမ်းအုပ်ချုပ်ရေးအရာရှိများ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ ဝင်ရောက်စွက်ဖက် မှုကြောင့် ရခိုင်ဘက်၌ အထူးသဖြင့် စစ်တွေခရိုင် (ရတည)ပေါ်ပေါက်လာ၍ ပြည်သူ့လွှတ်တော်အမတ် ရွေးကောက် ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ နေရာတိုင်းမှာ အောင်ပွဲ ခံနိုင်၍ ဖ-ဆ-ပ-လ ရှုံးခဲ့သည်။ စစ်တွေမြို့မ မဲဆန္ဒနယ်အတွက် ဖ-ဆ-ပ-လ ဒေါ်စောမြကို ရတည ဦးကျော်မင်းက အပြတ်အသတ် အနိုင်ရသွားသည်။ ဤအချိန်တွင် မောင်ကံထူးသည် ရာထူးဝန်အဖွဲ့မှ တဖန်ခေါ်ယူခန့်အပ်ခြင်းကို ခံရ၍ လူနည်းစုရေးရာဝန်ကြီးအဖြစ် စစ်တွေမြို့၌ အချိန်ပြည့်ထိုင်၍ ဖဆပလအစိုးရနှင့် လူထုအကြား ( )ပေါင်းကူး လုပ်နေသောအချိန်ဖြစ်သည်။

(စာ-၁၀၅)

## ဂျပန်တော်လှန်ရေးနေ့

စင်စစ်အားဖြင့် ဗမာပြည်တခြားနေရာများမှာထက်စောစွာ ရခိုင်ဘက်က (၁၉၄၅)ခုနှစ် ဇန်နဝါရီလ (၁၂)ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၀၆)ခု ပြာသိုလပြည့် သောကြာနေ့ကပင် မြို့ဟောင်းမြို့အပိုင် ပျားတဲရွာစခန်းက စတင်တော်လှန် ခဲ့လေသည်။ တော်လှန်ရေးကိစ္စလုပ်ငန်းတွင် အထစ်ငေါ့နည်းနိုင်သမျှနည်း၍ ဤဂျပန်စစ်တပ်က မရိပ်မိစေရန်အတွက် ပန်းမြောင်းကြီးချောင်းလက်လံ စစ်တပ်စခန်းတွင် ဂျပန်စစ်ဗိုလ်ကြီးများကို အယုံသွင်းထားရန် တာဝန်ကို ဆရာတော် ဦးစိန္တာက ပိရိစွာ ထမ်းဆောင်ခဲ့လေသည်။

## မဟာဗမာ ဦးစီးအဖွဲ့

မဟာဗမာဦးစီးအဖွဲ့တဖွဲ့ကို ဖွဲ့စည်းပြီးလျှင် အောက်ပါပုဂ္ဂိုလ်တို့အား မဟာဗမာဦးစီးအဖွဲ့ဝင်အဖြစ် ခန့်ထားလေ သည်။ (၁)ဒေါက်တာဘမော်ခေါင်းဆောင်ကြီး (၂)သခင်မြ ဒုတိယခေါင်းဆောင် (၃) ဦးထွန်းအောင် (၄) ဦးသိမ်းမောင် (၅)ဦးဘဝင်း (၆)ဦးအေး (၇) ဗန္ဓုလဦးစိန် (၈) ဦးမြ ဟသ်ာတ (၉)စောဘမောင် (၁၀) သခင်နု (၁၁) သခင်သန်းထွန်း (၁၂) သခင်ညီ (၁၃)ဦးဘဂျမ်း (၁၄)ဒေါ်ခင်မမမော် (၁၅) တင်ပိုစော်ဘွား (၁၆) ဦးဆက် (၁၇)စောဘဦးကြီး (၁၈) မောင်ကံထူး-ဦးအောင်ဇံဝေတို့ဖြစ်လေသည်။

## သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့အား အိန္ဒိယသို့ပို့ဆောင်ရေး

သခင်သိန်းဖေနှင့် သခင်တင်ရွှေ (၁၉၄၂)ခုနှစ် ဇူလိုင်လအတွင်း ရခိုင်ပြည်ဘက်မှ အိန္ဒိယဘက်သို့ မကူးသွားရ သေးမီ ၎င်းတို့(၂)ဦး၊ သခင်တင်မြ၊ သခင်စိုး၊ ဦးညိုထွန်း၊ ဦးဘစံနှင့် (ဘီအိုင်အေ)တပ် ရုပ်သိမ်းခါနီးအချိန် ဗိုလ်ရန်အောင် အပါအဝင် ဆရာကြီး ဦးအောင်ထွန်းဦးတို့ နှီးနှောတိုင်ပင်ကြပြီးလျှင် သခင်စိုးတို့ မြန်မာပြည်ဘက်သို့ ပြန်သွားကြပြီး သခင်သိန်းမောင်နှင့် သခင်တင်ရွှေတို့ ကျန်ရစ်ခဲ့လေသည်။ သူတို့နှစ်ယောက် အိန္ဒိယဘက်သို့ လျှို့ဝှက်နိုင်သရွေ့ အစွမ်း ကုန်လျှို့ဝှက်စွာ ပို့ပေးရန်အတွက် မောင်ကံထူး၏တတိယညီ ဦးညိုထွန်း၏အစ်ကို ဦးထွန်းဝင်းသို့ တာဝန်ပေးလိုက်သည့်အ အတိုင်း မင်းပြားမြို့မှ သမ္ဘာန်ဖြင့် ကျောက်တော်မြို့သို့ ယူဆောင်လာပြီးလျှင် ဦးထွန်းဝင်း၏နေအိမ်၌ (၃)ညလျှို့ဝှက်ထား ပြီးလျှင် ကုလားတန်မြစ် တင်းမရွာမှ အိန္ဒိယရှိနယ်စပ်ဗောဒုတ်ရွာစခန်းသို့ ပို့ပေးနိုင်မည့် ခမီးလူမျိုးစကား ရေရေ လည်လည်ပြောဆိုတတ်သော တင်းမရွာမှ မြသာဦးညီအစ်ကိုနှစ်ယောက်ကို လမ်းပြရန်အတွက် ငှား၍ မော်တော်ဘုတ် တတန် လှေတတန်ဖြင့် ပလက်ဝပိုင် ကူဝမှမော်ဒုတ်စခန်းသို့ ပို့ပေးလိုက်သည်။ သူတို့ကို ဦးထွန်းဝင်းကိုယ်တိုင် တင်းမရွာအထိ မော်တော်ဘုတ်နှင့် လိုက်၍ပို့လိုက်သည်။

**(စာ–၁၁၃)**

ဆက်သား ဦးဘိုးအောင်၏တာဝန်မှာ ဖိုစ်(၁၃၆)မှ စီစဉ်ပေးလိုက်သော တော်လှန်ရေးကိစ္စနှင့်ပတ်သက်သော လျှို့ဝှက်(  )မိုက်ကရိုဖလင် သတင်းပေးပို့ကော်ပြားများကို (၂)ကြိမ်တိုင်တိုင် အမ်းတောင်ကြားလမ်းမှ လုံခြုံစွာ ယူဆောင်လာနိုင်ခဲ့သည့်အတွက် သူ၏သူရသတ္တိနှင့် စွန့်စားမှုကို ဂုဏ်ပြုခြင်းအားဖြင့် ကြေးငွေအထောက်အပံ့ကိုပေးပါ ရစေ၊ ဘယ်လောက်ပဲဖြစ်ဖြစ် အားမနာစတမ်းပြောပါဟု သခင်မြက (၂)ကြိမ်တိုင်တိုင် တိုက်တွန်းပြောဆိုသော်လည်း (၂)ကြိမ်စလုံးပင် ဦးဘိုးအောင်က ပိုက်ဆံလိုချင်၍ ဤအသက်ဆံဖျား စွန့်စားရသောကိစ္စမျိုးကို ကျွန်တော် ဆောင်ရွက်ခြင်း မဟုတ်ပါဟုသာ ယဉ်ကျေးစွာပင် စကားတုန့်ပြန်လိုက်လေသည်။ ဦးဘိုးအောင် အမ်းတောင်ကြား လမ်းမှ ယူဆောင်လာသော ၎င်းလျှို့ဝှက်သတင်းပေးပို့ကော်ပြားများကို မောင်ကံထူးမှတဆင့် သခင်ဘဟိန်း သခင် ခင်အောင် သခင်မြတို့မှ တဆင့် တော်လှန်ရေးအတွက် လျှို့ဝှက်စွာရေးဆွဲနေကြသော (  )အတွင်းအကျဆုံး အစိတ်အပိုင်းသို့ ပေးအပ်ရလေသည်။ တော်လှန်ရေးခေတ် သုံးခေတ်စလုံး၌ ပါဝင်ဆောင်ရွက်ခဲ့သူများကို မော်ကွန်းဝင် အတွက် အသိအမှတ် ပြုချိန်တွင် သူကိုလည်း အသိအမှတ်ပြုခြင်းကို ခံယူစေလို၍ ရဲဘော်များအား လျှောက်ထားကြရန် အတွက် ပဌမအကြိမ် ကြေငြာသည့်အခါကပင် ဦးဘိုးအောင်အား မောင်ကံထူးက လျှောက်ထားရန် အသိပေးတိုက်တွန်း ခဲ့ပြီးသော်လည်း သူကလျှောက်ထားမှ အသိအမှတ်ပြုမည်ဆိုသည့်မူကို မလိုလားသဖြင့် ငြင်းပယ်ခဲ့သည်။ "အလှူရှင် မှန်း သိအောင် မဏ္ဍပ်တိုင်ကို တက်ပြရမည်ဆိုလျှင် မော်ကွန်းဝင်အသိအမှတ်ပြုခြင်းကို မခံရလျှင် နေပါစေဟု

ပြန်ပြောလေသည်။

(စာ-၁၁၄)

ဦးဘိုးအောင်၏အဘိုးတန်သော စွန့်စားဆောင်ရွက်ခြင်းကို အသိအမှတ်ပြုခြင်းအားဖြင့် မြန်မာနိုင်ငံသို့ ဂျပန်များ သိမ်းပြီးနောက် ရခိုင်ပြည်အုပ်ချုပ်ရေးအတွက် မောင်ကံထူး၊ ဦးသာဇံလှတို့ ဒေါက်တာဘမော်အစိုးရနှင့် အစီအစဉ်တရပ် ကို ရေးဆွဲကြရာ၌ ဇာတ်ဆရာဦးဘိုးအောင်နှင့် အသင့်တော်ဆုံးဟု သဘောရကြသော ကျောက်တော်မြို့ရပ်ကွက်အုပ်စုကို စီမံခန့်ခွဲအုပ်ချုပ်ရန် သူကြီးရာထူးကို သူ့အား အပ်နှင်းရန် သတ်မှတ်ခဲ့ကြသော်လည်း သူကငြင်းပယ်ခဲ့လေသည်။ စီးပွားရေး နှင့်ပတ်သက်သော ဦးဘိုးအောင်တဦးတည်းသာလျှင် ရန်ကုန်မြို့သို့ ဆင်စွယ်တင်သွင်းခွင့်လိုင်စင်ကို သူလိုလားသည့် အတိုင်း သစ်တောရေးဆိုင်ရာ ဝန်ကြီး ဦးထွန်းအုပ် ဌာနက ထုတ်ပေးခဲ့သောကြောင့် သူ၏စီးပွားရေးအခြေအနေ အတော်ဖြောင့်သည်ကို တွေ့ရ၍ ဝမ်းမြောက်ရပေသည်၊

## ဗိုလ်ချုပ် ရခိုင်ပြည် ပထမခရီးစဉ်

တနှစ်အတွင်း လုံးဝလွတ်လပ်ရေးရရမည်ဟူသော ကြွေးကြော်သံနှင့် ပြင်းပြင်းထန်ထန် အလုပ်များလာသော အချိန်တွင် တနိုင်ငံလုံးသို့ အနှံ့အပြား ခရီးလှည့်လည်ရန်လိုအပ်သည်ဖြစ်ရကား မောင်ကံထူးသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အောက်ဖော်ပြပါအမတ်များပါဝင်သော အဖွဲ့တခုနှင့် ရခိုင်ပြည်ဘက်သို့ အရေးကြီးသောနေရာအား လုံးတို့သို့ ရောက်နိုင်အောင် ခရီးလှည့်လည်သွားရောက်ခဲ့ကြ၏။ အဖွဲ့ဝင်ပါဝင်သော ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများမှာ (၁) ဗိုလ်ချုပ်အောင်ဆန်း (၂) မောင်ကံထူး (၃) သခင်မြ (၄) ဟသ်ာတဦးမြတို့နှင့် ရဲဘော်များဖြစ်ကြသော (၅)သံတွဲ သခင်သာညွန့် (၆) ဗိုလ်ထွန်းလှ (၇) ဗိုလ်အောင်မင်း (၈) ဗိုလ်ခင်မောင်ဝင်း (၉) ကိုလှကြည် (၁၀) ကိုခင်မြင့် (၁၁)ကိုတင်ရွှေနှင့် ဖ-ဆ-ပ-လ-

(စာ-၁၃၁)

ဌာနချုပ်မှတင်ကြို၍ တောင်ကုတ်မြို့သို့ လွှတ်ထားသော (၁၂)ဦးချိဒိုးတို့ဖြစ်ကြသည်။ ဤအဖွဲ့၏ခရီးစဉ်မှာ (၁၉၄၆)ခု မတ်လ(၄)ရက်နေ့ ရန်ကုန်မှထွက်ပြီးနောက် ပန်းတောင်းမြို့သို့ရောက်၊ (၅)ရက်နေ့ ရှိးမတောင်ပေါ်၊ (၆)ရက် နေ့ တောင်ကုတ်မြို့၊ (၇)ရက်နေ့ တောင်ကုတ် (၈)ရက်နေ့ တောင်ကုတ်မှ မီးသင်္ဘောနှင့်ထွက် (၁၀)ရက်နေ့ စစ်တွေမြို့ သို့ရောက် (၁၁)ရက်နေ့ ကြက်ကိုင်းတန်ရွာ (စစ်အတွင်း ယာယီ စစ်တွေမြို့ (၁၂)ရက်နေ့ စစ်တွေမှ မီးသင်္ဘောနှင့် ထွက် (၁၃)ရက်နေ့ နေ့လည် ကျောက်တော်မြို့သို့ရောက် (၁၄)ရက်နေ့နေ့လည် လှေဖြင့် ကျောက်တော်မြို့မှထွက် ဤတညလုံး သွား (၁၅)ရက်နေ့မနက် မွန်းမတည့်မီ မြို့ဟောင်းမြို့သို့ရောက် ၎င်းနေ့ညနေ (၃)နာရီလောက်အချိန် မြို့ဟောင်းမှ (၁၀)မိုင်ခရီး ခြေလျင်လျှောက်သွား မြောင်းဘွယ်ရွာသို့ရောက် ၎င်းနေ့ညတွင်းချင်း လှေဖြင့် ခရီးဆက်သွား၍ (၁၆)ရက်နေ့ မိုးလင်းခါနီးအချိန် မင်းပြားသို့ရောက် ၎င်းနေ့မွန်းလွဲအချိန် မီးသင်္ဘောနှင့် ကျောက်ဖြူသို့ထွက် ၎င်းနေ့ညနေ မြေပုံသို့ ရောက် (၁၇)ရက်နေ့မနက် မြေပုံမှထွက်၊ ညနေ ကျောက်ဖြူသို့ရောက် (၁၈)ရက်နေ့မနက် ကျောက်ဖြူမြို့မှထွက် ရမ်းဗြဲ မြို့သို့ နေ့လည်အချိန်ရောက် (၁၈)ရက် (၁၉)ရက်နေ့နား (၂၀)ရက် မီးသင်္ဘောနှင့် ရမ်းဗြဲမြို့မှထွက် ၎င်းနေ့တောင်ကုတ် ချောင်းဝသို့ရောက်၊ (၂၀)ရက် ညဦးယံ(၁၀)နာရီလောက်အချိန် လှေဖြင့် ကုလားရောင်ကျွန်းမှထွက် (၂၁)ရက်နံနက် မွန်းမတည့်မီ သံတွဲကင်းမော်ဆိပ်ကမ်းသို့ရောက် (၂၂)ရက်နေ့ မနက် သံတွဲမြို့မှထွက် ၎င်းနေ့တောင်ကုတ်မြို့သို့ရောက် ထိုနေ့တွင်ပင် လော်ရီကားဖြင့် တောင်ကုတ်မြို့မှ ရှိးမတောင်ကို ကျော် (၂၃)ရက် အာရုံတက်အချိန် ပန်းတောင်းမြို့သို့ ရောက် ၎င်းနေ့ရွှေတောင်မြို့မှ ညအိပ်(၂၄)ရက်နေ့မနက် ရွှေတောင်မြို့မှ ကားနှင့်ထွက်။ (၂၄)ရက်နေ့ ညဦးယံအချိန် ရန်ကုန်မြို့သို့ပြန်ရောက်။

အထက်ဖော်ပြပါ လူစုသည် ခရီးစဉ်အတိုင်း(၁၉၄၆)ခု မတ်ချ်လ(၄)ရက်နေ့ မနက်ထအချိန် လော်ရီကား တစ်စီးနှင့် ရန်ကုန်မြို့မှ ရခိုင်ပြည်ဘက်သို့ ကုန်းလမ်းခရီးဖြင့် စ၍ထွက်ကြသည့်အခါ ရန်ကုန်မြို့တွင် သခင်မြမရှိ သခင်ဘတင် ကိုခေါ်ဆောင်သွားကြသည်။ ၎င်းနေ့ နတ္တလင်းမြို့သို့ ရောက်သည့်အခါ လူထုအစည်းအဝေး ကျင်းပ နေသော သခင်မြကို ခေါ်ယူ၍ သခင်ဘတင်တို့ကို အစည်းအဝေးမှာ သခင်မြအစားထားခဲ့သည်။ ၎င်းနေ့ညနေ ရွှေတောင်မြို့သို့ရောက်၍ ပန်းတောင်းမြို့မှာ ညအိပ်ကြပြီး နံနက်စောစောခရီးထွက်ကြသည်။ ဤမျိုးချစ် ပုဂ္ဂိုလ်ကြီးများသည် ရခိုင်ပြည်တွင်းသို့ ရောက်သည့်အခါ ရောက်လေသမျှသောနေရာဒေသများတွင် လူထုအစည်း

အဝေးများ ကျင်းပခါ လုံးဝလွတ်လပ်ရေးကို (၁၉၄၈)ခု ဇန်နဝါရီ-

(စာ-၁၃၂)

(၃၁)ရက်အတွင်း ရရှိနိုင်ရန်အတွက် ဝါဒဖြန့်ကတိပေးစကားပြောကြား၍ အရေးရှိက လူထုအဆင်သင့်ရှိစေရန် ညွှန်ကြားချက်များ ပေးခဲ့လေသည်။

(စာ-၁၃၃)

## တိုင်းလုံးဆိုင်ရာအစည်းအရုံးကိစ္စဆွေးနွေးခြင်း

ရခိုင်ပြည်တွင်း၌ ခရီးလှည့်လည်စဉ် ဗိုလ်ချုပ်နှင့်တကွ မောင်ကံထူးတို့အဖွဲ့ အထက်ဖော်ပြခဲ့သည့်အတိုင်း မတ်လ(၁၆)ရက်နေ့ မင်းပြားမြို့သို့ရောက်စဉ်က တိုင်းလုံးဆိုင်ရာတိုင်းရင်းသား အစည်းအရုံး၏ ဩဝါဒစရိယတစ်ဦးဖြစ်သော ဆရာတော် ဦးပညာသီဟနှင့် တွေ့ဆုံရာတွင် ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံးကို သီးခြားအဖွဲ့တစ်ခုအဖြစ်ထားရှိ၍ ဖ-ဆ-ပ-လ နှင့် ဆက်သွယ်သင့်မသင့်ဆိုသော အရေးကို တံခါးပိတ်ဆွေးနွေးကြရာ ဦးအောင်ဆန်းက အချိန်ကိုလု၍ အလုပ်လုပ်နေရသောကြောင့် မြန်နိုင်သမျှမြန်အောင် တနိုင်ငံလုံး လူထုစည်းရုံးမှုကို ရယူ၍ လွတ်လပ်ရေးကို အချိန်မီ ကန့်သတ်ထားသော (၁၉၄၈)ခု ဇန်နဝါရီလ (၃၁)ရက်အချိန်အတွင်း ရနိုင်အောင် အရယူရန်အတွက် အရေးဆို၍ ပြင်းပြင်းထန်ထန် အလုပ်လုပ်ရန် အရေးကြီးကြောင်းကို စုံလင်စွာ မကွယ်မဝှက် လက်ကျန်မထားဘဲ ယုံကြည်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်တင်ပြလေသည်။ ထိုအချိန်အခါက အစောလျှင်စွာဆောင်ရွက်ရန် အရေးကြီးသော လုပ်ငန်းများပြားသလောက် အမြန်ဆုံးပြီးစီးသွားအောင် ဖြစ်သလိုလတ်တလော လုပ်ကိုင်ကြသောအချိန်ဖြစ်နေသောကြောင့် ကံကောင်းထောက်-

(စာ-၁၃၈)

မ၍ မသေဘဲ ကျန်ရစ်ခဲ့ကြသော ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များကို ထိုအကြောင်းနှင့်ပတ်သက်၍ လူစုံတက်စုံစုဝေးတိုင်ပင်ရန် လုံလောက်သောအချိန်မရနိုင်ခဲ့ချေ။

(စာ-၁၃၉)

သို့ပင်ငြားလည်း အထူးသဖြင့် ကန့်သတ်ထားသောအချိန်ကာလအတွင်း လွတ်လပ်ရေးကို အရယူနိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဆောအလျင်လိုလားနေခိုက်ဖြစ်သော ထိုကဲ့သို့သောအချိန်မျိုးတွင် သဘောတရားအယူအဆအားဖြင့် ကွဲပြားခြားနားကြသည့် နိုင်ငံရေးအဖွဲ့အစည်းများကို ကာလကြာမြင့်အောင် အတူတကွထားရှိဘို့ရာ ခက်ခဲလှပေမည်ဟု ယူဆခဲ့ကြသည့်အတိုင်း မောင်ကံထူး ဦးပညာသီဟတို့က ဦးအောင်ဆန်း၏အကြံပေးချက်မှာ အကြောင်းအကျိုးညီညွတ်မျှတ၍ သင့်လျော်သည်ဟု ယူဆကြရာ စည်းလုံးမှုယိုယွင်းနေသော တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကို ယခုလို ချက်ချင်းလက်ငင်း အလုပ်လုပ်ရမည့်အချိန်မျိုးတွင် ပြန်လည်အသက်မသွင်းထိုက်ပြီဟု သဘောရသည့်အပြင် နောက်ထပ်မံ၍လည်း နိုင်ငံရေးအဖွဲ့အစည်းသစ်များကို မဖွဲ့စည်းတော့ဘဲ ဖ-ဆ-ပ-လ တပ်ဦးအတွင်းသို့သာ တဦးချင်းအနေနှင့် ဝင်ရောက်ကြခါ အတူတကွ ပူးပေါင်း၍ အလုပ်လုပ်ကြရန် ဆုံးဖြတ်ကြလေသည်။ မကြာမြင့်မီကာလအတွင်း ရခိုင်တိုင်း၌တိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပချိန် အချိန်ရ၍ အစည်းအဝေးကို အမြန်ခေါ်ယူ၍ အစည်းအဝေးကို (၁၉၄၇)ခုနှစ်တွင် စစ်တွေမြို့နယ် တောကံရွာ၌ တိုင်းလုံးဆိုင်ရာ နောက်ဆုံးညီလာခံကို ကျင်းပကြသည်။ ဆရာတော် ဦးပညာသီဟက ဥက္ကဋ္ဌ အတွင်းရေးမှူး ဦးကျော်မြတို့က ဆောင်ရွက်ကြသည်။ ဤညီလာခံမှ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကို ဖျက်သိမ်းရန် တညီတညွတ်တည်း ဖျက်သိမ်းရန် ဆုံးဖြတ်၍ တိုင်း ဖ-ဆ-ပ-လ တည်ထောင်ကြောင်းကို ထိုညီလာခံသို့ မောင်ကံထူးမတက်ရောက်နိုင်ခဲ့သဖြင့် နောက်မှသိရသည်။ ဤညီလာခံကျင်းပပြီးလျှင် အစည်းအရုံးက တညီတညွတ်တည်း ဆရာတော် ဦးပညာသီဟကို ရခိုင်တိုင်း ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။

(စာ-၁၃၉)

၎င်းဆရာတော်နှင့် အစည်းအရုံးဝင်ကောင်းများအပြင် လူသစ်များသည် ယနေ့ထက်တိုင် ဖ-ဆ-ပ-လ တပ်ဦးသို့ တဦးချင်းပင် ပုဂ္ဂလိကသဘောထားစနစ်ကို လိုက်နာကျင့်သုံးလျက် ရှိနေပေသေးသည်။ ထိုအခါက တိုင်းလုံးဆိုင်ရာ အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းပြီး သီးခြားအဖွဲ့အစည်းတစ်ခုအနေနှင့် ဖ-ဆ-ပ-လနှင့် ဆက်သွယ်ထားနိုင်ခဲ့သည်ဖြစ်စေ၊ သို့မဟုတ် အလားတူနိုင်ငံရေးအဖွဲ့တစ်ခု ဖွဲ့စည်းနိုင်ခဲ့၍ မြန်မာပြည်မမှလည်း နိုင်ငံရေးပါတီ

များက နိုင်ငံရေးစွက်ဖက်မှု ကျူးကျော်မှုများ မရှိခဲ့လျှင်မူကား ရခိုင်ပြည်တွင် အမျိုးသားစည်းလုံးညီညွတ်မှုမှာ လက်ရှိ အခြေအနေနှင့်မတူဘဲ တမူထူးခြားနေချိမ့်မည်ဟု မောင်ကံထူးက ထင်မြင်ယူဆပေသည်။ နောက်အကြောင်းမှာ လွတ်လပ်ရေးပြီးနောက် ဦးညိုထွန်း ဝန်ကြီးလုပ်နေသောအချိန် ရခိုင်တိုင်းပထဝီအနေအထားအခြေအနေနှင့် လိုက်လျောအောင် အုပ်ချုပ်ရေး၌ လွယ်ကူ-

**(စာ ၁၃၉)**

စေရန် လူထုနှင့် ဗဟိုအစိုးရ ဝင်းအပြင် ပြည်နယ်အတွင်း၌ အုပ်ချုပ်နေကြသော အစိုးရအရာရှိ အရာခံများ ဤသုံးမျိုးတို့ကြား၌ ပူးတွဲဆောင်ရွက်ရန် ပေါင်းကူးသဘောအနေဖြင့် ဆက်စပ်လုပ်ကိုင်နိုင်မည့် စစ်တွေမြို့တွင်း အချိန်ပြည့် ရုံးထိုင်၍ဖြစ်ပေါ်နေသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင် နိုင်ရန် ရှိသော ဒုတိယဝန်ကြီးတစ်နေရာ ရရှိအောင် ဝန်ကြီးချုပ် ဦးနုထံမှ တောင်းခံရန် မောင်ကံထူးက အကြံပေးချက် ကို ရခိုင်တိုင်း ဖ-ဆ-ပ-လ သဘောမပေါက်ခဲ့ကြချေ။ ဒုတိယဝန်ကြီးတစ်ဦးအစား ကျောက်ဖြူ သံတွဲ၊ စစ်တွေမြို့တို့တွင် အချိန်ပြည့် ရုံးထိုင်၍ လူထုကို ကူညီရန်အတွက် အကြောင်းပြချက်နှင့်ပေးအပ်လိုက်သော အထူးခရိုင်ဝန် သုံးနေရာ နှင့်ပင် ရခိုင်တိုင်း ဖ-ဆ-ပ-လခေါင်းဆောင်များ ဝန်ကြီးချုပ်နှင့် အပေးအယူတည့်၍ စစ်တွေမြို့သို့-

**(စာ–၁၄၀)**

ကြေနပ်စွာ ပြန်သွားကြလေသည်။ ဤအချက်တွင် အချို့သောနိုင်ငံရေးသမားတို့က မောင်ကံထူးသည် လက်တွေ့ အားဖြင့် နိုင်ငံရေးရာအယူအဆများ၌ ခေတ်မမှီတော့ဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေလိမ့်မည်။ သို့ရာတွင် ထိုအခါက ရခိုင်တိုင်း၏အခြေအနေ အထူးသဖြင့် စစ်တွေခရိုင်ကို လက်တွေ့အားဖြင့် မောင်ကံထူးက ကောင်းစွာသိရှိခဲ့၏။ အထူး ခရိုင်ဝန်များ၏ ထင်ရာစိုင်းချယ်လှယ်မှု အုပ်ချုပ်ရေးဗဟုသုတ အတွေ့အကြုံလုံးဝမရှိမှု နိုင်ငံရေးတစ်ခုတည်းကိုသာ ရှေ့ရှုအခြေတည်မှုကြောင့် ရခိုင်တိုင်း ဖ-ဆ-ပ-လ၏သိက္ခာကျဆင်းရခြင်းကို မောင်ကံထူးများစွာ ကြေကွဲမိ၏။

**မောင်ကံထူး (စာ–၁၄၀)**

## ဘုရင်ခံ၏ ဥပဒေပြုကောင်စီ

ဘုရင်ခံ ဒေါ်မံဆမိတ်က ဖ-ဆ-ပ-လနှင့် ဆန့်ကျင်ဘက်ပြု၍ သူ၏အတိုင်ပင်ခံ ကောင်စီက အစိုးရအဖွဲ့ကို ဖွဲ့လိုက်သောကြောင့် ဤကျွန်သက်တမ်းရှည်စေမည့်သူ၏အပြုအမူကို တနိုင်ငံလုံးက မကြေမနပ်ဖြစ်ခါ လူထုကြီးမှာ ပိုမိုစည်းလုံးလာကြတော့သည်။ ဘုရင်ခံသည် ယာယီဥပဒေပြုကောင်စီလွှတ်တော်အဖွဲ့ဝင်များကို (၁၉၄၅)ခု စက်တင်ဘာ (၁၁)ရက်နေ့က တချက်လွှတ်အမိန့်နှင့် သဘောအတိုင်း ရွေးချယ်၍ခန့်ထားလိုက်သည်။ ထိုသူများမှာ လူမျိုးစုအလိုက် ရခိုင်ထဲမှ (၁)ဦးရွှေသာ (၂)ဦးမောင်မောင်ထွန်းအောင်ကျော် (၃)ဦးကျော် (၄)ဦးဘဖေ(မန္တလေး) (၅) ဦးအောင်သာ (ပုသိမ်)(၆)ဦးထွန်းသန်း (၇) ဦးဘသိန်း (ရွှေပေါက်ပင်) (၈) ဦးဘသော် (ပုဂံစက်) (၉) ဦးညွန့်တင် (ထားဝယ်) (၁၀) ဦးစိန်ဝင်း (ပဲခူး)(၁၁)ဦးဘရင် မိတ္ထီလာ) (၁၂) ဦးကျော်ဇံ (ရန်ကုန်) (၁၃)ဦးမောင်ကြီး (အမ်အေ) (၁၄)ဦးချစ်လှိုင် (ဂျီစီဘီအေ သမ္မတ) (၁၅) (၁၆)ဦးကြာခိုင်(ဝတ်လုံ ပဲခူး) ကရင်ထဲမှ (၁)သရာရွှေဘ (၂)စောဘလုံး (၃)ဆီဒနီ လူနီ (ဝတ်လုံ) (၄)စောဘသိန်း (၅) စောမြသိန်း၊ အိန္ဒိယလူမျိုးထဲမှ (၁) မရန်နီစပ်ဘက်တလာ (၂) မစ္စအေဆတ္တာ (၃) မစ္စတာစီပီဆင်ယား၊ အင်္ဂလိပ်လူမျိုးထဲမှ (၁) မစ္စာအာရ်အက်စ်ဒရိပ်ဖ် (၂) မစ္စတာရောဘဆင် (၃) မစ္စတာဆာလ်လဲ၊ သခင်အသင်းဝင်ထဲမှ (၁)သခင်အေး (၂)သခင်ညီ (၃) သခင်ကျော်စိန် (၄) သခင်လူထွန်း တရုပ်အမျိုးသားထဲမှ (၁) အောင်မျိုးရှူး ဗမာမိန်းမထဲမှ (၁) ဒေါ်မမခင် (၁) အင်္ဂလိပ်ကပြားပေါင်း-

**(စာ–၁၄၁)**

(၃၅)ယောက်ဖြစ်သည်။ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ဥပဒေပြုကောင်စီအစည်းအဝေးကို စတင်ကျင်းပသည် ဟု ဘုရင်ခံ ဒေါ်မံဆမစ်က မိန့်ခွန်းပြောကြားပြီးနောက် အထွေထွေကိစ္စကို ဆွေးနွေးကြရာတွင် တချို့သောကောင်စီဝင် များက ဖ-ဆ-ပ-လ ကို ပုတ်ခတ်ပြောဆိုဝေဖန်ခဲ့ကြသည်။ ----ဥပဒေပြုကောင်စီကို ဖွဲ့စည်းစဉ်က ဖ-ဆ-ပ-လမှ အမတ် (၄)နေရာကို ဦးဘဖေ၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် စောဘဦးကြီးတို့ကို ပေးခဲ့၏။ မည်သူမျှ လက်မခံကြချေ။

မောင်ကံထူး (စာ-၁၄၁)

## ဝန်ကြီးအဖွဲ့ဝင်ရွေးချယ်စံရခြင်း

ဘုရင်ခံ အတိုင်ပင်ခံ ယာယီအစိုးရဝန်ကြီးများအဖွဲ့၌ ပါဝင်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရေးနှင့် ပတ်သက်၍မူ ဘုရင်ခံ အတိုင်ပင်ခံ အစိုးရအဖွဲ့ဖွဲ့စည်းရန်အတွက် နောက်ဆုံးအစည်းအဝေးကို စက်တင်ဘာလ(၂၆)ရက်နေ့က အမှတ် (၂၅) တာဝါလိန်းလမ်း၌ရှိသော ဗိုလ်ချုပ်နေအိမ်၌ ကျင်းပသော ဖ-ဆ-ပ-လ အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးတွင် တင်ပြဆွေးနွေးကြလေသည်။ မောင်ကံထူးကဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် ရခိုင်ကိုယ်စားလှယ်တစ်ဦးအနေနှင့် (၁)တော်လှန်ရေးလေထီးဆင်း ခေါင်းဆောင်များဖြစ်ကြသော သံတွဲဦးကျော်ရင်နှင့် ဦးညိုထွန်း(စစ်တွေ)ကျောက်တော်မြို့ (၂)စစ်တွေအမျိုးသား ဘော်ဒါကျောင်းဆရာကြီး ဦးစံထွန်းအောင် ၃။ ဦးကျော်မြ စစ်တွေတို့ပါဝင်သော ဝန်ကြီးဖြစ်ထိုက်သော ခေါင်းဆောင်လေးဦးတို့၏ အမည်များကို တင်ပြလေသည်။ အမှုဆောင်အဖွဲ့ကမူကား အခြားသောရခိုင်ခေါင်းဆောင်တို့၏ သဘောထားကိုပါ သိလိုသေးသည်ဟု ဆိုသောကြောင့် မောင်ကံထူးသည် အစည်းအဝေးခန်းမထဲမှ ကားတစီးနှင့် ထွက်ခွာသွားပြီးလျှင် ရန်ကုန်မြို့၌ရှိသော တွေ့ရှိသမျှသော ရခိုင် ဖ-ဆ-ပ-လ ခေါင်းဆောင်တို့ကို အဆောတလျှင် စုရုံး၍ ခေါ်ယူခဲ့လေသည်။ ထိုသူများမှာ (၁)ဦးညိုထွန်း (၂) အမတ် ဦးသာထွန်း (ယခုတောခို ရဲဘော်) (၃)ဦးစံသာကျော် (ယခုတောခိုရဲဘော်) (၄)ဦးရွှေလှအောင်(ကျောက်ဖြူ ဂျပန်ခေတ် ပုလိပ်အင်စပက်တော်)(၅) ဖ-ဆ-ပ-လ ဌာနချုပ်မှ ဦးချီးဗိုးတို့ဖြစ်ကြသည်။ ထိုဧည့်သည်များ စည်းဝေးခန်းမထဲသို့ ရောက်လာသောအခါ ၎င်းတို့က အစိုးရအဖွဲ့တည်း၌ ပါဝင်ထိုက်သောအမည်စာရင်းတစ်ခုကို ဖော်ထုတ်တင်ပြကြသည်မှာ (၁) ဦးညိုထွန်း (၂) ဦးကျော်ရင် (ယခုတက္ကသိုလ် မြန်မာကထိက)(၃)ဦးကျော်မြတို့ဖြစ်လေသည်။

(စာ-၁၄၄)

ထိုအခါ ဖ-ဆ-ပ-လ အမှုဆောင်လူကြီးများက ဦးညိုထွန်း ဦးကျော်ရင် ဦးကျော်မြတို့မှာ လူငယ်များဖြစ်နေ၍ ရုတ်ချင်းအလုပ်ကို စတင်လုပ်ကိုင်နိုင်ရန် အထက်လွှတ်တော်လုပ်ငန်း၌ ဗဟုသုတရှိပြီးဖြစ်သော သူကိုပို၍ လိုချင်ကြသဖြင့် ဦးအောင်ဇံဝေ တင်ပြခဲ့သော ဝန်ကြီးဟောင်းစာရင်းကိုလည်း ကျုပ်တို့ စဉ်းစားပြီးပြီ၊ သူအပြင်သို့သွား၍ ခင်ဗျားတို့ကို ခေါ်ယူနေတုံးအချိန်မှာ ဝန်ကြီးအဖွဲ့၌ပါဝင်ဆောင်ရွက်စေရန် မောင်ကံထူး၏လွှတ်တော်လုပ်ငန်း ဗဟုသုတကို ထည့်စဉ်းစားပြီးလျှင် သူကိုပင် ဤအစည်းအဝေးမှ ရွေးချယ်ဆုံးဖြတ်ပြီးပြီဟု အမှုဆောင်လူကြီး ဒီးဒုတ်ဦးဘချို့နှင့် ဦးဘဖေတို့က တုံးတိတိစတင်ပြောကြားလိုက်-

(စာ-၁၄၄)

ပြီးလျှင် ထိုအမှုဆောင်လူကြီးများ အားလုံးကပင် ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။ တက်ရောက်လာကြသော ရခိုင်ခေါင်းဆောင်စစ်သည်များထဲမှ ကျောက်ဖြူအမတ် ဦးသာထွန်း ဗိုလ်ချုပ်အောင်ဆန်းလည်း လူငယ်ပါဘဲ ဟုလောက်သာ ညွှန်ပြ၍ တစ်စုံတစ်ရာကန့်ကွက်စရာမရှိသဖြင့် မောင်ကံထူးမှာ အံ့သြစွာနှင့် "မမျှော်လင့်ဘဲ စော်ကဲမင်းဖြစ်"ဆိုဘိသကဲ့သို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးလုပ်ရန် အလျှင်းခပ်သိမ်းမျှော်လင့်ခြင်း မရှိဘဲနှင့် ဝန်ကြီးလုပ်ရန် အကြောင်းဆိုက်ရောက်လာတော့သည်။ မောင်ကံထူးအား လူမှုဝန်ထမ်းခေါ် ကျန်းမာရေးနှင့် ဒေသန္တဌာနများကို လက်ကိုင်ထားရန် ဝေပုံချလေသည်။ (ကျန်းမာရေးနှင့် ဒေသန္တရဆိုင်ရာဝန်ကြီး) ဘုရင်ခံအိမ်တော်သို့ အမည်စာရင်းပို့ပြီး နောက်တနေ့နံနက် (၁၉၄၆)ခု စက်တင်ဘာ (၂၇)ရက် နံနက်(၁၀)နာရီအချိန်တွင် အစိုးရအိမ်တော်သို့သွား၍ ဘုရင်ခံ ဆာမူဘရန်၏ ရှေ့မှောက်ဝယ် ကျမ်းသစ္စာကျိန်ဆိုကြလေသည်။

မောင်ကံထူး (စာ-၁၄၅)

## ဝန်ကြီးအဖွဲ့ပါဝင်သော ဆန္ဒပြပွဲ

ဘုရင်ခံအတိုင်ပင်ခံအစိုးရအဖွဲ့ဖွဲ့ပြီး မောင်ကံထူးအပါအဝင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အသစ်စက်စက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်တိုင် ခေါင်းဆောင်သောလူထုဆန္ဒပြပွဲတရပ်ကို (၁၉-၉-၄၆)နေ့တွင် ဆင်နွှဲကြလေသည်။ ထိုဆန္ဒပြပွဲကြီးအကြောင်းရင်းမှာ စက္ကူဖြူစာတမ်းစီမံကိန်းကို ရုပ်သိမ်းပစ်စေရန်ဖြစ်၍ အလွန်အင်အားကြီးမားသော ပုလိပ်မှုအစ မြို့နယ်ဆင်းရဲသားလူတန်းစားအဖွဲ့ အသင်းအမျိုးမျိုးပါဝင်ပြီးလျှင်

လမ်းမကြီးများပေါ်တွင် ခြေလျင်လျှောက်ကာ ချီတက်ဆန္ဒပြကြသော စက္ကူဖြူစီမံကိန်းတိုက်ပွဲဖြစ်လေသည်။ ဝန်ကြီးများ အစုံအလင်ပါဝင်၍ ခြေလျင်လျှောက်ကာ ဆန္ဒပြကြသောတိုက်ပွဲမျိုးသည် မြန်မာပြည်နှင့်တကွ ကမ္ဘာ့အရပ်ရပ်မှာ ဤအကြိမ်သည် ရာဇဝင် တွင်လောက်သည့် ပထမဆုံးပေါ်ပေါက်ခဲ့ဘူးသော အကြိမ်ဖြစ်လေသည်။

**မောင်ကံထူး (စာ–၁၄၆)**

# ရခိုင်မြို့ရွာကိစ္စများ ဆောင်ရွက်ခြင်း

ပထမဆုံးသော လွတ်လပ်ရေး၏ ရွေ့ပြေးအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးခါစအချိန်နှင့်တိုက်ဆိုင်၍ ဆရာဦးကျော်ဇံ (မျက်မှန်တပ်) စစ်တွေမြို့မှ ရန်ကုန်မြို့သို့ရောက်ရှိလာသည်နှင့် တိုက်ဆိုင်ကြုံကြိုက်ဆဲ ရခိုင်ပြည်၏လတ်တလော အခြေ အနေကို အကွင်းမဲ့သိရှိခဲ့သူဟု ယုံကြည်ရသောဂင်းဆရာ ဦးကျော်ဇံအား ဝန်ကြီးများအဖွဲ့နှင့် တွေ့ဆုံပေးရန် မောင်ကံထူး ဆက်သွယ်ပေးခဲ့လေသည်။ ဝန်ကြီးများအဖွဲ့ကလည်း သူ့အားခေါ်ယူတွေ့ဆုံ၍ ဆွေးနွေးခဲ့ရာ စစ်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်နေပုံ အကျိုးအပြစ်တို့ကို အသေးစိတ်အားဖြင့် စာနှင့်ရေး၍မဟုတ်ဘဲ လက်တန်း( )တင်ပြနိုင်ခဲ့လေ သည်။ ၎င်းတင်ပြသော အရေးကြီးသည့်တင်ပြသည့်အချက်များမှာ (၁)စစ်တွေမြို့မှ မြို့သားတို့အား စစ်တွေမြို့ထည်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ခွင့်ပြုရေး ၎င်းအားပြန်လည်ထူထောင်မှုတွင် အကူအညီပေးရေး (၂)ရခိုင်တိုင်းမင်းကြီးက အုပ်ချုပ်ရေးကိစ္စအတွက် စစ်တွေမြို့အစိုးရအထက်တန်းကျောင်းကြီးကို သိမ်းယူပြီးလျှင် အသုံးပြုနိုင်ရန် စိုင်းပြင်းစီမံနေခြင်းကို ရပ်တန့်ပေးရေး (၃)ပြည်သူ့ထောက်ပံ့ရေးဌာနတွင်း ပေါ်ပေါက်လာနေသော ချွတ်ယွင်းချက်များနှင့် (၄) စစ်တွေမြို့ လူနေရပ်ကွက် ရွှေပြားအရပ်အတွင်း၌ ဆောက်လုပ်ထားသော ဓာတ်ဆီတိုင်ကီကြီးများကို ရွှေ့ပြောင်းပေးရေးတို့ ဖြစ်လေသည်။ ဆရာဦးကျော်ဇံအား ယဉ်ကျေးစွာ ဆက်ဆံကြပြီး ၎င်းကတင်ပြသောအချက်အလက်များကို ဝန်ကြီးများအဖွဲ့က အရေးယူ၍လိုက်လျောခြင်း အားဖြင့် ဖ-ဆ-ပ-လ အစိုးရအဖွဲ့သည် လူနည်းစုများအပေါ်၌ မည်မျှစိတ်ဝင်စားငဲ့ညှာသော သဘောထားရှိကြောင်းကို သိနိုင်ပေသည်။

**မောင်ကံထူး (စာ–၁၅၅)**

နောက်တနေ့တွင်လည်း အထက်ဖော်ပြပါ (၄)ချက်နှင့်ပတ်သက်၍ ဝန်ကြီးများအဖွဲ့မှ ကပ်ဗီနပ်အစည်းအဝေးသို့ ဆရာဦးကျော်ဇံကို ထပ်မံဖိတ်ခေါ်၍ စစ်တွေမြို့ မြေပုံနှင့်ညှိနှိုင်းကာ စစ်ဆေးသည့်အခါ အစိုးရက ဖြစ်ရပ်မှန်အတိုင်း အကွင်းမဲ့သိရှိရသည့်အတွက် (လက်ရှိအခြေအနေများကို ကွင်းကွင်းကွက်ကွက်ပေါ်လွင်အောင် ဆရာကျော်ဇံက မြေပုံထောက်ပြကာ (နိုင်ခဲ့သည်)၎င်းဆရာအား အထူးပင်ကျေးဇူးတင်ကြ၍ ချွတ်ယွင်းချက်များကို အစွမ်းကုန်မကြန့်ကြာစေဘဲ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မှာကြားလိုက်လေသည်။

ဦးအောင်ဆန်းက အောက်ပါအချက်နှစ်ရပ်ကို အစည်းအဝေးများမှာ တထိုင်တည်းဆုံးဖြတ်ချက်ချလျက် ကြေးနန်း ရိုက်စေ၍ ညွှန်ကြားချက်ကို ရခိုင်တိုင်း မင်းကြီးထံသို့ ပို့လိုက်လေသည်။ (၁)အချက်၌ မြို့သူမြို့သားတို့ကို ချက်ချင်းမြို့ထဲသို့ပြောင်းရွှေ့နေထိုင်ခွင့်ပြုရန် (၂)အချက်၌ အစိုးရအထက်တန်းကျောင်းအဆောက်အဦးကို သိမ်းယူခြင်း လုံးဝမပြုရန်တို့ ဖြစ်လေသည်။

**မောင်ကံထူး (စာ–၁၅၆)**

# စစ်တွေမြို့ ဆေးရုံကိစ္စ

စစ်ပြေးဒုက္ခသည်များ မြို့ထဲသို့ပြန်လည်ဝင်ရောက်လာပြီးနောက် အရေးကြီးဆုံးလိုလားမည့်ကိစ္စမှာ ဒုက္ခသည် စခန်း၌ ဆောက်လုပ်ထားသော ယာယီဆေးရုံကို မြို့ထဲသို့ရွှေ့ပြောင်းရန်ပင် ဖြစ်ပေသည်။ သို့အတွက် ဤကိစ္စတွင် မောင်ကံထူးလက်ကိုင်ထားသော ပြည်သူ့ဝန်ထမ်းဝန်ကြီးဌာန၏ အကူအညီပေးမှုနှင့် ရခိုင်သမ္မသောပစ္စည်းများဖြင့် စစ်တပ်အကြွင်းအကျန် ( )တဲအိမ်များကို ကျောက်ဖြူမှသယ်ယူ၍ အသုံးပြုကာ ဖြစ်ကတတ်ဆန်း ယာယီဆေးရုံ တစ်ခု ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့လေသည်။ လုပ်ငန်းဖြစ်မြောက်အောင်မြင်ရေးတွင် တင်ကြိုစီမံထားတတ်သော ဆရာဝန်ကြီး ဦးရွှေဇံ၏ အမြော်အမြင် လုံးလဝီရိယဇွဲသတ္တိနှင့် စေတနာအပြည့်ပါဝင်ခြင်းအတွက် ၎င်း၏အကူအညီရမှု ကြောင့် သူ့အား အထူးကျေးဇူးအထူးတင်ထိုက်ကြောင်းကို ချန်လှပ်ထား၍ မဖြစ်နိုင်ချေ။ စစ်မဖြစ်ခင်က ဆေးရုံ

ဆောက်လုပ်ထားခဲ့သော နေရာ၌ ရခိုင်တိုင်းနှင့် သင့်လျော်လျောက်ပတ်သော တိုင်းဆေးရုံအဆောက်အဦး သစ်များ အစားထိုး ဆောက်လုပ်ပြီးစီးသင့်သည့်အချိန်မှာ များစွာကုန်လွန်သွားပြီးဖြစ်သည့်တိုင်အောင် ကြည့်ချင်စဖွယ် ကောင်းလောက်အောင် ထိုအခါက ဝန်ကြီးမောင်ကံထူးနှင့် ဆရာဝန်ကြီးဦးရွှေဇံတို့ ပြောင်းရွှေ့ဆောက်လုပ်ထားခဲ့သော ယာယီဆေးရုံအဆောက်အဦးများမှာ ပျက်စီးယိုယွင်းပြီး ယခုထက်တိုင် တည်မြဲနေရသည်မှာ (ထိုနောက်တစ်ဖန် ဝန်ကြီးအလုပ်နှင့် စစ်တွေမြို့သို့ ရောက်လာသည့်အခါ တွေ့မြင်ရသည်) ထင်ရှားသောအစိုးရ၏ ချို့ယွင်းချက် တစ်နည်းအားဖြင့် ရခိုင်ကို ပေလယကံအရာ၌ ထားသကဲ့သို့ ရှုက်ဖွယ်သောသာဓကတစ်ရပ်ပင် ဖြစ်ပေသည်။ အစိုးရအဖွဲ့ထဲ၌ ကျန်းမာရေးဝန်ကြီးဖြစ်ခဲ့သော-

(စာ-၁၅၇)

မောင်ကံထူးသည် ကျန်းမာရေးနှင့် အထူးစိတ်ဝင်စားခဲ့သည့်တိုင် စစ်တွင်းက ပျက်စီးယိုယွင်းသွားသော ဆေးရုံမျိုးကို ပြန်လည်ထူထောင်နိုင်ရန် စိုင်းပြင်းလာခဲ့ရာ ကျောက်ဖြူမြို့နှင့် မန္တလေးမြို့အတွက်သာ ရုပ်လုံးဖော်ပေးနိုင်ခဲ့၍ စစ်တွေမြို့၌ ဆေးရုံအသစ်တွက်မူကား သိန်း(၄၀)နီးပါးလောက် ကုန်ကျမည်။ ဤအချိန် ရခိုင်တိုင်းနှင့်ဆီလျော်သော ဆေးရုံကြီးကို ဆောက်လုပ်ရန်အတွက် ကုန်ကျမည့် ခန့်မှန်းချေငွေ (     )လောက်ကိုသာ အစိုးရအဖွဲ့မှ နှုတ်ထွက်၍ ရာထူးဝန်အဖွဲ့သို့ပြောင်းရွှေ့သွားသည့်အချိန်တွင် အသင့်ရှိနိုင်စေခဲ့သည်။ မောင်ကံထူးသည် ဒုတိယအကြိမ် အစိုးရအဖွဲ့ လူနည်းစုဝန်ကြီးဖြစ်လာသောအခါ စစ်တွေမြို့၌ ရုံးစိုက်၍ ပြန်လည်ထူထောင်ရေးကို အဖက်ဖက်မှ ကြိုးစားရင်း ပျက်စီးယိုယွင်းနေသော မူလဆေးရုံကို အစားထိုးရန်အတွက် ပဌမအကြိမ် ကျန်းမာရေးဝန်ကြီးလုပ်စဉ်ခါကပင် ခန့်မှန်းခြေ သိန်း(၄၀)ကျပ်နီးပါးကုန်ကျမည့် ဆေးရုံဆောက်လုပ်ရန် ပြင်ဆင်မှုရှိခဲ့သည့်အစီအစဉ်နှင့်တဆက်တည်း မူတည်၍ ဘဏ္ဍာရေးဝန်ကြီး ဦးတင်(မြန်မာအလင်း)၏အကူအညီပေးမှုကို ရယူ၍ (၁)စစ်တွေမြို့ဆေးရုံအုပ်ချုပ်ရေး အဆောက်အဦး (၂)မီးနေမိခင်သားဖွားအဆောက်အဦး (၃) ကာလသားရောဂါဆေးကုအဆောက်အဦး ဤသုံးခုသော အဆောက်အဦးကို ပဌမအရစ်-

(စာ-၁၅၇)

အဖြစ်စတင်ဆောက်လုပ်ရန် ခွင့်ပြုချက် ဘဏ္ဍာရေးအခွင့်အရေးကို ရယူနိုင်ခဲ့၏။ ဤအခွင့်အရေးကို စစ်တွေမြို့ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့အားလည်း အစည်းအဝေးခေါ်ယူ၍ တင်ပြပေးအပ်ခဲ့၏။ သို့ရာတွင် မောင်ကံထူးသည် လူနည်းဝန်ကြီးမှ ရာထူးမှနှုတ်ထွက်၍ ရာထူးဝန်အဖွဲ့သို့တဖန် ပြန်သွားပြီးနောက်အချိန် ကျန်းမာရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသော (ဦးဘစော ကျောက်ဖြူ)သည် ဝန်ကြီးမောင်ကံထူး ကြိုးစားမှုဖြင့် ဘဏ္ဍာရေးဌာနမှ ခွင့်ပြုထားခဲ့သော ဆေးရုံစတင်ဆောက်လုပ်ရန် ဘဏ္ဍာရေးအခွင့်အရေးကို အလုပ်လွှဲပြောင်းစဉ်ရေး၍ ပေးခဲ့သောမှတ်တမ်း(     )တွင် ဖော်ပြထားခဲ့သော်လည်း ထိုအခွင့်အရေးကို အသုံးမပြုခဲ့သည့်အတွက် နွားတင်းကုတ်သဖွယ် အလျှင်ကရ ရှိရင်းအတိုင်း ဆေးရုံကိုပင် ဖာထေးပြုပြင်လျက် သုံးနေကြသည်ကို မောင်ကံထူးသည် အရေးကြုံ၍ စစ်တွေမြို့သို့ သွားရောက်သည့်အခါ တွေ့မြင်ခဲ့ရသည်မှာ အလွန်ဝမ်းနည်း စိတ်မကောင်းစရာပင်။

ရွှေပြားရပ်ကွက်တွင်မူကား အစိုးရအဖွဲ့၌ ဆရာဦးကျော်ဇံ (မျက်မှန်တပ်)တင်ပြခဲ့သည့်အတိုင်း စစ်အုပ်ချုပ်ရေး ဘက်မှပိုင်ဆိုင်သော ရေနံလှောင်တိုင်ကီများ ရှိနေခြင်းကြောင့် မူလအိမ်ရာမြေပိုင်ရှင်များမှာ မိမိနေရာသို့ မရွှေ့ပြောင်းနိုင်သည့်အပြင် အနီးအနား အရပ်သူအရပ်သားများမှာ မီးဘေးကို အမြဲတမ်းစိုးရိမ်မကင်း အခက်အခဲတွေ့နေရကြောင်းကို ပဌမအကြိမ်ဝန်ကြီးလုပ်စဉ်အခါက မောင်ကံထူးသည် တချိန်တွင် စစ်တွေမြို့သို့ အလုပ်ဝတ္တရားနှင့် ရောက်ခဲ့သည့်အခါ မြူနီစီပါယ်ကျန်းမာရေးအရာရှိ ဦးမောင်သာထွန်း (ဂေါ်ဘန်)နှင့်အတူ ထိုနေရာသို့ သွားရောက်လှည့်လည်ကြည့်ရှုမြင်ပြီး ရကား ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါတွင် ဘုရင်ခံကူဗရန်နှင့် သွားတွေ့၍ အကျိုးအကြောင်းကိုန ပြောပြပြီးလျှင် သူ၏အကူအညီဖြင့် စစ်ဘက်ဌာနက အဆိုပါရေနံရောက်တိုင်ကီများကို အလျှင်မြန်စွာ ပြောင်းရွှေ့စေခဲ့လေသည်။ ဝန်ကြီးဖွဲ့၏သဘောတူညီချက်အရ ရခိုင်အမျိုးသားတစ်ဦးဖြစ်သူ အရွေးချယ်ခံတန်း မြန်မာနိုင်ငံဝန်ထမ်း မင်းကြီး ဦးကျော်အား တိုင်းမင်းကြီးအဖြစ်နှင့် စစ်တွေမြို့သို့သွားရောက်၍ ရခိုင်အမျိုးသားများ၏ကောင်းကျိုးကို ဆောင်ရွက်နိုင်စေရန် စီမံလေသည်။ မင်းကြီးကလည်း မြို့သူမြို့သားတို့၏ လောကီလောကုတ္တရာနှစ်ဘက်စလုံး၌ စိတ်ဓာတ်တက်ကြွမှု အသစ်ပြန်လည်နေရာချထားခဲ့၏။ သို့ရာတွင် ရခိုင် ဖ-ဆ-ပ-လ အဖွဲ့ဝင်ခေါင်းဆောင်တချို့၏ အထင်မှားအမြင်မှား ပြစ်မှုကြောင့် ရခိုင်တိုင်းပြည်အတွက် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ရန် အချိန်မရနိုင်သဖြင့် မင်းကြီး ဦးကျော်၏အုပ်ချုပ်ရေး ရင့်ကျက်မှု ဗဟုသုတ အမျိုးအာနိသင်များကို ကျပ်ပြည့်တင်းပြည့် လက်တွေ့မခံစား

လိုက်ရသည်မှာ နှမြောစရာပင်။

**မောင်ကံထူး (စာ-၁၅၉)**

## ဦးစိန္တာလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပေးရန်

ရခိုင်ပြည်၌ နိုင်ငံရေးအယူအဆချင်း ဖ-ဆ-ပ-လ အစိုးရနှင့် သဘောကွဲလွဲသောကြောင့် ရှောင်တိမ်းသွားသော (တောခိုသွားသော)တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး၏ ဩဝါဒစရိယဆရာတော်ဦးစိန္တာအတွက် အထူးလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အာဏာတစ်ရပ်ကို ထုတ်ပေးရန် ဘုရင်ခံနှင့်တကွ အစိုးရအဖွဲ့အား မောင်ကံထူးက တိုက်တွန်းသည့်အတိုင်း အောင်မြင်မှုရရှိခဲ့သည်။ ဆရာတော်၏

**(စာ-၁၆၂)**

တပည့်များဖြစ်သော ဘုံပေါက်သာကျော်နှင့်တကွ အပေါင်းပါတို့အတွက်လည်း သီးခြားလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ်ကို ထုတ်ပြန်ဖြစ်အောင် ထုတ်ပေးခဲ့၍ ထိုအချိန်ထိုအခါ အင်္ဂလိပ်အစိုးရ စိုးမိုးအုပ်ချုပ်မှု အငွေ့အသက် ကျပ်ပြည့် ရှိနေသေးသည့်အထဲက အောင်မြင်နိုင်အောင် ထိုကိစ္စကို ဆောင်ရွက်ခဲ့သည်။ ဤကိစ္စရပ်များကို ဆောင်ရွက်ရာ၌ နယ်အရာရှိကြီးများ၏ ဩဇာအာဏာလွှမ်းမိုးဆဲ အချိန်ပင်ဖြစ်ငြားသော်လည်း ဝန်ကြီးမောင်ကံထူးသည် မိမိ၏ လက်တွင်း၌ရှိသော အခွင့်အရေးကို အစွမ်းကုန်အသုံးပြု၍ ကပ်ဘိနပ်အဖွဲ့တခုလုံးကလည်း ထောက်ခံခဲ့သောကြောင့် သာလျှင် အထမြောက်အောင်မြင်နိုင်ခဲ့သည်။ ပဋ္ဌမအကြိမ် ဦးစိန္တာအထူးလွတ်ငြိမ်းခွင့်အမိန့်စာနှင့် ၎င်းဆရာတော်၏ တပည့်များအတွက်ကိုပါ ထုတ်ပြန်ကြေငြာပြီး ဤသူတို့လူစုသည် မဖြစ်စလောက်သော လက်နက်အကောင်းရော အပျက် အစီးပါ အနည်းငယ်လောက်နှင့် အလင်းသို့ဝင်ရောက်ပြီးနောက် ဆရာတော်၏နောက်လိုက်တပည့်များက စစ်တွေမြို့ပေါ်နှင့်တကွ နေရာအနှံ့အပြားတို့တွင် ဖဆပလ အစိုးရကို သူတို့ပြုလုပ်ကျင်းပသော လူထုအစည်းအဝေးတိုင်း၌ ပုတ်ခတ်ဆဲရေး တိုင်းထွာပြုလုပ်၍ အကြည်ညိုပျက်ပြားစေသော နိုင်ငံရေးတရားဟောပြောနေကြရာ ရမ်းဗြဲမြို့၌ တရားဟော၍ သင်္ဘောနှင့်ပြန်လာရာတွင် ဗမာပြည်အလံနီအောင်လင်း-

**(စာ-၁၆၃)**

တို့လူစုကို ဖမ်းဆီးရာ မမီလိုက်ဘဲ ဆရာတော်ဦးစိန္တာနှင့် တချို့ကိုသာ ဘမ်းဆီးမိ၍ သူတို့ကို သာယာဝတီထောင်သို့ ပို့လိုက်လေသည်။ ၎င်းထောင်ကို သူပုန်တပ်ပေါင်းစုက ဖွင့်ပေး၍ လွတ်ထွက်လာနိုင်ကြလေသည်ကိုမှတဖန် ဆရာတော် ဦးစိန္တာနှင့် တပည့်တို့ပါတကွ ထောင်ထွင်းသို့ တဖန်ပြန်၍ ဝင်သွားကြပြန်လေသည်။ ဆရာတော်အပါအဝင် ထိုလူစုသည် ပြည်သူ့လွတ်မြောက်ရေးပါတီအနေဖြင့် ဦးဘိုးနုရွှေ ဦးအောင်သာလှ ဦးညိုလှအောင် စသော ဗဟိုကော်မတီများအပါအဝင် လက်နက်ကိုင် လက်နက်မဲ့ (၃၀၀)ကျော်ခန့်တို့သည် (၁၉၅၈)ခုနှစ် ဖေဖော်ဝါရီလဆန်းလောက်တွင် ဒုတိယဝန်ကြီးချုပ် သခင်တင်ခေါင်းဆောင်သော အစိုးရကိုယ်စားလှယ်များထံ မင်းပြားမြို့၌ လက်နက်စွန့်၍ အလင်းသို့ ဝင်ရောက်လာကြသည်။ (၁၉၅၈)ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ပြည်သူ့ရဲဘော်ပါတီ ရခိုင်တိုင်းဌာနချုပ်နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ရခိုင်တိုင်းမှ ရဲဘော် တချို့တို့သည် ကျောက်ဖြူခရိုင် အမ်းမြို့တွင် ကာကွယ်ရေးဝန်ကြီး ဘဆွေ၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့ရှေ့မှောက်၌ လက်နက်မျိုးစုံ(၃၅၀) ခဲယမ်းမီးကျောက်အပြည့်အစုံနှင့် လက်နက်စွန့်ပွဲကျင်းပ၍ လက်နက်ကိုင်ရဲဘော်ပေါင်း (၂၅၀)တို့ အလင်းသို့ ဝင်လာကြသည်။ သူတို့အထဲ၌ ပြည်သူ့ရဲဘော် ရခိုင်တိုင်း တိုင်းမှူး ဗိုလ်စံသာကျော် တိုင်းကော်မတီရဲဘော် စံအောင် ရဲဘော်အောင်မြ ရဲဘော်ဘခင် အပါအဝင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ ပြည်သူ့ရဲဘော်ပါတီမှ စည်းရုံးရေးမှူးနှင့် မြို့နယ်တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။ ကွန်မြူနစ်ပါတီ ရခိုင်တိုင်းမှ တိုင်းကော်မီတီ ဗိုလ်အောင်ကျော် ခေါ် မောင်စောဦး၊ ရဲဘော်သာထွန်းအောင်၊ ရဲဘော်ရွှေသာ၊ ရခိုင်တပ်မှူး ကိုရွှေကျော်ဦး ရဲဘော်စိန်ထွန်းဖြူတို့ ခေါင်းဆောင်ပြီး လက်နက်ကိုင်တပ်များ စုစုပေါင်း (၁၅၀)ခန့် လက်နက်မျိုးစုံ (၁၅၀)နှင့် ခဲယမ်းမီး ကျောက်ပေါင်းစုံကိုပါ လက်နက်စွန့်၍ အလင်းဝင်လာကြသည်။ စစ်တွေခရိုင် ရဲဘော်ပါတီမှ ရဲဘော်ကျော်အောင်၊ ဗိုလ်ရဲသက်အောင်၊ ရဲဘော် ဘလှိုင်၊ ရဲဘော်စံထွန်းအောင်တို့ ခေါင်းဆောင်ပြီး တပ်သား (၃၀၀)ကျော်တို့ လက်နက်ခဲယမ်း မီးကျောက်အပြည့်အစုံနှင့် စစ်တွေခရိုင် ကျောက်တော်မြို့တွင် (၁၉၅၈)ခု မတ်လ ဒုတိယပါတ်လောက်တွင် အလင်းဝင်လာ ကြသည်။ ဤလက်နက်စွန့်ပွဲတွင် စစ်တွေခရိုင် ဗမာပြည် ကွန်မြူနစ်ပါတီမှ ရဲဘော်စံလှ ခေါင်းဆောင်ပြီး စုစုပေါင်း (၁၀၀)ကျော်ခန့်ပါဝင်သည်။ ၎င်းနှစ် မတ်လ (၄)ရက်နေ့တွင် ပြည်သူ့ရဲဘော်ပါတီ သံတွဲခရိုင်မှ ရဲဘော် ဗတင်၊ ရဲဘော် သန်းမောင်၊ ရဲဘော် စိန်ညွှန့်၊ ရဲဘော်စံတင်နှင့် ရဲဘော်

လက်နက်ကိုင် စုစုပေါင်း (၁၄၀)ယောက် လက်နက်မျိုးစုံ (၁၅၇)လက်၊ ကျည်ဆံ (၃၀၀၀)ကျော် ဆင်တကောင် အပါအဝင် လက်နက်ကိုင် တော်လှန်မှုကို စွန့်လွှတ်၍ အလင်းဝင်လာ ကြသည်။ ၎င်းနှစ်ဧပြီလ ပဋ္ဌမပါတ်လောက်တွင် ကျောက်ဖြူခရိုင် ပြည်သူ့ရဲဘော်ပါတီမှ ရဲဘော် ရဲလှ၊ ရဲဘော် အောင်လှဖြူ ရဲဘော်အောင်မင်းခေါင်၊ ရဲဘော်ကျော်မြတို့ လူ(၃၃၀၀)ခန့်လက်နက်မျိုးစုံ (၃၀၀)လောက်နှင့် ကျည်ဆံခဲယမ်းမီးကျောက် များနှင့်တကွ တော်လှန်မှုကို စွန့်လွှတ်၍ အလင်းဝင်လာကြသည်။ ရခိုင်ပြည်တွင် အစုအပြုံအလိုက် လက်နက်စွန့်မှုတွင် လူပေါင်း(၁၄၀၀)ခန့်နှင့်အတူ အလင်း ဝင်လာကြသည်မှာ အလွန်ထူးခြားချက်ဖြစ်သည့်အပြင် ဗမာပြည်တွင် လက်နက်စွန့်မှု၌ လူပေါင်းအများဆုံး ပါဝင် ခဲ့သည်။

ဆရာတော် ဦးစိန္တာနှင့်တပည့်များအတွက် လွတ်ငြိမ်းခွင့်အမိန့် စာချွန်ကို ပေးနိုင်ခဲ့သည်ကို ထိုအချိန်အခါက နယ်အုပ်ချုပ်ရေးအရာရှိများနှင့် အပေးအယူလုပ်ခဲ့သော စာမိတ္တူတချို့နှင့် လွတ်ငြိမ်းခွင့်မိတ္တူကို နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသည်ကို ထိုလွတ်ငြိမ်းခွင့်အမိန့်စာများကို မထုတ်ပြန်ခင်က ဝန်ကြီးမောင်ကံထူးနှင့် ဝန်ကြီးသခင်မြတို့သည် ဩဝါဒ-

**(စာ–၁၆၄)**

စရိယဆရာတော် ဦးပညာသီဟတို့ပါ ပင့်ဆောင်လျက် မင်းပြားမြို့နယ်အတွင်းရှိ ကြာအင်းတောင်အရပ်သို့ သွားရောက်ကြ၍ တောထဲမှ ဆရာတော်ဦးစိန္တာကို ပင့်ခေါ်စေပြီးလျှင် ကြာအင်းတောင် ဆရာတော်ကြီးကျောင်း၌ ညလုံး ပေါက် မအိပ်မနေ အကျိုးအပြစ်များကို တင်ပြ၍ တောထဲ၌ တိမ်းရှောင်နေရာမှ ထွက်ခွာလာပြီးလျှင် တိုင်းပြည်အတွက် အပြုလုပ်ငန်းများကို ပူးပေါင်းကာ ဆောင်ရွက်လုပ်ကိုင်ကြရန် လျှောက်ထားရာ စေ့စပ်မှုအောင်မြင်၍ ဆရာတော်နှင့်တကွ တပည့်များပါ အလင်းသို့ပြန်ဝင်လာလေသည်။ သူတို့အပ်နှံသောလက်နက်များမှာ ရိုင်ဖယ်သေနတ်အကျိုးအပဲ့ အနည်းငယ်သာဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော ကြာအင်းတောင်ရွာခရီးတွင် တူမအမျိုးသမီးခေါင်းဆောင် ဒေါ်ကြာဇံတူ မောင်ကျော်ထွန်း အပါးတော်မြဲ( )ဦးကျော်လှဦးတို့ ပါဝင်ကြသည်။

**မောင်ကံထူး (စာ–၁၆၄)**

# <u>ပြည်မမှ နိုင်ငံရေးစွက်ဖက်မှု</u>

နိုင်ငံရေးကိစ္စနှင့်ပတ်သက်၍ ရခိုင်တိုင်းတွင် ပြည်မနိုင်ငံရေးစွက်ဖက်မှုကို ဖော်ပြရပေမည်။ သာယာစိုပြေသော ရခိုင်နိုင်ငံရေးနယ်ပယ်ထဲသို့ ပြည်မဆိုရှယ်လစ်ပါတီမှ သာကျော်(ဘုံပေါက်)ခေါင်းဆောင်သော ရခိုင်လူငယ်အချို့ကို လည်းကောင်း၊ သခင်သန်းထွန်းတို့ ကွန်မြူနစ်ပါတီမှ မိတ္ထီလာခရိုင် သဖန်းကန်ရွာဇာတိ စစ်တွေ ခရိုင် မင်းပြားမြို့၌ မြန်မာကျောင်းဆရာလုပ်နေသူ ဦးစံတင်ခေါင်းဆောင်သော ရခိုင်လူငယ်အချို့ကို လည်းကောင်း ရခိုင်ပြည် အထူးသဖြင့် စစ်တွေခရိုင်သို့ စေလွှတ်ပြီးလျှင် ပါတီဝါဒဖြန့်၍ ဆိုရှယ်လစ်ကွန်မြူနစ်ပါတီအသီးသီးတို့ကို ဖွဲ့စည်းစေခဲ့လေသည်အတွက် ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံး၏လှုံ့လဖြင့် ရခိုင်တိုင်းလုံးကို စည်းရုံး၍ လွတ်လပ်ရေး ကို ရှေ့ရှုသော ညီညွတ်မှုကို ရယူရန် ကြိုးပမ်းမှုဖြင့် ရရှိခဲ့သော အောင်မြင်မှုမှာ ဖြန်းဖြန်းကွဲ၍ အလံဖြူအနီ အလံဝါ အစရှိသည်ဖြင့် အစိပ်စိပ်အမွှာမွှာ ဖြစ်ပြီးလျှင် နောက်ဆုံး၌ တောခိုဘဝသို့ ရောက်ရလေသည်။ တိုင်းသစ် ပြည်သစ် လူသစ် တည်ထောင်ခါစအချိန်၌ ဤကဲ့သို့ လူနည်းစု လူမျိုးဖြစ်ကုန်သော ရခိုင်ဘက်လူငယ်များမှာ တဦးနှင့်တစ်ဦး တဖွဲ့နှင့်တဖွဲ့ တကယ်ရန်သူဘဝ ရုတ်ချင်းအသွင်ပြောင်းလဲသွားကြခြင်းကို ရင်ထုမနာဖြစ်ကြကုန်သော ရခိုင် ခေါင်းဆောင်များဖြစ်ကြကုန်သော မောင်ကံထူး နှင့်တကွ အမျိုးသားဘိုဒိန်

**(စာ–၁၆၆)**

ဆရာဦးစံထွန်းအောင် အမျိုးသားမြန်မာကျောင်းဆရာ ဦးအောင်သာဦး ကျောက်ဖြူမှ ရဲဘော် ဦးသာထွန်း အစရှိသော ရခိုင်ခေါင်းဆောင်တို့သည် ဆူလေဘုရားလမ်း၌ တည်ထောင်ထားသော ဆိုရှယ်လစ်ပါတီဌာနချုပ်သို့ သွား ရောက်၍ ထိုပါတီထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံကြသည်။ ထိုခေါင်းဆောင်များက လဘက်ရည်ပွဲဖြင့် တည်ခင်း ကျွေးမွေးဧည့်ခံကြသည်ကို မျက်နှာစုံညီဧည့်ခံပွဲ၌ အထက်ဖော်ပြပါ နိုင်ငံရေးစွက်ဖက်မှုကိစ္စ-

**(စာ–၁၆၇)**

ရပ်များနှင့်ပတ်သက်၍ မောင်ကံထူးတို့လူစုက အရေးဆို၍ စွပ်စွဲကြရာ သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဦးလှမောင် အမှူးပြုသော ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များက မငြင်းသာဘဲ အတိအလင်း ဝန်ခံကြလေသည်။

၎င်းတို့ အကြောင်းပြချက်မှာ သခင်သန်းထွန်းခေါင်းဆောင်သော ကွန်မြူနစ်ပါတီက စတင်၍ ရခိုင်ပြည်၌ ကွန်မြူနစ်ပါတီ တည်ထောင်ရန် စံတင်ကို တမန်တော်အဖြစ် စေလွှတ်ခြင်းကြောင့် ၎င်းတို့ကလည်း တန်ပြန်သဘောနှင့် ဘုံပေါက်သာကျော်ကို ရခိုင်ပြည်၌ ဆိုရှယ်လစ်ပါတီ ဖွဲ့စည်းတည်ထောင်ရန် စေလွှတ်ရခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း လွတ်လပ်ရေးအကြို တချိန်သောအခါက သူသည်လူငယ်များ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ရန်ကုန်မြို့ ဆိုရှယ်လစ်ပါတီဌာနချုပ်မှ အလုပ်အမှုဆောင်ထိပ်ပိုင်းပုဂ္ဂိုလ်များသည် သာကျော်(ဘုံပေါက်)မောင်လှကျော်တို့ကို ရခိုင်ပြည်၌ ဆိုရှယ်လစ်ပါတီဖွဲ့စည်းရန် တမန်တော်အဖြစ် သခင်သန်းထွန်းနည်းတူ စေလွှတ်လိုက်ငြားသော်လည်း သူတို့ဖြစ်မြောက်စေချင်သော ဆိုရှယ်လစ်ပါတီမျိုးကား မဖြစ်ပေါ်လာဘဲ (၁၉၄၆)ခုနှစ်အတွင်း သခင်သန်းထွန်းနှင့် စင်ပြိုင်ထူထောင်ခဲ့သော သခင်စိုး၏ ဆိုရှယ်လစ်နီဝါဒ အတိုင်းသာလျှင် စည်းရုံးဖွဲ့စည်းကြလေသည်။ သို့ပင်ငြားလည်း အရေးကြုံလာသည့်အခါ ဘုံပေါက်သာကျော်၊ မောင်လှကျော်တို့သည် ရန်ကုန်ရှိ ဆိုရှယ်လစ်ပါတီဌာနချုပ်၏ အကာအကွယ်ပေးခြင်းကို လွယ်လင့်တကူ ရယူနိုင်ခဲ့ကြသည်။ ကွန်မြူနစ်ပါတီ ထိပ်သီးသခင်သန်းထွန်း၏ ဆင်ခြေမှာလည်း ထိုအတိုင်းပင် တဦးအပေါ်တဦး လက်ညှိုးထိုးပြခြင်းဖြင့်သာ အဆုံးသတ်ရလေတော့သည်။ မြန်မာပြည်မှ ရခိုင်ပြည်တွင်းသို့ ဆိုခဲ့ပြီးသော နိုင်ငံရေးစွက်ဖက်မှုမရှိခဲ့ပါမူ-

**(စာ-၁၆၇)**

ရခိုင်ပြည်၏ နိုင်ငံရေးအခြေအနေမှာ တမျိုးတဖုံဖြစ်၍ စည်းစည်းလုံးလုံးနှင့် ရှေ့အင်္ဂလိပ်လူမျိုးတို့ကြီးစိုးစဉ်အခါက (၉၁)ဌာနအုပ်ချုပ်ရေးခေတ် လွှတ်တော်ထဲ၌ ရခိုင်ပါတီ ပါလီမံအဖွဲ့သည် လွှတ်တော်တခုလုံး၏ လေးစားမှုကို ရရှိနိုင်ခဲ့ဘိသကဲ့သို့ ယခုအခါ၌လည်း ထိုနည်းနှင့်ပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

**(မောင်ကံထူး-စာ-၁၆၇)**

## ဂျူပလီပဏာမညီလာခံနှင့် ရခိုင်ပြည်နယ်ကိစ္စရပ်များ

ရွေးကောက်ပွဲပြီးဆုံးသည့်နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖွဲ့စည်းတည်ထောင်ကြမည့် ဖဆပလအဖွဲ့ကြီး၏ ကိုယ်စားလည်များသည် အထူးဆပ်ကော်မတီများဖွဲ့ကာ ရန်ကုန်မြို့ ဂျူပလီဟောလ်၌ (၁၉၄၇)ခု မေလ (၂၀)ရက်နေ့ကပင် ၎င်းလ (၂၃)ရက်နေ့အထိ နေ့ရောညပါ ဆက်တိုက်ဆက်လက်ကျင်းပသော ပဏာမညီလာခံ၌ အချက်ပေါင်း (၁၄)ချက်ပါဝင်သော (နောက်ဆက်တွဲ ၆ မှာကြည့်) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သဘောတရားများကို လွတ်လပ်ရေးအလျှင်အမြန်ကြေငြာနိုင်ရန် အပူတပြင်း အောင်မြင်စွာ ရေးဆွဲခဲ့ကြလေသည်။ လွတ်လပ်သောအချုပ်အချာအာဏာပိုင်သမတ နိုင်ငံတော်ကြီးကို ဖြစ်မြောက်အောင် တည်ထောင်ဖန်တီးနိုင်မည့် အချက်(၁၄)ချက်ပါ အခြေခံသဘောတရားအတိုင်း နိုင်ငံတော်ကို ပြည်ထောင်စုသား အားလုံးပူးပေါင်းဆောင်ရွက် စောင့်ရှောက်ကြပါမည်ဟု ခိုင်မြဲသောသစ္စာခံဌာန်ကို ပြုကြလေသည်။ နိုင်ငံတော်အခြေခံစည်းမျဉ်း ဥပဒေများကို တိုင်းပြုပြည်ပြုလွှတ်တော်၌ အပြီးသတ်အတည်မပြုမီ ရခိုင်ပြည်ရေးရာပြည်နယ်ကိစ္စများနှင့် ပတ်သက်၍ ရခိုင်က လိုလားနေသည့်အတိုင်း ထိုဥပဒေထဲ၌ တပါတည်းသတ်မှတ်ထားရှိနိုင်ရန် ဗိုလ်ချုပ်ပါဝင်သော ဤပမာဏညီလာခံ ဆပ်ကော်မတီတွင် တခြားသောတောင်တန်းဒေသတို့အတွက် ပြည်နယ်ထူထောင်ဖွဲ့စည်းခွင့် ပေးမည့်နည်းတူ ရခိုင်ပြည်အားလည်း ပထဝီအနေအထားအားဖြင့်လည်းကောင်း ရာဇဝင်အရအားဖြင့်လည်းကောင်း၊ အကြောင်းကြောင်းတို့ကို ထောက်ထားသဖြင့် အခြေခံစည်းမျဉ်းဥပဒေထဲ၌ ပြည်ထောင်စုအတွင်း ပြည်နယ်တစ်ခုတည်ထောင်ခွင့်ကို ထည့်သွင်းသတ်မှတ်ပေးရန် ထိုဆပ်ကော်မတီသို့ တက်ရောက်ကြ သော မောင်ကံထူးအပါအဝင် ရခိုင်အမတ်များက တောင်းဆိုကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စု ပြိုကွဲယိမ်းယိုင်မည့်အပြုအမူဟူသမျှကို မုန်းတီးသူဖြစ်ရကား အဆိုပါအကြောင်းပြချက်-

**(စာ-၁၇၄)**

အရေးဆို တောင်းခံချက်ကို မလိုလားသည့်တိုင်အောင် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲနေစဉ် အထစ်အငေါ့မရှိစေရန် မူတခုအနေနှင့် ထိုအခါက သူ၏သဘောတူညီချက်အရ နောင်အခါ ဗမာပြည်အစိပ်အပိုင်းတခု၌ ထိုကဲ့သို့သောကိစ္စများ ပေါ်ပေါက်လျှင် ဖြေရှင်းရာ၌ လွယ်ကူစေရန်အတွက် ဆီလျော်သော စကားအသုံးအနှုန်းဖြင့် အခြေခံစည်းမျဉ်းဥပဒေအခန်း (၉) အပိုင်း(၆)ကို ထိုစဉ်အခါက အတည်ပြုသော ဥပဒေ၌ ထည့်သွင်းခဲ့ကြလေသည်။ ဤသည်နောက်ပိုင်းတွင် ပေါ်ပေါက်နေသော ပြည်နယ်(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စ အချက်အလက်များကို စုံစမ်းစစ်ဆေး

အစီရင်ခံ နိုင်ရန် နိုင်ငံတော်အစိုးရက ဆာဘဦးရှေ့ဆောင်သော စုံစမ်းရေးအဖွဲ့တခုကို ဖွဲ့စည်းခန့်ထားခဲ့လေသည်။

မောင်ကံထူးသည် (၁၀-၅-၆၁)ခုနှစ် နောက်ဆုံးဖွဲ့စည်းလိုက်သော ဆာဘဦး တရားဝန်ကြီးချုပ် ဦးအုန်းဖေ ဝန်ကြီး မြန်မာ့အလင်း ဦးတင် ရွှေကောက်ပွဲမင်းကြီး ဦးချစ်သောင်း မွန်အမျိုးသား ဓာတုဗေဒဝန်ကြီးဟောင်း ဦးသိန်းမောင် တရားဝန်ကြီးချုပ်ဟောင်းတို့ ပါဝင်သော စုံစမ်းရေးအဖွဲ့သို့ ရခိုင်ပြည်နယ်ကိစ္စကို-

**(စာ-၁၇၄)**

အစစ်ခံတင်ပြခဲ့သည့် စာတမ်းကို နောက်ဆက်တွဲ(စ)တွင် တွေ့နိုင်၏။ (၁၉၄၈)ခုနှစ် အောက်တိုဘာ(၅)ရက်တွင် ဖွဲ့စည်း၍ (၁၉၅၂)ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့ထုတ်ပြန်ကြေငြာခဲ့သော ဆာဘဦးကော်မရှင်အဖွဲ့တွင် ကရင် မွန် ရခိုင် လူမျိုးများ လိုလားသော ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ကိစ္စကို စုံစမ်းမေးမြန်းရန် အောက်ဖော်ပြပါ လူကြီးများကို ခန့်အပ်၍ လွှဲအပ်လိုက်လေသည်။ ထိုကော်မရှင်အဖွဲ့ထဲ၌ ပါဝင်သောလူကြီးများမှာ ကရင်အမျိုးသားထဲမှ (၁) စောဘဦးကြီး (၂)မန်းဂျိန်ထွန်းအောင် (၃)စောသာဒင် (၄)စောနော်တင်ဘွား (၅)ဂျွန်ဆင်ဒီမိုးမင်း (၆) စောမောင်ဒေါက်-

**(စာ-၁၇၅)**

မွန်အမျိုးသားထဲမှ (၁)ဦးထွန်းရင် (၂)ဦးခင်မောင် (၃) ဦးဘိုးချို (၄) ဒေါ်နှင်း (၅) ဦးသန်း (၆)နိုင်လှမောင် ရခိုင်အမျိုးသားထဲမှ (၁)ဦးစံထွန်းအောင် (၂)ဦးသာထွန်း (၃) ဗိုလ်ဘလှိုင် (၄)မစ္စတာဆူလတန်အာမတ် (၆)ဦးရွှေဘော် အမ်အေဘီအယ်လ် (၆) ဦးကျော်ရင် အမ်အေ ဗမာလူမျိုးထဲမှ (၁) ဦးချန်ထွန်းအောင် နိုင်ငံတော်ရှေ့နေချုပ် (၂)ဗိုလ်ခင် မောင်ကလေး ပါလီမန်အတွင်းဝန် (၃) သခင်စံဝေ ပါလီမန်အတွင်းဝန် (၄)ဟသ်ာတဦးမြ (၅)ဦးဘဂျမ်း(ပုသိမ်) (၆)ဦးအုန်းခင် ဗမာခေတ်သတင်းစာ၊ ရှမ်းအမျိုးသားထဲမှ (၁)ဦးစံလူ (၂)ကချင်အမျိုးသားထဲမှ ဒူးဝါးဇော်လွန် (၃)ကရင်နီ အမျိုးသားထဲမှ ဦးစိန် (၄)ချင်းအမျိုးသားထဲမှ ကပ္ပတိန်မန်းတုံးဒုံး ပေါင်း(၂၈)ဦးတို့ဖြစ်ကြသည်။

ဂျူဗလီဟောအဆောက်အဦး၌ ကျင်းပခဲ့သော မဏ္ဍာမညီလာခံ၌ ရခိုင်ပြည်အတွက် သီးခြားပြည်နယ် ရရှိရေး ပြဿနာ ပေါ်ပေါက်ခဲ့ပြီးသည့်နောက်ပိုင်းတွင် အမှတ်(၁၅)ကုတ်ကိုင်းလမ်း မောင်ကံထူးနေသောအိမ်တွင် အတွေ့အကြုံ ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝသော ရခိုင်ပညာရှိများ အစိပ်အပိုင်းမှ အိုင်စီအက်စ်ဟောင်းများဖြစ်ကြသော ဦးရွှေဘော်၊ ဦးစိန်ညိုထွန်း၊ ဦးကျော်သိန်း၊ အမိန့်တော်ရ ဦးကျော်ခင်နှင့် ဦးသိန်းမောင် လွှတ်တော်အမတ်များ ဖြစ်ကြသော ဦးစံ ထွန်းအောင်၊ ဦးသာထွန်း မြူနီစီပါယ်ပညာရေးအရာရှိ ဦးကျော်မင်း ဝတ်လုံ ဦးလှထွန်းဖြူ အစရှိသောလူကြီးများတို့ကို မောင်ကံထူးက ဖိတ်ခေါ်လျက် လေးကြိမ်ခန့် အစည်းအဝေးကျင်းပ၍ အထက်ပါကိစ္စနှင့်ပတ်သက်သမျှတို့ကို မျက်ခြေ မပြတ်စေဘဲ ဆွေးနွေးဝေဖန်ခဲ့ကြလေသည်။ အမတ် ဦးဘစော အိုင်စီအက်စ်ဟောင်း ဦးကျော်မင်းတို့လည်း တကြိမ်တက် ရောက်ခဲ့ဟန်တူသည်။ ဤအစည်းအဝေး၏သဘောတူညီချက်အရ ရခိုင်ပြည်နှင့်အသင့်လျော်ဆုံးဟု ထင်ရသော ငါးနှစ် စီမံကိန်းတစ်ရပ်ကို ရေးဆွဲကြ၍ နိုင်ငံတော်အစိုးရနှင့် ဖဆပလအဖွဲ့ချုပ်သို့ တင်သွင်းခဲ့ကြလေသည်။ ထိုစီမံကိန်းကို မူအတိုင်း နောက်ဆက်တွဲ(ဂ)တွင် ဖော်ပြသည်။

**(စာ-၁၇၅)**

မောင်ကံထူးကို တတိယအကြိမ် (၃၀-၉-၄၉)နေ့ကစ၍ လူနည်းစုရေးရာဝန်ကြီး ခန့်အပ်ပြီးသည့်နောက် ထိုဝန်ကြီးအလုပ်ကို မစွန့်လွှတ်မီ ရခိုင်ပြည်သူပြည်သားများ၏ ကိုယ်ပိုင်အုပ်ချုပ်ရန်လိုလားသည် မလိုလားသည်ကို ဆန္ဒယူရန်အတွက် ယခင်ကဖွဲ့စည်းပြီးဖြစ်သော စုံစမ်းရေးကော်မရှင်အဖွဲ့ကို ရခိုင်ပြည်ဘက်သို့ စေလွှတ်၍ စုံစမ်းစေရန် ကိစ္စကို ဝန်ကြီးချုပ် ဦးနုနှင့် ဆွေးနွေး၍ သူ၏ညွှန်ကြားချက်အရ တရားဝန်ကြီး ဦးဗမောင် ခေါင်းဆောင်သော စုံစမ်းရေး ကော်မရှင်အား ရခိုင်ပြည်ဘက်သို့ သွားရောက်စုံစမ်းစေရန် လမ်းခင်းပေးခဲ့သည်။ မောင်ကံထူးသည် ဝန်ကြီးအလုပ်မှ နုတ်ထွက်၍ ရာထူးဝန်အဖွဲ့တွင် တဖန်တာဝန်များကို ထမ်းဆောင်နေစဉ် ဦးဗမောင်ခေါင်းဆောင်သော အဖွဲ့သည် ရခိုင် ပြည်သို့သွားရောက်၍ စုံစမ်းမေးမြန်းခဲ့သည်ဟု သိခဲ့ရသည်။ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ဆာဘဦး ဦးဗမောင်တို့ထက်ဦးစွာ (၁၉၄၈)ခုနှစ် မတ်လလောက်တွင် လူနည်းစုရေးရာဝန်ကြီး ဦးညိုထွန်း ခေါင်းဆောင်သော မြန်အောင် ဦးတင် ပြန်ကြားရေးအတွင်းဝန် ဦးတင်ဖတ်တို့ပါဝင်သော အဖွဲ့တခုသွားရောက် မေးမြန်းစုံစမ်းပြီး အစီရင်ခံစာတင်သွင်း ခဲ့သည်။ သို့ရာတွင် ထိုအစီရင်ခံစာကို အများပြည်သူတို့သိသာရန်အတွက် ထုတ်ပြန်ကြေငြာခြင်းကိုကား မတွေ့မြင်ခဲ့ရ သည့်အတွက် ရခိုင်ပြည်လူထု၏လိုလားတောင်းဆိုချက်ကို မဖော်ပြနိုင်ပေ။ ဦးဗမောင် ခေါင်းဆောင်သော စုံစမ်းရေးအဖွဲ့က သူတို့ရရှိခဲ့သော လူထုဆန္ဒအစီရင်ခံစာတင်သွင်းထုတ်ပြန် ကြေငြာ

ခြင်းကို-

(စာ-၁၇၆)

ကိုလည်း မတွေ့မမြင်ခဲ့ရပေ။ သို့ရာတွင် ဝန်ကြီးရာထူးကို စွန့်လွှတ်ခဲ့ပြီးသည့်နောက်ပိုင်းတွင်ကား မောင်ကံထူးမှာ အထက်ဖော်ပြပါ ပြဿနာနှင့် လုံးဝအဆက်ပြတ်သွားလေတော့သည်။ သို့ပင်ငြားလည်း နောင်အခါ နိုင်ငံရေးနယ်ထဲသို့ ဆက်လက်ဝင်ရောက်ကြမည့် ရခိုင်ခေါင်းဆောင်တို့က ဤပြဿနာနှင့် ရင်ဆိုင်လာရသောအခါ သန့်ရှင်းစင်ကြယ်သော သဘောထားနှင့် စပ်ဆိုင်ရာတို့သို့ ချဉ်းကပ်ခါ လွှတ်တော်အတွင်းအပြင် (၂ ရပ်)စလုံးမှ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

(၉-၆-၅၈)နေ့ ဖဆပလ နှစ်ခြမ်းကွဲသွားပြီးအချိန်၌ ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သော တည်မြဲဖဆပလအတိုက်အခံဘက်သို့ ကူးပြောင်းသွား၍ သန့်ရှင်းဖဆပလခေါင်းဆောင် ဦးနုအစိုးရအပေါ် အယုံအကြည်မရှိအဆိုနှင့် ဖြုတ်ချရန်ကြိုးစားသောအချိန်တွင် ရခိုင်ပြည်၌ (အေအင်ယူအို)ရခိုင်တိုင်းညီညွတ်ရေးအဖွဲ့ (ရတည)က လွှတ်တော်ထဲ၌ အမတ်ခြောက်နေရာ ရရှိနေသောအချိန်ဖြစ်သည်။ ဦးနုအစိုးရအင်အား ချိနဲ့နေသော ဤအချိန်တွင် (ရတည)အဖွဲ့သည် တန်ဘိုး( )ရှိနေသော ချိန်ခွင်လျှာဖြစ်နေပေရာ ဒေးလ်ကာနယ်ဂျီ၏ - ဆိုသောစာအုပ်ကို လူပေါ် )လူဇော်လုပ်နည်းဟု ဘာသာပြန်၍ သက်ဝင်ယုံကြည်လိုက်နာကျင့်သုံးနေသော ( )ဦးနုက (၁၉၅၇)ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော်၌ တဖန်ထပ်မံ၍ (၁၉၅၈)ခု ဧပြီလတွင်-

ဟု လူသိနတ်ကြားကြေငြာခဲ့သော ဦးနုသည် ပြည်နယ်လိုလားနေသော (ရတည)ကို သူ၏ကြေငြာထားသော ဝါဒလမ်းစဉ်နှင့် ဆန့်ကျင်၍ပြည်နယ်ကို အရိပ်အရောင်ပြပြီး ဝန်ကြီး(၃)နေရာ၊ ဝန်ကလေး (၃)နေရာပေးခြင်းအားဖြင့် (ရတည)မဲဆန္ဒ(၆)ခု နှင့် အပေးအယူ ဈေးတည့်ကြပြီး ကယားအမတ် (၂)မဲ (၈)မဲဖြင့် (၉-၆-၅၈)နေ့မဲခွဲရာ၌ အတိုက်အခံဘက်သားနှင့်တကွ ရတည အဖွဲ့နှစ်ဦးလုံးကို နိုင်ငံရေးကျားကွက်ကစားရာ၌ လွယ်ကူစွာ အနိုင်ယူလိုက်လေသည်။

စစ်ကြီးမဖြစ်ခင် (၉၁)ဌာနအုပ်ချုပ်ရေး ခေတ်အခါက လွှတ်တော်ထဲ၌ အယုံအကြည်မရှိ အဆိုမျိုးတင်သွင်းသည့် အခါတိုင်း၌ မဲအရောင်းအဝယ်ကို ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ရှောပတ္တမြား ရှော့နဂါးဆိုသော ပေါ်ရာဇာစကားအရ လက်ငင်းငွေချေစနစ်ဖြင့် မဲဆန္ဒအရောင်းအဝယ် လုပ်လေ့လုပ်ထရှိခဲ့သည်ကို မောင်ကံထူးသိရှိခဲ့ရရာ ယခုတိုင်မြင်ယောင်ရှိနေသေး၏။ ဦးနုနှင့် (ရတည)အဖွဲ့တို့ လုပ်ပုံလုပ်နည်းသည်ကား လက်ငင်းငွေချေ အပေးအယူမဟုတ်ဘဲ မျှော်လင့်ချက်ကြီးစွာဖြင့် လောင်းတန်းကစားခြင်း ( )လုပ်သလို အရေးစွန့်ပြီး ရှိသမျှကို စုပုံ၍ ထိုးလိုက်ရာ ဒိုင်ကစားသွားသဖြင့် လောင်းကြေး (မဲဆန္ဒခြောက်မဲ)ဆုံးရှုံးခြင်းသာလျှင် အဖတ်တင်နေရစ်တော့သည်။ ဤကဲ့သို့ ထင်သလို ခရီးမပေါက်ရောက်ဘဲ အရှုံးနှင့်သာ နေရစ်ရခြင်းမှာ သူတို့၏အလှည့်ကျဝန်ကြီးလုပ်စတမ်း

(စာ-၁၇၇)

ဟုယူခြင်းကို ခံလိုက်ရခြင်းပင်ဖြစ်လေသည်။ ဤသို့အမြင်မျိုး သို့မဟုတ် ရောက်စေရန် တင်ကြို၍ အချိန်မီတားဆီးနိုင်ရန်အတွက် မျက်မှန်တပ်ဆရာ ဦးကျော်ဇံနှင့် စက်ရှင်တရားသူကြီးဟောင်း ဝတ်လုံဦးခင်မောင်တို့ မေတ္တာရပ်ခံချက်အရ ရန်ကုန်မြို့၌ ရှိသော ရခိုင်ပညာရှိပေါင်းစုံ ဦးရေ (၃၀)လောက်တို့သည် ဂွတ္တလစ်လမ်း အမှတ် (၅၃ )မောင်ကံထူးနေအိမ်၌ သူ၏ခွင့်ပြုချက်အရ သုံးကြိမ်တိုင်တိုင် အပြန်အလှန် ဆွေးနွေးတိုင်ပင်၍ (ရတည)အဖွဲ့၏ အခက်အခဲကို ဖြေရှင်းရန် ကြိုးစားခဲ့ကြသည်။ ထိုပညာရှိ

(စာ-၁၇၇)

များ ဆွေးနွေးချက်မှ ထွက်ပေါ်လာသော အောက်ပါဆုံးဖြတ်ချက်များကို (ရတည)အဖွဲ့ဝင် အမတ်များထံသို့ အချိန်မီပေးပို့ခဲ့သည်။

## အမတ်များအဖွဲ့သို့ ပို့လိုက်သော ဆုံးဖြတ်ချက်မှာ

ဝန်ကြီးရာထူးကို တစ်ယောက်ချစ်လစီ ဝေပုံကျခွဲဝေ လုပ်စတမ်းဆိုသောမူသည် နိုင်ငံရေးလောကတွင် မကြားစဖူး၊ ရခိုင်လူမျိုးများအတွက် ဂုဏ်သိက္ခာလျော့ကျဘွယ်ရာ ရှက်စရာကောင်းသောစနစ်ဖြစ်သောကြောင့် လက်ရှိရခိုင်ရေးရာဝန်ကြီးကိုပင်လျှင် အားလုံးသော ရခိုင်အမတ်များနှင့် တခြားသော ရခိုင်လူမျိုးများပါဝင် ထောက်ခံအားပေးပြီး

ရတညအဖွဲ့က အထူးလိုလား၍ အပူတပြင်း ဝိုင်းဝန်းကြိုးစားနေသော ပြည်နယ်ရရှိရေးကိစ္စကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဖြစ်သည်။

**မှတ်ချက်။** ။ မောင်ကံထူးသည် ဤအချိန်ကာလအတွင်းတွင် နိုင်ငံရေး ဝဲဩဂထဲမှ အပြတ်အသတ် နုတ်ထွက်လိုက်ပြီဖြစ်ရကား ပြည်သူ့လွှတ်တော်၌ ဝန်ကြီးချုပ်ဦးနုကြေငြာသော နိုင်ငံတော်အစိုးရ၏ ပေါ်လစီကို ကိုယ်တိုင်ကြားနာခွင့်ရခဲ့ခြင်းကား မဟုတ်ခဲ့ပေ။

အထောက်အထား ခိုင်မာလုံလောက်သော ဒေါက်တာမောင်မောင်ရေးသားထားသောစာအုပ်-

**(စာ-၁၇၈)**

ပြည်နယ်ကိစ္စနှင့် ဆီလျော်စပ်ဟပ်သော အချက်ကိုသာ အထက်တွင် ဖော်ပြထားခဲ့သလို ညွှန်ပြခြင်းဖြစ်သည်။
(            )ရေးသားထားသော စာမျက်နှာ (၃၇)တွင်

ဟုတွေ့မြင်ရပေသည်။ ကရင်ပြည်နယ်လုပ်ရုံးကား ပေါ်ခဲ့ပေပြီ။ သို့ရာတွင် ကရင်လူမျိုးများ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန် လူမျိုးစုလွှတ်တော်အမတ် (၂၄)နေရာမှ (၁၅)နေရာသို့လည်းကောင်း ပြည်သူ့လွှတ်တော် (၂၀)မှ (၇)သို့လည်းကောင်း လျော့ကျသွား၍ အနုတ်လက္ခဏာကို ပြနေသည့်အတွက် သူတို့လိုလားတောင့်တနေသော ပြည်နယ်ရခြင်းအတွက် ကရင်လူမျိုးများအဖို့ အနည်းငယ်ရာထူးကြီး ရနေရာခြင်းမှအပ ကျေးဇူးများသည်ဟု မဆိုသာပေ။

## ရခိုင်ပြည်အတွက် ပြုပြင်ရေးများ

(၁၉၄၇)ခုနှစ်အတွင်းက ဖဆပလဌာနချုပ်မှ ဒုအတွင်းရေးမှူး ဦးတင်မောင်ကြီးနှင့် နိုင်ငံရေးရာ အတွင်းရေးမှူး ဦးလှမောင်တို့နှင့်အတူ ရခိုင်ပြည်အနောက်နယ်စပ်ဒေသဖြစ်သော မောင်တောမြို့သို့ မောင်ကံထူး ရောက်ရှိခဲ့သည်။ ၎င်းက (၁)အိန္ဒိယနိုင်ငံသားများ ရခိုင်ပြည်ထဲသို့ ဒလဟောခိုးဝင်၍ နေရာယူနေကြသည့်အန္တရာယ် (၂)ဆန်စပါးခိုးထုတ်မှု နှင့် စစ်ပြေးဒုက္ခသည်များ၏ ဒုက္ခအကြောင်းနှင့်ပတ်သက်၍ တိကျပြည့်စုံသော အစီရင်ခံစာ တစောင်ကို ဝန်ကြီးဌာနအားလုံး အုပ်ချုပ်ရေးဆိုင်ရာဌာနများနှင့် အစိုးရသို့ တင်ခွင့်ပေးလေသည်။ စစ်မဖြစ်မီအခါက ရခိုင်ဗုဒ္ဓဘာသာ ရပ်ရွာပေါင်း(၂၀၀)ကျော်လောက်ရှိသည်ဟု သိရသော်လည်း ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် မပြောပလောက်သော ရွာများသာလျှင် ကျန်ရှိနေတော့သည်ဟု သိခဲ့ရ၏။ အထက်ကျော်အခါက ရှိခဲ့သောရခိုင်ရွာများ ပါဝင်သော မြေတိုင်းဌာန မြေပုံကိုကြည့်လျှင် ထင်ရှားပေလိမ့်မည်။

**(က)**

မောင်ကံထူးတင်သွင်းခဲ့သော အစီရင်ခံစာထဲမှ ဆီလျော်သောကောက်နုတ်ချက်များမှာ-

**(စာ-၁၀၅)**

"The assistant Immigration Officer then has no means whatever to check the continuous flow of illicit immigration from the Chittagong side across the Burma Boundary xxxxxxxxxx reproduce from his records the following statistic of migration. Evacuees 3400

**(စာ-၁၀၆)**

Rangoon 28 Ste 95 Han ble U Aung Ban care depcom Akyab. X Ref 1927 stop Hr desires me to reply you as follows stop ref your telegram dated 26 Mar stop rupees twenty thousand of internally displaced persons stop inview of allotment (50) of two and half lakh and forty thousand already made to depcom Akyab to meet expenditure on relief, supplies and forest produce for rehousing respectively present request for thirty thousand for quote other relief unquote being considered in consideration ith x Akyab Stop.

Welfare

ဝန်ကြီး မောင်ကံထူး အစီရင်ခံစာတွင် အထူးအလေးသာလေးပေး၍ ဖော်ပြပါရှိသော အချက်တခုမှာ စစ်တွေမြို့ လည်တည့်တည့်ကို ဖြတ်သန်းတည်ရှိနေသည့်အဓိက ရေစီးကြောင်းကြီးဖြစ်သော ကုလားချောင်းကို ကျန်းမာရေးနှင့် ညီညွတ်အောင် လိုအပ်သလို စီမံ၍ပြုပြင်ပေးရန် အရေးယူဆောင်ရွက်သင့်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြခဲ့၏။

(စာ–၁၈၇)

(ခ)

## အစီရင်ခံစာထဲမှ တစ်ခြားဆီလျော်သော ကောက်နုတ်ချက်

Inspected the drain named dslia creek. This big drain was entinely left unheaded. It runs through the heart of the Akyab town and sub-drains of the town flows into it. The bad smell from this drain was intolerable and greatly detrimental to the health of public xxx I also feel that unless we can have the proper constructions it will be injurious to the general health of the public.

သို့ရာတွင် မည်သည့်အဖွဲ့အစည်းကဖြစ်စေ ခေါင်းဆောင်တဦးဦးကဖြစ်စေ လွှတ်တော်အပြင်ဘက်၌သော်လည်းကောင်း အတွင်းဘက်၌သော်လည်းကောင်း မည်သူတစုံတယောက်ကမျှလည်း ဤလုပ်ငန်းကိစ္စကို အကောင်အထည်ပေါ်လာအောင် နောက်ဆက်လက်၍ ဂရုတစိုက် ပြုလုပ်ဆောင်ရွက်သည်ကိုကား မတွေ့ရချေ။

မောင်ကံထူး (စာ–၁၈၇)

## မြေပုံညီလာခံသို့ တက်ရောက်ခြင်း

(၁၃၀၈)ခုနှစ် နှောင်းတံခူး (၁၉၄၇)ခုနှစ် ဧပြီလတွင် ကျောက်ဖြူခရိုင် မြေပုံမြို့၌ ရခိုင်ပြည်တော်ခိုတပ်ပေါင်းစု ညီလာခံကို မောင်ကံထူး၏တိုက်တွန်းဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်း တင်ကြို၍ရောက်ရှိနေသော ဦးညိုထွန်းနှင့် ဗိုလ်ချုပ်နှင့်အတူတကွ ပါလာကြသော ဦးဗဆွေ သတင်းထောက် ဦးပုလေး၊ ဗိုလ်မင်းလွင်၊ ဗိုလ်ထွန်းလှတို့ပါ (၁၉၄၇)ခု ဧပြီလ(၁)ရက်နေ့တွင် စစ်တွေမြို့သို့ (၅)ယောက်စီး လေယာဉ်ငယ်ဖြင့် ဆိုက်ရောက်လာ၍ ၎င်းနေ့ညနေ (၆)နာရီအချိန် တွင် မြေပုံမြို့သို့ ဆိုက်ရောက်လာပြီးလျှင် တပ်ပေါင်းစုညီလာခံသို့ မတက်ရောက်မီ မြေပုံမြို့ ဗိုလ်တဲတွင် မြို့ပိုင်ဦးသာပွင့် အစရှိသော အရာရှိများနှင့် ဦးညိုထွန်းပါတကွ အနားယူပြီးနောက် ထိုအစည်းအဝေးသို့ ညမှောင်စအချိန်တွင် တက်ရောက်ကြလေသည်။ ဤညီလာခံကို ဒုတိယအကြိမ်မြောက် တောခိုရှောင်တိမ်းသော ဆရာတော် ဦးစိန္တာနှင့်အဖွဲ့သားတို့ ဦးစီး၍ ကျင်းပကြလေသည်။ ထိုညီလာခံတွင် ဆရာတော် ဦးစိန္တာက သဘာပတိအဖြစ် ဆောင်ရွက်၍ ပထမဆုံး သဘာပတိမိန့်ခွန်းကို ပြောဆိုလေသည်။ ဤပထမဆုံးအကြိမ် မိန့်ခွန်းကို ပြောဆိုနေစဉ်တွင် ပရိသတ်က သူပုန် သူပုန် ထထ လွတ်လပ်ရေးကို တိုက်ယူရမှရမယ် စသည်ဖြင့်အော်ဟစ် ကြသည်။ ဗိုလ်ချုပ်က စင်မြင့်ပေါ်သို့တက်၍ အကျိုးအကြောင်းနှင့်တကွ ရှင်းပြသည်။ နောက် ဦးဗဆွေ ဟောပြောသည်။ တက်ရာက်သူပရိသတ်အတော်ပင်များပြားလေသည်။ ညီလာခံတွင် ဗမာပြည်ဘက်မှ ဖုံပေါက်သာကျော်က ခေါ်ယူခဲ့၍ နွားကျောင်းသားဟန်သရုပ်ဖျက်ပြီး ရခိုင်ပြည်တွင်း၌ ရောက်ရှိနေသည်ဟု သိရသော အလံနီသူပုန်အောင်လင်းမာ အရေးကြီးဆုံး-

(စာ–၁၈၈)

သောအပြောသမားတဦးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းအား ပြုပြင်ရေးသမား သွေဖီရေးသမားဟု စွပ်စွဲခါ အပြင်း အထန်ပုတ်ခတ်ပြောဆိုလေသည်။ ထိုမရေမရာသော စွပ်စွဲချက်ကို ဗိုလ်ချုပ်ကလည်း တန်ပြန်ထိရောက်စွာ ပြန်လည်ချေပ ၍ ဖြေကြားခဲ့လေသည်။ ပြီးနောက် ၎င်းနေ့ညတွင်းချင်းပင် ပဋိပက္ခဖြစ်ကြမည်ကို ရှောင်တိမ်းလိုသဖြင့် ဒေါသတရား မွှန်နေသော ထိုညီလာခံမှ ညနေ(၁၀)နာရီလောက်အချိန်တွင် ထွက်လာကြပြီးလျှင် မြေပုံမြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။ ဤညီလာခံကို ကျင်းပခါနီး တင်ကြို၍ နိုင်ငံရေးသဘောထားချင်း ကွဲလွဲကြစေကာမူ အတူတကွ လက်တွဲကာ အလုပ်လုပ်နိုင်အောင် နည်းလမ်းရှာဖွေရန်အတွက် အချင်းချင်းညှိနှိုင်း တိုင်ပင်ကြပြီးလျှင် အစစအရာရာမှာ ချောချောမောမော ပြေပြေပြစ်ပြစ်ဖြစ်ပေါ်လာမှုကို ရရှိလိုသောစိတ်တခုတည်းသာလျှင် ပြင်းထန်လှ သည့်အတွက် မောင်ကံထူးမှာ ရိုးသားဖြူစင်သော ရည်မှန်းချက် သဘောထားတစ်ခုတည်းနှင့် ဦးစိန္တာပါတီမှ ချဉ်းကပ်ကမ်းလှမ်းချက်ကိုလက်ခံ၍ ဆောင်ရွက်မိခြင်းဖြစ်လေသည်။ သို့ရာတွင် ဆရာတော် ဦးစိန္တာ၏ တပည့်များဖြစ်ကြသော တောခိုသပုန်တို့၏ အတွင်းသဘောကို မရိပ်စားမိရကား ညီလာခံသို့တက်ရောက်ရန် ဗိုလ်ချုပ် အောင်ဆန်း တို့အား ဘိတ်ခေါ်ယူဆောင်သွားခြင်းမှာ ရန်သူတို့ဆင်ထားသော ထောင်ချောက်ထဲသို့ တည့်တည့် မတ်မတ်ကြီး ဖြားယောင်း၍ ကျုံးသွင်းယူလာသည့်အလား ပြုလုပ်မိခြင်းအတွက် အလွန်စိတ်မကောင်းဖြစ်၍ တခါးတည်း ရာထူးမှနုတ်ထွက်ပစ်လိုက်ချင်လာအောင် အထူးပင် စိတ်မကောင်းဖြစ်ရပေသည်။ သို့ရာတွင် ရခိုင်ပြည်အတွက်

အလုပ်လုပ်နေသော လုပ်စရာလက်ငုတ် ရခိုင်ပြည်ကိစ္စများ တန်းလန်းဖြစ်နေသည့်အတွက်သာလျှင် မရှိသွားဖြစ်သမျှအကြောင်း အကောင်းဘက်မှ ကြည့်ပြီး-

(စာ-၁၈၉)

လျှင် လုပ်စရာတွေကို ဆက်လက်လုပ်ကိုင်နေသွားခဲ့လေသည်။ ရခိုင်ပြည် ဦးစိန္တာတပည့်များဖြစ်ကြသော အလံနီ တောခိုတပ်ပေါင်းစုညီလာခံကျင်းပရာဖြစ်သော မြေပုံမြို့ဌာနသို့ ဦးစိန္တာ၏အေးချမ်းရာအေးချမ်းကြောင်း နည်းလမ်းရှာဖွေရန်အတွက် ဖိတ်ကြားချက်ကို မောင်ကံထူးက လက်သင့်ခံခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ပါတကွ ဖဆပလအမှုဆောင်တချို့ကို ညီလာခံသို့ အချိန်မှီတက်ရောက်ကြမည့်အကြောင်းကို တင်ကြို၍ ဦးစိန္တာ၏တပည့်ရင်းဖြစ်သော မောင်လှကျော်နှင့် တိကျသေချာစွာ သတင်းပေးပို့ခဲ့၏။ နောင်အခါ ဖြည့်စွက်ထားသော မှတ်တမ်းအရ ဦးစိန္တာတို့လူစု (၁၉၅၈)ခုနှစ် စက်တင်ဘာလကုန် ဇန်နဝါရီလဆန်းလောက်၌ အလင်းသို့ဝင်လာကြပြီးနောက်ပိုင်းတွင် ဦးစိန္တာနှင့် မောင်ကံထူးတို့ တွေ့ဆုံကြသည်အခါ ဗိုလ်ချုပ်တို့လူစုကို ညီလာခံအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း လာရာက်တက်ရောက်မည့်နေ့ရက်အချိန်ကို မသိရ၍သာလျှင် မကြိုနိုင်ကြသည့်အကြောင်းကို မောင်ကံထူးသို့ ဦးစိန္တာကပြောပြတော့သည်။ ထိုသို့ပြောဆိုဆင်ခြေပေးခြင်းသည် ဦးစိန္တာ၏တပည့်များဖြစ်သော အလံနီတပ်ပေါင်းစုဘက်မှ မလိမ့်တပတ် လှည့်ဖြားအယောင်ဆောင်ထားသောသူတို့၏အသွင်သဘောသဘောထားကို အကာကွယ်ပေးပြီး ဖုန်းကွယ်လို၍ (        )စကားလုပြောဆိုပရိယာယ်ဆင်ခြင်းသာလျှင် ဖြစ်လေသည်ဟု ယူဆရသည်။

(စာ-၁၈၉)

ဦးစိန္တာကား သီလဝံသပုဂ္ဂိုလ်အထဲ တပါးအပါအဝင်ဟု သိခြင်းကြောင့်သာလျှင် စိတ်ကို ထိန်းသိမ်းသက်သာရာ ရစေနိုင်ခဲ့၏။

(စာ-၁၉၀)

ပါတီဌာနချုပ်တွင် တာဝန်ခံအစိပ်အပိုင်းမှ စည်းရုံးနေသော ဗိုလ်မှူးသန်းစိန်သည်လည်း ထိုအခါက ထိုညီလာခံ၌ပင် ရှိနေခဲ့သည်။

မောင်ကံထူးထံမှ အစည်းအဝေးသို့ တက်ရောက်ရန် ပေးပို့လိုက်သော သတင်းကို ရရှိကြောင်း ၎င်းအပြင် ဗိုလ်ချုပ်တို့ရောက်၍လာပြီးဖြစ်ကြောင်းကိုလည်း သူကိုယ်တိုင်ပြောပြ၍ သတင်းအမှန်ကို သိရသောကြောင့် ဦးစိန္တာ ပြောပြသမျှသည် ဘုန်းကြီးတပါးအနေနှင့် ဝိနည်းရှောင် ပရိယာယ်စကားလုပြောကောင်း ထင်ရှားပေသည်။ ၎င်းတပ်ပေါင်းစုညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မောင်ကံထူးတို့လူစု တက်ရောက်ရန်လာမည့်သတင်းကို ရဲရဲတောက်သာဇလုက ဆရာတော် ဦးစိန္တာလက်ထဲသို့ ပေးအပ်လိုက်ကြောင်းကို သူကိုယ်တိုင် ဦးချိုးဒိုးအားပြောပြသည်ဟု ဦးချိုးဒိုးက ပြောပြ၍သိရသဖြင့် ညီလာခံသို့ ဗိုလ်ချုပ်တက်ရောက်မည့်သတင်းကို မရရှိသောကြောင့် မကြိုဆိုကြဟုဆိုခြင်းမှာ ဝိနည်းရှောင်ပရိယာယ်စကားဖြစ်ကြောင်း ထင်ရှားသည်။ မမျှော်လင့်ခဲ့သော နိုင်ငံရေး မရိုးသားမှုအတွင်းသဘောထားကို တွေ့ရသော ဗိုလ်ချုပ်အောင်ဆန်းသည် ဤမျှလောက် စိတ်အပျက်ကြီး ပျက်သည်တို့ကို ဤအချိန်အခါက တခါသာလျှင် မြင်ဘူးလိုက်သည်။ ကံကောင်းထောက်မ၍သာ သေမင်း၏ခံတွင်းမှ အထိအခိုက်မရှိ လွတ်မြောက်လာနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ဆရာတော် ဦးစိန္တာ၏တပည့်များဖြစ်သော တောခိုသပုန်တို့၏ အတွင်းသဘောကိုကား မရိပ်စားမိခဲ့ရခြင်းသည်ကား အလွန်ရိုးသားဖြူစင်သော သဘောထားရှိခြင်းကြောင့် မောင်ကံထူးမှာ နိုင်ငံရေးအမှောင်ထုကို မထိုးဖောက်နိုင်ခဲ့ခြင်းကို ဖော်ပြခြင်းပင်တည်း။ ဦးစိန္တာက သူမှာ နောက်လိုက်နောက်ပါ များစွာရှိကြောင်းကို အထင်ကြီးစေရန် ပြသလို၍သာလျှင် ဗိုလ်ချုပ်အောင်ဆန်းအား တပတ်ရိုက်ဖိတ်ကြား၍ပြ

(စာ-၁၉၀)

သခြင်း၊ ဖြစ်သည်ဟု အတူတကွလိုက်ပါသော သတင်းထောက် ဦးပုလေး သတင်းကြေးပေးခဲ့သဖြင့် ဤထင်ကြေးမှာ လွဲမှားပေလိမ့်မည်။ ဦးစိန္တာ၏အတွင်းသဘောကို မောင်ကံထူး ကောင်းကောင်းသိပေ၏။

**မောင်ကံထူး (စာ-၁၉၀)**

## မောင်ကံထူး ဝန်ကြီးအဖြစ်မှ နှုတ်ထွက်ခြင်း

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီးသည့်နောက် သခင်နုဖွဲ့စည်းသော ဒုတိယအကြိမ်မြောက် အစိုးရအဖွဲ့တွင် မောင်ကံထူးမှာ ယခင်အတိုင်းပင် လူမှုဝန်ထမ်း (ကျန်းမာရေးနှင့် ဒေသန္တရ) ဌာနလက်ကိုင်ဝန်ကြီးအဖြစ် ပါဝင်ပြန်လေသည်။ ၎င်းဌာနကို (၁၉၄၈)ခု ဇန်နဝါရီလ (၃)ရက်နေ့ မွန်းလွဲပိုင်းအချိန်အထိ တာဝန်ထမ်းဆောင်ခဲ့လေသည်။ လွတ်လပ်ရေးကြေငြာပြီးနောက်ပိုင်းတွင် နိုင်ငံရေးလုပ်ငန်းကို လုံးဝစွန့်လွှတ်ရန် စိတ်ကို ပိုင်းဖြတ်ထားရှိခဲ့သည့်အတိုင်းပင် ဇန်နဝါရီလ (၄)ရက် မနက်အာရုံတက်(၄)နာရီ မိနစ် (၂၀)အချိန်တိတိတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အချာအာဏာပိုင်လွတ်လပ်သော တိုင်းပြည်အဖြစ် ကျေညာတော့မည်ဖြစ်သောကြောင့် ၎င်းလ(၃)ရက်ညနေပိုင်းတွင် သူ၏ဝန်ကြီးရာထူးကို စွန့်လွှတ်နှုတ်ထွက်စာကို နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၏လက်ထဲသို့ပေးအပ်၍ နှုတ်ထွက်လိုက်လေသည်။

**မောင်ကံထူး (စာ–၂၀၉)**

## ပတောင်း တောင်ကုတ်လမ်း ဖောက်လုပ်ရေး

ဤအကြိမ် ဝန်ကြီးအလုပ်မှ နှုတ်မထွက်မီ ရက်အနည်းငယ်ခန့်က ပတောင်းတောင်ကုတ် တောင်ကျော်လမ်းဆီသို့ ရီစ်ဝီလီလျှံတောင်တန်းဒေသစုံစမ်းရေးကော်မရှင်၏အတွင်းဝန်အဖြစ် လွတ်လပ်ရေးကြိုးပမ်းမှု၌ ကူညီခဲ့သော အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေတဦးဖြစ်သည့် နယ်ခြားဒေသဝန်ထမ်းအရာရှိ ဦးထွန်းဖေနှင့်အတူ ခရီးထွက်ခဲ့သေး၏။ ဤတောင်ကျော်လမ်းခရီးသို့ ထွက်ခဲ့ခြင်းအကြောင်းရင်းမှာ ရခိုင်နှင့်ဗမာ ရင်းရင်းနှီးနှီးဆက်ဆံနိုင်မည့် အခြေခံအတွက် ရခိုင်ရိုးမတောင်၏ တဘက်နှင့်တဘက် ခရီးလမ်းပန်းဆက်သွယ်မှုကို ပိုမိုကောင်းမွန်လာအောင် လုပ်ပေးနိုင်မှသာလျှင် အထမြောက်အောင်မြင်နိုင်မည်ဟု စွဲစွဲမြဲမြဲတထစ်ချ ယုံကြည်ချက် ရှိသည့်အတိုင်းပင် ဖြစ်ပေသည်။ ရခိုင်ပြည်နှင့် ဗမာပြည်မတို့အား ဆက်သွယ်ပေးထားသော အဓိကသဘာဝတောင်ကျော်လမ်းဖြစ်သည့် (၁)ပဒိန်း ငဖဲတောင်ကျော်လမ်း (၂) ပတောင်းတောင်ကုတ်တောင်ကျော်လမ်း (၃) ပုသိမ်ခရိုင် သာပေါင်း-ဂွ-သံတွဲတောင်ကျော်လမ်း ဤလူမှုဆက်ဆံရေး စီးပွားရေးသွေးကြောလမ်းကြောင်းသုံးခုကို ရခိုင်ပြည်အတွင်းကျကျသို့ ဒိုးယိုပေါက်ဖြစ်အောင် ဆက်သွယ်ပေးနိုင်သည့် (၁၂)ရာသီ ကားကြီးကားငယ်နှင့် နွားလှည်းပါသွားလာနိုင်မည့်လမ်းမကြီးများ ဖောက်လုပ်ပေးရန် အစိုးရအဖွဲ့သို့ အစီရင်ခံစာတစောင်ကို ဤခရီးစဉ်မှ ပြန်လာလျှင်လာခြင်း တင်သွင်းခဲ့လေသည်။ ရခိုင်ပြည်ဘက်မှ လူထုဆန္ဒဖြင့် တက်လာကြ သော လွှတ်တော်အမတ်များကိုလည်း ဤအစီရင်ခံစာမိတ္တူတစောင်စီကို ဝေငှပေးခဲ့သည်။ သို့ရာတွင် ရခိုင်ဗမာလူမှုနှင့် စီးပွားရေးဆက်ဆံမှုမှာ ယနေ့အထိ ထူးခြား-

**(စာ–၂၁၃)**

ချက်ပြောပလောက်အောင် မရှိသေးသည်ကို ထောက်ရှုခြင်းအားဖြင့် မောင်ကံထူး၏ အစီရင်ခံစာကို အစိုးရအဖွဲ့က ဖြစ်စေ ပြည်သူကိုယ်စားလှယ်များကဖြစ်စေ ဥပေက္ခာပြုကြသည်ကို ဖော်ပြခြင်း-

**(စာ–၂၁၃)**

ထင်ရှားစေသည်။ အလွန်နှောင်းနောက်ပိုင်း၌မူကား ပတောင်းတောင်ကျော် တောင်ကုတ်လမ်းတစ်ခုထဲကိုသာ အလေးပေးထားသော လေသံကို ကြားရ၏။ ရုပ်လုံးပေါ်သည်ကိုကား မတွေ့ရသေးပေ။

**မောင်ကံထူး (စာ–၂၁၄)**

## ဝန်ကြီးရာထူး ပြန်လက်ခံခြင်း

ဤလူနည်းစုရေးရာဝန်ကြီးသည် အချုပ်အချာအာဏာပိုင် ပြည်ထောင်စုသမတနိုင်ငံ၏ ပထမအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးနောက် သတင်းဖြန့်ချိရေးတာဝန်ဝတ္တရားများကို ထမ်းဆောင်နေသော ဝန်ကြီးဦးညိုထွန်းအား ပေးအပ်ခဲ့သော ဝန်ကြီးရာထူးဖြစ်လေသည်။ လူနည်းစုရေးရာဌာနဟူသော ဌာနမှုလက်တွေ့အားဖြင့် လူနည်းစုရေးရာအလုပ်ကို လုပ်ကိုင် ဆောင်ရွက်နေရန်ကိစ္စနှင့် ပတ်သက်သော တစုံတခုအရေးအကြောင်းပေါ်ပေါက်မှုမရှိသလောက်ပင် ဖြစ်ချေသည်။ စင်စစ်အားဖြင့် ဤလူနည်းစုရေးရာဝန်ကြီး အလုပ်ဝတ္တရားကို ခဏခေတ္တကာလမျှသာလျှင် ရခိုင်တိုင်း၌

ရှုတ်ထွေးနေသော နိုင်ငံရေး စီးပွားရေး ပြဿနာများကို အစိုးရအဖွဲ့ဝင်ဝန်ကြီးတဦးအနေဖြင့် တာဝန်ယူ၍ ရုတ်တရက် ချက်ချင်းအမိန့်ပေးပြီး ဖြေရှင်းနိုင်ရန်အတွက် စစ်တွေမြို့၌ ဝန်ကြီးရုံးတခု အသစ်ဖွင့်လှစ်၍ များမြောင်လှစွာသော အလုပ်တာဝန်ဝတ္တရားများ ဆောင်ရွက်နေစဉ်အတွင်း ရခိုင်တိုင်းမင်းကြီး ဦးအောင်ကျော်ကို နယ်ပြောင်းရွှေ့လိုက်ခြင်း ကြောင့် လစ်လပ်နေသောနေရာတွင် မောင်ကံထူးအား ရခိုင်တိုင်းမင်းကြီး ( )(ကော်မီရှင်နာ အာရကံ)အဖြစ် ဂေဇက်ထုတ်ပြန်ကြေငြာ၍ ခန့်အပ်လိုက်ပြန်သဖြင့် တိုင်းမင်းကြီးအသစ် စမ္ပတာအိပ်ချ်ဘီလီမရောက်လာမီကာလ အတော်ကြာအတွင်း အလုပ်တာဝန်ဝတ္တရားနှစ်ခုစလုံးကို ပူးတွဲတာဝန်ယူ၍ အုပ်ချုပ်နေခဲ့ရပြန်သည်။

**မောင်ကံထူး (စာ– ၂၁၅)**

## ပြုပြင်ရေးလုပ်ငန်းများ

ပဌမဝန်ကြီးရာထူးမှ နုတ်မထွက်မခင်က ပျက်စီးနေသော စစ်တွေကျောက်ဖြူမြို့ သင်္ဘောဆိပ်ကမ်းများကို ပြုပြင်ရန် ကျောက်ဖြူမြို့ ဆေးရုံအသစ်ဆောက်လုပ်ရန်နှင့် ရုံးအဆောက်အဦးအစရှိသည်တို့ကို ဆောက်လုပ်ရန်အတွက် တို့ကို မေ့လျော့ထားပစ်ခဲ့ချေ။ အထူးသဖြင့် စစ်တွေမြို့၌ မြစ်ကမ်းပါးပြို၍ မြို့ကိုထိခိုက်နိုင်သောအန္တရာယ်ကို ရပ်တန့်စေ၍ ခေတ်နှင့်ဆီလျော်စေရန် ပိုမိုကောင်းမွန်အောင် ပြန်လည်ထူထောင်ရန် လိုလားအပ်သော စစ်တွေမြို့ဆိပ်ကမ်း တလျှောက်လုံးကို ဝန်ကြီးချုပ် ဦးနု ဘဏ္ဍာရေးဝန်ကြီး ဦးတင်၊ ပြည်ထဲရေးဝန်ကြီး ဦးဝင်းတို့ကိုပါ ဒုတိယအကြိမ် ဝန်ကြီးရာထူးမှ နုတ်မထွက်မီ ဖိတ်မန္တကပြု၍ ထိုနေရာကို ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးကြည့်ရှုစေခဲ့၏။ ၎င်းပြင် ထိုအခါက အမေရိကန်လူမျိုး မစ္စတာမော်ဖက်ခေါင်းဆောင်သော (အီး စီ-အေ)ခေါ် ထောက်ပံ့ရေးအဖွဲ့သား များကိုလည်း ထိုဖော်ပြခဲ့သော ဆိပ်ကမ်းပြန်လည်ထူထောင်မှုနှင့် စစ်တွေမြို့ကို ထာဝစဉ်ရေလုံလောက်အောင် ပေးနိုင် ရန် အာကျိုက်ကုန်း၌ ရှိသော ရေလှောင်ကန်ကြီးကို တိုးချဲ့မွမ်းမံခြင်းပြုလုပ်ရန်တို့ကို အဖွဲ့၏လုပ်ငန်းအစီအစဉ်၌ အကျုံးဝင်စေရန် စစ်တွေမြို့သို့ ခေါ်ယူ၍ ပြသပြီးလျှင် မှတ်တမ်းတင်စေ၍ နိုင်ငံတော်အစိုးရနှင့် ဆက်သွယ်ယကာ ဤကိစ္စကို အရေးပေးစေခဲ့၏။ ထိုအခါက ကိုယ်တိုင်လာရောက်စစ်ဆေးကြည့်ရှုကြသော ဝန်ကြီးအားလုံးက ဤဆိပ်ကမ်း ကို ပြုပြင်သင့်သည်ဟု သဘောရရှိကြ၏။ ဆတ်ရိုးကျချောင်းဝနှင့် စစ်တွေမြို့လယ်ခေါင်၌ အညစ်အကြေး ရေစီးကြောင်း ကြီးဖြစ်သော ကုလားချောင်းဝစပ်ကြားရှိ တရားသီးစုနှင့် ပိုက်သည်ကုလားရွာ ရပ်ကွက် မြစ်ကမ်းပါးတလျှောက်လုံး ရေစား၍ ကမ်းပါးပြိုပျက်နေသည့်ကမ်းခြေ တလျှောက်ကို ပို၍ပင် သေချာစွာကြည့်ရှု၍ ပြုပြင်လိုအပ်သည်တို့

**(စာ– ၂၂၈)**

ကို စိတ်ဝင်စားခဲ့ကြသည်။ အလွန်တိုတောင်းလှသော ဝန်ကြီးသက်တမ်းအတွင်းတွင် ကြီးကျယ်လွန်းသော ဤလုပ်ငန်းမျိုးကို ရပ်လုံးဖော်နိုင်ရန် အကြောင်းမရှိသဖြင့် နောင်အခါ ဆက်လက်၍ တာဝန်ခံဝန်ကြီးနေရာကို ယူကြမည့် ခေါင်းဆောင်များ လွယ်လင့်တကူ ဆက်လက်ဆောင်ရွက်နိုင်မည့်အစီအစဉ်တစ်ခု ကျန်ရှိနေခဲ့စေရန် မောင်ကံထူးသည် စစ်တွေမြို့၌ ရုံးစိုက်နေစဉ်အခါက ၎င်းကိုယ်တိုင် အရေးတယူကမကထပြုလုပ်၍ ဆိပ်ကမ်းဘက်ဆိုင်ရာဌာနဆိုင်ရာ အင်ဂျင်နီယာချုပ် ဦးမောင်မောင်ကြီးနှင့် မော်လမြိုင်မြို့မှ ဆိပ်ကမ်းတိုင်းထွာရေးအဖွဲ့သားများကို ခေါ်ယူ၍ တိုင်းထွာစေခဲ့သည်။ ဤလုပ်ငန်းအထမြောက်စေရန် ရန်ကုန်ဆိပ်ကမ်း အင်ဂျင်နီယာချုပ် မစ္စတာဝါဝိတ်က်တိုင်လာ ကူညီသည်။ ဤလုပ်ငန်း၌ ထိုအခါက ရခိုင်တိုင်းမင်းကြီး မစ္စတာအိပ်ချ်ကီလီက လိုအပ်သမျှအကူအညီများကို အခါမလင့် ပေးသည့် အတွက် ဆိပ်ကမ်းတိုင်းထွာချက်မြေပုံ၊ ( )ထွက်လာသည်အထိ အောင်မြင်စွာ ပြုပြင်၍ ထားနိုင်ခဲ့သည်။ ထိုတိုင်းထွာချက်မြေပုံ ( )ဗလူးပရိန်တ်မိတ္တူကို စစ်တွေမြို့ မြူနီစီပယ်ရုံးသို့ ပို့ပေးခဲ့သည်ကို ရုံး၌ သိမ်းဆည်းထားသည်ဟု ယူဆရသည်။ သို့ရာတွင် နောက်ဆက်လက်၍ အရေးတယူညွှန်ပြဆောင်ရွက်မည့် ခေါင်းဆောင်များမှာ တစုံတခုသော ခဲရာခဲဆစ်ကြောင့်လားမသိ မောင်ကံထူးချပေးခဲ့သော ဆိပ်ကမ်းပြုပြင်ရေး မျိုးစေ့မှာ အပင်ပေါက် ရုံးလုံးမပေါ်သဖြင့် ထူးမခြားနားပေ။

**မောင်ကံထူး–စာ– ၂၂၈**

**ဦးစိန္တာလွတ်ငြိမ်းခွင့်အမိန့် (နောက်ဆက်တွဲ (က) မှတ်စုစာမျက်နှာ (    )မှ**

"ရဲဌာနခွဲအမှတ် (၂)"

ရန်ကုန်မြို့ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ (၁၇)ရက်

အမှတ် ၉၉၁ ဦးစိန္တာလွတ်ငြိမ်းချမ်းသာခွင့် စာတမ်း (၁၉၄၄)ခုနှစ်ကို အများသိစေရန် ထုတ်ပြန်လိုက်ခြင်း

## ဦးစိန္တာ လွတ်ငြိမ်းချမ်းသာခွင့် ၁၉၄၆ ခုနှစ်

၁။ ရခိုင်ပြည်နယ် နိုင်ငံရေးခေါင်းဆောင်နှင့် ထင်ရှားသော ဗုဒ္ဓဘာသာရဟန်းတော်တပါးဖြစ်သူ ဦးစိန္တာ၏ ရှေ့ဆောင်ရှေ့ရွက်ပြုခြင်းဖြင့် ရခိုင်တိုင်းတွင် ကာလအတန်ကြာကပင် မငြိမ်မသက်လှုပ်ရှားမှုများ ဖြစ်ပေါ်နေခဲ့ကြောင်း ထို့ကြောင့် ဦးစိန္တာနှင့်တကွ ၎င်း၏တပည့်များ၏အပြုအမူများမှာ အယူအဆလွဲမှားမှုများမှ ပေါ်ပေါက်လာသည်ဟု လက်ရှိမြန်မာနိုင်ငံအစိုးရက ယုံကြည်သည့်ပြင် ၎င်းတို့အား ဘမ်းဆီးအပြစ်ဒဏ်ပေးခြင်း မပြုဘဲ၊ သာမန်ပြည်သူပြည်သား များကဲ့သို့ နေထိုင်စေလျှက် ဥပဒေနှင့် မဆန့်ကျင်သည့်နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ပေးအပ်ပါက အများ ပြည်သူတို့၌ အကျိုးကျေးဇူးများ ဖြစ်ထွန်းလိမ့်မည်ဟု အစိုးရက ထင်မြင်ကြောင်း ထို့ပြင် ဤကဲ့သို့ ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအားဖြင့် ၎င်းတို့သည် ရခိုင်ပြည်၏ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးတို့တွင် အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် လိုလားကြလိမ့်မည်ဟူ၍လည်း မြန်မာနိုင်ငံအစိုးရ တွင် ယုံကြည်ယူဆရန် အချက်များရှိနေ ကြောင်း။

၂။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရသည် ဦးစိန္တာနှင့် ၎င်း၏နောက်ပါတပည့်များအား အောက်ပါ စည်းကမ်းချက်များနှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မည်ဖြစ်ကြောင်း ။

(၁) ယခုကျေညာချက်ထုတ်ပြန်ပြီး နောက်တလအတွင်း ၎င်းတို့သည် ၎င်းတို့ပိုင်ဆိုင်သည့်လက်နက်များအားလုံး နှင့် တပါတည်း အနီးဆုံးကျေးရွာသူကြီး ရဲကင်း သို့မဟုတ် ရဲဌာနလက်အောက်မြို့ပိုင်နှင့် နယ်ပိုင်အရာရှိ တဦးဦးထံသို့ ဝင်ရောက်လက်နက်ချအပ်ကြရမည်ဖြစ်ကြောင်း။

(၂) အစိုးရသည် ဦးစိန္တာအားဖြစ်စေ၊ ၎င်း၏တပည့်တဦးအားဖြစ်စေ လူသတ်မှုပြစ်မှုကျူးလွန်သော လူသေမှု ထိခိုက်ဒဏ်ရာရရှိစေမှု စသည့်အကြမ်းဖက်မှုတစုံတရာ ကျူးလွန်ခြင်းမရှိပါက ၎င်းတို့အား တရားစွဲဆိုအပြစ်ဒါဏ်ပေးခြင်း လုံးဝပြုလိမ့်မည်မဟုတ်ကြောင်း။

(၃) အကယ်၍ ဦးစိန္တာ၏တပည့်တဦးဦးသည် လူသတ်မှုပြစ်မှုကျူးလွန်သော လူသေထိခိုက်ဒဏ်ရာရစေမှု စသည့်အကြမ်းဖက်မှုတစုံတရာပြုလုပ်ခဲ့မိခြင်းဖြင့် ယခုလက်နက်အပ်သောအခါ၌ ၎င်းအားတရားစွဲဆိုခြင်း အမှုစစ်ဆေး ခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်းခံရစေကာမူ ၎င်း၏လက်နက်ချအပ်ခြင်းကို အထူးထည့်သွင်းအထောက်အထားပြုကာ ၎င်းအား သက်ညှာစွာ စဉ်းစားဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း မည်မျှအထိ သက်ညှာစွာ စဉ်းစားဆောင်ရွက်မည် ဟူသောအချက်မှာမူကား ၎င်း၏ပြစ်မှုအတွက် သေဒါဏ်စီရင်ဆုံးဖြတ်ခြင်း ခံစေရာမူ ၎င်းအား သေဒါဏ်အပြစ်ပေး ဆောင်ရွက်လိမ့်မည် မဟုတ်ကြောင်း။

အိပ်ချ်အီး-ရန့်(စ်)<br>
မြန်မာပြည်ဘုရင်ခံ

**၁၉၄၆ ခု ဒီဇင်ဘာလ (၁၇)ရက်**

**နောက်ဆက်တွဲ(ဂ)**

## ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စုံစမ်းရေးကော်မရှင်တွင် တင်သွင်းသော ရခိုင်အမျိုးသားတို့၏လိုလားချက်များ။

(၁) ရခိုင်တိုင်းရင်းသားတို့၏ တရားနည်းလမ်းကျသည့်လိုလားချက်တို့နှင့် ဆီလျော်ညီညွတ်စေရန် ပြုလုပ်လို သော ဥပဒေစီစဉ်မှုတို့ကို စတင်မရှင်းလင်းမီ ကျွန်ုပ်တို့၏အကြံပေးချက်တို့အား ရှေ့ဆောင်သောအခြေခံတရားတို့ကို ပဌမရှေးဦးစွာ မှတည်ရေးသားလိုပါသည်။

ဤကော်မရှင်အဖွဲ့ကို ဖွဲ့စည်းသော အစိုးရ၏ ဆုံးဖြတ်ချက်တွင် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်လိုသည့်

တိုင်းရင်းသား လူနည်းစုတို့၏ ဆန္ဒပြည့်ဝစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှုနှင့် အင်အားကို မဆုတ်ယုတ်စေသောနည်းလမ်းများ ရှာဖွေရန်ဟု အတိအလင်းဖော်ပြထားပေသည်။

အကယ်၍ ကျွန်ုပ်တို့ တင်ပြသည့်သေးငယ်လှသည့် အစီအစဉ်တို့ကို လိုက်လျောပါမူကား ပြည်နယ်အဖြစ်ကိုပင် တောင်းဆိုတော့မည်မဟုတ်ကြောင်း မဆုတ်မဆိုင်းဘဲ ဂတိပေးပါသည်။

ထို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အုပ်ချုပ်ရေးအဆောက်အအုံတွင် ဖြည့်စွက်လာသော အကြံဉာဏ် ဟူသမျှအပေါ်ဝယ်၊ ဝေဖန်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်တို့ပင် ကျွန်ုပ်တို့၏အကြံပေးတင်ပြချက်ကို လွယ်လင့်တကူ လက်ခံလိမ့်မည်ဟု ယုံကြည်ပါသည်။

## တင်သွင်းချက်များ၏အခြေခံများ

(၂) ကျွန်ုပ်တို့ ရှေ့ရှုထားသော အခြေခံမူမှာ ကျွန်ုပ်တို့ တင်ပြတောင်းဆိုချက်သည် မည်သည့်နည်းနှင့်မျှ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏လွတ်လပ်ရေးတည်တန့်ခိုင်မြဲမှုကို မပျက်စီး မထိခိုက်လိုခြင်းပင်ဖြစ်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏လုံခြုံရေးကို ဘေးအန္တရာယ် သက်ရောက်စေမည့် မည်သည့်ခွဲခြမ်းစိတ်ဖြာမှုကိုမျှ မလိုလားအပ်ဟု ကျွန်ုပ်တို့ စွဲမြဲစွာယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ယိမ်းယိုင်ပြိုလဲပါက ဤပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းများသည်လည်း ပျက်စီးခြင်းနှင့် ဆုံဆည်းပါဝင်ရမည်ဖြစ်သောကြောင့်ပင်တည်း-

ဒုတိယအခြေခံမူမှာ ကျွန်ုပ်တို့၏တင်ပြချက်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏အခြားတပါးသော လူမျိုးစုများအပေါ်ဝယ် မေတ္တာကင်းမဲ့ခြင်းက စေ့ဆော်သောကြောင့်ဟူ၍ မဖြစ်စေလိုသည့်အပြင် အခြားသောလူမျိုးတို့၏ အကျိုးစီးပွားတို့နှင့်လည်း ညီညွတ်အဆင်ပြေစေလိုသော ဆန္ဒအပေါ်၌သာ အခြေခံပြုလိုပေသည်။

တတိယအခြေခံမူမှာ ကျွန်ုပ်တို့၏ထင်မြင်ချက်တို့သည် ရခိုင်ပြည် ကောင်းရာကောင်းကြောင်း တိုးတက်ရာ တိုးတက်ကြောင်းတို့ကို မြှင့်တင်နိုင်ရမည်။ ဤသို့မြှင့်တင်နိုင်သည်နှင့်တပြိုင်နက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအခွန့်ရှည် တည်တန့်မှုပြည့်ဝဖွံ့ဖြိုးမှု တိုးတက်ထွန်းကားမှုတို့တွင်လည်း အထောက်အပံ့ဖြစ်စေနိုင်ရမည်

**(စာ–၂)**

ဤကြောင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရေးအဆောက်အအုံတွင် ရခိုင်ပြည်ကား ထူးခြားသော ဒေသတခု အဖြစ်ဖြင့် အသိအမှတ်ပြုစေလိုသော ကျွန်ုပ်တို့၏ဆန္ဒသည် ခွဲထွက်ရေးဝါဒသဘောမှ ပေါ်ပေါက်လာခြင်းမဟုတ်ကြောင်းကို အထူးရှင်းပြလိုပါသည်။

**(စာ–၂)**

ရခိုင်ပြည်အား ထူးခြားသော ဒေသတခုအဖြစ်ဖြင့် အသိအမှတ်ပြုမှသာလျှင် ယခုလက်ရှိ အစဉ်တစိုက် ဆုတ်ယုတ်နေသော အခြေအနေမှ ကယ်တင်နိုင်မည်။

ထိုအခါမှသာ ရခိုင်ပြည်ကလည်း မြန်မာပြည်၏ကြန့်ခိုင်စဉ်ပင်ရေးတွင် အားသစ်လောင်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့က နှစ်နှစ်ကာကာ ယုံကြည်၍သာ ဤသို့တင်ပြခြင်းဖြစ်ပါသည်။

သံကြိုးတပင်သည် သံကွင်းအပေါ်၌ တည်၏။ သံကွင်းမာလျှင် မာသကဲ့သို့ ပျော့လျှင် ပျော့သကဲ့သို့ သံကြိုး ခိုင်မာ၏။ ထိုနည်းတူစွာ ယခုလက်ရှိ တိုးတက်မှုမရှိသော ရခိုင်ပြည်ထောင်စု မြန်မာနိုင်ငံတော်အင်အားကြီးမားမှုကို မဖြစ်စေနိုင် ဆုတ်ယုတ်ခြင်းကိုသာလျှင် ဖြစ်စေနိုင်လိမ့်မည်။

နောက်ဆုံးအခြေခံမှာမူကား ကျွန်ုပ်တို့၏ တင်ပြချက်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူမျိုးအချင်းချင်း သက်ဝင်ယုံကြည်နားလည်မှုတိုးပွားလာစေရန် ဤသို့ယုံကြည်နားလည်မှုရရှိခြင်းအားဖြင့် အလုံးစုံသော လူမျိုးများသည် လုံလောက်စွာတိုးတက်နေကြရမည်ဖြစ်ရကား ၎င်းတို့၏သင့်လျော်သောတိုးတက်ရေး အလို့ငှာ သီးခြားအထူးစီမံမှုများလုပ်ပေးရန် တာဝန်မယူရသော ထိုကဲ့သို့ နောက်ဆုံးအချိန်တွင် မြန်မာပြည်၏ အစိပ်အပိုင်းတို့သည် တခုတည်းသော နိုင်ငံတော်အဖြစ်သို့ လွယ်ကူစွာ ပေါင်းစည်းမိရန်ဖြစ်ပေသည်။

(စာ-၃)

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီခြားရခိုင်ပြည်နယ်တခုအဖြစ် ရခိုင်ပြည်သည် ရရှိရန်အတွက် တရားနည်းလမ်းကျသော အထောက်အထားများစွာ ရှိငြားသော်လည်း အထက်ပါ အခြေခံတရားများအပေါ်၌မူတည်သော ကျွန်ုပ်တို့သည် ရခိုင်ပြည်အား ပြည်နယ်သစ်ထူထောင်ရန် အာသီသကို ပယ်ဖျက်လိုက်ပါပြီး

အမှန်မှာ ရာဇဝင်သမိုင်းအားဖြင့်သော်လည်းကောင်း၊ ပထဝီအားဖြင့်သော်လည်းကောင်း၊ စီးပွားရေးအားဖြင့်သော်လည်းကောင်း အမျိုးအနွယ်အားဖြင့်သော်လည်းကောင်း၊ အခြေတည်လျှက် ရခိုင်ပြည်အား ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့ထက် မနိမ့်ကျသည့်ပြည်နယ်တခုအဖြစ် ထူထောင်လိုသော ဆန္ဒအချို့သည် ရခိုင်ပြည်၌ ရှိပါသည်။

ပြည်နယ်တခုအဖြစ် တည်ထောင်ခွင့်ရှိသော စဉ်းစားဘွယ်အချက်အလက်တို့မှာ ခိုင်မာလျက်နှင့် ကျွန်ုပ်တို့ကား ပယ်ဖျက်လိုက်၏။

အဘယ်ကြောင့်နည်းအကြောင်းကား ဤအကြောင်းပြချက်တို့သည် မည်မျှပင်မှန်ကန်စေကာမူ နောက်ဆုံးစုပေါင်းလိုက်သောအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အားနည်းစေမည့် ဗဟိုရ်ချက်မှ တရစ်ပြီးတရစ်ခွာထွက်နေသော စိတ်သဘော၌ ကျွန်ုပ်တို့သည် အကျုံးမဝင်လိုခြင်းကြောင့်ဖြစ်ပေသည်။

(စာ-၂)

အမျိုးသားစည်းလုံးရေး အရေးကြီးလှသော ဤအချိန်ဝယ် မညီညွတ်သော သင်္ကေတဖြစ်မည်ကို ကျွန်ုပ်တို့သည် အထူးစိုးရိမ်မိပေသည်။

## ကျွန်ုပ်တို့၏တောင်းဆိုချက်

(၄) အရာခပ်သိမ်း၌ ဗမာပြည်နောက်တွင် ကျန်ရစ်ခဲ့ရသော ကျွန်ုပ်တို့၏ ရခိုင်ပြည်သည် ဗမာပြည်အရပ်ရပ်သို့ လမ်းပန်းအဆက်အသွယ် မလုံလောက်ချေ။ ရှေးနှစ်ပေါင်းများစွာနှင့်လည်း လုံလောက်လိမ့်မည် အရိပ်အရောင်မပေါ်ချေ။ ဤသို့သော လက်ရှိအခြေအနေတွင် ရခိုင်ပြည်၏လိုလားချက်များကို ပြုလုပ်ပေးရန် ဝတ္တရားရှိရကား ထိုဝတ္တရားမှ လစ်လပ်ပျက်ကွက်ခြင်းမရှိစေရန် မြန်မာပြည်အရပ်ရပ်များနှင့် ရင်ဘောင်တန်းလိုက်နိုင်အောင် ရခိုင်ပြည်ရှိ လုပ်ငန်းဆောင်တာများကို အထူးဝါယမစိုက်နိုင်စေရန် ရခိုင်ပြည်ဝန်ကြီးတဦးနှင့် ၎င်းအားကူညီဆောင်ရွက်ရန် ရခိုင်ကောင်စီ တစ်ခုဖွဲ့စည်းခန့်ထားပေးရန် တောင်းဆိုပါသည်။

ကျွန်ုပ်တို့တောင်းဆိုချက်တွင် ကျွန်ုပ်တို့ ရခိုင်ပြည်၏တိုးတက်မှုအတွက် ဖြစ်နိုင်ရုံမျှသာ တောင်းဆိုပါသည်။ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအပိုဒ်(၁၂)အရ ရခိုင်ပြည်ရှိ လူထုဆန္ဒနှင့်အညီ ရခိုင်ပြည်၏တိုးတက်ကြီးပွားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် ဥပဒေသတ်မှတ်ပေးရန် အချက်ကို ပြတ်ပြတ်သားသား တောင်းဆိုပါသည်။

ကုန်းလမ်း မီးရထားလမ်း စသောဆက်သွယ်ရေးကဲ့သို့ပင် ပညာရေး ဆေးဘက်ဆိုင်ရာအခွင့်အရေးနှင့်တကွ စက်မှုလက်မှု စသည်တို့၌ ရခိုင်ပြည်သည် ဗမာပြည်၏နောက်မှ ကျန်ခဲ့ရလေပြီ။

ဤသို့ဖြစ်ရခြင်းမှာ မြန်မာအမျိုးသားများသည် ရခိုင်ပြည်၏အခြေအနေမှန်ကို မသိခြင်း မြန်မာနိုင်ငံရေးပါတီတို့၏ ကံကြမ္မာတွင် ရခိုင်ပြည်၏ဆန္ဒပြည့်ဝသည် မပြည့်ဝသည်ဆိုသည့်အချက်သည် အရေးမကြီးခြင်း ဤကဲ့သို့ဖြစ်ရသည်မှာ လည်း ရခိုင်ပြည်ရှိ လူများတို့၏ဆန္ဒကို တခဲနက်ဘော်ပြမည့် စက်ယန္တယားကင်းမဲ့ခြင်းနှင့် ဥပဒေပြုလွှတ်တော်တွင် အခြားသောကိုယ်စားလှယ် လူဦးရေများနှင့် နှိုင်းစာလျှင် ရခိုင်ပြည်မှကိုယ်စားလှယ်ဦးရေမှာ သေးငယ်သော အချိုးအစားသာ ရှိသောကြောင့် ဖြစ်ရသည်ဟု ကျွန်ုပ်တို့အတပ်စွဲလိုပါသည်။

ရခိုင်ဝန်ကြီးနှင့် ရခိုင်ကောင်စီသည် ရခိုင်ပြည်ရှိ လူများ၏ဆန္ဒကို တခဲနက်ဘော်ပြမည့် ဤစက်ယန္တရားပင်ဖြစ်၏။ ဝန်ကြီးထိုကောင်စီတို့အတွက် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ်(၁၂)အရ အောက်ပါဆောင်ရွက်ချက်မျိုးကို ပြုလုပ်ရမည်။ ဤစီမံချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် လုပ်ငန်းဆောင်ရွက်ရာတွင် ရခိုင်ပြည်သူလူထု၏ ဆန္ဒနှင့်အညီအညွတ်ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန် ပိုင်နိုင်သော အာဏာကို ရခိုင်ကောင်စီသည် ရရှိပါသည်ဟု ဤစီမံမှုတွင် တိတိကျကျသေချာစွာ ပါရှိရမည်။

(စာ-၃)

ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ်(၁၂)အရ ကျွန်ုပ်တို့လိုလားသော ကြေနပ်စရာ အစီစဉ်မှုကလေးသည် ပြည်နယ်အဆင့်အတန်း တောင်းဆိုခြင်းနှင့် အကင်းကြီးကင်း၍ သေးငယ်သိမ်မွေ့လှသည့်

တောင်းဆိုချက်မျှသာဖြစ်သည် ကို ဘော်ပြစရာမလိုတော့ပါ။

(၅) ကျွန်ုပ်တို့တောင်းဆိုချက်မှာ မကြီးမကျယ်သေးငယ်နုညံ့လှပါသည်။ သေးငယ်နူးညံ့လှငြားသော်လည်း ပြည်နယ်အဆင့်အတန်း လိုချင်သောဆန္ဒအချို့၌ ရှိသည်ကို သတိမူသင့်ပါသည်။

ကျွန်ုပ်တို့ ရာထားတင်ပြသော စက်ယန္တယား၏လုပ်ငန်းအကျိုးအပြစ်ပေါ်မှာတည်၍ အထက်ဖော်ပြပါ အချို့အချို့သောပုဂ္ဂိုလ်တို့၏ ပြည်နယ်အဆင့်အတန်းလိုချင်သော ဆန္ဒရမက်သည် လုံးဝပျောက်ကွယ်သွားနိုင်စရာလမ်းရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ကျော်လောက်ကပင် ရခိုင်ပြည်သည် အစဉ်တစိုက် ကိုယ့်ထီးကိုယ့်နန်းနှင့် လွတ်လပ်စွာနေလာခဲ့သော ရာဇဝင်သမိုင်းရှိပြီးနောက် (၁၈)ရာစုနှစ်သို့ ရောက်သောအခါ ပြည်တွင်းမညီမညွတ်မှုကြောင့် ထီးနန်းပျောက်ခဲ့ရသည်အဖြစ်ကို သတိမူကြည့်ပါက ဤအချက်ကို လွယ်လင့်တကူ နားလည်နိုင်ကြပေလိမ့်မည်။

**(စာ-၄)**

ကျွန်ုပ်တင်ပြသော စက်ယန္တရားကို နောက်ဆုံးတည်မြဲမှု မတည်မြဲမှုအကြောင်းကိုမူကား ဤစက်ယန္တရား၏ လက်တွေ့လုပ်ငန်းက သက်သေခံပါလိမ့်မည်။ ထိုအကြောင်းကြောင့် နိဂုံးချုပ်တောင်းဆိုလိုသည့်အချက်မှာ ငါးနှစ်ကြာလွန်သောအခါ၌ ပြုလုပ်တော့မည်အံ့ဖြစ်သော အုပ်ချုပ်ရေးစီမံမှုကို အတိအကျပြန်လည်စစ်ဆေးခွင့်ရရှိစေမည်။ ထို့ပြင် လိုအပ်ခဲ့သော ရခိုင်ပြည်သူလူထု၏ ဆန္ဒနှင့် ညီညွတ်စွာပြင်ဆင်ခွင့်လည်း ရှိပေမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အချို့ပြည်နယ်တို့သည် (၁၀)နှစ်ကြာသောအခါ နိုင်ငံတော်မှ ခွဲထွက်နိုင်ခွင့် ပေးထားကြောင်း ပြဌာန်းလျက်ရှိပေသည်။ ဤအခွင့်အရေးထက် ကျွန်ုပ်တို့တောင်းဆိုသော အခွင့်အရေးသည် အလွန်နည်းပါးသေးသည်။

ထို(၅)နှစ်ကုန်ဆုံးသောအချိန်၌ ကျွန်ုပ်တို့တင်ပြသော အုပ်ချုပ်မှုစက်ယန္တရားသည် ကြေနပ်လောက်စွာ အောင်မြင်ပါက ဤလုပ်ငန်းစဉ်တို့ကို အမြဲထာဝရ ဥပဒေအခြေခံအုပ်ချုပ်မှုတရပ်အဖြစ် သတ်မှတ်ရန်သာ ရှိပါတော့သည်။

(၆) ကျွန်ုပ်တို့ တောင်းဆိုချက်ကို အကျဉ်းရုံး၍ ပြပါမည်။

(၁) ရခိုင်ဝန်ကြီးတဦးခန့်အပ်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ၌ ဥပဒေတရပ်ထည့်သွင်းရန်။

(၂) ရခိုင်ဝန်ကြီးအား ကူညီရန်အလို့ငှာ ရခိုင်ကောင်စီတခုဖွဲ့စည်းရန်အတွက် ဥပဒေတရပ်ထည့်သွင်းရန်။

(စာ-၄)

(၃) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(၁၂၁)အရ၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်သော အမှုကိစ္စအဝဝတို့ကို ရခိုင်ပြည်သူလူထုဆန္ဒနှင့်အညီ ရခိုင်ဝန်ကြီးနှင့် ရခိုင်ကောင်စီတို့က ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေစည်းကမ်းများ သတ်မှတ်ပေးရန်။

(၄)၅-နှစ်ကုန်ဆုံးသောအခါ၌ ဤစီမံချက်တို့ကို ၎င်း၏ လုပ်ငန်းအကျိုးအဖြစ်ပေါ်မှာ တည်၍ ရခိုင်လူထုဆန္ဒနှင့် အညီ ပြန်လည် စစ်ဆေးပြင်ဆင်ခြင်းသို့တည်းမဟုတ် အဆုံးသတ်အတည်ပြုလုပ်လိုက ပြုလုပ်စေရမည်။

(၇) ဤကော်မရှင် အဖွဲ့ဝင်လူကြီးများသည် ကျွန်ုပ်တို့၏အကြံပေးချက် တောင်းဆိုချက်တို့ကို အမှန်ပင် နည်းပါသည်းဖြစ်ကြောင်း အသိအမှတ်ပြုလိမ့်မည်ဟု ချွင်းချက်မရှိယုံကြည်ပါသည်။

ဤအကြောင်းကို ထပ်တလဲလဲပြောနေရခြင်းအတွက် ခွင့်လွှတ်စေလိုပါ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အုပ်ချုပ်ရေးမှုနှင့် မကွဲပြားစေလို၍ အတူမျှဆုံးသော အချက်များကိုသာ စူးစူးစိုက်စိုက်ရှာဖွေတင်ပြပါသည်။

အခြားလူနည်းစုများနည်းတူပင်လျှင် ကျွန်ုပ်တို့မှာ သီးခြားပြဿနာများ ရှိပါသည်။ အခြားလူနည်းစုများထက် ကျွန်ုပ်တို့က နေရာတကာတွင် ဗမာများနှင့် ပိုမိုနီးစပ်သည်ဆိုငြားအံ့ ကျွန်ုပ်တို့၌ ပို၍ခြားနားသော ရာဇဝင်ကြောင်း ရှိသေးသည်။

**(စာ-၅)**

ကျွန်ုပ်တို့သည် လူနည်းစုဖြစ်ရကား ကျွန်ုပ်တို့လူနည်းစုများ၏ လိုအပ်ဆန္ဒကို ဂရုဏာသက်ရောက်ရန်နှင့် အစွမ်းကုန်လက်ခံကြရန် ဗမာလူထုကြီးအား မေတ္တာရပ်ခံပါ၏။ လူနည်းစုအဖြစ်ဖြင့်လည်း အခြားလူနည်းစုများအား ကမ္ဘာ့အရပ်ရပ်တွင်း တိုင်းပြည်တိုင်းပြည်တိုင်းသည် မိမိတို့ဂိုဏ်းဂဏကြီးမားသည်ထက် ကြီးမားစေရန် ဆန္ဒပြုလျက် ရှိသည်ကို သတိမူကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အင်အားပြည့်တင်းရာ ပြည့်တင်းကြောင်းနှင့်

မြန်မာနိုင်ငံတော်၏လွတ်လပ်ရေးကို ကာကွယ်မှုသည် ဆထက်တံပိုး အရေးကြီးနေသည်ဖြစ်ကြောင်းကို အလေးဂရုပြုပြီးနောက် ကျွန်တော်တို့ပြုမူသကဲ့သို့ပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကောင်းရာကောင်းကြောင်းအတွက် အနည်းဆုံးအားဖြင့် ဇယားကိုက်ညီညွတ်သော သဘောတူနိုင်စရာ လိုလားချက်များကိုသာ တင်ပြကြရန် မေတ္တာရပ်ခံလိုက်ပါကြောင်း။

**မောင်ကံထူး (နောက်ဆက်တွဲ (ဂ) စာ/၁/၅)**

**နောက်ဆက်တွဲ (င)**

## Handing-over note.

I propose to deal with special problems in this note. I dealt with these problems although they belonged to Ministries other than that for Minorities in order to prevent failures in departments or give trouble. I have even made policy decisions in emergencies on my own responsibility, obtaining approval from the Minister concerned later on.

### 3. Foreshore Protection

The Akyab foreshore has been eroded in serveral plaaces and in one particular spot the sea has encroached over two streets and will soon be breaching the main road to Cherogeah creek. After considerable trouble I managed to get the Superintending Engineer, Martime Circle, and Mr. Warwick, Chief Engineer of port Commissioner to visit Akyab and make preliminary examination that a complete survey of the various depths of the fore-shore be taken, the services of two Marine Surveyours were obtained through the good offices of the Nautical Adviser to the Government to the Union of Burma. The blue print of the soundings has been prepared and has been sent to the Superintending Engineer, Martime Circle, for study together with Mr. Warwick and final recommendations as to the best measures to be taken to protect the foreshore from further erosion. Nothing has been heard of this for some time and the matter should be pursued in Rangoon.

### 4. Akyab Port.

The STEM was very sympathetic with regard to the rehabilition of the Akyab port. Mr. Bremningan, expart on ports, has visited Akyabl has submitted his recommendations. In addition to clearing up wreakages and derelict, ships in the harbour, the great need for the services of a dreger has been stressed by him. A suitable dredger has been looked for by the STEM all over the world; but none is available. I understand that the question of building the right type dredger for work at Akyab and other places in this Division is being actively considered by the CA and Government. This matter also requires pushing as the main jetty will remain unused by ocean-going vessels until and unless the harbour has been properly dredged.

### 5. SAMB and Paddy Purchase

A great number of difficulties which arose early in the season have been surmounted as the result in the first instance on the visit of the Honable Boh Khin Maung Glay and very recently of the visit of the Chief Procurement Officer, SAMB. Although the purchasing season is well advanced, difficulties are likely to arise and as the paddy and rice trade is the only major trade on which this district is dependant, such difficultlies should be resolved with the minimum of delay and , if necessary, orders should be issued by local officers on your own responsibility as done by me in the past. As far as I am aware, the Akyab district Rice and Paddy Procurement Board under the Chairman ship of the Deputy Commissioner, Akyab has been functioning efficiently; but as this Board has very little power to depart from established practice and as the Executive Officer (Rice), Akyab, is much tied down by hard and fast rules, and instructions, they are not in a position to deal effectively with sudden emergencies out side of routine.

There is a general complaint that non-nationals have far too great a share of this trade and that notionals on the other hand have too little a share. This aspect may by watched and any opportunity to make a change for the betterment of the nationals should be taken adventage of The United Commercial Bank which I helped to to Akyab has been of some help to the nationals to increase their activity in this trade; but not to the extent that chould be wishes for as the bank was established late in the season and formalities for obtaining quick credits take a long time to complete. I anticipate this bank giving considrably large credits and facilities to nationals during the next paddy season and thus be a congent factor in giving nationals the share of the trade.

(ဘ–၃)

## 6. General Remarks

I have invariably discassed all problems with officers before making any decisions on putting up any proposals at Rangoon. The commissioner has inveribly been consulted by me in all problems and I have worked very closely with him. You will not find much correspondence between the commissioner and I as most of our work has been done verablly across a table or over the telephone. No important matters which require pushin in Rangoon, it is usual for the commissioner to send me a copy of his letter to the Ministry concerned so that, I am in a position to understand what is happening and to help in getting the right orders passed quickly.

*************

(မောင်ကံထူး–နောက်ဆက်တွဲ–င စာ ၁/၄)

## ဆာဘဦးစုံစမ်းရေးအဖွဲ့တွင် အစစ်ခံချက် –နောက်ဆက်တွဲ(စ)
## ဆာဘဦး–အစိုးရအကြံပေးအဖွဲ့သို့
## ရခိုင်ပြည်နယ်ပြဿနာနှင့်ပတ်သက်သောအစစ်ခံတင်ပြအကြံပေးချက်

ရခိုင်ပြည်နယ် ပြဿနာပေါက်ဖွားလာရခြင်း နောက်ကြောင်းရာဇဝင်နှင့် ဤကိစ္စနှင့်ပတ်သက်သော ဝန်ကြီးချုပ်၏ ဂတိကို အကောင်အထည်ဖော်ရာ၌ အကြံပေးချက်ကို လူကြီးမင်းများ သိသာရန် အောက်ပါအတိုင်း တင်သွင်းပါသည်။

(၁၉၄၇)ခုနှစ် ရန်ကုန်တိုင်းမှ တိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်လာကြသော အမတ်များသည် ရခိုင်လူမျိုးတို့၌ ကိန်းအောင်းနေသော အတွင်းစိတ်ဓာတ်သဘောထားကို သိထားသည်နှင့် အားလျော်စွာ ရခိုင်ပြည်နယ်ကိစ္စကို စဉ်းစားခဲ့ကြသည်။ ရခိုင်တိုင်းသည် ပြည်နယ်၏အဆင့်အတန်းကို ရထိုက်သော ကြံအင်လက္ခဏာများနှင့် ပြည့်စုံသော တိုင်းတခုဖြစ်ခြင်းကို အခွင့်ကောင်းယူ၍ (၁၉၄၅)ခု မေလတတိယအပါတ်ထဲ၌ ဂျူဗလီဟောလ်တွင် ကျင်းပခဲ့သော ဖဆပလပဏာမညီလာခံ(  )ရက်များအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဆပ်ကော်မတီတွင် အခြေခံဥပဒေကြမ်းကို အပြီးသတ်ရေးဆွဲအတည်မပြုမီရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ထိုဥပဒေကြမ်းထဲ၌ တပါတည်းသတ်မှတ်ထားရှိရန် လိုအပ်သည်ကို ထိုဆပ်ကော်မတီသို့ တက်ရောက်ကြသော ကျွန်တော်အပါအဝင် ရခိုင်အမတ်များက တောင်းဆိုခဲ့ကြလေသည်။ သို့ရာတွင် လွတ်လပ်ရေး ကြေငြာနိုင်ရန်နေ့ကို (၁၉၄၈)ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့ကို နောက်ဆုံးထား၍ တိုင်းပြည်သို့ ကြေငြာဂတိပေးထားပြီးဖြစ်ရာ နှောင့်နှေးကြန့်ကြာမည်ကို မလိုလားအပ်သည်လည်း တကြောင်း တောင်တန်းဒေသနှင့် အပေးအယူပြုလုပ်ရာ၌ အချိန်များစွာ ကြာခဲ့သလို အချိန်မှီမပြီးစီးနိုင်ခြင်းကြောင့် လူမျိုးအချင်းချင်း ညီညွှတ်မှုမရှိကြဟူသော ထင်မြင်ချက်နှင့် ပြည်မပရောဂများ ဝင်ရောက်လာမည်ကို မလိုလားအပ်သည်တကြောင်း စသည်တို့ကြောင့် လွတ်လပ်ရေးကို ချီတက်ရာ၌ မနှောင့်နှေးစေလိုကြောင်းများကို ဗိုလ်ချုပ်အောင်ဆန်း အကျိုးအကြောင်းနှင့်တကွ ရှင်းလင်းပြောဆိုရာ ကျေနပ်လောက်သည်အတွက် လက်လျော့ခဲ့ကြသည်။ တောင်းဆိုချက်ကို လောလောဆယ် လက်မခံနိုင်သည့်တိုင်အောင် မူတခုအနေနှင့် လက်ခံခဲ့သည်။ ဥပဒေကြမ်းကို အတည်ပြုသောအခါ အခဏ်း(၉)တွင် အပိုင်း(၆)ပုဒ်မ-၁၉၉ကို ထိုစဉ်အခါက ထည့်သွင်းခဲ့ကြသည်။

အထက်ဖော်ပြခဲ့သော ဂျူဗလီပဏာမညီလာခံ၌ သီးခြားပြည်နယ်ရရှိရေးပြဿနာပေါ်ပေါက်ခဲ့ပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်၏နေအိမ်၌ အတွေ့အကြုံဗဟုသုတနှင့် ပြည့်စုံကြွယ်ဝသော ရခိုင်ပညာရှိများ၊ အစိတ်အပိုင်းထဲမှ အိုင်စီအက်စ်ဟောင်းများဖြစ်ကြသော ဦးရွှေဘော်၊ ဦးစိန်ညိုထွန်း၊ ဦးကျော်သိန်း၊ ရခိုင်အမတ်များ ရန်ကုန်မြူနီစီပါယ် ပညာရေးအရာရှိ ဦးကျော်မင်း၊ သံတွဲမြို့ အမိန့်တော်ရ ဦးကျော်ခင်၊ ကျောက်ဖြူအမိန့်တော်ရ ဦးသိန်းမောင် (တရားဝန်ကြီးလုပ်ခဲ့သူ)စစ်တွေမြို့ ဝတ်လုံဦးလှထွန်းဖြူ အစရှိသော လူကြီးများတို့ကို ဖိတ်ခေါ်လျှက်-

(စာ–၁)

(၄-၅)ကြိမ်ခန့် အစည်းအဝေးကျင်းပ၍ အထက်ပါကိစ္စနှင့်ပတ်သက်သမျှတို့ကို မျက်ခြေမပြတ်စေဘဲ ဆွေးနွေး ဝေဖန်ခဲ့ကြပေသည်။ ဤအစည်းအဝေးမှာ အထက်ကရည်ညွှန်းခဲ့သော အခြေခံဥပဒေပုဒ်မ၌ ပေးထားသောအခွင့်အရေးကို အသုံးပြု၍ ပြည်နယ်အဆင့်အတန်းကို တောင်းခံနိုင်ငြားသော်လည်း အစမ်းသဘောအားဖြင့် အလွန်နည်းပါး-

(စာ–၂)

သော တောင်းဆိုချက်ဖြစ်သည့် ရခိုင်ကောင်စီနှင့် ရခိုင်ရေးရာဝန်ကြီးထားရှိရေး အဆင့်အတန်းလောက်ကိုသာလျှင် အခြေခံပုဒ်မ (၁၂၁)အရ တောင်းဆို၍ ငါးနှစ်စမ်းသပ်ရန် စီမံကိန်းတစ်ရပ်ကို ရေးဆွဲကြ၍ တောင်းခံခဲ့ကြလေသည်။ သို့ရာတွင် ဗမာအမျိုးသား(၆)ဦးအဖွဲ့ဝင်က ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေးကော်မရှင်ဥက္ကဌထံသို့ ၎င်းတို့၏ သဘောထားနှင့် အကြံပေးရာ၌ ရခိုင်လူမျိုးများ၏လိုအပ်ဆန္ဒနှင့် ဆန့်ကျင်၍ ခုတ်ရာတခြား ရှရာတခြားပင်ဖြစ်လင့်ကစား ရခိုင်ပညာရှိများက အကြံပေးသည့်အတိုင်း မယုတ်မလွန်တောင်းခံထားခြင်းကို လေးစားခဲ့ပါလျှင် ယနေ့အခြေအနေမှာ မရှုတ်ထွေးဘဲ တမျိုးတမည်ဖြစ်ကောင်းဖြစ်ပေမည်။

ရခိုင်လူထု၏အတွင်းသဘောထားကို လူမျိုးအချင်းချင်း ဆက်ဆံမှု၌ မထိခိုက်စေဘဲ ပွင့်ပွင့်လင်းလင်း ဖော်ထုတ် ပြရမည်ဆိုလျှင် ရခိုင်လူထုသည် ပြည်မဗဟိုရ်အစိုးရ၏သဘောထားကြီးမှုကို မျှော်လင့်ခဲ့သည်။ ဗမာပြည်မမှာကဲ့သို့ အဘက်ဘက်မှ တိုးတက်မှုကို လိုလားခဲ့သည်။ ဗမာအမျိုးသားများနှင့် လက်ပွန်းတကြီးပေါင်းသင်းဆက်ဆံမှုကို လိုလား ခဲ့သည်။ ထိုတောင့်တမျှော်လင့်ချက်များ ပြည့်ဝစေရန် မယ်မယ်ရရဖန်တီးပေးမှု မရှိသလောက်ပင် ဥပမာတခုပြရလျှင် သွားလမ်းလာလမ်းခက်ခဲခြင်းကို ဖြေရှင်း၍ ရခိုင်ဗမာ နည်းလည်မှုရရှိနိုင်စေရန် (၁၉၄၈)ခုနှစ် ဇန်နဝါရီလ (၁၈)ရက်နေ့ စွဲနှင့် နိုင်ငံတော် ကက်ဗီနက်အဖွဲ့ဝင် ဝန်ကြီးအားလုံးသို့ အစီရင်ခံစာတင်သွင်းခဲ့သည်။ အရာမထင် ရုပ်လုံးမပေါ်ခဲ့ခြင်းကို ထောက်ခြင်းအားဖြင့် ရခိုင်ပြည်နယ် ပြဿနာကို မပြေသော်လည်း ကန်ရှိရာဆိုသလို စိတ်ဝင်စားပုံ လက္ခဏာမရပေ၊ ဤသို့ဤနယ် အဘက်ဘက်မှ ပေလာယကံပြုလုပ်ထားသလိုသဘောသက်ရောက်ခြင်းသည် ဗမာလူမျိုးကြီးများ၏ ပယောဂ မကင်းလေသယောင် ပြည်မနှင့် အဆက်ပြတ်

**(စာ–၂)**

နေသော ရခိုင်လူထု၏စိတ်ထဲ၌ သံသယမဖြစ်စေပေ။ ရခိုင်လူထု၏ လိုအင်ဆန္ဒမျှော်လင့်ချက် အသင့်အတင့် ပြည့်ဝမှုရရှိခဲ့ပါမူ ပေါက်ကွဲလုမတတ် ယနေ့ပေါ်ပေါက်နေသောပြည်နယ်ပြဿနာမျိုး ရခိုင်ဗမာလူမျိုးရေးပြဿနာမျိုး ပေါ်ပေါက်စရာအကြောင်းမရှိဟု သဘောရပါသည်။

ရခိုင်ပြည်နယ် ရရှိရေးပြဿနာသည် ဝန်ကြီးချုပ်က ပေးလိုသောအာသီသကို တင်ပေါ်စေခဲ့ပြီးဖြစ်၍ ဆီလျော်သော ဥပဒေတရပ်ကို အလျှင်အမြန် ပြုလုပ်၍ စေတနာနှင့်ရှောရှောရှုရှုပေးရန်သာ ရှိပါတော့သည်။ ရခိုင်လူထုက ဆန္ဒပြမှ ပေးမည်ဆိုလျှင် ဆန္ဒပြစေခြင်းသည်ပင်လျှင် အချင်းချင်းပဋိပက္ခဖြစ်စေမှုကို ဖန်တီးပေးသလိုဖြစ်မည်ကို စဉ်းစား စရာပင် မလွဲမရှောင်သာ ဤဆန္ဒပြရမည်ဆိုလျှင် ကမ္ဘာထုံးတမ်းအစဉ်အလာအရ တရားမျှတသော ဆန္ဒပေးစံနစ်အရ သာလျှင်ဖြစ်စေဘို့ ရှိပါသည်။

**(စာ–၂)**

တရားမျှတသော ဆန္ဒပေးစနစ်ဆိုရာ၌ ထိုစနစ်ကို အကောင်အထည်ဖော်ရန်အတွက် အစိုးရ ကိုယ်စားလှယ်ပါဝင်သော ကြားကော်မီရှင် (      )စစ်တွေ ကျောက်ဖြူ သံတွဲခရိုင်တို့မှ ပါတီပေါင်းစုံအမတ်များနှင့် ညှိနှိုင်း၍ သုံးခရိုင်စည်းလုံးမှ တူညီသော ဦးရေပါဝင်သော ကော်မီရှင်ဖြစ်စေလိုပါသည်။ ထို့ပြင်လည်း ထိုကော်မီရှင်ထဲ၌ ပါဝင်သော အစိုးရကိုယ်စားလှယ်က ဩဇာမလွှမ်းမိုးနိုင်စေရန် ဖန်တီးပေးရန် လိုပေသည်။

**ပုံ–အောင်ဇံဝေ**

**(မောင်ကံထူး–နောက်ဆက်တွဲ–စ–၁/၃)**

## ဂျူပလီဟောလ်၌ ကျင်းပသော ဖဆပလ ပဏာမညီလာခံ အမိဋ္ဌာန် (၁၄)ချက်

## (နောက်ဆက်တွဲ–ဈ)

ရန်ကုန်မြို့ ဂျူပလီခန်းမကြီး၌ (၁၉၄၇)ခု မေလ(၂၃)ရက် သောကြာနေ့တွင် ကျင်းပသော ဖဆပလ ပဏာ မ ပြင်ဆင်မှုညီလာခံသဘင်၌ တင်သွင်းပြင်ဆင်ခဲ့သော အမိဋ္ဌာန်အဆို (၁၄)ချက်။

**(၁)** မြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အချာအာဏာပိုင်သမတနိုင်ငံအဖြစ်ဖြင့် ကြေငြာရန် ဤပဏာမ ပြင်ဆင်မှုညီလာခံသဘင်က လေးနက်ခိုင်မာစါ ဆုံးဖြတ်ပြဋ္ဌာန်းလိုက်သည်။

**(၂)** တိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲအပ်သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လွတ်လပ်သောအချုပ် အချာ အာဏာပိုင်သမတနိုင်ငံတော်သည် အောက်ပါနယ်မြေများပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ရမည်၊

(က) ယခုအထိ ဗြိတိသျှပါလီမန်အတွင်း ပါဝင်နေသော-

(၁)မြန်မာဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်မ

(၂) ဟူမွလင်းခရိုင်ခွဲ

(၃) ဆင်ကလိုင်ခန်တီ

(၄) သောင်ဒွတ်

(၅)ဆောမရနယ်ပယ်

(၆) နာဂတောင်တန်းများ

(၇) သံလွင်ခရိုင်

(၈) ကံပက်လက်ခရိုင်ခွဲ

(၉) ရခိုင်တောင်တန်းနယ်ပယ်များဟူ၍ ခေါ်သောဒေသများဖြစ်ကြသည်။

(ခ) ကိုးခမ်းနှင့် မောင်းဝိုင်တို့အပါအဝင်ဖြစ်သော ရှမ်းပြည်ထောင်စု

(ဂ) ကရင်နီပြည်နယ်များ

(ဃ) ကချင်တောင်တန်းများ

(င) ကံပက်လက်ခရိုင်ခထွဲမပါသော ချင်းတောင်တန်းခရိုင်

**(၃)** (၁)အောက်ပါအင်္ဂါရပ်အားလုံးနှင့်သော်လည်းကောင်း အချို့နှင့်သော်လည်းကောင်း ပြည့်စုံ၍ (ခ)(ဂ)(ဃ)(င) တို့၌ ဖော်ပြထားသော ပြည်နယ်များသည် ဤတိုင်းပြည်ပြုလွှတ်တော်အဆုံးဖြတ်သည်မှတ်၍ နောင်အခါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထိုသို့ဆုံးဖြတ်သတ်မှတ်သောတရားဥပဒေနှင့်အညီ "ပြည်ထောင်စုနယ်" အဆင့်အတန်းကိုဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်အဆင့်အတန်းကိုဖြစ်စေ လူမျိုးစုပြည်နယ်အဆင့်အတန်းကိုဖြစ်စေ ရရှိရမည်။

**(ဓာ-၁)**

## အင်္ဂါလက္ခဏာများကား

(၁) ပထဝီအနေအထားအရ နယ်နမိတ်အထင်အရှားရှိခြင်း

(၂) မြန်မာစကားနှင့်မတူသော ဘာသာစကားတမျိုးတည်းရှိခြင်း

(၃) ယဉ်ကျေးမှုတမျိုးတည်းရှိခြင်း

(၄) ရာဇဝင်အစဉ်အလာတမျိုးတည်းရှိသောလူမျိုးစုရှိခြင်း

(၅) စီးပွားရေးဆိုင်ရာအမျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုတို့ရှိသော လူစုရှိခြင်း

(၆) လူဦးရေအတော်အတန်ရှိခြင်း

(၇) သီခြားပြည်ထောင်စုအဖွဲ့ဝင် တစုအဖွဲ့အဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေလိုသောဆန္ဒရှိခြင်းတို့ဖြစ်လေသည်။

ထိုနယ်မြေများသည် မိမိတို့အား နှင်းအပ်ရန်သော်လည်းကောင်း ခွဲဝေလွှဲအပ်ရန်သော်လည်းကောင်း ရရှိသောအာဏာနှင့် အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) ထိုအာဏာနှင့် အလုပ်ဝတ္တရားများသည် ပဏာမပြင်ဆင်မှုညီလာခံသဘင်က ခန့်သော ကော်မတီအဖွဲ့၏စေ့စပ်ချက်နှင့် နှစ်ဦးနှစ်ဘက်သဘောတူညီချက်ကို ရပြီးမှ ဆုံးဖြတ်သည်။ မှတ်ရမည့်အာဏာနှင့် အလုပ်ဝတ္တရားများဖြစ်သည်။ အထက်ပါကော်မတီအဖွဲ့၏ စေ့စပ်ချက်ဖြင့် ရရှိလာသော သဘောတူညီချက်သည် ဖဆပလ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ကို ခံယူရမည်။

**(၄)** ဤနေရာမှစ၍ အောက်တွင် ပြည်ထောင်စုဥပဒေအဖွဲ့ဟု ခေါ်ဆိုအပ်သော ဗဟိုရ်ဥပဒေပြုအဖွဲ့၏ စီရင်ပိုင်ခွင်အာဏာသည် ပြည်ထောင်စုနိုင်ငံတဝှမ်းလုံး၌ တည်ရမည်။ ပြည်ထောင်စုပြည်နယ်။ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် သို့မဟုတ် လူမျိုးစုပြည်နယ်တို့၏ ဥပဒေပြုအဖွဲ့များကို လုံးဝခွဲဝေလွှဲအပ်ပေးသည့်ဌာနအမျိုးအစားထဲတွင် မပါဝင်သောကိစ္စ ခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံအဖွဲ့အစည်း အုပ်ချုပ်ပုံအခြေခံဥပဒေ၌ မည်သို့ပင်ဆိုထားစေကာမူ ပြည်ထောင်စုဥပဒေပြုအဖွဲ့၏ ဥပဒေပြုအမိန့်အာဏာသည် အောက်၌သီးခြားဖော်ပြထားသောဌာနအမျိုးအစားတွင် ပါဝင်သည့်ကိစ္စအားလုံးတို့အပေါ်၌ တည်ရမည်။

(၁) ပြည်ထောင်စုအစိုးရဌာနများကိစ္စ

(၂) ပြည်နယ်အချင်းချင်းကိစ္စ

(၃) ကျန်ကိစ္စများ

(၄) ပြည်ထောင်စုတနိုင်ငံလုံးနှင့် မှီး၍စီးပွားရေးတိုးတက်အောင် ပြုရန်ရှိသောကိစ္စများ။

(၅) ပြည်ထောင်စုပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် လူမျိုးစုပြည်နယ်တို့မှတပါး ကျန်နယ်မြေများနှင့်

စပ်လျဉ်းသောကိစ္စ။

**မှတ်ချက်။** ။အထက်ပါပုဒ်မ(၄)ပုဒ်မခွဲ(၅)တွင် ဆိုထားသော ကျန်နယ်မြေများအတွက် ဥပဒေပြုအဖွဲ့များ သက်သက် ထားရှိမည်မဟုတ်ချေ၊

**(စာ-၂)**

**(၅)** ဤလွတ်လပ်သော အချုပ်အချာအာဏာပိုင် သမတမြန်မာနိုင်ငံသည် လည်းကောင်း ပြည်ထောင်စု အဖွဲ့ဝင်များသည် လည်းကောင်း ပြည်ထောင်စုအစိုးရဌာနများသည်လည်းကောင်း၊ အသီးသီးတို့သည် မိမိတို့၏ အမိန့် အာဏာနှင့် အာဏာအားလုံးကို တိုင်းသူပြည်သားတို့ထံမှ ခံယူသုံးစွဲရမည်။

**(၆)** လူမှုဆက်ဆံရေးတရားမျှတမှု စီးပွားရေးတရားမျှတမှု နိုင်ငံရေးတရားမျှတမှု အဆင့်အတန်းတူညီမှု အခွင့်အတန်း တူညီမှု၊ တရားဥပဒေမျက်မှောက်တွင် တူညီမှုတို့အပြင် တရားဥပဒေကိုလည်း လောကဝတ္တရားတို့ကိုလည်း ကောင်း၊ ထောက်၍ လွတ်လပ်စွာ တွေးကြံနိုင်မှု လွတ်လပ်စွာကိုးကွယ်နိုင်မှု လွတ်လပ်စွာဘုရားကျောင်းကန်သွားလာဝတ် ပြုနိုင်မှု လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်မှုတို့ ပြည်သူ ပြည်သားများအားလုံးတို့ ရရှိခံစားနိုင်အောင် အာမခံချက်ရှိရမည်။

**(၇)** တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများဖြစ်သော

(၁) လူတို့၏အခွင့်အရေး

(၂) လူမျိုး၏စရိုက်ထုံးစံဓလေ့စသည်တို့နှင့် ဆိုင်သော သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆိုင်သော အခွင့်အရေးများ။

**(စာ-၃)**

(၃) ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေပါဝင်နိုင်ရေး ထိုအခွင့်အရေးတို့ကို လူမျိုးအားဖြင့် လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်အစဉ်အလာအားဖြင့် လည်းကောင်း၊ လူမျိုးစုနှင့်ကွဲပြားခြားနားသော လူလည်းဖြစ်၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်တစုတွင် လူဦးရေ ဆယ်ပုံတပုံထက်မနည်း ရှိသည့်လူများလည်း ဖြစ်သော ပြည်သူတစုသည် ခံစားနိုင်သည်ဟု အာမခံချက်ရှိရမည်။

(၂) ကရင်အမျိုးသားများနှင့် သက်ဆိုင်သောကိစ္စများတွင် ပြည်ထောင်စုအစိုးရအား ကူညီရန် အကြံဉာဏ်ပေးရန်၊ ကရင်ရေးရာကောင်စီတခုကို ဖွဲ့စည်းရမည် ကောင်စီလူကြီး ဦးထားရှိပုံနှင့် ကောင်စီလူကြီးရွေးချယ် သောနည်းနာတို့ကိုတရားဥပဒေနှင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

**(၈)** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်"ပြည်ထောင်စုပြည်နယ်"ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်"လူမျိုးစုပြည် နယ် တို့အား ပိုင်းခြားခွဲဝေလွှဲအပ်ထားသော အာဏာများမှတပါး လွတ်လပ်သောအချုပ်အချာအာဏာပိုင် သမတမြန်မာနိုင်ငံ တော်၏ဥပဒေပြုအာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုအာဏာကိုလည်းကောင်း၊ စိုးပိုင်ရမည်၊ ထိုအာဏာတို့ကို နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဌာနများကသော်လည်း ကောင်း၊ ထိုဌာနများ၏အမိန့်အရသော်လည်းကောင်း သုံးစွဲနိုင်ရမည်။

**(၉)** ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူအားလုံးတို့၏ အထွဋ်အမြတ်ဖြစ်ထိုက်သော နိုင်ငံတော်အကြီးအမှူး ဖြစ်သည့် နိုင်ငံတော်သမတနှင့်တကွ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်နှစ်ရပ်ပါသော ပြည်ထောင်စု မဟာလွှတ်တော် သည် ပြည်ထောင်စုဥပဒေပြုအာဏာကို စိုးပိုင်ရမည်။

**(စာ-၄)**

**(၁၀)** တရားဥပဒေနှင့် "ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ"အခြေခံဥပဒေတို့က ပြဋ္ဌာန်းသတ်မှတ်သော စည်းကမ်းချက်များကို ထောက်၍ပြည်သူတို့တွင် မိမိတို့ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်အမတ်ကို အမတ်အဖြစ်မှ ပြန်လည်ထွက်စေနိုင်သော ပြန်လည်ထွက်စေ အခွင့်အရေးရှိရမည်။

**(၁၁)** ပြည်ထောင်စုအစိုးရဟူ၍ ခေါ်ဆိုအပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အချာအုပ်ချုပ်မှုအာဏာ တည်ရှိရာဖြစ်သော အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်အား တာဝန်ခံရမည်။

**(၁၂)** နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကသော်လည်းကောင်း၊ တရားဥပဒေကသော်လည်းကောင်း တည်ထောင်ထား သော တရားရုံးများသည် တရားစီရင်ခြင်း စီရင်ဘွယ်တို့ကို ဆောင်ရွက်ရမည်။ ထိုတရားရုံးများက တရားလွှတ်တော်ချုပ်

နှင့်တကွ ထိုတရားလွှတ်တော်ချုပ်၏လက်အောက်ခံ တရားရုံးများဖြစ်သည်။ တရားသူကြီးနှင့် တရားဥပဒေတို့ကိုသာ ထောက်ထားရမည်။ တရားလွှတ်တော်ချုပ်၏တရားဝန်ကြီးများကို "ပြည်ထောင်စုမဟာလွှတ်တော်"က ရွေးကောက်တင်မြှောက်ရမည်။

**(၁၃)** လွတ်လပ်သောအချုပ်အချာအာဏာပိုင် သမတမြန်မာနိုင်ငံ၏နယ်မြေတို့ တပေါင်းတစီးတန်းတည်ရှိခိုင်ခန့်နေသည် ဟူသော ဂုဏ်သိက္ခာကိုလည်းကောင်း၊ နိုင်ငံတော်၏ကြေး ရေ လေတို့ကို အချုပ်အချာ စိုးမိုးအုပ်ချုပ်နိုင်သော အခွင့်အရေးများကိုလည်းကောင်း တရားမျှတမှုနှင့်တကွ တိုင်းကြီးပြည်ကြီးများ၏ ဥပဒေတို့နှင့် တည်မြဲအောင် ထိန်းသိမ်းရမည်။

**(စာ-၄)**

**(၁၄)** ကျွန်ုပ်တို့ချစ်မြတ်နိုးသော နိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့် ရသင့်ရထိုက်သည်လည်းဖြစ်၍ ဂုဏ်ကြက်သရေနှင့်လည်း ပြည့်စုံသော အဆင့်အတန်းကို ရရှိ၍ လူသတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားကို တိုးတက်စေရန် မိမိ၌တာဝန်ရှိသည့်အလျောက် အစွမ်းကုန်အားထုတ်ဆောင်ရွက်ပြီးလျှင် ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် လောကဝတ္တရားတို့ကို ထောက်ကာ အနိုင်နိုင်ငံတို့နှင့် ချစ်ကြည်ငြိမ်းချမ်းစွာ ပူပေါင်းဆောင်ရွက်မည်ဟု ခိုင်မာသော အဓိဋ္ဌာန်ကို ပြုထားလေသည်။

**(မောင်ကံထူး –နောက်ဆက်တွဲ ဇ ၁/၄)**

# <u>ဂျပန်ခေတ် ရခိုင်တိုင်းတွင် အရပ်သားအုပ်ချုပ်ရေးဖွဲ့စည်းပုံ</u>
# (နောက်ဆက်တွဲ–ဍ)

ရခိုင်တိုင်းတွင် အရပ်သား အုပ်ချုပ်ရေးဖွဲ့စည်းရန်အတွက် ရန်ကုန်မြို့သို့ သွားကြမည်ဖြစ်သော ကိုယ်စားလှယ်အဖွဲ့အား ဗဟိုမှတိုက်ရိုက်ခန့်အပ်ခြင်းခံရသော သံတွဲမြို့ ခရိုင်ဝန် ဦးရွှေ( )စစ်သားတင် ဂျပန်မီးသင်္ဘောဖြင့် စစ်တွေမြို့သို့ရောက်လာ၍ ပြောပြချက်အရ နားလည်ကြသည်မှာ ခရိုင်တခုစီအတွက် ခရိုင်ဝန်ကို ဗဟိုမှ ခန့်ထားပြီးမှ ဤရာထူးများကို ထိုခရိုင်ဝန်က သက်ဆိုင်ရာခရိုင်ခေါင်းဆောင်များနှင့် တိုင်ပင်၍ ထောက်ခံအမည်တင်သွင်းလျက် ဗဟိုက အတည်ပြုချက်အရ ခန့်ထားရမည်ဟူ၍ဖြစ်သည်။ စစ်တွေခရိုင်အတွက် ဦးအောင်ထွန်းဦးကို ခန့်ထား၍ ယာယီအုပ်ချုပ်ရေးအဖွဲ့မှ အားလုံးသဘောတူဆုံးဖြတ်ကြပြီး ယင်းဆုံးဖြတ်ချက်အတိုင်း ဗဟိုတွင်တင်ပြရန် ဦးသာဇံလှ၊ ဦးအောင်ဇံဝေ ဦးချိုဒိုးတို့ ကိုယ်စားလှယ်အဖွဲ့အား တာဝန်ပေး လွှဲအပ်လိုက်လေသည်။ ဤအဖွဲ့သည် ဦးရွှေမြ သံတွဲခရိုင်ဝန် စီးနင်းလိုက်ပါလာသော ဂျပန်သင်္ဘောနှင့်ပင် (၁၉၄၂)ခု ဩဂုတ်လ တတိယပတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသောအခါ သက်ဆိုင်ရာတို့နှင့် တွေ့ဆုံပြီးနောက် သိရသည်ကား ခရိုင်ဝန်ရာထူးတခုတည်းအတွက်သာမဟုတ်ဘဲ ရာထူးအားလုံးအတွက် ကိုယ်စားလှယ်အဖွဲ့က ထောက်ခံစာရင်းတင်သွင်းရန် (ထိုကဲ့သို့တင်သွင်းရာတွင် အမှုထမ်းကောင်းများထဲမှ သင့်တော်သူ ၅၀(ရာခိုင်နှုန်း) ပါရှိစေရန်ဖြစ်သည်)။ ယင်းအချိန်တွင် ကျောက်ဖြူခရိုင်အတွက် ယူနီဗာစတီကျောင်းသား သမဂ္ဂဥက္ကဋ္ဌဟောင်း သံတွဲမြို့သား <u>ရခိုင်မူစလင် ဦးထွန်းစိန်ကို ခရိုင်ဝန်အဖြစ်</u> ခန့်ထားပြီးဖြစ်နေသည်။ တခြားသောရာထူးများအတွက်ကား ခန့်ထားခြင်း မရှိသေး။ သို့ဖြစ်၍ စစ်တွေခရိုင်အတွက်သာမဟုတ် ကျောက်ဖြူခရိုင်အတွင်း ကျန်ရာထူးများအတွက်ကိုပါ အမည်စာရင်း ပြုလုပ်-

**(စာ-၁)**

ထောက်ခံ၍ အမြန်ဆုံးတင်သွင်းရန် ကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာက တာဝန်ပေးအပ်လေသည်။

ကိုယ်စားလှယ်အဖွဲ့သည် အတွင်းဝန်ဟောင်း ဦးကျော်သိမ်းထံ၌ တည်းခိုနေကြသည်ဖြစ်၍ သူ၏ထင်မြင်ချက်ထဲမှ သင့်တော်မည်ဟု သဘောရသော အချက်အလက်တချို့ကို လက်ခံလျှက် စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်(၂)ခုစလုံး၏ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးနေရာများ အားလုံးအတွက် ရာထူးအလိုက်အသီးသီးစာရင်း ပြုလုပ်ပြီးထောက်ခံ၍ တင်သွင်းလိုက်ကြလေသည်။ သို့ရာတွင် နောက်တစ်ရက်နှစ်ရက်အတွင်း ကဿက ဦးဖိုးမြသည် ရန်ကုန်မြို့သို့ ရောက်ရှိလာလျက် ၎င်းနှင့်အတူပါလာသော ကျောက်ဖြူခရိုင်ဝန်အဖြစ် ခန့်ထားခြင်းခံရပြီးဖြစ်သော ဦးထွန်းစိန်တို့က ဤကိုယ်စားလှယ်အဖွဲ့မှ ကျောက်ဖြူခရိုင်အတွက် တင်သွင်းထောက်ခံထားသော စာရင်းကို ကန့်ကွက်ကြသည်။ သို့နှင့် ဗဟိုက စစ်တွေခရိုင်အတွက်တင်သွင်းထားသော စာရင်းအတိုင်း လက်ခံထားပြီး ချက်ခြင်းကျေညာထုတ်ပြန်လိုက်လေသည်။

ခရိုင်ဝန် ဦးအောင်ထွန်းဦး၊ မြို့မဝန်ထောက်နှင့် ငွေကိုင်အရာရှိ ဦးထွန်းလှ နယ်ပိုင်ဝန်ထောက်မှူးများ ဦးထွန်းဦး၊ ဦးမောင် သာပွင့်၊ ဦးစံထွန်းအောင်၊ ရွှေ့နေ ကိုစံထွန်းအောင် (ဘိုဒိန်ဆရာအမျိုးသားကျောင်း)မြို့ပိုင်များ၊ ဦးသာဒိုးအောင်၊ ဦးစံထွန်းလှ၊ ဦးအောင်သာဦး၊ ဦးချိုးဒိုး၊ ခရိုင်ရဲဝန်ဦးဖိုးမြစိန် လက်ထောက် ဦးနု ပေါက်တောအင်စပက်တော် ဦးအောင်ထွန်းမြ၊ ဦးရွှေစောဦး၊ ဦးတော်လူတို့ဖြစ်ကြသည်။

အုပ်ချုပ်ရေးဆိုင်ရာ၊ ရာထူးနေရာများအတွက် အရာရှိခန့်ထားသော ကြေငြာချက်သတင်းစာများတွင် ပါသွားပြီး နောက်တပါတ်လောက်အကြာတွင် ဦးဘစံ၊ ဦးညိုထွန်းတို့လူစု ရန်ကုန်မြို့သို့ ရောက်လာကြသည်။ ဤလူစုသည် စစ်တွေ မြို့မှ ကိုယ်စားလှယ်အဖွဲ့ ဂျပန်မီးသင်္ဘောနှင့်-

(စ-၂)ထွက်ခွာမလာကြမီကပင် (ဘီ-အိုင်-အေ)တပ်ကို ရုပ်သိမ်း၍ ရန်ကုန်သို့ပြန်လာကြသော ဗိုလ်ရန်အောင်တပ်နှင့် အတူတကွဆိုသလို သံတွဲ၊ ဂွ၊ သာပေါင်းမြို့တို့ကို ဖြတ်၍ ခြေလျင်ထွက်လာကြခြင်းဖြစ်သည်။ ဦးဘစံသည် ရာထူးခန့်ထားသောကြေငြာချက်ကို လမ်းခရီးတွင် တွေ့မြင်ခဲ့သည်ဟုဆိုသည်။ ထိုစဉ်ကပင် သူမကျေနပ်ခဲ့ဟု သိရ၏။ ရန်ကုန်သို့ရောက်လာပြီး ဦးကျော်အိမ်သို့လာရောက်ခါ ဦးသာဇံလှအား အဘယ်ကြောင့် သူ့ကို ရာထူးတနေရာအတွက် ထောက်ခံ၍ စာရင်းတင်သွင်းခြင်း မပြုသလဲဟု မေးမြန်းလေသည်။ ဦးသာဇံလှကမူ နိုင်ငံရေးဆက်လက်လုပ်စေရန် အတွက် တမင်ချန်ထားခဲ့သည်ဟု ပြောဆိုသည်။ သူ့အဖို့ရာထူးရရန် အရေးမကြီး။ မိဘများလည်း တတ်နိုင်သူဖြစ်သော ကြောင့် နောင်စစ်တွေမြို့ မြူနီစီပါယ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းသောအခါ ဦးဘစံအား မြို့တော်ဝန်အဖြစ် တာဝန်ပေးအပ် လျှက် နိုင်ငံရေးကို ဆက်လက်လုပ်ကိုင်စေချင်သည့်အတွက်ကြောင့်ပင် သူ့အမည်ကို ရာထူးခန့်ထားရေး စာရင်း၌ မထည့်သွင်းခဲ့ဟုသာ သာဇံလှက ရှင်းပြခဲ့လေသည်။ ဦးဘစံက ကျေနပ်ပုံမရ၊ တသက်လုံး မိဘထမင်းချည်းစား၍ နေရ မည်လောဟု မကျေမနပ် မေးခဲ့သည်။ ဦးဘစံ ရာထူးတခုလိုချင်ကြောင်းကို သိရသောခါ ကိုယ်စားလှယ်အဖွဲ့မှ နောက်ဆက်တွဲ ထောက်ခံချက်တင်သွင်းရာတွင် ခရိုင်လယ်ဝန်ရာထူးအတွက် သူ့ကို ထောက်ခံခဲ့သည်။ ဦးသာဇံလှ အကြောင်းပြချက်မှာ ထိုမြေတိုင်းဌာနတွင် မြေတိုင်းစာရေးမှ အစ လယ်ဝန်များသည် လယ်သမားများထံမှ နည်းမျိုးစုံဖြင့် တံစိုးလက်ဆောင် စားကြကြောင်း စစ်တွေခရိုင်သို့ရောက်လာကြသော လယ်ဝန်များသည် လစာကို ထုတ်မသုံးဘဲ စုဆောင်းထားကာ လက်အောက်မြေတိုင်းအဖွဲ့ဝင်များက ရှာဖွေပေးသော ကြေးငွေများကိုသာ သုံးစွဲနေကြကြောင်း သို့နှင့် ဦးဘစံကဲ့သို့ ရိုးသားဖြောင့်မတ်သူ မိကောင်းဖခင်၏သား နိုင်ငံရေးသမားတစ်ဦးကို ဤ-

**(စာ-၃)**

ရာထူးတွင် ခန့်ထားသင့်သည်ဟု ထောက်ခံခြင်းပြုသည်။ ဦးစံရွှေကိုမူ အဖွဲ့မှ အရေးယူထားခြင်းကို ခံရသူတဦး ဖြစ်၍ အစပဌမ၌ မည်သည့်ရာထူးအတွက်မျှ ထောက်ခံခြင်းမပြုချေ။ နောက်မှသာ စာတိုက်အင်စပက်တော် ရာထူးနေရာ အတွက် သူ့အားထောက်ခံ၍ ဗဟိုသို့တင်ပေးလိုက်လေသည်။

တရားဌာနနှင့်စပ်လျဉ်း၍ ခရိုင်စက်ရှင်တရားသူကြီးအတွက် ဦးဘမြိုင်ကို ကိုယ်စားလှယ်အဖွဲ့က လေးလေးနက် နက် ထောက်ခံခဲ့ကြ၏။ သို့ရာတွင် ကျောက်ဖြူခရိုင်အတွက် ခရိုင်ဝန်အဖြစ် ခန့်ထားခြင်းခံရသူ ဦးထွန်းစိန်က ဦးဘမြိုင် သည် တရားသူကြီးအဖြစ် အမှုတစ်ခုကို စစ်ဆေးနေရင်း တရားခွင့်ပေါ်မှနေ၍ သခင်များကို ပြင်းပြင်းထန်ထန် မဖွယ်မရာ ပြောဆိုခဲ့ဘူးသည်ဆိုပြီး ကန့်ကွက်သဖြင့် စက်ရှင်တရားသူကြီးအဖြစ် ဦးဘမြိုင်ကို ခန့်ထားခြင်းမပြုဘဲ လက်ထောက် စက်ရှင် တရားသူကြီး အဖြစ်သာ ခန့်ထားသည်ဟု သိရသည်။ ဤတရားဌာနတွင် စစ်တွေခရိုင်နယ်ပိုင် တရားမ တရားသူ ကြီး တစ်နေရာအတွက် ဦးကျော်ထွန်းဦး(မြို့ဟောင်း)ကို ထောက်ခံခဲ့ကြပြီး ဦးဖိုးခိုင်ကိုမူ ကျောက်ဖြူခရိုင် နယ်ပိုင်တရားမ တရားသူကြီးနေရာအတွက် စာရင်းတင်သွင်း ထောက်ခံခဲ့ကြသည်။ ဦးအောင်ဇံဝေသည် ရန်ကုန်တွင် အမြဲတန်း အလုပ် လုပ်နေရသည့်အတွက် ကိုယ်စားလှယ်အဖွဲ့က ထောက်ခံတင်ပေးလိုက်သည့်အတိုင်း အတည်ဖြစ်သည် မဖြစ်သည်ကိုကား အဆက်ပြတ်နေ၍ မသိနိုင်တော့ပေ။

**(မောင်ကံထူး–နောက်ဆက်တွဲ ၄–၁/၄)**

အမှတ်စဉ်-၄၄၇

စာအမှတ်-၁၄၆၊ အိန္ဒိယရုံး၊ လန်ဒန် နေ့စွဲ (၁၈၇၄) ဒီဇင်ဘာလ (၂၄)ရက်နေ့မှ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန် ကြီး

သို့-အိန္ဒိယအစိုးရ

သင့်အစိုးရထံမှ (၁၈၇၄) စက်တင်ဘာလ (၈)ရက်နေ့ အရ၊ စာအမှတ် (၁၆၁)သို့ပြန်ကြားရာ၌ မစ္စတာဒဗ္ဗလျူ

အိပ်ချ်၊ စီ၊ ဟာဒီခေတ္တထွက်သွားစဉ် မစ္စတာဝီလျံဟတ္တန်ဂရစ်ဖင်အား စစ်တွေမြို့၌ အမေရိကန်ပြည်ထောင်စု၏ ယာယီ ကောင်စစ်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုသည်ကို ဘုရင်မအစိုးက အတည်ပြုကြောင်း ကြားသိစေပါသည်။

အမှတ်စဉ်-၄၄၈

စာအမှတ် ၂၁၁ပီ၊ ဖွတ်ဝီလျံ နေ့စွဲ၊ ၁၈၇၅ခု ဇန်နဝါရီလ (၂၂)ရက်နေ့ အိန္ဒိယအစိုးရ၊ နိုင်ငံခြားရေးဌာန၏ အမိန့်ကြော်ငြာစာ-

အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၄၂ ပီ၊ နေ့စွဲ (၁၈၇၄)စက်တင်ဘာလ (၄)ရက်နေ့ကို ရည်ညွှန်းချက် အိန္ဒိယအစိုးရ က မစ္စတာဒဗ္ဗလျူအိပ်ချ်ဂရစ်ဖင်ကို အမေရိကန်ပြည်ထောင်စု၏ ယာယီကောင်စစ်ကိုယ်စားလှယ်အဖြစ် အသိအမှတ် ပြုသည်ကို ဘုရင်မအစိုးရက အတည်ပြုပြီးဖြစ်ပါကြောင်း။

စာအမှတ် ၂၄၂ ပီ

ဤရုံးအတိုကောက်မှတ်ချက် စာအမှတ် (၁၉၄၃ ပီ နေ့စွဲ၊ ၁၈၇၄ စက်တင်ဘာ(၄)ရက်နေ့ကို ဆက်လက်၍ မိတ္တူကို အမေရိကန်ပြည်ထောင်စု၏ ကာလကတ္တားရှိ ကောင်စစ်ဝန်ချုပ်အား သိရှိစေရန် တဆင့်ပေးပို့ပါသည်။

**(နိုင်ငံသမိုင်း သုတေသနစာစောင်–၄၊ စာ ၁၁၄)**

အမှတ်စဉ် ၄၄၉

စာအမှတ် ၁၄၃၊ အိန္ဒိယရုံး၊ လန်ဒန်၊ နေ့စွဲ ၁၈၇၄ ဒီဇင်ဘာလ (၂၃)ရက်နေ့မှ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီး

သို့-အိန္ဒိယအစိုးရ

သင့်အစိုးရထံမှ လွန်ခဲ့သည့် ဇွန်လ (၃၀)ရက်နေ့ရေး စာအမှတ် ၁၁၇ ကို ပြန်ကြားရာ၌ မစ္စတာအာရ်ဇက်လာ အား စစ်တွေမြို့၌ ဂျာမဏီနိုင်ငံ၏ ယာယီကောင်စစ်ဝန်အဖြစ် ယင်းအသိအမှတ်ပြုသည်ကို ဘုရင်မ အစိုးရက အတည်ပြုကြောင်း ကြားသိစေပါသည်။

အမှတ်စဉ် ၄၅၀

စာအမှတ် ၁၄၄၊ အိန္ဒိယရုံး၊ လန်ဒန်၊ ၁၈၇၄ ဒီဇင်ဘာလ (၂၃)ရက်နေ့မှ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီး

သို့- အိန္ဒိယအစိုးရ

ယခုအခါ စစ်တွေမြို့၌ ဒေနှစ်ရှိ ကောင်စစ်ဝန်အဖြစ် ဆောင်ရွက်လျက်ရှိသော မစ္စတာအိုင်ဂီလီဖီဟေကို ယင်းဆိပ်ကမ်းမြို့၌ ဒိန်းမတ်နိုင်ငံ၏ ကောင်စစ်ဝန်ချုပ်အဖြစ် ဆောင်ရွက်နိုင်စေရန် ဘုရင်မအစိုးရ၏ တရားဝင်အသိ အမှတ်ပြုခြင်းကို ကန့်ကွက်စရာရှိမရှိစာကို ဘုရင်မ၏ နိုင်ငံခြားရေးအတွင်းဝန်ကြီးက မေးမြန်းသည်ဖြစ်ရာ အရ်လ်အော့ဖ်ဒါဘီအား ကြားသိနိုင်စေရန်အတွက် လိုအပ်သည့်အချက်အလက်များကို ကျွန်ုပ်ထံ ပေးပို့ပါရန် တောင်းခံ ပါသည်။ ဤအတောအတွင်း၌ ဘုရင်ခံချုပ်ကောင်စီသည် အကြံပေးထားသည့်အစီအစဉ်ကို ကန့်ကွက်ရန် အကြောင်းအချက် မကြားမသိပါက သင်၏အစိုးရသည် မစ္စတာဟေအား အသိအမှတ်ပြုနိုင်ပါကြောင်း။

**(နိုင်ငံသမိုင်း သုတေသန စာစောင်–၄၊ စာ–၁၁၅)**

အမှတ် ၄၅၁

စာအမှတ် ၂၆၅ ပီ၊ ပွတ်ဝီလျံ၊ နေ့စွဲ ၁၈၇၅ ဇန်နဝါရီလ (၂၆)ရက်နေ့မှ အက်ဖ်၊ ဟင်ဖ်ဖို့၊ အက်စ်ကွိုင်ယာ၊ အတွင်းဝန်ထောက်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အိန္ဒိယအစိုးရ

သို့-အွန်နာရေဘဲလ်အေ၊ အီဒင်၊ ဗြိတိသျှကားမား မဟာဝန်ရှင်တော်မင်းကြီး

ညွှန်ကြားချက်အရ ဘုရင်မ၏ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးမှ ယခုအခါ အိုဂ်လ်ဖီဟေကို ယင်းဆိပ်ကမ်းမြို့ ဒိန်မတ်က်နိုင်ငံ၏ ကောင်စစ်ဝန်ချုပ်အဖြစ်ခန့်အပ်ရန် အကြံပေးသည့် စာအမှတ် ၁၄၄၊ နေ့စွဲ လွန်ခဲ့သည့် (၂၃)ရက်နေ့၏ မိတ္တူကို တဆင့်ပေးပို့လျက် ထိုသူအား ခန့်ထားခြင်းကို ကန့်ကွက်ရန် ရှိမရှိ အကြောင်းကြားရန် တောင်းခံပါသည်။

၂။ သင့်၏အဖြေမှာ ကျေနပ်ဖွယ်ဖြစ်ပါက မစ္စတာဟေအား ယင်းရာထူး၌ ခန့်ထားခြင်းကို အသိအမှတ် ပြု၍ အိန္ဒိယပြန်တမ်းတွင် ထည့်သွင်းကြေငြာမည်ဖြစ်သည်။ ဤအတောအတွင်း၌ သင်သည် သူ့အား တရားဝင် ခန့်ထားပြီး ဖြစ်သည်ဟု အသိအမှတ်ပြုခွင့်ရှိသည်။

**စာ–၁၁၅/၁၁၆**

(လွန်ခဲ့သောနှစ်တရာက မြန်မာပြည် ဒေါက်တာရီရီအကြီးတန်း သုတေသနမှူး၊ နိုင်ငံသမိုင်း သုတေသန စာစောင်-၄)

ဒိန်မတ်က်နိုင်ငံ
ဒဗ္ဗလျူအိပ်ချ်စီကာဒီ
ဖွတ်ဝီလျံ
ဝီလျံဟတ္တန်ဂရစ်ဖင်
အာရ်၊ ဇိဂ်လာ
အိုဂိလ်ဗီဟေ
အာရ်လ်အောဖ်ဒါဘီ
န်နာရေဘဲလ်အေဒီအင်

## ရခိုင်ပြည်သတင်းစာ

အယ်ဒီတာ ဦးထွန်းကြိုင်၊ ဒီ-အိုင်၊ အက်စ်(ပညာအုပ်နယ်လှည့်)
၁၉၂၅-၂၆ ခုလောက်ကပင် ရှိနေသည်။
တံဆိပ်မှာ ဆပ်ခေါင်း (ဂါမန်းကျောင်းတံဆိပ်နှင့် တူ)
ခမီရခိုင်ပြည်ကိုယ်စားပြုသည်တံဆိပ်ဖြစ်သည်။
(ရွှေစေတီဆရာတော်ကဆတ်မှာ တိရစ္ဆာန်မဟုတ်ကြောင်း ပြောသဖြင့် နောက်ပြောင်းသည်)

လက်ထောက်အယ်ဒီတာမှာ-လင်နို့အမည်ခံ ဦးသာကျော် (သတ်သေသည် ဇနီးမောင်နှံ (၂)ကောင်လုံးသေသည်)ဝတ္ထုများကိုရေးသည်။ ရခိုင်သတင်းစာနှင့် ဒို့လက်ရုံးသတင်းစာမှာ ဖလာရွာတွင်ရှိသည်။ တလမ်းတည်းရှိသည် လမ်းမကြီး ဦးသာဇံလှ လဘက်ရည်ဆိုင်အနီးမှာရှိသည်။

မြန်မာစာ ခက်ဆစ်အဓိပ္ပါယ်စာအုပ်ကို ဦးထွန်းကြိုင်ရေးသည်။ နောက်ပိုင်းတွင် ဦးသာဇံလှက ဝယ်ယူသည်၊

# CHAPTER XXV
# Capture of Akyab

An account of the retreat from Burma would be incomplete without some reference to events in Arakan, and more particularly in the area of the part of Akyab. Some details of the work carried out by the karen levies and the commandos, and of events in the Bhamo-Kyitkyina area at the close of the champaign are also necessary.

Akyab as a point of entry into Burma was of negligible importance. It was of value, howeveras an air base, whilst its proximity to India and its position on the Bay of Bengal made it a prize of considerable importance to the Japanese. It was necessary therefore, to deny it to them as long as possible. Akyab, for the defence of which Central Head quarters, India, had assumed direct responsiblility, was also the centre of a rece producing area. It had several large mills, and its main export was the grain crop of Arakan.

Prior to the fall of Rangoon the Japanese invasion of Burma had no vital effect on Akyab. At the end of January 1942 its defences had been augmented by the arrival of the 14th Battallian 7th Rajput Regiment which relieved 23 Garrison Company. Indian refugees from Rangoon and lower Burma, crossing to the Arakan Coast through the Taungup pass from Prome, were crowding into the port. In the later part of February the R.A. F, forced to evacuate the Rangoon airfields, Strengthened its force in Akyab.

After the capture of Rangoon by the Japanese, Akyab was organised as a naval base under cammondore Craham, R.N. Commending Burma Coast. There were also statione the R.I. N. Sloops 'Sutly' and 'Indus' and four L.N.D. vessels. From the base there seperated five armed motor launches named by the personnel of the B.R. N. V. R. to prevent hostile infiltration. But this force was not adequate for the task. which was made more difficult by the strain of evacuating a mass of refugees streaming out of Burma. Between of March and the Beginning a May, thirty-five thousand persons were sent to India by sea from Akyab and the small island port of Kyaukpyu.

In view of importance of Akyab as an air base it was decided early in March to Strengthen further the forces there. Acc rijngly, Headquarter 109th Brigade with the 6th Battallian 9th Jet ent and 9th Bdattallian 7th Rajput Regiment together with anti-airaraft guns were despatched to Akyab, arriving there on 18 March.

On 23 March the Japanese occupied the Admans from which a small garrison had already been evacuated on 12 march under the orders on the ABBA Command. Although the islands were not occupied by the Japanese until 23 March the fact that they could not be defended constituted a serious threat to the security of shipping entering Rangoon river and was one of the factors bearing on the question of the evacuation of Rangoon. On 23 March, too Akyab was subject to a heavy air raid, this being repeated the following day. Just previous to it, the Magwe airfield had also been attacked. The result of the raids was the victual extinction of the British airforce in Burma, and the discussion made to eomply Akyab only as an advanced landing ground. Headquarters 109 Brigade and the two newly arrived battallians were at once withdrawn. The remaining military garrison then consisted of the 14th Battallian 7th Rajput Regiment, one section 67th Heavy Anti-Aircraft Regiment, and two troops 1st Indian Light Anti-Aircraft Regiment.

From that date Akyab, its air-fields, and harbour and the naval craft based on it were subject to frequent air attacks. The first raids immadiately resulted in a drop both in the military and civilian morale. There were numerous desertions amongst the troops and the civil police. Despite the protests of the naval and military authorities the commissioner, Arkan Division, evacuated with nearly all his civilian officers on 30 March. The Deputy commissioner of Arakan and some telegraph Officers elected to remain at therir posts, but civil Administrative throughout Arakan was then wholly at an end. Anson was not in frequent in the Port. Rice mills were fired, and a large comflagration threatened the impartant oil installations of the Burmah Oil

Company Limited. Civil unrest in Akyab and throughout Arakan increased on 13 April the town and island of Akyab were placed under Martial Law.

Deserters from the Burma Frontier Force and the Burma Military police joined the forces of unrest and together with a gang of Arakanese, took part in the massacre of Indians, mostly women and children, Gopethaung on 15 April. The general state of disorder was particularly marked south of Kyaktaw and east the caladan river. From about mid-april the prevailing unrest had assumed a definietly rebellious aspect, and patrols of the Rajputs were engaged in several skirmishes against parties of Thakins and others on 21 April the Deputy Commissioner telegraphed a message to the following effect to the Burma Government.

> "This is report on situatio in Akyab district, State of open rebellian exists which should be quelled only by military as owing to breakdown of civil (Administration) what is left of civil police is grossly unreliable. In Kyauktaw and Akyab sub-division gangs of rebels suported by deserters from Frontier Force with larger quantities of arms an amunitions and the extreme section of Arakan National Congress have done incalculable damage to life and property. Arson and looting are rempant and the ground is being prepared for enemy infiltration."

The existing garrison of Akyab and the naval patrols were of course quite inadequate to deal effectively with the situation or to prevent the advance of the Japanese. On 11, April a naval patrol from Kyaukpyu, learnt that two hundred and fifty armed Burmes with Japanese officers had arrived at Taungup on the previous day. They had lunches and boats. This party proceeded to work its may up the coast via onto Minbya, a centre of rebel activity.

Towards the end of April Japanese aerial activity further increased, and there was no doubt left that a hostile force was concentrating in the Minbya. area for an advance on Akyab . On 1, May two motor lunches of S. R. N. V. R. ware separately engaged by this force near Minbya. Four field guns were reported to have been employed by them and casualties were suffered on board the lunches.

Next day the hostile force was in Kyauktaw and Fonnagyen. A Rajut potrel was sent out that evening in launcaes ixate the force. On the morning of 3 May these vessele were tried on by machine-gun on a reach of the Kalwian river slow Ponnagyu. Several of the fire was returned and one of launches brought its two pounder gun into action.

That day Akyab was subjecxted to a series of air raids, one of them by twenty-seven heavy bombing aircraft. This particular raid did appreciable damage to building, military stores, and equipment. Rations not as and four armoured carriers were destroyed, and the reserve ammunition of the garrison was blown up. About twenty casualities were also sustained.

The role of the Akyab garrison; was to defend the airfield as long as possible. If a serious attack was made on the port, demalitions were to be carried out and the garrison to be withdrawn overland towards Chittagong. The officer commanding the garrison considered that the pretention of the port was so longer within the capcity of his force. The troops were in a low state of training , in addition they were debilitated by maliria and shaken by the air raids. There were indications of the presence of regular Japanese Troops who would probably attack Akyab before the morning of 4 May. The coast road was flooded and the island route was already threatened, if not cut. since the Japanese were at Ponagvuam. Having regarded to this state of affairs be determined to carry out sn evacutaion by sea that night. Demolitions were ordered to be effected.

Guns and heavy equipments were loaded onto the ships "Heinrich Jessen" and "Hydari" and after dark troops were embarked. Naval demolitions were carried out in the port and surplus vesels sunk. In the early hours of 4 May the forces had abandaned Akyab.[1]

(1. The Japanese account, History of the Japanese 15th. Armay P.24 refer to the capture of Akyab thus; " Despite it strategic importance Akyab was not strogly held. order from Army Division (33) despatched one infantry Company and one half of the M.G. Company to Akyab, by road and water transport and the town was occupied with little opposition" (601/778/n).

**<u>Armey ations.</u>**

| | | |
|---|---|---|
| R.A.F. | = | Royal Air Force. |
| R.I. H. | = | Royal Indian Heavy |
| L.N.D | = | Light Naval Defence. |
| B.R.N.V.R | = | Burma Royal Naval Volunteer Reserve |
| A.B. D. A | = | American British Duten Australism. |

(Extract "The Retreat from Burma 154-42, Edited by "Bisheshwar Prasad, D. Litt. Official History of the Indian armed Forces in the Second World War 1939-45

Capaigns in the Eastern Theatre

"The Retreat From Burma"

1941-42

Combined Inter-services Historical Section

(India & Pakistan)

Page: 358-360.

# “ဝေသာလီခေတ် အမျိုးသမီး ဝတ်စားဆင်ယင်မှု ပန်းပုရုပ်” ထုလုပ်ခြင်းဆိုင်ရာ စာတမ်း

ဤစာတမ်းကို ယဉ်ကျေးမှုတက္ကသိုလ်၊ ပန်းပုဌာနမှ အပ်နှင်းသော ပန်းပုပညာဘွဲ့ (ဂုဏ်ထူး ခကူစအကမန) ရရှိရေးအတွက် လိုအပ်ချက်တစ်ရပ်အနေဖြင့် တင်ပြခြင်းဖြစ်ပါသည်။

| အတည်ပြုသူ | တင်ပြသူ |
| --- | --- |
| ဦးသိန်းအောင် | မငြိမ်းသူဇင် |
| ကထိက | စ/ ပပ-၅ |
| ပန်းပုပညာဌာန | ယဉ်ကျေးမှုတက္ကသိုလ် |
| ယဉ်ကျေးမှုတက္ကသိုလ် | |

(၁၉၉၆-၉၇ ခုနှစ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**ယဉ်ကျေးမှုတက္ကသိုလ်**

**ပန်းပုပညာဌာန**

# ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ပန်းပုရုပ် ထုလုပ်ခြင်းဆိုင်ရာစာတမ်း

**ဘွဲ့ယူစာတမ်း**

**စာတမ်းတင်သွင်းသူ**

မငြိမ်းသူဇင်

စ/ပပ-၅

(၁၉၉၆-၉၇) ပညာသင်နှစ်

# ယဉ်ကျေးမှုတက္ကသိုလ်
# ပန်းပုန်ပညာဌာန

၁၉၉၆-၉၇ ပညာသင်နှစ် စတုတ္ထနှစ်ပန်းပုပညာအဓိက၊ ခုံအမှတ်(စ/ပပ-၅)၊ မငြိမ်းသူဇင်၏ ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးပန်းပုထုလုပ်ခြင်းဆိုင်ရာ ဘွဲ့ယူစာတမ်းငယ်

မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | |
| ၂ | သမိုင်းကပြောသောဝေသာလီ | ၂ |
| ၃ | ဝေသာလီခေတ်အမျိုးသမီးဆင်ယင်ထုံးဖွဲ့ပုံ | ၅ |
| ၄ | ပုံစံငယ်ပြုလုပ်ခြင်း | ၇ |
| ၅ | ရုပ်ထုအမာခံတည်ဆောက်ခြင်းနှင့် ရွှံ့ရုပ်ပြုလုပ်ခြင်း | ၈ |
| ၆ | ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးအား ပလာစတာသွန်း လောင်းခြင်း | ၁၄ |
| ၇ | ဝေသာလီမင်းသမီးပန်းပုရုပ်အား ကြေးသွန်းလောင်းခြင်းနည်းပညာ | ၁၉ |
| ၈ | ဝေဖန်သုံးသပ်ချက် | ၂၂ |
| ၉ | နိဂုံး | ၂၅ |
| ၁၀ | ကျမ်းကိုးစာရင်း | ၂၆ |
| ၁၁ | နောက်ဆက်တွဲတင်ပြချက် | |
| | (က) ဓာတ်ပုံမိတ္တူအထောက်အထားများ | |
| | (ခ) စာတမ်းရှင်၏ ကိုယ်ရေးအကျဉ်း | |

## နိဒါန်း

ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဆောင်ရတနာပင် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးမဆို မျက်မှောက်ခေတ်ကာလတွင် မည်မျှတိုးတက်သည်ဖြစ်စေ၊ အတိတ်တွင် ကျန်ရစ်ခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကင်းလွတ်မှုမရှိကြပေ။ လူမျိုး၏လက္ခဏာကို သီးခြားဖော်ညွှန်းနေသည်မှာ ယဉ်ကျေးမှုပင် ဖြစ်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအနှစ်သာရကို တန်ဖိုးထားပြီး အမြတ်တနိုး ထိန်းသိမ်းခြင်းသည် ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ဆက်လက်အစွန့်ရှည် တိုးတက်မြင့်မားလာစေအောင် ပြုပြင်သော နည်းပညာတစ်ရပ်ဟု ဆိုနိုင်သည်။

ယဉ်ကျေးမှုဆိုရာ၌ ခေတ်၏အခြေအနေ၊ လူတို့၏ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီပန်းပုအတတ်ပညာများ၊ ဆိုတီးကစသော သုခုမအနုပညာရပ်များ၊ ရေးသားတွေးခေါ် မြော်မြင်ယူဆကြသည့် စာပေရေးရာများနှင့် ရိုးရာဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ၊ ယုံကြည်မှုအပြင် လူနေမှုစနစ် စသည်များလည်း ပါဝင်လေသည်။

တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုး ယဉ်ကျေးမှုမည်မျှတိုးတက်ခဲ့သည်၊ ဆုတ်ယုတ်ခဲ့သည်တို့ကို ရှေးကျသော ယဉ်ကျေးမှုလက်ရာဟောင်း အထောက်အထားများ လေ့လာကြည့်လျှင် ထင်ရှားစွာ သိမြင်နိုင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)ခန့်က ထွန်းကားခဲ့သော ရခိုင်ဝေသာလီမြို့ပြနိုင်ငံများ၊ မွန်တို့၏ သုဝဏ္ဏဘူမိမြို့ပြနိုင်ငံများ၏ ယဉ်ကျေးမှုထွန်းကားမှုများသည် မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်များပင် ဖြစ်ကြပါသည်။ ပုဂံဒေသရှိ ယဉ်ကျေးမှုလက်ရာများနှင့် ရခိုင်ပြည်မြောက်ဦးမြို့ရှိ ယဉ်ကျေးမှုလက်ရာများကို ကြည့်လျှင်ပင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြောင်း သိရှိနိုင်ပါသည်။ ယဉ်ကျေးမှုမြင့်မားရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သော ဝေသာလီယဉ်ကျေးမှုကို ထိုခေတ်အမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုမှတဆင့် လေ့လာကြည့်ခြင်းဖြင့် သိရှိမည်ဖြစ်သည်။

## သမိုင်းကပြောသော ဝေသာလီ

ရခိုင်လူမျိုးတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် ထည်ထည်ဝါဝါရပ်တည်လာနိုင်ခဲ့သော လူမျိုးဖြစ်သည်။ ပထမဓညဝတီ မာရယုမင်း (ဘီစီ-၃၃၂၅)မှသည် မြောက်ဦးခေတ် နောက်ဆုံးမင်းဖြစ်သော မဟာသမ္မတ ရာဇာမင်း၊ (အေဒီ-၁၇၈၂)ထိ နှစ်ပေါင်းထောင်ကျော်ကာလအတွင်း ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးဟူ၍ ခေတ်ကြီးလေးခေတ် အထင်အရှား ပေါ်ထွန်းခဲ့ပါသည်။[၁] ထိုခေတ်များအတွင်း မင်းဆက်နှစ်ဆက်အုပ်စိုးခဲ့ရာ ပထမမင်းဆက်သည် သူရိယမင်းဆက်ဖြစ်၍ ဒုတိယမင်းဆက်မှာ စန္ဒြမင်းဆက်ဖြစ်သည်။[၂] မြောက်ဦးမြို့ ရှစ်သောင်းဘုရားကုန်းတော်မှ အာနန္ဒစန္ဒြမင်းသည် အထူးထူးသော မြို့ရိုး၊ တံတိုင်း၊ ကျုံးနှင့် တန်ဆာဆင်သော ဝေသာလီမြို့ကို တည်ထားခဲ့ကြောင်း သိရပါသည်။[၃] ဝေသာလီမြို့တည်နှစ်ကို ပါမောက္ခ ဂျွန်ဆတုန်း (Johnston)က (အေဒီ-၃၂၀)တွင် တည်သည်ဟုဆို၍ အိန္ဒိယကျောက်စာဝန် ဆာရ်ကာ(Sircar)က(အေဒီ-၃၅၀)တွင် တည်သည်ဟု ခန့်မှန်းကြသည်။[၄]

ရှေးဟောင်းသုတေသနဌာနမှ တူးဖော်လေ့လာချက်အရ အေဒီ(၄)ရာစုမှ (၉)ရာစုအထိ သရေခေတ္တရာနှင့်အပြိုင် ထွန်းကားခဲ့သော ရခိုင်မြို့တော်ဖြစ်ကြောင်း သိရသည်။ ဝေသာလီမြို့တော်သည် ဓညဝတီမြို့ဟောင်းမှ တောင်ဘက် (၇)မိုင်အကွာနှင့် မြောက်ဦးမြို့မှ (၅)မိုင်ခန့်အကွာတည်ရှိသည်။ ဝေသာလီမြို့တော်၏ အနောက်ဘက်တွင် ရန္ဓနဒီမြစ်ကမ်းရှိ၍ ဝေသာလီခေတ်အခါက ပင်လယ်ကူးရွက်သင်္ဘောကြီးများ ဆိုက်ကပ်ရာ ဆိပ်ကမ်းအဖြစ် (၆)ပေမှ (၁၀)ပေအထိ ရှည်သော ဇရာမကျောက်တုံးကြီးများဖြင့် ကျောက်လှေကားပြုလုပ်ထားသည်ကို အစွဲပြု၍ "ဝေသာလီကျောက်လှေကား" ဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်။

ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းဖြင့် ဝေသာလီမြို့တော်သည် စည်ကားထွန်းကားခဲ့ပေသည်။ ရေကြောင်းမှတဆင့် ပင်လယ်ရပ်ခြားမှ ယဉ်ကျေးမှုများလည်း ဝင်ရောက်ခဲ့သဖြင့် ဝေသာလီယဉ်ကျေးမှုသည် အလွန်အဆင့်အတန်းမြင့်မားလှပေသည်။

ဝေသာလီမြို့ဟောင်းရွာမှ တွေ့ရှိတူးဖော်ချက်များအရ ဝေသာလီယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်မားလှကြောင်း တွေ့ရှိရသည်။ ဝေသာလီတွင် ဗုဒ္ဓဘာသာထွန်းကားဖွံ့ဖြိုး၍ သက္ကတနှင့် ပါဠိစာပေများ ထွန်းကားကြောင်းကို ထိုခေတ်က ရေးထိုးထားခဲ့သော ကျောက်စာများကို ကြည့်၍ သိနိုင်ပါသည်။ သာသနာတော်ပွင့်လင်းသည့်အလျောက် တန်ခိုးကြီးဘုရားများနှင့်အတူ ကျောက်ဆစ်၊ ကျောက်ထု၊ ပန်းပုလက်ရာများလည်း အဆင့်အတန်းမြင့်မားစွာ ရပ်တည်ခဲ့သောဒေသဖြစ်သည်။

ရခိုင်ဝေသာလီမြို့တော်ဟောင်းရှိ ခက်ခတ်တောင်ကုန်း(အနေန္ဒောဒယကျောင်းတော်ရာ)သင်္ဂါယနာတင်ကုန်းနှင့် အခြားနေရာအနှံ့တို့တွင် ကျောက်ဆစ်ရုပ်လုံး၊ ရုပ်ကြွများ၌ ဆင်ယင်ထုံးဖွဲ့မှုအဆင်တန်ဆာအပြည့်ဖြင့် တွေ့မြင်နိုင်သည်။ ထုက္ကန်သိမ်မြောက်ဘက်ရှိ သာရပ္ပတတောင်၊ မြောက်ဦးအရှေ့ဘက်ရှိ နိဗ္ဗူဗျာနှင့် ဘုရားပေါ်ဘုရား၊ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဘုရားတစ်ဆူအနီးတစ်ဝိုက်တို့တွင်လည်း ဝေသာလီခေတ်လက်ရာ ကျောက်ဆစ်ရုပ်ကြွလုံးများ တွေ့ရှိနိုင်သည်။ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင်လည်း အမြောက်အများထိန်းသိမ်းပြသလျက် ရှိပေသည်။[၅]

မြို့ဟောင်းမြို့ ရှစ်သောင်းဘုရားနှင့် ၎င်း၏အနောက်မြောက်ဘက် ပေ(၃၀၀)အကွာ ကုန်းပေါ်ရှိ ကုက္ကန်သိမ်ဘုရားနှင့် အံတော်သိမ်ဘုရားများ၏ အတွင်းနံရံများပေါ်တွင် ကျောက်သားကို ဆစ်၍ထုလုပ်ထားသော ရုပ်ကြွရုပ်လုံးများသည် မြောက်ဦးခေတ်တွင် ထုထွင်းထားသည်ဖြစ်သော်လည်း ဝေသာလီခေတ်လက်ရာ အဆက်အနွယ်များပင် ဖြစ်ပါသည်။ ထိုအနုပညာလက်ရာတို့မှ ဝေသာလီခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုများ၊ ကိုယ်လက်အနေအထား၊ ဟန်အမူအယာများ၊ လူနေမှုပတ်ဝန်းကျင်၊ ကိုင်ဆောင်သုံးစွဲသည့် အဆောင်အယောင်များကို သိရှိနိုင်ပါသည်။

---

၁။ ထွန်းရွှေခိုင်(စစ်တွေကောလိပ်)ရခိုင်နန်းဆက်မြို့ဆက်သမိုင်း၊ ၁၉၇၀ ခု၊ တက္ကသိုလ်စာမူပြိုင်ပွဲ။

၂။ ဦးဦးသာထွန်း၊ ထေရဝါဒသာသနာ ရခိုင်မှာ ထွန်းကားလာပုံ၊ ရခိုင်သဟာယမဂ္ဂဇင်း၊ အမှတ်(၃)ဆုရစာတမ်း။

၃။ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ၊ ပထမအကြိမ် ၁၉၉၀၊ ဇန်နဝါရီလ။

၄။ (က) E.H. Johnston. one Sanskrit Inscriptions of AraKan, BSCAS. XI (1944), PP 357-385.

၅။ ကျော်သာညွှန့်၊ "ရခိုင်ဝေသာလီခေတ် ဆင်ယင်ထုံးဖွဲ့မှု အထောက်အကူ" ရခိုင်သဟာယအသင်းမဂ္ဂဇင်း၊ အမှတ်(၃)၊ ၁၉၉၆။

## ဝေသာလီခေတ် အမျိုးသမီး ဆင်ယင်ထုံးဖွဲ့ပုံ

တွေ့ရှိရသော သမိုင်းအထောက်အထားများအရ ဝေသာလီ၏ဆင်ယင်ထုံးဖွဲ့မှုကို သိနိုင်ပါသည်။ ဝေသာလီခေတ်တွင် အမျိုးသမီးတို့သည် ထမီအဖြစ် ခါး၌ပတ်စည်းထားသော အိတ်ရှုံ့နှင့်တူသော ပုံစံမျိုးဝတ်ဆင်ကြသည်။ အေဒီ (၃)ရာစု၊ (၄)ရာစုခေတ်များတွင် ထမီများ မပေါ်သေးပေ။ အိတ်ရှုံ့ပုံစံကို ခါး၌ခါးပန်းကြိုးများဖြင့် ရစ်ပတ်ထားလေ့ရှိကြသည်။ ရခိုင်လူမျိုးတို့သည် ဓညဝတီခေတ်ကပင် ရိုးရာရက်ကန်းပညာတည်ရှိခဲ့၍ ဝေသာလီခေတ်တွင် မွမ်းမံတည်ထွင်မှုများ ရှိလာပြီး လှိုင်းချိတ်၊ လချိတ်နှင့် ပန်းပွင့်ပုံဒီဇိုင်းများ တွေ့ရသည်ဟုဆိုပါသည်။[၁] သို့ရာတွင် အချိတ်ဆင်များကို တထည်လုံး၌ မဟုတ်ပဲ အစွန်းအစများ၌သာ အနားအဖြစ် ရက်လုပ်ထားမည်ဟု ခန့်မှန်းရသည်။ ဝေသာလီနှင့်ခေတ်ပြိုင် အိန္ဒိယတောင်ပိုင်း ကြေးသွန်းလက်ရာများ၊ သီရိလင်္ကာ၊ ကမ္ဘောဒီယားလက်ရာများတို့တွင်လည်း အနားစွန်းပါသော အိတ်ရှုံ့ပုံစံမျိုး၊ အဝတ်စများကို ခါးစည်းကြိုးဖြင့် ရစ်သိုင်းစည်းချီလေ့ရှိသည်ကို တွေ့ရှိရသဖြင့် ဝေသာလီခေတ်တွင်လည်း အဆိုပါနိုင်ငံများကဲ့သို့ပင် အနားစွန်းနှင့် အိတ်ရှုံ့ထမီကို ခါးကြိုးဒွါဒရာများဖြင့် ဆင်ယင်ကြမည်ဖြစ်သည်။ ရင်စည်းအင်္ကျီ ခါးချပ်များကို ဝတ်ဆင်၍ ပဝါပါးများကို ချုံထားလေ့ရှိသည်။

ရခိုင်အမျိုးသမီးများသည် အထက်တန်းကျသော လက်ဝတ်လက်စားများကို ဆင်ယင်လေ့ရှိကြောင်းကို "လက်ကောက်၊ လက်စွပ်၊ တောင့်ပြတ်ဆင်ခြီချင့်မှာပင် မျက်စပိုးထိ၊ ဖဲကြိုးဒွါဒယာမျက်ငါးပြာ"ဟူ၍ လက်ကောက်၊ လက်စွပ်များသာမက ခြေကျင်းများလည်း ဝတ်ဆင်လေ့ရှိကြောင်း သိရသည်။ စီးပွားရေးအဆင်ပြေသောခေတ်ဖြစ်၍ ရွှေများကို အမျိုးမျိုးပြုလုပ်မွမ်းမံနိုင်သော ရွှေပန်းတိမ်အတတ်လည်း ထွန်းကားပေလိမ့်မည်။

"ငွီဖလားမှာ နံ့သာခက်၊ ဆင်ယင်မပျက် လိုက်ဖက်ညီ၊ ပုလဲပုံစီ ရွဲလက်လက်၊ ရွှီဘယက်နှင့် ဆွဲကြိုးငင်၊ ဒေါ်လာခက်ပင် စိန်လျှံပြိုးပြက်၊ ရောင်ယှက်ဘောင်းဘီ၊ နဂရဏီယမင်း၊ မဒ္ဒီပယင်းနားဋ္ဌောင်း ခြံလွှာပေါင်းလို့၊ မောင်းတွင်ခြယ်၊ ပန်းကုံးအလယ်ရှီပွင့်သွယ်လို့၊ ဦးရင်ဆံထိုး၊ မြအိုးလုံးဟန်၊ ကြည့်လိုက်အမှန်၊ သဏ္ဌာန်မယွင်း"ဟူသော တေးများအရ ပုလဲများ၊ ရွှေဘယက်များ၊ နားဋ္ဌောင်းများ ဆင်ယင်လေ့ရှိကြောင်း သိရသည်။ "နားတွင် နားကပ်၊ ကြာသွပ်စီကေ၊ ညင်ညင်ချွတ်လေ၊ ညင်ညင်ချွတ်" ဟူသော သီချင်းအရ နားကပ်ကြီးကြီးပန်လေ့ရှိကြောင်း သိနိုင်ပါသည်။ ဆံပင်တွင် ရွှေပွင့်များလည်း ပန်ဆင်သည်။

ရခိုင်အမျိုးသမီးတို့သည် ဆံကေသာကို လှပစွာ ထုံးဖွဲ့နှောင်လေ့ရှိသည်ကို ရှစ်သောင်းဘုရားနံရံများရှိ ကျောက်ဆစ်ရုပ်များတွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။ မြို့ဟောင်းခေတ်အတွင်း ခေတ်စားခဲ့သော ဆံထုံးများမှာ (၆၄)မျိုး ရှိပါသည်။ ထိုဆံထုံးများသည် ဝေသာလီခေတ်မှတဆင့် ထွန်းကားခေတ်စားခဲ့ခြင်းပင် ဖြစ်နိုင်သည်။ ဝေသာလီခေတ် ကျောက်ဆစ်လက်ရာများတွင် ဆံထုံးများကို ထိပ်လယ်တါင် ထုံးနှောင်လေ့ရှိပြီး ဆံထုံးကို ပုလဲကုံးများဖြင့် ပတ်ခွေလေ့ရှိကြောင်း သိရပါသည်။

ဝေသာလီခေတ် ကျောက်ဆစ်လက်ရာများအရ လက်ကောက်များသာမက လက်စည်းလက်ကြပ်များလည်း ဆင်ယင်မှုရှိကြောင်း တွေ့ရသည်။ ဝေသာလီသည် သရေခေတ္တရာနှင့်အပြိုင် ထွန်းကားခဲ့သောခေတ်ဖြစ်၍ ပျူခေတ် အဝတ်အဆင်များဖြင့် ဆင်တူမှုများ ရှိသည်။

---

၁။　စောမုံညင်း "ရခိုင်အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု" စာပေဗိမာန်၊

## ပုံစံငယ်ပြုလုပ်ခြင်း

ဝေသာလီမြို့ဟောင်းမှ တွေ့ရှိရသော ကျောက်ဆစ်ရုပ်တုများကို အခြေခံ၍ ဝေသာလီခေတ်အမျိုးသမီးတို့၏ အနေအထား၊ ဝတ်စားဆင်ယင်ပုံတို့ကို မှန်းဆရသည်။ ဝေသာလီအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုမှာ အထက်တန်းကျ၍ နေထိုင်သွားလာပုံတို့ ယဉ်ကျေးသိမ်မွေ့လှပေမည်။ အမျိုးသမီးသည် ပွဲလမ်းသဘင်တစ်ခုခုသို့ သွားရောက်မည်ဆိုပါက လိုက်ဖက်တင့်တယ်သော ဆင်ယင်ထုံးဖွဲ့မှုမျိုးကို အပြည့်အစုံဖော်ပြနိုင်ပေမည်။ သို့ဖြစ်၍ ဝေသာလီခေတ်အမျိုးသမီးတို့၏ ပွဲနေပွဲထိုင်သွားဟန်အနေအထားအမျိုးမျိုးကို ပုံစံထုတ်ရေးဆွဲကြည့်ရသည်။ ရရှိလာသောပုံစံများမှ ဝေသာလီခေတ် အမျိုးသမီးတစ်ဦး ဘုရားသို့ မီးပူဇော်ရန် ပြင်ဆင်နေပုံဟန်အနေအထားနှင့် ပွဲသဘင်သွားရန် ပြင်ဆင်နေပုံဟန် အနေအထားတို့ကို ရွေးချယ်၍ ပုံစံထုလုပ်ကြည့်သည်။

ထိုပုံစံနှစ်ခုအနက်မှ ဆင်ယင်ထုံးဖွဲ့မှုအပြည့်အစုံကို ဖော်ပြနိုင်သော ပွဲနေသွားဟန်ကို အတည်ပြုရွေးချယ်ခဲ့သည်။ ပွဲနေပွဲထိုင်သွားမည်ဖြစ်၍ ဦးခေါင်း၌ဆံထုံးကို လှပအောင် ထုံးဖွဲ့၍ ရွှေ ငွေ ကျောက်မျက် ပုလဲတို့ စီချယ်သော လက်ဝတ်ရတနာများကို ပြည့်စုံစွာ ဆင်ယင်နိုင်သည်။ လှပသောအဝတ်အစားများကို ဆင်ယင်ကြ၍ ပဝါများကို ခြုံလွှမ်းသောအလေ့လည်းရှိကြပေသည်။ သို့ဖြစ်၍ မိမိ၏ရုပ်ထုပုံစံသည် ဝေသာလီခေတ်အမျိုးသမီးတို့ ပွဲနေပွဲထိုင်သွားဟန် ဆင်ယင်ထုံးဖွဲ့ထား၍ အပြီးသတ်အနေဖြင့် ပဝါစွန်းများကို နွဲ့နှောင်းစွာ ကိုင်ဆွဲထားဟန် ထုလုပ်ထားခြင်းဖြစ်သည်။

ရုပ်ထုငယ်၏ ဟန်အနေအထားကို လှပတင့်တယ်သော မိန်းမပြတ်တစ်ဦး သွင်ပြင်လက္ခဏာတို့ဖြင့် ဖွဲ့စည်းထားသည်။ ညာခြေထောက်ကို အားပြုရပ်၍ ဘယ်ခြေကိုရှေ့သို့ အနည်းငယ်ထောက်နွဲ့ဟန် ပြုလုပ်ထားသည်။ ညာဘက်ပခုံးပေါ်တင်ထားသော ပဝါစလေးကို ဘယ်ဘက်လက်မှ ကနွဲ့ကယ ဖမ်းကိုင်ထားဟန် ထုလုပ်ထားပါသည်။ ဝေသာလီခေတ် အမျိုးသမီးတစ်ဦး၏ လှပတင်တယ်သောဟန်ကို ထိုခေတ် ဆင်ယင်ထုံးဖွဲ့မှုအပြည့်ဖြင့် တွေ့မြင်နိုင်သော ပုံစံပင်ဖြစ်ပါသည်။

## ရုပ်ထု၏ အမံခံတည်ဆောက်ခြင်းနှင့် ရွှံ့ရုပ်ပြုလုပ်ခြင်း

ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့ပုံရုပ်ထုအား ထုလုပ်မည့်အရွယ်အစားမှာ ၄ပေ ၆လက်မထုလုပ်မည် ဖြစ်သည်။ ပထမဦးစွာ ရုပ်ထုတည်ဆောက်ရန်အတွက် အမည်ခံအဖြစ် ကိုယ်ထည်တလျောက် သစ်သားများကို လိုအပ်သလိုတည်ဆောက်ရသည်။ ခေါင်းခါးခြေလက်စသည့် လှုပ်ရှားနိုင်သည့် အင်္ဂါအစိတ်အပိုင်းများနေရာတွင် လိုအပ်သလို နေရာထားနိုင်ရန် သစ်သားချောင်းများကို သံကြိုးငယ်များဖြင့် တွဲဘက်ပေးရသည်။ သို့မှသာ ရွှံ့ရုပ်ပုံတည်ဆောက်ရာတွင် လိုအပ်သောအနေအထား ရယူနိုင်မည်ဖြစ်သည်။ ထိုအခါ ပုံတွင်ပြထားသည့်အတိုင်း ရွှံ့ကပ်နိုင်သောအနေအထားသို့ ရောက်ရှိပြီဖြစ်သည်။

ရွှံ့ပုံထုရာတွင် ရွှံ့စေးမြေသည် အဓိကဖြစ်၍ ရွှံ့စေးမြေမှုန့်ကို လိုအပ်သည့်အနေအထားရောက်အောင် ရေလောင်းကာလက်ဖြင့် နယ်ပေးရသည်။ ရွှံ့စေးများကို ထုလုပ်၍ ကောင်းသည်အထိ စီးပိုင်နေအောင် နယ်ထားရသည်။ ထို့နောက် ရုပ်ထု၏အဓိကအခြေခံအပိုင်းကြီးများဖြစ်သော ဦးခေါင်းပိုင်း၊ ရင်အုပ်ပိုင်း၊ တင်ပဆုံပိုင်း၊ ဒူးဆစ်ပိုင်း စသည်တို့ကို အရင်ဦးစွာ ကပ်ပေးရသည်။ ပို၍ခိုင်မြဲစေရန် ဂျာလီ ခေါ် သံဇကာကွက်များကို ရစ်ပတ်တွဲပေး၍ ရွှံ့မံပေးထားရသည်။ ထို့နောက် ရွှံ့ဖြင့် တကိုယ်လုံး ပုံစံဖော်ရသည်။ လိုအပ်သောအနေအထားရောက်အောင် တဖြေးဖြေးခြင်းဖို့ကပ်ပေးရသည်။

ရွှံ့များဖို့ကပ်ပေးရာတွင် မိမိလိုအပ်သော ပုံစံအနေအထား ရရှိအောင် ဖို့ကပ်ပေးရသည်။ မိမိရုပ်ထု၏ ဟန်ချက်အနေအထား ရရှိအောင် ပုံဖော်ပေးရသည်။ ဝေသာလီရုပ်ထု၏ဟန်မှာ ညာခြေရပ်၍ ဘယ်ခြေကို အားပြုချက်ခိုင်မာအောင် ရွှံ့ဖြင့် မြဲမြံစွာ တည်ဆောက်ဖို့ကပ်ပေးရသည်။ ဘယ်ခြေကို လိုအပ်လျှင် လှုပ်ရှားနိုင်အောင် ပြုလုပ်ပေးထားရသည်။ ညာလက်၏ဟန်သည် ရင်ဘတ်ပေါ်သို့ နွဲ့နှောင်းစွာ တင်ထားဟန်ဖြစ်စေရန် အမာခံနှင့်အတူ ရွှံ့အားဖို့ကပ်ပေးရသည်။ ဘယ်လက်မှာမူ ညာပခုံးမှ ကျလာသော ပုဝါစကို ကိုင်ဆွဲထားဟန်ဖြစ်၍ လက်ကိုအောက်သို့ အနည်းငယ်ဆန့်၍ ချထားပေးရသည်။

ရုပ်လုံးပေါ်စေရန် ရွှံ့ဖို့ရာတွင် စနုတ်စနစ်ကို မသုံးဘဲ တဖြည်းဖြည်းချင်း ပြည့်ဖို့သွားသော အပေါင်းစနစ်ကို အသုံးပြု၍ ရွှံ့ကပ်သည်။ ရွှံ့ကို နည်းနည်းခြင်းကပ်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ရှိ ကြွက်သားများနှင့် ထုထည်ဧရိယာကွက်များ အနေအထားများကို တည်ဆောက်၍ပုံပေါ်စေသည်။ ရွှံ့ကပ်ရာတွင် ခန္ဓာကိုယ်တစ်နေရာတည်းကိုသာ ကပ်ခြင်းမဟုတ်ဘဲ နေရာအနှံ့အပြားသို့ ရုပ်လုံးပေါ်စေရန် ကပ်ပေးရခြင်းဖြစ်သည်။ သို့မှသာ ရုပ်ပုံသည် တဖြည်းဖြည်းခြင်းအားဖြင့် ရုပ်လုံးပေါ်လာမည်ဖြစ်ပြီး အားနည်းချက်များကို လိုအပ်သလို ပြုပြင်တည်ဆောက်ယူနိုင်မည်ဖြစ်သည်။

ဝေသာလီခေတ် အမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးသည် စံပြအချိုးရှစ်ချိုးဖြင့် တည်ဆောက်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ဦးခေါင်းပိုင်းအချိုး၏ ရှစ်ဆသည် ကိုယ်ခန္ဓာတစ်ရပ်လုံးဖြစ်သည်။ ခန္ဓာကိုယ်၏အလယ်ဗဟိုသည် ညာဘက်ပေါင်ရိုးထိပ်တွင် ရှိသည်။ ဒူးခေါင်းပိုင်းသည် ခန္ဓာကိုယ်အောက်ပိုင်း၏ အလယ်ဗဟိုနေရာဖြစ်သည်။ လက်နှစ်ဖက်၏ ဘေးဆန့်တားအရှည်သည် ပေါင်လယ်ပိုင်းထိ ရောက်ရှိသည်။

အမျိုးသမီးရုပ်လုံး တည်ဆောက်ခြင်းဖြစ်၍ တင်ပဆုံပိုင်းကို ထုထည်တည်အားကောင်းစွာ ဖွဲ့စည်းပေးရသည်။ ရင်အုပ်ပိုင်းကိုလည်း လိုက်ဖက်သောအချိုးအစားဖြစ်အောင် ရွှံ့ကပ်ပေးရ၍ ထိုအပိုင်းကြီးနှစ်ပိုင်း၏ အလယ်တွင် ကျင်သောခါးဖြစ်စေရန် ဝမ်းဗိုက်ပိုင်းကို လိုက်ဖက်ညီအောင် ရွှံ့ဖြင့် ဖွဲ့စည်းတည်ဆောက်ပေးရသည်။ ဦးခေါင်းပိုင်း၊ ဒူးဆစ်ပိုင်းနှင့် ခြေခုံပိုင်းတို့ကိုလည်း အထက်ဖော်ပြပါ အပိုင်းကြီးများဖြင့် လိုက်ဖက်ညီသော ထုထည်ဖွဲ့စည်းမှုမျိုးဖြစ်စေရန် လည်ပင်း၊ ပေါင်၊ ခြေသလုံးသားတို့ကို အချိုးအစားကျနစွာ ဆက်သွယ်ဖို့ ကပ်ပေးရသည်။

ရုပ်လုံးအား ရွှံ့ဖြင့် အနီးကပ်ပုံဖော်ဖို့ ကပ်နေစဉ်အတွင်း မိမိ၏ရုပ်လုံးတကိုယ်လုံးအား အနီးကြည့်၊ အဝေးကြည့်တို့ဖြင့် ရှုထောင့်မျိုးစုံမှ စဉ်ဆက်မပြတ် ဝေဖန်အကဲဖြတ်လျက် လိုအပ်ချက်များကို ဖို့ကပ်ပေးရသည်။ ပိုလွန်းသွားသည်များကိုလည်း အချိန်မီ နှုတ်ယူပေးရသည်။ အမျိုးသမီး ရုပ်ထုထုလုပ်ခြင်းဖြစ်၍ လှပသော ဦးခေါင်း၊ လိုက်ဖက်သော လည်တိုင်၊ တင့်တယ်သော ရင်၊ အချိုးအစားကျသော ဝမ်းဗိုက်၊ သေးကျင်သောခါး၊ ဖွံ့ဖြိုးသော တင်ပဆုံတို့နှင့် လိုက်ဖက်သော ပေါင်တံ၊ ဒူး၊ ခြေသလုံး၊ ခြေဖဝါးများနှင့် လက်မောင်းများကို မှန်ကန်သော ထုထည်ဖွဲ့စည်းမှု၊ ကြွက်သားများဖြင့် တင့်တယ်လှပအောင် ရွှံ့ဖြင့် ထုလုပ်ပေးရသည်။ သို့မှသာ အချိုးအစားကျနသော ဝေသာလီခေတ် အမျိုးသမီး၏ လှပသောပုံသဏ္ဍာန်ပေါ်ထွက်လာမည် ဖြစ်ပါသည်။

ရုပ်လုံးပေါ်အောင် ရွှံ့ကပ်ခြင်းကို စနစ်တကျ ပြုမူဆောင်ရွက်ခြင်းဖြင့် ရုပ်လုံးအမျိုးအစားကျမှုကို အထောက်အကူပြုသည်။ နည်းနည်းခြင်းဖြင့် ရွှံ့ဖို့ခြင်းကို ခန္ဓာကိုယ်ရှိ ကြွက်သားများ၏ အနေအထားကို တိကျစွာဖော်ဆောင်နိုင်သည်။ လောကြီးပြီး ရွှံ့များများ ဖို့ပြီးမှ နုတ်သည့်စနစ်သည် ရုပ်ထု၏အခြေမခိုင်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ရွှံ့များကပ်ရာတွင် ရွှံ့စေး၏သဘောကို ပေါ်လွင်အောင်ဖော်၍ တစ်လွှာပြီးတစ်လွှာကပ်၍ မံပေးရသည်။ သို့မှသာ ရွှံ့လက်ရာ ကြိုးပမ်းချက်ပေါ်လွင်ပေမည်။ ရုပ်လုံး၏ဝဲယာ၊ ရှေ့၊ နောက်၊ အထက်အောက်တို့ကို လှည့်လည်၍ ဖို့ပေးသည်။ သို့ဖြင့် အချိုးအစားကျသော ထုထည်၊ ကြွက်သားတို့ဖြင့် ဖွဲ့စည်းထားသော ရုပ်လုံးကို ရရှိပေသည်။

ထိုသို့ ရုပ်ထုထုလုပ်နေသော အချိန်အတွင်း ရွှံ့ဖြင့် ရုပ်လုံးပေါ်အောင် ဖော်ဆောင်ခြင်းနှင့် လုပ်ငန်းစဉ်(၃)ရပ်ကို အမြဲမပြတ် လုပ်ဆောင်ရသည်။ ရုပ်ထုစတင်ထုလုပ်သည့် (၁၈-၆-၉၇)ရက်နေ့မှ ရွှံ့ရုပ်ပြီးစီးသည့်နေ့တိုင်အောင် နေ့စဉ်မပြတ် လုပ်ဆောင်ရခြင်းဖြစ်သည်။ ယင်းမှ ရွှံ့ရုပ်ကို တနေ့တာထုလုပ်မှုပြီးသောအချိန်တွင် ရွှံ့ရုပ်ထုကို ရေဆွတ်ပေးရခြင်း၊ အကာအကွယ်ပြုပေးရခြင်းနှင့် ကရိယာများကို ရေဆေးရခြင်းတို့ဖြစ်သည်။

ရွှံ့ရုပ်ထုကို ရေဆွတ်ပေးရခြင်းမှာ ရွှံ့ရုပ်ထုခြောက်သွေ့မှုအဖြစ် ပေါ်လာစေရန် ဖြစ်သည်။ ထုလုပ်ပြီးသော ရွှံ့ရုပ်ထုသည် ခြောက်သွေ့ပါက ကွဲအက်ခြင်းဖြစ်ပေါ်စေပြီး ဆက်လက်လုပ်ကိုင်ရာတွင် အနှောက်အယှက်ဖြစ်စေသည်။ ထို့ကြောင့် နောက်တစ်နေ့ဆက်၍ ပုံဖော်ရန်အတွက် ရွှံ့ခြောက်မသွားစေရန်နှင့် အလုပ်လုပ်ရာတွင် လွယ်ကူစေရန် ရွှံ့ရုပ်ထုကို နေရာအနှံ့ရေဆွတ်ပေးရသည်။ ရေစွတ်ပြီးပါက ပလက်စတစ်သားဖြင့် ရွှံ့ရုပ်ထုကို ဖုံးအုပ်အကာအကွယ်ပြုပေးရသည်။ ရွှံ့ရုပ်မခြောက်သွေ့စေရန်နှင့် အလုပ်လုပ်ရာတွင် လွယ်ကူစေရန် ပြင်ပထိခိုက်မှုများ မရှိစေရန် ထိုသို့အကာအကွယ်ပြုပေးခြင်းဖြစ်သည်။ လေမဝင်စေရန် သေချာစွာ ဖုံးအုပ်မှုပြုရသည်။ လိုအပ်လျှင် အဝတ်ကို ရေဆွတ်၍ ဖုံးအုပ်ပေးရသည်လည်းရှိသည်။ ထို့နောက် ရွှံ့ရုပ်ထုပြုလုပ်ရာတွင် သုံးသောကရိယာများကို ရွှံ့များပေနေမှုမရှိအောင် စင်ကြယ်စွာရေဆေးပေးရသည်။ ပြီးလျှင်ခြောက်သွေ့အောင် အဝတ်ဖြင့်သုတ်၍ နောက်တနေ့လုံး အသုံးပြုနိုင်အောင် အဆင်သင့်ထားရသည်။

ရုပ်ထု၏ဦးခေါင်းပိုင်းမှ နံအိမ်ပိုင်းကို ဆက်သော လည်ပင်းပခုံးသားအပိုင်း၊ ထိုမှကျောရိုးအတိုင်းဆင်း၍ တင်ပါးဆုံပိုင်း၊ တင်ပါးဆုံပိုင်းမှ ဒူးဆစ်ပေါင်ရိုးပိုင်း၊ ထိုမှခြေသလုံးနှင့် ခြေခုံပိုင်း၊ ထို့နောက် လက်မောင်းရင်းမှ လက်ဖျားပိုင်းတို့ကို သေချာတိကျစွာ ထုလုပ်ပေးရသည်။ ထုထည်ဖော်ပြီးနောက် အစိတ်အပိုင်းတစ်ခုစီ၏ ခန္ဓာဗေဒသဘောတရားများကို အသေးစိတ်ထုလုပ်ရသည်။

ရွှံ့စေးထုတ်ခြင်း အခြေခံပုံသဏ္ဌာန်ကို ထုလုပ်ပြီးပါက ရုပ်လုံးကို အဝတ်အစား အဆင်အယင်များဖြင့် ပုံဖော်ပေးရသည်။ ရွှံ့စေးရုပ်ထုပြုလုပ်ရာတွင် အသက်ဝင်လှုပ်ရှားဟန်ပေါ်လွင်စေရန် သတိပြုရမည့်အချက်မှာ အဝတ်အစားဝတ်ထားလျှင် အတွင်းနှင့်အလျော့ဆိုသည့် သဘောကို နားလည်ထားရန် လိုအပ်သည်။ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားတွင် အရေးကြီးသောအချက်မှာ အသားနှင့်ထိကပ်နေသော အဝတ်သည်မာ၍ အသားနှင့်လွတ်နေသော အဝတ်သည် ပျော့ပြောင်းခြင်းပင်ဖြစ်သည်။ ရုပ်ထုကို အဝတ်တန်ဆာများထည့်သွင်းထုလုပ်ရာတွင် အောက်ခံထုထည်ဖွဲ့စည်းမှုများကို ပျောက်မသွားစေရန် သတိပြုထုလုပ်ရသည်။ အဝတ်အစားအထူအပါးပေါ် မူတည်၍ အတွန့်အခေါက်များကို လိုသလိုထုလုပ်ပေးရသည်။

ဝေသာလီအမျိုးသမီးတို့၏ ဝတ်ဆင်ဟန်မှာ အိတ်ရှုံ့ကဲ့သို့သော ထမီမျိုးကို ခါးတွင်ခါးစည်း ဒွါဒရာများဖြင့် လှပအောင် ဆင်ယင်ခြင်းဖြစ်ပေရာ ယခုထုလုပ်သော ရုပ်ထုကို ထိုကဲ့သို့ ဆင်ယင်ပေးရသည်။ အိတ်ရှုံ့ကဲ့သို့သော ထမီ၏အဝတ်တွန့်များကို ထည့်ပေးရသည်။ ခါးစည်းထားရာမှ ပြန်ပိုထွက်လာသော ထမီအစများကို ရုပ်ထု၏အရှေ့ပိုင်းတွင် လှပသပ်ရပ်စွာ ကျရှိအောင် အဝတ်တွန့်ကို ထုလုပ်ပေးရသည်။ ခါးစည်းထားသဖြင့် ထမီအဝတ်တွန့်၏ တွဲလွဲခိုမှုသဘောကို ထည့်သွင်းထုလုပ်ထားသည်။ အဝင်အထွက်သဘော၊ ငုပ်လျှိုးသွားခြင်းသဘောများလည်း ပါရှိသည်။ ထမီ၏အနားစွန်းများသည် ဝေသာလီခေတ်၏ လှိုင်းချိတ်ဒီဇိုင်းများကို ထည့်သွင်းတန်ဆာဆင်ထားသည်။

ခါးစည်းကြိုးများကို အဆန်းတကြယ် ဆင်ယင်လေ့ရှိသည်ဟု သိရှိရသဖြင့် ဝေသာလီရုပ်ထု၏ ခါးစည်းကြိုးများကို ရွဲလုံးလေးများ ပါရှိပြီး ရွှေကြိုးများ ယှက်ထိုးထားသည့်ဟန် ထုလုပ်ထားပါသည်။ ခါးစည်းကြိုးများကို ခါးပေါ်တွင် လှပစွာ တွဲလွဲကျနေသောဟန်ကို ထည့်သွင်းထားသည်။ ဝေသာလီခေတ်အင်္ကျီသည် ရင်စည်းကိုယ်ကျပ်အင်္ကျီပုံစံဖြစ်သည်။ ရင်စည်းအနားစွန်းများကို ပန်းပွင့်ဒီဇိုင်းများဖြင့် အလှခြယ်ထားဟန် ထုလုပ်ထားပြီး အတွင်းမှ ခန္ဓာဗေဒဖွဲ့စည်းမှုများကို မပျောက်ပျက်အောင် ထည့်သွင်းထားသည်။

ဝေသာလီခေတ် အမျိုးသမီးကို ရခိုင်အမျိုးသမီးတို့၏ မျက်နှာဟန်ထုလုပ်ထားပါသည်။ ဝေသာလီခေတ် ဆံထုံးများမှာ ဆံပင်ကို ထိပ်တည့်တည့်တွင် ထုံးဖွဲ့ထားလေ့ရှိသည်ဟု သိရသည်။ ထို့ကြောင့် ဝေသာလီခေတ် အမျိုးသမီး၏ ဆံထုံးကို မြို့ဟောင်းရှစ်သောင်းဘုရားနံရံရှိ ရခိုင်ဆံထုံးများကို မှီ၍ ပုံစံပြု ထုလုပ်ထားသည်။ ဆံထုံးကို ကျောက်မျက်စီခြယ်သော ဆံထုံးစစ်ကို ဆင်ယင်ထားသည်။ ဦးခေါင်းပေါ်တွင် ဆံထုံးမှ နဖူးဆံထိပ်အထိ ရတနာစီချယ်ထားသော ကြိုးကလေးတွဲလွဲကျနေဟန် ထုလုပ်ထားသည်။ နားတွင် နားကပ်ကြီးများ ပန်ဆင်သည့်အထောက်အထားများအရ ယခုထုလုပ်သော ဝေသာလီရုပ်ထု၏ နားကပ်သည် ရတနာကျောက်စီသော နားကပ်ဝိုင်းဝိုင်းကြီးကြီး ပန်ဆင်ထားဟန် ထုလုပ်ထားသည်။

ဝေသာလီခေတ် အမျိုးသမီးတို့သည် လက်ဝတ်ရတနာ၊ ဆွဲကြိုး၊ ဘယက်၊ လက်ကောက်၊ လက်ကျပ်၊ လက်စွပ်၊ ခြေကျင်းများကို အဆန်းတကြယ် ဆင်ယင်လေ့ရှိကြောင်း သိရသဖြင့် ဝေသာလီအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု ရုပ်ပုံအား အထက်ပါအဆင်တန်ဆာများကို လှပစွာ ဆင်ယင်ထုလုပ်ထားပါသည်။ ပဝါကိုလည်း ဆင်ယင်ကြကြောင်း သိရှိရသောကြောင့် ရုပ်ထုတွင် ညာဘက်ပခုံးမှ ပဝါလေးလျောကျနေသည်ကို ဘယ်လက်ဖြင့် အသာအယာကိုင်မထားဟန် ထုလုပ်ထားပါသည်။

ဝေသာလီရုပ်ထု၏ ဆင်ယင်ထုံးဖွဲ့မှုများကို အသေးစိတ်ထုလုပ်တန်ဆာဆင်ပြီးနောက် ပြန်လည်စီစစ်မှုပြုလုပ်ပေးရသည်။ လိုအပ်သောနေရာများကို လိုတိုးပိုလျှော့ ပြုလုပ်ပေးရသည်။ ဤသို့ဖြင့် ထုလုပ်သူ၏ စိတ်ကြိုက်ဟန်အနေအထားဖြင့် ထုလုပ်ထားသော ဝေသာလီခေတ်အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရွှံ့ပန်းပုရုပ်လုံးထုလုပ်ခြင်းသည် ပြီးပြည့်စုံမှုသို့ ရောက်ရှိသွားပါသည်။

---

၁။ ရာမညကိုကိုနိုင် အမွေခံထိုက်စရာ မြန်မာ့ပန်းပုပညာ (စာပေဗိမာန် ၁၉၈၇။)

# ဝေသာလီခေတ်အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးအား ပလာစတာ သွန်းလောင်းခြင်း

ဝေသာလီရုပ်တုအား ရွှံ့ပုံတွင် စိတ်တိုင်းကျ ထုလုပ်ပြီးပါက ပလာစတာပုံလောင်းရန် အသင့်အနေအထားသို့ ရောက်ရှိပြီဖြစ်သည်။ ပလာစတာမလောင်းမီ ရွှံ့ရုပ်ထုအား ရွှံ့များ ပြန်လည်ထုတ်ယူနိုင်ရန် ရွှံ့ရုပ်ပေါ်မှ အသေးစိတ်လက်ရာများကို ရယူနိုင်ရန် မိုလ်( Mold ) အစိတ်များ ခွဲရသည်။ ရွှံ့ရုပ်တွင် မိုဖမ်းယူမည့် အစိတ်များ မည်မျှထားသင့်သည် ကို သတိပြု၍ စဉ်းစားရသည်။ ဤမိုစိတ်များ ပြုလုပ်ရသည်မှာ လက်ဝင်သဖြင့် စိတ်ရှည်ရန် လိုအပ်သည်။ ရွှံ့ရုပ်တွင် ခွဲခြမ်းစိတ်ဖြာပြီး မိုကွက်များ ရယူနိုင်ရန်အတွက် ဖလင်ပြားများကို တစ်လက်မ (သို့မဟုတ်) နှစ်လက်မအရွယ်များ ပြုလုပ်ထားရသည်။ ဖလင်ပြားသည် ပါးသဖြင့် ရွှံ့ရုပ်ထုတွင် စိုက်၍ပလာစတာပက်ဖျန်းပြီး ခွာသည့်အခါ ရုပ်ပုံတွင် အရာသေးငယ်စွာ ကျန်ရှိနေစေမည်ဖြစ်သည်။ ဤသို့ပြုလုပ်ထားသော ဖလင်ပြားများကို “ရှင်းပြား”များဟု ခေါ်ဆိုသည်။ အချို့နေရာများတွင် အတွင်းသားများ၌ ဖလင်ပြား ဝင်မရသည့်နေရာများ၌ ရွှံ့ဖြင့် ဖာသည့်စနစ်ကို အသုံးပြုရသည်။ ထိုဖလင်ပြားစိုက်နေစဉ်တွင် ရွှံ့ရုပ်ထုသည် မာမနေပဲ ပျော့နေစေရမည်။ သို့မှသာ ဖလင်ပြား အလွယ်တကူစိုက်၍ ရမည်အပြင် မိုစိတ်မျဉ်းကြောင်းများ ညီညီညာညာ ရရှိမည်ဖြစ်သည်။ ဖလင်ပြားများ စိုက်ပြီးပါက ရွှံ့ဖြင့် ဖလင်ပြားများ၏ ထိပ်များတွင် တစ်ခုနှင့်တစ်ခုဆက်၍ သွားအောင်ပြုလုပ်ပေးရပြန်သည်။

ထိုသို့ မိုစိတ်များခွဲပြီး ဖလင်နှုတ်ခမ်းများကို ရွှံ့ဖြင့် သိမ်းပြီးပါက ပလာစတာလောင်းရန် အသင့်အနေအထားသို့ ရောက်ရှိပြီဖြစ်သည်။ ပလာစတာမလောင်းမီ ပလာစတာအား စမ်းသပ်ရန် လိုအပ်ပြန်သည်။ အဘယ်ကြောင့်ဆိုသော် ပလာစတာ (Date Out) များဖြစ်နေပါက မိုပျက်စီးတတ်သောကြောင့် ဖြစ်သည်။ ပလာစတာအမှုန့်သည် နူးညံ့ချောမွတ်နေ၍ အခဲများမပါ၊ အညစ်အကြေး သန့်စင်နေရမည်။ ပလာစတာရုပ်ထုအား အရောင်ဖြူဖွေးနေစေမည့် ပလာစတာအရုပ် ဖြစ်စေရသည်။ စမ်းသပ်ဖျော်ရန် လိုအပ်သည်။ ပလာစတာကို ဖျော်ကြည့်ခြင်းဖြင့် မည်သည့်အချိန်တွင် ခဲသည်၊ ပလာစတာစွမ်းအား လျော့နည်းသည်။ လတ်ဆတ်သည်တို့ကို သိရှိနိုင်သည်။

ပလာစတာအမှုန့်တွင် ပလာစတာအခဲကို အစိမ်းအတိုင်း အမှုန့်ပြုလုပ်ပြီး မီးဖြင့်လှော်ထားသော ပလာစတာသည် အခြောက်မြန်သည်။ ပန်းပုရုပ်ထု သွန်းလောင်းရာတွင် အခြောက်မြန်သည့် အမာခံစနစ်ရှိသည့် ပလာစတာမျိုးကို သုံးရန်လိုအပ်သည်။ ဖျော်ပြီး (၁၀)မိနစ်အတွင်း ခြောက်သောပလာစတာမျိုးကို သုံးရသည်။ ဖျော်ပြီးပလာစတာကို လိုအပ်သည့် အပျစ်မကျဲ အရည်အတိုင်း သစ်သားပြားတစ်ခုပေါ်တွင် ချကြည့်ပြီး စောင့်ကြည့်ပါက ပလာစတာခဲသည့် အချိန်ကို သိရပေသည်။

ပလာစတာဖျော်ရာတွင် ပုံမှန်အားဖြင့် ရေတစ်ဆ၊ ပလာစတာ တစ်ဆခွဲဖျော်စပ်ရသည်။ ပါရီပလာ စတာ (Plaster of Paris)သည် ရေကိုးဆ၊ ပလာစတာဆယ်ဆ ရောစပ်ရသည်။ ပလာစတာဖျော်ခွက်သည် သန့်ရှင်းမှုရှိရမည်။ ဖျော်ခွက်တွင် ရေကိုအရင်ထည့်ပြီးမှ ပလာစတာမှုန့်ကို ဖြူးထည့်ပေးရသည်။ ပလာစတာမှုန့်ကို ဖြည်းဖြည်းခြင်း ဖြူးပေး၍ ပလာစတာမှုန့်များပေါ်တွင် အပေါ်ယံရေကြည်ပါးပါးလေး ကျန်တော့သည်အထိ ဖြူးထည့်ပေးရသည်။ ထို့နောက် လက်ဖြင့် သမသွားအောင် မွှေ၍ဖျော်ရသည်။ ပလာစတာအရည်ကို ကြာကြာမွှေလျှင် ကျဲရာမှ ပျစ်လာသည်။ မိမိလိုအပ်သောပမာဏ မပျစ်မကျဲအနေအထားတွင် ပလာစတာသွန်းလောင်းခြင်းကို ပြုလုပ်ရသည်။

ဝေသာလီရုပ်ထုအား ပလာစတာသွန်းလောင်းရာတွင် ပထမဦးစွာသွန်းလောင်းသော ပလာစတာဖျော်ရည်တွင် မဲနယ်မှုန့်ထည့်၍ အပြာရောင် ပလာစတာဖြစ်စေသည်။ ထိုသို့ အရောင်ပြောင်းလဲရခြင်းမှာ

ပလာစတာခွာသည့်အခါ ရွှံ့နှင့်အနီးကပ်ဆုံးအလွှာအဖြစ် သတိပေးထားခြင်းပင်ဖြစ်သည်။ သို့မှသာ ပလာစတာ ရုပ်ထုကို မထိခိုက်စေရအောင် မိုခွာယူနိုင်ပေမည်။ ထိုသို့ ပထမတစ်ထပ် အပြာရောင်ပလာစတာအရည်ကို ရွှံ့ပုံ၌ ကြိုကြိုကြားကြားမကျန်၊ ဝင်အောင် လောင်းပက်ပေးရသည်။ မိုတစ်ကွက်ခြင်းကို စိတ်ရှည်စွာဖြင့် လောင်းရသည်။ ထပ်မံ၍ တစ်ကွက်ပြီးတစ်ကွက် လောင်းပေးရသည်။ ပလာစတာရည်ကို ခပ်သွက်သွက်ဖျော်ပေးရပြီး တခါလောင်းပြီးတိုင်း ဖျော်ခွက်ကို စင်ကြယ်အောင်ရေဆေးရသည်။ ပြီးမှတစ်ဖန် ထပ်ဖျော်ရည် လောင်းပေးရသည်။

ပထမအထပ်အဖြစ် အရောင်ဖြင့် လောင်းပြီးနောက် ဒုတိယအထပ်တွင် အရောင်မလိုတော့ပေ၊ ပလာစတာအဖြူချည်းသက်သက် လောင်းပေးရသည်။ တစ်ထပ်ပြီးတစ်ထပ်လောင်းရာတွင် အထပ်ခြင်းတွဲကပ်စေရန် ပလာစတာကို ခြစ်ကြောင်း(သို့မဟုတ်) မစိုမခြောက်တွင် မျက်နှာပြင်အား ကြမ်းပေးရသည်။ သို့မဟုတ်က မိုခွာသောအခါတွင် အခက် အခဲရှိတတ်သည်။ ဝေသာလီရုပ်ထု၏ မိုလောင်းရာတွင် မိုအထူသည် တစ်လက်မမှ တစ်လက်မခွဲအထိ ရှိသည်။ ပလာ စတာအထပ်နှစ်ထပ်ခန့် လောင်းပြီးလျှင် မိုစိတ်များ ခိုင်ခန့်ရန် ဂုံနီအိတ်အပိုင်းအစလေးများအား ပလာစတာအရည်စွတ် ၍ ကပ်ပေးရသည်။ ဤသို့ပြုလုပ်ခြင်းသည် မိုများ ကျိုးပျက်ခြင်း၊ ကွဲကြေခြင်းတို့မှ ဝေးမည်ဖြစ်သည်။ မိုလောင်းပြီးပါက ဖလင်ပြားများကို နှုတ်ယူရသည်။ ပြီးနောက် ရွှံ့ထုတ်ယူရန်အတွက် မိုအစိတ်အပိုင်းများကို စိတ်ရှည်စွာ ခွာယူရသည်။ မိုစိတ်များကြီးလျှင် မိုထိန်းအဖြစ် သစ်သားချောင်းများကို တွဲကပ်၍ ချုပ်ပေးထားရသည်။ မိုစိတ်များ ထုတ်ယူပြီးသောအခါ အတွင်းရှိ ရွှံ့များကို ကုန်စင်အောင် ထုတ်ယူရသည်။

ရွှံ့များထုတ်ယူပြီးသောအခါ မိုတစ်ခုလုံးအား ရေဝအောင် ဆေးကြောပေးရသည်။ ရေဆေးရာတွင် အနုစိတ်လက်ရာများမပျောက်စေရန် အထူးသတိပြုရသည်။ မိုများရေဝ၍ သန့်ရှင်းသွားသောအခါ အတွင်းမိုအား ဆပ်ပြာသုတ်ရသည်။ ဆပ်ပြာဟုဆိုရာတွင် ဆပ်ပြာနှင့် တာပင်တိုင်(သို့) ဆပ်ပြာနှင့် အင်ဂျင်ဝိုင်စသည်တစ်ခုခုရော၍ ကျိုထားသောအရာပင်ဖြစ်သည်။ ဆပ်ပြာသုတ်ပြီးသောအခါ ပုံလောင်းရန် အသင့်အနေအထား ရောက်ပြီဖြစ်သည်။ ထိုသို့ပုံလောင်းရာတွင် ပလာစတာအား အပြည့်လောင်းခြင်းနှင့် အခေါင်းပွဲလောင်းခြင်းဟူ၍ ရှိရာ ဝေသာလီရုပ်ထုသည် အခေါင်းပွလောင်းထားခြင်းဖြစ်သည်။ ဝေသာလီပုံအား ပလာစတာအတွင်းသားလောင်းရာတွင် လေပေါက်ခိုမှုမရှိစေရန် စနစ်တကျ စိတ်ရှည်စွာ လောင်းပေးရသည်။ အတွင်းသား နှံ့စပ်မှုရှိစေရန် မိုရုပ်ထုကို လှုပ်ပေး၍ လောင်းရသည်။ ပုံခိုင်ခန့်မှုရှိစေရန် အတွင်း၌ ဂုံနီအိတ်အပိုင်းအစများကိုလည်း ကပ်ပေးရသည်။ ထို့ပြင် အမာခံတောင့်တင်းမှုအတွက် သစ်သားတိုင်များကို လည်ပင်းအထိ ထိုးသွင်း၍ လောင်းပေးရသည်။ သံချောင်းများကို အသုံးမပြုပေ။ အဘယ်ကြောင့် ဆိုသော် သံချောင်းသည် ကြာလျှင် သံချေးတက်၍ ပလာစတာကို ဆွေးမြေ့သွားစေသည်။ ထိုအခါ ပုံ၏ ခိုင်ခန့်မှုသည် လျော့နည်းသွားကာ ပျက်စီးခြင်းသို့ ရောက်တတ်သည်။ တချို့ပုံများတွင် သံချောင်းများကို ဆေးသုတ်၍ ထည့်တတ်ကြသည်။ ဝေသာလီပုံအား မိုများဆက်ရာတွင် တချို့မိုများကို အတွင်းသို့ နှိုက်၍အတွင်းဆံကို ချုပ်ပေးရသည်။ မလွယ်ကူသောမိုများကို မိုအပ်ကာ တေ့ဆက်ခြင်းနည်းဖြင့် ဆက်ပေးရသည်။ မိုဆက်ရာတွ အံဝင်ဂွင်ကျရှိစေရန် အထူးသတိပြုရသည်။ မိုလွဲချော်မှုရှိလျှင်လည်း မိုအားအတွင်းသို့ ကျွံဝင်မသွားစေရန် သတိပြုရသည်။ အပေါ်သို့ပို၍ တက်နေပါက ထွင်းရလွယ်ကူပေသည်။ တချို့သောခြေလက်အပိုင်းများကို အပြည့်လောင်း၍ မိုပိတ်ရသည်။ သို့မှသာ ခြေ၊ လက်တို့မှာ အထိအခိုက် ခံနိုင်မည် ဖြစ်သည်။

အတွင်းသား ပုံလောင်းပြီးသောအခါ အပြင်မိုစိတ်များကို ခွာရန် လိုအပ်လာသည်။ ထိုသို့ခွာရန် သစ်သားစို့၊ ဆောက်၊ ဓားမနှင့် လွှများလိုအပ်သည်။ ဝေသာလီရုပ်ထုမှာ ပုံကြီး၍ ထိုလက်နက်များကို သုံးခြင်းဖြစ်သည်။ ထို့နောက် မိုကို စိတ်ရှည်လက်ရှည်စွာ ခွာယူရသည်။ ထိုသို့ မလိုအပ်သော ပလာစတာမိုများကို ခွာနေစဉ် အစပထမအခံဖြစ်သော အပြာရောင်အလွှာကို အမြဲသတိပြုရသည်။ အပြာရောင်ရောက်လျှင် အတွင်းရုပ်ပုံနှင့် အနီးကပ်ဆုံးသို့ ရောက်ပြီဖြစ်သည်။ ထိုအပြာရောင်ရောက်လျှင် ဆောက်မလွန်စေရန် သတိပြုရသည်။ ဆောက်လွန်သွားပါက အတွင်းသားရုပ်ထုကို ထိခိုက်တတ်သည်။ ထိုအခါ သစ်သားစို့ကို သုံးခြင်းဖြင့် အန္တရာယ်ကင်းသည်။

မိုခွာသောအခါ မိမိကိုယ်တိုင်လောင်း၍ မိမိကိုယ်တိုင်ခွာလျှင် ပို၍သင့်တော်သည်။ အကြောင်းမှာ အစပထမဖလင်ပြားမိုစိတ်များ၏အကြောင်းကို မိုပြုလုပ်သူကသာ သိနေသောကြောင့်ဖြစ်သည်။ တခြားလူက မသိပဲဝင်ခွာလျှင် ပုံပျက်နိုင်သည်။

မိုခွာပြီးသော ပလာစတာရုပ်ထု၏ မညီညာသောဆက်ကြောင်းနေရာများကို ကော်ပတ်ဖြင့်သာမက ပြုပြင်လိုသော ပလာစတာအစိတ်အပိုင်းများကို တံစည်းကဲ့သို့သော ကိရိယာဖြင့်ဖြစ်စေ၊ လက်သည်းစောင်းဖြင့်ဖြစ်စေ အနုတ်ပညာ သဘောပြုလုပ်ရသည်။ ထို့နောက် ရုပ်ထုတစ်ခုလုံးကို အချောသတ်ပြုလုပ်ပေးရသည်။ ကော်ပတ်စားခြင်း၊ သံစည်းတိုက်ခြင်း၊ လိုအပ်သော နေရာများကို ဖို့ခြင်း၊ မလိုအပ်သောနေရာများကို ထွင်းခြင်းဖြင့် ပုံချောသို့ရောက်အောင် ပြုလုပ်ရသည်။ ထို့နောက် ဖြူဖွေးသန့်စင်လှပသော ဝေသာလီအမျိုးသမီးရုပ်ထုအဖြစ်သို့ ရောက်ရှိသွားပါသည် နောက်ဆုံးအဆင့် အရောင် ပိုင်းဆိုင်ရာကို မိမိစိတ်ကြိုက် ရွေးချယ်၍ အရောင်တင်ရပါသည်။

## ဝေသာလီ မင်းသမီး ပန်းပုရုပ်အား ကြေးသွန်းလောင်းခြင်း နည်းပညာ

ကြေးသွန်းလောင်းရာတွင် ယေဘူယျအားဖြင့် ပုံစံ(ပုံကြမ်း)ပြုလုပ်ခြင်းနှင့် အချောကိုင်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ဝေသာလီမင်းသမီးရုပ်ထုအား ကြေးသွန်းလောင်းမည်ဆိုပါက ဦးစွာပုံစံ(ပုံကြမ်း)ပြုလုပ်ရသည်။ ပုံစံပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများဖြစ်သော မြေနီ၊ သဲနုန်းမြေ၊ မြင်းချေး၊ သစ်သားကရိယာများ လိုအပ်ပါသည်။ ထိုနောက် ဝေသာလီမင်းသမီးရုပ်ထုအား ပုံကြမ်းပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ရာတွင် မြေနီနှင့် သဲအချိုးကျ ရောစပ်ထားပြီး၊ ခပ်မာမာအနေတွင် အောက်ခြေပုံကြမ်းတည်ခြင်း၊ (စဥ့်ခွေခြင်း)ဦးစွာပြုလုပ်ပြီး အဆင့်ဆင့် ခေါင်း၊ ခါး၊ ခြေလက် စသည်တို့ကို လိုအပ်သော အရွယ်အစားသို့ရောက်အောင် ပြုလုပ်ရသည်။ တစ်ချို့က စဥ့်မြေစေးဖြင့် လိုသောပုံကို ပြုလုပ်သည်။ ထို့နောက် မြေနုနုဖြင့် ထပ်အုပ်၍ ပြုပြင်ရသည်။ တတိယအဆင့်တွင် အနုဆုံးမြေနုဖြင့် အုပ်၍ ရုပ်လုံးကို မွမ်းမံရသည်။ ရုပ်ထုထုလျှင်၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်းတို့ကို ဖော်ရန်မလိုချေ။ လက်ခြေသဏ္ဌာန် ရုပ်လုံးဖော်ရုံမျှသာ ပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ရာတွင် အပေါ်မှ နောက်ထပ်ဖယောင်းကပ်မည့် ထုတစ်ထုစာ ချန်ထားပေးရသည်။

ပုံသွန်းဖယောင်းမှာ ကျောက်ဖယောင်း၊ ရေနံချေး၊ အင်တွဲ၊ သုံးမျိုးရောစပ်ထားခြင်းဖြစ်သည်။ စပ်နည်းမှာ အချို့အားဖြင့် အင်တွဲနှစ်ဆ ရေနံချေးတစ်ဆ၊ ကျောက်ဖယောင်း တစ်ဆတို့ဖြစ်သည်။ ကော်ရည်သုတ်ပြီးသောအခါ ဖယောင်းထုကပ်ရာတွင်လည်း သာမန်ယေဘူယျအားဖြင့် ငါးမူးထုခန့် တပ်ပေးရသည်။ အထူအပါးညီရသည်။ ထိုသို့ ဖယောင်းကပ်ရာတွင်လည်း အောက်ခံရွှံ့မခြောက်ပဲ ကပ်၍မရချေ၏။ ဖယောင်းကပ်ပြီးသောပုံကြမ်းကို “ပုံဆရာ”ဟုခေါ်သော ပညာရှင်တို့က ရုပ်လုံးပေါ်ကရိယာဖြင့် ရုပ်လုံးပေါ်လာအောင် ဖော်ထုတ်ကြရသည်။ ဖယောင်းပုံမှာ အရေးကြီးသောအဆင့်ဖြစ်သည်။ လွန်စွာချောမောလှပသော ဖယောင်းရုပ်ထုရမှသာ ကြေးသွန်းရာတွင် တင့်တယ်သေသပ်နိုင်ပါသည်။ ဖယောင်းပုံမှာ ကြေးသွန်းလောင်းပြီးသော ပုံအတိုင်းကဲ့သို့ဖြစ်ရပါသည်။

ဖယောင်းပုံစိတ်ကြိုက်အနေအထား ရောက်မှသာ ရုပ်ထုအောက်ခြေတွင် လောင်းမည့်အပေါက် ပြုလုပ်ပေးခြင်း၊ သံချောင်းများရိုက်ပေးပြီး တစ်ဝက်ပေါ်၍ သဲနုန်းမြေရောစပ်ကာ မံပေးရသည်၊ ဒုတိယအထပ်နှ် နောက်အထပ်များတွင် မြေနီနှင့်ဖွဲများ ရောစပ်၍ တစ်လက်မထူသာသာကို တစ်ထပ်ပြီးတစ်ထပ် မံပေးရသည်။ လေးထပ်ခန့်မျှ အုပ်၍မံပေးရသည်။ နောက်ဆုံးအထပ် မရောက်ခင် သံများဖြင့် ခြင်းကြားကဲ့သို့ ပတ်ရိုက်ခြင်း၊ (သံပတ်ချခြင်း)ပြုလုပ်ပြီးနောက်ဆုံးအဆင့် (ခွာချုပ်ခြင်း)ကို ပြုလုပ်ရသည်။ ဖယောင်းပုံပြီးလျှင် အထူးသတိပြုရမည်မှာ နေပူရှိန်ကြောင့် ဖယောင်းများ အရည်ပျော်ကျတတ်သည်။ ထို့ကြောင့် နေအပူရှိန်ပြင်းသောဒေသများတွင် ပြုလုပ်ပါက အဝတ်ရေစွတ်၍ ကာကွယ်ပေးရသည်။

ပုံကြမ်းကို ခြောက်သွေ့စေရန် လိုအပ်ပါသည်။ အပေါက်များကို ဖောက်လုပ်ရာတွင် လောင်းပေါက်နှင့် လေပေါက်ဟူ၍ အနည်းဆုံးသုံးပေါက်ဖောက်ထားရသည်။ ထို့နောက် အုတ်များဖြင့် ပတ်ပတ်လည်စီပြီး အောက်ခြေမှ မီးအပူပေးရသည်။ မီးအပူပေးရာတွင် အရွယ်အစားအလိုက် (၈)နာရီ၊ (၉)နာရီထက် မလျော့ပဲ မီးအပူပေးရသည်။ မီးအပူပေးလျှင် ပန်းပုဆရာက တစ်ချိန်လုံးစောင့်ကြပ်နေရသည်။ ထို့နောက် ဖယောင်းများ အရည်ပျော်ပြီးလောင်းပေါက်မှတဆင့်ကျပြီး မအေးခင် ကြေးကပို မြန်မြန်လောင်းရန် လိုပါသည်။ ကျလာသော ဖယောင်းကို နောက်ပုံများတွင် ပြန်၍အသုံးပြု၍ရသည်။

ဖယောင်း အပူပေးနေသည့်အချိန်နှင့် တစ်ချိန်တည်းမှာပင် ကြေးကျိုရသည်။ ကြေးကျိုရာတွင် ကြေးနှင့်သွပ်အချိုးအစား ၁း၄ဖြင့် အပူပေး၍ အရည်ကျိုရသည်။ လိုအပ်သောအရည်အသွေးရရှိလျှင် ပုံစံအုတ်ချပ်များကို ဖပ်ဝက်ပုံစံ၏ ရှေ့တွင်လိုအပ်သလို ကွင်းတူး၍ ဖောက်ထိုးထားပြီး လောင်းပေါက်မှတစ်ဆင့် ကြေးလောင်း၍ပြည့်မပြည့်ကို ကြည့်နေနိုင်ပါသည်၊ ထိုသို့ကြေးလောင်းနေစဥ် အန္တရာယ်ကြီးလှသည်။ ကြေးရည်အစက်များ မြေကြီးပေါ်ကျပါက ပေါက်ကွဲတတ်သည်။

ကြေးလောင်းပြီး အပူကုန်သွားလျှင် မံထားသောမြေများကို ခွာထုတ်လိုက်ခြင်းဖြင့် ကြေးရုပ်ထုကို ရရှိပေသည်။ ထိုကြေးရုပ်တွင် ကြေးညှိများတက်နေပြီး အချောကိုင်ပေးရန် လိုအပ်သည်။

အချောကိုင်အဆင့်တွင် စို့၊ တံစည်း၊ကိုက်၊ ကော်ပတ်၊ အဝတ်သီး၊ အရောင်တင်ခဲများကို လိုအပ်သည်။ ထို့နောက် ရုပ်လုံးကို သံစို့ဖြင့် လိုအပ်သောနေရာများကို ဆစ်ပေးရသည်။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကိုပါ စို့ဖြင့်ပြုပြင်ပေးရသည်။ ပြီးလျှင် သံတံစည်းဖြင့် ချောမွတ်အောင် ပွတ်တိုက်ပေးခြင်း၊ (သံစည်းထားခြင်း)ပြုလုပ်ပေးရသည်။ အဖုအထစ် အပေါက်ငယ်လေးများ စသည်တို့ကို ပျောက်သွားသည်အထိ အချောလိုက်၍ ကိုက်ခေါ် သံကောက်ဖြင့်တိုက်ပေးရသည်။ ထို့နောက် ကျောက်ကြမ်း၊ ကျောက်နုတို့ဖြင့် အမျိုးမျိုးချောတိုက်ပေးရသည်။ ကော်ပတ်ဖြင့်လည်း ညက်နေအောင် စားပေးပြီး အရောင်ထွက်လာစေရန် ကြေးအရောင်တင်အမှုန့်ဖြင့်ပွတ်၍ အဝတ်နုနုဖြင့် အထပ်ထပ်တိုက်ပေးရသည်။ ထို့ပြင် နောက်တစ်နည်းမှာ အရောင်တင်ဆီခေါ် ပရာဆို(ကြေးနီကယ်အဆီခဲ)ကို အဝတ်ဘီး မော်တာဖြင့် ပွတ်တိုက်ပေးသောအခါ လွန်စွာတင့်တယ်သော ဝေသာလီမင်းသမီးကြေးရုပ်ထုကို ရရှိပါသည်။

## ဝေဖန်သုံးသပ်ချက်

ဝေသာလီခေတ် အမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု ပန်းပုရုပ်ထုလုပ်ခြင်းဆိုင်ရာ ဘွဲ့ယူစာတမ်းကို ယဉ်ကျေးမှု တက္ကသိုလ်၊ ပန်းပုပညာဌာနမှ အပ်နှင်းသော ဘီအေ(ပန်းပု)ဘွဲ့ကို ရယူနိုင်ရန်အတွက် ထုလုပ်ရေးသားရခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ယူမည့်ကျောင်းသားကျောင်းသူတိုင်းသည် ယဉ်ကျေးမှုနှင့် ပတ်သက်သော မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ဘွဲ့ယူစာတမ်းတင်သွင်းရသည်။ စာတမ်းရှင်သည် ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ပန်းပုရုပ်ထု လုပ်ခြင်း စာတမ်းတင်သွင်းရန် ရွေးချယ်ခဲ့သည်။ ထိုသို့ရွေးချယ်ခဲ့ရခြင်းမှာ ခေတ်အလိုက် ဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးများကို တင်သွင်းကြသည်ဖြစ်ရာ ဝေသာလီခေတ်၏ဆင်ယင်ထုံးဖွဲ့မှုကို ထုလုပ်မှတ်တမ်းတင်လိုသောကြောင့် ဖြစ်ပေသည်။ ဝေသာလီခေတ်သည် ရခိုင်ယဉ်ကျေးမှု၏အထင်ကရ မှတ်တိုင်ကြီးပင်ဖြစ်သည်။ စာတမ်းရှင်သည် ရခိုင်အမျိုးသမီးတစ်ဦး ဖြစ်သောကြောင့် ဝေသာလီမှတ်တိုင်ကြီးထင်ရှားစေရန် ရုပ်ထုထုလုပ်ခြင်းဖြင့် တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်ရခြင်း ကို အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဝေသာလီခေတ်သည် ယဉ်ကျေးမှုထွန်းကားသောခေတ်ဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရ သည်။ ယဉ်ကျေးမှုမြင့်မားသည့်အလျောက် ဝတ်စားဆင်ယင်မှုတို့သည်လည်း လွန်စွာ အထက်တန်းကျလှပေသည်။ ထိုအထက်တန်းကျလှသော ဆင်ယင်ထုံးဖွဲ့မှုပုံများကို ဝေသာလီခေတ်ကောင်းစားစဉ်က မှတ်တမ်းတင်ခဲ့သော စာပေ၊ ရုပ်လုံး ရုပ်ကြွတို့မှတဆင့် စာရေးသူထုလုပ်ဆင်ယင်တင်ပြခြင်းဖြစ်ပါသည်။ ဝေသာလီခေတ် အမျိုးသမီးရုပ်ထု၏ ကိုယ်နေ ဟန်ထားသည် ဝေသာလီခေတ်တွင် ထုလုပ်ခဲ့သော ကျောက်ဆစ်ရုပ်ထု၏အနေအထားဟန်မှ စာရေးသူစိတ်ကြိုက်ဖြည့် စွက်ပုံစံဖော်ထားခြင်းဖြစ်ပါသည်။ ဝေသာလီခေတ် အမျိုးသမီးတို့၏ ယဉ်ကျေးလှပသော ဟန်အမူအရာပေါ်လွင်စေ အောင် ထုလုပ်ထားခြင်းဖြစ်ပါသည်။

ဝေသာလီခေတ်တွင် အမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုများမှာ ထူးခြားလှပေသည်။ ဆံထုံးဟန်သည် ရခိုင်အမျိုး သမီးတို့၏ ကိုယ်ပိုင်ဆံထုံးဟန်အဖြစ် သီးခြားတည်ရှိခဲ့သည်။ ဦးခေါင်းပေါ်မှ နဖူးထိ ဆင်ယင်ထားသော အဆင်တန်ဆာ သည် ဝေသာလီခေတ်၏ထူးခြားလှပသော ဆင်ယင်ဟန်ပင်ဖြစ်ပါသည်။ ဝေသာလီရုပ်ထု၏လက်ချောင်း ဆယ်ချောင်း စလုံးသည် လက်စွပ်များ ဝတ်ဆင်လေ့ရှိကြောင်း သိရသည်။ လက်ခုံများပေါ်တွင် ရတနာစီခြယ်သော လက်အုပ်များကို လက်စွပ်များနှင့် တွဲဘက်တန်ဆာဆင်ထားသည်လည်း ထူးခြားသော ဝေသာလီခေတ်အမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုပင် ဖြစ်ပါသည်။ ဝေသာလီခေတ်တွင် လက်ကျပ်ဆင်ယင်မှု တည်ရှိခဲ့၍ အဆိုပ်ဆင်ယင်မှုသည် ပျူ ပုဂံခေတ်တို့တိုင်အောင် ထွန်းကားခဲ့ကြောင်း သိရှိနိုင်ပါသည်။ ရခိုင်ဝေသာလီသည် ပျူမြို့ပြတို့နှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့ဟန်ရှိကြောင်း[၇] သုတေသီ တို့ ယူဆချက်အရ ဆင်ယင်ထုံးဖွဲ့မှုတို့သည် ဆင်တူမှုရှိနိုင်သည်။

ဝေသာလီခေတ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ဝေသာလီမြို့ဟောင်းမှ တွေ့ရှိရသော ကျောက်ဆစ်ရုပ်အရ လည်းကောင်း၊ ထိုခေတ်နှင့်ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော အိန္ဒိယပြည်ပါလခေတ်မှ လက်ရာများ၊ အေဒီ(၆)ရာစု၊ အာသောက မင်း လက်ထက် လက်ရာများ၊ ကမ္ဘောဒီးယားခမာတို့၏ ယဉ်ကျေးမှုလက်ရာများကို ကြည့်၍လည်း အထောက်အထား ရယူရသည်။ ဝေသာလီကျောက်ဆစ်ရုပ်ထုများမှ ဖော်ပြချက်များကို အခြေခံ၍ ခေတ်ပြိုင်တို့၏ ဝတ်စားဆင်ယင်ဟန်တို့ ပါ ပေါင်းစပ်ပါဝင်လျက် စာတမ်းရှင်၏ဖြည့်စွက်ပုံစံ မှန်းဆချက်များကို ပါဆင်ယင်ထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဝေသာလီခေတ်၏ ဝတ်စားဆင်ယင်ပုံတွင် လက်စွပ်(၁၀)ချောင်း ဝတ်ဆင်လေ့ရှိကြောင်း သိရသော်လည်း အဆင်ဒီဇိုင်းကို အတိအကျမရရှိသဖြင့် စာရေးသူစိတ်ကူးဖြင့် မှန်းဆ၍ စိတ်ဝင်စားဖွယ်ကောင်းအောင် ပုံဖော်ထားခြင်းဖြစ်ပါသည်။

ဝေသာလီခေတ်သည် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းရကား အမျိုးသမီးတို့သည် ရွှေ ငွေ၊ ပုလဲ၊ ကျောက်မျက်ရတနာများကို နားကပ်၊ ဆွဲကြိုး၊ ဘယက်၊ လက်ကျပ်၊ လက်ကောက်၊ လက်အုပ်၊ လက်စွပ်၊ ခြေကျင်းများအဖြစ် ဆင်ယင်ထုံးဖွဲ့လေ့ရှိသည်ကို တွေ့ရသည်။ ရင်စည်းအင်္ကျီကိုယ်ကျပ်ဝတ်ဆင်ပြီး ပဝါများလွှမ်းခြုံလေ့ ရှိသဖြင့် အထက်တန်းကျသော ဆင်ယင်ထုံးဖွဲ့မှုအဖြစ် သိမြင်နိုင်ပါသည်။ ဝေသာလီခေတ်တွင် လှိုင်းချိတ်၊ လချိတ်၊ ပန်းပွင့်ဒီဇိုင်းများပေါ်ထွန်းနေပြီဖြစ်ကြောင်း[၂] သိရသဖြင့် ဝေသာလီအမျိုးသမီးဝတ်စားဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံးတွင် အချိတ် အဆင် ဒီဇိုင်းများ၊ အင်္ကျီတွင် ပန်းပွင့်ဒီဇိုင်းများကို ထည့်သွင်းထုလုပ်ထားခြင်းဖြစ်ပါသည်။ ရခိုင်လူမျိုးတို့၏ အချိတ်လုံချည် အဆင်ဒီဇိုင်းသည် ဝေသာလီခေတ်တွင် ဆင်ယင်မှုရှိနေပြီဖြစ်ကြောင်း သိနိုင်ပါသည်။

ဝေသာလီအမျိုးသမီး ဝတ်စားဆင်ယင်မှုရုပ်ထုတွင် ခန္ဓာ၏ဟန်အနေအထားကို ထုလုပ်သူ၏ စိတ်တိုင်းကျ ဖန်တီးထုတ်လုပ်ထားပြီး ခေါင်း၊ ခါး၊ ခြေလက်တို့၏တို့၏ပျော့ပြောင်း နွဲ့နှောင်းမှုသဘောတို့၏ ဟန်ကို ထုလုပ်ထားပါသည်။ မျက်နှာဟန်အနေအထားမှာလည်း စိတ်သဘောထား ပျော့ပြောင်း၍ ဖော်ရွေသောအမူအရာပေါ်လွင်စေရန် ထုလုပ်ထားပါသည်။ တဖန်မြင့်မြတ်သော အမျိုးသမီးတို့၏ ကောင်းခြင်းလက္ခဏာများကိုးလည်း ထုလုပ်သူကိုယ်တိုင် စိတ်တိုင်းကျ ထုလုပ်ထားပါသည်။

ထုလုပ်သူကိုယ်တိုင် ရခိုင်အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရုပ်ထုကို စိတ်ဝင်တစ်စားရှာဖွေစုဆောင်း၍ တတ်မြောက်လာသော ပညာတို့ဖြင့် ပေါင်းစပ်ကာ ထုလုပ်ထားခြင်းဖြစ်ပါသည်။ မိမိတို့၏ရိုးရာဟန်၊ ရိုးရာဓလေ့တို့နှင့် နည်းပညာရပ်တို့ ပေါင်းစပ်ထုလုပ်ထား၍ ထုလုပ်သူအနေဖြင့် မိမိ၏ရုပ်ထုအပေါ်တွင် အားရကျေနပ်ဂုဏ်ယူမိပါသည်။

---

၁။　ရှေးဟောင်းသုတေသနနှစ်ချုပ်အစီရင်ခံစာ ၁၉၅၆-၅၇
၂။　စောမုံညင်း၊ ရခိုင်အမျိုးသမီးဆင်ယင်ထုံးဖွဲ့ (စာပေဗိမာန် ၁၉၈၉)

## နိဂုံး

ခေတ်တခေတ်၏ ယဉ်ကျေးမှုအဆင့်အတန်းသည် ထိုခေတ်တွင် ဖန်တီးပြုလုပ်ခဲ့ကြသော စာပေနှင့်ပန်းပု၊ ပန်းချီစသော အနုပညာလက်ရာတို့ပေါ်တွင် ထင်ဟပ်ပေါ်လွင်နေလေ့ရှိသည်။ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုး၊ ယဉ်ကျေးမှုမည်မျှတိုးတက်ခဲ့သည်တို့ကို ရှေးကျသော ယဉ်ကျေးမှုလက်ရာကောင်းများကို လေ့လာကြည့်လျှင် ထင်ရှားစွာ သိမြင်နိုင်ပါသည်။ အဆိုပါယဉ်ကျေးမှုလက်ရာ၊ အထောက်အထားများကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြင့် ယဉ်ကျေးမှု ထိန်းသိမ်းရာရောက်ပါသည်၊ ထိန်းသိမ်းထားခြင်းမှ အရိုးပေါ် အရွက်မဖုံးစေသော တီထွင်ဖော်ထုတ်မှုများကို ပြုလုပ်၍ ယဉ်ကျေးမှုအရှိန်အဟုန်များကို ဆက်လက်တိုးတက်စေရသည်။ ဝေသာလီအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု ပန်းပုရုပ်ထုလုပ်ခြင်းဖြင့် ဝေသာလီခေတ်၏အဆင့်အတန်း မြင့်မားလှသော ယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ထုတ်တင်ပြရခြင်းပင် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


၁။ ကျော်သာညွန့် - "ရခိုင်ဝေသာလီခေတ် ဆင်ယင်ထုံးဖွဲ့မှု အထောက်အကူ" ရခိုင်သဟာယ မဂ္ဂဇင်းအမှတ်(၃)၊ ၁၉၉၆၊

၂။ စောမုံညင်း - မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု၊ စာပေဗိမာန်၊ ၁၉၈၉။

၃။ ထွန်းရွှေခိုင် (စစ်တွေကောလိပ်) - ရခိုင်နန်းဆက်မြို့ဆက်သမိုင်း ၁၉၇၀ ခု တက္ကသိုလ်စာမူပြိုင်ပွဲ ဆုရစာတမ်း

၄။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) - ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ

၅။ ဒဂုန်နတ်ရှင် - မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ စာပေဗိမာန်၊ ၁၉၇၈။

၆။ ရာမညကိုကိုနိုင် - အမွေခံထိုက်သော မြန်မာ့ပန်းပုပညာ၊ စာပေဗိမာန်၊ ၁၉၈၇။

၇။ ဦးဦးသာထွန်း - ထေရဝါဒသာသနာ ရခိုင်မှာထွန်းကားလာပုံ၊ ရခိုင်သဟာယမဂ္ဂဇင်း၊ အမှတ်(၃) ၁၉၉၆။






























၁၉၉၆-၉၇ ပညာသင်နှစ်

ပန်းပုပညာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ယူစာတမ်း

"ဝေသာလီခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု ရုပ်လုံး၊ ပန်းပုထုလုပ်ခြင်း"

ရေးသူ-မငြိမ်းသူဇင်(စ/ ပပ-၅)

အဖ ဦးလှရွှေ၊ အမိ ဒေါ်လှကြည်တို့မှ (၁၉၇၃)ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မိခင်၊ ဖခင်တို့မှာ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်း ဇာတိဖြစ်သည်။ ရခိုင်လူမျိုး၊ ဗုဒ္ဓဘာသာဖြစ်သည်။ မောင်နှမ လေးယောက်ရှိ၍ အကြီးဆုံးသမီးဖြစ်သည်။ ငယ်စဉ်ကပင် အနုပညာဝါသနာထုံသည်။

အခြေခံပညာမူလတန်းကို အ-မ-က (၃)ဗဟန်း၌ သင်ကြားခဲ့ပြီး အလယ်တန်းနှင့်အထက်တန်းကို အ-ထ-က(၂)ဗဟန်း၌ သင်ကြားခဲ့သည်။ (၁၉၉၂)ခုနှစ်တွင် ခုံအမှတ်(ဆဗဟ-၃၇၅)ဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်သည်။ (၁၉၉၃)ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် ယဉ်ကျေးမှုတက္ကသိုလ် ပန်းပုပညာဌာနတွင် စတင်ပညာသင်ကြားသည်။ ယဉ်ကျေးမှုတက္ကသိုလ်၏ ပထမဆုံးသော ကျောင်းသား၊ ကျောင်းသူများအနက် တစ်ဦးဖြစ်သည်။

အမှတ်(၂၀)(ခ)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သည်။

နိုင်ငံသားအမှတ် -၁၂/ဗဟန (နိုင်) ०၁၅၇၇၃